www.burmeseclassic.com

လာဘ်မိုးရွာ စာပေ မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

မဂ္ဂပစ္စယော

# ရောင်ပြန်

မဂ္ဂဇင်း







- ရွှေတိဂုံစေတီတော်နှင့် ကျင့်စဉ်(စာ-၆၅)
- ရွှေတိဂုံစေတီတော် ဘုရားရှိခိုး(စာ-၇၅)
- ရွှေတိဂုံစေတီတော်နှင့် စဓဗဝ(စာ-၇၂)
- ကျိုက်ထီးရိုးနှင့် ရွှေတိဂုံ ကက်ကင်း(စာ-၉၅)

## မြတ်ရွှေတိဂုံ၏ ရောင်ပြန် (စာ-၁၀၂)

Graphic; Soe Win Htun

www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂပစ္စယော

# ရောင်ပြန်

မဂ္ဂဇင်း

၂၀၁၆ ခုနှစ်၊ ဧပြီလ၊ အမှတ် (၂၆၇)

## မာတိကာ

### ရောင်ပြန် ကဗျာ

ဘုန်းလက်ျာအောင်၊ မောင်မောင်မျိုးသစ်(ရန်ကုန်ဂါဏ္ဍသိုလ်)၊
ခိုင်မမ(ပညာရေး)၊ ဘုန်းလျှံ၊ မောင်ခေတ်ထွန်း၊
ပုသိမ်မောင်ကြေးရည်၊ ကောင်းမြတ်(ခရာတော)၊ မှူးအိမ်ဇင်

### ရောင်ပြန် အခန်းဆက်ရသ

ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား(ဇာတ်သိမ်း)
မင်းသိခ် ---------- ၂၀၀
တောဘုမ္မာဝင့်နန်းလယ်မှာ ကျွတ်တမ်းကယ် စာမလိပ်ချင်ဘု(၁၆)
မောင်ဟိန်းကျော် ---------- ၂၂၀
အစိမ်းရောင် သစ္စာစကား(၇)
ကျော်မြသန်း ---------- ၂၃၆
ဂမ္ဘီရခွစာ(၁၀)
ယိုး ---------- ၂၇၀

စာ-၁၉၈

## အင်ကြွင်းဖြူဖြူ တောင်ရှု



## ရွှေတိဂုံ စေတီတော်

စာ-၇၉



## တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီးအား ဖူးတွေ့ရခြင်း

မောင်ဘတင့်(ကသာ)

စာ-၂၉



www.burmeseclassic.com

www.burmeseclassic.com

## ရွှေတိဂုံဘုရားကျောက်စာကပြောပြသည့် **ထူးခြားချက်များ**

လင်းရောင်တင် ၈ - ၅၉



## မြန်မာ့ရေးရာ


ထူးခြားစွာဖူးရ ပုဂံမြို့ ဗူးဘုရား

မြနန်းရှင် ---------- ၁၇

ကျွန်စစ်သားမင်းကြီး တည်ထားကိုးကွယ်သော မြောင်မြို့နယ် တွင်းကြီးရွာမှ ကံတက်ဝမ်းတော်ဆုတောင်းပြည့်စေတီတော်နှင့် ရန်အောင်မာန်အောင်ဘုရား

ချစ်မင်းသူ ---------- ၂၂

ထူးဆန်းသော နိမိတ်များရှိ ဖိုးဦးတောင်စေတီတော်နှင့် ဘုရားရုပ်ပွားတော်များ

မော်တင်သိန်းဇော်ဇ ---------- ၂၆

တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီးအား ဖူးတွေ့ရခြင်း

မောင်ဘတင့်(ကသာ) ---------- ၂၉

မျိုးသခင်မှန်၍ ကိုးဘုရင် ခန့်စာပေးခဲ့သည့်

မြစံပယ် ---------- ၃၃

ဗားမဲ့ကုန်းအောင်မြေမှ ရေစက်ချအလှူတော်မင်္ဂလာနှင့် (၁၈)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲ

ဂမ္ဘီရဆရာလှမျိုး(B.Sc) ---------- ၁၁၁

မိုင်းဖုန်းဒေသနှင့် မိုင်းဖုန်းဆရာတော်(၂)

မောင်မောင်မြင့်အေး ---------- ၁၁၆

ထိုက်ရင်ထိုက်

အောင်မြင့်မြတ်(ပြည်နေ ဘို) ---------- ၁၆၂

ဗုဒ္ဓမြတ်စွယ်တော်သမိုင်း

ဆင်ဖြူကျွန်းအောင်သိန်း ---------- ၂၅၄


## ရောင်ပြန် ရသ


...ရတုအလွမ်း

...သကျော်ဝင်း(အမျိုးသားစာပေဆုရ) ---------- ၁၆၆

...ယ့်ဂမ္ဘီရ

...မြဦး ---------- ၁၇၂

...မြင်နှင့် သရဏဂုံ

...င်မောင်မြင့်အေး ---------- ၁၈၄

...ကက်အိပ်မက် တန်ခူးမျက်ရည်

...ကြင်းဖြူဖြူ(တောင်ငူ) ---------- ၁၉၈



**အယ်ဒီတာအဖွဲ့ / ကြော်ငြာနှင့် ဖြန့်ချိရေး**

**လာဘ်မိုးရွှေ စာပေ**

တိုက် - ၂၇၊ အခန်း - ၁၂(မြေညီထပ်)

၅၂-လမ်း(အောက်)၊ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၀၉ - ၄၂၁၀၀၅၉၂၅၊ ၀၉ - ၅၀၉၂၄၇၇




www.burmeseclassic.com

**ကျန်စစ်သားမင်းကြီးတည်ထားကိုးကွယ်သော**

မြောင်မြို့နယ်၊ တွင်းကြီးရွာမှ

ကံတက်ဝမ်းတော်ဆုတောင်းပြည့်စေတီတော်နှင့်

**ရန်အောင် မာန်အောင်ဘုရား**

ချစ်မင်းသူ



စာ - ၂၂

## လောကီရေးရာ


ရောင်ပြန်မဂ္ဂဇင်းပြက္ခဒိန်၃၆

အင်ကြင်းဖြူဖြူ(တောင်ငူ) ---------- ၃၆

သည်လဖွားအတွက် ကံဇာတာ

ဆရာမိုးဟန်ကြွယ် ---------- ၃၇

အလုပ်အကိုင် အောင်မြင်ရန်

မဟီဒ္ဓိကျော်ခေါင် ---------- ၃၈

သည်တစ်လမှာ ဆောင်ရွက်ပါ

နေမျိုးထွင့်ခေါင် ---------- ၃၉

စိုက်ပျိုးရေးရာ သည်လမှာ

တောကကိုရင် ---------- ၄၀

သည်လအတွက် ကောင်းသောရက်

နွယ်သာကီအောင် ---------- ၄၁

အတာကျူးသည့် တန်ခူးနွေ

တက္ကသိုလ်သျှင်ဥက္ကာ ---------- ၄၃

နှစ်သစ်မင်္ဂလာ သင်္ကြန်အတာ

တက္ကသိုလ်သျှင်ဥက္ကာ ---------- ၄၅

တရုတ်နက္ခတ္တဗေဒင်ပညာ

ကေတီ-အောင်သိန်း ---------- ၅၂

မာရိသ ဆင်းရဲခြင်းမှန်သမျှ ကင်းရှင်းတော်မူသော မြတ်စွာဘု

ဓမ္မဝိစယဒေဝါထွင့်ခေါင်ဦးတိတ်ရှောင် ---------- ၅၆

ထိုင်းနိုင်ငံ နက္ခတ္တဆရာကြီး ခါသာချင်နာဘန်ချွန်၏...

၂၀၁၆-ခုနှစ် မျောက်နှစ် ၁၂ လ ရာသီဖွားများအတွက်

လအလိုက်အဟော

ဦးတိုး(တက္ကသိုလ) ---------- ၅၇

ဒါနပြုရာ သူတော်ကောင်းများ၏ အလှူမှု(၈)ပါး ---------- ၁၀၇

အပါယ်ရောက်နိုင်သော လိမ်ညာပြောဆိုမှု

တက္ကသိုလ်သခ် ---------- ၁၂၇

ဓမ္မပလ္လင်

နတ်ထီးလှိုင် ---------- ၁၂၉

ဘဝအမောစင်မယ့် လှတောတစ်ခွင် ဟာသများ

ဦးကောင်းထူး ---------- ၁၃၂

အနိစ္စဒေသနာတော်(၂၂)

မဟာထွန်း ---------- ၁၃၆

မြို့ရှန်ကုန်ဝန်းကျင်မှ ဂမ္ဘီရဆန်းကြယ် ဖြစ်ရပ်များ(၃)

ပထမံဝိဇ္ဇာအောင် ---------- ၁၄၂

ဗြိတိသျှမြန်မာနိုင်ငံ အင်္ဂတ်ဘေးကြုံတွေ့ခဲ့ရစဉ်က

လှမိုး(ပညာရေး) ---------- ၁၄၈




စာ - ၂၇၀

www.burmeseclassic.com

www.burmeseclassic.com

## လောကီရေးရာ


ဒီလိုလက်မျိုး သင့်မှာရှိခဲ့လျှင်(၂)
ဒေါက်တာစောယုနွယ် ---------- ၁၅၃
မုန့်လုံးရေပေါ်ဝေက မြုပ်နေသောငွေများရ
ဟိန်းထက်ချာန် ---------- ၁၅၅
ဗာဂျီးနီးယားမုစာ(၂)
မောင်ကောင်းမြင့် ---------- ၁၆၀
ကြာလျှင် နစ်မွန်းမည်
မိုးပန်းမွန်(ရာမည) ---------- ၁၇၆
ကောင်းကျိုးဝေဆာ ဗေဟိမိတ္တံဂါထာ
ဂမ္ဘီရဆရာလှမျိုး ---------- ၁၇၉
အတွင်းသဘော
မြဟန်သိန်း(လုပ်သားကောလိပ်) ---------- ၁၈၁
ကျွန်မနှင့် မြွေများ
မမိုးသိမ့် ---------- ၁၉၂
မယ်တော်ဝဏ္ဏာနှင့် လျှပ်တစ်ပြက်
မောင်ပုတ်စည် ---------- ၁၉၅
မည်သူမပြု မိမိအမှု လူကြည့်လိုက်ပါ ယခု
ဒာဖြူပွင့် ---------- ၂၀၄


စာ - ၂၃၆



ထူးဆန်းသော နိမိတ်များရှိ

## ဗိုးဗိုးတောင်ဓာတ်တော်

နှင့်

## ဘုရားရုပ်ပွားတော်များ

မော်တင်သိန်းဇော်ဇ — စာ - ၂၆




ခွေးနှင့် ခွေးများအကြောင်း သိကောင်းစရာ
မောင်အောင်မြင်(မိတ္ထီလာ) ---------- ၂၁၆
အမှုအခင်း ပွတ်ချင်ရင် ဤဓာတ်ဆင်ပါ
ဝသုန်ဟိန်းထက် ---------- ၂၃၀
သစ်ဆိမ့်ပန်းရ သူရဋ္ဌ ဆောင်က ကောင်းကြွယ်ရန်
လှိုင်ဘွားဦး ---------- ၂၃၃
မိန်းမတို့သဘော စောကြောမသိ
ခင်မောင်အေး(မန္တလေး) ---------- ၂၄၁
သူတော်စင်ဝိဇ္ဇာကြီးတို့၏ ကျင့်စဉ်နှင့် ဖြစ်ရပ်ဆန်းများ
ဝိဇ္ဇာရေဆရာအောင် ---------- ၂၅၁
စံပြုထိုက်တဲ့ ဂဲဆိုးသူ
နတ္တာယန ---------- ၂၅၇
စီးပွားရေးကောင်းစေသော ဆော်လမွန်ဘုရင်၏အဆောင်
ကိုမောင်သန်းဝင်း ---------- ၂၆၁
အရဓတော်လှစွာ ဗုဒ္ဓဘာသာ
တက္ကသိုလ်မျိုး ---------- ၂၆၃
ကျွန်ုပ်နှင့် ထူးဆန်းအံ့ဖွယ်ရာ ဝိဇ္ဇာကြီးများ(၂၀)
ပထမံဆရာကြီး ဦးအောင်သူ ---------- ၂၆၇


www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးတော်ရှင် ကျော်အောင်စံထား ဆရာတော်ဘုရားကြီး ညွှန်ကြားတော်မူသည့် ရွှေတိဂုံစေတီတော်ကြီး အောင်မြေ ၁၈ ဌာန

၁။ အရှေ့ဘက်မုခ် တန်ဆောင်းအတွင်း(တနင်္လာထောင့်) ကကုသန်ဘုရား(ရှေ့လက်လှန်ဘုရား)
၂။ အင်္ဂါထောင့် စေတီတစ်ဆူ တောင်ဘက်ရှိ ကြေးဆင်းတုတော် ပြဒါးရှင်ဘုရား
၃။ အင်္ဂါထောင့် တန်ဆောင်းအနောက်တွင်ရှိ ခြေတော်ရာ နှစ်ခု၏ရှေ့မှ
ကြေးသွန်းရုပ် ကဿပဘုရား
၄။ တောင်ဘက်မုခ် တန်ဆောင်းအတွင်း(ဗုဒ္ဓဟူးထောင့်) ကောဏဂုံမြတ်စွာဘုရား
၅။ စနေထောင့် ဝိဇ္ဇာဇော်ဂျီဘုရား
၆။ စနေထောင့် နေနှင့်လဘုရား
၇။ ကြာသပတေးထောင့်(အနောက်ဘက်မုခ် တန်ဆောင်းအတွင်းဘုရား) ကဿပဘုရား
၈။ ရာဟုထောင့် ရှင်စောပုဘုရား(ကိုးနဝင်းစေတီဘုရား)
၉။ ရာဟုထောင့် ရှင်ပြင်တော်အောင်မြေ
၁၀။ ရာဟုထောင့် အောင်မြေအနီး ဘား ၄ ဘား ဘုရား မျက်ရှင်တော်ရှိဘုရား
(ရာဟုထောင့် ခေါင်းလောင်းကြီး အနောက်ဘက်၊ ယခု ကိုးနဝင်းဘုရား)
၁၁။ မြောက်ဘက်မုခ် တန်ဆောင်းအတွင်း ဂေါတမဘုရား
၁၂။ ဂေါတမဘုရားမြောက်ဘက်ရှိ ဆံတော်တွင်းစေတီ
၁၃။ မြောက်ဘက်မုခ်ဦးအနီးရှိ ဝိဇ္ဇာရုပ်ရှိသော တန်ဆောင်းအတွင်း မနောမယဘုရား
နောင်တော်ကြီး၏ အနောက်ဘက်မုခ်
၁၄။ နောင်တော်ကြီး၏ မြောက်ဘက်မုခ် ရှင်မထီး တန်ဆောင်းအတွင်းရှိ ရှင်မထီးဘုရား
၁၅။ နောင်တော်ကြီးဘုရား တောင်ဘက်မုခ်(တနင်္ဂနွေထောင့်)ရှိ အရဏ်ခံတန်ဆောင်းအတွင်းရှိ
ရှင်အဇ္ဇဂေါဏဘုရား
၁၆။ တနင်္ဂနွေထောင့်ရှိ အောင်သိဒ္ဓိဘုရား(ထီးတော်ကြီးနှင့် ကျောက်ထီးတော်ကြီး၏ အနောက်)
၁၇။ အောင်သိဒ္ဓိဘုရားအနီးရှိ(အရှေ့ဘက်မုခ်အနီး) ဘိုးဘိုးအောင်တန်ဆောင်းအတွင်းမှ
ဘိုးဘိုးအောင်ဘုရား
၁၈။ ရွှေတိဂုံစေတီတော်ကြီး အထက်ပစ္စယံ တစ်ဝဂ္ဂ ပတ္တမြားမျက်ရှင်ဘုရား

www.burmeseclassic.com

www.burmeseclassic.com



# သိင်္ဂုတ္တရကုန်းတော်ဝယ်

ဘုန်းလက်ျာအောင်

**(တေးထပ်)**

- ခြောက်ရောင်ခြည် မြူးကာပ
  ထူးစွာပ တန်ခိုးနော်
  သိင်္ဂုတ္တရ ကုန်းအမော်ဝယ်
  ပျံ့ကျော်လို့ ဝင့်ကြွား။

- လေးဆူဓာတ် ကိန်းတော်မူသည်
  ကျွန်းဇမ္ဗူ အံ့ဖွယ် ထင်ရှား။

- အောင်ပန္နက် အထူးစိုက်ပေ
  ဦးခိုက်စေသား
  များဗိုလ်လူ နတ်သိကြားတို့
  ဆထက်ပွား ကြည်ညို။

- သဒ္ဓါဖြူ စိတ်အတူလွှမ်းပါလို့
  နိဗ္ဗူနန်း လှမ်းလင့်လို့ကြို။

- ယှဉ်သူမဲ့ သဒ္ဓါပို
  ကြည်ရွှင်ချို အရောက်သွားလို့
  မြတ်ဘုရား ရိပ်မှာလှုံ
  မေတ္တာလွှမ်းခြုံ။

- ဘဝဂ်လျှံ ကမ္ဘာတုန်အောင်ပ
  မြတ်ရွှေတိဂုံ တင့်လွှန်းပါရဲ့လေး။ ။

www.burmeseclassic.com

www.burmeseclassic.com




# ရွှေတိဂုံအမူကွန်း

ဘုန်းလှုံ

■ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်
ထွက်စစ်တော့ တပေါင်းလပြည့်
ရေပြင်ကပဲ···ကြည့်စေ
ဝေဟင်ကပဲ···ကြည့်စေ
မြေပြင်ကပဲ···ကြည့်စေ
ရွှေအပြည့် လွှမ်းခြုံထား
(အဲဒါ···)
မြန်မာပြည်က စေတီဘုရား။

■ "လေးဆူဓာတ်ပုံ ရွှေတိဂုံ"တဲ့
ဌာပနာတော် အစုံအလင်နဲ့
ဂုဏ်တင်စရာ သာသနာ့တန်ဆောင်ပေါ့
တကယ့်ကို ရွှေတောင်ကြီးပါလား။

■ ဆည်းလည်းသံ တဝေဝေ
သန္တိသုခ အသချော်
ရွှေတိဂုံ အောင်မြေနင်း
အောင်မြင်ခြင်း မြေမြတ်မဟာ
ငြိမ်းချမ်းခြင်း သင်္ကေတ
ဖူးမဝ ဦးချအခါခါ
ဗုဒ္ဓရဲ့ သာသနာမှာ
လူဖြစ်ရတာ အရတော်စွာ
ပီတိ အခက်ဝေ အစဉ်သာ
သီရိကျက်သရေ မင်္ဂလာ။ ။

www.burmeseclassic.com

www.burmeseclassic.com



# ပိတောက်ဝေဝေ သင်္ကြန်ရေ

မောင်ခေတ်ထွန်း

- ဟိုခေါင်းမှာလည်း တဝေဝေ
  သည်ခေါင်းမှာလည်း တဝေဝေ။
  ဝါထိန်ရွှေ ပိတောက်ပန်း
  ဆန်းတင့်ကာနေ။

- အတာရေ · · ·
  မာပါစေ ဆုခြွေတော်င်း။
  အတာရေ · · ·
  ဘယာတွေကင်းစေကြောင်း
  သွန်းပက်ကာလောင်း။ ။

www.burmeseclassic.com

www.burmeseclassic.com




# မြန်မာ့ပိတောက်


ပုသိမ်-မောင်ကြေးရည်

- ဝင်းဝါဝါ တစ်ပြည်လုံးကွဲ့
ကြည်ပြုံးနွဲ့ မှုန်းခြယ်ဆင်
ရွှေရင်ငြိမ်းချမ်း • • •။

- တစ်ခေါက်ဆို တစ်ခေါက် အလျှောက်
ပိတောက်ဆို ပိတောက် အမောက်
စည်းမဖောက် နံ့သာသင်းလို့
မြင်ကွင်းသာ် ကမ္ဘာတင့်အောင်
ပွင့်ပြသည့်ပန်း • • •။ ။

www.burmeseclassic.com

www.burmeseclassic.com




# သကြန္တမင်္ဂလာ

ကောင်းမြတ်(ခရာတော)


■ နွေကိုအန်တု ပိတောက်နုဝေ
နွေမှာပျော်မြူး ပိတောက်ဖူးဝေ
နွေကိုလွှမ်းခြုံ ပိတောက်ငုံဝေ
နွေကိုငုံ့လင့် ပိတောက်ပွင့်ဝေ
နွေကိုရေဖျန်း ပိတောက်ပန်းဝေ
နွေကိုရေတွက် ပိတောက်ခက်ဝေ
နွေရင်ခွင်မှာ ပိတောက်ဝါဝေ။

■ တစ်ပြည်လုံးလန်း ပိတောက်ပန်းနှင့်
ထုံလွှမ်းဖြာဝေ အတာရေနှင့်
ကောင်းမွေစဉ်ဆက် သားမြေးထက်တိုင်
မယိုင်မလဲ ခိုင်ခိုင်မြဲလျက်
ဖျန်းပက်ရွှင်မြူး
နှစ်ကူးခဲ့ကြပြန်ချေပေါ့။

■ ဩော်…
တန်ခူးနဲ့ရေ ထူးကဲပေစွ
သည်ကာလမှာ ပီသမြန်မာ
ယဉ်ကျေးစွာပင် ရေစင်သွန်းလောင်း
ဆုမွန်တောင်းသည်…
ကြောင်းပြုပတ္တနာ ပွားလေသော်
ကောင်းမှု သဒ္ဓါ များစေသော်။ ။

www.burmeseclassic.com

www.burmeseclassic.com



# ရောဝတီပိတောက်

မှူးအိမ်ဇင်

■ တစ်ရံခါဆီ
ရောဝတီကို ဖြတ်သန်းခိုက်
ပိတောက်ပန်းတွေ
ကမ်းလုံးညွတ်ဝေတော မြင်ဖူးတယ်။

■ တောညို့ညို့မှာ
ကုန်းမို့မို့မှာ
စိုစိုကြွားကြွားပွင့်လန်း
ပိတောက်ပန်းနဲ့အတူ
ရောဝတီတစ်လျှောက် ရင်ခုန်ခဲ့ဖူးတယ်။

■ အဝါရောင်တိမ်တစ်အုပ်
အိပ်မက်မဟုတ်
အဆုပ်လိုက်ပွင့်ဝေခဲ့တာ ကြာပြီ
ရောဝတီနဲ့ပိတောက် အပြိုင်လှနိုင်လွန်းတယ်။

■ အခုတော့
ရာဇဝင်မော်ကွန်းထင်လင်း
နတ်ပေးတဲ့မြစ်မင်း စွန်းထင်းနေပြီ
ရောဝတီတစ်ကြော ပိတောက်ကြွေမျောကိုကြည့်ရင်း...
အလို...ကဗျာဆရာမျက်ဝန်းမှာ
ပိတောက်တွေ ရာသီတိုင်းပွင့်နေပါပေ့ါလား။ ။

www.burmeseclassic.com


www.burmeseclassic.com

# ထူးခြားစွာမှုးရ ပုဂံမြို့ ဗူးဘုရား

## မြနှင်းရှင်

မြန်မာပြည်သမိုင်းတစ်လျှောက် ပုဂံပြည်သမိုင်းသည် ကျော်လှသည်။ နိုင်ငံခြားသားများလည်း စိတ်ဝင်တစား ရောက်လေ့လာကြသည်။ မြန်မာပြည်အရပ်ရပ်မှ မြန်မာ ရင်းသားများလည်း ဘုရားဖူးလာရောက်သဖြင့် ပုဂံမြေ ည် စည်ကားနေသည်။

ရှေးယခင်ကထက် မြို့ပြအငွေ့အသက် ဆန်လာသည်။ သို့သော် အမှိုက်အလေအလွင့်မရှိ။ သန့်ရှင်းသပ်ရပ်သော ပုဂံမြေ၏ ထူးခြားမှုကျက်သရေရှိပုံကို တွေ့မြင်ရသဖြင့် ပုဂံနယ်မြေမှာ နေထိုင်အသက်မွေးကြသည့် ပုဂံသူ၊ ပုဂံသားများကို လေးစားမိသည်။






www.burmeseclassic.com

www.burmeseclassic.com

## ဗျာဒိတ်တော်ရ ပေါက္ကံပြည်

မြတ်စွာဘုရားရှင် သုနာပရန္တတိုင်းသို့ ကြွလာစဉ် သျှင်အာနန္ဒာသည် ဧရာဝတီမြစ်၏အနောက်ဘက် တန့်ကြည် တောင်ထိပ်၌ ရပ်တန့်တော်မူလျက် အရှေ့ဘက်ကမ်းသို့ ရှု မြော်ကာ ပြုံးတော်မူသော ဘုရားရှင်အား အကြောင်းရင်းကို မေးမြန်းလျှောက်ထားရာ -

ဘုရားရှင်မှ လက်ညှိုးတော် ညွှန်တော်မူကာ ချစ်သား အာနန္ဒာ ဤဧရာဝတီမြစ်သည် အရှေ့မှအနောက်သို့လည်းကောင်း၊ တစ်ဖန် တောင်သို့လည်းကောင်း ကွေ့ကောက်စီး ဆင်းလျက်ရှိတယ်။ တောင်ဘက်သို့စီးဆင်းရာ ထောင့်အရပ်မှာ ပေါက်ပင်တစ်ပင် တည်ရှိပေတယ်။ ပေါက်ပင်ထက်မှာ ဗျိုင်းတစ်ကောင်နဲ့ ကျီးတစ်ကောင် နားနေတယ်။ ပေါက်ပင်ရဲ့ ခွကြားမှာ လျှာနှစ်ခွရှိတဲ့ ဖွတ်တစ်ကောင်တက်နေပြန်တယ်။ ပေါက်ပင်ရဲ့ခြေရင်းမှာ ဖားတစ်ကောင်ဝပ်နေလေတယ်။

ငါဘုရား ပရိနိဗ္ဗာန်စံဝင်ပြီး နှစ်ပေါင်း ၆၅၁ နှစ် ရှိသောအခါ ဤအရပ်မှာ တိုင်းကြီးပြည်ကြီး ဖြစ်လတ္တံ့။ ပေါက်ပင်ရဲ့နိမိတ်အရ "ပေါက္ကံပြည်"ဟု တွင်လတ္တံ့။ ဗျိုင်း၏ နိမိတ်ကား ဤတိုင်းပြည်သားတို့မှာ ဖြူစင်သောစိတ်ထား ရှိသားသောအကျင့်သီလနှင့် ပြည့်စုံလတ္တံ့။ ကျီး၏နိမိတ်ကား သာသနာဖျက်များ ပေါ်လတ္တံ့။ ဖွတ်နိမိတ်ကား ပြည်သူပြည် သားတို့က သူတော်ကောင်းနှင့်တွေ့လျှင် သူတော်ကောင်း စကား၊ လူမိုက်နှင့်တွေ့လျှင် လူမိုက်စကားအားဖြင့်လည်း ကောင်း သင့်လျော်သလို စကားနှစ်ခွ ဆိုကုန်လတ္တံ့။ ဖား၏ နိမိတ်ကား ပြည်သူပြည်သားတို့သည် ရေချမ်းအိုးကိုပိုက်ရ သကဲ့သို့ အေးချမ်းသာယာကြကုန်လတ္တံ့ဟူ၍ ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့ပါသည်။

## ပေါက္ကံပြည်ကြီးတည်လေပြီ

သရေခေတ္တရာ ပျူမင်းဆက် ၂၅ ဆက်မြောက် သုပညာနာဂရဆိန္နမင်းလက်ထက်တွင် သရေခေတ္တရာပြည် ကြီး ပျက်လေသည်။

သရေခေတ္တရာမှပျူတို့ သုံးအုပ်စုကွဲကာ ရေကြည် ရာ၊ မြက်နုရာ ရွှေ့ပြောင်းကြရာ အညာဘက်သို့ ပျူအချို့ ဆန်တက်ရာ ပျူ ၃၂ မြို့ဝင် ဂျူဂါမ(ပုဂံ)ဘက်သို့ ရောက် လာကြသည်။

ထိုအုပ်စုထဲမှာ သုပညာနာဂဆိန္နမင်း၏ တူတော် မောင်ပါလာခဲ့သည်။ ယုန်လွှတ်ကျွန်းအရပ်မှာ ခြေကုပ်ယူ၍ မူလ ပျူနှင့် မြန်မာ ၁၉ ရွာသူကြီးများနှင့် စုရုံးကာ ယုန်လွှတ် ကျွန်းအရပ်တွင် ပထမ ပုဂံနေပြည်တော်ကြီးကို "သမုဒ္ဒရာဇ်" မင်း အမည်ခံယူ၍ အေဒီ ၁၀၇ ခုနှစ်တွင် "အရိမဒ္ဒနပူရ"ဆို သော ပထမပုဂံပြည်ကြီးအား တည်ထောင်ခဲ့ပေသည်။

## မြို့ရွာတည်စ ရန်သူပေါ်များလှ

ယုန်လွှတ်ကျွန်းသည် တောကြီးမျက်မည်း တောရိုင်း တိရစ္ဆာန်သားရဲကလည်း ပေါ်များလှသည်။

လူအများ စိုက်ပျိုးထွန်ယက်ထားသည့် လယ်ယာ၊ ဥယျာဉ်စိုက်ခင်းများကို ခြေမွ၊ ဖျက်ဆီးခြင်းသာမက အသက် အိုးအိမ်များသို့ဝင်လာကာ ကိုက်ချီသတ်ဖြတ် စားသောက် ကြသည်။

ကျွန်း၏အရှေ့ဘက်မှလာသည့် ဝက်ကြီးက စားပင် သီးနှံစိုက်ခင်းများကို ဝင်ရောက်ဖျက်ဆီး စားသောက်တတ် သည်။ အနောက်အရပ်ဆီမှ လူ၊ ကျွဲ နွား သတ္တဝါများအား ထိုးချီစားသောက်သည့် ငှက်ကြီးဘေးရန်ကလည်း အလွန် အန္တရာယ်ကြီးလှသည်။ တောင်ဘက်အရပ်မှ ကျားဆိုးကြီး တစ်ကောင်ကလည်း လူ၊ ကျွဲ၊ နွားများအား အလစ်မပေး။ သွေးဆာလောင်ကာ ချောင်းမြောင်းကိုက်ချီစားသည့်ရန်က လည်း မငေအး။ မြောက်အရပ်မှ ရှူးပျံကြီးတစ်ကောင်က လည်း အကြောင်းမဲ့ လူတို့၏ အိုးအိမ်များပေါ် ပျံဝဲကာ နင်းခြေဖျက်ဆီးခြင်းကို ခံရပြန်သည်။ ဒို့အပြင် ပြည်သူပြည် သားများ စိုက်ပျိုးမရ၊ နေထိုင်မရအောင် ဘူးခါးပင်ကြီးများ ကလည်း လွန်စွာဒုက္ခပေးတတ်သည်။ ယာစိုက်ပျိုးရန် ဘူးခါး ပင်အား ခုတ်ထွင်လိုက်သည်နှင့် တစ်ဆကနှစ်ဆပွားရှင်သန် ကြီးမားသော ဘူးကင်း၊ ဘူးရွက်၊ ဘူးသီးများက ဒုက္ခပေးပုံက ရွာထဲသို့ပါ ဘူးညွှန့်များက ရောက်လာပေသည်။

သမုဒ္ဒရာဇ်မင်းကြီးလည်း ထိုရန်များကို မနှိမ်နင်း နိုင်ဖြစ်နေရသည်မှာ ၁၂ နှစ်တာကာလ ကြာပေပြီ။



www.burmeseclassic.com

www.burmeseclassic.com

## ရန်အပေါင်းနှိမ်နင်းမည့် ပျူစောထီး

တကောင်းမင်းရိုး သတိုးမဟာရာဇမင်းကြီး၏ သားတော်ဖြစ်သည့် အာဒိစ္စမင်းသည် တိုင်းရေးပြည်ရာ မငြိမ်သက်မှုကြောင့် မလယ်အရပ်တွင် မထင်မရှားဘဝဖြင့် လယ်ယာဥယျာဉ် လုပ်ကိုင်စားသောက် နေထိုင်ခဲ့သည်။

ထိုအရပ်မှာ သတိုးအာဒိစ္စမင်း၏ မိဖုရားမှ ပျူစောထီးအား ကောဇာသက္ကရာဇ် ၅၅ ခုနှစ်မှာ မွေးဖွားခဲ့သည်။ မင်းရိုးမတိမ်ကောအောင် "စောထီး"အမည်ကို ခံယူစေခဲ့သည်။ အသက်ခုနစ်နှစ်အရွယ်တွင် ဆရာရသေ့ကျောင်းထံမှာ ပညာသင်ကြားစေသည်။

စောထီး၏ရုပ်ရည် ကြန်အင်လက္ခဏာအား ကြည့်ခြင်းအားဖြင့် "မင်း"ဖြစ်မည့် အရည်အသွေးပြည့်စုံသည်ကို သိရှိ၍ "စောထီး"အမည်အစား "မင်းထီး"ဟု အမည်ပြောင်းစေခဲ့ပြီး မင်းတို့တတ်အပ်သော အဋ္ဌာရသပညာရပ်များကို သင်ကြားပေးခဲ့သည်။ မင်းထီးမှာ လေးအတတ်ကို အထူးပင်ကျွမ်းကျင်တတ်မြောက်ခဲ့သည်။

အသက် ၁၆ နှစ်အရွယ်သို့ရောက်လာသောအခါ အရွယ်၏ကောင်းခြင်း။ ခွန်အားဗလတောင့်တင်းသန်မာ ထွားကျိုင်းပြီး ပညာလည်း ပြည့်စုံခဲ့လေသည်။ ထိုအချိန်က ပုဂံပြည်တွင် ၁၂ နှစ်ကြာ မင်းမှုဒုက္ခပြုနေသော ရန်သူကြီးငါးမျိုးအား နှိမ်နင်းလိုစိတ် ပြင်းပြလာသည်။

မိဘနှစ်ပါးထံ ခွင့်ပန်လေသည်။ ဆရာရသေ့ကျောင်း၏ နိမိတ်စကားအရ ကေန် မင်းဖြစ်မည့်သူဖြစ်ခြင်းကြောင့် မင်းထီးအား လေးမြားလက်နက် အပ်နှင်း၍ ခွင့်ပြုလိုက်သည်။

မင်းထီးတစ်ယောက် လေးနှင့်မြား သယ်ဆောင်ကာ ပုဂံနေပြည်တော်သို့ ရောက်ရှိခဲ့သည်။ မြေသင်းအရပ်ရှိ ခဝါသည် ပျူအိုလင်မယားအအိမ်မှာ ဝင်ရောက်ခိုနားခဲ့သည်။ သားသမီးမရှိသူများဖြစ်၍ သားရင်းကဲ့သို့ ပြုစုကျွေးမွေးသလို မင်းထီးကလည်း မိဘနှစ်ပါးပမာ ပြန်လည်ကူညီ စောင့်ရှောက်ပေသည်။

တစ်နေ့မှာ လေးနှင့်မြား မလေ့ကျင့်ရတာကြာသဖြင့် တောလည်သွားခွင့်ပြုရန် ခွင့်တောင်းခဲ့သည်။ ပျူအိုလင်မယားက ရန်သူကြီးငါးဦးအကြောင်း ပြောပြတားမြစ်ခဲ့သည်။

မင်းထီးကလည်း ထိုရန်သူကြီးငါးဦးကို နှိမ်နင်းရန် ရောက်လာခြင်းဖြစ်ကြောင်း ပွင့်လင်းစွာ ပြောပြပြီး ပုဂံပြည်ဆီသို့ ခြေဦးလှည့်တော့သည်။ လမ်းခရီးမှာပင် လေးအတတ်ကို လေ့ကျင့်ခဲ့လေသည်။

ပုဂံပြည် တောင်အရပ်သို့အရောက်မှာ ကျားရဲကြီးသည် အတင့်ရဲစွာ အိမ်အတွင်းချည်ထားသော ချည်တိုင်မှ နိုင်းကျွဲကြီးတစ်ကောင်အား ဝင်ရောက်ခုန်အုပ် သတ်ဖြတ်နေခိုက်နှင့် ကြုံလေတော့သည်။ မင်းထီး လေးမြားနှင့်ပစ်ချိန်ပင်မရ၊ ကျားရဲကြီးက ခုန်အုပ်လေရာ မင်းထီးက လျင်မြန်စွာရှောင်တိမ်းရင်း ကျားကြီးက လေထဲဝဲပျံကာ ခုန်အုပ်မင်းထီးက လျှပ်တစ်ပြက် လေးမြားနှင့်အမိအရ ပစ်ခွင်းသတ်လိုက်တော့သည်။

ရွာသူရွာသားများ အံ့သြတကြီး ဝိုင်းအုံကာ ကျားသေကြီးတစ်လှည့်၊ မင်းထီးအားတစ်လှည့် ကြည့်နေကြသည်။ ထိုသတင်းကား အစွန်အဖျားကျေးရွာ ဖြစ်နေ၍ ရွှေနန်းတော်သို့ သတင်းမပေါက်ကြားခဲ့ပေ။

ကျားရဲကြီး နှိမ်နင်းအပြီးမှာ အရှေ့အရပ်မှာ ကြီးမားကော့ချွန်သော အစွယ်ဖွေးဖွေးနှင့် ဝက်ဆိုးကြီးမှ ယာခင်းများထိုးဆွဖျက်ဆီးနေကြောင်း သတင်းရတာနှင့် မြောက်ဘက်လေညာအရပ်မှ ဝင်ရောက်ချောင်းစဉ် ဝက်ဆိုးကြီးကမြင်ပြီး အစွယ်နှင့်ပြေးအပက် လွတ်အောင် ခုန်ရှောင်ရင်း လေးနှင့်ပစ်ခွင်းနှိမ်နင်းလိုက်တော့သည်။

ထိုမှတစ်ဖန် မြောက်အရပ်က တဝုန်းဝုန်းနှင့် ဆူညံသံကြားသဖြင့် လှမ်းကြည့်လိုက်ရာ ရွာစွန်ရွာဖျား၌ နေအိမ်များပေါ်မှ တစ်အိမ်ပြီးတစ်အိမ် ခုန်ကူးကာ ရှူးပျံကြီးက ဖျက်ဆီးလို့နေသည်။ လူအများလည်း ကြောက်ရွံ့ပြီး တောထဲသို့ ထွက်ပြေးကုန်ကြသည်။ မင်းထီးလည်း အလျင်အမြန်ရောက်သွားပြီး လေးနှင့်ခွင်းရန်ပြင်ဆဲ ရှူးပျံကြီးက ရောမခန္ဓာကိုယ်ကြီးအား မင်းထီးထံလိုမ့်ချကာ တိုက်ခိုက်လေသည်။ ရှူးပျံကြီး လိမ့်ကျမလာခင် အရင်ဦးအောင် သတိနှင့် လေးမြားနှင့် ရင်အုံသို့ ထုတ်ချင်းဖောက်ပစ်ခွင်းလိုက်တော့သည်။

မင်းထီးလည်း ကျန်ရန်သူကြီးရှိရာ အနောက်အရပ်သို့ ထွက်ခွာခဲ့လေရာ ရောမငှက်ကြီးသည် တောင်တန်းပေါ်ရှိ မန်ကျည်းခုနစ်ပင်တန်းထိပ်ဖျား အလယ်အပင်မှာနားပြီး



www.burmeseclassic.com

www.burmeseclassic.com

အတောင်နှစ်ဖက်ကို ကျန်မန်ကျည်းသုံးပင် ဘေးတစ်ဖက်ဆီသို့ ဖြန့်ကားတင်ကာ အနားယူနေလေ၏။

အဝေးအရပ်မှ ကြည့်ရှုမျှပင် ငှက်ကြီး၏ အလုံးအထည်ကို မည်မျှကြီးမားကြောင်း လေ့လာခန့်မှန်းလိုက်သည်။

ထိုအချိန်တွင် ငှက်စာဆော် ဧကော်နှင့် သမီးကညာခုနစ်ယောက်တို့ မင်းထီးနှင့်ဆုံကြရာ ခုနစ်ရက်မြောက်ဖြစ်၍ ငှက်စာကျွေးရန် သမီးကညာခုနစ်ယောက်အား လာရောက်ဆက်သခြင်း ဖြစ်ကြောင်း ပြောပြလေသည်။ မင်းထီးက ငှက်စာဆော်ဧကော်နှင့် သမီးကညာ ခုနစ်ယောက်အား ဂူအတွင်းပုန်းအောင်း နေခိုင်းသည်။

မင်းထီးက ငှက်စာကျွေးမည့်နေရာသို့အရောက် ငှက်ကြီးမှာ တစ်ဟုန်ထိုး ပျံဝဲလာကာ ရန်မူလေတော့သည်။ ငှက်ကြီး၏ ပြင်းထန်သည့်အရှိန်အဟုန်ကြောင့် မန်ကျည်းပင်များ အပိုင်းပိုင်း ကျိုးကုန်သည်။ မင်းထီးက တောင်ကမူနောက် ပြေးကာပုန်းခိုဝင်စဉ် ငှက်ကြီးက နှုတ်သီးနှင့်စိုက်ရာ နှုတ်သီးတစ်ဆုံးစိုက်ဝင်ပြီး မြေကြီးထဲမှ ရေများပန်းထွက်လာတော့သည်။ ငှက်ကြီးနှုတ်သီး ပြန်နှုတ်မရဖြစ်နေစဉ် မင်းထီးက ငှက်ကြီးကျောပေါ်တက်၍ ဦးခေါင်းကို လေးမြားနှင့်ခွင်းလိုက်ရာ ငှက်ကြီးခမျာ သွေးရူးသွေးတန်းနှင့် သူ့အတောင်နှစ်ဖက်အား ကုန်ရိုက်ခတ် မင်းထီးကိုအတောင်နှင့် ညပ်သေအောင် ပြုသော်လည်း မင်းထီးက လွတ်အောင်ခုန်ဆင်းပြီး ငှက်တောင်တစ်ခု နုတ်ယူကာ သမီးကညာခုနစ်ယောက်ကို ရွက်စေ၍ သမုဒ္ဒရာဇ်မင်းထံ ပို့စေသည်။

မင်းထီးကတော့ ရွာ၏အရှေ့ဘက်အရပ်ရှိ ဘူးခါးပင်ကြီးရန် နှိမ်နင်းရန်အပြင် ငှက်ကြီး၏ ဦးခေါင်းအရေခွံကို ဆုပ်ယူထမ်းပိုးလာပြီး ထိုအရပ်မှာ မြေမြုပ်ပစ်ရန်ဖြစ်သည်။

ရွာ၏အစွန်၌ တင်လဲရည်အသည်နှင့်တွေ့ပြီး ဘူးခါးပင်ကြီးအကြောင်း စုံစမ်းလိုက်သည်။ ဘူးခါးပင်များရန်ကြောင့် စိုက်ပျိုးရေးသမားများ စိုက်မရ၊ ပျိုးမရ ဒုက္ခဖြစ်နေကြောင်း သိရသဖြင့် ရွာအရှေ့ခြမ်းရှိ ဘူးခါးပင်ကြီးအနီးသွားကာ ငှက်ကြီးရဲ့အရေခွံထုပ်ကြီး ဖုန်းခနဲ ပစ်ချလိုက်ရာ ဘူးခါးပင်ကြီး တစ်ခုလုံး ဘူးညွန့်၊ ဘူးမွေး၊ ဘူးနှာမောင်းတို့ ထောင်ထလာတော့သည်။ မင်းထီးလည်း ဒေါသအမျက်ထွက်ကာ ခြေဖြင့်နင်းချေပြီးဖျက်ဆီးလိုက်ရာ ဘူးခါးခင်း ကြီး ကြေမွပျက်ဆီးရုံမက ရေသောက်မြစ်ပါ နုတ်ယူလျက် ပင်စည်ကြီးအား မြားနှင့်ခွင်း မျိုးတုံးလိုက်တော့သည်။ ငှက်ကြီးဦးခေါင်းအရေခွံအား မြှုပ်နှံပြီးချိန်မှာ···

သမုဒ္ဒရာဇ်မင်းမှ အကြိုအထောက်များလွှတ်၍ သူ့ရဲကောင်းအား မင်းစီးမြင်းအပ်နှံ၍ ပုဂံပြည်သို့ ခေါ်ဆောင်စေခဲ့ပြီး သမီးတော်နှင့် လက်ဆက်ပေးလျက် အိမ်ရှေ့ဥပစာမင်း ရာထူးပေးလေသည်။

သမုဒ္ဒရာဇ်မင်းလွန်သော် မင်းထီးသည် မင်းအဖြစ်မခံယူသေးဘဲ ဆရာအား ကျေးဇူးဆပ်သောအားဖြင့် နန်းတော်သို့ပင့်ဆောင်ကာ ရသေ့ကြောင်ဘွဲ့အမည်နှင့် နန်းအပ်မင်းပြုစေသည်။

ရသေ့ကြောင်မင်းလွန်မှ "ပျူစောထီး"ဘွဲ့အမည်ခံ၍ "အရိမဒ္ဒနပူရ"(ရန်အပေါင်း နှိမ်နင်းအောင်မြင်သော)တိုင်းပြည်အဖြစ်သမုတ်ပြီး မင်းအဖြစ်စိုးစံလေသည်။ အေဒီ (၁၆၇ မှ ၂၄၂)အထိ ထီးနန်းသက် ၇၅ နှစ်တိုင် နန်းသက်အရှည်ဆုံး စိုးစံတော်မူခဲ့သည့်မင်းတစ်ပါး ဖြစ်ပါသည်။

(မှုကွဲကျမ်းအရ ပျူစောထီးသည် ဗျာဒိတ်ထားတော်မူသည့် မလည်တောင်ထိပ်၌ နဂါးမင်းသမီးနှင့် နေနတ်သားတို့ အိမ်ရာထောင်ရာမှ နဂါးဥသုံးလုံးဥရာ တစ်လုံးက ဂန္ဓာလရာဇ်တိုင်းတွင် မိန်းမမိဖုရားဖြစ်လေသည်။ တစ်ဥကား မုဆိုးလက်မှာပျက်ရသည်။ တစ်ဥကား ဧရာဝတီမြစ်သို့ မျောပါ၍ ပျူအိုလင်မယားဆယ်၍ တုရင်တောင်ယံမှ ရသေ့ကြောင်အားပြရာ ကြန်အင်လက္ခဏာနှင့် ဘုန်းကံပြည့်စုံသော သတို့သား မွေးဖွားလတ္တံ့ဆို၏။ နဂါးမနှင့် နေနတ်သားမှ ဖွားသောသားဖြစ်၍ ဆင်ပြောင်အားနှင့်တူသော စွမ်းပကားရှိသည်။)

## ပျူစောထီးမင်း သာသနာပြုခြင်း

ပျူစောထီးမင်းသည် "ဗူးဘုရား"ကို ခရစ်နှစ် (၃)ရာစုခန့်က တည်ခဲ့ပါသည်။ ဘူးခါးပင်ကြီးမင်းမှုနေသည်ကို အောင်နိုင်သည့် အထိမ်းအမှတ်အဖြစ် တည်ထားခဲ့ခြင်းဖြစ်ပေမည်။

ဗူးဘုရားသည် ပုဂံမြို့ဟောင်းအတွင်း မြောက်ဘက် ဧရာဝတီမြစ်ကမ်းအနီးတွင် တည်ရှိသည်။ ဧရာဝတီမြစ်နှင့်



www.burmeseclassic.com

www.burmeseclassic.com

သဘာဝအလှများသည် စေတီတော်တည်ထားပုံနှင့် လွန်စွာ သပ္ပါယ်ကြည် ညီလှပါသည်။

ဖူးဘုရား မူလပုံတော်မှာ ပုဂံတွင် ခေါင်းလောင်းပုံ စေတီမပေါ်မီက အောက်အထက် လုံးစောက်သော ပျူခေတ် စေတီများ တည်ထားခဲ့ကြသည်။ ဖူးဘုရားသည် မူလက အုတ်ခုံဝိုင်းပေါ်၌ ဓာတ်တော်ကြုတ် ထူပါသပုံသဏ္ဌာန် တည်ထားခဲ့ခြင်းဖြစ်သည်။ ရှေးကျသော ဘူးသီးပုံနှင့်လည်း တူသည်။

ဖူးဘုရားကို ၁၁ ရာစုကတစ်ကြိမ် ပြုပြင်ခဲ့သဖြင့် ၁၁ ရာစုပုံစံဖြစ်နေပြီး မူလညာဏ်တော်အမြင့်က အတောင် ၃၀ သာရှိသည်။ ၁၉၇၅ ခုနှစ် ငလျင်ဒဏ်သင့်ခဲ့ပြီး သံကူ ကွန်ကရစ်ဖြင့် အခိုင်အမာတည်ဆောက်ပြီး မူလညာဏ်တော် ထက် တစ်ပေပို၍ ပူဇော်ထားခဲ့သည်။

ဖူးဘုရားအရှေ့ဘက်တွင် ကုန်းဘောင်ခေတ် အာရုံခံ တန်ဆောင်းကြီးရှိသည်။ အာရုံခံအဆင့်ဆင့် စိန်တန်းအသွယ် သွယ်မှာ မြစ်ရေတိုက်စား၍ မင်းတုန်းမင်းကြီး စေတီတော် ပြုပြင်ရင်း ဆောက်လုပ်လှူဒါန်းခဲ့ခြင်း ဖြစ်ပေမည်။

ဖူးဘုရားတံတိုင်းအတွင်းမှာ မှန်တိုင်းနတ်ကွန်းရှိ သည်။ မှန်တိုင်းနတ်ကို ရှေးခေတ်က ရေလမ်းခရီးဖြင့်အသက် မွေးသူများ လာရောက်ဦးခိုက်ပူဇော်ပသလေ့ရှိကြသည်။ ဖူး ဘုရားတွင် အာလိန်လေးဆင့်နှင့် ဂေတ်လမ်းအတက်အဆင်း အုတ်လှေကားဖြင့် ဆက်သွယ်ပြုလုပ်ထားသည်။ တံတိုင်း တောင်ဘက်တွင် ဧရာဝတီမြစ်ဆိပ်သို့ဆင်းရန် လှေကားကြီး ရှိသည်။

"ပုဂံအစ ဖူးဘုရားက" ထူပါစေတီအစ ဖူးဘုရားကဟု အဆိုရှိပါသည်။ ပုဂံမြေရှိ ရှေးအကျဆုံးသော ပျူလက်ရာ ၅၄ ဆူတွင် ဖူးဘုရားသည် အစောဆုံး ပုဂံစေတီသမိုင်း ဝင်အဖြစ် ဧရာဝတီမြစ်ကမ်းနဖူးတွင် တည်ရှိနေပါသည်။

ထို့ကြောင့် ရှေးအကျဆုံး ပျူခေတ်သမိုင်းဝင်ဘုရား အား ပူဇော်ရင်း မင်းသက်၊ နန်းသက်ရှည်စွာ စိုးစံခဲ့သော ဘုရင်မင်းမြတ် လက်ရုံးရည်နှလုံးရည် စွမ်းပကားပြည့်စုံကာ ဘုန်းတန်ခိုးထွန်းတောက်ခဲ့သည့် "ပျူစောထီး" အမြဲရွတ်ဆို သော မန္တန်တော်အား သွားရောက်အဓိဋ္ဌာန်ပြု ပူဇော်ကြည့် ပါလေ။ ရာထူးဌာနန္တရများအတွက် အထူးအကျိုးပေးခြင်းနှင့် နေရာဌာနအတွင်း ရန်အပေါင်းလည်း အောင်နိုင်ပါသည်။ ရသေ့ကြောင်မင်းအား သိကြားမင်းမှပေးခဲ့သော ဂါထာဖြစ်ပြီး ရသေ့ကြောင်မင်းမှ ပျူစောထီးမင်းကို ထပ်ဆင့်ပေးခဲ့သော ဂါထာဖြစ်ပါသည်။

### ပျူစောထီးမင်း ရွတ်ဆိုဂါထာ

**အတေ အာတေ ဥတေ ဦတေ၊**
**ဣလုတေ ဣလူတေ ဣ လန္တေ ဣလာတေ၊**
**ခတေ စတေ ဓာတေ၊**
**တဝတေ တဝါတေ တံသုခတေ၊**
**မတေ သမတိတေ သံတေ။**

**အနက်။** အတေ-အဆိပ်ပျောက်အံ့။ အာတေ-အဆိပ် မတက်အံ့။ ဥတေ-အလိုခပ်သိမ်း ပြည့်စုံအံ့။ ဦတေ-ကြံတိုင်း အောင်အံ့။ ဣလုတေ-သူတကာဟူသမျှချစ်အံ့။ ဣလူတေ- သူတကာဟူသမျှ ချစ်မြတ်နိုးအံ့။ ဣလန္တေ-ရန်ပျောက်အံ့။ ဣလာတေ-မကောင်းသောရန် ပျောက်အံ့။ ခတေ-သူခပ် သိမ်းကြဲ၍မဖြစ်။ ၈ တ-ရန်ဟူသမျှပျောက်အံ့။ ဓာတေ- အသက်ရှည်အံ့။ တဝတေ-ကိုယ်အနာဟူသမျှပျောက်အံ့။ တဝါတေ-မကောင်းသောအနာခပ်သိမ်း ကင်းငြိမ်းပျောက်အံ့။ တံသုခတေ-ဝမ်းကြီးအနာဟူသမျှ ပျောက်အံ့။ မတေ-ရွှေငွေ ဥစ္စာရအံ့။ (နှလုံးချမ်းသာအံ့လည်းဟူ၏)။ သမတိတေ- မင်းဘေးမင်းဒဏ်ကင်းငြိမ်းအံ့။ သံတေ-နှလုံးကောင်းမြတ်အံ့။

× × ×

(ဓမ္မမိတ်ဆွေများ ဉာဏ်ရှိသလို သုံးပါ။)

ဤဂါထာအား ဣန္ဒာစရိယတြိနေတြဓာတ်ကျမ်းကို ရေးသားပြုစုတော်မူခဲ့သော ချောင်းဦးမြို့ အောင်ချမ်းသာရွာ ရှေ့ကျောင်း အရှင်ဣန္ဒာစရိယ၏ ပုရပိုက်မူမှ ကူးယူရရှိပါ သည်။ နန်းစဉ်သုံး ဆရာဦးမင်းသိန်းစာအုပ်မှ ဖော်ပြထားပါ သည်။

မြနန်းရှင်

www.burmeseclassic.com

# ကျွန်စစ်သားမင်းကြီးတည်ထားကိုးကွယ်သော

## မြောင်မြို့နယ်၊ တွင်းကြီးရွာမှ

# ကံတက်ဝမ်းတော်ဆုတောင်းပြည့်စေတီတော်နှင့်

# ရန်အောင် မာန်အောင်ဘုရား



ကျွန်စစ်သားမင်းကြီးတည်ထားခဲ့သည့်
ရန်အောင် မာန်အောင် ဆုတောင်းပြည့်ဘုရား

ချစ်မင်းသူ

၂၀၁၅ ခုနှစ်၊ ဧပြီလဆန်းပိုင်းက အညာသို့ ခရီးထွက်ဖြစ်ခဲ့သည်။ တကယ်တော့ ကိုယ်ချည်းမဟုတ်။ စိန်နားကပ်အရောင်နှင့် ပါးပြောင်သည်ဟုလည်း ပြော၍ရမည်ထင်သည်။ ဆရာညီမေတ္တာက စရိတ်ငြိမ်း ဘုရားဖူးလိုက်ပို့ပေးမည်ဆို၍ လိုက်ပါသွားခဲ့ကြခြင်းဖြစ်သည်။ စုစုပေါင်း ၁၁ ဦး လိုက်ပါခဲ့ကြသည်။ ဆရာတက်လူ၊ မြင်းမှု ဒေါ်အေးဆောင်၊ ချစ်မင်းသူ၊ ပြင်စည်အောင် (ခရာတော)၊ ထင်ရှားအောင်၊ ချိုပန်းချီ၊ ဆရာမ မရွှေချစ်(လယ်တိုင်း)၊ မရည်မွန် (ကျုံပျော်)၊ တင်စန္ဒာတို့အပြင် ဆရာတွင်းကြီးသားတင်ဝင်းဦးကလည်း သူ့ရွာသို့ပြန်ရန်အတွက် ရန်ကုန်မှ မိမိတို့အဖွဲ့နှင့်အတူ လိုက်ပါခဲ့သည်။

ဆရာညီမေတ္တာက ကိုယ်တိုင်ကားမောင်းပြီး စားစရိတ်ကအစ အကုန်အကျခံကာ စေတနာသန့်သန့်ဖြင့် မိမိတို့စာရေးဆရာအဖွဲ့ကို ဘုရားဖူးလိုက်ပို့ ပေးခဲ့ခြင်းဖြစ်သည်။ ဤကဲ့သို့အလှူမျိုးကား ကြုံဆုံဖို့ခဲပါး




www.burmeseclassic.com

www.burmeseclassic.com



စေတီတော်ပရိဂုဏ်အတွင်းရှိ
အာရုံခံတန်ဆောင်းမှ မြတ်ဗုဒ္ဓနှင့်
ရဟန္တာများ ဆွမ်းခံကြွသည့် ရုပ်တုတော်များ



ကံတက်ဝမ်းတော်ဆုတောင်းပြည့်စေတီတော်
မြတ်ကြီးနှင့် (ဆရာတွင်းကြီးသား။
ဘင်ဝင်းဦး၊ ဆရာတော်ဦးကလျာဏ၊
ဆရာညီမေတ္တာ) ဝဲမှယာ

ပေးပို့မည့်သူ ရှားပါး၏။ တော်ရုံစေတနာနှင့် မဖြစ်နိုင်။ ငွေရော၊ လူရော၊ အချိန်ရော ပေးဆပ်ရသည့်ကိစ္စဖြစ်သည်။ ကုန်မှမန္တလေး၊ မန္တလေးမှ မုံရွာထိ မိုင်ပေါင်းငါးရာကျော် ခြောက်ရာခန့် တစ်ဦးတည်းကားမောင်း၍ ထမင်းကျွေးညှော့ခံ လိုက်ပါပို့ဆောင်ပေးဖူး၏။ စေတနာကား တွေးကြည့်ရုံမျှ သိနိုင်ပါသည်။ ကျေးဇူးများလှပေစွ။

ဤသို့ဖြင့် ရန်ကုန်မှ မန္တလေး၊ မန္တလေးမှ မုံရွာသို့ ဆက်ခဲ့ကြသည်တွင် ဆရာတွင်းကြီးသားတင်ဝင်းဦးက တန်းကြုံနိုက် သူ၏မွေးဖွားရာ ချက်မြှုပ်ဒေသဖြစ်သည့် ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ တွင်းကြီးရွာသို့ အလည်အပတ်ဝင်ရောက်နားခိုရန် ဖိတ်ခေါ်ပါတော့သည်။ စာရေးဆရာများချည်းမို့ မရောက်ဖူးသေးသည့် ဒေသအသစ်သို့ သွားချင်နေမိသည့် စိတ်ရင်းများက သွားကြမယ်ပြိုင် တူပာစ်ကာ ခရီးဆက်ခဲ့ကြသည်။ အညာ၏သရုပ်ပြ ထနောင်း၊ မန်ကျည်းနှင့် တမာပင်တို့က မျက်စိမြင်ကွင်းထဲက လုံးဝ မထွက်။ ထန်းတောညို့ညို့ကိုလည်း လမ်းဘေးဝဲယာ တွင်



www.burmeseclassic.com

www.burmeseclassic.com

ဖက်ဘာစ်ချက်တွင် လုပ်းတွေ့ရပြန်သည်။

ညစ်ညမ်းသောလေထု၊ ပွမ်ပွမ်မြည်သော ကားဟွန်းသံများကြားထဲနှင့် လူပိတ်သိပ်ညပ်ကျပ်နေသော ဘတ်စ်ကားစီးရသောဒုက္ခများနှင့် ခြားနားသော တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည့် သဘာဝအလှတရားများကို ကြည့်ရှုခံစားရသည့်အရသာကပင် အသက်ပိုရှည်သွားလိမ့်မည်ဟု ယုံ



ကံတက်ဝမ်းတော်စေတီတော်ပရိဝုဏ်ရှိ
ထုလုပ်ထားသော
ရှေးဟောင်းလက်ရာရုပ်တုတော်

ကြည်နှစ်သက်နေမိသည်။ တစ်ခါ ဆရာတွင်းကြီးသား၏ တွင်းကြီးရွာရှိ နေအိမ်ကိုရောက်တော့ ဆရာ့မိခင်နှင့် ညီအစ်ကိုမောင်နှမများက ဝမ်းပန်းတသာ ခရီးဦးကြိုနှုတ်ဆက်ကြပြီး စားစရာသောက်စရာများဖြင့် ညှို့ခံကျွေးမွေးသည်ကပင် ရင်မှာ ချမ်းမြေ့ကြည်နူးစရာကောင်းကြရသည်။ ဝိုင်းကြီးတစ်ဝိုင်းတည်းမှာပင် မြေစိုက်အိမ်နှစ်အိမ်ဆောက်ကာ မိသားစုများ စုစုစည်းစည်းနေထိုင်ကြသည်ကို မြင်ရခြင်းကပင် ဆရာတွင်းကြီးသားတို့ ညီအစ်ကိုမောင်နှမတစ်သိုက် စည်းလုံးညီညွတ်ကြသည်ကို သိနိုင်သည်။

စေတနာဖြူဖြူဖြင့် ညှို့ခံကျွေးမွေးသော အညာထမင်းကို ကောင်းကောင်းလွေးကြပြီး ထိုညက ကောင်းကောင်းအိပ်စက် အနားယူခဲ့ကြသည်။ နောက်တစ်နေ့တွင် နံနက်အဆာပြေ ကောက်ညှင်းပေါင်း၊ ပဲသုပ်၊ အကြော်စုံတို့ကို ရေနွေးကြမ်း၊ အသင့်ဖျော်လက်ဖက်ရည်တို့ဖြင့် သောက်စားရင်း ခရီးဆက်ရန် ပြင်ဆင်ခဲ့ကြသည်။ ထိုအခါ ဆရာတွင်းကြီးသားက အမှတ်တရ ရောက်လာချိန်တွင် အမှတ်တရလေ့လာသွားနိုင်ရန် တွင်းကြီးရွာ အရှေ့တောင်ဘက်ရှိ ကျန်စစ်သားမင်းကြီးတည်ထားသော ဘုရားသို့ လိုက်ပို့ပေးရန် စီစဉ်ပါသည်။ ပြီးလျှင် တွင်းကြီးရွာ ဦးကျောင်းဆရာတော် ဦးကလျာဏထံသို့ မိမိတို့အဖွဲ့ကိုခေါ်ဆောင်သွားကာ ဆရာတော်နှင့်မိတ်ဆက်ပေးပါသည်။ ဆရာတော် ဦးကလျာဏမှာလည်း မိမိတို့အား မုန့်များ၊ အချိုရည်များဖြင့် ညှို့ခံကျွေးမွေးပါသေးသည်။

ပြီးမှ ဆရာတော်ဦးကလျာဏ ကိုယ်တိုင် လိုက်ပါကြွရောက်၍ ကျန်စစ်သားမင်းကြီး တည်ထားခဲ့သည့် ကံတက်ဝမ်းတော် ဆုတောင်းပြည့်ဘုရားသို့ လိုက်ပါပို့ဆောင်ပေးပါသည်။ ကံတက်ဝမ်းတော် ဆုတောင်းပြည့်စေတီတော်မှာ ဉာဏ်တော် ၁၈ တောင်ခန့်ရှိပါသည်။ စေတီတော်၏ ရင်ပြင်ပေါ်တွင် မကြာမီက ပြုပြင်ဆောက်လုပ်ထားသည့် ဇရပ်ဆောင်များကို တွေ့ရသည်။ မိမိတို့အဖွဲ့ စေတီရင်ပြင်တော်ပေါ်သို့ ရောက်ရှိချိန်တွင် ဆရာတော်ဦးကလျာဏမှ စေတီတော်၏သမိုင်းကို အကျဉ်းမျှ ရှင်းလင်းပြောပြပေးပါသည်။ ကံတက်ဝမ်းတော် ဆုတောင်းပြည့်စေတီတော်မှာ သီရိခေမာ



www.burmeseclassic.com

www.burmeseclassic.com

သောကမင်းကြီး စတင်တည်ခဲ့သော စေတီတော်ဖြစ်ကြောင်း သိရသည်။ မုဋ္ဌောစေတီတော်ဖြစ်ပါသည်။

ထိုသီရိဓမ္မာသောက မင်းကြီးကား "နတ်ပြည်၌စံစားပြီး သာသနာတော် နှစ်ရာတစ်ဆယ့်ရှစ်နှစ် ရောက်သောအခါ ပါဋလိပုတ်ပြည်၌ ဗိန္ဒုသာရမင်း၏ တစ်ရာ့တစ်ယောက်သော သတို့သားတို့တွင် အသောကဓမ္မရာဇာအမည်ရှိသော ဗလစကြာတေးမင်းဖြစ်လတ္တံ့။ များစွာသောကောင်းမှုတို့ကိုပြု၍ ဥပဂုတ္တတိဿနာဂထေရ်၏ အာနုဘော်အားဖြင့် ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်ပတ်လုံး ပူဇော်၍ မိမိကိုယ်ကို ငါးပါးသောအနံ့ရှိသော ဆီဖြင့် သိမ်မွေ့သောဝါဂွမ်းတို့ဖြင့်ရစ်၍ မြတ်စွာဘုရားဓာတ်တော်ကို ဆီမီးပူဇော်လတ္တံ့"ဟူ၍ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က အာနန္ဒာကို ဗျာဒိတ်စကား မိန့်ကြားခဲ့သူဖြစ်သည်။

ဤသို့ဖြင့် ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်အတွင်း တိုင်းနိုင်ငံအတွင်း လှည့်လည်၍ မြတ်ဗုဒ္ဓ၏ ဓာတ်တော်မွေတော်များကို ဌာပနာ၍ စေတီတော်များတည်ခဲ့ရာတွင် ဤကံတက်ဝမ်းတော် ဆုတောင်းပြည့်စေတီတော်လည်း အပါအဝင်ဖြစ်သည်။ သီရိဓမ္မာသောကမင်းကြီးသည် သာသနာကို စည်ပင်အောင် ကြိုးပမ်းရွက်ဆောင်ခဲ့သူဖြစ်ရာ ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထော င်၊ စေတီပေါင်း ရှစ်သောင်းလေးထောင် တည်ခဲ့သူဖြစ်သည်။ ထိုသီရိဓမ္မာသောကမင်းကြီး ကံတော်ကုန်သွားသည့်အခါတွင် သာသနာတော်မှာ အနည်းငယ်မှေးမှိန်သွားခဲ့ပြီး ရှင်အရဟံ၏ဂုဏ်ကျေးဇူးကြောင့် အနော်ရထာမင်းလက်ထက်တွင် ပုဂံပြည်သို့ ဗုဒ္ဓသာသနာ ရောက်ရှိပျံ့နှံ့တော်မူလာခဲ့ပါသည်။

ဤသို့ ဗုဒ္ဓသာသနာ ရောက်ရှိပျံ့နှံ့လာချိန်မှစ၍ အနော်ရထာမင်းသည်လည်း သာသနာအကျိုးသယ်ပိုး၍ ဘုရားစေတီများကို အသစ်တည်ထားကိုးကွယ်ခဲ့ပြီး စေတီဟောင်းတို့ကိုလည်း ထပ်မံပြုပြင် ကိုးကွယ်ခဲ့ပါသည်။ အနော်ရထာမင်း နတ်ရွာစံပြီးသည့်နောက် သက္ကရာဇ် ၄၂၅ ခုနှစ်တွင် နန်းတက် လာသော ကျန်စစ်သားမင်းကြီးသည်လည်း ဗုဒ္ဓသာသနာကို တည်တံ့၍ပျံ့နှံ့အောင်ဆောင်ရွက်သူဖြစ်သောကြောင့် ရွှေစည်းခုံစေတီ၊ မင်းအိုချမ်းသာ၊ နန္ဒာ စေတီတော်များကို အသစ်တည်ထား ကိုးကွယ်တော်မူခဲ့ပါသည်။ ထို့အတူ ကျန်စစ်သားမင်းကြီးထက်စော၍ မင်းပြုခဲ့ကြသော သာသနာပြုသူ မင်းကောင်းမင်းမြတ်တို့ တည်ထားကိုးကွယ်ခဲ့သော စေတီပုထိုးတော်ဟောင်းများကိုလည်း ကျန်စစ်သားမင်းကြီး ကိုယ်တော်တိုင် ပြုပြင်တည်ထား ကိုးကွယ်တော် မူခဲ့ပါသည်။

ကံတက်ဝမ်းတော် ဆုတောင်းပြည့်စေတီတော်မှာ သီရိဓမ္မာသောကမင်းကြီး ဦးစွာတည်ထားခဲ့သော်လည်း နှစ်ကာလကြာရှည်ခဲ့ပြီဖြစ်၍ ပျက်စီးယိုယွင်းနေခဲ့ရာ ကျန်စစ်သားမင်းကြီးလက်ထက် သက္ကရာဇ် ၄၄၅ ဝန်းကျင်က ပြန်လည်ပြုပြင်တည်ခဲ့သည်ဟု ဆိုပါသည်။ ထိုစေတီတော် ပရိဝုဏ်အတွင်းမှာပင် ကျန်စစ်သားမင်းကြီးကိုယ်တိုင် အသစ်တည်ထားခဲ့သည့် ရန်အောင် မာန်အောင် ဆုတောင်းပြည့်စေတီတော် ရှိပါသည်။ ကျန်စစ်သားမင်းကြီးကိုယ်တော်တိုင် ဆုတောင်းပြည့်သည်ဟု မိန့်တော်မူခဲ့သဖြင့် ယနေ့ထိတိုင် စီးပွားရေးလုပ်ကိုင်နေသူများ လာရောက်၍ အဓိဋ္ဌာန်ဆုတောင်းပြုနေကြသည်ကို တွေ့ရပါသည်။

အရောင်းအဝယ်သမားများလည်း နေ့စဉ်နေ့တိုင်း လာရောက်ဆုတောင်းထောမနာပြုနေကြပါသည်။ ထိုစေတီတော်၏ နှစ်စဉ်ဘုရားပွဲမှာ တပို့တွဲလဆုတ် ၁ ရက်နေ့တွင် ဆွမ်းချပွဲကျင်းပပါသည်။ ရန်အောင် မာန်အောင်စေတီတော်ပွဲမှာ နယုန်လဆုတ် ၁၂ ရက်တွင် ဆွမ်းတော်တင်၍ ဝါဆိုလပြည့်နေ့တွင် ဆွမ်းချပွဲကျင်းပပါသည်။ ဘုရားပွဲတော်များကို နှစ်စဉ်ကျင်းပခဲ့ရာ အမြဲစည်ကားသိုက်မြိုက်လှကြောင်း သိရပါသည်။ ဘုရားဖူးလိုသူများ၊ ဗဟုသုတလိုက်စားသူများ သိရှိ၍ ကြုံကြိုက်ပါက ဝင်ရောက်ဖူးမြော်နိုင်ပါရန် အကျိုးမျှော်၍ နှိုးဆော်ရေးသားလိုက်ရပါသည်။

ချစ်မင်းသူ

၀၉-၇၉၉၇၂၀၀၁၂



www.burmeseclassic.com

www.burmeseclassic.com

# ထူးဆန်းသော နိမိတ်များရှိ ဖိုးဦးတောင်စေတီတော် နှင့် ဘုရားရုပ်ပွားတော်များ

မော်တင်သိန်းဇော်ဇ



ဖိုးဦးတောင်စေတီ

ဂေါတမမြတ်စွာဘုရားရှင်၏ ဥဏ္ဏာလုံမွေးရှင်တော်၊ ကုမုဒ၊ ပဒုမ၊ ပုဏ္ဏရိက၊ သုပုပ်ိတ အစရှိအပ်သော လေးမည်ရသော မွေးညင်းတော်များကို ဌာပနာ တည်ထားကိုးကွယ်တော်မူအပ်သော ဗျာဒိတ်တော်ရှိရာ ဖိုးဦးတောင်စေတီတော်မြတ်ကြီးသည် ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ရွာသာယာအုပ်စုရှိ တောင်ထွတ်မြတ်ပေါ်တွင် တည်ရှိတော်မူပါသည်။

မြတ်စွာဘုရားရှင်သည် မဟာသက ရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့်နေ့၊ ဗုဒ္ဓဟူးနေ့တွင် ဘုရားဖြစ်တော်မူပြီးနောက် သာသနာတော်ကြီး အခွန့်ရှည် တည်ထွန်းအံ့သောငှာ ဗျာဒိတ်တော်ရ သီဟပဗ,တတောင်တော်မြတ် (ဝါ) ဖိုးဦးတောင်တော်မြတ်သို့ ကြွရောက်တော်မူခဲ့ပါသည်။ ထိုစဉ် ဖိုးဦးတောင်တော်မြတ်တွင် မှီတင်းနေထိုင်ကြကုန်သော ဘီလူးမင်း၊ နဂါးမင်းတို့က ဖူးမြော်ရှိခိုး ကြည်ညိုကြပြီး ရောပထ နဂါးမင်းက ကိုးကွယ်ရန်အလို့ငှာ တစ်စုံတစ်ခုသော ကိုးကွယ်ရာကို မြတ်စွာဘုရားရှင်ထံ တောင်းခံရာ မြတ်စွာဘုရားရှင်က ပတ မြားညီုအဆင်းတော် ရှိအပ်သော ဆံတော်ဓာတ်တော် ၁လးဆူနှင့် မွေးရှင်တော်၊ မွေးညင်းတော်မြတ်တို့ကို ပေးသနား ချီးမြှင့်တော်မူခဲ့လေသည်။ ထိုမွေးရှင် မွေးညင်းတော်များကို မြတ်စွာဘုရားရှင် ခြသေ့်မင်းဖြစ်ခဲ့စဉ်က မှီတင်းနေထိုင် ကျက်စားခဲ့သော သီဟပဗ,တ



www.burmeseclassic.com

www.burmeseclassic.com

အမည်ရ ဖိုးဦးတောင်စေတီတောင်တော်၏ အထွတ်ထိပ် ကျောက်ဖျာပေါ်ထက်၌ နဂါးမင်း၊ ဘီလူးမင်း၊ သိကြား ဗြဟ္မာ၊ နတ်ဒေဝါတို့နှင့် အဇ္ဈိက၊ ဘလ္လိက ကုန်သည်ညီ နောင်တို့က တည်ထားကိုးကွယ်ခဲ့ကြလေသည်။

ဖိုးဦးတောင်ဟု ခေါ်ဆိုရခြင်းမှာ မြတ်စွာဘုရားရှင် ငါးဝါတော်မြောက်အပြီး ဒုတိယအကြိမ်တော်အဖြစ် ကြွ ရောက်တော်မူစဉ် တောင်တော်မြတ်နေ ဗျာဒိတ်တော်ရ ပွေးဖိုနှင့် ပွေးမမောင်နှံတို့က ဘုရားရှင်အား ဖူးတွေ့ကြရာ တွင် ပွေးဖိုက အရင်စောစွာတွေ့ ဦးစွာပင် ဖူးတွေ့ခွင့် ရခဲ့သဖြင့် ယခင်က ပွေးဖိုဦးအောင် နောင်ကာလ ရွေ့လျား လာပြီးနောက် ပွေးဖိုဦးတောင်မှ ဖိုးဦးတောင်အဖြစ်သို့ ပြောင်းလဲခေါ်ဝေါ်လာကြခြင်း ဖြစ်သည်။


နောင်ကာလတွင် ဗျာဒိတ်တော်မြတ်ပါအတိုင်း ပွေးဖို က သရေခေတ ရာပြည့်ရှင် ဒွတ ဘောင်မင်းကြီး ပွေးမက ဝိ နိုးအရှင် ပန်ထွာဘုရင်မတို့ ဖြစ်လာခဲ့သည်ဟု အဆိုရှိ ပါသည်။

ဘုရားပွဲတော်ကို တပို့တွဲလဆန်း ၁၃၊ ၁၄၊ ၁၅ ရက်နေ့တို့တွင် စည်ကားသိုက်မြိုက်၊ ခမ်းနားစွာ ကျင်းပပြီး စေတီတော် အဆူဆူတို့နှင့် တောင်တော်မြတ်ပေါ်ရှိ ဘုရား ပ်ပွားတော်မြတ်တို့အား ခြောက်နှစ်လျှင် တစ်ကြိမ်ကျ အဖြစ် လုံးတော်ပြည့်မှု ရွှေကပ်လှူကြလေ့ရှိပါသည်။ ယခု ကာလတွင် ရွှေသင်္ကန်းကပ်လှူနေ လှူဒါန်းကုသိုလ်ပြု နိုင်ကြကြောင်းကို ကြားသိ၊ မြင်တွေ့ခဲ့ရ ကြုံကြိုက်ကြ က လှူဒါန်းဆက်ကပ် ကုသိုလ်ပြုကြပါရန် လေးမြတ်စွာ အသိပေးပန်ကြားအပ်ပါသည်။

စေတီတော်မြတ်နှင့် ဘုရား ပ်ပွားတော်မြတ်များ ကိန်းဝပ်ရာ တောင်ထိပ်ပေါ်သို့ အတက်အဆင်း တန် ဆောင်း စကြ လှေကားများမှတစ်ဆင့် လွယ်ကူသက်သာ အေးချမ်းစွာနှင့် ၃၀ မိနစ်မျှသာ အချိန်ယူ တက်ရောက်၊ ဆင်းသက်နိုင် ငွေ၊ မိုး၊ ဆောင်းမဟူ ရာသီမရွေးပင် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့မှတစ်ဆင့် ကား ရထား၊ ဆိုင်ကယ်၊ ခြေလျင် လမ်းစုံတို့နှင့် သွား ရောက်ဖူးမြော်နိုင်ကြပါသည်။

ဖိုးဦးတောင်စေတီတော် ကိန်းဝပ်ရာ တောင်တော်ပေါ် တွင်

(၁) ဖိုးဦးတောင်စေတီ၊



ဆုတောင်းပြည့်ဘုရား

(၂) ဥ ဖတောင်ဘုရား၊

(၃) နတ်ရေကန်၊

(၄) ဆုတောင်းပြည့်ဘုရား၊

(၅) ဗျာဒိတ်ပေးဘုရား၊

(၆) ယုန်ဖြူတောင်ဘုရား၊

(၇) ရဟန္တာသိမ်တော်၊

(၈) ဘိုးဘိုးအောင်၊ ထုံကျင်း လိုက်ဏ်ဂူ၊

(၉) ပွေးဖို၊ ပွေးမလိုဏ်ဂူ၊

(၁၀) စကြံန်သောင်္ဂခင်းလှ၊


(၁၁) ဆင်ဖြူရှင်မင်းတရားကြီး၏ ကျောက်စာတိုက် တော်

ဟူ သပ ာယ်ကြည်ညိုဖွယ်ကောင်းသော ဘုရား၊ စေတီ၊ ပ်ပွားတော် အဆူဆူတို့ ရှိပါသည်။ အထင်ကရ



www.burmeseclassic.com

www.burmeseclassic.com




သမိုင်းဝင် သာသနိကအဆောက်အအုံနေရာဌာနတို့ အသီးသီးမျှ ရှိကြပါသည်။

ဖိုးဦးတောင် စေတီတော်ဘုရားများနှင့် ပတ်သက်တစ်ခါက အလွန်တရာမျှ ထူးဆန်းသော နိမိတ်များနှင့် အဖြစ်သနစ်အကြောင်းခြင်းရာ အဆန်းအထူးတို့ ဖြစ်ပေါ်ကြုံတွေ့ ခံစားခဲ့ကြရသည်ဟု ဆိုင်ရာ မှတ်တမ်းမှတ်ရာ စာစုတို့မှ လေ့လာသိရှိရပါသည်။

## ထူးဆန်းသောနိမိတ်များ

(၁) ၁၃၁၄ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက် သောကြာနေ့၌ ဖိုးဦးတောင်ပေါ်မှ နတ်စောင်းတီးသံများကို ကြားရခြင်း၊

(၂) ၎င်းလဆန်း ၅ ရက် တနင်္ဂနွေနေ့၌ မိကျောင်းရှစ်ကောင် ဖိုးဦးတောင်ဘုရားသို့ ဦးတိုက်ကြခြင်း၊

(၃) သီတင်းကျွတ်လဆန်း ၁၀ ရက် တနင်္ဂနွေနေ့ နံနက် ၅ နာရီတွင် ဖိုးဦးတောင် ပထမအကြိမ်ပြိုကျ ၎င်းနေ့ ၆ နာရီ၌ တစ်ကြိမ် ထပ်ပြိုသည်။

(၄) တောင်ပြိုပြီးနောက် ၉ နာရီလောက်တွင် ဖိုးဦး တောင်ကြီးသည် ကြောက် မက်ဖွယ် မြည်ဟီးသေ သည်။

(၅) သီတင်းကျွတ်လပြည့် ကျော် ၈ ရက် စနေနေ့ ည ၁၂ နာရီလောက်တွင် တောင်ပေါ်တောတန်းမှ ဝတ်ဖြူစင်ကြယ်နှင့် လူ ကိုးယောက်လာ သာဓု သုံးကြိမ်ခေါ်ပါသည်။

ဂေါတမမြတ်စွာဘုရား ရှင် နှစ်ကြိမ်တိုင်တိုင် ထူး ကဲစွာ ကြွရောက်ခဲ့တော် မူကာ ဂေါတမမြတ်စွာ ဘုရားရှင်၏ လေးမည်ရ မွေးညင်းတော်များ ကိန်းဝပ်တော်မူခြင်း၊ မဟာပထမံ ဘိုးဘိုးအောင်၏ ကျင့်ကြံ ထုံဝင်အားထုတ်ခဲ့ရာ မူလဂူများရှိခြင်း၊ ဗျာဒိတ်ဝင် ဒွတ ဘောင်မင်းကြီးနှင့် ဗိ နိုးပန်ထွာမိဖုရားတို့၏ ပွေးသတ ဝါဖြစ်ခဲ့စဉ်က ပွေးဖိုနှင့် ပွေးမ ပိတုနှင့် လိုဏ်ဂူရှိခြင်းများနှင့် ရောဝတီမြစ်ပြင်ကြောတို့ ထိကပ်ဘေးယှဉ် စိမ်းစိုလှပဝေဆာလှသော သရက်၊ လက်ပံ၊ ဒန့်သလွန် စသော အရိပ်ရ အသီးအပွင့်၊ အခက်တို့နှင့် သစ်ပင်တောတန်းများရှိ ရှုသာ့ယာအုပ်စုကို မြေနီလမ်းကြောကလေးများမှ တစ်ဆင့် ဖြတ်သန်းကာ သွားရောက်ရသော ဖိုးဦးတောင် စေတီတော်ဘုရားများဆီသို့ ဗုဒ္ဓနု တိ ဘုရားဖူးကုသိုလ် ဒါနနှင့် ဒေသန္တရအလှအပ ရရှိခံစားရရေးတို့အတွက် တစ်ခေါက်တစ်ခါမျှ သွားရောက်ဖူးမြော် ကြည်ညိုလှူဒါန်းကြပါမည့်အကြောင်းကို အကျိုးမျှော် လေးမြတ်စွာ အကြံပြုသတင်းပါးအပ်ပါသည်။

ဝန်ခံချက် ။ ။ ဖိုးဦးတောင်ဘုရားသမိုင်းနှင့် ကမ ည်း တင်စာတမ်းလာနှင့် ဓာတ်ပုံတို့ကို ကိုးကားမှီငြမ်း ကူးယူ တင်ပြခြင်း ဖြစ်ပါသည်။

**မော်တင်သိန်းဇော်ဇ**

www.burmeseclassic.com

www.burmeseclassic.com


# တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီးအား ဖူးတွေ့ရခြင်း

## မောင်ဘတင့်(ကသာ)

ကျွန်တော်တို့ ကသာမြို့သို့ တန်ခိုးကြီး ဆရာတော်ဘုရားကြီးများဖြစ်သည့် တောင်ပုလုဆရာတော်၊ တောင်တန်းသာသနာပြုဆရာတော်၊ ဘ.နို့ကြည်တောင်ဆရာတော်တို့ အပူဇော်ခံကြွရောက်ခဲ့ပါ၏။ တန့်ကြည်တောင်ဆရာတော်နှင့် တောင်ပုလုဆရာတော်နှစ်ပါး ကြွရောက်ခဲ့ပုံအကြောင်းသာ ကျွန်တော် ရောင်ပြန်မဂ္ဂဇင်းတွင် ရေးသားတင်ပြခဲ့ပါသည်။ တောင်တန်းသာသနာပြု ဆရာတော်ကြီးအကြောင်း ရေးသားမတင်ပြခဲ့ရခြင်းအကြောင်းမှာ သက်ဆိုင်သည့်ဓာတ်ပုံများ အထိန်းအသိမ်းလွန် ရှာမတွေ့ဖြစ်နေခြင်းကြောင့် ဖြစ်ပါ၏။ ၁၉-၁၂-၀၇ နေ့ကျမှ မမျှော်လင့်ဘဲ ဓာတ်ပုံများ ပြန်လည်တွေ့ရှိခဲ့သည့်အတွက် တောင်တန်းဆရာတော် ကသာမြို့သို့ ကြွရောက်ခဲ့သည့်အကြောင်း အမှတ်တရ ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်။

တောင်တန်း ဆရာတော်ကြီးမှာ မေတ္တာဓာတ်လွန်ကဲသော တန်ခိုးကြီး ဆရာတော်တစ်ပါးအဖြစ် မြန်မာပြည်အရပ်ရပ်တွင် ထင်ရှားကျော်ကြားသည်။ ဆရာတော်ကြီး၏ တရားပွဲများတွင် ပရိတ်ရွတ်လျှင် ရေဆူခြင်း၊ ပျားရည်ပုလင်းများဆူတက်ခြင်း၊ ပရုပ်ဆီပုလင်းများတွင် ပရုပ်ဆီများ မို့ဖောင်းပြည့်လျှံလာခြင်း စသည့် ထူးခြားမှုများဖြင့် ကျော်ကြား၏။ ပရိတ်ရေများ သောက်သုံးခြင်းဖြင့် ရောဂါဝေဒနာများ ပျောက်ကင်းကြကြောင်းလည်း ဆောင်းပါးများတွင် ဖတ်ရှုရသည်။

ဆရာတော်ကြီး ကြွလာမည့်သတင်းကြား၍ နယ်သူနယ်သားများအားလုံး ဝမ်းသာမျှော်လင့်နေကြသည်။ ကသာနယ်တစ်ဝိုက်ရှိ နေထိုင်သူများသည် ဘုရား၊ တရား၊ သံဃာ



တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီးအား စာရေးသူ တောင်ဝေးလျှုဒါန်းနေပုံ

ကို အလွန်ကြည် ညိုသောသူများဖြစ်ကြောင်း တွေ့ရ၏။

ထူးခြားသော ဆရာတော်ကြီး ကသာသို့ကြွလာလျှင် ရပ်ဝေးမှပင် ခြေလျင်၊ လှည်း၊ ကား၊ မော်တော်ယာဉ် စသည်များဖြင့် ဝမ်းမြောက်ဝမ်းသာ လာရောက်ဖူးမြော်ကြ၊ တရား



www.burmeseclassic.com

www.burmeseclassic.com

နေကြသည်။ မိမိတို့ တတ်နိုင်သည့် ဇလျောက် ဝတ္ထု၊ ငွေ၊ ဆန်၊ ကောက်ညှင်း၊ ငါးခြောက်၊ ဆီ၊ ပဲမျိုးစုံ၊ သစ်သီးမျိုးစုံတို့ဖြင့် လာရောက်လှူဒါန်း ဖူးမြော်ကြသည်ကို တွေ့ရပါ၏။

ကျွန်တော့်အနေဖြင့် ဆရာတော်ကြီးများ ကြွရောက်လာတိုင်း တစ်နည်းမဟုတ် တစ်နည်းဖြင့် ဆရာတော်ကြီးများ၏ အနီးကပ်ဖူးမြော်ရသူအဖြစ် ရောက်သွားတတ်ပါသည်။ ထူးခြားမှုတစ်ခု ဖြစ်ပါ၏။ ယခု တောင်တန်းဆရာတော်ဘုရားကြီးသည် ကသာမြို့သို့ သုံးကြိမ်ကြွရောက်ဖူးသည်ကို မှတ်မိပါ၏။ ကသာမြို့ ရပ်ကွက်(၃)တွင် နေထိုင်သော ဦးတိုးမှာ ဆရာတော်ကြီးအား အလွန်ကြည်ညိုသူဖြစ်၏။ ဆရာတော်ကြီး ကသာသို့ အပူဇော်ခံကြွရောက်ရန် ကြိုးပမ်းအားထုတ်ခဲ့သူ ဖြစ်၏။ မိမိအစီအစဉ်ဖြင့် မန္တလေးမြို့ ဦးကာကာ ဒေါ်စိန် (လက်ဖက်ခြောက်ပွဲရုံ) ဆရာတော် ခေတ္တသီတင်းသုံးရာ တိုက်သို့ သွားရောက်ပင့်ခဲ့သူ ဖြစ်၏။ ဦးတိုး၏ ကြည်ညိုသဒ္ဓါရှိမှု၊ ရိုးသားမှုတို့ကြောင့် ဆရာတော်ကြီးကလည်း ဦးတိုးကို ခင်မင်၏။

ဆရာတော်ကြီး ကသာမြို့သို့ ရောက်လျှင် ကသာမြို့ မဟာလေးထပ်ကျောင်း၊ ဆရာတော်ဦးကုသလကျောင်းတွင် သီတင်းသုံးလေ့ရှိ၏။ ဆရာတော်ကြီးက . . .

"ဒီကျောင်းမှာ သီတင်းသုံးရတာ လွတ်လပ်တယ်။ စိတ်ချမ်းသာပျော်တယ်" ဟု အမြဲပြောလေ့ရှိ၏။ ဆရာတော်ဦးကုသလကလည်း ဆရာတော်ကြီးအား အလွန်ကြည်ညို၍ ကိုယ်တိုင်



မေတ္တာဓာတ်လွှမ်းကဲသော တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး

ရော ဟပည့်များကိုပါ လိုလေသေးမရှိ ပြုစုပါသည်။ ဆရာတော်ဦးကုသလ၏ ကျောင်းမှာ အလွန်သန့်ရှင်းသပ်ရပ်သည်။ ဧရာဝတီမြစ်ကမ်းတွင် တည်ရှိသဖြင့် မြစ်ကိုဖြတ်တိုက်လာသော လေကောင်းလေသန့်ရ၏။ မြစ်တွင်း ရှုခင်း အလွန်ကောင်းသည်။ မန်လည်ဆရာတော်ဘုရားကြီး တည်ထားသော "တာဝတိံသာ မဟာစေတီကြီး" ရှိသဖြင့် အညာတွင် ထင်ရှား၏။

၇ နာရီထိုးတော့မည်။ မဟာလေးထပ်ကျောင်းဝင်းအတွင်းရှိ မဏ္ဍပ်တွင်လည်း တရားနာပရိသတ်များဖြင့် ပြည့်လျှံလျက်ရှိနေပေပြီ။ တချို့က နေရာမရသူများ မြေကွက်လပ်တွင် နေရာယူနေရသည်။ တရားဟောပလ္လင်ရှေ့တွင်လည်း ပရိတ်ပန်း၊ ပရိတ်ရေအိုးများ၊ ပလတ်စတစ်ပရိတ်ပုံးများဖြင့် အပြည့်ဖြစ်နေ၏။

ဆရာတော် ဦးကုသလမှ -

"ကဲ . . . တရားဟောချိန်ရောက်ပြီ။ ဒကာတို့က ဆရာတော်ကိုတွဲပြီး ပလ္လင်ကိုပို့ပါ" ဟု အမိန့်ရှိသည်။ ဦးတိုးမှာ ဆရာတော်ကြီး၏ ကုတင်ဘေးကြမ်းပြင်ပေါ်တွင် လဲလျောင်းလျက်ရှိ၏။ ဦးတိုးက မနက်ဖြန်နံနက်တွင် ၎င်း၏ အိမ်သို့ ဆွမ်းဘုဉ်းပေးကြွရန် ဆရာတော်ကြီးအား ပင့်ဖိတ်ရာ ဆရာတော်ကြီးမှ ခွင့်မပြုသေးဘဲရှိ၍ ဦးတိုး စိတ်မကြည်မလင်ဖြစ်နေ၏။

ဆရာတော်ကြီးကလည်း တရားပလ္လင်သို့ကြွရန် သင်္ကန်းရုံပြီး အဆင်သင့်ဖြစ်နေ၍ ဆရာတော်ဦးကုသလ၏ စီစဉ်မှုကြောင့် ကျွန်တော်ပင် ဆရာတော်ကြီးအားတွဲကာ တရားပလ္လင်သို့ ပို့ခဲ့ရ၏။ ဆရာတော်ကြီးအနီးတွင် တရားနာရ၏။ ဤသို့ဖြင့် ဆရာတော်ကြီး၏ မျက်မှန်းတမ်း အသိအမှတ်ပြုခံခဲ့ရ၏။ တရားပွဲအပြီး ဆရာတော်ကြီး၏ အခန်းသို့ ပြန်ရောက်သောအခါ ဆရာတော်ကြီးက -

"ဝါဒကာတို့က စိတ်မကောင်း



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေတာကိုး။ စိတ်မကောင်းမဖြစ်ပါနဲ့ မနက်ဖြန်မနက် ဆွမ်းကို မင်းအိမ်မှာပဲ စားပါ့မယ်။ ကဲ··· ထတော့"

ဟု မိန့်ပါသည်။ ဦးတိုး အလွန်ပျော်သွား၏။ နောက်တစ်နေ့မနက်တွင် ဦးတိုးအိမ်၌ ဆွမ်းကပ်ပါသည်။

ဆရာတော်ကြီး၏ ထူးခြားဖြစ်စဉ်များကို တင်ပြလိုပါသည်။ ဆရာတော် ဦးကုသလ၏ကျောင်းသည် နာရီအလွန်ပေါများသော ကျောင်းဖြစ်၏။ တိုင်ကပ်နာရီ၊ စားပွဲတင်နာရီ မျိုးစုံရှိ၏။ ရှေးဟောင်းရော ခေတ်ပေါ်တွေပါ စုံလင်သည်။ တိုင်နှင့် နံရံများတွင် ချိတ်ဆွဲထားသည်။ စားပွဲ၊ ဗီရိုများပေါ်တွင်လည်း စားပွဲတင်နာရီများရှိ၏။ ကျွန်တော့်အထင် နာရီမျိုးစုံ ငါးဆယ်ခန့်ရှိမည် ထင်ပါသည်။ ဆရာတော်က နာရီကို နှစ်သက်ဝါသနာပါ၏။ ပြင်လည်း ပြင်တတ်သည်။

ဆရာတော်ကြီးသည် နံနက်စောစော ကျောင်းပေါ်တွင် စင်္ကြံလျှောက်နေ၏။ ကျောင်းထိုင်ဆရာတော်ဦးကုသလအနီးရောက်လျှင် ဆရာတော်ကြီးက

"ကျောင်းထိုင်ဆရာတော် ဘုန်းကြီး အလှူခံစရာတစ်ခု တွေ့ထားတယ်။ အဲဒါ လှူနိုင်ပါ့မလား"ဟု မေးရာ ဦးကုသလမှ -

"လှူနိုင်မှာပါ ဘုရား။ အရှင်ဘုရားလိုတာကို အမိန့်ရှိပါ ဘုရား"

"တခြားတော့ မဟုတ်ဘူး။ အဲဒီနံရံမှာချိတ်ထားတဲ့ နာရီတစ်လုံး ဘုန်းကြီးကိုလှူပါ"

ဆရာတော်ကြီးက နာရီတစ်လုံးကို လက်ညှိုးညွှန်ပြသည်။

"တင်ပါ့ဘုရား တပည့်တော် လှူပါတယ်ဘုရား"ဟု လျှောက်ထား၍ လှူလိုက်၏။

ဆရာတော်ကြီး ဦးကုသလမှ ကျွန်တော်တို့အား ပြန်လည်ပြောပြရာတွင် -

"ဒါလောက်နာရီတွေ များနေတဲ့အထဲမှ ကိုယ်အကြိုက်ဆုံး၊ ကိုယ်အမြတ်နိုးဆုံးဖြစ်တဲ့ နာရီကိုမှ ရွေးပြီး အလှူခံတယ်။ ကိုယ့်စိတ်ထဲမှာရှိတာကို သိနေတဲ့အတိုင်းပဲ။ သဒ္ဓါမြောက်အောင် အလှူခံသွားတာပဲဖြစ်မယ်။ ထူးခြားတယ်"ဟု မိန့်ပါသည်။

ဆရာတော်ကြီးရောက်ပြီး နောက်တစ်နေ့ ဆွမ်းစားပြီး အချိုပွဲ ဘုဉ်းပေးနေစဉ်တွင်ဖြစ်၏။ ကျွန်တော်တို့လည်း ဆရာတော်ကြီး၏ ဗဟုသုတဖြစ်ဖွယ စကားများကို မှတ်သားနားထောင်ကြည်ညိုနေကြသည်။ အရှေ့ကသာ သစ်ထုတ်ရေးမှ နယ်တာဝန်ခံတစ်ဦး၏ ဇနီးနှင့်အတူ လှူဖွယ်ပစ္စည်းများဖြင့် ဆရာတော်ကြီးအား လာရောက်ဖူးမြော်လှူဒါန်းကြသည်။ အတော်ကြာ စကားပြောပြီး ဇနီးဖြစ်သူမှ -

"ဆရာတော်ဘုရား···တပည့်တော်မ အသံဝင်နေတာ အတော်ကြာနေပါပြီဘုရား။ အင်္ဂလိပ်ဆေး၊ မြန်မာဆေးတွေသောက်တာလည်း သက်သာတာပဲရှိတယ်။ လုံးလုံးမပျောက်ဘူးဘုရား။ အသံဝင်တာပျောက်အောင် ဆရာတော်ကုပေးပါဦးဘုရား"ဟု အသံဝင်လျက်နှင့်ပင် လျှောက်ထားပါသည်။ ဆရာတော်ကြီးက ရင်းနှီးသူများ ဖြစ်သည့်အားလျော်စွာ -

"မင်းသမီး ပွဲဆက်တွေများလို့ အသံဝင်နေတယ်ထင်တယ်။ ကဲ··· ဟော ဒီငှက်ပျောသီးနှစ်လုံးကို အခုပဲ စားလိုက်။ ပျောက်သွားလိမ့်မယ်"

စားပွဲပေါ်မှ ငှက်ပျောသီးနှစ်လုံးကို ပေး၍စားစေပါသည်။ ထိုအမျိုးသမီးမှာ ကျောင်းပေါ်မှာရှိနေစဉ် တစ်နာရီလောက်အတွင်းမှာပင် ပကတိအတိုင်း အသံထွက် စကားပြောနိုင်သည်ကို အံ့ဩစွာ တွေ့ခဲ့ရပါ၏။

ဆရာတော်ကြီး ကသာသို့ ဒုတိယအကြိမ် ကြွရောက်ပြီး ပြန်သွားချိန်ကဖြစ်၏။ ဆရာတော်ကြီး၏ ရေဆူပရိတ်တရားခွေများကလည်း အထူးကျော်ကြား ရောင်းကောင်း၏။ ကျွန်တော်နှင့် မိတ်ဆွေဖြစ်သော သစ်တောရုံးမှ ကိုသိန်းစံတို့လည်း တစ်ယောက်တစ်ခွေဝယ်ကာ တရားဟောစကားများ မပါဘဲ ပရိတ်ရွတ်သည့်အသံ အဆက်ပြတ်အောင် ပြုပြင်ကူးခိုင်းပြီး အိမ်တွင်ဖွင့်နေကြပါသည်။ တစ်နေ့ညနေ ၄ နာရီကျော်ခန့် ကသာမြို့ ညစျေးတန်းလမ်းရှိ လင်းသော်တာထီဆိုင်တွင်ထိုင်၍ မိတ်ဆွေများနှင့် စကားပြောနေစဉ် ကိုသိန်းစံ ရုံးဆင်းလာပါသည်။ ကျွန်တော့်ကို မြင်သောအခါ -

"ကိုကြီးတင့် ကျွန်တော့်အိမ်ကို အခု ခဏလောက်လိုက်ခဲ့စမ်းပါ။ ကိုကြီးတင့်ကို ထူးဆန်းတာ ပြချင်လို့"

ဟုပြောပြီး စက်ဘီးနှင့်အရင်သွားနှင့်ပါသည်။ ကျွန်တော်လည်း ချက်ချင်းထကာ ဆိုင်ကယ်ဖြင့် လိုက်သွား၏။ ကမ်းနားလမ်းရှိ ကိုသိန်းစံအိမ်သို့ရောက်သောအခါ ၎င်း၏ ဘုရားဆောင်သို့ ခေါ်သွားပါသည်။ ဘုရားဆောင်အောက် စားပွဲပေါ်ရှိကက်ဆက်မှ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်ရွတ်



www.burmeseclassic.com

www.burmeseclassic.com

သံများ ထွက်ပေါ်လျက်ရှိ၏။ ကက်ဆက်ပေါ်တွင် ဆရာတော်ကြီး၏ ဓာတ်ပုံ တင်ထားသည်။ ကက်ဆက်ရှေ့တွင် ဆရာတော်ကြီးအားရည်စူး၍ အချိုရည် တစ်ဖန်ခွက်၊ အလင်းတိုင်သုံးတိုင် ထွန်းထား၏။ နောက် ရေထည့်ထားသော ပုလင်းတစ်လုံး ကက်ဆက်ရှေ့တည့်တည့်တွင် ရှိပါ၏။

ပုလင်းကို အသေအချာကြည့်သောအခါ ပုလင်းအောက်ခြေမှ ပလုံစီနေသော ရေလုံးကလေးများ တဖြည်းဖြည်း အထက်သို့တက်ကာ ပုလင်းထိပ်အခုံးသို့ သွားရောက်တွဲခိုနေကြသည်။ နှစ်လုံးတွဲ၊ သုံးလုံးတွဲများ တစ်ပြိုင်တည်း တက်သွားကြသည်ကိုလည်း တွေ့နေရပါ၏။ ဆရာတော်ကြီး၏ ပရိတ်တန်ခိုးကြောင့် ဤကဲ့သို့ ရေဆူတက်နေကြောင်း အံ့ဩထူးခြားစွာ တွေ့ရပါ၏။ ဆရာတော်ကြီး၏ ဓာတ်ပုံကို အသေအချာ အာရုံပြု၍ အကြိမ်ကြိမ် ရှိခိုကန်တော့မိပါသည်။ ကိုသိန်းစံမှ -

"တစ်ခါတည်းနဲ့တော့ မထူးခြားဘူး အစ်ကိုကြီးတင့်။ ပရိတ်လေးငါးကြိမ်လောက် ဆက်တိုက်ဖွင့်လိုက်တော့ အခုလို ဆူတက်လာတာကို တွေ့ရတော့တာပဲ"ဟု ပြောပြပါသည်။ နောက်တစ်နေ့ ကျွန်တော့်အိမ်ဘုရားဆောင်ခန်းတွင် ကိုသိန်းစံ ပြောပြပြင်ဆင်သည့်အတိုင်း ပြင်ဆင်၍ ငါးပါးသီလခံယူကာ -

"ဆရာတော်ဘုရား တပည့်တော်သည် ဆရာတော်ဘုရားအား အလွန်ကြည်ညိုသူဖြစ်ပါသည်။ ဆရာတော်ဘုရား၏ မေတ္တာတန်ခိုးတော်ကြောင့် ပရိတ်ရေများ ဆူတက်လာသည်ကို ဖူးမြော်လိုပါသည်ဘုရား"ဟု လျှောက်ထားကာ ပရိတ်စတင်ဖွင့်ပါ၏။ ပရိတ်တော် လေးကြိမ်ရောက်သောအခါ ပုလင်းအောက်ခြေမှစ၍ ရေများ ပလုံစီကာ တဖြည်းဖြည်းတက်လာသည်ကို အံ့ဩဝမ်းမြောက်စွာ ဖူးတွေ့ရပါတော့သည်။ မိသားစုများနှင့်အတူ ရင်းနှီးသော မိတ်ဆွေများကို ပြသဖူးစေခဲ့ပါ၏။

ကသာမြို့ ဇရာရွှေလီအားကစားခန်းမတွင် ဆရာတော်ကြီး တရားဟောစဉ် တရားနာပရိတ်သတ်များ ပြည့်လျှံသွားသည်ကို ဇတွေ့ရပါ၏။ ချင်းဘာသာဖြင့်လည်း ဟောပြောပါသည်။ မေတ္တာတန်ခိုး ကြီးမားပုံအကြောင်းကို အသေးစိတ်ဟောပါ၏။ ကျွန်တော့်အနေဖြင့် ဆရာတော်ကြီးအား သင်္ကန်းနှင့် တောင်ဝှေးတစ်ချောင်း လှူဒါန်းပါသည်။ အင်းရွာအထက် ဖုံကုန်းရွာတွင်ရှိသော ကျွန်တော်၏သစ်စက်အနီး လမ်းဘေးတွင် လုံးပတ်တစ်ပေခန့်နှင့် အရှည်ခြောက်ပေခန့်ရှိသော တမလန်းသားတုံးကလေးကို တွေ့ရသည်။ ပိုင်ရှင်စုံစမ်းသော်လည်း မတွေ့ရသဖြင့် စက်တွင်ခွဲစိတ်ပြီး ဆရာတော်ကြီးအား ရည်ရွယ်၍ တောင်ဝှေးတစ်ချောင်းလုပ်ပြီး လှူဒါန်းလိုက်ခြင်း ဖြစ်ပါ၏။ ဆရာတော်ကြီးသည် တောင်ဝှေးအမြဲကိုင်၍ တချို့ရောဂါ ရှင်များကို တောင်ဝှေးဖြင့် ထိုးပြီး မေတ္တာဓာတ်ဖြင့် ကုသပေးလေ့ရှိပါ၏။ တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ အလွယ်ဆုံး မေတ္တာဖြန့်ပွားနည်းမှာ -

**"လူနတ်သတ္တဝါအားလုံး ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာချမ်းသာကြပါစေ၊ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ"**ဟူ၍ ဖြစ်ပါ၏။

စိတ်ကြောင့် သတ္တဝါအမျိုးမျိုး ကျင်လည်နေကြပုံ အကျဉ်းချုပ်မှာ -

၁။ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည် ကျင်လည်စိတ်ကြောင့်သာ၊

၂။ အပါယ်လေးပါး ကျသူများ မှတ်သားစိတ်ကြောင့်သာ၊

၃။ ကောင်း၊ ဆိုး၊ ယုတ်၊ မြတ်၊ ဖြစ်လာတတ်၊ မှတ်ကြစိတ်ကြောင့်သာ၊

၄။ နိဗ္ဗာန်သာခေါင်၊ ဘေးမဲ့တောင်၊ စိတ်ဆောင်ရမည်သာ။ ။

ဆရာတော်ကြီး တရားဟောတိုင်းလိုလို ပါဝင်သည့် "မြန်မာပြည်မှာ ဘယ်တော့မှ ရဟန္တာ မဆိတ်သုဉ်းဘူး။ အခုလည်း ရဟန္တာတွေ ရှိနေတာပဲ။ လူတွေက မသိကြလို့။ တချို့လူတွေက ပြောကြတယ်၊ မြန်မာပြည်ကြီး ဘာဖြစ်မယ်၊ ညာဖြစ်မယ်လို့။ ဘုန်းကြီးလို မေတ္တာဓာတ်တွေ ပို့လွှတ်နေတဲ့ ဆရာတော်ကြီးတွေလည်း အများကြီးရှိတယ်။ ဒါကြောင့် မကောင်းတာတွေ ဘာမှမဖြစ်နိုင်ဘူး။ မေတ္တာလက်ဝါးနဲ့ အုပ်ထားတယ်"ဟု ယုံကြည်မှုအပြည့်နှင့် ဟောကြားချက်များကို ကျွန်တော် အမြဲသတိရ ကြားယောင်နေမိပါ၏။

နှစ်ပေါင်း ငါးဆယ်ကျော်တိုင် ကိုယ်ကျိုးမဖက် သာသနာရေးသက်သက်အတွက် ချင်းတောင်တန်းပေါ်တွင် ဗုဒ္ဓသာသနာပြုခဲ့သော အာဇာနည်ပုဂ္ဂိုလ်ထူး ဆရာတော်ဘုရားကြီးအား နေ့စဉ်မပြတ် ရှိသေစွာ ရှိခိုးကန်တော့လျက်ရှိပါ၏။

မောင်ဘတင့်(ကသာ)



www.burmeseclassic.com

www.burmeseclassic.com

# မျိုးသခင်မှန်၍
# ကိုးဘုရင်ခန့်စာပေးခဲ့သည်

မြစံပယ်

## ကုသိုလ်ပွဲ နွံကာပျော်

သီတင်းကျွတ်လဆန်း ၉ ရက် (၂၂·၁၀·၁၅)နေ့က ကျေးဇူးတော်ရှင် ကျိုက်ထီးဆောင်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တပညာဒီပ၏ ဘဝနတ်ကျောင်းသို့ ပြောင်းရွှေ့စံနေတော်မူခြင်း သုံးလပြည့်အခမ်းအနားနှင့် လက်ရှိဦးစီးဦးဆောင်ပြုလျက်ရှိနေပါသော ဘဒ္ဒန္တနာဂိန္ဒ(နာဂဒီပ)ဆရာတော်၏ သက်တော် ၅၉ နှစ်ပြည့် ဝိဇာတမင်္ဂလာပွဲကို အကြောင်းပြု၍ သံဃာတော်အပါး ၂၅၀ နှင့် သီလရှင်များကို ဆွမ်းဆန်လောင်းလှူပွဲကြီး ကျင်းပခဲ့ပါသည်။

× × ×

## ညီညွတ်ချစ်ခင်သက်လုံးပင်

ဤကုသိုလ်ပွဲကြီးသို့ ကြွရောက်လာခဲ့ကြပါသော မွန်ပြည်နယ် ဥက္ကဋ္ဌဆရာတော်၊ ဘီလင်းမြို့နယ်၊ ပေါင်မြို့နယ်၊ ကျိုက်မြို့နယ်နှင့် ကျိုက်ထိုမြို့နယ် ဥက္ကဋ္ဌဆရာတော်ကြီးများ ဩဝါဒများ ချီးမြှင့်တော်မူခဲ့ကြပါသည်။ ဩဝါဒအနှစ်ချုပ်ကို တင်ပြရမည်ဆိုပါလျှင် တချို့ သာသနာ့နယ်မြေများသည် ဤကဲ့သို့ ကျောင်းထိုင်ဆရာတော်ကြီးများ ပျံလွန်တော်မူပြီဆိုပါက တစ်လပင်မကြာပစ္စည်းလုပွဲနှင့် ကျောင်းလုပွဲအမှုအခင်းများစွာတို့ ပေါ်ပေါက်ဖြေရှင်းကြရတတ်ပါသည်၊

ဤကျိုက်ထီးဆောင်းဆံတော်ရှင် သာသနာပြုစခန်းကြီးမှာ စခန်းခွဲပေါင်း ၆၇ ဌာနရှိသော်ငြားလည်း အဘိုးဆရာတော်ဘုရားကြီးသက်တော် ထင်ရှားရှိနေစဉ်ကကဲ့သို့ပင် ဆရာ၊ တပည့် ရေနှင့်ကြာပမာ စိတ်ဝမ်းညီညွတ်ချစ်ခင်ကြမှုကို တွေ့



မြင်ရပါသဖြင့် လွန်စွာဝမ်းမြောက်ကြည်နူးရပါကြောင်း။ ဤနယ်မြေသို့ ကြွရောက်လေတိုင်း အထူးသတိထားမိသည်မှာ ကျယ်ပြန့်သော ဘုရားကုန်းသည် အမှိုက်တစ်စမရှိ သန့်ရှင်းနေခြင်း၊ ဘုရားပန်းများ ထာဝရလန်းဆန်းစွာ ကပ်လှူထားရှိခြင်း၊ သာဓကိုးကြိမ်ခေါ်ခြင်း···စသဖြင့် ဘုရားရှင်အပေါ် ရှိသေလေးမြတ်သော **သဒ္ဓါစိတ်တို့ကို** ချီးကျူးသာဓုခေါ်၍



www.burmeseclassic.com

www.burmeseclassic.com

ကသိုလ်ပွားခဲ့ရကြောင်းတို့ကို ဩဝါဒ မိန့်မြွက်သွားခဲ့ကြပါသည်။

× × ×

## အစေ့စိုက်

ဆရာတော်ကြီးများ မိန့်ကြားသွားသကဲ့သို့ပင် အချို့သော သာသနာ့နယ်မြေများသည် အမှုအခင်းမျိုးစုံဖြစ်ကြ၍ နောက်ဆုံးမှာ မေးမိန်သွားခဲ့ပါ၏။

အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တပညာဒီပ ကျိုက်ထီးဆောင်းဆရာတော်ကြီး ပြောလေ့ရှိသော စကားမှာ ဆံတော်ရှင် သာသနာငါးထောင် တည်ရမည်။ ငါမရှိလည်း ငါကဲ့သို့ စွမ်းဆောင်နိုင်သူများ ပေါ်ပေါက်လာစေရမည်။ ကိုင်းစိုက်မဟုတ်၊ အစေ့စိုက်၊ ငါ့ထက်တော်နေခဲ့ပါက ငါ့ကိုပင် နိုင်းနိုင်ပါသည်တဲ့။

× × ×

## ကိုးဘုရင်ခန့်စာ

ခမည်းတော် ဦးစံဖေ၊ မယ်တော်ဒေါ်စောကျင်တို့မှ ကဆုန်လဆန်း ၁ ရက်၊ ကြာသပတေးနေ့ ၁၂၉၀ ပြည့်နှစ်တွင် တတိယသားရတနာအဖြစ် ဆရာတော်ကြီးကို ဖွားမြင်တော်မူခဲ့ပါ၏။ သိက္ခာတော် ၄၅ ဝါနှင့် သက်တော် ဂဂ နှစ်အတွင်းသို့ ရောက်ရှိလာသည့် ဒုတိယဝါဆိုလဆန်း ၉ ရက်၊ ၁၃၇၇ ခုနှစ်၊ စနေနေ့ (၂၅·၇·၁၅) နေ့လယ် ၃၊၂၈ နာရီတွင် မြတ်ဘုရားသော်မှ မလွှန်ဆန်နိုင်သည့် ဘပနတ်ကျောင်းသို့ ပြောင်းရွှေ့စံတော်မူသွားခဲ့လေပြီ။

အနာယကာဝိနဿန္တိ = ဆရာမရှိခဲ့လျှင် အဖွဲ့အစည်းပျက်နိုင်သည်။ နဿန္တိဗဟူနာယကေ = ဆရာများလျှင်လည်း အလားတူ အဖွဲ့အစည်းပျက်နိုင်သည်။ ဤသဘောတရားများကြောင့် ကေရာဇာဟိတ်ပှူသည့် အဘိုးတစ်ပါးတည်း ဦးဆောင်၍ အုပ်ချုပ်လာခဲ့ပါသော ဤဆံတော်ရှင် သာသနာ



ဆရာတပည့် အနီးကပ်ညွှန်ကြားမှု ထာဝစဉ်ခံယူခဲ့

တော်ကြီးကို လွှန်ခဲ့သော တစ်နှစ်ကပင် ကိုယ်စားစီမံဆောင်ရွက်နိုင်သူကို ရွေးချယ်၍ လွှဲအပ်တော်မူခဲ့၏။

× × ×

## မျိုးသခင်မှန်၍

သုဓမ္မာဂိုဏ်းဝင် သုဝဏ္ဏဘူမိဆံတော်ရှင်ပဝါရဏာဂိုဏ်း၏ အထွေထွေသာသနာ့အကျိုးတော်ဆောင် ဘဒ္ဒန္တနာဂဒီပ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)သည် ရဟန်းငယ်လေးဘဝကတည်းက အဘိုးဆရာတော်ကြီးသွားလေရာ ထာဝရလိုက်ပါလိုက်ပါခဲ့ပြီး အရာအားလုံးတို့ကို အနီးကပ်လုပ်ကိုင်ဆောင်ရွက်ခဲ့သူ ဖြစ်ပါသောကြောင့် စိတ်ချယုံကြည်ရသော ပုဂ္ဂိုလ်တစ်ပါး ဖြစ်ပါ၏။ "ငါငယ်ငယ်တုန်းကလိုပဲ သာသနာအတွက်ဆို အားကြိုးမာန်တက် လုပ်ကိုင်ဆောင်ရွက်တယ်"ဟု အဘိုးဆရာတော်ကြီးကိုယ်တော်တိုင် မှတ်ချက်ပြုခဲ့ရ၏။

ထို့ကြောင့် ၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်နေ့တွင် ကန်တော့ခံကျောင်းဆောင်၌ မြို့နယ်သံဃနာယကဆရာတော်ကြီးများ၊ တပည့်ရင်းချာ ရဟန်းတော်များ၊ ဒကာရင်းများနှင့် မြေစာရင်းဌာန ဝန်ထမ်းများ၏ ရှေ့မှောက်တွင်



www.burmeseclassic.com

www.burmeseclassic.com

"သုဒ္ဓိန္ဒသုဂ္ဂဟိတ" ဝိနည်းဒေသနာတော်နှင့်အညီ စာချုပ်ပြုလုပ်ရေးထိုး ဝစီကံဖြင့် အပေးအယူပြုခဲ့ကြပါသည်။ နောက်တစ်နေ့ ဝါခေါင်လဆန်း ၈ ရက် (၁·၈·၂၀၁၄) သောကြာနေ့တွင် မှတ်ပုံတင်၍ ရုံးတံဆိပ်ခတ်နှိပ်ပြီး အတည်ပြုခဲ့ပါတော့သည်။ ထိုနေ့က ဆရာတော်မိန့်ကြားခဲ့သော စကားမှာ "မျိုးသခင်မှန်လျှင် ကိုးဘုရင်က ခန့်စာပေးမည်ဆိုတဲ့ ရှေးစကားရပ်အတိုင်း သက်မဲ့ဝတ္ထုပစ္စည်းအားလုံးနဲ့ ငါ့အသက်ခန္ဓာကိုယ်ပါ အပ်နှံပါတယ်။ အပ်နှံမှုပြုရာမှာလည်း လက်လွှဲပြောင်းမဟုတ်ပါဘူး။ ပခုံးထမ်းပြီး ပြောင်းပေးတာ"ဟု မိန့်ကြားခဲ့ရုံသာမကဘဲ ဘုန်းဘုန်းအား အဘိုး၏ ပခုံးပေါ်မှာ ထမ်းတင်ထားပုံ ပန်းချီကားကို ရေးဆွဲစေ၍ အောင်စကြာဓမ္မာရုံအတွင်းမှာ အားလုံးမြင်သာစေရန် ထားရှိခဲ့ပါတော့သည်။

× × ×

## သာသနာ့ခေါင်းဆောင်

"နာဂဒီပ ဆုံးဖြတ်လုပ်ကိုင်သမျှ ဒီနေ့ဒီအချိန်က စပြီး ငါဆုံးဖြတ်လုပ်ကိုင်သလိုပဲ"ဟု မိန့်ကြားလွှဲအပ်ခဲ့သည့် အခမ်းအနားတွင် "လွှဲတော့ပြီးပြီ။ ငါတော့ နေဦးမယ်နော်"ဟု အပြုံးမျက်နှာတော်နှင့် ဆိုခဲ့ပါသေးသည်။

အဘိုးဆရာတော်ဘုရား ယုံကြည်စွာ လွှဲအပ်ခဲ့သည့် ဆရာတော် နာဂဒီပ၏ သာသနာ့တာဝန်များမှာ လွန်စွာများပြောင်လှပါသည်။ မိသားစုတစ်ခုတည်းမှာပင် စိတ်ဝမ်းကွဲကြ၊ မညီညွတ်ကြသော ကာလကြီးထဲတွင် သာသနာ့စခန်းခွဲပေါင်း ၆၇ ဌာနကို တစ်စိတ်တစ်ဝမ်းတည်းဖြစ်စေရန် အုပ်ချုပ်နိုင်ခဲ့ပါသည်။

× × ×

## ပခုံးထမ်း၍

ကျိုက်ထီးဆောင်းဟု ဆိုလိုက်သည်နှင့် ထူပဝင်၊ မဟာဓာတုဝင် ဆံတော်ရှင်စေတီများနှင့်အတူ ထိုဌာပနာများတည်ရှိရာ တောတောင်များပေါ်သို့ သွားရောက်နိုင်သည့် မော်တော်ကားများကို မြင်ယောင်ကြပေလိမ့်မည်။ အဆောက်အအုံများကို ဆောက်လုပ်ပြုပြင်ကြရခြင်းများနှင့် ဆံတော်ရှင်ဘုရားများတည်ရှိရာသို့ သွားသည့်လမ်းများကို ဖောက်လုပ်ပြုပြင်နေကြခြင်းများကြောင့် မော်တော်ယာဉ်မျိုးစုံနှင့် စက်ယန္တရားယာဉ်ပေါင်း တစ်ရာကျော်ရှိပါသည်။ ထိုယာဉ်မောင်းများနှင့်အတူ ပန်းရန်၊ စတီးလုပ်သား၊ သံထည်လုပ်သား၊ သစ်စက်လုပ်သား၊ ဂဝံပန်းပုပညာရှင်များ၊ ပန်းထိမ်၊ ပန်းချီ၊ မြန်မာမှု၊ ကျောက်ခွဲစက်လုပ်သား စသဖြင့် လုပ်သားပေါင်းနှစ်ရာတို့ကိုလည်းကောင်း···။

တောတောင်များပေါ်ရှိ ဆံတော်ရှင်စေတီများနှင့် သိမ်၊ ကျောင်းဇရပ် အစရှိသည့် သာသနိကအဆောက်အအုံများကို ထိန်းသိမ်းစောင့်ရှောက်နေကြရသည့် ရဟန်းသံဃာတော် ၁၂၀ သာမဏေ ၅၂ သီလရှင် ၈၀၊ ယောဂီ ၄၀ တို့အတွက် နေထိုင်စားသောက်ရေး၊ လစာပေးရေးတို့ကို စီမံခန့်ခွဲအုပ်ချုပ်ရသည့် တာဝန်မှာ ကြီးမားခက်ခဲလှပါသည်။ သာသနာငါးထောင်ထိတိုင် ဤဆံတော်ရှင်သာသနာတော်ကြီး တည်တံ့ခိုင်မြဲစေရမည်ဟု စိတ်ဓာန်ထားရှိသည့်အတွက် အဘိုးဆရာတော်ဘုရားကြီး ဘဒ္ဒန္တပညာဒီပမှနေ ဘဒ္ဒန္တနာဂဒီပ (သို့) ပထမဒီပမှ ဒုတိယဒီပသို့ ကိုယ်စားစီမံဆောင်ရွက်ရန်ကို အနီးကပ်ညွှန်ကြား အတုယူစေပြီးမှ ယုံကြည်စွာလွှဲအပ်ခဲ့ခြင်းဖြစ်ပါသည်။

ပထမဒီပ၊ ဒုတိယဒီပ၊ တတိယဒီပ၊ စတုတ္ထဒီပ၊ ပဉ္စဒီပ စသဖြင့် ဒီပပေါင်းများစွာတို့ဖြင့် ဗုဒ္ဓသာသနာတော်ကြီး အစွန့်ရှည်တည်တံ့စေရန်ကို လက်ဆင့်ကမ်း မဟုတ်ပါဘဲ ပခုံးထမ်း၍ ဆောင်ရွက်သွားကြမည်ဖြစ်ပါတော့သည်။

ဤဆံတော်ရှင်သာသနာ
တန်ခိုးဖြာ ကြာမြင့်စွာဖြင့်
ကောင်းစွာမရွေ့ တည်တံ့ပါစေသတည်း။ ။

မြစံပယ်
၀၉-၂၅၀၆၇၉၂၀၅

**စာကိုး**

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တဝပညာဒီပ ဘဝဖြစ်တော်စဉ်အကျဉ်း။ (ရွှေပြည်သိဟိန်း)



www.burmeseclassic.com


www.burmeseclassic.com

# ရောင်ပြန်မဂ္ဂဇင်း ပြက္ခဒိန်

## ၁၃၇၇-၁၃၇၈ ခုနှစ်၊ တပေါင်းလ - တန်ခူးလ

## 2016 APRIL

| | | |
|---|---|---|
| သောကြာ Friday | 1 ၉ | |
| စနေ Saturday | 2 ၁၀ | |
| တနင်္ဂနွေ Sunday | 3 ၁၁ ရက်ရာဇာ | |
| တနင်္လာ Monday | 4 ၁၂ | 18 ၁၁ |
| အင်္ဂါ Tuesday | 5 ၁၃ | 19 ၁၂ |
| ဗုဒ္ဓဟူး Wednesday | 6 ၁၄ ရက်ရာဇာ | 20 ၁၃ ရက်ရာဇာ |
| ကြာသပတေး Thursday | 7 တပေါင်းလကွယ် | 21 ၁၄ |
| သောကြာ Friday | 8 ၁ ရက်ရာဇာ အမြိုတ္တစုတ်ရက် | 22 ၁၅ ရက်ရာဇာ တန်ခူးလပြည့် |
| စနေ Saturday | 9 ၂ | 23 ၁ |
| တနင်္ဂနွေ Sunday | 10 ၃ | 24 ၂ |
| တနင်္လာ Monday | 11 ၄ | 25 ၃ အမြိုတ္တစုတ်ရက် |
| အင်္ဂါ Tuesday | 12 ၅ သင်္ကြန်အကြိုနေ့ | 26 ၄ |
| ဗုဒ္ဓဟူး Wednesday | 13 ၆ ရက်ရာဇာ သင်္ကြန်အကျနေ့ | 27 ၅ ရက်ရာဇာ မဟာရက်ကြမ်း |
| ကြာသပတေး Thursday | 14 ၇ သင်္ကြန်အကြတ်နေ့ | 28 ၆ |
| သောကြာ Friday | 15 ၈ ရက်ရာဇာ သင်္ကြန်အကြတ်နေ့ | 29 ၇ ရက်ရာဇာ |
| စနေ Saturday | 16 ၉ သင်္ကြန်အတက်နေ့ | 30 ၈ |
| တနင်္ဂနွေ Sunday | 17 ၁၀ နှစ်ဆန်းတစ်ရက်နေ့ | |



၁. ၄. ၂၀၁၆    စန်းပြောင်းရက်စွဲ    ၁၃. ၄. ၂၀၁၆

### ၂၀၁၆ ခုနှစ်၊ ဧပြီလအတွင်း ဂြိုဟ်ပြောင်းချိန်

တနင်္ဂနွေသည် - ၁၃. ၄. ၂၀၁၆ ဗုဒ္ဓဟူးနေ့ ည ၈ နာရီ ၃၄ မိနစ်တွင် မိဿရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၃. ၄. ၂၀၁၆ တနင်္ဂနွေနေ့ နံနက် ၄ နာရီ ၃၅ မိနစ်တွင် မိဿရာသီသို့ ပြောင်းသည်။

သောကြာသည် - ၁. ၄. ၂၀၁၆ သောကြာနေ့ နံနက် ၄ နာရီ ၁၀ မိနစ်တွင် မိန်ရာသီသို့ ပြောင်းသည်။

သောကြာသည် - ၂၅. ၄. ၂၀၁၆ တနင်္လာနေ့ နံနက် ၁၁ နာရီ ၃၄ မိနစ်တွင် မိဿရာသီသို့ ပြောင်းသည်။

### ၂၀၁၆ ခုနှစ်အတွက် ဓနသိဒ္ဓိနက္ခတ်နှင့် စန်းယှဉ်ချိန်

(၃. ၄. ၂၀၁၆)တနင်္ဂနွေနေ့၊ နေ့လည် ၂ နာရီ ၄၄ မိနစ် ၃၆ စက္ကန့်နှင့် (၃၀. ၄. ၂၀၁၆)စနေနေ့၊ ည ၁၀ နာရီ ၅၃ မိနစ် ၅၅ စက္ကန့်။

(၈. ၄. ၂၀၁၆)ရက်နှင့် (၂၅. ၄. ၂၀၁၆)ရက်တို့သည် အမြိုတ္တစုတ်ကျ၍ အကောင်းဆုံးရက်များ ဖြစ်သည်။

### အမြိုတ္တစုတ်ရက်မှာ လုပ်ဆောင်စရာ

*တနင်္ဂနွေသားသမီးသည်* မြောက်အရပ်တွင် ပုန်းညက်ပင် စိုက်ပါ။

*တနင်္လာသားသမီးသည်* အရှေ့မြောက်အရပ်တွင် ခရေပင် စိုက်ပါ။

*အင်္ဂါသားသမီးသည်* အရှေ့အရပ်တွင် သရဖီပင် စိုက်ပါ။

*ဗုဒ္ဓဟူးသားသမီးသည်* အရှေ့တောင်အရပ်တွင် ကွမ်းသီးပင် စိုက်ပါ။

*ကြာသပတေးသားသမီးသည်* အနောက်တောင်အရပ်တွင် ဒန်းပင် စိုက်ပါ။

*သောကြာသားသမီးသည်* အနောက်မြောက်အရပ်တွင် အုန်းပင် စိုက်ပါ။

*စနေသားသမီးသည်* တောင်အရပ်တွင် ကံ့ကော်ပင် စိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

# သည်လဖွားအတွက် ကံဇာတာ

## ၂၀၁၆ ခုနှစ်၊ ဧပြီလအတွက်

■ ဆရာမိုးဟန်ကြွယ်

ပြည်ပနိုင်ငံသို့ ရက်တိုခရီးသွားရတတ်သည်။ ရေနှင့်ပတ်သက်၍ ဥပဒ်အန္တရာယ်များ ဖြစ်ပွားတတ်သည်။ အဆုတ်အအေးမိခြင်း၊ အဆုတ်ပွခြင်းဝေဒနာများ ခံစားရတတ်သည်။ ငွေကြေးနှင့်ပတ်သက်၍ အချင်းများစရာ ကြုံလာတတ်သည်။ မိမိမြတ်နိုးရသောချစ်သူ ခရီးထွက်သွားတတ်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက သားသမီးများအတွက် သောကရတတ်မအေးဖြစ်ပွားတတ်သည်။ အိမ်ထောင်ရေးအဆင်ပြေမည်။ ရွှေထည်ပစ္စည်းများနှင့် ပတ်သက်၍ အကျိုးခံစားရတတ်သည်။

ပြည်ပနှင့်ဆက်သွယ်သော အလုပ်မျိုး လုပ်ရတတ်သည်။ အမျိုးသမီးတစ်ဦးထံမှ လက်ဆောင်ပစ္စည်းတစ်ခုခုရရှိတတ်ပါသည်။ အိမ်ထောင်ဘက်ထံမှ ငွေကြေးများဝင်လာလိမ့်မည်။ ရပ်ဝေးဒေသသို့ ခရီးထွက်ရတတ်သည်။ လုပ်ငန်းဟောင်းများ ရောက်လာတတ်သည်။ လုပ်ကိုင်ရန်မသင့်ပါ။ ပြဿနာများလည်း ပေါ်ပေါက်လာတတ်ပါသည်။ ခရီးဝေးကို မသွားနိုင်လျှင် မသွားပါနှင့်။ အိမ်ထောင်ရေး အဆင်ပြေချောမွေ့ပါလိမ့်မည်။ ကျန်းမာရေးဂရုစိုက်ဖို့လိုမည်။ သွေးနှင့်ပတ်သက်သော ဝေဒနာများ ခံစားရတတ်သည်။

ရေလမ်းခရီးရှည် သွားရသည့်ကိန်း ကြုံတတ်သည်။ မိမိလက်ရှိလုပ်ကိုင်နေသော အလုပ်အပြောင်းအလဲရှိမည်။ ကြီးသူများ၊ လူကြီးသူမများ၏ ချီးမြှင့်မြှောက်စားမှုကို ခံရတတ်သည်။ ဘာသာရေးကိစ္စများ ဆောင်ရွက်ရာ၌ အောင်မြင်မှုများ ရရှိလိမ့်မည်။ ကမ္ဘည်းရေးထိုးရသော အလှူမျိုး လှူဒါန်းရတတ်သည်။ အလုပ်ကိစ္စများ၌ စိတ်အနှောင့်အယှက် ဖြစ်စရာများ ကြုံလာတတ်သည်။ လုပ်ငန်းတွင် မလိုသူများရှိနေမည်။ လူမျိုးခြားနှင့် အလုပ်လုပ်ရတတ်သည်။ သစ်တောထွက်ပစ္စည်းများနှင့်ပတ်သက်၍ အကျိုးခံစားရတတ်သည်။ ကြံစည်သလောက် အောင်မြင်ဖြစ်ထွန်းတတ်ပါသည်။

အလုပ်ကိစ္စ၊ သားသမီးကိစ္စ၊ အချစ်ရေးကိစ္စများ အလိုမကျစရာ ပေါ်လာတတ်သည်။ ချစ်သူ၏ စိတ်ဆိုးစိတ်ကောက်ခြင်းကို ခံရလိမ့်မည်။ အိမ်ထောင်ရှင်မိဘများ၊ သားသမီးများအတွက် ငွေကုန်ကြေးကျများလိမ့်မည်။ အလုပ်တွင် အရှုံးပေါ်မှု၊ ရာသီဥတုဒဏ်ကြောင့် ပျက်စီးမှုများ ကြုံတွေ့ရတတ်သည်။ အိမ်ထောင်ဘက်၏ ဝန်ထုပ်ဝန်ပိုးပြဿနာများ မိမိထံရောက် ရှိလာတတ်သည်။ ဘုရားဖူးသွားရတတ်သည်။ အလှူဒါနပြုရတတ်သည်။

စီးပွားရေးသမားဖြစ်ပါက အလုပ်အကိုင် နှောင့်နှေးမှုများနှင့် ကြုံတွေ့ရတတ်သည်။ အိမ်တွင်းရေးသဘောထား အမြင်ကွဲလွဲစရာ ဖြစ်ပေါ်လာတတ်သည်။ ခြေထောက်ပိုင်း (သို့) ခေါင်းပိုင်းတွင် ထိခိုက်ဒဏ်ရာရမှုမျိုး ကြုံရတတ်သည်။ အလုပ်သစ်များ လုပ်ရတတ်သည်။ လူမျိုးခြား ကပြားများ၏ ပညာပြခြင်းမှုကို ခံရတတ်သည်။ ပညာရေးအတွက် သတင်းကောင်းကြားရတတ်သည်။

အလုပ်အကိုင် အပြောင်းအရွှေ့ရှိမည်။ မိဘများ ရပ်ဝေးသို့ ရောက်ရတတ်သည်။ လေရောဂါ၊ မူးဝေသော ဝေဒနာများ ခံစားရတတ်သည်။ ဆောင်ရွက်နေသည့်ကိစ္စများ မပြီးပြတ်ဘဲ ရှိနေတတ်သည်။ ရရန်ရှိသော ငွေကြေးများ မရသ.လည်း ဖြစ်နေတတ်သည်။ ချစ်သူထံမှ လက်ဆောင်ပစ္စည်းများ ရရှိတတ်သည်။ လက်ဝတ်ရတနာ၊ လျှပ်စစ်ပစ္စည်းများ ပျောက်ရခြင်း၊ အခိုးခံရခြင်းများ ကြုံရတတ်ပါသည်။

*ယတြာပြုလုပ်လိုပါက* - ရေခန်းငါးများကို ရေရှိသော ချောင်း၊ မြစ်အတွင်းသို့ လွှတ်ပေးပါ။

ဆရာမိုးဟန်ကြွယ်



www.burmeseclassic.com

www.burmeseclassic.com

# အလုပ်အကိုင် အောင်မြင်ရန်

## ၂၀၁၆ ခုနှစ်၊ ဧပြီလအတွက်

■ မဟိဒ္ဓိကျော်ခေါင်

၁။ **တနင်္ဂနွေသားသမီးများအဖို့**

ဧပြီလ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၉)၊ (၁၂)၊ (၁၄)၊ (၁၆)၊ (၁၉)၊ (၂၀)၊ (၂၁)၊ (၂၇)၊ (၂၈)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်ရန် ရက်ကောင်းများဖြစ်ကြ၏။

၂။ **တနင်္လာသားသမီးများအဖို့**

ဧပြီလ (၁)၊ (၂)၊ (၄)၊ (၅)၊ (၆)၊ (၁၀)၊ (၁၂)၊ (၁၃)၊ (၁၅)၊ (၁၈)၊ (၁၉)၊ (၂၀)၊ (၂၂)၊ (၂၅)၊ (၂၉) စသောရက်များသည် အလုပ်အကိုင်အောင်မြင်ရန် ရက်ကောင်းများ ဖြစ်ကြ၏။

၃။ **အင်္ဂါသားသမီးများအဖို့**

ဧပြီလ (၁)၊ (၄)၊ (၅)၊ (၇)၊ (၉)၊ (၁၀)၊ (၁၄)၊ (၁၇)၊ (၁၈)၊ (၁၉)၊ (၂၀)၊ (၂၅)၊ (၂၈) စသောရက်များသည် အလုပ်အကိုင်အောင်မြင်ရန် ရက်ကောင်းများဖြစ်ကြ၏။

၄။ **ဗုဒ္ဓဟူးသားသမီးများအဖို့**

ဧပြီလ (၉)၊ (၁၀)၊ (၁၇)၊ (၂၀)၊ (၂၅)၊ (၂၇)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်ရန် ရက်ကောင်းများဖြစ်ကြ၏။

၅။ **ကြာသပတေးသားသမီးများအဖို့**

ဧပြီလ (၂)၊ (၁၀)၊ (၁၂)၊ (၁၅)၊ (၁၆)၊ (၁၇)၊ (၁၈)၊ (၁၉)၊ (၂၁)၊ (၂၂)၊ (၂၃)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်ရန် ရက်ကောင်းများဖြစ်ကြ၏။

၆။ **သောကြာသားသမီးများအဖို့**

ဧပြီလ (၁)၊ (၄)၊ (၇)၊ (၁၄)၊ (၁၅)၊ (၁၆)၊ (၁၇)၊ (၁၈)၊ (၂၂)၊ (၂၅)၊ (၂၈)၊ (၂၉)၊ (၃၀) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်ရန် ရက်ကောင်းများဖြစ်ကြ၏။

၇။ **စနေသားသမီးများအဖို့**

ဧပြီလ (၁)၊ (၂)၊ (၃)၊ (၆)၊ (၇)၊ (၁၃)၊ (၁၄)၊ (၁၅)၊ (၁၆)၊ (၁၇)၊ (၂၀)၊ (၂၁)၊ (၂၂)၊ (၂၄)၊ (၂၈)၊ (၂၉) စသောရက်များသည် အလုပ်အကိုင်အောင်မြင်ရန် ရက်ကောင်းများဖြစ်ကြ၏။

၈။ **ရာဟုသားသမီးများအဖို့**

ဧပြီလ (၄)၊ (၁၀)၊ (၁၃)၊ (၁၆)၊ (၁၈)၊ (၂၀)၊ (၂၇) စသောရက်များသည် အလုပ်အကိုင်အောင်မြင်ရန် ရက်ကောင်းများဖြစ်ကြ၏။

မဟိဒ္ဓိကျော်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# သည်တစ်လမှာ ဆောင်ရွက်ပါ

## ၂၀၁၆ ခုနှစ်၊ ဧပြီလအတွက်

နေမျိုးထွဋ်ခေါင်

၁။ ဧပြီလ (၃)၊ (၇)၊ (၁၇)၊ (၂၂)၊ (၂၇) စသော ရက်များသည် "**နန္ဒာတိထိ**"တွင် ကျရောက်လေရာ ထိုရက်များ၌ ဘုရားတည်ခြင်း၊ ဂူ,ကျောင်း,ဇရပ်တို့ ဆောက်လုပ်လှူဒါန်းခြင်း၊ တံတားခင်းခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ သစ်ပင်စိုက်ခြင်း၊ မြေတူးဆွခြင်းလုပ်ငန်းများကို လုပ်ကိုင်နိုင်ပါသည်။

၂။ ဧပြီလ (၄)၊ (၈)၊ (၁၂)၊ (၁၈)၊ (၂၃)၊ (၂၈) စသောရက်များသည် "**ဘဒြာတိထိ**"တွင် ကျရောက်လေရာ ထိုရက်များ၌ အမည်ပေးကင်ပွန်းတပ်ခြင်း၊ နားထွင်းမင်္ဂလာပြုလုပ်ခြင်း၊ ထိမ်းမြားမင်္ဂလာ ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

၃။ ဧပြီလ (၅)၊ (၃)၊ (၁၃)၊ (၁၉)၊ (၂၄)၊ (၂၉) စသောရက်များသည် "**ဇယာတိထိ**"တွင် ကျရောက်လေရာ ထိုရက်များ၌ စစ်ချီခြင်း၊ စစ်တက်ခြင်း၊ ကင်းလှည့်ခြင်း၊ ကင်းချခြင်း၊ သစ္စာဆိုခြင်း၊ စုံစမ်းထောက်လှမ်းခြင်း စသော အမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၄။ ဧပြီလ (၁)၊ (၁၀)၊ (၁၄)၊ (၂၀)၊ (၂၅)၊ (၃၀) စသောရက်များသည် "**ရိတ္တာတိထိ**"တွင် ကျရောက်လေရာ ထိုရက်များ၌ ဆေးဖော်,ဆေးထိုးခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ သိင်္ဂီတင်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လှေကားဆောင်ခြင်း စသောအမှုကိစ္စများ ဆောင်ရွက်နိုင်ပါသည်။

၅။ ဧပြီလ (၂)၊ (၆)၊ (၁၁)၊ (၁၅)၊ (၁၆)၊ (၂၁)၊ (၂၆) စသောရက်များသည် "**ပုဏ္ဏာတိထိ**"တွင် ကျရောက် လေရာ ထိုရက်များ၌ ရတနာပစ္စည်းများ ရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပဋ္ဌာန်းခံခြင်း စသော အမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၆။ ဧပြီလ (၈)၊ (၂၅) ရက်တို့သည် "**အမြိတ္တစုတ်**" တွင် ကျရောက်လေရာ မည်သည့် အနှောင့်အယှက်၊ အခက်အခဲတို့နှင့် ကြုံတွေ့စေရကာမူ အောင်မြင်ပြီးမြောက်စွာ ဆောင်ရွက်နိုင်ကြပါသည်။

၇။ - ဧပြီလ (၃)၊ (၆)၊ (၈)၊ (၂၂)၊ (၂၇)၊ (၂၉) စသောရက်များသည် "**ရက်ရာဇာ**"တွင် ကျရောက်လေရာ ထိုရက်များ၌ လူမှုရေးကိစ္စများ၊ ဘာသာရေးကိစ္စများ၊ စီးပွားရေးကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

ထို့ပြင်တစ်ဝ ကောင်းသောကမ္ဘာ့မြေခံနှင့် တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ ကိတ် အစရှိသော တိထိမြေခံများတွင် အဆောက်အဦဆောက်လုပ်ခြင်း၊ မြေတူးဆွခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ပါသည်။

နေမျိုးဆွဋ်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

**၆။ အိမ်ပြောင်းရွှေ့ရာ၊ အိမ်သစ်တက်ရာ**

ဧပြီလ (၁)၊ (၇)၊ (၈)၊ (၁၂)၊ (၂၅)၊ (၂၉) စသော ရက်များသည် အိမ်ပြောင်းရွှေ့ခြင်း၊ အိမ်သစ်ဆောက်ခြင်းတို့ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၇။ အမည်ပေးရာ၊ ဆိုင်းဘုတ်တင်ရာ**

ဧပြီလ (၃)၊ (၄)၊ (၈)၊ (၉)၊ (၁၀)၊ (၁၂)၊ (၁၇)၊ (၁၈)၊ (၂၅)၊ (၂၉) စသောရက်များသည် အမည်ပေးခြင်း၊ ဆိုင်းဘုတ်တင် ခြင်းတို့ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၈။ လက်ထပ်မင်္ဂလာ ကျင်းပရာ**

ဧပြီလ (၃)၊ (၇)၊ (၈)၊ (၁၂)၊ (၁၇)၊ (၁၈)၊ (၂၀)၊ (၂၃)၊ (၂၉) စသောရက်များသည် လောကီရေးရာဖြစ်သော လက်ထပ်မင်္ဂလာကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၉။ ခရီးသွားလာ ကောင်းဖို့ရာ**

ဧပြီလ (၃)၊ (၄)၊ (၁၁)၊ (၁၂)၊ (၁၄)၊ (၁၇)၊ (၁၈)၊ (၂၀)၊ (၂၅)၊ (၂၉) စသောရက်များသည် ခရီးသွားလာခြင်းကိစ္စအတွက် အကောင်းဆုံးရက်များဖြစ်ကြပါသည်။

**၁၀။ လယ်ထွန်မင်္ဂလာပြုဖို့ရာ**

ဧပြီလ (၃)၊ (၄)၊ (၈)၊ (၉)၊ (၁၀)၊ (၁၂)၊ (၁၇)၊ (၁၈)၊ (၂၀)၊ (၂၅)၊ (၂၉) စသောရက်များသည် လယ်ထွန်မင်္ဂလာပြုလုပ်ဖို့ရာ အကောင်းဆုံးရက်များဖြစ်ကြပါသည်။

**၁၁။ ရောင်းပန်းဝယ်ပန်း ပွင့်ဖို့ရာ**

ဧပြီလ (၃)၊ (၄)၊ (၈)၊ (၉)၊ (၁၀)၊ (၁၂)၊ (၁၇)၊ (၁၈)၊ (၂၀)၊ (၂၅)၊ (၂၉) စသောရက်များသည် အရောင်းအဝယ်ကိစ္စများ ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၂။ သီးနှံမျိုးစေ့ကြဲဖို့ရာ**

ဧပြီလ (၃)၊ (၄)၊ (၈)၊ (၉)၊ (၁၀)၊ (၁၂)၊ (၁၇)၊ (၁၈)၊ (၂၀)၊ (၂၅)၊ (၂၉) စသောရက်များသည် လယ်ယာ၊ တောင်ယာ၊ ဥယျာဉ်ခြံ မြေများ၌ သီးနှံမျိုးစေ့များ ကြဲချစိုက်ပျိုးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၃။ ရေတွင်းရေကန် တူးဖို့ရာ**

ဧပြီလ (၃)၊ (၄)၊ (၇)၊ (၉)၊ (၁၀)၊ (၁၂)၊ (၁၃)၊ (၁၅)၊ (၁၇)၊ (၁၈)၊ (၂၀)၊ (၂၅)၊ (၂၉) စသောရက်များသည် ရေတွင်းရေကန်များ တူးဖော်ခြင်းကိစ္စအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၄။ ပညာစတင်သင်ကြားလျှင်**

ဧပြီလ (၃)၊ (၄)၊ (၁၂)၊ (၁၃)၊ (၁၅)၊ (၂၂)၊ (၂၅)၊ (၂၉) စသောရက်များသည် အတတ်ပညာများကို စတင်သင်ကြားရန် အကောင်းဆုံးရက်များ ဖြစ်ကြသည်။

**၁၅။ ရေသတ္တဝါ ဖမ်းဖို့ရာ**

ဧပြီလ (၃)၊ (၄)၊ (၆)၊ (၇)၊ (၁၅)၊ (၂၅) စသောရက်များသည် မြစ်ချောင်း၊ အင်းအိုင်များ၊ ပင်လယ်များ၌ ရေသတ္တဝါများကိုဖမ်းဆီးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၆။ ရွှေငွေကျောက်တွင်း တူးဖော်ရန်**

ဧပြီလ (၃)၊ (၄)၊ (၈)၊ (၉)၊ (၁၀)၊ (၁၂)၊ (၁၇)၊ (၁၈)၊ (၂၀)၊ (၂၅)၊ (၂၉) စသော ရက်များသည် မြေအောက်သယံဇာတများဖြစ်သည့် အဖိုးတန်တွင်းထွက်ရတနာများ တူးဖော်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

■ နွယ်သာကီအောင်



www.burmeseclassic.com

www.burmeseclassic.com

# အတာကူးသည့် တန်ခူးနွေ

■ တက္ကသိုလ်သျှင်ဥက္ကာ (မဟာဝိဇ္ဇာ၊ ကျမ်းပြု)

ပေါ်နွေလလျှင်
တောင်ကခြိမ့်မြူး၊ မင်းလွင်ဦးနှင့်
ပျံ့ပျူးချုပ်သိုင်း၊ မုန်တိုင်းဆင်လို
တိမ်ညိုမှိုင်းထပ်၊ ပြက်လျှပ်ပြကာ
စိမ်းဝါမိုးပန်း၊ ထွေထွေစွန်းက
ရေသွန်းသာကြည်၊ ပျော်ရမည်ကို
မြရည်သတ်မှတ်၊ ရောက်ခဲ့လတ်ဟု
ချစ်ထွတ်တင်သည်၊ ပြာစင်ရွှန်းလက်
ဖြူဝင်းမွတ်လျှင်၊ ကြာသွတ်ဖယောင်း
နေရှိန်ပြောင်းသို့၊ ဆင့်လောင်းလွှမ်းဝှန်
ရှိလိမ့်ဟန်ကို၊ တိမ်စွန်လေလျှင်
ဖူးရောက်ချင်သည်၊
ငှက်သွင်ပျံကြွ မတတ်သော်ဝ်။

(နတ်သျှင်နောင်)

ပိတောက်တွေ ရွှေရည်လူးကြမည့် တန်ခူးလရာသီသို့ ရောက်ရှိလာခဲ့ပေပြီ။

တန်ခူးလသည် နွေကာလထဲ၌ ပါဝင်သဖြင့် သူ့ရှိန် နေမင်းကလည်း အပူရှိန်တွေပြင်းရှလေအောင် ခင်းဖြန့်နေတော့သည်။ သို့ဖြစ်၍လည်း "တန်ခူးရေကုန်၊ ကဆုန်ရေခန်း" ဟူသော စကားအရ ရေကန်၊ အင်း၊ အိုင်၊ မြစ်ချောင်းတို့၌ ရေတို့ ပါးလျှသွားကြတော့၏။ သစ်ပင်ကြီးငယ်တို့မှာလည်း ရော်ရွက်တို့ တောင်လေ၌ ကြွေလွင့်ကာ ရိုးညှာတံတို့မှာ ကျဲတောက်တောက် ဖြစ်နေကြလေသည်။ သို့ရာတွင် မိုးလက်ာမှတ်စုအရ "တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတိုး၊ သကြံန်မိုး"ဆိုသည့်အတိုင်း လက်ဆေးမိုးက အားပါးတရ ရွာချလိုက်လေသည့်အတွက် ရေငတ်သစ်ပင်တို့ လန်းရွှင်သွားကြရလေသည်။ သို့ဖြစ်၍လည်း ရိုးတံကျဲများ၌ ပုရစ်ညှာကျော့ဥကလေးများက ဖူးညွန့်ကိုက်စီလာခဲ့ပေရာ လွန် စွာမှ ရှုချင်ဖွယ် ပန်းချီကားတစ်ချပ် ဖြစ်လာရပေတော့သည်။

တန်ခူးလကား လွန်စွာမှ အလုထူးလိုက်ပါဘိ။

ထိုသို့ အလုထူးပုံနှင့် စပ်လျဉ်း၍ ကဗျာစာဆိုအပေါင်းက တန်ခူးလရာသီဘွဲ့များကို ရေးသားစပ်ဆိုကြကုန်၏။ တန်ခူးလနှင့်ပတ်သက်၍ ရှေးခေတ် ကျမ်းဂန်များ၌ "ရမ္မက"ဟူ၍ ဖော်ပြကြလေရာ အဓိပ္ပာယ်အားဖြင့် အထူးထူးသော အပွင့်အသီးသီးတို့ဖြင့် ရှုချင့်စဖွယ်ကောင်းသော၊ သာယာကြည်နူးဖွယ်ကောင်းသောလဟူ၍ အနက်အဓိပ္ပာယ်ရပါသည်။ မြန်မာ့ဆယ့်နှစ်လရာသီအနက် တန်ခူးလသည် အဦးဆုံးလဖြစ်၏။ "တန်"နှင့်"ခူး"တို့ ပေါင်းစပ်၍ တန်ခူးဖြစ်လာခဲ့ရ၏။ စင်စစ် တန်ခူးဟူသည် "ထန်းခူး"ဆိုသောဝေါဟာရမှ ပေါက်ဖွားလာရခြင်းဖြစ်သည်။ ထိုလာရာသီ၌ ထန်းပင်ပေါ်၌ ထန်းသီးများ လှိုင်လှိုင်ပေါ်ပြီဖြစ်ရာ ထန်းသီးများအား ခူးသည့်အလေ့ကို အစွဲပြုလျက် "ထန်းခူးလ"ဟု ဆိုရာမှ ကာလရွေ့လျားလာသည်တွင် တန်ခူးလဟူ၍ ဖြစ်ပေါ်လာခဲ့ရသည်။

ဤ၌ အချို့ကလည်း တန်ခူးဟူသည် "တာကူး"မှ ဆင်းသက်လာသည်ဟူ၍ ဆိုကြသည်။ "တာ"ဆိုသည်မှာ အချိန်ရာသီဟူသော အနက်အဓိပ္ပာယ်ဖြစ်၏။ "ကူး"ဆိုသည်မှာ ကူးပြောင်းခြင်းဟူသော အနက်အဓိပ္ပာယ်ဖြစ်၏။ ဘာနုဂ်နေဂြိုဟ်သည် မိန်ရာသီမှ မိဿရာသီသို့ ကူးပြောင်းခြင်းအပေါ် အကြောင်းပြု၍ "တာကူး"ဟု ခေါ်တွင်ရာမှ "တန်ခူး"သို့ ရွေ့လျားလာခဲ့သည် ဟူ၍လည်း ယူဆကြကုန်၏။ တန်ခူးရက်မစုံ ၂၉ ဟူသော စကားရှိ၏။ တန်ခူးလသည် နေ့တာအားဖြင့်လည်းကောင်း၊ ညတာအားဖြင့်လည်းကောင်း တူညီကြ၏။ မွန်းတည့်ဖဝါးမှာ ၃၀ ဖဝါးရှိပြီး စက်နာရီအရ နံနက် ၆:၀၀ နာရီတွင်နေထွက်၍ ညနေ ၆:၀၀ နာရီတွင် နေဝင်၏။

တန်ခူးသည် မိဿရာသီတွင် ကျရောက်ပြီး စိတြကြယ်ထွန်းပကာ အာသာဝတီနက္ခတ်နှင့် နေမင်းတို့မှ စန်းယှဉ်ကြကုန်၏။ ဝေါဟာရေထွန်းပပြီး ရာသီရုပ်မှာ ဆိတ်



www.burmeseclassic.com

www.burmeseclassic.com

သတ္တဝါ ဖြစ်လေသည်။

တန်ခူးလနှင့် စပ်လျဉ်း၍ ထူးခြားသောပွဲတော်မှာ ကမ္ဘာအသိထင်ရှားသော သင်္ကြန်ပွဲတော်ဖြစ်ပေသည်။ နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ကူးပြောင်းသည့် ပွဲတော်လည်းဖြစ်၏။ သင်္ကြန်ဟူသောစကားသည် "သင်္ကြန္တ"ဟူသော သက္ကတဘာသာစကားမှ ဆင်းသက်လာသည်ဟူ၍ ဆိုကြပြန်သည်။ အဓိပ္ပာယ်အားဖြင့် ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်းပင် ဖြစ်ပေသည်။ သင်္ကြန်ပွဲတော်သို့ရောက်လျှင် တစ်ဦးနှင့်တစ်ဦး ချစ်ခင်ကြည်နူးစွာဖြင့် ရေကစားကြလေ၏။ နှစ်ဟောင်းမှ အညစ်အကြေးများ နှစ်သစ်သို့ ပါမသွားစေရန် ရေသီတာသွန်းလောင်းခြင်းဖြစ်ပေသည်။ တန်ခူးလနှင့်ပတ်သက်၍ ရေးစာဆိုတို့သည် ကဗျာလင်္ကာများ ရေးဖွဲ့စပ်ဆိုခဲ့ကြပေရာ မဟာအတုလမင်းကြီးက -

"နွေခါမိုဝယ်၊ ရာသီမိဿ၊ ဂိမှာနမို့၊ စိတြကြယ်
တိမ်မိုးလယ်မှာ၊ စံပယ်ကွန့်ကာ၊ တိမ်ဗွေချာဝယ်
ဒေသစာလုမ်း၊ လှည့်လည်ငယ် မြန်းလို့
နှစ်ဆန်းငယ်သင်္ကြန်၊ သစ်သစ်သာဖန်တော့တယ်
နိုင်ငံကြော့ပြည်သူမှာ၊ ပန်ဆုယူ တာရေသွန်းချိန်မို့
လွမ်းလှတယ်လေး..."

ဟူ၍ လွမ်းချင်းကဗျာ စပ်ဆိုခဲ့၏။ အမျိုးသမီးစာဆိုမယ်ခွေကလည်း -

"ကံ့ကော်ဝတ်မှုံ၊ မွှေးထုံထုံနှင့်
ရဂုံမြိုင်ဖျား၊ တောတစ်လွှားလည်း
ငှက်ခါးတောင်လို၊ ပူအောင်မယ့်ကိုယ်..."

ဟူ၍ အဲချင်းကဗျာ စပ်ဆိုခဲ့၏။ ဆီသည်ရွာသား ဦးအောင်ကြည်ကလည်း -

"ကောင်းကင်မိုးလ၊ စီတြနှင့်
မိဿရာသီ၊ အညီခါကျော်
နှစ်ဦးပေါ်က၊ ကံ့ကော်ရင်ခတ်
ပင်လုံးညွှတ်လျက်၊ ပွင့်ဖတ်ဝေဝေ
တောင်လေသုတ်ဖြူး လတန်ခူးကို
မြူးတူးပျော်ရွှင်၊ တာသဘင်ဝယ်
ဆင်ယင်တုပ၊ လွ-ရရတည်"

ဟူ၍ လူးတားကဗျာ စပ်ဆိုခဲ့၏။ စာဆိုတော် ဦးယာကလည်း -

"ရေသွန်းအခါ၊ လျှောက်မည်ပါမှ
လက်ျာမကာ၊ လေးဒီပကို
ပိုင်သမည့်ရှင်၊ မယ့်သခင်လျှင်
မယ့်ပြင်တစ်ထွေ၊ သူတစ်ဦးသို့
မကျူးမကျော်၊ သစ္စာတော်နှင့်
ညီလျော်နိုင်မှ..."

ဟူ၍ အဖြည့်ခံရတု ရေး၍လည်းကောင်း၊ စာဆိုတော် ဦးကြင်ဥက -

"ဩော်...ဘုံစိတြာ၊ ယုန်ဂူဗ္ဘာလည်း
ဆိတ္တာလုံးညီ၊ တင့်ဆုံးမှီတဲ့
ရာသီတော်ခါ၊ သင်္ကြန်တာဝယ်
စံရာပန်းသပ်၊ နန်းဝရတ်က
မြတ်သမ္ဘာကြွယ်၊ ယဉ်တစ်မွှတ်ကျူး
လှထွတ်နှုန်းသည်..."

ဟူ၍ ညည်းချင်းဖွဲ့ဆို၍လည်းကောင်း၊ ဖိုးသူတော် ဦးမင်းက -

"ကြယ်နှစ်ပြိုင်
ဘွယ်ဆိုင် ပဝင်း။
စိတြငယ်နှင့် ငွေလသော်တာတို့
ယုဂန်ချာ တောင်တော်စွန်းမှာ
ထွန်းထိန်လို့လင်း..."

ဟူ၍ သဖြန်စပ်ဆိုခဲ့ပြီး၊ လှူဦးမင်းက -

"သောင်သာစွတက်၊ နှောင်တစ်ကျာ
ငှက်ညီလာလည်း၊ ပျူငှာကိုယ်စီ
ကြင်မူရာပီတော့တယ်
မှုမီဝံ့ ကုမ္ဘာငယ်
အံ့ညောင်ကြာ ရွှေတောင်ဝန်းက
လွမ်းထိုက်ပေသင့်"

ဟူ၍ စပ်ဆိုခဲ့သည်။

အလှထူးသည့် လတန်ခူးကား မြမြူးသည့် ပိတောက်ခိုင်ရွှေဝါနှင့်အတူ မင်္ဂလာကျက်သရေ ခညောင်းသည့် မြန်မာ သက္ကရာဇ်အသစ်ကို ဖွင့်လှစ်ခဲ့လေပြီတကား...။

တက္ကသိုလ်သျှင်ဥက္ကာ (မဟာဝိဇ္ဇာ၊ ကျမ်းပြု)



www.burmeseclassic.com

www.burmeseclassic.com



# နှစ်သစ်မင်္ဂလာ
# သင်္ကြန်အတာ

■ တက္ကသိုလ်သျှင်ဥက္ကာ (မဟာဝိဇ္ဇာ၊ ကျမ်းပြု)

နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ ကူးပြောင်းရောက်ရှိပေတော့မည်။

ထိုသို့ကူးပြောင်းရာဝယ် နှစ်ဟောင်းမှ ညစ်ထေးသော အညစ်အကြေးတို့ ပယ်ပျောက်ကင်းစင်ဖို့ရာအတွက် ကြည်သင်သန့်ရှင်းသော အတာရေစင်တို့ဖြင့် တစ်ဦးကိုတစ်ဦး ပက်ဖျန်းကြကုန်၏။ အေးချမ်းလှသော အတာရေသည် အပူမှုန်သမျှကို ဖယ်ခွာချကုန်၏။ ဘေးဘယာတို့ကို ဖယ်ရှားပစ်ကြကုန်၏။

နှစ်သစ်သို့ ကူးပြောင်းမည့်ဆဲဆဲ "တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတိုး။ သင်္ကြန်မိုး"က မာန်ဟုန်ပြင်းစွာဖြင့် ထစ်ချုန်းရိုက်ခတ် အတောမသတ် ရွာချလိုက်လေသောအခါ ပိတောက်ပင်အို ပင်ပျိုတို့၏ မြွှက်လွှာကြား၌ နိုင်ညှာပြွတ်တွဲနေကြကုန်သော မြအဖူးတို့သည် ဝတ်လွှာစကို ဆွတ်ခွာချရင်း လောကကြီးတစ်ခုလုံးအား အဝါရောင်တွေ လွှမ်းသွားစေခဲ့သည်။ တောင်ပြန်လေကလည်း ချိုအီမွှေးပျံ့သော ပိတောက်ရနံ့ကို ဆောင်ကျဉ်းပေးနေပြန်တော့သည်။

www.burmeseclassic.com

ပိတောက်တို့ ဖူးပွင့်ဝေဆာသော ကာလနှင့် တိုက်ဆိုင်လှစွာ သင်္ကြန်ရေကစားပွဲတော်ကလည်း တွဲစပ်လာသည်မို့ လွှန်စွာမှ ပန်ရလှပါဘိ။

သင်္ကြန်ကာလမှသည် နှစ်သစ်သို့ စတင်ကူးပြောင်းသည့် နှစ်ဆန်း ၁ ရက်နေ့အထိ ကောင်းမှုကုသိုလ်တွေပြုကြသည်။ ဘုရားကျောင်းကန်သို့သွား၍ သန့်ရှင်းရေးပြုလုပ်ခြင်း၊ ဥပုသ်သီတင်း သီလာဆောက်တည်ခြင်း၊ ပရိတ်တရားတော်များ နာယူကြခြင်း၊ နွားမှသည် ငှက်များ၊ ငါးများ၊ တိရစ္ဆာန်သတ္တဝါများကို ဘေးမဲ့လွှတ်ခြင်း၊ မွေးယစ်သောက်စားမှုကို ရှောင်ကြဉ်ခြင်း၊ သစ်ပင်မခုတ်ခြင်း၊ သွေးမထုတ်ခြင်း၊ အရှောင်းအာ[illegible]ပြုလုပ်မှုမှ ရှောင်ကြဉ်ခြင်း၊ အလှူဒါနပြုခြင်း၊ သ[illegible]ကြီးရွယ်အိုများကို ခြေသည်း လက်သည်းညှပ်ပေးခြင်း၊ တရော်ကင်ပွန်းတို့ဖြင့် ခေါင်းလျှော်ပေးခြင်း၊ ရေလှူခြင်း၊ စတုဒိသာကျွေးမွေးခြင်း အစရှိသော ကောင်းမှုကိစ္စများကို လုပ်ဆောင်ကြသည်မှာ ချစ်ခင်နှစ်သက်ဖွယ်ကောင်းသော မြန်မာတို့၏ ရိုးရာဓလေ့ပဲဖြစ်သည်။

မြန်မာနှစ်ဆန်းတစ်ရက်သည် နှစ်ကာလတစ်ခု၏ အစအဦးအဖွင့်ဖြစ်လေရာ ထိုနေ့အား "မင်္ဂလာအခါတော်နေ့" အဖြစ် ကျင်းပကြသည်။ ထိုသို့ကျင်းပရာ၌ -

- ကမ္ဘာသူကမ္ဘာသားများ အနိဋ္ဌာရုံတွေ ပပျောက်ပြီး ဣဋ္ဌာရုံအပေါင်းနှင့် ပြည့်စုံကြစေရန်၊
- ဘေးဥပဒ်အန္တရာယ်တို့မှ ကင်းဝေးကြစေရန်၊
- [illegible]ကင်းသော စိတ်ဓာတ်များကို ဖယ်ရှားပြီး [illegible]ာင်းသောစိတ်ဓာတ်များကို မွေးမြူကြစေရန်၊
- အ[illegible]က်နှင့်အကြောက် လောကပါလတရားနှစ်ပါး ထွန်းကားကြစေရန်၊
- ဗြဟ္မဝိဟာရ တရားလေးပါး ထွန်းကားပြန့်ပွားစေရန်၊
- မင်္ဂလာတရားတော်များ ထွန်းကားပြန့်ပွားစေရန်

ဟူသော ရည်ရွယ်ချက်များထားရှိလျက် ကျင်းပကြကုန်၏။ ထိုသို့ ကျင်းပရာဝယ် ဗုဒ္ဓမြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော ၃၈ ဖြာ မင်္ဂလာတရားတော်ကို ခွဲခြမ်းစိတ်ဖြာကြည့်ပါလျှင် -

**၁။ ပေါင်းသင်းဆက်ဆံရေး မင်္ဂလာသုံးပါး**

(၁) အသေဝနာစ ဗာလာနံ = လူဆိုးလူမိုက်ကို မမှီဝဲ မပေါင်းသင်းရခြင်း။

(၂) ပဏ္ဍိတာနဉ္စသေဝနာ = ပညာရှိလူလိမ္မာကို မှီဝဲပေါင်းသင်းရခြင်း။

(၃) ပူဇာစပူဇနေယျာနံ= ပူဇော်ထိုက်သူကို ပူဇော်ရခြင်း။

**၂။ နေထိုင်ရေးမင်္ဂလာ သုံးပါး**

(၄) ပတိရူပဒေသ ဝါသောစ = သင့်လျော်သောအရပ်၌ နေရခြင်း။

(၅) ပုဗ္ဗေစ ကတပုညတာ = ရှေး၌ပြုဖူးသောကောင်းမှုအထူးရှိခြင်း။

(၆) အတ္တသမ္မာ ပဏိဓိစ = မိမိ၏ ကိုယ်စိတ်နှစ်ပါးကို စောင့်ထိန်းခြင်း။

**၃။ သင်ကြားရေးမင်္ဂလာ လေးပါး**

(၇) ဗာဟုသစ္စဉ္စ = လောကီ၊ လောကုတ် အကြားအမြင်များခြင်း။

(၈) သိပ္ပဉ္စ= စက်မှုလက်မှု အတတ်တို့ကို တတ်ရခြင်း။

(၉) ဝိနယောစ သုသိက္ခိတော = လူနှင့်ဆိုင်ရာကျင့်ဝတ်များကို ကောင်းစွာသင်ကြားနားလည်ခြင်း။

(၁၀)သုဘာသိတာစ ယာဝါစာ = အပြောအဆိုချိုသာယဉ်ကျေးခြင်း။

**၄။ ပြုစုရေးမင်္ဂလာ သုံးပါး**

(၁၁) မာတာပိတု ဥပဋ္ဌာနံ = မိဘနှစ်ပါးကို လုပ်ကျွေးပြုစုခြင်း။

(၁၂) ပုတ္တဒါရဿ သင်္ဂဟော = သားမယားတို့ကို တရားနှင့်[illegible]ညီ လုပ်ကျွေးခြင်း။

(၁၃) အနာ[illegible]လာစ ကမ္မန္တာ = အနှောင့်အယှက်ကင်းသော အလုပ်ကို လုပ်ကိုင်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com

၅။ လိုက်နာကျင့်သုံးရေး မင်္ဂလာလေးပါး

(၁၄) ဒါနဉ္စ = စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း။

(၁၅) ဓမ္မစရိယာ = သုစရိုက်တရားကိုကျင့်ခြင်း။

(၁၆) ဉာတကာနဉ္စသင်္ဂဟော = ဆွေမျိုးတို့အား ထောက်ပံ့ကူညီခြင်း။

(၁၇) အနဝဇ္ဇာနိ ကမ္မာနိ = အပြစ်ကင်းသော အမှုတို့ကို ပြုရခြင်း။

၆။ ရှောင်ကြဉ်ရေးမင်္ဂလာ လေးပါး

(၁၈) အာရတီ = မကောင်းမှုမဖြစ်အောင် စိတ်ဖြင့်ရှောင်ခြင်း။

(၁၉) ဝိရတီပါပါ = မကောင်းမှု မဖြစ်အောင် ကိုယ်နှုတ်ဖြင့်ရှောင်ခြင်း။

(၂၀) မဇ္ဇပါနာစ သံယမော = မူးယစ်သေစာ မသောက်စားခြင်း။

(၂၁) အပ္ပမာဒေါစ ဓမ္မေသု = ကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်း။

၇။ စိတ်ထားရေးမင်္ဂလာ ငါးပါး

(၂၂) ဂါရဝေါစ= ရိုသေထိုက် သောသူတို့ကို ရိုသေရခြင်း။

(၂၃) နိဝါတောစ= မိမိကိုယ်ကို နှိမ့်ချရခြင်း။

(၂၄) သန္တုဋ္ဌိစ = ရောင့်ရဲလွယ်ခြင်း (လောဘအလိုမလိုက်ခြင်း)။

(၂၅) ကတညုတာ = သူတစ်ပါး ကျေးဇူးကိုသိခြင်း။

(၂၆) ကာလေန ဓမ္မဿဝနံ = သင့်လျော်သောအခါ တရားနာခြင်း။

၈။ သည်းခံရေးမင်္ဂလာ လေးပါး

(၂၇) ခန္တီစ = သည်းခံရခြင်း။

(၂၈) သောဝစဿတာ = ဆုံးမလွယ်ရခြင်း

(၂၉) သမဏာနဉ္စ ဒဿနံ = ရဟန်းသံဃာတို့ကို ဖူးမြင်ရခြင်း။

(၃၀) ကာလေန ဓမ္မသာကစ္ဆာ = သင့်လျော်သော အခါ တရားဆွေးနွေးခြင်း။

၉။ မြိုးခြံရေးမင်္ဂလာ လေးပါး

(၃၁) တပေါစ = မြိုးခြံခြေတာခြင်း။

(၃၂) ဗြဟ္မစရိယဉ္စ = မြတ်သောအကျင့်ကို ကျင့်ခြင်း(မေထုန်မှရှောင်ခြင်း)။

(၃၃) အရိယသစ္စာန ဒဿနံ = သစ္စာလေးပါးကို သိခြင်း။

(၃၄) နိဗ္ဗာန သစ္ဆိကိရိယာစ = နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း။

၁၀။ စိတ်ထားကြံ့ခိုင်ရေးမင်္ဂလာ လေးပါး

(၃၅) ဖုဋ္ဌဿလောကဓမ္မေဟိ = လောကဓံတရားနှင့် တွေ့ကြုံရသောအခါ စိတ္တံ ယဿနကမ္ပတိ = စိတ်ဓာတ်မတုန်လှုပ်ခြင်း။

(၃၆) အသောကံ = မစိုးရိမ်ခြင်း။

(၃၇) ဝိရဇံ = ကိလေသာမြူ ကင်းခြင်း။

(၃၈) ခေမံ = ဘေးကင်းခြင်း

စသည်တို့ဖြစ်ကြပြီး ၁ မှ ၃၂ အထိ လောကီရေးရာ မင်္ဂလာ။ ကျန် ခြောက်ပါးမှာ လောကုတ္တရာမင်္ဂလာ။ ၁ မှ ၃၃ ထိ အကြောင်းမင်္ဂလာ။ ကျန်ငါးပါးမှာ အကျိုးမင်္ဂလာ တို့ ဖြစ်ကြသည်။

နှစ်သစ်ကာလသမယ၌ မင်္ဂလာတရားတော်နှင့်အညီ ကျင့်ကြံကြိုးကုတ် အားထုတ်နေထိုင်ကြပါလျှင် မျက်မှောက်ကာလမှသည် နောင်သံသရာအထိတိုင် ကောင်းကျိုးသုခတို့ ခံစားရနိုင်ပါကြောင်း မေတ္တာရှေ့ထား ဆုမွန်ကောင်းတောင်းရင်း ရေးသားလိုက်ရပါတော့သည်။

■ တက္ကသိုလ်သျှင်ဥက္ကာ (မဟာဝိဇ္ဇာ၊ ကျမ်းပြု)



www.burmeseclassic.com

www.burmeseclassic.com



# မြန်မာ့နှစ်သစ်ကူး ယတြာထူး

ဂမ္ဘီရဆရာလှမျိုး(B.Sc)

နှစ်စဉ်နှစ်တိုင်း မြန်မာနှစ်သစ်ကူး တန်ခူးလမတိုင်မီ ရောင်ပြန်မဂ္ဂဇင်း နှစ်သစ်ကူး အထူးထုတ်လာခဲ့သည့် ဆယ်စုနှစ် နှစ်စုကျော်ခန့်ရှိပါပြီ။ အင်္ဂလိပ်လအားဖြင့် ဧပြီလတွင် နောင်တစ်နှစ်အတွက် နှစ်သစ်ကူးအထူးထုတ်စာမူကို ခံ့ခံ့ညားညား ပြည့်ပြည့်စုံစုံ ထုတ်ဝေလေ့ရှိပါသည်။ စာရေးသူလည်း နှစ်စဉ် ဆောင်းပါး၊ ယတြာအကြောင်း ရေးသားခဲ့သည်မှာ ၁၈ နှစ်ကျော် ၁၃ နှစ်ခန့် ရှိပါပြီ။

မာတိကာ ဖွင့်ကြည့်လိုက်ပါက ရောင်ပြန်နှစ်သစ်ကူး အထူးယတြာကို ဦးစွာပထမ တွေ့မြင်ရပါသည်။ ပါဝင်သော အကြောင်းအရာများကို လေ့လာကြည့်လိုက်ပါက နှစ်သစ်ကူး ဦးခေါင်းဆေးမင်္ဂလာ၊ နှစ်သစ်ကူးယတြာ၊ တစ်နှစ်တာ အကောင်းအဆိုးယတြာ၊ မြန်မာနှစ်သစ်ကူး မဟာသင်္ကြန်ကာလ ရှောင်ရန်၊ ဆောင်ရန်၊ တစ်နှစ်တာဟောစာတမ်းစသည့် အခန်းကဏ္ဍစုံလင်စွာ တွေ့မြင်ရမည်ဖြစ်ပါသည်။

စာရေးသူအနေဖြင့်လည်း ယတြာအမျိုးမျိုး ရေးသားဖော်ပြပေးခဲ့ပါသည်။ အခြား ဆရာ၊ ဆရာမများလည်း သူတို့တတ်သောပညာများဖြင့် လမ်းညွှန်အကြံပေးခဲ့ပါသည်။ တစ်ဦးနှင့်တစ်ဦး အယူအဆမတူသော်လည်း စာဖတ်သူအပေါ်ထားသော စေတနာမှာ တူပါသည်။ ဥပမာ အများအားဖြင့် မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ဦးခေါင်းဆေးမင်္ဂလာပြုကြသည်။ စာရေးသူလေ့လာသောအခါ "အတက်နေ့"မှာ ဦးခေါင်းဆေးမင်္ဂလာ ပြုကြသည်။ မြန်မာနှစ်ဆန်း ၁ ရက်နေ့သည် နောက်တစ်နှစ်၏ နှစ်အစရက်ဖြစ်သည်။ ၁၃၇၇ ခုနှစ် ကုန်ပြီးပါက ၁၃၇၈ ခုနှစ်၏ နှစ်အစပိုင်းရက်ဖြစ်သည်။ အင်္ဂလိပ်ခရစ်နှစ် ဇန်နဝါရီလ ၁ ရက်နေ့နှင့်တူသည်။ ထိုနေ့တွင် နှစ်ဟောင်းမှ အညစ်အကြေးများ ပါမလာစေရန် ရည်ရွယ်သည်။ အတက်နေ့/နှစ်ဆန်း ၁ ရက်နေ့ ဦးခေါင်းဆေးမင်္ဂလာပြုတာ မမှားပါ။



www.burmeseclassic.com

www.burmeseclassic.com

နှစ်ဆန်း ၁ ရက်နေ့ကို နေ့ထူးနေ့မြတ်ဟု သဘောထားကြသည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးအများစု ကုသိုလ်ကောင်းမှု အထူးပြုကြသည်။ အဆိုးအညံ့တွေပျောက်စေရန် ယတြာချေကြသည်။ လမ်းသူလမ်းသားများ စုပေါင်း၍ သံဃာတော်ပင့်ကာ ပရိတ်တရားတော်နာယူကြသည်။ သက်ရှိသတ္တဝါတွေ ဘေးမဲ့(ဇီဝိတဒါန)ပြုကြသည်။

မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ပြုလုပ်ဆောင်ရွက်သင့်သည့် ဗုဒ္ဓယတြာ၊ လောကီယတြာ၊ တစ်နှစ်တာယတြာများ စုပေါင်း၍ မကျဉ်းမကျယ်မှတ်သားဖွယ် ရေးသားတင်ပြပေးပါမည်။ မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် -

(၁) ဘုရားရေသပ္ပာယ်ခြင်း၊ နေအိမ်ဘုရားကျောင်းဆောင်ကို သန့်ရှင်းအောင်ပြုခြင်း၊
(၂) ပရိတ်တရားတော် နာကြားခြင်း၊
(၃) ခင်ပွန်းကြီးဆယ်ပါး တောင်းပန်ကန်တော့ခြင်း
(၄) ဓာတ်ကြီးလေးပါး ဆွမ်းတော်ကပ်ခြင်း
(၅) အုန်းသီးပါးစပ်ဖွင့် ယတြာချေခြင်း
(၆) ဦးခေါင်းဆေးမင်္ဂလာပြုခြင်း
(၇) သက်ကြီးပူဇော်ပွဲ ပြုလုပ်ခြင်း
(၈) ဇီဝိတဒါန ဘေးမဲ့လွှတ်ခြင်း
(၉) သက်သတ်လွတ်စား ဥပုသ်သီလစောင့်၊ မေတ္တာအဓိဋ္ဌာန်ပြု စတုဒိသာကျွေးမွေးဒါနပြုခြင်း
(၁၀) ဂြိုဟ်ရှစ်ခွင်လှည့် ယတြာနှင့် နှစ်သစ်ကူးအထူးယတြာပြုလုပ်ခြင်း စသည်တို့ကိုဆောင်ရွက်နိုင်ပါသည်။

## (၁) ဘုရားရေသပ္ပာယ်ခြင်း

မိမိနေအိမ်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား အမွှေးနံ့သာဖြင့် ရေသပ္ပာယ်ပေးရပါမည်။ ဘုရားကျောင်းဆောင်ကို သန့်ရှင်းရေးပြုလုပ်ရမည်။ ပန်းအိုးရေလဲ၍ ပန်းအညွန့်အသစ်များလှူပေးပါမည်။ ပန်းမျိုးစုံမရလျှင် အောင်အိုးထိုးလှူပေးရမည်။ အမွှေးနံ့သာတိုင်၊ ဆီမီးအလင်းတိုင် ပူဇော်၍ ဘုရားအနေအထားတင် ဂါထာများ ရွတ်ဆိုပေးရမည်။

အောင်အိုးထိုးလှူပါက အိမ်ထောင်ဦးစီး၏ နေ့နံဂြိုဟ်သက်အတိုင်း လှူပါ။ ဥပမာ-တနင်္ဂနွေသား ၆ ညွန့်။

## (၂) ပရိတ်တရားတော် နာကြားခြင်း

နှစ်ဆန်း ၁ ရက် အများဆုံးပြုလုပ်ကြသည်။ အချို့ ရပ်ကွက် ၂ ရက်နေ့မှာ ပြုလုပ်သည်။ ၁ ရက်နေ့တွင် နှစ်ကျိပ်ရှစ်ဆူလှည့်ကြသည်။ ပရိတ်ပန်းအိုးမှာ မွှေးနံ့အညွန့်ထည့်ပါ။ အိမ်ထောင်ဦးစီးတစ်ဦး အညွန့်များထည့်၍ရသည်။ ၁နွေသားဆိုပါက အထက်ဆောင်ပန်း ၅၊ ၂၊ ၆ ပျဉ်းမ၊ ကံ့ကော်၊ သီဟိုဠ်ညွန့်တို့ထည့်ပါ။ အင်္ဂဝိဇ္ဇာတိုင် အထက်သုံးလုံးဖြစ်သည်။ တနင်္လာဆိုပါက ၆၊ ၃၊ ၇ သီဟိုဠ်၊ ဆီးထန်းညွန့်ထည့်ပါ။ ပရိတ်အပ်ချည်၊ ပရိတ်ဆန်နှင့် နှင်းထည့်၍ နာယူပါ။ အချို့သံဃာတွေ အစနှင့်အဆုံး မေတ္တာသုတ်ရွတ်ကြသည်။ ပြည့်ပြည့်စုံစုံရွတ်ဆိုပေးရန် ရတနသုတ်၊ မေတ္တာသုတ်၊ ဘုရားတရား၊ သံဃာဂုဏ်တော် စသည်ဖြင့် အချိန်ရသလောက် ရွတ်ဆိုနိုင်းပါ။ မိမိကိုယ်တိုင် သီလခံယူထားပါက ဘုရားရှေ့မှာ ပရိတ်အိုးချရွတ်ဆိုနိုင်သည်။ ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်ဆန် နေအိမ်ပတ်ဝန်းကျင်မှာ ပက်ဖျန်းပေးပါ။

## (၃) ခင်ပွန်းကြီးဆယ်ပါး တောင်းပန်ကန်တော့ခြင်း

လူသီများ၍ အကျယ်ချဲ့မရေးတော့ပေ။ ခင်ပွန်းကြီးဆယ်ပါး ကပ်လှူပူဇော်နည်းစာအုပ် ဝယ်ဖတ်ပြီး ပြုလုပ်နိုင်ပါသည်။ အခက်အခဲမရှိ၍ ဗုဒ္ဓဘာသာဝင်တိုင်း ပြုလုပ်သင့်သော အစဉ်အစဉ်ဖြစ်သည်။

## (၄) ဓာတ်ကြီးလေးပါး ဆွမ်းတော်ကပ်လှူခြင်း

ရေ၊ မြေ၊ လေ၊ မီး (ပထဝီ၊ တေဇော၊ ဝါယော၊ အာပေါ) ကပ်လှူနည်းလည်း လူသိများ၍ အကျယ်မချဲ့တော့ပါ။ နံနက် အရုဏ်တက် နေအိမ်ဘုရားရှေ့မှာ ကပ်လှူနိုင်သည်။ စာရေးသူတို့ အဘွားလက်ထက်က နှစ်ဆန်း ၁ ရက် နေ့တိုင်း ဘုန်းကြီးပင့် ဆွမ်းကပ်လေ့ရှိသည်။ သူတို့အညာဓလေ့ဟု ဆိုပါသည်။

**မှတ်ချက်** ။ ။ စနေသားသမီးများ အတာစား၍ ဓာတ်ကြီးလေးပါး ဆွမ်းအထူး ကပ်လှူသင့်ပါသည်။ ဆွမ်းပွဲ ၂၀ မပြင်နိုင်ပါက ပန်းကန်ကြီးတစ်ချပ်တွင် ဆွမ်းဇွန်းကြီး ၂၀၊ သစ်သီးအလုံး ၂၀ စသည်ဖြင့်ထည့်လှူ၍ ကပ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဆွမ်း ရေတော်၊ ယပ်၊ အလင်းတိုင် လေးမျိုးစုံလှူင်ဖြစ်ပါသည်။

**အုန်းသီးပါးစပ်ဖွင့် ယတြာချေခြင်း**

ဤနည်းမှာ အထက်ဆောင်ပန်း၊ အောက်နင်းကြမ်း၊ ချည်မန်းကွင်းနှစ်ကွင်း၊ အုန်းသီးအခွံကျွတ်တစ်လုံး၊ မွေးနံကိုင်းတစ်ကိုင်း၊ ဆံပင်၊ ခြေသည်း၊ လက်သည်းတို့ကိုပါထည့်။ ဤယတြာဆောင်ရွက်လိုပါက မိမိ၏နဝင်းတွဲ (အထက်ဆောင်ပန်း၊ အောက်နင်းကြမ်း)တို့ သိရှိရပါမည်။ ကိုယ်တိုင်ပြုလုပ်၍ မရပါ။ ဘေးမှ ဆောင်ရွက်ပေးသူ၊ နဝင်းပညာဆရာ လိုအပ်သည်။ စာရေးသူနေအိမ်မှာ နှစ်စဉ်ပြုလုပ်ပေးပါသည်။ ခရီးထွက်သောနှစ် မပြုလုပ်ခဲ့ပါ။

**(၆) ဦးခေါင်းဆေးမင်္ဂလာ ပြုလုပ်ခြင်း**

ဦးခေါင်းဆေးမင်္ဂလာ အခမ်းအနားမှာလည်း တစ်ဦးတစ်ယောက်၊ မိသားတစ်စု မိမိနေအိမ်မှာ ပြုလုပ်၍ရပါသည်။ သင်္ကြန်စာဖတ်ပြီးပြုလုပ်၍လည်း ရသည်။ ယနေ့ခေတ်လူငယ်အများစု ယုံကြည်စွာ မပြုလုပ်ကြပေ။ စုပေါင်းပြီးပြုလုပ်တာ ပိုကောင်းသည်။ စနစ်တကျပြုလုပ်သော နေရာဌာန၊ ဓာတ်နန်း၊ အယူတော်မင်္ဂလာဟောခန်း စသည်တို့မှာ ပြုလုပ်သင့်သည်။ ဆရာမကြီး ဒေါက်တာစောယုနွယ် နေအိမ်မှာလည်း ပြုလုပ်ပေးပါသည်ဟု သိရှိရပါသည်။ ဦးခေါင်းဆေးမင်္ဂလာ ပြုလုပ်ရာတွင် တရော်၊ ကင်ပွန်းသုံး၍ ဆောင်ရွက်ကြသည်။ ရောင်ပြန်မဂ္ဂဇင်းတွင် ဖော်ပြပေးလေ့ရှိပါသည်။

**(၇) သက်ကြီးပူဇော်ပွဲ ပြုလုပ်ခြင်း**

လမ်းသူ၊ လမ်းသား၊ ရပ်ကွက်သူ၊ ရပ်ကွက်သားတွေ စုပေါင်းပြုလုပ်လေ့ရှိသော ပွဲဖြစ်သည်။ မင်္ဂလာတရားနှင့်ညီ၍ ပြုလုပ်သင့်ပါသည်။

**(၈) ဇီဝိတဒါန ဘေးမဲ့လွှတ်ခြင်း**

ငါး၊ စာကလေး၊ ဂဏန်း၊ ဆိတ်၊ နွား စသည်တို့ကို စေတနာသဒ္ဓါရှိသူများ စုပေါင်း၍ ဆောင်ရွက်လေ့ရှိသည်။ ဇီဝိတဒါန မလွှတ်နိုင်ပါက နှစ်ဆန်း ၁ ရက်နေ့တွင် သက်သတ်လွတ်စားသုံးသင့်သည်။


**(၉) သက်သတ်လွတ်စား၊ ဥပုသ်စောင့်၊ စတုဒိသာကျွေးမွေးခြင်း**

သက်သတ်လွတ် စားနိုင်နိုင်၊ မစားနိုင်နိုင် နှစ်ဆန်း ၁ ရက်တော့ စားသုံးကြပါဟု တိုက်တွန်းပါသည်။ ကိုးပါးသီလစောင့်ထိန်းပါ။ မေတ္တာသုတ် ခြောက်ခေါက်ရွတ်ဆိုပါ။ တန်းစီး၊ တိုင်ထိပ် နေ့နံများ သက်ရောက်အလိုက် အစားအစာ စတုဒိသာ ကျွေးမွေးသင့်ပါသည်။ အချို့လည်း လမ်းပေါ်မှာ စားပွဲခင်း၍ အရပ်ရှစ်မျက်နှာမှ လူများကို ထမင်းကျွေးကြပါသည်။ ပရိတ်တရားနာကြားရာတွင် အအေးဖျော်ရည် ဒါနပြုကြသည်။

**(၁၀) ဂြိုဟ်ရှစ်ခွင်လှည့်ယတြာနှင့် နှစ်သစ်ကူးအထူးယတြာ**

ဂြိုဟ်ရှစ်ခွင် ယတြာဆိုသည်မှာ မွေးနံထောင့်မှ လက်ယာရစ်လှည့်ပတ်၍ ထီး၊ တံခွန်၊ ကုက္ကား၊ ကြက်လျှာ စသည်တို့နှင့် ကနက္ကဒါန်ထီးလှူခြင်းဖြစ်သည်။ ကိုယ်ပိုင်အညွှန့်လည်း ထည့်လှူနိုင်သည်။ ဥပမာ-အသက် ၄၂ နှစ်ရှိသော တနင်္ဂနွေသား ထီး၊ တံခွန်၊ ကုက္ကား၊ ကြက်လျှာ၊ သာသနာ့အလံ စသည်တို့ကို ၄၂ ခု ဝယ်ပါ။ ကနက္ကဒါန် ထီးဖြူကြီးတစ်လက် လှူပါ။ (အလတ်စားဝယ်၍ရသည်) ကံ့ကော်ညွှန့် ၂ ညွှန့် (သို့) ၁၅ ညွှန့်၊ ၆ ညွှန့် အဆင်ပြေသလိုထည့်လှူပါ။

မွေးနံထောင့်မှစ၍ ငါးခုစီ လက်ယာရစ်လှူသွားပါ။ သောကြာထောင့်တွင် လှူပြီးပါက လက်ထဲတွင် အသေး






www.burmeseclassic.com

www.burmeseclassic.com

နှစ်ခုနှင့် ထီးကြီးတစ်လက်ကျန်မည်။ ပေါင်း သုံးညွန့်၊ ကံ့ကော် ညွန့်ကို မွေးနံထောင့်မှာ နောက်ဆုံးလှူလိုက်ပါ။ ထိုသို့ လှူပြီး ဘုရားရှိခိုး၊ ပုတီးစိပ်၊ ဂါထာရွတ်ဆိုပြီး လိုရာဆန္ဒ ဆုတောင်းပါ။ (ရေသပ္ပာယ်ခြင်း၊ ရေလှူခြင်း၊ ဖယောင်းတိုင်၊ အမွှေးတိုင်လှူခြင်း)တို့ကို မိမိစိတ်ဆန္ဒအရ ပြုလုပ်နိုင်ပါသည်။ တနင်္လာ သားသမီး အသက် ၄၃ နှစ်ဆိုပါကလည်း ထီး၊ တံခွန်၊ ကုက္ကား စသည်တို့ကို ၄၃ ခု ဝယ်ပါ။ ကနက္ကဒါန်ထီးဖြူတစ်လက်ဝယ်ပါ။ ဇော်စိမ်း (သို့) ဆီးညွန့် ရှစ်ညွန့် ထည့်လှူပါ။ မွေးနံထောင့်မှ ငါးခုစီ လှည့်လှူပြီး ပိုသောလေးခုကို မွေးနံထောင့်မှာလှူပါ။ အညွန့်ထည့်လှူပါ။ ကျန်နေ့သားသမီးများလည်း ထိုပုံစံအတိုင်း လှူနိုင်ပါသည်။


**တစ်နှစ်တာ နှစ်သစ်ကူးအထူးယတြာ**

မူလမဟာဘုတ်၊ ကောဇာမဟာဘုတ်အရ ၆ ခု ကြွင်းသည့် အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး နေ့နံ (၃၊ ၄၊ ၅) အကောင်းဆုံးဖြစ်သည်။ ဥပမာ- "လာဘ်မိုးရွာ" ခုနှစ်နေ့သားသမီးများအားလုံး ဆီးညွန့် (သို့) ဇော်စိမ်းညွန့် တစ်မျိုးမျိုး ၃ ညွန့်၊ ရွက်လှ ၄ ညွန့်၊ ပျဉ်းမ ၅ ညွန့်ကို စုပေါင်း၍ နှစ်ဆန်း ၁ ရက်နေ့မှာ အိုးတစ်လုံးထဲထည့်၍ ဘုရားကပ်လှူပါ။ ခြောက်နွမ်းသွားလျှင် စွန့်ပစ်ပါ။ အနည်းဆုံး သုံးကြိမ်လှူလိုက်ပါ။ တစ်နှစ်ပတ်လုံး လှူထားစရာမလိုပါ။ ထိုအညွန့်သုံးမျိုးနှင့် တွဲ၍ ဆီမီး(အလင်းတိုင်) သုံးတိုင် လက်ဖက်ရည်လေးခွက် ထည့်လှူနိုင်ပါသည်။


အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနံ အရွက်အညွန့်၊ ပန်း၊ အရာဝတ္ထု၊ အစား အစာ၊ အဆောင်၊ ဖျော်ရည် စသည်တို့ကို နှစ်ဆန်း ၁ ရက်မှာ ဒါနပြုပေးပါ။ ဆီးဖျော်ရည်၊ လက်ဖက်ရည်၊ လိမ္မော်ရည်၊ ဆေးပြင်းလိပ်၊ ဘောလ်ပင်၊ ဆေးဘူး၊ လိမ်းဆေး၊ ပေါက်စီ၊ စံပယ်ပန်း၊ စိန်ပန်း၊ ဇီဇဝါပန်း၊ ဆန်၊ ဆီ၊ ဆေး၊ ဆား၊ မုန့်လုံးရေပေါ်၊ လိမ္မော်သီး၊ ပန်းသီး၊ ဇီးသီး စသည်တို့ကို အဆင်ပြေသလို ဘုရား၊ ရဟန္တာ၊ မိဘဆရာသမားတို့အား ဒါနပြုပေးပါ။ ထို့နောက် ဘုရားရှိခိုး၊ သီလယူပြီး ပုတီးစိပ်၊ မေတ္တာပို့ပေးပါ။ အကောင်းဆုံးမှာ ရှုဋ္ဌဝေဒဗ္ဗ၊ မဟာဝေဒဗ္ဗ မန္တန်တော်ကြီးကို ရွတ်ဆိုပေးပါ။ ကိုယ်ခန္ဓာသ ့်ရှင်းစင်ကြယ်အောင် ပြုမူဆောင်ရွက်၊ အဝတ်အစားသစ်ဝတ်၊ အမွှေးနံ့သာစွတ်ဖျန်းပြီးမှ ရွတ်ဆိုပါ။ တနင်္လာ မရဏဖြစ်နေ၍ ငါးသက်စေ့လွှတ်ခြင်း၊ ခွေး၊ ခို၊ ငါး၊ ကြောင်၊ ကျီးတို့ကို အစာကျွေးပါ။ စနေသားသမီးများ တာစား၍ အနည်းဆုံး ခုနစ်ရက် အဓိဋ္ဌာန်ဝင်ပါ။ "သတ္တာဒေဝမနုဿနံ သိဒ္ဓိ" ပုတီး ၁၀ ပတ်စိပ်ပါ။ ပုတီးမစိပ်နိုင်ပါက "သမ္ဗုဒ္ဓေ ဂါထာ" သက်စေ့ရွတ်ဆိုပါ။

နှစ်သစ်မှာ ဘေးရန်ကင်းကွာ ကျန်းမာချမ်းသာကြပါစေ…။

**ဤနှစ်ကောဇာ မဟာဘုတ်**




(၁၃၇၈ ကောဇာမဟာဘုတ်)




(နာမက္ခရတိုင်)

အကောင်းအဆိုးမှာ
၃၊ ၄၊ ၅
ဖြစ်သည်။

ဂမ္ဘီရဆရာလှမျိုး(B.Sc)



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်နက္ခတ္တဗေဒင်ပညာ

**၂၀၁၆ ခုနှစ် ၊ ဧပြီလ**

## တရုတ်နှစ်မွေးသူများအတွက်

## ဆောင်ရန်၊ ရှောင်ရန်နှင့် သတိပြုရန်အချက်များ

ကောတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ပျောက်နှစ်မွေးသူ | ၁၉၂၀ | ၁၉၃၂ | ၁၉၄၄ | ၁၉၅၆ | ၁၉၆၈ | ၁၉၈၀ | ၁၉၉၂ | ၂၀၀၄ |
| ကြက်နှစ်မွေးသူ | ၁၉၂၁ | ၁၉၃၃ | ၁၉၄၅ | ၁၉၅၇ | ၁၉၆၉ | ၁၉၈၁ | ၁၉၉၃ | ၂၀၀၅ |
| ခွေးနှစ်မွေးသူ | ၁၉၂၂ | ၁၉၃၄ | ၁၉၄၆ | ၁၉၅၈ | ၁၉၇၀ | ၁၉၈၂ | ၁၉၉၄ | ၂၀၀၆ |
| ဝက်နှစ်မွေးသူ | ၁၉၂၃ | ၁၉၃၅ | ၁၉၄၇ | ၁၉၅၉ | ၁၉၇၁ | ၁၉၈၃ | ၁၉၉၅ | ၂၀၀၇ |
| ကြွက်နှစ်မွေးသူ | ၁၉၂၄ | ၁၉၃၆ | ၁၉၄၈ | ၁၉၆၀ | ၁၉၇၂ | ၁၉၈၄ | ၁၉၉၆ | ၂၀၀၈ |
| နွားနှစ်မွေးသူ | ၁၉၂၅ | ၁၉၃၇ | ၁၉၄၉ | ၁၉၆၁ | ၁၉၇၃ | ၁၉၈၅ | ၁၉၉၇ | ၂၀၀၉ |
| ကျားနှစ်မွေးသူ | ၁၉၂၆ | ၁၉၃၈ | ၁၉၅၀ | ၁၉၆၂ | ၁၉၇၄ | ၁၉၈၆ | ၁၉၉၈ | ၂၀၁၀ |
| ယုန်နှစ်မွေးသူ | ၁၉၂၇ | ၁၉၃၉ | ၁၉၅၁ | ၁၉၆၃ | ၁၉၇၅ | ၁၉၈၇ | ၁၉၉၉ | ၂၀၁၁ |
| နဂါးနှစ်မွေးသူ | ၁၉၂၈ | ၁၉၄၀ | ၁၉၅၂ | ၁၉၆၄ | ၁၉၇၆ | ၁၉၈၈ | ၂၀၀၀ | ၂၀၁၂ |
| မြွေနှစ်မွေးသူ | ၁၉၂၉ | ၁၉၄၁ | ၁၉၅၃ | ၁၉၆၅ | ၁၉၇၇ | ၁၉၈၉ | ၂၀၀၁ | ၂၀၁၃ |
| မြင်းနှစ်မွေးသူ | ၁၉၃၀ | ၁၉၄၂ | ၁၉၅၄ | ၁၉၆၆ | ၁၉၇၈ | ၁၉၉၀ | ၂၀၀၂ | ၂၀၁၄ |
| ဆိတ်နှစ်မွေးသူ | ၁၉၃၁ | ၁၉၄၃ | ၁၉၅၅ | ၁၉၆၇ | ၁၉၇၉ | ၁၉၉၁ | ၂၀၀၃ | ၂၀၁၅ |



www.burmeseclassic.com

## ခွေးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ငါးဖမ်းနိုင်၏။ ငါးဒိုင်လုပ်နိုင်၏။ ငါးအရောင်းအဝယ် လုပ်လျှင် ကိုက်မည်။ ရိုးရာကန်တော့ပွဲ၊ ပူဇော်ပွဲ၊ ဆုတောင်းပွဲ လုပ်နိုင်၏။ ဆံသ၊ ခေါင်းမလျှော်နိုင်၏။ နေအိမ်၊ ခြံဝင်း သန့်ရှင်းရေးလုပ်ပါ။ မကောင်းဆိုးဝါးများ ထွက်ပြေးကုန်ပါလိမ့်မည်။

## ရှောင်ကြဉ်ရန်အချက်များ


ခရီးမထွက်ရ။ ရေကြောင်းခရီးကို ရှောင်ပါ။ ရေမကူးရ။ ရေဘေးသင့်နိုင်၏။ လှေ၊ သင်္ဘောမစီးကြရ။ လက်ထပ်ခြင်းမပြုကြရ။ ဈေးဆိုင်သစ်မတည်ရ။ မဖွင့်ရ။ အရောင်းအဝယ်စာချုပ် မချုပ်ဆိုရ။ အမှုပြဿနာတက်နိုင်ပါသည်။

## ဝက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မိတ်ဆုံခြင်းဖြင့် အကျိုးထူးမှုရှိမည်။ ခရီးထွက်နိုင်၏။ အိမ်ရာပြောင်း ရွှေ့နိုင်၏။ အထည်ချုပ်လုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် အကျိုးပေးမည်။ စေ့စပ်နိုင်၏။ အိမ်၊ ဂိုဒေါင်ဆောက်လုပ်ပြုပြင်နိုင်၏။ ဂိုဒေါင်ဖွင့်နိုင်၏။ အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

ခရီးထွက်နိုင်ပါသော်လည်း ရေကြောင်းခရီးကိုရှောင်ပါ။ လှေ၊ သင်္ဘော မစီးကြရပါ။ စေ့စပ်နိုင်ပါသော်လည်း ချက်ချင်းလက်မထပ်ရ။ ခဏခေတ္တစောင့်ပါဦး။ မစောင့်ဆိုင်းနိုင်လျှင် အကျိုးယုတ်ရပါလိမ့်မည်။ သတိနှင့် ဆင်ခြင်ပါလေ။



## ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

တောအမဲလိုက်နိုင်၏။ သားကောင်ဖမ်းနိုင်၏။ သင်္ကေကောင်းနေပါလိမ့်မည်။ ငါးအရောင်းအဝယ်လုပ်လျှင် အဆင်ပြေမည်။ ဈေးဆိုင်သစ်တည်နိုင်၊ ဖွင့်နိုင်၏။ အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်၏။ စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။ ဧပြီလ ၁၅ ရက်နေ့နှင့် ၂၇ ရက်နေ့များသည် ရက်ကောင်းမင်္ဂလာနေ့များဖြစ်ပါသည်။ ထို့ပြင် အထည်ချုပ်လုပ်ငန်းလုပ်ပါ။ ကောင်း၏။

## ရှောင်ကြဉ်ရန်အချက်များ

ပြည်တွင်း၊ ပြည်ပ(နိုင်ငံခြား) ကုန်သွယ်မှုမလုပ်ရ။ အရှုံးပေါ်လိမ့်မည်။ ကျပ်ကျပ်ရှောင်ပါလေ။ အိမ်ရာနှင့် အလုပ်မပြောင်းရွှေ့ရ။ ဇာချည်းနှီး အကျိုးမဲ့ဖြစ်တတ်ပါသည်။ ငါးလုပ်ငန်းမလုပ်ရ။ လှေ၊ သင်္ဘောမစီးရ။ ရေမကူးရ။ ဘေးသင့်တတ်၏။

## နွားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ခရီးထွက်နိုင်၏။ အိမ်ရာပြောင်းရွှေ့နိုင်၏။ မွေးမြူရေးလုပ်ငန်းလုပ်လျှင် အကျိုးပေးမည်။ အထည်ချုပ်လုပ်ငန်းလုပ်ပါ။ ကောင်း၏။ သားကောင်ဖမ်းနိုင်၏။ တောအမဲလိုက်နိုင်၏ ငါးအရောင်းအဝယ်လုပ်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

လက်မထပ်ရပါ။ ခဏခေတ္တရှောင်ပါ။ မရှောင်နိုင်လျှင် အကျိုးယုတ် ရပါလိမ့်မည်။ ဂိုဒေါင်မပြင်ရ။ ခိုက်တတ်၏။ စေ့စပ်ခြင်းကိုလည်း ရှောင်ပါ။ ခရီး ထွက်နိုင်ပါသော်ငြားလည်း လေကြောင်းခရီးနှင့် ရေကြောင်းခရီးတို့ကို ရှောင်ပါလေ။



www.burmeseclassic.com

www.burmeseclassic.com

## ကျားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မိတ်ဆုံလျှင် အကျိုးထူးမှုရှိမည်။ ခရီးထွက်နိုင်၏။ အိမ်ရာပြောင်းရွှေ့နိုင်၏။ အထည်ချုပ်လုပ်ငန်းလုပ်ပါ။ ကိုက်မည်။ စိုက်ပျိုးရေးလုပ်ငန်း လုပ်သင့်၏။ ကူးသန်းရောင်းဝယ်နိုင်၏။ အရောင်းအဝယ် စာချုပ်ချုပ်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ


ရေကြောင်းခရီးကိုဆောင်ပါ။ ‌ေ ၂။ သဘော်မစီးရ။ ရေဘေးသင့်တတ်၏။ စေ့စပ်ခြင်း၊ လက်ထပ်ခြင်းမပြုရ။ ငါးမဖမ်းရ။ သားငါးသားကောင် အရောင်းအဝယ်လုပ်လျှင် ရှုံးမည်။ ငွေမထုတ်ချေးရ။ အလိမ်ခံရမည်။

## ယုန်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

အထည်ချုပ်လုပ်ငန်း လုပ်ပါ။ အကျိုးပေးမည်။ ရိုးရာကန်တော့ပွဲ၊ မွေးဇော်ပွဲ၊ ဆုတောင်းပွဲလုပ်နိုင်၏။ ဘာသာရေးလုပ်ငန်း၊ ကုသိုလ်ကောင်းမှု၊ အလှူအတန်းလုပ်ပေးပါ။ မကြာမီ ကံထူးလာပါလိမ့်မည်။

## ရှောင်ကြဉ်ရန်အချက်များ

ဈေးဆိုင်သစ်မတည်ရ။ မဖွင့်ရ။ ကူးသန်းရောင်းဝယ်ရေးလုပ်လျှင် အရှုံးပေါ်မည်။ မလုပ်ပါနှင့်။ ရှောင်ပါလေ။ လက်ထပ်ခြင်းလည်းရှောင်ပါ။ ငွတ်မလုပ်ရ။ အကျိုးယုတ်တတ်၏။



## နဂါးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ရိုးရာကန်တော့ပွဲ ဆုတောင်းပွဲလုပ်ပေးပါ။ အကျိုးထူးမှုရှိပါမည်။ စေ့စပ်နိုင်၏။ ခရီးထွက်နိုင်၏။ နေအိမ်၊ စတိုခန်းနှင့် မီးဖိုဆောင်တို့ကို ပြင်ဆင်နိုင်၏။ ရေတွင်းရေကန်လည်း တူးဖော်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

ဆံသ၊ ခေါင်းရိတ်၊ ခေါင်းလျှော်ခြင်းတို့ကို ရှောင်ပါ။ နိက်တတ်ပါသည်။ စိုက်ပျိုးရေးမလုပ်ရ။ မြေမဆွရ။ ရေကြောင်းခရီးကိုရှောင်ပါ။ လှေ၊ သဘော် မစီးကြရ။ ရေမြောင်းမဖောက်ကြရ။ လာဘ်ပိတ်တတ်၏။

## မြွေနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။ ဈေးဆိုင်သစ်တည်နိုင်၊ ဖွင့်နိုင်၏။ အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်၏။ အထည်ချုပ်လုပ်ငန်းလုပ်လျှင် ကိုက်မည်။ ဧပြီလ ၈ ရက်နေ့နှင့် ၂၀ ရက်နေ့များသည် ရက်ကောင်းမင်္ဂလာနေ့များဖြစ်ပါသည်။

## ရှောင်ကြဉ်ရန်အချက်များ

တောအမဲမလိုက်ရ။ သားကောင် မဖမ်းရ။ သားငါး၊ သားကောင်၊ တိရစ္ဆာန်အရောင်းအဝယ်မလုပ်ရ။ အရှုံးပေါ်တတ်ပါသည်။ ခရီးမထွက်ကြရ။ ဆံသ၊ ခေါင်းရိတ်၊ ခေါင်းလျှော်ခြင်းတို့ကို ရှောင်ပါ။

## မြင်းနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ရိုးရာကန်တော့ပွဲလုပ်ပါ။ အကျိုးထူးမှုရှိမည်။ ဧပြီလ ၉ ရက်နေ့နှင့် ၂၁ ရက်နေ့မှာ နေ့ကောင်းမင်္ဂလာနေ့များဖြစ်ပါသည်။ ခရီးထွက်နိုင်၏။ စေ့စပ်နိုင်ပါသည်။ ဈေးဆိုင်သစ် တည်နိုင်၊ ဖွင့်နိုင်၏။



www.burmeseclassic.com

www.burmeseclassic.com

## ရှောင်ကြဉ်ရန်အချက်များ

ခရီးထွက်နိုင်ပါသော်လည်း လေကြောင်းခရီးကိုသာ ရှောင်ပါလေ။ စေ့စပ်နိုင်ပါသော်လည်း ချက်ချင်းလက်ငင်း လက်မထပ်ပါနှင့်ဦး။ ခဏဆိုင်းပါ။ စောင့်ပါ။ ဗွတ်မလုပ်ရ။ အကျိုးယုတ်တတ်၏။ အသုဘမပို့ရ။ သင်္ချိုင်းမြေမနင်းရ။ လာဘ်ပိတ်တတ်၏။

## ဆိတ်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ရိုးရာကန်တော့ပွဲ၊ ပူဇော်ပွဲ၊ ဆုတောင်းပွဲများ လုပ်ပေးပါ။ အကျိုးထူးမှ ရရှိရပါမည်။ ဧပြီလ ၁၀ ရက်နေ့နှင့် ၂၂ ရက်နေ့သည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ပါသည်။ ခရီးထွက်နိုင်၏။ စေ့စပ်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ


ရေကြောင်းခရီးကိုရှောင်ပါ။ လက်ထပ်ခြင်းမပြုရ။ အမှုပြဿနာတက်နိုင်ပါသည်။ အိမ်မီးဖိုဆောင်နှင့် ဂိုဒေါင် မပြင်ရ။ ခိုက်တတ်ပါသည်။ စီးပွားရေးလုပ်ငန်း မတိုးချဲ့သင့်သေး။ ခဏစောင့်ပါဦးလေ။

## မျောက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ရိုးရာကန်တော့ပွဲ၊ ဆံသခြင်း၊ ခေါင်းရိတ်ခြင်း၊ ခေါင်းလျှော်ခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။ ဧပြီလ ၁၁ ရက်နေ့နှင့် ၂၃ ရက်နေ့တွင် လက်ထပ်နိုင်ပါသည်။ ကောင်းလှပေ၏။ ခရီးဝေး၊ နိုင်ငံခြားသွားလျှင် အကျိုးရှိသည်။ ထူးမည်။

## ရှောင်ကြဉ်ရန်အချက်များ

လက်ထပ်နိုင်ပါသော်လည်း အသစ်စေ့စပ်ခြင်းမလုပ်ကောင်း။ မလုပ်ရ။ ဈေးဆိုင်သစ်၊ စီးပွားရေးလုပ်ငန်းသစ် မလုပ်ရ။ အကျိုးမဲ့ဖြစ်တတ်၏။ အသုဘမပို့ရ။ သင်္ချိုင်းမြေမနင်းကောင်း။ ခိုက်တတ်၏။



## ကြက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

တောအမဲလိုက်နိုင်၏။ သားကောင်များရမည်။ သင်္ကံကောင်းနေတတ်၍။ သားငါး၊ သားကောင်၊ တိရစ္ဆာန် အရောင်းအဝယ်လုပ်လျှင် အကျိုးပေးပါလိမ့်မည်။ လုပ်ပေးပါလေ။ ထို့ပြင် မွေးမြူရေးလုပ်ငန်းလည်းသင့်၏။ ကောင်း၏။ လုပ်ပေးပါ။ ဆေးသမားတော်ပြောင်းပါ။ ဆေးသမားတော်သစ်ရှာထွက်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

လက်မထပ်ရ။ အိမ်ရာနှင့်အလုပ် မပြောင်းရွှေ့ကြရ။ စီးပွားရေးလုပ်ငန်းသစ် မတည်ထောင်ကြရ။ ရင်းနှီးမြှုပ်နှံမှုရှောင်ပါ။ အကျိုးမပေးပါ။ အရှုံးပေါ်မည်။ ရှောင်ပါလေ။ ဈေးဆိုင်သစ်မဖွင့်ရ။ မတည်ရ။ စိုက်ပျိုးရေး မလုပ်သင့်ပေ။ မြေမခွဲကြရ။ ခိုက်တတ်၏။

**ကေတီ–အောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

Ref:-

တရုတ်နက္ခတ္တဗေဒင်ပညာ၊ ၂၀၁၆ ခုနှစ်၊
Hong Kong (China)



www.burmeseclassic.com

www.burmeseclassic.com

# မာဓိရိသ

## ဆင်းရဲခြင်းမှန်သမျှ ကင်းရှင်းစေတော်မူသော မြတ်စွာဘုရား

သာသနာတော်၏ပြည့်စုံခြင်း

"ဗုဒ္ဓသုဗုဒ္ဓတာလောကေ၊ ဓမ္မသုဓမ္မတာ၊ သံဃသုပဋိပတ္တိ၊ သော သာသနသမ္ပဒါ"

လောက၌ သတ္တဝါအများ၏ ချ် သာဖို့ရန် နည်းမှန်လမ်းပြ-ဩဝါဒပေးသူ၏ အဆုံးအမကို "သာသနာ"ဟု ခေါ်ရ၏။ ထိုသာသနာသည် သာသနာ့အရှင်ဖြစ်သော ပုဂ္ဂိုလ်၏ သိဖွယ်မှန်သမျှ မကျန်ရအောင် လုံးဝကုန်စင်သိမြင်နိုင်ခြင်း၊ ဟောပြတော်မူအပ်သော တရားတော်၏ လိုက်နာကျင့်ကြံသူတို့မှာ အကျိုးရလောက်အောင် ကောင်းမွန်သော တရားတော်ဖြစ်ခြင်း။ ထိုတရားတော်အတိုင်းကျင့်ကြံ ကြံကြံအားထုတ်ကြသော ပုဂ္ဂိုလ်အစုအဝေး (သံဃာ)များ ပေါ်ထွက်လာခြင်း။ ဤလက္ခဏာသုံးဖြာ ဂုဏ်အင်္ဂါနှင့် ညီမှသာ ပြည့်စုံသောသာသနာ ဖြစ်နိုင်ပါသည်။

(မဘသ(ဗဟို)၊ နိုင်ငံတော်အစိုးရက ပြဋ္ဌာန်းလိုက်သော အမျိုးစောင့်ဥပဒေ လေးရပ်အား-ဥပမာ)

သမ္ပဒါတရား ၅-ပါး။ သုတ်သီလက္ခန်။ ပါ။ ၁၉၆။ ဋ္ဌ။ ၂၁၁။

သောကကင်းရေး၌ ကောင်းသောပြည့်စုံခြင်းတရား ငါးပါး

(၁) ဉာတိသမ္ပဒါ - ဆွေမျိုးတို့နှင့် ပြည့်စုံခြင်း။

(၂) ဘောဂသမ္ပဒါ - စည်းစိမ်ဥစ္စာနှင့်ပြည့်စုံခြင်း။

(၃) အာရောဂျသမ္ပဒါ - အနာရောဂါကင်းခြင်း။

(၄) သီလသမ္ပဒါ - အကျင့်သီလနှင့်ပြည့်စုံခြင်း။

(၅) ဒိဋ္ဌိသမ္ပဒါ - အယူဘာသာ မှန်နှင့်ပြည့်စုံခြင်း။

သမ္ပဒါတရား ရှစ်ပါး။ တစ်နည်း။ အင်္ဂုတ္တရ။ ပါ။ ၁၀၇။ ဋ္ဌ။ ၁၄၀။ ၂၃၉ တို့၌ အကျယ်ရှုပါ။

ယခုမျက်မှောက်ဘဝ၌ ချမ်းသာဘောဂနှင့် ပြည့်စုံခြင်း။

တမလွန်၌ချမ်းသာကြောင်း ဖြစ်ခြင်းတရားရှစ်ပါး။

(၁) ဥဋ္ဌာနသမ္ပဒါ - ထကြွလုံ့လ ဝီရိယနှင့်ပြည့်စုံခြင်း။

(၂) အာရက္ခသမ္ပဒါ - ရပြီးဥစ္စာကို သိမ်းဆည်းတတ်မှု၊

(၃) ကလျာဏမိတ္တတာသမ္ပဒါ- အပေါင်းအသင်းဆုံမှု၊

(၄) သမဇီဝိတတာသမ္ပဒါ - ချွေတာရေး တတ်သိလိမ္မာမှု၊

(၅) သဒ္ဓါသမ္ပဒါ - သဒ္ဓါနှင့်ပြည့်စုံမှု၊ (ယုံကြည်မှု၊ ကြည်ညိုမှု။)

(၆) သီလသမ္ပဒါ - သီလနှင့်ပြည့်စုံမှု (စောင့်ထိန်းခြင်း။)

(၇) စာဂသမ္ပဒါ - စွန့်ကြဲပေးကမ်းတတ်မှု၊

(၈) ပညာသမ္ပဒါ - နေရာတကာ အမှန်သိတတ်မှု။

တရားတော်ကို ကြားနာ ဖူးမြင်နေကြရခြင်းသည်ပင် ဘုရားရှင်ကို ဖူးမြော်နေကြရခြင်းပင်ဖြစ်ပါသည်။

တရားတစ်ပုဒ်က ထုတ်ပြထားပါသည်။

**"ဓမ္မံပဿတိ မယံပဿတိ"**

**"ဓမ္မံနပဿတိ မယံနပဿတိ"** ဟူ၍ ဖြစ်ပါသည်။

အနက်အဓိပ္ပာယ်က တရားကိုမြင်မှ ငါဘုရားကို မြင်သည်မည်၏။

တရားကိုမမြင်ပါက ငါဘုရားကိုလည်း မမြင်နိုင်။

ထို့ကြောင့် ကျွန်ုပ်တို့သည် ဘုရားရှင်၏ တရားတော်မြတ်ကို သိမြင်နိုင်ရန်သာ အထူးကြိုးစားသင့်ပါသည်။

**ဓမ္မဝိစယ ဒေဝါထွင့်ခေါင် ဦးတိတ်ရှောင်**



www.burmeseclassic.com

www.burmeseclassic.com

# ထိုင်းနိုင်ငံ နက္ခတ္တဆရာကြီး ခါ့သာချင်နာဘန်ချွန် ၏

## ၂၀၁၆ ခုနှစ် မျောက်နှစ် ၁၂ လ ရာသီဖွားများအတွက် လအလိုက်အဟော

## မတ်လ

■ ဦးတိုး(တက္ကသိုလ)

(ဤအဟောများကို ထိုင်းနိုင်ငံမှ နက္ခတ္တဆရာကြီး ခါ့သာချင်နာဘန်ချွန် ဟောကြားထားသည်ကို ဘာသာပြန်ဆိုထားခြင်းဖြစ်ပါသည်။ ၁၂ လ ရာသီဖွားများ၏ မွေးဖွားသည့်ကာလ အပိုင်းအခြားသည် အနောက်တိုင်းနှင့်မတူပါ။ မွေးလမွေးရက်ကိုရှာ၍ အဟောများကို ကြည့်ရစေလိုပါသည်။)

### မကာရ ရာသီဖွား (ဆိတ်ရုပ်) (Capricorn)

### ဇန်နဝါရီလ ၁၄ ရက်မှ ဖေဖော်ဝါရီလ ၁၃ ရက်

သင်၏ ဖော်ရွေတတ်မှုနှင့် စွမ်းဆောင်နိုင်မှုများအရ သင်၏အထက် အရာရှိများနှင့် လုပ်ဖော်ကိုင်ဖက် အပေါင်းအသင်းများ၏အကြားတွင် အလေးဂရုပြုမှုခံနေရမည်။ သင့်ထံသို့ ငွေများ ဝင်လာတော့မည်ဖြစ်၍ စုဆောင်းတတ်ရန် လိုပေလိမ့်မည်။

### ကုံရာသီဖွား (ရေထမ်းယောကျ်ားရုပ်) (Aquarius)

### ဖေဖော်ဝါရီလ ၁၄ ရက်မှ မတ်လ ၁၃ ရက်

သင်၏အလုပ်ကို ငြီးငွေ့လာပြီဖြစ်၍ အတွေ့အကြုံသစ်၊ သို့မဟုတ် အပိုအလုပ်များကို ရှာချင်နေပေလိမ့်မည်။ သင့်အား မလိုအပ်ဘဲ ငွေသုံးစွဲရန် ဆွဲဆောင်ခြင်းခံရမည်။ ဆင်ခြင်မှုမရှိလျှင် သင်ထုတ်သုံးလိုက်ရသည့် ကုန်ကျငွေများအတွက် နောင်တရပါလိမ့်မည်။ ချစ်မေတ္တာရေးတွင်ပျော်ရွှင်ရမှုများဖြင့် ပြည့်နှက်နေပါမည်။

### မိန်ရာသီဖွား (ငါးနှစ်ကောင်ရုပ်) (Pisces)

### မတ်လ ၁၄ ရက်မှ ဧပြီလ ၁၄ ရက်

လူအများဖြင့် အချေအတင်ပြောဆိုရမှုများရှိသဖြင့် သင်၏အလုပ်တွင် ထိခိုက်လာနိုင်ပြီး အချိန်အခါများစွာ သင်တစ်ကိုယ်တည်း ဖြစ်နေရပါလိမ့်မည်။ သင့်တွင် ဆုံးဖြတ်ချက်ချရန် တစ်စုံတစ်ရာရှိနေပါက အကြံပေးနိုင်မည့်သူ တစ်စုံတစ်ဦးကိုရှာပါ။ သင်ပိုင်ဆိုင်ထားမှုများ ရွှေ့ပြောင်းနိုင်သည့် သင်၏ပစ္စည်းများ ပျောက်ရတတ်၍ သတိထားနေပါ။

### မိဿရာသီဖွား (သိုးထီးရုပ်) (Aries)

### ဧပြီလ ၁၅ ရက်မှ မေလ ၁၄ ရက်

လုပ်ငန်းခွင်တွင် တစ်ကိုယ်တည်း ကြဲနေရပေမည်။ ယခုလတွင် အလုပ်သစ်တစ်ခုစတင်ရန် အကောင်းဆုံးအချိန်ဖြစ်ပါသည်။ အသေးအဖွဲ့ အရာဝတ္ထုများအပေါ် မကြာခဏ ငွေများကို သုံးစွဲနေရပေမည်။ ချစ်မေတ္တာရေးတွင် မယ်တစ်ရွာ မောင်တစ်မြို့ ဖြစ်နေကြသူများသည် နောက်ဆုံးတွင် ပျော်ပျော်ရွှင်ရွှင်နှင့် အဆုံးသတ်နိုင်ပါလိမ့်မည်။

### ပြိဿရာသီဖွား (နွားလားဥသဘရုပ်) (Taurus)

### မေလ ၁၅ ရက်မှ ဇွန်လ ၁၄ ရက်

ပထမပိုင်းတွင် သင်သည် စိတ်အားထက်သန်မှုရှိခဲ့သော်လည်း ပြစ်ဒဏ်သင့်စေသည့် မရိုးမဖြောင့်မှုနှင့် ယှဉ်ပြိုင်ရမှုတို့ကြောင့် နောက်ပိုင်းတွင် စိတ်ဓာတ်ကျနေရပါလိမ့်မည်။ နေရာ သစ်တစ်နေရာသို့ သင်ပြောင်းရွှေ့ခြင်းခံရတတ်သည်။ တစ်ကိုယ်တည်းသမား မိမိကိုယ်မိမိ ယုံကြည်စိတ်ချမှုဖြင့် မိတ်သစ်ဆွေသစ်များဖြင့် တွေ့ဆုံရပါလိမ့်မည်။ အပျော်ရည်းစားထားသည့်သဘောမျိုးဆိုလျှင် ချစ်ရေးချစ်ရာတွင် ဒုက္ခတွေ့ရတတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## မေထုန်ရာသီဖွား (အမြွှာရုပ်) (Gemini)

### ဧပြီ/နှစ်လ ၁၅ ရက်မှ ဇူလိုင်လ ၁၅ ရက်

လုပ်ငန်းခွင်၌ ရံဖန်ရံခါ မေ့တတ်ပြီး အမှားများ ပြုလုပ်နေမိတတ်သည်။ ယခုလလယ်မှစတင်လျက် အခြေအနေများ ပြန်လည်ကောင်းမွန်လာပါလိမ့်မည်။ ယခုလနှောင်းပိုင်းလောက်တွင် အသက်ကြီးသူတစ်ဦးမှ သင့်အတွက် ကံကောင်းမှုများ၊ သို့မဟုတ် ငွေအမြောက်အမြား ပေးလာပါလိမ့်မည်။

## ကရကဋ်ရာသီဖွား (ပုစွန်လုံးရုပ်) (Cancer)

### ဇူလိုင်လ ၁၆ ရက်မှ ဩဂုတ်လ ၁၆ ရက်

အလုပ်အကိုင်တွင်ရော၊ ပုဂ္ဂိုလ်ရေးပြဿနာဖြင့်ပါ စိတ်တိုစရာများ တွေ့နေရမည်။ စိတ်ဖြေလျှော့ပေးနိုင်ရန် အပန်းဖြေခြင်း၊ သို့မဟုတ် ပါတီပွဲတွင် တက်၍ အချိန်ယူလိုက်ပါ။ သင်၏ ငွေကြေးဆိုင်ရာ ဘဝတွင် ဖိအားပေးခံရမှုများနှင့် ငွေကုန်ကျမှုများဖြင့် ပြည့်နှက်နေမည်။ ပြင်ဆင်ရသည့် စားရိတ်နှင့် ဆေးဖိုးများလည်း ကုန်ကျနေပေမည်။ တစ်စုံတစ်ဦးမှ သင့်အား ငွေထုတ်ချေးမည်ဖြစ်သော်လည်း သုံးစွဲရာတွင် သတိထားပါ။

## သိဟ်ရာသီဖွား (ခြင်္သေ့ရုပ်) (Leo)

### ဩဂုတ်လ ၁၇ ရက်မှ စက်တင်ဘာလ ၁၅ ရက်

သင်၏ လုံ့လဝီရိယရှိမှုကို အသိအမှတ်ပြုကြပါလိမ့်မည်။ လစကောင်းကောင်းနှင့် အကျိုးအမြတ်များများ ရနိုင်ရန် ညှိနှိုင်းဆောင်ရွက်ရမည့် အချိန်ကောင်းဖြစ်သည်။ ချစ်မေတ္တာရေးတွင် သင့်ချစ်ရသူများမှ သင့်အား ဖူးဖူးမှုတ် အလိုလိုက်ကြပါလိမ့်မည်။ တစ်ကိုယ်တည်း ဖြစ်နေကြသူများအနေဖြင့် သင်ချစ်မြတ်နိုးနေရသူအား ထုတ်ဖော်ပြောလိုက်လျှင် သင်၏စိတ်ကူးများ အကောင်အထည်ပေါ်လာပါလိမ့်မည်။

## ကန်ရာသီဖွား (အပျိုစင်ရုပ်) (Virgo)

### စက်တင်ဘာလ ၁၆ ရက်မှ အောက်တိုဘာလ ၁၆ ရက်

သင်၏လုပ်ငန်းခွင်တွင် သင်၏အမှားများနှင့် အထက်လူကြီးများမှ ပြစ်တင်ဝေဖန်လာကြမည်ကို သင်ရှောင်လွှဲ၍ရနိုင်မည် မဟုတ်ပေ။ ငွေကြေးအကျပ်ရိုက်မှုဖြင့် ကြုံတွေ့ရတတ်သဖြင့် သတိထားနေပါ။ သူတစ်ပါး၏ အကြွေးများအတွက် အာမခံမပေးပါနှင့်။ အသည်းကွဲရတတ်ပြန်သဖြင့် သတိရှိရမည်ဖြစ်သည်။

## တူရာသီဖွား (ချိန်ခွင်ရုပ်) (Libra)

### အောက်တိုဘာလ ၁၇ ရက်မှ နိုဝင်ဘာလ ၁၅ ရက်

အလုပ်အကိုင်နှင့် ပတ်သက်၍ သင့်အပေါ် ကြင်နာမှုပေးမည်မဟုတ်ပေ။ သင့်အနေဖြင့် မမျှတမှုများနှင့် ရင်ဆိုင်ရပြီး တာဝန်ခံရမှုများမှာလည်း ထပ်ဆင့်တိုးလာပါလိမ့်မည်။ စိတ်ခံစားမှုဖြင့် ဆက်လက်ဆင်ခြေပေးနေပါက တစ်စုံတစ်ဦးအပေါ် အနိုင်ရရှိရန် ခက်ခဲပါလိမ့်မည်။ အိမ်ထောင်ရှင်များအနေဖြင့် တတိယလူ ကြားဝင်နှောင့်ယှက်လာတတ်၍ သတိပြုထားသင့်သည်။

## ဗြိစ္ဆာရာသီဖွား (ကင်းမြီးကောက်ရုပ်) (Scorpio)

### နိုဝင်ဘာလ ၁၆ ရက်မှ ဒီဇင်ဘာလ ၁၄ ရက်

သင်၏ လုပ်ဖော်ကိုင်ဖက် အပေါင်းအသင်းများနှင့် သင်၏သူဌေးအပေါ် လက်မြှောက်အရှုံးပေးရန် ငြင်းဆန်ခဲ့ပါက သင်ဒုက္ခတွေ့လိမ့်မည်။ သင်၏စုဆောင်းငွေများ ဆက်လက်တိုးပွားနေမည်ဖြစ်သော်လည်း တစ်ဖက်တွင် သင်၏ကျန်းမာရေးအတွက် ကုန်ကျနေရပေမည်။ တစ်ကိုယ်တည်းသမားများအနေဖြင့် ခဏာပန်းအချစ်ကိုရရှိရန် ကြိုးပမ်းဖို့လိုပါလိမ့်မည်။

## ဓနုရာသီဖွား (လေးစွဲယောက်ျားရုပ်) (Sagittarius)

### ဒီဇင်ဘာလ ၁၅ ရက်မှ ဇန်နဝါရီလ ၁၃ ရက်

သင့်အား တာဝန်ခံရမှုများ အသစ်များ ထပ်မံပေးအပ်မည်ဖြစ်၍ သင့်လုပ်ငန်းခွင်တွင် ပိုမိုစိတ်ဝင်စားစရာ ကောင်းလာပါလိမ့်မည်။ သင့်အတွက် ကားဝယ်ရန်နှင့် ခရီးသွားရန် ယခုလတွင် ငွေများကို သုံးစွဲနေရပါမည်။ အချစ်ရေးသည် စိတ်လှုပ်ရှားဖွယ်ရာ ပြည့်နှက်နေမည်။ သို့သော်လည်း ချစ်မေတ္တာသက်ဝင်ပြီး ဖြစ်နေကြသူများအနေဖြင့် သတိရှိနေရပါမည်။

ဦးတိုး(တက္ကသိလ)

***Reference:***

BKK Post: Lifestyle, ats of Culture Section. Here's what awaits in 2016 by Khatha Chinnabanchain




www.burmeseclassic.com

www.burmeseclassic.com

# ရွှေတိဂုံဘုရားကျောက်စာကပြောပြသည့် ထူးခြားချက်များ

**လင်းရောင်တင်**



## ကျောက်စာကို စာရွက်ပေါ်မှာ ဖတ်ရပြီ

ကျွန်ုပ်သည် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီး တည်ရှိရာဒေသဖြစ်သော မြန်မာနိုင်ငံတော်သားဖြစ်ရခြင်းကို အမြဲတစေ ကြုံဖန်၍ကျေနပ်၏၊ ဂုဏ်ယူ၏။ မြန်မာနိုင်ငံတော်သားဖြစ်သည့်အပြင် ရွှေတိဂုံဆံတော်ရှင်စေတီတော်ကြီး၏ ထီးတော်ရိပ်နှင့် မဝေးလှသော ရန်ကုန်သားဖြစ်ရခြင်းကိုလည်း ပို၍ကျေနပ်၏၊ ပို၍ဂုဏ်ယူ၏။

ဂုဏ်မယူ၍လည်း ရရိုးလား။ ရွှေတိဂုံဆံတော်ရှင်သည် နှယ်နှယ်မဟုတ်၊ ကကုသန်၊ ကောဏာဂုံ ကဿပ၊ ဂေါတမတည်းဟူသော ဘုရားကြီးလေးဆူတို့၏ ဓာတ်တော်၊ မွေတော်များ စုပုံတည်ရှိရာ တစ်ကမ္ဘာလုံး ချမ်းသာသမျှနှင့်ဆက်၍၊ စကြဝဠာအနန္တတို့၏ ချမ်းသာသမျှတို့နှင့်ဆက်၍ မယှဉ်နိုင်သော မွန်မြတ်ကြီးကျယ်သည့် အမွေအနှစ်တို့ ကိန်းဝပ်ရာ အဆောက်အအုံက ပို၍ကြီးကျယ်နိုင်ပါမည်လား။

ရွှေတိဂုံစေတီတော် ရင်ပြင်သို့ တက်၍ ကြည်ညိုခဲ့၊ အဓိဋ္ဌာန်ဟောတင်ခဲ့သည့် အကြိမ်ပေါင်းလည်း မရေမတွက်နိုင်တော့။ ဤမျှမရေမတွက်နိုင်အောင်

www.burmeseclassic.com

ရောက်နေခဲ့ရသော်လည်း ရွှေတိဂုံစေတီတော်ပေါ်မှာ ရှိနေသည့် ဂမ္ဘီရဆန်သော နက်နဲဆန်းကြယ်ရာရာ ထူးခြားမှုများကို လေ့လာ၍ ယခုအချိန်ထိ မကုန်နိုင်သေး၊ လေ့လာနေရဆဲ၊ လေ့လာရဦးမည်။

အထူးသဖြင့် စေတီတော်ကြီး၏ အရှေ့မြောက်ယွန်း ယွန်းရှိ ကျောက်စာရုံကလေးထဲရှိ ကျောက်စာများကို ဖတ်ရှုလေ့လာချင်သည့်စိတ်သည် ဘဖွားဖွားပေါ်ခဲ့ဖူး၏။ သို့သော် ကျောက်စာကို သာမန်ကာလျှံကာ ဖတ်၍မရ။ အချိန်ပေးရမည်၊ သေချာကူးယူရမည်။ တော်တော်မလွယ်သည့်ကိစ္စ။ ထိုမလွယ်သည့်ကိစ္စကို အနစ်နာခံ စေတနာရှေ့ထား၍ အားထုတ်သူက အားထုတ်ထားပြီးသောအခါ ကျွန်ုပ်တို့ အလွယ်တကူ ဖတ်ရှုနိုင်ပါပြီ။

ရွှေတိဂုံဘုရားကျောက်စာကို အပင်ပန်းခံ ဖတ်ရှုပြုစုပေးသူက ဆရာကြီးဦးငြိမ်းမောင်(သုတေသနလက်ထောက်၊ အငြိမ်းစား)၊ ရှေးဟောင်းမြန်မာကျောက်စာများ(ပဥ္စမတွဲ) သက္ကရာဇ် ၇၀၀ ပြည့်နှစ်မှ ၉၉၇ ခုနှစ် စာတမ်းဖြစ်ပါ၏။

ထိုစာတမ်းစာအုပ်ကို အလွယ်တကူ ဖတ်ရှုနိုင်အောင် ရှာဖွေပေးသူကား ဆရာကြီး ဒေါက်တာဗိုလ်လေး၏သား ဒေါက်တာအောင်သူ [M.B.B.S(Ygn), Ph.D (Harvard), DSc(Harvard), DSc(Berlin)] ဖြစ်၏။ ထိုပုဂ္ဂိုလ်တို့၏ ကျေးဇူးကြောင့်သာလျှင် ကျွန်ုပ်မှာ ဤဆောင်းပါးကို ရေး ခြင်းဖြစ်ပါ၏။

**အသိတစ္ဆနမြို့သားများ**

ရွှေတိဂုံဘုရားကျောက်စာသည် နှစ်မျက်နှာရှိ သက္ကရာဇ် ၇၄၇ ခုနှစ်ဟု ဖော်ပြထားသော်လည်း ကျော စာရှင်ပုဂ္ဂိုလ်အမည် မတွေ့ရ။ ကျောက်စာရေးနည်းအတိုင် ပင် တိကျစွာ ပြန်လည်ကူးယူထားသည့် စာများဖြစ် နားလည်စေရန် ကြိုးစား၍ဖတ်ရ၏။ မြန်မာစာအဓိ သင်ယူစဉ်က တက္ကသိုလ်ဆရာများ၏ကျေးဇူးသည် ဤနေ တွင် အထောက်အကူ များစွာပေးလေ၏။

ထိုသို့ဖတ်ရှုရသောအခါ ကျွန်ုပ် ယခင်က ဖတ်ရှု ဖူး၊ သိရှိခဲ့ဖူးထားသည့် သမိုင်းအကြောင်းအရာများနှင့် ကွဲ ချက်များကိုလည်း တွေ့ရ၏။ လုံးဝမသိဖူးသေးသည့် အချ ကိုလည်း သိရ၏။ သို့ဖြစ်၍ ကျွန်ုပ်သိရှိရသော အချ အလက်များကို ကျွန်ုပ်၏ စာဖတ်ပရိသတ်များလည်း သိ





www.burmeseclassic.com

www.burmeseclassic.com

စေလို၍ ဤဆောင်းပါးအား ရေးခြင်းဖြစ်ပါ၏။

ငယ်စဉ်က ကျောက်စာဘာသာရပ်ကို ကြောက်စရာ အဖြစ် မြင်ခဲ့သော်လည်း ယခု အသက်ကြီးမှ ပြန်၍ဖတ်ရသောအခါ ကျောက်စာသည် ကြောက်စရာမဟုတ်တော့ဘဲ မြတ်နိုးနှစ်သက်ဖွယ်ရာ ဖြစ်လာကြောင်း နားလည်ရသည်။

ရွှေတိဂုံစေတီတော်ကြီး၏ မူလဒကာရင်းများ ဖြစ်ကြသော တဖုဿနှင့် ဘလ္လိက ညီနောင်တို့၏ နေရင်းဒေသကို ယခင်က ဥက္ကလာပလိုလို၊ ဥက္ကလရစ်လိုလို သိရှိခဲ့ရာမှ ယခု ဤကျောက်စာကို ဖတ်ရသည့်အခါကျမှပင် ထိုညီအစ်ကိုသည် "အသိတဉ္စနနဂိုရ်"ဟုခေါ်သော မြို့သားနှစ်ဦးဖြစ်ကြောင်း တိကျစွာ သိရ၏။

ထိုအကြောင်းကို ရွှေတိဂုံဘုရားကျောက်စာ၌ ဖော်ပြထားရာ ရှေ့ဘက်စာမျက်နှာ စာကြောင်းရေ ၂၅ တွင် -

ရာမညအရပ်၌ ပေါက္ခရဝတီဟူသော အသိတဉ္စနနဂိုရ်မည်သောပြည်၌ နေထသော တဖုဿ၊ ဘလ္လိကမည်သော...

ဟူ၍ ပါရှိ၏။ ထိုသို့ပါရှိရာ၌ ရာမညသည် ယနေ့ခေတ်ကဲ့သို့ တိုင်း၏အမည်ဖြစ်ပြီး ပေါက္ခရာဝတီ(သို့မဟုတ်) အသိတဉ္စနမြို့ဟု ခေါ်သည့် မြို့၌နေသည့် ကုန်သည်များဟူ၍ နားလည်ရမည်ဖြစ်၏။ သို့ဖြစ်၍ ကုန်သည်ညီနောင်၏ မူလမြို့မှာ ဥက္ကလာမဟုတ်၊ ဥက္ကလရစ်လည်း မဟုတ်ချေ။ အသိတဉ္စနမြို့သားများ ဖြစ်၏။


စာကြောင်းရေ ၂၆ သို့ ဆက်ဖတ်လိုက်သောအခါ

ညီအစ်ကိုဖြစ်ထသော ကုန်သည်နှစ်ယောက်သည် ငါးရာသော ကုန်သည်တို့နှင့်တကွ သင်္ဘောစီး၍ သမုဒ္ဒရာကို ကူး၍(ဥဒိုဂါ)မည်သော၊ (ကတဟ)မည်သော၊ ချောင်း၏အနားနှစ်ဖက်ကိုမှီသော ဥက္ကလရစ်သို့ ရောက်လေကုန်၏။

စာကြောင်းရေ ၂၇ ၌ -

ထိုဥက္ကလရစ်သည် တစ်ဖန် မဇ္ဈိမဒေသဖြစ်သော မဂရစ်သို့သွားလို၍ ငါးရာသောလှည်းကို က၍ မဇ္ဈိမဒေသသို့ ရှေးရှု၍ သွားလေကုန်၏။

ဟူ၍ ရေးသားထားသည်ကို တွေ့ရ၏။ ဤစာကြောင်းနှစ်ကြောင်းကို ဖတ်ရှုလိုက်သောအခါ ဥက္ကလရစ်ဆိုသည်မှာ မြန်မာပြည် အသိတဉ္စန(ဒဂုံ)မှ သင်္ဘောစီးသွားကြပြီး



ကပ်ရောက်သည့် အိန္ဒိယတောင်ပိုင်း ဆိပ်ကမ်းမြို့တစ်မြို့သာ ဖြစ်ပေလိမ့်မည်ဟု ယူဆဖွယ်ရာရှိ၏။ ထိုဥက္ကလရစ်မြို့မှ မဇ္ဈိမဒေသဖြစ်သော မဂရစ်အရပ်သို့ သွားသောအခါ၌သာ လှည်းငါးရာဖြင့် စီးနင်းသွားကြခြင်းဖြစ်၏။

## ဘဝဟောင်းက မိခင်နတ်သမီး

ထို့နောက် လှည်းငါးရာသည် ရှေ့ဆက်သွားရင်း ဒနေရဉ္စရာချောင်းသို့ ရောက်ကြ၏။ ထိုနေရဉ္စရာမြစ်သို့ရောက်သောအခါ အချို့သော စာပေများတွင် ဘဝတစ်ခုက ကုန်သည်ညီနောင်တို့နှင့် ညီအစ်ကိုတော်ဖူးသူဟူ၍လည်းကောင်း၊ မိတ်ဆွေတော်ဖူးသူဟူ၍လည်းကောင်း ဖော်ပြပါရှိ မှတ်သားခဲ့ဖူးသည်။ နတ်က လှည်းငါးရာကို ရှေ့ဆက်မသွားအောင် ဟန့်တားထားခဲ့သည်ဟု သိရှိခဲ့ရ၏။

ရွှေတိဂုံဘုရားကျောက်စာ၌မူ ဘုမ္မစိုးနတ်သမီးဟုဆို၏။ ကုန်သည်ညီနောင်တို့၏ အမိဖြစ်ခဲ့ဖူးသော နတ်ဟူ၍ ဆိုထားသည်ကို လေ့လာရလေ၏။ ထိုအကြောင်းကို ကျောက်စာ စာကြောင်းရေ ၃၀ ၌ -

တဖုဿ၊ ဘလ္လိကတို့၏ ဤအတ္တဘောက ရှေးလွန်လေပြီးသော ငါးခုမြောက်သော အတ္တဘော၌ အမိဖြစ်ဖူးသောသူသည် ထိုချင်းတို့ရောက်လေသောအရပ်၌ ဘုမ္မစိုးနတ်သမီးဖြစ်၍နေသော ထိုနတ်သမီးသည်...

ဟူ၍ ပါရှိ၏။ သို့ဖြစ်၍ လှည်းငါးရာအား ရှေ့ဆက်မသွားဘဲ ရပ်တန့်စေအောင် လုပ်သူသည် တဖုဿ၊ ဘလ္လိက ကုန်သည်ညီနောင်တို့၏ ရှေးဘဝငါးခုမြောက်ကာလက အမိ



www.burmeseclassic.com

www.burmeseclassic.com

တော်ခဲ့ဖူးသူ ဘုမ္မစိုးနတ်သမီးဖြစ်ကြောင်း သိသာပါ၏။

ထိုနတ်သမီးက လှည်းများကို ရပ်တန့်စေပြီး ကိုယ်ထင်ပြခဲ့၏။ ယခုအခါ ဤအရပ်တွင် ဘုရားပွင့်နေပြီဖြစ်ကြောင်း၊ ဘုရားရှင်သည် ရာဇယတန သစ်ပင်ရင်းမှာ စံနေကြောင်း၊ ထိုဘုရားရှင်အား ဆွမ်းကပ်စေလိုသောကြောင့် လှည်းငါးရာကို မသွားနိုင်အောင် တားမြစ်ထားရကြောင်း နတ်သမီးက ပြောပြကြောင်းကိုလည်း ဆက်လက်ဖော်ပြထား၏။

## ဆွမ်းဦးဒကာနှစ်ဦး

ထို့နောက် ကျောက်စာနံပါတ်(၂) ကျောဘက်စာမျက်နှာ စာကြောင်းရေ ၈ နှင့် ၉ တွင် -

. . . . . .မည်သော ညီအစ်ကိုဖြစ်သော ကုန်သည်နှစ်ယောက်သည် ထိုဘုမ္မစိုးနတ်သမီး၏ စကားကို ကြား၍ အာဟာရကျက်အံ့သမျှကိုလည်းကောင်း၊

မဓုပိဏ္ဍိတတည်းဟူသော ပျား၊ ထောပတ်၊ တင်လဲနှင့်စပ်သော မုန့်ဆုပ်ကိုလည်းကောင်း ရွှေလင်ပန်းဖြင့်ယူ၍ ဘုရားသခင်ထံသို့ . . . . .

ဟူ၍ပါ၏။ သို့ဖြစ်ရာ အာဟာရကျက်အံ့သမျှကို ဆိုခြင်းကြောင့် ဘုရားရှင်အား ဆွမ်းကပ်ကြသည်ဟု နားလည်ရမည်ဖြစ်၏။ ထောပတ်၊ တင်လဲနှင့် ပြုလုပ်ထားသော မုန့်ဆုပ်မှာ အချိုပွဲအနေဖြင့် ကပ်လှူကြသည်ဟု နားလည်ရမည်ဖြစ်၏။

ကျွန်ုပ်တို့ ဖတ်ရှုနားလည်ခဲ့ဖူးသည်မှာ ပျားရည်ဖြင့်လုပ်သော မုန့်တစ်မျိုးတည်း ကပ်သလိုလို မှတ်သားခဲ့ရဖူးပါ၏။ ယခုမှပင် ကုန်သည်ညီနောင်သည် မြတ်စွာဘုရားရှင်ဘုရားဖြစ်ခါစ ဆွမ်းဦးဒကာများဖြစ်ကြောင်း နားလည်ပီတိဖြစ်ရပါ၏။

## ဆံတော်အရေအတွက် စဉ်းစားဖွယ်

ရွှေတိဂုံဘုရားကျောက်စာတွင် အထူးစိတ်ဝင်စားဖွယ်ရာ ကောင်းသည်ကား ဆံတော်အရေအတွက်နှင့် ပတ်သက်သော အချက်အလက်ပင် ဖြစ်ပါ၏။ ရှေးရှေးကတည်းက ကျွန်ုပ်တို့ သိရှိမှတ်သားဖူးသည်ကား တဖုဿနှင်က ဘလ္လိက ကုန်သည်ညီနောင်တို့ လျှောက်ထားတောင်းခံသောကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ကိုးကွယ်ရန် ပေးသနားလိုက်သည်မှာ ဆံတော်ရှစ်ဆူ ဖြစ်၏။

ပြန်လာခဲ့သည့်လမ်းတွင် နဂါးမင်းက နှစ်ဆူကိုယူထားလိုက်၏။ ထို့နောက် ဘုရင်ကြီးတစ်ပါးကလည်း နှစ်ဆူယူထားလိုက်ပြန်၏။ သို့ဖြစ်၍ ကုန်သည်ညီနောင်တို့၏ မူရင်းဒေသ အသိတဥ္စနမြို့သို့ ရောက်သောအခါ ဆံတော်လေးဆူသာ ပါခဲ့သည်ဟုဆို၏။ ထိုအခါ ဥက္ကလာပမင်းကြီးက သူ့ခမည်းတော် သိကြားမင်းကြီးပြောထားသည်မှာ ဆံတော်ရှစ်ဆူ ရလာမည်ဖြစ်သည်။ ယခု လေးဆူသာ ပါလာသည်မှာ အဘယ်ကြောင့်နည်းဟု မေးမြန်းအပြစ်တင်လေ၏။

ကုန်သည်ညီနောင်လည်း ဥက္ကလာပမင်းကြီး၏ မင်းပြစ်မင်းဒဏ်ကို ခံရမည်စိုးသောကြောင့် သူတို့ထံမှ ဆံတော်လေးဆူ အခိုးခံခဲ့ရကြောင်း သစ္စာဆို၏။ အကယ်၍ သူတို့ညီနောင်သည် ဤဆံတော်များအား ဌာပနာကာ စေတီတော်တည်ရမည့် ဘုရား၊ စေတီ ဒကာအရင်းများဖြစ်ပါက ဆံတော်ရှစ်ဆူစလုံး ပတ္တမြားကြုတ်အတွင်းသို့ ရောက်ရှိနေပါစေဟု တိုင်တည်သစ္စာဆိုခြင်းဖြစ်၏။

ထိုအခါ ပတ္တမြားကြုတ်ထဲတွင် မူရင်းဘုရားရှင်ကိုယ်တော်မြတ်ကြီး ပေးသနားလိုက်သည့်အတိုင်း ရှစ်ဆူပြန်၍ ဖြစ်နေသည်ဆို၏။ သို့ဖြစ်၍ ရွှေတိဂုံစေတီတော် ဌာပနာတိုက်အတွင်းရှိ ဂေါတမဗုဒ္ဓဘုရားရှင်၏ ဆံတော်မြတ်သည် ရှစ်ဆူတိတိ ရှိနေသည်ဟု မှတ်ယူခဲ့ကြ၏။

သို့သော်လည်း ရွှေတိဂုံဘုရားကျောက်စာကို သေသေချာချာ ဖတ်ကြည့်မိသောအခါတွင် တစ်မျိုးတစ်မည် ဖြစ်နေကြောင်း တွေ့ရှိရလေတော့၏။

ရွှေတိဂုံဘုရားကျောက်စာ ကျောဘက်မျက်နှာစာကြောင်းရေ ၂၁ မှစ၍ အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါ၏။

၂၁ . . .ကိုလျှင် ပေးတော်မူပါစေသောဟူ၍ တောင်းပန်ကုန်၏။ ဘုရားသခင်လည်း လက်ျာလက်တော်ဖြင့် ခေါင်းတော်ကိုသပ်၍ ဆံတော်ရှစ်ချောင်းကိုရ၍ ထိုကုန်သည် . . .

၂၂ . . .နှစ်ယောက်အားပေးတော်မူ၏။ ထိုကုန်သည် နှစ်



www.burmeseclassic.com

www.burmeseclassic.com

ယောက်တို့လည်း မိမိခေါင်းထက်၌ ရွှေကြုတ်ဖြင့် ထိုဆံတော်ရှစ်ချောင်းကိုခံ၍ လုပ်ဆောင်အပ်သော မိမိကိစ္စတို့ . . .
၂၃ . . .သည် ပြီးစီးပြီးသော် ပြန်လတ်၍ ဥက္ကလာရစ်သို့ရောက်သောအခါ သင်္ဘောစီး၍ သမုဒ္ဒရာကို ကူးလတ်၍ အသိတဥ္စနနဂိုရ်မည်သော မိမိအရပ်သို့ ရောက်ပြန်လတ်တုံ၏။
၂၄ . . .အရပ်သို့ ရောက်ပြန်လာသောအခါ လူတကာတို့အပေါင်းအား ကုသိုလ်ကောင်းမှုဖြစ်ပါစေလိုသောကြောင့် မိမိသွားရာရာ ပူဇော်အံ့သောငှာ ဆံတော်နှစ်ချောင်းကို ထား၍ ဆံတော် . . .
၂၅ . . .ခြောက်ချောင်းကို ရွှေကြုတ်၌ထည့်၍ အသိတဥ္စနနဂိုရ်၏ အရှေ့မျက်နှာ၌ရှိသော တမ္ဗဂုတ္တတောင်ထိပ်ထက်၌ ဌာပနာ၍ စေတီလည်းကောင်း။ စေတီယကို
၂၆ . . .လည်းကောင်း ပြု၍ပူဇော်ကုန်၏။ သွားရာရာ ဆောင်အံ့ဟူ၍ သင်းတို့ထားသော ဆံတော်နှစ်ချောင်းကို တမူကား။ သင်းတို့၏ မေ့လျော့သောအဖြစ်ကို ကြည့်၍ ဘယသေနမည်
၂၇ . . .သော နဂါးမင်းသည် ထိုဆံတော်နှစ်ချောင်းကို ယူ၍ ဘူမိန္ဓရမည်သော နဂါးပြည်သို့ဆောင်လေ၍ ပူဇော်ပသ၏။ ထိုအခါကသည် နောင်သောအခါ၌ သိင်္ဃိုကျွန်း၌ကား . . .
၂၈ . . .ကာကဝဏ္ဏတိဿမည်သော မင်းကြီးသည် သေရုပြည်နှင့် နီးသောအရပ်၌ နဖူးသင်းကျစ်မည့်သော နလာတဓာတ်ကို ဌာပနာ၍ စေတီတည်လိုသောကြောင့် ဓာတ်တော်ဌာပနာရာဖြစ်ေ . . .
၂၉ . . .သာ ကျောက်သရေတိုက်ကို ပြုစေပြီး၍ ဘုရားဆင်းတုတော်ကို လေးပြုစေပြီး၍ ထိုဆင်းတုတော်၏နဖူး၌ နလာတဓာတ်ကို တည်ပြီး၍ ဘုရားဆင်းတုတော်၏ နဖူး၌တမူ . . .

အထက်ပါ ကျောက်စာ စာကြောင်းကိုးကြောင်းကို ဆက်စပ်ဖတ်ရှုကြည့်လိုက်သောအခါ တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့သည် မြတ်စွာဘုရားအား ကိုယ်စား ပူဇော်ရန် တောင်းပန်သောကြောင့် ဆံတော်ရှစ်ဆူ ပေးလိုက်သည်မှန်၏။ ရွှေကြုတ်ထဲသို့ ထည့်သွင်းခဲ့သည်လည်း မှန်၏။

သို့သော် အသိတဥ္စနနဂိုရ်(ဒဂုံ)သို့ ပြန်ရောက်သောအခါတွင်ကား ဆံတော်အရေအတွက် အနေအထား တစ်မျိုးဖြစ်သွား၏။ ကျောက်စာ စာကြောင်းရေ ၂၄ တွင် မိမိသွားရာရာ ပူဇော်အံ့သောငှာ ဆံတော်နှစ်ချောင်းကိုထား၍ဟု ဖော်ပြပါရှိ၏။ သို့ဖြစ်၍ စေတီ၌ ထည့်သွင်းပူဇော်သည်မှာ ဆံတော်ရှစ်ဆူ မဟုတ်တော့ချေ။

တစ်ခါ စာကြောင်းရေ ၂၅ ၌ ခြောက်ချောင်းကို ရွှေကြုတ်၌ထည့်၍ အသိတဥ္စနနဂိုရ်၏ အရှေ့မျက်နှာ၌ရှိသော တမ္ဗဂုတ္တတောင်ထိပ်ထက်၌ ဌာပနာ၍ စေတီလည်းကောင်း . . .

ဟူ၍ ပါရှိပြန်၏။ သို့ဖြစ်ရာ ရွှေတိဂုံစေတီတော်အတွင်း ဌာပနာသောဆံတော်မှာ ကျွန်ုပ်တို့အများစု သိမှတ်ထားသကဲ့သို့ ရှစ်ဆူတိတိမဟုတ်တော့ဘဲ ခြောက်ဆူသာ ဖြစ်နေတော့၏။

ကုန်သည်ညီနောင်နှစ်ပါး ပူဇော်ရန် ဆောင်ယူထားသော ဆံတော်နှစ်ဆူကို ဇယသေနအမည်ရှိသည့် နဂါးမင်းက ယူဆောင်သွားပြီး ဘူမိန္ဓရအမည်ရှိသည့် နဂါးပြည်၌ ပူဇော်ထားကြောင်း သိရ၏။

ထို့နောက် သိင်္ဃိုကျွန်းကိုအုပ်စိုးသော ကာကဝဏ္ဏတိဿအမည်ရှိသည့် မင်းကြီးသည် သူတို့နေရာ၌ စေတီတည်သော နဖူးသင်းကျစ်တော်ကို ဌာပနာပြီးရုံဖြင့် မကျေနပ်နိုင်သေးဘဲ ဘုရားရှင်၏ ဆံတော်ကိုပါ ထည့်သွင်းဌာပနာလိုစိတ် ပေါ်လာပြန်လေ၏။

စာကြောင်းရေ ၃၀ မှ ၃၄ အထိ ဆက်၍ဖတ်ကြည့်လိုက်သောအခါ သိင်္ဃိုပြည့်ရှင် ကာကဝဏ္ဏတိဿမင်းကြီးသည် သူတည်သောစေတီ၏ ဆင်းတုတော်၌ နလာတဓာတ်ကို ထည့်ရပြီဖြစ်သော်လည်း ဆင်းတုတော်၏ ဦးခေါင်းတော်မှာ ဆံတော်ဓာတ်ထည့်ချင်သေးသည်ဟူ၍ စူလပိဏ္ဍိပါတိကတိဿ မဟာထေရ်ကြီးအား လျှောက်ထားတောင်းပန်ခဲ့ကြောင်း ဖော်ပြထား၏။

ထိုအရှင် စူလပိဏ္ဍိပါတိကတိဿ မဟာထေရ်ကြီးသည် သူထံပါး၌နေသော အရှင်သီဝထေရ်အား ဘယသေနအမည်ရှိသည့် နဂါးမင်းထံမှ ဆံတော်ကို ယူဆောင်စိမ့်သောငှာ ဘူမိန္ဓရနဂါးပြည်သို့ စေလွှတ်လိုက်သည်။ နဂါးမင်း ရောက်သောအခါ နဂါးမင်းက -

"ငါ့ထံမှာ ဆံတော်မရှိ၊ ငါ့ရှင်မြင်ရင် ယူသွားနိုင်တယ်" ဟု ဆိုလေ၏။ အရှင်သီဝထေရ်လည်း နဂါးမင်းကို ကတိသုံးကြိမ်ယူပြီး သူ၏တန်ခိုးဖြင့် ဆံတော်နှစ်ဆူကိုယူ၍ သိင်္ဃို



www.burmeseclassic.com

www.burmeseclassic.com

ပြည်သို့ ပြန်လာကာ ကာကဝဏ္ဏတိဿမင်းကြီးအား ပေးခဲ့သည်ဆို၏။

သို့ဖြစ်၍ အထက်ပါစာကြောင်းများကို ခြုံယူဆင်ခြင်ကြည့်လိုက်သောအခါ ရွှေတိဂုံဘုရားကျောက်စာအရ ရွှေတိဂုံစေတီ ဌာပနာအတွင်း၌ ဆံတော်ခြောက်ဆူသာ ရှိကြောင်းသိရ၏။ ကျန်နှစ်ဆူမှာ သိဃ်ိုပြည်ရှိစေတီ၌ ကိန်းဝပ်နေကြောင်း နားလည်ရ၏။ ကျွန်ုပ်တို့ ယခင်သိထားသည့် ရှစ်ဆူအပြည့် မဟုတ်ပြန်တော့ချေ။

သိဃ်ိုပြည်ရှိ စေတီ၌ ဆံတော်နှစ်ဆူရှိကြောင်းကို အောက်ပါ ရွှေတိဂုံဘုရား ကျောက်စာမျက်နှာ စာကြောင်းရေ ၃၄ အရ တိကျစွာ သိရစေနိုင်သည်။

၃၄ . . . ကာကဝဏ္ဏတိဿမင်းကြီးလည်း ဆံတော်ဓာတ်ကို ထိုဘုရားဆင်းတုတော်၏ ခေါင်းတော်ထက်ထည့်၍ ထိုစေတီ ဌာပနာရာ ကျက်သရေတိုက်၌ ဘုရားဆင်းတုတော်ကို ဌာပနာ၍ ထိုစေတီကို ပြီးအောင်လုပ်စေ၏။

အထက်ပါ စာပိုဒ်များကို ဖတ်ရှုလေ့လာရသောအခါ ကျွန်ုပ်သည် အသက်ငါးဆယ်ကျော်မှပင် အသိသစ်တစ်ခု တိုးရလေတော့၏။

## အစ်ကိုသောတာပန်၊ ညီရဟန္တာ

ထို့နောက် ရွှေတိဂုံဘုရား ကျောက်စာ ကျောဘက်စာမျက်နှာ စာကြောင်းရေ ၄၇ အထိ ဆက်၍ဖတ်လိုက်သောအခါတွင်ကား နောက်ထပ်မသိရသေးသော အကြောင်းအရာများကို ထပ်မံ၍ သိရှိရပြန်လေ၏။

ထိုအကြောင်းအရာများကား တဖုဿနှင့် ဘလ္လိကကုန်သည်ညီနောင်သည် ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ဇေတဝန်ကျောင်းတော်၌ သွားရောက်ဖူးမြော်ကြသောအခါ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သူတို့ညီအစ်ကိုနှစ်ယောက်အား ရှေးဦးစွာ သရဏဂုံကိုယူသော ဥပါသကာများထဲတွင် အသာဆုံး၊ အမြတ်ဆုံး တေဒဂ်ဘွဲ့ကို ပေးတော်မူလေ၏။ ထို့နောက် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အစ်ကိုဖြစ်သော တဖုဿသည် သောတာပန်ဖြစ်၍ ညီဖြစ်သော ဘလ္လိကသည် အဘိညာဉ်ခြောက်ပါးရှိသော ဘလ္လိကထေရ်မည်သော ရဟန္တာဖြစ်လိမ့်မည်ဟု ဗျာဒိတ်ပေးလေ၏။

## အသိတဉ္ဇန မြို့ဟောင်းနေရာ

တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့၏ ဇာတိချက်ကြွေ အသိတဉ္ဇနမြို့နေရာသည် ရန်ကုန်မြို့၏ အဘယ်အပိုင်းတွင်ရှိမည်နည်းဟု စဉ်းစားကြည့်သောအခါတွင် ရွှေတိဂုံဘုရား ကျောက်စာ ကျောဘက်စာမျက်နှာ စာကြောင်းရေ ၂၅ တွင်ပါသည့် အကြောင်းအရာကို ဆန်းစစ်ကြည့်မိ၏။

**အသိတဉ္ဇနမြို့၏ အရှေ့မျက်နှာ၌ရှိသော တမ္ဗဂုတ္တတောင်ထိပ်ထက်၌ ဌာပနာ၍ -**

ဟူ၍ ပါရှိ၏။ တမ္ဗဂုတ္တတောင်ထိပ်ဆိုသည်မှာ ယခု ရွှေတိဂုံစေတီတော်တည်ရှိရာ တောင်ကုန်းပင်ဖြစ်၏။ သို့ဖြစ်ရာ တမ္ဗဂုတ္တတောင်သည် အသိတဉ္ဇနမြို့၏ အရှေ့အရပ်၌ ရှိသည်ဆိုပါက အသိတဉ္ဇနမြို့သည် ရွှေတိဂုံစေတီ၏ အနောက်ဘက်တည့်တည့်အရပ်တွင် ရှိရမည်ဖြစ်၏။

သို့ဖြစ်၍ အသိတဉ္ဇနမြို့ဟောင်းနေရာသည် ဒဂုံမြို့နယ် အလုံ၊ စမ်းချောင်းနှင့် ကြည့်မြင်တိုင်မြို့နယ်တစ်ဝိုက်တွင် ဖြစ်နိုင်ချေရှိပါ၏။ ထိုမြို့နယ်သားများအနေနှင့် ရွှေတိဂုံစေတီ သံတော်ရှင်ဒကာတို့၏ မြို့သားများအဖြစ် ကြံဖန်၍ ဂုဏ်ယူမည်ဆိုက ယူနိုင်ကြပါ၏။

ကျွန်ုပ်သည် ရွှေတိဂုံစေတီကျောက်စာကို ဖတ်ရှုရခြင်းအားဖြင့် မိမိမသိသေးသည်များကို သိရခြင်း၊ သိပြီးသားကွဲလွဲချက်များကို မှတ်တမ်းတင်နိုင်ခြင်း စသည့် အကျိုးထူးများကို များစွာရရှိခဲ့လေ၏။ ကျွန်ုပ်၏ စာဖတ်ပရိသတ်များလည်း ထိုအကျိုးထူးများကို ရရှိနိုင်ကြပါစေသတည်း။

ဇေယျဝတာသဗ္ဗမင်္ဂလံ

**လင်းရောင်တင်**


<u>ကျမ်းကိုး</u>

ဖတ်ရှုရေးသားစီစဉ်သူ
ဦးငြိမ်းမောင် (သုတေသနလက်ထောက်-အငြိမ်းစား)
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန ဦးစီးဌာန။
"ရှေးဟောင်းမြန်မာကျောက်စာများ" (ပဉ္စမတွဲ)
သက္ကရာဇ် ၈၀၀ ပြည့်နှစ်မှ ၉၉၈ ခုနှစ်။



www.burmeseclassic.com

www.burmeseclassic.com



# ရွှေတိဂုံစေတီတော် မုခ်လေးဝကျင့်စဉ်ထူး

အောင်မြင်စိုး

ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောမြွက် မိန့်ဖော်ခဲ့သော သုတ်၊ အဘိဓမ္မာ၊ ဝိနည်းတော် စသည့် ပိဋကတ်သုံးပုံ၏ ဖြစ်ပေါ်လာပုံအကြောင်းအရာစုံတို့ကို နှုတ်ငုံအာဂုံဆောင်၍သော်လည်းကောင်း၊ ကျောက်စာများ ထွင်းထု၍သော်လည်းကောင်း အစရှိ၁ဖြင့် ပေထက်အက္ခရာတင် ကမ္ပည်းထိုးကြလေကုန်ပြီး သာသနာတစ်လျှောက်လုံး ကျင့်ကြံကြိုးစားပွားများအားထုတ်ကြစေခြင်းအကျိုးဟာ ကောင်းစွာ ပွင့်ထွန်းပေါ်ပေါက်လာရ၏။ ထို့အတူ ရေးသူဟောင်း၊ ပညာရှိ၊ သူတော်စင်၊ သူမြတ်လောင်းတို့၏ ဂါထာ၊ မန္တန်၊ မန္တရားတို့သည်ကား အတုလံ အတုမရှိ အနှိုင်းမဲ့ ဗုဒ္ဓ၏ ဟိတ်တန်ခိုး၊ တရား၏ ဟိတ်တန်ခိုး၊ သံဃာ၏ ဟိတ်တန်ခိုးတို့ကို အမှီပြုလျက် လက်ဖြင့်သော်လည်းကောင်း၊ စကားပြေဖြင့်သော်လည်းကောင်း ကျောက်သား၊ ပေရွက်၊ စက္ကူ၊ ပုရပိုက်တို့ဖြင့် ခြင်ရေးသားလျက် နောင်လာနောက်သားတို့ အခိုင်အမာ မှတ်သားစေနိုင်ရန် ပြုစုထားခဲ့ခြင်းတို့မှာလည်း သမိုင်းအထွေထွေ ဖြစ်ပါသည်။

ယခု သံ၊ ဂုံ၊ ပ၊ မ ဗုဒ္ဓလေးဆူ အောင်တော်မူသော အောင်မြေဌာန၊ မြတ်ဌာနဖြစ်တော်မူသည့် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မုခ်လေးဝ အဓိဋ္ဌာန်ကျင့်စဉ်ထူးကို အစီအရင်ခံ တင်ပြပါမည်။ အစီရင်ခံတင်ဆက်ခြင်းဆိုတာထက် မှန်ကန်သော၊ အကျိုးပေးသန်သော လက်တွေ့ ဖြစ်ရပ်များအတိုင်း တင်ပြခြင်းပါ။ ကိုယ်တွေ့အောင်မြင်ခဲ့သူတို့၏ အကြောင်းများစွာရှိပါသည်။

ကုန်းတော် ၉၉ လုံးမြောက် သိင်္ဂုတ္တရကုန်းတော်မြတ် ရွှေတိဂုံစေတီတော်ကြီးမှ နေရာအသီးသီးတို့၏ အံ့သြဖွယ်ရာအဖြာဖြာ၊ လျှို့ဝှက်ချက်အဖုံဖုံ ဆန်းကြယ်ပုံအခန်းခန်းနှင့် ပြည့်စုံထူးထွေလှပြီး မြန်မာ့ရိုးရာတိုင်းရင်းသားအပေါင်းတို့၏ ကျက်သရေဆောင်မှန်ကင်း၊ ယဉ်ကျေးမှုအနုပညာစွယ်စုံခရာ၊ သာသနာအစ ရွှေတိဂုံကာ၊ ရွှေနန်းပြာသာဒ်၊ မြတ်သောဦးသျှောင်၊ ဘာသာတရား၏ ရွှေထီးမကိုဋ်၊ ပညာစဉ်၊ စခန်းစဉ်စုံလင်သည့် အဖိုးအနဂ္ဃထိုက်သော ပညာပဒေသာဘုံဗိမာန်တော်ကြီးဟု ညွှန်းဆိုဖွဲ့အပ်သော မဟာရွှေတိဂုံစေတီတော်မြတ်ကြီး၏ မုခ်လေးဝ အဓိဋ္ဌာန်ကျင့်စဉ်ထူး ဖြစ်ပါသည်။

## အဓိဋ္ဌာန်ဝင်ရောက်ပုံ

မြန်မာပြက္ခဒိန်၏ မြန်မာလပြည့်နေ့၊ မြန်မာလဆန်းနေ့၊ လပြည့်ကျော်နေ့ (အင်္ဂါနေ့)များနှင့် တိုက်ဆိုင်ပါက အစဉ်အတိုင်း နေ့များအလိုက် ပိုမိုသာလွန်ကောင်းမြတ်ပါသည်။ နံနက် ၉ နာရီ၊ ၉ မိနစ်၊ ၉ စက္ကန့်မှ စတင်ပြီး ည ၉ နာရီ၊ ၉ မိနစ်၊ ၉ စက္ကန့်အတွင်း နောက်ဆုံးထား၍ အဓိဋ္ဌာန်ဝင် ပူဇော်ရပါမည်။

သို့သော် ဒုတိယဦးစားပေးအားဖြင့် မိမိတို့ ဆိုင်ရာမွေးနေ့များအလိုက် မွေးနေ့မသိသူများဆိုပါက မိမိအမည်၏ အရင်းလုံးနေ့အလိုက် (ဥပမာ-ဇာဏီ



www.burmeseclassic.com

www.burmeseclassic.com

မောင် ဆိုပါက ဇာ = အင်္ဂါနေ့) အဓိဋ္ဌာန် ဝင်ရပါမည်။

မိမိတို့၏ မွေးနေ့နံနက် ၉ နာရီမှ ၁၀း၃၀ နာရီအတွင်းမှာဖြစ်စေ၊ အချိန်မရပါက ည ၉ နာရီမှ ၁၀း၃၀ နာရီ အတွင်း ဖြစ်ပါသည်။

တတိယအချက်အားဖြင့် အထူးအရေးကြီးပါက နေ့ရက်၊ အချိန်မရွေးဘဲ စီစဉ်ဆောင်ရွက်နိုင်ပါသည်။

ဦးစွာပထမ မိမိတို့နှင့်ဆိုင်သော သရဏဂုံနှင့် သီလတော်မြတ်တို့ကို နှစ်သက်ရာ သီလ ၅၊ ၈၊ ၉၊ ၁၀ ပါး သီလအလိုက် မွေးနံထောင့်မှာ ခံယူကျင့်သုံးဆောက်တည်လိုက်ပါ။

ထို့နောက် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ မူလဒါယကာဖြစ်တော်မူသော ဥက္ကပမင်းကြီး၏ ရုပ်တုတော်ရှိရာ အနောက်မြောက်အရပ်၊ ရာဟုထောင့် ပထမပစ္စယာ စိန်တောင်ရေ့တွင် ခြေစုံရပ်၍ မူလဒါယကာဥက္ကလာပမင်းကြီးနှင့်တကွ ရွှေတိဂုံစေတီတော် မူလဒါယကာများအား မိမိတို့ကောင်းမှုအစု၏ အဖို့ဘာဂကို သီးသန့်အမျှအတန်း ပေးဝေပေးပါ။ မေတ္တာပေးပို့ မေတ္တာဓာတ် ခံယူပါ။ လိုရာဆု သီးသန့်အထူးဆုတောင်းပါ။ အံ့သြဖွယ်ရာ ပြည့်စုံပါမည်။ ဆုတောင်း၊ ဆုယူ သစ္စာခံပြုလုပ်ပေးပါလေ။

စီးပွားရေးလုပ်ငန်းများ ခက်ခဲခြင်း၊ လုပ်ငန်းကိစ္စများ အဆင်မပြေခြင်း၊ ကျန်းမာရေး ချို့တဲ့မကောင်းမွန်ခြင်းတို့အတွက်မှ ကကုသန်ဘုရားရုပ်ပွားတော်မြတ်ရှိရာ တနင်္လာထောင့်မှန်သို့ သွားရောက်နေရာယူပါ။ ကကုသန်ဘုရားရုပ်ပွားတော်မြတ်ကို တောင်ဝှေးတစ်ချောင်း လှူပါ။ ဌာပနာထားသော ဘုရားရှင်၏ ပရိဘောဂ အသုံးအဆောင်ပစ္စည်း ဖြစ်ပါသည်။ အောက်ပါ ကကုသန်ဘုရားရှိခိုးကို ကိုးခေါက်ရွတ်ပါ။

## ရန်သူမဖမ်းမိအောင်ပုန်းသော ဂါထာ

**စတ္တာရီရိယသစ္စာနိ၊ ကတ္တာ သန္တော၊ မဟာမုနိ၊ ကာယာနိစ္စာ ရဇ္ဇပဘာ၊ ဒွိဒသယောဇနေ၊ စတ္တာ ဘိသ ဟသသာနိ၊ အာယုတဿ အနုတ္တရော၊ ကရောတုမေ၊ မဟာနာထောအာယု တဿမဟာသိနော။**

ထို့နောက် တနင်္လာထောင့်ဖြစ်ပါ၍ မြတ်စွာဘုရား၏ ဂုဏ်တော်ကိုးပါး အနက် အမှတ်(၂)ဂုဏ်တော်မြတ်ဖြစ်သော "ဣတိပိသောဘဂဝါ သမ္မာသမ္ဗုဒ္ဓေါ" ကို ၁၀၈ လုံး ပုတီးကုံးဖြင့် ပုတီးပတ်ရေ ၁၅ ပတ် စိပ်ပါ။ ကံ့ကော်သားပုတီးဆိုလျှင် ပိုမိုကောင်းမွန်ပါသည်။

ဦးစွာ ပုတီးခေါင်းကို ညာဘက်နလုံးသားနှင့်ထိပြီး နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ သုံးကြိမ်ရွတ်ဆိုပါ။ ပုတီးပတ်ပြီးပါလျှင် မျက်နှာကို ပုတီးဖြင့်သပ်ချပြီး "ဣစ္ဆိတံ ပတ္ထိတံ မယှံခိပ္ပမေဝ သမိဇ္ဈတု" ဟု သုံးကြိမ်ရွတ်ပွားပေးပါ။ ညှိုးငယ်၊ ညှိုးနွမ်းစေသော လက်ညှိုးနှင့် မစိပ်မူဘဲ လက်မ၊ လက်ခလယ်ဖြင့် စိပ်သင့်ပါသည်။ လှူဖွယ်ဒါနခန်းပါခြင်းအားဖြင့် လာဘ်ခေါ်အဆင်ပြေ၊ ဆုတောင်းပိုမြောက်သည် မဟုတ်ပါလော။

အလိမ်အညာခံရခြင်း၊ ပစ္စည်းအတုအစစ် ခွဲခြားနိုင်ခြင်း၊ မိမိဘဝအတွက် မှန်ကန်သော စစ်မှန်ပုဂ္ဂိုလ်များဖြင့် လက်တွဲလျှောက်လှမ်းလိုခြင်းတို့အတွက်မှ ဗုဒ္ဓဟူးထောင့်ရှိ ဂေါတမဂုံမြတ်စွာဘုရား၏ ဌာပနာထားသော ရေစစ်တော်ကို အာရုံနိမိတ်ယူ၍ ရေစစ်တစ်ခု လှူဒါန်းလိုက်ပါ။ ကောဏာဂုံမြတ်စွာဘုရားဂါထာတော်ဖြင့် ကိုးခေါက် စတင်ပွားများပါ။

## ချမ်းသာရေး
## ကိုယ်ပိုင်မတွေ့ခဲ့သော ဂါထာ

**ဂေါနာဂမနသမ္ဗုဒ္ဓေါ၊ တိံသရတနမုဂ္ဂထော၊ တိံသဝဿ သဟဿာနိ၊ အာယုတဿ မဟေသိနော။**

**ဓမ္မာမတေနဋ္ဌပေတွာ ဒေဝသံဃံ၊ သူရာသယေမဟိ လောကနာထ၊ သဒါသောတ္ထိ ကရောတုမေ။**

ပြီးလျှင် ဗုဒ္ဓဟူးထောင့်ဖြစ်သည့်အတိုင်း ဗုဒ္ဓမြတ်စွာဘုရား ဂုဏ်တော်ကိုးပါးမှ အမှတ်(၄)ဂုဏ်တော်ထူးဖြစ်တော်မူသော "ဣတိပိသောဘဂဝါ သုဂတောသိဒ္ဓိ"ကို ဗုဒ္ဓဟူး၏ ဂြိုဟ်သက်အတိုင်း ၁၀၈ လုံး ပုတီးကုံးဖြင့် ၁၇ ပတ်တိတိ စိပ်ရပါမည်။ မစိပ်မီ ပုတီးခေါင်းကို ညာဘက်နှလုံးသားနှင့်ထိထားပြီး နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ သုံးကြိမ်ရွတ်ဆိုပါ။ စိပ်ပြီးပါလျှင် "ဣစ္ဆိတံ ပတ္ထိတံ မယှံခိပ္ပမေဝ သမိဇ္ဈတု"ဟု သုံးကြိမ်ရွတ်ပြီး မျက်နှာကိုသပ်ချပါ။ လက်မ၊ လက်ခလယ်နှင့် စိပ်ခြင်းက အကျိုးထူး ပိုမိုလျင်မြန်ထိရောက်စေပါသည်။ ရှေးသူဟောင်းတို့က ဆေးမွှေပါက လက်ညှိုးကိုလွတ်၍ လက်ခလယ်ဖြင့်သာ မွှေလေ့ရှိသော ရှေးထုံးကို ပြန်လည်သတိရပါ။ လင်းလွန်း၊ (သို့) ဗုဒ္ဓဟူးနံ့သားပုတီးဖြင့် စိပ်နိုင်သည်။

အိုးအိမ်၊ တိုက်တာ၊ စည်းစိမ်ချမ်းသာ၊ ခြံ၊ မြေ၊ ယာဉ်၊ ကား၊ စက်ပစ္စည်း ကိစ္စရပ်များ နှောင့်ယှက်ဖျက်ဆီးခံရခြင်း၊



www.burmeseclassic.com

www.burmeseclassic.com

ပျက်စီးခြင်း၊ မှုခင်းပြသနာများ ရင်ဆိုင်နေခြင်ရခြင်းတို့ ဖြစ်ခဲ့ပါမူ အနောက်ဘက်အရပ် ကြာသပတေးထောင့်တွင် သီတင်းသုံးစံမြန်းတော်မူသည့် ကဿပမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ အထံတော်ရှေ့မှောက်သို့ ဝင်ရောက်ခစားပါ။ ထို့နောက် ရွှေတိဂုံစေတီတော်မြတ်ကြီးအတွင်း ဌာပနာထားသော ကဿပဘုရားရှင်၏ သင်းပိုင်တော်(ရေသနပ်တော်)ကို အာရုံပြု၍ သင်းပိုင်လှူဒါန်းပါ။ ပြီးလျှင် ဗားမဲ့ဆရာတော် လက်တွေ့ကျမ်း ပထမလာ ကဿပဘုရားရှင်၏ ဂါထာတော်ကို ကိုးခေါက် စတင်ရွတ်ပွား ပူဇော်ပါလေ။

### ဆွေမျိုးအတွက်
### စီးပွားတိုးတက်စေနိုင်သော ဂါထာ

ကဿပေါနာမ သမ္ဗုဒ္ဓေါ၊ ဓမ္မရာဇာ ပဘင်္ကရော၊ ဝီသတိ ဟတ္ထမုဗ္ဗေ ဓောဝီသဟိ သဟဿာယုကော။

အနုပ္ပမော စ အသမော ဒေဝ သတ္ထာ အနုတ္တရော ကရောတုမေ၊ မဟာသန္တိံ အရောဂျဥ္စသုခံသဒါ။

ပုတီးကို သတ်မှတ်ထားသော နည်းစနစ်များအတိုင်း ကိုင်တွယ်ပြီး ကြာသပတေးထောင့်ဖြစ်သည့်အားလျော်စွာ မြတ်ဗုဒ္ဓဂုဏ်တော်ကိုးပါးမှ အမှတ်(၅)ဂုဏ်တော်ဖြစ်သည့် “ဣတိပိ သောဘဂဝါ လောကဝိဒူသိဒ္ဓိ”ဂုဏ်တော်ကို ကြာသပတေးဂြိုဟ်သက်အလိုက် ၁၉ ပတ်တိတိ စိပ်ရပါမည်။ ပိတောက်သားပုတီးဖြင့်စိပ်လျှင် အကောင်းဆုံး ဖြစ်ပါလိမ့်မည်။

မိသားစု အိမ်တွင်းရေးကိစ္စများ၊ အိမ်ထောင်ဖက်အချင်းချင်း အိမ်ထောင်ရေး အဆင်မပြေခြင်း၊ မိမိ၏ အထက်လူကြီး၊ ကြီးကဲအုပ်ချုပ်သူ၏ အထင်မြင်လွဲမှားခံရခြင်းများ ဖြစ်ပေါ်ခံစားခဲ့ရပါမူ မြောက်ဘက်အရပ် သောကြာထောင့်ရှိ မှန်ဝတွင် ကြွမြန်းသီတင်းသုံးနေထိုင်တော်မူသည့် ဂေါတမမြတ်စွာဘုရား၏ ကျောင်းဆောင်တော်ရှေ့မှောက်သို့ သွားရောက်ဆည်းကပ်ပူဇော်ပါ။ ထို့နောက် ဂေါတမဘုရားရှင်၏ ဆံတော်ဌာပနာထားခြင်းကို အာရုံပြုတမ်းတနိမိတ်ယူလျက် မိမိ၏ နှစ်သက်မြတ်နိုးရာ အာရုံကျသည့် မည်သည့်ပစ္စည်းမဆို ပေးလှူပါ။ ထို့နောက် ဂေါတမဘုရားရှင်၏ဂုဏ်တော်ကို ပူဇော်ထားသော ဂါထာတော်ကို ကိုးခေါက် ကျူးရင့်ပူဇော် ရွတ်ပွားလိုက်ပါ။

### သားစဉ်မြေးဆက်
### စီးပွားတိုးတက်စေနိုင်သော ဂါထာ

အဋ္ဌာရသဟတ္ထုဗ္ဗေဓော၊ ဂေါတမ သကျဝဍ္ဎနော သဗ္ဗညူ။ သဗ္ဗလောကာ သုခပ္ပဒေါ။

သမ္ဗုဒ္ဓေါ သဗ္ဗဓမ္မာနံ၊ ဘဂ္ဂေ ဘဂဝါယုကော၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သောတ္ထိအာရောဂျံ ဒဒါတုမေ။

နည်းစနစ် ဖော်ပြထားပြီးသည့် ပုတီးကိုကိုင်တွယ်ပြီး သောကြာထောင့်ဖြစ်ပါ၍ ဘုရားဂုဏ်တော်ကိုးပါးထဲမှ အမှတ်(၆)ဂုဏ်တော်ဖြစ်သည့် “ဣတိပိ သောဘဂဝါ အနုတ္တရောပုရိသ ဓမ္မသာရထိ သိဒ္ဓိ”ဂုဏ်တော်ကို သောကြာဂြိုဟ်သက်အလိုက် နှစ်ပတ်စိပ်၍ အဓိဋ္ဌာန်ဝင် ပူဇော်ရပါမည်။ သီး (သို့) သီဟိုဠ်သားပုတီးကို အသုံးပြုနိုင်ပါ၏။

မိမိတို့၏ အဓိဋ္ဌာန်ဝင်ပုတီးစိပ်သည့် မှန်ဝ၊ တန်ဆောင်းတော်ကြီးသည် အခါအားလျော်စွာ၊ အကြောင်းအားလျော်စွာ လူပြည့်နေခြင်း၊ ပိတ်ထားခြင်းများ ရှိခဲ့ပါသော် ထိုတန်ဆောင်းတို့၏ မှန်ဝ တစ်ဖက်တစ်ချက်တွင်ရှိသော သက်ဆိုင်ရာဂြိုဟ်တိုင်များတွင်လည်း အဓိဋ္ဌာန် ပုတီးစိပ် ပူဇော်နိုင်ပါသည်။

ပုတီးစိပ်ရန် အရပ်ထောင့်၊ ဂြိုဟ်တိုင်များအားလုံးတို့သည် သောမဂြိုဟ်တိုင်များဖြစ်သည့်အားလျော်စွာ အရပ်ထောင့်တို့သည် မှန်ဝ၊ တန်ဆောင်းကြီးတို့၏ တစ်ဖက်တစ်ချက်တွင် နှစ်နာရီစီ ရှိနေပါသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ကျင့်ကြံအဓိဋ္ဌာန်ဝင်ပုံကို နမူနာယူ၍ မိမိတို့ သက်ဆိုင်ရာမြို့နယ်၊ မြို့ တိုင်း စသည့် ဘုရားများတွင်လည်း ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

ယခု ရွှေတိဂုံစေတီတော်ကြီးသည်ကား သိကြားမင်းဆက်ကပ်ထားသော စမဘွဲ့တံဆိပ်တော်ရ စေတီတော်မြတ် ၂၈ ဆူတို့တွင် အပါအဝင်ဖြစ်သော စေတီတော်မြတ်ကြီးတစ်ဆူပင် ဖြစ်ပါသည်။

ထို့ပြင် မြန်မာပြည်တွင်သာမကဘဲ ကမ္ဘာ့အံ့ဖွယ်ကြီးအဖြစ် ထင်ရှားကျော်ကြားလှပါသည်။ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့်ပတ်သက်၍ နေရာထူးများ အသီးသီးအကြောင်းကို စာရေးဆရာ၊ သုတေသီဆောင်းပါးရှင်၊ စာပေပညာရှင်များမှ အဆက်ဆက်ဖော်ထုတ် အစီအရင်ခံတင်ပြထားသည်များကို မှတ်သားဖတ်ရှုလေ့လာရပါသည်။ ထိုအထဲတို့မှ လက်လှမ်းမီရာများကို စုစည်းတင်ပြ အစီအရင်ခံတင်ဆက်ခြင်းလည်း ဖြစ်ပါသည်။

အောင်မြင့်စိုး



www.burmeseclassic.com

www.burmeseclassic.com

# ထူးမြတ်အာရုံ ရွှေတိဂုံ

# ထုံမွှမ်းဝေဆာ မြတ်ဂါထာ

● သခုပါ

ရွှေတိဂုံစေတီတော် ဘုရားရှိခိုးဂါထာ

တဒါ တဋ္ဌ ပဌာဘာန်

တေသံ ကေသေ အဒါအဠ။

လောကဟိတ မပေက္ခန္တော

နာထော ယော တဿ တေ နမေ။

ဤဂါထာသည် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော် တ်ကြီးအား ရှိခိုးပူဇော်သည့် ဂါထာတော်ဖြစ်ပါသည်။

ဂါထာ၏အနက်အဓိပ္ပာယ်ကို ဖော်ပြပါမည်။

ယောနာထော-အကြင်မြတ်ဘုရားသည်၊ တဒါ-ထို ဇာယတန လင်းလွန်းပင်သတ္တာဟဝယ် နေတော်မူသော ခါ၌၊ တဋ္ဌ-ထိုလင်းလွန်းပင်အရပ်သို့၊ ဉပဌာတာန်- ဆည်း ပ်လာကြကုန်သော၊ တေသံ-ထိုတဖုဿနှင့် ဘလ္လိက ၃်နှောင်တို့အား။ အဠကေသေ-ဆံတော်ရှစ်ဆူတို့ကို၊ လောက ဒိတံ-သတ္တလောက၏အကျိုးစီးပွားကို၊ အပေက္ခန္တော-အရှည် ဘာက်ထားတော်မူလျက်၊ အဒါ-ပေးတော်မူလေပြီ။ တဿ ထဿ-ထိုမြတ်စွာဘုရား၏၊ တေအကေသေ-ထိုဆံတော် စ်ဆူတို့ကို၊ အဟံ-ငါသည်၊ နမေနမာမိ-ရှိခိုးပါ၏အရှင်ဘုရား။

ရွှေတိဂုံစေတီတော် ဘုရားရှိခိုးနည်း နောက်တစ်နည်း ပါသေးသည်။ ပြည့်စုံစွာဖော်ပြရပါလျှင်-

တဖုဿနှင့် ဘလ္လိကနှစ်ပါးညီနောင် လှည်းကုန်သည် ဘို့သည် အောင်စည်ရိုက်ညောင်း။ အောင်မောင်းမင်္ဂလာ အောင်ပြီးခါလျှင် လင်းလွန်းပင်ဝယ် ကြည်ရွှင်စံနေ သတ္တဟော ၌ ကေးဝေအသင့် ဆောင်ယူပင့်အပ်သော သက်တော်ထင် ရှား ကိုယ်တော်မြတ်အလားကဲ့သို့ ရောင်ခြည်တော်ခြောက် ပါးကို လွှတ်တော်မူထသော မင်းပိတုန်းလို အမြဲညိုသည် နှစ်လိုဖွယ် တင့်တယ်ရောင်လျှပ် ရှစ်ဆူသော ဆံတော်ဓာတ် တို့ကို ဉက္ကလာပနရသနင်း ဘုရင်မင်းနှင့် မြို့တွင်းပျော်ပါး လူအများတို့သည် လေးစားကော်ရော် တူပျော်မလွဲပူဇော်ပွဲ သဘင်ကြီးကို ညီညာဖြိုဖြို ပြုစုကြ၍ ကကုသန်၊ ကောဏာ ဂုံနှင့် ကဿပဟု ကမ္ဘာ့ထွတ်တင် သုံးဆူသောမြတ်ဘုန်း ရှင်တို့၏ တောင်ဝှေးတော်၊ ရေသနုပ်တော်နှင့် ဓမ္မကရိဏ် တည်းဟူသော ဓာတ်တော်မြတ်ကို သိုမှီးဌာပနာ တည်ထားဖူး ရာဖြစ်သော ဇဇ ကုန်းတို့၏ ဖွေချက်၊ ဆင်ဦးကင်းသဏ္ဌာန် ရှိသော ကုန်းတော်ထက်၌ ရွှေတိဂုံဟု လူ့ဘုံမက ဘဝဂ်ကျ အောင် ကုတာထင်ပေါ် သန်တောင်တော် ၁၈၆ တောင်၊ ၂ မိုက်နှင့် ၄ သစ် မြင့်တော်မူသော စေတီတော်မြတ်ကြီးကို လူတစ်ရစ်၊ နတ်တစ်ရစ် ရွှေအစစ်တို့ဖြင့် ပြေပြစ်မွှမ်းတင် ကြည်လင်သပ္ပာယ် တည်ထားကိုးကွယ်အပ်လေသည်။

မြန်တိုင်းကျက်သရေ တင့်ဖြိုးဝေသည့် ရွှေရောင် ခြည်လျှင် ထိုစေတီတော်မြတ်ကြီးကို တပည့်တော်သည် ရှိသေ မြတ်နိုး။ လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏အရှင်ဘုရား···။

ဖူးတွေ့ရသော လူအပေါင်းတို့သည် ဆံတော်ရှင်မြတ် ကြီးအား နေ့စဉ်ဖူးတွေ့ရသော်လည်း အားရတင်းတိမ်မှုဟူ၍ မရှိ။ သဒ္ဓါတရားအကြည်ညိုပွားလျက် ဂုဏ်ကျေးဇူးတော် အနန္တကို ချီးမွမ်း၍မကုန်ရှိကြကြောင်း ဂါရဝတရားဖြင့် ဖော်ပြ ရေးသားလိုက်ပါသည်။

■ သခုပါ



www.burmeseclassic.com

www.burmeseclassic.com

# ရွှေတိဂုံဂုဏ်ရည်

## လင်းရောင်တင်

ကျွန်ုပ်သည် မြန်မာပြည်၌ လူလာဖြစ်ရသည့်အတွက် ဘဝကိုကျေနပ်၏။ မြန်မာပြည်တွင် လူဖြစ်ရုံမက ရန်ကုန်သားဖြစ်ရခြင်းအတွက် ပို၍ဂုဏ်ယူ၏။ အဘယ့်ကြောင့်ဆိုသော် ဂေါတမမြတ်စွာဘုရားသာသနာတော်ကြီး၌ ကမ္ဘာမြေပြင်ဝယ် ပထမဆုံးသော စေတီတော်ကြီးဖြစ်သည့် လေးဆူမာတ်ပုံမြတ် ရွှေတိဂုံစေတီတော်ကြီးတည်ရှိရာ ဝန်းကျင်မနီးမဝေးမှာ လူလာဖြစ်ရသောကြောင့်ပင်တည်း။

"သာသနာအစ ရွှေတိဂုံက"ဟူ၍ ခေါ်စမှတ်ပြုရလောက်အောင်ပင် ရွှေတိဂုံစေတီတော်ကြီး၏ အထင်ကရထူးခြားမှုတွေကလည်း များပြားလွန်းလှ၏။ ရွှေတိဂုံစေတီတော်ကြီး တည်ရှိနေသည့် ကုန်းတော်မဟာကိုပင် ပါဠိဘာသာဖြင့် ခုနစ်မျိုးခန့် ခေါ်ဝေါ်ကြ၏။ နောက်ပိုင်းလူများ အသိနည်းပါးသွားပြီဖြစ်သောကြောင့် ဖော်ပြပါမည်။ သိင်္ဂုတ္တရ၊ တိရိယာဂုမ္ဘ၊ သတ္တဘူမိ၊ ဧညဝတီ၊ ပေါက္ခရဝတီ၊ ဘူရိဒတ္တ၊ သီဟရာဇဟူ၍ဖြစ်၏။

သိန်းခြေတစ်ကုဋေစမျှသာ ပင်လယ်ရေအောက်မှ စတင်ထွက်ပေါ်လာသောကြောင့် "သိင်္ဂုတ္တရ"ဟု ခေါ်ကြ၏။ ဟိမဝန္တာတောင်မှ မြောက်တက်သို့ ဖြာထွက်လာသော တောင်ကြော ၉၉လုံး မြောက် တောင်စွန်းဖြစ်ပြီး တောင်ထွတ်သုံးလုံး ဖိုခုံလောက်ဆိုင် ဆင်ဦးကင်းသဖွယ် တည်ရှိနေသောကြောင့် "တြိယာဂုမ္ဘ"ဟုလည်းခေါ်ကြ၏။ ကုန်းတော်မြေသည် ရွှေအဆင်း၊ ငွေအဆင်း၊ မြအဆင်း၊ မဟူရာ၊ နီလာ၊ ပတ္တမြားစသည့် အရောင်ခုနစ်မျိုး၊ ချို၊ ချဉ်၊ ငန်၊ ဖန်၊ စပ်၊ ခါးစသည့်အရသာ ခုနစ်မျိုးရှိရာ အရပ်ဖြစ်၍ "သတ္တဘူမိ"၊ ကောက်ပဲသီးနှံ၊ သစ်သီးဝလံ၊ ပန်းမန်သယံဇာတ ပေါကြွယ်ရာဖြစ်သောကြောင့် "ဧညဝတီ"။

နဝင်းစေတီကြီး ကိုးဆူ၊ နဝင်းရုပ်ပွားတော် ကိုးဆူ၊ ဗုဒ္ဓနဝင်းအောင်မြေကြီး ကိုးဌာန၊ ဘေးဝန်းကျင်၌ ကျိုက်စေတီကြီး ကိုးဆူ၊ ရဟန္တာသိမ်ကြီး ကိုးသိမ်၊ ရေကန်ကြီး ကိုးကန်၊ ချောင်းကြီး ကိုးချောင်း၊ အင်းကြီး ကိုးအင်း၊ ကုန်းကြီး ကိုးကုန်း၊ တန်းကြီး ကိုးတန်း၊ ရေဆိပ်ကြီး ကိုးဆိပ်၊ သင်္ချိုင်းကြီး ကိုးခုရှိသောကြောင့် "ပေါက္ခရဝတီ"။

တစ်ခါတုန်းက ဤကုန်းထက်၌ ဆင်များကို သတ်ဖြတ်စားသောက်လေ့ ရှိသည့် ကင်းနက်ကြီးတစ်ကောင်ရှိ၏။ တစ်နေ့သ၌ အနက်ရောင်အစွယ်ရှိသော ဆင်ဖြူတစ်စီးအား သတ်ဖြတ်မည်အပြုတွင် ပြန်လည်ခုခံသတ်ပုတ်ရာ နှစ်ကောင်စလုံး လက်ပန်းကျပြီး ရန်ပြေငြိမ်းခဲ့ကြရဖူးသောကြောင့် "ဘူရိဒတ္တ"၊ ကုန်းတော်ကို လှမ်းမျှော်ကြည့်သည့်အခါနှင့် ကုန်းတော်ပေါ်ရောက်သည့်အခါများတွင် အမျိုးဘာသာ၊ သာသနာအတွက် ဇာတိမာန်နိုးကြားထကြွလာပြီး ခြင်္သေ့ကဲ့သို့ ရဲစိတ်ရဲမာန်တက်ကြွလာသောကြောင့် "သီဟရာဇ"...စသည်ဖြင့် ပါဠိလိုခုနစ်မျိုးစုံစေအောင် ခေါ်ခဲ့ကြသည်ကို သိသူ အတော်နည်းသွားပြီဖြစ်လေ၏။

○○○

### ရွှေတိဂုံကုန်းတော်ပေါ်ရှိ အောင်မြေကိုးဌာန

ယနေ့ ကျွန်ုပ်တို့မြန်မာလူမျိုးအတော်များများ သိရှိသူနည်းပါးသွားပြီဖြစ်သည့် ရွှေတိဂုံစေတီတော်ကုန်းတော်ရှိ အောင်မြေကိုးဌာနကို လောကီသမထလမ်းစဉ် လိုက်စားကြ



www.burmeseclassic.com

www.burmeseclassic.com

သူ ပုဂ္ဂိုလ်များ သိထားသင့်ကြ၏။ ထိုအောင်မြေကိုးဌာနတွင် ရေးခေတ်မွန်၊ မြန်မာဘုရင်များ၊ မှူးကြီးမတ်ရာများ၊ သေနာပတိများတို့သည် လှည့်လည်၍အဓိဋ္ဌာန်ဝင် အားထုတ်လေ့ရှိကြ၏။

ထို့အပြင် လူသူတော်နှင့် ရဟန်းပုဂ္ဂိုလ်များ ဖြစ်ကြသည့် ဘိုးဘိုးအောင်၊ ဦးအောင်၊ ပထမံဘိုးဘိုးအောင်၊ မင်းအောင်၊ ရသေ့အောင်၊ ပညာအောင်၊ မူယာပင်အဘိုးအောင်၊ တောင်သာအဘိုးအုန်း၊ ရှင်အဋ္ဌဂေါထာဆရာတော်၊ ရှင်မထီးဆရာတော်၊ ဗားမဲ့ဆရာတော်၊ ဗားထီးဆရာတော်၊ ဗားမြိုက်ဆရာတော်၊ ဗားတမော့ဆရာတော်၊ ရှင်မုံညို၊ တောင်ဘီလာ ဆရာတော်၊ တောင်တွင်း ကြီး မကာရာလာပ မတစ်လုံးကျေ ဆရာတော် ခင်ကြီးဖျော်၊ ဓမ္မစေတီ၊ ဓမ္မပါလ၊ ဆံရှည်ဆရာတော်(ကောဏ္ဍ ည)၊ ရွှေစင်ဦးကောသလ္လ၊ ယက္ကန်းစင် တောင်ဆရာတော်ဦးသြဘာသ၊ မုဒုံဂျုံးဂျုံးကျ ဆရာတော်၊ ဆရာတော်ရှင်ပညာစက္က၊ တွံတေး ဦးခန္တာဇောတိက၊ မော်လမြိုင်ပြည်ကျောင်းဆရာတော် ဦးကလျာဏ၊ မာန်လည်ဆရာတော်ဘုရားကြီးတို့လည်း လှည့်လည်အားထုတ်လေ့ရှိကြ၏။

ထိုအောင်မြေကိုးဌာနတို့မှာ -

(၁) တဝဂ္ဂု ပတ္တမြားမျက်ရှင် ဘုရားရှေ့တည့်တည့်ရှိ အောင်မြေ၊
(၂) ကကုသန်လက်ပက်လက် လာဘာရှေ့ရှိ ခနသိဒ္ဓိအောင်မြေ၊
(၃) သိဒ္ဓိအောင်ဘုရားရှေ့ရှိ အောင်မြေ၊
(၄) အနောက်မြောက်ရာဟုထောင့်၊ ရှင်စောပုဆုတောင်းပြည့်စေတီတော် တောင်ဘက်စကားဝါ၊ စကားစိမ်းပင် လေးပင်အောင်မြေ၊
(၅) ဆံတော်တွင်းတန်ဆောင်းရှိ ရုပ်ပွားတော်ရှေ့ အောင်မြေ၊
(၆) ဓမ္မစေတီကောင်းမှု အင်းစေတီရှေ့ အောင်မြေ (ခြသေ့်တစ်ဖက်၊ ကျားတစ်ဖက်)၊
(၇) စနေထောင့် ဝိဇ္ဇာညီနောင်စေတီ အရှေ့တည့်တည့်ရှိ ဝိဇ္ဇာညီနောင် အောင်မြေ၊
(၈) ဒဂုံခင်ခင်လေး မဟာဗောဓိတန်ဆောင်းကြီး အနောက်ဘက် နောင်တော်လတ်စေတီရင်းရှိ ကုမ္ဘဏ်ယက္ခ အောင်မြေ၊



ရခိုင်တန်ဆောင်း
(ကြေး၊ ကျောက်၊ ရွှေ ဆင်းတုတော်သုံးဆူ)



www.burmeseclassic.com

www.burmeseclassic.com

(၉) စနေထောင့် နေလစကြာဘုရားရှေ့ရှိ စကြာ သိဒ္ဓိနှစ်ပါး အောင်မြေ။

အထက်ပါအောင်မြေကြီး ကိုးဌာနတွင် ရေးအစဉ်အဆက် ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်များ လှည့်လည်၍ အားထုတ်လေ့ရှိကြသည်ကို ကျွန်ုပ်သည် စာရင်းဖြင့်တင်ပြပြီး ဖြစ်ပါ၏။ စာဖတ်ပရိသတ်များထဲမှ လောကီကျင့်စဉ် လိုက်စားကြသူများသည် အထက်ပါအောင်မြေကြီးကိုးဌာနကို လက်မလွှတ်သင့်ကြပေ။ သူတော်ကောင်းအဆက်ဆက် ဆောင်ရွက်ခဲ့ကြသည်ကို သတိချပ်သင့်၏။ အထူးသဖြင့် ဝိဇ္ဇာလမ်းစဉ်လိုက်စားသူများ လက်မလွှတ်သင့်။

ဣ ဣ ဣ

## ရွှေတိဂုံစေတီတော်ရှိ နဝင်းရုပ်ပွားတော်ကိုးဆူ

အောင်မြေကိုးဌာနကဲ့သို့ပင် သိဒ္ဓိ မဟိဒ္ဓိဝင်ပုဂ္ဂိုလ်များ လက်မလွှတ်ကြသည့် ထူးခြားသည့် နဝင်းရုပ်ပွားတော် ကိုးဆူသည်လည်း ရွှေတိဂုံဆံတော်ရှင် စေတီတော်ကြီး၏ရင်ပြင်တွင်ရှိနေကြပါ၏။ လောကီသမထလမ်းစဉ် လိုက်စားကြသူပုဂ္ဂိုလ်များသိထားသင့်သည့် နေရာထူးများဖြစ်၍ စေတနာရှေ့ထားကာ ဖော်ပြလိုက်ပါ၏။

### (၁) တဝဂ္ဂု ပတ္တမြားမျက်ရှင်ဘုရား

အထက်ပစ္စယံတွင်ရှိသည့် ဘုရားဖြစ်၏။ မျက်လုံးတော်၊ နဖူးတော်တို့၌ ပတ္တမြားမျက်ရှင်ကိန်းဝပ်သည့် ဘုရားဟု ဆို၏။ အဘဘိုးဘိုးအောင် တည်ထားသည်ဟုလည်း အဆိုရှိကြ၏။ ထိုဆင်းတုတော်သည် ကံအကြောင်းတိုက်ဆိုင်ပါက ရံဖန်ရံခါတွင် မျက်တောင်ခတ်လေ့ရှိ၏။ မျက်လုံးတော်နှစ်ဆူ နီရဲတောက်ပလာပြီး ပတ္တမြားမျက်ရှင်ကွန့်မြူးတတ်၏။ ရာဇဓိရာဇ်မင်းလက်ထက် ဗောလောကျန်းထောသပြီးနောက် မင်းညီမင်းသားများမှအစ မည်သူကမျှ တက်ခွင့်မပြုဘဲ ပိတ်ပင်ထားခဲ့သေး၏။ လွန်စွာဆုတောင်းပြည့်သောကြောင့် ဖြစ်၏။

ယခုအခါ တန်ဆောင်းတော်တွင် ရုပ်မြင်သံကြားလှောင့်ကော်ဖြင့်ပြသကာ အဖူးမြော်ခံထားသည်ကို တွေ့ရ၏။ မည်




သို့ပင်ဆိုစေ ထိုဘုရား၏ရုပ်ပုံတော်ရှေ့တွင် ပုတီးစိပ်ပါက သိဒ္ဓိထူး ရမည်မလွဲ။


### (၂) ကကုသန်လက်ပက်လက် လာဘမုနိ

လက်ယာဘက်လက်ဝါးတော် ပက်လက်ဖြန့်ထားသော လက်တော်အောက်၌ သော့ခတ်ထားခဲ့ဖူးသော သော့ကွင်းပေါက်နေရာရှိ၏။ ဂမုန်းပေါင်းစုံဖြင့် သွန်းလုပ်ပူဇော်ထားသည်ဟု ဆိုကြ၏။ ထိုတန်ဆောင်းအတွင်းမှာပင် နောက်ထပ်လာဘမိုနီရုပ်ပွားတော် သုံးဆူလည်းရှိသေး၏။ ပေါင်းလေးဆူ "လာဘသိဒ္ဓိစည်း"ဟုလည်းခေါ်၏။ အချို့က နေသိဒ္ဓိစည်းဟူ၍လည်း သတ်မှတ်ကြ၏။ လာဘ်လာဘအလိုရှိသူများ ထိုဘုရားရှေ့တွင် အလုပ်လုပ်ကြ၊ ဆုတောင်းကြရန် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဝိဇ္ဇာတန်ဆောင်း

### (၃) တဝဂ္ဂုအောင်သိဒ္ဓိဘုရား

ကကုသန်ဘုရားတန်ဆောင်း (အရှေ့ဘက်တန်ဆောင်း)ရှိ လာဘမုနိ ဂမုန်းပေါင်းဘုရား၏ ဝဲဘက်တွင်ရှိသည့် ဘုရားဖြစ်၏။ ထိုဘုရားကလေးမှာ လူတစ်ဦးထိုင်စာ တဝဂ္ဂုလေးအတွင်းမှာရှိသဖြင့် လူတော်တော်များများက မသိကြ။ ယခုအခါ ထိုနေရာသို့သွားရန် ပို၍မလွယ်ကူချေ။ အဘယ့်ကြောင့်ဆိုသော် ဂူဝနှင့်အနီးဆုံးအပေးဘက် အဆင့်မှာ "သံဃာတော်များသာ" ဟူသော စာတန်းချိတ်ဆွဲထားသောကြောင့် တော်ရုံလူမတွေ့နိုင်ကြ။ ယခုအခါ ထိုဂူတွင်းသို့ဝင်၍ အလုပ်လုပ်ရန်မလွယ်တော့ချေ။ ၁၉၉၂ ခုနှစ်လောက်တုန်းက ကျွန်ုပ်သည် ဓမ္မသစ္စာဆရာအောင် ညွှန်ပြခဲ့ဖူးသဖြင့် ထိုဘုရားရှေ့တွင် အဓိဋ္ဌာန်ဝင် အလုပ်လုပ်ခဲ့ဖူးပါ၏။

ထိုဘုရားလေးရှေ့တွင် စခန်းဝင်သွားခဲ့ဖူးကြသည့် ပုဂ္ဂိုလ်ထူးကြီးများမှာ ဦးအောင်၊ ဘိုးဘိုးအောင်၊ ပထမံဘိုးဘိုးအောင်၊ မင်းအောင်၊ ရသေ့အောင်၊ မူယာပင်အဘိုးအောင်၊ ပညာအောင်၊ အောင်ပုဂ္ဂိုလ်ပညာရှင်များ စသည်တို့ ဖြစ်ကြ၏။ ထိုတဂဂူအောင်သိဒ္ဓိဘုရားမှာ "ပညာစည်း"ဖြစ်၏။

### (၄) ပြဒါးရှင်မဟာမြတ်မုနိ

အင်္ဂါထောင့် အလောင်းတော်ကဿပရုပ်ပွားတော်အနီး၊ မှန်ကာအတွင်း ဘောင်ဘက်ကို မျက်နှာပြုထားသည့် ဆင်းတုတော်ဖြစ်၏။ (ကုန်းတော်ပေါ်ရှိ မဟာမြတ်မုနိဘုရားကိုးဆူအနက် အချိုးအကျနဆုံး၊ အသပ္ပာယ်ဆုံးဖြစ်၏။ နဖူးတော်၌ ပြဒါးရှင်လုံးဌာပနာထားသည်ဟု အဆိုရှိကြ၏။)

### (၅) ဘိုးဘိုးအောင်ဘုရားကြီး

ဓမ္မစေတီ (အင်းစေတီ၊ ခြသေ့်တစ်ဖက်၊ ကျားတစ်ဖက်)နှင့် ကျောချင်းကပ်လျက်ရှိ၏။ အဘဘိုးဘိုးအောင် ပညာစခန်းတက်အပြီး ကုသိုလ်ပြုလျက် တည်ရစ်ခဲ့သည့် ဘုရားဖြစ်၏။ "ပညာစခန်းပြီးတိုင်း အချုပ်"ဟုဆိုကြ၏။

### (၆) ပထမံဘိုးဘိုးအောင် တဝဂ္ဂုဆုတောင်းပြည့်ဘုရား


နောင်တော်လတ်စေတီ၏ အရှေ့ဘက် မုခ်ဝရှိဘုရားဖြစ်၏။ (ယခုအခါ ဒဂုန်ခင်ခင်လေးတန်ဆောင်းနှင့် ကပ်



www.burmeseclassic.com

www.burmeseclassic.com

လျက်) ဘုရား၏အောက်တည့်တည့်တွင် ဆံတော်တိုက်ဥမင် လိုဏ်လမ်းရှိ၏။ ၁၉၀၄ ခုနှစ်က အာမေးနီးယားလူမျိုး မစ္စတာဒီအက်(စ်)အပရမေသည် ထိုဆံတော်တိုက်ဥမင် အတွင်းသို့ ဝင်ရောက်လေ့လာခဲ့ဖူးသည်ဆို၏။ ဆံတော်ပူဇော် ထားရာ ကရဝိက်ဖောင်တော်ကို တွေ့ခဲ့ရသည်ဆို၏။) ဘိုးဘိုး အောင်ဆုတောင်းပြည့်ဘုရားရှိရာ နောင်တော်လတ်စေတီ သပိတ်မှောက်ပတ်လည်တွင် ဘီလူးရုပ်များ လက်ရုံးနှစ် ဖက်ကွေးလျက် ထုလုပ်ထားသောကြောင့် "ကုမ္ဘဏ်စည်း"၊ "ကုမ္ဘဏ်ယက္ခစည်း"ဟူ၍ ခေါ်ကြ၏။




ဘိုးဘိုးအောင် ဆုတောင်းပြည့်ဘုရားတွင်
စာရေးသူ ဆုတောင်းစဉ်

## (၇) ရှင်အဇ္ဇဂေါဏဘုရား

ရွှေတိဂုံအရှေ့မြောက်ယွန်းယွန်း တနင်္ဂနွေထောင့် ဘက်တွင် ရှင်အဇ္ဇဂေါဏတန်ဆောင်းဟူ၍ရှိ၏။ ထိုတန် ဆောင်းအတွင်း ဝင်လိုက်သောအခါ ဆင်းတုတော်များထဲမှ တောင်ဘက်သို့ မျက်နှာမူထားသော ဝဲဘက်အစွန်ဆုံး ရုပ် ပွားတော်တစ်ဆူမှာ မျက်လုံးတော် တစ်ဖက်ကျဉ်း တစ်ဖက် ကျယ်နှင့်ဘုရား ဖြစ်၏။ ဆိတ်မျက်လုံးတစ်ဖက်၊ နွားမျက်လုံး တစ်ဖက်ရှိသော ဘွဲ့အမည်ရ ရှင်ရသေ့ဝိဒဿရာဘွဲ့ခံ ရှင်အဇ္ဇ ဂေါဏ၏ ကောင်းမှုတော်ဘုရားဖြစ်၏။ ကောဇာသက္ကရာဇ် ၇၄ ခုနှစ်၊ သာသနာသက္ကရာဇ် ၆၉၆ (အေဒီ ၁၅၂) ကဆုန် လပြည့်၊ တနင်္ဂနွေနေ့တွင် သမုဒ္ဒရာဇ်မင်းနှင့်အတူ ထွက်ရပ် သို့မြန်းခဲ့သည့် အရှင်အဇ္ဇဂေါဏသည် မထွက်မီ ပုဂံပြည် ကို ရွှေမိုးငွေမိုးရွာခဲ့၏။ ထိုဆင်းတုရှိရာကို "ပြဒါးဝိဇ္ဇာစည်း" ဟူ၍ခေါ်ကြ၏။

## (၈) ရှင်မထီးဘုရား

နောင်တော်ကြီးစေတီတော် မြောက်ဘက်အာရုံခံ တန်ဆောင်းအတွင်း အလယ်တည့်တည့်၌ရှိသော ဘုရားဖြစ် ၏။ ရှင်အဇ္ဇဂေါဏ၏တပည့်တစ်ပါးဖြစ်သည့် ရှင်မထီးတည် သွားခဲ့၏။ အရိမဒ္ဒန(ပေါက္ကံရာမ) ပျူစောထီးမင်း၏ ဆရာ တော်ဖြစ်သည်။

## (၉)မျက်ရှင်တော်ပညာသိဒ္ဓိဘုရား

နောင်တော်ကြီးစေတီတော်၏ အရှေ့ဘက်တန် ဆောင်းအတွင်း ရာဟုထောင့်၌ တောင်ဘက်ကိုမျက်နှာပြု၍ လက်တော်၌ သပိတ်တင်ထားသော ဘုရားဖြစ်၏။ လပြည့် နေ့အရုဏ်တက်ချိန်တွင် မျက်တောင်တော်ခတ်လေ့ရှိသည် ဟု ဆိုစမှတ်ပြုကြ၏။

### ရွှေတိဂုံစေတီတော်ရှိ ရက္ခမူဘုမ္မိယ အောင်မြေ ငါးဌာန

(၁) အင်္ဂါထောင့် မယ်ဒက်ဆရာတော် စိုက်ခဲ့ သော ဗောဓိပင်နှင့်ရွှေပလ္လင် အောင်မြေ



www.burmeseclassic.com

www.burmeseclassic.com

(၂) နောင်တော်ကြီးအရှေ့တောင် အင်္ဂါထောင့် ထန်းပင်များစုဝေးရာ ထန်းညီနောင်အောင်မြေ
(၃) နောင်တော်ကြီး အနောက်မြောက် လင်းလွန်းပင်အောင်မြေ
(၄) ရွှေတိဂုံစေတီတော် တောင်ဘက်လင်းလွန်းပင် အောင်မြေ
(၅) နောင်တော်ကြီးအရှေ့မြောက် အုန်းပင်များ ဝိုင်းပေါက်နေကြသည့် အုန်းအောင်မြေ။

(ယခုအခါ ထိုနေရာကိုအောင်မြေတောဟု ယူဆ၍ မသုံးကြတော့။)

## ကြေး၊ ကျောက်၊ ရွှေမှာပြီး မြောက်လေအောင် စိတ္တာန်ပါ

တနင်္ဂနွေထောင့်တွင်ရှိသော ရခိုင်တန်ဆောင်းအတွင်း၌ အရှယ်တူ ဆင်းတုတော်သုံးဆူကို ယှဉ်ထားသည်ကို တွေ့ရမည်။ ထိုဆင်းတုတော်သုံးဆူမှာ ကြေးဆင်းတု၊ ကျောက်ဆင်းတုနှင့် ရွှေဆင်းတုသုံးဆူဖြစ်ကြ၏။ မည်သည့်အဓိဋ္ဌာန်ကိုဝင်ဝင် ထိုဆင်းတုသုံးဆူ ရှေ့မှောက်သို့ရောက်အောင်သွား၍ မိမိတို့အဓိဋ္ဌာန်ကို တိုင်တည်ပြောဆို၍ သစ္စာဆိုပါက လိုရာဆုကိုအောင်မြင်လိမ့်မည်ဟု ရှေးခေတ်အဆက်ဆက် ဆရာအဆူဆူတို့ မိန့်မှာခဲ့ဖူးကြ၏။

(ကျွန်ုပ်ကိုယ်တိုင်လည်း အကြိမ်ကြိမ်ဆုတောင်းခဲ့ဖူးလေပြီ။)

ဂမ္ဘီရဆရာဟု နာမည်ခံသူတိုင်း ထိုတန်ဆောင်းတွင် အဓိဋ္ဌာန်ပြုရလိမ့်မည်။ လွန်ခဲ့သည့်နှစ်များစွာက ကျွန်ုပ်နှင့် ဆရာကြီးမင်းသိခ်တို့ ဆုံကြသည့် တန်ဆောင်းဖြစ်၏။

## လေးတိုင်စင် တန်ဆောင်း

ရခိုင်တန်ဆောင်းနှင့် မလှမ်းမကမ်း၊ စေတီကြီး၏ အရှေ့ဘက်ထောင့်တွင်ရှိ၏။ လူတွေအမြဲဖြတ်သွားနေကြသော်လည်း ထိုတန်ဆောင်း၏ ဂမ္ဘီရကို မသိကြ။ ထိုတန်ဆောင်းသည် လေးဘက်လေးတန် အပွင့်ဓာတ်စီရင်ထား၏။ အာကာသသိဒ္ဓိရစေရန် ထိုတန်ဆောင်းအတွင်း၌ ပုတီးစိပ်အဓိဋ္ဌာန်ဝင်ရ၏။ ဝိဇ္ဇာလမ်းစဉ်လိုက်စားသူတိုင်း လက်မလွှတ်သင့်သည့် တန်ဆောင်းဖြစ်၏။

## ဝိဇ္ဇာတန်ဆောင်း

မြန်မာ့ဝိဇ္ဇာ၊ ကမ္ဘာ့ဝိဇ္ဇာ ဝိဇ္ဇာဓာတ်များ ကိန်းအောင်းသည့်တန်ဆောင်း ဖြစ်၏။ ဝိဇ္ဇာပုဂ္ဂိုလ်ထူးကြီးများနှင့် ဆက်သွယ်ရန် ဘုမိနက်သန်ကျသောနေရာ ဖြစ်၏။

ဝိဇ္ဇာလမ်းစဉ် လျှောက်လှမ်းသူများ ဝိဇ္ဇာတို့၏ အကူအညီရယူလိုသူများ မကြာခဏ သွားရောက်အဓိဋ္ဌာန် ပုတီးစိပ်သင့်သည့် ဌာနတစ်ခုဖြစ်၏။

ရွှေတိဂုံစေတီတော်ကြီးတွင် ရှိနေသည့် ထူးခြားသော ဂမ္ဘီရနေရာများကို ရေးသားပြရလျှင် ကုန်နိုင်ဖွယ်မရှိချေ။ လေ့လာနိုင်သည်နှင့်အမျှ "ရှာဖွေလေ တွေ့ရှိလေ"ပင်ဖြစ်တော့၏။

ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ နှလုံးသည်းပွတ်တမျှ တန်ဖိုးကြီးလှသော ရွှေတိဂုံစေတီတော်ကြီးတွင် ကျွန်ုပ်တို့အတွက် အကျိုးရှိရာရှိကြောင်း ဌာနကောင်းများစွာရှိပါ၏။ ဘုရားကြီးလေးဆူတို့၏ ဟိတ်ဓာတ်များ ပြည့်စုံစွာ တည်ရှိနေသောကြောင့်လည်း ကုန်းတော်ပေါ်ရောက်သည်နှင့် ကောင်းမှုဓာတ်တွေရိုက်ခတ်တိုးဝှေ့နေသည်ကို သိရှိယုံကြည်ကြရလိမ့်မည်။

ဆောင်းပါးနိဂုံးအနေနှင့် လေးလေးနက်နက် တိုက်တွန်းလိုသည်မှာ ရွှေတိဂုံစေတီတော်ကြီးသို့ အဖူးအမြော်ရောက်လျှင် လက်ယာရစ်တစ်ပတ် ပူဇော်ပါ။

မိမိအဓိဋ္ဌာန်ဝင်ချင်သည့် နေရာဝင်ပါ။ ဖူးချင်သည့် ဆင်းတုဖူးပါ။ ရွတ်ချင်သည့် ဘုရားရှိခိုးဂါထာရွတ်ပါ။ အဆုံးတွင် တနင်္ဂနွေထောင့်ရှိ ဓမ္မစေတီမင်းကုသိုလ်တော် ခေါင်းလောင်းကြီးရှိရာသို့ သွားဖြစ်အောင်သွားပါ။ (မိမိအလိုချင် ဆုံးဆုတစ်ခုတည်း (နှစ်ခု၊ သုံးခုလုံးဝမဖြစ်စေရ)ကို ဆုသုံးကြိမ်တောင်း၊ ခေါင်းလောင်းသုံးကြိမ်ထိုးပါ။

ဣစ္ဆာသယဖြစ်၏။ မယုံမရှိနှင့်။ ကိုယ်တွေ့။

ဧဝေယျတုသဗ္ဗမင်္ဂလံ


**လင်းရောင်တင်**



www.burmeseclassic.com

www.burmeseclassic.com

# ရွှေတိဂုံဆံတော်ရှင်စေတီတော် ဘုရားရှိခိုး



နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
သံဃရာဇာ သာသနာပိုင် မောင်းထောင်ဆရာတော်ဘုရားကြီး၏ ရွှေတိဂုံဆံတော်ရှင် ထောမနာဂါထာ

သီရိပဝရ ဝိဇယာနန္တ ယသတြိဘဝနာဒိတျာဓိပတိ ပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ နာမံတံဆိပ်ရှိတော်မူသော အမရပူရ မဟာရာဇဌာနီ ရွှေပြည်ရွှေနန်းတည် ဆင်ဖြူများရှင် ဘိုးတော်ဗဒုံမင်းတရားကြီး၏ဆရာ ဉာဏာဘိဝံသ ဓမ္မသေနာပတိ မထေရ် သံဃရာဇာ သာသနာပိုင် မောင်းထောင်ဆရာတော်ဘုရားကြီးသည် သာသနာတော် ၂၃၃၇ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၁၅၅၊ တန်ဆောင်မုန်းလဆန်း ၃ ရက်၊ အင်္ဂါနေ့ ရဟန်းရှင်လူတစ်ထောင်ကျော် အခြံအရံနှင့်တကွ

အမရပူရ ရွှေမြို့တော်မှ ရွှေတိဂုံဆံတော်ရှင် စေတီတော်သို့ အဖူးအမြော်ရောက်၍ အထူးထူးသော ကျမ်းဂန်တို့မှလာသော ဆံတော်ဓာတ်၏ အတ္ထုပ္ပတ်သနစ်သနာအခြင်းအရာ အစီအစဉ်အားဖြင့် ချီးမွမ်းထောမနာသော တိဂုမ္ဘစေတီယထောမနာ တစ်ဆယ့်နှစ်ဂါထာ။

၁။ ယော ဒီပင်္ကရမူလမှိ၊
ပဒံ ဟတ္ထဂတံ စဇိ၊
သမ္ဗောသမ္ဗောဓိ မာကင်္ခီ၊
ဝန္ဒေ တဿ သိရောရုဟံ။

ယော နာထော - အကြင်မြတ်စွာဘုရားသည်၊ ဒီပင်္ကရမူလမှိ - ဒီပင်္ကရာဘုရားရှင် ခြေတော်ရင်း၌၊ သမ္မာသမ္ဗောဓိံ - သဗ္ဗညုဘုရားဆုကို၊ အာကင်္ခီ အာကင်္ခန္တော - အလိုရှိတော်မူသည်ဖြစ်၍၊ ဟတ္ထဂတံ - လက်တော်သို့ရောက်လုဆဲသော၊ ပဒံ - နိဗ္ဗာန်ချမ်းသာကို၊ စဇိ - စွန့်တော်မူလေပြီ။ တဿ နာထဿ - ထိုမြတ်စွာဘုရား၏၊ သိရောရုဟံ - ဦးခေါင်းတော်၌ ရောက်သော ဆံတော်ဓာတ်ကို၊ အဟံ - အကျွန်ုပ်သည်၊ ဝန္ဒေ - ဝန္ဒာမိ ရှိခိုးပါ၏။

၂။ ပူရေတွာ ဗောဓိသမ္ဘာရေ၊
မသေသံ ယော အနုတ္တရံ၊
မလတ္ထ ဗုဒ္ဓတ္တံ တဿ၊
ကေသဓာတုဝရံ နမေ။

ယော နာထော - အကြင်မြတ်စွာဘုရားသည်၊ ဗောဓိသမ္ဘာရံ - သဗ္ဗညုတဉာဏ်၏ အဆောက်အဦ ပါရမီအပေါင်းကို၊ အသေသံ - အကြွင်းမဲ့၊ ပူရေတွာ - ဖြည့်တော်မူပြီး၍၊ အနုတ္တရံ - အတုမရှိသော၊ ဗုဒ္ဓတ္တံ - ဘုရားအဖြစ်ကို၊ အလတ္ထ



www.burmeseclassic.com

www.burmeseclassic.com

- ရတော်မူလေပြီ။ တဿ နာထဿ - ထိုမြတ်စွာဘုရား၏၊ ကောသာတကုဝရံ - ဆံတော်မြတ်ကို၊ အဟံ - အကျွန်ုပ်သည်၊ နမေ - နမာမိ ရှိခိုးပါ၏။

၃။ လဒ္ဓါ ဗုဒ္ဓတ္တံ ဆဗ္ဗာနံ၊
အတိက္ကမ္မ ပဝေဒယိ၊
ဝိမုတ္တိံ ရာဇာယတနေ၊
တဿ ကေသဝရံ နမေ။

ယော နာထော - အကြင်မြတ်စွာဘုရားသည်၊ ဗုဒ္ဓတ္တံ - ဘုရားအဖြစ်ကို၊ လဒ္ဓါ - ရတော်မူလေပြီ။ ဆဗ္ဗာနံ - ခြောက်ပါးသောဌာနကို၊ အတိက္ကမ္မ - လွန်တော်မူ၍၊ ရာဇာယတနေ - ခုနစ်ခုမြောက်သော လင်းလွန်းပင်ရင်း၌၊ ဝိမုတ္တိံ - ဖလသမာပတ်ကို၊ ပဝေဒယိ - အထူးထူးအပြားပြား ခံစားတော်မူလေပြီ၊ တဿ နာထဿ - ထိုမြတ်စွာဘုရား၏၊ ကေသဝရံ - ဆံတော်မြတ်ကို၊ အဟံ - အကျွန်ုပ်သည်၊ နမေ - နမာမိ ရှိခိုးပါ၏။

၄။ တတ္ထ သက္ကဒတ္တိယမ္ပိ၊
နာဂလတံ ဟရီတကံ၊
အနောတတ္တောဒကံ ဘုဉ္ဇိ၊
ဝန္ဒေ တဿ သီရောရုဟံ။

ယော နာထော - အကြင်မြတ်စွာဘုရားသည်၊ တတ္ထ - ထိုရာဇာယတနသတ္တာဟ၌၊ သက္ကဒတ္တိယံ - သိကြားမင်းလှူသော၊ နာဂလတမ္ပိ - ကွမ်းရိုးဒန်ပူကိုလည်းကောင်း။ ဟရီတကမ္ပိ - ကြဖုသီးကိုလည်းကောင်း။ အနောတတ္တာ - အနောတတ္တအိုင်မှ၊ ဥဒကမ္ပိ - ရေကိုလည်းကောင်း။ ဘုဉ္ဇိ - သုံးဆောင်တော်မူလေပြီ။ တဿ နာထဿ - ထိုမြတ်စွာဘုရား၏၊ သီရောရုဟံ - ဆံတော်ဓာတ်ကို၊ အဟံ - အကျွန်ုပ်သည်၊ နမေ - နမာမိ ရှိခိုးပါ၏။

၅။ တဒါ မုဂ္ဂ သေလ ပတ္တံ၊
မဟာရာဇူဟိ ဒိန္နကံ၊
တထာဂတော ပဋိဂ္ဂဏှိ၊
ဝန္ဒာမိ တဿ သီသဇံ။

ယော နာထော - အကြင်မြတ်စွာဘုရားသည်၊ တဒါ - ထိုရာဇာယတနသတ္တာဟဝယ် နေတော်မူသောအခါ၌၊ မဟာရာဇူဟိ - စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့သည်၊ ဒိန္နကံ - လှူအပ်သော၊ မုဂ္ဂသေလပတ္တံ - ပဲနောက်အဆင်း ကျောက်ညိုသပိတ်ကို၊ တထာဂတော - ရှေးဘုရားတို့ကဲ့သို့အလား အကျင့်ရှိတော်မူသည်ဖြစ်၍၊ ပဋိဂ္ဂဏှိ - ခံတော်မူပြီ၊ တဿ နာထဿ - ထိုမြတ်စွာဘုရား၏၊ သီသဇံ - ဦးခေါင်းတော်၌ရောက်သော ဆံတော်ကို၊ အဟံ - အကျွန်ုပ်သည်၊ ဝန္ဒာမိ - ရှိခိုးပါ၏။

၆။ တဒါ ဒိန္နံ ဒွေဘာတိကဇနေဟိ မဓုပိဏ္ဍိကံ
ပရိဘုဉ္ဇေသိ မန္ထမ္ပိ၊
တဿ သီသသိရံ နမေ။

ယော နာထော - အကြင်မြတ်စွာဘုရားသည်၊ တဒါ - ထိုရာဇာယတနသတ္တာဟဝယ် နေတော်မူသောအခါ၌၊ တတ္ထ - ထိုလင်းလွန်းပင်ရင်းသို့၊ ဥပဂတေဟိ - ဆည်းကပ်လာကုန်သော၊ ဒွေဘာတိကဇနေဟိ - တပုဿ,ဘလ္လိက ညီနောင်နှစ်ယောက်တို့သည်၊ ဒိန္နံ - ပေးလှူအပ်သော၊ မဓုပိဏ္ဍိကံ - ပျားမုန့်ဆုပ်ကိုလည်းကောင်း။ မန္ထမ္ပိ - မုန့်ကြွပ်ကျစ်ကိုလည်းကောင်း။ ပရိဘုဉ္ဇေသိ - ဘုဉ်းပေးတော်မူလေပြီ၊ တဿ နာထဿ - ထိုမြတ်စွာဘုရား၏၊ သီသသိရံ - ဦးခေါင်းတော်၏ ကျက်သရေဖြစ်သော ဆံတော်ဓာတ်မြတ်ကို၊ အဟံ - အကျွန်ုပ်သည်၊ နမေ - နမာမိ ရှိခိုးပါ၏။

၇။ ယော တပုဿ ဘလ္လိကာနံ၊
တဒါ ဒွိသရဏံ အဒါ၊
လောကမှိ သဗ္ဗပဌမံ၊
တဿ သိရီဝရံ နမေ။

ယော နာထော - အကြင်မြတ်စွာဘုရားသည်၊ တဒါ - ထိုရာဇာယတနသတ္တာဟဝယ် နေတော်မူသောအခါ၌၊ တပုဿ ဘလ္လိကာနံ - တပုဿ,ဘလ္လိက ညီနောင်တို့အား၊ လောကမှိ - လောကသုံးပါး၌၊ သဗ္ဗပဌမံ - ခပ်သိမ်းသောသူတို့၏ လက်ဦးစွာ၊ ဒွိသရဏံ - ဒွေဝါစိကသရဏံကို၊ အဒါ -



www.burmeseclassic.com

www.burmeseclassic.com

ပေးတော်မူလေပြီ၊ တဿ နာထဿ - ထိုမြတ်စွာဘုရား၏၊ သီရီဝရံ - ကျက်သရေကိုဆောင်တတ်သော ဆံတော်မြတ်ကို၊ အဟံ - အကျွန်ုပ်သည်၊ နမေ - နမာမိ ရှိခိုးပါ၏။

၈။ တဒါ တတ္ထ ုပဋ္ဌာကာနံ၊
တေသံ ကေသေ အဒါ အဋ္ဌ၊
လောကဟိတ မပေက္ခန္တော၊
နထော ယော တဿ တေ နမေ။

ယော နာထော - အကြင်မြတ်စွာဘုရားသည်၊ တဒါ - ထိုရာဇာယတနသတ္တာဟဝယ် နေတော်မူသောအခါ၌၊ တတ္ထ - ထိုလင်းလွန်းပင်ရင်းသို့၊ ဉပဋ္ဌာကာနံ - ဆည်းကပ်လာကုန်သော၊ တေသံ - ထိုတပုဿ,ဘလ္လိက ညီနောင်တို့အား၊ အဋ္ဌကေသေ - ဆံတော်ရှစ်ဆူတို့ကို၊ လောကဟိတံ - သတ္တလောက၏ အစီးအပွားကို၊ အပေက္ခန္တော - အရှည်ထောက်ရှုတော်မူလျက်၊ အဒါ - ပေးအပ်တော်မူလေပြီ၊ တဿ နာထဿ - ထိုမြတ်စွာဘုရား၏၊ တေ အဋ္ဌကေသေ - ထိုဆံတော်ရှစ်ဆူတို့ကို၊ အဟံ - အကျွန်ုပ်သည်၊ နမေ - နမာမိ ရှိခိုးပါ၏။

၉။ တေပိ တံ အာယရိတွာန၊
ပေါက္ခရဝ္ဟတိယံ ဂါရုံ၊
သဇိဝ ကေသ စေတိယံ၊
နမေ တံ သဗ္ဗပုဗ္ဗကံ။

တေပိ - ထိုတပုဿ,ဘလ္လိက ညီနောင်တို့သည်လည်း၊ တံ - ထိုဆံတော်ဓာတ်ကို၊ အာဟာရိတွာန - ဆောင်ကုန်၍၊ ပေါက္ခရဝ္ဟတိယံ - အသိတဉ္စနမည်သော ပေါက္ခရဝတီမြို့၌၊ သဇိဝ ကေသ စေတိယံ - သက်တော်ထင်ရှားရှိသော သဗ္ဗညုမြတ်စွာဘုရား၏ ဆံတော်စေတီကို၊ အကရုံ - ပြုလေကုန်ပြီ၊ သဗ္ဗပုဗ္ဗကံ - ခပ်သိမ်းသောစေတီတို့၏ ရှေးဦးဖြစ်သော၊ တံ - ထိုဆံတော်စေတီကို၊ အဟံ - အကျွန်ုပ်သည်၊ နမေ - နမာမိ ရှိခိုးပါ၏။

၁၀။ ဉပေါသထု ပေါသထမှိ
မုဠှန္တံ နီလရာသိမှိယော၊
ဘဂဝါဝ လောကအတ္ထံ၊
ကရောန္တံ တံ သဒါ နမေ။

ဉပေါသထု ပေါသထမှိ - ဉပုသ်နေ့တိုင်း ဉပုသ်နေ့တိုင်း၌၊ နီလရာသိမှိယော - ညိုသောရောင်ခြည်တော်တို့ကို၊ မုဠှန္တံ - လွှတ်ပြလျက်၊ ဘဂဝါဝ - သက်တော်ထင်ရှားရှိသော သဗ္ဗညုဘုရားကဲ့သို့၊ လောကအတ္ထံ - လူတို့အကျိုးစီးပွားကို၊ ကရောန္တံ - ပြုတော်မူတတ်သော၊ တံ - ထိုဆံတော်စေတီကို၊ အဟံ - အကျွန်ုပ်သည်၊ သဒါ - အခါခပ်သိမ်း။ နမေ - နမာမိ ရှိခိုးပါ၏။

၁၁။ စူဠာမဏိ ဒုဿစေတျံ၊
ကာလမှိ ဗောဓိသတ္တကေ၊
ဗုဒ္ဓကာလေ ဣဒံ သဗ္ဗပဌမံ တံ နမာမဟံ။

စူဠာမဏိ ဒုဿစေတျံ - တာဝတိံသာ စူဠာမဏိ စေတီ၊ ဗြဟ္မာ့ပြည် ဒုဿစေတီ ဤစေတီနှစ်ဆူသည်၊ ဗောဓိသတ္တကေ - ဘုရားလောင်းလက်ထက်ဖြစ်သော၊ ကာလမှိ - ကာလ၌၊ သဗ္ဗပဌမံ - ခပ်သိမ်းသောစေတီတို့၏ ရှေးဦးစွာဖြစ်၏၊ ဗုဒ္ဓကာလေ ဘုရားရှင်လက်ထက်၌၊ ဣဒံ - ဤရွှေတိဂုံဆံတော်စေတီသည်၊ သဗ္ဗပဌမံ - ခပ်သိမ်းသော စေတီတို့၏ ရှေးဦးစွာဖြစ်၏၊ တံ တာဒိသံ - ထိုသို့သဘောရှိသော ဆံတော်စေတီကို၊ အဟံ - အကျွန်ုပ်သည်၊ နမာမိ - ရှိခိုးပါ၏။

၁၂။ နမာမဟံ ဝန္ဒာမဟံ၊
ပူဇေမဟံ သိရောရုဟံ၊
ပုညမိဒံ ဘဝတု မေ၊
ပစ္စယော အာသဝက္ခယေ။

အဟံ - အကျွန်ုပ်သည်၊ သိရောရုဟံ - ဆံတော်ဓာတ်မြတ်ကို၊ နမာမိ - ရှိခိုးပါ၏။ အဟံ - အကျွန်ုပ်သည်၊ သိရောရုဟံ - ဆံတော်ဓာတ်မြတ်ကို၊ ဝန္ဒာမိ - ခိုးမွှမ်းပါ၏။ အဟံ - အကျွန်ုပ်သည်၊ သိရောရုဟံ - ဆံတော်ဓာတ်မြတ်ကို၊ ပူဇေမိ - ပူဇော်ပါ၏။ ဣဒံ ပုည - ဤကောင်းမှုအပေါင်းသည်၊ မေ - အကျွန်ုပ်အား၊ အာသဝက္ခယေ - အာသဝေါတရားလေးပါးကုန်ခြင်း၌၊ အာသဝေါတရားလေးပါးကုန်ခြင်း၏၊ ပစ္စယော - အကြောင်းသည်၊ ဘဝတု - ဖြစ်ပါစေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

# သံဃရာဇာ သာသနာပိုင် မောင်းထောင်ဆရာတော်ဘုရားကြီး၏ ရွှေတိဂုံဆံတော်ရှင် ထောမနာ ၁၂ ဂါထာ

## (မြန်မာပြန်)

(ပဌမကျော် အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မာကထိက ကမ္ဘာ့ဗုဒ္ဓသာသနာပြု အရှင်သေဋ္ဌိလ မြန်မာပြန်သည်)

၁။ ဒီပင်္ကရာဘုရားရှင်၏ ခြေတော်ရင်း၌ သဗ္ဗညုဘုရားဆုကို အလိုရှိတော်မူသည်ဖြစ်၍ ရလုဆဲဆဲဖြစ်သော နိဗ္ဗာန် ချမ်းသာကို စွန့်တော်မူခဲ့သော မြတ်စွာဘုရား၏ ဆံတော် ဓာတ်မြတ်ကို အကျွန်ုပ်သည် ရှိခိုးပါ၏။

၂။ သဗ္ဗညုတဉာဏ်၏ အဆောက်အဦဖြစ်သော ပါရမီ အပေါင်းကို အကြွင်းမဲ့ဖြည့်တော်မူပြီး၍ အတုမရှိသော ဘုရားအဖြစ်ကို ရတော်မူပြီးသော မြတ်စွာဘုရား၏ ဆံတော်ဓာတ်မြတ်ကို အကျွန်ုပ်သည် ရှိခိုးပါ၏။

၃။ ဘုရားအဖြစ်ကို ရတော်မူပြီး၍ ခြောက်ပါးသောဌာနကို လွန်တော်မူပြီးလျှင် ခုနစ်ဌာနမြောက်ဖြစ်သော လင်းလွန်း ပင်ရင်း၌ ဖလသမာပတ်ကို အထူးထူးအပြားပြား ခံစား တော်မူခဲ့သော မြတ်စွာဘုရား၏ ဆံတော်ဓာတ်မြတ်ကို အကျွန်ုပ်သည် ရှိခိုးပါ၏။

၄။ ထိုရာဇာယတနသတ္တာဟ၌ သိကြားမင်းလှူသော ကွမ်းရိုး ဒန်ပူကိုလည်းကောင်း၊ ကြဖုသီးကိုလည်းကောင်း၊ အနော တတ္တအိုင်မှ ရေကိုလည်းကောင်း သုံးဆောင်တော်မူခဲ့ သော မြတ်စွာဘုရား၏ ဆံတော်ဓာတ်မြတ်ကို အကျွန်ုပ် သည် ရှိခိုးပါ၏။

၅။ ထိုရာဇာယတနသတ္တာဟဝယ် နေတော်မူသောအခါ၌ စတုမဟာရာဇ်နတ်မင်းကြီးလေးယောက်တို့သည် လှူ အပ်သော ပဲနောက်အဆင်းရှိသည့် ကျောက်ညှိသပိတ် ကို ရှေးဘုရားတို့ကဲ့သို့ ကျင့်တော်မူသည်ဖြစ်၍ ခံယူ တော်မူသော မြတ်စွာဘုရား၏ ဆံတော်ဓာတ်မြတ်ကို အကျွန်ုပ်သည် ရှိခိုးပါ၏။

၆။ ထိုရာဇာယတနသတ္တာဟဝယ် နေတော်မူသောအခါ၌ ထို လင်းလွန်းပင်ရင်းသို့ ဆည်းကပ်လာကုန်သော တပုဿ၊ ဘလ္လိက ညီနောင်နှစ်ယောက်တို့ လှူအပ်သော ပျားမုန့် ဆုပ်ကိုလည်းကောင်း၊ မုန့်ကြွပ်ကျစ်ကိုလည်းကောင်း ဘုဉ်းပေးတော်မူခဲ့သော မြတ်စွာဘုရား ဦးခေါင်းတော်၏ ကျက်သရေဖြစ်သော ဆံတော်ဓာတ်မြတ်ကို အကျွန်ုပ် သည် ရှိခိုးပါ၏။

၇။ ထိုရာဇာယတနသတ္တာဟဝယ် နေတော်မူသောအခါ၌ တပုဿ၊ ဘလ္လိကညီနောင်တို့အား လောသုံးပါး၌ လက်ဦး ပဌမ ဒွေဝါစိက သရဏဂုံကို ပေးတော်မူခဲ့သော မြတ်စွာ ဘုရား၏ ဆံတော်ဓာတ်မြတ်ကို အကျွန်ုပ်သည် ရှိခိုးပါ၏။

၈။ ထိုရာဇာယတနသတ္တာဟဝယ် နေတော်မူသောအခါ၌ ထို လင်းလွန်းပင်ရင်းသို့ ဆည်းကပ်လာကုန်သော တပုဿ၊ ဘလ္လိက ညီနောင်တို့အား ဆံတော်ရှစ်ဆူတို့ကို ပေးအပ် တော်မူခဲ့သော မြတ်စွာဘုရား၏ ဆံတော်ဓာတ်မြတ် ရှစ်ဆူကို အကျွန်ုပ်သည် ရှိခိုးပါ၏။

၁၀။ ဥပုသ်နေ့တိုင်း ဥပုသ်နေ့တိုင်း၌ ညိုသောရောင်ခြည်တော် တို့ကို လွှတ်ပြလျက် သက်တော်ထင်ရှားရှိသော သဗ္ဗညု ဘုရားရှင်ကဲ့သို့ လူတို့၏အကျိုးစီးပွားကို ပြုတော်မူသော ထိုဆံတော်ဓာတ်မြတ်စေတီကို အကျွန်ုပ်သည် အခါခပ် သိမ်း ရှိခိုးပါ၏။

၁၁။ တာဝတိံသာနတ်ပြည် စူဠာမဏိစေတီ၊ ဗြဟ္မာ့ပြည် ဒုဿ စေတီ ဤစေတီနှစ်ဆူသည် ဘုရားလောင်းလက်ထက် အခါ၌ ခပ်သိမ်းသောစေတီတို့၏ ရှေးဦးစွာဖြစ်၏။ ဘုရား ရှင်လက်ထက်၌ ဤရွှေတိဂုံဆံတော်ဓာတ်မြတ် စေတီ သည် ခပ်သိမ်းသောစေတီတို့၏ ရှေးဦးစွာဖြစ်၏။ ထိုသို့ သဘောရှိသော ဆံတော်ဓာတ်မြတ်စေတီကို အကျွန်ုပ် သည် ရှိခိုးပါ၏။


၁၂။ အကျွန်ုပ်သည် ဆံတော်ဓာတ်မြတ်ကို ရှိခိုးပါး၏။ အကျွန်ုပ် သည် ဆံတော်ဓာတ်မြတ်ကို ချီးမွမ်းပါ၏။ အကျွန်ုပ်သည် ဆံတော်ဓာတ်မြတ်ကို ပူဇော်ပါ၏။ ဤကောင်းမှုအပေါင်း သည် အကျွန်ုပ်အား အာသဝေါတရားလေးပါးကုန်ခြင်း၏ အကြောင်းအထောက်အပံ့ ဖြစ်ပါစေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

# ရွှေတိဂုံ စေတီတော်



လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးကို လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀ က သိင်္ဂုတ္တရကုန်းတော် မြေမြတ်ာတွင် ဥက္ကလာပမင်းကြီး တည်ထားကိုးကွယ်ခဲ့ပါသည်။

ဂေါတမမြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်နေ့ အရုဏ်မတက်မီအချိန်တွင် ာဗောဓိပင်ရင်း၌ သဗ္ဗညုတရွှေဉာဏ်တော်ကို ရရှိကာ ဘုရားအဖြစ်သို့ ရောက်တော်မူပါသည်။ ဘုရားရှင်သည်



www.burmeseclassic.com

www.burmeseclassic.com



ရွှေတိဂုံစေတီတော်
စိန်ဖူးတော်

သတ္တသတ္တာဟ စံတော်မူပြီး ၄၉ ရက်မြောက် နောက်ဆုံးနေ့တွင် လင်းလွန်းပင်ရင်း၌ စံနေတော်မူစဉ် ဥက္ကလာပတိုင်းသား တပုဿ နှင့် ဘလ္လိက ကုန်သည်ညီနောင်တို့သည် နောက်ပါလှည်းသားငါးရာတို့နှင့်အတူ ကုန်ကူးသန်းသွားလာရင်း မဇ္ဈိမဒေသသို့ ရောက်ရှိလာကြရာ ဘဝဟောင်းက ဆွေမျိုးတော်စပ်ခဲ့ဖူးသော ရုက္ခစိုးနတ်မင်း၏ ညွှန်ပြမှုကြောင့် ဘုရားရှင်ထံသို့ ရောက်ရှိဖူးမြော်ကြလေသည်။ ဘုရားရှင်အား မိမိတို့တွင် ပါရှိလာသော မုန့်ကြွက်ကျစ်နှင့် ပျားဆုပ်မုန့်တို့ဖြင့် လှူဒါန်းပူဇော်ကြလေသည်။

ဘုရားရှင်သည် ကုန်သည်ညီနောင်တို့အား ဒွေဝါစိက သရဏဂုံနှစ်ပါးနှင့် ဆံတော်မြတ်ရှစ်ဆူကို ပေးအပ်ချီးမြှင့်တော်မူသည်။ နောင်တော်ဘုရားသုံးဆူတို့၏ ပရိဘောဂဓာတ်တော်များ ကိန်းဝပ်ရာ ဖြစ်တော်မူသော သိင်္ဂုတ္တရကုန်းတော်မြတ်၌ ငါ၏ ဆံတော်များကို ဌာပနာလျက် စေတီတည်ထားကြကုန်လော့ဟူသော ဗျာဒိတ်စကားကို မိန့်ကြားတော်မူလေသည်။

ကုန်သည်ညီနောင်တို့သည် သိကြားမင်း ဖန်ဆင်းသော ပတ္တမြားကြုတ်တော်နှင့် ရတနာပြာသာဒ်တော်၌ ဆံတော်များကို ကိန်းဝပ်စံပယ်တော်မူစေပြီး၍ ဦးခေါင်းထက်၌ တင်ဆောင်ကာ ဥက္ကလာပတိုင်းသို့ ကုန်းလမ်းခရီး ရေလမ်းခရီး အသွယ်သွယ်ဖြင့် ပင့်ဆောင်လာခဲ့ကြပါသည်။ ခရီးတစ်ထောက်အဖြစ် စစ်တွေမြို့၏ အရှေ့တောင်ဘက် ဆယ်မိုင်ခန့်အကွာ ဖရုံကာကျွန်းမစုများအနက် ဇေဒွီပကျွန်းရှိ အဇ္ဈိတ္တနဂရမြို့ အကောက်ဆိပ်သို့ ရောက်ရှိလာကြလေသည်။ ဆံတော်မြတ်များသည် ရောင်ခြည်တော် ကွန့်မြူးကာ ကြည်ညိုဖွယ်အသွင် ဖူးမြင်ကြရသော ဇေဒွီပကျွန်းဘုရင်မင်းနှင့် ပြည်သူပြည်သားတို့မှာ ကြည်ညိုသဒ္ဓါဖြင့် ဖူးမြင်မဝ ဖြစ်ကြရလေသောအခါ ကုန်သည်ညီနောင်တို့ထံမှ ဆံတော်မြတ်နှစ်ဆူကို တောင်းခံကြလေသည်။ ကုန်သည်ညီနောင်တို့သည် မပေးအပ်လိုကြသော်လည်း ဘုရင်မင်းမြတ်သည် ဆံတော်မြတ်နှစ်ဆူကို အနိုင်အထက်ပြုကာ ဆောင်ယူထားလိုက်လေသည်။

ကုန်သည်ညီနောင်တို့သည် အားမတန် မာန်လျှော့လျက် ခရီးဆက်လက် ထွက်ခွာလာခဲ့ကြရာ လမ်းခရီးတွင် ရပ်နားလိုခြင်း မရှိသော်လည်း ရာသီဥတုအခြေအနေမှာ မိုးရွာလေပါ ပြင်းထန်လာသည့်အတွက် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်နေ့တွင် နာဂရေစ်မော်အငူ (ယခု ပုသိမ်မော်တင်စွန်း)သို့ ရောက်ရှိကာ မဖြစ်မနေ တစ်ညတာ ခေတ္တရပ်နားခဲ့ကြလေသည်။ ထိုည၌ ဆံတော်မြတ်တို့မှာ သပ္ပာယ်ကြည်ညိုဖွယ် ရောင်ခြည်တော်များ ကောင်းကင်တစ်ခွင်လုံး ကွန့်မြူးထွက်ပေါ်နေသည်ကို ဖူးမြင်ကြရသဖြင့် နဂါးလုလင်တစ်ဦးသည် လူယောင်ဖန်ဆင်းပြီး ဆံတော်မြတ်နှစ်ဆူကို ခိုးယူ၍ ဇေယျသေန နဂါးမင်းထံ ဆက်သလေသည်။ ကုန်သည်ညီနောင်တို့သည် ဆံတော်မြတ်နှစ်ဆူ ထပ်မံပျောက်ဆုံးသွားပြန်သဖြင့် ဝမ်းနည်းပူဆွေးကြကာ အမြန်ဆုံး ခရီးဆက်ခဲ့ကြလေသည်။

မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်၊ တနင်္ဂနွေနေ့တွင် ပေါက္ခရဝတီမြို့၏ ဆိပ်ကမ်းမြေ



www.burmeseclassic.com

www.burmeseclassic.com

သော ဓညဝတီ(ခေါ်)ဟပင်း(ကသစ်ပင်ဆိပ်ကမ်း)သို့ ရောက်ရှိခဲ့ပြီး ဆိပ်ကမ်း၏ အနောက်ဘက် ခြောက်မိုင်ခန့် အကွာရှိ မေရုဒကုန်းသို့ နဝရတ်ပြာသာဒ်ကို ပင့်ဆောင်၍ ဘုရားရှင်၏ ဆံတော်မြတ်တို့အား ခုနစ်ရက်ပတ်လုံး ပွဲလမ်းသဘင် ဆင်ယင်ကျင်းပကာ ပူဇော်ကြလေသည်။ ဆံတော်မြတ်များကို ထိုဒေသဝန်းကျင်မှ ပြည်သူအများ လာရောက်ပူဇော်ခဲ့ကြပါသည်။ ကုန်သည်ညီနောင်တို့သည် ဘုရားရှင်၏ ဆံတော်များ ပင့်ဆောင်လာပြီဖြစ်ကြောင်းကိုလည်း ဥက္ကလာပမင်းကြီးထံ တမန်များ စေလွှတ်လျှောက်ထားစေသည်။

ဆံတော်မြတ်များကို မေရုဒကုန်းမှ ဆက်လက်ပင့်ဆောင်လာရာ ဒေးတနောရွာ၊ အင်္ဂလုံးရွာ၊ ဆပုဂံရွာ၊ တရုတ်ကုန်းရွာ၊ တဂူခြံရွာ၊ လက်ခိုက်ရွာ၊ ကော့မှူးရွာ၊ ဖလကြီးရွာနှင့် ကဘင်းရွာများကို ဖြတ်သန်းပင့်ဆောင်ခဲ့ကြပါသည်။ နောင်တွင် အဆိုပါရွာများ၌ ဆံတော်ကြို စေတီများကို အသီးသီး တည်ထားကိုးကွယ်ခဲ့ကြသည်။ မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်၊ စနေနေ့တွင် ဥက္ကလာပဆိပ်ကမ်းနေရာ(ယခု ဗိုလ်တထောင်ဆိပ်ကမ်း)သို့ ဆံတော်မြတ်များ ဆိုက်ရောက်ခဲ့သဖြင့် ဥက္ကလာပမင်းကြီးနှင့် ပြည်သူအများသည် တပ်တောင်တန်ဗိုလ်ထုဖြင့် ခင်းကျင်းကာ ကြိုဆို၍ ဆံတော်မြတ်များကို အသင့်ဆောက်လုပ်ထားသော ရတနာမဏ္ဍပ်၌ ကိန်းဝပ်စံပယ်စေကာ အားပါးတရ ပူဇော်ကြလေသည်။

ဥက္ကလာပမင်းကြီးသည် ဆံတော်မြတ်လေးဆူ ...န်းခရီးတွင် ဆုံးရှုံးခဲ့ကြောင်း ကုန်သည်ညီနောင်တို့၏ လျှောက်တင်ချက်အရ သိရှိရသောအခါ လက်အုပ်ချီမိုး ရှိခိုး အဓိဋ္ဌာန်ပြုပြီး ဆံတော်မြတ်များ ကိန်းဝပ်သည့် ပတ္တမြားကြုတ်တော်ကို ဖွင့်လေရာ ဆုံးရှုံးခဲ့သော ဆံတော်မြတ်လေးဆူပါအဝင် ဘုရားရှင် ပေးသနားချီးမြှင့်တော်မူခဲ့သည့်အတိုင်း ဆံတော်မြတ်ရှစ်ဆူကို ဝမ်းမြောက်ဖွယ် ဖူးမြင်ကြရလေသည်။ ဥက္ကလာပမင်းကြီးသည် ဆံတော်များကို ဌာပနာပြု၍ စေတီတည်ထားကိုးကွယ်ရန် စီမံလေသည်။ သိကြားမင်း၏ အကူအညီဖြင့် သိင်္ဂုတ္တရကုန်းတော်ကို ရှာဖွေတွေ့ရှိပြီးနောက် ရှေးဘုရားသုံးဆူတို့၏ ဓာတ်တော် မွေတော်များဖြစ်သော ကကုသန်မြတ်စွာဘုရား၏ တောင်ဝှေးတော်၊ ကောဏဂုံမြတ်စွာဘုရား၏ ရေစစ်တော်၊ ကဿပမြတ်စွာဘုရား၏ ရေသနုပ်သင်္ကန်းတော်တို့ကို နတ်မင်းကြီးများ၏ ညွှန်ပြမှုကြောင့် တူးဖော်တွေ့ရှိ ဖူးမြင်ရပြီး ဘုရားလေးဆူတို့၏ ဓာတ်တော်များကို ဌာပနာပြုကာ ဉာဏ်တော် ၄၄ တောင် (၆၆)ပေ မြင့်သော ရွှေတိဂုံစေတီတော်ကို တည်ထားခဲ့ပါသည်။ မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ဥက္ကလာပမင်းကြီး၊ တပုဿ၊ ဘလ္လိက ညီနောင်နှင့် ပြည်သူပြည်သားအများတို့သည် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲကြီးကို ကြီးကျယ်ခမ်းနားစွာ ဆင်ယင်ကျင်းပပါသည်။ နောင်သောကာလတွင် ဥက္ကလာပမင်းအဆက်ဆက်နှင့် တကွ မင်းဘုရင်အဆက်ဆက်တို့ တိုးချဲ့ပြုပြင် တည်ထားခဲ့ကြရာ လက်ရှိ (၃၂၆)ပေ မြင့်သော ရွှေရောင်တဝင်းဝင်းဖြင့် ကြည်ညိုသပ္ပာယ်ဖွယ်ရာ ဖူးတွေ့ကြရပေသည်။

နှစ်စဉ်နှစ်တိုင်း တပေါင်းလပြည့်နေ့တွင် ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနိယ ပူဇော်ပွဲကြီးကို ကျင်းပပြုလုပ်လာခဲ့သည်မှာ မြန်မာသက္ကရာဇ် ၁၃၇၃-ခုနှစ်၊ တပေါင်းလပြည့်၊ ဗုဒ္ဓဟူးနေ့၊ ခရစ်နှစ် ၂၀၁၂-ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် နှစ်ပေါင်း ၂၆၀၀ ပြည့်သို့ ရောက်ရှိခဲ့ပြီဖြစ်၍ ယခင်နှစ်များထက် ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။ ရွှေတိဂုံစေတီတော် ၂၆၀၀ ပြည့် တစ်နှစ်တာကာလအတွင်း ဝါဆိုလပြည့်နေ့တွင် ပရိတ်တော် ရွတ်ဆိုပြိုင်ပွဲ ကျင်းပခြင်း၊ ပန်း၊ ဆီမီး၊ ရေချမ်း၊ သစ်သီး ၂၆၀၀ ပူဇော်ပွဲ ကျင်းပခြင်း၊ ဓမ္မစက္ကပဝတ္တနသုတ် ရွတ်ဖတ်ပူဇော်ခြင်း၊ ဝါခေါင်လပြည့်နေ့တွင် ပန်းပေါင်း ၈၄၀၀၀ ဖြင့် ပူဇော်ခြင်း၊ ပန်း၊ ဆီမီး၊ ရေချမ်း၊ သစ်သီး ၂၆၀၀ ဖြင့် ဆွမ်းတော်ကြီးတင်လှူပွဲ ကျင်းပခြင်း၊ ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပခြင်း၊ တော်သလင်းလပြည့်နေ့တွင် ဂရုဓမ္မအခါတော်နေ့ ကျင်းပခြင်းများကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ရွှေတိဂုံနှင့် စမဗဝ

မန်းသိုက်ဝင်

ထေရဝါဒ ဗုဒ္ဓဘာသာထွန်းကားသော စာရေးသူတို့ မြန်မာနိုင်ငံကား ဘုရားကျောင်းကန် စေတီပုထိုးတို့ ပေါများလှသော နိုင်ငံဖြစ်ပါသည်။ ဗုဒ္ဓ၏သာသနာတော် အဆုံးအမဖြင့် အေးချမ်းမှု ပြည့်ဝနေသည်ဆိုလျှင် မမှားချေ။ ဤဌ ဘုရားလေးဆူ၏ဓာတ်တော်များ ကိန်းဝပ်လျက်ရှိသော ရွှေတိဂုံစေတီတော်ကြီးကား မြန်မာနိုင်ငံ၏ မျက်နှာစာလည်း ဖြစ်၏။ နိုင်ငံတော်၏ သီရိကျက်သရေလည်းဖြစ်၏။ တန်ခိုးတော်ကြွယ်ဝသည်နှင့်အမျှ ဖူးမြော်ရသူတို့အဖို့ရာမှာလည်း လိုရာဆုများ ပြည့်ဝစေ၏။

ဤဌ ရွှေတိဂုံဘုရားသို့ သွားရောက်ဖူးမြော်ကြရာဌ တောင်းဆုလိုရာ ပြည့်စုံနိုင်ရန်အတွက် ကူထောက်ပေးမည့် စ·မ·ဗ·ဝ အက္ခရာကို အသုံးပြုပုံပြုနည်းကလေးကို လေ့လာမှတ်သားထားရာမှ ပြန်လည်တင်ပြချင်ပါသည်။

အဆွေစာရှုသူအဖို့ ရွှေတိဂုံဘုရားသို့ ရောက်ပါက ရာဟုဂြိုဟ်တိုင်ရှိရာသို့ သွားပါ။ ပြီးလျှင် ဂြိုဟ်တိုင်၏မြောက်ဘက်ရှိ အောင်မြေသို့ရောက်လျှင် အောင်မြေ၏ အလယ်ဗဟိုတည့်တည့်၌ ရပ်ပါ။ ထို့နောက် စေတီတော်ကြီး၏ သပိတ်မှောက်အထက် ပန်းဆွဲရှိ လေးထောင့်ကွက်ပုံသဏ္ဍာန် (စ·မ·ဗ·ဝ) အက္ခရာကွက်ကိုတွေ့ရမည်။ ထိုအက္ခရာကို ကြည့်၍ အသက်အောင့်ပြီး မျက်တောင်မခတ်ဘဲ···

"စ·မ·ဗ·ဝ
စ·မ·ဗ·ဝ
စ·မ·ဗ·ဝ
စ·မ·ဗ·ဝ
စ·မ·ဗ·ဝ
စ·မ·ဗ·ဝ
စ·မ·ဗ·ဝ
စ·မ·ဗ·ဝ
စ·မ·ဗ·ဝ"

ဟူ၍ ကိုးကြိမ်ရွတ်ဆိုပါ။ ပြီးလေသော် လိုရာဆုကို တောင်းပါ။ တောင်းသောဆုကို ပြည့်ဝသည်ဟု မှတ်သားရသဖြင့် စ·မ·ဗ·ဝ ရွတ်လိုသူများအတွက် တင်ပြလိုက်ခြင်းဖြစ်ပါတယ်။

**မန်းသိုက်ဝင်**



www.burmeseclassic.com

www.burmeseclassic.com

# သူတို့မြင်ပုံ ရွှေတိဂုံ

## မနုသဿကျော်ဝင်း(အမျိုးသားစာပေဆုရ)

ရွှေတိဂုံစေတီတော်တည်ရှိရာသို့ အစောဆုံး ရောက်ခဲ့ကြသည့် နိုင်ငံခြားသားတို့ကား ကောင်းသောလာခြင်းမျိုးဖြင့် လာခဲ့ကြသည်မဟုတ်။ သာဓကအားဖြင့် ပေါ်တူဂီလူမျိုး ဖိလစ်ဒီဘရစ်တို (ခေါ်) ငကလားငဇင်ကာ။ သူသည် ၁၆၀၀ ပြည့်နှစ်ပတ်ဝန်းကျင်တွင် ရွှေတိဂုံစေတီတည်ရှိရာ သိင်္ဂုတ္တရကုန်းတော်ပေါ်သို့ ရောက်ရှိ၏။ ဓမ္မစေတီမင်း လှူဒါန်းထားသော ခေါင်းလောင်းတော်ကြီးကို တွေ့မြင်ရသောအခါ "ဒီခေါင်းလောင်းကြီးကိုသာ သန်လျင်မြို့သို့ သယ်ယူပြီး အရည်ကျိုလိုက်ရလျှင်၊ အမြောက်တွေ သွန်းလုပ်လိုက်ရလျှင်" ဟူသော အတွေးက သူ့သည်းခြေကို ခိုက်သွားစေခဲ့သည်။ ထိုအတွေးအတိုင်း ချက်ချင်းပင် အကောင်ထည်ဖော်စေခဲ့သည်။ သို့ရာတွင် သူ့အကြံအစည် မအောင်မြင်ခဲ့ပါ။ မြစ်သုံးခွဆိုင်တွင် သင်္ဘောမှောက်ပြီး ခေါင်းလောင်းတော် ရေအောက်ရောက်၍ အစပျောက်သွားခဲ့ရသည်မှာ ယနေ့အထိပင်။

နောက်ထပ်ရောက်ရှိကြသူတို့ကား ကိုလိုနီနယ်ချဲ့ ဗြိတိသျှစစ်တပ် ရှင်မဖြူကျွန်းအရေးနှင့် ပတ်သက်၍ ၁၈၂၄ တွင် ဖြစ်ပွားခဲ့သော အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ၌ စစ်သူကြီးမဟာဗန္ဓုလတို့ အနောက်ဘက်စစ်မျက်နှာပြင်၌ ပြင်းပြင်းထန်ထန်တိုးစစ်ဆင် အောင်မြင်နေစဉ် နယ်ချဲ့စစ်တပ်က ပင်လယ်ရေကြောင်းမှ သင်္ဘောတွေဖြင့် ရန်ကုန်ဆိပ်ကမ်းသို့ လှည့်ဝင်သည်။ ရွှေတိဂုံကုန်းတော်ပေါ်တွင် တပ်စွဲနေရာယူသည်။ မြန်မာမင်း၏ အမိန့်တော်အရ စစ်သူကြီးမဟာဗန္ဓုလ ဦးစီးသော မြန်မာတပ်မတော်သည် ရာမူးပန်းဝါမှ တပ်ခေါက်ပြီး ရန်ကုန်သို့ ချက်ချင်းချီလာရ၏။ မိုးတွင်းကာလ အနောက်ရိုးမကို ဖြတ်ကျော်ပြီး ခြောက်ရက်အတွင်း ရန်ကုန်သို့ ရောက်သောသဖြင့် နယ်ချဲ့ဗြိတိသျှတပ်အဖို့ ရင်သပ်ရှုမော အံ့ဩလောက်အောင် ဖြစ်ခဲ့ရသည်။ သို့ရာတွင် သူတို့က ရွှေတိဂုံကုန်းတော်ပေါ်မှ အသာစီးရနေကြပြီ။ လက်နက်ချင်းယှဉ်လျှင်လည်း သူတို့က အလွန်ခေတ်မီထိရောက်သော လက်နက်မျိုးတို့ကို ကိုင်ဆွဲထားကြလျက် မြန်မာတပ်သားတို့မှာကား လူ ၁၀ ယောက်လျှင် တစ်ယောက်ပင် တူမီးသေနတ်ကို မကိုင်စွဲနိုင်ခဲ့ကြ။ မိုးတွင်းကာလ၌ ရာမူးပန်းဝါမှသည် ရန်ကုန်ထိ ခြောက်ရက်အတွင်း ခရီးပြင်းချီလာခဲ့ကြရသည်မို့ စစ်သည်တော်တို့ အလွန်ပင်နွမ်းလျနေကြ၏။ အဆိုးဆုံးသည်ကား ဗုဒ္ဓဘာသာဝင် မိမိတို့မြန်မာများ အလွန်ပင် အထွတ်အမြတ်ထားသော မြတ်ဘုရားရွှေတိဂုံတည်ရှိရာ ကုန်းတော်ပေါ်၌ ရန်သူများက တပ်စွဲထားကြခြင်းပင်ဖြစ်၏။ လက်နက်ဖြင့် ပစ်ခတ်ဖို့ မဆိုထားဘိ ချိန်ရွယ်ရန်အတွက်ပင် လုံးဝမပြုချင်သော မြန်မာစစ်သည်တော်တို့အဖို့ အလွန်အကြပ်ရိုက်ခဲ့ကြ၏။ စစ်သူကြီးမဟာဗန္ဓုလသည် အစစအရာရာကို ထောက်ရှုဆင်ခြင်ပြီး ဓနုဖြူအထိ ဆုတ်ခွာခုခံခဲ့သည်။ ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲ၏ အဆုံးသတ်ပုံနှင့် ရလဒ်ကို အထူးမဖော်ပြလိုတော့ပါ။

ပုဂံမင်းလက်ထက် ၁၈၅၂ ခုနှစ်တွင် ဖြစ်ပွားသော အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲ၌လည်း အောင်ပွဲရနယ်ချဲ့တပ်က ရွှေတိဂုံစေတီရင်ပြင်တော်ပေါ်ရှိ စဉ့်ကူးမင်း ခေါင်းလောင်းတော်ကြီးကို စစ်အောင်နိုင်ခြင်း ဆုလာဘ်အဖြစ် သင်္ဘောဖြင့် သယ်ယူသွားခဲ့ကြ၏။ သို့ရာတွင် ရန်ကုန်ဆိပ်ကမ်းမှာပင် ခေါင်းလောင်းတော်ကြီး ရေထဲသို့ လိမ့်ကျသွားခဲ့ရသည်။ ခေတ်မီတိုးတက်သည်ဆိုသော သူတို့၏အင်ဂျင်နီယာများက အမျိုးမျိုး ကြိုးစားကြပါသော်လည်း ပြန်ဆယ်၍မရခဲ့။ သို့နှင့်သည်အတိုင်းပစ် ထားခဲ့ကြသည်။ ထိုအခါ မြန်မာတို့က မိမိတို့ ပြန်ဆယ်ယူ၍ရနိုင်လျှင် မူလနေရာ၌ ပြန်လည်ထားရှိပူဇော်ခွင့်ပြုရန် သက်ဆိုင်ရာအစိုးရကို လျှောက်ထားခဲ့ကြ၏။ "ငါတို့ရဲ့ ခေတ်မီပညာရှင်တွေတောင် မဆယ်ယူနိုင်

www.burmeseclassic.com

သေးတာ မင်းတို့လို တောသားတွေဆို ဝေလာဝေးပေါ့"ဟု မြန်မာတွေအပေါ် အထင်အမြင်သေးသော နယ်ချဲ့အစိုးရက ခွင့်ပြုခဲ့၏။ မြန်မာတွေအဖို့ ကြည်ညိုသဒ္ဒါမှုစိတ်ထားအပြည့်၏ အပြင်းအထန် စေ့ဆော်မှု၊ ဒီရေအတက်အကျကို အသုံးချတတ်သော ရိုးရာနည်းပညာ၏ စွမ်းဆောင်နိုင်မှု၊ မိမိတို့၏ ကာယနှင့် ဉာဏစွမ်းအားကို အပြည့်အဝ အသုံးချခဲ့မှုတို့ကြောင့် စဉ့်ကူးမင်းခေါင်းလောင်းတော်ကြီးသည် မူလနေရာမှန်သို့ ပြန်လည်ရောက်ရှိနိုင်ခဲ့ရသည်။

ကျွန်တော်သည် ဇင်ကာတို့ လက်ထက်မှစ၍ ရွှေတိဂုံနှင့်ပတ်သက်သော နိုင်ငံခြားသားများရေးသားသည့် အစောဆုံးမှတ်တမ်းများကို ရှာဖွေခဲ့ရာ ပထမဦးဆုံး 'Burma' အမည်ရှိ စာအုပ်ကို တွေ့ရှိခဲ့ရ၏။ ထိုစာအုပ်ကို ပြုစုသူတို့မှာ 'Max နှင့် Bertha Ferrarr' တို့ဖြစ်ကြပြီး ၁၉၀၀ ပြည့်နှစ်တွင် လန်ဒန်၌ ပုံနှိပ်ထုတ်ဝေခဲ့ခြင်းဖြစ်၏။ ကျွန်တော်ရရှိသော စာအုပ်မှာ ပထမအကြိမ် ပုံနှိပ်ထုတ်ဝေသော မူရင်းစာအုပ်ဖြစ်ပြီး ထိုစာအုပ်ထဲ၌ ရွှေတိဂုံစေတီတော်သို့ ကျိုင်းတုံဘက်မှ ရှမ်းတိုင်းရင်းသားများ ဘုရားဖူးလာလေ့ရှိကြပုံအကြောင်း ဖော်ပြထားသည်ကို ဖတ်ရှုတွေ့ရှိရ၏။

ဒုတိယတွေ့ရှိရသော စာအုပ်မှာ "The Burma' ဖြစ်၏။ ရေးသားပြုစုသူမှာ အင်္ဂလိပ်လူမျိုး အုပ်ချုပ်ရေးအရာရှိ စာရေးဆရာ "Sir Janes George Scott" ကလောင်အမည် "ရွှေရိုး"(Shway Yoe) ဖြစ်၏။ ၁၈၈၂ ခုနှစ်တွင် ရေးသားပြုစု ပုံနှိပ်ထုတ်ဝေခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ကျွန်တော်ဖတ်ရှုရသော စာအုပ်မှာ ၁၉၆၃ ခုနှစ်တွင် နော်တန်စာကြည့်တိုက်၌ ပုံနှိပ်ထုတ်ဝေခဲ့သော စာအုပ်ဖြစ်၏။ ထိုစာအုပ်၏ အခန်း ၁၅ ၌ မြန်မာပြည်ရှိ စေတီပုထိုးများအကြောင်း အကျယ်တဝင့် ရေးသားဖော်ပြထားရာ ရွှေတိဂုံစေတီတော်မြတ်အကြောင်းကိုလည်း အထူးတလည် ရေးသားတင်ပြထား၏။ ရွှေတိဂုံစေတီတော်သည် အင်ဒိုချိုင်းနားရှိ ဘုရားဖူးရန်နေရာများအနက် ကြည်ညိုအလေးအထားခံရဆုံး နေရာတစ်ခုဖြစ်သည်ဟူ၍လည်းကောင်း၊ ကမ္ဘာတစ်ဝန်းမှ အရောက်အပေါက်အများဆုံး နေရာတစ်ခုဖြစ်သည်ဟူ၍လည်းကောင်း ဖော်ညွှန်းထားသည်။ ဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူသွားပြီဖြစ်သော ဘုရားလေးဆူတို့၏ ဓာတ်တော်မွေတော်များ ဤဘုရား၏ ဌာပနာတိုက်ထဲတွင် ရှိသည့်အကြောင်း၊ မတ်လ(တပေါင်းလ) ဘုရားပွဲတော်ကျင်းပသည့်အခါ မြန်မာ့နယ်စွန်နယ်ဖျားဒေသမှ တိုင်းရင်းသားမျိုးနွယ်တွေသာမက ကမ္ဘောဒီးယား၊ ထိုင်းနှင့် ကိုရီးယားနိုင်ငံတို့မှ ဘုရားဖူးများ လာရောက်ကြပုံအကြောင်းများကိုလည်း တင်ပြထား၏။

ရွှေရိုး၏ ထူးခြားသောတင်ပြချက်တစ်ခုမှာ ရွှေတိဂုံစေတီတော်ကြီး၏ သက်တမ်းနှင့်ပတ်သက်၍ ဖြစ်သည်။ ဤစေတီတော်ကြီးကို ဘီစီ ၅၈၈ တွင် တည်ထားခဲ့သည်ဆိုသော်လည်း အခြားပွင့်တော်မူပြီး ဘုရားတို့၏ ဓာတ်တော်မွေတော်များ ရှိနေသည်ဆိုခြင်းတို့ကြောင့် ယင်းကာလထက် ပင်စောနိုင်သည်ဟု ရွှေရိုးကောက်ချက်ချထား၏။ ရွှေတိဂုံစေတီတော်နှင့်ပတ်သက်၍ ကျောက်စာမှတ်တမ်းအပါအဝင် ခိုင်မာသော အထောက်အထားတို့ကို ဘုရင်မ ရှင်စောပုလက်ထက်တွင်မှ စတင်တွေ့ရှိခဲ့ရသော်လည်း ယင်းစေတီတော်မြတ်ကြီးသည် ရှင်စောပုလက်ထက်မတိုင်မီ နှစ်ပရိစ္ဆေဒပေါင်းများစွာ ကြာမြင့်ကတည်းက ရှိနေခဲ့သဖြင့် စေတီတော်၏ သက်တမ်းကို အတိအကျသိရှိနိုင်ရန်မှာ ခက်ခဲလှပါကြောင်း ရွှေရိုးက ဖော်ပြထား၏။ ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးသည် ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ထီးတော်အသစ်တင်ရန် ဗြိတိသျှအစိုးရက ထီးတော်အသစ်တင်ခွင့်ပြုခဲ့ရပုံနှင့် ထိုထီးတော်၏ တန်ဖိုးမှာ ဗြိတိသျှသုံးငွေ ပေါင် ၅၀၀၀၀ ထက်မနည်းကြောင်း၊ ထိုထီးတော်အသစ်ကို မင်းတုန်းမင်းတရားကြီးက လှူဒါန်းခဲ့ခြင်းဖြစ်ပြီး လုပ်အားကိုမူ ဗုဒ္ဓဘာသာဝင် မြန်မာတွေက စေတနာ့ဝန်ထမ်း အလှူပြုခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ပြထား၏။

ရွှေရိုး၏ စာအုပ်ထဲတွင် ၁၈၇၅ ခုနှစ် ပတ်ဝန်းကျင်(သူ မြန်မာပြည်ရောက်ရှိခဲ့ချိန်)က ရွှေတိဂုံကုန်းတော်၏ အနေအထားနှင့် စေတီတော်မြတ်ကြီး၏ အသွင်အပြင်မှန်နှင့် စောင်းတန်းတို့၏ ဖွဲ့စည်းပုံ စသည်တို့ကို အသေးစိတ် ဖော်ပြထား၏။ ကုန်းတော်ခြေရင်း၌ ထိုင်းဘုရင်က သူ့တိုင်းပြည်မှ ဘုရားဖူးများလာလျှင် နားခိုနေနိုင်ကြစေရန်အတွက် ဇရပ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းထားရှိပုံ၊ ထိုဇရပ်အပြင် စောင်းတန်းတစ်လျှောက် ဘုရားရင်ပြင်နားအထိ ဇရပ်တွေ တန်းနိုင်



www.burmeseclassic.com

www.burmeseclassic.com

နေကြပုံ တပေါင်းလဘုရားပွဲတော်၌ စောင်းတန်း၊ စကြံ၊ ဇရပ်တို့၌ လူတွေ ပြည့်သိပ်ကျပ်ညပ်နေလေအောင် စည်ကားလှပုံတို့ကိုလည်း ရွှေရိုးက တင်ပြဖော်ညွှန်းထား၏။

ကျွန်တော် နောက်ဆုံးတင်ပြလိုသော စာအုပ်မှာ အင်္ဂလိပ်လူမျိုး စာရေးဆရာ "Norman Lawis" ရေးသားသော "Golden Earth" ဖြစ်၏။ ၁၉၅၂ ခုနှစ်တွင် ထိုစာအုပ်ကို ပုံနှိပ်ထုတ်ဝေခဲ့ခြင်းဖြစ်၏။ စာရေးဆရာသည် အရေးကြီးလှသော အကြောင်းကိစ္စတစ်ခုဖြင့် ၁၉၅၁ ခု နှစ်ဦးတွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ခြင်းဖြစ်၏။ သူ့စာအုပ်၏ အခန်း ၂၂ တွင် "The Shweda gon" ဟူသော ခေါင်းစဉ်ဖြင့် သူရောက် ရှိတွေ့ရှိခံစားမိခဲ့သော ရွှေတိဂုံအကြောင်းကို တင်ပြထား၏။ သူသည် ၁၂ပေါင်းလ ရွှေတိဂုံဘုရားပွဲတော် ကျင်းပချိန်နှင့် ကြုံကြိုက်ရာ ပွဲတော်၏ အဓိကနေ့ကြီးဖြစ်သော တပေါင်းလပြည့်နေ့တွင် ရွှေတိဂုံဘုရားသို့ သွားရောက်ခဲ့၏။ ရွှေတိဂုံစေတီ၏ နေ့မြင်ကွင်းရော ညမြင်ကွင်းကိုပါ အားပါးတရ လေ့လာခဲ့၏။ ခံစားခဲ့၏။ သူက ရွှေတိဂုံသည် ရန်ကုန်မြို့တော်၏ နှလုံးသားနှင့် ဝိညာဉ်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့၏ ကမ္ဘာလောကအတွက် ဘုရားဖူးရန် အဓိကအခေါင်အချုပ်နေရာ ဖြစ်သည်ဟု သူက လွှမ်းထား၊ ညွှန်းထား၏။ သူရောက်ရှိသွားချိန် နံနက်စောစောပိုင်းမှာပင် ဘုရားဖူးတို့ စီးနင်းလိုက်ပါလာသော ဂျစ်ကားတန်းကြီးက ရှည်လျားများပြားလှပုံ၊ ရှင်လောင်းလှည့်သော ဂျစ်ကားများကိုလည်း တွေ့ရှိရပုံ၊ မုခ်ဦးမှသည် စောင်းတန်းတစ်လျှောက် ရင်ပြင်တော်ပေါ်သို့ တက်ရောက်လျက်ရှိကြသူ လူတန်းကြီးတွေက တိုးမပေါက်အောင် စည်ကားလှပုံ၊ ရင်ပြင်တော်ပေါ်၌ စေတီတော်ကြီးနှင့်တကွ ဆင်းတုတော်၊ ရုပ်ပွားတော်များကို ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ကြပုံ၊ ရွတ်ဖတ်သရဇ္ဈာယ်ကြပုံတို့ကို နေ့မြင်ကွင်းအနေဖြင့် တင်ပြထား၏။

ညမြင်ကွင်းအနေဖြင့် စေတီတော်ခြေရင်း (ယခုအနောက်ဘက်မုခ်နေရာ အနီးတစ်ဝိုက်)၌ ပြသသော ဗလာအငြိမ့်ပွဲ၊ ရုပ်သွင်းဇာတ်ပွဲ၊ မြန်မာ့ရိုးရာ လက်ဝှေ့ပွဲနှင့် အစိုးရ၏ ဌာနဆိုင်ရာ ပြပွဲပြခန်းများအကြောင်းကို သူကြည့်ရှုခံစားမိသမျှ ဖော်ပြထား၏။ မီးရောင်အလွန်လင်းပြီး စပီကာသံတို့ ကျယ်လောင်ဆူ ညံလွန်းလှသော အငြိမ့်ပွဲကိုတော့ သူက သဘောကျပုံမပေါ်။ မှိန်အလင်း ကပြသော ရုပ်သွင်းဇာတ်ပွဲကိုတော့ သူက ရှေ့ပိုင်း တစ်ခန်းနှစ်ခန်းမျှ ကြည့်သည်။ ကြိုက်နှစ်သက်ပုံရသည်။

ဌာနဆိုင်ရာ ပြပွဲပြခန်းများကို လိုက်လံကြည့်ရှုပြီး သူစိတ်ဝင်တစား တင်ပြထားသည်ကတော့ "အကျင့်ပျက်ဝန်ထမ်း ပပျောက်ရေး" ပြခန်းအကြောင်းပင်ဖြစ်၏။ ထိုခေတ်က သွင်းကုန်ထုတ်ကုန် လိုင်စင်ကိစ္စများနှင့် ပတ်သက်၍လည်းကောင်း၊ ဌာနများမှ အကျင့်ပျက် ဝန်ထမ်းအချို့နှင့် ပတ်သက်၍လည်းကောင်း သိုသိုသန့်သန့် အပုပ်နံ့များ ထွက်နေပေရာ "အကျင့်ပျက်ဝန်ထမ်း ပပျောက်ရေးပြခန်း"ကို ရည်ရွယ်ချက်တစ်ရပ်ဖြင့် ဖွင့်လှစ်ပြသခဲ့ခြင်းဖြစ်ကြောင်း သိရှိရ၏။ မယားက လင်၏ ကုလားထိုင်လက်ရန်းပေါ်တွင် ကန့်ကလျ ထိုင်ပြီး အဂတိလိုက်စားရန်အတွက် လင်ကိုနားသွင်းနေပုံ၊ လင်က မယားစကားကိုနားထောင်ပြီး အဂတိလိုက်စားပုံ၊ အဂတိလိုက်စားသဖြင့် ထိုလင်မယား နေ့ချင်းညချင်း ကြီးပွားချမ်းသာလာပုံ၊ အစား လွန်ကြူးသဖြင့် အစာမကြေရောဂါဖြင့် ထိုယောကျ်ားသေဆုံးသွားရပုံ၊ သေပြီးနောက် ယမမင်းကြီးထံ ရောက်ရှိသွားပုံ၊ ယမမင်းက စစ်ဆေးသောအခါ ထိုယောကျ်ားသည် တစ်ကြိမ်တစ်ခါမျှ အဂတိလိုက်စားမိခဲ့ခြင်း ဖြစ်ပြီး မယားစကားကို နားယောင်မိ၍သာဖြစ်ကြောင်းနှင့် သူကိုယ်တိုင်က စိတ်မပါခဲ့ကြောင်းကို တွေ့ရှိရပုံ၊ ထိုအခါ ယမမင်းက သူ့ကို ချက်ချင်းအပြစ်မပေးသေးဘဲ ငရဲပြည် တစ်ခွင် လိုက်လံပြသပုံ၊ အကျင့်ပျက်ဝန်ထမ်း အမျိုးအစားအလိုက် ငရဲခံနေကြရပုံ၊ ဆောက်လုပ်ရေးဌာနမှ အကျင့်ပျက်ဝန်ထမ်းများ လမ်းကြိတ်စက်ဖြင့် အကြိတ်ခံနေကြရပုံ၊ မီးရထားဌာနမှ အကျင့်ပျက်ဝန်ထမ်းများကို မီးရထားသံလမ်းသံချောင်းကြီးဖြင့် ကြိမ်ဒဏ်ရိုက်သလို ရိုက်နှက်နေပုံ၊ အကျင့်ပျက် သမဝါယမဝန်ထမ်းများ၏ ပါးစပ်ထဲသို့ ငွေခဲကို အရည်ကျိုပြီး လောင်းထည့်နေပုံတို့ကို တွေ့မြင်ရ၏။ နောက်ဆုံးပြကွက်မှာ ထိုယောကျ်ား၏ ဇနီးမယားသည် လင်သေဆုံးသွားပြီးနောက် လင်သစ်တစ်ယောက်ယူကာ သူရှာဖွေထားခဲ့သော စည်းစိမ်ဥစ္စာတို့ကို ခံစားနေပုံတို့ကို ပြသထား

www.burmeseclassic.com

သည်ဆိုၾ။ Normal Lewis သည် သူ၏ "Golden Earth" စာအုပ်ကို "ရွှေတိဂုံ"အခန်းဖြင့် နိဂုံးချုပ်ထားကြောင်း စိတ်ဝင်စားစဖွယ် ဖတ်ရှုတွေ့ရှိရလေသည်။

· မနသသကျော်ဝင်း(အမျိုးသားစာပေဆုရ)

*Ref -*


၁။ ဗိုလ်ဘရင် "မြန်မာနိုင်ငံတော်သမိုင်း"

၂။ Max & Bertha Fettarr; "Burma"

၃။ Shwe yoe; "The Burman"

၄။ Normal Lewis; "Golden Earth"


**ရည်ညွှန်း**

မြတ်ရွှေတိဂုံ ဓမ္မစာစောင်၊ ၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလ၊ အတွဲ(၁)၊ အမှတ်(၂)၊ စာ-၂၉။

ရွှေတိဂုံစေတီတော် ရင်ပြင်တော်ပေါ်ရှိ စေတီတော်များနှင့် ဆင်းတုတော်များ၊ တန်ဆောင်းများ၏ စရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | | | |
|---|---|---|---|
| ၁။ | စေတီပေါင်း | ၃၃၀ | ဆူ |
| ၂။ | ဆင်းတုတော်ပေါင်း | ၁၆၆၂ | ဆူ |
| ၃။ | အာရုံခံတန်ဆောင်း | ၄ | ခု |
| ၄။ | စောင်းတန်းကြီးများ | ၄ | သွယ် |
| ၅။ | တန်ဆောင်းများ | ၇၂ | ခု |
| ၆။ | ကြေးခေါင်းလောင်းများ | ၃၁ | လုံး |
| ၇။ | ပန်းအိုး၊ ပန်းခိုင်များ | ၄၄ | လုံး |
| ၈။ | ဂြိုဟ်တိုင်များ | ၁၂ | ခု |
| ၉။ | တံခွန်တိုင်များ | ၉ | တိုင် |
| ၁၀။ | မီးမောင်းစင်များ | ၃၅ | ခု |
| ၁၁။ | ဓာတ်တိုင်များ | ၆၀ | တိုင် |
| ၁၂။ | ရေတိုင်ကီများ | ၉ | ခု |
| ၁၃။ | ရေချမ်းစင် | ၆ | ခု |
| ၁၄။ | ရွှေမှိုက်ကန်များ | ၉ | ခု |
| ၁၅။ | ပြတိုက် | ၁ | ခု |
| ၁၆။ | ပုဒ္ဓဝင်ပြခန်း | ၁ | ခု |
| ၁၇။ | ဂေါပကရုံး | ၁ | ခု |
| ၁၈။ | ဓာတ်လှေကား | ၃ | စင်း |
| ၁၉။ | စက်လှေကား | ၁ | စင်း |

စသည်တို့ဖြစ်ပါသည်။ ဖော်ပြပါစာရင်းမှာ ကုန်းတော်တစ်ခိုက်ရှိ စာရင်းသာ ဖော်ပြပါသည်။ ဝတ္တကမြေအတွင်းမှ အဆောက်အအုံများ မပါပါ။

ပြတိုက်တွင် ပြသထားသော ရှေးအနုလက်ရာပစ္စည်းများ

၁။ ဆင်စွယ်နှင့်ပြုလုပ်ထားသော ပစ္စည်းများ။
၂။ ငွေဖြင့်ပြုလုပ်ထားသော ငွေထည်ပစ္စည်းများ။
၃။ ကြေးဖြင့်ပြုလုပ်ထားသော ကြေးထည်ပစ္စည်းများ။
၄။ ဖန်ဖြင့်ပြုလုပ်ထားသော ဖန်ထည်ပစ္စည်းများ။
၅။ ကြိမ်နှင့်ပြုလုပ်ထားသော ပစ္စည်းများ။
၆။ နီးဖြင့်ပြုလုပ်ထားသော ယွန်းထည်ပစ္စည်းများ။
၇။ ဘော်နှင့်ပြုလုပ်ထားသော ရုပ်ပွားတော်များ။
၈။ ကြေးနီနှင့် ပြုလုပ်ထားသော ပစ္စည်းများ။
၉။ ကြွေနှင့်ပြုလုပ်ထားသော ပစ္စည်းများ။
၁၀။ ကျောက်သားနှင့် ပြုလုပ်ထားသော ပစ္စည်းများ။
၁၁။ ရွှေနှင့်ပြုလုပ်ထားသော ပစ္စည်းများ။
၁၂။ သစ်သားနှင့်ပြုလုပ်ထားသော ပစ္စည်းများ။
၁၃။ မြေနှင့် ပြုလုပ်ထားသော ပစ္စည်းများ။
၁၄။ သစ်စေးသရိုးနှင့် ပြုလုပ်ထားသော ပစ္စည်းများ။
၁၅။ ရွှေဒင်္ဂါးပြားများ။
၁၆။ ရှေးခေတ်အသုံးအဆောင် တံဆိပ်ပြားများ။
၁၇။ ငွေပြားကပ်ဒိုင်း ဆုတံဆိပ်များ။
၁၈။ ဘော်ကြယ်ထည် ပစ္စည်းများ။
၁၉။ ရှေးခေတ်သုံး ဒင်္ဂါးပြားများ။
၂၀။ ရှေးခေတ်သုံး ပိုက်ဆံအကြွေစေ့ အမျိုးမျိုး စသည်ဖြင့် ပြတိုက်အတွင်းမှာ ပစ္စည်းအမျိုးပေါင်း ၂၈၇၉) မျိုး ပြသထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ရွှေတိဂုံကုန်းမြေပေါ်မှ အောင်မြေသုံးနေရာ

ညွန့်မောင်ဦး

ယခု တင်ပြမည်ဖြစ်သော အောင်မြေနေရာများမှာ ကျွန်တော်ကိုယ်တိုင် မြင်ဖူးသော နေရာတချို့ရှိသလို တချို့နေရာများမှာ ကျွန်တော့်ထက် အသက်ကြီးသောသူများ ပြောပြသည်တို့ကို မှတ်သား၍ တင်ပြလိုက်ပါသည်။ အထူးမေတ္တာရပ်ခံလိုသည်မှာ ကျွန်တော်မြင်ခဲ့ရသော အောင်မြေ၏ ခုနှစ်သက္ကရာဇ်များကို မှတ်မထားမိသည်မှာ ကျွန်တော်၏ ချို့ယွင်းချက်သာ ဖြစ်ပါသည်။

## ပထမအောင်မြေနေရာ

ထိုနေရာသည် တနင်္ဂနွေထောင့် ယခုထီးတော်ပုံစေတီသုံးဆူရှိသည့်အနက် ဘိုးဘိုးအောင်ဂူဘုရားရှေ့ရှိ ထီးတော်ပုံစေတီနေရာသည် ယခင်က အောင်မြေနေရာဖြစ်သည်။

တံခွန်တိုင်ကြီးတစ်တိုင်လည်း ရှိသည်။ ထိုအောင်မြေနေရာသည် တပင်ရွှေထီးမင်း သတ်မှတ်ခဲ့သည်ဟု ဆိုပါသည်။ ထီးတော်ပုံစေတီများမှာ မင်းတုန်းမင်းကြီး ရွှေတိဂုံစေတီတော်ကို ထီးတော်တင်စဉ်က ချထားသော ထီးတော်ပုံစေတီဖြစ်ပါသည်။ သက္ကရာဇ် ၁၂၃၃ ခုနှစ်ဟု ကမ္ပည်းထိုးထားပါသည်။

ယခု မင်းတုန်းမင်းကြီး တင်လှူသော ထီးတော်ကိုလည်း နိုင်ငံတော်ဘက်စုံပြုပြင်ရေးအဖွဲ့မှ ထီးတော်ကြီးကို ငုံ၍ စေတီတည်ပေးထားပါသည်။

ထိုနေရာတစ်ဝိုက်မှာ ထီးတော်ပုံစေတီသုံးဆူ တစ်တန်းတည်းရှိရာ အစွန်ဆုံးမှ ထီးတော်ပုံစေတီမှာ ဆင်ဖြူရှင်မင်း၏ ထီးတော်ပုံစေတီဖြစ်ပါသည်။ အောင်မြေနေရာ ဟောင်း၏ အနောက်ဘက်မှာ ဘိုးဘိုးအောင်ဂူဘုရားနှင့် ကျောချင်းကပ် အနောက်ဘက်မှာ ကျားရုပ်နှင့် ခြင်္သေ့ရုပ်ရှေ့မှာ ခံထားသော ကျားခြင်္သေ့စေတီရှိသည်။ ထိုစေတီနှင့် တစ်တန်းတည်းမှာ ဓမ္မစေတီမင်း လှူခဲ့သော ဓမ္မစေတီဘုရားရှိပါသည်။ ဓမ္မစေတီရုပ်ပွားတော်မှာ ဆုတောင်းပြည့်သည်ဟုဆိုပြီး နေ့နေ့ညည အချိန်တိုင်းလိုလို ဘုရားဖူးများ ပုတီးစိပ် အဓိဋ္ဌာန်ဝင်နေကြပါသည်။

ရင်ပြင်တော်ကို မျက်နှာပြုထားသော ဘိုးဘိုးအောင်ဘုရားမှာလည်း ပုတီးစိပ်သူများ များပြားလှပါသည်။

ရွှေတိဂုံစေတီ ရင်ပြင်ပေါ်မှာ ဘိုးဘိုးအောင်ဘုရားနှစ်ဆူ ရှိပါသည်။

တစ်ဆူမှာ ရင်ပြင်တော်နှင့်ကပ်လျက် သာသနဓမ္မရက္ခိတ တန်ဆောင်းလိုဏ်ဂူတွင်းမှာရှိပြီး အဲ့ဖွယ်ကိုးဆူအနက် အမှတ်စဉ်(၅)မှာ ပါဝင်သော ရုပ်ပွားတော်ဖြစ်ပါသည်။

## ဒုတိယအောင်မြေနေရာ

ထိုနေရာသည် အင်္ဂါထောင့်ရှိ တံခွန်တိုင်မြင့်မြင့်ကြီး ရှိသော နေရာတစ်ဝိုက်မှာ ဖြစ်ပါသည်။ တံခွန်တိုင်အနီးမှာ စတုသစ္စာပါရမီအသင်းတန်ဆောင်း ရှိပါသည်။ တန်ဆောင်းရှေ့မှနေရာသည် အောင်မြေနေရာဖြစ်သည်။ စတုသစ္စာပါရမီအသင်း တန်ဆောင်းသည် မြင့်မြင့်တည်ဆောက်ထား၍ တန်ဆောင်းပေါ်မှနေ၍ စေတီတော်ကြီးကို ဖူးမြင်ရသည်မှာ အလွန်နီးလွန်း၍ ကြည်ညိုဖွယ်ကောင်းလှပါသည်။

တန်ဆောင်း အတွင်းမှာလည်း ရုပ်ပွားတော်ကြီး ငါးဆူရှိရာ အလယ်မှ ရုပ်ပွားတော်ကြီးမှာ "အင်းပန်းပေါင်း" ဘုရား ဖြစ်ပြီး ရေးထွက်ရုပ်ပေါက်ဆရာကြီးများ တည်ခဲ့သည်ဟု ဆိုပါသည်။ သေသေချာချာဖူးကြည့်ပါ ဆုတောင်းပြည့်သည်ဟု ဆိုပါသည်။ ထိုရုပ်ပွားတော်ကြီး၏ မျက်နှာတော်မှာ ကုန်းတော်ပေါ်မှာရှိသော ရုပ်ပွားတော်များနှင့် မတူ တစ်မူထူးခြားနေပါသည်။ အင်္ဂါထောင့် အောင်မြေတံခွန်တိုင်မှာလည်း သေသေချာချာကြည့်ပါက တံခွန်တိုင် လိုဏ်ခေါင်းအတွင်းမှာ မတ်ရပ်ရုပ်ပွားတော်သုံးဆူ ပူဇော်ထားရှိရာ အလယ်မှရုပ်ပွားတော်မှာ ပြည်တော်ပြန်ဘုရားရုပ်ပွားတော်ဖြစ်ပါသည်။ အလွန် အချိုးအစားပြေပြစ်၍ ကြေးဖြင့်သွန်း



www.burmeseclassic.com

www.burmeseclassic.com

လောင်းထားပါသည်။

ဤအောင်မြေနေရာကို လွန်ခဲ့သည့် ၁၅ နှစ်လောက် အထိ ဘုရားဖူးများ လာရောက်ပူဇော်ပြီး အောင်မြေနင်း ခြင်းများ ပြုလုပ်ကြပါသေးသည်။

ထိုအောင်မြေနေရာကို စစ်ထွက်သူများနင်းသော အောင်မြေဟု သိရပါသည်။ ဤအောင်မြေကို တချို့က ဘိုးတော်အောင်မြေ တချို့က မင်းတုန်းမင်းကြီးအောင်မြေဟု ဆိုကြပါသည်။

## တတိယအောင်မြေနေရာ

ထိုနေရာမှာ ယခုဘုရားဖူးများ လာရောက်ပူဇော်စိပ် အဓိဋ္ဌာန်ဝင်နေကြသော ရာဟုထောင့်အောင်မြေနေရာဖြစ် ပါသည်။ ရွှေတိဂုံစေတီတော်မှာ လူသိများသော နေရာဖြစ် ပါသည်။ အချိန်တိုင်းလိုလို ပူဇော်စိပ်အဓိဋ္ဌာန်ဝင်သူများ ပြည့်နေသောနေရာ ဖြစ်ပါသည်။ ယခု အောင်မြေနေရာမှာ အထူးပြုလုပ်ထားသော နေရာဖြစ်၍ ကျယ်ပြန့်သည်။ အောင် မြေမျက်နှာမူရာအရပ်ကလည်း စေတီတော်ကြီးကို ရှင်းရှင်း ကြီးဖူးမြင်ရသော နေရာဖြစ်၍ စေတီတော်ကြီးနှင့် အလွန် လိုက်ဖက်သောနေရာ ဖြစ်ပါသည်။

ဤအောင်မြေနေရာသည် ကျွန်တော် ကျောင်းသား ဘဝက အင်္ဂဥဒက ရေလှူသော အသင်း၏နေရာဖြစ်ပါသည်။ ယခုအောင်မြေအနီးမှာရှိသော ချမ်းသာကြီးဘုရား ရုပ်ပွား တော်ကြီးမှာလည်း အမိုးမရှိသေးပါ။ ယခင်က အောင်မြေနေ ရာနားမှာ ကျိုက်ထီးရိုးဘုရားပုံစေတီ ရှိသည်ကိုလည်း မှတ်မိ နေပါသည်။

ယခု အောင်မြေအကြောင်းကို သိလို၍ ကျွန်တော် မေးကြည့်ရာ မည်သူမျှ တိတိကျကျမပြောနိုင်ကြပါ။ ယခင် က ရွှေတိဂုံဘုရားသမိုင်းတွင် ပါဝင်သော မောင်ကံ၏ ခရာ ရသေ့နေသော နေရာဟုသာ သိရပါသည်။

မောင်ကံနှင့်ပတ်သက်ပြီး ရွှေတိဂုံဘုရားမှာ မောင်ကံ ရုပ်တုမရှိပါ။ တချို့က အရင်ဘယ်နားမှာရှိသည်ဟု ပြောဆို နေကြပါသည်။ အမှန်ရှိသည်ကား ရွှေတိဂုံဘုရားနှင့် မနီး မဝေးမှာရှိသော ကမ္ဘာအေးဘုရားမှာသာ မောင်ကံရုပ်တုရှိပါ သည်။ မောင်ကံနှင့်ပတ်သက်၍ မှတ်တမ်းတိတိကျကျမရှိပါ။ မောင်ကံမြေမျိုသည့်နေရာကိုပင် အမျိုးမျိုးပြောနေကြပါသည်။ ရွှေတိဂုံအောင်မြေများအပြင် အာဇာနည်ကုန်း (ယခု သူ့ရဲ ကောင်းဗိမာန်)နားမှာလည်း အောင်မြေတစ်ခု ရှိခဲ့ဖူးပါသည်။ ထိုအောင်မြေနေရာသည် အာဇာနည်ကုန်းနှင့် ဘုရားငါးဆူ ကြားရှိ အလယ်ကုန်းကျောပေါ်တွင် သွပ်မိုးရုံကလေးနှင့် ပြုလုပ်ထားပါသည်။ ကျောက်စာတိုင်တစ်တိုင်လည်း စိုက် ထူထားပါသည်။ ထိုနေရာကို ကျွန်တော်တို့ငယ်စဉ်က ဖြတ် သွားဖြတ်လာပြုရင်း မြင်ရပါသည်။ ထို့နောက် မနီးမဝေးမှာ ဘာသာခြားများနေထိုင်ပြီး နွားများမွေး၍ ထိုကျောက်စာတိုင် ပျက်စီးသွားပါသည်။ ယခင်က အာဇာနည်ကုန်းနှင့် မျက်နှာ ချင်းဆိုင်နေရာမှာ ညောင်ပင်ကြီးများရှိပြီး ဘာသာခြားဘုရား ကျောင်းရှိပါသည်။ ယခုအခါ ထိုနေရာတစ်ဝိုက်မှာ သူ့ရဲ ကောင်းဗိမာန်ကြီးဖြစ်လာပြီး သွေးဆေးကန်ကြီးလည်း ဖြစ် လာပါသည်။ သူ့ရဲကောင်းဗိမာန်အဝင် သွေးဆေးကန်ဘေး နားမှ ပန်းခြံကြီးမှာ ယခုအခါ အလွန့်အလွန် သာယာလာ၍ အပန်းဖြေသူများနှင့် စည်ကားနေပါသည်။

ရွှေတိဂုံဘုရားအနီးမှာ နေထိုင်၍ အသက် ၉၀ ခန့်ရှိ သော အဘိုးကြီးတစ်ယောက်ကို ထိုအောင်မြေအကြောင်း သိလို၍ ကျွန်တော်မေးကြည့်ရာ ကျောက်စာမဖတ်ဖူးသော် လည်း ဖဆပလအဖွဲ့မှပြုလုပ်ထားသော ကျောက်စာဖြစ် ကြောင်းသိရပါသည်။ ထိုအဘိုးကြီးမှာ အတော်ဗဟုသုတရှိ သော အဘိုးကြီးတစ်ဦးဖြစ်ပါသည်။ ရွှေတိဂုံဘုရားဝန်းကျင် မှာနေထိုင်ပြီး ငယ်စဉ်က စာအုပ်ရောင်းသူဖြစ်၍ ကျွန်တော် သိချင်သည်များကို ပြောပြတတ်ပါသည်။

ဤစာစုမှာ ရွှေတိဂုံစေတီတော်ပေါ်ရှိ အောင်မြေနှင့် ပတ်သက်၍ ကျွန်တော် မြင်ဖူး၊ သိဖူး၊ ကြားဖူးသည်များကိုသာ တင်ပြခြင်းဖြစ်ပါသည်။ တချို့အမှတ်အသားများမှာ ပျောက် ပျက်ကုန်ပြီး အသစ်အသစ်တို့ ဖြစ်လာကြပါသည်။

ညွန့်မောင်ဦး

**ရည်ညွှန်း**

"မြတ်ဘုရားရွှေတိဂုံနှင့် အံ့ဖွယ်နှစ်ဆယ့်တစ်ပါး"
(ညွန့်မောင်ဦး) (၂၀၀၈ခုနှစ်၊ မေလ)
(စာမူခွင့်ပြုချက် အမှတ်-၃၂၀၀၆၅၀၁၀၇)




www.burmeseclassic.com

www.burmeseclassic.com



ဆံတော်များကို ဗျာပနာခြင်းမပြုမီ ဆေးကြောခဲ့သည်ဟု သမိုင်းတွင်ဆိုခဲ့သော ဆံတော်တွင်းအုတ်ပြာသာဒ် (၁၈၇၉ ခုနှစ် မတိုင်မီ)



တော်ကြီးစေတီတော်အား ရှေးကမြင်ရပုံ (သာယာဝတီမင်းခေါင်းလောင်းတော်ကြီးတန်ဆောင်း။ ဆင်ဖြူရှင်မင်း လှူဒါန်းခဲ့သော ထီးတော်ပုံစေတီနှင့် ရှေးကျသော တံခွန်တိုင်များဖြင့် မြင်တွေ့ရသည်။)



www.burmeseclassic.com

www.burmeseclassic.com



၆-၃-၁၉၃၁ နေ့
စေတီတော်ကြီး မီးမခခင်က
အနောက်ဘက်အာရုံခံတန်ဆောင်း။
မုခ်ဦးတန်ဆောင်းနှင့်
ရင်ပြင်တော်ပန်းဆိုင်များ မြင်တွေ့ရပုံ




၆-၃-၁၉၃၁ နေ့က စေတီတော်ကြီး မီးခြင်းခံရစဉ်က အရှေ့ဘက်စောင်းတန်းကြီးများ မီးစွဲလောင်နေသည်ကို
မြင်ရပုံ (ဒီးဒုတ်သတင်းစာမှ)




www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဘက်အာရုံခံတန်ဆောင်းနှင့် လှုက်ရာမြောက်လှသော တန်ဆောင်းကြီးများအား မီးမလောင်မီက မြင်တွေ့ရပုံ



အရှေ့ဘက်အာရုံခံ၊ ဦးကုလားတန်ဆောင်းကြီးပုံ
(၁၉၃၁ ခုနှစ်၊ မတ်လ ၆ ရက်နေ့
စေတီတော်ကြီးမီးခစဉ်
မီးလောင်ခံခဲ့ရပါသည်။)




www.burmeseclassic.com

www.burmeseclassic.com



ရင်ပြင်တော်အရှေ့မုခ်ဦးတန်ဆောင်းညာဘက်ရှိ ဒေါ်လုမြော်တန်ဆောင်းကြီးပုံ
(၁၉၃၁ ခုနှစ်၊ မတ်လ ၆ ရက်နေ့ စေတီတော်ကြီး မီးခစဉ်က မီးလောင်ခံခဲ့ရပါသည်။)




ဦးစံချိန်တန်ဆောင်းပုံ
(အမိုးဘုံဆင့်များမှာ ၂၀၀၈ ခုနှစ်၊ မေလတွင်
တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းကြောင့်
ပျက်စီးသွားလေပြီ။)



www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဘက်အာရုံခံ၊ ဦးကုလားတန်ဆောင်းကြီးပုံ
(၁၉၃၁ ခုနှစ်၊ မတ်လ ၆ ရက်နေ့
စေတီတော်ကြီးမီးခစဥ်
မီးလောင်ခံခဲ့ရပါသည်။)




အနောက်ဘက် အာရုံခံတန်ဆောင်းကြီး




www.burmeseclassic.com

www.burmeseclassic.com



ပန်းပုဆရာကြီး ဦးဘရောင်၏လက်ရာဖြစ်သော
တောင်ဘက်အာရုံခံတန်ဆောင်း
(၁၈၇၀ ပြည့်နှစ် နောက်ပိုင်း)



မြောက်ဘက်အာရုံခံတန်ဆောင်းကြီး
(မှန်အထက်၌ မှန်စီရွှေချ သစ်သား နတ်သားနှင့် နတ်သမီးရုပ်ကြီးများကို မြင်တွေ့ရသည်)



www.burmeseclassic.com

www.burmeseclassic.com

# ကျိုက်ထီးရိုး ကက်ကင်း
# ရွှေတိဂုံ ကက်ကင်း

မင်းသိခ်

ကျွန်ုပ်သည် အနောက်တိုင်း၌ ဂျစ်ပစီဗေဒင်ဆရာများ အသုံးပြုခဲ့သည့် တဲရော့(ခေါ်)ကတ်ပြား ခုနစ်ဆယ့်ရှစ်ချပ်ဖြင့် ဟောပြောရသော ဗေဒင်တစ်မျိုးကို စိတ်ဝင်စားသည့်အားလျော်စွာ လိုက်စားလာခဲ့သည်မှာ ကြာခဲ့ပြီဖြစ်၏။ ထိုတဲရော့ဗေဒင်မှာ သာမန်ကြည့်လျှင် လေးနက်မှု မရှိရုံမျှမက ရယ်စရာပင် ကောင်းလှတော့၏။ ဗေဒင်မေးသူက ထိုကတ်ပြားထုပ်ကလေးကို ဖဲချိုးသကဲ့သို့ ချိုး၏။ တဲရော့ဗေဒင်ဆရာက ကျန်ဖဲပုံအပေါ်ဆုံးမှ ဖဲချပ်ကိုလှန်၍ဟော၏။ ထို့ကြောင့် ထိုဗေဒင်မှာ ပညာရပ်နှင့် မတူဘဲ ကံစမ်းမဲနှိုက်သကဲ့သို့သာ ရှိလေတော့၏။ ထို့ကြောင့် ပညာကို ပညာနှင့်တူအောင် လိုက်စားလိုသူတို့သည် တဲရော့ဖြင့် ဟောခြင်းကို များစွာစိတ်ဝင်စားခြင်း မရှိခဲ့ပါ။ သို့ရာတွင် ကြာသောအခါ၌ ထိုတဲရော့ဗေဒင်ဖြင့် ဟောခဲ့သော ဟောချက်များသည် ကျွန်ုပ်၏ ဘဝအဖြစ်အပျက်များနှင့် လွန်စွာတိုက်ဆိုင်သည်ဟု ပြောလျှင်ပင် ထိုစကားသည် တဲရော့ဗေဒင်အား ရှုတ်ချသကဲ့သို့ ရှိပေတော့မည်။ တဲရော့ဗေဒင်၏ ဟောပြောချက်များသည် ကျွန်ုပ်၏ ငယ်ထိပ်ကို လက်ဖြင့်ပုတ်၍…

"ဟောဒီမှာ ဟောဒီလို ဖြစ်နေပြီတွေ့လား"

ဟု ပြောလိုက်သကဲ့သို့ မှန်ကန်လှကြောင်း အကြိမ်ကြိမ် တွေ့လာရသောအခါ၌ ကျွန်ုပ်သည် ထိုတဲရော့ကို ထိတ်လန့်လာတော့၏။ ရိုသေလာတော့၏။ ထို့ကြောင့် တဲရော့ပညာကို အတော်အတန် နက်နက်ရှိုင်းရှိုင်း လိုက်စားလာမိတော့၏။ ထိုသို့ လိုက်စားလာသောအခါကျမှပင် တဲရော့ပညာသည် ကျွန်ုပ်အား တစ်ခုပြီးတစ်ခု သင်ကြားလေတော့၏။

ပထမဦးဆုံး သင်ကြားသည်မှာ တဲရော့ပညာသည် ထွက်ရပ်ခရီးအား အတိအကျ ညွှန်ပြထားသော လမ်းညွှန်စာအုပ်ဖြစ်ကြောင်း သင်ကြားလိုက်ခြင်းပင် ဖြစ်၏။ တဲရော့တွင်ပါသော နံပါတ် ၉ ဖဲချပ်ဖြစ်သည့် ဟာမစ်ဆိုသော ရသေ့ပုံမှာ ဂန္ဓာရီထွက်ရန် နိုးဆော်ထားခြင်းဖြစ်၏။ တဲရော့တွင်ပါသော ဖူးဆိုသည့် ကတ်ပြားမှာ ဝိဇ္ဇာလမ်း၌ရှိသော အရူးစခန်းကို မျက်စပစ်ပြထားခြင်းဖြစ်၏။ တဲရော့၏ နံပါတ် ၂၀ တွင် ဖော်ပြထားသော ရှင်ပြန်ထမြောက်ခြင်း ကတ်ပြားမှာ ဝိဇ္ဇာလမ်း၏ ပြည်တော်ဝင်စခန်းကို ညွှန်ပြထားခြင်းဖြစ်၏။ နံပါတ် ၁၀ ကတ်ပြားဖြစ်သော ကံကြမ္မာရဟတ်ဘီး သင်္ကေတမှာ ထုံကူးခြင်းပင်ဖြစ်၏။ ကျွန်ုပ်သည် တဲရော့ကတ်ပြားများကိုကြည့်၍ ထွက်ရပ်ကျင့်စဉ်များကို ကောင်းစွာသဘောပေါက်ခဲ့ပြီဖြစ်၏။

သို့သော် သဘောပေါက်ရုံနှင့် ထွက်ရပ်ပေါက်သည် မဟုတ်ပေ။ ကျင့်ရန်အပိုင်းကား လိုသေး၏။ ထို့ကြောင့် ကျွန်ုပ်သည် တဲရော့ကတ်ပြားများ၏ ညွှန်ကြားချက်အတိုင်း လိုက်နာလုပ်ဆောင်လာခဲ့သည်မှာ နှစ်အတန်ကြာခဲ့ပြီဖြစ်၏။ အဓိဋ္ဌာန်များလည်း အကြိမ်ကြိမ် ဝင်ခဲ့ရ၏။ ထိုသို့ အဓိဋ္ဌာန်ပြည့်မြောက်သောအခါ၌ တဲရော့စနစ်အတိုင်း တောရိပ်တောင်ရိပ်တွင် တဲရော့ထုံကူးခြင်းနှင့် တဲရော့လူသားအဖြစ် ခံယူရန် ထုံအဆင့်တစ်ဆင့်ကို သတ်မှတ်ရန် အချိန်သို့ ရောက်လာခဲ့ပြီဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်သည် လက်လှမ်းမီရာ တပည့်အချို့ကိုခေါ်၍ ကျိုက်ထီးရိုးဘုရားဆီသို့ ဦးတည်၍ ထွက်လာခဲ့လေ၏။ ထိုတပည့်များမှာ-အထက်

www.burmeseclassic.com

ပန်းဆိုးတန်းလမ်း မှန်စီတိုက်တွင် ဗေဒင်ဟောနေသော ဆရာနန္ဒအောင်၊ ရွှေရှုခင်းတွင် မျက်လှည့်ပြနေသော မဂျစ်ရှင်းဆရာနှင်းဦး(ခေါ်)ဆရာစိုးမိုးနိုင်၊ ဆရာကျော်ရင်ထွန်း(ခေါ်)ဆရာသက်နှင်းဆွေတို့နှင့်အတူ ခရီးထွက်လာခဲ့၏။ သို့သော် ကျွန်ုပ်တို့ ဆရာတပည့်လေးဦးနှင့်အတူ အခြားအဖော်များလည်း ပါသေး၏။

အခြားအဖော်များမှာ ရန်ကုန်စာပေနှင့် ဘုရားဖူးအဖွဲ့မှ ဦးလှညွန့်၊ ဒေါ်အေးအေးခိုင်၊ ရုပ်ရှင်မျက်မှန်မဂ္ဂဇင်းတိုက်မှ ဆရာမ ဒေါ်ရွှေယမင်းဦးတို့ ဖြစ်၏။ ၄င်းတို့သည် ဘုရားဖူးရန်သက်သက်ဖြစ်၏။ ကျွန်ုပ်တို့ ဆရာတပည့်လေးဦးမှာ တဲရော့ထုံအတွက် တောရိပ်တောင်ရိပ်များခိုရန် ရည်ရွယ်ချက်များ ပါလာ၏။ ကျွန်ုပ်တို့သည် ရန်ကုန်ဘုရားဖူးယာဉ် ဦးလှညွန့်မှ စီစဉ်ပေးသော ကားဖြင့်ပင် ကင်ပွန်းစခန်းသို့ ရောက်ရှိခဲ့ကြလေ၏။

ကင်ပွန်းစခန်းတွင် ရွှေမြိုင်စိန် စားသောက်ဆိုင်၌ ထမင်းစား၍ ခေတ္တနားနေ၏။ ထို့နောက် မော်တော်ကားဖြင့် ရသေ့တောင်သို့ တက်ကြလေ၏။ လမ်းတွင် အရိပ်အာဝါသကောင်း၍ ရေတံခွန်ငယ်ရှိသောနေရာ၌ ရပ်ပြီးလျှင် တဲရော့မန္တန်များကို ဆို၍ ဆရာတပည့်လေးဦး တဲရော့ထုံကူးကြလေ၏။ ထိုအချိန်၌ ဆရာနန္ဒအောင်က…

"ဆရာကြီးရေ တချို့သူတွေကတော့ ကျိုက်ထီးရိုးသုံးခေါက်တက်ရင် သူဌေးဖြစ်တယ်လို့ အယူအဆ ရှိကြတယ်"

ဟု ပြောလိုက်ရာ ကျွန်ုပ်က…

"အထမ်းသမားတွေဟာ တစ်နေ့ လေးငါးခေါက်လောက် တက်နေတာပဲ၊ သူတို့ကတော့ သူဌေးဖြစ်တယ်မကြားမိပါလား"

ဟု ပြောလိုက်လျှင် ဆရာနန္ဒအောင်က ရယ်လေ၏။ ထိုအခါ ရန်ကုန်ဘုရားဖူးယာဉ်မှ ဦးလှညွန့်က…

"ကျွန်တော်တို့ တရုတ်တွေမှာလည်း အဲဒီစကားမျိုးကြားဖူးတယ် ဆရာ၊ အခု ဆရာပြောသလိုပဲ ကျွန်တော်ကလည်း ဘုရားဖူးကားတွေ ထောင်ထားလေတော့ တစ်နှစ်တစ်နှစ်မှာ ခရီးသည်တွေနဲ့အတူ ကျိုက်ထီးရိုးတက်တာ ဆယ်ခေါက်လောက်ရှိတယ်။ ဒီတော့ ချမ်းသာမယ်ဆိုရင် ကျွန်တော့်ဒရိုင်ဘာတွေ၊ စပယ်ယာတွေရော ချမ်းသာသင့်နေပြီ၊ အဲဒီစကားကို ကျွန်တော်တို့က ယုံရမှာလား၊ မယုံရဘူးလား၊ ဆရာ့အနေနဲ့ ဘယ်လိုသဘောထားလဲ ပြောစမ်းပါ"

ဟု မေးလေတော့၏။ ထိုအခါ ကျွန်ုပ်က…

"ငါတို့ငယ်ငယ်တုန်းက ကန်တော်ကြီးနားမှာရှိတဲ့ အထက်တန်းကျောင်းတစ်ခုမှာ ကျောင်းတက်ရတယ်ကွာ၊ မနက် ငါတို့ကျောင်းသွားတဲ့အခါမှာ ငါတို့ရပ်ကွက်နဲ့ အလွန်နီးတဲ့ အရိုးကုန်းဆိုတဲ့ ရပ်ကွက်က ဦးဘသိန်း ဆိုတဲ့လူကြီးလည်း ငါတို့နဲ့အတူ ကျောင်းကို လိုက်လာလေ့ရှိတယ်။ သူက ငါတို့ကျောင်းက ခန့်ထားတဲ့ ဒရဝမ်ကြီးကွ၊ ငါတို့ဟာ နေ့တိုင်း ကျောင်းသွားကြတယ်ကွ၊ ဦးဘသိန်းကြီးလည်း ငါတို့နဲ့အတူ ကျောင်းသွားတာပဲ။ ငါတို့က စာတွေတတ်လာတယ်ကွ၊ ဦးဘသိန်းကြီးက ဘာမှတတ်မလာဘူးကွ၊ ကျောင်းသွားတိုင်း စာတတ်လာမယ်ဆိုရင် ဦးဘသိန်းကြီးလည်း စာတတ်လာရမှာပေါ့ကွာ။ ဒါပေမဲ့ ဦးဘသိန်းကြီးက ဒရဝမ်လုပ်ဖို့သွားတာ၊ ငါတို့က စာသင်ဖို့ သွားတာ၊ သွားတာချင်းတူပေမယ့် ရည်ရွယ်ချက်ချင်း ကွာတယ်လေကွာ၊ ငါတို့သာ အတန်းတွေအောင်ပြီး ကျောင်းထွက်လာခဲ့တယ်၊ ဦးဘသိန်းကြီးက အခုထိ စာမတတ်သေးဘူးကွ။ အဲဒီလိုပေါ့ကွာ ကျိုက်ထီးရိုး သုံးခေါက်တက်ရင် သူဌေးဖြစ်တယ်ဆိုတဲ့ စကား ငါလည်း ငယ်ငယ်က ကြားဖူးပါတယ်၊ ဒါပေမဲ့ ဦးဘသိန်းလို ရည်ရွယ်ချက်မျိုးတွေနဲ့ တက်နေရင်တော့ ဘာထူးမှာလဲကွယ့်"

ဟု ပြောလိုက်လျှင် ဆရာနန္ဒအောင်က…

"ဒီလိုဆိုရင် နည်းစနစ်မှန်မှန်နဲ့ သွားနေရင် သုံးခေါက်ဆိုရင် ထူးရမှာပေါ့၊ ဒါမှမဟုတ်ရင် ထူးတဲ့နည်းရှိရမှာပေါ့ ဟုတ်လား ဆရာ"

ဟု မေးလိုက်လျှင် ကျွန်ုပ်က…



www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာ ဆရာလေး နန္ဒအောင်၊ သုံးခေါက်ဆိုတာ များပါတယ်၊ တကယ့်ကို သူ့စနစ်နဲ့သူတက်မယ်ဆိုရင် ကျိုက်ထီးရိုးဟာ တစ်ခေါက်တည်းနဲ့ ထူးနိုင်တယ်"

ဟု ပြောလိုက်လျှင် မဂျစ်ရှင်းဆရာနှင်းဦးက…

"ဒီလိုနည်းကောင်းလမ်းကောင်း ရှိရင်လည်း ပြောပြပါဦး ဆရာ"

ဟု စိတ်အားထက်သန်စွာ မေးလိုက်လေတော့၏။

"တို့ငယ်ငယ်ကုန်းက အိမ်နားမှာ မဟာပညာဗလ ဆိုတဲ့ ဆရာကြီးတစ်ယောက် ရှိတယ်ကွ၊ အဲဒီဆရာကြီးကို တချို့ကလည်း အကြားအမြင် ရတယ်လို့ ပြောတယ်၊ တချို့ကလည်း အကြားအမြင် ရတာမဟုတ်ဘူး၊ ဗေဒင်တတ်တာလည်း မဟုတ်ဘူး၊ မနောပိုင်တာတဲ့။ အဲဒီမနောပိုင်ဆိုတာ ဘာလဲလို့ မမေးနဲ့၊ ငါလည်း မသိဘူး၊ ငါက အဲဒီတုန်းက သူ့သားတွေနဲ့ ကစားဖက်ကွ။ အဲဒီဆရာကြီးက သိပ်သဘောကောင်းတာ၊ တို့တစ်တွေ ကစားတာကလည်း ငြိမ်ငြိမ်ဆိမ်ဆိမ် ကစားတာ မဟုတ်ဘူးနော်၊ ဖြောင်းဆန်အောင် ကစားတာ။ သူ့အိမ်ပေါ် တက်ပြေးလိုက်၊ အောက်ဆင်းပြေးလိုက်နဲ့ ဆူညံနေတာ။ ဒါပေမဲ့ တစ်ခါမှ ငါတို့ကို ဆူလားကြိမ်းလား မလုပ်ဘူးကွ၊ တစ်ခုတော့ ရှိတာပေါ့ကွာ၊ သူ့ဆီကို ဧည့်သည်တွေဘာတွေ လာရင်တော့ ငါတို့ကို ကိုယ်ရှိန်သတ်ပေးရတယ်။ ဧည့်သည်တွေအတွက် ရေနွေးဗန်းတွေ၊ ကွမ်းအစ်တွေ၊ ဆေးလိပ်တွေ ချပေးရတယ်။ ဧည့်သည်က သီးမွှော်သီးတို့ ကိတ်မုန့်တို့ အဲဒီဆရာကြီးကို လှူသွားရင် ဆရာကြီး ပညာဗလ မစားရသေးဘူး၊ သူ့သားတွေနဲ့ တို့က အရင်ယူစားတော့တာပါပဲ၊ ယူစားရင်လည်း အေးအေးဆေးဆေး စားတာမဟုတ်ဘူး၊ လုယက်စားတာ။ အဲဒီအခါမှာ ဆရာကြီးက စိတ်မဆိုးဘဲ တဟားဟား ရယ်တော့တာပါပဲ။ ရယ်ပြီးတော့ မင်းတို့ကောင်တွေကတော့ကွာ၊ ပုပ္ပားတောင်က ချောက်တွေကျနေတာပဲလို့ ပြောလေ့ရှိတယ်ကွ။ တစ်နေ့မှာ သူ့ဆီကို တရုတ်မိသားစုတစ်စု ရောက်လာတယ်ကွ။ အဲဒီတရုတ်နာမည်ကို ငါကောင်းကောင်းမှတ်မိသေးတယ်ကွ၊ စိန်လျှံတဲ့။ အဲဒီတရုတ်စိန်လျှံက မနက်ဖြန်ကို သူ ကျိုက်ထီးရိုး တက်မယ်တဲ့၊ သူတက်ပြီးတာ နှစ်ခေါက်ရှိပြီတဲ့၊ သုံးခေါက်ပြည့်ရင် သူ ထောင်ကဲဖြစ်မယ်တဲ့။ အဲဒါကို ဆရာကြီးကို ပြောနေတယ်။ အဲဒါကို ငါက စိတ်ဝင်စားလို့ အသာလေးကပ်ပြီး နားထောင်နေတယ်၊ ငါနဲ့အတူ အခြားနှစ်ယောက်လည်း ရှိသေးတယ်၊ အဲဒီနှစ်ယောက်က ဘယ်သူတွေလဲဆိုတော့ ငါတို့နားက သီတာလမ်းဈေးကလေးမှာ ပစ္စည်းထမ်းတဲ့ ဖိုးသခွား ဆိုတဲ့ ကရင်လူပုတစ်ယောက်ရယ်၊ ရေထမ်းတဲ့ ကိုတင်အေး ဆိုတဲ့လူရယ် ဖြစ်တယ်။ အဲဒီနှစ်ယောက်က လူကြီးတွေပေါ့ကွာ၊ ငါကတော့ ကလေးပေါ့"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ဆရာနန္ဒအောင်က-

"ဆက်ပြီးပြောပါဦး၊ အဲဒီတရုတ် စိန်လျှံက ကျိုက်ထီးရိုးဘုရား သုံးခေါက်တက်ရင် ထောင်ကဲဖြစ်မယ်ဆိုတော့ မဟာပညာဗလကြီးက ဘာဆက်ပြောလဲ ဆရာကြီး"

ဟု မေးလေ၏။

"အဲဒီတော့ ဆရာကြီး မဟာပညာဗလက မင်းတို့တရုတ်လူမျိုး တော်တော်များများဟာ အဲဒီလိုပဲ ယုံကြည်ကြတယ်ဆိုတာ ငါလည်း ကြားဖူးတယ်ကွ၊ သုံးခေါက်တက်ပြီး မင်းပြောသလို ထောင်ကဲပေါ့ကွာ၊ မြန်မာလိုတော့ သူဌေးပေါ့။ ဖြစ်သွားတဲ့ တရုတ်နှစ်ယောက်လည်း တွေ့ဖူးတယ်။ အဲဒီတရုတ်နှစ်ယောက်ဟာ အစက အတော်မွဲတယ်ကွ၊ ကုန်စုံဆိုင်လေး ချောက်တီးချောက်ချက် ရောင်းနေရတာ။ နောက်တော့ ထွန်းထွန်းကားကား ဖြစ်သွားတယ်။ သူတို့ပြောတော့ ကျိုက်ထီးရိုး သုံးခေါက်တက်လို့လို့ ပြောတာပဲ။ ငါလည်း အတော်စိတ်ဝင်စားမိတယ်၊ အဲဒီအကြောင်းကို ငါက လူတစ်ယောက်ကို ပြောပြမိတယ်။ အဲဒီတော့ ငါ့ကို ဘာပြန်ပြောသလဲဆိုတော့ အဲဒီတရုတ်နှစ်ယောက်ဟာ ကျိုက်ထီးရိုးဘုရားဖူးရင်းနဲ့ ဘိန်းကုန်ကူးတဲ့ ဘိန်းတရုတ်တွေနဲ့ သွားပြီးဆက်မိတာ၊ ဘိန်းဘယ်လိုချပေးရမယ်ဆိုတာ ဟိုက ညွှန်ကြားချက်တွေပေးပြီး ဒီနှစ်ကောင်ကို ဘိန်းချခိုင်းတာဖြစ်မယ်တဲ့၊ ဒါကြောင့် ချမ်းသာသွားတာဖြစ်မယ်လို့



www.burmeseclassic.com

www.burmeseclassic.com

ပြောတယ်။ အဲဒီလိုလည်း ဆရာကြီးပညာဗလလည်း ပြောလိုက်ရော တရုတ်စိန်လျှံက အဲဒီလူပြောတာ လုံးဝမဟုတ်ဘူး၊ အဲဒီလူတော့ ငရဲပြည်ရောက်မယ့်သူပဲ၊ တရုတ်ချမ်းသာရင် ဘိန်းချတယ်ချည်း ထင်နေကြတာ၊ တရုတ်လောက် အလုပ်ကြိုးစားတာ ရှိမလား၊ တရုတ်လောက် အရောင်းအဝယ်နားလည်တာ ရှိမလား၊ ဒါဟာ သက်သက် တရုတ်လူမျိုးကို စော်ကားတာ၊ ကျွန်တော့်နားမှာသာ ဒီလူရှိရင် ဝက်သားခုတ်တဲ့ဓားနဲ့ သွားခုတ်မိမလား မဆိုနိုင်ဘူးလို့ ပြောလိုက်တယ်။ အဲဒီလိုလည်း ပြောလိုက်ရော ဆရာကြီးပညာဗလဟာ သဘောကျလွန်းလို့ ရယ်လိုက်တာ မျက်ရည်များတောင် ထွက်တာ ငါတွေ့တယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ကျွန်ုပ်၏စကားကို စိတ်ဝင်စားစွာ နားထောင်နေသော ဆရာနှင်းဦးက...

"ပြောပါ ဆရာရဲ့၊ နည်းကောင်းလမ်းကောင်းလေး ပြောစမ်းပါ"

ဟု မေးလေ၏။ ထိုအခါ ကျွန်ုပ်က...

"မင်းတို့ကို တစ်ခုပြောပြဦးမယ်ကွ၊ ဆရာကြီး ပညာဗလ ဆိုတဲ့သူက အလုပ်လုပ်ရင် သိပ်ပြီးသေချာတဲ့ လူကြီးကွ၊ ကျိုက်ထီးရိုးတက်ခြင်းနဲ့ ပတ်သက်လို့ သူဟာ ပြည့်စုံအောင် လေ့လာတော့တာပဲဟေ့။ သူကိုယ်တိုင် ခြေလျင်တက်ကြည့်တယ်၊ ပြီးတော့ အချိန်ဘယ်လောက်ကြာတယ် မှတ်သားထားတယ်၊ ပြီးတော့ အထမ်းနဲ့ တက်ကြည့်တယ်၊ ကျိုက်ထီးရိုးအစ ကင်ပွန်းစခန်းကနေပြီး ကျိုက်ထီးရိုးတောင်ပေါ်ရောက်လို့ ဘုရားဖူးပြီး ကင်ပွန်းစခန်းကို ပြန်ရောက်တဲ့အထိ ချွေချွေတာတာ သုံးစွဲသွားရင် ဘယ်လောက်ကုန်တယ်ဆိုတာ စာရင်းလုပ်ကြည့်တယ်။ ပြီးတော့ တစ်ခါ လမ်းမှာတွေ့တဲ့ဆိုင်တိုင်း တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် ဖျော်ရည်သောက်လိုက်၊ စားစရာရှိတာ ဝင်စားလိုက်၊ အေးအေးဆေးဆေး ဖောဖောသီသီ သုံးသွားရင် ဘယ်လောက်ကုန်တယ်ဆိုတာလည်း စာရင်းလုပ်တယ်။ အဲဒီခရီးမှာ ဘယ်လိုဟင်းနဲ့စားရင် ဘယ်လောက်ကုန်တယ်ဆိုတာလည်း စာရင်းလုပ်တယ်။ ဘယ်လမှာ ဘယ်လောက်အေးတယ်ဆိုတာလည်း သူက ပြဒါးတိုင်တွေဘာတွေနဲ့ မှတ်တယ်ကွ။ အနွေးထည် ဘယ်လိုဟာမျိုးတွေ ယူသွားရင် တောင်ပေါ်မှာ နေနိုင်တယ် ဆိုတာကိုလည်း သူက သေသေချာချာ လေ့လာတယ်ကွ၊ အတိုချုပ်ပြောရရင်တော့ အဲဒီအဘိုးကြီးဟာ ကျိုက်ထီးရိုးဘုရားဖူးခြင်းနဲ့ ပတ်သက်ပြီး အသေးစိတ် လေ့လာတော့တာပဲဟေ့။ မော်တော်ကားနဲ့လည်း သွားကြည့်တယ်၊ မီးရထားနဲ့လည်း သွားကြည့်တယ်၊ ပြီးတော့ သူ့တပည့်တွေကို ကျိုက်ထီးရိုးဘုရားဖူး လွှတ်တော့တာပဲဟေ့။ လွှတ်တာလည်း တစ်ယောက်နဲ့တစ်ယောက် နည်းစနစ်ချင်း မတူဘူး၊ သူက ဗေဒင်နဲ့ တွက်ချက်ပြီး လွှတ်တာကွ။ ဘယ်နနှစ်မွေးတဲ့ ဘာရက်သားဆိုရင် ဘုရားမှာ ဘယ်ပန်း လှူရမယ် ဆိုတာကအစ အသေးစိတ် တွက်ချက်ပြီး လွှတ်တော့တာပဲ။ အဲဒီလိုလွှတ်တဲ့သူတွေရဲ့ ဘဝကိုလည်း သူက မှတ်တမ်းတင်ထားတယ်။ ခုခေတ်စကားနဲ့ပြောရင် ရီဆတ်ချ် လုပ်တယ်ပေါ့ကွာ။ အဘိုးကြီးဟာ ကျိုက်ထီးရိုးဘုရားဖူးခြင်းနဲ့ ပတ်သက်ပြီး ခုနစ်နှစ်လုံးလုံး အသေးစိတ် သုတေသန လုပ်ခဲ့တယ်။ ကုန်ကုန်ပြောမယ်ကွာ၊ ဘုရားဖူးက ပြန်လာပြီး ခရီးပန်းမယ်၊ ကိုယ်တွေလက်တွေ နာမည်ဆိုရင်တောင် ဘယ်လောက်ဆေးသောက်ရမယ်ဆိုတာအထိ သူက အသေးစိတ် လေ့လာထားတယ်"

ဟု ကျွန်ုပ်က ရှည်လျားစွာပြောရာ ဆရာနှအောင်က...

"အဲဒီအဘိုးကြီးနည်းက တကယ်ကို အကျိုးရှိသလား ဆရာ"

ဟု မေးလေ၏။

"ဒီလိုကွ၊ ဒီအဘိုးကြီး ပြောပြချက်အရ သူ့တပည့် ခုနစ်ယောက်ဟာ သူပြောတဲ့နည်းအတိုင်း ကျိုက်ထီးရိုးဘုရား တက်ပြီးဖူးတာ တစ်ခေါက်တည်းနဲ့ စီးပွားတက်သွားတယ်၊ တရုတ်လို ပြောရရင်တော့ ထောင်ကဲဖြစ်သွားတာပေါ့ကွာ၊ အဲဒီလိုပြောဖူးတယ်၊ သူကတော့ အဲဒီလူတွေရဲ့ နာမည်တွေ၊



www.burmeseclassic.com

www.burmeseclassic.com

လိပ်စာတွေ အကျအန ပြောဖူးတာပေါ့"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ကျွန်ုပ်၏တပည့် မျက်လှည့်ဆရာ မဂျစ်ရှင်းနှင်းဦးက…

"အဲဒါတွေ ထားလိုက်ပါတော့ ဆရာရယ်၊ ဆရာကြီး မဟာပညာဗလရဲ့ ကျိုက်ထီးရိုးဘုရားဖူးနည်းကို ဆရာ ရလိုက်သလား"

ဟု မေးလေ၏။

"တကယ်က မရလိုက်ဘူးကွ၊ ဒါပေမဲ့ အဲဒီဆရာကြီးနဲ့ ငါတို့က ဆွေမျိုးလို ရင်းနှီးတာ၊ သူ့ရဲ့သားအကြီး ကိုသိန်းလှိုင် ဆိုတာက ငါ့အဖေဆီမှာ ပန်းချီပညာသင်တဲ့ ပန်းချီတပည့်ကွ၊ သူ့သားအငယ် မောင်စိန်လှိုင်က ငါတို့နဲ့ ကစားဖက် ရွယ်တူတွေကွ၊ အဘိုးကြီး သေပြီးမှ သူ့အိမ်က မှတ်စုစာအုပ်လေးတစ်အုပ် ရတယ်၊ အဲဒီစာအုပ်ရဲ့ အဖုံးပေါ်မှာ ခဲတံနီပြာနဲ့ ဟောဒီလို ရေးထားတယ်ကွ။

## တစ်ခေါက်တည်း ဖူးရုံနှင့် ထောင်ကဲဖြစ်စေသော ကျိုက်ထီးရိုးဘုရားဖူးနည်း

အဲဒီစာအုပ်ကို ငါ သေသေချာချာ ဖတ်ကြည့်တယ်။ အဲဒီစာအုပ်ထဲမှာ ရန်ကုန်ကနေ ကျိုက်ထီးရိုးကို သွားရတဲ့ ရထားခတွေ၊ မော်တော်ကားနဲ့သွားရင် မော်တော်ကားခတွေကို အသေးစိတ် ဖော်ပြထားတယ်။ ဘယ်လိုဟင်းနဲ့ စားရင် ဘယ်လောက်ကုန်ကျမယ် ဆိုတာကိုလည်း အသေးစိတ် ဖော်ပြထားတယ်။ ဘုရားပေါ်ကို ယူသွားရမယ့် အမွှေးတိုင်တွေ၊ ဖယောင်းတိုင်တွေကအစ စောင်တို့၊ အနွေးထည်တို့ အရင်းတောင် ဖော်ပြထားသေးတယ်။ ပြီးတော့မှ ဘုရားဖူးသွားရမယ့်သူရဲ့ သက္ကရာဇ်ကို (၇)နဲ့ စားခိုင်းတယ်။ အဲဒီလို (၇)နဲ့ စားခိုင်းပြီးတော့ (၁)ကြွင်းတဲ့ မွေးသက္ကရာဇ်ပိုင်ရှင်ကအစ (၀)ကြွင်းတဲ့ မွေးသက္ကရာဇ်အထိကို နေ့သားအလိုက် ဘုရားမှာ ကပ်လှူရမယ့် ပန်းတွေဘာတွေ အသေးစိတ် ဖော်ပြထားတယ်"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် အထက်ပန်းဆိုးတန်းလမ်းတွင် ဗေဒင်ဟောပြောနေသော ဆရာနန္ဒအောင်က…

"ဒါ မဟာဘုတ်ပေါ့ ဆရာရဲ့၊ သက္ကရာဇ်ကို (၇)နဲ့ စားတယ်ဆိုတော့ ဒါဟာ တခြားဘာမှမဟုတ်ဘူး၊ မဟာဘုတ်တွက်နည်းပဲ၊ အဲဒီမဟာဘုတ်နဲ့ ဒီဆရာကြီးက ဘယ်လိုလုပ်ခိုင်းဦးမှာလဲ ဆရာကြီးရဲ့"

ဟု ကျွန်ုပ်အား မေးလေ၏။

ထိုအခါ ကျွန်ုပ်က…

"မင်းတို့ကို ငါက ဇယားလေးတစ်ခု ရေးပြမယ်ကွာ၊ အဲဒါဟာ ငါလုပ်တာ မဟုတ်ဘူး၊ အဲဒီဆရာကြီး လုပ်သွားတာ၊ ငါက မှတ်မိနေလို့ ပြောပြမှာ၊ သူ့စနစ်က မင်းပြောတဲ့အတိုင်း မဟာဘုတ်ပဲ ဆိုကြပါစို့ကွာ၊ မြန်မာမွေးသက္ကရာဇ်ကို (၇)နဲ့ စားမယ်၊ အကြွင်းနဲ့ နေ့သားအလိုက် ဖော်ပြထားတဲ့ပန်းတွေကို ကျိုက်ထီးရိုးဘုရားမှာ လှူရမယ်ကွ"

ဆရာနှင်းဦး၊ ဦးလှညွှန့်နှင့် ဆရာနန္ဒအောင်တို့သည် ကျွန်ုပ်ရေးပြသော ကျိုက်ထီးရိုးဘုရားတွင် လှူရမည့် ပန်းဇယားကို ကြည့်ပြီးလျှင် ၎င်းတို့၏ မှတ်စုများကိုထုတ်၍ ကူးယူကြလေ၏။ ထိုသို့ ကူးယူပြီးနောက် ဆရာနန္ဒအောင်က-

"ဒါ လှူရုံပဲလား ဆရာကြီး"

ဟု မေးလေ၏။ ထိုအခါ ကျွန်ုပ်က…

"အဘိုးကြီးရဲ့ မှတ်စုထဲမှာ ရေးထားတာကွ၊ ကိုယ့်ရဲ့မွေးနေ့ရက်အရောက် ရင်ပြင်ပေါ်ကို တက်ရမယ်လို့ ဆိုတယ်၊ တနင်္ဂနွေသားဟာလည်း တနင်္ဂနွေနေ့မှာ ရင်ပြင်ပေါ်မှာ ရှိရမယ်၊ တနင်္လာသားဟာလည်း တနင်္လာနေ့မှာ ရင်ပြင်ပေါ်မှာ ရှိရမယ်ကွ၊ ဘာကြောင့်လဲဆိုတော့ သူက အဲဒီမှာ ဆွမ်းတော်ကပ်ခိုင်းရတယ်ကွ၊ ဆွမ်းတော်ကပ်ရမယ့် အချိန်ဟာ အရုဏ်တက် မဟုတ်ဘူးကွ၊ မနက် ၉:၄၅ မိနစ်မှာ ကပ်ခိုင်းတာ။ ဆွမ်းပါရမယ်၊ ယို ၉ မျိုး ပါရမယ်၊ သောက်တော်ရေ ၅ ခွက် ပါရမယ်၊ ဖယောင်းတိုင် ၅ တိုင် ပါရမယ်၊ ယပ် ၅ ခု ပါရမယ်။ ဆွမ်းတော်ကပ်ပြီးရင်



www.burmeseclassic.com

www.burmeseclassic.com

လည်း ဆွမ်းတော်ကို ကိုယ်တိုင် စွန့်ရမယ်ကွ၊ ဆွမ်းတော် စွန့်တဲ့အခါမှာ စက္ကူကြီးကြီးတစ်ရွက်ပေါ်မှာ အဌလက်ဂြိုဟ်ခွင် ချရမယ်၊ အဲဒီအဌလက်ဂြိုဟ်ခွင်ပုံစံကတော့ ဟောဒီလိုကွ"

ဟု ဆိုကာ ကျွန်ုပ်သည် အောက်ပါပုံစံကို ရေးပြလေတော့၏။

| | | |
|---|---|---|
| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ |
| သောကြာ | ကိတ် | ဗုဒ္ဓဟူး |
| ရာဟု | ကြာသပတေး | စနေ |

"အဲဒီကိုးကွယ်စလုံးမှာ ဆွမ်းတွေ၊ ယိုတွေ ပုံရမှာပေါ့ကွာ။ တနင်္ဂနွေထောင့်ကနေ လက်ယာရစ် ရစ်ပြီး ပုံလာရင် နောက်ဆုံးမှာ ကိတ်ဆိုတဲ့နေရာမှာ ပုံရမယ်။ အဲဒီလို ပုံပြီးတဲ့အခါမှာ 'စားခွင့်စားထိုက်ရှိတဲ့ မည်သည့်ပုဂ္ဂိုလ်မဆို ဖြစ်စေ စားသောက်နိုင်ပါတယ်' လို့ ပါးစပ်က သုံးကြိမ်ရွတ်ဆိုပြီး ဆွမ်းတော်ကို စွန့်ရမယ်။ ပြီးတော့ အဲဒီနေရာမှာ အမျှဝေရမယ်။ ရေ ၅ ခွက်ကတော့ ဘေးမှာ သပ်သပ်လောင်းပြီး သွန်ရုံပဲ၊ ယပ် ၅ ချောင်းကတော့ မြေကြီးမှာ စိုက်လို့ရရင်လည်း စိုက်ပေါ့၊ မရရင် မြေကြီးမှာ လှဲထားရမယ်၊ ပြီးတော့ အဲဒီကုန်းတော်ပေါ်မှာပဲ အေးအေးချမ်းချမ်း ထိုင်လို့ရမယ့်နေရာမှာ ထိုင်ပြီးတော့ မေတ္တာပို့ရမယ်။ မေတ္တာပို့တာကတော့...

အနောဓိသ မေတ္တာ ၅ မျိုး၊ အနောဓိသဆိုတာက သတ္တဝါတို့ကို အထူးမရည်ညွှန်းဘဲ သာမညပွားပို့တဲ့ မေတ္တာကို ပြောတာ။ အဲဒါက ဘာလဲဆိုတော့...

(၁) သဗ္ဗေသတ္တာ အလုံးစုံသော-သတ္တဝါအပေါင်း
(၂) သဗ္ဗေပါဏာ-အလုံးစုံသော ထွက်သက်ဝင်သက်ရှိသည့် သတ္တဝါအပေါင်း
(၃) သဗ္ဗေဘူတာ-အလုံးစုံသော ကိုယ်ထင်ရှားရှိသည့် သတ္တဝါအပေါင်း
(၄) သဗ္ဗေပုဂ္ဂလာ-အလုံးစုံသော ပုဂ္ဂိုလ်အပေါင်း
(၅) သဗ္ဗေအတ္တ ဘာဝပရိယာပန္နာ-အလုံးစုံသော ခန္ဓာကိုယ်အတ္တဘောရှိသူအပေါင်း

ပြီးတော့ ဩဒိသ မေတ္တာ(၇)မျိုး၊ ဩဒိသ မေတ္တာဆိုတာက သတ္တဝါကို အထူးရည်ညွှန်းပြီး ပွားပို့တဲ့ မေတ္တာကို ပြောတာ။

(၁) သဗ္ဗာဣတ္ထိယော-အလုံးစုံသော မိန်းမအပေါင်း
(၂) သဗ္ဗေပုရိသာ-အလုံးစုံသော ယောကျ်ားအပေါင်း
(၃) သဗ္ဗေအရိယာ-အလုံးစုံသော အရိယာအပေါင်း
(၄) သဗ္ဗေအနရိယာ-အလုံးစုံသော ပုထုဇဉ်အပေါင်း
(၅) သဗ္ဗေဒေဝါ-အလုံးစုံသော နတ်ဗြဟ္မာအပေါင်း
(၆) သဗ္ဗေမနုဿာ-အလုံးစုံသော လူအပေါင်း
(၇) သဗ္ဗေဝိနိပါတိကာ-အလုံးစုံသော အပါယ်သတ္တဝါအပေါင်း

အဲဒီတော့ အနောဓိသ ပုဂ္ဂိုလ်သတ္တဝါက (၅)မျိုး၊ ဩဒိသ ပုဂ္ဂိုလ်သတ္တဝါက (၇)မျိုးဆိုတော့ စုစုပေါင်း (၁၂)မျိုးပေါ့။ ပို့ရမယ့်မေတ္တာက (၄)နည်း။ အဲဒါက ဘာလဲဆိုတော့...

(၁) ဘေးရန် ကင်းကြပါစေ။
(၂) စိတ်ဆင်းရဲ ကင်းကြပါစေ။
(၃) ကိုယ်ဆင်းရဲ ကင်းကြပါစေ။
(၄) စိတ်နှလုံးဝမ်း အေးချမ်းကြပါစေ။

အဲဒီတော့ ပုဂ္ဂိုလ် ၁၂ ဦးကို မေတ္တာ ၄ နည်း ပွားတော့ (၁၂×၄)=၄၈ ရတာပေါ့။ အဲဒါကို တစ်ခါ အရပ်ဆယ်မျက်နှာနဲ့ ထပ်ပြီးပွားများတော့ (၄၈×၁၀)=၄၈၀ ရတာပေါ့။ အဲဒီ ၄၈၀ နဲ့ စောစောက ၄၈ နဲ့ ပေါင်းတော့ (၄၈၀+၄၈)=၅၂၈ ရတာပေါ့။ အဲဒီလို ပွားပို့ရမယ်။ အဲဒါ ကျိုက်ထီးရိုးကုန်းတော်ပေါ်မှာပဲ သုံးကြိမ်မေတ္တာပွားရမယ်။ ဆရာကြီး ဦးပညာဗလရဲ့ မှတ်စုစာအုပ်မှာတော့ သူ့တပည့်တွေကို ဘယ်လိုမှာကြားထားသလဲဆိုတော့ အဲဒီနည်းကိုပေးတဲ့ ဆရာကြီး၊ သူ့ကိုလည်း ကျန်းမာပါစေ၊ ချမ်းသာပါစေလို့ မေတ္တာသီးခြားပို့ခိုင်းသေးတယ်။ ကိုယ့်လူတို့ လုပ်မယ်ဆိုရင်တော့ ကိုယ့်လူတို့ကို နည်းပေးတဲ့ ကိုယ့်ကို ဆရာမင်းသိခ် ကျန်းမာပါစေ၊ ချမ်းသာပါစေလို့ မေတ္တာပို့ရမှာကွ"



www.burmeseclassic.com

www.burmeseclassic.com

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ဆရာနန္ဒအောင်က-

"ဒီအတိုင်းလည်း ပို့နေတာပဲ ဆရာကြီးရယ်"

ဟု ပြောလေ၏။

"ဒီအတိုင်းပို့နေတာ ငါသိပါတယ်၊ အခု ဘက မဟာပညာဗလကြီးက သူ့တပည့်တွေကို မှာကြားတဲ့နည်းအတိုင်း မင်းတို့ကို ငါပြောရတာပါ။ သူက ဘာကြောင့် အဲဒီလိုပို့ခိုင်းတယ်ဆိုတာကိုတော့ ငါ အတိအကျ မသိဘူး။ ဒါပေမဲ့ ငါထင်တာကတော့ နည်းစနစ်ပေးတဲ့ ပုဂ္ဂိုလ်ကို ပြန်ပြီးကျေးဇူးပြုခိုင်းတဲ့သဘော သက်ရောက်တယ်လို့ ငါထင်တယ်"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

"အဲဒါက အရေးမကြီးဘူး ဆရာရဲ့၊ ဩဒိဿရယ်၊ အနောဒိဿရယ်၊ မေတ္တာပွားပုံ ပွားနည်းရယ်၊ အရပ်ဆယ်မျက်နှာရယ်က ကျွန်တော် မလုပ်တတ်ဘူး ဆရာရဲ့"

ဟု နန္ဒအောင်က ပြောလိုက်လေ၏။ ထို့ကြောင့် ကျွန်ုပ်က…

"အဲဒီအတွက်တော့ မပူပါနဲ့ကွာ၊ ငါ အခုပဲ မင်းတို့ကို မေတ္တာပို့ဖို့ ဇယားလေးတစ်ခု လုပ်ပေးလိုက်ပါ့မယ်"

ဟု ဆိုကာ ကျွန်ုပ်သည် အောက်ပါအတိုင်း မေတ္တာပို့သည့် ဇယားတစ်ခုကို ဆွဲပေးလိုက်လေ၏။

၎င်းတို့သည် ကျွန်ုပ်ရေးပြထားသော မေတ္တာပို့ဇယားပုံကို ကူးယူကြလေ၏။ ထို့နောက် ဆရာနှင်းဦးက…

"အဲဒါပြီးရင် ဘာဆက်လုပ်ရဦးမှာလဲ ဆရာကြီး"

ဟု မေးလေ၏။

"အဲဒါပြီးရင် ရန်ကုန်ကို ပြန်ရောက်လာပြီပေါ့ကွာ၊ တခြားနယ်မှာနေရင်လည်း ရန်ကုန်ကို ဝင်သင့်တာပေါ့၊ ပြီးတော့ အဲဒီအတိုင်း ရွှေတိဂုံဘုရားမှာ လုပ်ရဦးမယ်၊ အဲဒါမှ ပြည့်စုံတာ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဆရာနန္ဒအောင်က…

"ကျိုက်ထီးရိုးမှာ လုပ်ပြီးရင် ပြီးတာပဲပေါ့ ဆရာရယ်၊ ဘာဖြစ်လို့ ရွှေတိဂုံမှာ ထပ်ပြီးလုပ်ရဦးမှာတုံး"

ဟု မေးလေ၏။ ထိုအခါ ကျွန်ုပ်က…

"ဒီလို နန္ဒအောင်၊ ဟောဒီမှာကြည့်၊ ကျိုက်ထီးရိုးနဲ့ ရွှေတိဂုံဟာ ကက်ကင်းသဘောမျိုး ပါနေတယ်"

ဟု ဆိုကာ အောက်ပါအတိုင်း ကျွန်ုပ်က ရေးပြလိုက်လေ၏။

| | | |
|---|---|---|
| ကျိုက် | ထီး | ရိုး |
| ၂ | ၇ | ၄ |
| ရွှေ | တိ | ဂုံ |
| ၄ | ၇ | ၂ |

"အဲဒါကြောင့် မဟာပညာဗလ ဆိုတဲ့ အဘိုးကြီးက သူ့တပည့်တွေကို ကျိုက်ထီးရိုးမှာ လုပ်ခဲ့တဲ့အတိုင်း ရွှေတိဂုံမှာ တစ်ခေါက်လုပ်ခိုင်းတယ်ကွ၊ အဲဒီအတိုင်း အတိအကျ လုပ်မယ်ဆိုရင် ဟရတ်တွေ ပြောသလို ကျိုက်ထီးရိုး သုံးခေါက်တက်ရင် ထောင်ကဲဖြစ်တယ်ဆိုတဲ့ စကားဟာ မဟုတ်တော့ဘူးကွ၊ တစ်ခေါက်တည်းနဲ့ သူဌေးဖြစ်လိမ့်မယ်။ တစ်ခုတော့ ရှိတာပေါ့ကွာ၊ အတိတ်ဘဝက ဒါနမျိုးစေ့ အလျောက် စီးပွားဖြစ်ခြင်းမှာလည်း အကြီး၊ အလတ်၊ အသေးစားရယ်လို့ ရှိလိမ့်မှာပေါ့ကွာ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ဆရာနန္ဒအောင်က-

"နောက်တစ်ခေါက်အထိ မစောင့်တော့ဘူး ဆရာရဲ့၊ အခုတစ်ခေါက်နဲ့ကို အပြီးလုပ်သွားတော့မယ်"

ဟု ပြောလိုက်သည်ဖြစ်ရာ ကျွန်ုပ်တို့အားလုံးသည် ၎င်း၏စကားကို သဘောကျလွန်း၍ ဝိုင်းဝန်းရယ်မောလိုက်ကြလေတော့သတည်း။

"ဟား…ဟား…ဟား…ဟား…ဟား"



www.burmeseclassic.com

www.burmeseclassic.com



# မြတ်ရွှေတိဂုံ၏ ကျော်ပြုံး

## မနုဿဗေဒချင်း

မောင်ကံသည် ဣန္ဒာသယလုံတံ၏ တန်ခိုးဖြင့် မြေလျှိုးပြီး တရုတ်ပြည်မှ မြန်မာပြည် ရွှေတိဂုံစေတီတော်ရှိရာသို့ ဦးတည်လာနေ၏။ ခရီးက ဝေးကွာလွန်းလှသဖြင့် မောင်ကံတစ်ယောက် မောပန်းနွမ်းနယ်နေ၏။ သူက "မောပြီ" ဟု ညည်းညူသော နေရာအရပ်သည် နောင်တွင် "မော်ဘီ"ဟူ၍ အမည်တွင်လာရသည်ဆို၏။ မောင်ကံ ရွှေတိဂုံစေတီတော်မြတ်ကြီးကို စတင်တွေ့မြင်နေရသည့်နေရာ၌ ခေတ္တရပ်နားပြီး မြတ်ဘုရားအား ကြည့်မြင်တိုင်တည်သော နေရာအရပ်သည် နောင်တွင် "ကြည့်မြင်တိုင်"ဟူ၍ အမည်တွင်လာရသည်ဆို၏။ မောင်ကံသည် ရွှေတိဂုံကို လှမ်းမျှော်ကြည့်ညိုကန်တော့နေသော်လည်း သူ့မျက်နှာက မရွှင်ပျ။ စိတ်မချမ်းသာသူတစ်ဦး၏ မျက်နှာသည် အဘယ်မှာ ရွှင်ပျနိုင်ပါမည်နည်း။ မောင်ကံတစ်ယောက် အဘယ့်ကြောင့် စိတ်မချမ်းမသာဖြစ်နေရသည်ကို နောက်ကြောင်းပြန်သော်...

မောင်ကံသည် မြန်မာပြည်သား။ သာမန်လူဆင်းရဲတစ်ယောက်။ သို့ရာ

www.burmeseclassic.com



တွင် ရှိသားဖြောင့်မတ်သည်၊ သစ္စာရှိသည်။ တွဲတေးတောတန်းတစ်နေရာ၌ ဝိဇ္ဇာတစ်ဦးနှင့်တွေ့ဆုံရာ ထိုဝိဇ္ဇာစေခိုင်းသော စွန့်စားရသည့်အလုပ်တစ်ခုကို မောင်ကံက သတ္တိရှိရှိ သစ္စာရှိရှိဖြင့် ဆောင်ရွက်ပေးခဲ့၏။ သူခိုင်းစေသော လုပ်ငန်းအောင်မြင်သဖြင့် ဝိဇ္ဇာက မောင်ကံအား လိုရာဆုတောင်းပါဟု အခွင့်အရေးပေး၏။ သို့ရာတွင် မောင်ကံက ဆုမတောင်းတတ်သဖြင့် ဝိဇ္ဇာကပင် လျှင် လိုတရ ဣန္ဒြာသယ လုံတံတစ်ချောင်းကို သူ့အား ချီးမြှင့်လိုက်သည်။ ထိုလုံတံ၏တန်ခိုးကြောင့် မောင်ကံ တစ်ယောက် လိုတရပြီး အစစအရာရာ အဆင်ပြေမည်ဟု ဝိဇ္ဇာကပြောပြသည်။ ယခုပင်လျှင် မောင်ကံကြီးပွားတိုးတက်နိုင်မည့်အရပ်သို့ လုံတံက ပို့ဆောင်ပေးလိမ့်မည်။ သို့ရာတွင် အနန္တော အနန္တငါးပါးကို ဘယ်တော့မှ မပြစ်မှားပါနှင့်၊ ပြစ်မှားမိ၍ ဘေးတွေ့လျှင် ငါလည်းမကာယနိုင်၊ အကြောင်းတစ်ခုခုကြောင့် ဘေးဒုက္ခနှင့် ရင်ဆိုင်ကြုံတွေ့ရလျှင် ဤဣန္ဒြာသယလုံတံကို ငါရှိရာအရပ်သို့ စိတ်ရှန်းဖြင့် ပစ်လွှတ်လိုက်ပါ။ ငါအရောက်လာခဲ့မည်ဟု ဝိဇ္ဇာက အသိပေး သတိပေးစကားများ ပြောကြားပြီး ပျောက်ကွယ်သွားခဲ့၏။

မြေလျှိုးခရီးဖြင့် ဣန္ဒြာသယလုံတံက မောင်ကံအား တရုတ်ပြည်ရှိ ဗုဒ္ဓဘာသာ မြန်မာဘုန်းတော်ကြီးကျောင်းတစ်ကျောင်းဆီသို့ ပို့ဆောင်ပေးခဲ့၏။ ကျောင်းထိုင်ဘုန်းတော်ကြီးသည် မြင်မြင်ချင်းပင် မောင်ကံကို ချစ်ခင်ကရုဏာသက်သောကြောင့် တပည့်ရင်း၊ ဒကာရင်းအဖြစ် ကြည့်ရှုစောင့်ရှောက်ထား၏။ တရုတ်ဘာသာ ဥတည်သွား၏

www.burmeseclassic.com

သမီးတော်သည် ရံရွေတော်များနှင့် အတူ ထိုဘုန်းတော်ကြီးကျောင်းသို့ နေ့စဉ်လာရောက် ဆွမ်းပို့လှူဒါန်းလေ့ရှိ၏။ မောင်ကံသည် ထိုမင်းသမီးနှင့် တွေ့ဆုံရည်ငံမိကြ၏။ ထိုအကြောင်းကို သိရှိသွားသောအခါ ဥတည်ဘွားဘုရင်သည် အမျက်တော်ရှပြီး မောင်ကံကို ဖမ်းဆီးသတ်ဖြတ်စေရန် သူ၏ရဲမက်တော်များအား အမိန့်ပေး၏။ သို့ရာတွင် မောင်ကံ၏ ဣန္ဒာသယလုံတံတန်ခိုးကြောင့် ရဲမက်တော်များက လိုက်လံဖမ်းဆီး၍ မရနိုင်ကြ။ မောင်ကံကို လူစွမ်းကောင်းမှန်း သိသွားသောအခါ ဥတည်ဘွားက ဥပါယ်တစ်မျိုးပြောင်း၏။ သူ့နန်းတော်နှင့် မြန်မာဘုန်းတော်ကြီးကျောင်းကို ရွှေလမ်းငွေလမ်း ဖောက်ပေးနိုင်လျှင် မောင်ကံကို သမီးတော်နှင့် ထိမ်းမြားပေးမည်ဟု ဆိုသည်။ သူက ထိုကိစ္စသည် လုံးဝမဖြစ်နိုင်ဟု ထင်မှတ်ပြီး မောင်ကံ စိတ်ပျက်လက်လျှော့သွားစေရန်အကြံဖြင့် ပြောလိုက်ခြင်းဖြစ်၏။ သို့ရာတွင် မောင်ကံက မိမိ၏ ဣန္ဒာသယလုံတံတန်ခိုးဖြင့် ဘုန်းတော်ကြီးကျောင်းနှင့် နန်းတော်အကြား ရွှေလမ်း၊ ငွေလမ်း ခင်းပြလိုက်သောအခါ ဥတည်ဘွားဘုရင်ကလည်း သူ့ကတိအတိုင်း ဆောင်ရွက်ပေးရလေတော့သည်။

မောင်ကံသည် ဥတည်ဘွားဘုရင်၏ သမက်ဖြစ်လာရသော်လည်း ကံကောင်းသည်တော့ မဟုတ်ပါ။ ဥတည်ဘွားဘုရင်သည် သူ၏ဆရာ မြန်မာဘုန်းတော်ကြီးနှင့်တိုင်ပင်ပြီး မောင်ကံအား ကြီးလေးသောတာဝန်တစ်ရပ် ပေးအပ်၏။ ထိုတာဝန်မှာ မြန်မာပြည်ရှိ ရွှေတိဂုံစေတီတော်ဌာပနာတိုက်အတွင်းမှ ဗုဒ္ဓ၏ဆံတော်မြတ်ကို သွားရောက်ယူဆောင်ရန်ဖြစ်၏။ ဥတည်ဘွားဘုရင်တွင် ဗုဒ္ဓ၏စွယ်တော်မြတ်တစ်ဆူ ရှိနေရာ တင်းတိမ်ခြင်းမရှိဘဲ ရွှေတိဂုံစေတီတော်မှ ဆံတော်မြတ်ကိုပါ ရယူကာ ဆံတော်နှင့်စွယ်တော်ကို ယှဉ်တွဲထားရှိကိုးကွယ်ချင်သည်။ ထို့ကြောင့် ဆံတော်မြတ်ကို သွားရောက်ယူဆောင်စေရန်အတွက် မောင်ကံအား အာဏာစက်ဖြင့် စေခိုင်းတာဝန်ပေးအပ်ခြင်း ဖြစ်၏။

မောင်ကံက ဆံတော်မြတ်ကို သွားရောက်ခိုးယူရန်ကိစ္စမှာ အလွန်ပင်အပြစ်ကြီးလေးပါကြောင်း၊ မသင့်လျော်ပါကြောင်း၊ ထို့အပြင် ရွှေတိဂုံစေတီတော်၏ဌာပနာတိုက်တွင် ဓားစက်၊ လုံစက် တပ်ဆင်ထားရှိသဖြင့် အန္တရာယ်ကြီးမားလှပါကြောင်း၊ သူ့ဆရာဝိဇ္ဇာ မှာကြားသတိပေးခဲ့သည့်အတိုင်း အနန္တော အနန္တငါးပါးကို မပြစ်မှားစုံပါကြောင်း အမျိုးမျိုးသော အကြောင်းပြချက်တို့ဖြင့် ငြင်းဆန်ပါသော်လည်း ဥတည်ဘွားဘုရင်က လက်မခံ။ ထိုအချိန်၌ မောင်ကံ၏ဇနီးသည် သားဦးရတနာလေးတစ်ပါးကို ဖွားမြင်နေပြီဖြစ်ရာ ဥတည်ဘွား၏အမိန့်ကို မနာခံပါက ဇနီးရော၊ သားလေးကိုပါ စွန့်လွှတ်ရမည့်ကိန်း ဆိုက်နေ၏။ သို့နှင့် နောက်ဆုံးတွင် မောင်ကံသည် ဥတည်ဘွားဘုရင်၏ အမိန့်ကို မလွန်ဆန်နိုင်တော့ဘဲ ဆံတော်ခိုးယူရန်အတွက် မြန်မာပြည်သို့ ထွက်ခွာလာခဲ့ရခြင်း ဖြစ်၏။ မိမိလုံးဝ မပြုလုပ်လိုသော အမှုတစ်ခုကို ပြုရတော့မည်ဖြစ်သောကြောင့် မောင်ကံ စိတ်မချမ်းမသာဖြစ်နေရခြင်းပင်တည်း။ စိတ်လေးနေခြင်းဖြစ်၏။

မောင်ကံသည် ရွှေတိဂုံစေတီတော်သို့ရောက်သည်နှင့် ဌာပနာတိုက်အတွင်းသို့ စွန့်စားပြီး ခုန်ပျံဝင်ရောက်၏။ သို့ရာတွင် လည်နေသော ဓားစက်၊ လုံစက်နှင့် ထိခိုက်မိပြီး လွင့်စဉ်သွား

မောင်ကံသည် ရွှေတိဂုံစေတီတော်သို့ရောက်သည်နှင့် ဌာပနာတိုက်အတွင်းသို့ စွန့်စားပြီး ခုန်ပျံဝင်ရောက်၏။ သို့ရာတွင် လည်နေသော ဓားစက်၊ လုံစက်နှင့် ထိခိုက်မိပြီး လွင့်စဉ်သွားကာ ကုန်းတော်တစ်နေရာပေါ်သို့ ကျရောက်၏။ သူ့ခြေထောက်များက လုံးဝ လှုပ်ရှား၍မရနိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com

ကာ ကုန်းတော်တစ်နေရာပေါ်သို့ ကျရောက်၏။ သူ့ခြေထောက်များက လုံးဝလှုပ်ရှား၍ မရနိုင်တော့။ ကျောက်သားအတိဖြစ်သွားပြီး ကုန်းမြေပေါ်၌ စိုက်ထားသလို မြှုပ်နေလေပြီ။ ဘေးဒုက္ခကျရောက်နေပြီမို့ သူ၏ ဣန္ဒြိယလုံးတဲ့ကို သူ့ဆရာ ဝိဇ္ဇာရှိမည့်နေရာသို့ စိတ်မှန်းဖြင့် ပစ်လွှတ်လိုက်၏။ မကြာမီ သူ့ဆရာဝိဇ္ဇာ သူ့ရှေ့မှောက်သို့ ရောက်လာသည်။

"ငါမှာကြားခဲ့တဲ့ သတိပေးစကားကို နားမထောင်ဘဲ အနန္တောအနန္တငါးပါးကို ပြစ်မှားမိလို့ မင်း အခု ဘေးဒုက္ခတွေ့ရပြီ။ ငါလည်း ဘယ်လိုမှ မကယ်နိုင်။ ဒါပေမယ့် မင်းဇနီးနဲ့ သားလေးကိုတော့ မင်းရဲ့ထံမှောက်ရောက်လာအောင် ငါ ခေါ်ဆောင်ပေးမယ်"ဟု ပြောကြားပြီး ဝိဇ္ဇာသည် သူ၏ကတိအတိုင်း ဆောင်ရွက်ပေး၏။

သူ့ဇနီးနှင့် သားလေး သူ့ရှေ့မှောက်သို့ရောက်လာချိန်၌ မောင်ကံ၏ခန္ဓာကိုယ်တစ်ခုလုံးနီးပါး ကျောက်ဖြစ်နေလေပြီ။ ဦးခေါင်းပိုင်းတစ်ခုသာ ကျန်တော့၏။ မောင်ကံ၏ဇနီးက ဝမ်းပန်းတနည်း ငိုကြွေး၏။ မောင်ကံက မျက်ရည်တွေတွေကျလျက် နှောင်တစကားဆို၏။ မကြာမီပင် မောင်ကံ၏ တစ်ကိုယ်လုံး ကျောက်သားအတိပြီးသော ကျောက်ရုပ်ဖြစ်သွား၏။ ဇနီးသည်က သားငယ်ကိုပိုက်ချီလျက် ပဗ္ဗာမြေလူးအရုပ်တစ်ပိုင်း ဖြစ်သွားရရှာ၏။

အထက်တွင် ဖော်ပြခဲ့သည်တို့ကား စာရေးသူ ကောလိပ်ကျောင်းသား

ညက မသမာသူတစ်ယောက်
အထက်ပစ္စယံပေါ်ကို
ခိုးတက်ပြီး ဘုရားရွှေကို
အဝတ်နဲ့ပွတ်ခွာယူတယ်။
ဒီမနက် ၄ နာရီ
ကျွန်တော်တို့ အပေါ်တက်ပြီး
ကင်းလှည့်စစ်ဆေးတော့
မှုးမေ့သတိလစ်လဲကျနေတဲ့
ဒီသူခိုးကို ဘုရားရွှေတွေ
ပွတ်ခွာထားတဲ့ အဝတ်နဲ့အတူ
ဖမ်းမိခဲ့ကြတယ်။

ဘဝတုန်းက ရန်ကုန်မြို့ရှိ ရုပ်ရှင်ရုံတစ်ရုံတွင် ကြည့်ခဲ့ရသော "ရွှေတိဂုံဘုရားသမိုင်း"ရုပ်ရှင်ဇာတ်ကားနှင့် ပတ်သက်၍ မှတ်မိသမျှ ပြန်လည်တင်ပြခြင်းဖြစ်၏။ "မောင်ကံ"အဖြစ် သရုပ်ဆောင်သူက ရုပ်ရှင်မင်းသား "အောဝမ်းညွှန့်မောင်"။ ဤဇာတ်ကားကို သူကိုယ်တိုင်ဒါရိုက်တာလုပ်၍ ရိုက်ကူးခဲ့ခြင်းဖြစ်၏။ ဥတည်ဘွားဘုရင်၏ သမီးအဖြစ် သရုပ်ဆောင်သူက သူ့ဇနီး မင်းသမီးချောမေမြင့်။ အောဝမ်းညွှန့်မောင်သည် သူကိုယ်တိုင် တီထွင်ပြုလုပ်သော ကင်မရာဖြင့် "ရွှေတိဂုံသမိုင်းစီနီမာစကုပ်"မြင်ကွင်းကျယ်ဇာတ်ကားကို ရိုက်ကူးထုတ်လုပ်ခဲ့ခြင်းဖြစ်သည်ဟု သိရ၏။ ထိုစဉ်က မြန်မာရုပ်ရှင်လောက၌ စီနီမာစကုပ်မြင်ကွင်းကျယ် ရုပ်ရှင်ဇာတ်ကားမျိုးကို လုံးဝမရိုက်ကူး။ မထုတ်လုပ်နိုင်သလောက်ဖြစ်ရာ ရွှေတိဂုံသမိုင်းဇာတ်ကားသည် စီနီမာစကုပ်ဇာတ်ကား ဖြစ်ရုံမက ကင်မရာအလှည့်အပြောင်းတို့ဖြင့် အဆင့်အတန်းမြင့်မြင့် ရိုက်ကူးတင်ဆက်ခဲ့ခြင်းဖြစ်သောကြောင့် မြန်မာ့ရုပ်ရှင်ကြည့်ပရိသတ်အဖို့ အလွန်ပင်အကြိုက်တွေ့ခဲ့ကြရ၏။ မြန်မာရုပ်ရှင်မင်းသားတစ်ဦးကိုယ်တိုင် တီထွင်ပြုလုပ်သော ကင်မရာဖြင့် ရိုက်ကူးထုတ်လုပ်ခဲ့သည်ဆိုသောကြောင့် လွန်စွာပင် ဂုဏ်ယူမိခဲ့ကြ၏။

သရုပ်ဆောင်တို့၏ သရုပ်ဆောင်မှုအပိုင်းတွေမှာလည်း အထူးပြောစရာမရှိ။ အလွန်ပင် အကွက်စေ့ကြပါ၏။ မောင်ကံ၏ဖြစ်စဉ်ဇာတ်လမ်းနှင့် ပတ်သက်၍ ယုတ္တိတန်သည် မတန်သည်ကို ဝေဖန်နိုင်ရန်အတွက်မူ စာရေးသူအဖို့ လက်လှမ်းမမီနိုင်ပါ။ သို့ရာတွင် ရွှေတိဂုံစေတီတော်နှင့်ပတ်သက်၍ မတော်မတရားပြစ်မှားမိလျှင် ကြီးလေးသောဘေးဒုက္ခတို့နှင့် ကြုံတွေ့ရတတ်ပုံအကြောင်း ဤဇာတ်ကားဖြင့် မှတ်သားလောက်ဖွယ် သင်ခန်းစာတစ်ရပ် ရလိုက်သည်ကတော့ အမှန်ပင်။ စာရေးသူတို့ မူလတန်းကျောင်းသားဘဝတုန်းက "မောင်ကံ"၏ ကျော[illegible]ရုပ်ဟုဆိုသော ကျောက်ရုပ်တစ်ရုပ်ကို ရွှေတိဂုံဘုရား ကုန်းတော်တစ်နေရာပေါ်တွင် တွေ့မြင်ခဲ့ရဖူးသည်ကိုတော့ ဝိုးတဝါး မှတ်မိနေသည်။ နောက်ပိုင်းတွင် ထိုကျောက်ရုပ်ကို မတွေ့မြင်ကြရတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com

ရောင်းသူတို့ ထုဆစ်သော ကျောက်ဆစ်ရုပ်တစ်ရုပ်လည်း ဖြစ်ကောင်းဖြစ်မည်။ သို့ရာတွင် စိတ်ဝင်စားစရာ ကောင်းသည်ကတော့ အမှန်ပင်။

စာရေးသူ အရာရှိငယ်ဘဝတုန်းက အပတ်စဉ်မွေးနေ့တိုင်း နံနက် ၅ နာရီတွင် ရွှေတိဂုံ အထက်ပစ္စယံပေါ်သို့ တက်ရောက်ပြီး ဘုရားဝတ်ပြုလေ့ရှိ၏။ တစ်ရက်သော နံနက်ခင်းတွင် အချိန်ကျရောက်ပြီဖြစ်သော်လည်း ဂိတ်တံခါးဖွင့်မပေးသေးသဖြင့် အထက်ပစ္စယံသို့ တက်မည့်သူများ တံခါးအနီး၌ စောင့်ဆိုင်းနေကြရ၏။ ထိုစဉ် စေတီတော်လုံခြုံရေးဝန်ထမ်းများ အထက်ပစ္စယံပေါ်မှ ဆင်းလာသဖြင့် စုံစမ်းမေးမြန်းကြည့်ကြရာ၌ -

"ညက မသမာသူတစ်ယောက် အထက်ပစ္စယံပေါ်ကို ခိုးတက်ပြီး ဘုရားရွှေကို အဝတ်နဲ့ပွတ်ခွာယူတယ်။ ဒီမနက် ၄ နာရီ ကျွန်တော်တို့ အပေါ်တက်ပြီး ကင်းလှည့်စစ်ဆေးတော့ မူးမေ့သတိလစ်လဲကျနေတဲ့ ဒီသူခိုးကို ဘုရားရွှေတွေ ပွတ်ခွာထားတဲ့အဝတ်နဲ့အတူ ဖမ်းမိခဲ့ကြတယ်။ သူ့ရဲ့ ထွက်ဆိုချက်အရတော့ ဘုရားရွှေကို ပွတ်ခွာယူပြီး အောက်ကိုဆင်းမယ်အလုပ်မှာ ခေါင်းထဲမိုက်ခနဲဖြစ်ပြီး သတိလစ်လဲကျသွားခဲ့ရတာလို့ သိရပါတယ်"

တာဝန်ရှိသူ လုံခြုံရေးဝန်ထမ်းတစ်ဦးက ရှင်းပြခြင်းဖြစ်၏။ ထိုအခါ စာရေးသူတို့နှင့်အတူ အထက်ပစ္စယံတွင် ဝတ်ပြုလေ့ရှိသူ ပုဂ္ဂိုလ်ကြီးတစ်ဦးက -

"ရွှေတိဂုံစေတီတော်မြတ်ကို ရွှေချထားတဲ့ သာမန်အုတ်ပုံကြီးတစ်ပုံလို သဘောထားလို့ကတော့ သိပ်ပြီးမှားသွားမှာပေါ့။ ဒီစေတီတော်မြတ်ရဲ့ သမိုင်းအစဉ်အလာက သိပ်ပြီးကြီးမားရင့်ကျက်တယ်။ တည်ခဲ့၊ ပြုပြင်ခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေကလည်း တကယ့်မင်းကောင်း မင်းမြတ်တွေ၊ သူတော်စင်တွေ။ ခေတ်အဆက်ဆက် ပူဇော်ကန်တော့ကြသူ၊ လှူဒါန်းကြသူတွေကလည်း တကယ့်မင်းစိုးရာဇာတွေ၊ ဝိဇ္ဇာတွေ၊ သူတော်စင်တွေ၊ ပြည်သူတွေ တကယ့်ကြည်ညိုသဒ္ဒါအပြည့်နဲ့ ပူဇော်လှူဒါန်းခဲ့ကြတာခင်ဗျာ။ စေတီတော်ရဲ့ အတွင်းဌာပနာတိုက်ထဲမှာလည်း ဘဒ္ဒကမ္ဘာမှာ ပွင့်တော်မူသွားတဲ့ ဘုရားလေးဆူရဲ့ ဓာတ်တော်၊ မွေတော်တွေ ကိန်းဝပ်တော်နေတယ်။ ရွှေတိဂုံစေတီတော်ကြီး တည်ပြီးချိန်ကစပြီး ဒီကနေ့အထိ သမိုင်းစဉ် ခေတ်အဆက်ဆက် နေ့စဉ် ဘုရားဝတ်ပြုပူဇော် ကြည်ညိုခဲ့ကြသူတွေရဲ့ ကြည်ညိုသဒ္ဒါအဟုန်ဟာ စေတီတော်ကြီးပေါ်မှာ ဘယ်လောက်စုပုံနေတယ်ဆိုတာ နာမ်သဘောသဘာဝမို့ မျက်စိနဲ့ တပ်အပ်မမြင်နိုင်ပေမယ့် သမာဓိရှိတဲ့လူတွေအဖို့ အာရုံခံကြည့်ပြီး သိနိုင်တယ်။ အဲဒီလို စုပုံနေတဲ့ သဒ္ဒါအဟုန်က ဘုရားဖူးလာသူတွေအပေါ်မှာ ပြန့်ပြီး ရောင်ပြန်ဟပ်တယ်။ ဒါကြောင့် ဘုရားရိပ်ဟာ သာမန်လူကောင်းတွေအတွက် အေးမြစေသလို မသမာသူတွေအတွက်တော့ ဘေးခစေတာ အမှန်ပဲလေ"

"မမွှစေတီမင်း လှူဒါန်းခဲ့တဲ့ ခေါင်းလောင်းကြီးကို အာဏာစက်သုံးပြီး အတင်းအဓမ္မ ယူဆောင်သွားခဲ့တဲ့ မိစ္ဆာကောင် ဒီဘရစ်တို(ခေါ်) ငဇင်ကာဟာ ဘယ်လိုဇာတ်သိမ်းခဲ့သလဲ။ မြစ်သုံးခွဆိုင်မှာ သင်္ဘောမှောက်ပြီး ခေါင်းလောင်းတော်ကြီးလည်း ပျောက်ဆုံးသွားခဲ့ရတယ်။ ဒီဘရစ်တို(ခေါ်)ငဇင်ကာကိုယ်တိုင်လည်း အနောက်ဘက်လွန်မင်းတရားကြီးရဲ့ တံကျင်လျှိုကွပ်မျက်စေမှုပြစ်ဒဏ်ကို မချိမဆံ့ခံရပြီး အသေဆိုးနဲ့ သေခဲ့ရတယ်မဟုတ်လား။ နယ်ချဲ့မိစ္ဆာကောင် အင်္ဂလိပ်တွေ စဉ့်ကူးမင်းခေါင်းလောင်းတော်ကြီးကို ရွှေတိဂုံရင်ပြင်ပေါ်က အာဏာစက်နဲ့ အတင်းအဓမ္မ သယ်ချီယူဆောင်သွားကြတုန်းကလည်း ဒုက္ခရောက်ခဲ့ကြရတာပဲ။ ရန်ကုန်မြစ်ထဲ ခေါင်းလောင်းကြီး လိမ့်ကျနစ်မြုပ်သွားတော့ သူတို့ဘာမှမလုပ်တတ်တဲ့ စွန့်လွှတ်လိုက်ရတယ်။ မြန်မာတွေက ရိုးရာနည်းပညာကိုသုံးပြီး ပြန်ဆယ် ပြန်သယ်နိုင်ခဲ့ကြတော့ ရွှေတိဂုံရင်ပြင်တော်ရဲ့ မူလနေရာမှာ ပြန်လည်ထားရှိ ပူဇော်နိုင်ခဲ့ကြတယ်မဟုတ်လား။ ဒါတွေဟာ ယုံတမ်းပုံပြင်တွေမဟုတ်ဘဲ သမိုင်းမှာ ထင်ထင်ရှားရှားဖြစ်ပွားခဲ့ရှုးတဲ့ ထူးထူးခြားခြား မှတ်သားစရာ ဖြစ်ရပ်သာဓကတွေ ဆိုတာကို မမေ့ကြဖို့ လိုပါတယ်" ဟူသော မွက်ဆိုချက်တို့မှာ စာရေးသူအဖို့ တစ်သက်တာ မမေ့နိုင်စရာ။

**မနုသသကျော်ဒင်း**



www.burmeseclassic.com

www.burmeseclassic.com

## ဓါနပြုရာ သူတော်ကောင်းများ၏ အလှူမှု (၈) ပါး

၁။ သုစိ ဒေတိ - သန့်ရှင်းစင်ကြယ်သည်ကို ပေးလှူ၏။
၂။ ပဏီတံ ဒေတိ - မွန်မြတ်သောအရာကို ပေးလှူ၏။
၃။ ကာလေန ဒေတိ - လျောက်ပတ်သောအခါ၌ ပေးလှူ၏။
၄။ ကပ္ပိယံ ဒေတိ - အပ်စပ်သည်ကို ပေးလှူ၏။
၅။ ဝိစေယျ ဒေတိ - စိစစ်ပြီး ပေးလှူ၏။
၆။ အဘိဏှံ ဒေတိ - အမြဲမပြတ် ပေးလှူ၏။
၇။ ဒဒံ စိတ္တံ ပသာဒေတိ - ပေးလှူစဉ် စိတ်ကြည်လင်၏။
၈။ ဒတွာ အတ္တမနော ဟောတိ - ပေးလှူပြီးနောက် ဝမ်းမြောက်၏။

## ဒုစရိုက်(၈)ပါး၏ ငရဲစသည့် ဆိုးကျိုးများ

၁။ ပါဏာတိပါတ - သူတစ်ပါးတို့အသက်ကို သတ်ပါက ငရဲ တိရစ္ဆာန် ပြိတ္တာ ဖြစ်တတ်သည်။ လူဖြစ်က အသက်တိုတတ်သည်။
၂။ အဒိန္နာဒါန - ခိုးယူမှုပြုပါက ငရဲ တိရစ္ဆာန် ပြိတ္တာ ဖြစ်တတ်သည်။ လူဖြစ်က စည်းစိမ်ဥစ္စာ ပျက်စီးတတ်သည်။
၃။ ကာမေသုမိစ္ဆာစာရ - မေထုန်ကျူးလွန်မှု ငရဲ တိရစ္ဆာန် ပြိတ္တာ ဖြစ်တတ်သည်။ လူဖြစ်က ရန်များတတ်သည်။
၄။ မုသာဝါဒ - လိမ်ညာပြောဆိုပါက ငရဲ တိရစ္ဆာန် ပြိတ္တာ ဖြစ်တတ်သည်။ လူဖြစ်က မဟုတ်မမှန် စွပ်စွဲ ခံရတတ်သည်။
၅။ ပိသုဏာဝါစာ - ကုန်းတိုက်မှုပြုပါက ငရဲ တိရစ္ဆာန် ပြိတ္တာ ဖြစ်တတ်သည်။ လူဖြစ်က ချစ်သူများ မိတ်ဆွေများနှင့် ကွဲတတ်သည်။
၆။ ဖရုသဝါစာ - ရိုင်းပျစကား ပြောပါက ငရဲ တိရစ္ဆာန် ပြိတ္တာ ဖြစ်တတ်သည်။ လူဖြစ်က မနှစ်သက်ဖွယ် အသံရှိတတ်သည်။
၇။ သမ္ဖပ္ပလာပဝါစာ - ပြိန်ဖျင်းသောစကား ပြောကြားပါက ငရဲ တိရစ္ဆာန် ပြိတ္တာ ဖြစ်တတ်သည်။ လူဖြစ်က မိမိစကား သူတစ်ပါးတို့ နားမထောင် ဖြစ်တတ်သည်။
၈။ သုရာမေရယပါန - သေအရက် သောက်သုံးပါက ငရဲ တိရစ္ဆာန် ပြိတ္တာ ဖြစ်တတ်သည်။ လူဖြစ်က ရူးသွပ်တတ်သည်။

## ဒုဿီလရဟန်းအား လှူသည်ပင်ဖြစ်သော်လည်း အလှူကို စင်ကြယ်စေနိုင်ကြောင်း (၁၀) ပါး

၁။ သက်န်းကို ဝတ်ရုံထားခြင်း။
၂။ သူတော်ကောင်းရဟန်းများနှင့် တူညီစွာ ဦးပြည်းခေါင်းတုံးဖြစ်ခြင်း။
၃။ ရဟန်းအပေါင်းနှင့် အတူနေထိုင် သက်ဝင်နိုင်ခြင်း။
၄။ ရတနာသုံးပါး ဆည်းကပ်သေးခြင်း။
၅။ သူတော်ကောင်းများနေရာကျောင်း၌ နေထိုင်သေးခြင်း။
၆။ သာသနာတော်တည်တံ့မှုကို လိုလားသေးခြင်း။
၇။ တရားဟောနိုင်သေးခြင်း။
၈။ တရား၌ လဲလျောင်းသေးခြင်း။
၉။ ဘုရားရှင်သာအမြတ်ဆုံးဟု ခံယူသေးခြင်း။
၁၀။ တစ်လနှစ်ကြိမ် ဥပုသ်ပြုသေးခြင်း။

## ဓုတင် (၁၃)ပါး

၁။ ပံ့သကူ ဓုတင် - ပံ့သကူသင်္ကန်းဆောင်ခြင်း။
၂။ တေစီဝရိက ဓုတင် - သင်္ကန်းသုံးထည်သာ ဆောင်ခြင်း။
၃။ ပိဏ္ဍပါတိက ဓုတင် - ဆွမ်းခံ၍သာစားခြင်း။
၄။ သပဒါနစာရိက ဓုတင် - အိမ်စဉ်ဆွမ်းခံခြင်း။
၅။ ဧကာသနိက ဓုတင် - တစ်ထိုင်တည်းသာ စားခြင်း။
၆။ ပတ္တပိဏ္ဍိကဓုတင် - သပိတ်ဆွမ်းစားခြင်း။



www.burmeseclassic.com

www.burmeseclassic.com

၇။ ခလုပစ္ဆာဘတ္တိက ဓုတင် - နောက်ထွေးကို မစားခြင်း။
၈။ အာရညိက ဓုတင် - တောရဆောက်တည်ခြင်း။
၉။ ရုက္ခမူလိက ဓုတင် - သစ်ပင်ရင်းမှာသာနေခြင်း။
၁၀။ အဗ္ဘောကာသိက ဓုတင် - လွင်ပြင်မှာသာနေခြင်း။
၁၁။ သောသာနိက ဓုတင် - သုသာန်မှာနေခြင်း။
၁၂။ ယထာသန္ထတိက ဓုတင် - ရသမျှသော အခင်းကို သုံးခြင်း။
၁၃။ နေသဇ္ဇိက ဓုတင် - ထိုင်၍သာနေ ကျင့်ခြင်း။

## ဓုတင်ဆောက်တည်ရခြင်း၏ အကျိုးတရား (၂၈) ပါး

၁။ အသက်မွေးမှု စင်ကြယ်ခြင်း။
၂။ ချမ်းသာသော အကျိုးရှိခြင်း။
၃။ အပြစ်မရှိခြင်း။
၄။ သူတစ်ပါးတို့အား ဆင်းရဲဒုက္ခ မရောက်စေခြင်း။
၅။ ဘေးရန်မရှိခြင်း။
၆။ မနှိပ်စက်၊ မညှဉ်းပန်းရခြင်း။
၇။ စင်စစ် ကုသိုလ်တိုးခြင်း။
၈။ မဆုတ်ယုတ်နိုင်ခြင်း။
၉။ မာယာမရှိခြင်း။
၁၀။ ကုသိုလ်ကို စောင့်ရှောက်ခြင်း။
၁၁။ တောင့်တလိုချင်သည်ကို ပေးနိုင်ခြင်း။
၁၂။ သတ္တဝါတို့အား ဆုံးမနိုင်ခြင်း။
၁၃။ စောင့်စည်းမှု ကြီးပွားတိုးတက်ခြင်း။
၁၄။ သူတော်ကောင်းများနှင့် လျော်ညီခြင်း။
၁၅။ သူတစ်ပါးတို့အား မမှီခိုရခြင်း။
၁၆။ လာဘ်မက်မောမှုကင်းခြင်း။
၁၇။ ရာဂကုန်ခန်းလွယ်ခြင်း။
၁၈။ ဒေါသကုန်ခန်းလွယ်ခြင်း။
၁၉။ မောဟကုန်ခန်းလွယ်ခြင်း။
၂၀။ မာန်မနကို ပယ်နိုင်ခြင်း။
၂၁။ အကြံအစည်ဆိုးများကို ပယ်သတ်နိုင်ခြင်း။
၂၂။ ယုံမှားမှုကို လွန်မြောက်နိုင်ခြင်း။
၂၃။ ပျင်းရိမှုကို ဖျက်ဆီးနိုင်ခြင်း။
၂၄။ မမွေ့လျော်မှုကို ပယ်နိုင်ခြင်း။
၂၅။ အရာရာ၌ သည်းခံနိုင်ခြင်း။
၂၆။ အတုမရှိခြင်း။
၂၇။ ယှဉ်ပြိုင်ဘက်ကင်းခြင်း။
၂၈။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်း။

## နန်းစတော်သို့ ဝင်ရောက်လည်ပတ်သော ရဟန်းတော်၏ အပြစ် (၁၀) မျိုး

၁။ အချင်းချင်းမြင်တွေ့ကြ၍ ရဟန်းနှင့်မိဖုရား ပြုံးကြရာမှ ဘုရင်က အထင်လွဲတတ်ခြင်း။
၂။ မိဖုရားငယ်တစ်ယောက် ကိုယ်ဝန်ရပါက ဘုရင်က သူသွားလာခဲ့သည်ကို မမှတ်မိတော့ဘဲ ရဟန်းကို စွပ်စွဲနိုင်ခြင်း။
၃။ နန်းတွင်းရတနာတစ်ခုခုပျောက်ပါက ရဟန်းအား စွပ်စွဲနိုင်ခြင်း။
၄။ နန်းတွင်းထိပ်တန်းလျှို့ဝှက်ချက်များ ပေါက်ကြားပါက ရဟန်းကြောင့်ဟု ထင်မြင်နိုင်ခြင်း။
၅။ ဘုရင်နှင့်သားများ (စသည်) လုပ်ကြံမှုဖြစ်ပါက ရဟန်းပါဝင်သည်ဟု စွပ်စွဲခံရနိုင်ခြင်း။
၆။ မှူးမတ်များကို ရာထူးတိုးမှုပြုပါက ရဟန်းပါဝင်သည်ဟု စွပ်စွဲခံရနိုင်ခြင်း။
၇။ မှူးမတ်များကို ရာထူးချမှုပြုပါက ရဟန်းပါဝင်သည်ဟု စွပ်စွဲခံရနိုင်ခြင်း။
၈။ ဘုရင်ဖြစ်သူ ရတ်တရက် စစ်ဆင်မှုပြုပါက ရဟန်းပါဝင်သည်ဟု စွပ်စွဲခံရနိုင်ခြင်း။
၉။ ဘုရင်ဖြစ်သူက စစ်တပ်ကိုလွှတ်ပြီးမှ ပြန်လည်ရုပ်သိမ်းလျှင် ရဟန်းပါဝင်သည်ဟု စွပ်စွဲခံရနိုင်ခြင်း။
၁၀။ ရဟန်းတော်များနှင့် မအပ်စပ်သောအာရုံများ နန်းတွင်းမှာ အပြည့်အဝရှိနေခြင်း။



www.burmeseclassic.com

www.burmeseclassic.com

## ကမ္ဘာ (၆)မျိုး

၁။ သာရကမ္ဘာ - ဘုရားတစ်ဆူသာ ပွင့်ထွန်းသောကမ္ဘာ
၂။ မဏ္ဍကမ္ဘာ - ဘုရားနှစ်ဆူ ပွင့်ထွန်းသောကမ္ဘာ
၃။ ဝရကမ္ဘာ - ဘုရားသုံးဆူ ပွင့်ထွန်းသောကမ္ဘာ
၄။ သာရမဏ္ဍကမ္ဘာ - ဘုရားလေးဆူ ပွင့်ထွန်းသောကမ္ဘာ
၅။ ဘဒ္ဒကမ္ဘာ - ဘုရားငါးဆူ ပွင့်ထွန်းသောကမ္ဘာ
၆။ သုညကမ္ဘာ - ဘုရားလုံးဝ မပွင့်ထွန်းသောကမ္ဘာ

## ကလျာဏမိတ္တ
## (မိတ်ဆွေကောင်း၏လက္ခဏာ ခုနစ်ပါး)

၁။ ပိယ - ချစ်နှစ်သက်ဖွယ်ဖြစ်ခြင်း။
၂။ ဂရု - လေးစားဖွယ်ခြင်း။
၃။ ဘာဝနီယ - စိတ်နှလုံးကို ပွားစေခြင်း။
၄။ ဝတ္တာ - ဆိုဆုံးမတတ်ခြင်း။
၅။ ဝစနက္ခမ - စကားများကို သည်းခံနိုင်ခြင်း။
၆။ ဂမ္ဘီရဉ္စကထံ ကတ္တာ - လေးနက်သောစကား ပြောကြားတတ်ခြင်း။
၇။ နော စဋ္ဌာနေ နိယောဇယေ - မသင့်ရာကို မတိုက်တွန်း၊ မညွှန်းဆိုတတ်ခြင်း။

## ကာမဂုဏ်တရားတို့၏ ဥပမာ (၁၀)ချက်

၁။ အဋ္ဌိကင်္ကလူပမာ ကာမာ - ကာမဂုဏ်တရားတို့သည် အရိုးစုနှင့် ဥပမာတူ၏။
၂။ မံသပေသူပမာ ကာမာ - ကာမဂုဏ်တရားတို့သည် သားတစ်နှင့် ဥပမာတူ၏။
၃။ တိဏုက္ကူပမာ ကာမာ - ကာမဂုဏ်တရားတို့သည် မြက်မီးတုတ်နှင့် ဥပမာတူ၏။
၄။ အင်္ဂါရကာသူပမာ ကာမာ - ကာမဂုဏ်တရားတို့သည် ရှားမီးသွေးရဲရဲနှင့် ဥပမာတူ၏။
၅။ သုပိနကူပမာ ကာမာ - ကာမဂုဏ်တရားတို့သည် အိပ်မက်နှင့် ဥပမာတူ၏။
၆။ ယာစိတကူပမာ ကာမာ - ကာမဂုဏ်တရားတို့သည် ငှားထားသောပစ္စည်းနှင့် ဥပမာတူ၏။
၇။ ရုက္ခဖလူပမာ ကာမာ - ကာမဂုဏ်တရားတို့သည် အသီးပြည့်သော သစ်ပင်နှင့် ဥပမာတူ၏။
၈။ အသိသူနူပမာ ကာမာ - ကာမဂုဏ်တရားတို့သည် သားသတ်ရုံနှင့် ဥပမာတူ၏။
၉။ သတ္တိသူလူပမာ ကာမာ - ကာမဂုဏ်တရားတို့သည် ဓား၊ သန်လျက်နှင့် ဥပမာတူ၏။
၁၀။ သပ္ပ သိရူပမာ ကာမာ - ကာမဂုဏ်တရားတို့သည် မြွေဦးခေါင်းနှင့် ဥပမာတူ၏။

## ကာယဂတာသတိ (၇)ပါး

ကာယဂတာသတိ = ကိုယ်ခန္ဓာကိုအခြေခံ၍တရားရှုမှတ်ခြင်း

၁။ ရှေ့တက်၊ နောက်ဆုတ်ရာ၌ ရှုမှတ်ခြင်း။
၂။ တည့်တည့်ကြည့်၊ တစောင်းကြည့်ရာ၌ ရှုမှတ်ခြင်း။
၃။ ကွေးရာ၊ ဆန့်ရာ၌ ရှုမှတ်ခြင်း။
၄။ သင်္ကန်းသပိတ်ကို ဆောင်ရာ၌ ရှုမှတ်ခြင်း။
၅။ စားသောက်ရာ၌ ရှုမှတ်ခြင်း။
၆။ ကျင်ကြီးကျင်ငယ်စွန့်ရာ၌ ရှုမှတ်ခြင်း။
၇။ သွား၊ ရပ်၊ ထိုင်၊ အိပ်၊ နိုး၊ ပြော၊ ဆိတ်ဆိတ်နေရာတို့၌ ရှုမှတ်ခြင်း။

## ကာယဂတာသတိကို ကောင်းစွာပွားများအားထုတ်ခြင်း၏ အကျိုး (၁၀)ပါး

၁။ မမွေ့လျော်ခြင်းကို သည်းခံနိုင်၏။
၂။ ကြောက်ထိတ်လန့်ခြင်းကို သည်းခံနိုင်၏။
၃။ အချမ်း၊ အပူ၊ ဆာလောင်ခြင်း၊ မှက်ခြင် ပြင်းထန်သော ဝေဒနာ စသည်များကို သည်းခံနိုင်၏။
၄။ ဈာန်လေးပါးကို ရနိုင်၏။
၅။ တန်ခိုးဣဒ္ဓိပါဒ်ကို ရနိုင်၏။
၆။ နတ်နား ဒိဗ္ဗသောတကို ရနိုင်၏။
၇။ သူတစ်ပါးတို့၏ စိတ်အကြံကို သိနိုင်၏။



www.burmeseclassic.com

www.burmeseclassic.com

၈။ ရှေးဘဝများကို သတိရ အောက်မေ့နိုင်၏။
၉။ နတ်မျက်စိ ဒိဗ္ဗစက္ခုကို ရနိုင်၏။
၁၀။ အာသဝေါကုန်ခန်း ရဟန္တာဖြစ်နိုင်၏။

## ကာလဒါန (၅)မျိုး

၁။ အာဂန္တုက ဒါန - ဧည့်သည်တို့အားအလှူ။
၂။ ဂမိက ဒါန - ခရီးသွားတို့အားအလှူ။
၃။ ဂိလာန ဒါန - လူနာတို့အားအလှူ။
၄။ ဒုဗ္ဘိက္ခ ဒါန - ငတ်မွတ်ခေါင်းပါးချိန်အလှူ။
၅။ နဝသဿ နဝဖလ ဒါန - ကောက်ဦး၊ သစ်သီးဦး အလှူ။

## ကိလေသာ (၁၀)ပါး

၁။ လောဘ
၂။ ဒေါသ
၃။ မောဟ
၄။ မာန
၅။ ဒိဋ္ဌိ
၆။ ဝိစိကိစ္ဆာ
၇။ ထိန
၈။ ဥဒ္ဓစ္စ
၉။ အဟိရိက
၁၀။ အနောတ္တပ္ပ

## ကိလေသာခေါင်းပါးကြောင်းတရား (၄၄)ပါး

၁။ မညှဉ်းဆဲခြင်း။
၂။ မသတ်ဖြတ်ခြင်း။
၃။ မခိုးယူခြင်း။
၄။ မေထုန်မကျင့်ခြင်း။
၅။ မုသားမပြောခြင်း။
၆။ ကုန်းမတိုက်ခြင်း။
၇။ ကြမ်းတမ်းရိုင်းပျစကား မပြောခြင်း။
၈။ ပြိန်ဖျင်းစကား မပြောခြင်း။
၉။ သူတစ်ပါးပစ္စည်းရရှိရန် ရှေးရှုမကြံစည်ခြင်း။
၁၀။ ဖျက်ဆီးလိုစိတ်မရှိခြင်း။
၁၁။ မယူမှန်ခြင်း။
၁၂။ အကြံအစည်မှန်ခြင်း။
၁၃။ အပြောမှန်ခြင်း။
၁၄။ အပြုမှန်ခြင်း။
၁၅။ အသက်မွေးမှုမှန်ခြင်း။
၁၆။ အားထုတ်မှုမှန်ခြင်း။
၁၇။ အောက်မေ့မှု သတိမှန်ခြင်း။
၁၈။ တည်ကြည်မှုမှန်ခြင်း။
၁၉။ ဉာဏ်အမြင်မှန်ခြင်း။
၂၀။ လွတ်မြောက်မှုမှန်ခြင်း။
၂၁။ လေးလံထိုင်းမှိုင်းမှု ကင်းမှန်ခြင်း။
၂၂။ စိတ်မပျံ့လွင့်ခြင်း။
၂၃။ ယုံမှားသံသယကင်းခြင်း။
၂၄။ အမျက်မထွက်ခြင်း။
၂၅။ ရန်ငြိုးမဖွဲ့ခြင်း။
၂၆။ ကျေးဇူးမကန်းခြင်း။
၂၇။ ဂုဏ်မပြိုင်ခြင်း။
၂၈။ မငြူစူခြင်း။
၂၉။ ဝန်မတိုခြင်း။
၃၀။ မစဉ်းလဲခြင်း။
၃၁။ မလှည့်ပတ်ခြင်း။
၃၂။ မခက်ထန်ခြင်း။
၃၃။ မမောက်မာခြင်း။
၃၄။ ပြောဆိုဆုံးမ ခံယူလွယ်ခြင်း။
၃၅။ မိတ်ဆွေကောင်းရှိခြင်း။
၃၆။ သတိမမေ့ခြင်း။
၃၇။ သဒ္ဓါတရားရှိခြင်း။
၃၈။ မကောင်းမှုရှက်ခြင်း။
၃၉။ မကောင်းမှုမှ ကြောက်ခြင်း။
၄၀။ အကြားအမြင်များခြင်း။
၄၁။ မပျင်းရိခြင်း။
၄၂။ သတိများခြင်း။
၄၃။ ပညာပြည့်စုံခြင်း။
၄၄။ အယူအစွဲအလမ်းမကြီးခြင်း။



www.burmeseclassic.com

www.burmeseclassic.com

# ဗားမဲ့ကုန်းအောင်မြေမှ ရေစက်ချအလှူတော်မင်္ဂလာ နှင့် ၁၈ ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲ

ဂမ္ဘီရဆရာလှမျိုး(B.Sc)

လွန်ခဲ့သော တစ်လခန့်က ကျွန်ုပ်ရေးသူသည် ရန်ကုန်မြို့ ဗဟန်း ကြားတာရာဘက်ရှိ ကွမ်းမန်းဆရာတော်ဘုရားကြီးထံသို့ ရောက်ရှိခဲ့ပါသည်။ ဆရာတော်မှ "နိုဝင်ဘာ ၂၅ ရက်နေ့မှာ မှန်နှင့်ရောကန် ရေစက်ချပွဲရှိတယ်။ ၂၄ ရက်နေ့ညနေ ဗားမဲ့ကုန်းကြွမယ်။ ည နေ ၄ နာရီ အရောက်လာခဲ့ပါ" ဟု မိန့်ဆိုပါသည်။ စာရေးသူလည်း ဗုဒ္ဓဂယာမှ ၂၀ ရက်နေ့ ပြန်ရောက်မှာဖြစ်သည့်အတွက် "လာခဲ့ပါမယ်ဘုရား" ဟု ကတိပြုကာ လျှောက်ထားခဲ့ပါသည်။

(၂၄-၁၁-၂၀၁၅) အင်္ဂါနေ့တွင် စာရေးသူနှင့် ဆရာဦးလှစံတို့သည် မွန်းလွဲ (၃)နာရီအရောက် ကွမ်းမန်းဆရာတော်ကျောင်းသို့ အရောက်သွားခဲ့ကြပါသည်။ ဗားမဲ့ကုန်းသို့လိုက်မည့် ကျောင်းသားများ၊ အလှူရှင်များလည်း ရောက်ရှိ



တန်ဆောင်မုန်းလပြည့်နေ့ည ဆီမီး ၉၀၀၀ ပူဇော်နေပုံ

www.burmeseclassic.com

လာကြပါသည်။ ညနေ (၅)နာရီတွင် ဗဟန်းမှ အဲယားကွန်းမှန်လုံကားကြီးဖြင့် စတင်ထွက်ခွာကြသည်။ ရွှေခြသေ့် အဝေးပြေးကားကြီးကို အသွားအပြန်ငှား ပေးသော ကားအလှူရှင်မှာ ဆရာဦးရဲ ဝေ(မြန်မာစာ)နှင့် ဓမ္မမိတ်ဆွေများဖြစ် ကြပါသည်။ ဗဟန်းအဖွဲ့တွေလည်း ကား သေးတစ်စီးဖြင့် လိုက်ပါကြသည်။ ဆရာ တော်ကား ရှေ့မှသွားပြီးသောအခါ စာ ရေးသူတို့ကားတွေ နောက်မှလိုက်ကြရ သည်။ ထုံးစံအတိုင်း အမှတ်(၃)လမ်းဆုံ အထိ ကားပိတ်နေ၍ နှစ်နာရီနီးပါး



ကွမ်းမန်းဆရာတော်ကြီး၊ မယ်ဇလီရှုသုပ်တွင် ဓမ္မဓာတ်ထည့်ပေးနေပုံ



မောင်းကြရသည်။

ကားဆရာကလည်း တစ်လမ်း လုံး မရပ်မနားမောင်းသည်။ ဘဲလေး စားသောက်ဆိုင်ရောက်မှပဲ ကားရပ်နား ပါတော့သည်။ ခရီးသည်တွေလည်း ကားပေါ်မှဆင်းသည်နှင့် ကျန်းမာရေး ပြေးကြရသည်။ ဘဲလေးမှာ ညနေစာ စားကြသည်။ စားသောက်ပြီး ဆက် မောင်းသွားတာ ညသန်းခေါင်မှာ ငင်းကျိုက်တောင်ခြေသို့ ရောက်သည်။ တောင်ခြေရောက်တော့ တောင်ပေါ် တောင်တက်ကား အဆင်သင့်လာကြို နေသည်။ တောင်ပေါ်ရောက်တော့ အိပ် ရန်နေရာယူကြသည်။ နံနက်မိုးလင်း တော့ အဆင်ပြေသလို သက်သတ် လွတ်စားရသည်။ နံနက်စာ စားပြီးသော အခါ ဗားမဲ့ကုန်းတော်ပေါ်မှ "မဟာ အတုလမာရ်အောင် "မာရဝိဇယစေတီ" ကို ဦးစွာပထမ ဖူးမြော်ကြသည်။ ငင်းကျိုက်ဆံတော်ရှင်ကို ဗားမဲ့ကုန်း တော်မှ လှမ်းဖူးကြသည်။ နံနက်ပိုင်း တွင် အချိန်အားနေ၍ MRTV-4 အဖွဲ့



www.burmeseclassic.com

www.burmeseclassic.com

နှင့် ဆရာဦးရဲဝေ(မြန်မာစာ) ဆရာတော်သန်းထိုက်တို့အဖွဲ့တွေ ဇင်းကျိုက်တောင်ပေါ် တက်ကြသည်။ စာရေးသူတို့လည်း ကျောင်းပေါက်ဝမှ မှန်ဦးနှင့်ရေကန်၊ ဓော်ရိုဗီးကွက်ရုပ်တုကြီးသည်တို့ကို ဓာတ်ပုံလိုက်ရိုက်ကြသည်။ ထို့နောက် ကွမ်းမန်းဆရာတော်ကျောင်းသွားကာ ကထိန်သင်္ကန်းနှင့် မဟာဓေဒိမြတ်စွာဘုရားပုံ ကပ်လှူသည်။

မှန်ဦးဝတွင် ၁၃၇၇ ခု ဇင်းကျိုက်တောင် ၂၀၁၅ ဗားမဲ့ကုန်း အောင်မြေတောရကျောင်းတိုက်ဟု ရေးထားသည်။ တစ်ဖက်တစ်ချက်တွင် ကြေးစည်နှင့်ဓော်ရိုပုံပြုလုပ်ထားသည်။ ဇင်းကျိုက်၊ ကြေးစည်၊ ဓော်ရို ကက်ကင်းဓာတ်မီ နေပါသည်။ အတွင်းဘက်မှကြည့်သောအခါ ကွမ်းရွက်ပုံနှင့် ဗီးကွက်ပုံပြုလုပ်ထားသည်။ ကွမ်းရွက်ပုံကတော့ ကွမ်းမန်းဆရာတော်ဘုရားကြီး၏ Logo (အမှတ်သင်္ကေတ)ဖြစ်ပါသည်။ ဗီးကွက်သည် ဇင်းကျိုက်နှင့် ဓာတ်တူနံတူဖြစ်သည်။ အလယ်တွင် အလှူရှင်အမည်ကမ္ပည်းရေးထိုးသည်။ မှန်ဦးနှင့် ရေကန်အလှူရှင်မှာ ကွမ်းမန်းဆရာတော်ဘုရားကြီးအား အမှူးထား၍ အလှူ့ဒါယကာဦးဆန်းညွှန့်+အလှူ့ဒါယိကာမ ဒေါ်တင်နု သားကိုကျော်ကျော်ဌေး သမီးမသိန်းသိန်းနု ကိုသန့်ဇော်မင်း+မသင်းသင်းမြို့မြေး မငင်ဇင်စည်းစိမ်၊ မမေဓိစည်းစိမ် မိသားစုတို့ ဖြစ်ကြပါသည်။

အုတ်ရေလှောင်ကန်ကြီး နှစ်ကန်မှာ အောင်သစ္စာ၊ မေတ္တာရေကန်တို့ဖြစ်ပါသည်။ တစ်ကန်မှာ ရေဂါလံ ငါးသောင်းဆန့်ပြီး တစ်ကန်မှာ ရေဂါလံ တစ်သိန်းဆန့်သည်ဟု သိရပါသည်။ ဗားမဲ့ကုန်း အောင်မြေတောရကျောင်းတိုက်တွင် နှစ်စဉ်နှစ်တိုင်း တန်ခူးလ သင်္ကြန် ကာလရုံးပိတ်ရက်တွင် တရားစခန်းဖွင့်လှစ်ပါသည်။ တရားစခန်းဝင်ယောဂီများ တစ်နှစ်ထက်တစ်နှစ် ပိုများလာသည်။ တောရကျောင်းတွေလည်း တိုးတက်လာသည်။ စခန်းဝင်ယောဂီများနေထိုင်စားသောက်ရေး အဆင်ပြေစေရန် ဆရာတော်မှာ ကြိုးစားဆောင်ရွက် ထားပါသည်။ သို့သော် လူများလာသောအခါ သုံးရေအခက်အခဲရှိလာသည်။ ထိုအခက်အခဲပြေလည်စေရန် မိုးတွင်းကာလမှစ၍ ရေလှောင်ထားရန် ရေကန်ကြီးများ လိုအပ်လာသည်။ ထို့ကြောင့် ဆရာတော်၏ တပည့်ရင်းများဖြစ်သော ကိုကျော်ကျော်ဌေး မသိန်းသိန်းနု မောင်နှမမိသားစုများမှ အုတ်ရေလှောင်ကန် တည်ဆောက်လှူဒါန်းပေးခြင်း ဖြစ်ပါသည်။

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ ၂၅-၁၁-၂၀၁၅ ဗုဒ္ဓဟူးနေ့ည ၇း၀၀ နာရီအချိန်တွင် ဗားမဲ့



ကွမ်းမန်းဆရာတော်နှင့် ကျောင်းသားများ



www.burmeseclassic.com

www.burmeseclassic.com



ကွမ်းမန်းဆရာတော် သိက္ခာထပ်သိမ်ဆွမ်းတော်းအေနပုံ

ကုန်းအောင်မြေတောရ ကျောင်းတိုက်မွေ့သုခ မွှာရုံတွင် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနား ကျင်းပကြသည်။ ရေစက်ချအနုမောဒနာတရားကို ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကြားတောရလမ်း ရွှေကျင်တိုက်မှ ဆရာတော်ဦးသုမင်္ဂလမှ ဟောကြားပေးပါသည်။ ည ၇ နာရီခွဲတွင် ရေစက်ချအနုမောဒနာတရား ဟောကြားပွဲ ပြီးဆုံးသည်။ ဧည့်ပရိသတ်များကို ဆွမ်းစားကျောင်းတွင် ထမနဲနှင့် လက်ဖက်ရည် တိုက်ကျွေးဧည့်ခံသည်။ ညဘက်တွင် ဖားမဲ့ကုန်းရှိ မဟာအတုလယာန်အောင် မာရဝိဇယစေတီ ရင်ပြင်တွင် ပုတီးစိပ်သူ၊ တရားထိုင်သူ၊ ပရိတ်ပဌာန်းရွတ်ဆိုသူတို့နှင့် တင့်တယ်လျက်ရှိပါသည်။ တောင်ပေါ်မှာ လေတဟူးဟူးတိုက်နေ၍ အေးချမ်းလျက်ရှိသည်။ အချို့လည်း အောင်စေတီဘုရား ဂန္ဓကုဋီတိုက်ရှိ ဖားမဲ့ဆရာတော်နှင့် အဘိုးကလေးဝဆရာတော်ရှေ့မှာ ပုတီးစိပ်ကြသည်။ အောင်မြေမှာထိုင်ပြီး စာရေးသူလည်း ပုတီးစိပ်မေတ္တာပို့သည်။ ဝင်းကျိုက်မြို့မှ လှူငယ်လှူရှယ် ယောက်ျားလေး၊ မိန်းကလေးများ အုပ်စုလိုက် ဝင်းကျိုက်တောင်ပေါ် တက်နေကြသော အသံများ ကြားနေရသည်။ နှစ်စဉ်နှစ်တိုင်း အဖိတ်နေ့မှာ တက်နေကျဟုဆို၏။ တက်သူတက်၊ ဆင်းသူဆင်းနှင့် စည်ကားလျက်ရှိပါသည်။ သူတို့အချင်းချင်း မွန်ဘာသာစကားဖြင့် ပြောဆိုနေသံတွေလည်း ကြားပါသည်။ အချို့လည်း ဖားမဲ့ကုန်းမှာ အုပ်စုဖွဲ့လာထိုင်နေကြသည်။

နောက်တစ်နေ့ မိုးလင်းသောအခါ ဆွမ်းစားကျောင်းတွင် ဆရာတော်ကြီးနှင့် သံဃာတော်များကို အရုဏ်ဆွမ်းကပ်လှူကြသည်။ ဆွမ်းစားကျောင်းဆရာတော် ဦးပညာမှာ ရဟန်းရှင်လှူအားလုံးအား ဧည့်ဝတ်ကျေပွန်စွာ ဆက်ဆံသော အရည်အချင်းရှိသည်။ ဝါတွင်းကာလတွင် ဖားမဲ့ကုန်းမှာ သံဃာတော်

သုံးလေးပါးသာ ဝါဆိုကြသည်။ အချို

မရွေး သက်လွတ်နယ်မြေဖြစ်သည်။

သံဃာတော်တွေ ဆွမ်းကပ်ပြ

သောအခါ ဧည့်ပရိသတ်များကို နံနက်

စာကျွေးမွေးသည်။ ကွမ်းမန်းဆရာတေ

ကြီးမှာ ဆွမ်းဘုဉ်းပေးပြီးတိုင်း ဇိ

တေတ်နန်းသို့ ကြွတော်မူပြီး မောင်း

လေ့ရှိသည်။ ယနေ့နံနက် ၉ နာရီ

ဆရာတော်ကို ကံထပ်မည်ဟု

သည်။ နံနက် ၉ နာရီမထိုးခင် လော

အတက်အဆင်းမှာ သိမ်ဆင်းလော

မည့်သူများ တန်းစီစောင့်နေကြသ

နံနက် ၉ နာရီတွင် ဗုဒ္ဓစက်တော်

တန်ဆောင်းအပေါ်ရှိ ပြာသာဒ်သိမ်တွ

ဆရာတော်ကို သိက္ခာထပ်မင်္ဂလာ

ကျင်းပသည်။ သိက္ခာထပ်(ကံထပ်)

သောအခါ သိမ်ဆင်းလောင်းလှူ

သည်။ သံဃာကိုးပါး ကြွတော်မူသ

နံနက် ၁၀ နာရီ ၃၀ မိနစ်တွင် ဆ



www.burmeseclassic.com

www.burmeseclassic.com

တော်၊ သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်ကြသည်။ ရပ်ဝေးမှ ဧည့်သည်များလည်း ထပ်ရောက်လာကြသည်။ ဇင်းကျိုက်မြို့ ဇရက်ချောင် အ-မ-က မှ ဆရာမများနှင့် တပည့်များ ရပေါင်းမဟာဘုံကထိန်လည်း ပင့်ဆောင်လာကြသည်။ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ပြီးသောအခါ အလှူရှင်များနှင့် ဧည့်ပရိသတ်များကို နေ့လယ်စာကျွေးမွေးကြပါသည်။ ရန်ကုန်မှ လိုက်ပါလာကြသော ကျောင်းသားလေးများသည်လည်း ပုဂံဆေး၊ ဝေယျာဝစ္စ ဝိုင်းဝန်းကူညီ လုပ်ဆောင်ပေးကြသည်။

နေ့လယ်စာ ထမင်းကျွေးပြီးသောအခါ အချိုပွဲနှင့် ရေခဲမုန့်၊ ဖာလူဒါပါ တိုက်ကျွေးကြပါသည်။ တန်ခူးလတာရာခန်းတွင်လည်း ရေခဲမုန့်အလှူရှင်တွေ ဒါနပြုကြသည်။ ယခုအခါ ဗားမဲ့ကုန်းမှန်ဦးဝအထိ ကားတက်ရောက်နိုင်ပြီဖြစ်၍ အလှူရှင်များ သွားလာရေးလွယ်ကူကြသည်။ သက်သတ်လွတ်အစားအစာမျိုးစုံ ဒါနပြုကြသည်။ ထမင်းစားပြီး တစ်နာရီလောက် အနားယူကြသည်။ နေ့လယ် ၂ နာရီမှာ ကထိန်အလှူတော်မင်္ဂလာ အခမ်းအနားပြုလုပ်မည်ဟု ဆရာတော်က ကြိုတင်မိန့်ကြားထားသည်။ မွန်းလွဲ ၁ နာရီအချိန်မှာပင် ဓမ္မသုခဓမ္မာရုံမှ "တရားနာကြွရောက်ကြပါ"ဟူသော ဓမ္မတေးသီချင်းသံ ကြားနေရသည်။ ၁ နာရီခွဲတွင် စာရေးသူတို့လည်း ကင်မရာယူပြီး ဓမ္မသုခဓမ္မာရုံသို့ သွားရောက်ကြသည်။

တရားနာပရိသတ်များ တဖွဲဖွဲ ရောက်လာကြသည်။ ၂ နာရီခန့်မှာ ကွမ်းမန်းဆရာတော်ဘုရားကြီးနှင့် ပင့်သံဃာများ ကြွရောက်လာကြသည်။ ကထိန်အနုမောဒနာတရားကို ရွှေကျင်ကျောင်းတိုက်မှ ဦးသုမင်္ဂလမှ ဟောကြားပေးသည်။ ဦးစွာပထမ ငါးပါးသီလခံယူပြီးသောအခါ ကထိန်မတည်အလှူရှင်များဖြစ်ကြသော ကွယ်လွန်သူ အဘိုး၊ အဘွား၊ အမိ၊ အဖနှင့် အဒေါ်များအား ရည်စူး၍ ဦးညွန့်ဦး၊ ညီမ ဒေါ်သီတာကျော်၊ ညီ ဦးမင်းဆွေ၊ သမီးမြင့်မိုရ်သင်း မိသားစုတို့မှ ကွမ်းမန်းဆရာတော်ကြီးအား ဦးထိပ်ထား၍ ကထိန်လျာမြတ်သင်္ကန်းကို ကပ်လှူကြပါသည်။ ပရိက္ခရာရှစ်ပါးစုံ ဆွဲခြင်းတွေလည်း လှူကြသည်။ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထု လှူဒါန်းလိုကြသော ဧည့်ပရိသတ်များထံမှ အလှူရှင်များလည်း တန်းစီပြီး ဆရာတော်ကြီးကို သင်္ကန်းကပ်လှူကြသည်။ လှူဒါန်းခြင်းကိစ္စအဝဝပြီးသွားသောအခါ ဆရာတော် ဦးသုမင်္ဂလမှ ရေစက်ချ အနုမောဒနာတရား ဆက်ဟောပါသည်။ အခမ်းအနားမှူးအဖြစ် ဆရာဦးရဲဝေ(မြန်မာစာ)မှ ပြုလုပ်သည်။ အလှူရှင်များ ရေစက်ချပြီးသောအခါ ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးပါသည်။ တရားဟော သံဃာတော်နှင့် ပင့်သံဃာများကြွပြီးသောအခါ ကွမ်းမန်းဆရာတော်ဘုရားကြီးမှ ခုနစ်နေ့သားသမီး တပည့်တကာ၊ တကာမများအား ငါးသယ်ကျပ်တန်နှင့် တစ်ရာကျပ်တန် ငွေစက္ကူများ ဝေငှကြဲချပေးပါသည်၊ ငွေစက္ကူများကြဲချပြီးသောအခါ ပဒေသာပင်အသီးသီးနှင့် မဟာဘုံကထိန် အလှူရှင်များ အဖွဲ့လိုက် ကွမ်းမန်းဆရာတော်နှင့် ဓာတ်ပုံရိုက်ကြပါသည်။ ဆရာတော်ကြီးမှလည်း တပည့်ဒါယကာ ဒါယိကာများအတွက် မေတ္တာစေတနာ ရှေ့ထားကာ ကျန်းမာရေးကို မငဲ့ကွက်ဘဲ အပူဇော်ခံ ခွင့်ပြုပေးခဲ့ပါသည်။

တန်ဆောင်မုန်း လပြည့်နေ့ညတွင် ဗားမဲ့ကုန်း သာသနာ့အောင်မြေတွင် ဆီမီး ၉၀၀၀ ပူဇော်ပွဲ ကျင်းပပါသည်။ စာရေးသူတို့လည်း ဇင်းကျိုက်ဆံတော်ရှင်သို့ ကားဖြင့်တက်ရောက်ကာ ဆီမီးနှင့်နံ့သာတိုင် ထွန်းညှိပူဇော်ကာ သိလ်ယူခဲ့ပါသည်။ ည ၁၂ နာရီအချိန်တွင် ဆေးပေါင်းခသော အချိန်ကာလဖြစ်၍ မယ်ဇလီဖူးသုပ်ကျွေးပါသည်။ မယ်ဇလီဖူးသုပ်ဇလုံကြီးရှိရာသို့ ဆရာတော်ကိုယ်တိုင် ကြွရောက်ပြီး မမောတ်များထည့်သွင်းပေးပါသည်။ ဧည့်ပရိသတ် နှစ်ရာကျော်၊ သုံးရာနီးပါး လုံလောက်စွာ စားကြရပါသည်။

လပြည့်ကျော် ၁ ရက်နေ့တွင် ဧည့်ပရိသတ်များ ဗားမဲ့ကုန်းမှ အသီးသီး ပြန်ဆင်းကြသည်။ ထိုနေ့ညနေ ၅ နာရီတွင် တောင်ခြေမှ ရန်ကုန်သို့ အလာတုန်းက အဲယားကွန်းကားကြီးဖြင့် ပြန်လာခဲ့ကြပါတော့သည်။ ည ၁၁ နာရီအချိန်တွင် ဗဟန်း ကြားတောရသို့ ရောက်ကြသည်။ ဆရာတော်များ ဗားမဲ့ကုန်းတွင် ဆက်လက်သီတင်းသုံးလျက် ရှိပါသည်။

ဂမ္ဘီရဆရာလှမျိုး(B.Sc)



www.burmeseclassic.com

www.burmeseclassic.com



# မိုင်းပုန်းဒေသနှင့် မိုင်းပုန်းဆရာတော်

မောင်မောင်မြင့်အေး

ယခင်အပတ်မှအဆက်

ဎင်းတို့မှာ ၁-၁-၂၀၁၅ နေ့က ဆရာတော်ကို ဖူးပြီးဖြစ်ကြောင်း၊ ဆရာတော်အား ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လှူခြင်းဖြစ်ကြောင်း၊ မနက်ဖြန် မနက်စောစော ဆရာတော်ထံဖူးရန် တပည့်နှစ်ဦးနှင့် လိုက်ပို့မည်ဖြစ်ကြောင်း ဎင်းတပည့်တစ်ဦးမှာ ယခင်က ဆရာတော်နှင့်အတူ နေဖူးသူဖြစ်ကြောင်းပြောပြီး တည်းခိုရန် အမှတ်-၂၀၆၊ ချယ်ရီလမ်းနှင့် ကမ်းနားလမ်းထောင့်၊ တာလော့ရပ်ရှိ နိုင်းစတားဟောတယ် သို့ လိုက်ပို့ကြ၏။

ဎင်းနိုင်းစတား ဟော်တယ်မှာလည်း တာလော့ရပ် ချယ်ရီ လမ်းမှာပင်တည်ရှိ၏။ ညဖက်တွင် လားရှိုး ရွှေတိဂုံသို့ သွားရောက်ဖူးမြော်ကြရာ ယခင်က ရောက်ဖူးသော ရွှေတိဂုံစေတီမှာ သာသနိကအဆောက်အဦ နည်းသော်လည်း ယခုအခါ အဆောက်အဦတို့ များပြား နေပြီ ဖြစ်တော့၏။

၃-၁-၂၀၁၅ နေ့ နံနက်စာ စားပြီးသည်နှင့် ၇ နာရီခန့်တွင် ဦးမောင်ဝင်းအိမ်ရှေ့တွင် ကလ္လကာ အား တစ်စီးနှင့် ကယ်ဒီနားတစ်စီး ရပ်ထား၏။ ကိုမောင်ဝင်းက



www.burmeseclassic.com

www.burmeseclassic.com



အမေတို့ကို ကျွန်တော့် တပည့်နှစ်ယောက် လိုက်ပို့မယ်။ သီပေါကုလားနဲ့ တောင်ကြီးကုလား။ သူတို့က ဆရာတော်နှင့်ကျွမ်းတယ်။ အခု သူတို့ ဖုန်းဆက်ထားပြီးပြီဟု ပြောရာ ကျွန်တော်တို့လည်း ကားပေါ်တွင် ထိုင်လိုက်ကြတော့၏။ လိုက်ပို့သူနှစ်ဦးမှာ ကိုစိုင်းအောင်မိုးထွန်းနှင့် ကိုမင်းမင်းလတ်တို့ဖြစ်ကြ၏။

ကားနှစ်စီးမှာ တာချီလိတ် လေယာဉ်ကွင်း ဘက်မှ ထွက်လာခဲ့၏။ လမ်းခွဲနှစ်ခုတွင် တစ်လမ်းက ကျိုင်းတုံသွားလမ်း။ တစ်လမ်းက မိုင်းဖုန်းဒေသသို့။

မိုင်းဖုန်းသွားရွာဟု ပြော၍မရ၊ မိုင်းဖုန်းဒေသဟုပင် ခေါ်ကြသည်။ ထိုဒေသတွင်မှ ရွာကလေးများ ရှိကြ၏။ ဆရာတော်သီတင်းသုံးရာရွာသည် မိုင်းဖုန်းဒေသ ပါဆောရွာတွင်ဖြစ်၏။ လမ်းမှာ ကတ္တရာလမ်းဖြစ်သော်လည်း ပါဆောရွာမှစကာ မြေလမ်းဖြစ်သွား၏။ ဇန်နဝါရီ ၅ ရက်သည် ဆရာတော်မွေးနေ့ဖြစ်၏။ မွေးနေ့ပွဲသို့ လာရောက်ကြသော ပရိသတ်သည် ခိုင်ကယ်များ၊ မော်တော်ကားများနှင့်ဖြစ်၏။ မော်တော်ကားများကို သက်ဆိုင်ရာ ကားကွင်းများတွင် ရပ်ထားစေပြီး ပရိသတ်များအားလုံး ဆရာတော်ရှိမည်ထင်သော ကျောင်းများသို့ ခြေလျင်လျှောက်ကြရမည်ဖြစ်၏။ လုံခြုံရေးတာဝန်ယူထားသူများက မော်တော်ကားများကို ကားရပ်ကွင်းအတွင်း မောင်းဝင်စေရန် ညွှန်ပြနေကြ၏။ မော်တော်ကားများကလည်း ၎င်းတို့စည်းကမ်းကို လိုက်နာကြ၏။ ကျွန်တော်တို့ကို လိုက်ပို့သူများမှ ကိုအောင်မိုးထွန်းက ဆရာတော် မည်သည့်ကျောင်းတွင် သီတင်းသုံးမည်ကို ဂေါပကများထံ ဖုန်းဆက်မေး၏။ ဆရာတော် သူ့ကျောင်းတွင်ဆွမ်းဘုဉ်းပေးနေသည်ဟုသိရ၏။ ဆရာတော် သီတင်းသုံးရာ ကျောင်းသည် တောင် ခြေတွင်ရှိ၏။ ကျွန်တော်တို့ ကားနှစ်စီးသည် ထိုနေရာရောက်ရန်မောင်းကြ၏။ လမ်းတွင် လူတွေ လူတွေ ဆရာတော်လာမည့် အပ္ပဓော်ခံမည့် ကျောင်းများတွင် စောင့်စားနေကြ၏။ အချို့နေရာများတွင် ဆရာတော်ကို ရှမ်းအိုးစည်များတီးပြီး ကြိုဆိုနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ကားလေးသည် တောင်ကုန်းများကို ဝေ့ကာဝိုက်ကာနှင့် ဆရာတော်သီတင်းသုံးရာ ကျောင်းလေးသို့ရောက်တော့၏။ ကောင်းကင်ပြာပြာကြီး၏အောက် တောင်နံရံကြီးအထက်တွင် ဆရာတော် ဂူအောင်းရာနေရာ ရှိနေ၏။ ထိုဂူကြီး၏ အောက်ခြေတွင် ဝါးတဲလေးရှိနေ၏။ ဝါးတဲလေးဟု ဆိုခြားသော်လည်း ခေါင်မြင့်မြင့်လေးနှင့် ဝရံတာ လေးမှာ ကျောင်းလေးကိုပတ်ထား၏။

ထိုကျောင်းနှင့် မော်တော်ကားလမ်းကို ကျယ်ပြန့်သော ကန်ကြီးက ခြားထား၏။ ကန်ကြီးထဲတွင် စကောလောက်ရှိသော ကြာရွက်အရိုင်းကြီးတွေနှင့် ကြာဖူးလေးအချို့သည် ပွင့်နေ၏။ အချို့မှာ ဖူးနေ၏။

စိမ်းမှောင်သော တောင်တန်းကြီးမှာ သစ်ရွက်သစ်ပင်တို့ဖြင့် စိမ်းညို့နေ၏။ ဆရာတော်ထံ ကိုအောင်မိုးထွန်းက လျှောက်ထားရန်အတွက် တံတားနားက တံခါးလေးတွင် စောင့်နေ သော ဦးဇင်းကို ရှမ်းဘာသာဖြင့် လျှောက်ထားပြီး ဆရာတော့်ကျောင်းသို့ ကူးသွား၏။ အတန်ကြာသောအခါ ကိုအောင်မိုးထွန်းက ရှမ်းရိုးရာ လွယ်အိတ် ကလေးများ။ ပုတီးများ ပွေ့ပိုက်ပြီး ခဏစောင့်နေဖို့ပြော၏။

"ဆရာတော်က အမှုးမြော်ခံဖို့ လာခဲ့မယ်။ ဒီကပဲ စောင့်ပါလို့ ပြောပါတယ်၊ ဒကာမကြီးကောပါ လား"လို့ မေးပါတယ်ဟု ကိုအောင်မိုးထွန်း က ပြောရာ ကျွန်တော့် အမျိုးသမီး၏ မျက်နှာပေါ်တွင် အံ့ဩမှု ဝမ်းသာမှု တို့နှင့် ပြည့်နှက်နေပြီး မျက်လုံးအိမ်တွင် မျက်ရည်လေးများပင် ဝိုင်းနေတော့၏။ ကိုအောင်မိုးထွန်းက ဆရာတော့်အနား ရောက်ရင် အမျိုးသမီးတွေ အနားမကပ် ဖို့ပါ ပြောကြား၏။

www.burmeseclassic.com

ကျွန်တော်တို့လည်း မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ကောင်းကင်ခရီးမှကြွမြန်းလာမည်ကို စောင့်မျှော်ရှုမြော်နေသည့် ကပ္ပိလဝတ်ပြည်သူများအလား မိုင်းဖုန်းဆရာတော် တံတားလေးပေါ်မှကြွလာမည်ကို လက်အုပ်ချီမိုး၍ စောင့်နေကြတော့၏။ မကြာပါ။

ဆရာတော် ကျောင်းသင်္ခမ်းလေးတံခါးဖွင့်ပြီး ဆရာတော်က ရှေ့က ခပ်သုပ်သုပ်ကြွ နောက်ကကပ္ပိယလေးက ခပ်သုပ်သုပ်လေးလျှောက်နှင့် တံတံခါးဝသို့ရောက်သည်နှင့် ကျွန်တော်တို့လည်း ဆရာတော်ကို ဖူးမြော်ရသည့်ပီတိသည် လှိုက်ခနဲလှိုက်ခနဲဖြစ်ကာ မည်သို့ လျှောက်တင်ရမည်မသိ ဖြစ်နေ၏။ ကျွန်တော်၏ သားကြီးက မေတ္တာပို့ပေးပါဘုရားဟု လျှောက်ရာ အမျှ အမျှ အမျှဟု ၎င်း၏ သီလဘာဝနာ ကုသိုလ်တို့ကို ကျွန်တော်တို့အား မျှဝေပေးရာ ကျွန်တော်တို့လည်း သာဓု သာဓု သာဓု သုံးကြိမ်ရွတ်ဆိုလိုက်ကြတော့၏။

ထို့နောက် ဆရာတော်အား အလှူငွေများ ဆက်ကပ်လှူဒါန်းရာ ဆရာတော်က ရှမ်းဘာသာဖြင့် ဆုပေး၏။ ထို့နောက် ကျွန်တော်က ဓာတ်ပုံရိုက်ခွင့်တောင်းရာ ဆရာတော်ကိုယ်တိုင် ကျွန်တော် လက်ကိုတွဲပြီး ဓာတ်ပုံအရိုက်ခံ၏။ ထို့နောက် ကပ္ပိယထံမှ ပုတီးကုံးများကိုယူပြီး ကျွန်တော့်ကို ပေးလိုက်၏။



ထို့နောက် လွယ်အိတ်များကိုပေးပြီး ပရိသတ်များထံ အပူဇော်ခံရန် ကားပေါ်သို့ တက်လိုက်လေတော့၏။ ကျွန်တော်တို့လည်း ဦးအကြိမ်ကြိမ်ချ၍ နောက်တဖန် ပြန်လည်ဖူးမြော်ရပါလို၏ဟု ဆုတောင်းလိုက်ကြ လေတော့၏။

ကိုအောင်မိုးထွန်းက ဆရာတို့ ဆရာမတို့ အရမ်း ကံကောင်းတာပဲ။ ဒီလို ဖူးရဖို့ဆိုတာ တော်တော်ကုသိုလ်နဲ့ မရဘူး၊ များသောအားဖြင့် ပရိသတ်တွေရှေ့မှာပဲ ဖူးရတာ။ ကျွန်တော်သွားလျှောက်တော့ ဆရာတို့



www.burmeseclassic.com

www.burmeseclassic.com



ဆရာမတို့ လာမယ်ဆိုတာ သိနေသလိုပဲ၊ ဆွမ်းစားပြီး တွေ့မယ် စောင့်နေလို့ပြောလိုက်တော့ ကျွန်တော်တောင် အံ့ဩသွားတယ်။ များသောအားဖြင့် သူဘယ်ကျောင်း





သွားမယ်။ အဲဒီ ကိုလာစောင့်ပဲ ပြောတတ်တယ်။ အခု ဆရာတော်က တစ်ယောက်ကို ဘုရားတစ်ဆူစီ ပူဇော်ဖို့ ပေးလိုက်ပါလို့ ပြောလိုက်တယ်။

အဲဒီ ဂေါပကအဖွဲ့ တွေဆီမှာရှိတယ်။ သူတို့ကို ရှာပြီး ကျွန်တော် ယူပေးမယ်ဟုထပ်ပြော၏။ ကျွန်တော့် လက်ထဲမှာ လွယ်အိတ်ရော၊ ပုတီးတွေလည်း တစ်မွေ့ကြီး နှင့် အံ့ဩဝမ်းသာမှုအပြည့်နှင့်၊ ယခုလည်း ဘုရားတစ်ဆူစီ ထပ်ပြီးရဦးမယ် ဖြစ်၍ ပျော်ပါတယ် မောင်ပြေသိမ်းဟုပင် ပြောရ မတတ်ပင် ဖြစ်တော့၏။

ကျွန်တော်တို့လည်း ဦးမောင်ဝင်း+ဒေါ်နန်းညွန့် ညွန့်အေးတို့လှူဒါန်းသော ရေစက်ချထားသောကျောင်းကြီး ဆီကိုလာကြ၏။ ကျောင်းကြီးမှာတစ်ကျောင်းလုံး ကျွန်းသား များဖြင့်တည်ဆောက်ထား၏။ ထိုင်းနိုင်ငံ အလှဆင်ပုံ အတိုင်း ပန်းဥယျာဉ်နှင့် ရေအိမ်နှင့် အလွန်ခန့်ညားလှ၏။

ထိုမှတစ်ဆင့် ဆရာတော်တည်ထားသော ဘုရား နှင့်ဆရာတော် တရားဟောမည့်မဏ္ဍပ်သို့ ရောက်ကြ ပြန်၏။

ဒေသခံတို့သည် ဆရာတော်ကိုဖူးမြော်ရန် နေရာ ဒေသအသီးသီးမှလာကြရာ ဆရာတော် ရောက်လာမည့်

www.burmeseclassic.com





နေရာများက အေးအေးသက်သာ စောင့်နေကြ၏။ ကျောင်းတိုင်း ကျောင်းတိုင်း မဏ္ဍပ်တိုင်းမှပင် စောင့်နေ၏။

ထူးခြားချက်မှာ ထိုဒေသတွင် စားသောက်ဆိုင်များလာရောက် ရောင်းချခြင်းမရှိဘဲ စတုဒိသာအဖြစ်သာ သစ်မျိုးပြီးတစ်မျိုး လာရောက်ကျွေးမွေးနေကြခြင်းဖြစ်၏။

ဆရာတော် လာဖူးသူတို့မှာ မည်သည့်အစားအသောက်မှ ဝယ်ယူစားသုံးခြင်းမရှိ၊ စားစရာဆိုင်လည်းမရှိခဲ့။ ထို့နောက် ဆရာတော် မူလသီတင်းသုံးရာကျောင်းသို့ ဝင်ရောက်ကြသည်။ ၎င်းကျောင်းကြီးသည်



လည်း သစ်သားကျွန်းသားဖြင့် ထွင်းထုတည်ဆောက်ထား၏။ သစ်ကြီးထုကြီးများဖြင့် ဆောက်ထားရာ ခန့်ညားလှ၏။ ကျောင်းပေါ်သို့ တက်ရောက်ကြည့်ရာ ဆရာတော် သီတင်းသုံးရာနေရာ၊ ညှော်သည်များ အဖူးမြော်ခံနေရာနှင့် နံရံတိုင်းတွင် ဆရာတော်၏ ငယ်ဘဝ၊ ခမည်းတော်များ ဓာတ်ပုံများဖြင့် တင့်တယ်နေ၏။

ကျောင်းအနောက်ဘက်တွင် မဲခေါင်မြစ်ကြီး စီးဆင်းနေသည်။ ထိုမဲခေါင်မြစ်ကြီး တစ်ဘက်ကမ်းသည် လာအိုသမ္မတနိုင်ငံ၊ ယခု ကျွန်တော်ရပ်နေသောနေရာသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဟိုးခပ်လှမ်းလှမ်းမှာက ထိုင်းနိုင်ငံ၊ ထိုမဲခေါင်မြစ်မှ ဆန်တက်သွားလျှင် ရွှေတြိဂံဒေသ၊ ရွှေတြိဂံဒေသသို့ လှေများမထွက်သဖြင့် မသွားဖြစ်တော့။


ကျောင်းပေါ်တွင် လာအိုနိုင်ငံမှ အကြီးအကဲများ ဆရာတော်ကို လာဖူးနေပုံကိုပုံကြီးကြီး ချိတ် ထားသည်။ ထိုကျောင်းကို ဆရာတော်ကြွသွားပြီးပြီ။ ကျန်သော ဦးဇင်းများက ကျောင်း၏ကြမ်းပြင်ကို တိုက်ချွတ်ဆေးကြောနေ၏။

ကျောင်းအောက်ရောက်သော် အသင့်စောင့်နေသော ဂေါပကအဖွဲ့များက ဆရာတော်ချီးမြှင့်သော ရုပ်ပွားတော်များကို တစ်ယောက်တစ်ဆူ ချီးမြှင့်၏။



www.burmeseclassic.com


www.burmeseclassic.com



ဂေါပကအဖွဲ့များကလည်း လိုက်လိုက်လဲ့လဲ့ ညွှန်ပြကြသည်။ ထိုကျောင်းကြီးမှတစ်ဆင့် ပါဆာရွာထိပ်ရှိ ဈေးတန်းလေးသို့ ကျွန်တော်တို့နှစ်ယောက် သွားကြသည်။ ကားရပ်ရန် ခက်ခဲသဖြင့် ချက်ချင်း ဆင်းပြီး ချက်ချင်း ဝယ်ရ၏။

ကျွန်တော်တို့သည် မည်သည့် ဒေသရောက်ရောက် ထိုဒေသထွက်ကို ရအောင်ဝယ်လေ့ရှိသည်။ ယခင်က ဘန်ကောက်၊ စက်ဘီပူလေယာဉ်ဖြင့် သွားစဉ်ကလည်း အပြန်တွင် လေဆိပ်မှ ရေကိုရအောင်ဝယ်လေ့ရှိသည်။ ယခုလည်း ပါဆာဈေးလေးမှ ပျားလီမွော်နှင့် ငါးခြွန်ကုက္ကားတစ်စုံရအောင်ဝယ်ပြီး ကားအပြန်လှည့်တွင် ရအောင်တက်ကြရ၏။





ဆရာတော်၏ သာသနာနယ်မြေသည် ကေ
ခန့်ရှိမည်ထင်ရ၏။

နေရာတိုင်းတွင် သာသနိက အဆောက်အဦမျ
ရှိနေ၏။ ဆရာတော် တဖက်နိုင်ငံတွင် သီတင်းသုံ
နေစဉ်တွင် တပည့်ဂေါပကများက ထိန်းသိမ်းထားသဖြ
အဆောက်အဦတို့မှာ အသစ်ပကတိအတိုင်းနှင့် လမ်း
မှာလည်းကောင်းမွန်နေ၏။ တောတောင်တို့ ဖုံးလွှမ်း
မရှိပေ။ လန်းစကစ်ခေါ် မြေပြုပြင်ခြင်းနှင့် ပန်းဥယျာဉ်
သည် အဆောက်အဦတိုင်းတွင် ရှိနေ၏။ အပြန်ခရီးတွ
မိုင်းဖုန်းသာသနာနယ်မြေကို ဒုတိယအကြိမ် ရောက်
လို၏ဟု ဆရာတော်ကို အာရုံ ပြုပြီး ဆုတောင်းနေမိ

ယခုဒေသသည် ဆရာတော်ငယ်စဉ် လွန်ခဲ့သေ
နှစ် ၅၀ ကဆိုလျှင် ငြိမ်းချမ်းသောနယ်မြေ မဟုတ်
လက်နက်ကိုင်ပြီး နေကြရ၏။ ကိုးကွယ်မှုမှာ ထေရ
ဗုဒ္ဓကို ကိုးကွယ်ခြင်းမဟုတ်ဘဲ နတ်ကိုးကွယ်ပြီးနေကြ

ဆရာတော် သာသနာပြုပြီးနောက်တွင် ထိုဒေ
သည် ဗုဒ္ဓဘာသာဖြစ်ကုန်ကြ၏။ ဆရာတော်၏ ပုံရိပ်
သည် မော်တော်ကားစီးလာသော ကျွန်တော်သ
လမ်းဘေးဝဲယာရှိ ခင်းများကို ကြည့်ရင်းကြည့်ရ
စိတ်ကာစဉ်ကာ ပေါ်ပေါက်လာခဲ့ရတော့၏။ ။

မောင်မောင်မြင့်



www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ပွဲခံလိုလျှင်

## မောင်အေးနှစ် (ပညာရေး)

ကျွန်တော် ဤစာစုကို မဂ္ဂဇင်းသို့ ပေးပို့ရာ နောက်ကျကောင်း နောက်ကျပါမည်။ သို့သော် အချိန်မီဖော်ပြခံရပါလျှင် ၂၀၁၆ ခု၊ မတ်လတွင် စတင်ဖြေဆိုကြမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေ ကျောင်းသား၊ ကျောင်းသူများအတွက် ကံကောင်းကြမည်ဟု မျှော်လင့်ပါသည်။

× × ×

နံနက်စောစော မိုးရွာလိုက်သဖြင့် ကျောင်းရှေ့ရှိ မြေသားများမှာ စိုစိုစွတ်စွတ်ဖြစ်နေသည်။ ကျောင်းသားကျောင်းသူများနှင့် မိဘအချို့မှာ ထိုင်သူထိုင်၊ ထသူထ၊ လမ်းလျှောက်သူလျှောက်၊ လည်တမော့မော့နှင့် မျှော်သူမျှော် ရှိနေကြသည်။

သူတို့အားလုံးမှာ တူညီသောမျှော်လင့်ချက်၊ တူညီသောရင်ခုံသံများနှင့် စိုစွတ်သောမြေပြင်ပေါ်တွင် ဌနပဲကြီးစွာ ကျောင်းဝင်းခြံတံခါးကြီးအဖွင့်ကို မျှော်တလင့်လင့် ရှိနေကြသည်။

ယနေ့သည် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်စာရင်းထွက်မည့်နေ့မဟုတ်ပါလား။

ကျွန်တော်သည် ပင်စင်စားကျောင်းဆရာကြီးဖြစ်သဖြင့် စောစောစီးစီး အိပ်ရာမှထကာ ကျောင်းနှင့်မနီးမဝေးရှိ လက်ဖက်ရည်ဆိုင်သို့သွားပြီး လက်ဖက်ရည်သောက်ရင်း သတင်းစကားများကို နားစွင့်နေမိသည်။

ကျောင်းဝင်းခြံတံခါးကြီး ပွင့်သွားပြီး လူအုပ်ကြီးမှာ ကျောင်းဝင်းထဲသို့ စုပြုတိုးဝင်သွားကြသည်။ မကြာမီ အသံများထွက်လာပြီး သတင်းစကားများကို ကြားရသဖြင့် ကျွန်တော်သည် အိမ်သို့ပြန်ကာ သတင်းစကားကို စောင့်ဖတ်နေလိုက်သည်။

"ဆရာကြီး သမီးတို့ပါ"

ခေါ်သံကြားသဖြင့် အိမ်ရှေ့သို့ ကြည့်လိုက်ရာ မိန်းကလေးသုံးဦးသည် အထုပ်ကိုယ်စီပိုက်ကာ အိမ်ထဲသို့ ဝင်လာကြသည်။

"ချောချော၊ သီတာနဲ့ သန်းသန်းတို့ပါလား• • •လာထိုင်ကြကွယ်"

မိန်းကလေးသုံးဦးမှာ ကျွန်တော့်ရှေ့တွင် ဝင်ထိုင်ကြသည်။ သူတို့လေးတွေ၏မျက်နှာများသည် နံနက်စောစောရွာသွန်းလိုက်သောမိုးရေကို သောက်သုံးရသောကြောင့် လန်းဆန်းနေသည့် မိုးဆမ်းပန်းကလေးများသဖွယ် ရွှင်လန်းနေကြသည်။

"ဘယ်လိုလဲဟေ့ သမီးတို့"

"သမီးတို့သုံးယောက်စလုံး အောင်လို့ ဆရာကြီးကို လာကန်တော့ကြတာပါ"

သုံးယောက်စလုံး၏အသံမှာ အားတက်သရောရှိကြပါသည်။

"ဝမ်းသာလိုက်တာကွယ်။ သမီးတို့ရဲ့အောင်မြင်မှုကို ဆရာကြီးကတောင် ဂုဏ်ပြုရမှာပါ"

"သမီးတို့ အခုလိုအောင်မြင်ကြတာ ဆရာကြီးရဲ့ကျေးဇူးတွေ အများကြီးပါပါတယ်။ ဆရာကြီးလုပ်ပေးတဲ့ အစီအရင်ကို ယုံယုံကြည်ကြည်နဲ့ လုပ်ကြလို့ သမီးတို့ စာမေးပွဲကို ကြောက်လန့်တုန်လှုပ်ခြင်းမရှိ ဖြေဆိုနိုင်တယ်။ ကျက်ပြီးစာတွေလည်း မမေ့ဘူး။ မေ့နေတဲ့စာတွေလည်း စဉ်းစားလိုက်တယ်ဆို ပြန်ပေါ်လာတယ်။ ပြီးတော့လေ စာမေးပွဲခန်းထဲမှာ စိတ်လည်း ထူးထူးခြားခြားကို ကြည်လင်နေတာ။ ဆရာကြီး• • • အဲဒါတွေဟာ ဆရာကြီးရဲ့ အစီအရင်ကြောင့်ဆိုတာ သမီးတို့ယုံတယ်"

သူတို့သုံးယောက်မှာ အားတက်သရောပြောကြပြီး ကန်တော့ကာ ပြန်သွားကြသည်။ ကျွန်တော့်မှာ ဆုများပေးရင်း တစ်ကိုယ်လုံးတွင် ပီတိများစိမ့်ပြန့်ကာ ကျန်ခဲ့သည်။

သူတို့သုံးဦးမှာ ဘယ်ကျောင်း၊ ဘယ်ကျူရှင်မှမတက်နိုင်ကြပါ။ လှိုင်သာယာစက်မှုဇုန် အထည်ချုပ်စက်ရုံတွင် အလုပ်လုပ်ကြရသည်။ ရသမျှအချိန်တိုလေးများတွင် စာကျက်ကြရ၊ လေ့လာကြရသည်။

စာမေးပွဲနီးလာသောအခါ စိုးရိမ်ပူပန်ပြီး ကျွန်တော့်ထံရောက်လာကြ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ကျွန်တော်က သနားပြီး အစီရင်ကို လုပ်ပေးလိုက်ပါသည်။

ကျွန်တော်၏ အစီအရင်မှာ ကျွန်တော် ပညာရေးတက္ကသိုလ်တက်နေစဉ် ဆရာတော်တစ်ပါးက ချီးမြှင့်ခဲ့ခြင်းဖြစ်ပါသည်။ ယုံယုံကြည်ကြည်လုပ်လာခဲ့ရာ ကျွန်တော်သာမက ကျွန်တော်အိမ်ထောင်ကျပြီး ထွန်းကားလာသည့် သားသမီးသုံးယောက် ဘွဲ့အသီးသီးရသည်အထိ လုပ်ပေးခဲ့သည်။ နီးစပ်ရာတပည့်များကိုလည်း လုပ်ပေးခဲ့သည်။ အကျိုးများကို လက်တွေ့ ကိုယ်တွေ့ ခံစားခဲ့ရပါသည်။

သင်တန်းဝင်ခွင့် ဖြေသူများ၊ အလုပ်ဝင်ခွင့်ဖြေသူများကိုလည်း လုပ်ပေးခဲ့သဖြင့် အဆင်ပြေသွားကြပါသည်။

အစီရင်ကို အောက်ပါအတိုင်း ဆောင်ရွက်ရပါမည်။

၁။ စက္ကူဖြူဖြူ သန့်သန့်တွင် ဘောလ်ပင်နှင့် "ပဋ္ဌာန်းပါဠိတော်" ၂၄ ပစ္စည်းကို မမှားမယွင်း ပီပီသသရေးပါ။ (ကွန်ပျူတာနှင့်ရိုက်ပါက ရိုက်နိုင်ပါသည်)

၂။ ပစ္စည်းတစ်ခုစီကို ကတ်ကြေးဖြင့် ဖြတ်တောက်ပါ။

၃။ မိမိအာနန့်ရှိသော ဖယောင်းတိုင် ၂၄ တိုင်တွင် ဖြတ်ထားသော ၂၄ ပစ္စည်းစာရွက်ကလေးများကို အစဉ်အတိုင်းရွတ်ဆိုပြီးပတ်ပါ။ (ကော်ကပ်၍သော်လည်းကောင်း၊ အပ်ချည်ကြိုးနှင့်သော်လည်းကောင်း ကပ်ပါ။ ပတ်ပါ။ စာများကို အပြင်ထားပတ်ရပါမည်။)

၄။ ၂၄ ပစ္စည်းပတ်ထားသော ဖယောင်းတိုင်များကို ဘုရား (အိမ်ရှိဘုရား)ရှေ့တွင် မီးမလောင်နိုင်သော ပစ္စည်းတစ်ခုခံပြီး သုံးလက်မစီခန့်ခွဲကာ အစဉ်အတိုင်း ရွတ်ဆိုပြီး စိုက်ပါ။

၅။ စာမေးပွဲ စဖြေချိန်သည် နံနက် ၉ နာရီဖြစ်သဖြင့် ၉နာရီမထိုးမီ မိဘ (သို့) အုပ်ထိန်းသူတစ်ဦးဦးက အိမ်ရှိဘုရားရှေ့တွင် အဆင်သင့်ပြုလုပ်ထားပါ။

၆။ အချိန်နီးလာလျှင် မိဘ (သို့) အုပ်ထိန်းသူတစ်ဦးဦးသည် ဘုရားကို သီးခြားဖယောင်းတိုင်သုံးတိုင်နှင့် အမွှေးတိုင်များ ထွန်းညှိပူဇော်ကာ ငါးပါးသီလ ခံယူပါ။

၇။ စာမေးပွဲဖြေချိန် နံနက် ၉ နာရီထိုးသည်နှင့် စိုက်ထူထားသော ၂၄ ပစ္စည်း ဖယောင်းတိုင်များကို သီးခြား ဖယောင်းတိုင်တစ်တိုင်မီးနှင့် အစဉ်အတိုင်း မီးစွဲအောင်ထွန်းပါ။ (မီးထွန်းနေစဉ် ၂၄ ပစ္စည်းကို ဖယောင်းတိုင်ရှိ ပစ္စည်းနှင့် ကိုက်ညီအောင် နှုတ်ဖြင့် ရွတ်ရပါမည်။

၈။ ၂၄ တိုင်ကို ထွန်းညှိပူဇော်ပြီးပါက လက်အုပ်ချီပြီး ယနေ့စာမေးပွဲ ဖြေဆိုသည့် ( )နေ့သားသမီး မောင်/မ ( )အတွက် (ဥပမာ-တနင်္ဂနွေသားသမီးမအေးအေးစိုးအတွက်) ၂၄ ပစ္စည်း သိဒ္ဓိဝင်ဖယောင်းတိုင်ကို ထွန်းညှိပူဇော်ပါသည်။ ထို ( )နေ့ သား/သမီး ( ) သည် စာမေးပွဲကို အခက်အခဲမရှိ လွယ်ကူချောမွေ့စွာ ဖြေဆိုအောင်မြင်ပါစေဟု နှုတ်မှ သုံးကြိမ်ဆုတောင်းပါ။ ဆုတောင်းပြီးပါက ညာဘက်လက်ညှိုးနှင့် ဖယောင်းတိုင်များကိုထိုးပြီး ၂၄ ပစ္စည်းကို ၉ ခေါက်ရွတ်ဆိုပါ။

စာမေးပွဲဖြေသည့်နေ့တိုင်း မပျက်မကွက် ယုံယုံကြည်ကြည်ပြုလုပ်ပေးပါက စာမေးပွဲဖြေဆိုသည့် မိမိသား/သမီးမှာ စာမေးပွဲကို ကြောက်ရွံ့ထိတ်လန့်မှု မရှိ တည်ငြိမ်အေးချမ်းသော ပကတိစိတ်ဖြင့် လွယ်ကူချောမောစွာ ဖြေဆိုအောင်မြင်သည့် အကျိုးထူးတရားကို ခံစားရပါမည်။

ရှင်တော်မြတ်ဘုရားသည် ပဋ္ဌာန်းဒေသနာတော်ကြီးကို သုံးသပ်ဆင်ခြင်သောအခါမှသာ ကိုယ်တော်မှ ရောင်ခြည်တော်ခြောက်သွယ်တို့သည် ထွက်ပေါ်ကွန့်မြူးလာကာ အနန္တစကြဝဠာ ဖုံးနှံ့ထွန်းလင်း လွှမ်းမိုးလာပါသည်။ ပဋ္ဌာန်းဒေသနာတော်ကြီးကို သုံးသပ်မှုသာ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တတို့ ပေါ်လွင်လာပေသည်။

ပဋ္ဌာန်းဥဒ္ဒေသနှင့် နိဒ္ဒေသတို့ကို သုံးသပ်ရွတ်ဖတ်ခြင်းအားဖြင့် မျက်မှောက်ချက်ချင်း အခါမလင့် အောက်ပါကောင်းကျိုးများ ရနိုင်ပါသည်ဟု ဟောကြားထားပါသည်။

မိမိတို့သန္တာန်၌ ကိန်းအောင်းနေသော ဉာဏအား၊ ကာယအား အစွမ်းသတ္တိတို့ ပေါ်လွင်မည်၊ ထွန်းတောက်မည်၊ ထက်မြက်မည်၊ ပေါ်လွင်ထက်မြင်သည့် ဉာဏ်အား၊ ကိုယ်အား၊ စိတ်အားရှိသည့်အတိုင်းလည်း မျှော်မှန်းသည့် ကောင်းကျိုးဟူသမျှ အခါမလင့် မျက်မှောက်ချက်ချင်း အောင်ပန်းဆွတ်ခူးနိုင်ပေမည်ဖြစ်ပေသည်။

ဤအစီအရင်သည် အခြားနှင့်မတူ မြတ်ဗုဒ္ဓ၏ အထွတ်အထိပ်ရောက်ခဲ့သည့် ဒေသနာတော်ကြီးကို ပူဇော်မှုပြုသဖြင့် မုချမသွေ အောင်မြင်မည်ကို ယုံကြည်ကိုးစားကြပါလေ။

အခက်အခဲဟူသမျှ အားလုံးလွယ်ကြပါစေ။

မောင်အေးနှစ်(ပညာရေး)

www.burmeseclassic.com

www.burmeseclassic.com

# စာမေးပွဲဖြေဆိုမည့် ကလေးများအတွက်

# ရွှေယကြာ

■ မာန်သစ်ကျော်(မြူး)

စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ။ စိတ်ဓာတ်သည် ကျောက်သားကဲ့သို့ မာကျောရမည်။ စည်းကမ်းသည် လူ၏ တန်ဖိုး၊ စည်းကမ်းရှိမှ တိုးတက်မည်။

ပညာရဲရင့် ပွဲလယ်တင့် ပညာမြင့်မှ လူမျိုးတင့်မည်။ ခန္ဓာမှာ အစာ၊ ဘဝမှာ ပညာမှန်၏။

ပျင်းရိခြင်းသည် ဆား(စ်)ရောဂါထက် ကြောက်မက်ဖွယ်ကောင်း၏။ အချိန်နှင့်ဒီရေသည် လူကို မစောင့်။ အချိန်သည် တန်ဖိုးကြီး၏။ ယခု တိုးတက်နေသော ခေတ်ကြီးတွင် အချိန်သည် ဝယ်လို့မရသေး။ ကုန်ဆုံးသွားသော အချိန်သည် ပြန်မရ။ ငယ်စဉ်မှာ ပညာရှာမှီး။ ပညာမရှိသောသူသည် ရေပ်ပေါ်မှာနားနေသော ကျီးတစ်ကောင်ကဲ့သို့ မတင့်တယ်နိုင်။ လူငယ်တို့၏ ဘဝသည် အောင်လံတိုး ဟိုးဟိုးကျော်ဖြစ်နေမှသာလျှင် အောင်မြင်ကျော်ကြားခြင်း၊ ချမ်းသာခြင်း၊ အေးချမ်းခြင်း ဖြစ်နိုင်မည် မဟုတ်ပါလော။

ထို့ကြောင့် မိမိကိုယ် ဘယ်ပုံဘယ်နည်းနဲ့ တိုးတက်အောင်မြင်မည်ကို စမ်းစစ်ရမည်။ မိမိကိုယ်ကို ယုံကြည်ချက်အပြည့်ရှိရမည်။ မိုင်ထောင်ချီဝေးတဲ့ ခရီးရဲ့အစဟာ ခြေတစ်လှမ်း။ နိုင်ခဲ့ကြီးမားတဲ့ အဆောက်အအုံကြီးရဲ့ အစဟာလည်း အုတ်တစ်ချပ်။ ရည်ရွယ်ချက်ကြီးမားလေ ဘဝမြင့်မားလေ။

"ဆရာ…ဆရာ

"ဒေါက်…ဒေါက်"

အပြင်မှ ခေါ်သံနှင့်အတူ တံခါးခေါက်နေ၏။ ကျွန်ုပ်သည် အခန်းထဲမှနေ၍ "ဒီဘက်တံခါးဖွင့်ထားသည်" ဟု ပြောလိုက်လျှင် အထဲသို့ ဝင်လာလေ၏။

ကျွန်ုပ်သည် စာအုပ်ဖတ်နေရင်းမှ တစ်ချက်မျှကြည့်လိုက်လျှင် သမီးလေး ဝေဝေလွင် ဖြစ်နေ၏။

ကျွန်ုပ်မှ -

"အသံမကျက်မိဘူးကွ။ လာ…လာ သမီး။ ဘာအရေးကိစ္စတွေ ရှိနေပြီလဲကွယ့်"

"ဆရာ…သမီးအခု စာမေးပွဲနားနီးလို့ ရွှေကျင်ဘုရားကြီးထဲမှာ အဓိဋ္ဌာန်ဝင်နေတာ ကိုးရက်တောင်ရှိသွားပြီ"

"ကောင်းတာပေါ့ သမီးရယ်"

"ဆရာ…သမီး စာတွေလည်းကျက်လို့မရဘူး"

"ရည်းစားအကြောင်း တွေးနေလို့လား"

"နေ့ခင်းပြီးတော့လေ အိပ်လို့လည်းမရဘူး"

"ခြင်ကိုက်လို့နေမှာပါ"

"ဆရာကလည်းနော်"

"ဒါပြင် စားလို့လည်းမကောင်းဘူး"

"ဟင်းမကောင်းလို့ ဖြစ်မှာပါ"

"မဟုတ်ဘူး ဆရာ"

"မဟုတ်ရင် ဆရာက ဗေဒင်ဆရာ၊ ဆရာဝန်မဟုတ်ဘူး"

"ဆရာက ဒီလောက်တောင် အကင်းမပါးဘူး"

ကျွန်ုပ်မှ -

"သမီး အဲဒါတွေက ဘာဖြစ်လို့လဲသိလား။ သမီးတို့မှာ စိုးရိမ်စိတ်တွေကြောင့် ဖြစ်နေတာ။ စိတ်ကို အမြဲတမ်း ပေါ့ပေါ့ပါးပါး လန်းလန်းဆန်းဆန်း လွတ်လွတ်လပ်လပ် ပျော်ရွှင်အောင်ထားမယ်ဆိုရင် စာကျက်လို့ရမှာပါ။

တစ်ခုတော့ရှိတယ်သမီး။ ဘုရားရှင်လက်ထက်က ပုဏ္ဏားကြီးတစ်ယောက်ရှိတယ်။ သူက စာတွေကျက်တယ်။ မှတ်တယ်ပေါ့ကွယ်။ ဒါပေမယ့် ကျက်လို့၊ မှတ်လို့ကို မရဘူး ဖြစ်နေတယ်။ အဲဒါနဲ့ သူဟာ စိတ်အညစ်ကြီး ညစ်နေရတယ်ပေါ့ကွယ်။ တစ်နေ့မှာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး သီတင်းသုံးစံပယ်တော်မူတဲ့ ဇေတဝန်ကျောင်းကိုရောက်ရှိသွားတယ်။ သူ့ရဲ့ဖြစ်ကြောင်းကုန်စင်ကို ပြောပြတယ်



www.burmeseclassic.com

www.burmeseclassic.com

ပေါ့။ အဲဒါနဲ့ ဘုရားရှင်က ပုဏ္ဏားကို မိန့်တော်မူတယ်။ အသင်ပုဏ္ဏား . . . မောဟ၊ ဒေါသ၊ လောဘတွေ ပြည့်နေပြန်ရင်လည်း ကျက်လို့ မှတ်လို့ မရနိုင်ဘူး။ နောက်တစ်မျိုးက ခင်ပွန်းကြီးဆယ်ပါးပေါ်မှာ ပြစ်မှားမိခဲ့တာရှိရင် ကျက်လို့ မှတ်လို့ မရနိုင်ဘူးလို့ မိန့်တော်မူတယ်။ ထို့နောက်မှာ ပုဏ္ဏားလည်း ပြန်သွားလေ၏။

"ဆရာ သမီးလည်း ခင်ပွန်းကြီးဆယ်ပါးပေါ်မှာ ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးလုံးနဲ့တော့ မပြစ်မှားခဲ့ပါဘူး။ အနည်းဆုံး နှစ်ပါးတော့ ပြစ်မှားခဲ့ပါတယ်။ ဟဲ . . . ဟဲ အဲဒါ ဘယ်လိုလုပ်ရမလဲ ဆရာ"

ကျွန်ုပ်မှ -

"မိဘတွေရဲ့ ခြေသည်း၊ လက်သည်းတွေ ညှပ်ပေးရတယ်။ ခေါင်းလျှော်ပေးရတယ်။ အင်္ကျီလုံချည်တွေကို လျှော်ဖွပ်ပေးရတယ်။ အသက်ကြီးတဲ့ မိဘတွေဆိုရင် ချေးဂရု၊ သေးဂရု လုပ်ပေးရတယ်။ အဲဒီလိုလုပ်ပြီးမှ မိဘတွေကို ဘုရားခန်းမှာထားပြီး အဖေ၊ အမေတို့အပေါ်တွင် ကာယကံ၊ ဝစီကံ၊ မနောကံဖြင့် ပြောမှား၊ ဆိုမှား၊ နေမှား၊ ထိုင်မှားများရှိခဲ့ရင် ခွင့်လွှတ်ပါဆိုပြီး ကန်တော့ရတယ်။ နောက်ပြီးတော့ ဘုရားကျောင်းဆောင်ရှေ့မှာ ဩကာသ ရွတ်ဆိုပြီး ဘုရားတပည့်တော်သည် ခင်ပွန်းကြီး ဆယ်ပါးပေါ်တွင် ရှေးရှေးဘဝ၊ ယခုဘဝတွင် ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးသောကံတို့ဖြင့် ပြောမှား၊ ဆိုမှား၊ နေမှား၊ ထိုင်မှားများရှိရင် ခွင့်လွှတ်ပါလို့ ထပ်မံပြီး ဆုတောင်းရတယ်"

"ဟုတ်ကဲ့ပါ ဆရာ"

"သမီး ဆရာမှာတဲ့အတိုင်း လုပ်ပါ့မယ်ဆရာ။ စာကျက်နည်းလည်း ပြောပါဦး"

ကျွန်ုပ်မှ -

"ဆရာတို့ရဲ့အဘပြောတဲ့ နည်းလေးတစ်ခုရှိတယ်။ အဲဒါကတော့ အကြောလျှော့တဲ့နည်းပဲ။ စာမကျက်ခင်မှာ သုံးမိနစ်လောက် ပက်လက်နေလိုက်ပါ။ လက်နှစ်ဖက်ကိုလည်း သက်သောင့်သက်သာ ခြောက်လက်မလောက် ခွာချထားပြီးရင် ရင်ဘတ်မောက်သည် အထိ အသက်ကို ပြင်းပြင်း ဆယ်ကြိမ် ရှူပါ။ ထိုသို့ပြီးလျှင် ခြေထောက်မှစ၍ ငယ်ထိပ် ဦးခေါင်းထိ စိတ်နဲ့ ဖြည်းဖြည်းချင်း အကြောလျှော့ပါ။ သမီးတို့ဆိုရင် ကျက်ရ၊ မှတ်ရလွန်းလို့ ဦးခေါင်းနဲ့ နှလုံးတွေမှာ သာမန်ထက်ပိုပြီးတော့ တင်းကျပ်နေမယ်။ အဲဒီတော့ ဦးခေါင်းကအကြောတွေ လျှော့လာပြီ လျှော့ပါပြီလို့ အကြိမ်ကြိမ်ပြောရင်း လျှော့ပေးရတယ်"

"ဟုတ်ကဲ့၊ သမီးသဘောပေါက်ပါပြီ။ စာမေးပွဲအောင်အောင် ယတြာလုပ်ပေးပါ" ဟု ပြောလေ၏။

ကျွန်ုပ်မှ -

"စာမကျက်ရင် စာမေးပွဲအောင်မှာ မဟုတ်ဘူး။ စာကျက်မှ စာမေးပွဲအောင်မှာ" ဟု ပြောလိုက်လျှင် -

"အဲဒါဆိုရင် ယတြာမရှိတော့ဘူးလား"

"ဒီလိုရှိတယ်သမီးရဲ့။ စာမေးပွဲဖြေဆိုတဲ့သဘောဟာ တယ်လောက်ပဲစာတွေကျက်ထားကျက်ထား ဖြေဆိုခန်းရောက်သွားမှ ရှန်း(လျှမ်း)သွားရင် စာမေးပွဲကျသွားနိုင်ပါတယ်။ စာမေးပွဲအခန်းကို အကြောက်လွန်လို့ စာတွေမေ့ကုန်ရင်လည်း စာမေးပွဲကျသွားနိုင်တာပဲ။ အဲဒီလို မဖြစ်ဘူးထားဦး။ ရုတ်တရက် ခေါင်းမူးမယ်၊ ဖျားမယ်၊ အန်မယ်၊ အဖျားတက်လာမယ်ဆိုရင်လည်း စာမေးပွဲကျသွားနိုင်တာပဲ။ ဒါမှမဟုတ် မိသားစုအရေး ပြဿနာရှုပ်ထွေးလို့ စိတ်ရှုပ်စရာကိစ္စတွေ ကြုံလာလို့ရှိရင်လည်း စာမေးပွဲရှုံးနိုင်တာပဲ။ ဒါတွေဟာ စာကျက်ထားတဲ့ကလေးတွေအတွက် မထင်မှတ်တဲ့ အနှောင့်အယှက်တွေ ရုတ်တရက်ဝင်လာပြီး စာမေးပွဲကျနိုင်တဲ့အကြောင်းတွေထဲက အကြောင်းအရာတချို့သာ ဖြစ်တယ်။

ကဲ . . . ဒါတွေထားပါတော့လေ။ သမီးက တနင်္ဂနွေသမီးဆိုတော့ မေမြို့ ၁၉ ပွင့်ကို ကြာသပတေးနံပါတဲ့ ဘုရားမှာ လှူ၍ဆုတောင်းပါ"

မှတ်ချက် -

၂ လာ - သပြေ ၂၁ သောကြာနံပါသော ဘုရား(သို့) သောကြာဂြိုဟ်ခွင်။ ၃ ဂါ - နှင်းဆီ ၁၀ ပွင့် စနေနံပါသောဘုရား (သို့) စနေဂြိုဟ်ခွင်။ ၄ ဟူး - အုန်း ၆ ညွန့် တနင်္ဂနွေနံပါသော ဘုရား (သို့) တနင်္ဂနွေဂြိုဟ်ခွင်။ ၅ ဓား - ကံ့ကော် ၁၅ ညွန့် တနင်္လာနံပါသောဘုရား (သို့) တနင်္လာဂြိုဟ်ခွင်။ ၆ ကြာ - ဆီး ၈ ညွန့် သောကြာနံပါသောဘုရား (သို့) သောကြာဂြိုဟ်ခွင်။ ၇ နေ - ရွက်လှ ၁၇ ညွန့် ဗုဒ္ဓဟူးနံပါသော ဘုရား (သို့) ဗုဒ္ဓဟူးဂြိုဟ်ခွင်တွင် လှူပါလေ။

မာန်သစ်ကျော်(ဖြူး)

www.burmeseclassic.com

www.burmeseclassic.com

# အပါယ်ရောက်နိုင်သော
# သိမ်ဉာဏ်ပြောဆိုမှု

## တက္ကသိုလ်သခ်

လောကတွင် လူအချင်းချင်း ပြောဆိုဆက်ဆံကြရာ၌ နှုတ်ထွက်စကားသည် အရေးပါလျက်ရှိ၏။ "လူမှာ ကတိ၊ မင်းမှာ သစ္စာ" ဟူသော စကားရှိသော်လည်း လူအချို့တို့သည် ကတိကို လွယ်လွယ်ပေးတတ်ကြ၏။ ဥပမာ-မနက်ဖြန် ဆက်ဆက်လာမည်ဟုပြောပြီး မလာတာမျိုး။ ခင်ဗျားဆီကယူထားသည့် ငွေကို ဒီလကုန်ရင်ပြန်ပေးပါ့မည်ဟုပြောပြီး ပြန်မပေးတာမျိုး စသည်ဖြင့် ကတိမတည်ကြသည်ကို တွေ့ရ၏။

ကျွန်တော်တို့သည် ဘုရားရှိခိုးရာတွင် ငါးပါးသီလကို ဆောက်တည်ရာ၌ "**မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ**" ဟူ၍ သီလခံယူကြ၏။ အဓိပ္ပာယ်မှာ မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။ လိမ်လည်လှည့်ပတ်ခြင်းမှ ရှောင်ကြဉ်ပါ၏ဟု အနက်ရပါ၏။

မဟုတ်မမှန်သောစကားကို ဆိုရာ၌ နှုတ်ဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း၊ ကိုယ်လက် စသည်တို့ လှုပ်ပြ၍လည်းကောင်း လိမ်သမှု၊ ညာဖြန်းသမှုသည် မုသာဝါဒတွင် ပါဝင်သည်။ လိမ်လည်ပြောဆိုရာ၌ သူတစ်ပါးအကျိုးစီးပွားပျက်စီးအောင် လိမ်ညာပြောဆိုသည့်မုသားသည် အပါယ်ရောက်နိုင်သည်။ သူတစ်ပါးအကျိုးစီးပွား အနည်းငယ်ပျက်စီးလျှင် အပြစ်ငယ်၍၊ များစွာပျက်စီးလျှင် အပြစ်ကြီးသည်ကို သတိပြုသင့်ပါ၏။

ဤနေရာ၌ မှတ်သားရန်မှာ မုသာဝါဒဆိုသော်လည်း သူတစ်ပါးအကျိုး စီးပွားပျက်စီးအောင် လိမ်လည်သော မုသာဝါဒမျိုးသာ အပါယ်ရောက်ကြောင်းဖြစ်သည်။ ကိုယ့်ပစ္စည်း မပေးလိုသဖြင့် လိမ်သော မုသားမျိုး၊ ပြက်ရယ်ပြောင်လှောင်သော မုသားမျိုး၊ သူတစ်ပါး၏ အကျိုးစီးပွားကို မပျက်စေဘဲ မိမိအပြစ် လွတ်အောင် လိမ်ရသောမုသားမျိုး၊ မိမိ၏သားသမီးများ ပွဲလမ်းစသည်တို့သွားလျှင် အပြစ်ဖြစ်မည်စိုး၍ မသွင်းချင်အောင် လှည့်ပတ်ပြောဆိုသည့်မုသားမျိုးမှာ ပြောပလောက်အောင် အပြစ်မကြီးချေ။ သို့သော် သိက္ခာပုဒ်ပျက်မည်ဟုဆိုသည်။

### မုသာဝါဒ အင်္ဂါလေးပါး

(၁) မဟုတ်မမှန်သော အကြောင်းအရာဖြစ်ခြင်း။
(၂) မဟုတ်မမှန် ပြောဆိုလိုစိတ်ရှိခြင်း။
(၃) ပြောလည်းပြောခြင်း၊
(၄) လိမ်လည်ပြောဆိုသော စကားအဓိပ္ပာယ်ကို အလိမ်ခံရသူသိရှိခြင်းတို့ ဖြစ်သည်။

ဖော်ပြပါအင်္ဂါများနှင့် ပြည့်စုံလျှင် မုသာဝါဒကံမြောက်သည်။ မုသာဝါဒကံကျူးလွန်ခြင်းကြောင့် အောက်ပါဆိုးကျိုးများ ခံစားရမည်ဖြစ်သည်။

(၁) ယခုဘဝတွင် စကားပီပီသသ မပြောတတ်ခြင်း။
(၂) သွားများ မညီမညာရှိခြင်း။
(၃) ခံတွင်းပါးစပ် ပုပ်ညှီခြင်း။
(၄) ကိုယ်အရေအသား အပူရှိန်ခြောက်ကပ်၍ စိုစိုပြည်ပြည်မရှိခြင်း။
(၅) မျက်စိ၊ နားစသော ဣန္ဒြေများ နောက်ကျုကျုရှိခြင်း။



www.burmeseclassic.com

www.burmeseclassic.com

(၆) ရုပ်အဆင်းချို့တဲ့ခြင်း၊

(၇) သူတစ်ပါးအပေါ်၌ ဩဇာအာဏာမတည်ခြင်း၊

(၈) နှုတ်၊ လျှာ ပြောဆိုမှု ကြမ်းတမ်းခြင်း၊

(၉) စိတ်မတည် လျှပ်ပေါ်လော်လည်တတ်ခြင်း စသည့် များစွာသော အပြစ်များကို ခံစားရတတ်၏။

ဤအချက်ကို လွယ်ကူစွာမှတ်သားထားနိုင်ရန် လင်္ကာစပ်ဆို၍ ဖော်ပြလိုက်ပါသည်။

"မုသားစကား ပြောဆိုငြားမူ၊ စကားမပီ၊ သွားမညီ ခြင်း၊ ပုပ်ညှီပါးစပ်၊ ခြောက်ကပ်ကိုယ်ရေ၊ ဣန္ဒြေယွင်းနောက်၊ ရုပ်ဆင်းဖောက်၏၊ မရောက်ဩဇာ၊ နှုတ်လျှာကြမ်းထော်၊ လျှပ်ပေါ် လော်လည်၊ စိတ်မတည်၊ ရှောင်ကြဉ်အမြန်အကျိုး တည်း"

## မုသာဝါဒကံနှင့်ပတ်သက်၍ အထူးမှတ်ဖွယ်

မုသာဝါဒသည် ဝစီကံလေးပါးတွင် အလွန်ဆိုးဝါးသော ကံဖြစ်သည်။ ဘုရားလောင်း သူတော်ကောင်းများသည် သံသရာတစ်ခွင် ကျင်လည်ခဲ့ကြစဉ်က သူ့အသက်သတ်မှု၊ သူ့ဥစ္စာ ခိုးယူမှု၊ ကာမေသုမိစ္ဆာစာရကျူးလွန်မှု၊ အရက်သေစာသောက် စားမှု စသည့်ကံတို့ကို ရံဖန်ရံခါ ပြုလုပ်ခဲ့ကြသော်လည်း သူတစ်ပါးအကျိုးစီးပွားကို ပျက်စီးစေလိုသည့်စိတ်ဖြင့် မုသာဝါဒကံကို လုံးဝကျူးလွန်မှု မပြုခဲ့ကြပေ။

## မုသာဝါဒကံပျက်လျှင် ခံရမည့် အပြစ်ပြဝတ္ထု

ကဿပဘုရားရှင် လက်ထက်တော်အခါက ကာမိက ပြည်သား သောတာပန် ဥပါသကာတစ်ယောက်သည် ဥပါသကာငါးရာတို့နှင့် စိတ်တူသဘောတူ သံစ်ပင်စိုက်ခြင်း၊ တံတားခင်းခြင်း၊ ကျောင်းဆောက်ခြင်းစသော ကုသိုလ်ကောင်းမှုကိုပြုကြ၏။ ထိုဥပါသကာ ငါးရာတို့သည် ကျောင်းသို့ မကြာခဏသွား၍ တရားနာကြ၏။ သူတို့၏မယားငါးရာသည်လည်း လှူဖွယ်ပစ္စည်းဝတ္ထုများဖြင့် ရံဖန်ရံခါ ကျောင်းသို့သွား၍ တရားနာကြ၏။ အလှူဒါနပြုကြ၏။

တစ်နေ့တွင် အရက်သမားတို့သည် ထိုငါးရာသော မိန်းမတို့ကိုမြင်လျှင် တပ်မက်ကြသဖြင့် အချင်းချင်းတိုင်ပင်ကာ မိန်းမတို့၏သီလကိုဖျက်ဆီးရန် ပြောဆိုကြရာ တစ်ယောက်သောအရက်သမားက ဖျက်ဆီးနိုင်သည်ဟု အလောင်းအစားပြု၍ နည်းမျိုးစုံဖြင့် ဖြားယောင်းသွေးဆောင်ဖျက်ဆီးသဖြင့် မိန်းမတစ်ဦး သီလပျက်ပြီး အရက်သမားနှင့် ဖောက်ပြန်ကျူးလွန်တော့၏။

ထိုအခါ ရှုံးသောအရက်သမားမှ တစ်ဆင့် ထိုမိန်းမ၏ လင်ယောက်ျားကြားလေရာ မိမိမယားအားခေါ်၍ မေးလျှင် မဟုတ်မမှန်ကြောင်း လိမ်လည် ပြောဆိုသည်။ လင်ဖြစ်သူက မယုံသဖြင့် အနီးအနားတွင်ရှိသော နားရွက်ပြတ်နေသော ခွေးနက်ကြီးကိုပြလျက် "ကျွန်မသည် သူတစ်ပါးယောက်ျားနှင့် ဖောက်ပြန်ကျူးလွန်မိပါက နောက်ဘဝတွင် ဤခွေးနက်ကြီး၏အစားကို ခံရပါစေ"ဟု ထပ်မံကျိန်ဆိုပြန်သည်။

ဤသို့ကျိန်ဆိုသော်လည်း လင်ဖြစ်သူက မယုံသဖြင့် အဖော်ဖြစ်သော မိန်းမတို့အား မေးမြန်းပြန်ရာ ထိုမိန်းမတို့ကလည်း သိလျက်နှင့် ကျွန်မတို့မသိပါ။ ဤစကားမမှန်ပါက ထိုမိန်းမကျွန်ဖြစ်ပါစေဟု ကျိန်ဆိုကြသည်။ ဖောက်ပြန်သော မိန်းမသေလွန်လျှင် သီလဆောက်တည်သောလင်ကို လိမ်လည်ပြောဆိုမိသော မုသာဝါဒကံကြောင့် နတ်ပြိတ္တာမ ဖြစ်လေသည်။ ကျန်မိန်းမများသည်လည်း မမှန်မကန်စကား ကျိန်ဆိုမိသောကြောင့် ထိုမိန်းမ၏ကျွန်များ ဖြစ်ကုန်ကြသည်။

မှသားဆိုခဲ့ကြသော ထိုမိန်းမတို့သည် တစ်ချိန်က ရတနာသုံးပါးကြည်ညိုပြီး တရားနာခဲ့ဖူးသော ကောင်းမှုကြောင့် နေ့အခါ နတ်စည်းစိမ်ကိုခံစားရပြီး ညဉ့်အခါ ခွေးနက်ကြီးကိုကားခံကြရ၏။ ထိုမိန်းမတို့သည် နတ်စည်းစိမ် ခံစားနေရသော်လည်း လင်ယောက်ျားမရှိသဖြင့် ပျော်ရွှင်မှု မရှိဘဲ ပျင်းရိငြီးငွေ့နေကြရကုန်၏။


သို့ဖြစ်၍ အကုသိုလ်အရာတွင် အကြီးဆုံးဖြစ်သော မုသာဝါဒကံကို မကျူးလွန်ဘဲ စောင့်ထိန်းကြရန် အကြံပြုရပါ၏။

တက္ကသိုလ်သ[illegible]



www.burmeseclassic.com

www.burmeseclassic.com



# ဓမ္မပလ္လင်

နတ်ထီးလှိုင်

ဓမ္မနှင့်ပလ္လင်ကို ပေါင်းစပ်ထားသော ဝေါဟာရစကားလုံးအသစ် ဖြစ်ပါသည်။ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် ဇုတ်သုတ်ကျေးရွာ၊ ကျိုက်ထီးဆောင်းတွင် ညစဉ် ဓမ္မပလ္လင်ဟု သုံးပါ၏။ ညတိုင်း အနောက်ဘက် အာရုံခံကြီးတွင် စုဝေးရုံညီစွာ တရားနာကြား ဆွေးနွေးလေ့ရှိကြပါသည်။

ဓမ္မဟူသည် တရား၊ သဘာဝ၊ နိယာမများအဖြစ် အဓိပ္ပာယ်ဖွင့်ပါသည်။ ဓမ္မ = the truth, law, doctrine, idea, thought thing, phenomenon ဟု အဘိဓာန်တွင် ပြထား၏။ အမှန်-သစ္စာ၊ ဥပဒေ-ဓမ္မသတ်၊ ဩဝါဒ၊ စိတ်ကူး၊ ထင်မြင်ချက်၊ မျက်ဝါးထင်ထင်မြင်ရသည့်မြင်ပုံဟု ဆိုထားပါသည်။

ပလ္လင်ကို a divan, couch ပလ္လက်ဟု အဘိဓာန်တွင်ဆို၏။ သလွန်၊ အိပ်ရာဟု အဓိပ္ပာယ်ရှိသော်လည်း မြင့်မြတ်သူတို့စံမြန်းအပ်သော အခင်းနေရာမြင့်ဟု မြန်မာတို့က သိထားကြပါသည်။ ပလ္လင်ခြောက်မျိုးရှိကြောင်း ကျမ်းဂန်များတွင် ပြဆိုထား၏။ ၎င်းတို့မှာ -

(၁) မြတ်စွာဘုရားပွင့်တော်မူရာ အပရာဇိတပလ္လင်၊

(၂) ဗြဟ္မမင်းတို့ထိုင်သော ကမလာသန(ခေ)ကြာပလ္လင်၊

(၃) နတ်တို့ထိုင်သော ဒိဗ္ဗာသန ပလ္လင်၊

(၄) လူမင်းတို့ထိုင်သော ရာဇ ပလ္လင်၊

(၅) တရားသူကြီးတို့ထိုင်သော အနုကာရနပလ္လင်၊

www.burmeseclassic.com

www.burmeseclassic.com

(၆) ဓမ္မကထိကတို့ထိုင်သော ဓမ္မာသနပလ္လင်တို့ ဖြစ်ကြပါသည်။

ဆွမ်းတော်တင်တို့စွန့်ပစ်ရာ သင်ပုတ်(သမုတ်)ပလ္လင်ဟူ၍လည်း ရှိပါသေး၏။

မြတ်ဗုဒ္ဓပွင့်တော်မူရာ ပလ္လင်သည် ဘုရားရှင်၏တန်ခိုးတော်အားဖြင့် မြေမှ အလိုအလျောက်ပေါ်ထွက်လာသည်။ အပရာဇိတပလ္လင်သည် လေးမျက်နှာပြန့် ဝလ္လင်လုံးဖြစ်ပါ၏။ ဂေါတမမြတ်ဗုဒ္ဓ၏ အပရာဇိတပလ္လင်သည် မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့်နေ့တွင် ပေါ်ထွန်းသည်။ ဗောဓိပင်ညောင်၏ အရှေ့မျက်နှာ လေးတောင်ကွာတွင် တည်ရှိ၏။ ၁၄ တောင်အပြန့်ကျယ်သည်။

ရာဇပလ္လင်မှာ မာရာင်တံခါးကို ကပ်လျက် တစ်ခြမ်းသာရှိသော ပလ္လင်မျိုး ဖြစ်၏။ ပလ္လင်လုံးကိုလည်း အလယ်ထက်ဝက် မာရာင်ကန့်နိုင်သည်။ အနိမ့်၊ အမြင့်ပမာဏကို လိုက်၍ ရာဇပလ္လင်သုံးမျိုး ခွဲနိုင်၏။

(၁) ၁၆ တောင်ရှိသော မဟာပလ္လင်၊

(၂) ၈ တောင်ရှိသော မဇ္ဈိမပလ္လင်၊

(၃) ၄ တောင်ရှိသော စူဠပလ္လင်ဟူ၍ ဖြစ်သည်။

ပလ္လင်တစ်ခုလျှင် ခြသေ့်၊ ဆင်ပျံ၊ လောကနတ်၊ ဓေါင်းမြီး၊ ယပ်၊ ဆင်နား၊ တံခါးတိုင်၊ သိကြား၊ ကိန္နရာ၊ သမ္မာဒေဝ၊ ခြူး၊ ကြာ၊ ဦးဆောက်ပန်းဟူ၍ ၁၂ နေရာ ပါမြဲဖြစ်သည်။ ခြသေ့်ရုပ်ကို ပလ္လင်အောက်ခံတွင် ထုလုပ်ရသည်။ ကေသရာခြသေ့်မင်း၏ သန်မြန်ခြင်း၊ ဝင့်ဝင့်ကြွားကြွားရှိခြင်းဂုဏ်များကိုယူထား၏။ ခြသေ့်ရုပ်ကို ရာဇပလ္လင်ဥကင်၏ လက်ဝဲ၊ လက်ယာတွင်လည်း ထုလုပ်တတ်သည်။ ဆင်ပျံနှင့်လောကနတ်ရုပ်တို့ကိုလည်း ဥကင်၏ လက်ဝဲ၊ လက်ယာ၌ပင် ထုလုပ်ထား၏။ ပါးစပ်ရာဇဝင်တွင် ကောင်းကင်တိမ်ညွှန့်ကြောင့် ခြသေ့်မင်းနှင့်ဆင်ပျံ အချင်းဖြစ်ရာ ဆင်ပျံဦးကင်းကို ခြသေ့်မင်းကနင်းလျက် နှာမောင်းကိုစုပ်ယူစဉ် လောကနတ်သည် ခြေတွင် စည်းခုပ်တီးလျက် သီချင်းသီဆိုကြောင်း၊ ရန်ပွဲငြိမ်းကြောင်း၊ ၎င်းကိုစွဲ၍ ထိုသုံးရုပ်ထုလုပ်ကြောင်း ဆို၏။

ရာဇပလ္လင် ဥကင်လက်ဝဲ၊ လက်ယာတွင် ဓေါင်းမြီးယပ်ထားရှိခြင်းမှာ မြတ်ဗုဒ္ဓအလောင်း ဥဒေါင်းမင်းကို တင့်တယ်လှသဖြင့် မင်းခြောက်ဆက်တိုင် ကြော့ကွင်းထောင်၍ ဖမ်းယူသည့်ရှေးနိမိတ်ကိုစွဲ၍ အမြီး၏တင့်တယ်ဟန်ကို ယူကာ ထုလုပ်ခြင်းပင်။

ရာဇပလ္လင် ဥကင် လက်ဝဲ၊ လက်ယာ၌ ဆင်နားဖာ ပေါက်ထုလုပ်ထားခြင်းမှာ မြတ်သော ဆဒ္ဒန်ဆင်မင်းကိုစွဲ၍ ယင်း၏နားနှင့် သဏ္ဌာန်တူစွာ ထုလုပ်ထားခြင်းဖြစ်သည်။

တံခါးတိုင်ထုလုပ်ထားခြင်းမှာ ဥကင်၌ မုတ်တံခါးဦး ရှိသည့်တစ်ကြောင်း၊ တရားရုံးကွက် စက်လက္ခဏာတော်တွင်လည်း တံခါးတိုင်ပါရှိသောကြောင့်ဖြစ်၏။

သိကြားရုပ်ထုလုပ်ထားခြင်းမှာ မင်း၏ တုရင်ဗိမာန်တွင် သိကြား ၃၃ ပါးစောင့်ရှောက်ဟန်ကိုရည်၍ ထုလုပ်ထားရှိ၏။ ပဒုမ္မာကြာပွင့်ခံ၍ သားမြီးယပ်စွဲလျက် လက်ဝဲ ၁၆ ရုပ်၊ လက်ယာ ၁၆ ရုပ်၊ တုရင်ဗိမာန်တွင် တစ်ရုပ် ပေါင်း ၃၃ ရုပ် ထုလုပ်ရသည်။

ကိန္နရာရုပ် ထုလုပ်ထားရှိခြင်းမှာ ကိန္နရာတို့သည် နူးညံ့သောအမူအရာရှိ၍ ပန်းဝတ်ဆံကို စားလေ့ရှိပြီးလျှင် မြတ်ဗုဒ္ဓပွင့်တော်မူသောနေ့၌ ကခုန်တတ်သော ရှေးနိမိတ်ကိုစွဲ၍ ထုလုပ်သည်။

သမ္မာဒေဝနတ်ရုပ်မှာ သမ္မာဒေဝနတ်တို့ စောင့်ရှောက်ဟန်ကိုရည်၍ ထုလုပ်ထားရှိသည်။

ခြူးရုပ်မှာ ဘီလူးတို့ကြောက်ရွံ့တတ်သဖြင့် ခြူးပန်း၊ ခြူးနွယ် ထုလုပ်ထားရှိ၏။

ကြာမှာလည်း ကျက်သရေပွင့် လန်းခြင်းကိုရည်၍ ထုလုပ်ထားရှိသည်။

ဦးဆောက်ပန်းမှာ ခြူးပန်းခြူးနွယ်တို့၏အလယ်တွင် တစ်ပင်လျှင် တစ်ခက်ဖြင့် တစ်ပွင့်စီခွဲလျက် မဂ်လာပန်းအဖြစ် အဦးအထွတ်ပြုကာ ထုလုပ်ထားသည်။

ပလ္လင်ရှစ်မျိုးတွင် အရာဌာနအလိုက် ဆောင်ယောင်ရသည်။

ပလ္လင်ရှစ်ခန်းကို မြဝတီမင်းကြီးဦးစကား သီချင်းဖြင့် ဖွဲ့ဆိုစီကုံးထား၏။

(၁) ဥကင်ဘုံမြင့် သီဟာသနာ၊ စိန်ကြောင်ရောင်ဝင်း၊ သစ်မင်းယမနေ၊

www.burmeseclassic.com

| စဉ် | ပလ္လင်အမည် | ခံသောအရုပ် | ထုလုပ်ရာသစ်သား | အသုံးပြုရာကိစ္စ | ထားရှိရာနေရာ |
|---|---|---|---|---|---|
| ၁။ | သီဟာသန | ခြင်္သေ့ | ယမနေ | မင်းအပွဲတော်ခံ | မြေနန်းတော် |
| ၂။ | ဘမယာသန | ပိတုန်း | ကရဝေး | စက်တော်ခေါ်ရာ | မှန်နန်းဆောင် |
| ၃။ | ပဒုမာသန | ပဒုမာကြာပွင့် | သရက်သား | ကန်တော့ခံ | အနောက်ဇေတဝန်ဆောင် |
| ၄။ | ဟံသာသန | ဟင်္သာ | သင်္ကန်း | ဝတ်ပြုရာ | အရှေ့ဇေတဝန်ဆောင် |
| ၅။ | ဂဇာသန | ဆင် | စကားသား | လက်ဆောင်တော်ခံယူ | မြတ်ဘိုက်ဆောင် |
| ၆။ | သခါသန | ခရုသင်း | တောင်ပိန္နဲ | တရားစီရင်ရာ | လေသာဆောင် |
| ၇။ | မိဂါသန | သမင် | ရေသဖန်း | အလှူတော်ရေစက်ချရာ | တောင်စမုတ်ဆောင် |
| ၈။ | မယုရာသန | ဥဒေါင်း | ပေါက်သား | ကန်တော့ပန်းသိမ်း | မြောက်စမုတ်ဆောင် |

(၂) မှန်ရဝေငယ်မှာလေ၊ ကြိုင်သင်းပျံ့မွှေး။ ဘမယာ
သနှ၊ တောက်ပ ဝင်းဝဏ်ငယ်လေ၊ မှနော
တင့်လွှန်၊ သစ်မွန်ကရဝေးငယ်နှင့်လေး။

(၃) ဆက်စဉ်မည်ရှေး မြတ်ဘိုက်မှာ ဂဇာငွေသား၊
စကားသစ်မြတ်စွာ။

(၄) တောင်လေသာမှာ၊ တောင်ပိန္နဲ သခ်ငယ်သိင်္ဂါ၊
ရစ်လက်ျာ၊ မြင့်ကြာတုလွတ်ကဲပါလို့လေး။

(၅) မျက်မြှာပုလဲခြယ်စီကာ၊ ဇေတဝန်နန်း၊ သင်္ကန်း
မြတ်ဟံသာ။

(၆) ရွှေမိဂါငယ်လေ၊ ပြသဖန်း၊ စမုတ်ကယ်ဘုံမော်၊
လက်ျာတော်၊ ရှုမျှော်အံ့မခန်းသည်နှင့်လေး။


(၇) နောက်ဝေယန်နန်း၊ ဇေတဝန်၊ ပဒုံကြာရှက်၊
သရက်မြတ်သစ်မွန်။

(၈) မြောက်လေသွန်းမှာ စမုတ်ဦး၊ ပေါက်သစ်ငယ်
လျှံဝါ၊ မယုရာ၊ ရစ်ဖြာထိန်ဝင်း မြူးသည်နှင့်
လေး။
စံပျံ့ပျူးပါလို့၊ ရှည်ကျူးငယ်သက်တော်၊ ရာ
ကျော်ဖြိုးရလေ၊ ဆောင်ဆောင်နန်းငယ်နှင့်၊
လေးခန်းငယ်ဒီပါ၊ ချုပ်ကာစိုးရလေ။ ။

ပလ္လင်အမျိုးအစားမှာ ရှစ်ရပ်သာရှိသော်လည်း ထားသောနေရာကား ကိုးခန်းကိုးဌာနဖြစ်သည်။ သီဟာသနပလ္လင်ကို မြေနန်းတော်(နန်းဦးပြာသာဒ်ဆောင်)၌ ထားသည်မဟုတ်သေး။ ဘုရင်မင်းမြတ်ကိုယ်တော်တိုင် လွှတ်တက်သည့်အခါလည်း စံမြန်းရန် လွှတ်တော်တွင်ထားရသည်၊ “ပလ္လင်ရှစ်ခန်း၊ ရွှေနန်းကိုးဆောင်”ဟူသော ဝေါဟာရပေါ်ထွက်ခဲ့ပါသည်။

ထို့ကြောင့် “ဓမ္မပလ္လင်”ကို မျက်ဝါးထင်ထင်မြင်ရသည့် မြင်ပုံများကိုချပြရာ နေရာအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုချင်ပါသည်။ အမုန်သစ္စာတို့စံမြန်းအပ်သော နေရာမြင့်ဟုလည်း ယူဆနိုင်ပါသည်။ ဩဝါဒပေးရာ အဆောင်ဟုလည်း ပြောနိုင်ပါမည်။ ဓမ္မပလ္လင်၊ နန်းသဘင်ဟု တင်စားချင်ပါ၏။

နတ်ထီးလှိုင်





www.burmeseclassic.com

www.burmeseclassic.com

# ဟာသအမောခင်ပွဲ
# လှုတောတစ်ခွင်ဟာသများ

## ဦးကောင်းထူး

### ဆင်းရဲမှာစိုးလို့ပါ

ပြောင်းဖူးပြုတ်သည်တွေ ဆားမခေါ်ခင်တာကြာပါပြီ။ ပထမအသည်က ဆားမထားဘဲ ရောင်းကြည့်တော့လည်း အလုပ်ဖြစ်တာမို့ နောက်တော့ ဘယ်ပြောင်းဖူးပြုတ်သည်မှ ဆားမဆောင်တော့ဘူး။ သိတယ်မဟုတ်လား။ စားသုံးသူ စိတ်ချမ်းသာရေးထက် ကိုယ်အမြတ်များများရရေး ဦးစားပေးကြတယ်လေ။

ဒါပေမယ့် အဲဒီလူက ဒါကိုမသိဘူး။ အခွံလှန်ထားတဲ့ ပြောင်းဖူးပြုတ်ကို ကောက်ကိုင်ရေးမေးပြီး ဆားတောင်းတယ်။ ဈေးသည်က အထူးအဆန်း သဖွယ် မော့ကြည့်ပြီး ဖြေတယ်။

"ဆားမရှိဘူး"

"အလိုလေးဟဲ့ . . . ဆားကလေး ငါးကျပ်သားလောက်ဆောင်ထားရင် ဆင်းရဲမှာစိုးလို့ထင်ပါရဲ့။ အေး . . . ချွေတာကြ၊ ချွေတာကြ။ ထမင်းမစား၊ ရေမသောက်နဲ့"

အဲဒီစကား ကြားရတဲ့သူတိုင်း မရယ်ဘဲမနေနိုင်ဘူး။ ရယ်ကြတယ်။

### ဒိုက်ဦးက စက်ရုံ

"အစ်မရေ . . . မုန့်ဖက်ထုပ်ကြီးတွေ ကောင်းလိုက်တာ။ စားပါဦး"

နေရာက ဈေးဝယ်ကို ဈေးသည်က ဝိုင်းရိုက်လွှတ်လိုက်တဲ့ ဗိုလ်ချုပ်ဈေးသစ်ဆိုတာမှာပါ။ မုန့်ဖက်ထုပ်သည်ရဲ့ဗန်းထဲက မုန့်ဖက်ထုပ်တွေ ကောက်ပြီး လှမ်းပြနေတော့ အပြခံရတဲ့သူ စားချင်လာတဲ့အတွက် ခေါင်းညိတ်တယ်။

သူ့လက်ထဲကို မုန့်ဖက်ထုပ်ရောက်လာလို့ ဖြေပြီးစားနေခိုက် -

"ကောင်းတယ်နော် အစ်မ"တဲ့။

ခေါင်းညိတ်ပြတယ်။ တော်တော်ကြာအောင် အရသာခံစားလို့ ပြီးတော့မှ ဖက်ကို လွှသွားလမ်းပေါ်ပစ်ချရာက -

"အမယ်လေး . . . ကောင်းလိုက်တဲ့ မုန့်ဖက်ထုပ်ရယ်။ ဒိုက်ဦးက အချိုမှုန့်စက်ရုံကြီးတစ်ခုလုံးများ ဗွာပနှာထားရော့လားဟော့"

လို့ မြည်တမ်းလိုက်တော့ ဝယ်ကျွေးရသူ သဘောကျပြီး ရယ်မောနေလေရဲ့။

### စိုးရိမ်စရာ ဌကော

လူကြီးတွေရဲ့ စကားဝိုင်းသေးမှာ ကလေးတစ်ရု ကစားနေကြတယ်။ ဖုန်အလူးလူး၊ နပ်တွေ ပေပေကျံကျံနဲ့ ကစားနေတဲ့ အဲဒီကလေးအားလုံးလောက်နီးပါးဟာ မည်းမည်းပိန်ပိန်ကလေးတွေချည်း ဖြစ်ပါတယ်။ တစ်ယောက်တည်းသာ ကွက်ပြီးဝပါတယ်။

စကားဝိုင်းထဲက လူကြီးတွေက ဒီကလေးဝတယ်၊ ခြေဖမိုးဖောွများ ဖားပြုပ်မာန်ဖီနေသလားမှတ်ရလို့ ပြောဆိုချီးမွမ်းကြပါတယ်။

သူတို့ပြောနေကြစဲမှာ နောက်ဆပ်တစ်ယောက် ရောက်လာပြီး ဘာပြောနေတာလဲ၊ ဘယ်သူ့အကြောင်းလဲလို့ မေးတယ်။

"ဟို . . . ကိုလှုဝလေးအကြောင်းပြောနေတာပါ။ ဝလွန်းလို့"

"ကောက် . . . ရိုးရိုးဝတာမဟုတ်ဘူး။ ကလေးမှာပြီး လူကြီးနီးပါးစားတဲ့ကောင်။ အဲဒါကြောင့် ဗိုက်ကြီးကို ဖုတ်ဝင်နေတဲ့နှာ အဖောရောဂါဖြစ်နေတာ"

လှုတာအကုန်စား ဌကော

www.burmeseclassic.com

ပုဏ္ဏားဆိုတဲ့ စကားရှိတယ် မဟုတ်လား။ ဒါကြောင့်လည်း ဗုဒေကာဟော့ဆိုရင် အစားကျူးသူလို့ နားလည်ကြတယ်။ ဖုတ်ဝင်နေသူဟာလည်း မယုံနိုင်အောင် အစားကြူးတယ် မဟုတ်လား။

□

## အထင်မသေးနှင့်

"မျက်စိက စွေလို့သာပေါ့။ မစွေများမစွေရင် ငါတို့ကို ကဗ္ဗားပေါ် အတက်နိုင်းပြီး ရောင်းစားမယ့်သူငယ်"

အတင်းပြောနေတာ မဟုတ်ဘူး။ ကာယကံရှင်ရဲ့ရှေ့မှာ ပြောင်ပြောင်ပြောနေတာ။ ပြောရတဲ့အကြောင်းကတော့ ထမ်းကြံ့ရင် ဒီဟာကလေး ဝင်ခွဲခဲ့စမ်းပါမှာတာ။ ယူတော့ လာခဲ့ပါရဲ့။ ဒါပေမယ့် ကားခပေးခဲ့ရတယ်ဆိုပြီး တောင်းတဲ့အတွက်ပါပဲ။

ဒါပေမယ့် အပြောခံရသူက ငြိမ်မနေပါဘူး။ ပြောင်ချော်ချော်မျက်နှာနဲ့

"အစ်ကိုကလည်း . . . မျက်စိစွေတယ် စွေတယ်မပြောပါနဲ့ဗျ။ မှိုရာရင်းမှားရည်တွေတဲ့ မျက်လုံးလို့ခေါ်စမ်းပါ"

လို့ ချေပတဲ့အတွက် အပြစ်ပြောတဲ့လူကြီးနဲ့ နားဖော်တွေမှာ ရယ်နေတယ်။

□

## ဆန်းသစ်သည့် ထန်းမြစ်

ခေတ်ဆောင်းရာသီရဲ့ အလှတွေထဲမှာ ထန်းမြစ်လို့ခေါ်တဲ့ ထန်းမြစ်လည်းပါဝင်ပါသည်။ ထန်းမြစ်စိုက်ပျိုးထုတ်လုပ်နိုင်တဲ့ အရပ်ဒေသတွေမှာ ထန်းမြစ်ရယ်၊ လူရယ်၊ ဆောင်းရယ် ခွဲခြားလို့မရဘူး။

ထန်းမြစ်ကို အများအားဖြင့် ဖုတ်စားကြတယ်။ အချို့က ပြုတ်စားကြတယ်။ စမ်းသပ်သူ တချို့က ဆန်မှုန့်နဲ့တွဲပြီး ကြော်စားပေမယ့် ခါးတဲ့အတွက် အကြိုက်နည်းကြတယ်။

ဒါကြောင့် မီးဖုတ်စားကြတာပဲ များပါတယ်။ လတ်ဆတ်တဲ့ ထန်းမြစ်မှသာ အနံ့အရသာကောင်းတယ်။ အမြစ်ထွက်တဲ့နေရာကို ခေါင်းခေါ်တယ်။ အဲဒီနေရာပုပ်နေရင် အနံ့အရသာပျက်တော့တယ်။

တစ်ခုသော နံနက်ခင်းမှာ မြေးတွေလုံနေတဲ့မီးဖိုကို အဘိုးရောက်လာတယ်။ ထန်းမြစ်တွေဖုတ်ထားပြီး ထန်းမြစ်ကိုယ်စီဝါးစားနေတဲ့ မြေးတွေကို ဆီးကြိုပြီး ထန်းမြစ်တစ်ခုပေးတယ်။

"သိပ်ကောင်းတာပဲအဘိုး' စားစား"

အဘိုးက အခွံခွာပြီးစားတယ်။ သုံးလေးချက်လောက်ဝါးအပြီးမှာ ထွေးပစ်လိုက်ရာက -

"နင်တို့ဟာက ထန်းမြစ်ရယ်လို့စားပါတယ်။ အလောင်းဆည့်တဲ့ ခေါင်းပျဉ်ကို ဝါးနေသလားမှတ်ရ။ ထွီ . . . ခေါင်းပုပ်ကြီး"

မသာပျဉ်ထဲက ခေါင်းပျဉ်ဆိုတဲ့ ပျဉ်တစ်မျိုးဟာ ပုပ်စော်နံပါတယ်။ အဲဒါကြောင့် မြေးတွေရဲ့ရယ်မောသံဟာ ညံလို့နေပါတော့တယ်။

□

## မိုးပြတ်ကမ္ဘာ

ဦးပေါ်လာတို့ ကိုမန်းကျော်တို့ အမိရပ်ရွာကို စွန့်ခွာပြီး ရွှေပြောင်းလာကြတာဟာ မကြာခဏ ပြေးရလွှားရ အိပ်ကောင်းခြင်းမအိပ်ရ၊ စားကောင်းခြင်းမစားရလို့။

ဒါပေမယ့် ဖြောင့်ဖြောင့်တန်းတန်း ချောချောမောမော ပြောင်းလာရတာ မဟုတ်ဘူး။ ညီတွေ၊ အစ်ကိုတွေ၊ ဦးလေးတွေ၊ ဒေါ်လေးတွေ၊ ဦးကြီး၊ ဒေါ်ကြီးတွေနဲ့ အစ်မတွေ ညီမတွေကပါ တားဆီးကြတာ ကန့်ကွက်ကြတာ။

"မဖြစ်ပါဘူးဟာ။ ကြာကြာနေရင် စီးပွားလည်းမဖြစ်၊ အသက်လည်းတိုလိမ့်မယ်"

ဒါက ဦးပေါ်လာရဲ့စကား။

"ဟုတ်တယ်။ ငါလည်းမနေချင်ဘူး။ ရန်ကုန်မှာပဲ ဖြစ်သလိုလုပ်ကိုင်စားတော့မယ်"

"အမယ် . . . ဒီမှာကော ဘာအလုပ်များရှိလို့လဲဟဲ့။ ကြီးကျယ်လိုက်တာ။ ဖြစ်သလို လုပ်ကိုင်စားနေရတာပဲ မဟုတ်လား"

ဒါပေမယ့် ကိုသာဦးကတော့ -

"စိတ်ချလက်ချ မအိပ်ရဘူးဟာ။ ငါအကြောက်ဆုံးက စားပြ"

လို့ ပြောတယ်။ အစိုးရယ်က တော့ မရှိတဲ့လူကို ရှိတယ်ထင်ပြီး စားပြတိုက်ရင် မပေးကောင်းလားဆိုပြီး လုပ်သွားမှာစိုးတာကို ပြောတာ။

ဒါပေမယ့် သူ့အစ်ကိုက -

"အောင်မယ်မင်း ဝပါးတစ်စေ့မှမရှိတဲ့ မိုးပြတ်က ပူနေရသေး . . .။ သူတောင်းစားတွေ စားပြကြောက်သလိုပါပဲလား အရပ်တို့ရယ်"

ကိုသာဦးမှာ အစ်ကို့ကို စိတ်မဆိုး



www.burmeseclassic.com

www.burmeseclassic.com

နိုင်ဘဲ ရယ်မောနေရပါသတဲ့။

□

## မီးခြစ်ကျောက်သူခိုး

သူတို့ခိုင်ကရောင်းတဲ့ ဘဲသား ဟင်းကို နိမ့်နိမ့်ချချ မှဆိုးမခုတ်လာတဲ့ ထင်းစည်းလို့ အပြောခံရတဲ့အတွက် ပထမ ဖွတ်လှိုင်းသားအပေါ် မကြည် မသာဖြစ်နေတုန်းမှာ ဖွတ်လှိုင်းသား တစ်စု ထမင်းဆိုင်ထဲဝင်လာပြီး ဟင်း မှိုးစုံမှာတယ်။

သိတယ်မဟုတ်လား။ ရှေ့ကလူ ဘာပြောပြော စားပွဲထိုးကတော့ ပစ် ခတ်ပြီး ချပေးတာပဲ။ ဒုတိယအသုတ် ဖွတ်လှိုင်းသားတစ်ယောက်က -

"ပန်းကန်တွေ ဖြည်းဖြည်းချပါ ကွယ်။ မင်းတို့လုပ်ပုံက ငါ့ကို မသန့် ရေစာ အလကားကျွေးရတယ်သဘော ထားနေသလားမှတ်ရ"

ရယ်သံတွေ စဲသွားခါစမှာပဲ နောက်တစ်ယောက်က -

"အမယ်လေး ထမင်းရယ် မီးခြစ် ကျောက်ကို ပြုတ်ထားသလားမှတ်ရ ဟဲ့။ လည်ချောင်းထဲကို ခဲသိုင်းကပြီး ဆင်းသွားသဟ"

ရယ်လိုက်ကြတာ ထမင်းနင်သူ နင်၊ ဟင်းသီးသူသီး။

□

## မတ်နေလိုက်တာများ

ကောက်စိုက်ပြိုင်ပွဲမှာ သေးက နေပြီး အားပေးကြတယ်။

"ရီရီသန့်ကွ၊ အိအိငြိမ်းဟေ့။ မသန်းတဲ့ကွနော်"

နိုင်စေချင်လွန်းလို့ အားပေးတာ ပါသလို စိတ်အားတက်ကြအောင် တမင်အားပေးသူများလည်း ပါဝင်ပါ တယ်။ အဲဒီအထဲမှာ ကိုယ့်လူမို့ နိုင်စေ ချင်လို့ ရှုံးအော်ဟစ်နေတဲ့ အမျိုးသမီး တစ်စုဟာ အော်ရင်းဟစ်ရင်းနဲ့ အချင်း ချင်း ငြင်းခုန်ကြတယ်။

"စောစောပြီးတိုင်း နိုင်တာမဟုတ် ဘူးတဲ့။ ကောက်ကွက်မှန်မမှန် အပင် မတ်မမတ်တွေလည်း ပါသေးတယ်တဲ့"

"မသန်းရဲ့ ကောက်ပင်တွေဖြင့် မတ်ပါ့တော်"

"အိအိငြိမ်းကကော မမတ်လို့ လား"

"မတ်တော့မတ်တာချည်းပါပဲ။ ဒါ ပေမယ့် ရီရီသန့်က အမတ်ဆုံး"

ဒီအခါမှာ မသန်းကို အားပေးတဲ့ မိန်းမတစ်ယောက် ပြောလိုက်ပုံက -

"သူများတွေရဲ့ ကောက်ပင်တွေ မတ်ပုံကတော့ ရိုးရိုးမတ်တာ။ မသန်းရဲ့ ကောက်ပင်တွေ မတ်ပုံကတော့ အဲလို လေး တံခွန်တိုင်လားမှတ်ရ မတ်လိုက် ထောင်လိုက်ပုံများ"

ကောက်စိုက်ပြိုင်ပွဲကြီးမှာ ရယ် မောသံများကြောင့် ပိုမိုစိုပြေသွားပါတယ်။

□

## ထီပေါက်စဉ်နှင့် မခြားသူ

ပြည်သူ့ရဲတပ်ဖွဲ့ရုံးထဲမှာ ထိုင်နေ တဲ့ တာဝန်မှူးရဲ့ရှေ့ကို ရဲတပ်ဖွဲ့ဝင်တွေ က လူတစ်ယောက်ကို ခေါ်လာတယ်။

အဲဒီလူဟာ တစ်နေရာမှာ မောင် မောင်တာအမည်နဲ့လိမ်ပြီး နောက်တစ် နေ့မှာတော့ မောင်သိန်းလွင်ဖြစ်သွား ရော။ တတိယနေရာမှာ သန်းနိုင်ဦး စတုတ္ထနေရာမှာ တင်မောင်မြင့် . . .။ အမည်အမျိုးမျိုးနဲ့ ပြောင်းလိမ်နေတာ ပါ။ အဲဒါကြောင့် ရဲတပ်ကြပ်ကြီးတစ် ယောက်က -

"မျက်စိလည်ချင်စရာ ကောင်း လိုက်တာ မောင်စိန်ရာ။ လက်စသတ် တော့ မီတာပုံးရမယ်ဆိုပြီး လိမ်သွား တာ မင်းတစ်ယောက်တည်းပါလား"

ဒီအမှုမှာ အမှုလိုက်တစ်ဦးက ဝင်ပြောပြန်တယ်။

"မီတာပုံးရမယ်ဆိုပြီး မင်းလိမ် သွားတဲ့အကြောင်း တိုင်တဲ့စာရင်းက လည်း ငစိန်ရာ အလိုလေးလေး ထီ ပေါက်စဉ်လား အောက်မေ့ရသကွာ"

ရယ်မောသံကြီးကတော့ စခန်း ဝင်းအပြင်ကိုတောင် ရောက်တန်ရာရဲ့

□

## ဘာသံတွေပါလိမ့်

ဘယ်နေရာကိုပဲသွားသွား၊ ဘယ် လမ်းက ဘယ်ကားကိုပဲစီးစီး ပျက်နေ တဲ့လမ်းတွေနဲ့ တွေ့နေရတဲ့အခါတွေ ကပေါ့။

ခရီးသည်တစ်စုဟာ လိုင်းကား တစ်စင်းပေါ်မှာ ပါလာကြတယ်။ လူမ တဲ့နေ့လယ် ၁၁ နာရီ ၁၂ နာရီ ကားကခုန်တယ်။ ချိုင့်ထဲကျလိုက်ရင် ခရီးသည်ရဲ့ခေါင်းနဲ့ အမိုးနဲ့ ဆောင့် တယ်။ ချိုင့်ရှောင်ပြီး ကွေ့မောင်းတော့ သေးအကာနဲ့ နံရိုးဆောင့်တယ် . . .။ တအားမောင်းရာက ဘရိတ်ဖမ်းပြီး လိုမ့်ဆင်းတော့ ရှေ့ကိုလွင့်သွားတယ် အောက်ပါ ကျောက်ခဲတွေက ...



www.burmeseclassic.com

www.burmeseclassic.com

မပြတ်ပွထပြီး ထိမှန်တယ်။

"ရပ်စမ်းကွာ ဟေ့ရပ်ရပ်။ ကား ရှတ်ပြီး တက်စီးလာပါတယ်။ အမယ် လေး အရှုမောင်းလာတဲ့ သံပုံးလှည်း ပေါ် ရောက်နေပါကလားဟေ့"

သည်းမခံနိုင်တော့ဘဲ ခရီးသည် တစ်ယောက်ဟာ ကားကို အရပ်ခိုင်း ရာက ရေရွတ်မြည်တမ်းပြီးဆင်းပြေး တယ်။ ရယ်မောသံတွေကတော့ ပွက် လောရိုက်လို့။

□

## မြည်းမြည်းပေါ့ ယောက်ဖရာ

ဦးပေါ်လာအနေနဲ့ ချင်း မြန်မာ ရောနှောနေထိုင်တဲ့ ရွာတွေမှာလည်း နေခဲ့ဖူးတဲ့အတွက် ကြုံခဲ့ရတဲ့အကြောင်း အရာကလေးကို ပြောပြတတ်ပါတယ်။

ချင်းများဟာ ခင်မင်တယ်၊ ဖော် ရွေတတ်ရာမှာ နှစ်ယောက်မရှိဘူး။ ရိုး သားလိုက်တာလည်း အလွန်ပဲ။ ခင်မင် ရင်းနှီးတဲ့သဘောနဲ့ 'ယောက်ဖ'လို့ လည်း ခေါ်လေ့ရှိပါတယ်တဲ့။

တစ်ညမှာ ဓားပြတစ်စုဟာ ချင်း လူမျိုးအိမ်တစ်အိမ်ကို ဝင်ရောက်ပြီး ဓားပြတိုက်တယ်။ သိကြတဲ့အတိုင်းပဲ။ ဓားပြဆိုတာ လုယက်ဖို့လာတာကလား။ မူယစ်ပြီး ခက်ထန်ကြမ်းကြုတ်တဲ့စိတ် နဲ့ လုလိုက်မယ်၊ သတ်လိုက်မယ်၊ ရိုက် ထိုက်မယ်ဆိုတဲ့ လူတွေမဟုတ်လား။

အဲဒါကြောင့် ချင်းအိမ်ပေါ်ကို ရောက်ရောက်ချင်း ခြေနဲ့ကန်း ဓားပြား နဲ့ ရိုက်တော့တာပါပဲ။ ဒီအခါမှာ အိမ် ရှင် ချင်းအမျိုးသားကြီးက အံ့အားသင့် သော်လည်း အေးအေးတဲ့ လေသံနဲ့ ပြောလိုက်ပုံကတော့ -

"ဝေး・・・ယောက်ဖရေ မြည်း မြည်း လုပ်ပါလား။ အိမ်ကမိန်းမနဲ့ စိတ် ဆိုးလာသလား ယောက်ဖရာ・・ဝေး"

ဓားပြများမှာ ထိုခေတ်က မျက် နှာကို အိုးမည်းသုတ်လိမ်းပြီးမှ ဓားပြ တိုက် လေ့ရှိတဲ့အတွက် ဓားပြကို ဘာ လူမျိုးရယ်လို့ မသိပါဘူး။ သူပြောရိုး ပြောစဉ် ပြောတာပါပဲ။

ဦးပေါ်လာရဲ့စကားဆုံးချိန်မှာ ဝိုင်း ပြီးနားထောင်တဲ့ ကလေးတွေမှာ ရယ် ရမှန်းမသိပေမယ့် လူကြီးတွေက ရယ် မောကြပါတယ်။

□

## ကြဲမယ့်ကြဲရင်

ကိုလိုနီခေတ် ကာကီဘောင်း ဘီတိုဝတ်၊ လိမ္မော်ခြမ်း သက္ကလတ် ဦးထုပ်ဆောင်း၊ တစ်တောင်လောက် ရှည်သည့် နံ့ပါတ်တုတ် လက်နက် ကိုင်ပြီး ပုလိပ်(ယခု ရဲ) ဆိုသည့်လူ တွေ တန်ခိုးထွားနေချိန်က ဖြစ်၏။

ထိုပုလိပ်များအား ကျေးရွာသား တွေသာမက သူကြီးကပါ လက်အုပ် ချီ ဘုရားထူးရအောင် ကြောက်ကြရ ချေ၏။

သို့ဖြင့် နတ်ကန်ဦး၏ ပုလိပ် တချို့ ရောက်လာပြီး ပုဒ်မ/ပုဒ်ထိုး တွေ အမျိုးမျိုးနှင့် ဖမ်းဆီးရမည့် အမှု တွေအကြောင်း ဟန်ပါပါ ပြောနေကြ လေ၏။ ဤတွင် ရွာသား တချို့က ပဲထည့်သည့် ပုတ်တွေ မ,လာပြီး ပုလိပ်တွေ ရှေ့ချလေ၏။

"မောင်မင်းတို့・・・ဒါဘာလုပ် တာလဲ"

"ပုတ်မ, ဆိုလို့ ပုတ်တွေ မ,လာ တာပါ"

ရွာသား၏ အဖြေကြောင့် ပုလိပ် ကြီး ဒေါသဖောင်းသွားလေ၏။

"ဒါ・・・မင်းတို့၊ ငါတို့ကို သက် သက် ပမာမခန့်လုပ်တာကွ"

ဤတွင် နောက်တစ်ယောက်က လည်း ကြားဖူးနားဝနဲ့ ဝင်ပြီး ခြိမ်း ခြောက် ဟိန်းဟောက်ပါလေ၏။

"အစစ်ပဲ・・・မင်းတို့တစ်တွေ အတော်လူပါးဝတယ်။ မင်းတို့ရွာကို ဖုံးကြဲပစ်မယ် သိလား"

ဤသို့ ရွာသားများက မကြောက် သည့်အပြင် မသိသလို၊ သိသလိုနှင့် အကြောင်းရိုက် ပြောပုံကား -

"ဟာ・・・ဖုံးကြဲရင် ကောင်း တာပေါ့။ ကြဲရင်လည်း လောက် လောက် ငှငှလေး ကြဲကြပါဗျာ။ အိမ် မှာ ရေထည့်ထားတဲ့ ဖုံး(ပုံး)လိုနေတာ နဲ့ ဟန်ကျသွားပြီ။ အိမ်က ဖုံး(ပုံး)တွေ အပေါက်တစ်ရာ၊ အဖာတစ်သောင်း ဖြစ်နေလို့ပါ"တဲ့・・・။

**ဦးကောင်းထွေး**





www.burmeseclassic.com

www.burmeseclassic.com

# အနိစ္စဒေသနာတော်

## (၂၂)

**မဟာထွန်း**

တရားတော်ကို ရလိုသော စိတ်ရှိသည့် ပုဂ္ဂိုလ်တို့အား တိဟိတ်ပုဂ္ဂိုလ်ဟု ခေါ်ရသည်။ ဟိတ်သုံးပါးရှိရာတွင် တိဟိတ်ပုဂ္ဂိုလ်တို့သည် အဆင့်အမြင့်ဆုံး ဖြစ်သည်။ ဤဘဝမှာပင် မဂ်ဖိုလ်စသော တရားထူးတရားမြတ်တို့ ရရှိနိုင်လေသည်။

တိဟိတ်ပုဂ္ဂိုလ်တို့သည် လောကီလုပ်ငန်းမှာဖြစ်စေ၊ လောကုတ္တရာလုပ်ငန်းမှာဖြစ်စေ ထက်ထက်မြက်မြက်ရှိတတ်သည်။

တစ်နည်းအားဖြင့် ကောင်းသောလုပ်ငန်းမှာဖြစ်စေ၊ မကောင်းသောလုပ်ငန်းမှာဖြစ်စေ ထူးချွန်တတ်သည်။ မကောင်းသော လုပ်ငန်း၌ ငယ်နာမည် ဟိသကာ၊ နောင်တွင် အင်္ဂုလိမာလဖြစ်လာမည့် ပုဂ္ဂိုလ်၊ လူဆိုးသတ်သမားကြီး တဗ္ဗဒါဠိကစသော လူဆိုးကြီးများကို ကြည့်၍ပင် သိနိုင်လေသည်။

ဤလူဆိုးကြီး နှစ်ယောက်တို့၏ ဘဝဇာတ်ကြောင်းကို အထိုက်အလျောက် တင်ပြလိုပေသည်။ ဦးစွာ အင်္ဂုလိမာလအကြောင်းကို တင်ပြပေမည်။

အင်္ဂုလိမာလသည် ရာဇဂြိုဟ်ပြည် ပရောဟိတ်ပုဏ္ဏားကြီး၏ သားတစ်ယောက်ဖြစ်သည်။ ငယ်စဉ်ကပင် ပညာဉာဏ် အလွန်ထက်မြက်သော်လည်း လူဆိုးတို့၏လက္ခဏာ ရှိသောကြောင့် ဖခင်ပရောဟိတ်ပုဏ္ဏားကြီးက ပညာသင်၍ မပေးပေ။

ထို့ကြောင့် . . . အရွယ်ရောက်သောအခါ ပညာသင်ကြားရန်အတွက် တက္ကသိုလ်ကိုသာလွှတ်သည်။

ထိုအချိန်က ခရီးသွားရန်အတွက် ကား၊ ရထား၊ သင်္ဘော၊ လေယာဉ်ဟူ၍ မည်သည့်ပို့ဆောင်ရေး ခရီးလမ်းကြောင်းမျှ မရှိသဖြင့် ကုန်းလမ်းမှ ခြေကျင်ခရီးကို အသုံးပြုအားစိုက်ပြီး သွားလာကြရသည်။

ဟိသကာသည်လည်း တက္ကသိုလ်ပြည်ရှိရာဘက်ကို မေးမြန်းပြီး အထုပ်ကလေးကိုပိုက်ကာ သွားသည်။ ခရီးအဆင့်ဆင့်ကို ကျော်ဖြတ်သွားပြီးနောက် တက္ကသိုလ်ပြည်၊ တက္ကသိုလ်ဆရာကြီး၏ ဥယျာဉ်ကိုရောက်လျှင် ခရီးပန်း၍ တစ်ထောက်နားကာ တစ်ရေးတစ်မော အိပ်ပျော်သွားသည်။

ဟိသကာသည်ကား သူ့ယခုရောက်၍ တစ်ထောက်နားပြီး အိပ်နေသော်လည်း တက္ကသိုလ်ပြည်ဟု မသိသလို တက္ကသိုလ်ဆရာကြီး၏ ဥယျာဉ်ဟူ၍လည်း မသိရှာပေ။

ကံကောင်းသဖြင့် ထိုအခိုက်မှာပင် တက္ကသိုလ်ဆရာကြီး၏ မိန်းမရောက်လာသည်။ တက္ကသိုလ်ဆရာကြီး၏မိန်းမသည်လည်း ပညာတတ်သူဖြစ်သောကြောင့် ဟိသကာ၏ ကြန်အင်လက္ခဏာကို ကြည့်လိုက်ရုံဖြင့်ပင် ပညာချွန်မည့် သူငယ်တစ်ယောက် ဖြစ်ကြောင်းကို သိလေသည်။

ထို့ကြောင့် အသာပုတ်နှိုးပြီး အကြောင်းကို မေးမြန်းလေသည်။

"လုလင်ငယ် အဘယ်မှလာ၍ အဘယ်အရပ်ကို သွားပါမည်နည်း"

အမျိုးသမီးကြီးတစ်ယောက်၏ ပျော့ပျောင်းပြေသာသော လေသံဖြင့် ပြုမူနှုတ်ဆက်ပုံကို ကြည့်မြင် ကြားလိုက်ရ၍ နိုးထလာသော ဟိသကာ၏ စိတ်ကို ကြည်လင်သွားစေလေသည်။ ထို့ကြောင့် အလိုက်သိစွာဖြင့်ပင် နှုတ်သံပြန်၍ တုံ့ပြန်လိုက်သည်။

"မိခင် ကျွန်ုပ်သည်ကား ရာဇဂြိုဟ်ပြည်ကဖြစ်ပေသည်။ ပညာဘွဲ့ရာ သင်ယူလိုသောကြောင့် တက္ကသိုလ်ပြည်ကို သွားပါသည်"

"လုလင်ငယ် . . . ဤသည်ကား တက္ကသိုလ်ပြည် ဖြစ်ပေသည်။ ငါသည်လည်း တက္ကသိုလ်ဆရာကြီး၏ မယားကညာဖြစ်ပေသည်။ သင်လုလင်ငယ်သည် သင်လိုသော ပညာဘွဲ့ကို



www.burmeseclassic.com

www.burmeseclassic.com

ထွယ်ကူစွာဖြင့်ပင် သင်ယူခွင့်ရပေလိမ့်မည်။

"ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည် မိခင်။ ကျွန်ုပ်မှာ ဤတက္ကသိုလ်ဖြည့်၌ သွေးစပ်သောဆွေမျိုး ကောင်းရောက်မစမည့်သူဟူ၍လည်း မရှိပါ။ သို့ပါသောကြောင့် ယခုကဲ့သို့ တက္ကသိုလ်ကြီး၏ အဓိပတိဖြစ်သောသူ တစ်ဦးတစ်ယောက်နှင့် သိခွင့်၊ ခင်မင်ခွင့်ရသည်ကိုလည်း အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပါသည်"

ဤသို့ဖြင့်ပင် တက္ကသိုလ်ဆရာကြီး၏မယားနှင့် ဟီသကတို့သည် ရင်းနှီးခင်မင်ခွင့် ရရှိသွားကြ၍ ခေါ်သွားရင်းလမ်းခရီးတွင် ပြောပြခြင်းဖြင့်ပင် ဉာဏ်ပညာထက်မြက်သော ဟီသကသည်လည်း ပညာနှစ်ဖုံကို တတ်မြောက်သွားလေသည်။

အိမ်ကိုရောက်လျှင် တစ်ဖက်က ဆူဆူညံညံအသံများအား ကြားရ၍ ဟီသကက မေးမြန်းသောအခါ တက္ကသိုလ်ဆရာကြီး၏မယားက -

"လုလင်ငယ် သင် ယခုကြားနေရသော ဆူညံသံများသည် သင်ဦးတည်ပြီးလာခဲ့သော တက္ကသိုလ်ကျောင်းတော်ကြီးသာလျှင် ဖြစ်ပေသည်"

ဟု ပြောပြလိုက်၍ -

"ဤသို့ဆိုလျှင် မိခင် ကျွန်ုပ်သည် တက္ကသိုလ်ကျောင်းတော်ကြီးကို သွားကြည့်လိုပါသည်။ ခွင့်ပြုတော်မူပါ"

ဟု ဆိုသောကြောင့် သွားခွင့်ပြုလိုက်သည်။

တက္ကသိုလ်၌ ပညာသင်ကြား၍ အိမ်ရောက်နေကြသော ရာဇဂြိုဟ်ပြည်က ကျောင်းသူ၊ ကျောင်းသားအမြောက်အများပင် ရှိကြပေသည်။

ထို့ကြောင့် ငယ်စဉ်ကပင် ဗီဇခံဆိုးဆိုးဖြစ်သော ဟီသကသည် ရာဇဂြိုဟ်မှာက တက္ကသိုလ်တွင် ပညာသင်ကြားနေကြသော ကျောင်းသူကျောင်းသား အတော်များများတို့အား နှိပ်စက်ကလူပြုခဲ့ဖူးသည်။ ထို့ကြောင့် ထိုကျောင်းသူကျောင်းသားများက ဟီသကကို မလိုလားကြပေ။ မလိုလားကြ၍လည်း နှိမ့်ချ၍ ဆက်ဆံကြလေသည်။

"သည်အကောင်က ပုဏ္ဏားသားကွ။ ဘာပညာမှလည်းမတတ်ဘူး။ သူ့အဖေကလည်း ခိုးလို့ ပညာသင်မပေးဘူး"စသည်ဖြင့် -

ထိုအခါ ဟီသက ဒေါသထွက်လေသည်။ သို့သော်လည်း ကျောင်းသားသစ် ဖြစ်သည့်အလျောက် ရန်ဖြစ်၍လည်းမသင့်ပေ။ ထို့ကြောင့် လမ်းလာရင်း တက္ကသိုလ်ဆရာကတော်ကြီး သင်ပေးလိုက်သော ပညာနှစ်ဖုံကို အမှတ်ရလာကာ ပြန်ပြောလိုက်သည်။

"သင်တို့သည် အဲလိုချိုးနှိမ်ပြီး မပြောသင့်ပေဘူး။ ငါ့အကြောင်းကို သိလိုက ပညာပြိုင်ကြစို့လား"ဟု စိန်ခေါ်လိုက်ရာ -

"ရသည်ကား ပုဏ္ဏားသား။ ငါတို့က တက္ကသိုလ်ပညာကို တစ်နှစ်သင်ကြားဖူးကြပြီဖြစ်၍ ပညာတစ်ပုံတတ်နေကြပေပြီ။ သင်စမ်းလိုက စမ်းနိုင်သည်"ဟုဆိုကာ သူတို့၏အတတ်ပညာဖြင့် နာနာရုပ်တစ်ရုပ်ကို (ဂါထာရုပ်၍) ဖော်လိုက်ပြီး ဟီသကအား ပြကြလေသည်။

ဟီသကလည်း အလွယ်တကူပင် သူတတ်မြောက်ထားသော ပညာဖြင့် ဖျောက်ဖျက်ပစ်လိုက်လေသည်။

ထိုအခါ ၎င်းတို့သည် မျက်လုံးပြူးပြီး အလွန်အမင်းပင် အံ့ဩသွားကြလေသည်။ ဟီသက ပညာနှစ်ဖုံတတ်မြောက်ထားသည်ကိုမူ တစ်ယောက်မျှ မသိကြပေ။ ထို့ကြောင့် ယခု ဟီသကက သူပညာတတ်ထားသည်ကိုပြလို၍ ၎င်းတို့နည်းတူ ရုပ်နှစ်ရုပ်ကို ဖော်ပေးလိုက်ခြင်းဖြစ်သည်။

ထိုအခါ ၎င်းတို့သည် ဖျောက်ဖျက်နိုင်ခြင်းမရှိကြဘဲ ဆရာကြီးအားသွားပြမှ ဖျောက်ဖျက်နိုင်ခြင်းဖြစ်လေသည်။ ထို့ကြောင့် ဟီသကထက် ဦးစွာရောက်၍ ပညာသင်ပေးနေကြသော သူများလည်း သူတို့ထက် ပညာတစ်ဖုံသာနေသော ဟီသကအား ကြံစည်ကြလေသည်။

တက္ကသိုလ်ဆရာကြီးရော၊ ဆရာမကြီးပါ ပညာဉာဏ်မြင့်မြတ်သော ဟီသကအား အရေးပေးကြသည်ကိုလည်း ရာဇဂြိုဟ်သားတို့က မကျေနပ်ကြပေ။ ငယ်စဉ်ကပင် အနိုင်ကျင့်ထားဖူး၍ မုန်းရိုးစွဲရှိလာကြလေရာ ယခုအခါ သူတို့မုန်းနေကြသော ဟီသကက တက္ကသိုလ်မှာလည်း အသာရနေလေရာ များစွာမှပင် ဒေါသထွက်နေကြလေသည်။

ဟီသက တက္ကသိုလ်မှာ နေခွင့်ရသွားပြီးနောက် တစ်နေ့သောအခါတွင် ဆရာကြီး သတိပြုမိသည်မှာ ညအချိန်ကိုရောက်တိုင်း တက္ကသို ကျောင်းတော်ကြီးတစ်ခုလုံး တုန်လှုပ်ခြင်းပင်ဖြစ်သည်။ ဤသည်မှာ ကျောင်းသားများစွာတို့အထဲ တစ်ယောက်သော အားရှင်၊ ဗလရှင်ကြီး ဦးရှိနေ၍ အိပ်ပျော်နေခိုက် လူးလွန့်သောကြောင့်သာ ယခုကဲ့သို့

www.burmeseclassic.com

ကျောင်းတော်ကြီး တုန်လှုပ်ခြင်းဖြစ်မည်ဟု နားလည်လိုက်သည်။

ထို့ကြောင့် မိုးသောက်သို့ရောက်သောအခါ ငှက်ပျောမှည့်တစ်ဖီးကို ရှေ့မှာချပြီး ကျောင်းသားတို့အား ခေါ်၍ အားရှင်၊ ခွန်ရှင်၊ ဗလရှင်ကြီးအား ဖော်ထုတ်လေသည်။

"အမောင်တို့ သင်တို့အထဲမှ တစ်ယောက်သောသူသည် တက္ကသိုလ်ကျောင်းတော်ကြီး၏ ခေါင်မိုးကို တံထွေးဖြင့်ထွေး၍ ရောက်သည်ဖြစ်အံ့။ ထိုသူသည် ဤငှက်ပျောသီးမှည့်ကိုယူ၍ စားပါလော့"

တစ်ယောက်သောသူမျှ တက္ကသိုလ်ကျောင်းတော်ကြီး၏ ခေါင်မိုးကို တံထွေးဖြင့်ထွေး၍ ရောက်နိုင်ခြင်းမရှိဘဲ မိမိတို့၏မျက်နှာမှာသာ ပြန်၍ကပ်ကြကုန်၏။ ဟိဿကထွေးလေလျှင်-တက္ကသိုလ်ကျောင်းတော်ကြီး၏ ခေါင်မိုး၌ကပ်၏။ ထို့ကြောင့် ဆရာကြီးသည်လည်း များစွာသဘောကျကာ ငှက်ပျောဖီးကိုပေး၍ ချီးမြှောက်လေသည်။

ဤတွင်လည်း ရာဇဂြိုဟ်ကျောင်းသားများ မစ္ဆရိယဖြစ်ကြပြန်လေသည်။ ထို့ကြောင့် ဟိဿက၏ အားနည်းချက်ကိုရှာရင်း နောက်ဆုံးတွင် ဆရာကြီးနှင့် ဆရာမကြီးတို့ ဦးစားပေးသည်ကို အပြစ်ဖို့ကာ ဟိဿကသည် ဆရာမကြီးနှင့် ယဉ်ပါးနေပါသည်ဟု တိုင်ကြားကြလေသည်။

ထိုကုန်းချောစကားကို ဆရာကြီးယုံလေ၍ ဟိဿကအား သေကြောင်းကြံကာ လက်ညှိုးတစ်ထောင်ဖြတ်ခိုင်းခြင်းပင်ဖြစ်လေသည်။

(ဇာတ်သည် ရှည်လျား၍ ကျဉ်းရုပေမည်။)

ဟိဿက၏ အားကြီးခြင်းသည်ကား အံ့မခန်းရှိစွာသည်။ သာမန်လူများ ခုနစ်ရက်သွားထားသည်ကို ဟိဿကတစ်ချက်ခုန်လျှင်ပင် ရောက်သည်ဟူ၏။ ထို့ကြောင့် အားကြီးရှင်ဖြစ်သော ဟိဿကသည် လူများစွာကို တိုက်ခိုက်သတ်ဖြတ်ပြီး လက်ညှိုးဖြတ်နေသော်လည်း တစ်ဦးတစ်ယောက်မျှ ပြန်လည်ခုခံတိုက်ခိုက်ခြင်းကို မစွမ်းနိုင်ကြပေ။

ရရှိလာသော လက်ညှိုးများကို မပျောက်မပျက်ရလေအောင် ချည်နှောင်၍ လည်ပင်းမှာ ပန်းကုံးသဖွယ်ဆွဲထားသောကြောင့်လည်း အင်္ဂုလိမာလဟု တွင်သည်။ (အင်္ဂုလိ=လက်ချောင်း၊ မာလ=ပန်းကုံး)

ထိုထို လက်ညှိုးများစွာတို့မှထွက်သော အပုပ်နံ့သည်လည်း နံစော်ခြင်းမရှိ မွှေးဘိသို့ပင် ရှိကြောင်းဆိုသည်။

နောက်ဆုံးတွင် တစ်ထောင်ပြည့်ရန် လက်ညှိုးတစ်ချောင်းသာလိုတော့၍ မိခင်ဖြစ်သူကိုပင်မရှောင် လက်ညှိုးဖြတ်ရန် လိုက်နေဆဲတွင် မြတ်စွာဘုရားရှင်နှင့်တွေ့၍ အကျွတ်ရသည်။ အကျွတ်ရပုံသည်လည်း မှတ်ဖွယ်ကောင်းသည်။ မြတ်စွာဘုရားရှင်က -

"ချစ်သား သင်မိခင်၏ လက်ညှိုးကို မဖြတ်လင့်။ ငါဘုရား၏လက်ညှိုးကိုသာ ဖြတ်ပါလော့"ဟု မိန့်တော်မူလျှင် အင်္ဂုလိမာလလည်း ဘုရားရှင်အား ဓားဖြင့်လိုက်လေသည်။

သို့သော် မည်သည့်တန်ခိုးရှင်၊ အားရှင်တို့ဖြစ်စေ ၎င်းတို့၏ တန်ခိုးအားအင် စသည်များမှာ ဘုရားရှင်၏ထံမှောက်ကိုရောက်လျှင် ပျောက်ကြ ပျက်ကြရသည်။ ဘုရားရှင်ကို ယှဉ်ပြိုင်နိုင်သူဟူ၍ကား သုံးဆယ့်တစ်ဘုံတွင် တစ်စုံတစ်ယောက်မျှ မရှိရပေ။

အင်္ဂုလိမာလသည်လည်း ဘုရားရှင်အား ဓားနှင့်သာလိုက်နေသည်။ ဘုရားရှင်သည် နေရာမရွေ့ ပြကတေ့ရပ်တော်မူနေသည်။ အင်္ဂုလိမာလသည် ဘုရားရှင်၏ အနီးအနားမျှသို့ပင် ချဉ်းကပ်မိခြင်းမရှိပေ။ သူ၏ကြီးမားသော အင်အားများသည်လည်း ဆုတ်ယုတ်၍ မောပိုက်လာလေသည်။ ထိုအခါ...အင်္ဂုလိမာလက -

"မြတ်စွာရှင် အကြောက်တရားမရှိဟုကြားဖူးသည်။ ယခုတွင်မှ အဘယ်ကြောင့် ပြေးနေဘိသနည်း"ဟု မေးလေရာ ဘုရားရှင်က -

"ချစ်သား ငါကားမပြေး။ သန္တာဝိသံ၊ သံသရိသံ= ငါဘုရား၌ ပြေးရန်လည်း မလိုတော့ပြီ။ ပြေးရန်အကြောင်းလည်းမရှိတော့ပြီ။ သင်သာလျှင် ပြေးနေ၏။ ငါမပြေးဘဲ သင်ပြေးနေခြင်းသာဖြစ်ပေ၏"

ဤတွင်...အင်္ဂုလိမာလသည် အနည်းငယ်မျှ တွေဝေ၍သွားလေသည်။ မြတ်စွာဘုရားရှင်က ဆက်၍ဟောတော်မူသည်။

"ချစ်သား..သင်သည် ယခင်ကလည်း ပြေးနေသည်။ ယခုလည်းပြေးနေသည်။ သည်အတိုင်းဆိုလျှင် နောင်လည်း ပြေးနေရဦးမည်။ ထို့ကြောင့် ချစ်သား...သင်သည် နောင် အဘယ်မျှကြာအောင် ပြေးနေဦးမည်နည်း"

မြတ်စွာဘုရားရှင်၏ ဒေသနာအခုံးတွင် အင်္ဂုလိမာလသည် အကျွတ်ရလေ၏။ လက်မှဓားသည်လည်း ပြုတ်



www.burmeseclassic.com

www.burmeseclassic.com

ကျသွားလေ၏။ သတ္တဝါမှန်သမျှ ခန္ဓာရလျှင် ဖြစ်ပျက်မနား ရဟတ်ချားကဲ့သို့ တစ်သွားတည်းသွား (ပြေး)နေကြရသည်။ ဒုက္ခပြွန်းသည်။ ဖြစ်၊ သေသဘောတွင် တည်လျက်ရှိသည်။

ထို့ကြောင့် မမြဲသောအနိစ္စ၊ ဆင်းရဲသော ဒုက္ခ၊ အလိုသို့မလိုက်သော အနတ္တ စသည်မှ အဆုံးမထင်နိုင်သော သံသရာတိုင်အောင် . . .သူ၏ဉာဏ်အထောက်ဖြင့် ရှုမြင်ပေါက်မြောက်သွားလေသည်။ မြတ်စွာဘုရားရှင်၏ အဆုံးအမဥ္စတည်ကာ မြင့်မြတ်သော ရဟန်းအဖြစ်မှသည် နိဗ္ဗာန်တိုင်အောင် အကျိုးရောက်သွားလေသည်။

× × ×

တဗ္ဗဒါဠိက အကြောင်းကို ဆက်ဦးမည်။

တဗ္ဗဒါဠိကသည်ကား အလွန်အမင်း စိတ်ထားကြမ်းတမ်းရက်စက်သော လူတစ်ယောက်ဖြစ်သည်။ စာပေအရ ရုပ်လက္ခဏာသည်လည်း စိတ်နှင့်ညီစွာ ကြမ်းတမ်းသော ပြည္ဆာရိက ရုပ်လက္ခဏာမျိုးဖြစ်သည်။

နိုင်ငံကျော် လူဆိုးဓားပြ အုပ်စုကြီးထဲသို့ရောက်လာပြီး သူ့ကိုလည်း လူဆိုးဓားပြအဖွဲ့ဝင် တစ်ယောက်အဖြစ် သတ်မှတ်ပေးပါရန် တောင်းဆိုလေရာ လူဆိုးခေါင်းဆောင်ကြီးက တဗ္ဗဒါဠိက၏ ကြမ်းတမ်းပြီး ရက်စက်ယုတ်မာမည့် ရုပ်လက္ခဏာကိုမြင်ရုံဖြင့် သဘောမကျဖြစ်ကာ အဖွဲ့ဝင်အဖြစ်လက်မခံတော့ပေ။

တဗ္ဗဒါဠိကလည်း အလျှော့မပေးဘဲ လက်ထောက်လူဆိုးခေါင်းဆောင်ထံ ချဉ်းကပ်ပြီး ရှေ့နည်းအတူ သူ့အား လူဆိုးအဖွဲ့ဝင်တစ်ယောက်အဖြစ် လက်ခံရန် တံစိုးလက်ဆောင်ပေး၍ တောင်းပန်ပြန်သည်။ ထို့ကြောင့် လက်ထောက်လူဆိုးဗိုလ်က တံစိုးလက်ဆောင်များကိုယူပြီး လက်ခံလိုက်လေသည်။ လက်ထောက်က လက်ခံလိုက်သည်ဖြစ်၍ ခေါင်းဆောင်ကြီး ငြင်းပယ်ရန် ခက်လေသည်။ ထို့ကြောင့် တဗ္ဗဒါဠိကကြီး လူဆိုးအဖွဲ့ဝင် ဖြစ်သွားလေသည်။

သိပ်ပြီးမကြာ။ ရာဇဂြိုဟ်ဘုရင် ဗိမ္ဗိသာရ၏ ဘုရင့်တပ်မတော်က ဝိုင်းဖမ်း၍ အရှေ့အနောက်စသော အရပ်လေးမျက်နှာတွင် သောင်းကျန်းနေကြသည့် လူဆိုးနှစ်ထောင်တို့ကို မိသွားလေသည်။ ထိုနှစ်ထောင်တို့အထဲတွင် တဗ္ဗဒါဠိကတို့ လူဆိုးအဖွဲ့လည်း ပါဝင်သွားလေသည်။

ထိုခေတ်အချိန်က လူဆိုးများအား ကြိုးပေးသတ်သောခေတ် မဟုတ်ပေ။ ညနေတောင်စွယ်ကို နေကွယ်မှ သုဿာန် ကိုထုတ်ပြီး ဇက်ပြတ်အောင် ဓားခုတ်သတ်သောခေတ်ဖြစ်သည်။ ထိုအခါ ထိုလူဆိုးများ၏ အထဲကပင် လူသတ်သမားတာဝန်ကို ယူမည့်သူအား မေးမြန်းလေရာ မည်သည့်လူဆိုးကမျှ တာဝန်မယူကြပေ။

မိမိတို့၏ လုပ်ဖော်ကိုင်ဖက်၊ ဆိုးဖော်ဆိုးဖက် ကျေးဇူးမကင်းသော လူများချည်းဖြစ်နေလေ၍ မသတ်ရက်ကြပေ။ သတ်မည့်သူသာမရှိလျှင် ဗိမ္ဗိသာရဘုရင်သည် သောတာပန်ကြီးဖြစ်၍ ထိုလူဆိုးနှစ်ထောင်တို့အား သတ်မိန့်ကို ရုပ်သိမ်းကာ ထိုက်သင့်သော ထောင်ဒဏ်ကို ကျခံရုံမျှဖြင့်ပင် ထောင်သက်ကုန်သောအခါ၌ လွတ်မြောက်နိုင်ဖွယ်ရှိလေသည်။

ယခုမူ ကျေးဇူးကန်း၍ ထောက်ညာခြင်းကင်းသော တဗ္ဗဒါဠိကက "သူသတ်မည်"ဟု ဆိုလိုက်ပြီး တဗ္ဗဒါဠိကကြီး ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ပျော်ရွှင်နေသလို တဗ္ဗဒါဠိကကို လက်ခံလိုက်မိသော လက်ထောက်လူဆိုးဗိုလ်နှင့်တကွ လူဆိုးအားလုံးတို့မှာလည်း နောင်တရ၍မဆုံး ဖြစ်ကြရလေသည်။

ထိုနေ့မှာပင် လူဆိုးသတ်ရာထူးကို ရရှိသွားသော တဗ္ဗဒါဠိကသည်လည်း သူ၏ကျေးဇူးရှင် လုပ်ဖော်ကိုင်ဖက်၊ ဆိုးဖော်ဆိုးဖက် မိတ်ဆွေ/ဆရာများဖြစ်ကြသော လူဆိုးငါးရာအပြင် အရပ်သုံးမျက်နှာက ငါးရာစီဖမ်းမိထားသော လူဆိုး တစ်ထောင့်ငါးရာ၊ ပေါင်းနှစ်ထောင်တို့အား တစ်ယောက်ပြီးတစ်ယောက် ခေါင်းဖြတ်၍ သတ်လိုက်လေသည်။

နောက်နောက်သော ကာလများတွင် ဆိုးမိုက်၍ ဖမ်းမိလာသောလူဆိုးများကိုလည်း တဗ္ဗဒါဠိကကပင် တာဝန်ယူပြီး ခေါင်းဖြတ်သတ်ဖြတ်ပေးနေလေသည်။

တဗ္ဗဒါဠိက သတ်ဖြတ်ကို တာဝန်ယူလာခဲ့သည်မှာ သူ့အသက်အရွယ်ရလာသည်အထိပင် ဖြစ်လေသည်။

သူ့အသက်အရွယ် ရလာသောအခါ အားအင်များ ဆုတ်ယုတ်လာ၍ လူများအားသတ် ခေါင်းဖြတ်သတ်ရာ ၌ တစ်ချက်တည်းဖြင့် ခေါင်းပြတ်အောင် မသတ်ဖြတ်နိုင်တော့ပေ။ ခေါင်းမပြတ်မချင်း ခုတ်ဖြတ်ပြီး ဖြတ်သတ်နေရလေသည်။

ထို့ကြောင့် ထိုအဖြစ်ကို ငြိကြ

www.burmeseclassic.com

www.burmeseclassic.com

သော လူဆိုးများက "သေရမည့်အတူ အချက်ပေါင်းများအနှာခံပြီး ခုတ်သတ်ခြင်းကို မခံလိုပေ"ဟု ပြောဆိုကာ ဆန္ဒပြကြသဖြင့် တဗ္ဗဒါဌိကကြီး လူဆိုးသတ်ရာထူးမှ အနားယူရလေသည်။

တစ်နေ့သောအခါတွင် တဗ္ဗဒါဌိကကြီးသည် ရေမိုးချိုး ဖြီးလိမ်းပြင်ဆင်ကာ သားပြွန်းထမင်းစားရန် ပြင်ဆင်လေသည်။ (လူဆိုးသတ်နေချိန်က ကြမ်းတမ်း၊ ရက်စက်သောအသွင်ကို သာဆောင်နေရ၍ ဖြီးလိမ်းပြင်ဆင်ခြင်း၊ သားပြွန်းထမင်းစားသောက်ခြင်း စသည်ကို မပြုရလေသလောဟု ခန့်မှန်းရသည်။ သားပြွန်းထမင်းဟူသည်မှာလည်း ယခုခေတ် ဒံပေါက်ထမင်းပင် ဖြစ်ဟန်တူသည်။)

ထိုအချိန်၌ ဤနေ့ပင် တဗ္ဗဒါဌိကသည် နွားအသွင်ဖန်ဆင်းထားသော ဘီလူးမ(ခတ်)သတ်၍ သေရမည်။ သေပြီးနောက် တစ်သက်ပတ်လုံး သူသတ်ခြင်းတည်းဟူသော ပါဏာတိပါတ အကုသိုလ်ကြောင့် အဝီစိကို ကျရောက်မည်ဟု သိတော်မူသော အရှင်သာရိပုတ္တရာသည် တဗ္ဗဒါဌိကအား ကယ်တင်ရန် အလို့ငှာ တဗ္ဗဒါဌိက၏ အိမ်ရှေ့တွင် ဆွမ်းရပ်လေသည်။

တဗ္ဗဒါဌိကလည်း စေတနာသဒ္ဓါတရားရှိဟန်တူသည်။ ချက်ချင်းပင် သားပြွန်းဆွမ်းထမင်းများကို အရှင်သာရိပုတ္တရာအား တစ်ပါးစားလောက်အောင် လောင်းလှူလေသည်။

တဗ္ဗဒါဌိကအား ကယ်ချွတ်ရန် အစီအမံဖြင့်သာ ကြွလာတော်မူသော အရှင်သာရိပုတ္တရာသည်လည်း ကျောင်းတော်သို့ပြန်မကြွဘဲ တဗ္ဗဒါဌိကကြီး၏ အိမ်မှာပင် ဆွမ်းဘုဉ်းပေးပြီးနောက် တဗ္ဗဒါဌိကကြီးအား ဆွမ်းတရား ဟောကြားပြီး ဆုံးမတော်မူလေသည်။

သို့သော်လည်း တဗ္ဗဒါဌိကကြီးသည်ကား တရားတော်သို့ စိတ်မရောက်နိုင်ပေ။ သူကိုယ်သူ လူသတ်သမား၊ လူဆိုးလူမိုက်၊ တရားမရနိုင်ဟု ယူဆကာ သူလူသတ်ခဲ့စဉ်က အကြောင်းဖြစ်စဉ်များကိုသာ အစဉ်အတိုင်း မြင်ယောင်နေလေသည်။

လူဆိုးများအား သတ်ဖြတ်ရန် သူ့သသန်သို့ ဆွဲခေါ်လာရာတွင် ယက်ကန်ယက်ကန်ဖြင့် ပါလာကြပုံ၊ ငိုမြည်းတမ်းတကြပုံ၊ ဆဲဆိုကြိမ်းမောင်းကြပုံ၊

ဟိုချုပ်၊ သည်ချုပ်ထွက် သုသာန်ထဲ၌ လူသားစားရန်(စားနေကျလည်း ဖြစ်သော)အသင့်ရောက်ရှိနေကြသည့် တောခွေးများ၊ ဟိုအပင်၊ သည်အပင် တဝဲဝဲဖြင့် ပြန်ဝဲနေကြသော ကျီးလင်းတများ။

ဓားထက်ထက်ဖြင့် လူဆိုးများ၏ ခေါင်းကို ဖြတ်တောက်လိုက်ရာတွင် သွေးများပန်းထွက်လာပုံ၊ မြေပြင်မှာ ဦးခေါင်းပြတ်ကြီး လိမ့်နေပုံ၊ ကိုယ်လုံးကြီး တုန်ချည့်နေပုံ၊ လူနောက်ခိုင်သည်နှင့် အလောင်းကောင်များကို ကျီးလင်းတများ၊ တောခွေးများ ဝိုင်းဆွဲကြပုံ တကိုးကိုးဖြင့် အစာလုရင်း မာန်စောင်ပြီး ကိုက်ခဲကြပုံ စသည်များကိုသာ တသီတတန်းကြီး မြင်ယောင်နေလေသည်။

တဗ္ဗဒါဌိက၏ သည်အဖြစ်ကို အရှင်သာရိပုတ္တရာ သိတော်မူသည်။ ထို့ကြောင့်လည်း မေးတော်မူသည်။

"ဒကာကြီး တရားတော်ကို နားလည်ပါ၏လော"

"အရှင်ဘုရား တပည့်တော် နားမလည်ပါ။ အမှန်ကို ဆိုရပါမူ တပည့်တော်သည် လူသတ်သမားဖြစ်ပါသည်။ ထို့ကြောင့် တရားနာ၍လည်း ရနိုင်ဖွယ်မရှိပါဘုရား"

ဤ၌ အရှင်သာရိပုတ္တရာသည် ပရိယာယ်သုံး၍ တဗ္ဗဒါဌိကကြီးအား မေးတော်မူသည်။

"ဒကာကြီး သင်သည် လူသတ်သမားပြုလုပ်စဉ်က မိမိဘာသာ မိမိ၏ သဘောဖြင့် သတ်သည်လော၊ ဘုရင်ကစေခိုင်း၍ သတ်သည်လော"

"အရှင်ဘုရား ဘုရင်က စေခိုင်း၍သာ တပည့်တော် သတ်ဖြတ်ခြင်းဖြစ်ပါသည်"

"ဘုရင်ကခိုင်း၍သတ်လျှင် သင့်၌ အပြစ်ရှိနိုင်ပါ့မလား"

(စင်စစ်တွင် မည်သူကခိုင်း၍ သတ်သည်ဖြစ်စေ အပြစ်သည် အပြစ်သာလျှင်ဖြစ်၏။ အပြစ်အကြီးနှင့်အသေးသာကွာ၏။ ထိုအပြစ်ကိုလည်း မလွဲမသွေ ကျခံရမည်သာဖြစ်၏။

ရှင်သာရိပုတ္တရာကလည်း အပြစ်မရှိဟု ဆိုသည်မဟုတ်ပေ။ ဉာဏ်နည်းသော တဗ္ဗဒါဌိကကြီး တလွဲ(အပြစ်ရှိသည်ကို အပြစ်မရှိဟု) သိသွားစေလို၍သာ ပရိယာယ်ဖြင့် မေးတော်မူခြင်းဖြစ်သည်။)

ဟုတ်သည်။ တဗ္ဗဒါဌိကကြီးသည် အမှန်ကို မသိပေ။ ဗဟုသုတလည်း နည်းဟန်ရှိသည်။ ထိုကဲ့သို့ အမှန်ကို မသိနိုင်ခြင်းကပင် တဗ္ဗဒါဌိကအတွက် အကောင်းဘက်သို့ ရောက်သွားရလေသည်။ ငါလူသတ်လာခြင်းမှာ ဘုရင်ကခိုင်းသည်ဖြစ်၍ ငါ့မှာအပြစ်မရှိ။ ဘုရင်



www.burmeseclassic.com

www.burmeseclassic.com

မှာသာ အဖြစ်ရှိသည်ဟု ယူဆရာ စိတ်ကြည်လင်သွား၍ တရားတော်ကို ဆက်ပြီးနာကြားလေရာ အနုလောမ ခန္တီဉာဏ်တိုင်အောင် ရရှိသွားလေသည်။

အနုလောမခန္တီဉာဏ်သည် သောတာပတ္တိမဂ်ထဲမှာသာ ရှိသောကြောင့် သောတာပန်အဖြစ်လည်း ရေတွက်နိုင်လေသည်။

× × ×

အထက်ပါ ဇာတ်လမ်းနှစ်ပုဒ်ကို အကျဉ်းချုပ်၍ပြခြင်းမှာ ယခုခေတ် အကာ၊ ဓကာမအပေါင်းတို့သည် မိမိတို့ကိုယ်ကို တရားနာကြား ပွားများအားထုတ်သော်လည်း ရနိုင်ပါ့လားဟု လျှော့တွက်တတ်ကြသည်ကို သိမှု၍ ရေးပြလိုက်ရသည်။

ထို့ကြောင့် • • •တရားတော်နှင့် မထိုက်တန်သော ယောဂီပုဂ္ဂိုလ်ဟူ၍မရှိပေ။ ကုန်ခဲ့သည့်လကဆိုခဲ့သည့်အတိုင်း ဗုဒ္ဓာနုဗုဒ္ဓရိယကားကြီး ထိုက်နေကြသော လူများနှင့် နိယျာတမိစ္ဆာဒိဋ္ဌိသုံးပါး တိုရှစ်ထိရှိနေကြသော လူများလွဲလျှင် တရားတော်နှင့် ထိုက်တန်ကြသော ပုဂ္ဂိုလ်များချည်းသာ ဖြစ်ကြပေသည်။

(အမှန်တကယ် တရားရလိုလျှင် တိဟိတ်ပုဂ္ဂိုလ်ဟု သတ်မှတ်ရကြောင်း။ ဤဘဝမှာပင် တရားရနိုင်ကြောင်း။ ထယ်တီး မဟာစည်စသော ဆရာတော်ကြီးများက သတ်မှတ်ခဲ့ဖူးကြောင်းလည်း ကြားဖူးသည်။)

ထို့ကြောင့် ဝိပဿနာတရားတော်ကို နာကြား၊ ရှုမှတ်၊ ပွားများ၊ အားထုတ်ကြသော ယောဂီပုဂ္ဂိုလ်အားလုံးတို့သည်ပင် အချိန်မရွေး၊ တရားထူးကိုရနိုင်ကြောင်း မှတ်ထိုက်ပေသည်။

တင်ပြခဲ့သော ဟိဿကခေါ် အဂ္ဂိလိမာလ၊ လူသတ်သမားကြီး တမ္ဗဒါဌိကတို့သည်ပင် သက်သာလွယ်ကူစွာဖြင့် တရားထူးကို ရရှိသွားကြသည်မှာ ထင်ရှားခဲ့ပေပြီ။ ထို့ကြောင့် ယောဂီပုဂ္ဂိုလ်အပေါင်းတို့သည်လည်း ဝိပဿနာတရားတော်ကိုသာ နာကြား၊ ဖတ်ရှု၊ ပွားများ၊ အားထုတ်ပါမှ အချိန်မရွေး တရားထူးကို ရရှိနိုင်ကြသည့်အကြောင်း ထင်ရှားပေပြီ။

ထို့နောက် ရှုမှတ်နေကျ အနိစ္စဝိပဿနာ၏ သဘောဆယ်ချက်ကို ဆက်ကြဦးစို့။

ကုန်ခဲ့သည့်လက အသက်ငါးဆယ်မှ ခြောက်ဆယ် လူတစ်ယောက်၏ အကြောင်းကို တင်ပြခဲ့သည်။ ယခုလအတွက် ခြောက်ဆယ်မှ ခုနစ်ဆယ် အဖိုးအိုတစ်ယောက်၏ အကြောင်းကို ဆက်ဦးမည်။

အသက်ပိုင်းခြားသည်သာ ဆယ်နှစ်တစ်ဆင့် ကွာခြားသွားပြီး တရားရှုမှတ်နည်းသည်ကား အနိစ္စဒေသနာတော်၏ သဘောအတိုင်းသာဖြစ်ပေသည်။ ထို့ကြောင့် ခက်လိမ့်မည်လည်း မဟုတ်ပေ။ ထို့ကြောင့် ယခင်လက ဘင်ပြရှုမှတ်ခဲ့သည်ကို အာရုံပြုထားရန် လိုပေသည်။

အသက်ခြောက်ဆယ်နှင့် အသက်ခုနစ်ဆယ် အဘိုးအိုနှစ်ယောက်တို့အား ယှဉ်ကြည့်ပါ။ ခုနစ်ဆယ်အဘိုးက ခြောက်ဆယ်အဘိုးထက် ပိုပြီးရင့်အိုနေသည်ကို တွေ့ရပေမည်။ ရုပ်နု နာမ်နုများ မျက်တောင်တစ်ခတ်၊ လျှပ်တစ်ပြက်အတွင်းမှာပင် ကုဋေပေါင်းမြောက်မြားစွာ သေခုံးပျက်စီးနေ၍ ရုပ်ရင့်နာမ်ရင့်များသာ ထပ်ဖြစ်နေသောကြောင့် တရစ်ရစ်ဖြင့် ရင့်အိုလာနေခြင်းဖြစ်သည်။ ထို့ကြောင့်လည်း ဆယ်နှစ်မျှ ကွာခြားနေသောကြောင့် အသက်ခုနစ်ဆယ်အဘိုးက အသက်ခြောက်ဆယ်အဘိုးထက် ပိုပြီးရင့်အိုနေခြင်းဖြစ်သည်။

ထိုနည်းလည်းကောင်း မွေးကင်းစမှ ယခုအချိန်ထိ ထို့နောက် သေဆုံးသည့်အချိန်ထိ ရုပ်နုနာမ်နုများ တစ်သွေတည်း သေခုံးပျက်စီးနေပြီး ရုပ်ရင့်နာမ်ရင့်များသာ ထပ်ဖြစ်နေခြင်းဖြစ်သည်။ ဤသည်ကို ရှုမှတ်တတ်လျှင် အနိစ္စဒေသနာတော်ဖြစ်လေသည်။

မိမိတို့၏ ပရမတ်ခန္ဓာပေါ်တင်ပြီး ထိုနည်းအတိုင်း ရှုမှတ်တတ်လျှင် ခန္ဓာငါးပါးသည် မမြဲကြောင်း။ အနိစ္စအစစ်ကြီးသာ ဖြစ်ကြောင်းကိုလည်း နားလည်နိုင်ကြမည်ဖြစ်သည်။ တရားရှုမှတ်ရာ၌ ခန္ဓာကိုယ်ကို လွှတ်ထား၍လည်း မရပေ။ တရားရှာ ကိုယ်မှာတွေ့ဆိုသည့်အတိုင်း အနိစ္စဒေသနာတော်ကို ရှုမှတ်ပွားများကြသော ယောဂီပုဂ္ဂိုလ်အားလုံးတို့သည် ဤအတိုင်းသာ ရှုမှတ်ကြရသည်။

မရှုမှတ်တတ်စရာလည်း ရှိကြမည်မဟုတ်ပေ။ လစဉ် ရေးသားတင်ပြလာခဲ့သည့်အတိုင်း ခန္ဓာကိုယ်ကို အနိစ္စတင်ကာ ရှုမှတ်လိုက်ရုံဖြင့် ခန္ဓာငါးပါးသည် မမြဲကြောင်းကို ကောင်းကောင်းကြီး မြင်နိုင်လေသည်။

သည်လအတွက် သည်မျှဖြင့်တော်ကြဦးစို့။

■ မဟာထွန်း

09-73091769



www.burmeseclassic.com

www.burmeseclassic.com

# မြို့ရန်ကုန်ဝန်းကျင်မှ ဂမ္ဘီရဆန်းကြယ် ဖြစ်ရပ်များ (၃)

ပထမံဝိဇ္ဇာအောင်



**အလောင်းမင်းတရားကြီး အဋ္ဌုပ္ပတ္တိ**

အလောင်းဘုရား၏ ဖွားရာဇာတိချက်မြုပ်မှာ မုဆိုးဘို(ယခု ရွှေဘို)ဖြစ်သည်။ မုဆိုးဘိုရွာ ခေါ်ခြင်းကား ပုဂံပြည်ရှင်ဘုရင် အလောင်းစည်သူသည် မြင်းခွာတောင်မှစ၍ စီးဆင်းလာသော မူး ချောင်းကို ပြင်ဆင်ပြီးလျှင် မြေတူးမှစ၍ သက်နက်ဖောင်တော်နှင့် ရွှေဘိုတိုင်အောင် စုန်ဆင်းလေသည်။ ရွှေဘိုသို့ ရောက်သည့်အခါ ရွှေတစာဘုရားကို တည်လေသည်။ ထိုဘုရား တည်သောနေရာ၌ မုဆိုးအဖြစ်ဖြင့် အသက်မွေးသော မုဆိုးငဘိုကို ထိုဘုရားအနီးရှိ လယ်ယာမြေနှင့်တကွ လုပ်ကိုင်စားသောက်ရန် ကျွဲ၊ နွားနှင့် စရိတ်ငွေပါ ပေးသနားတော်မူပြီးလျှင် ထိုဘုရားကို ကြည့်ရှုရန် ခိုင်းတော်မူလေသည်။ မုဆိုး ငဘိုကို အစွဲပြု၍ ၎င်းရွာကို မုဆိုးငဘိုရွာဟု ခေါ်ကြလေသည်။ ကာလရွေ့လျောသည့်အခါ မုဆိုးဘိုရွာဟု ခေါ်ကြလေသည်။ ထိုရွာသည် တစ်စတစ်စ ကြီး၍လာပြီးလျှင် မြို့အဖြစ်သို့ ရောက်လေ၏။ ထိုရွာသည် မူးဆိပ်ကမ်း၌ တည်၏။ မူးချောင်းထဲမှ သဲများကို ဆယ်တင်၍ ကမ်းပေါင်ရိုး လုပ်ပြီးလျှင် ထိုနေရာ၌ မူလတည်ရှိသော မုဆိုးဘိုရွာကို ချဲ့၏။ သို့ဖြစ်၍ မုဆိုးဘိုရွာသည် မြို့ဖြစ်သည့်အခါ ကုန်းဘောင်ဟု ခေါ်တွင်ကြလေသည်။ မွန်များက အလောင်းဘုရားကြီးကို လာရောက်၍ တိုက်ခိုက်သည့်အခါတွင် ထိုနေရာမှစ၍ စတင်တိုက်ခိုက်ရာ အလောင်းဘုရားက အောင်မြင်သွားသည်ကို အကြောင်းပြု၍ အလောင်းဘုရားသည် အထွတ်အမြတ်သို့ ရောက်သည့်အခါ ၎င်းနေရာတွင် နန်းတည်လေ၏။ ထို့နောက် 'ရန်ကြီးအောင်' ဟု နာမည်ပေးလေ၏။ ရန်ကြီးအောင်မြို့နှင့် ၎င်းမြို့အနီးအနားတစ်ပိုက်၌ ရွှေများ ထွက်သည်ဖြစ်သောကြောင့် ရွှေထွက်ရာ ဗဟိုရ်ဌာနဖြစ်၍ 'ရွှေဘို' ဟု ခေါ်လေသည်။

www.burmeseclassic.com

ထိုမြို့သည် တစ်နေ့တခြား စည်ကားလာသည်ကို အကြောင်းပြုပြီးလျှင် သိကြားမင်းစံရာ သုဒဿနမြို့နှင့် ပမာထားပြီး နတ်သဃ်ဟု အမည်ပေးလေသည်။ ဤအကြောင်းများကြောင့် ရှေးဘိုစည်တော်သံ သီချင်းတို့ အောက်ပါအတိုင်း သီဆိုလေသည်။

"ရန်ကြီးအောင် ကုန်းဘောင်စမါလို့၊ ငါးမည်ရ
မြည်ရွှေဘို လေးရန်ကစို မုဆိုးဘို ရန်ပြိုတဲ့
နာသိဃ်မှာ စံအားတော်စံရာ"

'အလောင်းဘုရားကြီးမှာ မဟာသမကမင်းမှစ၍ အသမ္ဘိန္န ရာဇဝံသ ခတ္တိယအစစ် ဖြစ်တော်မူသော သီရိမဟာဓမ္မရာဇာဘွဲ့ခံ ခမည်းတော် မင်းညိုစံ၊ မယ်တော် မဟာဒေဝီတို့၌ ပဋိသန္ဓေ တည်တော်မူ၍ ၁၀ လစေ့သော် သက္ကရာဇ် ၁၀၇၆-ခု၊ တော်သလင်းလပြည့်ကျော် ၁ ရက်၊ သောကြာနေ့ ညဥ့်တစ်ချက်ကျော် ခနသိဒ္ဓိနက္ခတ် မွန်းတည့်ချိန် ဖွားမြင်တော်မူသည်။ အလောင်းဘုရားကြီး အနွယ်တော်အား မုဆိုးဆက်ခေါ်သည်ကို အချို့သူတို့က သာမန်မုဆိုးအမျိုးအရိုးမှ ဖြစ်သည်ဟု ထင်မှတ်ကြပြီးလျှင် အလောင်းဘုရားအား သာမန်အမျိုးဟု ထင်ကြလေသည်။ အင်္ဂလိပ်လူမျိုးများကလည်း မြန်မာလူမျိုးများကို နှိမ့်ချပြီးလျှင် အလောင်းဘုရားကို သာမန်အမျိုးမှ ဖြစ်သည်ဟု ပြောကြလေသည်။ စာရေးသူကိုယ်တိုင်ကလည်း ပဉ္စာမင်းကြီးရုံးရှိ အင်္ဂလိပ်လူမျိုးများနှင့် အငြင်းအခုန် ဖြစ်ဖူးလေသည်။ အလောင်းဘုရားကြီးမှာ ယခု အင်္ဂလန်ပြည့်ရှင်ဘုရင်ဧကရာဇ်မင်းမြတ်ဖြစ်သော ဆဋ္ဌမမြောက်ဂျော့ဘုရင်မင်းမြတ်(George VI King of England)၏ အဂ္ဂဒေဝီမိဖုရားကြီး ဖြစ်တော်မူသော အယ်လီဇဘက်(Elizebeth)ကဲ့သို့ပင် စောာမျိုးမဟာနွယ်ဖြစ်သည်။ အယ်လီဇဘက် မိဖုရားကြီးအနွယ်မှာ ခမည်းတော်ဘက်ကလိုက်လျှင် စကော့တလန်ပြည့်ရှင် ဒုတိယမြောက် 'ရောဘတ်'(Robert II of Scotland) ဖြစ်လေသည်။ မယ်တော်ဘက်ကလိုက်လျှင် စတုတ္ထမြောက် 'အက်ဒွတ်'(Edward) ဘုရင်မင်းမြတ် ဖြစ်သည်။ ထိုနည်းတူပင် အလောင်းဘုရားကြီး၏ ဗမာလူမျိုးအနွယ်များကို ဆွေတိုက်စာရင်းအရမှာ ရှေးဦးစွာ မြန်မာပြည်၌ လာရောက်နေထိုင်သော ရှေးသာကီဝင်မင်းမျိုးဖြစ်သော အဘိရာဇာမင်းမှစ၍ ဆင်းသက်လာသောအကြောင်းကို တွေ့ရှိရလေသည်။ အဘိရာဇာမင်းမှ ဆင်းသက်၍လာသော သမုဒ္ဒရာဇ်မင်းသည် ပေါက္ကံပြည်၌ မင်းပြု၏။ (အဘိရာဇမှစ၍ သမုဒ္ဒရာဇ်မင်းတိုင်အောင် အနွယ်များကိုပြလျှင် ရှည်မည်စိုး၍ မြှုပ်ထားလေသည်။ သမုဒ္ဒရာဇ်မင်းသည် ယခု ပုဂံမြို့တည်သောနေရာ၌ အရိမဒ္ဒနပြည်ဆိုပြီးလျှင် စ၍မြို့တည်သည့်အခါ တောဝက်များက ၎င်းပြည်တွင် နေထိုင်သောသူများကို အနှောင့်အယှက်ပြုပြီးလျှင် ဖျက်ဆီးလေသည်။ မြို့ရိုးကျုံးတံခါးများပြုလုပ်၍ ပြီးသည့်အခါ ထိုဝက်ကြီးများ၏ ရန်များမပျောက်စေလေသည်။ ထို့နောက် ကျားကြီးများ၊ ခြင်္သေ့ပျံများ လာ၍ဖျက်ဆီးပြန်၏။ ဤအခါလည်း အဆိပ်လူးသောမြားများ စီမံပြီးလျှင် လေးဖြင့်ပစ်သောကြောင့် ထိုရန်များကို နိုင်လေသည်။

ထို့နောက် အလွန်ကြီးသော ငှက်ကြီးတစ်ကောင်သည် လာရောက်ပြီးလျှင် ဖျက်ပြန်၏။ ထိုငှက်ကြီးရန်ကိုမူကား လေးနှင့်ပစ်ပြီးလျှင် မဖြိုဖျက်နိုင်၊ ထိုငှက်ကြီးသည် အလွန်ကြီးမား၏။ မြို့တွင်းသို့ မဝင်မီ ရှေးဦးစွာ မြို့နားတွင်ရှိသော လက်ပံပင်ကြီးနှစ်ပင်ကြားသို့ ဆင်းပြီးလျှင် တောင်ပံတစ်ဖက် တစ်ဖက် လက်ပံပင်တစ်ပင် တစ်ပင်ပေါ်သို့ ဖြန့်၍နား၏။ ထို့နောက်မှ မြို့ထဲသို့ ဝင်ပြီးလျှင် လူများကို ချီယူစားသောက်၏။ သို့ဖြစ်၍ ထိုကဲ့သို့ မစားသောက်ရန် ရာဇဝတ်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်မှ ကျူးလွန်၍ သတ်မည့်သူတို့ကို ထိုလက်ပံပင်ကြီးတွင် ချည်နှောင်၍ ထားရ၏။ ယခုကဲ့သို့ လူများကို လက်ပံပင်၌ ချည်နှောင်ပြီးလျှင် ငှက်စာကျွေးရသည့်အခါ ငှက်ကြီးသည် ထိုသူများကို စားသောက်ပြီးလျှင် မိမိအရပ်သို့ ပြန်သွားလေသည်။ ရက်၊ လကြာရှည်သည့်အခါ ရာဇဝတ်ပြစ်ဒဏ် ကျူးလွန်သောသူကို ငှက်စာအဖြစ် မကျွေးနိုင်၍ မြို့သူမြို့သားများအား မဲချပြီးလျှင် တစ်နေ့ တစ်နေ့ လူခုနစ်ယောက်ကျစီ ထိုလက်ပံပင်ကြီးတွင် ချည်နှောင်ထား၍ ငှက်စာကျွေးရ၏။ ဤကဲ့သို့ ပြုလုပ်နေရသည်ကို သမုဒ္ဒရာဇ်မင်းနှင့်တကွ မြို့သူမြို့သားများမှာ စိတ်ဆင်းရဲ ဒုက္ခရောက်ကြရလေသည်။ သို့ဖြစ်၍ သမုဒ္ဒရာဇ်မင်းက ပြူစောထီးမင်းကို အိမ်ရှေ့နှင်းအပ်ပြီးလျှင် သူ၏သမီးတော် စန္ဒာဒေဝီနှင့် ထိမ်းမြားလက်ထပ်လေသည်။ ယခု ပုဂံပြည်ကို တည်စက ၎င်းပြည်ကို အရိမဒ္ဒနပြည်ဟု သမုတ်လေသည်။ အဆိုပါ ငှက်ကြီးသည် ဒေါသဖြစ်သည့်အခါ မြေကြီးကို နှုတ်သီးဖြင့် ပေါက်လိုက်လျှင် ယခုထာလ ဗုံးကျသည့်အခါ၌ ရေကန်ကလေး ဖြစ်ဘိသကဲ့သို့ ဖြစ်၍သွား၏။ ထိုကဲ့သို့ ငှက်ကြီးပေါက်သည့်အခါတွင် ကန်ကလေး ဖြစ်သွားလေသောကြောင့်၊ အရိမဒ္ဒနပြည်ကို ပေါက္ကံပြည်ဟု တွင်လေသည်။ ကာလရွေ့လျောသောအခါ ပုဂံပြည်ဟု ဖြစ်နေသည်။ အဆိုပါငှက်ကြီးနီးနီး ကြီးမားသော ငှက်ကြီးမျိုးသည် ယခုကာလ၌လည်း သမုဒ္ဒရာပင်လယ်တွင် ရှိသည့်အကြောင်းကို သမိုင်းစာအရထင်ရှားလေသည်။

**ပြူစောထီးမင်း၏ အတ္တုပ္ပတ္တိ**

ပြူစောထီးမင်း၏ အတ္တုပ္ပတ္တိကား မြင်းမိုရ်တောင်ကို နေနတ်သားက နတ်ရထားဖြင့် လှည့်သည့်အခါတွင် ထိုမြင်းမိုရ်တောင်နားတွင်ရှိသော သမုဒ္ဒရာအောက်၌ နေထိုင်သော နတ်နဂါးမနှင့် တွေ့ဆုံကြပြီးလျှင် ပေါင်းသင်းဆက်ဆံကြလေ၏။ နတ်နဂါးမ၌ နေနတ်သား၏ ပဋိသန္ဓေ တည်လေ၏။ နေနတ်သားက နဂါးမထံ သွားလာခြင်းကို ဖြတ်၍ထားသောကြောင့် နဂါးမက နေနတ်သားအား အလွန်တရာ ဝမ်းနည်း၍ စိတ်နာလေသည်။ သို့ဖြစ်၍ မိမိသန္ဓေကို မွေးဖွားသည့်အခါ၌ ကလေးများအား လူအဖြစ်ဖြင့် မွေးဖွားနိုင်သော်လည်း လင်ကို စိတ်နာပြီးလျှင် ကလေးများအား မကြည့်လို၍ ဥအဖြစ်ဖြင့် ဥနှစ်လုံးကို ဥချလိုက်သည်။ မြန်မာရာဇဝင်အရမှာ ဥတစ်လုံးသည် တရုတ်ပြည်သို့ ရောက်သွားလေ၏။ ထိုဥတွင်းမှ ပေါက်သောသူငယ်သည် တရုတ်ပြည်၌ ဘုရင်ဖြစ်လေသည်။ သို့ဖြစ်၍ တရုတ်ဘုရင်ကို မြန်မာများက 'ဥတိဘွား' ဟု ခေါ်သည်။ အခြားဥတစ်ဥသည် ပုဂံပြည်၏ ဆိပ်ကမ်းသို့ မျော၍သွားလေသည်။ ထိုဥကြီးကို ပြူလူမျိုးဖြစ်သော ခဝါသည် အဘိုးကြီးလင်မယားတို့က တွေ့ရှိ၍ မိမိတို့ ဆရာရသေ့ထံသို့ ယူသွားလေသည်။ ရသေ့ကြီးက ၎င်းဥကို ကောင်းမွန်စွာထားရန် ပြောလိုက်လေသည်။ ဆရာရသေ့ကြီး ပြောသောစကားကို မြေဝယ်မကျ နားထောင်ပြီးလျှင် ကောင်းမွန်စွာ ထားလေ၏။ အချိန်ကျရောက်သည့်အခါ၌ ပြူစောထီးသတို့သားကို မွေးဖွားလေသည်။ ပညာသင်သောအရွယ်သို့ ရောက်သည့်အခါတွင် ရသေ့ကြီးထံသို့ ပညာသင်ကြားရန် အပ်လေသည်။ ပြူစောထီးသတို့သားမှာ နေနတ်သားနှင့် နဂါးမတို့မှ မွေးဖွားသောသူဖြစ်၍ ခွန်အားဗလ အလွန်ကြီး၏။ ဉာဏ်လည်း အလွန်ကောင်း၏။ ရုပ်အဆင်းလည်း အလွန်ရာရာလှ၏။ ရဲရင့်သတ္တိလည်းရှိ၏။ ပြူအဘိုးကြီး လင်မယားတို့ မွေးစားသည် ဖြစ်သောကြောင့် အမည်မှည့်သောနေ့တွင် ပြူစောထီးဟု မှည့်၏။ ၎င်းမင်း



www.burmeseclassic.com

www.burmeseclassic.com

ဆင်းသက်၍လာသော မြန်မာမင်းမျိုးကိုလည်း နေနတ်နွယ်မျိုးဟု ခေါ်ကြလေသည်။ မြန်မာဆွေတော်မျိုးတော်များသည် မင်္ဂလာတစ်စုံတစ်ရာပြုလျှင် နေနတ်သားကို ကန်တော့ပွဲတစ်ပွဲဖြင့် ကန်တော့ရ၏။ သို့ဖြစ်၍ ရှေးအခါက သဘင်သည်များသည် ဇာတ်တရာတွင်ဖြစ်စေ၊ ရုပ်သေးပြသည့်အခါတွင်ဖြစ်စေ၊ မင်းသား၊ မင်းသမီးများတို့ ဇာတ်လမ်းဖြင့်ပြောသည့်အခါ နေနတ်ရာဇာမဟာ ဧကရာဇ်မင်းမြတ်၏ ရင်သွေးတော် သားတော် အစရှိသည်ဖြင့် ပြောလေ့ရှိကြ၏။ ၎င်းပြင် ရှေးမြန်မာပညာတတ် ပုဂ္ဂိုလ်များ စာရေးသည့်အခါလည်း နေမျိုး အစရှိသည့် 'နေ' ဆိုသောစကားကိုထည့်၍ ရေးလေ့ရှိကြသည်။

မြို့စောထီးမှ အလောင်းဘုရားကြီးတိုင်အောင်ဆင်းသက်သော မင်းစဉ်မင်းဆက်ကား ကမ္ဘာဦးအစမဟာသမ္မတမင်းမှ စလျှင်ပင် မင်းဆက်ပေါင်း(၃၃၄,၅၆၉)လောက်ထိတိုင်အောင် ရှိပေသည်။

အလောင်းဘုရားကြီး အနွယ်တော်များမှာလည်း တဖြည်းဖြည်း မြို့စား၊ တိုက်စား၊ ရွာစား၊ မြို့သူကြီး၊ ရွာသူကြီးအဖြစ်သို့ ရောက်သွားကြလေသည်၊ ၁၁၁၄ ခုနှစ်တွင် အလောင်းမင်းတရားကြီးသည် မွန်တို့ကို အောင်မြင်ပြီးလျှင် မုဆိုးဖိုရွာကို ရတနာသိယ်မြို့ သမုတ်ပြီးလျှင် မဟာဓမ္မရာဇာဓိပတိ ဟူသော ဘွဲ့တော်ခံယူ၍ ရွှေနန်းတက်တော်မူသည်။ အလောင်းမင်းတရားကြီးသည် မွန်များ၏ ရန်ကို အစဉ်တစိုက် အောင်မြင်ပြီးသောအခါ ရန်ကုန်မြို့သို့ စုန်ဆင်းတော်မူပြီးလျှင် ရန်ကုန်မြို့ရှိ မွန်များကို ဖြိုဖျက်ရာ ၁၁၁၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်၊ ကြာသပတေးနေ့၌ ဒဂုံမြို့ဟောင်းနေရာ၌ မွန်များ၏ ရန်ကို လုံးဝအောင်မြင်သောကြောင့် ရန်ကုန်မြို့ဟု သမုတ်၍ မြို့သစ်တည်လေသည်။ မြို့မှာ သစ်တပ်ပတ်ချာလည် ကာရံ၍ထားလေသည်။ သစ်တပ်အမြင့်မှာ ပေ ၂၀ ကျော် မြင့်၏။ သို့သော် အချို့နေရာ၌ကား ၁၀ ပေ၊ ၁၂ ပေသာ မြင့်၏။ သစ်တပ်၌ သေနတ်ပစ်ရန် အပေါက်များလည်း ဖောက်ထားသည်။ သစ်တပ်ပတ်လည်တွင် ချောင်း သို့မဟုတ် ကျုံးငယ်များ တူးပြီးလျှင် သစ်ပင်များလည်း စိုက်ထား၏။ သစ်တပ်အတွင်း၌လည်း ခံတပ်ကလေးများနှင့် လမ်းကြီးသုံးလမ်းကို လုပ်၍ထား၏။ လမ်းတစ်လမ်းမှာ အရှေ့နှင့် အနောက်သို့၊ ကျန်လမ်းမှာ တောင်မှ မြောက်သို့ ဖောက်၍ထား၏။ ၎င်းလမ်းသုံးလမ်းအပြင် လမ်းငယ်များလည်း များစွာလုပ်ထားသည်။ တောင်ဘက်ဆုံးကျသော အရှေ့နှင့်အနောက်ဖောက်ထားသောလမ်းမှာ ယခုကမ်းနားလမ်းမြောက်ဘက်အနီးတွင်ရှိ၍ ကုလားတန်း ခေါ်တွင်လေသည်။ ကုလားတန်းဟု ခေါ်ခြင်းမှာ အိန္ဒိယတိုင်းသားများနှင့် ဥရောပတိုက်သားများ ထိုစဉ်အခါက ဝင်ရောက်နေထိုင်ကြသည်ကို အစွဲပြု၍ ကုလားတန်းဟု ခေါ်သည်။ (အင်္ဂလိပ်ကို ကုလားဖြူခေါ်၍ အိန္ဒိယတိုင်းသားများကို ကုလားမည်းဟု ခေါ်ကြသည်။) ၎င်းလမ်းမှာ ယခင်က ပဲခူးနန်းတော်ခေါ်သောနေရာ၊ ယခုကုန်သည်လမ်းထိအောင် ဖောက်ထား၏။ ပဲခူးနန်းတော်ဟု အင်္ဂလိပ်တို့ ခေါ်ခြင်းမှာ ဟံသာဝတီမြို့ဝန်မင်း၏ အိမ်တော်နှင့် ရုံးတော်ရှိခြင်းကြောင့် ခေါ်ကြသည်။ မြောက်ဘက်ဆုံး၌ မင်္ဂလာဈေး ရှိသည်။ တောင်နှင့်မြောက် ဖောက်ထားသော လမ်းမကြီးမှာ ယခု ဘားလမ်း(မဟာဗန္ဓုလပန်းခြံလမ်း)ပေါ်မှာ ဖြစ်သည်။ နောက်တစ်ခုမှာ လွစ်လမ်း(ယခု ဆိပ်ကမ်းသာလမ်း)ပေါ်မှာ ဖြစ်သည်။ မြစ်မျက်နှာ တောင်ဘက်တွင် တံခါး သုံးပေါက်၊ မြောက်တွင် သုံးပေါက်၊ အရှေ့တွင် တစ်ပေါက်နှင့် အနောက်တွင် တစ်ပေါက်ရှိ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ၎င်းတံခါးပေါက်များအနက် နာမည်ရ တံခါးများမှာ အရှေ့ဘက်ဆုံး မြို့ဝန်ထံခါး၊ အလယ်တံခါးကို 'တံခါးနီ' ရာဇဝတ်သင့်သူများ ထုတ်သောတံခါး၊ တောင်ဘက်တံခါးတို့တွင် အရှေ့ဘက်အကျဆုံးတံခါးကို 'ရိုးတံခါး' ဟု ခေါ်ကြသည်။ ၎င်းသစ်တပ်ပတ်လည်တွင် ကျောက်(သို့မဟုတ်)အုတ်များနှင့် ရေကျုံးကြီးများ ဝန်းရံလုပ်ထားသည်။ မြို့၏ အရှေ့မြောက်နှင့် အနောက်မြောက်မျက်နှာ ခရစ်လမ်း(ယခု ဗိုလ်မြတ်ထွန်းလမ်း)တွင် ရန်ကုန်မြစ်နှင့် ပုဇွန်တောင်ချောင်းတို့ကိုဆက်သော ဗိုလ်တထောင်ချောင်း၊ လသာလမ်းနှင့် မြစ်ဆက်သော ချောင်းငယ်တစ်ခု ရှိလေသည်။ ရန်ကုန်မြို့သည် ရေပိုင်းလျက်ရှိသော မြို့မျှသာ ဖြစ်လေသည်။ မြို့၏ တည်နေရာနှင့် အကျယ်အဝန်းကား သစ်တပ်၏ အရှေ့မျက်နှာစာဖြစ်သော ရန်ကုန်မြစ်ကမ်းနားမှာ ဂျူဒါအီဇကယ်လမ်း(ယခု သိမ်ဖြူလမ်း)အတိုင်း တောင်မှမြောက်သို့ ဒါလဟိုဇီလမ်း (ယခု မဟာဗန္ဓုလလမ်း)အထိ ကိုက် ၆၀၀ သစ်တပ်၏ တောင်မျက်နှာ ကမ်းနားလမ်းအတိုင်း ဂျူဒါအီဇကယ်မှ မဂိုလမ်းအထိ ကိုက်ပေါင်း ၁၃၀၀ အလျားရှိသည်။ အရှေ့မှ အနောက်သို့ တန်းလျက်မရှိချေ။ မြောက်မျက်နှာသည် ဒါလဟိုဇီလမ်းတွင် အရှေ့မှ အနောက်သို့ ဂျူဒါအီဇကယ်လမ်းမှစ၍ တောင်ဘက်သို့ ယိုင်လျက် ရှိပြန်သဖြင့် ကိုက်ပေါင်း ၁၁၀၀ အလျားရှိသည်။ အနောက်မျက်နှာမှာ တစ်ဖာလုံ အလျားရှိသည်။ ဆူးလေဘုရားသည် မြို့ပြင်အနောက်မြောက်ဘက်၌ တည်သည်။

မြို့တွင်း၌ မြို့ဝန်မင်းအိမ်တော်နှင့် ရုံးတော်၊ စစ်ကဲ စစ်ကြပ်၊ ဗိုလ်မှူး စသော အရာရှိအိမ်များ၊ မဟာမေဒင်ဗလီ၊ ဘုရင်ဂျီဘုရားရှိခိုးကျောင်း၊ အာမေနီယံ ဘုရားရှိခိုးကျောင်းနှင့် အကောက်ရုံးတော်နှင့် ဆင်းရဲသားအိမ်များ ရှိသည်။ နိုင်ငံခြားသားများသည် ရောင်းဝယ်ဖောက်ကားရ၍ နေထိုင်ကြသည်။ ရေများကို မြို့ပြင်တွင်ရှိသော ရေတွင်းများမှ ခပ်ယူသုံးစွဲရလေသည်။ မြို့ပြင်၌ကား သစ်သားနှင့် ဆောက်လုပ်ထားသော သင်္ဘောဆိပ်ခံတံတား သုံးခုရှိသည်။ တစ်ခုမှာ ဘုရင်ကေရာဇ်မင်း၏ တံတားဖြစ်သည်။ ယခု ဘားလမ်းဆိပ်မှာ ဖြစ်သည်။ ဘုရင်ကေရာဇ်တံတားဆိပ်နားတွင် အမြောက်ကြီးများ ထားလေသည်။ ဒေါင်းအလံတော်ကြီးကို မြင့်မားစွာ လွှင့်ထူထားလေသည်။ ၎င်းသင်္ဘောဆိပ်နားများတွင် ကုန်တင်ကုန်ချရန်ဖြစ်သော ပစ္စည်းများကို သိုလှောင်ရန် ဂိုဒေါင်များရှိသည်။ ၎င်းသင်္ဘောဆိပ် သုံးခုအနက် တစ်ခုမှာ ယခုလတ္တာလမ်းတွင် တရုတ်လူမျိုးတို့၏ သင်္ဘောများ ဆိုက်ကပ်ရန် မြန်မာမင်း၏ ခွင့်ပြုချက်အရ သင်္ဘောဆိပ်တစ်ခုရှိသည်။ တရုတ်လူမျိုးများလည်း တစ်စ တစ်စ ဝင်ရောက်စီးပွားရှာပြီးလျှင် ဆိပ်ကမ်းအနီးတွင် ရပ်ကွက်သီးခြား နေထိုင်ကြသည်။ ကျန်သင်္ဘောဆိပ်တစ်ခုမှာ အခြားနိုင်ငံများမှလာသော သင်္ဘောများ ဆိုက်ကပ်ရန်ဆိပ်ဖြစ်သည်။ ဥရောပတိုက်သားများသည် ရန်ကုန်မြို့၌ လာရောက်၍ နေထိုင်ကြသည်။ မစ္စတာဂျောင်းဆေး ဆိုသူနှင့် ဘာဘာရှိန်(Mr Jhaunsey and Baba Sheen) ဆိုသူတို့သည် အကောက်ဘက်ဆိုင်ရာ အရာရှိများအဖြစ်၊ မစ္စတာဂျောင်းဆေး ဆိုသူမှာလည်း အခွန်ဝန်အဖြစ် ဆောင်ရွက်ကြလေသည်။ ကြည့်မြင်တိုင်၌ မြို့ဝန်မင်း၊ ဖောင်တော်တံတားရှိ၍ လှေတော်သားများ နေထိုင်ကြသဖြင့် အိမ်ခြေအနည်းငယ်မျှသာ ရှိသည်။ ကြည့်မြင်တိုင်နှင့် ရန်ကုန်အကြားတွင် လယ်ယာများနှင့် တောများသာရှိသည်။ ပုဇွန်တောင်ရပ်ကွက်မှာ တံငါရွာကလေးတစ်ခုမျှသာ ရှိသည်။ ရာဇဝတ်သင့်သူများ



www.burmeseclassic.com

www.burmeseclassic.com

ကို ယခု ဒါလဟိုဇီလမ်းမြောက်ဘက် ထာရွတ်တန်းနှင့် ကုန်ဈေးတန်းလမ်းကြားမှာ စီရင်၍ အလောင်းများကို ယခု ဟိုက်ကုတ်လွှတ်တော်နေရာမှဖြတ်၍ အလောင်းများကို သယ်ထုတ်ရသည်။

**ရန်ကုန်မြို့ကို အလောင်းဘုရားကြီး အုပ်ချုပ်ရေး စန့်ထားခြင်း**

ရန်ကုန်မြို့ဝန် - ဇေယျနန္ဒ

ကျီတော်ဝန် - ဗလဝေဠုနှင့် လှကျော်နန္ဒ

**စစ်ဘက်အရာရှိများ**

မင်းလှမင်းခေါင်၊

မင်းကျော်စည်သူ၊

မင်းလှတန်ဆောင်၊

မင်းလှဥဇိန်ကျော်၊

မင်းတင်နော်ရထာ၊

မင်းလှပျံချီ၊

ဗလနန္ဒစည်သူ၊

ထီးလင်းစော်ဘွား၊

ဗိုလ်မှူးဗလယော်ဓာ၊

တိုက်လှေ ၅၀၀၊

မြင်း ၁၀၀၀၊

စစ်သည်တော် ၃၀၀၀၀၊

အလောင်းဘုရားကြီးမှာ စာရေးသူ သိရှိသရွေ့ ရေးရလျှင် နဂါးဗိုလ်ထိပ်တင်ဒွေး၏ အဘဖြစ်သည်။ အလောင်းဘုရားကြီးက နဂါးဗိုလ်ထိပ်တင်ဒွေးအား ကျွတ်ဆတ်တော်ပါသည်။

**ဆွေစဉ်မျိုးဆက်**

**အထက်ခုနစ်ဆက်**

၁။ အဘ

၂။ အဘိုး

၃။ အဘေး

၄။ အဘီ

၅။ အဘွဲ့(သို့မဟုတ်)အဘင်း

၆။ အဘွေး

၇။ အဘော်

**အောက်ခုနစ်ဆက်**

၁။ သား

၂။ မြေး

၃။ မြစ်

၄။ တီ

၅။ မျော့ (သို့မဟုတ်) တွတ်

၆။ ကျွတ်

၇။ ကျွတ်ဆတ်

**အလောင်းဘုရားကြီး**

၁။ သားတော်ဘိုးတော်ဘုရား

၂။ သားတော်အိမ်ရှေ့မင်း(ခေါ်)ရွှေနှတောင်မင်း၊ ၎င်းမင်းသည် ခမည်းတော်အံရင်နတ်ရွာစံသည်။

၃။ သားတော် ရွှေဘိုမင်း

၄။ သားတော် မင်းတုန်းမင်း

၅။ နဂါးဗိုလ်မြို့

မြန်မာမင်းမြို့စု ရွာစဉ်ကျယ်စာရင်း ပုရပိုဒ်မှ ကူးပါသည်။

---

ပထမံဝိဇ္ဇာအောင်

---



www.burmeseclassic.com

www.burmeseclassic.com

# ဗြိတိသျှမြန်မာနိုင်ငံ အငတ်ဘေးကြုံတွေ့ခဲ့ရစဉ်က

လှမိုး[ပညာရေး]

ကျွန်တော် ကလေးဘဝက အရီးကြီး မကြာခဏပြောလေ့ရှိသော စကားကို နှစ်ပေါင်း ၇၀ ကျော်သော်လည်း မမေ့နိုင်။ "ဟော့...တို့မြန်မာနိုင်ငံက အင်မတန်ချမ်းသာတယ်။ ဆီကိုရေချိုး ခေါင်းမီးလှုံ၊ ဝပါးတောင်လိုပုံတယ်ကွ မှတ်ထား။ ဒါပေမယ့် ကုလားဖြူတွေ အထက်မြန်မာနိုင်ငံသိမ်းပြီး ဆယ့်လေးငါးနှစ်လည်းရှိရော မြင်းခြံ၊ တောင်သာ၊ မိတ္ထီလာနယ်တွေမှာ သရောကြီးနိုင်းတော့တာပါပဲ"။ သရောကြီးနိုင်းတယ်ဆိုသော ဝေါဟာရမှာ မကြုံဖူးအောင် ငတ်မွတ်ခေါင်းပါးခြင်း၊ ဘေးတွေ့ခြင်းဟု အညာအရပ်ဒေသခေါ် စကားဖြစ်ပါသည်။ အဘယ်ကြောင့် ဤသို့ခေါ်သည်ကို ကျွန်တော်မသိပါ။

"အရီးကြီး"ဆိုသည်မှာ ဖခင်၏ အစ်မကိုခေါ်ဝေါ်သော အညာဓလေ့သုံး စကားဖြစ်ပါသည်။ အရီးကြီးမှာ ထိုစဉ်က လက်ထက်တော်လေးဟုခေါ်သော သီပေါမင်းခေတ်တွင် မွေးဖွားခဲ့သူဖြစ်ရကား ဗြိတိသျှနယ်ချဲ့သမားတို့ အထက်မြန်မာနိုင်ငံ သိမ်းပိုက်စက အခြေအနေ အရပ်ရပ် အကြောင်းကို ခရေစေ့တွင်းကျ သိခဲ့သူဖြစ်၏။ သို့ဖြစ်၍ အလျင်း သင့်သည့်အခါတိုင်း သူ့အတွေ့အကြုံများကို ပြောပြလေ့ရှိပါသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံ ကိုလိုနီခေတ်က မြင်းခြံ၊ တောင်သာ၊ မိတ္ထီလာခရိုင်အတွင်း တောင်သူလယ်သမားများ အငတ်ဘေးကြုံတွေ့ခဲ့ရသည်ဟု ဆိုသဖြင့် တအံ့တဩဖြစ်မိ၏။

အတိတ် သမိုင်းကြောင်းများအရ မိုးခေါင်ရေရှားခြင်း၊ ရေလွှမ်းမိုးခြင်းစသော သဘာဝဘေးအန္တရာယ်များကြောင့် လယ်ယာစိုက်ခင်း ပျိုးခင်းများ ပျက်စီးသဖြင့် ကြုံတွေ့ကြရသော ဖြစ်စဉ်များ လက်ဆစ်ချိုး၍ ရေတွက်မရအောင် ကြုံခဲ့ရ၏။ ငတ်မွတ်ခေါင်းပါးခြင်းဘေးနှင့် ပတ်သက်ပြီး အစောဆုံး မှတ်တမ်းတင်ထားသော မှတ်တမ်းများကို အီဂျစ်နိုင်ငံ၊ ဖေရိုဘုရင် တို့၏ သင်္ချိုင်းဂူများ၊ နံရံပန်းချီများ၊ မှတ်တမ်းနှင့် ပိုင်ရပ်(စ်)ကျမ်း၊ မှတ်တမ်းများတွင် တွေ့ရသည်ဟုဆိုသည်။

ထိုမှတ်တမ်းများအရ ခရစ်တော် မပေါ်မီ နှစ်ပေါင်းများစွာကပင် အီဂျစ်နိုင်ငံတွင်း မိုးခေါင်သဖြင့် လယ်ယာစိုက်ခင်းများ ပျက်စီး၍ အီဂျစ်ပြည်သူလူထု အငတ်ဘေးကြုံတွေ့ရသည်ဟုဆိုသည်။ ဤကဲ့သို့ ဝမ်းနည်းကြေကွဲစွာဖြင့် မှတ်တမ်းတင်ထားခြင်းမှာ အနာဂတ်ကာလအတွက် သတိပေးစာများလည်း ဖြစ်နိုင်သည်ဟု ယူဆနိုင်ပါသည်။

ထို့အတူ ကမ္ဘာ့သမိုင်း အလယ်





www.burmeseclassic.com

www.burmeseclassic.com

ဒေသတွင် ဥရောပတိုက်၌ ဟန်လှမျိုး အုရှင်းဆက်တဲလာ ဝင်ရောက်တိုက်ခိုက်မှုကြောင့် လယ်ယာသမားများ လယ်ထောက်ချိုးခြင်း မပြုလုပ်နိုင်သောကြောင့် အငတ်ဘေးကြီး ကြုံတွေ့ခဲ့ရသည်ဟု ဆိုသည်။

၁၉ ရာစုနှစ်အတွင်း တရုတ်နိုင်ငံတွင် မိုးခေါင်ခြင်း၊ ရေကြီးခြင်းစသော သဘာဝဘေးအန္တရာယ်ကြောင့် တရုတ်လူမျိုးများ သန်းချီ၍ သေဆုံးကြရသည်ဟု သိရ၏။ ထိုရာစုနှစ်မှာပင် အိန္ဒိယနိုင်ငံတွင်လည်း သဘာဝဘေးအန္တရာယ်ကြောင့် လူသန်းနှင့်ချီ၍ သေဆုံးခဲ့ရ၏။ ဤအငတ်ဘေးဟာ ရုရှားနိုင်ငံတွင်လည်း ၁၉ ရာစုနှစ်များက ကြုံခဲ့ရသည်ဟု သမိုင်းမှတ်တမ်းများအရ သိရ၏။ အငတ်ဘေးသည် အာရှ၊ ဥရောပတိုက်များတွင် ဖြစ်ပွားခဲ့သည်မဟုတ် အာဖရိကတိုက်တွင်လည်း သဘာဝဘေးအန္တရာယ်၊ စစ်ဘေးအန္တရာယ် စသော အကြောင်းအမျိုးမျိုးကြောင့် အငတ်ဘေးအန္တရာယ် ကြုံတွေ့ခဲ့ကြရ၏။

ဗြိတိသျှတို့ မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့ပြီးနောက် မြန်မာနိုင်ငံ မိုးခေါင်ရေရှား(မိုးနည်းရေရှား)ဒေသတွင် စိတ်မချမ်းမြေ့စရာ အငတ်ဘေးကြုံတွေ့ခဲ့ရသဖြင့် ဗြိတိသျှနယ်ချဲ့သမားသည် ယင်းအငတ်ဘေးပြဿနာကို ဖြေရှင်းရန် "အငတ်ပြဿနာဥပဒေ" [Famine Code]ကို ရေးဆွဲထားခဲ့၏။ ယခုရေးသားဖော်ပြမည့် ဖြစ်ရပ်များ ၁၉၃၀-၃၁ ခုနှစ်တွင် မိုးခေါင်သဖြင့် မြင်းခြံခရိုင်နှင့် မိတ္ထီလာခရိုင်များတွင် မကြုံဖူးသော ဝေမှတ်ခေါင်းပါးခြင်းကား ကြုံတွေ့ရသည့်အကြောင်း ဖြစ်ပါသည်။

စိုက်ပျိုးရေးတွင် မိုးလေဝသသည် အလွန်အရေးကြီး၏။ လူသားတို့အတွက် ကောင်းကျိုးဆိုးကျိုး အများကြီးပေးနိုင်သည်။ မှန်ပါသည်။ မိုးလေဝသသည် ရန်ငြိုးဖွဲ့သကဲ့သို့ ရုတ်တရက်ဆိုးလာနိုင်သည်သာမက လူတို့စိုက်ပျိုးထားသော ကောက်ပဲသီးနှံများကိုလည်း ဖျက်ဆီးပစ်နိုင်၏။ ထိုစဉ်ကာလက ဗြိတိသျှနယ်ချဲ့သမားသည် လိုအပ်သော ကန်၊ ဆည်မြောင်း၊ ချောင်းများအား တည်ဆောက်ပေးထားခြင်းမရှိသဖြင့် တောင်သူလယ်သမားများအဖို့ မိုးလေဝသမှန်ကန်ပါမှ၊ ရာသီဥတုဖောက်ပြန်ခြင်း မရှိပါမှ ကောက်ပဲသီးနှံ၊ ဆန်ရေစပါး၊ ပဲပြောင်း၊ နှမ်း၊ဝါ စသော သီးနှံများ အောင်မြင်ဖြစ်ထွန်းမည်ဖြစ်၏။

ထို့ပြင် နိုင်ငံခြားသား အရင်းရှင်များသည် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းကြီးများမှန်သမျှ လက်ဝါးကြီးအုပ်ထား၏။ သို့ဖြစ်၍ တောင်သူလယ်သမားများမှာ မည်သည့်အခါမျှ စီးပွားရေးချောင်လည်ခြင်းမရှိဘဲ ၁၉၂၉ ခုနှစ်က စ၍ မြန်မာနိုင်ငံ မိုးနည်းရေရှားအရပ်တွင် မိုးလေဝသမှန်ကန်ခြင်းမရှိခဲ့။ သို့သော် ထိုနှစ်တွင် ကောက်ပဲသီးနှံများ ထိုက်သင့်သည့်ဈေး မရရှိသော်လည်း အသင့်အတင့်ရရှိသဖြင့် တောင်သူလယ်သမားများ ဟန်မပျက်ခဲ့ကြ။ ၁၉၃၀ ပြည့်နှစ်တွင်မူ မိုးထူးထူးခြားခြား ခေါင်လာခဲ့၏။ သို့ဖြစ်၍ မြင်းခြံခရိုင်နှင့် မိတ္ထီလာခရိုင်တို့မှ တောင်သူလယ်သမားများ လက်မှိုင်ချနေရသည်။

သို့သော် ဗြိတိသျှနယ်ချဲ့သမား၏ အုပ်ချုပ်ရေးအရာရှိများသည် ယခင်နှစ်များအတိုင်း အခွန်တော်ကို တင်းတင်းကျပ်ကျပ်ကောက်ခံသည်။ အခွန်တော်ပေးဆပ်နိုင်ခြင်းမရှိသော တောင်သူလယ်သမားများအား ဝရမ်းထုတ်၍ ကျွဲနွားသိမ်း၊ နေ့အိမ်သိမ်း၊ ဝမ်းစာစပါးသိမ်း၊ မျိုးစပါးသိမ်း ဖြစ်လာသည်။ အချို့လယ်သမားများကလည်း ဝမ်းစာနှင့် မျိုးစပါးများကို အခဲမတန် ကျဆင်းနေသော ဈေးနှုန်းဖြင့် ရောင်းချ၍ အခွန်ဆောင်ကြရ၏။

မိုးခေါင်သဖြင့် ကောက်ပဲသီးနှံပျက်ရသော လယ်သမားများအဖို့ တစ်ဦးနှင့်တစ်ဦး ကူညီနိုင်ခြင်းမရှိတော့။ လူများ ဒုက္ခတွေ့ရသည်သာမက ကျွဲနွားများအတွက် အစာရေစာပါ ရှားပါးလာသဖြင့် အထက်ဖော်ပြပါ ဒေသကျေးရွာများတွင် ကျွဲနွားများအား ထန်းပင်အရွက်များ ကျွေးကြရသည်ဟုဆိုသည်။ ဝတ်ရုတ်ခေါင်းပါးခြင်းဘေး တွေ့လာသောအခါ မြင်းခြံခရိုင်နှင့် မိတ္ထီလာခရိုင်တို့မှ အငတ်ဘေးခံရသော တောင်သူလယ်သမားအများသည် ဝဥ၊ ကြွေဥ၊ သဖန်းဥ၊ မျောက်ဥ၊ ပိန်းဥများ အားပြု၍ ရောနှောစားသောက်ကြရသည်။ လူတို့တွင်သာ အငတ်ဘေးကျရောက်သည်မဟုတ်။ ကျွဲနွားတိရစ္ဆာန်များတွင်လည်း အငတ်ဘေးကြုံကြရသည်။ သို့ဖြစ်၍ ကျွဲနွားအများ အစာပြတ်၍ သေဆုံးရသဖြင့် လယ်သမားများမှာ တွင်းပူပေါ် နှစ်ပူဆင့်ဆိုသကဲ့သို့ ဘေးဒုက္ခဝေဒနာ အဖြာဖြာ တွေ့ကြရ၏။

ဘေးဒုက္ခဝေဒနာ အမျိုးမျိုးကြုံတွေ့လာကြသောအခါ လယ်သမားအချို့မှာ မြို့များသို့သွားရောက်၍ တောင်းရမ်းစားသောက်ရသည်။ မိုးထူးထူးခြားခြား ခေါင်သဖြင့် ကန်ရေတွင်း ရေများ



www.burmeseclassic.com

www.burmeseclassic.com

လည်း ခန်းခြောက်လာကြရာ ကျွဲနွား တိရစ္ဆာန်များအတွက် သောက်သုံးရေထက် လူအများအတွက် သောက်သုံးရေပါ အခက်အခဲဖြစ်လာသည်။ ထိုစဉ်က မှတ်တမ်းများအရ မိတ္ထီလာခရိုင် မုံပင်ကျေးရွာမှ လူအများမှာ နှမ်းဖတ်စားကြရသည်။ ယခင်က ကျွဲနွားကျွေးရန်ထားသော နှမ်းဖတ်များမရှိသဖြင့် ကျွဲနွားများမှာ ဒေသပေါက်, ဘိန်းနွဲ့ပင်၊ ကောက်ကွေးသီး ပေဥများ စားကြရ၏။

ရာဇဝတ်မှုများလည်း ထိတ်လန့်ချောက်ချားဖွယ် ကောင်းလောက်အောင် တစ်နေ့တခြား များလာသည်။ သတင်းမီဒီယာများကလည်း ယခုခေတ်ကဲ့သို့ ထက်ထက်မြက်မြက် သွက်သွက်လက်လက် သတင်းပေးပို့နိုင်ခြင်းလည်းမရှိ။ အသံလွှင့်ထုတ်လုပ်မှု၊ ရုပ်သံလွှင့်ထုတ်လုပ်မှု မရှိရကား မြန်မာနိုင်ငံ၊ မြင်းခြံခရိုင်နှင့် မိတ္ထီလာခရိုင်တို့၌ ကြုံတွေ့နေရသော အငတ်ဘေးအား မြန်မာနိုင်ငံအတွင်း နေထိုင်သူများပင် သိခွင့်မရကြ။ ထိုစဉ်က ထုတ်ဝေကြသော သတင်းစာကြီးအများကလည်း နယ်သတင်းထောက်များထံမှ ပေးပို့သော သတင်းများကိုသာ ထည့်သွင်းဖော်ပြကြသဖြင့် အချို့သတင်းများမှာ ရက်အနည်းငယ်နောက်ကျမှ သတင်းစာဖတ်ပရိသတ် သိရှိကြရသည်။ ဗြိတိသျှအုပ်ချုပ်ရေးအာဏာပိုင်များအနေဖြင့် အုပ်ချုပ်ရေးထိခိုက်မှုမရှိပါက မည်သည့် လူမှုရေးပြဿနာကိုမျှ ဖြေရှင်းပေးရန် စိတ်ဝင်စားခြင်းမရှိခဲ့။ သို့ဖြစ်ရာ ယခုခေတ် သဘာဝဘေး အန္တရာယ်ကြုံတွေ့ရမှုတွင်မှ လူအများ မိမိတို့အစီအစဉ်များဖြင့်လည်းကောင်း လူမှုရေးအသင်းအဖွဲ့များ အစိုးရမှ တာဝန်ရှိသူများကလည်း အလျှင်အမြန် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြ၏။

ထိုစဉ်က ကုလသမဂ္ဂကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းကြီးလည်း ပေါ်ပေါက်လာခြင်းမရှိသဖြင့် နိုင်ငံတကာမှ အကူအညီပေးပို့ခြင်းလည်း မရှိရကား မြင်းခြံနှင့် မိတ္ထီလာခရိုင် အငတ်ဘေးကြောင့် ဒေသခံ တောင်သူလယ်သမားများမှာ လူမှုဒုက္ခအပေါင်းအား ခါးစည်း၍ခံကြရ၏။

အာဏာပိုင်များကလည်း သတင်းထုတ်ပြန်မှုမရှိခဲ့သဖြင့် သတင်းအမှန်အကန်ကို မြန်မာနိုင်ငံ ပြည်သူအများ သိခွင့်မရကြသဖြင့် ကောလာဟလသတင်းများ ပါးစပ်ဂေဇက်သတင်းများ ယုံတမ်းသတင်းများ တောမီးပမာ ပြန့်နှံ့လာခဲ့သည်။

ထိုစဉ်က မြန်မာနိုင်ငံတွင် စောင်ရေအများဆုံးနှင့် ဩဇာအကြီးမားဆုံး သတင်းစာကြီးဖြစ်သော "သူရိယ" သတင်းစာကြီးသည် အကြီးတန်း သတင်းထောက်တစ်ဦးအား မြင်းခြံ မိတ္ထီလာ အငတ်ဘေးကြုံတွေ့နေရမှု သတင်း တိတိကျကျရယူနိုင်ရန် မြင်းခြံခရိုင်နှင့် မိတ္ထီလာခရိုင်များသို့ စေလွှတ်ခဲ့၏။ ထိုသတင်းထောက်၏ ကြိုးစားထောက်လှမ်းနိုင်မှုကြောင့် မြင်းခြံ၊ မိတ္ထီလာခရိုင်များတွင် ဖြစ်ပွားနေသော အငတ်ဘေးအကြောင်း မြန်မာလူထု တိတိကျကျ သိလာခဲ့ရ၏။

ထိုခရိုင်များတွင် အငတ်ဘေးနှင့် အတူယှဉ်တွဲလာသည့် ခိုးမှု၊ ဓားပြတိုက်မှု၊ လုယက်မှု၊ ပြန်ပေးဆွဲမှုများ ဒီရေအလား တိုးတက်လာခဲ့၏။ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်ရှိ ထဲပုတ်ကုန်းကျေးရွာရှိ မြေပိုင်ရှင်ဦးရွှေခ၏ စပါးကျီများအတွင်းမှ စပါးများအား အထက်ဖော်ပြပါ ထဲပုတ်ကုန်းကျေးရွာအနီးရှိ ဘွဲ့ကြားကျေးရွာသားများက လာရောက်၍ စပါးများကို ဖွတ်သယ်ယူသွားကြ၏။ ထို့အတူ သာဂရကျေးရွာ မြေပိုင်ရှင် ဦးဖိုးဝင်းပိုင်၊ စပါးကျီရှိ စပါးတင်း ၅၀၀ အား ငတ်မွတ်ဘေးကြုံတွေ့နေရသော လူထုသည် လုယူသွားကြ၏။ ဤသို့ စပါးလုသူများတွင် အသက် ၁၂ နှစ် ၁၃ နှစ်ရွယ် လူငယ်အများအပြား ပါဝင်ခဲ့သည်ဟုဆိုသည်။ ဤစပါးလုပွဲများ အကြောင်းကို သူရိယသတင်းစာကြီးက ဓာတ်ပုံသာဓက ဝေဝေဆာဆာနှင့် ကျယ်ကျယ်ပြန့်ပြန့် ရေးသားဖော်ပြခဲ့သဖြင့် မြန်မာနိုင်ငံ တစ်နိုင်ငံလုံး အုတ်အော်သောင်းတင်း ဖြစ်ရတော့၏။

ဤသို့အတွင်း မြင်းခြံခရိုင်၊ ရေဝတီမြစ်ကမ်းဘေးရှိ ကျေးရွာအချို့ မြစ်ရေတက်သဖြင့် ကျေးရွာလူထုမှာ ရေဘေးသင့်ကြရပြန်သည်။ ဗြိတိသျှအာဏာပိုင်များသည် မြင်းခြံခရိုင် ကယ်ဆယ်ရေးအဖွဲ့အား မန္တလေးတိုင်းမင်းကြီး (တိုင်းအုပ်ချုပ်ရေးမှူး)မစ္စတာ အာရီအာရိဘရောင်းက နယကအဖြစ် ပါဝင်ပြီး ဥက္ကဋ္ဌအဖြစ် မြင်းခြံခရိုင် အရေးပိုင် (ခရိုင်အုပ်ချုပ်ရေးမှူး) မေဂျာ အီဝင်း ဥက္ကဋ္ဌအဖြစ်ပါဝင်သော ကယ်ဆယ်ရေးအဖွဲ့ ဖွဲ့ရတော့၏။ ထိုအဖွဲ့၏ အဖွဲ့ဝင်အများမှာ ကုန်သည်ကြီးများ၊ ဆန်စက်ပိုင်ရှင်ကြီးများ၊ ပွဲစားကြီးများ ပါဝင်သည်ဟု သိရ၏။

ထို့အတူပင် မိတ္ထီလာခရိုင်ကလည်း ကယ်ဆယ်ရေးအဖွဲ့များ ဖွဲ့



www.burmeseclassic.com

www.burmeseclassic.com

သည်။ မြင်းခြံခရိုင်အတွင်းရှိ မလှိုင်၊ တောင်သာ စသော မြို့များကလည်း ကယ်ဆယ်ရေးအဖွဲ့များဖွဲ့၍ အကူအညီပေးခဲ့ကြရတော့၏။ မြင်းခြံခရိုင် ကျေးလက်ဒေသမှာ အငတ်ဘေးအား ဒဏ်ခံရသော ကျေးလက်လူထုသည် အုပ်လိုက်ကြီး၊ တောင်သာစသော မြို့များသို့ စုဝေးလာရောက်ကြတော့သဖြင့် မလှိုင်၊ တောင်သာမြို့များတွင် အငတ်ဘေးကြုံတွေ့ရသော လူထုကယ်ဆယ်ရေးစခန်းများကို ယာယီအားဖြင့် ဘုန်းတော်ကြီးကျောင်းများတွင် ဖွင့်လှစ်၍ မြို့နေလူထုက မိမိတို့တတ်နိုင်သလောက် ရေပေါင်းကျွေးမွေးမှုများ ပြုလုပ်ခဲ့ရသည်။

ရက်အနည်းငယ် ကြာလာသော အခါ အငတ်ဘေးကြုံတွေ့နေရသော လူထုအား ရေရှည်ကျွေးမွေးထားရန် အခက်အခဲဖြစ်လာသည်။ ထိုစဉ်က သူရိယသတင်းစာ မှတ်တမ်းများအရ အငတ်ဘေးပြဿနာ ကြုံတွေ့ရာတွင် မြင်းခြံခရိုင် ကျေးလက်ဒေသများသာမက မိတ္ထီလာခရိုင် ကျေးလက်ဒေသများ အထိ ပိုသည်ဟုသိရ၏။ မြင်းခြံခရိုင် မလှိုင်မြို့သို့ရောက်လာကြသည့် အငတ်ဘေးကြီးမှာ အတော်များပြားသည်ဟု ဆိုသည်။ အငတ်ဘေးကြောင့် မြို့သို့ရောက်လာသော လူထုသည် တာဝန်ရှိသူ မြို့အုပ်မင်း(မြို့နယ်အုပ်ချုပ်ရေးမှူး) ထံတော်မှုပါ" စသော ကြွေးကြော်သံများ တစ်အော်ကြ၏။ နိုင်ငံရေးပဲ ဝင်လာခြင်းလည်းမရှိသေးသဖြင့် ဗြိတိသျှအစိုးရအားသန့်ကျင်သော ကြွေးကြော်သံများ အော်ဟစ်ခြင်းမပြုပေ။

ရှာလုံးကျွတ် စုဝေးရောက်ရှိလာသော အငတ်တစ်ကြိမ်၏ ပြဿနာကို ဖြေရှင်းပေးနိုင်ရေးအတွက် တာဝန်ရှိသူများသည် ဗြိတိသျှအစိုးရပြဋ္ဌာန်းထားသော "Famine code" အငတ်ပြဿနာဥပဒေအရ အငတ်ဘေးဒဏ်ခံနေရသော လူထုအား နေ့တွက်လုပ်အားခပေး၍ အလုပ်လုပ်နိုင်ခြင်းဖြင့် ယာယီဖြေရှင်းရန် မြင်းခြံအရေးပိုင်နှင့် မြို့ပိုင်များက စီစဉ်ကြရသည်။

ထိုအစီအစဉ်အရ ကျေးရွာများရှိ ပျက်စီးနေသော လမ်းများကို ပြင်ဆင်ခြင်း၊ ရေကန်ပေါင်းများပြင်ဆင်ခြင်း၊ သောက်ရေသုံးရေရှားပါးသော ကျေးရွာများတွင် ရေကန်သစ်များ တူးဖော်ခြင်း၊ ရေကန်ပေါင်းများအား မြှင့်ပြင်ခြင်း၊ ကျေးရွာတစ်ရွာနှင့်တစ်ရွာ လမ်းသစ်ဖောက်ခြင်းများ ပြုလုပ်ပေးခဲ့ရ၏။ ထိုအချိန်တွင် ဆရာစံခေါင်းဆောင်သော တောင်သူလယ်သမား အရေးတော်ပုံကြီး ဖြစ်ပွားနေသဖြင့် ဗြိတိသျှအစိုးရအဖို့ မြင်းခြံ မိတ္ထီလာခရိုင် အငတ်ဘေးအား ချက်ချင်းဖြေရှင်းပေးခဲ့ခြင်း မရှိခဲ့။ မြန်မာနိုင်ငံ လူထုအဖို့လည်း ဆရာစံအရေးအခင်းကိုသာ စိတ်ဝင်စားလျက်ရှိကြ၏။ ထိုစဉ်က သူရိယသတင်းစာတွင် ဖော်ပြသောသတင်းများအရ ဗြိတိသျှအာဏာပိုင်များက လယ်သာပျက်သည့် တောင်သူလယ်သမားများအား အမဲတော်ကြေးပေးရန် အလျှင်အမြန်ဆောင်ရွက်ကြသည်။ တောင်သူလယ်သမားအများကမူ အမဲတော်ငွေထက် မျိုးစပါး ပိုလိုလားကြသည်ဟု သိရ၏။

အရေးပေါ်ဖွဲ့ထားသော ကယ်ဆယ်ရေးအဖွဲ့များက သတင်းစာများထဲမှ ငွေဖြစ်ဖြစ်၊ ဆန်ဖြစ်ဖြစ် လှူကြပါရန် မေတ္တာရပ်ခံကြသည်။ မြင်းခြံ၊ မိတ္ထီလာ စသော မြို့ကြီးများမှ လယ်ပိုင်ရှင်များ၊ ကုန်သည်ကြီးများ၊ ဆန်စက်ပိုင်စက်ပိုင်ရှင်များသည် မိမိတို့အစီအစဉ်ဖြင့် ကျေးရွာများသို့ ကွင်းဆင်းပြီး ဆန်လိုက်ဝေငှကြသည်။ သို့သော် ယခုခေတ် အခြေအနေအရပ်ရပ်နှင့်မတူ၊ အငတ်ဘေးဒဏ်ခံရသော လူများအား ကူညီရန် စိတ်အားထက်သန်မှုနည်းသည်ဟု သိရသည်။ ထိုစဉ်က မြန်မာနိုင်ငံတွင် အခြေစိုက်ထားပြီး အမြတ်ထုတ်ယူကြသော နိုင်ငံခြားသားပိုင်ကုမ္ပဏီကြီးဖြစ်သော ဘုံဘေဘားမား သစ်ထုတ်လုပ်ရေးကော်ပိုရေးရှင်း၊ စတီးဘရားသားကုမ္ပဏီ၊ ဖူးကားသစ်ထုတ်လုပ်ရေးကုမ္ပဏီ၊ ဘီအိုစီ ရေနံထုတ်လုပ်ရေးကုမ္ပဏီ၊ ဂျမားကုမ္ပဏီ၊ ဧရာဝတီပြည်တွင်းရေကြောင်း သွားလာရေးကုမ္ပဏီ စသော နိုင်ငံခြားသား ကုမ္ပဏီကြီးများသည် မြင်းခြံနှင့် မိတ္ထီလာခရိုင်များတွင် ဖြစ်ပွားသော အငတ်ဘေးကိစ္စကို ရှောင်နေကြ၏။ စတီးဘရားသားကုမ္ပဏီကြီးသည် မြင်းခြံ မိတ္ထီလာခရိုင်များတွင် ဆန်စပါးဝယ်ယူရေး၊ ဝါဂွမ်းဝယ်ယူရေး၊ အခြား ပဲပြောင်း၊ နှမ်းသီးနှံဝယ်ယူရေးများကို လက်ဝါးကြီးအုပ်ထားသော ကုမ္ပဏီဖြစ်သော်လည်း အငတ်ဘေးကယ်ဆယ်ရေးအတွက် ထိုက်သင့်သော ငွေလှူဒါန်းခြင်းသတင်းမတွေ့ခဲ့ရပေ။ သို့သော် ဘီအိုစီရေနံထုတ်လုပ်ရေး ကုမ္ပဏီကြီးကမူ ၎င်းတို့ပိုင်ဆိုင်သော ကုမ္ပဏီလော်ရီကားများဖြင့် ဆန်အိတ်များတင်ကာ အငတ်ဘေး

www.burmeseclassic.com

သင့်ကျေးရွာများသို့ သွားရောက်၍ ဆန်များဝေငှပေးသည်။ ဤသို့ဝေငှနေသည့် ဓာတ်ပုံသတင်းများကို သူရိယသတင်းစာ၊ မြန်မာ့အလင်းသတင်းစာကြီးများက ဖော်ပြပေးခဲ့၏။

မှတ်တမ်းများအရ မြင်းခြံမြို့ တိုင်းရင်းမြန်မာကျောင်း ရှစ်ကျောင်းမှ ကျောင်းသားကျောင်းသူ တစ်ထောင်ကျော်တို့သည် မြင်းခြံမြို့နယ် ကျေးရွာများမှ အငတ်ဘေးကြုံတွေ့နေရသော တောင်သူလယ်သမားများအား ကယ်ဆယ်ရေး ကူညီထောက်ပံ့ရေးအတွက် မြင်းခြံမြို့ပေါ်၌ အတီးအမှုတ် အကအခုန်များနှင့် မြို့ပေါ်သို့ လှည့်လည်ငိုးဆော်ကြ၏။ မြင်းခြံမြို့သူမြို့သားအပေါင်းကလည်း တစ်ခဲနက် သောင်းသောင်းဖျဖျ ကြိုဆိုအားပေးခဲ့၏။

ဤသတင်းအရ သူရိယသတင်းစာကြီးက ဓာတ်ပုံများဖြင့် ဝေဝေဆာဆာ ဖော်ပြပေးခဲ့ရာ မြန်မာနိုင်ငံတစ်နိုင်ငံလုံး အုတ်အော်သောင်းတင်း ဖြစ်ခဲ့ရတော့၏။ သူရိယမဂ္ဂဇင်းကြီးကလည်း ဝေါ်မှတ်ခေါင်းပါးခြင်းဘေး တွေ့နေရသည်။ မြင်းခြံခရိုင်နှင့် မိတ္ထီလာခရိုင်ရှိ တောင်သူလယ်သမားအများအား ဗြိတိသျှအာဏာပိုင်များက အမတော်ကြေးငွေ မလောက်မင ထုတ်ချေးပုံကို ကာတွန်းဖြင့် သရော်ခဲ့ရာ ဗြိတိသျှအာဏာပိုင်များအဖို့ ထိုအငတ်ဘေးနှင့်ပတ်သက်ပြီး ရေငုံနှုတ်ပိတ် သတင်းမှောင်ချရန် မဖြစ်နိုင်တော့သော အခြေအနေသို့ ရောက်လာခဲ့၏။

ဤတွင် မန္တလေးတိုင်းမင်းကြီး (တိုင်းအုပ်ချုပ်ရေးမှူး)နှင့် မြန်မာနိုင်ငံဗြိတိသျှအစိုးရ၊ ဘဏ္ဍာရေးဝန်ကြီးတို့ မြင်းခြံခရိုင်သို့ လာရောက်ကြပြီး ကွင်းဆင်းလေ့လာ၍ အငတ်ပြဿနာကြုံတွေ့နေရသော မြင်းခြံခရိုင်နှင့် မိတ္ထီလာခရိုင်တို့မှ တောင်သူလယ်သမားများအား အလုပ်စခန်းများဖွင့်၍ အကူအညီပေးရန် ဂတိပြုသွားကြ၏။ အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း ရေကန်ပေါင်းများ တူးဖော်ခြင်း၊ ရေကန်သစ်များတူးခြင်း၊ လမ်းပေါင်းများ ပြုပြင်ခြင်း၊ ကျေးရွာချင်းဆက် လမ်းသစ်များဖောက်ခြင်း စသောလုပ်ငန်းများပြုလုပ်ရန် စီစဉ်ပေး၏။ သို့သော် လုပ်အားခပေးသည့်နှုန်းမှာ အလွန်နည်းသဖြင့် တောင်သူလယ်သမား အငတ်ဘေးနှင့်ကြုံရသူများအဖို့ အခက်အခဲတွေ့ရ၏။ မှတ်တမ်းများအရ ၁၀ပေပတ်လည်တာ တစ်ကျင်းတူးခမှာ သုံးမူး(၂၄ ပြားသာရသည်)ထိုကာလက ငွေတစ်ကျပ်လျှင် ၆၄ ပြားဖြစ်၏။ တစ်ဆယ်၊ ခြောက်ပဲ တစ်ကျပ်ဖြစ်ပြီး တစ်မူးလျှင် နှစ်ပဲဖြစ်ပါသည်။ အထက်ဖော်ပြပါ ၁၀ပေပတ်လည် တာကျင်းတစ်ကျင်း လူနှစ်ယောက် နှစ်ရက်တူးရသဖြင့် လုပ်အားခမှာ လူတစ်ယောက် တစ်နေ့ငါးပြားခြောက်ပြားသာရရှိသဖြင့် မိသားစုစားသောက်ရန်မလွယ်။ ထိုလုပ်အားခငွေအား ချက်ခြင်းထုတ်ပေးခြင်း၊ နေ့စဉ်ရှင်းပေးခြင်းလည်းမရှိ။ သုံးရက်တစ်ကြိမ် ငါးရက်တစ်ကြိမ်သာ ထုတ်ပေးသဖြင့် အငတ်ပြဿနာ ဖြေရှင်းပေးနိုင်ခြင်းမရှိ။

သို့သော် ထိုစဉ်က မြန်မာနိုင်ငံ ဗြိတိသျှအစိုးရမှ အခမဲ့ထုတ်ဝေသော "သူကြီးဂေဇက်"သတင်းစာကမူ ဗြိတိသျှအစိုးရ၏ ကယ်ဆယ်ရေးစီမံချက်အရ အငတ်ဘေးကြုံတွေ့နေရသော မြင်းခြံခရိုင်နှင့် မိတ္ထီလာခရိုင်များတွင် လူပေါင်း တစ်သောင်းကိုးထောင်ကျော်အား အလုပ်ပေးနေပြီဟု ရေးသားဖော်ပြခဲ့သည်။

ထိုစဉ်က ဗြိတိသျှမြန်မာနိုင်ငံ ဥပဒေပြု အဖွဲ့အစည်းအဝေးတွင် မန္တလေးအမတ် ဦးဘိုရင်က အငတ်ဘေးကြုံတွေ့နေရသော မြင်းခြံခရိုင်နှင့် မိတ္ထီလာခရိုင်တို့မှ တောင်သူလယ်သမားအား အစိုးရက မည်သို့မည်ပုံ ဆောင်ရွက်ထားသည် သိရှိလိုကြောင်း မေးခွန်းထုတ်ခဲ့သဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူက အသေးစိတ်ဖြေကြားခဲ့သည်ဟု သူရိယသတင်းစာကပင် ဖော်ပြပေးခဲ့သည်။ သို့ဖြစ်၍ မြင်းခြံနှင့် မိတ္ထီလာခရိုင်ရှိ တောင်သူလယ်သမားများ ကြုံတွေ့ရသော အငတ်ဘေးအကြောင်း မြန်မာပြည်သူအများ သိခွင့်ရခဲ့သည်။ အငတ်ဘေးကြုံတွေ့နေရသော ကျေးလက်နေ လူထုအဖို့ ထိုက်သင့်သော အကူအညီရခဲ့ကာ ၁၉၃၁ ခုနှစ် မိုးဦးတွင်မှ မိုးလေဝသမှန်ကန်သဖြင့် အထက်ဖော်ပြပါ ခရိုင်များမှ တောင်သူလယ်သမားများ လုပ်ငန်းခွင်ဝင်ရောက်နိုင်ခဲ့သည်ဟု ဆိုကြပါကြောင်း...။

လှမိုး(ပညာရေး)

ကျမ်းကိုး

(၁) ကျွန်တော်မြို့ရိုးကရက်၊ လူထုဦးလှ
(၂) သူရိယသတင်းစာများ
(၃) ဗြိတိသျှအစိုးရ အစီရင်ခံစာများ



www.burmeseclassic.com


www.burmeseclassic.com

# ဒီလိုလက်မျိုး သင့်မှာရှိခဲ့လျှင်

ဒေါက်တာစောယုနွယ်
Ph.D(Tantra)(Kol-India)Astrologer

ယခင်လမှအဆက်

ကျွန်မ၏ ဗေဒင်သင်တန်းတွင် လက္ခဏာပညာရပ်ကို သင်ကြားပေးခဲ့ရာ အချိန်အနည်းငယ်အတွင်း သင်ကြားရသဖြင့် ပတ်ဝန်းကျင်တွင်ရှိနေသော လက္ခဏာများကို ကျယ်ပြန့်စွာ မသင်ပေးရသဖြင့် ကျွန်မ မှတ်သားထားသော လက္ခဏာများကို ရောင်ပြန်မဂ္ဂဇင်းမှ တစ်ဆင့် ဖော်ပြလိုက်ပါတယ်။



## မင်္ဂလာပျက်သူလေး


အိမ်ထောင်ရေးလမ်းကြောင်းကို လက်သန်းရဲ့အောက်ခြေမှ ဆင်းလာတဲ့ လမ်းကြောင်းငယ်တစ်ကြောင်းက ဒေါင်လိုက်ဖြတ်သန်းသွားရင်တော့ — မင်္ဂလာဆောင်ခါနီးမှာ ကြီးစွာသော အနှောင့်အယှက်တစ်ခုကြောင့် မင်္ဂလာပွဲ ပျက်တတ်ပါတယ်။

မိမိဘက်ကပဲဖြစ်ဖြစ်၊ မိမိနဲ့လက်ထပ်မယ့် သူဘက်ကပဲဖြစ်ဖြစ် အနှောင့်အယှက်ပေါ်လို့လည်း ဖြစ်နိုင်ပါတယ်။ ဆိုးရွာတဲ့ ရာသီဥတုဒါဏ်ကြောင့်လည်း ဖြစ်နိုင်ပါတယ်။ မင်္ဂလာပွဲကို အနှောင့်အယှက်တွေဝင်လာနိုင်ပါတယ်။



www.burmeseclassic.com


www.burmeseclassic.com



## ဂုဏ်ရည်မတူ

အိမ်ထောင်ရေး လမ်းကြောင်းအစမှာ ကျွန်းသဏ္ဍာန်(စပါးစေ့)ပုံ ပါနေရင်တော့ အိမ်ထောင်ပြုဖို့ရာမှာ ကြီးမားတဲ့ အခက်အခဲကြီး တစ်ခုခုနဲ့ ရင်ဆိုင်ရမှာဖြစ်ပါတယ်။


ဘာသာမတူတာတို့ ဂုဏ်ပကာသန ရေချိန်တင်တာတို့ အဆွေအမျိုးတွေရဲ့ ခွဲခြားမှုရှိလို့ အိမ်ထောင်ပြုစအချိန်မှာ အခက်အခဲ ကြုံတွေ့ခဲ့ရတဲ့ လက္ခဏာပါ။



## ကြီးမှကံပေါ်

အိမ်ထောင်ရေး လမ်းကြောင်းဟာ ရှည်တော့ရှည်တယ်။

ဒါပေမယ့်. . .ဗုဒ္ဓဟူးဂြိုဟ်ခုံ အပေါ်ဘက် (လက်သန်းအရင်းဘက်)နဲ့ နီးနီးကပ်ကပ်ဖြစ်နေရင်တော့ အသက်ကြီးမှကံပေါ်တဲ့ လေးဆယ်ကျော်၊ ငါးဆယ်နီးပါး လူပျိုကြီး၊ အပျိုကြီးတွေရဲ့ လက်ဝါးပြင်ပါပဲ။



## ရတာမလိုတဲ့လက်

အိမ်ထောင်ရေး လမ်းကြောင်းဟာတိုပြီး အပေါ်ဘက်ကို တက်နေမယ်ဆိုရင်တော့ ဒီတစ်သက်မှာ စုံမှာ မဟုတ်တော့ပါဘူး။

တစ်ကိုယ်တည်း အပျိုကြီး၊ လူပျိုကြီးတွေရဲ့ လက်ဝါးပြင်ပေါ်မှာ အဲ့ဒီလို အိမ်ထောင်ရေးလမ်းကြောင်း မျိုးပါတတ်ပါတယ်။

ဆက်ပါဦးမည် . . .

ချမ်းသာကိုယ်စိတ်မြဲပါစေ . . .

**ဒေါက်တာစောယုနွယ်**

Ph.D(Tantra)(Kol-India)Astrologer



www.burmeseclassic.com

www.burmeseclassic.com

# မုန့်လုံးရေပေါ်ဝေက မြုပ်နေသောငွေများရ

■ ဟိန်းထက်ဈာန်

မြန်မာနှစ်သစ်ကူး သင်္ကြန်တွင်း၌ မုန့်လုံးရေပေါ်ကို သင်္ကြန်ကာလ ရိုးရာအစားအစာအဖြစ် စေတနာဒါနအလှူအဖြစ် ကျွေးမွေးလှူဒါန်းလေ့ရှိပါသည်။ တစ်ဦးချင်းအလှူသော်လည်းကောင်း၊ ရပ်ကွက်တွင်း မိသားစုအလှူသော်လည်းကောင်း စုပေါင်းအလှူအဖြစ် ဆင်နွှဲလေ့ရှိကြပါသည်။ ဂမ္ဘီရအမြင်အားဖြင့် မုန့်လုံးရေပေါ်ကိုကြည့်လျှင် -

မှု၊

မုန့်-၅ လုံး-၄

ရေ-၄ ပေါ်-၅

ဗုဒ္ဓဟူး + ကြာသပတေး = (၉) ကိုးနဝင်းရပါသည်။ ကက်ကင်းဓာတ်ဖြစ်နေပါသည်။ တစ်ဖန် မုန့်လုံးရေပေါ် ကက်ကင်းနှင့် ကိုးနဝင်းကိုက်ဖြစ်နေသလို မုန့်လုံးရေပေါ်သည် ပွက်ပွက်ဆူနေသော ရေနွေးအိုးထဲသို့ မုန့်လုံးလေးများကို ထည့်လိုက်ပါက မုန့်အသားကျက်မှ ရေပေါ်သို့တက်လာပါသည်။ သို့ဖြစ်၍ အမှုန်တရားကိစ္စများသည် ဖုံးကွယ်ထား၍မရသလို သူ့အချိန်ရောက်လျှင် ပေါ်လာစမြဲဖြစ်ပါသည်။

သို့ဖြစ်ရာ အမှုကိစ္စနှင့် ရင်ဆိုင်နေရသူများ၊ ဖုံးကွယ်ထား၍မရသလို သူ့အချိန်ရောက်လျှင် ပေါ်လာစမြဲဖြစ်ပါသည်။ အမှုကိစ္စနှင့် ရင်ဆိုင်နေရသူများ၊ မတရားစွပ်စွဲခံနေရသူများ ဖြစ်ပါက (မုန့်လုံးရေပေါ်ကို ဘုရားဆွမ်းတော်ကပ်လျှင် ကိုးနဝင်းကိုက် ၉ လုံး၊ ၁၈ လုံး၊ ၂၇ လုံးလှူပါ။ ဆက်ကပ်ပြီးလှူဒါန်းပါ။ မိမိကိုယ်တိုင်လည်းစားပါ။ မြုပ်နေသော ငွေကြေးလာဘ်လာဘများနှင့် မိမိတွင်ပိတ်နေသော ကံများလည်း အမြန်ဆုံးပေါ်လာမည်ဖြစ်ပါသည်။

မြန်မာနှစ်ဆန်း (၁)ရက်နေ့တွင်လည်းကောင်း၊ အတက်နေ့တွင်လည်းကောင်း မုန့်လုံးရေပေါ်ကို ယတြာအဖြစ် ပြုလုပ်ကြပြီး အန္တရာယ်ကင်းအောင် ဆောင်ရန်၊ ရှောင်ရန်ကိစ္စများကြိုတင်ဆောင်ရွက်ထားခြင်းဖြင့် တစ်နှစ်တွင်း လာဘ်လာဘများတိုးပွားစေရန် အမှန်ပင်ဖြစ်သည်ဟု မြန်မာလူမျိုးတို့က ယုံကြည်ကြလေသည်။

**စီးပွားရေးလုပ်ငန်းသမားများအတွက် ပြုလုပ်နည်း**

**မုန့်လုံးရေပေါ်** ၁၀ လုံးတိတိကို မြတ်စွာဘုရားအား ကပ်လှူပြီးလျှင် ပိုသောမုန့်လုံးများကို အိမ်နီးနားချင်းများအား ဝေလိုက်ပါ။ ဤယတြာမှာ ကုန်းဘောင်ခေတ်တွင် အသုံးပြုခဲ့သော ရှေးယတြာဖြစ်သည်။ ယတြာပြုလုပ်ပြီးသည်နှင့် နစ်မြုပ်နေသော သင်၏ စီးပွားရေးလုပ်ငန်းများသည် ဦးမော့လာပေလိမ့်မည်။ (ပြုလုပ်နည်းမှာ) သင်သည် အသက် ၃၀ ရှိသည်ဆိုပါစို့။ အသက် ၃၀ ကို ၄ နှင့်မြှောက်လိုက်လျှင် ၁၂၀ ရ



www.burmeseclassic.com

www.burmeseclassic.com

မည်။ မုန့်လုံးရေပေါ် ၁၂၀ လုံးရမည်။ ထိုအနက်မှ ၁၀ လုံးကို မြတ်စွာဘုရားအား ကပ်လှူရမည်။ ပိုသော ၁၁၀ လုံးကို အိမ်နီးနားချင်းများ ဝေရမည်။

## ဘုရားကပ်လှူရမည့် အချိန်နှင့် နေ့များ

အသက် ၃၀ ကို ၇ ခုနစ်ဖြင့် စားလျှင် ၂ ကြွင်း။ ထိုယတြာပြုရသူမှာ တနင်္လာနေ့နံနက် ၁၀ နာရီတိတိ အချိန်တွင် ပြုလုပ်ရမည်။ အလွန်ထူးခြားသော ယတြာဖြစ်သည်။ စီးပွားရေးအဆင်မပြေသူများ၊ ငွေကြေးကိစ္စ နစ်မြုပ်နေသူများ ပြုလုပ်သင့်သည်။

ယတြာပြုလုပ်လိုသောသူသည် မိမိရောက်ဆဲအသက်ကို (၇)ဖြင့်စားပါ။ စားပြီးသော် အကြွင်းကို အောက်ပါအတိုင်း ပြုလုပ်ပါ။

(၁) တစ်ကြွင်းလျှင် တနင်္ဂနွေနေ့နံနက် ၁၀ နာရီတွင် ပြုလုပ်ရမည်။

(၂) နှစ်ခုကြွင်းလျှင် တနင်္လာနေ့ နံနက် ၁၀ နာရီတွင် ပြုလုပ်ရမည်။

(၃) သုံးခုကြွင်းလျှင် အင်္ဂါနေ့နံ နက် ၁၀ နာရီတွင် ပြုလုပ်ရမည်။

(၄) လေးခုကြွင်းလျှင် ဗုဒ္ဓဟူးနေ့ နံနက် ၁၀ နာရီတွင် ပြုလုပ်ရမည်။

(၅) ငါးခုကြွင်းလျှင် ကြာသပတေးနေ့နံနက် ၁၀ နာရီတွင်ပြုလုပ်ရမည်။

(၆) ခြောက်ခုကြွင်းလျှင် သောကြာနေ့နံနက် ၁၀ နာရီတွင် ပြုလုပ်ရမည်။

(၀) သုညကြွင်းလျှင် စနေနေ့နံနက် ၁၀ နာရီတွင် ပြုလုပ်ရမည်။

## သကြားဓာတ်ပါသော မုန့်လုံးရေပေါ် ယတြာ

မုန့်လုံးရေပေါ်ကို သကြားဖွာပနာပြုပြီး (၉)လုံးရအောင်လုံးရမည်။ လုံးထားတဲ့ မုန့်လုံး (၉)လုံးကလည်း အရွယ်အစားတူ ဆိုက်တူဖြစ်ရမယ်။ မုန့်လုံးရေပေါ် ယတြာပြုလုပ်ဖို့ အသင့်ဖြစ်နေတဲ့ မုန့်လုံးရေပေါ် (၉)လုံးကို ရေသန့်သန့်နဲ့ ပြောင်စင်အောင်ဆေးကြောထားတဲ့ ကြွေလင်ပန်းထဲကိုထည့်ရမယ်။ မုန့်လုံးရေပေါ်ထည့်ထားတဲ့ လင်ပန်းကိုလည်း ဓာတ်သမားများ အခေါ်အရ ဓာတ်ယတြာလင်ပန်းလို့ ခေါ်ရပါသည်။

သကြားပါတဲ့ မုန့်လုံးရေပေါ်ကို ဂမ္ဘီရဓာတ်အခေါ်အဝေါ်အရ သိကြားလို့ ခေါ်တယ်။ ဓာတ်ပစ္စည်းတစ်ခုကို အခေါ်အဝေါ်တိကျမှန်ကန်လေးနက်ဖို့ အရေးကြီးပါတယ်။ မုန့်လုံးရေပေါ်အတွင်းမှာ သကြားဖွာပနာသွင်းရတာက အစစအရာရာ သိနိုင်အောင်၊ ကြားနိုင်အောင်၊ မြင်နိုင်အောင် ဓာတ်သဘောအရဖြစ်ပါတယ်။ သကြားဆိုတာ အာပေါလို့ခေါ်တဲ့ အအေးဓာတ်ကို ဗိုးမိုးတယ်။ အပူတွေကင်းငြိမ်းပြီး အေးချမ်းတဲ့ဓာတ်သဘောကို ဖြစ်နိုင်တယ်။

ဤမုန့်လုံးရေပေါ် (၉)လုံး ယတြာပြုလုပ်ရမည့်အချိန်က မိမိမွေးနေ့နံနက် ၉ နာရီ ၄၅ မိနစ်အချိန် ကိုးနဝင်းနှစ်ထပ်ကျတဲ့အချိန်မှာ ဘုရားကို ဆက်ကပ်လှူဒါန်းပူဇော်ပြီး မိမိအခက်အခဲကို ဆုတောင်းရမည်။ မိမိမွေးနေ့မရောက်မီလည်း အခက်အခဲဒုက္ခတွေ အရေးကြုံလာတဲ့အခါမှာလည်း မိမိမွေးနေ့ရယ်လို့ သတ်သတ်မှတ်မှတ်မထားဘဲ မိမိကြိုက်နှစ်သက်ရာနေ့ကို ပြုလုပ်နိုင်သော ယတြာဖြစ်ပါသည်။

## ကိန္နရီကိန္နရာနှင့် ဂမ္ဘီရဆန်သော မုန့်လုံးရေပေါ်

ကိန္နရီကိန္နရာဆိုသည်မှာ လူတို့၏ ချိုင်းအောက်မှ အမွှေးများ တစ်လုံးပြီး တစ်လုံးပေါ်လာ၍ လက်က ပုံမှန် အောက်ချထားလျှင် နာနေ၍ လက်က ကားထားရသည်။ (သို့မဟုတ်) မ,ထားရသည်။ ဤသို့ တစ်ဖက်ဖြစ်လို့ မပျောက်သေးမီ နောက်တစ်ဖက်က ထပ်ဖြစ်လာပါသည်။ ထို့ကြောင့် လက်နှစ်ဖက်စလုံး ကိန္နရီ ကိန္နရာမောင်နှံ တောင်ပံကဲ့သို့ မြှောက်ထားရသောကြောင့် ကိန္နရီ ကိန္နရာနာလို့ ခေါ်ဆိုကြလေသည်။ ဤသို့ဖြစ်လျှင် မုန့်လုံးရေပေါ် ၃၃ လုံးတိတိကို ပိုလည်းမပို၊ လိုလည်းမလိုစေဘဲ တစ်ထိုင်တည်းတွင် ကုန်အောင်စားပါက တစ်ရက်၊ နှစ်ရက်အတွင်း ယှူပစ်သလို ပျောက်ကင်းသွားပါသည်။

ဟိန်းထက်ဈာန်

ကိုးကား

(၁) ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် မဟာပေါက်ဗိဇ္ဇာ ဂမ္ဘီရဂျာနယ်မှ တောင်တွင်းကြီးမဟာတံခွန်၏ ကောင်းကျိုးချမ်းသာ မင်္ဂလာဖြစ်စေသော မုန့်လုံးရေပေါ်ယတြာ

(၂) ဟိန်းထက်ဈာန်၏ လပြည့်ည သန်းခေါင်ယံတွင် ထူးခြားသည့် သက်ဝင်ဘီလူးနှင့် မြန်မာ့လေ့ဖြစ်ရပ်ဆန်းလုံးချင်းစာအုပ်။



www.burmeseclassic.com

www.burmeseclassic.com

# မြည်တွင်းပြည်ပ ဝိညာဉ်လောက ယုံကြည်ချက်များ

လှုတိုး[စိတ်ပညာ]

## ကိုယ်တွေ့ဓာတ်ခွဲ

ရှေးပဝေသဏီကာလ၍ ယနေ့ထိ ကမ္ဘာပေါ်တွင်ရှိ တိုင်းပြည်နိုင်ငံတိုင်းလိုလိုတွင် သေပြီးသူများကို တစ်ခါတစ်ရံ တွေ့မြင်ဖူးသည် ဆိုသောသူများ ရှိကြ၏။ ဤသည်မှာ ကမ္ဘာလူသားတို့၏ ရှေးအစဉ်အလာ ယုံကြည်ချက်ဖြစ်ပေရာ ယင်းကိုအကြောင်းပြု၍ တစ္ဆေ ခြောက်သည်။ သေသူက တမလွန်ဘဝမှလာ၍ ကိုယ်ထင်ပြသည် စသည်ဖြင့် ပြောဆိုမှတ်ယူကြ၏။

စိတ်ဝိညာဉ်သုတေသီ ဆရာတို့က တစ္ဆေအတွေ့အကြုံများကို စိတ်ဓာတ်ဆက်သွယ်ခြင်း (ဝါ) တယ်လီပသီဖြင့် အာရုံထင်မှုများဖြစ်သည်ဟု ယူဆကြ၏။ တစ္ဆေကို လူအများမြင်ကြရခြင်းမှာ တစ်ဦးမှတစ်ဦးသို့ စိတ်ဓာတ်ကူး ဆက်သွားသောကြောင့် ဖြစ်သည်ဟုဆို၏။ တစ္ဆေအကြောင်းကို ရှေးဦးပထမ နိုက်ချတ်လေ့လာခဲ့သူ ဒေါက်တာဖရီးဒရစ်မေယား၏ အလိုအားဖြင့် လူတစ်ဦးသေပြီးသည့်နောက် နာရီပိုင်းအတွင်း အခြားလူတစ်ဦးက သေသူကို မြင်ရခြင်းမှာ သေမည့်သူသည် သေခါနီးတွင် အခြားလူတစ်ဦးကို သတိရပေမည်။ သို့ဖြင့် သူ၏စိတ်သည် ဒုတိယလူ၏ စိတ်နှင့် ဆက်သွယ်ပြီး ထိုလူ၏ ဘဝင်၌ ကိန်းဝပ်နေပေမည်။ သူသေပြီးမှ ထိုစိတ်သည် သက်ရှိလူ၏ မနော ဝိညာဉ်အပေါ်လွှာသို့ ရောက်ရှိ၍ အာရုံထင်လာခြင်းဖြစ်ပေလိမ့်မည်။

သို့ရာတွင် တစ္ဆေသည် မကြာသေးမီက သေဆုံးသွားသော လူတစ်ဦး၏ အရိပ်သဏ္ဌာန်မဟုတ်ဘဲ နှစ်ပေါင်းများစွာက သေဆုံးခဲ့သော ပုဂ္ဂိုလ်တစ်ဦး၊ သို့မဟုတ် မည်သူမှုမသိသော အခြားပုဂ္ဂိုလ်တစ်ဦး၏ ပုံသဏ္ဌာန်ကိုလည်း ဆောင်နေလေ့ရှိပေသည်။ ဤကိစ္စမျိုးအတွက် စိတ်ဝိညာဉ်သုတေသီ ဆရာတို့က ရှင်းပြရာတွင် ပုဂ္ဂိုလ်သတ္တဝါတစ်ဦး၏ သညာဝေဒနာ အသိအမြင်စသော စေတသိက်များသည် ပတ်ဝန်းကျင်၌ ထင်ဟပ်နေတတ်၏။ နေထိုင်ခဲ့သာနေရာဌာန၊ သို့မဟုတ် ပတ်ဝန်းကျင်ရှိ ရုပ်ဝတ္ထုများနှင့် တစ်နည်းနည်းဖြင့် ဆက်စပ်နေတတ်၏။ သို့ဖြင့် ဆိုင်ရာပုဂ္ဂိုလ်သေဆုံးပြီးနောက်၊ သို့မဟုတ် ထိုနေရာမှ ဖဲခွာသွားပြီးနောက် နှစ်ပေါင်းအတန်ကြာ၍ ထိုနေရာသ` အခြားလူတစ်ဦး ရောက်လာပြီး ပတ်ဝန်းကျင် ရုပ်ဝတ္ထုများနှင့် ထိတွေ့သောအခါ ပထမလူ၏ အကြောင်းအရာများသည် အလိုလို အာရုံထင်လာတတ်၏။ တစ်နည်းဆိုသော် ရုပ်ဝတ္ထုများသည် လူတစ်ဦးနှင့်တစ်ဦးကို စိတ်ဓာတ်ချင်းဆက်သွယ်ပေး၍ နေရာဌာနတစ်ခုနှင့်တစ်ခု ဆက်စပ်နေသော အတိတ်ကာလက အဖြစ်အပျက်များသည် ထိုနေရာသို့ ရောက်ရှိလာသော ပုဂ္ဂိုလ်ကို အာရုံ အရိပ်နိမိတ်များ ထင်လာစေခြင်း ဖြစ်သည်ဟု စိတ်ဝိညာဉ်သုတေသီတို့က ယူဆကြလေသည်။

တစ္ဆေကို တွေ့မြင်ခြင်းနှင့် သေပြီးသူသို့မဟုတ် သေခါနီးသူများ ဆက်စပ်နေခြင်းမှာ အကြောင်းတစ်ခုခု ရှိကောင်းရှိပေလိမ့်မည်။ လူတို့သည် သေခါနီး၌ ရှေးကကွယ်လွန်သူတို့၏ ပုံသဏ္ဌာန်ကို မြင်လေ့ရှိသည်ဟု အဆိုရှိရာ စိတ်ဝိဇ္ဇာဉ်သုတေသီ ပညာရှင်တစ်ဦးသည် သေခါနီးလူများအား စောင့်ကြည့်ခဲ့သော ဆရာဝန်နှင့် သူနာပြုများကို မေးမြန်းစုံစမ်း သုတေသနပြုလုပ်၍ ထိုအဆိုမှန်ကန်ကြောင်း အတည်ပြုခဲ့လေသည်။ ၎င်းက လူတော်တော်များများသည် သေခါနီး၌ သတိကောင်းစွာရနေလျက်နှင့်ပင် ကွယ်လွန်ပြီးသော ဆွေမျိုးသားချင်းများကို အာရုံထင်မြင်လာကြောင်း တွေ့ရှိရသည်ဟုဆို၏။ အသက်ထွက်ခါနီးဆဲဆဲ ထင်လာသော နိမိတ်အာရုံများတွင် လူနာအား တမလွန်သို့ အရင်ရောက်နှင့်နေကြသူ ကွယ်လွန်သူများက လာခေါ်သည်ဆိုသော ထင်မြင်မှုများမှာ အထူးများပြားကြောင်း အံ့ဩဖွယ်တွေ့ရှိခဲ့ရသည်။

စိတ်ဝိညာဉ် သုတေသီဆရာတို့၏ စူးစမ်းလေ့လာချက်အရ အချို့လူများ



www.burmeseclassic.com

www.burmeseclassic.com

တွေ့မြင်ရသော တစ္ဆေများမှာ ကွယ်လွန်ပြီးဖြစ်သော အသိမိတ်ဆွေများ ပုံသဏ္ဌာန်ဖြစ်၍ အချို့သေပြီးသူများသည် မိမိသေကြောင်း မသိသေးသော အသိမိတ်ဆွေများအား ကိုယ်ရောင်ပြ၍ သတင်း ပေးပို့ကြကြောင်း သိရ၏။ တမလွန်ဘဝမှနေ၍ ကျန်ရစ်သော ဆွေမျိုးသားချင်းများ၏ ကိုယ်ရေးကိစ္စများတွင် စိတ်ဝင်စားဟန် ပါဝင်ဆောင်ရွက်လိုဟန် လက္ခဏာများ ပြတတ်ကြ၏။

ဤနေရာတွင် အင်္ဂလန်ပြည် စိတ်ဝိညာဉ်သုတေသနအသင်းက အထောက်အထားခိုင်လုံစွာတင်ပြထားသော ကိုယ်တွေ့သာဓကတစ်ခု ဖော်ပြလိုက်ပါသည်။

ဂျာမနီပြည်၌ ရောဘတ်အမည်ရှိ လယ်သမားတစ်ဦး ကြုံတွေ့ရသော အဖြစ်အပျက်တစ်ခုဖြစ်ပါသည်။ ရောဘတ်နေထိုင်သော ဒေသအနီးအနားရှိ ရွာတစ်ရွာ၌ သူ၏မိတ်ဆွေ ဝီလျံနေထိုင်လျက်ရှိရာ တစ်နေ့သ၌ ရုတ်တရက် ဝီလျံဖျားနာပြီး သေဆုံးသွားကြောင်း ရောဘတ် လုံးဝမသိခဲ့ချေ။

## ရောဘတ်၏ ကိုယ်တွေ့

ထိုနေ့ည ၉ နာရီက ကျွန်ုပ်သည် မောမောပန်းပန်းနှင့် အိပ်ရာဝင်၍ ခေါင်းချလိုက်သည်နှင့် အိပ်ပျော်သွားပါသည်။ ခဏကြာသော် ဝီလျံ၏ကျယ်လောင်သောအသံကိုကြား၍ လန့်နိုးလာပါသည်။ ဇနီးဖြစ်သူက ကလေးအတွက် မီးအိမ်မငြိမ်းဘဲထားသဖြင့် အခန်းမှာ မီးရောင်ဖြင့် လင်းနေပါသည်။ အခန်းပြတင်းပေါက်အောက်နားမှ ဝီလျံ၏အော်ဟစ်သံကိုကြားရသဖြင့် ကျွန်ုပ်သည် အိပ်ရာပေါ်၌ထိုင်ပြီး နားထောင်ပါသည်။ သို့ရာတွင် သူဘာပြောသည်ကို နားမလည်ပါ။ ထို့နောက် ဝီလျံသည် ရုတ်တရက် အခန်းထဲသို့ရောက်လာပါသည်။ မိန်းမနှင့်ကလေး၏ အိပ်ရာများကိုကျော်၍ ကျွန်ုပ်၏အိပ်ရာနားသို့ ချဉ်းကပ်လာပြီး "သူငယ်ချင်း မင်း ဘယ်လိုထင်သလဲ။ ကနေ့ညနေ ၅ နာရီမှာ ငါသေပြီ"ဟု ဆိုပါသည်။

ကျွန်ုပ်မှာ ထိတ်လန့်ပြီး "အို.. ဒါဟာ မဖြစ်နိုင်ဘူး"ဟုပြောပါသည်။ သူက "ငါပြောတာအမှန်ပဲ။ သူတို့က ငါ့ကို အင်္ဂါနေ့ညနေ ၂ နာရီမှာ မြေမြှုပ်ချင်ကြတယ်"ဟု ပြန်ပြောပါသည်။

ကျွန်ုပ်သည် မိမိကိုယ်မိမိ အိပ်မက်မက်နေသလားဟု စစ်ဆေးကြည့်ပါသည်။ အခန်းထဲရှိ မီးရောင်၊ ရေချိုင့်နှင့် ကြည့်မှန်၊ အိပ်ပျော်နေသော ကလေးနှင့် မိန်းမတို့ကို မျက်စိနှင့် သေချာတပ်အပ်မြင်ရသောအခါ သံသယပျောက်၍ အမှန်တကယ်နိုးကြားနေကြောင်း ယုံကြည်လာပါသည်။ သို့ဖြင့် ကျွန်ုပ်က ဝီလျံအား "တိုးတိုးပြောပါ။ ငါ့မိန်းမနိုးသွားရင်ခက်မယ်"ဟု ဆိုရာ သူက "မင်း မစိုးရိမ်ပါနဲ့။ မင်းမိန်းမကို ငါ မနှောင့်ယှက်ပါဘူး"ဟုပြောပါသည်။ ကျွန်ုပ်လည်း "မင်းသေပြီဆိုတာမှန်ရင် ငါဝမ်းနည်းပါတယ်။ မင်းရဲ့ကလေးတွေကို ငါ ကြည့်ရှုစောင့်ရှောက်လိုက်ပါ့မယ်"ဟု ပြောပါသည်။ ထိုအခါ ဝီလျံသည် လက်နှစ်ဖက်ကို ဆန့်တန်း၍ ကျွန်ုပ်ကို နှုတ်ဆက်တော့မည့်ကဲ့သို့ အနီးသို့ကပ်လာရာ ကျွန်ုပ်က "မင်း ငါ့နား သိပ်ကပ်မလာပါနဲ့"ဆိုပြီး ညာလက်ကိုမြှောက်၍ လက်ယမ်းပြပါသည်။ ထိုခဏ၌ ဝီလျံမှာ ပျောက်ကွယ်သွားပါသည်။ အိပ်ရာမှထ၍ ကျွန်ုပ် လက်ပတ်နာရီကိုကြည့်လိုက်ရာ အချိန်မှာ ၁၂ နာရီနှင့် ၇ မိနစ်ရှိနေကြောင်း သိရပါသည်။ ဝီလျံသည် ထိုနေ့ညနေ ၅ နာရီကသေဆုံး၍ ဝီလျံ၏ရုပ်ခန္ဓာအား နောက် အင်္ဂါနေ့ညနေ ၂ နာရီ၌ မြေမြှုပ်သင်္ဂြိုဟ်ပါသည်။

## အံ့ဖွယ် တမလွန်လောက

"လူ"တို့သည် ကွယ်လွန်သည့်အခါ အခြားဘဝအသစ်တစ်ခုသို့ ကူးပြောင်းသွားကြသည်ဟု ဒေါက်တာဂျိုးနာ့စ်ဒိုက်တာက ဆို၏။ တစ်ခုသော နံနက်ခင်းတွင် သူသည် မိမိတာဝန်ထမ်းဆောင်သော လော့စ်အိန်ဂျယ်လိစ်မြို့ ဆေးရုံကြီးသို့ အလုပ်ဆင်းရန် ထွက်လာခဲ့၏။ ထိုစဉ် လမ်းပေါ်၌ အခြားကားတစ်စင်း အရှိန်လွန်ပြီး သူ၏ကားကို ဝင်တိုက်သွားသည်။ မျက်နှာချင်းဆိုင်ဘက်မှ အရှိန်ပြင်းစွာ မောင်းလာသဖြင့် ကားနှစ်စင်း ခေါင်းချင်းဆိုင် တိုက်မိကြသည်။

ဒေါက်တာ "ဒိုက်တာ"သတိပြန်ရသောအခါ မိမိကိုယ်မိမိ ငုံ့ကြည့်လိုက်၏။ အစပထမတော့ မိမိ၏ ကားခေါင်မိုးထက်တွင် ရောက်ရှိနေသည်ဟု ထင်ခဲ့၏။ သို့သော် အသေအချာကြည့်မှ ခန္ဓာကိုယ်သည် လဟာပြင်ထဲ၌ လွင့်မျောနေကြောင်း တွေ့ရ၏။ ထိုအခါ မိမိ သေဆုံးသွားပြီဟု သတ်မှတ်လိုက်မိ၏။

မကြာမီ ကယ်ဆယ်ရေးသမားများ ရောက်လာကြသည်။ မိမိခန္ဓာကိုယ်ကို ဆေးရုံဝန်ထမ်းများက သယ်ထုတ်သွားကြ၏။ တစ်ဖက်မှဝင်တိုက်သော ကားထဲတွင်လည်း လူတစ်ယောက်ငြိမ်



www.burmeseclassic.com

www.burmeseclassic.com

သက်နေ၏။ ယာဉ်မောင်းသူဖြစ်သည်။ ဆေးရုံဝန်ထမ်းများက ထိုယာဉ်မောင်းသူ၏ ရုပ်အလောင်းကို တွန်းလှိမ့်ကြမ္ပဲ နေသော ကားထဲမှ ခက်ခက်ခဲခဲ ထုတ်ယူခဲ့ကြရ၏။

ထိုအချိန်တွင် မိမိကဲ့သို့ပင် အချင်းဖြစ်ပွားရာနေရာ အထက်၌ အခြားလူတစ်ယောက် လွင့်မျောနေသည်ကို တွေ့လိုက်ရ၏။ ထိုသူက ငိုယိုရင်း မိမိအား ခွင့်လွှတ်ပါရန် ဒေါက်တာ "နိုက်တာ"အား တောင်းပန်စကားဆိုနေ၏။ ယင်းသို့ တောင်းပန်စကားပြောကြားသူမှာ အခြားသူမဟုတ်ဘဲ မိမိကားကို ဝေါင်းချင်းဆိုင်ဝင်တိုက်သော တစ်ဖက်ကားထဲမှ ယာဉ်မောင်းသူဖြစ်နေကြောင်း တွေ့ရ၏။ ထိုအခိုက် သူတို့နှစ်ဦးကို ကောင်းကင်ယံထဲသို့ မမြင်ရသော "အင်အား"တစ်ခုက သယ်ဆောင်သွားနေသည်ကို သတိမူမိလာ၏။

အထက်ကောင်းကင် တစ်နေရာတွင် ရှည်လျားသော ဥမင်လိုဏ်ခေါင်းကြီးတစ်ခု တွေ့မြင်ရသည်။ ဥမင်လိုဏ်ခေါင်း၏ တစ်ဖက်စွန်းတွင် အလင်းရောင်တစ်ခု လင်းလက်နေသည်ကိုလည်း တွေ့ရ၏။ သို့သော် ဒေါက်တာ "နိုက်တာ"အနီးမှ သူ့အဖော်ကမူ ထိုအလင်းရောင်ကို သတိမပြုသေးပေ။ သူ့ကို ခွင့်လွှတ်ဖို့ကိုသာ တတွတ်တွတ်ပြောကြားနေခဲ့ရှိသည်။

သူ့အဆိုအရ အချင်းဖြစ်ပွားနေချိန်က သူသည် အရက်မူးနေကြောင်း။ အရက်မူးပြီး မှေးခနဲအိပ်ပိုက်သွားရာမှ ထိန်းမနိုင်သိမ်းမရဖြစ်ကာ ယခုကဲ့သို့ ဒေါက်တာ "နိုက်တာ"၏ကားကို အရှိန်ပြင်းစွာ ဝင်တိုက်မိခြင်းဖြစ်သည်။ တစ်ဖက်ယာဉ်မောင်းသူသည် လူကောင်းတစ်ယောက် ဖြစ်ပုံရ၏။ မိမိအများအတွက် ကြီးစွာနောင်တရနေဟန်ရှိသည်။ ထိုအခိုက် ဒေါက်တာ "နိုက်တာ"၏ နားထဲသို့ အခြားအသံတစ်ခု တိုးဝင်လာ၏။

ယင်းအသံမှာ ကွယ်လွန်သွားခဲ့ပြီဖြစ်သော သူ့ဘွားအေ၏အသံဖြစ်သည်။ သူသိသော အခြားသူများ၏ အသံတို့ကိုလည်း ကြားနေရသည်။ ထိုသူတို့ကို ဒေါက်တာ "နိုက်တာ" ကောင်းစွာမှတ်မိ၏။ ၎င်းတို့မကွယ်လွန်မီက မိမိတွေ့မြင်ခဲ့သော အနေအထားနှင့် ပုံပန်းသဏ္ဌာန်တို့အတိုင်း ဖြစ်ကြသည်။

အဘွားဖြစ်သူကမူ သူ့ကို လူ့ပြည်သို့ပြန်သွားရန် တိုက်တွန်းနေ၏။ လူ့ပြည်၌ သူ့အနေဖြင့် လုပ်ကိုင်ဆောင်ရွက်စရာများ ကျန်ရှိနေသေးကြောင်း သတိပေးပြောကြားသည်။ ထိုအခိုက် အတန့်က သူ့စိတ်ထဲတွင် ကြေကွဲဝမ်းနည်းမှုများ ဖြစ်ပေါ်ခံစားလိုက်ရသည်။ ထို့မှ တစ်ဆက်တည်းဆိုသလို ဆစ်ခနဲ နာကျင်မှုဝေဒနာ လိုက်ပါဖြစ်ပေါ်လာ၏။ မော်တော်ကားပျက်အနီးတွင် လှုပ်ရှားနေကြသော ကယ်ဆယ်ရေးသမားများဆီသို့ သူ၏အကြည့်အာရုံ ပြန်လည်ရောက်ရှိသွားသောအခါ ကားပျက်ထဲမှ ဆွဲယူလာသော သူ၏ခန္ဓာကိုယ်ကို တွေ့လိုက်ရသည်။ အသက်ရှင်လျက်ပင်ရှိသေးကြောင်း တွေ့ရ၏။

ခေါင်းချင်းဆိုင် ဝင်တိုက်ခဲ့သော ကားထဲမှ ယာဉ်မောင်းမှာမူ အသက်မရှိတော့ကြောင်း။ နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွားကြောင်းကို ကယ်ဆယ်ရေးသမားများက ပြောကြားနေသံကိုလည်း ကြားရ၏။ ဒေါက်တာ "နိုက်တာ"မှာ ကံကောင်းထောက်မသဖြင့် အသက်မသေဘဲ ကျန်ရစ်ခဲ့သည်။ သူ၏ခန္ဓာကိုယ်ထဲမှ ခေတ္တခဏမျှထွက်ကာ လွင့်မျောသွားသော "ဝိညာဉ်"သည် အခြားဘဝတစ်ခုသို့ ရောက်ရှိသွားခဲ့၏။ သူနှင့်အတူ အခြားကားထဲမှ ယာဉ်မောင်း၏ ဝိညာဉ်ကိုလည်း တမလွန်ဘဝ၌ တွေ့ဆုံခဲ့ရသည်။

ယာဉ်မောင်း၏ဝိညာဉ်က သူ့ကို ခွင့်လွှတ်ရန် အကြိမ်ကြိမ်အထပ်ထပ် တောင်းပန်စကားဆိုရှာ၏။ ယာဉ်တိုက်မှုအတွက် သူ့တွင် တာဝန်ရှိကြောင်း သူ့အမှားကြောင့် ယခုလိုဖြစ်ပွားရခြင်းကို စိတ်မကောင်းဖြစ်နေဟန်ရှိသည်။ မည်သို့ဖြစ်စေ ထိုသူသည် အရက်သေစာ သောက်စားထားသည်မှအပ လူကောင်းသူကောင်းတစ်ဦးသာဖြစ်ကြောင်း ဒေါက်တာ နိုက်တာက နားလည်လိုက်သည်။ ယင်းနားလည်မှုနှင့်အတူ ထိုသူ့အပေါ် ခွင့်လွှတ်လိုက်၏။ သူ့ခမျာ သူ့မိုက်ပစ်နှင့်သူ့ အသက်နှင့် လဲသွားခဲ့ရပေပြီ။ မိမိမှာမူ ကံအားလျော်စွာ လူ့ဘဝတွင် ဆက်လက်ကျန်ရစ်ခဲ့ရပေသည်ဟု ဒေါက်တာနိုက်တာက ဆို၏။

အံ့ဖွယ် တမလွန်လောကပါတကား...။

လှတိုး(စိတ်ပညာ)

စာညွှန်း

၁။ ဦးအေးမောင်၏ "စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာတွေ့ရှိရချက်များ" ၁၉၇၄။

၂။ ၁၉၉၂ ဩဂုတ်လ သုတစွယ်စုံမဂ္ဂဇင်းပါ သုရှိန်၏ "ထူးဆန်းတွေလာ ဤကမ္ဘာ"။

www.burmeseclassic.com

# ဟာဂျီးနီးယားမှ စာ(၂)

■ မောင်ကောင်းမြင့်

ရက်စွဲ
၁၂ မေ ၂၀၁၅
မိတ်ဆွေများနှင့် ချစ်ခင်သူများသို့

နေ့စဉ်ထုတ် သတင်းစာများကို ဖတ်နေရင်း သတင်းစာအဟောင်းပုံထဲက သတင်းစာတွေကိုပါ ယူဖတ်မိတယ်။ ဖတ်ရင်းနဲ့ စိတ်ဝင်စားစရာကောင်းတဲ့ သတင်းဆောင်းပါးတစ်ပုဒ်ကို တွေ့ရတယ်။ သတင်းစာက ၂၄ အောက်တိုဘာ၊ ၂၀၁၄ တုန်းက ထုတ်တဲ့သတင်းစာပါ။ ပြောခဲ့ဖူးတဲ့ Washington Post သတင်းစာကြီးက အခမဲ့ပေးတဲ့ Express သတင်းစာပါ။

မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့ ဓာတ်ပုံပြပွဲသတင်း ဓာတ်ပုံဆောင်းပါးဖြစ်ပါတယ်။ ဓာတ်ပုံဆရာက Captain Linnaeus ဆိုသူဖြစ်တယ်။ ၁၈၅၂ မှ ၁၈၆၀ ကာလအတွင်း အရှေ့အိန္ဒိယကုမ္ပဏီနဲ့ မြန်မာနိုင်ငံမှာ တာဝန်ထမ်းဆောင်ခဲ့သူပဲ။ စစ်သားဓာတ်ပုံဆရာပေါ့။ ထိုစဉ်က အင်္ဂလိပ်စစ်သည်များစွာဟာ အိန္ဒိယနဲ့ မြန်မာနိုင်ငံမှာ တာဝန်ထမ်းဆောင်ခဲ့ကြပြီးတဲ့နောက် ဝတ္ထုတွေ၊ ခရီးသွားမှတ်တမ်းတွေ၊ ဓာတ်ပုံပြပွဲတွေကို အင်္ဂလန်နဲ့ အိန္ဒိယမှာ ထုတ်ဝေခဲ့၊ ပြသခဲ့ကြတယ်။ ဥပမာ - ရုပ်ရှင်ကြည့်ပရိသတ်အများစု မှတ်မိနေကြမယ့် The Far Pavillions ဆိုတဲ့ ရုပ်ရှင်ဆိုရင် မူရင်းဝတ္ထုက M.M. Kaye ရဲ့ ဝတ္ထုဖြစ်တယ်။ ဝတ္ထုရေးသူဟာ အရှေ့အိန္ဒိယကုမ္ပဏီမှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ မိမိရဲ့အဘိုးနဲ့အတူ နေထိုင်ခဲ့ရတဲ့ကာလ၊ ကလေးဘဝကတည်းက ကြားခဲ့၊ ကြုံခဲ့ရတာတွေကို ပြန်ပြီးရေးသားခဲ့တဲ့ ဝတ္ထုကြီးတစ်ပုဒ် ဖြစ်တယ်။ အလွန်ရောင်းကောင်းတယ်။

အချစ်၊ အလွမ်းနဲ့ အိန္ဒိယနိုင်ငံရဲ့ လူ့ဘဝကို နောက်ခံထားတဲ့ ဒီဝတ္ထုကို ရုပ်ရှင်ရိုက်ခဲ့တယ်။ ရုပ်ရှင်မှာလည်း အောင်မြင်တယ်။ အနောက်နိုင်ငံမှာ Best Seller ဝတ္ထု၊ Box ပြည့်တဲ့ ရုပ်ရှင်ဖြစ်သလို မြန်မာနိုင်ငံမှာ ထိုဝတ္ထုကို ဆရာမြသန်းတင့်က "ရွှေပြည်တော် မျှော်စိုင်းငေး"ဆိုပြီး ပြန်ဆိုခဲ့တယ်။ စာဖတ်ပရိသတ် ဖွဲ့လမ်းခဲ့ကြတဲ့ ဝတ္ထုကြီးပဲဖြစ်ပါတယ်။ [မိမိရေးသားခဲ့တဲ့ သတင်း(မီဒီယာ)လောက(၁၅) စံတော်ချိန်သတင်းစာ ၂၀ ・၉ ・၂၀၁၄ နှင့် သတင်း(မီဒီယာ)လောက စာအုပ် စာမျက်နှာ ၉၂/၉၇ မှာပါတဲ့ ဗြိတိသျှဝန်ကြီးချုပ် ဆာဝင်စတန်ချာချီဆိုလျှင် အာဖရိကတွင် စစ်မြေပြင်စစ်သား။ သတင်းထောက်ဘဝနဲ့ ကြုံခဲ့တွေ့ခဲ့ရတဲ့ ကိုယ်တွေ့တွေကို ရေးသားထုတ်ဝေခဲ့တာ လူကြိုက်များလှပါတယ်။] ယခု ဖတ်ရတဲ့၊ ကပ္ပတိန်လင်းနေရဲ့ ဓာတ်ပုံပြပွဲကို ဝါရှင်တန်ဒီစီ အမျိုးသားအနုပညာပြတိုက်မှာ ပြုလုပ်ခဲ့ပြီး ပြပွဲကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၅၊ ဇန်နဝါရီ ၄ ရက်အထိ ပြသခဲ့ကြောင်း ဖတ်ရတယ်။

ဓာတ်ပုံပြပွဲဆောင်းပါးမှာ ရေးသားထားတဲ့ သူ၏အတ္ထုပ္ပတ္တိက・・・"၁၈၂၂ ခုနှစ်မှာ မွေးဖွားခဲ့ပြီး အရွယ်ရောက်လာတော့ ဗြိတိသျှစစ်တပ်ထဲ ဝင်ခဲ့တယ်။ ၁၈၃၉ ခုနှစ်မှာပဲ အိန္ဒိယကို ရောက်လာတယ်။ စစ်ထဲမှာ အမှုထမ်းရင်း ၁၈၅၀ ပြည့်နှစ်လောက်ကစပြီး ဓာတ်ပုံရိုက်ကူးခဲ့တယ်။ ၁၈၅၃ ခုနှစ် 'လန်ဒန်ဓာတ်ပုံပညာရှင်များအသင်း' တည်ထောင်ရာမှာ တစ်ယောက်အပါအဝင် ဖြစ်ပြီး ၁၈၅၂ မှ ၁၈၆၀ ပြည့်လောက်ကာလအထိ အိန္ဒိယနဲ့ မြန်မာနိုင်ငံတို့မှာ မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးဖို့ တရားဝင်ခန့်ထားခြင်းခံရတယ်။ 'အသိဉာဏ်ဖွံ့ဖြိုးခြင်းသည် ခွန်အား' ဆိုသော အယူအဆအတိုင်း သူ၏ ခရီးစဉ်မှ ဓာတ်ပုံများသည် လူတို့ကို အိန္ဒိယနှင့် မြန်မာနိုင်ငံတို့အတွက် နားလည်စေသည်၊ တစ်နည်းဆိုရသော် အုပ်ချုပ်သူတို့ကို သိစေသည်"ဟု ရေးသားထားလေသည်။

ယခု ဓာတ်ပုံပြပွဲမှာ ပုံပေါင်း ၆၀ ကျော် ပြထားခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com

'၁၈၅၈ ရန်ကုန်အလံပြဘုရား' Rangoon : Signal Pagoda ဓာတ်ပုံတွင် "ရေကြောင်းအချက်ပြကိရိယာကို ဘုရား၏ ၄က်ပျောမှုအနီး၌ တပ်ဆင်ထား၍ သင်္ဘောကပွတိန်များကိုအချက်ပြပေးသည်။ ထိုသို့ထားရှိခြင်းမှာ အေသကြာများအတွက် စိတ်အနှောင့်အယှက်ဖြစ်စေခဲ့သည်" ဟု ရေးသားထားပြီး ပုံနဲ့အတူ ဖော်ပြထားတာကို ဖတ်ရတယ်။ တွေ့ရတယ်။

[အလံပြဘုရား'ဆိုသည်မှာ ယခုအခေါ် ရွှေတိဂုံဘုရားလမ်း၊ အမှတ်(၁) အချက်ပြဆက်သွယ်ရေးတပ်ဟောင်းနေရာနှင့် ကပ်လျက်ရှိသည်။ ရွှေတိဂုံဘုရားလမ်းနှင့် ဗိုလ်ကလမ်း (ယခင် ပေါ်ဟွားလမ်း)ထောင့် အရှေ့တွင် ရှိသည်။ ဘုရားမှာ လွန်ခဲ့သော ၂၀၀၀ ပြည့်နှစ်တစ်ဝိုက်က ပြုပြင်မွမ်းမံထားသောကြောင့် အတော်သပ္ပာယ်လျက်ရှိသည်။ နံပါတ် ၃၇ ဘတ်စ်ကားကိုစီးလျှင် ဆက်သွယ်ရေးမှတ်တိုင်တွင် ဆင်းလိုက်ပါက ဘုရားဝင်ပေါက်အနီးသို့ ရောက်ရှိသွားပေလိမ့်မည်။ ဘုရား၏ အခြားတစ်ဖက် အဆင်းလမ်းမှာ ယခင် စစ်ရုံးချုပ်ဘက်သို့ ထွက်သောလမ်းဖြစ်၍ ပိတ်ထားပေသည်။ ယခု ဗဟန်းအဝိုင်းမှ သမ္ဗုဒ္ဓေ(ရှင်ဂုံ)အထိ တိရစ္ဆာန်ရုံသေးမှ လမ်းတစ်လျှောက်လုံးကို 'အလံပြဘုရားလမ်း' Signal Pagoda Road ဟု တရားဝင်ခေါ်ဝေါ်လျက်ရှိရာ ထိုအခေါ်အဝေါ်သည် အင်္ဂလိပ်တို့ အောက်မြန်မာနိုင်ငံကို သိမ်းပြီးနောက် ဘုရားပေါ်တွင် အလံပြ(အချက်ပြ) ကိရိယာတပ်ဆင်ခဲ့ခြင်းကို အစွဲပြုခေါ်ဝေါ်ခဲ့ခြင်း ဖြစ်ပေသည်။ ထိုဘုရားမှာ အတော်မြင့်သော ကုန်းပေါ်၌ တည်ထား၍ ယခုခေတ်တိုင်အောင် ရှေးလွန်ခဲ့သော နှစ် ၁၆၀ ခန့်ကကဲ့သို့ လွင်ပြင်ကျယ်ကြီးအဖြစ် ရှင်းလင်းမနေတော့ဘဲ သစ်ပင်ကြီးများ၊ အဆောက်အအုံမြင့်များရှိနေသော်လည်း ရန်ကုန်မြို့ကို လှမ်းမြင်နိုင်ပေသည်။ စာရေးသူ]

အခြားဓာတ်ပုံတစ်ပုံမှာ အမရပူရ (တောင်မြို့)ရှိ အနောက်ဘက် သစ်သားတံတားအနီး ကပ်လျက်တည်ရှိသော ထိုင်တော်မူ(တင်ပျဉ်ခွေ) ဗုဒ္ဓဆင်းတုတော်ကြီးဟု ပုံစာရေးသားဖော်ပြထားသော ဓာတ်ပုံဖြစ်သည်။

[ဓာတ်ပုံတွင်ပါရှိသော ဆင်းတုတော်ကြီး၏ တည်ထားပုံအနေအထားအရ မှန်းဆကြည့်ရသည်မှာ "တောင်မင်းကြီးဆင်းတုတော်ကြီး"ဖြစ်လိမ့်မည်ဟု ထင်ပါသည်။ အမရပူရမြို့ တောင်သမန်အင်းနှင့် ဦးပိန်တံတားအနီးတွင် ရှိပြီး စာရေးဆရာများ၊ ပန်းချီဆရာများ သွားရောက်လေ့ရှိသော ဆရာတော် ဦးပညာ(အမရပူရ)၏ တောင်လေးလုံးကျောင်းတိုက်အနီးတွင် ရှိပေသည်။ ယခုအခါ ပြင်ဆင်မွမ်းမံထားသဖြင့် ၁၈၅၀ ပြည့်နှစ်တစ်ဝိုက်က ဓာတ်ပုံနှင့် ပတ်ဝန်းကျင်သည် များစွာ ခြားနားခဲ့ပြီ ဖြစ်ပေလိမ့်မည်။ အကယ်၍ စာရေးသူ မှန်းဆချက် လွဲပါကလည်း သည်းခံ၍ ဆရာတော်ဦးပညာက ပြင်ဆင်ရေးသားပေးပါရန် ဤဆောင်းပါးဖြင့် လျှောက်ထားပါသည်။]

ဒီဓာတ်ပုံနှစ်ပုံက မြန်မာနိုင်ငံရဲ့ သမိုင်းနဲ့ အရှေ့အိန္ဒိယကုမ္ပဏီ (တစ်နည်း) အင်္ဂလိပ်ကုန်သည်များ၊ စစ်တပ်များရဲ့ ဆက်ဆံမှုကို မှတ်တမ်းတင်ထားတဲ့ သမိုင်းပုံရိပ်တွေ ဖြစ်သည်။ "ဓာတ်ပုံများသည် သမိုင်းကိုပြောနေကြသည်" လို့ ဆိုရပေလိမ့်မည်။

အဆိုပါ ဓာတ်ပုံဆောင်းပါးနဲ့ အတူ ဖော်ပြထားသော အခြားဓာတ်ပုံ သုံးပုံကတော့ အိန္ဒိယနိုင်ငံမှ ဖြစ်တယ်။ 'ဖို့' Fort ခံတပ်က သံအပြောက်ကြီး တစ်လက်ရဲ့ ပုံဖြစ်သည်။ ၁၈၅၈ ခုနှစ်က ရိုက်ခဲ့တယ်လို့ ဖော်ပြထားတယ်။ အခြားတစ်ပုံက 'ချစ်တမ်ပါ့တီနှင့် တာရမ်ဘော်လမ်းအကြားရှိ ဆင်တောင်ကုန်း' Elephant Rock ဖြစ်တယ်လို့ ဖော်ပြထားတယ်။ နောက်ဆုံးတစ်ပုံကတော့ ဟိန္ဒူဘုရားကျောင်းတစ်ကျောင်းအတွင်းရှိ အမိုးတန်ရတနာများ ဖြစ်တယ်။ ဟိန္ဒူတို့ရဲ့မြို့ (ခေါင်းငါးလုံးဖြင့်) နှစ်ကောင် ပန်းထိမ်လက်ရာနဲ့ အခြားအနုပညာရတနာလက်ရာတွေဖြစ်တယ်။

ယင်းလက်ရာတွေကို ဆောင်းပါးရေးသူက 'တာဝန်ကျေပွန်စွာ'ဆိုတဲ့ အသုံးအနှုန်းဖြင့် ဖော်ပြတဲ့အတွက် ဓာတ်ပုံရိုက်ကူးသူဟာ သမိုင်းမှတ်တိုင်တွေကို ဓာတ်ပုံနဲ့ အကောင်အထည် ဖော်ထုတ်ခဲ့တယ်လို့ ဆိုချင်ပုံရတယ်။ ဘာပဲပြောပြော ယခုလို နှစ် ၁၆၀ ခန့်ကြာပြီးမှ အင်္ဂလိပ်စစ်ဗိုလ် ဓာတ်ပုံဆရာတစ်ဦးရဲ့ သမိုင်းဝင်ဓာတ်ပုံတွေကို အမေရိကန်ပြည်ထောင်စု မြို့တော်ကြီးမှာ လာရောက်ပြသတာဟာလည်း သမိုင်းကို ပြန်လည်ဖော်ထုတ်ထင်ဟပ်ခြင်းပဲ ဖြစ်တယ်။

မောင်ကောင်းမြင့်



www.burmeseclassic.com

www.burmeseclassic.com



# ထိုက်ရင်ထိုက်

အောင်မြင့်မြတ်(ပြည်ရွှေဘို)

ဒါနဲ့ အရှင်ဘုရား ဒီဘီလူးကြီးနှစ်ကောင်က ဘာအဓိပ္ပာယ်နဲ့ ဘုရားမုခ်ဝမှာ ရှိနေတာလဲဘုရားဟူ၍ စာရေးသူကို လာ၍မေးတော့၏။ ဟုတ်ပါ၏။ မေးလည်းမေးစရာပင်။ ရွှေဘိုမြို့နယ်၏ အနောက်ဘက် ခုနစ်မိုင်မျှဝေးသော လုံချည်မြို့တော် သို့မဟုတ် ရက်ကန်းမြို့တော်ခေါ်သော ဆိပ်ခွန်ရွာကြီးသည်ရှိ၏။

ထိုဆိပ်ခွန်ရွာတွင် သီရိမွှာသောကာမင်းကြီး တည်ထားတော်မူခဲ့သော စေတီတော်ပေါင်း ရှစ်သောင်းလေးထောင်အပါအဝင် အင်ကြင်းတော စေတီတော်မြတ်ကြီးရှိ၏။ ထိုအင်ကြင်းတော စေတီတော်မြတ်ကြီး၏ ပွဲတော်ကား နှစ်စဉ် တန်ခူးလဆန်း ၁၀ ရက်နေ့မှ တန်ခူးလပြည့်နေ့အထိဖြစ်သည်။

ငှင်းအင်ကြင်းတော စေတီတော်၏ မြောက်ဘက်တွင် ခြင်္သေ့ကြီးနှစ်ကောင်ရှိ၏။ အနောက်ဘက်မုခ်ဝတွင်လည်း ဘီလူးကြီးနှစ်ကောင်ရှိ၏။ တချို့ကား ဘီလူးညီနောင်ဟုလည်း ခေါ်၏။ တချို့က ဘီလူးတစ်ကောင်တည်းပါဟုလည်း ပြောကြ၏။

စာရေးသူက -

"ဒီဘီလူးကြီးနှစ်ကောင်က အင်ကြင်းတောစေတီတော်ကြီးရဲ့ အစော[...] တွေပေါ့"

မေးသူက -

"ဒါနဲ့ တောင်ဘက်က ဘီလူးကြီးက သန့်လျက်ကို ထမ်းထားတယ်[...] မြောက်ဘက်က ဘီလူးကြီးက သပိတ်တော်ကို ထမ်းထားတယ်။ ဒါဆို ဘယ်လိုလဲဘုရား"



www.burmeseclassic.com

www.burmeseclassic.com

မေးသောသူက မေးလာပြီ။ ကိုယ်အလည်း ဒီဘီလူးကြီး နှစ်ကောင်အကြောင်း ဟုတ်တိပတ်တိမသိ။ မေးတဲ့သူက မေးလာမှတော့ ဖြေရုံပဲပေါ့။ ဒါကြောင့် အမေးမှားကျောင်းသား။ အဖြေ ဘုရားအလောင်းဟု စကားပုံပေါ်ထားခဲ့ခြင်းဖြစ်ပေ၏။

"အေး…အေး…မင်းမှတ်ထားတွေ။ သန်လျက်ထမ်းနေတဲ့ဘီလူးက ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ တရားတော်ကို မနာမကြားရခင်က ကြမ်းတမ်းတဲ့သဘောသဘာဝဆိုတော့ သန်လျက်ကို ထမ်းထားတာပေါ့"

"မှန်ပါ့ဘုရား။ သဘာဝကျပါရဲ့ဘုရား။ မြောက်ဘက်ဘီလူးကြီး သပိတ်တော်ကို ထမ်းထားတာကတော့ရော ဘုရား"

"အေး…အဲဒါက မြတ်စွာဘုရားနဲ့ တွေ့တော်မူပြီး တရားနာကြားရလို့ ကျွတ်တမ်းဝင်ကာ လိမ္မာယဉ်ကျေးနူးညံ့သွားတဲ့သဘော"

"မှန်ပါ့ခဲ့ဘုရား။ သဘောပေါက်ပါပြီဘုရား။ ဒီဘီလူးကြီးတွေက အသက်ရှိသလားဘုရား"

မေးလာပြီ။ ရှာရှာပေါက်ပေါက်မှ တကယ့်ကို ပေါက်ပေါက်ရှာရှာပါပဲ။ ဟုတ်ပါ၏။ အခု မျက်မြင်ကိုယ်တွေ့ပြောရရင်ကား၊ အုတ်တွေနဲ့လုပ်ထား၏။ အဘယ်မှာ အသက်ရှိနိုင်ပါမည်နည်း။

သို့သော် ၁၃၆၇ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်နေ့။ ထိုနေ့ကား ဘီလူးညီနောင်နှစ်ကောင်သည် အသက်ရှိသည်ဟု ပြောရတော့မယောင်ဖြစ်၏။

အင်ကြင်းတော စေတီတော်ကြီးရဲ့ ပွဲတော်ကြီးကား စနေ့ပါပြီ။ ဈေးသည်တွေလည်းများလှ၏။ ထိုဈေးသည်တွေများထဲတွင် စစ်ကိုင်းမြို့မှ ဈေးလာရောင်းသော ဗုဒ္ဓဘာသာမဟုတ်၊ ဘာသာခြား ကုလားမလေး မအေးအေးမြင့်။ သူတို့ဝန်းမောင်နှံနှစ်ဦးတို့၏အဖြစ်ကား ထူးခြားသည့်သာကေတစ်ရပ် ဖြစ်တော့၏။ မအေးအေးမြင့်၏ခင်ပွန်းမှာ ဖိုး[?]ထောင်ဟု ခေါ်၏။

တန်ခူးလဆန်း ၇ ရက်နေ့ ညနေတွင် မအေးအေးမြင့်သည် မြမြင့်မိုရ်လက်ဖက်ရည်ဆိုင်မှ ထွက်လာပြီး မှုးခနဲ မိုက်ခနဲဖြစ်ကာ သွားရင်းလာရင်း ဈေးတန်းအလယ်မှာ မြေပြင်သို့ ဗုန်းဗုန်းလဲတော့၏။ မျက်လုံးပြူးပြီး -

"ဟော့…ငါ့ကို ဘာမှတ်သလဲ။ မင်းတို့ကို ငါစောင့်ရှောက်နေတာကွ"

ဟူ၍ မြေပြင်တွင်လဲသော မအေးအေးမြင့်ကပြော၏။ ထိုအခါ ဈေးသူဈေးသားများက ပြေးလိုက်၍ မအေးအေးမြင့်၏ခင်ပွန်း ဖိုးထောင်က ပြေးလာပြီး ဇနီးသည်ကို ပွေ့ချီကာ သူတို့ဈေးအရောင်းဆိုင်ထဲသို့ သွင်းလိုက်၏။ ထို့နောက် ဘာမျှမပြောတော့ချေ။

"ဘာဖြစ်လို့ ဆက်ပြီးမပြောတော့တာလဲဘုရား"

"ဘီလူးစည်း၊ လူစည်းဆိုတာရှိတယ်လေ။ ဒါကြောင့်မို့ ဘာမှမပြောတော့တာပေါ့"

"ဒါတင်ပဲလားဘုရား"

"ရှိပါသေးတယ်ဗျာ။ ဒါကတော့ ၁၃၆၈ ခုနှစ်၊ နောက်တစ်နှစ်ပေါ့။ တန်ခူးလဆန်းပိုင်းထဲမှာပဲ ဘာသာခြား ကုလားမ မသျှုတဲ့။ သူတို့က ကြက်အရှင်တွေမှာပြီးဝယ်၊ လည်ပင်းကိုလှီးကာ အမွေးနုတ် ခုတ်ထစ်ပြီး ချက်ထားတယ်။ ညထမင်းစားကြတော့မလို့ ကြည့်လိုက်တော့ ကြက်ဆိုလို့ ဘာမှမရှိတော့ဘူး။ ဒိုးရောပါသွားသတဲ့"

"ဒါက ပွဲတော်အတွင်း ဖြစ်တာလားဘုရား"

"အေး…ဟုတ်တယ်။ တချို့ဈေးသည်တွေက ငှက်ပျောပွဲအုန်းပွဲတွေနဲ့ အကျအနပူဇော်ကြတယ်"

"ဒီဘီလူးကြီးနှစ်ကောင်က…ကြောက်စရာကြီးပဲ။ အသက်ရှိတယ်ပေါ့"

"အေး…ဒါတော့ ငါလည်းမသိဘူးကွ။ နောက်တစ်ခုရှိသေးတယ်။ အဲဒါက အမဲသားပါလာတဲ့ လှည်းတစ်စီးလေကွာ။ ဘီလူးကြီးအနီး ရောက်တော့ လှည်းသမားကလည်း လှမ်းကြည့်မိလိုက်တော့ သပိတ်ထမ်းထားတဲ့ ဘီလူးကြီးရဲ့မျက်လုံးတွေ နီရဲပြီးနေတာမြင်ရလို့ နွားကို ကြိမ်နဲ့တို့ကာ မောင်းပြေးရသတဲ့"

"မှန်ပါဘုရား။ တယ်လည်းကြောက်စရာကောင်းတဲ့ ဘီလူးညီနောင်ပါလား ဘုရား"

"မင်းက မေးလာမှတော့ ငါကလည်း ပြောရဦးမယ်။ အင်ကြင်းတော စေတီတော်ကြီးရဲ့ မြောက်ဘက်မုခ်က ခြသေ့်ကြီးနှစ်ကောင်ရဲ့ ဒဏ္ဍာရီပုံပြင်လေ"

အောက်ပြည်အောက်ရွာ ရန်ကုန်မြို့၏တစ်ဖက်ကမ်း တွံတေးမြို့နယ်မှ ရသေ့ကြီးတစ်ပါး သက်နှံးတော်ကလည်း ညစ်နွမ်းနွမ်း။ သပိတ်ကိုလွယ်

www.burmeseclassic.com

ကာ အင်ကြင်းတောစေတီတော်ကြီးသို့ ရောက်လာ၏။

စေတီတော်ကြီးကို ဦးချကန်တော့ပြီး သိုက်စာကို ရွတ်ဖတ်နေလေ၏။

"အင်ကြင်းတော စေတီတော်ဘုရား မျောက်ပါးရွှေတစ်ဖလား။ ထိုက်ရင်ထိုက်၊ မထိုက်ရင် အာပဲ့စာဖြစ်မည်"

ဟူ၍ ရသေ့အိုကြီးသည် အထက်ပါ သိုက်စာကို အခေါက်ခေါက်အခါခါ ဖတ်၏။

"အင်း...အင်ကြင်းတောစေတီတော်ကြီးမှာဖြင့် ဘယ်မျောက်တစ်ကောင်မှလည်း မရှိပါလား"

ဟု ဘုရား အုတ်တိုက်ကြီးတစ်ခုကိုမှီကာ စဉ်းစားနေလေတော့သည်။

ရသေ့အိုကြီးသည် ဘုရားဝင်း အတွင်းတွင် လှည့်လည်၍ကြည့်သောအခါ ခြင်္သေ့ကြီးနှစ်ကောင်ကိုတွေ့၏။

(ယခုတွေ့ရသော ခြင်္သေ့ကြီးများ မဟုတ်ပါ။ ရှေးကရှိပါသည်) ထိုခြင်္သေ့ကြီးတစ်ကောင်၏ ဘယ်ဘက်ပါးက ဖောင်းနေ၏။ ထိုခြင်္သေ့ကြီးကို တွေ့သောအခါ ရသေ့အိုကြီးသည် -

"အေးဟား၊ မျောက်ကတော့ တစ်ကောင်မှမရှိဘူး။ အင်ကြင်းတောဘုရားမှာဖြင့် ခြင်္သေ့ကြီးနှစ်ကောင်ပဲရှိတာ။ အနောက်ဘက်ကောင်ရဲ့ပါးက ဖောင်းနေတယ်၊ ဒါဖြစ်ရမယ်"ဟု ဆုံးဖြတ်ကာ ညရောက်သော် ခြင်္သေ့ကြီး၏ပါးကို ဖျက်၍ ရွှေတစ်ဖလားရသောဟူ၏။

ရသေ့အိုကြီးသည် ရွှေတစ်ဖလား ရ၍ ဝမ်းသာကာ ခပ်တောတောပင်ထ၍ အင်ကြင်းတောဘုရားကြီး၏ မြောက်ဘက်မုခ်မှ သပိတ်ကိုလွယ်ကာ နံနက်စောစော ကြွသွားလေတော့သည်။

ဗီးမြူကုန်းရွာ၊ မြို့လှရွာ၊ ဆင်အင်းရွာ၊ သောင်တွင်းကိုင်းရွာ၊ ကူးတို့ဆိပ်ရွာ စသောရွာများကို ဖြတ်သန်းလာခဲ့ရာ ညနေစောင်းတွင် ရွာကြီးတစ်ရွာသို့ ရောက်၏။ ရွာ၏အစွန်က အိမ်တစ်အိမ်တွင် တစ်ညတာခွင့်ပန်၍ အနားယူပြီး ထိုရသေ့အိုကြီး တစ်ညတာနားသော အိမ်ကလည်း ဇနီးမောင်နှံ နှစ်ဦးသာရှိ၏။ ထူးခြားသည်ကား အမျိုးသမီးသည် မပေါ့မပါးကြီးနှင့်ဖြစ်၏။ အိမ်ရှင်ဒကာက -

"ဘုရသေ့ရဲ့ သပိတ်ထဲက ဘာတွေလဲဘုရား"

ရသေ့အိုကြီးက

"ဒကာရဲ၊ သပိတ်ထဲက နှမ်းဆီတွေပါကွ"

အိမ်ရှင်ဒကာက "မှန်ပါဘုရား"

သို့နှင့် ညရောက်သော် ရသေ့အိုကြီးကား ခရီးပန်း၍ အိပ်မောကျ၏။ အိမ်ရှင်ဒကာသည် ဇနီးသည်ဗိုက်နာ၍ သားဖွားခရာမကာ နှမ်းဆီလိုကြောင်း ပြောရာ အိမ်ရှင်ဒကာကလည်း ရှိကြောင်းပြော၏။ ရသေ့အိုကြီး၏ သပိတ်ကို သွားဖွင့်ကြည့်လိုက်သောအခါ နှမ်းဆီလုံးဝမဟုတ်တဲ့ ရွှေတစ်ဖလားအပြည့်ကိုတွေ့ရ၍ ရွှေတစ်ဖလားကိုယူကာ နှမ်းဆီကို ထည့်လိုက်သောဟူ၏။ မကြာပါချေ။ သားယောကျ်ားလေး ဖွားမြင်လေ၏။

ရသေ့အိုကြီးသည် မိုးတည်းခိုသောအိမ်က ဒကာမ သားယောကျ်ားလေး ဖွားမြင်ကြောင်း သိရ၏။ ရှေ့သို့ ခရီးဆက်ရန် နှုတ်ဆက်ပြီး ထည်းခိုအိမ်မှ ထွက်ကြွလာ၏။ ဝေးသို့ရောက်သောအခါ သပိတ်အနေအထားမှာ[illegible]တာနှင့် ဖွင့်၍ကြည့်သောအခါ ရွှေတစ်ဖလားကား မပါတော့ချေ။ နှမ်းဆီတွေသာ ဖြစ်နေတော့သည်။

ထိုအခါ ရသေ့အိုကြီးသည် သိုက်စာအရ ရွတ်ဖတ်ပြန်၏။

"အင်ကြင်းတောစေတီတော်ဘုရား မျောက်ပါးရွှေတစ်ဖလား ထိုက်ရင်ထိုက်၊ မထိုက်ရင် အာပဲ့စာဖြစ်မည်။ ထိုက်...ရင်...ထိုက်...မ...ထိုက်ရင်...အာ...ပဲ့...စာ...ဖြစ်မည်။

ရသေ့အိုကြီးသည် ပြုံးတုံ့ပြီး တစ်လုံးချင်း ရေရွတ်ပြန်၏။ ထိုက်...ရင်ထိုက်...မ...ထိုက်...ရင်...အာပဲ့...စာ...ဖြစ်...မည်ဟု စဉ်းစားပြီး ညကမွေးမြင်သောကလေးကို ကြည့်ရှုလိုပါသည်ဟု အိမ်ရှင်ဒကာကို ပြောသောအခါ အိမ်ရှင်ဒကာက ကလေးကိုပြ၏။ နှုတ်ခမ်းအပဲ့ကလေးနှင့် တွေ့လိုက်ရသောအခါ (မင်းရဲ့ပစ္စည်းကို ငါက ယူပေးရတာပါကွာ)ဟုဆိုကာ

"အင်း...ထူးပါပေ့ကွာ။ အင်ကြင်းတောစေတီတော်ဘုရား မျောက်ပါးရွှေတစ်ဖလား။ ထိုက်ရင်ထိုက်၊ မထိုက်ရင် အာပဲ့စာဖြစ်မည်တဲ့။ မင်းအတွက်ပါကွာ။ မင်းရဲ့အတွက်ပါကွ"

ရသေ့အိုကြီးသည် သပိတ်ကိုလွယ်ကာ မိမိသီတင်းသုံးရာကျောင်းသို့ တစ်လှမ်းချင်းလှမ်းကာ ကြွမြန်းရှာလေတော့သည်။

အောင်မြင့်မြတ်(မြည်ရှောင်)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# စိန်ရတုအလွမ်း

မနုဿကျော်ဝင်း(အမျိုးသားစာပေဆုရ)

"ညှိသည့်အမျိုးသမီးကြီး နှစ်ယောက်က ဆရာနဲ့တွေ့ချင်လို့ ဝင်ခွင့်ပြုပါတဲ့ခင်ဗျာ"

သူ့ရုံးလုလင်လေးက မရွံ့မရဲနှင့် လာရောက်တင်ပြသည်။

"ဒါလောက် အလုပ်ရှုပ်နေရတဲ့အထဲ ဘယ်သူတွေလာပြီး ဘာအပူတွေကပ်ကြဦးမလဲမသိဘူး...ဟူး"

သို့ကလိုတွေးရင်း ဇော်လင်းသည် သက်ပြင်းတစ်ချက်ကို မသိမသာမှုတ်ထုတ်လိုက်မိ၏။

"အေး...ဝင်ခွင့်ပြုလိုက်ပါကွာ။ ဒါပေမယ့် နောက်နာရီဝက်လောက်ကြာရင် ငါအစည်းအဝေးသွားတက်ရဦးမယ်ဆိုတာကိုတော့ ကြိုပြောထားနှင့်ပေါ့။ ဒါမှ လျှာမရှည်ကြမှာ"

ရုံးလုလင်လေးက သူ့အခန်းဝမှ ပေါ့ပါးသွက်လက်စွာ ပြန်လည်ထွက်ခွာသွား၏။ မကြာမီ ဦးခေါင်းနဲ့ခန္ဓာကိုယ်မတွဲဖက်မိလောက်အောင်ဝသော မိန်းမကြီးတစ်ယောက်နှင့် ပါးခြမ်းပြားထောင်ထားသလောက်နီးပါး ပိန်သွယ်ပါးလျသော မိန်းမတစ်ယောက်တို့ သူ့အခန်းထဲသို့ နှိုက်ရှုန့်တန့် အမူအရာဖြင့် ဝင်ရောက်လာကြ၏။ ဇော်လင်းသည် သူတို့နှစ်ဦး၏မျက်နှာများကို စူးစိုက်ကြည့်နေရာမှ ပါးစပ်အဟောင်းသားဖြစ်သွားတာ ခဏမျှ ကြက်သေသေနေမိ၏။

"ဟာ...ဘယ်သူတွေများလဲလို့ မမလှနဲ့ မခင်တင့်တို့ပါလား။ ဘယ်ကနေဘယ်လို မျက်စိလည်လမ်းမှားပြီး ရောက်လာကြတာလဲ၊ ပြန်ဆုံရတာဝမ်းသာလိုက်တာဗျာ တကယ်ပါပဲ"

"ကြည့်စမ်း ကြည့်စမ်း။ တို့ကိုသူမှတ်မိသေးတယ်။ အနှစ်သုံးဆယ်လောက် ပြန်မဆုံမိကြတာတောင် မင်းတို့ကိုမှတ်မိနေသေးသယ်။ ဝမ်းသာလိုက်တာ မောင်ဇော်ရယ်။ အဲ ဦးဇော်လင်းရယ်။ ဝမ်းသာလိုက်တာကွယ်...အဲ...ရှင်"

သူတို့အထဲမှ ဒေါ်လှလှဆိုသူက ဝမ်းသာစိတ်လှုပ်ရှားလွန်း၊ အားကြီးသဖြင့် ကတုန်ကယင် အမှားမှား အယွင်းယွင်း ထစ်ထစ်ငေါ့ငေါ့ ပြောဆိုနေလေရာ ဇော်လင်းက တည်ငြိမ်စွာ ပြုံးလိုက်၏။

"တက္ကသိုလ်မှာတုန်းကလို ကျွန်တော့်ကို ရင်းရင်းနှီးနှီး မောင်ဇော်လို့ပဲ ခေါ်ကြပါဗျာ။ အခုအချိန် ဒီအခုအရွယ်မှာ ကျွန်တော့်ကို ဒီလိုခေါ်ပေးမယ့်လူ မရှိတော့တာ လွမ်းစရာပါပဲ မမလှရယ်။ မောင်ဇော်လို့ ရှားရှားပါးပါးခေါ်သံမျိုး ကြားလိုက်ရတာ ကျွန်တော့်မှာ အသက်သုံးဆယ်လောက် ပြန်ငယ်သွားသလို ခံစားလိုက်မိရပါတယ်"

"ဒါကတော့ တို့များ ဆင်ခြင်ရမယ့်ကိစ္စပါ မောင်ဇော်။ အဲ...ဦးဇော်လင်းရယ်။ ဘာဖြစ်လို့လဲဆိုတော့ မင်းက အခုဆိုရင် အတော်အဆင့်မြင့်တဲ့ ရာထူးနေရာမျိုးမှာ တာဝန်ထမ်းဆောင်တဲ့သူ ဖြစ်နေပြီလေ။ ကလေးတွေပြောသလိုဆိုရင် အကောင်ဖြစ်နေပြီမို့ ငါတို့က မောင်ဇော်လို့ခေါ်ရင် ရိုင်းရာကျတော့မပေါ့ မဟုတ်ဘူးလား"

"မမလှပြောတာ...မှန်တာပေါ့ ကိုဇော်ရဲ့ ကျွန်မလည်း သူ့ကိုထောက်ခံတယ်"

"ဟာ...မခင်တင့်ကပါ ရှေ့နေလိုက်ပေးနေပြန်ပြီ။ ခက်တော့တာပဲ။ ကဲ...ကဲ၊ ဒါတွေ ခဏလောက် မေ့ထားလိုက်ကြရအောင်လား။ တက္ကသိုလ်တုန်းက ဆုံစည်းခင်မင်ခဲ့ကြဖူးတဲ့ မမလှရယ်၊ မခင်တင့်ရယ်၊ မောင်ဇော်ရယ်ဆိုတဲ့ဘဝဟောင်းကိုပဲ ပြန်ပြောင်းအောက်မေ့ သတိရကြစို့ဗျာ။ အဲဒါမှ ရင် ပိုပြီးမျှော်စရာ ကောင်းမယ်ထင်တယ်နော်"

"အေး...တကယ်တော့ ငါတို့ မင်းဆီလာခဲ့ကြတာလည်း အဲဒီခံစားချက်အတိုင်း ရောက်လာကြတာပါ မောင်ဇော်။ နောက်ပြီး မင်းဆီမှာ အပူကပ်စရာလည်း ရှိနေတယ်လေ။ အမှ ငါနဲ့မခင်တင့်တို့က သီတာဂူဆောင်ကျောင်းသူဟောင်းများအသင်းမှာ ပါဝင်ပြီး တက္ကသိုလ်စိန်ရတုအကြိုအတွက်



www.burmeseclassic.com

www.burmeseclassic.com

လျှပ်ရှားဆောင်ရွက်နေကြတယ်လေ”

“ဟာ…ကောင်းတာပေါ့ မမလှရေ။ ကျွန်တော်တောင် မအားလွန်းလို့သာ တက္ကသိုလ်ဝင်းထဲကို ပြန်မရောက်ဖြစ်တာ။ ဒါပေမယ့် ရှေ့အပတ်ထဲတော့ သူရိယဆောင်ကျောင်းသားဟောင်းတွေ ပြန်လည်တွေ့ဆုံပွဲကို သွားဖြစ်အောင်သွားမယ်လို့ အားခဲထားတယ်။ ကျွန်တော်က အဲဒီအဆောင်မှာ ဂုဏ်ထူးတန်းအောင်တဲ့အထိ ငါးနှစ်တောင် နေခဲ့တာခင်ဗျာ။ မမလှတို့ရဲ့ သီတာဂူဆောင် ကျောင်းသူဟောင်းတွေရော၊ သွေးသစ်တွေရော တော်တော်ညီကြတယ်နော်။ သိပ်ပြီး တက်တက်ကြွကြွလည်းရှိကြတယ်။ တီဗွီသတင်းမှာရော၊ သတင်းစာတွေထဲမှာ ကြည့်ရဖတ်ရတာ အားရလိုက်တာဗျာ”

“ဟဲဟဲ…တို့ပါတယ်ဆိုရင် ဘယ်တုန်းကများ ညံ့ဖူးလို့လဲ မောင်ဇော်ရဲ့ သိတယ်မဟုတ်လား”

“သိပါတယ် မမလှရယ်။ သိပ်ပြီးကို သိပါတယ်ဗျာ။ မမလှကတော့လေ အရင်အချိုးအတိုင်းပါပဲ”

ဇော်လင်းသည် လှလှ၏မျက်နှာကိုတစ်လှည့်၊ မခင်တင့်၏ မျက်နှာကိုတစ်လှည့် ဆွေးမြေ့စွာကြည့်ရင်း လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ခန့်မှ အကြောင်းဖြစ်ရပ်များကို ပြန်ပြောင်းအောက်မေ့သတိရနေမိ၏။

× × ×

တက္ကသိုလ်ကျောင်းသား ဘဝတုန်းက ဇော်လင်းအဖို့ အဖက်ဖက်၌ မျက်နှာငယ်ခဲ့ရ၏။ အကျည်းတန်သည်။ ငွေကြေးချို့တဲ့သူ မဟုတ်သော်လည်း စည်းကမ်းကြီးသူ မိဘများကြောင့် စိစိကုပ်ကုပ်သုံးစွဲခဲ့ရ၏။ သူ့အနေအထိုင်က ရိုးလွန်းသည်၊ အင်္ကျီအဝတ်အစားကိုပင် မီးပူတိုက်၍ ဝတ်တတ်သူမဟုတ်။ သူက စာကိုတော့ အပတ်တကုတ် ကြိုးစားလေ့လာသည်။ တစ်ဖက်တွင်လည်း စာပေအရေးအသား ဝါသနာထုံမှုကြောင့် နံရံကပ်စာစောင်များတွင် ဝင်၍ ကလောင်သွေး၏။ သည်လို စာတိုပေစ ရေးရင်း လှလှနှင့် ဆုံစည်းမိခဲ့ကြခြင်း ဖြစ်၏။ တစ်ရက်သ၌ နံရံကပ်စာစောင်တွင် ပါသင်သော သူ့ဝတ္ထုတိုကလေးကို လှလှက စိတ်ဝင်စားစွာ ဖတ်ရှုနေရာ နောက်ဘက်နား၌ သူရပ်နေသည်ကိုပင် သတိပြုမိဟန်မရှိ။

“အေးဗျာ…ကျွန်တော့်ဝတ္ထုတိုလေးကို အခုလိုစိတ်ဝင်တစားဖတ်တာတွေ့ရတော့ သိပ်ပြီးဝမ်းသာဂုဏ်ယူမိပါတယ်။ ဝေဖန်စရာတွေ့ရင်လည်း အားမနာတမ်း ဝေဖန်ပေးပါဗျာ”

လှလှ၏မျက်နှာထားက ချက်ချင်းတည်ကြည်မြဲ၍သွားပြီး သူ့ကို ခပ်စိမ်းစိမ်းလှည့်ကြည့်သည်။ ထို့နောက် ဘာမျှ မပြောဘဲ ခြေဆောင့်နင်းပြီး ထိုနေရာမှ ခပ်သုတ်သုတ်ထွက်ခွာသွားခဲ့၏။ ဇော်လင်းသည် ထိုနေရာ၌ပင် ရှက်ကိုးရှက်ကန်းဖြစ်ပြီး ကျန်ရစ်ခဲ့လေ၏။ သူမကို ဘယ်သူဘယ်ဝါမှန်း မသိရသေးသော်လည်း သူ့နှလုံးသားကတော့ သူမကို ရှောင်းကောင်းကြီး အသိအမှတ်ပြုလိုက်မိလေပြီ။

လှလှနှင့် နောက်တစ်ကြိမ် ပြန်ဆုံကြရသည်ကတော့ တန်ဆောင်မုန်းလ တက္ကသိုလ်ကျောင်းဆောင်များ၏ ပဒေသာပင်လှည့်ပွဲတွင် ဖြစ်သည်။ ဓာတ်ပုံဝါသနာအိုးတစ်ဦးဖြစ်သူ ဇော်လင်းသည် သူ့သူငယ်ချင်းထံမှာ ကင်မရာ တစ်လုံးကိုငှားပြီး ပဒေသာပင်လှည့်သည်များကို လိုက်၍ရိုက်၏။ ထိုသို့ ရိုက်ရင်း သီတာဂူဆောင်ကျောင်းသူများ အဖွဲ့အနီးသို့ ရောက်သွားသောအခါ ကွမ်းတောင်ကိုင်အဖြစ် ပါလာသူလှလှကို တွေ့မြင်မိလေရာ သူ့ကင်မရာထဲမှ ဖလင်တစ်လိပ်လုံး ကုန်သွားသည်အထိ စိတ်ရှိလက်ရှိ ရိုက်ယပ်လိုက်မိလေတော့၏။ လှလှက နှုတ်ခမ်းစူပြီး သူ့ကို မျက်စောင်းထိုးလိုက်တော့မှ သူ့အရိုက်ရပ်သည်။ ထိုပဒေသာပင်လှည့်ပွဲမှစ၍ လှလှနှင့်သူ စတင်ခင်မင်ရင်းနှီးခဲ့ကြ၏။ လှလှက သူ့ထက် အသက်သုံးနှစ်လောက်ကြီးသည်။ ထို့ကြောင့် သူက သူမကို “မမလှ”ဟုခေါ်၏။ သူ့ကိုတော့ လှလှက “မောင်ဇော်”ဟုခေါ်သည်။ ဇော်လင်းသည် လှလှကိုအကြောင်းပြုပြီး သူမနှင့် တစ်ခန်းတည်းနေသူ မခင်တင့်နှင့်ပါ သိကျွမ်းခင်မင်ခွင့်ရခဲ့၏။

ဇော်လင်းက လှလှကို စာဖတ်ဝါသနာပါသူ (ဝါ) စာပေဝါသနာရှင်တစ်ယောက်အနေဖြင့် လေးစားအထင်ကြီးထားသော်လည်း လှလှကမူ သူ့ကို ဤသို့ တုံ့ပြန်မှုမျိုးမရှိ။ “စာရူး”ဟူ၍ သူ့ကို လှောင်သည်။ နှိမ်သည်။ မည်သို့ပင် လှောင်စေနှိမ်စေ ဇော်လင်းသည် သူမကို သည်းခံခွင့်လွှတ်ခဲ့၏။ တကယ်တော့ သူ့နှလုံးသားထဲတွင် လှလှ၏အရိပ်သွင်သည် ထင်ထင်ရှားရှား စွဲထင်နေလေပြီ မဟုတ်လော။ ထို့ကြောင့်လည်း ထိုနှစ်



www.burmeseclassic.com

www.burmeseclassic.com

စာမေးပွဲကြီးဖြေခါနီးတွင် သူသည် လုလုထံ ချစ်ရေးဆိုလိုက်မိသေးရာ -

“အောင်မယ်…အစုတ်ပလုတ် ကျောင်းသားများ လုပ်းဝလို့။ မျက်နှာသာ ပေး ရွှေရေးမန်းကန်တက်တယ်။ နင့်ကို ကြည့်လို့ ငါ့ဘဝအတွက် ဘာအာမခံ ချက်ရှိမှာတုန်း။ နင် ငါ့မေတ္တာကို တစ်သက်လုံးမမျှော်လင့်နဲ့။ အေး…ရပ် ကွက်က မရပ်ဘဲ နင်ဇွတ်ဆက်တိုးရင်တော့ သူငယ်ချင်းဘဝကနေ နင်ဟာ ငါ့ရဲ့အမုန်းခံရနိုင်သူ ဖြစ်သွားလိမ့်မယ်”

လုလု၏ တုံ့ပြန်ချက်များက ဇော်လင်း၏အသည်းကို ဆတ်ဆတ်ခါနာ ကျင်စေခဲ့၏။ ဒေါကယ်တော့လည်း ထိုစဉ်က ဇော်လင်း၏ ဘဝအခြေအနေမှာ တစ်ကွက်မျှ အထင်ကြီးစရာမရှိပေရာ အညီလောက် အပြောခံရခြင်းသည်ပင် တော်ပေသေးတော့၏။ ယခုမှာ အချစ်ဝေနာကြောင့် ဂုဏ်ထူးတန်းစာမေးပွဲ မကျအောင်ပင် အတော်ကြိတ်မှိတ် ကြိုးစားဖြေဆိုခဲ့ရရှာသည်။ သူ့ဝက် တစ်တန်းကြီးသော လုလုက ထိုနှစ် တွင် ဘွဲ့ရသွားခဲ့၏။ သူမ၏ ဇာတိချက် ကြွေ အညာမြေသို့ ပြန်သွားခဲ့၏။ ထို စဉ်မှစ၍ ဇော်လင်းသည် လုလုနှင့် နောက်ထပ် မတွေ့ဆုံကြရတော့ချေ။

သူသည် ဂုဏ်ထူးတန်း နောက် ဆုံးနှစ်၌ မခင်တင့်ကို ချစ်ရေးဆိုမိပြန် သည်။ မခင်တင့်သည် ကဗျာအရေးအဖွဲ့ တော်သူ စာပေဝါသနာရှင်တစ်ဦးဖြစ် ပေရာ ဇော်လင်းသည် သူမအပေါ်တွင် စာပေသံယောဇဉ် အမျှင်တန်းခဲ့မိသည်။ ထို့ပြင် လုလု၏အရင်းနှီးဆုံး သူငယ် ချင်းလည်းဖြစ်သောကြောင့် သူမအပေါ် တွင် အချစ်သံယောဇဉ် ပြောင်းလဲတွယ် တာမိခဲ့ရခြင်းမှာ သဘာဝကျပါသည်။

“ကျွန်တော် မခင်တင့်ကို သိပ်ချစ် နေမိပြီဗျာ။ မခင်တင့်ကသာ ကျွန်တော့် အချစ်ကို လက်ခံခဲ့ရင် စာမေးပွဲပြီးပြီး ချင်း လူကြီးစုံရာနဲ့ လာတောင်းရမ်းမယ်။ လက်ထပ်မယ်။ ကျွန်တော့်အချစ်ကို လက်ခံမယ်မဟုတ်လား မခင်တင့်ရယ်”

“ဝေးပါသေးတယ်ကိုဇော်။ ရှင့်လို ဘဝအာမခံချက်မရှိသေးတဲ့ လူမျိုးကို ကျွန်မမိဘတွေက လုံးဝသဘောတူမှာ မဟုတ်ဘူး။ ပြီးတော့ မမလုရဲ့အချစ်ကို မရလို့ ကျွန်မဘက် လှည့်လာတဲ့မျိုး ကိုတော့ ကျွန်မ ဘယ်နည်းနဲ့မှ လက် မခံနိုင်ဘူး”

မခင်တင့်က ပြတ်သားလွန်းလှ၏။ တက္ကသိုလ်စာမေးပွဲ အောင်စာရင်းများ ထွက်ပြီးနောက် မကြာမီပင် သူမသည် ဘွဲ့ရအရာရှိငယ်တစ်ယောက်နှင့် ထိမ်းမြားမင်္ဂလာပြုသွားခဲ့လေသည်။

× × ×

“အင်း သူတို့နဲ့ ကွဲကွာသွားခဲ့တာ အခုဆို အနှစ်သုံးဆယ်တောင်ရှိသွားခဲ့ ပါပကောလား”

ဇော်လင်းသည် အတိတ်မှ ဇာတ် လမ်းဟောင်းများအကြောင်း တမြေ့မြေ့ ပြန်ပြောင်းအောက်မေ့သတိရ နေမိရာမှ ပစ္စုပ္ပန်ဆီသို့ အာရုံပြောင်းလိုက်သည်။

“ဒါထက် မမလု အိမ်ထောင်ကျ ပြီလား”

ဇော်လင်း၏အမေးကြောင့် လုလ ၏မျက်နှာက ညှိုးကျသွားသည်။

“မမက ညီမတွေ၊ မောင်တွေကို ကျောင်းစရိတ် ထောက်ပံ့နေခဲ့ရတာနဲ့ အိမ်ထောင်ပြုဖို့ မစဉ်းစားခဲ့ပါဘူး။ မောင်ဇော်ရယ် အခုတော့ အားလုံး လူ တစ်လုံးသူတစ်လုံး ဖြစ်သွားကြကုန်ပါ ပြီ။ ဒါပေမယ့် သူတို့ရဲ့သားသမီးတွေကို ဆက်ပြီးထောက်ပံ့နေရသေးတယ်လေ”

“အခုတော့ အချိန်အားရတဲ့အခါ တက္ကသိုလ်စိန်ရတုအကြီးအတွက် ပါဝင် ကူညီပေးနေတယ်။ လာမည့်အပတ်ထဲ မှာ မမတို့သိတင်းဆောင်ရဲ့ ဓာတ်ပုံပြပွဲနဲ့ သက်ကြီးပူဇော်ပွဲ ကျင်းပမယ်။ အဲဒါ ရန်ပုံငွေရှာဖို့ ပို့(စ)ကတ်ထွက်ရောင်း ရင်း မောင်ဇော်ဆီရောက်လာကြတာပဲ။ တစ်ခုတစ်လေ ဝယ်ယူအားပေးဦးလေ”

ဇော်လင်းသည် ချက်ချင်းပင် သူ့ အိတ်ကပ်ထဲမှ ငွေနှစ်ရာကျပ်တန်ငါး ရွက်ထုတ်ယူပြီး လုလုကို ကမ်းပေး လိုက်၏။

“ငါ့မောင်က သူဌေးပဲကွ။ မင်း စာပေလောကမှာ အောင်မြင်မှုရနေတာ ရော၊ ဌာနမှာ ရာထူးတွေ တစ်ဆင့်ပြီး တစ်ဆင့် တက်နေတာရော သတင်း တွေကြားရတိုင်း ငါတို့က ဝမ်းသာပီတိ ဖြစ်ပြီး ဂုဏ်ယူနေမိကြပါတယ်။

“ဟင်…ဒီလောက်အကြာကြီး ကွဲကွာအဆက်ပြတ်နေတာတောင် မမ လုက ကျွန်တော့်အကြောင်းတွေကို မပြတ်သိနေတယ် ဟုတ်လား”

“သိနေတယ်ဆိုတာ မောင်ဇော် စာပေဆုတွေ မကြာခဏရနေတာ သတင်းစာတွေမှာရော၊ တီဗွီမှာပါ မပြတ်တွေ့နေခဲ့ရတာကိုး။ ဇာတ်မင်းသား ကြီးဖိုးစိန်က လူတွေကို မသိပေမယ့် လူတွေကတော့ မင်းသားကြီးကို သိနေ

www.burmeseclassic.com

ကြတယ်ဆိုတာမျိုးပေါ့ကွယ်။ မဟုတ်ဘူးလား မခင်တင့်ရယ်"

မခင်တင့်က ပြုံး၍ခေါင်းညိတ်ရင်း လှလှပြောသည်များကို ထောက်ခံ၏။

"ဒါထက် မခင်တင့်ရော သားသမီး ဘယ်နှစ်ယောက်ရပြီလဲ"

"ကျွန်မက သားချည်းပဲ သုံးယောက်မွေးထားတာ။ နှစ်ယောက်ကတော့ ကျောင်းပြီးသွားပြီ။ အလုပ်တော့ မရကြသေးဘူး။ ကျွန်မက အိမ်ထောင်ရေး ကံဆိုးပါတယ် ကိုဇော်လင်းရယ်။ အမျိုးသားက မမလှရဲ့ မောင်ဝမ်းကွဲတော်တယ်လေ။ ငွေတော့ အရှာကောင်းပါရဲ့။ ဒါပေမယ့် သူရှာတဲ့ပိုက်ဆံ သူ့အရက်သောက်ပစ်တာနဲ့ ကုန်သလောက်ပါပဲ"

"အောင်မယ်...အောင်မယ် ညည်းက ငါ့မောင်ကို ဒီလောက်အပြစ်မဖို့ပါနဲ့။ ညည်းအသုံးအစွဲကြီးလွန်းလို့ မော်တော်ကားတစ်စီး ပြုတ်သွားတာကိုရော ထည့်ပြောဦးမှပေါ့"

လှလှက မျက်စောင်းထိုးရင်း မခင်တင့်ကို ရန်တွေ့သည်။ သို့ရာတွင် မခင်တင့်ကလည်း ဆတ်ဆတ်ထိမခံ ပြန်၍ -

"ဟင်းနော်...မမလှ ပေါ်သမျှ အဆင်ဆန်းတွေဝယ်ဝတ်လို့ လက်ဝတ်လက်စားတွေ ကုန်သလောက်နီးပါးဖြစ်သွားတာကိုရော သူများမသိဘူးအောက်မေ့လို့လား"

"တော်ကြပါတော့ဗျာ အချင်းချင်းတွေ စိတ်နာကုန်ကြပါဦးမယ်။ ကိုင်း ကျွန်တော် တခြားဘာများကူညီပေးရဦးမလဲ"

ဇော်လင်းက ကြားဝင်ဖျန်ဖြေလိုက်တော့မှ အခြေအနေ ပြန်လည်ငြိမ်သက်သွားသည်။

"တို့အကြောင်းတွေကို မေးနေတာတော့ ဟုတ်ပါပြီ။ မောင်ဇော်တစ်ယောက်ရော အိမ်ထောင်ကျပြီပြီလား"

"ကျွန်တော်ကတော့ တက္ကသိုလ်မှာ မိန်းမပိုးတာ မစွမ်းခဲ့လေတော့ မေမေတို့ကိုပဲ အားကိုးလိုက်ရတယ်လေ။ မိဘတွေက ကျွန်တော့်ကို ရပ်ဆွေရပ်မျိုး မိန်းကလေးတစ်ယောက်နဲ့ အိမ်ထောင်ချပေးခဲ့ကြတယ်။ သူကတော့ ဆယ်တန်းအထိပဲ ကျောင်းနေခဲ့ဖူးရှာပါတယ်။ အဲ...ဒါပေမယ့် စာဖတ်ဝါသနာပါသူဖြစ်လေတော့ ကျွန်တော်ရေးသမျှ စာတွေကို သူက စိတ်ပါလက်ပါဖတ်တယ်။ ဝေဖန်ပေးခဲ့တယ်။ စာပေလောကမှာ ကျွန်တော် အောင်မြင်မှုရခဲ့တာ သူ့ကျေးဇူးတွေ အများကြီးပါတယ်လို့ ဆိုရမှာပဲခင်ဗျာ"

လှလှနှင့်မခင်တင့်တို့၏ မျက်နှာများသည် ဝမ်းသာသယောင် ပြုံးနေကြသော်လည်း ဆွေးရိပ်များက လွှမ်းမိုးနေ၏။ မိမိတို့ မလိုချင်၍ လွှင့်ပစ်ခဲ့မိသော မောင်ဇော်ဆိုသည့် ရွှံ့ရုပ်ကလေးသည် ယခုတော့ ရွှေရုပ်ကလေးဖြစ်နေပြီ မဟုတ်ပါလော။ ရွှံ့ရုပ်ကလေးဘဝတုန်းက အထင်သေးခဲ့မိခြင်းအတွက် နောင်တရ၍မဆုံး ဖြစ်နေမိကြသလို ရွှေရုပ်ကလေးအဖြစ် ပြန်လည်တွေ့မြင်ရသောအခါ၌ နှမြောတသနေမိကြပြန်သည်။ အတိတ်ကိုပြန်၍ လွမ်းမိကြပြန်သည်။ စိန်ရတုအလွမ်းဟု ဆိုရလေမည်လား။

သူတို့သည် တက္ကသိုလ်ကျောင်းသား ကျောင်းသူဘဝတုန်းက အဖြစ်ပေါင်းများကို တဝကြီး စားမြုံပြန်ကြပြီးနောက် ဇော်လင်းကို နှုတ်ဆက်ကာ ပြန်လည်ထွက်ခွာသွားကြ၏။ တက္ကသိုလ်တုန်းက ဇော်လင်းသည် သူတို့နှင့် လွဲခဲ့ရသောကြောင့် အသည်းနှင့်အောင် ခံစားခဲ့ရဖူး၏။ ဘဝပျက်တော့မလို ဖြစ်ခဲ့ရဖူး၏။ ထိုစဉ်က သူသည် သည်ဖူးစာရေးနတ်ကို အကြိမ်ကြိမ်ပင် ကျိန်ဆဲခဲ့ဖူး၏။ ယခုတော့ သူသည် မိမိ၏ရုံးခန်းထဲမှ အိပဲ့အိပဲ့နှင့် ထွက်ခွာသွားသော ဆွေမျိုးဒဏ်နှင့် ပေါ်သမျှအဝတ်အစားဒဏ်တို့ အလူးအလဲခံနေရရှာသည့် ဒေါ်လှလှ၏နောက်ကျောပြင်ကို လည်းကောင်း၊ ယိုင်တိယိုင်တိုင်နှင့်ထွက်ခွာသွားသော လင်ဒဏ်နှင့် မိမိကိုယ်တိုင်၏ အသုံးအစွဲကြီးမှုဒဏ်ကို ခံနေရရှာသူ ဒေါ်ခင်တင့်၏ နောက်ကျောပြင်ကိုလည်းကောင်း စိတ်မသက်မသာစွာဖြင့် ငေးကြည့်ရင်း သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်မိ၏။ တစ်ချိန်က အကြိမ်ကြိမ် ကျိန်ဆဲခဲ့မိသော ဖူးစာရေးနတ်ကို အကြိမ်ကြိမ်ပြန်၍ ကန်တော့ရင်း ဇော်လင်း တိုးတိုးလေး ရေရွတ်လိုက်မိသည်ကား -

"အလိုလေး...လေး...လေး ကံကြီးလွန်းလို့သာ ငါ သူတို့နဲ့လွဲခဲ့ရတာပါကလား"ဟူ၍။

မနုဿသတျော်ဝင်း
(အမျိုးသားစာပေဆုရ)



www.burmeseclassic.com

www.burmeseclassic.com

# ဝိတာမြိုင်း



www.burmeseclassic.com

www.burmeseclassic.com

# တကယ့်ဂမ္ဘီရ

● ပီတာမြဦး

"ဆရာ ဟိုအပတ်က ပန်းကန်လုံးပြဿနာ ထပ်ဖြစ်ပြန်ပြီ"

"ဟုတ်လား ဘယ်လိုဖြစ်တာလဲ"

"ဟိုတစ်ခေါက်ကလို ဦးအေးမောင်နဲ့ ပတ်သက်နေပြန်ပြီဆရာ"

"ဘာလဲ။ ပန်းကန်လုံးက ဦးအေးမောင်ရဲ့ ခေါင်းရင်းရောက်နေပြန်ပြီလား"

"မဟုတ်ဘူးဆရာ။ ဒီတစ်ခါတော့ ဘုရားစင်ပေါ် ရောက်နေတာ"

"ဟာ・・・ဒါဆို ဦးအေးမောင်နဲ့ ဘာဆိုင်လို့လဲ။ အခန်းလူကြီးနဲ့ပဲ ဆိုင်မှာပေါ့ဗျာ"

"အခန်းလူကြီးက အခန်းကိစ္စနဲ့ အလုပ်ရှုပ်နေတာ။ ဘုရားစင်ရဲ့ ဝေယျာဝစ္စက ဦးအေးမောင်ပဲ လုပ်နေတာလေ"

"အင်းလေ ဒါဆို ဦးအေးမောင်ရော ပန်းကန်လုံးပိုင်ရှင် ဖိုးကျော်ရော အခန်းလူကြီးပါ ခေါ်လာခဲ့ဗျာ"

လွန်ခဲ့သော အနှစ်သုံးဆယ်ခန့်က ဖြစ်၏။

ကျွန်ုပ် တနင်္သာရီတိုင်း ထောင်အုပ်စုအတွင်းရှိ (ခ)အဆင့် အကျဉ်းထောင်တစ်ခု၌ ခေတ္တ တာဝန်ခံအရာရှိအဖြစ် တာဝန်ယူခဲ့စဉ်ကဖြစ်၏။ ကျွန်ုပ်မှာ အမှန်အားဖြင့် ထိုအကျဉ်းထောင်သို့ ဌာနဆိုင်ရာ စစ်ဆေးရေး (DE) အဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ရောက်ရှိနေခဲ့ခြင်းဖြစ်၏။ ထိုအချိန်မှ တိုက်တိုက်ဆိုင်ဆိုင် တာဝန်ခံအရာရှိ ဦးစိန်တင် နှလုံးရောဂါ ရုတ်တရက် ဖောက်လာသဖြင့် မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ တက်ရောက်ကုသမှု ခံယူခဲ့ရ၏။

ဤအခြေအနေတွင် ရုံးချုပ်အနေနှင့် ဦးစိန်တင်နေရာတွင် ခေတ္တတာဝန်ခံအရာရှိတစ်ယောက် စေလွှတ်ပေးရမည်ဖြစ်သော်လည်း ယင်းသို့မဆောင်ရွက်တော့ဘဲ (DE)စစ်ဆေးရန် ရောက်ရှိနေသော ကျွန်ုပ်ကိုပင် ခေတ္တတာဝန်ခံအဖြစ် ပူးတွဲဆောင်ရွက်ရန် ညွှန်ကြားလာပါသည်။ သို့ဖြစ်ရာ ကျွန်ုပ်မှ ဦးစိန်တင်နှင့် ဝန်ထမ်းများအား (DE) မစစ်ဆေးနိုင်သေးဘဲ ခေတ္တတာဝန်ခံအရာရှိအဖြစ် ဆောင်ရွက်နေရချိန် ဖြစ်လေသည်။

တစ်နေ့ နံနက်ပိုင်းတွင် ဦးဌာနထောင်မှူး ဦးအင်သန်းက မနေ့ညက ထောင်ကျဆောင်မှ အကျဉ်းသား ဖိုးကျော် ပိုင်ဆိုင်သော ကြွေပန်းကန်လုံး ပျောက်ဆုံးနေ၍ လိုက်ရှာရာ အကျဉ်းသား ဦးအေးမောင်၏ ခေါင်းရင်းတွင် ပြန်ရှာတွေ့ကြောင်း။ ဦးအေးမောင်မှာ လူကြီးဖြစ်ပြီး အခန်းဘုရားစင်၏ ဝေယျာဝစ္စဆောင်ရွက်နေသူဖြစ်ပြီး ဘာသာရေးကြည်ညိုသူဖြစ်၍ အခန်းသားများက သူခိုးဟု မည်သူမျှ မယုံကြည်ကြကြောင်း။ ဦးအေးမောင်အား ပန်းကန်ပိုင်ရှင် ဖိုးကျော်အကြား ထင်ယောင်ထင်မှားဖြစ်စေရန် တစ်ယောက်ယောက် နောက်ပြောင်ထားခြင်းဖြစ်နိုင်ဖွယ်ရှိကြောင်း။ ဖိုးကျော်ကိုယ်တိုင်ကပါ ဦးအေးမောင်ကို စွပ်စွဲရန် ဆန္ဒမရှိသဖြင့် ပန်းကန်လုံးအား ဖိုးကျော်အား ပြန်ပေးလိုက်ပြီဖြစ်၍ အေးအေးချမ်းချမ်း ဖြစ်နေပြီဖြစ်ကြောင်း။ ကျွန်ုပ်မှ ခေတ္တတာဝန်ခံဖြစ်နေ၍ သိသင့်သည်ထင်ကာ လာရောက်သတင်းပို့ခြင်းဖြစ်ကြောင်း ရှင်းပြခဲ့သည်။

ယင်းသို့ဖြစ်ပြီး တစ်ပတ်ခန့် အကြာတွင် ဤဝတ္ထုအစ၌ ဖော်ပြခဲ့သည့်အတိုင်း ကြွေပန်းကန်လုံး ပြဿနာ ထပ်မံပေါ်ပေါက်လာကြောင်း ထောင်မှူးဦးအင်သန်း လာသတင်းပို့ပြန်သဖြင့် ကျွန်ုပ်က သက်ဆိုင်သူ အကျဉ်းသားသုံးယောက်လုံးအား ခေါ်စစ်ဆေးရလေတော့၏။

အကျဉ်းသား ဖိုးကျော်က -

"ကျွန်တော်က နောက်တစ်ခါ ထပ်မပျောက်အောင် ပန်းကန်လုံးကို လက်ဆွဲအိတ်ထဲထည့်ပြီး အိပ်နေခဲ့တာ ကြာပြီဆရာ။ ခု ဒီမနက်ကျမှ လက်ဆွဲအိတ်စလည်းမပွင့်ဘဲ ပန်းကန်လုံးက ဘုရားစင်ပေါ် ဘယ်လိုလုပ်ပြီး ရောက်သွားတယ်မသိပါဘူး ဆရာရယ်။ အံ့ရော"



www.burmeseclassic.com

www.burmeseclassic.com

ဦးအေးမောင်က -

"ကျွန်တော် ဒီမနက် ဂိတ်ကြီးပေါ်က ၅ နာရီနဲ့ တစ်မောင်းခေါက်တော့ ဘုရားစင်မှာ သောက်တော်ရေလဲပြီး ဆီမီးပူဇော်မယ်လုပ်တော့ ကြွေပန်းကန်လုံးရောက်နေတာ တွေ့လိုက်ရတယ်။ ဒါနဲ့ ဟိုတစ်ခါလို ပြဿနာမဖြစ်အောင် အခန်းလူကြီး ကိုကျော်ဒိုးကိုပြပြီး ကြိုတင်အသိပေးထားလိုက်ရတယ်"

အခန်းလူကြီး ကျော်ဒိုးက -

"ကျွန်တော် ဦးအေးမောင်ပြလို့ ဘုရားစင်ပေါ် ကြွေပန်းကန်လုံးရောက်နေတာတွေ့တော့ ဖိုးကျော့်ဆီသွားပြီး မေးကြည့်တော့မှ သူဖက်အိပ်နေတဲ့ လက်ဆွဲအိတ်ထဲက ကြွေပန်းကန်လုံး မရှိတော့မှန်း သိရတယ်ဆရာ"

ကျွန်ုပ်မှာ အကျဉ်းသားသုံးယောက်ပြောသည်ကို တဖြည်းဖြည်းနားထောင်၍ စိတ်ဝင်စားလာရ ထောင်မှူးဦးအင်သန်းအား သွားယူလာစေလိုက်သည်။ ဦးအင်သန်းယူလာသော ကြွေပန်းကန်လုံးကို ကျွန်ုပ် အနီးကပ်စစ်ဆေးကြည့်ရာ ဇောက်မြင့်မြင့်နှင့် ဟင်းရည်သောက်ပန်းကန်မျိုး ဖြစ်နေသည်။ အလေးချိန် အနည်းငယ်စီးသလိုရှိပြီး ပန်းကန်လုံးပတ်လည်တွင် ရေညှိညှိုပုပ်ပုပ်ကပ်နေကာ အောက်ခြေပိုင်းတွင် စိမ်းပြာပြာဖြစ်နေသည်။ ထိုရေညှိညှိုပုပ်ပုပ်အောက်တွင် တရုတ်စာဟုထင်ရသော စာလုံးများ တစ်ဝက်တစ်ပြက်တွေ့နေရ၏။

ကျွန်ုပ် ဒီငယ်ဆီနည်းနည်းယူနိုင်းကာ အဝတ်နှင့်ပွတ်ကြည့်လိုက်ရာ ထိုတရုတ်စာလုံးများ ထင်ရှားစွာ ပေါ်လာတော့၏။

ကျွန်ုပ်က အကျဉ်းသားဖိုးကျော့်အား -

"ကဲ...ပြော မင်း ဒီပန်းကန်လုံးကို ထောင်ထဲရောက်အောင် ဘယ်လိုရည်ရွယ်ချက်နဲ့ ခိုးသွင်းထားတာလဲကွ"

"ကျွန်...ကျွန်တော် ဒီကြွေပန်းကန်လုံးကို ထောင်ထဲ ခိုးသွင်းထားတာ မဟုတ်ပါဘူးဆရာ"

"ဟာ...ဒါဖြင့် ဒီပန်းကန်လုံးက မိုးပေါ်က ကျလာတာလားကွ"

"ဒါ...ဒါက ဒီ...ဒီလိုပါဆရာ။ ကျွန်တော် တလောက အုတ်ရိုးနားမှာ မိလ္လာကျင်းတူးတော့ မြေကြီးထဲကနေ ဒီကြွေပန်းကန်လုံး ထွက်လာတာပါ။ အဲဒါ ကျွန်တော်လည်း ဘယ်သူ့ကိုမှ မပြောမိတဲ့ ပန်းကန်အဟောင်းတစ်လုံး အနေနဲ့ သုံးနေမိခဲ့တာပါ ဆရာ"

ကျွန်ုပ်က ခေတ္တစဉ်းစားကာ ထောင်မှူးအား -

"ခင်ဗျားတို့ဆီမှာ တရုတ်စာဖတ်တတ်တဲ့ အကျဉ်းသား မရှိဘူးလား"

"ဟို...လူဝင်မှုကြီးကြပ်ရေးပုဒ်မနဲ့ ရောက်နေတဲ့ တရုတ်တစ်ယောက်တော့ရှိတယ်။ သူများ ဖတ်တတ်မလားမသိဘူးဆရာ"

"ဒါဆို သူ့ကို ခေါ်ခေါ်လာခဲ့ဗျာ"

ခဏကြာတော့ အသက်ငါးဆယ်ကျော်အရွယ် တရုတ် ဝဖိုင့်ဖိုင့်တစ်ယောက် ရောက်လာသည်။ ကျွန်ုပ်က ပန်းကန်လုံးပေါ်ကစာများကို ဖတ်ခိုင်းရာ သူက အတန်ငယ်ကြာအောင် စူးစိုက်ကြည့်နေပြီးမှ ခေါင်းခါပြကာ -

"ဆရာကြီး...ဒီစာတွေက ဝတို့ ဖတ်လို့ သေချာနားမလည်နိုင်ဘူးလေ။ ဒါတော်တော်ရှေးကျတဲ့ တရုတ်စာတွေပဲ။ ဝထင်တာပြောရရင် ဒါ ဘုရားတရားစာတွေဖြစ်မယ်။ အခု ဝတို့ရွတ်ဆိုနေတဲ့ သမ္မဒွေဂါထာလို သဘောမျိုးဖြစ်လိမ့်မယ် ဆရာကြီး"

ကျွန်ုပ်က ခေါင်းတစ်ချက်ညိတ်ကာ ဘာသာရေးလိုက်စားသော ဦးအေးမောင်အား -

"ဦးအေးမောင်ကော ဒီကြွေပန်းကန်လုံးနဲ့ပတ်သက်ပြီး ဘယ်လိုယူဆလဲ"

"ဟုတ်ကဲ့ ဒီကြွေပန်းကန်လုံးဟာ မိလ္လာကျင်းထဲက ထွက်ပေါ်လာပေမယ့် တရုတ်စာတွေက ရှေးကျတဲ့ ဘုရားစာတွေ ဖြစ်နိုင်တာရယ်၊ မိလ္လာချောင်းနားမှာအိပ်တဲ့ ဖိုးကျော့်ဆီမှာ မနေလိုဘဲ ပထမအကြိမ် ကျွန်တော့်ခေါင်းရင်းကို ရောက်နေတာရယ်၊ မနေ့ညက ဖစ်ပိတ်ထားတဲ့အိတ်ထဲကထွက်ပြီး ဘုရားစင်ပေါ်ကို ဒုတိယအကြိမ် ရောက်လာတာတွေကို ပေါင်းစပ်ကြည့်ရင် ဒီကြွေပန်းကန်လုံးဟာ မူလက အင်မတန် မြင့်မြတ်သန့်စင်တဲ့နေရာမှာ နေခဲ့ပြီး သူ့ရဲ့ မူလပိုင်ရှင်ဟာလည်း တန်ခိုးသြဇာကြီးမားတဲ့သူ၊ ဒါမှမဟုတ် မြင့်မြတ်တဲ့ သူတော်စင် ဖြစ်လိမ့်မယ်လို့ ထင်မိတယ် ဆရာ"

ကျွန်ုပ် သူတို့အားလုံးကို ပြန်လွှတ်လိုက်ပြီး ကြွေပန်းကန်လုံးကို ထောင်ဘူးဝရုံးခန်းထဲက မီးခံသေတ္တာထဲထည့်၍ သော့ခတ်သိမ်းဆည်းထားလိုက်၏။ နောက်တစ်နေ့ နံနက်ပိုင်း ရုံးတက်စဉ် သတိရ၍ မီးခံသေတ္တာကို ဖွင့်ကြည့်လိုက်ရာ ကိုယ့်မျက်စိကိုယ် မယုံနိုင်အောင် ဖြစ်သွားမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်မနေ့က သေချာ သော့ပိတ်သိမ်းထားခဲ့သော ကြွေပန်းကန်လုံးမှာ ပျောက်ချင်းမလှ ပျောက်ခဲ့နေ၍ဖြစ်၏။ ကျွန်ုပ်က နေရာအထားမှားသလားဟု တစ်ခန်းလုံး စားပွဲအံဆွဲ၊ ဗီရိုထဲကအစ လိုက်ရှာကြည့်သော်လည်း လုံးဝရှာမတွေ့တော့ပါ။ ထူးဆန်းပေစွ။ ဘယ်ကိုများ ရောက်သွားပါလိမ့်မလဲ။

ထိုစဉ် ဂိတ်စာရေး ရုံးခန်းထဲဝင်လာသည်။ သူ့လက်ထဲတွင် အောင်သပြေနှင့် မေမြို့ပန်းစည်းများ ပါလာသည်။

"ဘာကိစ္စလဲ ဂါတ်စာရေး"

"ခြေဘ်…ဆရာ့ရုံးခန်း ဘုရားစင်ပေါ်က ပန်းခွေတွေညှိုးနေလို့ အသစ်လဲပေးမလို့ပါ"

"ဘုရားစင်…ဘုရားစင်"

ကျွန်ုပ် ရုံးခန်းဘုရားဆီ ပြေးကာ ပ်သွားကာ, မော့ကြည့်လိုက်မိသည်။ အလို တကာယ်အံ့ဩစရာပါလား။ ကြွေပန်းကန်လုံးသည် ဘုရားကျောင်းဆောင်အောက်သို့ ရောက်နေပါပေါ့လား။ မယုံနိုင်စရာ။ ထူးဆန်းလှပေစွ။

နောက်တစ်နေ့တွင် ထောင်ပိုင် ဦးစိန်တင် ဆေးရုံမှ ပြန်ဆင်းလာသဖြင့် တာဝန်ခံအရာရှိတာဝန်ကို ပြန်လွှဲပြောင်းပေးပြီး သူ့အပေါ် တိုင်ကြားထားသော အမှုကို စစ်ဆေးနိုင်ပါတော့၏။

အမှုမှာ ပစ်စာဖြင့် မဟုတ်မမှန် လုပ်ကြံတိုင်ကြားထားကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အမှုကို ပိတ်သိမ်းကာ ဦးစိန်တင်အား စိတ်အေးအေးထားရန်နှင့် ကျန်းမာရေးကို ဂရုစိုက်ရန် မှာကြားနှုတ်ဆက်ကာ ကျွန်ုပ်နှင့်အဖွဲ့ အင်းစိန်ရုံးချုပ်သို့ ပြန်လာခဲ့တော့၏။

ထိုနေ့မှ သုံးလခန့်ကြာသော အခါ ဦးစိန်တင်အတွက် မင်္ဂလာရှိသော အမိန့်တစ်ခုထွက်လာပါတော့၏။ တခြားတော့မဟုတ်။ ဦးစိန်တင်အား တစ်ဆင့်မြင့်ရာထူး တိုးမြှင့်ပေးလိုက်ပြီး မန္တလေးတိုင်း ထောင်အုပ်စုမှ (က) အဆင့် အကျဉ်းထောင်တစ်ခုသို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်စေလိုက်ခြင်းဖြစ်၏။

ဦးစိန်တင်သည် မန္တလေးတိုင်းသို့ မဝင်မီ ရုံးချုပ်သို့လာကာ ညွှန်ကြားရေးမှူးချုပ်ထံ သတင်းပို့ရသည်။ အပြန်တွင် ကျွန်ုပ်အား နှုတ်ဆက်ရန် ဝင်လာလေသည်။

"ခင်ဗျား ရာထူးတက်တာ ဂုဏ်ယူပါတယ်။ ဒါနဲ့ ကြုံတုန်းမေးရဦးမယ်။ ဟိုကြွေပန်းကန်လုံးကိစ္စ ဘာထူးသေးလဲဗျ"

"အဲဒါပြောချင်လို့ ဆရာ့ဆီ တမင်လာတာပေါ့။ ဆရာ ကျွန်တော့်ဆီက ပြန်သွားပြီး နောက်ပိုင်းမှာလည်း ရုံးခန်းက ဘုရားစင်ပေါ်မှာပဲ ဆက်ထားခဲ့တာပေါ့။ အဲ…တစ်လလောက်ကြာတော့ မယုံနိုင်စရာဗျာ၊ တစ်နေ့မနက်ပိုင်း အိမ်ဘုရားစင်မှာ သောက်တော်ရေချမ်းကပ်မလို့ ကြည့်လိုက်တော့ ထောင်ဘူးဝရုံးခန်းဘုရားစင်ပေါ်က ကြွေပန်းကန်လုံး ရောက်နေတာ တအံ့တဩ တွေ့လိုက်ရတယ်လေ"

"ဟုတ်လား။ တော်တော်အံ့ဩစရာပဲ။ ကြည့်ရတာ ဒီကြွေပန်းကန်လုံးက အလွန်မွန်မြတ်တဲ့ ပစ္စည်းဖြစ်လိမ့်မယ်။ ဒါကြောင့်မို့လို့ ထောင်ထဲက ဘုရားစင်မှာ မနေနိုင်ဘဲ အိမ်ဘုရားစင်ပေါ် ပြောင်းရွှေ့လာတာ ဖြစ်နိုင်တယ်ဗျ"

"ဟုတ်တယ်ဆရာ။ အဲဒီနေ့က စပြီး ထောင်မှာ ဘာပြဿနာမှမရှိဘူး။ လုပ်ငန်းကိစ္စတွေလည်း အားလုံးအဆင်ပြေတယ်။ လာစစ်သမျှ လူကြီးတွေကလည်း ကောင်းတဲ့ ချီးကျူးစကားတွေပဲ ပြောသွားကြတယ်။ ဒါဟာ ကြွေပန်းကန်လုံးရဲ့ အစွမ်းပဲဆိုပြီး ရှေးဟောင်းသုတေသနဌာနက တရုတ်ယဉ်ကျေးမှုနဲ့ စာပေကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို အိမ်ကိုခေါ်ပြီး ပြကြည့်တော့ ဒါဟာ တရုတ်ပြည်မင်းခေတ်က ကေရာဇ်ဘုရင်တွေ သုံးစွဲခဲ့တဲ့ ရှေးဟောင်းကြွေပန်းကန် လုံးဖြစ်နေသတဲ့ ဆရာ"

"အင်း…ဒါကြောင့်လည်း ခင်ဗျား ရာထူးတက်ပြီး နေရာကောင်းကို ပြောင်းရွှေ့ရတာထင်တယ်နော်"

"အစစ်ပေါ့ဆရာရယ်။ ပရိုမိုးရှင်းအင်တာဗျူးတုန်းက ဘာမှ ဟုတ်တိပတ်တိ မဖြေနိုင်ခဲ့လို့ ရာထူးတက်မယ်တောင် မထင်ခဲ့ဘူးလေ"

"ဒါနဲ့ အဲဒီကြွေပန်းကန်လုံးကော အခု ဘယ်မှာလဲဗျ"

"ဟာ…ဘယ့်နှယ်မေးပါလိမ့်။ ကျွန်တော် ရောက်လေရာမှာ တစ်သက်လုံးဆောင်ထားရမယ့် အင်မတန်လာဘ်ကောင်းတဲ့ ပစ္စည်းမို့လို့ အခု တစ်ပါတည်းပါလာတယ်လေ ဆရာ"

"ကောင်းပါလေ့ဗျာ"

ဝီတာမြင့်



www.burmeseclassic.com

www.burmeseclassic.com



# ကြာလျှင် နစ်မွန်းမည်

ဗိုးဝန်းမွန်(ရာမည)

ဘာသာ၊ သာသနာနှင့် စပ်လျဉ်း၍ လှုပ်လှုပ်ရှားရှား ဆူဆူညံညံကြားနေရသည်။ မည်သူ့ကိုမျှ မည်သို့သော အကြောင်းကြောင့်မှ မထိခိုက်စေချင်ပါ။ သူများအကြောင်း မပြောဘဲ ကိုယ့်အကြောင်း ကိုယ်ပြောကြရအောင်ပါ။

ကိုယ့်အကြောင်းဆိုသည်မှာ စာရေးသူတို့၏ မြန်မာအမျိုးသားများအကြောင်း ဖြစ်သည်။ စကားထူးစကားလှ မဟုတ်သော်လည်း နားထဲစွဲ၊ နှလုံးသားထဲမြဲနေသော စကားတစ်ခွန်းရှိသည်။ "စောင့်လေမျိုးနွယ်"ဆိုသောစကား။

ထိုစကားကို ရှေးကပညာရှိများ၊ ဘိုး၊ ဘေး၊ ဘီဘင်များက အလကားထားခဲ့သည်မဟုတ်။ ရှေ့ရေးတွေးပြီး နောင်းလူများ(သို့မဟုတ်) အနာဂတ်မျိုး ဆက်သစ်များအတွက် ထားခဲ့ခြင်းပါ။ လူမျိုးတစ်မျိုးစီတွင် ကိုယ့်ပိုင်ယဉ်ကျေးမှုရှိကြသည်။ ကိုယ်ပိုင်ဘာသာတရားရှိကြသည်။ ထိုယဉ်ကျေးမှု၊ ထိုဘာသာတရားကို ထိန်းသိမ်းစောင့်ရှောက်ရန်



www.burmeseclassic.com

www.burmeseclassic.com

အသိတရားရှိကြရန် သတိပေးစကား ချန်ထားရစ်ခြင်းသာဖြစ်သည်။

လူသားများ ရေကြည်ရာ မြက်နုရာ ရှာဖွေပြောင်းရွှေ့ကြသည့် သဘောတရားကို လက်ခံသည်။ ထိုသို့ပြောင်းရွှေ့နေထိုင်ကြသော်လည်း မူလအစက မိဘများကိုးကွယ်သော ဘာသာတရားကို မပြောင်းရွှေ့စကောင်းပါ။ မည်သို့သော အခက်အခဲဖြစ်နေပါစေ မည်သည့်ဥစ္စာနေဖြင့် ဇန်းမြှူဖြားယောင်းပါ စေ ယိုင်နဲ့မသွားသင့်။ စိတ်ဓာတ်ခိုင်မာ စွာဖြင့် ကိုယ့်အမျိုး ကိုယ့်ဘာသာ၊ ကိုယ့်သာသနာကို ဖက်တွယ်ထားနိုင်ရမည်။ ကိုးကွယ်ဆည်းကပ် တန်ဖိုးထားတတ်ရမည်သာ။

တိုင်းတစ်ပါး၏ ယဉ်ကျေးမှုများ၊ တိုင်းတစ်ပါး၏ ဘာသာသာသနာများ စိမ့်ဝင်ပျံ့နှံ့နေသည်ကို ကာကွယ်ရန် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုအားလုံးမှ အမျိုးကောင်းသမီးတစ်ဦးချင်းစီ၏ အတွေးအခေါ် ခံယူချက်များကို ဆင်ခြင်တုံတရားများဖြင့် ကာကွယ်ထားပါက အန္တရာယ်ဆိုးများနှင့် ကင်းဝေးနိုင်လိမ့်မည်။

အမျိုးသမီးအချို့သည် ဆင်ခြေပေးကောင်းသူများ ဖြစ်သည်။ အမှားကိုဖုံးကွယ်ရန်အတွက် ဆင်ခြေပေးကြသည်။ "အနေနီးစပ်၍ဖြစ်ရခြင်း"၊ "အားကိုးရှာလို၍ဖြစ်ရခြင်း"၊ "ဖြားယောင်းမှုကြောင့် ပါသွားရခြင်း" စသည်…စသည်ဖြင့် ဆင်ခြေပေးကြစမြဲ။ မိရိုးဖလာ ဘာသာအယူဝါဒကိုဖျောက်၍ ချမ်းသာခြင်းဖြင့် ဖြားယောင်းသူများနောက်သို့ ကောက်ကောက်ပါသူလည်းရှိရဲ့။ အချစ်ကိုယုံစား၍ လူမျိုးခြားနောက်သို့ပါသူလည်းရှိရဲ့။ "ဆင်းရဲတွင်းကလွတ်ချင်၍ မီးရာဖမ်းဆွဲတာနေမှာပါ"ဟု တစ်မျိုး၊ "သူတို့ဖူးစာပဲဖြစ်မှာပါ"ဟု တစ်သွယ် လွယ်လွယ်ပေါ့ပေါ့လေး ဖြေတွေးတွေးရပေမယ့် မြင်တွေ့ရသည်မှာ ဘဝင်မကျ။ စိတ်မချမ်းသာ။

"ငါတို့ မြန်မာတိုင်းရင်းသူလေးတွေ ပါသွားရှာပြီ"ဟု တွေး၍ နှမြောမိသည်။ အနာဂတ်မြန်မာနိုင်ငံ၏ မျိုးဆက်ပွားအကြောင်း စိတ်မကောင်းစွာ တွေးမိစမြဲ။

ထို့ကြောင့်ပင် အမျိုးကောင်းသမီးများသိကြစေ၊ ဖတ်ကြားစေ၊ ဆင်ခြင်နိုင်ကြစေဆိုသော ရည်ရွယ်ချက်ဖြင့် မျိုးနွယ်ကိုစောင့်ရှောက်ခဲ့သည့် အမျိုးကောင်းသမီးတစ်ဦးအကြောင်း ဖော်ညွှန်းလိုက်သည်။

အေဒီ ၁၀၄၃ ခုနှစ်တွင် အထက်မြန်မာနိုင်ငံ၌ အနော်ရထာမင်းနှင့် မွန်သာသနာပြု "ရှင်အရဟံ"၏ လမ်းညွှန်တရားပြမှုကြောင့် ဗုဒ္ဓဘာသာလွှမ်း မိုးနေချိန်ဖြစ်သည်။ အရည်းကြီးရဟန်းများ၏ အယူဝါဒကိုယုံကြည်ခဲ့ရာမှ ထေရဝါဒဗုဒ္ဓသာသနာကို ပြောင်းလဲကိုးကွယ်ခဲ့သည်မှာ ဗုဒ္ဓတရားတော်၏ အနှစ်သာရကို ကိုယ်တိုင်နာကြား သိမြင်ခဲ့ခြင်းကြောင့် ဖြစ်သည်။

ထိုတစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံအောက်ပိုင်း "ဟံသာဝတီနေပြည်တော်"တွင် ပုဏ္ဏရိကမင်းကြီး ထီးနန်းစိုးစံလျက် ထေရဝါဒဗုဒ္ဓသာသနာကို သက်ဝင်ယုံကြည်နေချိန်ဖြစ်သည်။ ပုဏ္ဏရိကမင်းကြီး သက်တော်ကြီးရင့်၍ နတ်ရွာစံလျှင် သားတော်ကြီး အိမ်ရှေ့စံ တိဿမင်းသားက ထီးနန်းစိုးစံရမှာ နန်းတွင်းအစဉ်အလာဖြစ်သည်။

သို့ရာတွင် ပုဏ္ဏားပုရောဟိတ်များက ကောက်ကျစ်သည်။ လူသားဘုရားဟု ပုဏ္ဏားများခေါ်သည့် မြတ်စွာဘုရားကိုးကွယ်သူများက ဟံသာဝတီနေပြည် တော်တစ်ဝန်းလုံးနီးပါးဖြစ်၍ နတ်ဘုရားကိုးကွယ်သူက လူနည်းစုဖြစ်နေသည်ကို ပုဏ္ဏားများက မကျေနပ်ကြ။ တစ်နိုင်ငံလုံး "ဗြဟ္မဏ" အယူကိုယူ၍ နတ်ဘုရားရုပ်တုကို ကိုးကွယ်မှသာ မိမိတို့လည်း အာဏာရမည်ကို တွေးမိကြသည်။ ထို့ကြောင့် အမှန်တရားကိုဖျောက်၍ အကောက်ဉာဏ်ဖြင့် တိဿမင်းသားအား လျှောက်တင်ကြသည်။

"အရှင့်သား…ထီးနန်းစံလိုလျှင် ပုဏ္ဏားများကိုးကွယ်တဲ့ ကမ္ဘာနတ်ကြီးကို ကိုးကွယ်ပါမည်ဟု သစ္စာဆိုအဓိဋ္ဌာန်ပြုတော်မူမှသာလျှင် ထီးနန်းကို အလွယ်တကူရပါလိမ့်မည်" ဟု လျှောက်တင်ကြသည်။ သန်းခေါင်ယံကာလတစ်ခု၌ ညောင်ပင်ကြီးတစ်ပင်အောက်ရှိ နတ်ဘုရားရုပ်တုရှေ့တွင် အဓိဋ္ဌာန်ပြုသည်။

"ကျွန်ုပ်အား ထီးနန်းကို အလွယ်တကူရအောင် စောင်မပါ။ ကျွန်ုပ် မင်းအဖြစ်သို့ရောက်လျှင် သင်တို့ကို နန်းဦးခွ်ထား၍ ကိုးကွယ်မည်။ တိုင်းသူပြည်သားများကိုလည်း ကိုးကွယ်စေမည်"ဟု အဓိဋ္ဌာန်ပြုသည်။ ခမည်းတော် နတ်ရွာ



www.burmeseclassic.com

www.burmeseclassic.com

စံပြီးနောက် မင်းအဖြစ်သို့ရောက်သည်နှင့် ဗြဟ္မဏအယူဝါဒကို ကိုးကွယ်လိုက်သည်။ နိုင်ငံတစ်ဝန်းလုံး ဗုဒ္ဓဆင်းတုတော်ကို ချောင်းထဲ မြောင်းထဲ စွန့်ပစ်စေသည်။ ဗုဒ္ဓအယူဝါဒကိုကိုးကွယ်လျှင်သတ်စေဟု အမိန့်ထုတ်ထားသည်။ နေပြည်တော်တစ်ဝန်းလုံး အုတ်အော်သောင်းတင်းဖြစ်ရသည်။

ထိုအချိန်တွင် ဟံသာဝတီနေပြည်တော်နှင့် နှစ်မိုင်အကွာတွင်ရှိသော "ပိုင်တရော်ရွာ"ရှိ သူကြွယ်ကြီးသမီး တလတော်(သီလဒေဝီ)အမည်ရှိ မိန်းမပျိုလေး၏ ဂုဏ်သတင်း မှာမွှေးသည်။ ငယ်စဉ်မှစ၍ အသက် ၁၅ နှစ်တိုင် ရတနာသုံးပါးကို လေးလေးနက်နက် ယုံကြည်ကိုးကွယ်ခဲ့သည်။ မည်သို့သော အခက်အခဲရှိရှိ ဗုဒ္ဓဘာသာအယူဝါဒကို မစွန့်ပစ်နိုင်သူဖြစ်သည်။

တိဿဘုရင်သိလျှင် တလတော်ကို ခေါ်ယူစည်းရုံးသည်။ "မိဖုရားခေါင်ကြီးအရာဖြင့် စည်းစိမ်ချမ်းသာကိုအပ်နှင်းမည်။ ဗုဒ္ဓဆင်းတုတော်များကိုစွန့်၍ နတ်ဘုရားရုပ်တုကို ကိုးကွယ်ပါ။ ဗြဟ္မဏအယူဝါဒကိုယူပါ"ဟု ဥစ္စာဓနအပြင် မိဖုရားကြီးရာထူးဖြင့် ဖြားယောင်းသည်။ တလတော်က ရဲရဲစွာပင် "မိဖုရားအရာကို လက်မခံပါ"ဟု လျှောက်တင်သည်။ အကြောင်းရင်းကိုမေးသောအခါ "မင်းကြီးသည် မိရိုးဖလာ ဗုဒ္ဓဘာသာအယူဝါဒကို စွန့်လွှတ်ပြီး အာဏာစည်းစိမ်အတွက် အယူမှောက်မှား၍ နတ်ဘုရားကို ကိုးကွယ်သည်မှာ အပါယ်လားရန်သာ ရှိတော့သည်။ ထိုသို့ အပါယ်သွားမည့် မိစ္ဆာဒိဋ္ဌိနှင့်အတူ ယှဉ်တွဲမနေလိုသောကြောင့် မိဖုရားစည်းစိမ်ကို ငြင်းရကြောင်း သတ်လျှင်လည်း သေဝံ့ပါကြောင်း" လျှောက်တင်သည်။

ဘုရင်က အမျက်ရှ၍ ဖမ်းစေ၊ သတ်စေ အမိန့်တော်ချသဖြင့် "တလတော်"ကို ဆင်ဖြင့်နင်း၊ မီးဖြင့်ရှို့၊ ဓားလှံဖြင့်ခုတ်ပိုင်း စသည့်နည်းမျိုးစုံဖြင့် သတ်သော်လည်း တလတော်မသေပါ။ ရတနာသုံးပါးကို အာရုံပြုလျက် ရှိခိုးအမိဋ္ဌာန်ခြင်းကြောင့် မသေကြောင်း နောက်ဆုံးတွင် တိဿဘုရင်သိသွားတော့သည်။

ဤသည်မှာ တလတော်၏ အသက်စွန့်၍ ဘာသာသာသနာအပေါ် ယုံကြည်မှုနှင့် ရတနာသုံးပါး၏ ပြန်လည်စောင့်ရှောက်မှုပင် ဖြစ်သည်။ ထိုသို့ သာသနာ့သူရဲကောင်းဖြစ်သော "တလတော်"ကြောင့် အောက်မြန်မာနိုင်ငံ ဟံသာဝတီနေပြည်တော်တစ်ဝန်းလုံး ဗုဒ္ဓသာသနာ ဆက်လက်ရှင်သန်ပြန့်ပွားနိုင်ခြင်းဖြစ်သည်။ စည်းစိမ်မက်၍ အသက်မစွန့်ရဲလျှင် မိရိုးဖလာ ဘာသာအယူဝါဒများ ပျောက်ကွယ်ပျက်စီးရမှာ သေချာပါတယ်။

"အမျိုးကိုချစ်သည်၊ နိုင်ငံကိုချစ်သည်၊ ပြည်သူပြည်သားကိုချစ်သည်"ဟု ကြွေးကြော်နေပြီး "နိုင်ငံရေးအသိရှိကြ" "နိုင်ငံရေးကို စိတ်ဝင်စားကြ"ဟု လှုံ့ဆော်နေမှ အမျိုးကိုချစ်ရာရောက်သည် မဟုတ်ပါ။ "မြေမျို၍ လူမျိုးမပြုတ်၊ လူမျိုးမှ လူမျိုးပြုတ်မည်"ဆိုသော အသိရှိရန်၊ "ကိုယ့်လူမျိုးနွယ်ကို ကိုယ်စောင့်ရှောက်ပါ"၊ "ဘာသာခြား၊ လူမျိုးခြားနှင့် လက်ထပ်ထိမ်းမြားခြင်းကို ကာကွယ်တားဆီးပါ"ဟု သတိပေးနှိုးဆော်ခြင်း။ လက်ခံလိုက်နာခြင်းသည်လည်း အမျိုးကိုချစ်ရာ ရောက်ပါသည်။

အနာဂတ်တွင် မျိုးဆက်ဖေယားခွဲပြရလျှင် ကိုယ့်တိုင်းရင်းသား မျိုးနွယ်စုအချင်းချင်းမှ ပေါက်ဖွားလာသူသာ ဖြစ်သင့်သည်။ သို့မှသာ ခိုင်မာသော မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်များ အတူတကွ ထားရှိနိုင်မည်။ "အမျိုးပျောက်မှာ စိုးကြောက်လှပါသည်။ ကြာလျှင် နစ်မွန်းမည်"ဆိုသော စာစာသားလိုပင် ကြာလျှင် ဒွေးရောယှက်တင်နှင့် မြန်မာတို့၏ ယဉ်ကျေးမှုများ၊ ဓလေ့စရိုက်များ၊ ဘာသာအယူဝါဒများ မှေးမှိန်၍ တန်ဖိုးထားမှုများ လျော့ပါးလာမှာ စိုးရသည်။

"ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာဖြစ်နေပြီ"ဆိုသော စကားတစ်လုံးကို လက်ကိုင်ထား၍ "အများက မိုးခါးရေသောက်နေပြီ၊ ကိုယ်လည်းသောက်မှဖြစ်မယ်"ဟု မတွေးစေချင်ပါ။ မည်သူတွေ မိုးခါးရေသောက်ကြပါစေ မြန်မာတိုင်းရင်းသား၊ တိုင်းရင်းသူ မျိုးဆက်သစ် (အမျိုးကောင်းသားသမီးများ) အမျိုးကို ချစ်ပါ။ မိုးခါးရေသောက်လိုခြင်းကို တင်းခံပြီး အသိတရားရှေ့ဆောင်၍ ဘာသာသာသနာကို တန်ဖိုးထားကာကွယ်ထိန်းသိမ်းပါဟု အထပ်ထပ်တိုက်တွန်းလိုက်ပါသည်။

မိုးပန်းမွန်(ရာမည)



www.burmeseclassic.com

www.burmeseclassic.com

# ကောင်းကျိုးပေးသော ဗေဒင်မိဿတ္တံ့ဂါထာ

ဂမ္ဘီရဆရာလှမျိုး(B.Sc)

မြန်မာ့ရိုးရာ ဗေဒင်ပညာ၊ လောကီပညာ လေ့လာလိုက်စားသောအခါ ဓာတ်ဆင်ဓာတ်ရိုက်ယတြာကိုလည်း အခန်းကဏ္ဍတစ်ခုအနေဖြင့် လေ့လာရပါသည်။ တစ်ဖန် ဂါထာမန္တန်ကျင့်စဉ်အနေဖြင့်လည်း ပုတီးစိပ်နည်း၊ အဓိဋ္ဌာန်ဝင်နည်း၊ ဂါထာရွတ်ဆိုနည်းတို့ကို လေ့လာရပါသည်။ စာရေးသူအနေဖြင့် ဘုရားဂုဏ်တော်ကိုးပါးနှင့် သမ္ဗုဒ္ဓေဂါထာ ရွတ်ဖတ်နည်းကို လေ့လာရပါသည်။ ဘုရားဂုဏ်တော်ကိုးပါးမှ နှစ်သက်ရာတစ်ပါး ရွေးချယ်ပုတီးစိပ်သည်။ ဆန်းကျမ်းပညာရှင် ဆရာကြီးရန်ကြီးအောင်မှ "လောကဝိဒူ"ဘုရားဂုဏ်တော် နေ့စဉ် ပုတီးစိပ်ခိုင်းသည်။ "နေမကောင်းလည်း မပျက်စေနဲ့၊ ခရီးသွားလည်းမပျက်စေနဲ့"ဟု မှာကြားသည်။ လောကီရေးရာနှင့်ပတ်သက်၍ အထူးအောင်မြင်လည်း၊ ရွှေဘုံသာလမ်းတွင် ဗေဒင်လက္ခဏာဆရာတွေ ဟောခန်းလာဖွင့်ကြသည်။ တာရှည် ရေရှည်ခံတာမရှိကြပေ။ လေးငါးနှစ်ဖွင့်ပြီး ဆိုင်ပိတ်လိုက်ရသည်။ ဆိုင်ခန်းငှားခတွေ ဈေးကြီးတာလည်းပါသည်။ ပြဿနာဖြစ်လို့ ပိတ်လိုက်ရတာလည်းရှိသည်။ နှစ်ပေါင်းသုံးဆယ်ကျော် ရပ်တည်နေသောဆရာကြီးမှာ ဆန်းကျမ်းလက္ခဏာပညာရှင် ဆရာကြီးရန်ကြီးအောင်ဖြစ်သည်။ ကိုယ်ပိုင်တိုက်ခန်းနှင့် အခြေချနေနိုင်သည်။ သီလ၊ သမာဓိ၊ ပညာလည်းရှိသည်။ ဗေဒင်ဆရာဆိုသည်မှာ အကျင့်စာရိတ္တကောင်းရမည်ဟု သွန်သင်ဆုံးမသည်။ ဘိုးတော်လုပ်၍မရပေ။ ဆန်းကျမ်းပညာနှင့်ပတ်သက်၍ ကျမ်းစာအုပ်များလေ့လာရန် ဆရာကြီးမှ လမ်းညွှန်ပေးပါသည်။ ထိုစာအုပ်များထဲတွင် ပခုက္ကူဆရာသိန်း၏ ဆန်းပညာစာအုပ်၊ ဧယျာသိဒ္ဓိဆရာကြီးဦးစိုးမင်း၏ ဆန်းကျမ်းစာအုပ်များ ပါဝင်ပါသည်။

ကျွန်ုပ်လည်း လောကီပညာ လေ့လာလိုက်စားရင်း မြင်စရာဖြစ်သော စာအုပ်များကို ဖတ်မှတ်လေ့လာရပါသည်။ လေ့လာထားသောပညာများကို ခုနစ်နေ့သားသမီးများအတွက် ပြန်လည်ဟော ပြောပေးရသည်။ ဗေဒင်ပညာတွင် မဟာဘုတ်၊ အင်္ဂဝိဇ္ဇာ၊ သုံးတန်ပျော်နိမိတ်၊ ဆန်း ကျမ်း နက္ခတ်၊ ဂဏန်းဗေဒင် စသည်ဖြင့် ပညာရပ်အမျိုးမျိုးရှိပါသည်။ ထိုပညာရပ်များထဲမှ ဆန်းကျမ်းပညာသည် စည်းကမ်းသတ်မှတ်ချက်များ ရှိသည်။ ဆရာကြီးမင်းသိမ်သည်လည်း ဆန်းကျမ်းပညာကျွမ်းကျင်သည်။ အစားအသောက် လွတ်လပ်စွာစားသုံးခွင့်ပြုသော ဆရာကြီးသည်ပင် ဆန်းကျမ်းပညာသင်ယူပါက အမဲသားမစားရန် သစ္စာဆိုခိုင်းပါသည်။

ဆန်းကျမ်းပညာရှင်သည် အရက်၊ အမဲသား အထူးရှောင်ရသည်။ သုရာမေရယကံနှင့် ပရဒါယကံ (ကာမေသု မိစ္ဆာစာရကံ) ရှောင်ခိုင်းသည်။ အရက်သေစာသောက်စားခြင်းနှင့် သူတစ်ပါးသားမယားကိစ္စ အထူးပင်ရှောင်ရသည်။ ဗုဒ္ဓဘာသာသီလအရ (ငါးပါးသီလ)နေ့စဉ်စောင့်ထိန်းနိုင်တာ အကောင်းဆုံး ဖြစ်သည်။ လမ်းဘေးမှာ၊ ဘုရားစောင်းတန်းမှာ မဟောရ။ အခမဲ့မဟောရ။ ဝါဝင်ဝါထွက် ဆရာသမားကို ကန်တော့ရမည်။ ယတြာကြေးမတောင်းရ စသည့် စည်းကမ်းချက်များ ချမှတ်ထားသည်။ ဆန်းပညာရှင်သည် စည်းကမ်းတစ်ခုခု ဖောက်ပျက်ပါက ဆန်းပျက်တတ်သည်။ ဘဝပျက်သွားသူတွေ မြင်ဖူးပါသည်။ ဧယျာသိဒ္ဓိဆရာဦးစိုးမင်း သာဝတ္ထိဆန်း၊ မဟာဘုတ်ဋီကာကျမ်းကြီးတွင် ဂါထာရွတ်ဖတ်နည်း ရေးသားဖော်ပြထားသည်။ ထိုဂါထာကို ဝေပုလ္လရာမဆရာတော်ကြီး၏ ဂါထာမန္တန်ကျမ်း၊ သတ္တမမြောက် ကျော်အောင်စံထားဆရာတော်၏ ဂါထာမန္တန်ကျမ်းတွင်လည်း ဖော်ပြပေးထားသည်။ ဂါထာခေါင်းစဉ်အမည်ကွဲတာ ရှိသော်လည်း ပါဠိဘာသာတူပါသည်။ ဝိသာခါကျောင်းအစ်မကြီး ဂါထာဟု ရေးတာလည်းရှိသည်။

ဆရာကြီးဦးစိုးမင်းသည် ဆန်းကျမ်းပညာဆန်းမှုကို ရွှေရင်မျှော်ဆရာတော်ကြီးထံမှ သင်ကြားမှတ်ယူခဲ့ရသည်ဟု



www.burmeseclassic.com

www.burmeseclassic.com

သိရပါသည်။ တစ်ဖန်ရွှေရင်မျှော် ဆရာတော်ကြီးထံမှ သင်ကြားမှတ်ယူခဲ့သော ဂါထာများနှင့် ကျင့်စဉ်လည်းဖော်ပြပေးထားပါသည်။

(၁) အမှုထမ်းအရာထမ်းများသည် ရာထူးတက်၍ နာမည်ကျော်စေလိုလျှင် သမ္ဗုဒ္ဓေဂါထာကို ကျင့်ပါ။

(၂) လူအများစုံနှစ်သက်၍ လာဘ်လာဘပေါ်များလိုလျှင် ပေါ်မိတ္တံဂါထာကို ကျင့်ပါ။

(၃) ဈေးရောင်းကောင်း၍ စီးပွားဖြစ်လိုလျှင် ဒိဝါတပတိဂါထာကို ကျင့်ပါ။

(၄) ကျန်းမာရေး ခဏခဏချို့တဲ့၍ နာတာရှည်ရောဂါကို ပျောက်လိုလျှင် သိကြားမင်းဂါထာကိုကျင့်ပါ။

ခုနစ်နေ့သားသမီး အများစုသည် လာဘ်လာဘကို အလိုရှိကြရာန်၏။ မိတ်ကောင်းဆွေကောင်းရှိဖို့လည်းလိုသည်။ ဗေဒင်ဆရာထံသို့ ဗေဒင်မေးမည့်သူများ လာရောက်မှ လာဘ်ငွေရမည်။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ပေါ်မိတ္တံဂါထာဟု ခေါ်ဆိုနိုင်သည်။ စာရေးသူလည်း လက်တွေ့ရွတ်ဆိုသည်။ ထူးခြားပါသည်။

## ပေါ်မိတ္တံဂါထာတော်,

ပေါ်မိတ္တံပုည်၊ ယထာရာစိ ကတံဖလံ၊ ပေါ်နန္ဒာ ဝိယာပုတ္တာ၊ ဝိယာသိရိ ဝိယာဝိယာ၊ ပြောင်း သုဝဏ္ဏဟာရ ဓနွေဖလံ၊ ပြောင်း-ကာ၊ သမနသိမာမဏ္ဍာယ၊ သဟာသ ပရိဝါရာယ ဝိသာခါယ ဓောမိသဏ္ဍာယ သဗ္ဗနာဂရေ သဗ္ဗဂါမေ သဗ္ဗဂေဟေ သဗ္ဗဇနာန သဗ္ဗလာဘ မိတ္တံ ဘဝန္တု မမသန္တိပေ ဧပေါ်ပေါ်။

ပေါ် = အေပါ် ဟုဆိုပါ။ အချို့ အေးဟု ဆိုသည်။ ဒွေးဟုမဆိုရ။ ဒွေ = နှစ်ပါးဖြစ်သည်၊ ပြောင်းမှာ ဥ၊ သျှိ၊ အွံ့ စသည်တို့နှင့်တူသည်။ ပြောင်း-ရပါစေ၊ ဖြစ်ပါစေသတည်။ အောင်မြင်ပါစေသတည်းဟု အနက်ရသည်။ မန္တန်အစတွင်ထည့်ဆိုသော စကားလုံးဖြစ်သည်။

ပေါ်မိတ္တံ ဂါထာတော်ကို ဘုရားရှေ့မှာ အမိဋ္ဌာန်ပြု၍ နေ့စဉ် နံနက်တစ် ကြိမ်/ညတစ်ကြိမ် သက်စေ့ရွတ်ပါ။ ရက်ပေါင်း သက်စေ့ပြည့်လျှင် တစ်ကြိမ်အောင်၏။ တစ်ကြိမ်အောင်လျှင် ကျန်းမာရွှင်လန်းစေသည်။ နှစ်ကြိမ်အောင်လျှင် မျက်နှာပွင့်လန်းစေသည်။ သုံးကြိမ်အောင်လျှင် သူတစ်ပါး အတိုက်အခိုက် ရန်အပေါင်းကို အောင်စေသည်။ လေးကြိမ်အောင်လျှင် လာဘ်လာဘရွှင်လန်း၍ ရောင်းဝယ်ကောင်းစေသည်။ ငါးကြိမ်အောင်လျှင် စီးပွားဖြစ်ထွန်းစေသည်။ ခြောက်ကြိမ်အောင်လျှင် လူချစ်လူခင် မိတ်ပေါ်စေသည်။ ခုနစ်ကြိမ်အောင်လျှင် မင်းစိုးရာဇာ ချစ်ခင်မစစေသည်။

ရှစ်ကြိမ်အောင်လျှင် ရောဂါကြီး အနာကြီးကင်းစေသည်။ ကိုးကြိမ်အောင်လျှင် အကြားအမြင်ရ၍ ဘုန်းတန်ခိုးကြီးစေသည်။

ရွှေရင်မျှော် ဆရာတော်ကြီးက တိကျစွာညွှန်ကြားခဲ့၏။ ကြိုးစားအားထုတ်ကြပါကုန်။

ဝေပုလ္လာရာမ ဆရာတော်ကြီးမှ ဤပေါ်မိတ္တံဂါထာတော်ကြီးသည် ကောင်းကျိုးချမ်းသာ မင်္ဂလာသုခအဖြာဖြာတို့ကို ပေးစွမ်းနိုင်သောကြောင့် ရှိသေစွာ အားကိုးယုံကြည်စွာ ရွတ်ပွားသရဇ္ဈာယ်အပ်၏။ ရှေးရှေးအခါက (ကာလီဒါသ) ဆရာကြီးများသည် ရတနာဒီပံ ဖယောင်းတိုင်မီးကို ထွန်းညှိဆောင်း၍ ဤပေါ်မိတ္တံဂါထာပျံကို ရတနာဒီပံ၏ မီးညွှန့်ကို စိုက်ကြည့်၍ ရွတ်ပွားခြင်းကြောင့် ရတနာရွှေငွေများ လာဘ်လာဘများ ရာထူးစည်းစိမ်များစွာ ခံစားရဖူးလေပြီ။ လိုအင်ဆန္ဒမှန်သမျှ ပြည့်ဝစေနိုင်ပါ၏။ နေ့စဉ်နေ့တိုင်း ပေါ်မိတ္တံဂါထာပျံကို ၁၅ ရက်တိတိ ရွတ်ပွား၍ (အနက်)အဓိပ္ပာယ် ဆုတောင်းကို ငါးခါဆိုခဲ့သော် စည်းစိမ်ဥစ္စာ လျင်မြန်စွာတိုးတက်နိုင်၏။ စသည်ဖြင့်ရေးထားပါသည်။ စာရေးသူအနေဖြင့် ရွှေရင်မျှော်ဆရာတော်ကြီး ညွှန်ကြားသည့်အတိုင်း နေ့စဉ် သက်စေ့ရွတ်ဆိုပါသည်။ တစ်ပတ်သေယ်ရက်ပြည့်သည်နှင့် စတင်ထူးခြားလာပါသည်။ ရွှေ၊ နီလာ၊ ပုလဲ၊ ပယင်း။ ရတနာဝင်လာပါသည်။ ဂါထာအနက် အလိုရှိပါက စာရေးသူထံ ဆက်သွယ်ယူနိုင်ပါသည်။ ဘဒ္ဒန္တဝေပုလ္လ၏ ရတနတ္တယ မဟာသိဒ္ဓိ ဂါထာမန္တန်ကျမ်းတွင်လည်း ပါသည်။ ပေါ်-လာပါ-ရောက်လာပါစေဟု ခေါ်ဆိုခြင်းဖြစ်သည်။ နေ့စဉ် သက်စေ့ စတင်ရွတ်ဆိုကြည့်ပါက သက်စေ့ရက်ပြည့်လျှင် ကောင်းကျိုးများရရှိလာမှာ သေချာပါသည်။

ဂမ္ဘီရဆရာလှမျိုး(B.Sc)



www.burmeseclassic.com

www.burmeseclassic.com



# အတွင်းသဘော

မြှဟန်သိန်း(လုပ်သားကောလိပ်)

တစ်ခါတုန်းက အကြောင်းကလေး တစ်ခုကို ဖောက်သည်ချလိုပါတယ်။

မိတ်ဆွေသူငယ်ချင်း နှစ်ယောက်ဟာ ညနေစောင်းအချိန်မှာ မြို့တွင်းအလည်အပတ် ထွက်လာခဲ့ကြတယ်။ လမ်းခုလတ်မှာ မွေတေး သီဆိုတီးမှုတ်နေကြတဲ့ လူတစ်သိုက်ကို တွေ့မြင်လိုက်ရတဲ့အခါမှာ သူငယ်ချင်းတစ်ယောက်က . . .

"ကိုင်း . . . သူငယ်ချင်းတို့နှစ်ယောက် ကံကောင်းတာပဲ။ မွေတေးဆိုနေတာကို ဝင်နားထောင်ကြရအောင်"

ဆိုပြီး အဖော်ညှိလိုက်တယ်။

ကျန်တဲ့သူငယ်ချင်းက . . .

"ဟာကွာ . . မင်းကလည်း ငါက မင်းကို ခပ်ချောချော ကောင်မလေးတစ်ယောက်အိမ် ခေါ်သွားမယ်လို့ စိတ်ကူးနေတာ"

ဆိုပြီး ငြင်းပယ်လိုက်တယ်။

"မင်းစိတ်ကူးက အကုသိုလ် အလုပ်ကြီးပါကွာ။ မကောင်းပါဘူး။ ဒီမှာ မွေတေးဆိုနေတာကို ဝင်နားထောင်နေလိုက်ရင် ငွေမကုန်ဘဲနဲ့ ကုသိုလ်ကို သက်သောင့်သက်သာနဲ့ရမှာ။ မင်းပြောတဲ့ဆီ ငါမလိုက်ချင်ပါဘူး။ စိတ်ကူးမလွဲစမ်းပါနဲ့ သူငယ်ချင်းရာ။ ဒီမှာပဲ မွေတေးဝင်နားထောင်လိုက်ကြရအောင်"

"ငါတော့ အိမ်က စထွက်လာကတည်းက မိန်းမချောလေးဆီ သွားမယ်လို့ စိတ်ကူးထားတာမောင်။ ငါ့စိတ်ကူးကို ဘယ်နည်းနဲ့မှ အပျက်မခံနိုင်ဘူး။ မင်းမလိုက်ချင် နေခဲ့ပေတော့။ ဟိုမှာ အဆိုအကတွေကို စပယ်ရှယ် ကြည့်ဖို့ ကြိုပြောထားပြီးပြီ။ ဒီတစ်ညတော့ မိန်းမချောလေးတွေရဲ့ အညာခရာကြားမှာ မိမ့်ယူလိုက်ဦးမယ်။ မနက်ဖြန်ကျမှ မွေတေးနားထောင်ဖို့ စဉ်းစားတော့မယ်"

"မဟုတ်သေးပါဘူး သူငယ်ချင်းရာ။ စဉ်းစားပါဦး။ ကုသိုလ်ရမယ့်ဟာကို အချိန်နာရီတွေ ရွှေ့မနေပါနဲ့။ အဲဒီမှာ ပျော်တာက တစ်ခဏပဲ. စိတ်ချမ်းသာရမှာ။ ခုဟာက နောင်ဘဝ ဆက်တိုင်းဆက်တိုင်း စိတ်ချမ်းသာပျော်ရွှင်ရမှာ။ စိတ်ကူးမလွဲချင်စမ်းပါနဲ့။ မင်းအမြဲအစဉ်

www.burmeseclassic.com

တွေကို ရဲရဲကြီးဖျက်လိုက်စမ်းပါ။ တို့နဲ့ တိုက်တိုက်ဆိုင်ဆိုင်ရတဲ့ ကုသိုလ်အလုပ်ကို လက်လွှတ်မခံသင့်ပါဘူး။ လာပါ မွေတေးဝင်နားထောင်လိုက်ကြရအောင်"

"သူငယ်ချင်းရာ…ငါ့အကြောင်းကို မင်းလည်း အသိသားနဲ့။ လုပ်မယ်ဆိုရင် လုပ်လိုက်ရမှ ကျေနပ်တဲ့ကောင်။ အစီအစဉ်ကိုတော့ ငါမဖျက်နိုင်ဘူး"

"မင်း သဘောအတိုင်းပါပဲ။ ငါကတော့ သူငယ်ချင်းကောင်းပီပီ မင်းကို ကုသိုလ်တွေ ရစေချင်လွန်းလို့ပါ"

သူငယ်ချင်းနှစ်ယောက် တိုင်ပင်ညှိနှိုင်းလို့ မရကြဘူး။ ခေါင်းမာတဲ့ သူငယ်ချင်းက သူ့လမ်းသူဆက်လျှောက်သွားတယ်။ ကုသိုလ်လိုချင်တဲ့ လိမ္မာတဲ့ သူငယ်ချင်းကတော့ မွေတေးနားထောင်ဖို့ တစ်ယောက်တည်း ကျန်ရစ်ခဲ့တယ်။ လိမ္မာတဲ့သူငယ်ချင်းက ပြောမရဆိုမရ ခေါင်းမာတဲ့သူငယ်ချင်းအပေါ် စိတ်မကောင်းဖြစ်ကာ မွေတေးကို သွားရောက်နားထောင်နေလိုက်ပါတော့တယ်။

မိန်းမချော ပြည့်တန်ဆာမ အိမ်ရောက်သွားတဲ့ သူငယ်ချင်းဟာ အဖော်နဲ့ခွဲပြီး တစ်ယောက်တည်း မွေတေးနားထောင်ဖို့ ကျန်ရစ်ခဲ့တဲ့ သူငယ်ချင်းကို အမှတ်ရရင်း သူလက်ရှိကြုံနေရတဲ့ ပတ်ဝန်းကျင်နှင့် နှိုင်းယှဉ်ပြီး သတိသံဝေဂစိတ်တွေ ဖြစ်ပေါ်နေတယ်။

ငါဟာ လှပချောမောတဲ့ ပြည့်တန်ဆာမလေးရဲ့အသံကို နားထောင်၊ လှပတဲ့ရုပ်ရုံကို ငေးမော၊ မြူဆွယ်တဲ့ ဟန်အမူအရာတွေကို သဘောကျ၊ ကိလေသာအာရုံတွေကို တမင်တိုးပွားအောင်လုပ်နေတာ။ ကျန်ရစ်ခဲ့တဲ့ သူငယ်ချင်းကတော့ မွေတေးသံစဉ်ကြား၊ အာရုံတွေတည်ငြိမ်ကာ ကုသိုလ်တွေက တစ်ပွေ့ကြီးရနေမှာ။ ခု ငါခံစားနေရတဲ့ ကာမဂုဏ်အရသာဟာ တဒင်္ဂပဲ။ မိုးလင်းရင် ဘာမှကျန်ရစ်မှာ မဟုတ်ဘူး။ အစဉ်းစားဉာဏ် နံ့နဲ့ ထင်ရာစိုင်းနေတဲ့ လူမိုက်တွေ ကျက်စားရာဒေသပဲ။ ငါ့မှာတော့ ကုသိုလ်နဲ့လွဲပြီး အကုသိုလ်တွေသာ တိုးပွားနေပါလား။ ငါ့သူငယ်ချင်းနဲ့အတူ မွေတေးနားထောင်ဖို့ ကျန်ရစ်ခဲ့ရင် ကောင်းမှာ။ ငါမှားသွားတယ်။ သူငယ်ချင်းကောင်းရဲ့ စေတနာကို မလေးစားမိဘူး။ ဒီမှာ တွေ့နေရတဲ့ အချောအလှတွေဟာ ငါ့ကို စေတနာဖြူဖြူစင်စင်နဲ့ ချစ်ခင်လို့ ပြုစုနေကြတာ၊ အလိုလိုက်အကြိုက်ဆောင်နေကြတာ မဟုတ်ဘူး။ ငွေကြေးရလို့ သူတို့ရဲ့ ဝမ်းရေးအတွက် ပြုစုနေကြတာ။ သူတို့ရဲ့စိတ်ထဲမှာ ငါ့ကို တဏှာရူးကြီးလို့တောင် ထင်ချင်ထင်နေကြမှာ။ ဒီတစ်ချီတော့ ငါမှားသွားပြီ"

ဆိုကာ စဉ်းစားတွေးတောနေတယ်။

နောက် ကာမဂုဏ်အာရုံတွေအပေါ် နှစ်ခြိုက်ပျော်မွေ့မှု လုံးဝမရှိတော့ဘူး။ အေးအေးချမ်းချမ်းနဲ့ မွေတေးနားဆင်နေတဲ့ သူငယ်ချင်းရဲ့ ရုပ်ပုံလွှာကိုပဲ မြင်ယောင်နေတယ်။

ဒါပေမယ့် မွေတေးကို နားထောင်မယ်ဆိုပြီး ကျန်ရစ်ခဲ့တဲ့ သူငယ်ချင်းဟာ သူထင်သလို မဟုတ်ဘူး။ မွေတေးကို နားထောင်နေရပေမယ့် သူ့စိတ်အာရုံတွေဟာ တည်ငြိမ်မှုမရှိဘဲ သူ့စိတ်အာရုံဟာ မိန်းမချောပြည့်တန်ဆာမအိမ်သွားတဲ့ သူငယ်ချင်းနောက် လိုက်ပါသွားတယ်။

"တအိအိနဲ့ ပျင်းစရာကောင်းတဲ့ မွေတေးတွေ နားထောင်နေမယ့်အစား သူငယ်ချင်းနှင့်အတူ လိုက်ပါသွားပြီး ကောင်မလေးတွေအနားမှာနေရရင် ကောင်းမှာ။ မိန်းမချောလေးတွေရဲ့ ချွဲချွဲပျစ်ပျစ်အသံလေးတွေ နားထောင်၊ ဆတ်ကော့လတ်ကော့ အမူအရာနဲ့ တင်လှုပ်၊ ရင်လှုပ်၊ ဗိုက်လှုပ်အကတွေ ကြည့်နေရရင် သိပ်ကောင်းမှာ။ ခုဆို ငါ့သူငယ်ချင်းတစ်ယောက်တော့ သေရည်လေးတမြမြနဲ့ ဇိမ်ကျနေလောက်ပြီ။ ငါလိုက်မသွားမိတာ နာတာပဲ။ လောကမှာ လူဖြစ်လာနိုင်ရင် ပျော်စရာတွေရှင် ခံစားသင့်တာပဲ"

ဆိုကာ တနုံ့နုံ့တွေးပြီး မကျေမနပ် ဖြစ်နေရတယ်။

နှစ်ကာလတွေ ကြာညောင်းပြီးတဲ့နောက်…

သူငယ်ချင်းနှစ်ယောက်စလုံး ကွယ်လွန်အနိစ္စရောက်သွားကြတယ်။ မရဏာရှင်သေမင်းက မွေတေးနားထောင်သူကို ငရဲပြည်ဆွဲချပြီး မိန်းမချော ပြည့်တန်ဆာမအိမ်သွားခဲ့သူကို နတ်ပြည်တင်ပို့ပေးလိုက်တယ်။

ဘုရားသခင်ဟာ လူတစ်ယောက်ရဲ့ နေပုံထိုင်ပုံ အပြင်ပန်းကိုကြည့်ပြီး ဆုံးဖြတ်ခဲ့တာမဟုတ်ဘဲ အတွင်းစိတ်မနော၊ အတွင်းသဘောကိုသာကြည့်ပြီး စီရင်ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပါတယ်။

မြဟန်သိန်း(လုပ်သားကောလိပ်)

၀၉ ၇၉၅၇၈၉၇၁၉



www.burmeseclassic.com

www.burmeseclassic.com


# ဆရာကြီး အရယ် ဆရာအောင်

(အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်) (ဝါတွင်းဝါပ တနင်္လာနေ့တိုင်းပိတ်သည်)

မော်လမြိုင်(ခေါင်းဆေးကျွန်း)၊ ပဲခူး(ဒေးစွန်းပါ)၊ သန်လျင်(ကျောက်စာန်း) ဘုရားတည်၊ စာမေးပွဲ၊ ကျန်းမာရေး၊ အချစ်ရေး၊ ထူးချွန်ထက်မြက်မည့် ကလေးနာမည်ပေးခြင်း၊ ဆိုင်၊ ကုမ္ပဏီနှင့် လုပ်ငန်းအမည်ရွေးချယ်ခြင်း၊ ထူးခြားအောင်မြင်သော စီးပွားရေးလုပ်ငန်းများ နိုင်ငံခြားကိစ္စ၊ သင်္ဘောသားများ လိုင်းကောင်း၊ လစာကောင်းပြီး အမြန်ထွက်ခွာရန်၊ အမှုအခင်းများ၊ အိမ်၊ ခြံ၊ မြေ၊ ကားရောင်း၊ သားသမီးများ လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန် ကူညီခြင်း၊ အိမ်ထောင်ရေးကိစ္စ အထူးဆောင်ရွက်သည်(မူလအိမ်ထောင်ရှင်ဘက်မှသာ)၊ ထို့နှင့် ကံစမ်းလုပ်ငန်းများအတွက် လမ်းညွှန်သည်။ ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံဖြင့် ဆောင်ရွက်သည်။

ဆိုင်အမှတ်(၈)၊ ဆူးလေဘုရားအပိုင်း၊ ရန်ကုန်မြို့။ ဖုန်း/၀၉-၅၁-၁၂၁၄၆၊ ၀၉-၇၃၁-၅၃၁၈၈
နံနက် (၈း၃၀) နာရီ မှ နေ့လည် (၁၂း၃၀) နာရီ။
အိမ်အမှတ်(၁၇)၊ အောင်နိုလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း/၀၅၆-၂၁၆၀၉(အိမ်)
ညနေ (၄း၀၀) နာရီ နောက်ပိုင်း



လိုင်စင်အမှတ် - ၁/၂၀၁၅ တဆထလ(၂၇၄ဗ)

# အောင်ဝိဇ္ဇာမိုရ်ဆေးတိုက်

- ကျားအားနည်း၊ သေ/ညှိုး၊ တစ်ခဏ်ပြီးသွားခြင်း၊ အားမထိန်းနိုင်၊ ပန်းလန်းပြီး ရုတ်တရက် ညှိုးနွမ်းခြင်း၊ အကြောများ ရှန်းကန်မှုနည်း၊ ရာနှုန်းပြည့် မစွမ်းဆောင်နိုင်ခြင်းများအတွက် အောင်ဝိဇ္ဇာမိုရ်မှ ကုသရင်း ထုတ်လုပ်ထားသည့် အကြောအားဖြည့် စားဆေး၊ လိမ်းဆေး၊ ဆေးမျိုးစုံ (TMR 011176), (1114), (TMR 011177), (1114)
- လိပ်ခေါင်းတွင်း/ပြင်၊ စအိုဝဖုသီးထွက်၊ ဝမ်းသွားအားမရ သွေးပါ၊ စအိုဝယောင်ရမ်းနာကျင်ခြင်း၊ လိပ်ခေါင်းအဖု တဖြည်းဖြည်း ကြီးလာခြင်း၊ အရိအချွဲကျခြင်းတို့ကို အထူးကုသ ဆေးများဖြင့် အမြစ်ပြတ် ကုသပေးနေပါပြီ။ (1208 y 7427942)
- ခရုသင်း၊ သမင်ဖြူ၊ နှင်းခူစို/ခြောက်၊ ကာလသားရောဂါများ ကုသပေးနေပါပြီ။ အထူးကုဆေးများလည်း ရရှိနိုင်ပါသည်။ (0813 y 10568) သွေးသန့်ဆေး၊ သွေးညှိဆေး၊ မီးယပ်၊ ထိမ်ငုပ်၊ ယားယံ/ဖုပိမ့်ထခြင်း၊ အပူငြိမ်းဆေး၊ အဆီကျဝမ်းပျော့၊ သွေးသန့်ဆေးများလည်း ရရှိသည်။

∴ ဆေးခန်း - အမှတ်(၃၁၄)၊ ရွှေဘုံသာအလယ်လမ်း၊ KBZ ဘဏ်ဘေး၊ (၀၁-၃၈၇၀၉၇)၊ (၀၉-၃၁၉၂၁၁၃၅)
∴ ပင်ရင်းဖြန့်ချိရေး - အမှတ်(၈၆)၊ (၉၄)လမ်း၊ မင်္ဂလာတောင်ညွန့်၊ (၀၉-၅၀၁၆၃၇၂၊ ၀၉-၅၀၃၃၈၃၉)
∴ ပင်မဖြန့်ချိရေး - ကိုဝင်းမြင့်+မဘေဘီ(ကမ်းနားလမ်း)၊ (၁၅)လမ်းထောင့်၊ ကိုလုစိုး(သိမ်ကြီးဈေး)၊ လှထုမေတ္တာ(သိမ်ကြီးဈေး)၊ သီဟ(သန်လျင်မြို့မဈေးအနီး)၊ အောင်ရတနာ(၂၈×၈၃)လမ်းထိပ်၊ ကောင်းသန့်(၂၆၄/၂၈)၊ (၈၂×၈၃ လမ်းထိပ်)၊ မတူး-မရှူး(၂၀×၂၂) မြန်မာ့ဂုဏ်ရည်(၂၆)၊ (၈၈×၈၉)၊ ငွေလ(ဈေးချို)၊ အာရောဂျံ(သိမ်ကြီးဈေး)၊ အာရောဂျံ နံ(၄)၊ နေပြည်တော်မြို့မဈေး ပွဲကတော်မင်္ဂလာရပ်(ပျဉ်းမနား)၊ ကိုတူးတူး(မကွေးတိုင်းဆေးရုံကြီးနောက်ဘက်)တို့တွင် ရရှိနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဆောင်းမြိုင်ဝေ

ဝိရှုမြင့်နှင့်သရဏဂုံ

www.burmeseclassic.com

www.burmeseclassic.com

# ဝိဇ္ဇာမြင့်နှင့် သခရဏဂုံ

■ မောင်မောင်မြင့်အေး

ကျွန်ုပ်သည် တစ်ခါက လွန်စွာထူးဆန်းသော ဝိဇ္ဇာမြင့်ဆိုသော ပုဂ္ဂိုလ်ကြီးနှင့် ဆုံခဲ့ရဖူး၏။

တစ်နေ့သ၌ ဝိဇ္ဇာမြင့်၏အိမ်ရှိရာ ဝိတိုရိယဘုရင်မ ရိပ်သာလမ်းသို့ ရောက်ခဲ့၏။ ဝိတိုရိယဘုရင်မ ရိပ်သာလမ်းရှိ အိမ်မည်းကြီး၏ခြံဝတွင် စောင့်နေသော ခြံစောင့်ဂေါ်ရခါးကြီးမှာ ကျွန်ုပ်ကို ကောင်းစွာမှတ်မိနေပြီဖြစ်၍ ၎င်း၏ဖြူစင်သော သွားများကို နှုတ်ခမ်းမွေးများဖုံးနေသည့် ပါးစပ်မှ ဖြဲပြပြီး ဆရာကြီးရှိတယ်ဟု မြန်မာစကားကို ပီပီကြီးပြောကာ ကျွန်ုပ်ကို တံခါးဖွင့်ပေးသည်။

ကျွန်ုပ်လည်း အိမ်ကြီးရှိရာသို့ ပုဏ္ဏရိက်ပင်လေးများ တန်းစီစိုက်ထားသော မြေနီလမ်းကလေးအတိုင်း လျှောက်လာခဲ့၏။ အိမ်ကြီး၏ ဆင်ဝင်အောက်တွင် ဝိဇ္ဇာမြင့်၏ မာစီဒီး အနက်ရောင်ကားကြီး ရပ်ထားသည်ကို တွေ့ရ၏။ ကျွန်ုပ်လည်း အိမ်ရှေ့တံခါးမကြီးကို တွန်းဖွင့်ဝင်လိုက်ရာ ကြီးမားကျယ်ပြန့်သော ညှော်ခန်းကြီး၏အလယ်ရှိ ဆိုဖာကြီးအနီးတွင် ဝပ်၍နေသော အယ်လ်ဆေးရှင်းခွေးကြီးသည် ကျွန်ုပ်၏ အနီးသို့ အိပက်အိပက်နှင့်ထလာပြီး ကျွန်ုပ်ကို လှည့်ပတ်နေပြီး အနံ့ခံနေ၏။ လာနေကျလူဖြစ်ခြင်းကို ၎င်းက အနံ့သိပြီးဖြစ်သည့်အတွက် သူဝပ်နေရာသို့ ပြန်ပြီးဝပ်နေလိုက်၏။ ကျွန်ုပ်လည်း ဤအိမ်ကြီးသို့ လာနေကျဖြစ်၍ ကူနွေမပျက်ဘဲ ကြီးမားသော ကျွန်းလှေကားကြီးပေါ်သို့တက်ခဲ့၏၊ လှေကားကြီး၏တည့်တည့်တွင် ပွင့်နေသော ရဲတနာသေတ္တာကြီးထဲ ရွှေဒင်္ဂါးများ၊ ငွေဒင်္ဂါးများနှင့် စိန်ရွှေရတနာများ ဖိတ်ဖိတ်လက်နေသော ပန်းချီကားကြီးကို တွေ့ရ၏။ ကျွန်ုပ်လည်း ကျွန်းလှေကားကြီးမှတက်လာခဲ့ရာ အပေါ်ထပ်အခန်းကျယ်ကြီးသို့ ရောက်၏။ ထိုအခန်းကျယ်ကြီးအတွင်း၌ -

လွန်စွာကြီးမားကျယ်ဝန်းသော ဘုရားကျောင်းဆောင်ကြီးကို တွေ့ရ၏။ ဘုရားကျောင်းဆောင်၏ နောက်ခံမှာ မိဂဒါဝုန်တောအုပ်ကြီး၌ သမင်များ ရေသောက်ဆင်းနေပုံ၊ ဒေါင်းများ ကနေပုံကို ဖော်ထား၏။ ၎င်း၏ရှေ့တွင် ဗောဓိပင်နှင့် ရွှေပလ္လင်ကို ထုလုပ်ထားပြီး မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ ပုံတော်မှာ ဓမ္မစကြာတရားဦးဟောဟန် ထုထားပြီး ဆင်းတုတော်တစ်ဆူလုံးမှာ ရွှေရောင်ဖြင့် ဝင်းအိနေ၏။

ဘုရားကျောင်းဆောင်၏ ရှေ့၌မူ ယွန်းအုပ်ကြီးများနှင့် ကန်တော့ပွဲကြီးများကို တွေ့ရ၏။ ကန်တော့ပွဲတွင် ဘုရားပွဲ၊ တရားပွဲ၊ သံဃာပွဲဟု စာများရေးထိုးထား၏။

ထို ဘုရားကျောင်းဆောင်ကြီး လက်ယာဘက်တွင် ရှင်သီဝလိကိုယ်တော်မြတ်ကြီး ဆွမ်းခံထွက်ဟန် ကြေးသွန်းရုပ်တုကြီးတစ်ခုရှိပြီး လက်ဝဲဘက်တွင် အဘဘိုးမင်းခေါင်၊ အဘဘိုးဘိုးအောင် ရုပ်တုကြီးများမှာ လူတစ်ယောက်ထိုင်နေသကဲ့သို့ ရှိ၏။

ဆွမ်းအုပ်ကြီးများထဲတွင် အငွေ့တထောင်းထောင်းထပြီး ပျားရည်၊ ထောပတ်နံ့တို့ သင်းထုံနေသော ယာဂုဆွမ်းများလည်း တွေ့ရ၏။ ဘုရားပန်းအိုးများတွင် သစ္စာပန်းများမှာ စွင့်စွင့်ဝင့်ဝင့်နှင့် စပယ်ပန်းတို့ ရနံ့သည်လည်း သင်းထုံနေ၏။

ထို့ပြင် လွန်စွာကြီးသော စည်ကြီးတစ်လုံးလည်းရှိပြီး ထိုစည်မျက်နှာပေါ်တွင် အောင်စည်တော်ဟု ခဲဆေးနီဖြင့် ရေးထား၏။ ထိုစည်ကြီးနားမှ မောင်းကြီးတွင်လည်း အောင်မောင်းတော်ဟု ရေးထားသည်ကို တွေ့ရ၏။

ထိုစည်နှင့် မောင်းကြီးချိတ်ဆွဲရာ တန်းပေါ်တွင် လူတွေသိ၍ နတ်တွေကြားစေဟူသော စာတန်းကို ဆေးအဖြူဖြင့် ရေးထား၏။

ဆရာကြီးဝိဇ္ဇာမြင့်သည် ဘုရားပုံတော်ကြီးရှေ့ ကော်ဇောပေါ်တွင် ဘုရားကျောင်းဆောင်ဘက်လှည့်ပြီး တင်ပျဉ်ခွေကာ တရားရှုမှတ်နေ၏။

ကျွန်ုပ်လည်း ၎င်းနှင့် မလှမ်းမကမ်းမှနေ၍ ငြိမ်စွာ



www.burmeseclassic.com

www.burmeseclassic.com

ဘုရားနှင့် သိဒ္ဓိရှင်များအား ကန်တော့လိုက်၏။ ထို့နောက် ဆိတ်ငြိမ်စွာနှင့်ထိုင်ပြီး ခန်းမကျယ်ကြီးကို မျက်စိကစားပြီး ကြည့်လိုက်မိ၏။

အဘဘိုးမင်းခေါင်ရုပ်တုကြီး၏ အောက်ဘက်တွင် ကလေးကစားစရာ မော်တော်ကားတစ်စီးကို တွေ့လိုက်ရ၏။ ထိုမော်တော်ကားလေးမှာ နိုင်ငံခြားမှလာသော မော်တော်ကားလေးဖြစ်၏။ မော်တော်ကားတစ်စီးနှင့်မခြား ပစ္စည်း အစုံပါဝင်၏။ ထိုကားလေးမှာ မြင်လိုက်သည်နှင့် စိတ်ဝင်စားစရာကောင်းသဖြင့် ကျွန်ုပ်လည်း ထိုကားလေးကို ကြည့်နေမိ၏။

အတန်ကြာသောအခါ -

"ကိုမောင်မောင်က ဒီမော်တော်ကားလေးကို စိတ်ဝင်စားနေတယ်နဲ့ တူတယ်"

ဆိုသော ဗိဿာမြင့်၏အသံကို ကြားလိုက်ရ၏။

ရှင်း၏အသံသည် တိုးသည်ဟုလည်းမဆိုသာ၊ ကျယ်သည်ဟုလည်း မဆိုသာ၊ နှုတ်ခမ်းဖျားမှလာသော အသံ မဟုတ်ဘဲ ရင်ခေါင်းအတွင်းမှလာသောအသံဟု ပြောရမည် ဖြစ်၏။ ဗိဿာမြင့်သည် ရှင်းထိုင်နေသောကိုယ်လုံးကို ကျွန်ုပ် ဘက်သို့လှည့်ပြီး ပြုံးပြုံးကြီးနှင့် ကြည့်နေ၏။

"ကိုမောင်မောင် ရောက်နေတာတောင်ကြာသွားပြီ ပဲ။ ကျွန်တော်လည်း ခင်ဗျားစဝင်ကတည်းက ခင်ဗျားနောက် ကပါလာတာ ခင်ဗျားနဲ့ရန်ကြီးအောင် ပတ်ချာလည်နေတုန်း ကျွန်တော် အပေါ်တက်လာခဲ့တာ၊ အလုပ်ကမပြတ်တာနဲ့ ခင်ဗျားကို စကားမပြောဖြစ်တာ"ဟုပြောလိုက်ရာ ကျွန်ုပ်က-

"မဟုတ်သေးပါဘူး ဆရာကြီး။ ကျွန်တော် ဒီအိမ်ထဲ ဝင်လာတာ ဘယ်သူမှပါမလာပါဘူး"ဟုပြောလိုက်ရာ ဗိဿာ မြင့်က -

"ထားလိုက်ပါတော့လေ။ ဒါတွေ နောက်မှပြောတာ ပေါ့။ ကော်ဖီသောက်ရင်း စကားပြောရအောင်"ဟုပြောရင်း အနားတွင်ရှိသော ဆင်စွယ်တွင်တပ်ထားသည့် မောင်းကို သုံးချက်ခေါက်လိုက်ရာ ဘေးအခန်းထဲမှ လူငယ်တစ်ဦး ထွက်လာ၏။ ဗိဿာမြင့်က ဘဘနဲ့ ကိုမောင်မောင် ကော်ဖီ သောက်မယ်ဟုပြောပြီး မတ်တတ်ရပ်လိုက်၏။

ဗိဿာမြင့်သည် အိမ်မှာနေသော်လည်း စပို့ရှပ်အဖြူ လက်တိုနှင့် ဘောင်းဘီအဖြူအရှည်ကိုဝတ်ထားရာ လွန်စွာ မှ ရှင်း၏ခန္ဓာကိုယ်နှင့် အချိုးကျပြီး ကြည့်ကောင်းလှ၏။

ဗိဿာမြင့်နှင့် ကျွန်ုပ်သည် အိမ်ကြီး၏လှေကားမှ ဆင်းလာပြီး ထမင်းစားခန်းထဲသို့ ရောက်ရှိလာကြ၏။ ထမင်း စားခန်းကြီးမှာ ကျယ်ဝန်းလှပြီး မှန်ပြတင်းပေါက်ကျယ်ကြီး များတွင် လိုက်ကာထူကြီးများ တပ်ဆင်ထား၏။ ဘဲဥပုံစားပွဲ ရှည်ကြီးတွင် ကနုတ်ပန်းများနှင့် ကုလားထိုင်များချထား၏။ ထိပ်ဆုံးနေရာနှင့် ဘေးနေရာတွင် ကော်ဖီခွက် (၂)ခွက်ကို မှောက်ထားပြီး ရေနွေးကရား၊ ကော်ဖီနပ်ကရား၊ နို့ကရား၊ သကြားခွက်တို့မှာ ရွှေရောင်ဖြင့်ပြုလုပ်ထားသော ကြွေခွက် များဖြစ်နေ၏။

ဗိဿာမြင့်သည် ထိပ်ဆုံးစားပွဲတွင်ထိုင်ပြီး -

"ကိုမောင်မောင် ထိုင်လေဗျာ"ဟု ပြောလိုက်ပြီး သူက လည်း ထိုင်လိုက်၏။ ကျွန်ုပ်လည်း ယဉ်ကျေးမှုအရ ရှင်းထိုင် ပြီးမှ ကုလားထိုင်ကိုဆွဲပြီး ထိုင်လိုက်တော့၏။

ဗိဿာမြင့် ထိုင်လိုက်သည်နှင့် အနားတွင်ရှိနေသော စားပွဲထိုးကလေးက ကော်ဖီခွက်များအတွင်း ကော်ဖီရည်များ ထည့်ခြင်း၊ လက်သုတ်ပဝါကို ပေါင်ပေါ်တင်ပေးခြင်း စသည် တို့ကို အနောက်နိုင်ငံရှိ ဟိုတယ်ကြီးများ၏လုပ်ထုံးလုပ်နည်း အတိုင်း ကျွမ်းကျင်စွာ ပြုလုပ်ပေး၏။

ဗိဿာမြင့်လည်း ပေါင်မုန့်ကို ထောပတ်သုတ်ခြင်း၊ ကော်ဖီသောက်ခြင်းတို့မှာ ဥရောပတိုက်သားတစ်ဦး ဆောင် ရွက်သကဲ့သို့ ပြုကျင့်နေသည့်အပြင် ထိုကဲ့သို့ဆောင်ရွက် ရာတွင် လှုပ်ရှားလျက်ရှိသည့် လက်နှစ်ဖက်မှာ ညာဘက် လက် လက်သူကြွယ်တွင် ဝတ်ဆင်ထားသော နဝရတ် လက်စွပ်၏ အရောင်တလက်လက်နှင့် ဘယ်လက် လက်သူ ကြွယ်တွင် ပတ္တမြားကို စိန်များရံထားသည့် လက်စွပ်မှ အရောင်များလက်ပုံကို ကျွန်ုပ်သည် ကြည့်ကောင်းကောင်း နှင့် ကြည့်နေမိတော့၏။

"ကိုမောင်မောင်က ကျွန်တော့်လက်စွပ်တွေကို သဘောကျနေပြီး ဘာဖြစ်လို့ ဒီလိုဝတ်ထားတာလဲလို့ သိချင် နေတယ်နဲ့တူတယ်"ဟု ပြုံးပြီးမေးလိုက်ရာ ကျွန်ုပ်သည်



www.burmeseclassic.com

www.burmeseclassic.com

သူခိုးလူမိသော မျက်နှာဖြင့် -

"ဟုတ်ပါတယ် ဆရာကြီးရယ်။ ဆရာကြီးရဲ့လက်ဟာ ကော်ဖီသောက်နေတာနဲ့မတူဘဲ စန္ဒရားနှိပ်နေသလား ထင်ရပါပေရဲ့။ လက်လှုပ်လိုက်တိုင်းလည်း လက်စွပ်နှစ်ကွင်းက တဖျတ်ဖျတ်နဲ့မို့ပါ"ဟု ပြောလိုက်ရာ ဝိဇ္ဇာမြင့်က -

"ဒီလို ကိုမောင်မောင်ရဲ့။ ကျွန်တော်တို့တစ်တွေဟာ လက်ဝတ်ရတနာ ကို အလှသဘောနဲ့ဝတ်တဲ့လူတွေ များကြတယ်။ အဲဒီလို အလှသဘောတွေ ဝတ်တဲ့ထဲကနေ အဆောင်အဖြစ်နဲ့ ဝတ်လာကြတာလည်း ရှိတာပေါ့ဗျာ။ အဆောင်ဆိုတဲ့သဘောကတော့ ဓာတ်တူပစ္စည်းလို့ လွယ်လွယ်နဲ့ပဲ မှတ်ထားလိုက်ပေါ့။ ခင်ဗျားတို့ကျွန်တော်တို့ နားထောင်နေတဲ့ ရေဒီယိုဟာ ကြည့်လိုက်ရင် သေတ္တာလေးတစ်လုံးပဲ။ အဲဒီသေတ္တာလေးထဲမှာ ကွိုင်တွေ၊ ဇယရင်တွေနဲ့ တန်ဆာဆင်ထားပြီး အဲဒီရေဒီယို အသံကြည်လင်ဖို့က ကောင်းကင်လဟာပြင်ထဲက လေလှိုင်းတွေဖမ်းဖို့ ကြိုးတိုင်ထောင်ကြရတယ်။ အဲဒီလိုပဲပေါ့ဗျာ၊ အဆောင်ဆိုတာ လေလှိုင်းထဲက မမြင်ရတဲ့အရာနဲ့ ဆောင်ထားတဲ့လူနဲ့ ဆက်သွယ်တဲ့ကိရိယာလို့ပဲ သဘောထားပေါ့ဗျာ။ ကျွန်တော်က ညာလက်မှာ နဝရတ်လက်စွပ်ဝတ်တာက ဘုန်းကျက်သရေ ထွန်းတောက်ဖို့ပဲ။ ပတ္တမြားဘုန်းတောက်၊ မြကျောက်အေးချမ်း၊ စိန်စွမ်းဂုဏ်ရောင်၊ ကြောင်ကားသိဒ္ဓိ၊ မဏိနီလာ၊ မေတ္တာလွှမ်းစိုး၊ ဂေါ်မုတ်ခွန်အား၊ ဥဿဖရားကျန်းမာ၊ သန္တာကြီးကဲ၊ ပုလဲကျက်သရေ ထက်မြိုးဝေသည်၊ ကိုးတွေနဝရတ် စွမ်းအင်တည်းလို့ နဝရတ်ကိုးပါး အစွမ်းသတ္တိကို မထိသျှုတ္တရကျမ်းလို့ခေါ်တဲ့ ရတနာကျမ်းမှာ ဆိုထားတော့ ဒီနဝရတ်လက်စွပ်ဝတ်ဆင်သူဟာ ဒီကျောက်တွေရဲ့ အစွမ်းကြောင့် ဘုန်းကျက်သရေရှိတယ်လို့ ဆိုကြတယ်။ ဒါပေမယ့် ဒီနဝရတ်လက်စွပ်ဝတ်ဆင်တဲ့ လူတွေဟာ အဖွားညွှန်ရင် ဝတ်ဆင်လို့ရဘူးလို့ ဆိုကြပြန်တယ်။ ဒီလက်စွပ်ကို ညာဘက်လက်သူကြွယ်မှာ ဝတ်လေ့ရှိကြတယ်။ ဘယ်ဘက်လက်က ပတ္တမြားနဲ့ စိန်ကတော့ ကျုပ်က တနင်္ဂနွေသားဆိုတော့ ပတ္တမြားဆောင်ရတယ်။ တနင်္ဂနွေရဲ့မိတ်က သောကြာဆိုတော့ သောကြာရဲ့ ရတနာက စိန်ဆိုတော့ ပတ္တမြားကို စိန်ကွပ်ပြီး ဝတ်ထားတာပေါ့ဗျာ"

<u>မှတ်ချက်</u>

| | |
|---|---|
| နေ့နံအလိုက် အဆောင်များ | |
| တနင်္ဂနွေသား | ပတ္တမြား |
| တနင်္လာသား | ပုလဲ |
| အင်္ဂါသား | သန္တာ |
| ဗုဒ္ဓဟူးသား | မြ |
| ကြာသပတေးသား | ဥဿဖရား |
| သောကြာသား | စိန် |
| စနေသား | နီလာ |
| ရာဟုသား | ဂေါ်မုတ် |

နေ့နံအလိုက် အထက်ပါရတနာများ ဆောင်နိုင်ပြီး ပိုမိုအစွမ်းထက်စေရန်အတွက် ဥသာ၊ စိန်ပန်း၊ ဒန်းလှကို ရှာအတွဲဖြင့် ပူးတွဲဝတ်ဆင်နိုင်ပါသည်။

ဟု ရှည်လျားစွာ ပြောလေ၏။ ကျွန်ုပ်က သြော်.. ဒါကြောင့် ဝိဇ္ဇာမြင့် ဖြစ်လာတာကိုးဟု ၎ ဘွးတောနေမိ၏။

ကျွန်ုပ်က -

"ဒါနဲ့ ဆရာကြီး ဆရာကြီးအိမ် ဝ ်လာကတည်းက ပန်းချီကားကြီးတွေ တွေ့ရတယ်။ အဲဒီပန်းချီကားတွေကလည်း တစ်ချပ်က နွားလှည်းတစ်စီးပေါ်မှာ ရွှေတွေငွေတွေအပြည့်နဲ့ အဲဒီနောက်ခံက ဘုရားကျောင်းကန်နဲ့၊ နောက်တစ်ပုံက ကျတော့ ရတနာသေတ္တာပုံကြီးတွေရတယ်။ အဲဒါတွေက ကော ဘယ်လိုသဘောတွေလဲ ဆရာကြီး"ဟု မေးလိုက်ရာ ဝိဇ္ဇာမြင့်က -

"ဒါတွေက ဓာတ်ပန်းချီတွေလို့ခေါ်တယ်။ အဲဒီလှည်းပုံကို ဘယ်ဘက်က တစ်ဆုပ်ကြဲလို့ ညာဘက်ကတစ်လှည်းဝင်တယ်လို့ နာမည်ပေးထားတယ်။ အခု ထမင်းစားခန်းထဲက ပန်းချီလည်း ခင်ဗျားကြည့်လိုက်ဦးလေ။ လူကြီးတစ်ယောက် ထမင်းကို အားရပါးရစားနေတာ။ ဟင်းတွေကလည်း ဟင်းကောင်းတွေချည်းပဲ။ ဟင်းခွက်တွေလည်းမနည်းဘူး။ ဘေးနားမှာလည်း ယပ်ခတ်သူနဲ့ ညည်းစိမ်အပြည့်နဲ့စားနေတဲ့ ပုံကြီးလေ။ အဲဒီပုံကြီးကိုလည်း ဝဝစားလို့ များများလှူလို့ နာမည်ပေးထားတယ်။ အဲဒါလည်း ဓာတ်သဘောတွေပဲလေ"

"ဒီလို ကိုမောင်မောင်ရဲ့။ ကျွန်တော် တို့ဗုဒ္ဓဘာသာဟာ စိတ်ကိုဦးစားပေးပြီး ဆောင်ရွက်ရတာလေ စိတ်ကို



www.burmeseclassic.com

www.burmeseclassic.com

အဓိကထားကြတယ်။ ဗုဒ္ဓဘုရားရဲ့ ဟောပြောချက်၊ ကျင့်ကြံအားထုတ်ချက်တွေဟာလည်း စိတ်ကိုပဲ အဓိကထားတာတွေ ရလိမ့်မယ်။

ဆန္ဒဝတောကာ် နာမကာမ္မံ နဝိဇ္ဇတိ…တဲ့။

ဆန္ဒပြင်းပြသောသူသည် အတယ်မည်သော အမှုကိစ္စမျိုးမဆို ပြီးမြောက်အောင်မြင်နိုင်တယ်လို့ ကျွန်တော်တို့ မြတ်စွာဘုရားကိုယ်တော် အရှင်မြတ်ကြီးက ဟောထားတာရှိတာပဲ။ အဲဒီတော့ ဘာကိစ္စမဆို စိတ်သာအဓိကထား ကျင့်ကြံ လိုချင်တာဖြစ်ရမယ်လေ။ စကားစပ်မိလို့ ပြောရဦးမယ်။ စိတ်ဓာတ်ကိုမြင့်ပြီး တစိုက်မတ်မတ်နဲ့ ကြိုးစားလို့ ချမ်းသာလာတဲ့အကြောင်း။

၁၉၃၃-၃၄လောက်က စာပေလောကမှာ ဦးဗဂျိုင်ဆိုတဲ့ စာရေးဆရာ၊ အယ်ဒီတာကြီးတစ်ဦး ရှိခဲ့ဖူးတယ်ဗျ။ အဲဒီဆရာကြီးဟာ ကံဘဲ့မှာနေတယ်။ သူက အဲဒီအချိန်က တိုးတက်ရေးဆိုတဲ့ ကြီးပွားတိုးတက်ရေးမဂ္ဂဇင်းလေးတစ်အုပ်ထုတ်နေတယ်။ အဲဒီအချိန်က ဦးသန်းတင့်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးကို သူ့အိမ်ကို ထမင်းဖိတ်ကျွေးတယ်။ ဦးသန်းတင့် အဲဒီအိမ်ရောက်တော့ အဲဒီအိမ်မှာ ဦးဗဂျိုင်က ဓာတ်ပုံကြီးတစ်ပုံကိုပြတယ်။ အဲဒီဓာတ်ပုံက ဦးဗဂျိုင်ဟာ ပုဆိုးတောင်ရှည်၊ ခေါင်းပေါင်းအုပ်ပေါင်း။ ရင်ဖုံးအင်္ကျီနဲ့၊ ရှူးဖိနပ်နဲ့ မော်တော်ကားတံခါးဖွင့်ပြီး တံခါးပေါ်တက်မယ့်ဟန်နဲ့ ဓာတ်ပုံရိုက်ထားတာ။ ဓာတ်ပုံကတော့ မဆန်းဘူးပေါ့ဗျာ။ ဒါပေမယ့် ဓာတ်ပုံအောက်က စာကတော့ ကျွန်တော် အသက် ၄၀ ရောက်ရင် မော်တော်ကားစီးမည်၊ ပုဆိုးတောင်ရှည်ဝတ်မည်၊ ခေါင်းပေါင်းအုပ်ပေါင်း ပေါင်းမည် ဆိုပြီးရေးထားတာတွေ့တော့ ဦးသန်းတင့်လည်း ခပ်ကြောင်ကြောင်ဖြစ်ပြီး ဒီလူကြီးကို လူပေါ်ကြီးလို့ ထင်မိသွားတယ်။ ဒါပေမယ့် ဒုတိယကမ္ဘာစစ်ကြီးပြီးတဲ့အချိန်မှာ တိုးတက်ရေးသတင်းစာဟာ အောင်မြင်ခဲ့ပြီး ဦးဗဂျိုင်ဟာ သူ့ဓာတ်ပုံထဲကအတိုင်း ဖြစ်သွားတယ်ဆိုတာကို ဦးသန်းတင့်တွေ့ရတော့ အံ့ဩယူရတယ်တဲ့ဗျ။ အဲဒါ စိတ်ဓာတ်အရ မြင့်မြတ်ပြီး ကြိုးစားလို့ ဖြစ်သွားတဲ့လူတစ်ယောက်အကြောင်းပဲ"

ဟု ဝိဇ္ဇာမြင့်က ရှည်လျားစွာ ပြောပြတော့၏။

မှတ်ချက် ။ ။ ဦးသန်းတင့်ဆိုသူမှာ စာရေးဆရာကြီး ရှုပ်မြစ်ပါသည်။ ၎င်းနှင့် ဦးဗဂျိုင်ခုံပုံကို ၁၉၈၅ ခုနှစ် ဘာလထုတ် ဂီတပဒေသာမဂ္ဂဇင်းတွင် ဖော်ပြထားပါသည်။ ၎င်းဆောင်းပါးကို သီးခြားဖော်ပြပါဦးမည်။

စိစဉ်သူ

ကျွန်ုပ် ။ ။ အဲဒါကြောင့် ဆရာကြီးလည်း ဒီလိုပန်းချီကားတွေ ချိတ်ထားတာပေါ့နော်။

မြင့် ။ ။ ခင်ဗျားလည်း နီးသလိုနဲ့ ဝေးနေပြန်ပြီ။ အမှန်ကတော့ ကျွန်တော့်အတွက်ကတော့ ဒါတွေ မလိုတော့ပါဘူးဗျာ။ ဒါပေမယ့် အိမ်တစ်အိမ်မှာ ကျက်သရေမင်္ဂလာအရာရာနဲ့ ပြည့်စုံနေမှ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတွေနဲ့ ပြည့်စုံမယ်မဟုတ်လား။ ဒါမှ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတွေ အဆင်ပြေမှာပေါ့ဗျာ။

ကျွန်ုပ် ။ ။ အဲဒါဆိုလည်း ဆရာကြီးရယ်…ကျွန်တော့်ကို တည့်တည့်သာပြောပါတော့။ ကျွန်တော်လည်း ကြီးပွားချင်တဲ့၊ ချမ်းသာချင်တဲ့လူတစ်ယောက်ဆိုတော့ နည်းလမ်းလေးတွေပေးပါဦးဗျာ။

မြင့် ။ ။ ဒီလို ကိုမောင်မောင်ရေ၊ ခင်ဗျား ပထမဆုံးလုပ်ရမှာကတော့ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ဖို့ပဲ။ ရတနာသုံးပါးဆိုတာက ဘုရား၊ တရား၊ သံဃာပေါ့ဗျာ။ လောကမှာ ရတနာသုံးပါးလောက် မြင့်မြတ်တာ ဘယ်ရှိပါ့မလဲ။ အဲဒီတော့ ခင်ဗျားအိမ်မှာ ရတနာသုံးပါးကို အမြဲတမ်းပူဇော်ရမယ်။ ဘုရားစင်မှာ တတ်နိုင်သလောက် ပန်းမညှိုးစေနဲ့။ ဆွမ်းတော်ပွဲကို အမြဲကပ်။ ငါးပါးသီလယူ။ အဲဒါသာ အမြဲလုပ်ပါ။ ခင်ဗျားတစ်သက်လုံးလုပ်ရမယ့် ယတြာလို့မှတ်ဗျာ။ အဲဒီလို ငါးပါးသီလခံယူ ဆွမ်းတော်ကပ်ပြီးရင်တော့ ဟောဒီ မဟာသရဏဂုံကြီးကို ရွတ်ပေးတော့ဗျို့။ အဲဒီလို သရဏဂုံတည်တဲ့လူတစ်ယောက် ဖြစ်ပြီးရင် ချမ်းသာဖို့ဟာ မဝေးတော့ပါဘူး။ ခင်ဗျားလို



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် တစ်ဆင့်ပြီးတစ်ဆင့် ပြောကြားပေးသွားမယ်။ ခင်ဗျားသာ လိုက်နာဖို့ပဲ။

ကျွန်ပ် ။ ။ ကောင်းပါပြီဆရာကြီးရယ်။ ကျွန်တော် ဆရာကြီးပြောတဲ့အတိုင်းပဲ ဆောင်ရွက်ပါတော့မယ် ဟု ပြောလိုက်လေတော့သတည်း။

ကျွန်ပ်သည် ဝိဇ္ဇာမြင့်ဆိုသော ပုဂ္ဂိုလ်ကြီး၏ ပြောပြချက်အရ နံနက်မိုးသောက် အလင်းရောက်သည်နှင့် မြတ်စွာဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီး၊ ဆွမ်းများ ကပ်လှူခြင်း၊ ငါးပါးသီလဆောက်တည်ခြင်း၊ အနန္တောအနန္တငါးပါးဂိုဏ်းဝင် ဆရာမိဘတို့အား ရှိခိုးခြင်း၊ ပြုပြီးသမျှ ကုသိုလ်အဝေပေါင်းတို့အား ခုနစ်ရက်သားသမီးများနှင့် ဝေနေယျများအား အမျှဝေခြင်းတို့ကို ယနေ့ထက်တိုင် ဆောင်ရွက်လျက်ရှိနေပါတော့သည်။

## မောင်မောင်မြင့်အေး

ရွတ်ဆိုရန် မဟာသရဏဂုံကို သီးခြားဖော်ပြထားပါသည်။

မဟာအတုလ စိန္တာမယ သရဏဂုံတော် (၄၄)ပါး
ဉာဏ်သမ္ပယုတ္တ နိမ္မိတ လို့တရ ကာမာဝါစရ
ကုသိုလ်တံစွမ်းအား တည်ဆောက်ပုံ

(၁) နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။
(၉) ခေါက် ရွတ်ပါ။

(၂) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။
(၉) ခေါက် ရွတ်ပါ။

(၃) ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
(၉) ခေါက် ရွတ်ပါ။

(၄) တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
(၉) ခေါက် ရွတ်ပါ။

(၅) ဇာတိပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဇာတိပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဇာတိပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
(၉) ခေါက် ရွတ်ပါ။

(၆) ဘောဂ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဘောဂ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဘောဂ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
(၉) ခေါက် ရွတ်ပါ။

(၇) ဇီဝိတ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဇီဝိတ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဇီဝိတ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
(၉) ခေါက် ရွတ်ပါ။

(၈) ယာဝဇီဝံ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ယာဝဇီဝံ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ယာဝဇီဝံ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
(၉) ခေါက် ရွတ်ပါ။

(၉) မရဏ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
မရဏ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
မရဏ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
(၉) ခေါက် ရွတ်ပါ။

(၁၀) မရဏကာလ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
မရဏကာလ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
မရဏကာလ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
(၉) ခေါက် ရွတ်ပါ။

(၁၁) သောတာပတ္တိမဂ္ဂ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
သောတာပတ္တိမဂ္ဂ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
သောတာပတ္တိမဂ္ဂ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
(၉) ခေါက် ရွတ်ပါ။

(၁၂) သောတာပတ္တိမဂ္ဂကာလ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။



www.burmeseclassic.com

www.burmeseclassic.com

သောတာပတ္တိမဂ္ဂကာလ ပရိယန္တ ဓမ္မံ သရဏံ ဂစ္ဆာမိ။
သောတာပတ္တိမဂ္ဂကာလ ပရိယန္တ သံဃံ သရဏံ ဂစ္ဆာမိ။
(၉) ခေါက် ရွတ်ပါ။

(၁၃) သကဒါဂါမိမဂ္ဂ ပရိယန္တ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
သကဒါဂါမိမဂ္ဂ ပရိယန္တ ဓမ္မံ သရဏံ ဂစ္ဆာမိ။
သကဒါဂါမိမဂ္ဂ ပရိယန္တ သံဃံ သရဏံ ဂစ္ဆာမိ။
(၉) ခေါက် ရွတ်ပါ။

(၁၄) သကဒါဂါမိမဂ္ဂကာလ ပရိယန္တ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
သကဒါဂါမိမဂ္ဂကာလ ပရိယန္တ ဓမ္မံ သရဏံ ဂစ္ဆာမိ။
သကဒါဂါမိမဂ္ဂကာလ ပရိယန္တ သံဃံ သရဏံ ဂစ္ဆာမိ။
(၉) ခေါက် ရွတ်ပါ။

(၁၅) အနာဂါမိမဂ္ဂ ပရိယန္တ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
အနာဂါမိမဂ္ဂ ပရိယန္တ ဓမ္မံ သရဏံ ဂစ္ဆာမိ။
အနာဂါမိမဂ္ဂ ပရိယန္တ သံဃံ သရဏံ ဂစ္ဆာမိ။
(၉) ခေါက် ရွတ်ပါ။

(၁၆) အနာဂါမိမဂ္ဂကာလ ပရိယန္တ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
အနာဂါမိမဂ္ဂကာလ ပရိယန္တ ဓမ္မံ သရဏံ ဂစ္ဆာမိ။
အနာဂါမိမဂ္ဂကာလ ပရိယန္တ သံဃံ သရဏံ ဂစ္ဆာမိ။
(၉) ခေါက် ရွတ်ပါ။

(၁၇) အရဟတ္တမဂ္ဂ ပရိယန္တ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
အရဟတ္တမဂ္ဂ ပရိယန္တ ဓမ္မံ သရဏံ ဂစ္ဆာမိ။
အရဟတ္တမဂ္ဂ ပရိယန္တ သံဃံ သရဏံ ဂစ္ဆာမိ။
(၉) ခေါက် ရွတ်ပါ။

(၁၈) အရဟတ္တမဂ္ဂကာလ ပရိယန္တ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
အရဟတ္တမဂ္ဂကာလ ပရိယန္တ ဓမ္မံ သရဏံ ဂစ္ဆာမိ။
အရဟတ္တမဂ္ဂကာလ ပရိယန္တ သံဃံ သရဏံ ဂစ္ဆာမိ။
(၉) ခေါက် ရွတ်ပါ။

(၁၉) နိဗ္ဗာန ပရိယန္တ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
နိဗ္ဗာန ပရိယန္တ ဓမ္မံ သရဏံ ဂစ္ဆာမိ။
နိဗ္ဗာန ပရိယန္တ သံဃံ သရဏံ ဂစ္ဆာမိ။
(၉) ခေါက် ရွတ်ပါ။

(၂၀) နိဗ္ဗာနကာလ ပရိယန္တ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
နိဗ္ဗာနကာလ ပရိယန္တ ဓမ္မံ သရဏံ ဂစ္ဆာမိ။
နိဗ္ဗာနကာလ ပရိယန္တ သံဃံ သရဏံ ဂစ္ဆာမိ။
(၉) ခေါက် ရွတ်ပါ။

(၂၁) အဋ္ဌတင်္ဂပါထုပေတံ ပရိယန္တ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
အဋ္ဌတင်္ဂပါထုပေတံ ပရိယန္တ ဓမ္မံ သရဏံ ဂစ္ဆာမိ။
အဋ္ဌတင်္ဂပါထုပေတံ ပရိယန္တ သံဃံ သရဏံ ဂစ္ဆာမိ။ (၉) ခေါက် ရွတ်ပါ။

(၂၂) ဗုဒ္ဓေါမေနာထေ သတ္တုပါကာရံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဗုဒ္ဓေါမေနာထေ သတ္တုပါကာရံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဗုဒ္ဓေါမေနာထေ သတ္တုပါကာရံ သံဃံ သရဏံ ဂစ္ဆာမိ။
(၉) ခေါက် ရွတ်ပါ။

(၂၃) ဗုဒ္ဓေါမေသရဏံ အညံနတ္ထိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မောမေသရဏံ အညံနတ္ထိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃောမေသရဏံ အညံနတ္ထိ သံဃံ သရဏံ ဂစ္ဆာမိ။
ဧတေန သစ္စဝဇ္ဇေန သောတ္ထိမေ ဟောတုသဗ္ဗဒါ။
(၉) ခေါက် ရွတ်ပါ။

စုစုပေါင်း အပုဒ်ရေ (၂၃)ပုဒ် ဖြစ်ပါသည်။ ၎င်း (၂၃)ပုဒ်ကို × ၃ သရဏဂုံနှင့်မြှောက်လျှင် သရဏဂုံပေါင်း (၆၉)ပါး ထွက်လာပါမည်။ ၎င်းကို တစ်ပုဒ်လျှင် (၉)ခေါက် နှင့်မြှောက်လျှင် သရဏဂုံပေါင်း (၆၂၁)ကို နေ့စဉ်ပွားများပြီး သား ဖြစ်ပါလိမ့်မည်။ ၎င်းကို အချိုးရေးပေါင်းမန္တန်ပုရပိုက် မူများတွင် မဟာအတုလစိန္တာမဏိသရဏဂုံတော်ဟု ပါရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်မနှင့် မြွေများ

မမိုးသိမ့်

အင်္ဂလန်မြို့သစ်မှာ ဌာနဆိုင်ရာမှပေးတဲ့ မြေကွက်ရတဲ့အတွက် ဝမ်းသာအားရ ပီတိတွေတဝေဝေနှင့် ရရှိသည့် မြေကွက်မှာ ရရှိသည့်ချေးငွေလေးဖြင့် သုံးပင်နှစ်ခန်း အိမ်လေးတစ်လုံး ဆောက်ဖြစ်သည်။ ပေ ၄၀ × ၆၀ မြေကွက်ကလေးမှာ ၂၀ ကိုအိမ်လေး ဆောက်ပြီး ပိုမြေ ၂၀ မှာ သရက်ပင်၊ မာလကာ ပင်၊ ငှက်ပျော်ပင်တွေကို စုံနေအောင် စိုက်လိုက်သည်။ အပင်ကြီးတွေကို ခြံစည်းရိုးပတ်လည် စိုက်ပြီး၊ အလယ်မြေကွက်လပ်ကလေးမှာ ခရမ်းချဉ်၊ ချဉ်ပေါင်၊ ပင်စိမ်း၊ နံနံ၊ ဘူးပင်လေးတွေစိုက်ထားတော့ ကျွန်မရဲ့အိမ်ဝင်းလေးဟာ စိမ်းစိုနေတာပေါ့။ ရေနံ့ဝအောင်သုတ်ထားတဲ့ ဈဉ်ထောင်အိမ်မည်းမည်းလေးဟာ အစိမ်းရောင်အပင်တွေကြားမှာ အေးချမ်းငြိမ်သက်နေတယ်လို့ ထင်မိပါတယ်။

အဲဒီအေးချမ်းငြိမ်သက်နေတဲ့ ခြံဝန်းလေးထဲမှာ ကျွန်မကြည်နူးအေးချမ်းစွာနေသလို အကောင်ရှည်(မြွေ)လေးတွေဟာလည်း နိုးနားနေကြတယ် ထင်ပါရဲ့။ မကြာခဏ တွေ့ရတတ်ပါတယ်။ အိမ်ရှေ့ရေမြောင်းထဲကနေ အားနောက်ကိုလိုက်လာတဲ့ အကောင်ရှည်လေးတွေ၊ ချဉ်ပေါင်ပင်ပုပုလေးတွေကြားမှာ နားခိုနေတဲ့ အကောင်ရှည်လေးတွေ အများကြီးတွေ့ရပါတယ်။ ပထမ စတွေ့တုန်းကတော့ ကြောက်မိပေမယ့် မြင်ပါတွေ့ပါများတော့ ရိုးလာပြီး မကြောက်တော့ပါဘူး။ ရေမြွေစပ်တွေဆိုတော့ ကိုယ်ကလည်း သူ့ကိုမြင်ရင် အရင်ရှောင်သလို သူတို့တွေကလည်း ကျွန်မကိုမြင်ရင် အရင်ပြေးကြတာပါပဲ။ မြွေဆိုတဲ့သတ္တဝါမျိုးဟာ မျက်စိအမြင်ထက် အမြဲစိုစွတ်နေတဲ့ သူတို့ ခန္ဓာကိုယ်အရေပြားတွေကနေ လှုပ်ရှားမှုတွေကို သိပြီးအန္တရာယ်ကို ရှောင်ကြတာပါ။ မြို့သစ်မြွေပေါ်တာ မဆန်းပေမယ့် ထူးထူးခြားခြား ကြုံရတာလေးတွေ ပြောပြချင်တာပါ။

ပထမဆုံး တွေ့ရတာကတော့ မြွေဟောက်ပါ။ ကျပ်ပြားလုံးလောက်ရှိပြီး သုံးပေလောက်ရှည်ပါတယ်။ သူက ဘယ်ကလာလဲတော့ မသိပါဘူး။ ဘုရားသောက်တော်ရေ စွန့်မယ်လို့ ပြတင်းပေါက်အဖွင့်မှာ အိမ်ရှေ့က ကျောက်စည်ပုလေးမှာ သူ့ကိုမြင်ရတာပါ။ ရေသောက်မယ့်ပုံစံနဲ့ ခေါင်းထောင်ပြီး ကျောက်စည်ပုထဲကရေကို ငုံ့ကြည့်နေတယ်။ နက်ပြောင်နေတာကြောင့် မြွေဟောက်လို့ ထင်ရပေမယ့် ပါးပျဉ်းထောင်တာ မမြင်ရပါဘူး။ သူကလည်း အနှောင့်အယှက် ရန်ပြုသူမရှိလို့ မာန်မသွင်းထားတာ ဖြစ်ပါလိမ့်မယ်။ ခါတိုင်းရေမြွေစပ်လေးတွေ တွေ့ရတုန်းက မကြောက်ပေမယ့် မြွေဟောက်ဆိုတဲ့ အသိကြောင့် ကြောက်မိပါတယ်။ အိမ်နားကကလေးတွေကို အသံပြုရင်လည်း ဝိုင်းရိုက်ကြမှာ စိုးရိမ်ပါတယ်။ သေရင်လည်းသေ၊ မသေရင်လည်း ခြံဝင်းထဲ လျှောက်ပြေးပုန်းခို နားခိုနေမှာ စိုးရိမ်ပါတယ်။ ဒါကြောင့် ဘုရားသောက်တော်ရေနဲ့ လှမ်းပက်ပြီး စိတ်ထဲကလည်း မေတ္တာပို့နေမိပါတယ်။ သူလည်း ခြံအပြင်ဘက် လျှောခနဲ ပြေးထွက်သွားတာ မြန်မှမြန်ပါ။ ဝေလီဝေလင်းအချိန် လူသွားလူလာရှင်းနေတဲ့အချိန်မို့ လမ်းတစ်ဖက်ကိုကူးပြီး မြက်တောထဲ ဝင်သွားပါတော့တယ်။ အဲဒါက ပထမဆုံးအကြိမ် အန္တရာယ်မြွေတစ်ကောင် ကြုံတွေ့ရခြင်းပါ။

ဒုတိယအကြိမ်ကတော့ မီးမလာတဲ့ည၊ လမင်းကြီးထိန်ထိန်သာနေတဲ့ည။ ၇ နာရီလောက်ရှိပြီ။ လရိပ်ကို ကြည့်နူးနေတုန်း –

“ရှူး ... ရှူး”ဆိုတဲ့ အသံကြားပါတယ်။ ခြေရင်းခြံက လူတွေရေ ထင်ပြီး လေလျှော့တာထင်လို့ –

“လေလျှော့သံက ကျယ်လှပါလား”လို့ လှမ်းပြောလိုက်တာပါ။ အဲဒီ

www.burmeseclassic.com

ခြံက အစ်မကြီးက ...

"မီးပျက်နေတယ်လေ မမိုးရဲ့"

အဲဒီတော့မှ အိမ်ရှေ့ကို လှမ်းကြည့်မိတယ်။ လား ... လား အိမ်ရှေ့ဝရန်တာနဲ့တည့်တည့် မြေပြောင်ပြောင်မှာ အကွက်ကြီးတွေနဲ့ မြွေပွေးကြီးတစ်ကောင်၊ လက်မောင်းလုံးအရွယ်လောက်ရှိပြီး ခွေနေတဲ့အခွေက ဆန်ကောတစ်ချပ်စာလောက် ရှိပါတယ်။ ကြက်သီးမွေးညင်းတောင်ထပါရဲ့။ မြွေကြီး ကို ဝိုင်းရံထားတာက အိမ်ကကြောင်ငါးကောင်လေ။ ကြောင်တစ်ကောင်က သူ့အနားကိုတိုးလိုက်ရင် သူက 'ရှူး' ခနဲအော်လိုက်၊ ကြောင်က နောက်ပြန်ဆုတ်လိုက်နဲ့ ကြောင်တွေက မကြောက်ဘူး။ ကြောက်နေတာက ကျွန်မ။ ကြံရာမရတော့ ဘုရားစင်မှာရှိတဲ့ တောင်တန်းသာသနာပြု ဆရာတော်ရဲ့ပရိတ်ရေကို ရေပုံးထဲမှာထည့်ပြီး ရေပုံးတစ်ဝက်လောက် ရောလိုက်တယ်။ ပြီးတော့မှ သူ့ရှိရာကို ရေနဲ့လှမ်းပက်ပြီး –

"သွားပါမြွေကြီးရယ်။ ကြောက်လို့ပါ။ သူများကိုလည်း မပြောပါဘူး။ သင့်ကို သတ်ကြမှာစိုးလို့ပါ"

ပါးစပ်က တတွတ်တွတ်ပြောပြီး ပရိတ်ရေနဲ့ လှမ်းပက်လိုက်တယ်။ ကျွန်မက မြွေတွေ့ရင် ပရိတ်ရေနဲ့ ပက်တာပါပဲ။ ပရိတ်ရေနဲ့ပက်လို့လား၊ စကားကိုနားလည်လို့လားတော့ မသိဘူး။ ဖြည်းဖြည်းဆေးဆေးပဲ တရွေ့ရွေ့နဲ့ အိမ်ရှေ့အမြက်တောထဲ ဝင်သွားမြဲနဲ့ရော။ အဲဒါက ဒုတိယအကြိမ် မြွေဆိုးတွေ့ရတာပါ။

တတိယအကြိမ် တွေ့ရတာက အိမ်ထဲမှာပါ။ အိမ်မှာမွေးထားတဲ့ ခွေးစုတ်ဖွားခွေးလေးက အိမ်သာထဲကိုကြည့်ပြီး ဟောင်နေတာ မရပ်တော့ဘူး။ သူ့နာမည်က 'တုတ်တုတ်'တဲ့။ အသံကျယ်လွန်းလို့ သူ့ကို "R တုတ်တုတ်"လို့ ခေါ်တာပါ။ အခုလည်း မနားတမ်းဟောင်နေလို့ နားငြီးလွန်းလို့ ထပြီး အိမ်သာတံခါးကို ဆွဲဖွင့်လိုက်တာပေါ့။ အိမ်သာကမုတ်ထဲမှာ မြွေကြီးတစ်ကောင် လက်ကောက်ဝတ်လောက်ပဲ ရှိပါတယ်။ မြွေက နနွင်းရောင်ဝါထိန်ထိန်မှာ အနက်စက်ပြောက်တွေနဲ့ ပါးပျဉ်းလည်းမထောင်ဘူး။ အေးအေးဆေးဆေးပဲ အပြင်ထွက်လာပြီး အိမ်သာရှေ့မှာပဲ ခွေနေတယ်။ ခွေးလေးကလည်း ကိုက်မယ်တကဲကဲပါပဲ။ ဘာမြွေမှန်းလဲ မသိပါဘူး။ ခွေးကိုတစ်ဖက်ကပွေ့ချီပြီး ထုံးစံအတိုင်း ရေနဲ့ပက်တာပဲပေါ့။ ပါးစပ်ကလည်း –

"ကြောက်ပါတယ် မြွေကြီးရယ်၊ ကြောက်လို့ပါ၊ သွားပါတော့။ မေတ္တာပို့ပါတယ်"

ဘယ်နှခါပြောပြီး ဘယ်နှခါ ရေနဲ့ပက်မိလည်း မသိပါဘူး။ နားပါငြီးလို့လား၊ ရေတွေဖိမ္မဲလို့လားမသိဘူး။ နောက်ဘက်လမ်းဘေး [illegible]ထဲကိုဝင်သွားလေရဲ့။ မြွေထွက်သွားပေမယ့် သုံးလေးရက်လောက် အိမ်သာမတက်ရဲဘူး။ ခုတော့ ဘိုထိုင်လေးလုပ်လိုက်ပါပြီ။ မြွေကြောက်လို့ပါ။

စတုတ္ထအကြိမ် တွေ့တာကတော့ မြွေသေးသေးလေးပါ။ ရှယ်ရမလို့၊ ငိုရမလို ဖြစ်မိတာက ဒီလိုပါ။ ကျွန်မတို့အိမ်က ဗယောင်းပုဆိုးခင်းထားပါတယ်။ ထဘီဟောင်းအစုတ်ထည့်ကို ရေဆွတ်ပြီး ရေပတ်တိုက်ရေ့ရှိပါတယ်။ အဲဒီထဘီခေါက်လေးကို ရေဆွတ်ပြီးအခေါက်အတိုင်းလေး ရေပတ်တိုက်ပါတယ်။ ရေပတ်တိုက်ပြီးတော့ ထဘီခေါက်လေးကို ခြေသုတ်ဖြန့်လိုက်ရော ထဘီခေါက်ထဲက မြွေလေးတစ်ကောင်ထွက်လာပါတယ်။ လက်မလောက်ရှိပြီး တစ်တောင်လောက်ရှိပါတယ်။ ခြေသုတ်ဝတ်က အေးလို့ ဝင်နေတာဖြစ်မှာပါ။ အဲဒီတော့မှ အသည်းတွေယားလိုက်တာ။ ကံကောင်းလို့ လက်ကို မြွေမကိုက်တာပါ။

ပဉ္စမအကြိမ်ကျတော့ နည်းနည်းထူးခြားတယ်။ ကျွန်မက ဘုရားကျောင်းဆောင်ရှေ့မှာ ဖျာလေးခင်းပြီး ဘုရားရှိခိုးနေပါတယ်။ အဲဒီအချိန်မှာ ကျွန်မရဲ့နောက် တင်ပါးနားကို အကောင်တစ်ကောင် တိုးတိုက်သွားသလို ခံစားရတော့ ကျွန်မက ကြွက်တိုးတယ်ထင်တာပေါ့။ ဒါကြောင့် ကြွက်တွေကလည်း ထဲလိုက်တာဆိုပြီး လှည့်ကြည့်တော့ ဗီရိုအောက်ထဲ တရွေ့ရွေ့ဝင်သွားတဲ့ မြွေကြီးတစ်ကောင်။ အစာမျိုထားတာလား၊ ကိုယ်ဝန်ဆောင်ထားလား မသိပါဘူး။ တရွေ့ရွေ့ပဲသွားနေပါတယ်။ ဗီရိုအောက်ထဲဝင်သွားတာ သေချာတာမို့ ကြောက်ကြောက်နဲ့ တစ်ညလုံးငိုး အလင်းထွန်းပြီး ခုန်းသုတ်ကိုရွတ်ရင်း ငုတ်တုတ်ထိုင်နေရတယ်။ မအိပ်ရဲဘူး။ မိုးလင်းနေတော့ သူကထွက်မလာဘူး။ မနက်မိုးလင်းတော့မှ ခြင်ဆေးတွေ လိုက်ဖျန်းရတယ်။ သူကလည်း



www.burmeseclassic.com

www.burmeseclassic.com

အိမ်လည်ရာကပြန်သလို အေးအေးဆေးဆေး ထွက်သွားတယ်။

ဆဋ္ဌမအကြိမ်ကတော့ သည်းတုန်၊ အူတုန် အဖြစ်ရဆုံးဟု မှတ်တမ်းတင်ရတော့မလိုပါပဲ။ အဲဒီနေ့က ကျွန်မတို့ ဒဂုံအရှေ့မှာ ကျွန်မတို့တစ်လမ်းတည်း မီးပျက်တယ်။ ဒါကြောင့် ဖယောင်းတိုင်မီးလေးအားကိုး၊ လက်နှိပ်ဓာတ်မီးလေးဖွင့်ထားပြီး နေရပါတယ်။ အဲဒီအချိန် –

"ရှူး ... ရှူး"

ဟု မြည်သံကြားရပါတယ်။ တစ်ခါကြုံဖူးသည်မို့ သည်အသံကို မြွေနာမှုတ်သံ၊ မြွေပွေးသံဟု တွေးမိသော်လည်း ဘယ်ကမှန်းမသိ၊ မီးကလည်း ပျက်နေသည်မို့ အမှောင်ထဲမှာ ခပ်ဝေးဝေးမထွက်ရဲဘဲ တံခါးမကြီးကနေ ထွက်လိုက်၊ ဝင်လိုက် လုပ်နေမိသည်။ ဓာတ်မီးနှင့် ဟိုထိုးဒီထိုးပေါ့။ တံခါးမကြီးရဲ့ ဘေးတစ်ဖက်မှာ အိမ်ကကြောင်မလေး(မိစော)က ထိုင်နေသည်မို့ တစ်ဖက်ကပ်ကပ်ပြီး အဝင်အထွက်ပြုမိသည်။ အန္တရာယ်ကို မစဉ်းစားမိ။ ဓာတ်မီးနှင့် ကြောင်မလေးဘက်အထိုးမှာ မျက်စိများပြာဝေသည်အထိ ကြောက်လန့်သွားမိသည်။

"အမယ်လေး ... မြွေပွေးခွေကြီးပါလား"

လက်မောင်းလုံးလောက်ခန့် ရှိပြီး လင်ပန်းကြီးတစ်ချပ်စာမျှရှိသည်။ ကြောင်မလေးသာမရှိလျှင် ကျွန်မက မြွေကြီးဘက်ကပ်သွားမိမှာပင်။ မတွေးဝံ့တော့ပါ။ အသက်ကယ်ပေးသော ကြောင်မလေးပါပေ။ အထိတ်တလန့်ဖြင့် ကြောင်မလေးကို အစာပြ လှမ်းခေါ်ပြီး တံခါးကိုပိတ်ပြီးမှ အတွင်းကနေ ခြင်ဆေးဖြင့် ဖျန်းလိုက်ပါသည်။ အဲဒီတော့မှ ဖြည်းဖြည်းအေးအေး ခေါင်းရင်းခြံကို ကူးသွားပါသည်။ အဆိပ်ပြင်းအကောင်မို့ တစ်ဖက်ခြံကို လှမ်းပြောရသည်။ တစ်ဖက်ခြံမှာက ပါမောက္ခအငြိမ်းစား ဖနီးမောင်နှံရှိသည်။ ဆရာကတော့ သတ္တိကောင်းပါသည်။ မြွေပွေးကြီးကလည်း မနေဘဲ ဆရာတို့ အိမ်ရှေ့ကျောက်ခင်းလမ်းမှာ အဆန့်သား အရှည်လိုက်လဲလျောင်းနေသည်မှာ လည်စင်း၍ အသတ်ခံပေးနေသလိုပါ။ ဒါလည်း သူ့ဝဋ်ကြွေးပေးဆပ်တာပါပဲ။ ဆရာကတော့ ပြောရှာပါတယ်။

သူတစ်ကောင်ကို မရှင်းလင်းလျှင် နောက်ထပ်လူအများ အန္တရာယ်ရှိမှာလို့။ ခြံထဲမှာမြွေတွေ ခဏခဏ တွေ့ရတော့ ကျွန်မတို့အဖွဲ့နာယက ဆရာမကြီးဒေါ်ကြွယ်ကြွယ်ကို –

"ဆရာမကြီးရယ်၊ မြွေတွေ တွေ့လိုက်တာ ခဏခဏပါပဲ"

လို့ ပြောမိတယ်။ ဆရာမကြီးက –

"မမိုးသိမ့်ရယ် ... သည်ဒဂုံကနဂိုက လယ်ကွင်းတွေလေ။ သူတို့က အိမ်ရှင်ပေါ့။ တို့များက အခုမှလာနေတဲ့လူတွေလေ။ သူတို့နေရာ တို့ကလုနေတော့ သူတို့လည်း နေစရာရှာနေကြတာပေါ့"

ဆရာမကြီးပြောသလိုပါပဲ။ နဂိုက သူတို့နေရာတွေမှာ အိမ်တွေဆောက်၊ လမ်းတွေဖောက်နေကြတာကိုး။ ကျွန်မမြွေတွေ့တာကို အထူးအဆန်းရေးပြတာ မဟုတ်ပါဘူး။ ထူးခြားတာလေးရှိလို့ပါ။ သူတို့က ကျွန်မကို အန္တရာယ်မပြုပါဘူး။ သူတို့ကိုတွေ့တိုင်း ထူးထူးခြားခြား ငွေဝင်တာအမှန်ပါပဲ။ လစဉ်ရနေကျလခအပြင် ထူးခြားပြီးရ လာတာပါ။ ဥပမာ ရပ်ဝေးကသားက ငွေပို့တာမျိုး၊ ပွဲစားခရတာမျိုး၊ ထီတွက်ရတာမျိုး ဆိုလိုတာပါ။ အိမ်နားချင်းကလေးတွေကလည်း ကျွန်မနဲ့ မြွေတွေကို သေချာသိနေကြပြီး ...

"ဘွားရေ ... မြွေမတွေ့ဘူးလား"လို့ မေးကြတယ်။ သူတို့က အတိတ်ကောက်တာကိုး။ လင်းမြွေကြီးတွေ့ရင် သူတို့က ၄၅ ဘွားရေ၊ မြွေပွေးကြီးဟဲ့ဆိုရင် ဘွားရေ ၅၅ လို့ပြောကြတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်မနဲ့မြွေတွေကတော့ မိတ်ဆွေတွေထင်ပါရဲ့။ ကြောက်လည်း မကြောက်တော့သလို သတ်လည်းမသတ်ချင်တော့ပါဘူး။ မကြာခဏတွေ့နေရတဲ့ မြွေတွေဟာ ကျွန်မကို တစ်ခါမှရန်မပြုပါဘူး။ ကျွန်မ( ̄လည်း မြွေတွေ့ရင် ရေနဲ့ပက်၊ ခြင်ဆေးနဲ့မှုတ်တော့ လုပ်မိတာပါပဲ။ ခန္ဓာသုတ်ကိုလည်း ရွတ်ရတယ်။ တကယ်တမ်း အကုသိုလ်ဖိစီးလာရင်တော့ ကျွန်မရဲ့ ကံကြမ္မာပဲပေါ့လေ။ သတ္တဝါအပေါင်း ဘေးရန်ကင်းဝေး၍ အေးချမ်းကြပါစေ ...။

မမိုးသိမ့်



www.burmeseclassic.com

www.burmeseclassic.com



# မယ်တော်ဝဏ္ဏနှင့် လျှပ်တစ်ပြက်

## မောင်ဝုတ်စည်

ခေတ်ဟောင်း ဝါရင့်ဒါရိုက်တာကြီးတစ်ဦး၊ အကယ်ဒမီမင်းသမီးကြီး တစ်ဦး၊ နာမည်ကြီးစာရေးဆရာကြီး တစ်ဦးတို့နဲ့ ဆက်နွှယ်ပြီး ပုပ္ပားမယ်တော်ကြီး မယ်ဝဏ္ဏနဲ့ ပတ်သက်တဲ့ အကြောင်း ပြောချင်ပါတယ်။

အကယ်ဒမီ မင်းသမီးကြီးကလွဲပြီး ကျန်တဲ့နှစ်ဦးကတော့ ကွယ်လွန်သွားရှာကြပါပြီ။ စည်းတားသောအားဖြင့် သူတို့ရဲ့နာမည်တွေကိုတော့ မဖော်ပြပါရစေနဲ့တော့။

နတ်ယုံကြည်သူ အပိုင်းကလည်း အလေးအနက် လက်ခံသင်ငင်ယုံကြည်ကြတယ်၊ လက်မခံတဲ့သူတွေကလည်း လုံးဝအယုံအကြည်မရှိဘဲ ပြစ်ပြစ်ပယ်ပယ်နဲ့ နတ်ဆိုတာ တကယ်မရှိဘူး၊ မဖြစ်နိုင်ဘူး စသဖြင့် ပြောကြဆိုကြတယ်၊ ဒီနှစ်ခုကို စဉ်းစားဖို့ အထက်ပါပုဂ္ဂိုလ်များရဲ့ ကိုယ်တွေ့လေးကို တစ်ဆင့်တင်ပြလိုက်ပါတယ်။

ဝါရင့်ဒါရိုက်တာကြီးက နာမည်မကြီးသေးခင်အချိန်၊ ပုပ္ပားမယ်တော်ကြီး ဇာတ်လမ်းကို ရုပ်ရှင်ရိုက်ကြတယ်၊ မင်းသမီးကြီးက မယ်ဝဏ္ဏအဖြစ် သရုပ်ဆောင်တယ်၊ စာရေးဆရာကတော့ နာမည်ရနေပါပြီ၊ ထူးခြားတာက အဲဒီ စာရေးဆရာက ဂီတမှာလည်း ထူးချွန်တတ်ကျွမ်းလို့ ဇာတ်ဝင်သီချင်းတို့၊ နောက်ခံတေးဂီတတို့ စီစဉ်ပေးဖို့ပေါ့။

ရုပ်ရှင်ရိုက်တဲ့နေရာက မေမြို့မှာပါ။ ပန်းခင်းတွေ၊ ပန်းခြံတွေပေါ်တော့ ရိုက်ပြီး အဆင်ပြေတယ်ပေါ့၊ ဒါရိုက်တာကြီးက စည်းကမ်းတစ်ခုထုတ်ထား



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ကားရိုက်တဲ့နေ့ဆိုရင် ရိုက်ကွင်းထဲမှာ ဘယ်သူမှ တရုတ်အမဲမစားရဘူး။ အားလုံးကလည်း လိုက်နာကြပါတယ်။

ဒါပေမယ့် စာရေးဆရာကတော့ လုံးဝအယုံအကြည်မရှိဘူး။ သူက နိုင်ငံရေးသမားလည်းဖြစ်တာကိုး။ ဘယ်လက်ခံမလဲ။ သူ့ပတ္တလားအိမ်ထဲမှာ ပဲကြီးလှော်ထုပ်တွေနဲ့ အရက်ပုလင်းထောင် အရက်သောက်ပြီး အလုပ်လုပ်တာပဲ။ (ဟိုတုန်းက တချို့တီးလုံးတီးကွက်တွေကို တိုက်ရိုက်တီးပေးရတယ် ပြောတယ်။)

ကားရိုက်ရင်းတစ်ရက်မှာ ဒါရိုက်တာကြီးက သူ့တပည့်ကို ခေါက်ဆွဲဝယ်ခိုင်းလိုက်တယ်။ တရုတ်အမဲနဲ့မဟုတ်ဘဲ ကြက်သား၊ ဘဲသား ရရာနဲ့ပေါ့။ သူ့တပည့်က သွားဝယ်ပြီး သူ့ကိုလာပေးတာပေါ့။

အဲဒီသူ့တပည့်ဆီက ခေါက်ဆွဲပန်းကန်ကိုလည်း ကိုင်လိုက်ရော ဟာ အမယ်လေးဆိုပြီး လက်တွေ တုန်တုန်ယင်ယင်နဲ့ သူ့တပည့်ကို မင်းတော်တော်အသုံးမကျတဲ့ကောင်။ မင်းခေါက်ဆွဲတွေ မသန့်ဘူးဆိုပြီး လွှတ်ကျသွားတယ်။ တော်ပြီ တော်ပြီ။ ဒီနေ့ ကားဆက်မရိုက်နဲ့။ နားလိုက်တော့ဆိုပြီး ရှုတင်နားလိုက်တယ်။

စာရေးဆရာက လုံးဝမယုံဘူး။ ဒါငွေထုတ်ဖော်တဲ့ရှင်ငွေး ပိုယုံကြည်အောင် ဖိနှိပ်လုံးတွေပဲ၊ ဝင်ဖန်တာပဲထင်တယ်။ လန့်ကြျတ်အိုက်တင်လို့တွက်နေတယ်။ အဲဒီအချိန်မှာပဲ မယ်ဝဏ္ဏက မင်းသမီးကို ဝင်ပူးပါလေရော။

> မယ်ဝဏ္ဏဝင်ပူးနေတဲ့
> မင်းသမီးကြီးကလည်း
> တချွတ်ချွတ်နဲ့
> အကုန်စားတယ်။
> ပန်းတွေမျိုးစုံထဲမှာ
> အဆိပ်ဖြစ်နိုင်တဲ့
> ပန်းတွေလည်း ပါမှာပဲ။
> ပန်းခြင်းတစ်ခြင်းလုံး
> အကုန်စားလည်းပြီးရော
> နားခိုင်းလိုက်တယ်။

နင်တို့ အပေါင်းကို အသစ်လာလုပ်တယ်။ ပြီးတော့ မလေးမစားနဲ့ စားချင်သလိုစားတယ်လို့ ပြောတော့ ဒါရိုက်တာကြီးက အမေရယ် အမိုက်အမဲတွေ မသိလို့မှားတာ ခွင့်လွှတ်ပါ။ အမေ့ဆန္ဒကို မိန့်ဆိုပါဆိုတော့ ခုချက်ချင်း ငါ့ကို ပန်းဆက်တဲ့။

ဒါနဲ့ စာရေးဆရာကလည်း အနီးအနားယန်းခြံတွေက တွေ့သမျှပန်းတွေ အကုန်ခူး ရေစင်စင်ဆေးပြီး ပန်းခြင်းကြီးနဲ့ ဆက်ရတာပေါ့။ မယ်ဝဏ္ဏဝင်ပူးနေတဲ့ မင်းသမီးကြီးကလည်း တချွတ်ချွတ်နဲ့ အကုန်စားတယ်။ ပန်းတွေမျိုးစုံထဲမှာ အဆိပ်ဖြစ်နိုင်တဲ့ပန်းတွေလည်း ပါမှာပဲ။ ပန်းခြင်းတစ်ခြင်းလုံး အကုန်စားလည်းပြီးရော နားခိုင်းလိုက်တယ်။

ညဒီပ်ပြီး မနက်မိုးလင်းတော့ ဘာမှမဖြစ်ဘူး။ စာရေးဆရာက မိုက်တွေဘာတွေ မအောင့်ဘူးလား။ ဝမ်းကောသွားသလား။ ဘာမှ မဖြစ်ဘူးလား။ မနေ့က ဘာဖြစ်လဲသိလားဆိုတော့လည်း ဘာမှမသိဘူးတဲ့။ သူစားတဲ့ပန်းတွေဟာ ထမင်းတစ်နပ်စာလောက်ရှိလို့ စာရေးဆရာ မစဉ်းစားတတ်အောင် ဖြစ်သွားတယ်တဲ့။

ဒါတွေဒါတွေထက် ဒါရိုက်တာဟာ အဲဒီကားကစပြီး ဆက်တိုက်အောင်မြင်တဲ့ ဒါရိုက်တာကြီးဖြစ်သွားတယ်။ မင်းသမီးကလည်း ဆက်တိုက်အောင်မြင်ပြီး အကယ်ဒမီထပ်ကွမ်းတွေရတယ်။

စာရေးဆရာကတော့ နတ်ဆိုတာ တကယ်ရှိတယ်လို့ သူလက်မခံနိုင်သေးပေမယ့် မရှိဘူးလို့တော့ သူလုံးဝမပြောတော့ဘူးဆိုပြီး ဝန်ခံတယ်။ မယ်တော်ဝဏ္ဏ ပတ္တာန်းဆက်နဲ့ သူတို့အောင်မြင် ကျော်ကြားသွားကြတယ်လို့တော့ မပြောလိုပါဘူး။ သူတို့အောင်မြင်နေတဲ့အချိန်တွေမှာတော့ မယ်တော်ဝဏ္ဏကို ယုံကြည်စွာနဲ့ လှူဒါန်းဒါနပြုနေယ်ဆိုတဲ့ အကြောင်းပြောတာပါတဲ့။

ဒါဆိုရင် နတ်ဆိုတာ တကယ်ရှိသလား။ ယုံကြည်သလား။ မယုံကြည်ဘူးလားဆိုတာကတော့ ကိုယ့်ကိုယ်ပိုင်ကိစ္စမို့ ထည့်သွင်းစဉ်းစားချင်ရင် စဉ်းစားလို့ရအောင် ရှေ့ကဖြစ်စဉ်လေးတစ်ခုဖြစ်ပါကြောင်း။

မောင်ပုလဲစည်



www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းပြည့်

# ဆရာကြီး အောင်ဘုန်းမြင့်

နက္ခတ္တဗေဒ ပလီတပညာရှင် - မဟာဂန္ဓရီဗေဒင် လက္ခဏာသုတေသီ

စာရေးဆရာ – အောင်ဘုန်းမြင့် (ကချင်မြေ)

ကာတွန်းဆောင်းစုံ – ကာလီချိုး (မြန်မာပြည်)

- ➢ ယတြာ တတ်ရိုက်တတ်ဆင် အထူးဆောင်ရွက်ပေးသည်။
- ➢ ဘဝရှေ့ဆောင်လမ်းညွှန် အတိုင်ပင်ခံသည်။
- ➢ နေ့စဉ် နံနက်(၆)နာရီ မှ (၉)နာရီအတွင်း အခမဲ့ဖုန်းဖြင့် ဟောကြားပေးသည်။

အမှတ်(၄၂)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။ ဖုန်း - ၀၁-၅၄၀၇၂၀၊ ၀၉-၃၁၀၂၂၈၁၆

# လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

## လိပ်ခေါင်းရောဂါမှန်လျှင် ဒီဌပျောက်ကင်းရမည်။

- ဆရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ၊ မစပ်၊ မနာ၊ မကျင်၊ မလိုးမဖြတ်၊ မြန်မာ့နည်း၊ မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့် ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့လာရောက်လေ့လာနိုင်ပါသည်။(နိုင်ငံခြားမှ ခွဲစိတ်ကုသဖူးသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်။
- လိပ်ခေါင်းရောဂါသည် အနားယူမှုသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။

မှတ်ချက်။ ။လိပ်ခေါင်းရောဂါသည် တားဆေးသက်သက်ဖြင့် လုံးဝပျောက်ကင်းပါ။

- နိုင်ငံကျော် မန္တလေးမြို့ အဘိဓမ္မာတောင်သာဆရာကြီးဦးလှမောင်၊ ဆရာမကြီးဒေါ်သန်းယာန်(လိပ်ခေါင်းအထူးကုပိဋ္ဌာ)


ကုသဆေးခန်းဌာနခွဲ

အမှတ်(၅၁)၊ (၅)လွှာ၊ (၁၂၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၉၃၃၉၁၊ ၀၉-၂၅၀၃၁၃၄၂၇၊ ၀၉-၈၇၂၄၅၄၇၂၂

၃၃-၃၄လမ်းကြား၊ ၈၀-၈၁လမ်းကြား၊ အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၅၂၈၀၊ ၀၉-၉၁၀၄၄၀၂၅

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ပိတောက်အိပ်မက် တန်ခူးမျက်ရည်

## အင်ကြင်းမြူမြူ(တောင်ငူ)

ကိုကိုရေ…ပိတောက်တွေ ပွင့်ခဲ့ပြန်ပြီ။ ကိုကိုနဲ့ တန်ခူး စတွေ့ခဲ့တာလည်း အခုလို ပိတောက်တွေပွင့်တဲ့ အချိန်မှာပဲနော်။ ပိတောက်တွေပွင့်တဲ့ အချိန်မှာ ဆုံတွေ့ခဲ့ပြီး ပိတောက်တွေ ပွင့်တဲ့အချိန်မှာပဲ ကိုကိုက တန်ခူးကို ထာဝရ ခွဲခွာသွားခဲ့တယ်နော်။

□

မေမေ့ရဲ့ညီမရှိတဲ့ မန္တလေးမြို့ကို တန်ခူး အလည်ရောက်နေတဲ့အချိန်မှာ အန်တီမေရဲ့သား တန်ခူးရဲ့ အစ်ကိုဝမ်းကွဲ ကိုနေရဲ့ သူငယ်ချင်းအဖြစ်နဲ့ ထိုကိုကို စတင်ရင်းနှီးခဲ့တာပေါ့။

နယ်မြို့ကနေ သင်္ကြန်အကြိုနေ့ ဧတိုင်မီညမှာ အန်တီမေတို့အိမ် တန်ခူး ရောက်ခဲ့တယ်။ နောက်နေ့မနက် စောစောမှာပဲ…

"အန်တီမေ၊ ကိုနေရော အိပ်နေတုန်းပဲလား"

လို့ မေးလိုက်သံကို တန်ခူး အိပ်ရာထဲကနေ ကြားလိုက်ရတယ်။

"ဩော်…အေး…သားပြန်ရောက်နေတယ်ဆိုတာတော့ မင်းသူငယ်ချင်းဆီကနေ အန်တီမေ ကြားမိတယ်၊ အလုပ်တွေ အဆင်ပြေရဲ့လား သား၊ သားမိဘတွေရော နေကောင်းကြရဲ့လား"

"ဟုတ်ကဲ့ အဆင်ပြေပါတယ်၊ မာမီနဲ့ ဒယ်ဒီလည်း နေကောင်းကြပါတယ်၊ ကိုနေ့ကို လာတွေ့ရင်းနဲ့ အိမ်မှာ နန်းကြီးသုပ် လုပ်စားလို့ မာမီက အန်တီမေတို့အတွက် ထည့်ပေးလိုက်တယ်၊ ဒါက အန်တီမေ့အတွက် ကျွန်တော့်ရဲ့ လက်ဆောင်"

"အေး…အေး…ကျေးဇူးပဲနော် သား၊ အခုလို အန်တီမေ့အတွက် သတိတရ လက်ဆောင်ပါလာတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်၊ သား သူငယ်ချင်းကို အန်တီမေ သွားနှိုးလိုက်ဦးမယ်"

"နေ…နေ…အန်တီမေ ကျွန်တော်ပဲ သွားနှိုးလိုက်မယ်"

ဆိုတဲ့ ဧည့်ခန်းထဲက အန်တီမေနဲ့ ဧည့်သည်ရဲ့ စကားပြောနေတဲ့အသံတွေကို တန်ခူး အိပ်ခန်းထဲကနေ ကြားနေရတယ်။

ဧည့်သည်က နန်းကြီးသုပ် ပါလာတယ် ဆိုပါလား။ တန်ခူးစိတ်ထဲမှာ ဝမ်းသာသွားမိတယ်။ မန္တလေး နန်းကြီးသုပ်က တန်ခူး အကြိုက်ဆုံး အစားအစာပဲလေ။

□

"အန်တီမေ၊ တန်ခူး မနိုးသေးဘူးလား"

ယောမိမိတို့ ရောက်လာကြပြီနဲ့တူတယ်။ သူတို့ကလည်း စောစောစီးစီး ရောက်လာကြတာပဲ။ တန်ခူးက အိပ်ရာထဲမှာ ထပ်နှပ်နေဦးမယ်လို့ စိတ်ကူးထားတာ ခုတော့ ထရတော့မှာပေါ့။ တော်တော်အလိုက်မသိတဲ့ သူငယ်ချင်းတွေပဲ။

မန္တလေးမြို့မှာ တန်ခူးရဲ့ အချစ်ဆုံး သူငယ်ချင်း သုံးယောက်ရှိတယ်။ တစ်ယောက်ကတော့ တန်ခူးတို့မြို့ကနေ ပြောင်းလာတဲ့ သူငယ်ချင်း မိမိကျော်၊ နောက်နှစ်ယောက်ကတော့ မိမိကျော်နဲ့ ပတ်သက်ပြီးမှ ခင်မင်ရတဲ့ ယမင်းနဲ့ လဲ့လဲ့။ မိမိနဲ့ ပတ်သက်ပြီးမှ ခင်ခဲ့ရတယ်ဆိုပေမယ့်လည်း ဒီသူငယ်ချင်း သုံးယောက်စလုံးဟာ တန်ခူးနဲ့ ညီအစ်မတွေလိုပါပဲ။

တန်ခူးက မန္တလေးကို တစ်နှစ်



www.burmeseclassic.com

www.burmeseclassic.com

မှာ အနည်းဆုံး တစ်ကြိမ်တော့ ရောက်ဖြစ်တယ်။ အဲဒီတစ်ကြိမ်ကလည်း သင်္ကြန်ရက်တွေပေါ့။ မန္တလေးရောက်တိုင်း ဒီသူငယ်ချင်း သုံးယောက်နဲ့ အမြဲဆုံဖြစ်တယ်။ တန်ခူးရဲ့ အန်တီမေတို့နဲ့လည်း သူတို့ တော်တော်ရင်းနှီးနေကြပါပြီ။

အန်တီမေက တန်ခူးရဲ့အဒေါ်ဆိုပေမယ့်လည်း တန်ခူးရဲ့မေမေလိုပဲ တန်ခူးကို အရမ်းချစ်ပြီး အရမ်းအလိုလိုက်တာပါ။ အန်တီမေ့မှာ "ကိုနေမျိုး" ဆိုတဲ့ သားတစ်ယောက်တည်းရှိတော့ တန်ခူးကို သမီးအရင်းတစ်ယောက်လို ချစ်ရှာပါတယ်။ ကိုနေကလည်း တန်ခူးကို ညီမအရင်းလေးတစ်ယောက်လိုချစ်ပြီး အလိုလည်းလိုက်တော့ တန်ခူးက ဒီအိမ်မှာ ဆိုးချင်တိုင်း ဆိုးလို့ရတဲ့ မိဆိုးလေးပေါ့။

□

တန်ခူး ပြန်စဉ်းစားနေရာကနေ အိပ်ရာထဲက ကမန်းကတမ်းထပြီး အိပ်ခန်းထဲကနေ ဧည့်ခန်းထဲကို ပြေးထွက်လိုက်တဲ့အချိန်မှာ တည်ကြည်လေးနက်မှုတွေနဲ့ ပြည့်နေတဲ့ ကိုကို့ကို စတွေ့လိုက်တာပဲ။

ကိုကို့ကို တွေ့လိုက်တော့ တန်ခူး ကိုယ့်ကိုယ်ကို ရှက်သွားမိတယ်။ အာလွှဲလဲဆိုတော့ တန်ခူးက အိပ်ရာထဲကနေ အိပ်မှုန်စုန်မွှား ဆံပင်စုတ်ဖွားနဲ့ ထွက်လာမိတာကိုး။

သူငယ်ချင်းတွေကို စောစောစီးစီး ရောက်လာလို့ ရှုံ့တွေ့မယ်ဆိုတဲ့ စိတ်ကူးတွေက ကိုကို့ကို မြင်လိုက်တာနဲ့ ဘယ်ဆီကို ထွက်ပြေးကုန်ပါလိမ့်။

တန်ခူး ကိုယ်ရှိန်သပ်လိုက်ပြီး သူငယ်ချင်းတွေကို 'ခဏလေးနော် မျက်နှာသစ်လိုက်ဦးမယ်' ဆိုပြီး ဧည့်ခန်းထဲက ပြန်ထွက်ခဲ့တယ်။

အန်တီမေကတော့ တန်ခူးတို့ အားလုံး စားဖို့အတွက် မနက်စာ ပြင်ဆင်နေလေရဲ့။

သူငယ်ချင်းတွေကလည်း တစ်ယောက်က ကြာဆံချက်၊ တစ်ယောက်က မုန့်ဟင်းခါး၊ တစ်ယောက်က မုန့်လုံးရေပေါ်တွေ ယူခဲ့တယ်။ သူတို့အိမ်တွေမှာ လုပ်စားကြတာတဲ့။

အားလုံးက အန်တီမေ ပြင်ဆင်ထားတဲ့ မနက်စာ စားပွဲဝိုင်းမှာ ရောက်နေကြပြီဆိုတော့ တန်ခူးလည်း မျက်နှာသစ်ပြီးတော့ အန်တီမေ ပြင်ဆင်ထားတဲ့ မနက်စာ စားပွဲဝိုင်းကိုပဲ တန်းပြီး လာခဲ့လိုက်တယ်။

အဲဒီမှာ တန်ခူးက သူငယ်ချင်းတွေကို 'နင်တို့ ယူလာတာတွေကလည်း ငါ မကြိုက်တာတွေချည်းပဲ၊ ငါကြိုက်တဲ့ နန်းကြီးသုပ်ကျတော့ မယူလာကြဘူး' လို့ ရွှတ်ခနဲ ပြောလိုက်မိတယ်။

တန်ခူး အကြိုက်ဆုံး အစားအစာထဲမှာ မုန့်ဟင်းခါး ပါတယ်ဆိုပေမယ့် မန္တလေးက မုန့်ဟင်းခါးကိုတော့ တန်ခူး ဘယ်လိုမှ မစားတတ်ဘူး။ မန္တလေးရောက်ရင် နန်းကြီးသုပ်ပဲ စားတယ်။

အဲဒီမှာ ကိုနေရဲ့ သူငယ်ချင်းက-

"ညီမလေးက နန်းကြီးသုပ် ကြိုက်တာလား၊ ဒါဆို ကွက်တိပဲ၊ ကိုကိုက နန်းကြီးသုပ် ယူလာတယ်"

တန်ခူးက 'ဟုတ်ကဲ့' လို့ ကိုကို့ကို ပြန်ဖြေလိုက်တယ်။

ကိုနေက တန်ခူးကို လှမ်းစတယ်။

"ဒီကောင်မလေးကတော့ သူများ လာပို့တာတောင် သူကြိုက်တဲ့ အစားအစာပဲ လာပို့ရမလို ပြောနေသေးတယ်၊ လာပို့တဲ့သူတွေကိုမှ အားမနာ"တဲ့။

"အို...ဘာလို့ အားနာရမှာလဲ၊ ဒီသူငယ်ချင်းတွေက အားနာရမယ့်သူတွေမှ မဟုတ်တာ၊ တန်ခူးရဲ့ အကြိုက်တွေကို သူတို့ သိနေတာပဲ၊ သိရဲ့သားနဲ့ တန်ခူးအကြိုက် မပါတော့ စိတ်ဆိုးတာပေါ့"

လို့ ပြန်ပြောလိုက်တယ်။

တန်ခူးတို့ စားသောက်နေကြတဲ့ အချိန်မှာပဲ ကိုနေက သူ့သူငယ်ချင်းနဲ့ တန်ခူးတို့ကို မိတ်ဆက်ပေးတယ်။

"သူငယ်ချင်း ဒါ ငါ့ညီမလေး တန်ခူးပေါ့၊ သူတို့ကတော့ တန်ခူးရဲ့ သူငယ်ချင်းတွေပေါ့၊ ညီမလေးတို့ ဒါ ကိုနေ့ရဲ့ သူငယ်ချင်း အုပ်စိုးတဲ့၊ မှတ်ထားကြနော်"

www.burmeseclassic.com

"ညီမလေးတို့ ကိုယ့်ကိုလည်း ကိုနေ့ကို ခင်သလိုပဲ ခင်လို့ ရတယ်နော်"

လို့ ကိုကိုက ပြောတော့ ကိုနေက—

"သူငယ်ချင်း မင်း အဲဒီလိုပြောရင် မှားသွားလိမ့်မယ်၊ ကျုပ်တို့ညီမတွေထဲ မဆိုးပေမယ့် ငါ့ညီမလေး တန်ခူးကတော့ အရမ်းဆိုးတာနော်၊ ငါ့လိုပဲ သဘောထားလို့ပြောရင် ငါ့ကို နိုင်းသလို မင်းကိုလည်း တန်ခူးက နိုင်းလိမ့်မယ်၊ သတိထား"

"ဟွန်း…ကိုနေနော် တန်ခူးက အရမ်းဆိုးနေတာကျနေတာပဲ၊ တော်ပြီ ကိုနေ့ကို မခေါ်တော့ဘူး"

"ဟား…ဟား…ဟား…"

"အဲဒါပဲ ကြည့်တော့ သူငယ်ချင်းရေ…ထစ်ခနဲဆို ငါ့ညီမလေးက စိတ်ဆိုး စိတ်ကောက်မယ် ဆိုတာပဲ၊ မင်းတော့ ချော့ရမယ့်နည်းတွေ လေ့လာထားရတော့မယ်နဲ့ တူတယ်၊ မနက်ဖြန်က စပြီး ငါတော့ တာဝန်တစ်ခု ထမ်းဆောင်ပေးရတော့မယ် သူငယ်ချင်း"

လို့ ကိုနေက ပြောလိုက်တဲ့အခါ ကိုကိုက…

"ဘာတာဝန်လဲကွ"

လို့ ပြန်မေးတယ်။

"ဒီငရှပ်မလေးတွေ ရေပက်ခံထွက်ဖို့အတွက် ကားမောင်းပေးရမယ့် တာဝန်လေ၊ မင်းလည်း မန္တလေးသင်္ကြန် မလည်ဖြစ်တာ ကြာပြီပဲ၊ ငါတို့နဲ့ လိုက်ခဲ့ပါလား၊ မင်းပါတော့ ငါသက်သာတာပေါ့ကွာ"

"အေး…ကောင်းသားပဲ၊ ငါလည်း မန္တလေးသင်္ကြန် မလည်ဖြစ်တာ တော်တော်ကြာပြီ လိုက်ခဲ့မယ်"

ပျော်စရာလေးတွေ ပြည့်လျှံနေခဲ့တဲ့ အဲဒီနေ့လေးက သင်္ကြန်အကြိုနေ့လေးပေါ့။ အိန်တီမေတို့ခြံထဲက ပိတောက်ပင်ကြီးမှာလည်း ပိတောက်တွေ ပွင့်နေတာ တစ်ပင်လုံး ဝါထိန်နေတာပဲ။

တန်ခူးက ပိတောက်ပန်းတွေကို အရမ်းသဘောကျတာ။ သင်္ကြန်နဲ့ ပိတောက်ကို ယှဉ်တွဲတွေ့ရတာလည်း ကြည်နူးစရာ တစ်ရပ်ပါ။

တန်ခူးတို့သူငယ်ချင်းတွေပိတောက်ပန်းတွေ ခူးနေတုန်း ကိုကို ရောက်လာပြီး…

"တန်ခူး၊ ကိုကို ရေလောင်းမယ်နော်"တဲ့။

"ဟုတ်ကဲ့"

လို့ ပြန်ဖြေလိုက်တော့ ကိုကိုက တန်ခူးကို ရေလောင်းပြီး တန်ခူးလက်ထဲမှာ ကိုင်ထားတဲ့ ပိတောက်ပန်းတွေထဲက ပိတောက်တစ်ခက်ကို ယူလို့ တန်ခူးရဲ့ နားရွက်ကြားလေးထဲမှာ ထိုးပေးသွားတယ်။

□

တန်ခူးတို့အဖွဲ့ သင်္ကြန်အကျ၊ အကြတ်၊ အတက် သုံးရက်စလုံး ရေပက်ခံ ထွက်ခဲ့ကြတယ်။ အဲဒီသုံးရက်အတွင်းမှာ ကိုကိုနဲ့လည်း တော်တော်လေး ရင်းနှီးခဲ့ကြတယ်။ ကိုကိုက အရမ်းစိတ်ရှည်ပြီး သည်းခံတတ်တဲ့သူဆိုတာ တန်ခူး သိလိုက်တယ်။

နှစ်ဆန်းတစ်ရက်နေ့မှာ တန်ခူးတို့ကို ကိုနေနဲ့ ကိုကိုက မဟာမြတ်မုနိဘုရားကြီးနဲ့ ကုသိုလ်တော်ဘုရားကို လိုက်ပို့ပေးခဲ့တယ်။ ကုသိုလ်တော်ဘုရားကိုရောက်တော့ ကိုကိုက…

"တန်ခူးကို ကိုကို အရမ်းချစ်တယ်"

လို့ ပြောခဲ့တယ်။ တန်ခူးရဲ့ရင်တွေ အရမ်းခုန်သွားတာပဲ။

ဒါပေမဲ့ တန်ခူးက ကိုကို့ကို ပြန်ပြောလိုက်တယ်။

"တွေ့တာဖြင့် မကြာသေးပဲနဲ့ ဘာလို့ ဒီလိုစကား ပြောတာလဲ၊ တန်ခူးက ဆိုးတယ်ဆိုတာလည်း ကိုကို သိပြီးသားနော်"

လို့ ပြန်ပြောတော့ ကိုကိုက…

"တန်ခူးကို စတွေ့တဲ့နေ့ကတည်းက ကိုကို့ အရမ်းချစ်မိသွားတာ၊ တန်ခူးက မဆိုးပါဘူး၊ လိမ္မာပါတယ်၊ တကယ်လို့ ဆိုးခဲ့ရင်တောင် ကိုကိုက အမြဲတမ်း ခွင့်လွှတ်ပြီး ချစ်နေမှာပါ"တဲ့။

ဒီလိုနဲ့ တန်ခူးရဲ့ မြို့လေးကို ပြန်ရမယ့်နေ့ကို ရောက်ခဲ့ပြီပေါ့။ တန်ခူးကို ကားဂိတ်လိုက်ပို့တော့ ကိုကိုပါ ပါတယ်၊

"တန်ခူး၊ ကိုကို တန်ခူးဆီ ဖုန်း



www.burmeseclassic.com

www.burmeseclassic.com

ဆက်မယ်နော်"

"ဟုတ်ကဲ့ ကိုကို"

လို့ ပြန်ပြောလိုက်တယ်။

"ကိုကို တောင်းထားတဲ့အဖြေကို တန်ခူး ပြန်မပေးရသေးဘူးနော်"

"ဟာ…တန်ခူး အခု မဖြေချင်ပါဘူး၊ ကိုကို ဖုန်းဆက်တော့မှ ဖုန်းထဲကနေ ဖြေပေးမယ်နော်"

လို့ ပြန်ပြောတော့ ကိုကိုက ခေါင်းညိတ်ပြပြီး တန်ခူးကို ကျုံးမာရေးဂရုစိုက်ဖို့နဲ့ ကိုကိုကို မမေ့ဖို့ မှာနေတယ်။

တန်ခူးလေ ကိုကိုနဲ့ ခွဲရတော့မယ်ဆိုတော့ ငိုချင်လိုက်တာ၊ မနည်းထိန်းထားပြီး ကိုကို မှာသမျှကို ခေါင်းညိတ်ပြနေမိတယ်။

□

တန်ခူးနဲ့ ကိုကိုတို့ တစ်ရက်မှ ဖုန်းအဆက်အသွယ် မပြတ်ခဲ့ပါဘူး။ ကိုကို့ကိုလည်း တန်ခူး အဖြေပြန်ပေးလိုက်ပါတယ်။ ဖုန်းထဲမှာပဲ တန်ခူးက စိတ်ကောက်လိုက်၊ ကိုကိုက ပြန်ချော့လိုက်နဲ့ပေါ့၊ တန်ခူးရဲ့ စိတ်ဆိုးစိတ်ကောက်တဲ့ အချိန်တွေကိုလည်း ကိုကိုက စိတ်ရှည်သည်းခံပြီး တန်ခူး ဆိုးသမျှကိုလည်း အလိုတားခံရှာတဲ့ ကိုကိုပါ။ ကိုကို တန်ခူးကို အရမ်းချစ်တယ်ဆိုတာလည်း တန်ခူး ယုံပါတယ်။

တန်ခူး အိမ်ပြန်ရောက်ပြီး ၁၀ ရက်လောက်နေတော့ ကိုနေနဲ့ ကိုကို တန်ခူးတို့အိမ်ကို ရောက်လာတယ်။ ကိုကို နိုင်ငံခြားကို ပြန်ထွက်ရတော့မှာမို့လို့ လာနှုတ်ဆက်တာပါတဲ့။ ကိုကို ပြန်မထွက်ခင် တန်ခူးရဲ့မျက်နှာလေးကို မြင်သွားချင်လို့ပါတဲ့။

ကိုကို့နဲ့ တန်ခူး ရေမြေခြားပြီး ဝေးကြရဦးမှာပါလားလို့ တွေးလိုက်မိတဲ့အချိန်မှာ တန်ခူး မျက်ရည်ကျမိတယ်။ ကိုကိုက…

"တန်ခူး မငိုနဲ့လေ၊ ကိုကိုက နေ့တိုင်း ဖုန်းဆက်မှာပေါ့"တဲ့။

ကိုကိုတို့ ပြန်သွားပြီး နှစ်ရက်နေတော့ ကိုကို နိုင်ငံရပ်ခြားကို ပြန်ထွက်သွားတယ်။ ပြန်မထွက်ခင်ညမှာ ကိုကိုနဲ့ တန်ခူး ဖုန်းအကြာကြီး ပြောဖြစ်ကြတယ်။

ကိုကိုက နှစ်တိုင်း တန်ခူးမွေးနေ့အမီ ပြန်လာမယ်လို့ ပြောတော့ တန်ခူးက ကိုကို့ကတိ တည်ပါစေနော်လို့ ပြန်ပြောလိုက်တယ်။ ကိုကိုကလည်း…

"စိတ်ချ တန်ခူး၊ ကိုကို့ကတိ တည်စေရမယ်"တဲ့။

တန်ခူးမွေးနေ့ကို အန်တီမေနဲ့ ကိုနေတို့ နှစ်စဉ် လာနေကျ။ အန်တီမေတို့ ပြန်ရင် တန်ခူးက မန္တလေးကို လိုက်ပြီး သင်္ကြန်ကို မန္တလေးမှာ ကျနေကြလေ။

□

သည်လိုနဲ့ ကိုကို့နဲ့ တန်ခူး နေ့စဉ် ဖုန်းအဆက်အသွယ် မပြတ်ခဲ့သလို နှစ်စဉ် ကိုကိုက တန်ခူးမွေးနေ့အမီ ပြန်လာခဲ့ပါတယ်။ တန်ခူးမွေးနေ့ကို မန္တလေးကနေလာတာ အန်တီမေနဲ့ ကိုနေအပြင် ကိုကိုပါ တိုးလာပါတယ်။ မွေးနေ့ရက်ပြီးတာနဲ့ မန္တလေးကိုတက်ပြီး သင်္ကြန်မှာ ကိုကို့နဲ့အတူ ပျော်နေကျပေါ့။

နှစ်တစ်နှစ်ရဲ့ မတ်လပိုင်း ကုန်ခါနီးလောက်မှာ ကိုကိုက တန်ခူးကို ဒီနှစ်တော့ ကိုကို အလုပ်တွေ အရမ်းများနေလို့ တန်ခူးမွေးနေ့အမီ ပြန်မလာဖြစ်တော့တဲ့အကြောင်း၊ သင်္ကြန်အကြိုနေ့မှ ပြန်ရောက်တော့မယ့်အကြောင်း ပြောတယ်။

တန်ခူးလည်း စိတ်ဆိုးပြီး…

"ကိုကို့ဘာသာ ပြန်လာချင်လာ၊ မလာချင်နေ၊ တန်ခူးလည်း ဒီနှစ် မန္တလေးသင်္ကြန်ကို မလာတော့ဘူး"

လို့ ပြန်ပြောလိုက်တယ်။ အဲဒီနောက်ပိုင်းကတည်းက ကိုကို့ဖုန်းဆက်ရင် တန်ခူး မကိုင်တော့ဘူး။ တန်ခူး ဖုန်းမကိုင်တော့ ကိုကိုက မေးလ်ပို့ရှာပါတယ်။ ကိုကို့ကို စိတ်မဆိုးနဲ့နော်ဆိုတဲ့အကြောင်း၊ ကိုကို တကယ်မအားလို့ ပြန်မလာဖြစ်တဲ့အကြောင်း၊ ကိုကို့ရဲ့ စိတ်ကတော့ တန်ခူးဆီမှာပဲ ရောက်နေတဲ့အကြောင်း၊ ကိုကို ဖုန်းဆက်ရင် ဖုန်းကိုင်ပါဆိုတဲ့အကြောင်း…နဲ့နေတာပါပဲ။

ကိုကိုကတော့ နေ့စဉ် ဖုန်းဆက်ပါတယ်။ တန်ခူးက ဖုန်းမကိုင်တော့



www.burmeseclassic.com

www.burmeseclassic.com

မေးလိုပြီး တန်ခူး ဖုန်းမကိုင်တဲ့အတွက် တော်တော်လေး စိတ်မကောင်းဖြစ်နေရတဲ့အကြောင်း ပြောပါတယ်။

တန်ခူးမွေးနေ့ရောက်တော့လည်း မေးလ်ထဲမှာ တန်ခူးအတွက် မွေးနေ့ဆုမွန် တောင်းပေးထားပါတယ်။ တန်ခူးက အန်တီမေတို့ကို ဒီနှစ် မန္တလေးကို မလိုက်တော့ဘူးလို့ ပြောတော့ အန်တီမေက…

"ဒါဆို အန်တီမေတို့လည်း သင်္ကြန်ပြီးမှ မန္တလေး ပြန်တက်တော့မယ်"

ကိုနေက တန်ခူးကို…

"ညီမလေး အုပ်စိုးက ကိုနေ့ဆီကို ဖုန်းဆက်တယ်၊ သူဖုန်းဆက်ရင် ညီမလေးက မကိုင်ဘူးဆို၊ သူအ[illegible]ပ်များနေလို့ ညီမလေးမွေးနေ့အမီ ပြန်မလာဖြစ်တာကို နားလည်ပေးရမှာပေါ့၊ အုပ်စိုးက ညီမလေးကို တော်တော်ချစ်တာပါ" တဲ့။

"ချစ်ရင် ကတိတည်ရမှာပေါ့"

လို့ တန်ခူး ပြန်ပြောလိုက်တယ်။

"ဒါ ကတိမတည်တာမှ မဟုတ်တာ၊ နိုင်ငံရပ်ခြားမှာ အလုပ်လုပ်နေတဲ့ဟာ ကိုယ်ဖြစ်ချင်တိုင်း လာလို့မရဘူးလေ"

□

သင်္ကြန်အကြိုနေ့မှာ ကိုနေ့ဆီကို ကိုကို ဖုန်းဆက်တယ်။ သူ မန္တလေးကို ပြန်ရောက်နေပြီ၊ ဒီညပဲ တန်ခူးဆီကို သူလာခဲ့မယ်ဆိုတဲ့အကြောင်း ပြောနိုင်းတယ်။

ကိုကို လာမယ်ဆိုတော့ တန်ခူး စိတ်ထဲမှာ အရမ်းပျော်သွားတာပဲ။ ကိုကိုလာရင် ကိုကိုချေတဲ့အထဲမှာ ပျော်ဝင်မသွားဘဲ ကိုကို့ကို နှစ်ရက်လောက် ပစ်ထားလိုက်ဦးမယ်လို့လည်း တွေးမိတယ်။

တန်ခူးတို့ခြံထဲက ပိတောက်ပင်ကြီးမှာ ပိတောက်ပန်းတွေ ဝါဝါထိန်ပြီး လှနေသလို တန်ခူးရဲ့ အတွေးစိတ်ကူးလေးလည်း လှပပျော်ရွှင်နေတာပေါ့။

တန်ခူး အဲဒီညက အိပ်လို့ မပျော်ဘူး။ အိပ်ပျော်သွားတဲ့ ခဏလေးမှာပဲ တန်ခူး အိပ်မက် မက်တယ်။ ကိုကိုက တန်ခူးအတွက် မွေးနေ့လက်ဆောင်ဆိုပြီး ဆွဲသီးလေး ပေးတယ်။ အရမ်းလှတာပဲ။

"ကိုကို့ကို စိတ်မဆိုးနဲ့တော့နော်၊ တန်ခူး စိတ်ဆိုးတာကို ကိုကို ဘယ်လိုမှ မခံစားနိုင်လို့ပါ၊ တန်ခူးကို ကိုကို အရမ်းချစ်တာပါ"

လို့ ပြောတယ်။ ကိုကို့ကို တန်ခူး အရမ်းသနားသွားပြီး တန်ခူး စိတ်မဆိုးတော့ပါဘူးလို့ ပြောလိုက်တဲ့ ချိန်မှာပဲ ကိုကိုက တန်ခူးနဲ့ဝေးတဲ့ဆီကို ထွက်သွားတယ်။ တန်ခူးလေ 'ကိုကို… ကိုကို…' လို့ အော်ခေါ်နေမိပြီး အိပ်ရာက လန့်နိုးသွားတယ်။

တန်ခူး နာရီလှမ်းကြည့်လိုက်တော့ မနက် ၁ နာရီခွဲလောက်ပဲ ရှိသေးတယ်။ အဲဒီအချိန်မှာပဲ တန်ခူးရဲ့ ဖုန်းက မြည်လာလို့ ဖုန်းကိုင်လိုက်တော့…

"သမီး တန်ခူးလား" တဲ့။

ကိုကို့မာမီရဲ့ အသံပါလား။ တန်ခူး ရင်ထိတ်သွားပြီး…

"ဟုတ်ပါတယ် အန်တီ၊ သမီး တန်ခူးပါ"

လို့ ပြန်ဖြေလိုက်တော့ ဖုန်းထဲက နေ ကိုကို့မာမီရဲ့ ငိုရှိုက်သံကို ကြားရပါတော့တယ်။

"သား ကားအက်ဆီးဒင့်ဖြစ်လို့ ဆုံးပြီ သမီးရယ်……."

ဖုန်းထဲကနေ ကိုကို့ရဲ့မာမီ ဘာတွေဆက်ပြောနေလဲဆိုတာ တန်ခူး မသိတော့ပါဘူး။ တန်ခူးလည်း အမှောင်ကမ္ဘာကြီးထဲကို ရောက်သွားလို့ပါ။

□

နှစ်တွေကြာပြီ ဆိုပေမယ့်လည်း ပိတောက်နဲ့ ပတ်သက်တဲ့ တန်ခူးရဲ့ မျှော်လင့်ခြင်းတွေဟာ အိပ်မက်တွေ ဖြစ်ခဲ့ရပြီး ထိုမျှော်လင့်ခြင်း အိပ်မက်တွေကနေ နိုးထလာတဲ့ တန်ခူးအတွက်တော့ လက်တွေ့ဘဝဟာဖြင့် မျက်ရည်တွေနဲ့ ကြေမွနေရဆဲပါ။

---

အင်ကြွင်းမြူမြူ(တောင်ငူ)

---



www.burmeseclassic.com

www.burmeseclassic.com

# မည်သူမပြု မိမိအမှု
# လှူကြည့်လိုက်ပါ ယခု

ဝေဖြူပွင့်

နေ့လယ် ၁၂ နာရီ မထိုးသေးပေမင့် ခေါင်းနေက အတော်ငယ်မူစ ပြုလာပေပြီ။ သည်နေ့ ဘယ်မှမသွား။ အိမ်မှာ စာဖတ်ဦးမည်အစဉ်တွေးနှင့် ဧရင်းဘက်ပေါ်မှာလှဲကာ စာဖတ်ဖြစ်၏။ ခုံပုလေးပေါ်မှာ ရေနွေးဘူး၊ ဆေးလိပ်၊ ဆေးလိပ်ခွက်၊ မီးခြစ်၊ ဖန်ခွက် စုံလင်စွာထားပေး၍ ကျေနပ်နှစ်သိမ့်စွာပြုံးမိလိုက်သည်။ သည်လို အလိုက်တသိလုပ်ပေးထားတာကို မြင်တော့ အမှတ်ပေးစကားတစ်ခွန်း ဆိုဖြစ်လိုက်ပါသည်။ သည်လိုလုပ်ပေးထားပြန်တော့လည်း ငါ့ယောက်ျားက အလိုက်သိသား။ ကျေနပ်စိတ်ဖြင့် ဖတ်လက်စစာအုပ်ကို ပြန်ဖတ်သည်။

ထိုအချိန်မှာ ခြေထောက်ကို ပွတ်သီးပွတ်သပ်လာလုပ်ပြီး မျက်နှာချိုသွေးနေသော သားကြီးဗိုကြောင်က ကျွန်မမျက်နှာသာပေးရင် ဧရင်းဘက်ပေါ်တက်ရန် ချောင်းနေ၏။ တစ်ချက်တည်းမှာ ခြေထောက်နှစ်ဖက်ကို စစ်ခနဲ စစ်ခနဲ ခြင်ကိုက်ခံလိုက်ရသည်။ စောစောက ကြည်နူးစိတ် ပီတိကလေးသည် ချက်ချင်း ကြက်ပျောက်၊ ငှက်ပျောက် ပျောက်သွားပြီး ထိုစိတ်ကလေးနေရာမှာ ဒေါသက ချက်ချင်းနေရာယူလိုက်သည်။

"ဗိုသားရေ…နင်ကလည်း အကောင်းတော်တော်ကြီးကို။ ချောင်းပြီး ငါ့သေးပုံးလာအိပ်မလို့ မဟုတ်လား။ အသုံးမကျတဲ့ကြောင်က ငါ့အနားမှာ လာကပ်နေ၊ အသုံးကျတဲ့ လူက နိုင်းမှာစိုးလို့ ငါနဲ့ တစ်မိုင်လောက်ဝေးတဲ့နေရာ သွားနေတယ်။ နေ့လယ်ဘက်ဘည်း ခြင်ကိုက်တာသိရဲ့သားနဲ့ ခြင်ဆေးထွန်းပေးမထားဘူး။ စာဖတ်တဲ့လူ ခြင်ကိုက်တာပေါ့။ သွား…သွား နင်က ဘာမှအသုံးမကျတဲ့ကြောင်။ မသွားဘူးလား။ ငါဒိတ်ကန်ထည့်လိုက်မှာနော်"

စိတ်တိုတိုဖြင့် အသံအကျယ်ကြီး ပြောသာနေမိသည်။ အိမ်ကပုဂ္ဂိုလ်က ဘယ်ခြံထောင့်၊ ဘယ်နေရာမှာ ဘာပင်တွေစိုက်၍ ဘာပင်တွေခုတ်နေမှန်းမသိ။ ခြင်တွေကလည်း ကိုက်လိုက်တာ လွန်ပါလေရော။ အိမ်အပေါ်ထပ်မှ ခြင်ဆေးခွေခွက်ကို သွားယူမီညှိရမှာ အပြင်းရှေ့လျက် ကျွန်မပါးစပ်မှ မြည်တွန်တောက်တီးနေမိသည်။

သူ့ ကြောင်ကို အော်ကြီးဟစ်ကျယ်မဲပြီး သူ့ကြိမ်း

www.burmeseclassic.com

ဆောင်နေပြီဆို သူ့အပေါ်မှာ တစ်စုံတစ်ခုကို မကျေနပ်သော စိတ်နှင့် သောင်းကျန်းနေသည်ဆိုတာကို သူကောင်းကောင်း ကြီးသိသည်။ အနားတစ်ဝိုက်မှာ သူရှိနေလျှင် ပြေးလာမှာ။ ကြောင်ကို ခုတာရိုက်တာကို သူမကြိုက်ပေ။ ယခုချိန်ထိ ရောက်မလာပုံဆို နောက်ဖေးခြံတောင့်ကို ရောက်နေသလား။ တစ်အိမ်ခြံက ငှက်ပျောခြံကို သွားနေသလား။

ယပ်တောင်တစ်ချောင်းနှင့် ခြင်တွေ မောင်းထုတ်နေမိသည်။ သည်အချိန်မှာပဲ မဟာသီတစ်ယောက် မျက်နှာ မချွင်မပျနှင့် ရောက်လာသည်။

"နွေတောင်မရောက်သေးဘူး ပူလိုက်တာနော်"

"အေးဟယ် ထိုင်လေ။ မျက်နှာမှာ ချွေးတွေ ရွှဲလို့ ပါလား။ မမ အအေးသွားယူလိုက်ဦးမယ်။ ဘာသောက်မလဲ"

"နေပါစေမမ မငသောက်တော့ဘူး။ ညကလည်း ရင်တွေကျပ်လို့ အအေးမသောက်ရဲဘူး"

"ဒါဆို ကော်ဖီသောက်မလား။ အမောပြေပေါ့"

"မမဆီ စိတ်တရောက်ပြီမဟုတ်လား။ သိမ်ဆွင်းကို ဘာလောင်းရမှန်းမသိလို့ စဉ်းစားမရတာနဲ့ မမဆီ ပြေးလာ ဖေးတာ"

မဟာသီစကား ကြားလိုက်ရမှာ အံ့ဩစိတ်ဖြင့် သူ့ မျက်နှာကိုမမြင်ဖူးသည့် သူစိမ်းတစ်ယောက်နယ် အတန် ကြာစိုက်ကြည့်နေမိသည်။ သူတို့မောင်နှမတွေ စားဝတ်နေ ရေး မပြေလည်တာ ကျပ်တည်းစွာစားသောက်နေရ၍ သူမှာ လည်း အရွယ်နှင့်မမျှ ရင့်နင့်ကျောကပ်ကာ ပိန်လှပ်လှပ် အလေး ဖြစ်နေရှာသည်။

ယခုအလျှုကာ ရက်ခွေရက်မျိုးတွေ။ ပြီး ရှေ့အစမှင့် အင်မတန်ရင်းနှီးခင်မင်သူတွေမို့ သူတို့မောင်နှမတွေ မဖြစ် နေ သိမ်ဆွင်းသွားလောင်းကြရမှာလည်း ဖြစ်နေ၏။ သူတို့ အကြောင်း အတွင်းသိ အခေါင်းသိ ကျွန်မမှာ ဘယ်လိုအကြံ ပေးရမှန်းမသိ။

"နို့ . . . မောင်လှပြုံးကြီးနှစ်ယောက်ကရော ဘာလျှ ဆက်ပြောလဲ။ ပိုက်ဆံဘယ်လောက်ပေးထားလဲ"

"ကျွန်မတို့ ပိုက်ဆံတစ်ထောင် ပေးထားတယ်။ အဲဒါနဲ့ ကြည့်လှူတဲ့။ အငယ်ကောင်က ရွှောက်လွှာစာရွက် ရောင်းတွေကို စာဒိတ်လုပ်ပေးထားတယ်"

"မမရော သိမ်ဆွင်းဘာလောင်းမလဲ"

စိတ်တရပြီးကတည်းက သိမ်ဆွင်းလောင်းဖို့ ဆုံးဖြတ် စိတ်ပြီးပါပြီ။ မျက်နှာသုတ်ပဝါအကောင်းစား အထူကလေး ဆယ်ထည် နှစ်ထုပ်ဝယ်ထားပြီးပြီ။ ယခုသိမ်ဆွင်းက သံယာ ဆယ်ပါး။ ဆယ်ထည်တစ်ထုပ်က ပိုနေပြီ။ သူ့မောင်တွေက ငွေတစ်ထောင်ပေးပြီး သံဃာဆယ်ပါးကို တစ်ပါးတစ်ရာ လောင်းနိုင်းတာကို စိတ်ပျက်ရုက်ရှုံ့စွာနှင့် ချွေးတွေပုံနေရှာ သည်။

"သိမ်ဆွင်းလောင်းဖို့ မျက်နှာသုတ်ပဝါလေးတွေ ဝယ် ထားတာ ဆယ်ထည်ပိုနေတယ်။ ညီမသိမ်ဆွင်းလောင်းလိုက်"

"ဟင့်အင်း။ သည်လိုလည်းမဖြစ်ဘူး။ မမမျက်နှာသုတ် ပဝါတွေက အကောင်းစားတွေ။ တစ်ထည်တစ်ရာနဲ့ ဘယ်လို မှ မရနိုင်ဘူး။ အဲသလောက် တန်ဖိုးကြီးတာတွေ ကျွန်မ မလှူနိုင်ဘူးမမရဲ့"

"နင်မဝယ်ရပါဘူး။ မမပေးမှာပါ"

"ဒါဆို ကျွန်မတို့မောင်နှမအလှူက ဘယ်မှာပါမှာ တုန်း။ ဘယ်လိုလုပ် ကုသိုလ်ရမှာလဲလို့"

"ညီမကလည်း အားမငယ်ပါနဲ့ကွယ်။ လူတစ်ယောက် ရဲ့ ကုသိုလ်ကံဆိုတာ ဘယ်သူမှမမြင်ရတာမဟုတ်ဘူးလေ။ လုံထမ်းလာတာသာမြင်ရ ကံထမ်းလာတာ မမြင်ရလို့ ဆို ထားတယ်မဟုတ်လား။ စိတ်ဓာတ်မကျပါနဲ့။ ခုမလှူနိုင် တောင် တစ်ချိန်ချိန်မှာ အလှူကြီးတစ်ခု လှူနိုင်မှာပေါ့။ ကံ ကံ၏အကျိုးဆိုတာ ရှိသေးတာ။ အကျိုးပေးချိန်တန်ရင် အကျိုးပေးလာမှာ။ ကိုယ်လှူတဲ့အလှူက ညောင်စေ့လောက် ကလေးပဲလှူ ကိုယ့်စေတနာသဒ္ဓါတရားအပေါ် မူတည်ပြီး ညောင်ပင်ကြီးလောက်ရနိုင်တယ်တဲ့။ ညောင်ပင်ကြီးလောက် လှူပေးနိုလည်း ညောင်စေ့လောက်မရတာတွေလည်း ရှိ တယ်ကွဲ့။ ဗြော် . . . မေ့နေလိုက်တာ။ တလောက မရှန်ကုန် သွားသေးတယ်။ ရွှေတိဂုံဘုရား အရှေ့တောင်ဘက်မှာ ဆာတိုးသာတန်ဆောင်းမှာ စတုသစ္စာပါရမီရှင် အသင်းရှိ တယ်။ အဲသည်အသင်းမှာ မမလည်း အသင်းဝင်ထားတာ ကြာပြီ။ ကြာဆို ၁၉၇၉ ခုနှစ်လောက်ကတည်းကပေါ့။

ရွှေတိဂုံဘုရားသွားတိုင်း မမတို့ အသင်းတန်ဆောင်း က ဝိတုန်းပုနိုင်းဘုရားကိုဝင်ဖူး။ ပန်းရွှတ်၊ ဗုဒ္ဓါဂုဏ်



www.burmeseclassic.com

www.burmeseclassic.com

တော်ကိုလည်း ပုတီးစိပ်တယ်။ အသင်းမှာရေးထားတဲ့ အသင်းသူ၊ အသင်းသားတွေ သိရှိဆောင်ရွက်ဖို့ရေးထားတဲ့ ကြေညာစာတွေဖတ်၊ ရွှေတိဂုံဘုရားကြီး မူးမြော်ရှိခိုးပြီး မျက်နှာအမောဲလိုက်မှာ စာပိုဒ်ကြီးတစ်ခုကို ပလတ်စတစ်အကြည်ချပ်ပြီး ကပ်ထားတာတွေလို့ မမဖတ်ကြည့်လိုက်တဲ့အခါ သိမ်ကို တန်ဖိုးကြီးမားပြီး အဓိပ္ပာယ်ရှိတဲ့စာသားတွေ ဖတ်လိုက်ရတယ်ကွဲ့"

"ဘာစာသားတွေမို့လဲ မမရဲ့ ညီမကို ပြောပါဦး"

"ပြောရုံမကဘူး။ စာရွက်ပါပေးလိုက်မှာ"

ငွေကြေးမရှိသော်လည်း ပေးကမ်းနိုင်သော အလှူဒါနခုနစ်မျိုး -

အခါတစ်ပါး၌ လူတစ်ယောက်သည် မြတ်စွာဘုရား ထံချဉ်းကပ်၍ "အကျွန်ုပ်သည် မည်သည့်အရာကိုလုပ်လုပ် မအောင်မမြင်ဖြစ်နေပါသည်။ အဘယ့်ကြောင့် မအောင်မမြင် ဖြစ်ပါသနည်း"ဟု မေးလျှောက်သည်။

အသင်သည် အလှူဒါနမပြုတတ်၍ ဖြစ်သည်ဟူ၍ မြတ်စွာဘုရားက ဖြေကြားတော်မူသည်။ ငွေကြေး တစ်ပြားတစ်ချပ်မျှမရှိသော ဆင်းရဲသားကျွန်ုပ်အဖို့ မည်ကဲ့သို့ အလှူဒါနပြုနိုင်ပါမည်နည်း။ ငွေကြေးမရှိသော်လည်း ပေးကမ်းနိုင်သောအလှူဒါန ခုနစ်မျိုးရှိသည်။ ထိုခုနစ်မျိုးမှာ . . .

၁။ မျက်နှာအမူအရာဖြင့် အလှူဒါနပြုခြင်း - အပြုံးဖြင့် ဖော်ရွေစွာ ဆက်ဆံခြင်း။

၂။ နှုတ်ဖြင့် အလှူဒါနပြုခြင်း - အားပေးစကား၊ နှစ်သိမ့်စကား၊ ချီးကျူးစကားများ ပြောဆိုခြင်း၊ ညှာတာစကား၊ နွေးထွေးသောစကားများ ပြောဆိုခြင်း။

၃။ စိတ်ဖြင့်အလှူဒါနပြုခြင်း - စိတ်တံခါးကိုဖွင့်၍ သူတစ်ပါးကို ရိုးသားပွင့်လင်းစွာ ဆက်ဆံခြင်း။

၄။ အမြင်ဖြင့် အလှူဒါနပြုခြင်း - ကောင်းသော စေတနာအမြင်ဖြင့် သူတစ်ပါးကို ကြည့်မြင်တတ်ခြင်း။

၅။ ကိုယ်ကာယလုပ်အားဖြင့် အလှူဒါနပြုခြင်း - ကိုယ်နိုင်နင်းသော လုပ်အားပေးမှုဖြင့် သူတစ်ပါးကို ကူညီခြင်း။

၆။ နေရာထိုင်ခင်း အလှူဒါနပြုခြင်း - ရထားစီးသည့်အခါ မိမိထိုင်ခုံနေရာကို အိုမင်းမစွမ်းသူ၊ ကိုယ်ဝန်ရှိသူနှင့် ကလေးငယ်တို့အား မိမိထိုင်ခုံနေရာကို ပေးထိုင်ခြင်း။

၇။ မိမိနေအိမ်ကို အလှူဒါနပြုခြင်း - မိမိအိမ်နေရာကို သူတစ်ပါးအနားယူရန် ပေးကမ်းခြင်း။

မည်သူမဆို ဤအလှူဒါန ခုနစ်မျိုးသော ကောင်းမှုကုသိုလ်ကို ပေးကမ်းလှူဒါန်းလေ့ရှိသည့် အကျင့်ကောင်းရှိလျှင် အောင်မြင်ခြင်းသည် ထက်ကြပ်မကွာ လိုက်ပါလာမည် ဖြစ်ပါသည်။

ကျွန်မပေးသော စာရွက်ကို ဖတ်နေရင်း သူမမျက်နှာလေးက တစ်စထက်တစ်စ ဝင်းပလာလျက် အဆုံးသောအခါ သူမမျက်နှာပြင်ဝယ် အပြုံးရိပ်တို့ သစ်လွင်တောက်ပနေသည်။

"ကောင်းလိုက်တဲ့ စာသားတွေ မမရယ်၊ အဲသည်စာရွက်ကလေး ညီမတို့မောင်နှမကို ပေးလိုက်ပါလားဟင်၊ ဟိုကောင်တွေလည်း ဖတ်စေချင်လို့"

"ပေးလိုက်ပါမယ်ကွယ်၊ မွေးဒါနပြုဖို့ မမ စာကူးစက်မှာ မိတ္တူကူးထားတာ အများကြီးရှိတယ်"

သူမ၏စိတ်ချမ်းမြေ့မှုက ကျွန်မကို ကူးစက်ပြီး ခြင်ကိုက်နေတာလည်းမေ့၊ ခြင်ဆေးမထွန်းပေးခဲ့ရကောင်းလားဟု ဒေါသအမျက်သည်လည်း ဘယ်ရောက်သွားမှန်းမသိ၊ သိမ်ဆင်းလောင်းရန် သူမကိုပေးမည့် တဘက်ထုပ်ကလေးကို ထိုစာရွက်ကလေးနှင့်ပတ်ကာ ပေးလိုက်ပါသည်။

မသိသောသူကို သိရန် အသိတရား၊ အဖြစ်တရား မွေးစာရွက်လေးကို ပေးလှူလိုက်ရသော ကျွန်မရင်ထဲမှာလည်း မြတ်စွာဘုရားရှင်၏ အလှူခုနစ်မျိုးကို နှစ်သက်ကျေနပ်အားရစွာ ရှိနေသည်မို့ ယခု ပစ္စုပ္ပန်ကာလလေးမှာပင် ကျွန်မအတွက် အလှူဒါနကြီးတစ်ခု လှူလိုက်ရသလို ဝမ်းမြောက်ဝမ်းသာ ရှိနေပါတော့သည်။

မေတ္တာများစွာဖြင့်

စာမြနှင်း




www.burmeseclassic.com

www.burmeseclassic.com


**စာရေးဆရာမောင်စိန်ဝင်း(ပုတီးကုန်း)ထံမှ နှစ်ပေါင်း(၂၀)နီးပါးက စာတစ်စောင်**

ဆရာဦးအောင်မိုးဇော်(အထက်တန်း ... ဗေဒ လက္ခဏာပညာရှင်)အား
၁၉၈၃-ခုနှစ်တွင် တွေ့ရှိ၍ ဘဝရေ ...
မေးမြန်းခဲ့ရာ ကျွန်တော့်အား ၁၉၈၄ ခု ပြက္ခဒိန်လအတွင်း
မြန်မာပြည် အရှေ့မြောက်ဒေသ တိုင်းပြည်သို့
ပညာတော်သင်ခရီး သွားရောက်ရပြီဟု ဟောကြားခဲ့ပါသည်။
ယခုအခါတွင် ဆရာ၏ ဟောကြားချက်များအတိုင်း
အရှေ့မြောက်ပြည်သူ့သမ္မတနိုင်ငံသို့ (၁၅-၈-၁၉၈၄)နေ့တွင်
ပညာတော်သင်အဖြစ် သွားရောက်ခဲ့ရပါသဖြင့်
တိကျမှန်ကန်စွာ ဟောကြားခဲ့သော ဆရာ၏ပညာရပ်များကို
အံ့ဩချီးကျူး ဂုဏ်ပြုလိုက်ပါသည်။

စိန်ဝင်း
B.E (Mech.)
စက်မှုဥပဒေစက်ရုံ အ ... ၁)



၂၁ ဂါဂူ

# ဆရာဦးအောင်မိုးဇော်

(Ex. စာပေဗိမာန်)

အထက်တန်းလက္ခဏာ၊ နက္ခတ်ဗေဒပညာရှင်
ASTRO-PALMIST EXPERT
သင်တန်းနည်းပြ

အလုပ်ခန်းနေရာ
အမှတ်(၁၄)၊ ရွှေဘုန်းပွင့်ဘုရားစျေးတန်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အလုပ်ချိန် - နံနက်(၈း၃၀)မှ ညနေ(၆း၀၀)နာရီထိ



# ဂမ္ဘီရ ဆရာလှမျိုး(B.Sc) ၏

- လူတိုင်းအတွက် ကိန်းဂဏန်းဗေဒင်နှင့် အဆောင်ယတြာများ။
- ခုနစ်ရေ့ ခုနစ်နံ ကံပွင့် လာဘ်ပွင့် အဓိဋ္ဌာန်နှင့် ကံကောင်းအောင်မြင် ယတြာများ။
- ကံပွင့် လာဘ်ပွင့် ဂါထာမန္တန်များ။

ထွက်ပြီ

ဖြန့်ချိရေး - စာပေနန်းတော်
ဖုန်း - ၀၉-၂၆၀၂၄၅၂၂၄၊ ၀၉-၇၃၁၄၀၉၁၄၊ ၀၉-၇၃၁၄၀၉၁၆


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား

မင်းသိင်္ခ

ဇာတ်သိမ်း

ဆိတ်ဖွားတို့ ကမ်းပေါ်သို့ရောက်သည့်အခါ၌ တံငါများနှင့် အလုပ်ကြမ်းသမားများသည် ဆိတ်ဖွားတို့၌ ပစ္စည်းပစ္စယများပါရှိလာပါက ကူညီထမ်းပိုးရန်အတွက် အနီးသို့ကပ်၍ လာကြလေ၏။

ထိုအထဲမှ ဟောင်းနွမ်းစုတ်ပြဲလျက်ရှိသော အင်္ကျီကိုဝတ်ဆင်လျက် ဦးထုပ်စုတ်ကိုဆောင်းထားသော အလုပ်ကြမ်းသမားတစ်ဦးသည် ဆိတ်ဖွားအနီးသို့ကပ်လာပြီးလျှင် သူ၏လက်တွင်းမှ တစ်စုံတစ်ခုအား ချောက်ခနဲ အသံမြည်စေလျက်ဆိတ်ဖွား၏နားထင်ကို ထောက်လိုက်လေ၏။

"ဆရာဆိတ်ဖွား ငြိမ်ငြိမ်ကလေးနေပါ"

ဟု ထိုသူက ပြောလိုက်လေ၏။

"ခြော်···ခားပုလင်းနှင်းမောင်ကိုး၊ ကျုပ်လည်း ခင်ဗျားဆီ လာမလို့ပါပဲဗျာ"

ဟုဆိုကာ ဆိတ်ဖွားက ဣန္ဒြေရရပြောလိုက်လေ၏။ ထိုအချိန်၌ သေဋ္ဌာသည် ကမ်းစပ်ဘက်သို့ ထွက်၍ပြေးလေ၏။ ပြေးရင်း၌လည်း အင်္ကျီကိုချွတ်ပစ်၍ ဆုတ်ဖြဲလိုက်လေ၏။ သေဋ္ဌာနောက်သို့ အလုပ်ကြမ်းသမား ဟန်ဆောင်ထားသော စုံထောက်များက

"မပြေးနဲ့ မပြေးနဲ့ ပစ်လိုက်မယ်"

ဟုဆိုကာ ဝိုင်း၍လိုက်ကြလေ၏။ သေဋ္ဌာသည် ကျောက်ဆောင်ကလေးပေါ်သို့ တက်ပြေးပြီးနောက် ကျောက်ဆောင်ပေါ်သို့ရောက်လျှင် သူ၏အင်္ကျီအပြန့်စ်ခုအား အသုံးပြု၍ ဘလူးကျိုင်းယင့်သင်္ဘောကြီးဘက်သို့ လှည့်ကာ (X)အိပ်ကစ်စ်ဟူသော အမှတ်အသားအား အလံပြလိုက်လေတော့၏။

သင်္ဘော၏ရှေ့ကတိုင်၌ ချိတ်ထားသော ကြိုးလှေကားပေါ်မှ မှန်ပြောင်းနှင့်ကြည့်နေသော မိုးသီးသည် အဖြစ်အပျက်အလုံးစုံကိုလည်းကောင်း၊ သေဋ္ဌာပြသော အလံအမှတ်အသားကိုလည်းကောင်း ကောင်းစွာတွေ့မြင်ရပေရာ သူ၏တပည့် ကုလားသင်္ဘောသားများအား ကျောက်ကြိုးမ,ရန် အမိန့်ပေးလိုက်လေတော့၏။

များမကြာမီအချိန်၌ပင် ဘလူးကျိုင်းယင့် သင်္ဘောကြီးသည် ရေလယ်တွင် ကျောက်ချနေရာမှ ရွက်များတင်ကာ ရွေ့လျားသွားလေတော့၏။

သင်္ဘောနောက်သို့ မော်တော်ဘုတ်တစ်စင်းက လိုက်သော်လည်း သင်္ဘောပေါ်မှ သေနတ်များဖြင့် ပစ်ခတ်သဖြင့် မလိုက်ဝံ့တော့ဘဲ ပြန်၍လှည့်လာလေတော့၏။

ကျောက်ဆောင်ပေါ်သို့ ရောက်နေသော သေဋ္ဌာကိုလည်း ရပ်ဖျက်ထားသော စုံထောက်များက ဖမ်းဆီးလိုက်လေတော့၏။

ဆားပုလင်းနှင်းမောင်ဟု ဆိုအပ်သော စုံထောက်ကျော်သည် ဆိတ်ဖွားအား လက်ထိတ်ခတ်လိုက်ပြီးနောက် မောင်သန်းအေးဘက်သို့လှည့်ကာ -

"မောင်သန်းအေးဆိုတာ မှတ်တယ်"

ဟု မေးလိုက်ရာ မောင်သန်းအေးက -

"ဟုတ်ပါတယ်"

ဟု ဝန်ခံလိုက်လေ၏။

"ပင်လယ်ကမ်းစပ်မှာ ကျွန်းမြန်မကျိုးသီးကို သတ်ထားတာတွေ့တယ်။ အဲဒါ ဘယ်သူ့လက်ချက်လဲ မောင်သန်းအေး"

"ဟောဒီ ကိုဆိတ်ဖွားသတ်တာပါ"

"ဆရာဆိတ်ဖွားက တခြားဟာတွေအတွက် ဘာမှ ဒီလောက်မငြိစွန်းဘူးဗျ။ ရှေ့နေကောင်းကောင်းနဲ့ ရုံးမှာလျှောက်လွှဲလိုက်ရင် လွတ်တောင်မှ လွတ်သွားနိုင်ပါတယ်။ အခုတော့ လူသတ်မှုက ရှိနေပြီပေါ့ဗျာ"

ဟု ဆားပုလင်းနှင်းမောင်က စိတ်မကောင်းသောလေသံဖြင့် ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com

လေ၏။ သေဋ္ဌာက ဆိတ်ဖွားအား လှမ်းကြည့်လိုက်ပြီးနောက်…

"ဆရာဆိတ်ဖွားရေ ဦးနတ္တိတော့ လွတ်သွားပြီပေါ့ဗျာ"

ဟု ပြောလိုက်လျှင် ဆားပုလင်းနှင်းမောင်က ပြုံးလျက်…

"ဪ…ဆရာဆိတ်ဖွား။ လူရမ်းကားကြီးလေးဦးထားခဲ့တဲ့ ဦးနတ္တိဂူက ရတနာတွေအတွက်လည်း မပူပါနဲ့ဗျား။ အဲဒါ နဂိုကတည်းက မရှိတော့ဘူး။ သူတို့အထဲက ပဥ္စရူပဘာသိန်းဆိုတဲ့ လူဆိုးကြီးက ထုတ်ယူသွားတာ ကြာလှပြီ"

ဟု ဆားပုလင်းနှင်းမောင်ကပြောလိုက်လျှင် ဆိတ်ဖွားက သေဋ္ဌာအား အမိပွာယ်ပါပါ ကြည့်လိုက်လေ၏။

"ဘာပဲဖြစ်ဖြစ် သေဋ္ဌာရေ… မိုးသီးနဲ့ မြစပယ် လွတ်သွားတာကတော့ ငါတို့အမြတ်ပဲ"

ဟု ဆိတ်ဖွားက ပြောလိုက်ပြန်ရာ သေဋ္ဌာက -

"အစစ်ပဲဗျ။ ကိုမိုးသီးဟာ မမင်းဖြူကို အစားရလိုက်တာပဲ"

ဟု ပြောလိုက်လေ၏။

"အေးဗျာ ကိုမိုးသီးက ကျုပ်ကို တောင် နှုတ်ဆက်ဖော်မရဘူး။ ဒီလူက ကျုပ်ခင်သလို မခင်ဘူးဗျ"

ဟု ဆားပုလင်းနှင်းမောင်ကပြောလိုက်လျှင် သေဋ္ဌာက -

"ခင်ဗျားကို ခင်ဖို့ဟာက ခဝါသည်နဲ့ မီးသွေးဖုတ်သမား အခွေခင်ပွန်းဖြစ်သလို ရှိတော့မှာပေါ့ ကိုနှင်းမောင်…ဟားဟားဟား"

ဟု ပြောလိုက်ရာ အားလုံးက ဝိုင်း၍ရယ်မောကြလေ၏။

"နောက်တစ်ခု ဆရာဆိတ်ဖွားတို့ရဲ့ ဆောင်ရွက်ချက် အောင်မြင်တာက တော့ ဟောဒီမောင်သန်းအေးနဲ့ မယဉ်နွယ်တို့ ပြန်ပြီးဆုံစည်းကြတဲ့ကိစ္စပဲ မဟုတ်လား"

ဟု ဆားပုလင်းနှင်းမောင်ကပြောလိုက်လေ၏။

ထိုအခါ ဆိတ်ဖွားက အားပါးတရ ရယ်မောလိုက်ပြီးလျှင် -

"ကိုနှင်းမောင် ဒီတစ်ခါတော့ ခင်ဗျားထင်သလို မဟုတ်ဘူးဗျို့…။ မောင်သန်းအေးနဲ့ မယဉ်နွယ်တို့ ပြန်ပြီး ဆုံစည်းကြတဲ့ ကိစ္စကလည်း မဖြစ်နိုင်တော့ဘူးဗျ။ ဘာဖြစ်လို့လဲဆိုတော့… မောင်သန်းအေးက မယဉ်နွယ်ကို တကယ်ချစ်တာမဟုတ်ဘူးဆိုပဲ။ အပျော်ကြံရုံ သက်သက်ပဲလို့ပြောတယ်။ ဒါပေမယ့် တစ်ဖက်က မယဉ်နွယ်ကတော့ သူ့ကို တော်တော်လေးချစ်နေရှာတယ်။ မတတ်နိုင်ဘူးလေ။ ကျုပ်တာဝန်ကတော့ မယဉ်နွယ်ကို မောင်သန်းအေးနဲ့ တွေ့ပေးဖို့ပါပဲ"

ဟု ပြောလိုက်လေသတည်း။

× × ×

## ဆိတ်ဖွား၏ လူသားတို့အပေါ်၌ထားရှိသော သဘောထား ပြောင်းလဲခြင်း

ဆိတ်ဖွားသည် အမှန်စင်စစ်အားဖြင့် လူဆိုးတစ်ယောက်မဟုတ်ပေ။ လူတွေကိုချစ်ခင်၏။ အခက်အခဲတွေ့နေသူများကို ကူညီလို၏။ မဟုတ်မခံစိတ်ရှိ၏။ လူတွေကို အကျိုးပြုလို၏။ သို့ရာတွင် ၎င်းအနေနှင့် ကူညီခဲ့ရသော မောင်သန်းအေးက ပင်လယ်ဓားပြများနှင့်မူပေါင်းကာ ၎င်းအပါအဝင် မိုးသီးနှင့် သေဋ္ဌာတို့၏အသက်ကို လုပ်ကြံခဲ့သည်ကို တွေ့မြင်ရသောအခါ၌ ၎င်း၏စိတ်၌ လူဆိုသည်မှာ ကူညီရန်မသင့်သော သတ္တဝါတစ်မျိုးပင်ဖြစ်၏ဟု မှတ်ချက်ချမိပေသည်။ ထို့ကြောင့် ၎င်းရေးသားလျက်ရှိသော "လူသားတို့ထွက်ရပ်လမ်း"ဟု အမည်ပေးထားသည့် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ စသော ဗြဟ္မစိုရ်တရားကို အခြေခံလျက် လူလူချင်း မည်သို့မည်ပုံ ကူညီရိုင်းပင်းရမည် စသည်တို့ကို ဖော်ပြထားသည့် ကျမ်းစာအုပ်ကြီးအား ပင်လယ်ထဲသို့ လွှင့်ပစ်ခဲ့ပြီး ဖြစ်လေသည်။

ထို့ကြောင့် ဆိတ်ဖွားသည် -

"အင်း…လူတွေ…လူတွေ ကျေးဇူးတရားကို မျက်ကွယ်ပြုတဲ့လူတွေ"ဟု တစ်ကိုယ်တည်း ရေရွတ်မိလေ၏။

ထိုအချိန်၌ အစောင့်ပုလိပ်ကလေးသည် ဆိတ်ဖွားအား ချုပ်နှောင်ထားသည့် တာမွေဂါတ်အချုပ်ခန်းဆီသို့ လာရောက်၍ လက်ဖက်ရည်တစ်ခွက်နှင့်အတူ ခေါက်ပြင်းလိပ်ကိုပေးရင်း -

"ဆရာဆိတ်ဖွားအတွက် ဆရာကိုနှင်းမောင်က ပို့ခိုင်းလိုက်တာပါ"

ဟုလည်း ပုလိပ်ကလေးက ပြောလေ၏။

ဆိတ်ဖွားသည် လက်ဖက်ရည်ခွက်ကို ကောက်ယူ မော့ချလိုက်ပြီးနောက် ခေါက်ပြင်းလိပ်ကို မီးညှိရှိုက်ဖွာလေ၏။ ထိုအချိန်၌ ဆိတ်ဖွားထံသို့ မိန်းကလေးတစ်ယောက်သည် မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com

များ တစ္ဝေတွဝေတွကျလျက် ရောက်ရှိလာလေ၏။

"ဦးလေးဆိတ်ဖွား နွယ့်ကြောင့် ဒီလိုဖြစ်ရတာပဲ"

ဟု မိန်းကလေးက ဝမ်းနည်းကြေကွဲစွာ ပြောလိုက်လေ၏။

"ဟုတ်တယ်ကလေးမ။ ဒါပေမယ့် မင်းရဲ့ချစ်သူ မောင်သန်းအေးကို မင်းအနေနဲ့ ပိုင်ဆိုင်ရပြီဆိုတော့ ကျုပ်တို့ အနစ်နာခံရကျိုး နပ်ပါပြီ မိန်းကလေး"

မယဉ်နွယ်သည် ရှိုက်၍ရှိုက်၍ ငိုနေလေ၏။ ဆိတ်ဖွားသည် မယဉ်နွယ်အား စိတ်မကောင်းစွာဖြင့် ကြည့်၍နေလေ၏။

"ကိုသန်းအေးက နွယ့်ကို မယူပါဘူး။ မနေ့ကပဲ သူဌေးသမီးတစ်ယောက်နဲ့ လက်ထပ်လိုက်ကြပြီ ဦးလေး။ နွယ် ပြောရမှာ ရှက်ပါတယ်။ နွယ့်မှာလေ သူနဲ့ရတဲ့ကိုယ်ဝန်က…"

မယဉ်နွယ်က ပြောလိုက်မှ ဆိတ်ဖွားသည် မယဉ်နွယ်၏ဝမ်းဗိုက်ဆီသို့ မျက်လုံးကို ရွှေ့လိုက်ရာ အတော်အတန် ဖောင်းဖောင်းမို့မို့ ဖြစ်လျက်ရှိသောဗိုက်ကို တွေ့ရလေတော့၏။

"လူတွေ လူတွေ အကြင်နာမဲ့တဲ့ လူတွေ။ ကျုပ်တော့ လူတွေကို စိတ်ကုန်သွားပြီ ကလေးမ။ လူတွေဟာ ရက်စက်လွန်းတယ်။ ကဲ…ကလေးမ ဖြန့်ပါတော့။ မင်းကိုကြည့်ရတာ စိတ်ချမ်းသာလွန်းလို့ပါ"

ဟုဆိုကာ ဆိတ်ဖွားသည် မယဉ်နွယ်အား ပြန်နှိုင်းလိုက်လေ၏။

မယဉ်နွယ် ထွက်၍သွားသည့်အခါ၌ ဆိတ်ဖွားသည် လက်ကိုနောက်ပစ်လျက် အချုပ်ခန်းအတွင်း၌ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း လူတွေအကြောင်းကို" လေးလေးနက်နက်စဉ်းစား၍နေလေ၏။

သူ၏ဦးနှောက်ဟူသော ဓာတ်ခွဲခန်း၌ "လူ"ဟူသော သတ္တဝါကို ဓာတ်ခွဲ၍ကြည့်နေ၏။ တစ်စစီအဖြေထုတ်၍ ကြည့်နေ၏။ လူနှင့်ပတ်သက်၍ အဆုံးအဖြတ် ပြုနိုင်ရန်အတွက် အချက်အလက်ပေါင်းများစွာကို ရှာဖွေလေသည်။ ထိုအချိန်၌ အချုပ်ခန်းရှေ့သို့ ဆားပုလင်းနှင်းမောင် ရောက်ရှိလာလေသည်။

"ကိုဆိတ်ဖွား လိုတာကိုပြောပါ။ စားချင်သောက်ချင်တာရှိရင်လည်း ပြောပါ။ ကျုပ်လည်း နေ့တိုင်းရောက်နေမှာပဲ။ ဒီဂါတ်ကဗွာနအုပ်တွေကိုလည်း ကိုဆိတ်ဖွား လိုချင်တာတွေကို ဝယ်ခြမ်းပေးဖို့ မှာထားပါတယ်"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ ဆိတ်ဖွားကပြုံးလျက် ဆားပုလင်းနှင်းမောင်ကို ပြန်၍ကြည့်လိုက်၏။ သူ၏အကြည့်မှာ မည်သို့သော အဓိပ္ပာယ်မျိုး ပါဝင်နေသည်ဟု သူကိုယ်တိုင်ပင်ပြောနိုင်လိမ့်မည် မဟုတ်ပေ။

ဆားပုလင်းနှင်းမောင်သည် ကုတ်အင်္ကျီအတွင်းမှ စီးကရက်ဘူးကိုထုတ်လိုက်ပြီးလျှင် စီးကရက်တစ်လိပ်ကို မီးညှိရှိုက်ဖွာလေ၏။

"ကိုဆိတ်ဖွားကို လူတစ်ယောက်က တွေ့ချင်နေတယ်။ ကိုဆိတ်ဖွား အနေနဲ့ လက်ခံမယ်ဆိုရင် တွေ့ခွင့်ပေးလိုက်မယ်"

ဟု ဆားပုလင်းနှင်းမောင်ကပြောလိုက်ရာ ဆိတ်ဖွားက -

"ဘယ်သူလဲ"

ဟု မေးလိုက်လေ၏။

"ခင်ဗျားတပည့် အိုလံပါ"

"အိုလံ မသေဘူးလား"

ဟု ဆိတ်ဖွား၏ အားရဝမ်းသာ မေးလိုက်၏။

"မကျိုးသီးပစ်လိုက်တဲ့ ကျည်ဆန်ဟာ အိုလံရဲ့ပုခုံးကိုထိတာတော့ အမှန်ပါ ပဲ။ ဒါပေမယ့် ဆေးရုံမှာ တက်ရောက်ကုသလို့ အသက်မသေပါဘူး"

"တွေ့ချင်ပါတယ်။ တွေ့ခွင့်ပေးစမ်းပါ"

ဟု ဆိတ်ဖွားက အားရဝမ်းသာနှင့် ပြောလိုက်လေ၏။

ဆားပုလင်းနှင်းမောင်က…

"အိုလံရေ မင်းဆရာကြီးက တွေ့ချင်ပါတယ်တဲ့။ လာခဲ့ပါ"

ဟု ခေါ်လိုက်လျှင် တခေါက်ခေါက်နှင့် လှမ်း၍လာသော ဖိနပ်သံကို ကြားရပြီးနောက် အိုလံကို တွေ့ရလေ၏။ မိုးပြာရောင် သက္ကလတ်ဘောင်းဘီ၊ ရှပ်အင်္ကျီအဖြူ၊ မိုးပြာရောင်ကုတ်အင်္ကျီ၊ နက်ပြာရောင် နက်တိုင်တို့ကို သေသပ်ချနစွာဝတ်ဆင်လျက် ခါး၌လည်း ခြောက်လုံးပြူးကိုချိတ်ထားသည့် အိုလံအား အံ့သြဖွယ်ရာ တွေ့ရလေ၏။

ဆိတ်ဖွားက အိုလံအား ခြေဆုံးခေါင်းဆုံးကြည့်လိုက်၏။ အိုလံကို နားမလည်သလို ကြည့်လိုက်၏။

"ဆရာဆိတ်ဖွားကို အခုလိုမသေမပျောက်ဘဲတွေ့ရတာ ဝမ်းသာလိုက်တာ ဆရာဆိတ်ဖွားရယ်။ ကျွန်တော့်ကိုတော့ ခွင့်လွှတ်ပါ။ ဆရာဆိတ်ဖွားနဲ့ နေခဲ့ရတဲ့အချိန်တွေမှာ ဆရာဆိတ်ဖွားရဲ့ မှန်မြတ်တဲ့စိတ်ဓာတ်နဲ့ ဆရာဆိတ်ဖွားရဲ့ တောက်ပြောင်တဲ့ အတွေးအခေါ်



www.burmeseclassic.com

www.burmeseclassic.com

တွေကိုလည်း သိရှိခွင့်ရခဲ့ပါတယ်"

ဟု အိုလံက စကားစလိုက်လျှင် ဆိတ်ဖွားက…

"နေစမ်းပါဦး အိုလံ။ မင်းက ဘယ်လိုဖြစ်လာတာလဲ"

ဟု မေးလိုက်လေ၏။

"ကျွန်တော်ဟာ စီအိုင်ဒီက စုံထောက်တစ်ယောက်ပါ။ ကျွန်တော့်နာမည်က သင်းကြိုင်ပါ။ ဆရာကိုနှင်းမောင်ရဲ့စီစဉ်ချက်အရ တာမွေသင်္ချိုင်းကို သူတောင်းစားအိုလံအဖြစ်နဲ့ လာခဲ့ရတာပါ ကိုဆိတ်ဖွား"

"ဟော…"

ဆိတ်ဖွားသည် လွန်စွာအံ့ဩ၍ သွားလေ၏။

"ဟုတ်ပါတယ်‥ကိုဆိတ်ဖွား။ ကိုဆိတ်ဖွား ထောင်ကလွတ်တဲ့အခါမှာ တောင်ငူသင်္ချိုင်းမှာလည်း သုဘရာဇာတစ်ယောက်ကို တွေ့ခဲ့မှာပေါ့။ အဲဒါဟာလည်း စီအိုင်ဒီကပါ။ ကျုပ်လွှတ်ထားတဲ့လူပါ။ ဆရာဆိတ်ဖွားကို တောင်ငူသင်္ချိုင်းမှာ နေလို့မရအောင် လုပ်ပြီး ပိတ်ထားလိုက်တဲ့ သီဆောပါပဲ။ တောင်ငူမှာဆိုတော့ ကျုပ်တို့အနေနဲ့ ကိုဆိတ်ဖွားကို စောင့်ကြည့်ဖို့ မလွယ်ဘူး မဟုတ်လား။ အဲဒီလိုလုပ်လိုက်တော့မှ ဆရာဆိတ်ဖွားဟာ ရန်ကုန်ကိုတက်လာပြီး တာမွေသင်္ချိုင်းမှာ သုဘရာဇာလုပ်တာကို။ အဲဒီအခါမှာ ကျုပ်က သင်းကြိုင်ကို သူတောင်းစားအိုလံအဖြစ်နဲ့ ခင်ဗျားအနားမှာ နီးနီးကပ်ကပ်နေပြီး စောင့်ကြည့်ဖို့ လွှတ်လိုက်ရပြန်တယ်"

ဟု ကိုနှင်းမောင်က ပြောလိုက်ရာ ဆိတ်ဖွားက ဆားပုလင်းနှင်းမောင်၏မျက်နှာကို စေ့စေ့ကြည့်လျက်…

"ကျုပ်ဟာ ဖြစ်မှုတစ်ခုတစ်ရာ မကျူးလွန်ရသေးပါပဲလျက် ကျုပ်ဆီကို သူလျှိုဒုလန်တွေလွှတ်ပြီး စောင့်ကြည့်ခိုင်းတာဟာ တစ်ဆိတ်ကလေး ယုတ်မာလွန်းပါတယ် ဆားပုလင်းနှင်းမောင်"

ဟု ပြောလိုက်လေ၏။

"ခင်ဗျားပြောရင်လည်း ခံရမှာပဲ ကိုဆိတ်ဖွားရေ။ တခြားလူတွေဆိုရင် အမှုဖြစ်ကျူးလွန်မှပဲ ကျုပ်ကလိုက်ပါတယ်။ ဆရာဆိတ်ဖွားလို လူကတော့ အဲဒီလိုလုပ်လို့ မဖြစ်သေးဘူးဗျ။ ခင်ဗျားက သိပ်ပြီးဉာဏ်ပြေးတယ်။ ခင်ဗျားကို လျှော့ပြီးမတွက်ဝံ့ဘူး။ ဒါကြောင့်ပါ ကိုဆိတ်ဖွား"

ဟု ဆားပုလင်းနှင်းမောင်က တောင်းပန်လိုက်လေ၏။

"ဟော့ကောင် အိုလံ၊ အဲ…အဲ စုံထောက်ကြီးသင်းကြိုင် ငါဟာ လူသတ်မှုကို ကျူးလွန်ခဲ့တယ်။ ကျူးလွန်ခဲ့တဲ့ လူသတ်မှုဟာလည်း မင်းအတွက် လက်စားချေလိုက်တဲ့ လူသတ်မှုကွ။ ဒါကို တစ်ခါ မင်းတို့က ငါ့ကိုဖမ်းတယ်ဆိုတော့…ဟားဟားဟား"

"ဟား…ဟား…ဟား"

"ဟား…ဟား…ဟား"

"ဟား…ဟား…ဟား"

ဆိတ်ဖွားသည် တအားကုန်အော်ဟစ်ရယ်မောလေ၏။ အိုလံခေါ် စုံထောက်သင်းကြိုင်က ဆိတ်ဖွားအား အမျိုးမျိုးအဖုံဖုံ တောင်းပန်လေ၏။

"ကျွန်တော့်ကိုခွင့်လွှတ်ပါ ဆရာဆိတ်ဖွားရယ်။ တာဝန်အရ ဆောင်ရွက်ရတာပါ ဆရာဆိတ်ဖွား။ ဆရာဆိတ်ဖွားလိုလူကို ကျွန်တော့်အနေနဲ့ စိတ်နဲ့တောင် မပြစ်မှားရက်ပါဘူး"

ဟု သင်းကြိုင်က တောင်းပန်ရှာလေ၏။

"ဟား…ဟား…ဟား မယဉ်နွယ်ဆိုတဲ့ ကလေးမလေးကို မင်းကပဲ သနားလှချည့်ရဲ့ဆိုပြီး ငါ့ဆီကိုခေါ်လာတယ်။ အမှုကြီး ဒီအဖြစ်အပျက်ကြီးတစ်ခုလုံးဟာ အဲဒီမယဉ်နွယ်နဲ့ မောင်သန်းအေးရဲ့အာဝါဟက စတင်ခဲ့တာပဲ။ တကယ်ပြောရရင် ဒီပြဿနာကို စတင်ပြီး ငါ့ဆီကိုယူလာတာဟာ မင်းပဲမဟုတ်လား အိုလံ။ အခုတော့ မင်းပဲ သူတောင်းစားအိုလံ မဟုတ်ပြန်ဘူး။ စီအိုင်ဒီက သင်းကြိုင်တဲ့ ဟားဟားဟား"

ဟု ရယ်မောကာ ပြောဆိုလေတော့၏။

ထို့နောက် ဆိတ်ဖွားသည် ဆားပုလင်းနှင်းမောင်ဘက်သို့လှည့်ကာ ဆားပုလင်းနှင်းမောင်အား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီးနောက် ခပ်သောသော ကလေး ရယ်မောလိုက်လေ၏။

"ဟာ…ဟ တကယ်တော်တဲ့စုံထောက်ကြီး ဆားပုလင်းနှင်းမောင်။ ဒါမျိုးမှ တကယ့်စုံထောက်။ ဘုရားသခင်က စုံထောက်လုပ်ဖို့ ခင်ဗျားကိုလွှတ်လိုက်တာ။ ကြိုက်ပြီ။ ဒါပေမယ့် ကျုပ်ကလည်း ကိုယ့်လူကို အရှုံးမပေးသေးဘူး။ ဆိတ်ဖွားတဲ့…ဆိတ်ဖွားဆိုတဲ့ကောင်ကလည်း လောကတဏှာသုံ့လ်ကြီးကဆင်းလာတဲ့ ပရော်ဖက်ဆာကြီးပဲ။ ဒီလိုနဲ့တော့ ဘယ်ကျေနပ်နိုင်ပါ့မယ်။ တွေ့ကြသေးတာပေါ့"

ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က ဆိတ်ဖွားအား -

"ကိုဆိတ်ဖွားဟာ လူတော်တစ်ယောက်ဆိုတာတော့ ကျုပ်အနေနဲ့



www.burmeseclassic.com

www.burmeseclassic.com

အကြွေးမရှိ လက်ခံပါတယ်။ ဒါပေမယ့် ရှေ့ကောင်းတစ်ယောက်လို့တော့ မဆိုနိုင်ပါဘူး။ ခင်ဗျားမှာ သည်းခံခြင်းဆိုတဲ့ အလွန်တရာငြိမ်းအေးတဲ့ တရားတစ်ခု ချွတ်ယွင်းနေတယ်။ ဘယ်တော့ပဲဖြစ်ဖြစ် ပြဿနာပေါ်လာတိုင်း အကြမ်းဖက်တဲ့နည်းကို သုံးလေ့ရှိတယ်။ နောက်ဆုံးမှာ ခင်ဗျားဟာ လူသတ်မှုနဲ့ချည်း ပြဿနာကို အဆုံးသတ်လေ့ရှိတယ် ကိုဆိတ်ဖွား။ ဒီအချက်ဟာ တရားဥပဒေက ခင်ဗျားကို မျက်နှာသာမပေးနိုင်တဲ့အချက်ပဲ"

ဟု တစ်လုံးချင်း ပြောလိုက်လေ၏။

"ဟာ…ဟ သိပ်တော်တဲ့ ဆားပုလင်းနှင်းမောင်။ စီအိုင်ဒီကထွက်ပြီး မှုခင်းထိကများ လုပ်ဦးမလို့လား ဟာ ဟ။ ဘာပဲဖြစ်ဖြစ် ဆိတ်ဖွားနဲ့နှင်းမောင် တွေ့ကြဦးမယ်၊ တွေ့ကြဦးမယ်။ ဆင်နဲ့ ခြင်္သေ့တို့ရဲ့ ကမ္ဘာဦးရန်ပွဲလို သဲသဲမဲမဲကြီး တိုက်ခိုက်ရဦးမယ် ဆားပုလင်းနှင်းမောင်"

ဟု ဆိတ်ဖွားက ပြောလိုက်ပြန်၏။

"ဆင်နဲ့ခြင်္သေ့တို့ရဲ့ ကမ္ဘာဦးစစ်မီးကို လောကနတ်သားဟာ စည်းစုပ်ကိုကိုင်ပြီး ငြိမ်းသတ်ခဲ့ပါတယ်။ ကိုဆိတ်ဖွား ခင်ဗျားဟာ လူတော်တစ်ယောက်ပါပဲ။ အစစအရာရာ တော်လွန်းလို့ ခင်ဗျားကို ပရော်ဖက်ဆာကြီးလို့တောင် လူတွေက နောက်ရင်းပြောင်ရင်း ခေါ်ဝေါ်ခဲ့ကြပါတယ်။ ဒါပေမယ့် ခင်ဗျားဟာ ခင်ဗျားရဲ့ရန်သူအစစ်အမှန်ကို မမြင်နိုင်လောက်အောင် ဒေါသဆိုတဲ့ တိမ်သလ္လာတွေ ဖုံးလွှမ်းနေပါကလား"

ဟုပြောကာ ဆားပုလင်းနှင်းမောင်က စီးကရက်ကိုထုတ်၍ မီးညှိ ရှိုက်ဖွာလိုက်ပြီးလျှင် မီးခိုးများ မှုတ်ထုတ်လိုက်လေ၏။

"ကျုပ်ရဲ့ရန်သူအစစ်က ဘယ်သူလဲ၊ ဘယ်သူလဲ၊ အင်္ဂလိပ်အစိုးရလား"

ဟု ဆိတ်ဖွားက အော်ဟစ်၍မေးလိုက်လေ၏။

"ခင်ဗျားရဲ့ရန်သူဟာ အင်္ဂလိပ်အစိုးရလည်းမဟုတ်ဘူး။ တရားဥပဒေလည်းမဟုတ်ဘူး။ ပုလိပ်အဖွဲ့လည်း မဟုတ်ဘူး ဆရာဆိတ်ဖွား"

"ဒါဖြင့်ရင် ဘယ်သူလဲ ဘယ်သူလဲ ငါ့ရဲ့ရန်သူ"

"လက်စားချေခြင်းဟာ တရားသောအမှုဖြစ်တယ်လို့ လွဲမှားတဲ့ ခင်ဗျားဦးနှောက်ထဲက အယူအဆတွေဟာ ခင်ဗျားရဲ့ရန်သူအစစ်ပဲ ကိုဆိတ်ဖွား"

"ဟာ…ဟ ပုလိပ်ထဲမှာတော့ ခင်ဗျား အတော်ဆုံးပဲ။ ဒါပေမယ့် ခင်ဗျားပြောတာကို မှန်တယ်လို့တော့ ကျုပ်က မဆိုသေးဘူး။ လက်စားချေခြင်းအလုပ်ဟာ မှန်တယ်၊ မှားတယ်၊ မှန်လျှင် ဘယ်လောက်မှန်တယ်၊ မှားလျှင် ဘယ်လောက်မှားတယ်ဆိုတာကို သုတေသနလုပ်ရဦးမယ်။ အဲဒီသုတေသနလုပ်ငန်း လုပ်နေချိန်အတွင်းမှာ ဆားပုလင်းနှင်းမောင်ကို ဆိတ်ဖွားက သတ်တဲ့အလုပ်လည်း အကျုံးဝင်မှာပဲ။ တိုတိုပြောရရင် အဲဒီကိစ္စမှာ ခင်ဗျားကို သတ်ပြီး အဖြေထုတ်ရလိမ့်မယ် ဆားပုလင်းနှင်းမောင် ဟားဟားဟား"

"လက်စားချေခြင်းဟာ ရိုင်းစိုင်းများယွင်းတဲ့ အပြုအမူဖြစ်ပါတယ် ကိုဆိတ်ဖွား"

"လက်စားချေခြင်းဟာ ချီးမြှင့်သောအရာဖြစ်တယ် ဆားပုလင်းနှင်းမောင်"

"လက်စားချေခြင်းအမှုတွေကို တရားဥပဒေက ခွင့်မပြုနိုင်သလို ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းကလည်း ခွင့်မပြုတော့ဘူး ကိုဆိတ်ဖွား။ ဒါကြောင့် ခင်ဗျားဟာ ကြိုးစင်တက်ရတော့မယ်။ ဒီအတွက်တော့ စိတ်မကောင်းပါဘူး ကိုဆိတ်ဖွား"

ဟုဆိုကာ ဆားပုလင်းနှင်းမောင်က ထွက်၍သွားလေ၏။

"ဟား…ဟား…ဟား"

ဆိတ်ဖွားကမူ အော်ဟစ်ရယ်မောရင်း သံတိုင်ကိုကိုင်လျက် ကျန်ရစ်လေတော့သတည်း။

× × ×

အချိန်ကာလဟူသော အရာသည် မေ့လျော့ခြင်းကို ဖြစ်စေတတ်သည့် သဘောတရားအတိုင်း ဆိတ်ဖွား၏ အဖြစ်အပျက်များသည်လည်း မေ့လျော့ဖွယ်ကောင်းသောအချိန်သို့ ရောက်ရှိခဲ့ပေတော့၏။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်စဉ်က ထောင်ဖွင့်၍ လွှတ်သည့်အထဲတွင် ဆိတ်ဖွားတစ်ယောက်ပါ လွတ်မြောက်သွားသည်ဟုလည်းကောင်း၊ စစ်အတွင်း၌ ဆိတ်ဖွားတစ်ယောက် သေဆုံးခဲ့ပြီဟုလည်းကောင်း အမျိုးမျိုး ပြောဆိုခဲ့ကြလေ၏။

သို့ရာတွင် ထူးဆန်းသော အဖြစ်အပျက်တစ်ခုသည် ပေါ်ပေါက်လာခဲ့ပြ



www.burmeseclassic.com

www.burmeseclassic.com

၏။ ထိုအဖြစ်အပျက်ကား မအူပင်မြို့သချိုင်း၌ ထူးဆန်းသော လူသေခေါင်းကြီးတစ်ခု ရောက်ရှိလာခဲ့သည်မှ အစ မြန်မာပြည်ပုလိပ်အဖွဲ့သည် လွန်စွာ အလုပ်ရှုပ်ခဲ့ရလေ၏။ ထိုအထဲတွင် အင်းစိန်စီအိုင်ဒီမှ စုံထောက်ကြီး ဆားပုလင်းနှင်းမောင်သည်လည်း လွန်စွာ အလုပ်ရှုပ်ခဲ့ရုံမက လူဆိုးများက နှစ်ကြိမ်တိုင်တိုင် သေနတ်ဖြင့်ပင် ပစ်ခတ်လုပ်ကြံခဲ့ရာ တစ်ကြိမ်၌ ဆားပုလင်းနှင်းမောင်၏ သက်ဇီဝိန်ပင် ကြွေခဲ့ရလေတော့၏။ ထိုလက်ချက်မှာ ဆိတ်ဖွားခေါ် ဉာဏ်နီဉာဏ်နက်များလှသော ပရော်ဖက်ဆာဆိတ်ဖွား၏ လက်ချက်ပင်ဖြစ်ပေတော့၏။ ထိုအမှုကိစ္စကြီး ပြီးဆုံးသည့်အခါ၌ ကျွန်ုပ်သည် "ဆားပုလင်းနှင်းမောင်နှင့် သေသောသူသည် သုသာန်သို့သွားသည်"ဟု အမည်တပ်ကာ အမှုတွဲဖိုင်အား ကျွန်းသေတ္တာကြီးအတွင်း၌ သိမ်းဆည်းခဲ့လေတော့၏။

မှတ်ချက် ။ ။ ဆားပုလင်းနှင်းမောင်နှင့် သေသောသူသည် သုသာန်သို့သွားသည် ဝတ္ထုအား ဆက်လက်တင်ပြပါဦးမည်။ ထိုဝတ္ထု၌ ပရော်ဖက်ဆာ ဆိတ်ဖွားနှင့်အတူ လွန်စွာ ဉာဏ်ပညာထက်မြက်လှသော စားတော်ကဲကြီး ဦးဂွမ်တီတို့ ပူးပေါင်း၍ ဆားပုလင်းနှင်းမောင်အား ယှဉ်ပြိုင်ပုံ၊ ဉာဏ်ကစားကြပုံ၊ လုပ်ကြံသတ်ဖြတ်ကြပုံအား မလွှဲမရှောင်သာ ဖော်ပြရပေဦးမည်ဖြစ်၏။

### အမှာစာ မဟုတ်ပါ

အောက်တွင် ဖော်ပြလတ္တံ့သော အကြောင်းအရာမှာ ဤ"ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား"ဝတ္ထုကြီးနှင့် မည်သို့မျှ မပတ်သက်သောကြောင့် "အမှာစာမဟုတ်ပါ"ဟု ခေါင်းစဉ်ထိုး၍ ရေးသားခြင်းဖြစ်ကြောင်း လေးစားအပ်သော စာဖတ်ပရိသတ်များအား ဝန်ခံအပ်ပါသည်။

ဤ "ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား"ဝတ္ထုကြီးကို ရေးသားနေစဉ်အတွင်း တစ်ခုသောနံနက်ခင်း၌ ကျွန်ုပ်သည် ပြည့်မြို့အမိဋ္ဌာန်ဖြစ်သော "နမောတဿ"အစချီသည့် ဂါထာပိုဒ်ကို ပုတီးစိပ်ရန်အတွက် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ဘုရားဖူးတက်ခဲ့လေ၏။

ထိုသို့ အမိဋ္ဌာန်ပုတီးစိပ်ပြီးသည့်နောက် တနင်္ဂနွေထောင့်ရှိ ခေါင်းလောင်းကြီးရှိသော ဇရပ်ပေါ်တွင်ထိုင်ကာ စိတ်အပန်းဖြေလျက်နေစဉ် ကျွန်ုပ်ထိုင်နေရာအနီးသို့ အသက်လေးဆယ်ကျော်အရွယ်မျှသာ ရှိသေးသည့် ဖိုးသူတော်တစ်ဦး ရောက်ရှိလာလေသည်။ ကျွန်ုပ်လည်း ထိုဖိုးသူတော်အား စိတ်ဝင်စားသည်နှင့်(မည်သို့သောအကြောင်းကြောင့် စိတ်ဝင်စားသည်ဟု ကျွန်ုပ်ကိုယ်တိုင်မသိပါ။) မသိမသာ အကဲခတ်၍ ကြည့်ရှုလေ့လာမိလေ၏။ ဖိုးသူတော်မှာမူ သူ့အား ကျွန်ုပ်အကဲခတ်နေသည်ကို သတိပြုမိဟန်မပေါ်ချေ။ ထိုစဉ် "ဆရာမင်းသိခ်"ဟု ခေါ်လိုက်သံကို ကြားလိုက်ရသောကြောင့် လှည့်ကြည့်လိုက်ရာ တစ်ချိန်က ကျွန်ုပ်ထံတွင် ဗေဒင်ပညာရပ်များကို ဆည်းပူးသင်ကြားခဲ့ဖူးသော "မောင်မြဝင်း"ဆိုသည့် တပည့်ငယ်တစ်ဦး ဖြစ်၍နေလေ၏။

မြ ။ ။ "နေရာကျလိုက်တာ ဆရာရယ်။ ဆရာ့အိမ်ကို ကျွန်တော် လာလာရှာနေတာ လေးခေါက်ရှိသွားပြီ။ ဒီနေ့တော့ ဘုရားတက်ဖူးရင်း မမျှော်လင့်ဘဲ ဆရာ့ကို တွေ့လိုက်ရတော့ ကျွန်တော်ဖြင့် သိပ်ဝမ်းသာသွားတာပဲ"

ကျွန်ုပ် ။ ။ "စောစောစီးစီး ကြားလိုက်ရတဲ့ စကားကတော့ ပီတိဖြစ်စရာပါပဲကွာ"

မြ ။ ။ "ဘာဖြစ်လို့လဲဆရာ"

ကျွန်ုပ် ။ ။ "ဒီလိုလေကွာ။ လူတစ်ဦးတစ်ယောက်က မိမိကိုတွေ့လို့ ဝမ်းပန်းတသာဖြစ်သွားတယ်ဆိုတာကို သိရတော့ ဘယ်သူဖြစ်ဖြစ် ပီတိဖြစ်ရမှာပေါ့ကွာ။ တကယ်လို့ မင်းက မြှောက်မပြောဘူးဆိုရင်ပေါ့လေ။ ငါ့အတွက် ပီတိဖြစ်စရာပေပဲပေါ့"

မြ ။ ။ "တကယ်ပါဆရာ။ ကျွန်တော် မြှောက်ပြောနေတာ မဟုတ်ပါဘူး။ ဆရာ့ကို ကျွန်တော်သိပ်တွေ့ချင်နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆရာ့ဆီက အကူအညီတစ်ခု လိုချင်လို့ပါ"

ကျွန်ုပ် ။ ။ "ဘယ်လိုအကူအညီမျိုးလဲကွ။ ဆိုစမ်းပါဦး။ ကူညီနိုင်တဲ့ကိစ္စမျိုးလည်း ဖြစ်ပါစေလို့ မင်းမပြောခင်ကတည်းက ဆုတောင်းလိုက်ပါတယ်"

မြ ။ ။ "ဆရာကူညီနိုင်ပါလိမ့်မယ် ဆရာ။ ကျွန်တော်လည်း ဆရာကူညီလိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။ ကိစ္စကတော့ ဒီလိုပါဆရာ။ ဆရာ့အတ္ထုပ္ပတ္တိကို ကျွန်တော် ရေးမလို့ပါပဲ။ ထုတ်ဝေသူတစ်ယောက်နဲ့လည်း စကားပြောပြီးပြီ။ အဲဒါ ဆရာ့ရဲ့ ခွင့်ပြုချက်ကို



www.burmeseclassic.com

www.burmeseclassic.com

ယူမလို့ပါပဲ။ ဆရာ့ရဲ့ခွင့်ပြုချက်ရတာနဲ့ ကျွန် တော် စရေးတော့မယ်"

ကျွန်ုပ် ။ ။ "စောစောစီးစီး မင်း တောင်းတဲ့ အကူအညီကို မပေးနိုင်တာ တော့ စိတ်မကောင်းစရာပါပဲကွာ"

ဖြူ ။ ။ "ဘာဖြစ်လို့ ခွင့်မပြု နိုင်တာလဲဆရာ။ ဆရာ့အတွက် ခွင့်မပြု နိုင်စရာ အကြောင်းမရှိဘူးလို့ ကျွန်တော် ထင်နေပါတယ်"

ကျွန်ုပ် ။ ။ "ဒီလိုလေကွာ။ ငါက သာမန်စာရေးဆရာတစ်ယောက် ပဲ။ အတ္ထုပ္ပတ္တိရေးလောက်တဲ့ ပုဂ္ဂိုလ် ကြီးမှမဟုတ်ဘဲ။ အမျိုးသားရေးခေါင်း ဆောင်ကြီးတွေ၊ မျိုးချစ်အာဇာနည်ကြီး တွေ၊ လွတ်လပ်ရေးဗိသုကာကြီးတွေ မှသာ အတ္ထုပ္ပတ္တိရေးအပ်တယ်။ နာမည် ကြီးတိုင်း အတ္ထုပ္ပတ္တိရေးရမယ်လို့ မယူ ဆရာဘူးကွယ့်။ ဒီတော့ မင်းအနေနဲ့ အတ္ထုပတ္တိရေးတဲ့ စာရေးဆရာလုပ်ချင် ရင် ငါအကြံပေးလိုက်မယ်"

ဖြူ ။ ။ "ပေးပါဆရာ ပေးပါ။ ဆရာ ခုလိုရှင်းပြတာတော့ ကျွန်တော် လည်း သဘောပေါက်သွားပါပြီ"

ကျွန်ုပ် ။ ။ "ဒီတော့ မြန်မာနိုင်ငံ ရဲ့ အရင်းရှင်လက်ဝေခံ ပါလီမန်ဒီမို ကရေ စီခေတ်ကို ရိုက်ချိုးပစ်လိုက်တဲ့ ခေတ်ပြောင်းတော်လှန်ရေး ဗိသုကာကြီး တွေရဲ့ ဖြတ်သန်းတိုက်ခိုက်လာရတဲ့ နိုင်ငံရေးတိုက်ပွဲတွေ၊ အမျိုးသားရေး တိုက်ပွဲတွေ၊ ဂျပန်ဖက်ဆစ် ဆန့်ကျင် ရေးတွေ၊ နယ်ချဲ့အင်္ဂလိပ်အစိုးရကို အန် တုဖက်ပြိုင်မှုတွေကို စနစ်တကျ စု ဆောင်းပြီး သမိုင်းနောက်ခံ ဝတ္ထုတစ် ပုဒ်လောက်ရေးပါလား။ ဒီလိုဆိုရင် စာဖတ်ပရိသတ်အတွက် ပိုလို့အကျိုး ရှိလိမ့်မယ်လို့ ငါပြောရဲတယ်"

ဖြူ ။ ။ "ဟုတ်တယ်ဆရာ။ ဆရာပေးတဲ့အကြံ သိပ်ကောင်းတယ်။ ဒါပေမယ့် ကျွန်တော့်အတွက်တော့ ခက်လိမ့်မယ်"

ကျွန်ုပ် ။ ။ "ဒီလိုပေါ့ကွာ။ ကြိုး စားရမှာပေါ့ မဟုတ်ဘူးလား။ ကြိုးစား ရင် အောင်မြင်ရမှာပေါ့"

ထိုအချိန်၌ အနီးရှိ ဖိုးသူတော် ကြီးက ကျွန်ုပ်တက်လှည့်ကာ အောက် ပါအတိုင်း ပြောနေလေ၏။

ဖိုးသူတော် ။ ။ "နေစမ်းပါဦး။ မင်းကဘာလဲ။ စာရေးဆရာလား"

ကျွန်ုပ် ။ ။ "ဟုတ်ပါတယ် စာရေးဆရာပါ။ မင်းသိင်္ခလို့ ခေါ်ပါ တယ်"

ဖိုးသူတော် ။ ။ "ဟုတ်ပြီ ဟုတ် ပြီ။ ငါနဲ့သိတဲ့လူတစ်ယောက်က စစ်ပြန် ဆိုတဲ့စာအုပ်မှာ ဘိလပ်ပြန်ဖိုးသူတော် အကြောင်း ရေးထားတယ်လို့ပြောတယ်။ ငါကတော့ မဖတ်ပါဘူး။ ဖိုးသူတော်ဆို တော့ ဝတ္ထုဖတ်လို့ မဖြစ်ပေဘူးကိုကွ။ ဘာတဲ့ 'မြိုင်ပေါဝန်'တဲ့ ဟုတ်လား။ ဟိုလူပြောပြတာတော့ စိတ်ဝင်စားစရာ ပါပဲ။ မင်းရေးတဲ့ဖိုးသူတော်က တတ်လှ ချည်လားကွ။ ဟိုဟာမေးလည်း သူက သိ၊ ဒီဟာမေးလည်း သူကသိနဲ့။ ဂျင်န ရယ်နောလိပ်က တယ်လဲစုံပါလား။ ဖြစ် နိုင်ပုံမလား။ ပြီးတော့ ဟစ်စထရီအော့ဖ် ဝိန်းတင်းခေါ်တဲ့ ပန်းချီပညာရဲ့ ရာဇဝင် ကိုလည်း သူက သိနေလိုက်တာ··· ဟဲဟဲ ဖြစ်နိုင်ပုံမလား"

ကျွန်ုပ် ။ ။ "ဖြစ်နိုင်ပါတယ်"

ဖိုးသူတော် ။ ။ "နည်းနည်း ဖစ်ရှင်(စိတ်ကူးယဉ်)မဆန်ဘူးလား။ ဖိုးသူတော်ပဲကွာ။ အင်္ဂလိပ်လို ဒါ လောက်တတ်ပါ့မလား"

ကျွန်ုပ် ။ ။ "တတ်ပါတယ်ခင်ဗျ"

ဖိုးသူတော် ။ ။ "အေးပေါ့ကွာ။ စာရေးတယ်ဆိုတာလည်း စိတ်ကူးစိတ် သန်းကို ရုပ်လုံးဖော်ခြင်းတစ်မျိုးပဲပေါ့ကွာ။ မင်းရေးတဲ့ ဖိုးသူတော်မျိုးက ရှိတယ်လို့ ပဲပြောပြော၊ မရှိဘူးလို့ပဲပြောပြော ဒါက သိပ်အရေးမကြီးလှပါဘူး။ ဒါပေမယ့် မင်းကို ငါကတိတစ်ခုပေးခဲ့မယ်။ အဲဒီ ကတိက ဘာလဲဆိုတော့ ဒီနေ့ကနေ စပြီး နောက်တစ်နှစ်တိတိပြည့်တဲ့နေ့ မင်းနဲ့ငါ ဒီနေရာမှာ ဆုံကြလိမ့်မယ်။ အဲဒီအခါကျရင်တော့ မင်းကိုငါ ပုံတစ် ခုပြောမယ်။ သိပ်စိတ်ဝင်စားစရာကောင်း တဲ့ ပုံပေါ့ကွာ။ အဲဒီပုံကို မင်းက စာရေး ပေတော့ ကဲ···ဘယ့်နှယ်လဲ"

ကျွန်ုပ်လည်း ဖိုးသူတော်၏စကား ကို ကြားလိုက်ရသောအခါ ရယ်ချင်လာ သည်နှင့် ဆက်လက်၍ စကားရှည်ခြင်း မပြုတော့ဘဲ ငြိမ်၍နေလိုက်လေ၏။ ထို အခါ၌ ဖိုးသူတော်သည် ကြေးစည်ကို ထုကာ ကျွန်ုပ်အား နှုတ်ဆက်၍ ထွက် ခွာသွားလေတော့၏။

အကယ်၍သာ ဖိုးသူတော်ကြီး ပြောသွားသကဲ့သို့ နောက်တစ်နှစ်၌ ကျွန်ုပ်နှင့် ပြန်လည်ဆုံခဲ့ကြလျှင် "ဖိုး သူတော်ပြောသော ပုံပြင်"ဟူသော စာအုပ် ထွက်လာပေလိမ့်မည် ဖြစ်ပေ သတည်။


သဗ္ဗေသတ္တာ ကမ္မဿကာ

■မင်းသိင်္ခ



www.burmeseclassic.com

www.burmeseclassic.com



# ခွေးနှင့်
# ခွေးများအကြောင်း သိကောင်းစရာ

မောင်အောင်မြင့်(မိတ္ထီလာ)

လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံ၊ ငရဲ၊ ပြိတ္တာ၊ အသူရကာယ်ဘုံ စသည့်ဘုံများအနက် အကျွန်ုပ်တို့လူ့ဘုံနှင့် အနီးကပ် ဆက်စပ်လျက်ရှိသောဘုံမှာ 'တိရစ္ဆာန်ဘုံ'ဖြစ်သည်။ လူတို့နှင့် အနီးကပ်ရှိမှုကြောင့် လူတို့နှင့်ယဉ်ပါးကာ အသိဉာဏ်ရှိသော တိရစ္ဆာန်များရှိသလို လူသူအရောက်အပေါက်နည်းသော ဒေသ(တောတောင်)များတွင် ကျက်စားနေထိုင်သော တိရစ္ဆာန်များမှာ လူနှင့်ထိတွေ့မှုမရှိ(နည်း)သဖြင့် ရိုင်းစိုင်းသော သားရဲတိရစ္ဆာန်များ (တောခွေး၊ ခွေးအ၊ ကျား၊ ကျားသစ်၊ ခြသေ့၊ ဆင်)လည်းရှိသည်။ လူတို့နှင့် နေ့စဉ်ထိတွေ့မှုရှိ၍ ယဉ်ပါးနေပြီဖြစ်သော တိရစ္ဆာန်များတွင် အိမ်မွေးခွေး၊ ကြောင်၊ နွား စသည်တို့သည် လူတို့အား ချစ်ခင်၊ သံယောဇဉ်တွယ်၊ လူကို အသိအမှတ်ပြု တိရစ္ဆာန်များအနက် အိမ်မွေးခွေးသည် လူသားများအတွက် သံယောဇဉ်တွယ် ချစ်စဖွယ် တိရစ္ဆာန်များဖြစ်ကြောင်း တွေ့ရှိရသည်။

**ခွေးအမျိုးမျိုး**

မြန်မာပြည်တွင် ခွေးအမျိုးမျိုးရှိရာ ဗမာခွေး၊ အင်းခွေး၊ ချင်းခွေး၊ ခွေးသမင်၊ ရှမ်းခွေး၊ ခွေးဝဲစား၊ ခွေးလေခွေးလွင့် စသည်တို့ဖြစ်သည်။

**(၁) နိုင်ငံခြားခွေးမျိုးနှင့် အိမ်မွေး မြန်မာခွေးမျိုးများ**

အယ်ဖီးရှင်း၊ ခွေးဘီလူး၊ ခွေးမွေးစုတ်ဖွား စသည်ဖြင့် အမည်စုံသော နိုင်ငံခြားခွေးများရှိသလို (အိမ်ရှင်)ခွေးရှင်တို့က ဂျက်ကီ၊ ဘလက်ကီ၊ တိုက်ဂါး၊ ဘိုဖြူ၊ ရှင်အောင်၊ ကျားဘို၊ ငွေတိုး၊ အောင်နက် စသည်ဖြင့် အလျဉ်း



www.burmeseclassic.com

www.burmeseclassic.com

သင့်သလို အမည်စုံမှည့်ခေါ်ကြသည့် ခွေးများလည်း ရှိကြသည်။

**(၂) စနစ်တကျ မွေးမြူလေ့ကျင့်ထားသော ခွေးများ**

စစ်ခွေး၊ အမဲလိုက်ခွေး၊ အနံ့ခံ ခွေး၊ အံလှမွေးခွေး၊ ဆပ်ကပ်ပြခွေး စသည်တို့ဖြစ်သည်။

**(၃) ခွေးအမျိုးအစားအလိုက် အရွယ်စုံ၊ အရောင်စုံ**

ခွေးပုခွေးသေး၊ ခွေးလတ်၊ ခွေးကြီး၊ အမြီးရှည်၊ အမြီးတို၊ အမြီးမပါ (ငုံးတိ)၊ အဖြူ၊ အဝါ၊ အကျား၊ အနက်၊ (နီဝါ) စသည်ဖြင့် ရှိကြသည်။

**ခွေးကောင်း/ခွေးဆိုး**

ခွေးများကို စနစ်တကျမွေးမြူထိန်းကျောင်းထားမှုရှိသလို ပိုင်ရှင်မဲ့လွှတ်ထားပြီး ကြီးပြင်းသောခွေးများ လည်းရှိသည်ကို တွေ့ရှိရပါမည်။

**ခွေးဆိုးများ**

၎င်းခွေးများမှာ စနစ်တကျမွေး မြူထိန်းသိမ်းစောင့်ရှောက်ထားခြင်း မရှိသဖြင့် ခွေးလေခွေးလွင့်(ပိုင်ရှင်မရှိ) များဖြစ်ကာ လမ်းသွားလမ်းလာများ၊ ကလေးများ၊ သက်ကြီးရွယ်အိုများ အပါအဝင် လူများအားလုံးအတွက် အန္တရာယ်ရှိ တိရစ္ဆာန်များဖြစ်သလို စက်ဘီး၊ မော်တော်ဆိုင်ကယ်၊ ကား စသည့်ယာဉ်များ (စီးနင်းသူများ)အတွက် အနှောင့်အယှက်ဖြစ်ခြင်း၊ ထိခိုက်ကျိုးပဲ့ဒဏ်ရာရရှိခြင်း ဖြစ်စေပါသည်။

စနစ်တကျ မွေးမြူစောင့်ရှောက် ထိန်းသိမ်းမှုမရှိသဖြင့် ခွေးရူးရောဂါဖြစ်ပြီး လမ်းသွားများအားကိုက်၍ ခွေးရူးပြန်ရောဂါ ရရှိခြင်းနှင့် သေဆုံးမှုအထိ ခံရနိုင်ခြင်း။

လူနေရပ်ကွက်/ကျေးရွာအတွင်းနှင့် လမ်းများပေါ်တွင် ညအချိန်(လူအိပ်ချိန်)တွင် အူခြင်း၊ ဟောင်ခြင်း စသည့် အမင်္ဂလာအသံဆိုးများကြောင့် လူအများအိပ်ချိန်တွင် စိတ်မချမ်းမသာ ဖြစ်စေနိုင်သည်။

**ခွေးလ(တော်သလင်းလ)**

ခွေးများ အလေ့လိုက်သောလတွင် အခြားလများထက်ပို၍ ရှေ့ညမှဟူ (ထီး/မ)စုံတွဲများ အ[illegible] မှုတို့ကြောင့် လူအများစိတ်ညစ်၊ အမြင်မတော် [illegible] ခံစားရသည်။

လမ်းဘေးတွေ့ရာနေရာ အညစ်အကြေးစွန့် (ချေးပါ၊ သေးပေါက်) မှု အိမ်ခြံဝန်းတံခါး၊ သစ်ပင်မကျန် ခွေးသေးပန်းမှုအန္တရာယ်တို့အပြင် ခွေးနှင့်အတူ ရောနှောယှက်နွယ်၍ လူနှင့်အတူ နေထိုင်မှုကြောင့် နာဂမျိုးနွယ်စုအပါအဝင် ခွေးချစ်ကြသူများအနေဖြင့် ခွေးသန်းအန္တရာယ်(နာဂ)နှင့် အနံ့အသက်မျိုးစုံနှင့်အတူ ခွေးမှတစ်ဆင့် ရောဂါများ ရရှိနိုင်ခြင်း စသည့်ဆိုးကျိုးများ တွေ့ကြုံခံစားရသည်။

**ခွေးကောင်းများ**

ခွေးကောင်းများ၊ အသိဉာဏ်ရှိ လိမ္မာသောခွေးများကို မိမိတို့အိမ်၊ မိမိတို့ကျောင်း စသည်တို့ လုံခြုံရေးအတွက် မွေးမြူထားရှိမှု၊ အိမ်/ကျောင်း/ဆိုင် စသည်တို့အတွက် ချုံဝန်းသဖွယ် ကင်းစောင့်ပေးမှုများရရှိသည့် အိမ်ရှင် ခွေးမွေးသူများအား ခိုးသားဓားပြတို့၏ ဘေးရန်မှလည်း အထိုက်အလျောက် ကာကွယ်မှုရရှိ၊ အသိပေးခြင်းလည်း ရရှိနိုင်ပါသည်။ (ဟောင်ခြင်း၊ ကိုက်ခြင်း၊ လူနောက်လိုက်ခြင်း စသည်များ)

**(၁) မြွေဆိုးအန္တရာယ်လည်း ကာကွယ်ပေးမှု (ကိုယ်တွေ့)**

စာရေးသူ၏မိသားစုမှာ ထိုအချိန် ၁၉၇၀ ခုနှစ်ဝန်းကျင်က မိတ္ထီလာမြို့နယ် (---)ရွာတွင် မိမိ၏ဖခင်းတာဝန်ကျရာ ကျန်းမာရေးဌာနတွင် မိသားစုအတူတကွနေချိန် ဖြစ်ပါသည်။

တောရွာဓလေ့အရ ညစာကို ညမှောင်ရီသမ်းချိန် ၇ နာရီခန့်မှ မြေကြီးပေါ်တွင် စားပွဲဝိုင်းခင်းပြီး မိသားစုလက်ဆုံစားလေ့ရှိပါသည်။ တစ်နေ့သော ညစာကို မိမိတို့မိသားစု (မိမိ၊ မိမိ၏ဖခင်နှင့် ကလေးငါးယောက်) စားပွဲဝိုင်းတွင် ဝိုင်းဖွဲ့စားသောက်နေစဉ် မိမိတို့၏နောက်ကျောဘက်မှ မြွေဟောက်တစ်ကောင်(လုံးပတ် လက်ကောက်ဝတ်ခန့်နှင့် အရှည်သုံးတောင်ခန့်) ရုတ်တရက် ပါးပျဉ်းထောင်ပြီး 'ရှူးရှူး'အသံပေး၍ ရန်မူလျက်ရှိနေသည်ကို သိပြီးသော်လည်း မိသားစုအားလုံး တစ်ယောက်မျှမလှုပ်ရဲ၊ မထရဲ ထပြေးလျှင် မြွေဟောက်လိုက်မှာ စိုးရိမ်ရ၍ဖြစ်သည်။ (မြွေ



www.burmeseclassic.com

www.burmeseclassic.com

ဟောက်တို့၏သဘောကား လူအရိပ်အခြည်ကိုကြည့်နေပြီး လူကလှုပ်ရှားလျှင် (ထပြေးလျှင်) လိုက်ပြီးပေါက်တတ်သော အကျင့်ရှိသည်) ထိုအချိန်တွင် မိမိ၏ အိမ်မွေးခွေးလိမ္မာကြီး (Blacky) ဘလက်ကီ 'အောင်နက်' ပြေးဝင်လာပြီး မိမိတို့ နောက်မှ ရန်မူပြီး ပါးပျဉ်းထောင်နေသော မြွေဟောက်၏ အမြီးပိုင်းကို ကိုက်ချီပြီး ဆွဲယမ်းပြေးသွားမှုကြောင့် ထမင်းဝိုင်းရှိ မိမိတို့မိသားစုလည်း လှုပ်ရှားရဲပြီး ထပြေးနိုင်ကြသည်။ မိမိတို့အိမ်မွေးခွေးလိမ္မာကြီးက မြွေဟောက်ကြီး၏ အမြီးပိုင်းကို ကိုက်ချီပြီး ခါယမ်းမှုကြောင့် မြွေဟောက်ကြီး ခါးရိုးဆက် ပြုတ်ထွက်သေဆုံးသွားသလို မိမိတို့၏ အိမ်မွေးခွေးလိမ္မာကြီး (Blacky) 'အောင်နက်'မှာလည်း မြွေဟောက်ကြီးပေါက်မှု(ကိုက်မှု)ခံရသဖြင့် နောက်တစ်နေ့တွင် ဆေးမကုလိုက်ရဘဲ မိမိတို့၏ သစ္စာရှိခွေးလိမ္မာကြီး အသက်ဆုံးရှုံးခဲ့ရသည်။ တစ်နည်းအားဖြင့် မိမိအရှင်သခင် မိသားစု၏အသက်ကို မိမိအသက်နှင့်ရင်း၍ ကယ်ဆယ်ခဲ့သည်။

**(၂) ဓားပြရန်ကို အသိပေးကာကွယ်ပေးသည့် ခွေးလိမ္မာကြီး 'ကျားဘို'**

မိမိငယ်စဉ် ကလေးဘဝ အသက်ငါးနှစ်သားခန့်က ကြုံတွေ့ရသော ဖြစ်ရပ်တစ်ခုဖြစ်သည်။ ဆောင်းတွင်း၏ ညတစ်ည အညာကျေးလက်ဒေသဖြစ်သော မိမိတို့နေထိုင်ရာ (...)ရွာတစ်ရွာလုံး ဆောင်းဥတု၏ အအေးဒဏ်ကြောင့် အိမ်ပေါ်တွင် အိပ်ရာဝင်နေကြပြီဖြစ်သော်လည်း မိမိတို့အိမ်တွင်မူ အိမ်အဖီ(ဆင်ဝင်)အမိုးအောက်တွင် မီးလှုံသည့်ဓလေ့ကြောင့် အဘိုးမိသားစုမှာ မီးလှုံရင်း အအေးဓာတ်ကို တွန်းလှန်ကာကွယ်နေကြသလို အဘိုး၏ အိမ်မွေးခွေးကြီး 'ကျားဘို'မှာလည်း မိမိတို့အနီးတွင် ဝပ်လျားအအေးဓာတ်ကိုကာကွယ်ရင်း မီးလှုံလျက်ရှိနေသည်။ အိပ်ချိန်ရောက်၍ မိမိတို့မိသားစု (အဘိုး၊ အဘွား၊ အဖေ၊ အမေနှင့်မိမိ) အိမ်ပေါ်သို့ တက်သွားသော်လည်း အိမ်မွေးခွေးကြီး 'ကျားဘို'မှာ ဆင်ဝင်အောက်ရှိ မီးဖိုဘေးတွင် မီးလှုံကျန်ရစ်သည်။

ယခင်က ကျေးလက်ဒေသတွင် လုံခြုံမှုမရှိသည့်အလျောက် ငွေကြေးချမ်းသာသူများ(မိမိဘိုးဘွားမိသားစုအပါအဝင်)မှာ ဓားပြသူခိုးများ၏ရန်ကို ကြောက်ရွံ့နေကြသဖြင့် အိမ်အပေါ် ထပ်လုံခြုံမှုရှိသည့်နေရာတွင် ပုန်းအောင်းအိပ်ကြရသည်။

အဆိုပါ ဇဆောင်း၏ညတစ်ညတွင် (ဓားပြသူကြီးတစ်ဦးဖြစ်သော အဘိုး၏ လယ်ယာလုပ်ငန်းသီးနှံပေါ် ငွေရှင်ချိန်ဖြစ်၍) ဓားပြများ ရွာတွင်းဝင်ရောက်လာပြီး မိမိတို့အိမ်ပေါ် တံခါးမကြီးကို ထုရိုက်အဖွင့်ခိုင်းသံ၊ ကြိမ်းဝါးသံများနှင့်အတူ ခြောက်လှန့်သေနတ်ဖောက်သံများ ဆူညံလျက်ရှိသည်။ သို့ရာတွင် ရွာသားများအနေဖြင့် ဆောင်းဥတု၏အအေးဒဏ်နှင့် ဓားပြများ၏ရန်မူမှုကြောက်၍ အိမ်ပေါ်တွင်ငြိမ်၍ အခြေအနေကို စောင့်ကြည့်နေကြသည်။ မိမိအဘိုးမှာ ထိုအချိန်က အသက် ၅၀ ခန့် ကျန်းမာသန်စွမ်းသူဖြစ်သော်လည်း မိမိအိမ်တံခါး ထုရိုက်ပြီး အိမ်တံခါးဖွင့်ခိုင်းနေသူ ဓားပြများတွင် သေနတ်ပါရှိသဖြင့် အိမ်ရှေ့တံခါးမကြီးကို ဖွင့်မပေးဘဲ အမြင့် ခြောက်ပေရှိ အိမ်အပေါ်ထပ် နောက်ဖေးတံခါးကိုဖွင့်ပြီး ဆောင်ဓားရှည်ကိုကိုင်ပြီး ခုန်ချစဉ် မလွယ်ပေါက်စောင့်ဓားပြတစ်ဦးက ခုန်ချလာသော မိမိအဘိုးအား ဓားဖြင့်ခုတ်လိုက်သော်လည်း မျက်စိလျင်, နားလျင်သူအဘိုး၏ သတိနှင့် လျင်မြန်စွာ တိမ်းရှောင်နိုင်မှုကြောင့် တံတောင်ဆစ်(ဂျင်ဘု)တွင်သာ အနည်းငယ်ခုတ်မိပြီး ဓားပြလက်မှလွတ်မြောက်လျက် "ဓားပြ ဓားပြတွေ အိမ်ကိုစီးနေပြီ လာကြပါ၊ လာကြပါ"ဟု အော်ဟစ်အကူအညီတောင်းသဖြင့် ရွာသားများ ရောက်ရှိလာခြင်းနှင့်အတူ မီးဖိုဘေးတွင် မီးလှုံရင်း အိပ်ပျော်နေသော အိမ်မွေးခွေးကြီး'ကျားဘို'ကလည်း ဓားပြများအား လိုက်လံကိုက်ခြင်း၊ ဟောင်ခြင်းတို့ကြောင့် ဓားပြများ ပစ္စည်းယူချိန်မရလိုက်ဘဲ ထွက်ပြေးသွားရသည်။

ဤသည်မှာလည်း မိမိအဘိုး၏ ပစ္စည်းများကို ဓားပြများလက်သို့ မပါအောင်နှင့် အသက်ကို လူများကဲ့သို့ ကယ်ဆယ်ကူညီပေးသည့် အိမ်မွေးခွေးလိမ္မာကြီး၏ ကျေးဇူးကိုလည်း သတိရလျက်ရှိပါသည်။ ဤသို့အားဖြင့် လူ့လောကပတ်ဝန်းကျင်တွင် လူများနှင့် အနီးကပ် ခွေးလေခွေးလွင့် ခွေးဆိုးများရှိသလို လူနှင့်အနီးကပ် ရင်းနှီးမှုရှိပြီး အိမ်ရှင်၏ အကျိုးစီးပွားကို တစ်ဖက်တစ်လမ်းမှ ကူညီကယ်တင်ပေးသည့် ကျေးဇူးရှင်ခွေးလိမ္မာများလည်း ရှိကြောင်း တင်ပြအပ်ပါသည်။

မောင်အောင်မြင့်(မိတ္ထီလာ)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# တေဘုမ္မာ ဝင့်နန်းလယ်မှာ
# ကျွတ်တမ်းကယ် စာမလိပ်ချင်ဘု
## မောင်ဟိန်းကျော်

(ယခင်လမှအဆက်)

ဦးထွန်းကြိုင်နှင့် ဒေါ်တင်တို့နှစ်ယောက်အား မီးအိုပ်တစ်လုံး မီးထွန်းပြီး ဦးတင်မြက လိုက်ပို့သည်။

မယ်ဆင့်နှင့် သရဖီဦးတို့ကိုလည်း စည်းရိုးနားအထိ ကာရင်လေးက လိုက်ပို့ပြီး ပြန်လာသည်။ ထို့နောက် ဦးတင်မြ ဇနီး၊ သမီး၊ သမက်တို့ကို နှုတ်ဆက်ပြီး ကျော်စွာနှင့် ကာရင်လေးတို့လည်း ရွာလမ်းမှပြန်ကြလေသည်။

ကျွန်ုပ်နှင့် ပြိတ္တာမှာမူ ရေတွင်းပေါင်ပေါ်၌ မလှုပ်မယှက် ထိုင်နေကြသဲ။

"ဟော့ကောင် ပြိတ္တာ၊ ပြန်မယ်လေကွာ"

"မင်းဘကြီးနဲ့ ကြီးဒေါ်အိမ်ဘက်လိုက်သွားရင် ကောင်းမလားလို့"

"လိုက်သွားပြီး ဘာလုပ်မလို့တုံး"

"ဦးတင်မြ ဘုန်းကြီးကျောင်းကို ဘယ်နေ့သွားမယ်ဆိုတာ မင်းဘကြီးကို ပြောချင်ပြောနိုင်တယ်ကွ"

"ပြောပြောပေါ့၊ ဘာဖြစ်လို့ မင်းကလိုက်သွားချင်နေတာလဲ ပြိတ္တာရာ"

"သိချင်လို့ပေါ့ တစ္ဆေကောင်ရဲ့ အဲဒီနေ့ကျရင် မင်းအတွက် ဘာလုပ်ကြမလဲဆိုတာ ဆရာတော်ကို မေးမယ်လို့ ပြောသွားတာ ပင်း မကြားဘူးလား"

ကျွန်ုပ်သည် ပြိတ္တာအား အူကြောင်ကြောင်ဖြင့် လှည့်ကြည့်လိုက်သည်။ ဒီကောင် ကျွန်ုပ်အကြောင်းကို လွန်စွာ စိတ်အားထက်သန်နေပုံရသည်။

"အဲဒါဘာဖြစ်လဲ၊ သူတို့သွားချင်တဲ့နေ့ သွားပစေပေါ့"

"ဟ • • •တစ္ဆေကောင်၊ အဲဒါ မင်း လူ့ဘဝကို ဘယ်လိုဝင်စားမယ်ဆိုတာ သိရမယ့် အခွင့်အရေးကြီး



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ချင်ဖြစ်မှာကွ၊ အဲဒါ မင်း မသိချင်ဘူးလား"

"လာစမ်းပါ ပြိတ္တာရာ၊ ဦးတင်မြ အိမ်မှာ ဘိုဖြူဆိုတဲ့ ခွေးတစ်ကောင်ရှိတာ မင်းအသိပဲ၊ သင်း ဘယ်အရွေ့ လိုက်နေလဲ မသိဘူး။ တော်ကြာ အရွေ့လိုက်ရာက ပြန်လာပြီး ဟောင်နေမှ ဟုတ်ပေဖြစ်နေမယ်၊ မင်း လိုက်ချင်လိုက်သွား၊ ငါတော့ သရက်ပင်ကို ပြန်တော့မယ်"

သူ့အား ပြောပြီးသည်နှင့် စောင့်ဆိုင်းနေခြင်း မပြုဘဲ မယ်ဆင့် အိမ် မြောက်ဘက်ခြံထဲမှ သရက်ပင်ကြီးပေါ်သို့ ပြန်လာခဲ့တော့သည်။

❀ ❀ ❀

"နေပါဦး တစ္ဆေကောင်ရဲ့ မင်း လူ့ဘဝရောက်ဖို့ စိတ်မဝင်စားတော့ဘူးလား"

ပြိတ္တာသည် ကျွန်ုပ်နောက်မှ ထက်ကြပ်မကွာ လိုက်ပါလာခဲ့သည်။ သူ့အကိုင်းပေါ် သူထိုင်ချလိုက်ပြီးတစ်ဆက်တည်း မေးလာသည်။

"စိတ်ဝင်စားပါတယ်ကွ၊ ဘာဖြစ်လို့လဲ"

"ဒါဆိုလည်း မင်းအကြောင်း ဘယ်လိုလုပ်မလဲဆိုတာ သိရနိုင်မယ့်ဥစ္စာ၊ မင်းဘကြီးအိမ် လိုက်သွားရမှာ၊ ခုတော့ မင်းက ဒီကိုပြန်လာတာ ဘာလဲ၊ ငါ နားမလည်ဘူး"

"ရေးကြီးခွင်ကျယ်ဖြစ်ရတာ ပေါ့၊ မင်း လူ့ဘဝပြောင်းတဲ့ အနေအထားကိုသိရတာ ငါလည်း လူ့ဘဝကို ဘယ်လို ကူးပြောင်းရမလဲဆိုတာ သိသွားတာပေါ့။ မင်းနဲ့ ငါ့အဖို့ ဒါထက် အရေးကြီးတာ ဘာရှိလို့လဲ၊ ခုတော့ အဲဒီအကြောင်း သိရမယ့်နေ့ကို မသိရတော့ဘူးပေါ့"

ပြိတ္တာပြောနေဟန်မှာ စိတ်ပျက်လက်ပျက်နိုင်လှသည်။

လွန်ခဲ့သော နှစ်များစွာက ကျွန်ုပ်မှာ နေရာတကာ၌ ယခုပြိတ္တာကဲ့သို့ပင် အသည်းအသန် ဖြစ်ခဲ့ဖူးသည်။ ယခုကဲ့သို့ မျောက်ငါးပိကိုင်မိသလို နေမထိ ထိုင်မထိ ဖြစ်နေသည့် ပြိတ္တာကို အပြစ်မတင်လိုပါ။ အေးတိအေးစက်နေနိုင်လွန်းသည့် ကျွန်ုပ်ကိုယ် ကျွန်ုပ်ပြန်၍ အံ့ဩနေမိသည်။

"ငါလည်း မင်းလိုပဲ သိချင်ပါတယ် ပြိတ္တာရာ၊ မင်းကို ငါတစ်ခု ပြောမယ်ကွာ၊ နေ့လယ်တုန်းက မယ်ဆင့် ကျောင်းပေါ်ကို လာတုန်းက ဆရာတော်နဲ့ မယ်ဆင့် ဘာတွေပြောသလဲဆိုတာ မင်းနဲ့ငါ ကြားခဲ့ရလား။ မကြားရဘူး၊ ဘာဖြစ်လို့လဲ၊ ကိုရင်နဲ့ ကျောင်းသားတွေ ကျောင်းအောက်ထပ်မှ စာကျက်သံတွေ ဆူညံနေလို့ ဟုတ်တယ်နော်"

ပြိတ္တာက တစ်ခွန်းမျှမဟဘဲ ငြိမ်၍ နားထောင်နေသည်။

"မယ်ဆင့်တစ်ယောက်တည်း ပြန်သွားတဲ့နောက်က လိုက်သွားပြီး ပခုံးကို ကိုင်လှုပ်ပြီး ငါမေးခဲ့တယ်။ ပခုံးကို ကိုင်လို့ ထိလို့ရခဲ့လား။ ငါ မေးတာတွေကိုကော သူကြားခဲ့လား။ ငါ့ကိုကော မြင်ခဲ့လား"

"မင်း ဘာတွေ ပြောနေတာလဲ တစ္ဆေကောင်"

"နေ...နေ၊ ငါပြောတာ နားထောင်၊ မီးဖိုချောင်နားမှာ သွားနားထောင်တော့ မယ်ဆင့်နဲ့ ကြီးမေတင် ပြောတာ မင်းရော ငါရောကြားတယ်၊ ဦးတင်မြအိမ်ပေါ်မှာ ပြောတာတွေလည်း ရေတွင်းပေါင်ပေါ်က နားထောင်ရတယ်၊ မင်းနဲ့ ငါ သိချင်နေတာ သိရဲ့လား၊ မသိခဲ့ရဘူး မဟုတ်လား"

"ငါ ပြောတာနဲ့ ဘာသက်ဆိုင်လို့လဲကွ"

"အဲဒါ ပြောမလို့ပဲ၊ ငါသိသလို မင်းကိုပြောပြနေတာ၊ ဒီလိုလေကွာ၊ မင်းပြောပြောခဲ့တဲ့ စကားလိုပေါ့၊ သိချိန်တန်ရင် သိလာမယ်ဆိုတာလေ၊ အခုလည်း မင်းနဲ့ ငါ သိချိန်မတန်လို့ မသိတာလို့ပဲ ထားလိုက် ငါတို့ သိချင်တာကို ရှင်းပြနိုင်တဲ့ ရက္ခစိုးက ဥပုသ်ဆောင်ဝင်နေလို့ မတွေ့ခဲ့ရဘူး၊ ဒါပေမယ့် ငါတို့ ဘာတွေဖြစ်ခဲ့ ဘယ်တွေရောက်ခဲ့တယ်ဆိုတာမင်းအသိပဲ၊ အဲဒီလိုပေါ့ကွာ၊ ငါတို့ ဒါဖြစ်ချင်တယ်၊ မဖြစ်ဘူး၊ ဟော ဖြစ်စရာရှိတာ ဖြစ်ချိန်တန်တော့ သူ့အလိုလိုဖြစ်လာတတ်တယ်၊ အဲ...အဲဒါ ငါပြောချင်တာ အဲဒါပဲ"

ပြိတ္တာက ကောင်းကင်မှ မှုန်တိမှုန်ဝါးကြယ်ပွင့်လေးများဆီ ငေးကြည့်



www.burmeseclassic.com

www.burmeseclassic.com

ဖြိုး အတန်ကြာအောင် ငြိမ်သက်နေသည်။

"အေး မင်းပြောတာ ဆရာတော် မကြာမကြာ ဟောကြားတဲ့ သဗ္ဗေသတ္တာ ကမ္မဿကာဆိုတာနဲ့ တူသလိုလိုပဲ၊ ထားပါတော့ကွာ၊ ငါတို့ သိချိန်တန်ရင် သိရမယ့်ဟာ အလို အလျောက်သိဖို့ ဖြစ်လာမယ်၊ သိချိန်မတန်သေးရင် ဘယ်လိုပဲလုပ်လုပ် မသိဖို့ဘဲ ဖြစ်လာမယ်"

"အေးပေါ့…ဒါပဲပေါ့ ဖြိုးတ္တာရာ"

"ဟော့…ဟော့…ဟိုမှာ…မီးအုပ်…အလင်းရောင်တွေတွေ့တယ်၊ လူလာနေတယ်"

ဖြိုးတ္တာညွှန်ပြရာသို့ ကြည့်လိုက်သောအခါ သရက်ပင်၊ ပိန္နဲပင်များအကြားမှ ကွေ့ကာ ကောက်ကာ ရွေ့လျားလာနေသည့် မီးအုပ်အလင်းရောင်ကို မြင်ရသည်။

ကျွန်ုပ်တို့သည် သည်အဖြစ်မျိုး တစ်ကြိမ်တစ်ခါမျှ တွေ့ကြုံဖူးခြင်းမရှိခဲ့။ မီးအုပ်ကိုင်စွဲလာသူသည် လမ်းသိပြီးဟန် တူ၏။ ကျွန်ုပ်တို့ရှိရာ သရက်ပင်ဆီသို့ တည့်တည့်ကြီး ဦးတည်လာနေကြောင်း ထင်ရှားသည်။

မည်သူဖြစ်မည်နည်း။

ကျွန်ုပ်တို့ရှာရှိ ခြံဝင်းများသည် သူ့ခြံ ကိုယ့်ခြံ စည်းရိုးခတ် ခွဲခြားသတ်မှတ်ထားခြင်းမရှိ။ တစ်ခြံမှ တစ်ခြံသို့ အတားအဆီးမရှိ ကူးလူးသွားလာနိုင်၏။ ထင်းခြောက်ကောက်သည်ဖြစ်စေ၊ အတို့အမြှုပ်ခူးသည်ဖြစ်စေ အသိပေးနေစရာမလို။ ပိုင်ရှင်က ခွင့်ပြုပြီးသားဖြစ်သည်။ သရက်သီး ပိန္နဲသီး ခူးဆွတ်လိုလျှင်မူ ခွင့်တောင်းပြီးမှခူးဆွတ်ကြသည်။ အခွင့်မတောင်းဘဲ ပိုင်ရှင်မသိအောင် ခူးယူခြင်း မြုလေ့ပြုထ မရှိကြပေ။ တစ်ရွာလုံး မြန်မာရော ကရင်ပါ ဆွေမျိုးတော်စပ်နေကြသောကြောင့် အလိုရှိသည့်အသီးအနှံလာတောင်းလျှင် ခြံရှင်က ညှာတကာနဥ္စသာဂ်ဟော သဘောဖိုက်ကာ ကြည်ဖြူစွာ ပေးကမ်းလိုက်သည်သာ။

လမွှန်းတည့်လုချိန်မို့ တစ်ခြံလုံးအား ဘော်ငွေရောင် လွှမ်းခြုံထားလေသည်။ မီးအုပ်ကိုင်သူအား လရောင်ဖြင့် မြင်လာရပြီးဖြစ်သော်လည်း သစ်ရိပ်များ ဖုံးလွှမ်းနေသည့်အပြင် တဘက်တစ်ထည် ခေါင်းပေါင်းလွှာခြုံလာသည်မို့ လူရိပ်မည်းမည်း ရွေ့လျား လာနေသည်ကိုသာ တွေ့ရနိုင်လေသည်။

မယ်ဆင့်များလား…။

မယ်ဆင့်ခြံတွင်သို့ ကျူးကျော်ဝင်ရောက်လည့် မသမာသူ ဟူ၍ မရှိနိုင်။

ကိုနေဟန်ထားကာပိန်ပိန်ပါးပါး။

သရက်ပင်သို့ တည့်မတ်စွာ လာနေသူမှာ မယ်ဆင့်သာ ဖြစ်မည်ဟူ၍ ကျွန်ုပ် အလိုလို ထင်မှတ်မိလိုက်ခြင်းဖြစ်သည်။

ထားတော့။ မယ်ဆင့် ဒီအချိန်ကြီးမှာ အဖော်မပါ တစ်ကိုယ်တည်း ဘာအကြောင်းကြောင့် လာရသနည်း။ ခြေခင်းလက်ခင်း ခြောက်လှန့်စရာ နှင်တံလေးမျှ မပါ။ လက်ချည်းဗလာ။

ကျွန်ုပ်တို့ ငယ်စဉ်က ချစ်သူများဘဝ လပြည့်ည ချိန်းတွေ့ကြစဉ်က မယ်ဆင့် ဤသို့ မျက်ကန်းတစ္ဆေမကြောက်ရောက်ခဲ့ဖူးသည်။ သို့သော် လပြည့်ညပေမို့ တစ်ခြံလုံး လင်းထိန်နေသည်။ ည ခုနစ်နာရီဆိုလျှင် လထန်းတစ်ဖျားသို့ ရောက်ပြီဖြစ်သည်။

ယခုမူ လဆုတ်ရက်မို့ လမွှန်းတည့်သည့်တိုင် တစ်ခြမ်းပဲ့လကလေးကို ရွက်ပျို့နမျှား ကိုင်းချင်းယှက်မျှ အလုအယက် ပွေ့ဖက်ဆီးကာနေကြသည်မို့ ဖိုးရွှေလခမျှာ သာချင်တိုင်း မသာနိုင်ချေ။

အရိပ်မည်းမည်းက သရက်ပင်ခြေ သစ်မြစ်ကြီးတစ်ခုပေါ်တွင် ထိုင်လိုက်သည်။ မီးအုပ်အား နံဘေးမှာ ချလိုက်၏။ ခေါင်းပေါ် လွှားခြုံထားသည့် ယောဂီတဘက်ကို လည်တွင် ရစ်သိုင်းလိုက်၏။

မယ်ဆင့်မှ မယ်ဆင့်ဖြစ်သည်။

"ကိုရင်သက်နိုင်၊ ရှင် မကျွတ် မလွတ်ဘူးဆိုရင် ဒီအပင်မှာရှိမယ်လို



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မယုံတယ်၊ ကျွန်မကို ကိုယ်ထင် ပြပါ။ ကျွန်မ မကြောက်ပါဘူး။ ကိုရင် ဘယ်လိုဘယ်ပုံရှိရှိ ကိုရင့်ကို ကျွန်မ ရင်ဆိုင်ကြည့်ရဲပါတယ်၊ လွန်ခဲ့တဲ့ အနှစ်သုံးဆယ်ကျော်တုန်းက ရွှးရွှး မွှးမွှး အချစ်စိတ်နဲ့ ဒီနေရာကို ကျွန်မ လာခဲ့တာ ကိုရင် မှတ်မိသေးရဲ့လား။ အခု ကျွန်မလာတာလိုက်ဆူပူလောင်တဲ့ ဗျာပါဒနဲ့ လာခဲ့တာ၊ ကိုရင် ကျွန်မကို ကိုယ်ထင်ပြပါ။ ကိုရင် အိပ်မက် ပေး●့ အကြောင်း ဆရာတော်က ကျွန်မကို ပြောပြလို့ သိပြီးပါပြီ၊ ကိုရင် ဘာပြောချင်လဲ၊ ဘာမှာချင်လဲ မှာပါ၊ ပြောပါ၊ လူနဲ့ နာနာဘာဝတွေလို့ မဖြစ်၊ ပြောလို့မဖြစ်ဘူးဆိုလည်း ဒီည ကျွန်မကို အိပ်မက်ပေးပါ၊ ကိုရင့် အတွက် ကျွန်မ ဘာမဆို အစွမ်းကုန် လုပ်ပေးမယ်ဆိုတာ ကိုရင်အသိဆုံးပါ"

ပြိတ္တာက ကျွန်ုပ် အကိုင်းကို ကူးလာသည်။

"အဲဒါမှ ခုပဲ တစ္ဆေကောင်ရေ ဘယ်လိုလုပ်ကြမလဲ"

"ငါလည်း မသိဘူး"

ကျွန်ုပ်လည်း သရက်ပင်အောက်တွင် ထိုင်၍ တတွတ်တွတ် ပြောနေသည့် မယ်ဆင့်ကိုနားမလည် နိုင်ပေ။ မယ်ဆင့် ဘာကြောင့်ဒီအချိန် ကြီးမှာ ဒီနေရာကို တစ်ယောက်တည်း လာခဲ့လေသနည်း။ မယ်ဆင့်ပြော စကားအရ ငယ်စဉ်က ရွှးရွှးမွှးမွှး အချစ်စိတ်နဲ့ ဒီနေရာကို လာသည်။ ယခု အသက်အရွယ် ကြီးရင့်သော အခါ ဗျာပါဒနှင့်လာသည်။ ဗျာပါဒ ဆိုတာ ပူလောင်သည်ကို သိနေပါလျက် အပူကိုတရားနှင့် ငြိမ်းသတ်၍ မရနိုင်ဘူးလား။

ကျွန်ုပ်တို့ ဘာမှနားမလည်ပါ။ လူတွေကပိုနားလည်မည် ထင်သည်။ တရားအားထုတ်သည်၊ ကျင့်ကြံနေသည်ဆိုသော မယ်ဆင့် ပို၍နားလည် နိုင်မည်။

"ကိုရင်သက်ခိုင် ကျွန်မကို ကိုယ်ထင်ပြပါ"

ကိုယ်ထင်ပြပါ။ ကျွန်ုပ် နားမလည်ပေ။

ဘကြီးထွန်းကြိုင် အိမ်ရှေ့တွင် မယ်ဆင့် ရှေ့လက်တစ်ကမ်းမှာ ကျွန်ုပ် ရပ်ခဲ့ပြီးပြီ၊ မယ်ဆင့်က ကျွန်ုပ်ကို မမြင်ရ။ သို့ဆိုလျှင် မယ်ဆင့်မြင်အောင် ကျွန်ုပ် မပြုလုပ်နိုင်ပေ ဘုန်းကံမြင့်သူ တို့ အာရုံပြုလျှင် ကျွန်ုပ်တို့ကို မြင်နိုင် သည်ဟု ပြိတ္တာပြောဖူးသည်။

"ကျွန်မကို ဒီည အိပ်မက်ပေး ပါ ကိုရင်ရယ်"

အိပ်မက်ပေးသည် ဆိုခြင်းကို ဒီနေ့တွင်မှ ကြားဖူးသည်။ မည်သို့ မည်ပုံဖြစ်၍ ကျွန်ုပ် အိပ်မက်ပေးသည် ဆိုသောစကား ဖြစ်လာသည်ကို ကျွန်ုပ်နှင့် ပြိတ္တာ အဖြေရှာနေဆဲ။ သဲသဲကွဲကွဲ နားမလည်ကြသေးပေ။

"ဝုတ် . . . ဝုတ် . . . ဝုတ်"

ခွေးဟောင်သံနှင့်အတူ မီးအိမ် အလင်းရောင်၊ လက်တုတ်(လက်နှိပ် ဓာတ်မီး)အလင်းရောင်များအား အဝေး ဆီ၌ မြင်လိုက်ရသည်။ မဟုတ်မှလွဲ ရော မယ်ဆင့်ကို လိုက်ရှာကြခြင်း ဖြစ်သည်။

"တစ္ဆေကောင်ရေ . . . ငါတို့ စာစ်နေရာကို ရှောင်နေရအောင်လား"

သူဆွဲခေါ်ရာသို့ ကျွန်ုပ်လည်း သဘောတူ၍ လွယ်လွယ်ကူကူပင် လိုက်ပါသွားခဲ့တော့သည်။

❀ ❀ ❀

## ✧ ၃၁-ဘုံ ဝင်အတွင်း ကမ္ဘတ်ကင်း လျှောက်တဲ့ တောဘုမ္မာ

ကိုရင်များ၊ ကျောင်းသားများသည် ကပ္ပိယကြီးနှင့်အတူ ရေငင် ခြင်း၊ ရေဖြည့်ခြင်း၊ ရေဖျန်းခြင်း၊ တံမြက်စည်းလှည်းခြင်း စသည့် ကျောင်းဝိုင်းအတွင်း ဝေယျာဝစ္စများကို နေရာအသီးသီးခွဲ၍ လုပ်ကိုင်နေကြသည်။

သို့ဖြစ်၍ ဆရာတော်ထံ မင်္ဂလာကိစ္စ ရက်သတ်မှတ်ပေးရန် လျှောက်ထားခြင်းမှအစပြု၍ ကျောင်း အပေါ်ထပ်တွင် ပြောဆိုနေသံများကို ရှင်းလင်းပီသစွာ ကြားနေရသည်။

ကျွန်ုပ်နှင့် ပြိတ္တာသည် စကား တချို့ကို သဲကွဲစွာ မကြားရသဖြင့် ကျောင်းပြတင်းပေါက် တစ်ခုနှင့်



www.burmeseclassic.com

www.burmeseclassic.com

နီးကပ်စွာပေါက်နေသည့် ဝိန္ဒဲပင်သို့ ပြောင်းရွှေ့လိုက်ကြသည်။

ဆရာတော်က ဉပုသ်နေ့သီလ ပေးသော ထိုင်ခုံအပေါ်တွင် ထိုင်နေ၏။

ကြမ်းပြင်ပေါ်၌ ဦးထွန်းကြိုင်၊ ဒေါ်တင်၊ ဦးတင်မြ၊ ကျော်စွာ၊ ကရင်ကလေး၊ မယ်ဆင့်၊ သရဖီဦးနှင့် မင်္ဂလာဆောင်မည့် ကောင်လေး၊ သူ့အဖေ၊ သူ့အမေတို့အပြင် အခြားလူကြီးတစ်ယောက်လူငယ်တစ်ယောက်တို့သည် အသီးသီး ပုဆစ်တုပ်လျက် ထိုင်နေကြသည်။ ဆရာတော် ပြောကြားနေသည့် စကားများကို ရိုသေစွာ နာယူမှတ်သားနေကြ၏။

သရဖီဦး၏ မင်္ဂလာကိစ္စ နေ့ရက် ရွေးချယ်သတ်မှတ်ပြီးသောအခါ မယ်ဆင့် ကိစ္စကို ဦးထွန်းကြိုင်က လျှောက်ထား၏။

"မနုဿတ္တဘာဝေါ ဒုလ္လဘော တဲ့၊ လူ့ဘဝမှာ လူဖြစ်ဖို့ဆိုတာ ခဲယဉ်းတယ်လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဟောခဲ့တယ်၊ ဗြဟ္မာ့ပြည်က အပ်တစ်စင်းနှင့် လူ့ပြည်က အပ်တစ်စင်းထိဖို့ မလွယ်ကူသလိုဘဲဆိုတာ ဒကာကြီးတို့ အားလုံး နားလည်ကြပြီး ... ပေါ့"

"မှန်ပါ့ ဘုရား"

"သက်ခိုင်နဲ့ကျုပ်ဟာ ငယ်ငယ်လေးကတည်းက ဒီကျောင်းပေါ်ကဟောပဲ ပြတင်းပေါက်သံတိုင်တွေနားမှာ အလျားမှောက်ပြီး စာကျက်ခဲ့ကြတာပါ။ သူ့ကို လူ့ဘဝမှာ လူပြန်ဖြစ်စေချင်ပါတယ်၊ တကယ်လို့ လူပြန်ဖြစ်ခဲ့ရင် သူ့ကိုငယ်စဉ်ကတည်းက ခေါ်ထားပြီး ပရိယတ္တိ သင်ပေးမယ်၊ နောက် အရွယ်ရောက်တဲ့အခါ ရဟန်းဝတ်ပေးမယ်၊ နိဗ္ဗာန်ရောက်ကြောင်းတရား ကျင့်ကြံအားထုတ်ခိုင်းမယ်၊ ဒါပေမယ့် သူလူပြန်ဖြစ်ဖို့ ဘုန်းကြီးလည်း မစွမ်းနိုင်ဘူး။ သူ့မှာ လူဖြစ်ဖို့ ကံရှိပါမှ ပြိတ္တာဘဝက သေလွန်ရင် လူ့ဝမ်းထဲမှာ သန္ဓေစွဲကပ်လိမ့်မယ်၊ လူဖြစ်မယ်၊ ဒါမှမဟုတ် နတ်ဖြစ်မယ်၊ သတ္တဝါဟူသမျှ ကံစီမံရာ ခံကြရတယ် ဒကာကြီး"

"မှန်ပါ၊ တပည့်တော်တို့က သက်ခိုင်အတွက် ဘာကို ဘယ်လို လုပ်ပေးရမလဲဆိုတာ မိန့်တော်မူပါ အရှင်ဘုရား"

"ပြိတ္တာဆိုတာ လူက စွန့်ပစ်တဲ့ စားကြွင်းစားကျန်တို့၊ အညစ်အကြေးတို့၊ ခွေးသေ ကြွက်သေ အသေကောင်ပုပ်ရဲ့ အသားတို့ကို မနားတမ်းရှာဖွေစားသောက်ကြရတယ်၊ စားပြီးပေမယ့်လည်း ဆာလောင်ခြင်း ထပ်တလဲလဲဖြစ်လို့ အစာစားဖို့ ဟိုဟိုဒီဒီ မရပ်မနား ရှာဖွေကြရပြန်တယ်၊ အဝတ်အစားလည်း မရှိဘူး။ နေစရာလည်း မရှိဘူးဆိုရင် ဒီပြိတ္တာတွေရဲ့ ဆင်းရဲဒုက္ခကို တွေးဆလို့သာကြည့်ပေတော့၊ သက်ခိုင်အတွက် လုပ်ပေးနိုင်တာက သူ့အတွက် ရည်မှန်းပြီး သံဃာကို သင်္ကန်းလှူရင် သူ့ အဝတ်အစားရယ်၊ ဆွမ်းဘောဇဉ်လှူရင် အစားဒုက္ခ မခံစားရဘဲ စားရမယ်၊ ကျောင်းလှူရင်တော့ နေစရာရမယ်၊ ဒါပေမယ့် ဒကာကြီးတို့ သူ့အတွက် လှူပြီး သူ့ကို အမျှဝေတာကို သူက သာဓုခေါ်နိုင်မှ ခုနပြောတာတွေ သူ ခံစားရမှာ"

"မှန်ပါဘုရား။ အရှင်ဘုရား ဟောကြားခဲ့လို့ နာဖူးတာရှိပါတယ်ဘုရား။ သက်ခိုင်က တပည့်တော်တို့ သူ့အတွက် ရည်မှန်းပြီး လှူဒါန်းတဲ့ အဖို့ဘာဂကို အမျှအတန်းပေးဝေတဲ့အခါ သူက မရှိဘဲ အစာရှာဖို့ တခြားနေရာတွေရောက်နေမှာ စိုးရိမ်ပါတယ်ဘုရား၊ နောက်ပြီး သက်ခိုင်က တရားသံ၊ တရားစကားကို မကြားနာနိုင်တဲ့ ပြိတ္တာ၊ သာဓုမခေါ်နိုင်တဲ့ ပြိတ္တာ ဖြစ်နေမှာလည်း တွေးပူမိပါတယ်ဘုရား"

ဘကြီးဦးထွန်းကြိုင်သည် တွေးပူတတ်သူ ဖြစ်သည့်အလျောက် လျှောက်ထားလိုက်၏။

"ဒကာကြီးပြောသလို မဖြစ်နိုင်ပါဘူး"

ကျောင်းပေါ်ရှိ လူပရိသတ်တို့သည် တစ်ယောက်ကို တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

အပြန်အလှန် ကြည့်လိုက်ကြသည်။ အတန်ကြာမှ ဆရာတော်အား တအံ့တသြ ငေးမောနေကြလေသည်။

"ဘာလဲ ဒကာကြီးတို့က ကျုပ်ပြောတာကို မယုံကြဘူးလား"

"ယုံပါတယ် အရှင်ဘုရား၊ တပည့်တော်က သက်နိုင်အတွက် အစိုးရိမ်ကြီးသွားလို့ပါဘုရား"

ဘကြီးထွန်းကြိုင်ကပင် ဆရာတော်အား ပျာပျာသလဲ လျှောက်ထားလိုက်၏။

"ကျုပ်က ရမ်းသန်းမှန်းဆပြီး ပြောတာ မဟုတ်ပါဘူး။ ကျုပ်ကို သက်နိုင်က အိပ်မက်ပေးတယ်ဆိုတော့ ဒကာကြီးတို့ လှူဒါန်းတဲ့ အမျှဘာဂကို သာဓုခေါ်ချင်လို့ အသိပေးတာ၊ တစ်မျိုးပြောရရင် အဆက်အသွယ်လုပ်တာပဲပေါ့၊ ပြိတ္တာတွေဟာ သူတို့ အစားအစာတောင်းချင်တဲ့အခါ လူတွေရဲ့ ဘုန်းကံကြောင့် လူအနားကို မကပ်နိုင်လို့ သစ်ကိုင်းချိုးချတာတို့၊ အိမ်ထရံကို ပုတ်ပြီး အသံပေးတာတို့ လုပ်တယ်၊ ဒါကို လူတွေက ခြောက်လှန့်တယ် ဆိုပြီး ကြောက်လန့်ကြတယ်။ ပြိတ္တာက စရိုက်ကြမ်းရင် ခပ်ကြမ်းကြမ်းပေါ့လေ၊ ယယ်စဉ်ကတည်းက ဘာသာတရား ကိုင်းရှိုင်းပြီး စိတ်သဘောထား မခက်ထန်တဲ့ သက်နိုင်လိုလူမျိုးကျတော့ လူတွေ ကြောက်လန့် မှန်းတီးမှာမျိုး မလုပ်ဘူး။ ကျုန်ရစ်သူကို အိပ်မက်ပေးတာမျိုးလုပ်တယ်၊ ဒါကြောင့် ဒကာကြီးတို့ကိုလည်း အိပ်မက်ပေးမှာပါပဲ၊ ဒါပေမယ့် ဒကာကြီးတို့မှာက ဝိပဿနာတရား အားထုတ်ဖို့ နေ့နေ့သာသာ သမာဓိတည်ထောင်တဲ့ ကျင့်စဉ်တောင်မှ ကျင့်ကြံအားထုတ်မှု မရှိသလောက်ပါပဲ။

"မှန်ပါတပည့်တော်တို့ ငယ်စဉ်ဘဝက ခေတ်ဆိုး ခေတ်ပျက်ကြီး အတွင်း ကြီးပြင်းခဲ့ရပါတယ်၊ အရှင်ဘုရားလည်း နောင်တော် ဦးဇဝနထံမှာ နေလာခဲ့တော့ အသိဆုံးပါဘုရား။ ကိုယ့်မင်းကိုယ့်ချင်းနဲ့ လွတ်လပ်ရေးရပြီးပြန်တော့လည်း သမ္မာအာဇီဝ လယ်လုပ်ငန်း ဘယ်မှာ ဖြောင့်ဖြောင့်လုပ်ရလို့လဲဘုရား။ သူပုန် သူကန်၊ ဓားပြသူခိုး၊ ဘေးအမျိုးမျိုးနဲ့ အသက်နဲ့ ခန္ဓာကိုယ်မြဲအောင် ဟိုလူ့ဆက်ကြေးပေးရ၊ သူပုန်က နွားဝင်ဆွဲ လိုက်နဲ့ဆိုတော့ တပည့်တော်တို့ တစ်သက်ပဲ၊ အခု အရှင်ဘုရားကျောင်းထိုင်မှ ဉပုသ်သီလ ဆောက်တည် ခွင့်ရခဲ့တာ လေးငါးနှစ်ပဲရှိသေးတာကိုဘုရား"

"ဦးထွန်းကြိုင်ပြောတာ မမှားပါဘူး၊ ကျုပ်ကလည်း ဦးထွန်းကြိုင်တို့ ဦးတင်မြတို့ မောင်ကျော်စွာတို့ကို သာမက တစ်ရွာလုံးကို အတွင်းသိအစင်းသိပါလေ၊ ဒကာကြီးတို့ တစ်ရွာလုံးဟာ ရိုးသား ဖြူစင်ကြတယ်၊ စေတနာကောင်းကြတယ်၊ တစ်ရွာလုံးဆွေမျိုးသားချင်း တွေချည်းဖြစ်တဲ့ ရန်လိုခြင်း၊ အငြိုးထားခြင်း မရှိကြဘူး။ မစ္ဆရိယမရှိကြဘူး။ လောဘမီး၊ ဒေါသမီးနဲ့မောဟမီး လောင်မြိုက်ခြင်း ကင်းသလောက်ပဲ၊ ဒါကြောင့်လည်း ဒကာကြီးတို့ကိုတရားဟောကြားပြီးသံသရာက လွတ်မြောက်စေမယ့် ဝိပဿနာတရားတွေရှင်းပြချင်လို့ ဒကာကြီးတို့ ကျောင်းအပ်တာကိုလက်ခံခဲ့တာပဲပေါ့"

"မှန်လှပါ ကျေးဇူးကြီးလှပါတယ်ဘုရား"

"ကျုပ်က ဉပုသ်နေ့တွေမှာ ကံကံရဲ့ အကျိုးနဲ့ ပတ်သက်တဲ့ သုတ္တန်ဒေသနာတော်တွေပဲ ဟောပြခဲ့တာဟာ ဒကာကြီးတို့ကို တရားမမှန်နဲ့ အလှူဒါနမှာ စိတ်ညွတ်လာအောင် ဟောခဲ့တာပါ၊ ကျုပ်ပြောခဲ့သလို ဒီမှာ ကျောင်းထိုင်မယ့် သံဃာတစ်ပါး မပေါ်သေးရင်တော့ ကမ္မဋ္ဌာန်းတရားဟောကြားပေးဖို့ပါ၊ ခုတော့ အရှေ့နေရာကွန်းရွာမှာ စွန်းလွန်းဝိပဿနာစခန်းလာ ဖွင့်ခဲ့တာမို့ ဒေါ်မယ်ဆင့်လို စခန်းဝင်ကျင့်ကြံကြပါလို့ ကျုပ် တိုက်တွန်းချင်ပါတယ်"

"တပည့်တော်မ အဖော်ကောင်းလိုပါသွားတာပါဘုရား။ အရှင်ဘုရားက တရားပြပေးမယ်ဆိုရင် တပည့်တော်မ ဒီရွာမှာပဲ စခန်းဝင် ကျင့်ကြံအားထုတ်ချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

မယ်ဆင့်စကားကို ဆရာတော်က ပြုံးလျက်နေသည်။

"ကျုပ်က ကျောင်းလက်ခံထားထိုင်သာနေရတာ၊ အချိန်ယူပြီး ဝိပဿနာတရား အားထုတ်ပေးမယ့် ကျောင်းရွာ၊ ဒကာတွေ စွဲပြီးနေတော့ ပင်ပန်းသလောက် ခရီးမရောက်နိုင်ဘူးဖြစ်နေတယ်၊ ကျုပ်က သစ်တစ်ပင်အောက် ဝါးတစ်ပင်အောက်မှာ ကျင့်ကြံအားထုတ်ချင်လို့ပါ ဒကာမကြီးရယ်၊ ကျုပ်က တရားမပြချင်လို့ မဟုတ်ပါဘူး"

"အရှင်ဘုရား တပည့်တော်တို့ကို ပစ်မထားခဲ့ပါနဲ့ဘုရား။ ဖြစ်နိုင်ရင် ဒီရွာ ဒီကျောင်းမှာပဲ အဲ သက်တော်ရာကျော်တဲ့အထိ စီမံအုပ်ချုပ်မယ့် ကမ္မဋ္ဌာန်းကျောင်း ရိပ်သာတိုးချဲ့မယ်ဆိုရင်လည်း တပည့်တော်တို့ တာဝန်ယူပါတယ်ဘုရား၊ ပစ္စည်းလေးပါး မချို့ငဲ့စေရပါဘူးဘုရား၊ တပည့်တော်တို့ လယ်လုပ်ငန်းတွေလည်း ပိုပြီး စိုက်ပျိုးကြပါမယ်ဘုရား"

"ဒကာကြီး ဦးတင်မြ က သေခြင်းတရားနဲ့ ထွေခင်းကစားနိုင်လို့လား၊ ကွေးသောလက် မဆန့်မီ ဆန့်သောလက် မကွေးမီ သေခြင်းတရား သေခြင်းတရား ရောက်လာနိုင်တယ်ဆိုတာ ကျုပ် ဟောတိုင်း ထည့်ဟောခဲ့တယ် မဟုတ်လား၊ ဒေါ်မယ်ဆင့် ကတော့ နားလည်ချင် နားလည်လိမ့်မယ်၊ ကျုပ်တို့ရဲ့ ခန္ဓာကိုယ်ကြီးဟာ ထိုင်နေတာ၊ သွားနေတာ၊ စကားပြောနေတာ မဟုတ်ဘူးဗျ၊ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဆိုတဲ့ ဓာတ်အစုကြီးဟာ စက္ကန့်တိုင်းမှာ ကုဋေခြောက်သန်းလောက် ပျက်ပျက်သွားတာ၊ ပျက်စီးနေတာ၊ အဟောင်းပျက်သွားတိုင်းမှာ အသစ်အသစ်တွေက အစားထိုးဝင်လာပြီး ဖြစ်ဖြစ်နေလို့ ဒီဓာတ်အစုခန္ဓာကြီးဟာ သွားတယ်၊ လာတယ်၊ ထိုင်တယ်ဆိုပြီး ထင်မြင်နေရတာဗျ၊ ဟုတ်တယ် မဟုတ်လား ဒကာမကြီး"

"မှန်ပါဘုရား၊ ဖြစ်လိုက် ပျက်လိုက် ဖြစ်လိုက် တစ်ဆက်တည်း ဆက်တိုက်ဖြစ်ပေါ်နေတဲ့ ရုပ်ကြီးပါဘုရား"

"ဪ . . . ဒကာကြီးဦးတင်မြ ဘယ်လိုလဲ၊ ကျုပ်ရဲ့ ခန္ဓာကိုယ်ဟာ အနှစ်တစ်ရာကျော်တဲ့အထိ မအိုဘဲ မနာဘဲ မပျက်စီးဘဲ နေပါ့မလား"

"မနေပါဘူးဘုရား"

"ဒါကြောင့် ကျုပ်က ဘုရားသားတော်အမည်ခံယူထားပြီး အဝါရောင်သင်္ကန်းကို ဆင်မြန်းထားလေတော့က ရဟန်းတရားကိုလည်း အားထုတ်သင့်တယ် မဟုတ်လား"

"မှန်ပါ အားထုတ်သင့်ပါတယ်ဘုရား"

"ရဟန်းတစ်ပါး မရခင်တော့ ကျုပ်လည်း ဘယ်မှ မသွားနိုင်သေးပါဘူးလေ၊ ကျုပ် တပည့်တွေထဲက ကိုရင် ရှင်အာဒိစ္စကတော့ ပရိယတ္တိဘက်မှ ချွန်ပါတယ်၊ ဒကာတို့က ရဟန်းသစ်မရှာနိုင်ဘူး ဆိုရင်လည်း ရှင်အာဒိစ္စ ရဟန်းတက်ပြီး ဝါရလာတော့မှ သူ့ကို လွှဲခဲ့မယ်လို့ စိတ်ကူးထားတာပဲ"

"မှန်ပါအရှင်ဘုရား သင့်လျော်လို့ စီစဉ်တာ မငြင်းပါဘူး ဘုရား"

"သာဓုပါဗျာ သာဓုပါ သာဓုပါ၊ သက်ခိုင်အတွက်လည်း ကျုပ်ပြောသလို သူ့ကိုရည်မှန်းပြီး လျှုဒါန်းသူ့ကို အမည်ခေါ်ပြီး အမျှဝေ၊ အမျှရရင် နတ်ဘုံနတ်နန်းလို မြင့်မြတ်တဲ့ဘဝ၊ ဒါမှ မဟုတ် လူ့ဘဝရနိုင်ပါစေလို့ ကျုပ်လည်း ဒကာ ဒကာမတို့နဲ့အတူ ဝိုင်းပြီး ဆုတောင်းပေးပါ့မယ်"

"မှန်ပါ တပည့်တော်တို့ ဆရာတော်မိန့်တဲ့အတိုင်း ဆောင်ရွက်ပါ့မယ်ဘုရား"

"အရှင်ဘုရား တပည့်တော်မ တစ်ခု လျှောက်ထားပါရစေ ဘုရား"

"ဘာများလဲ ဒကာမကြီး"

မယ်ဆင့်သည် အရဲကိုးသော မျက်နှာဖြင့် ဆရာတော်အား ကြည့်နေသည်။

"ဟို . . . ကိုရင်သက်ခိုင် ဒီတစ်ခါ အိပ်မက်ပေးခဲ့ရင် တပည့်တော်မ



www.burmeseclassic.com

www.burmeseclassic.com

တို့ အလှူပြုလုပ်မယ့်အကြောင်း တခြားအရပ်ကို မသွားဖို့အကြောင်း ပြော・・・ပြောပေးပါဘုရား"

"ဒကာမကြီးက တရားသိရုံ သိသေးတာကိုး။ ကျုပ်ကို အိပ်မက်ပေးရင်တောင်မှ ကျုပ်က ဒီလိုမျိုး မှာထားလို့ရှိရင်တော့ မှာချင်တာပေါ့ ဒကာမကြီးရယ်၊ အိပ်မက်ထဲမှာ ပြောဖို့ စကားကြုံပါ့ရတယ်လို့မျာ၊ ဒါပေမယ့် ဒကာမကြီးစိတ်ချပါ၊ သက်နိုင်ဟာ အခုတောင်မှ ကျုပ်တို့ပြောတာ ဆိုတာတွေကို ကျောင်းအောက်မှာ ဖြစ်ဖြစ်၊ ဟိုပြတင်းပေါက်နားက ပိန္နဲပင်ပေါက်က ဖြစ်ဖြစ် နားထောင်ရင် နားထောင်နေမယ်လို့ ကျုပ်ထင်တယ်ဗျ"

ပြိတ္တာက ကျွန်ုပ်လက်တစ်ဘက်ကို တင်းတင်းဆုတ်ကိုင်လိုက်သည်။

"အရှင်ဘုရား တပည့်တော် တစ်ခုလောက် မေးချင်ပါတယ်ဘုရား"

ကရင်ကလေးက လက်အုပ်ချီလျက်ပြောလိုက်သည်။ အားလုံးအကြည့်က ကရင်လေးထံသို့ စုပြုံရောက်ရှိသွားသည်။ ကရင်လေးသည် နိုးနိုးဒေါက်ဒေါက် ပြောလေ့ရှိ၏။ တစ်ခါမျှလည်း အမြီးအမောက်မတည့်။ ဆရာတော်ကို ဘာများပြောလေမည်နည်းဟု တထိတ်ထိတ်ဖြင့် ရင်မ, ထားနေကြရသည်။

"မေးပါကွယ်"

ဆရာတော်က ခွင့်ပြုလိုက်၏။

"တပည့်တော် ကြားဖူးထားတာရှိလို့ပါ။ တပည့်တော် အမေဘက်က အမျိုးတစ်ယောက်ရှိတယ်ဘုရား။ မြစ်ဝကျွန်းပေါ်ဘက်မှာပါ"

အားလုံးက ငြိမ်သက်နေကြ၏။

"သေဆုံးပြီးနောက် လေးငါးလအကြာမှာ လူ့ဘဝပြန်ဝင်စားတယ်ဆိုတာ ဖြစ်နိုင်ပါ့မလားဘုရား။ တပည့်တော်ဆယ်နှစ်သား လောက်က ကြားဖူးခဲ့လို့ပါဘုရား"

"ဆိုစမ်းပါဦး ကရင်လေး ဘယ်လို ကြားဖူးလို့လဲ"

"အဲဒီတုန်းက လွတ်လပ်ရေးမရသေးဘူး။ တပည့်တော် အမိုးရဲ့ အဒေါ်တို့ မိသားစုတွေ ဒီရွာမှာလာပြီး အတူနေခဲ့ကြတုန်းက အမိုးကို ထိုင်ပြီး ပြောတာကို အနားကနေပြီး နားထောင်ခဲ့လို့ သိခဲ့ရတာပါဘုရား"

"ဒါဆိုလည်း မင်းကြားတဲ့ အတိုင်း ဆရာတော်ကို လျှောက်လေကွာ"

ဦးတင်မြက တိုက်တွန်းလိုက်လေသည်။

"ဒီလိုပါ အရှင်ဘုရား။ အဲဒီ အဘွားက အသက်ငါးဆယ်ကျော်မှ မွေးတဲ့သား တစ်ယောက်ရှိပါတယ်"

"ဟာ・・・ဒီကောင်ဘာတွေ ပေါက်ပေါက်ရှာရှာ ပြောနေတာလဲ၊ ဆရာတော်ကို မလေးမစားနဲ့"

ဆက်လက်ပြောဖို့ တိုက်တွန်းမိသော ဦးတင်မြကပင် ကရင်လေးကို မာန်မဲ ဟန့်တားလိုက်ရ၏။ ဦးမော့လက်အုပ်ချီထားသည့် ကရင်ကလေး၏ လက်နှစ်ဘက်ဆတ်ခနဲ တုန်သွားသည်။

"ပြောပါစေ ဦးတင်မြရယ်၊ ကျုပ်ငယ်ငယ်လေး ကတည်းက သိကျွမ်းလာခဲ့တာ စိတ်ဆိုးရမယ့်သူချင်း မဟုတ်ပါဘူးလေ၊ ပြောပါဦး ကရင်လေးရဲ့"

ဆရာတော်၏ ချိုအေးသော အသံကြောင့် ကရင်ကလေးသည် အားတက်သွားပုံရသည်။ ငုံ့သွားသည့် ခေါင်းကို ရဲရဲပင် ပြန်မော့လိုက်၏။

"မွေးလာတဲ့ကလေးက အသားနီကြင်ကြင်နဲ့ ဂျပန်နဲ့တူလို့ ဂျပန်လို့ နာမည်ပေးထားတယ်တဲ့၊ အဲဒီကလေးက ခြောက်နှစ်သားလောက်မှာ ဘယ်သူမှ နားမလည်တဲ့ စကားတွေပြောတယ်တဲ့၊ သူ့အစ်ကိုတွေ သူ့အစ်မတွေက သူနဲ့ အသက်ချင်းကွာတယ်ဘုရား။ အငယ်ဆုံးအစ်မနဲ့တောင် ဆယ်နှစ်ကွာတယ်တဲ့၊ သူပြောတဲ့ စကားတွေ ကြားဖန်များတော့ ဂျပန်စကားဖြစ်မယ်၊ ဒီအဘွားကြီးလည်း ဂျပန်နဲ့မကင်းဘူး။ ခုတော့ ဘူးပေါ်



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုပေါ်တယ်ဆိုပြီး တီးတိုးပြောလာတာ ခံရတယ်တဲ့"

"မင်းစကားကလည်း အမြီးရောက်လိုက် ခေါင်းရောက်လိုက်နဲ့"

"ဦးလေးတင်မြ အသာနားထောင်ပါ။ ကျွန်တော်လည်း ကြားတဲ့အတိုင်း ပြန်ပြောတဲ့ဥစ္စာ"

ဦးတင်မြကို ကရင်လေး နှုတ်လှန်ထိုးပြီး ဝက်နှုတ်ခမ်းနှယ် စူပြလိုက်၏။

"အဲဒီလို တစ်ရွာလုံးက ဘာလို့ ပြောလဲဆိုတော့ ဂျပန်တွေပြေးရင်း ဒဏ်ရာရထားတဲ့ ဂျပန်ဗိုလ်လေးတစ်ယောက်ကို အဘွားက လက်ခံပြီး ကျွေးမွေးထားတယ်၊ ဂျပန်ကိုမုန်းလို့ သူယောက်ျားကိုတော့ ပျောက်ကျားတပ်ထဲဝင်ဖို့ တိုက်တွန်းခဲ့ပြီး သူယောကျာ်း စစ်ထွက်နေချိန်မှာ ခုလိုလက်ခံထားရတော့ ဘယ်သူမှ မသိအောင် ဝှက်ထားပြီး အစားအစာ နိုးကျွေးခဲ့တယ်၊ သူက ပြောတော့ ကိုယ့်လူမျိုးကို နှိပ်စက်ညှဉ်းပန်းလို့ နာကျည်းပေမယ့် ဒဏ်ရာတွေ ဗရပွနဲ့ဆိုတော့ သူ မကယ်ရင်သေမှာပဲဆိုပြီး သနားလို့ တိတ်တိတ်ကလေး ကယ်ထားထားမိတာတဲ့"

"အဲဒါကို ရွာထဲက လူတွေက သိသွားကြရောလား"

"မှန်ပါတယ် အရှင်ဘုရား၊ မသိလို့ကလည်း မဖြစ်ဘူးလေ၊ အဲဒီဂျပန်က သူရထားတဲ့ ဒဏ်ရာတွေကြောင့် သေသွားတော့ ဝှက်ထားရာက ထုတ်ပြီး ရွာကို အသိပေးရတာပေါ့၊ တချို့က အပြစ်ပြော၊ တချို့က သနားတတ်တဲ့ စိတ်ထားကို ချီးကျူးကြနဲ့ ကြာတော့ ဒီအကြောင်းကို ရွာပြန်ရောက်လာတဲ့ သူယောက်ျားကတောင် ဘာမှ မပြောတော့ဘူးတဲ့၊ ဒီကောင်လေး မွေးစတုန်းက ငါးဆယ်ကျော်မှ ကံပေါ်တယ်ဆိုတာ၊ နောက်ပြောင်ပြောကြသေးတယ်တဲ့၊ ကလေးက ငယ်ငယ်ကတော့ ကရင်စကားနဲ့ ပါးပါး အမိုး ခေါ်သေးတယ်၊ နောက်နှစ် နှစ်လောက်စကားမပြောလို့ အ,သွားပြီထင်တာ၊ ပြောလည်း ပြောရော ဂျပန်စကားပဲ ပြောတော့တယ်တဲ့"

"ဟဲ့ကောင် ကရင်လေး၊ မင်း ဘာသိချင်လို့ အဲဒါတွေ လျှောက်ပြောနေတာလဲ"

ဦးတင်မြထံမှ စိတ်မရှည်သည့်လေသံ ထွက်လာပြန်သည်။

"အဲဒီကလေးက လူဝင်စားဗျ။ ဂျပန်သေတော့ သူတိုင်းပြည်ကို မပြန်ချင်ဘူး။ အမိအဖ သားချင်းလည်း မရှိဘူး။ ရန်သူကို သနားပြီး အစားအစာကျွေးမွေးတဲ့ စေတနာမျိုး၊ စိတ်မျိုးရှိတဲ့ ဒီမိန်းမကြီးဆီမှာ လူပြန်ဖြစ်ပြီး ဟိုဘဝက တင်ထားတဲ့ ကျေးဇူးတွေ ပြန်ဆပ်ချင်လို့ အခုလို ပြန်ဝင်စားတာလို့ သူ့အမေကို ပြောပြတယ်၊ သူ့အမေက ဂျပန်လိုနည်းနည်းတတ်လို့ ဘာသာပြန်နိုင်တာ၊ သူ့ အမေကို့ သူ့သားက အရင်ဘဝက အမှုထမ်းခဲ့တဲ့ တပ်ရင်း။ နောက်ဆုံးတိုက်ပွဲဖြစ်တဲ့နေရာ၊ သူထွက်ပြေးပုံတွေ အကုန်ပြောပြနိုင်တယ်၊ သူပြောတာ ဟုတ်မဟုတ် သူ့အမေကိုယ်တိုင် သွားစုံစမ်းတော့ အကုန်အတိအကျ မှန်တယ်တဲ့၊ အဲဒါ တပည့်တော်အမိုးရဲ့ အဒေါ် သူပုန်ဘေး ရှောင်ပြေးရင်း ဒီရွာမှာ နေသွားတုန်းက ပြောသွားတာ"

"ကိုကရင်လေး ပြောတာကို မဖြစ်နိုင်ဘူးလို့ သူ့အမေက မေးတယ်၊ အမေ့ဗိုက်ထဲ ဘယ်လို ဝင်စားခဲ့တာလဲတဲ့၊ အဲဒီတော့ သူက ပြောတယ် အမေ ရေသောက်တုန်းက ရေခွက်ထဲကို ပိုးလောက်လန်းအဖြစ် ပြောင်းပြီး အမေ့ဗိုက်ထဲဝင်လာတာလို့ ကရင်စကားနဲ့ ပြောပြတယ်တဲ့၊ တပည့်တော် မေးချင်တာက နှစ်ခုဘုရား၊ တစ်ခုက အဲဒီလို လူ့ဘဝကို ဝင်စားလို့ရသလား။ နောက်တစ်ခုက အသက်ငါးဆယ်ကျော်မှ ကလေးမွေးသလားဆိုတာပါပဲဘုရား"

"ဟဲ့ ဟဲ့ ဟာ ဒီကရင်လေးတော့ စွတ်ရွတ်ပြောနေပြန်ပြီ"

ဆက်ပါဦးမည် · · ·

မောင်ဟိန်းကျော်



www.burmeseclassic.com

www.burmeseclassic.com

# စာမှုစာခင်းလွတ်ချင်ရင် ကျိုးစာတတ်ဆင်ပါ

## ဝသုန်ဟိန်းထက်

၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်၊ ပြည်ထောင်စုနေ့က ဖြစ်ပါသည်။

ကျွန်တော့်အိမ်သို့ မြန်မာ့စီးပွားရေးဘဏ်မှ 'ကိုကျော်တင့်' တစ်ယောက် ရောက်လာပါသည်။ ကိုကျော်တင့်မှာ ကျွန်တော့်မိခင်နှင့် ရင်းနှီးသူဖြစ်၍ အခုလို လာနေကျ ဖြစ်ပါသည်။ သို့သော် ဒီတစ်ခေါက် လာတာကတော့ နည်းနည်းထူးခြားသည်ဟု ဆိုရချေမည်။

"လာ ... လာ၊ မောင်ကျော်တင့်၊ မင်းကြိုက်တဲ့ ပဲကုလားသီးစုံဟင်း ချက်ထားတာနဲ့ အတော်ပဲ။ ပြီးတော့ ဘာလချောင်ကြော်၊ သခွားသီးအချဉ်နဲ့ ထမင်းစားသွား"

"စားပြီးပါပြီ အန်တီလေးရေ၊ အခုလာတာကလည်း ပြောရရင် အပူကိစ္စလေး နည်းနည်းပါတယ်။ ဟူး ... မောလိုက်တာဗျာ"

မိခင်ဖြစ်သူက ထမင်းခေါ်ကျွေးတာကိုပင် မစားနိုင်ဘဲ ခုံပေါ်တွင် ခြေပစ်၊ လက်ပစ် ထိုင်ချလိုက်သော ကိုကျော်တင့်ကို ကျွန်တော် ကြည့်လိုက်မိသည်။ အင်္ဂလိပ်စာပညာရပ်ကို လေ့လာနေသော ကျွန်တော်မှာ ပြောချင်နေ၍ ပါးစပ်တွေယားနေလေပြီ။

"ဟော့ ... ညီညီ၊ မင်းဒီနေ့ အလုပ်မဆင်းဘူးလား"

"ဒီနေ့ ပြည်ထောင်စုနေ့လေဗျာ။ အလုပ်ပိတ်တယ်လေ"

"ဪ ... ဟုတ်သားပဲ။ ငါ့နှယ်နော် ခေါင်းထဲအပူတွေ ရောက်နေလို့ ဘာမှမတွေးနိုင်တော့ပါဘူး"

ကိုကျော်တင့်ကို ကြည့်ရတာ ကျွန်တော်ပင် စိတ်မောသွားရသည်။

"ဟဲ့ ... ကျော်တင့်၊ ဘာဖြစ်လာတာလဲ။ အန်တီ့ကိုလည်း ပြောပါဦး"

"ပြောမယ် အန်တီလေးရေ၊ ပြောချင်လို့လည်း ဒီကိုလာခဲ့တာ"

"အမေရယ် ... ကိုကျော်တင့်က အပူကိစ္စတစ်ခုနဲ့ ရုံးရောက်ဂိတ်ရောက်ဖြစ်နေတာပါ။ ရုံးသွားနေရတာ နှစ်ကြိမ်ရှိပြီ၊ အမှုက မပြီးသေးဘူး"

ကျွန်တော့်စကားကြောင့် မိခင်ရော၊ ကိုကျော်တင့်ပါ ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။ ကိုကျော်တင့်က မျက်လုံးပြူးပြီး ပါးစပ်အဟောင်းသား ဖြစ်နေရာမှ သတိဝင်လာဟန်ဖြင့် အသံထွက်လာ၏။

"မင်း ... မင်း ... ဘယ်လို ... သိ ... သိတာလဲကွာ။ ဟုတ်တယ်ကွ။ ငါအမှုတစ်ခုနဲ့ ရင်ဆိုင်နေရတယ်။ ရုပ်ကွက်ရုံးကတစ်ဆင့် တရားရုံးအထိ ရောက်နေရပြီကွ"

"အင်း ... ဟုတ်မယ်။ ငွေကြေးကိစ္စကြောင့် ပြဿနာဖြစ်တာ မဟုတ်ဘူး။ စကားအပြောအဆိုကြောင့် ပြဿနာတက်ပြီး ရုံးရောက်ကြတာ မဟုတ်လား။ ရှင်းရှင်း ပြောရရင်ဗျာ ရန်ဖြစ်စကားများကြတာ"

"ဟုတ်တယ် ငါ့ညီရာ၊ ဒါနဲ့မင်းက ဘယ်လိုသိသွားရပြန်တာတုန်း"

ကျွန်တော်က စုံထောက်ကြီးတစ်ယောက်၏ဟန်ဖြင့် 'တဟဲဟဲ' ရယ်ရင်း ရှင်းပြရ၏။

"ဒီလိုဗျာ၊ အင်္ဂလိပ်စာ ပညာရပ်လေဗျာ။ ကိုကျော်တင့်လာတဲ့အချိန် အင်္ဂလိပ်စာစကားနဲ့ ပြောရရင် ဂုရုအချိန်၊ တစ်နည်းအားဖြင့် ကြာသာပတေးအချိန်၊ ဗုဒ္ဓဝင်စကားနဲ့ ပြောရရင် ဘုရားလောင်း ပဋိသန္ဓေယူတဲ့အချိန်၊ မြင့်မြတ်တဲ့ ဘုရားလောင်းလျာဟာ တုသိတာဘုံက ဆင်းသက်ပြီး မယ်တော်မာယာရဲ့ ဝမ်းထဲရောက်တဲ့ အချိန်၊ ရှင်းရှင်းပြောရရင် မြင့်ရာဘုံက နိမ့်ဆင်းလာတဲ့သဘော"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က စကားကိုရပ်၍ အ ကဲခတ်လိုက်၏။ စိတ်ဝင်တစား နားထောင်နေကြတာတွေ့မှ စကားဆက်လိုက်၏။

"ပြီးတော့ ရိုးရိုးလေးပဲ စဉ်းစားကြည့်လေ။ ပဋိသန္ဓေတည်နေတဲ့ သန္ဓေလောင်းရဲ့ဘဝဟာ ဘယ်မှာကောင်းလို့လဲ။ လှုပ်လို့မရအောင် ချုပ်နှောင်ခံနေရသလို နေရတဲ့ဘဝလေ။ ဒါကြောင့် အမှုအခင်းကိစ္စလို့ ပြောတာပေါ့။ ကြာသပတေးအခါကို စပွတ်တိုင် ထူကြည့်လိုက်ရင် တနင်္လာနံဟာ တိုင်ထိပ်နဝင်းမှာ ရောက်နေလို့ ငွေကြောင့်ဖြစ်တဲ့ ပြဿနာမဟုတ်ဘူးလို့ ပြောနိုင်တာ။ တကယ်လို့သာ တနင်္လာသားဖြစ်ရင် အဖြေက တစ်မျိုးဖြစ်မှာ။ အခု ပြောတာတွေနဲ့ ဆန့်ကျင်ဘက်ဖြစ်ပြီး အကောင်းတွေဟောရမှာ။ ကိုကျော်တင့်က တနင်္လာသားမဟုတ်ဘဲ ဗုဒ္ဓဟူးသားမှန်း ကျွန်တော်သိနေလို့ အခုလိုဟောတာပေါ့။ ကြာသာပတေးအခါမှာ ဗုဒ္ဓဟူးက 'ခိုက်'မှာ ရောက်နေပြန်တယ်။ ဒီဗုဒ္ဓဟူးဟာ ဘယ်သူနဲ့ ဆက်စပ်နေပြန်သလဲဆိုရင် သောကြာဆိုတဲ့ စကားပြောဆိုခြင်း ကိစ္စတွေနဲ့ နွယ်နေပြန်တယ်။ ဒါတွေအားလုံး ခြုံငုံသုံးသပ်လိုက်ပြီး အခုလိုဟောရတာပါ"

"ဟိုက် ... မှန်လိုက်တာ ဆရာသမားရယ်။ ဘေးအိမ်က ကက်ဆက်အကျယ်ကြီး ဖွင့်တဲ့ကိစ္စနဲ့ပတ်သက်ပြီး စကားအကြီးအကျယ်များတဲ့အထိ ဖြစ်သွားတာပါ။ အခုနှစ်ဖက်စလုံးက ရုံးတိုင်ထားကြလို့ အခုလို ရှုပ်ကုန်တာပဲ။ နစ်နစ်နာနာတွေ ပြောမိဆိုမိကြတယ်လေ။ အမိုက်ကာစ ပြာသာဒ်မီး လောင်ဆိုပါတော့ကွာ"

ကိုကျော်တင့်မှာ နဂိုကတည်းက မဟုတ်မခံ လူဖြောင့်စိတ်တိုမျိုးဖြစ်၏။ ပြောစရာရှိလျှင် အားမနာတမ်း ပြောတတ်တဲ့ သူ့နှုတ်ကြောင့် အခုလို ရှုပ်ခဲ့ရခြင်း ဖြစ်သည်။

"ကဲ ... ဆရာသမားရေ ဒီလောက်ဇာတ်နေမှတော့ ယတြာလေး၊ အစီရင်လေး လုပ်ပေးပါဦးကွ။ ငါ့မှာ အလုပ်လည်းပျက်၊ ဂုဏ်သိက္ခာလည်းထိခိုက်၊ ငွေလည်းကုန်နေရတယ်ကွာ"

"ဟိုးထား ... ကိုကျော်တင့်၊ ကျွန်တော်က ဝါသနာရှင်အဆင့်ပါဗျာ။ အဲလောက်ကြီး မဟုတ်ပါဘူး"

"ဝါသနာရှင်ပဲဖြစ်ဖြစ်၊ ပညာရှင်ပဲဖြစ်ဖြစ် မင်းသိသလောက်၊ တတ်သလောက် လုပ်ပေးပါဦးကွာ"

"လုပ်ပေးလိုက်ပါ သားရယ်၊ ကုသိုလ်ရပါတယ်။ ခများ စိတ်သောကတွေ ရောက်နေရတာ"

မိခင်ကပါ မီးလောင်ရာ လေပင့်လိုက်ပြန်သည်။ ဒီတော့ ကျွန်တော်လည်း စဉ်းစားရလေပြီ။ လောကီအစီအရင်ချည်း သက်သက်မဟုတ်ဘဲ ဘာသာရေးနှင့် နွယ်သော ဗုဒ္ဓယတြာကို ပေးရန် စဉ်းစားမိသည်။

"သိပ်လည်း စိတ်မပူပါနဲ့ဗျာ။ ခင်ဗျားအမှုနိုင်မှာပါ"

"နိုင်မှာကို သိတယ်။ ဒါပေမယ့် ပေရှည်နေလို့။ ပြီးတော့ ပိုက်ဆံလည်း အတော်ကုန်နေပြီ"

"ဒီလိုလုပ်ဗျာ။ ခင်ဗျားက ဗုဒ္ဓဟူးသားဆိုတော့ တောင်အရပ်ကထိုင်ပြီး 'ဝိပဿီမြတ်စွာဘုရား'ကို ရည်မှန်းပြီး လွယ်အိတ်တစ်လုံးနဲ့ ရွက်လှပန်း ၁၇ ညွန့်ကို လှူလိုက်။ ဝိပဿီမြတ်စွာဘုရားကို စိတ်ကအာရုံပြုဆင်ပြီး ... လေးလေးနက်နက် အာရုံပြုပြီး လှူနော်။ အဲလိုဓာတ်ဆင်မှုကို သုံးရက်ဆက်တိုက် လုပ်ရမယ်။ ပထမတစ်ရက်ပဲ ကိုယ့်မွေးနေ့ကစလုပ်၊ နောက်ရက်တွေကို အဆင်ပြေတဲ့ရက်လုပ်၊ သုံးရက်ဆက်တိုက် လုပ်လည်းရတယ်။ ဒီလိုလှူပြီးရင် ကိုယ်စောင့်နတ်နဲ့တကွ သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေ၊ စတုလောကနတ်မင်းကြီးလေးပါးနှင့်တကွ ၃၁ ဘုံရှိ မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်အားလုံးကို အမျှဝေ၊ မေတ္တာပို့ မိမိပြုခဲ့တဲ့ ကုသိုလ်တွေနဲ့ အမှန်တရားတွေကို သစ္စာပြုတိုင်တည် ဆုတောင်းပေး။ ဒါပါပဲ"

"စိတ်ချ၊ ငါယုံယုံကြည်ကြည်နဲ့ လုပ်မှာပါကွာ။ ကျေးဇူးလည်းတင်ပါတယ်"

ကိုကျော်တင့်တစ်ယောက် ကျွန်တော်မှာကြားသည်များကို စာရွက်တစ်ရွက်ဖြင့် ကူးမှတ်ပြီး ဝမ်းသာအားရဖြင့် နှုတ်ဆက်ပြန်သွားပါတော့သည်။ ကျွန်တော်သည်လည်း ဤဓာတ်ဆင်ယတြာကို ခုနစ်ရက်သားသမီး အကျိုးအတွက် ဖော်ပြလိုစိတ်တွေဖြစ်ပေါ်လာ၍ တင်ပြလိုက်ရပါသည်။

များစွာ မခက်လှသော်လည်း အမှန်ပင် အစွမ်းထက်အကျိုးထူး၍ အသင်၏ အခက်အခဲ သောကတို့ကို အမြန်ပြေပျောက်အေးငြိမ်းစေမည် မြန်မာ့ ပညာရပ်တစ်ခုကို စေတနာမှန်ဖြင့် ဖော်ထုတ်တင်ဆက်လိုက်ရပါတော့သတည်း၊



www.burmeseclassic.com

www.burmeseclassic.com

| အမှုအခင်းနှင့် ရင်ဆိုင်နေရသူ၏ နေ့နံ | ရည်စူးလှူဒါန်းရမည့် မြတ်စွာဘုရား | ထိုင်ရမည့် အရပ် |
|---|---|---|
| တနင်္ဂနွေသမီး | အရိမေတ္တေယျဘုရား | အရှေ့မြောက် |
| တနင်္လာသားသမီး | ကကုသန်ဘုရား | အရှေ့ |
| အင်္ဂါသားသမီး | စိန္တာမုနိဘုရား | အရှေ့တောင် |
| ဗုဒ္ဓဟူးသားသမီး | ဝိပဿီမြတ်စွာဘုရား | တောင် |
| ကြာသပတေးသားသမီး | ပဒုမဘုရား | အနောက် |
| သောကြာသားသမီး | သုမနဘုရား | မြောက် |
| စနေသားသမီး | နာရဒဘုရား | အနောက်တောင် |

| အမှုအခင်းနှင့် ရင်ဆိုင်နေရသူ၏ နေ့နံ | လှူဒါန်းရမည့် ပစ္စည်း | စတင်ပြုလုပ်ရမည့် အချိန် | ပြုလုပ်ရမည့်အကြိမ် |
|---|---|---|---|
| တနင်္ဂနွေသားသမီး | အုန်းထမင်းနှင့် အုန်းပန်း တစ်ညွှန့် | မွေးနေ့ ၆း၀၀ နာရီမှ ၇း၀၀ နာရီ | သုံးရက် |
| တနင်္လာသားသမီး | ကံ့ကော်ညွှန့် ၁၅ ညွှန့် | မွေးနေ့ ၆း၀၀ နာရီမှ ၇း၀၀ နာရီ | သုံးရက် |
| အင်္ဂါသားသမီး | စွယ်တော်နှင့်ဆီး ၈ ညွှန့်စီ | မွေးနေ့ ၆း၀၀ နာရီမှ ၇း၀၀ နာရီ | သုံးရက် |
| ဗုဒ္ဓဟူးသားသမီး | လွှယ်အိတ်တစ်လုံးနှင့် ရွက်လှ ၁၇ ညွှန့် | မွေးနေ့ ၆း၀၀ နာရီမှ ၇း၀၀ နာရီ | သုံးရက် |
| ကြာသပတေးသားသမီး | ကြံသကာနှင့် မေမြို့ပန်း ၁၉ ပွင့်စီ | မွေးနေ့ ၆း၀၀ နာရီမှ ၇း၀၀ နာရီ | သုံးရက် |
| သောကြာသားသမီး | သစ်ဆိမ့်ညွှန့်နှင့် သီဟိုညွှန့် ၂၁ ညွှန့်စီ | မွေးနေ့ ၆း၀၀ နာရီမှ ၇း၀၀ နာရီ | သုံးရက် |
| စနေသားသမီး | နာနာတ်ယိုနှင့် ဒန်းညွှန့် ၁၀ ညွှန့် | မွေးနေ့ ၆း၀၀ နာရီမှ ၇း၀၀ နာရီ | သုံးရက် |

ဝသုန်ဟိန်းသက်


www.burmeseclassic.com

www.burmeseclassic.com

# သစ်ဆိမ့်ပန်းရ သူရဂ္ဂ ဆောင်ထကောင်းကြွယ်ရန်

## လှိုင်ဘွားဦး

ပူပြင်းသော နေ့တစ်နေ့၏ နေ့လယ်ခင်း၌ ယခင်အပတ်က ကျွန်ုပ်ထံ လာရောက်သွားခဲ့သော ကိုသောင်းစိန်သည် အဖော်အမျိုးသားတစ်ဦးနှင့်အတူ ကျွန်ုပ်ထံ ရောက်ရှိလာလေ၏။ ကျွန်ုပ်ကိုတွေ့သည်နှင့် ကိုသောင်းစိန်မှ "ဆရာရေ ဗေဒင်မေးဖို့အတွက် ကျွန်တော့်သူငယ်ချင်းကို ခေါ်လာတယ်။ ကိုနိုင်လို့ ခေါ်ပါတယ်။ ဆရာ သူ့ကိုကြည့်ပေးပါဦး"ဟု ၎င်း၏သူငယ်ချင်းဖြစ်သူနှင့် မိတ်ဆက်ပေးလေ၏။

ကျွန်ုပ်လည်း ကိုနိုင်၏မွေးသက္ကရာဇ်များ ရယူကာ တွက်ချက်၍ တစ်နှစ်တာ ဆောင်ရန်ရှောင်ရန်များကို အကြံပေးပြောကြားပေးရလေ၏။ ထိုသို့ဟောပြောနေစဉ် ကိုသောင်းစိန်မှာ အပြင်မှ ထိုင်စောင့်နေရင်း ကျွန်ုပ်တို့ ဟောပြောဆွေးနွေးမှုများကို နားစွင့်နေလေ၏။ ကိုနိုင့်အတွက် လိုအပ်သည်များကို တွက်ချက်ဟောပြောပြီးသည်နှင့် ကိုသောင်းစိန်သည် ဘယ်အချိန်က သွားဝယ်လိုက်သည်မသိသည့် ရွှေအေး အချိုရည်ဘူးများကိုကိုင်၍ ကျွန်ုပ်တို့ ထံရောက်လာကာ "ဆရာလည်း တော်တော်မောသွားရောပေါ့။ အမောပြေ သောက်ပါဦးဆရာ"ဟု လက်ထဲမှ အချိုရည်ဘူးကို ကျွန်ုပ်ထံကမ်းလိုက်လေ၏။ ကျွန်ုပ်သည်လည်း အချိုရည်ဘူးကို ဖောက်သောက်နေစဉ် ကိုသောင်းစိန်မှ -

"ဆရာ ကျွန်တော်တစ်ခုလောက် မေးပါရစေ"ဟု ခွင့်တောင်းလေ၏။

"ပြောလေ၊ ဘာမေးစရာရှိလို့လဲ။ ကိုသောင်းစိန်ကို ကျွန်တော်ပြောပြီးသွားပြီနော်၊ ကိုသောင်းစိန် မသိလို့ နားမလည်လို့မေးတာဆိုရင်တော့ ကျွန်တော် ရှင်းပြဆွေးနွေးပေးမယ်။ စာတော့ မသင်ပေးနိုင်ဘူး။ ဗေဒင်ပညာသင်ချင်ရင်တော့ ကျွန်တော်တို့ ဆရာသမားတွေဖွင့်တဲ့ ဇော်သဗျာကရဏဗေဒပညာရှင်တွေရဲ့ အခမဲ့ပညာဒါနသင်တန်းမှာ လာတက်ပါ"ဟု ခပ်ပြတ်ပြတ်ပဲ ပြန်ပြောလိုက်လေ၏။

"ဟုတ်ကဲ့ပါဆရာ၊ ဆရာတို့သင်တန်းကိုလည်း လာတက်မှာပါ။ အခုက ဆရာအရင်အပတ်က ပြောလိုက်တဲ့ 'သာစည်၊ ပင်းယ သူရဂ္ဂ နေထကောင်းကြွယ်ရန်'ဆိုတာနဲ့ ပတ်သက်ပြီး ကျွန်တော့်မှာ အခက်အခဲလေးဖြစ်နေလို့ပါ။ အဲဒါနဲ့ပတ်သက်ပြီး ဆက်မေးချင်လို့ပါ"

"ကဲ··မေးလေ ဘာသိချင်လို့လဲ"

"ဒီလိုပါဆရာ၊ ဆရာက နေ့သားတွေအလိုက် နေသင့်တဲ့၊ သွားသင့်တဲ့၊ ယကြာချေသင့်တဲ့ မြို့တွေကိုပြောပေးလိုက်တယ်။ ဒါပေမယ့် ကျွန်တော်က ဆရာပြောသလို စမ်းချောင်းမြို့နယ်ကို မပြောင်းနိုင်ဘူး။ ဆရာသိတဲ့အတိုင်း အဲဒီဘက်မှာ အိမ်ခန်းငှားခတွေက ခေါင်ခိုက်နေတော့ မြို့ဖွန်က ရစ်ကွက်နေရာလောက်ပဲ ကျွန်တော်တို့ ပြောင်းနိုင်မှာ။ အဲဒါ ဘယ်လိုလုပ်ရမလဲလို့ သိချင်လို့ပါ"

"ခင်ဗျားက ပညာရပ်တွေကို ဒါဆိုဒါပဲလို့ ပုံသေမှတ်ထားတာကိုး။ ကျွန်တော်ပြောလိုက်ပါတယ်။ 'ထဲဝယ်ဉာဏ်ရှိ မခုံးတည်း'ဆိုတဲ့အတိုင်း ဉာဏ်ရှိသလို ဖြန့်ကျက်တွေးရမယ်။ ကြံဆရမည်။ အဲဒီလိုတွေးတယ်ဆိုရာမှာလည်း ကိုယ့်ဖာသာကိုယ် တွေးချင်ရာတွေးပြီး လုပ်ချင်တာတွေလုပ်နေလို့တော့ မရဘူးပေါ့။ ဒါကြောင့် အတွေ့အကြုံများတဲ့ ကျွမ်းကျင်တဲ့ဆရာလိုအပ်တယ်လို့ ကျွန်တော်ပြောလိုက်တာပေါ့။ ကိုယ့်ဖာသာကိုယ်ဆိုရင်တော့ ဘယ်တွေးတတ်မလဲ။ ဒီလိုပဲ ရှေ့က ကျွမ်းကျင်သူက ညွှန်ပြပေးမှ တွေးခေါ်ကြံဆတတ်မှာလေ။ ဒါကြောင့် ဆရာရှာရာမှာလည်း တကယ် ကိုယ့်ကို လမ်းမှန်ကမ်းမှန်ရောက်အောင် ညွှန်ပြပေးနိုင်မယ့်ဆရာကို ရွေးချယ်ဖို့လိုတယ်။ ကျွန်တော်တို့ ခထာတာဝတ်မယ့် အဝတ်အစားတွေတောင် သေချာ အရောင်၊ အဆင်၊ ဆိုဒ်၊ ကိုယ်နဲ့လိုက် မလိုက်၊ သင့်မသင့် ရွေးချယ်ရသေးတာပဲ။ ကိုယ်တစ်ယောက်တာ ဆည်းကပ်ကိုးကွယ်မယ့် ဆရာကိုတော့ သေချာရွေးချယ်ရမှာပေါ့။

သာစည်၊ ပင်းယကြိုးနဲ့ ပတ်သက်လို့ ကျွန်တော် အရင်အပတ်က ပြောခဲ့သလို နေရာဒေသ နေထိုင်ပြောင်းရွှေ့



www.burmeseclassic.com

www.burmeseclassic.com

တာ၊ ခရီးသွားတာ၊ ယတြာချေတာ အပြင် ကျွမ်းရင်းအလင်္ကာမှာ 'သစ်ဆိမ့်ပန်းရ သူရဇ္ဇ ဆောင်ထကောင်းကြွယ်ရန်'လို့ ဆိုထားပြန်သေးတယ်။ ခင်ဗျားတို့ကို ကိုယ့်အတွက် အဲဒီလို နံ့သင့်ကောင်းတဲ့ အရပ်တွေမှာ မနေနိုင်၊ မသွားနိုင်တဲ့လူတွေအတွက် အဆောင်အနေနဲ့ ဆောင်ရင်လည်း ကောင်းပါတယ်လို့ ဆိုလိုတာပါ။ ဘယ်လိုဆောင်မလဲဆိုတော့ အဲဒီနံ့သားတွေနဲ့ နံ့သင့်ရပ်တဲ့ ထုတာတို့လည်းရတယ်။ နောက်ပြီး မိမိဆိုင်ရာ ဆပွတ်ကို တြိရန်အုပ်တဲ့ နှစ်နံ့တွဲသစ်ပင်တွေ၊ ပဥ္စပွတ်နံ့ကို စတုရန်းနဲ့အုပ်တဲ့ နှစ်နံ့တွဲသစ်ပင်တွေကို မိမိတို့ရဲ့ ခြံမြေဥပစာအတွင်းမှာ သူနဲ့သက်ဆိုင်ရာ သိရှိလို့ခေါ်တဲ့ ကျက်သရေမင်္ဂလာတိုးပွားစေတဲ့ အရပ်တွေမှာစိုက်ရင်လည်း ကြီးပွားတိုးတက်မှုတွေ ရမယ်လို့ ဆိုပါတယ်"

"ဆရာရယ်…ကျွန်တော်တို့က တိုက်ခန်းလေးကျဉ်းကျဉ်းလေးကိုတောင် မနည်းငှားနေရတာပါ။ အဲဒီလို သစ်ပင်တွေစိုက်ဖို့လည်း မြေနေရာတွေ မရှိပါဘူး။ စာကလေးအိမ်လိုအခန်းထဲမှာ မိသားစုတွေရုပ်ပြီး နေရတော့ ဒီသစ်ပင်စိုက်ယတြာကိုလည်း လုပ်လို့ရမှာမဟုတ်ဘူး။ တခြားနည်းလမ်းလေးများ မရှိတော့ဘူးလားဆရာ"

"အဲဒီအတွက်လည်း မပူပါနဲ့ဗျာ။ လိုလျှင်ကြံဆ နည်းလမ်းရခိုသလိုပဲ ဖြစ်ချင်စိတ်သာရှိ ဖြစ်အောင်လုပ်ရမှာပေါ့။ အဲဒီလို အခက်အခဲတွေကို ကြိုမြင်လို့ ကျွန်တော်တို့ရဲ့ ဆရာသမားဖြစ်တဲ့ ဆရာမကြီး ဒေါက်တာစောယုနွယ်က ကိုယ့်တပည့်တွေ ဒီလိုယတြာတွေကို ကတ်သတ်ရှေးခစ်ပြီးတောင်းတဲ့ လူတွေနဲ့တွေ့ရင် ဖြေရှင်းလို့ရအောင် ကျွန်တော်တို့ကို သင်ထားပေးပါတယ်။ အဲဒီတော့ ခင်ဗျားတို့လို အခက်အခဲရှိသူတွေအတွက် လုပ်ရမယ့်နည်းလမ်းကတော့ -

တနင်္ဂနွေသားသမီးဆိုရင် မိမိရဲ့အိမ်မှာ ပုလင်းတစ်ခုထဲမှာ သဇင်ပန်း (သို့) သစ္စာပန်းကို အမြဲထိုးထားပေးပါ။

တနင်္လာသားသမီးဆိုရင် သခော်သီးတစ်လုံးပေါ်မှာ နာရီလေးတစ်လုံးတင်ထားလိုက်ပါ။

အင်္ဂါသားသမီးဆိုရင် ထန်းသီးပေါ်မှာ အုန်းပန်းလေးစိုက်ထားလိုက်ပါ။

ဗုဒ္ဓဟူးသားသမီးဆိုရင် အင်တုံတစ်လုံးထဲမှာ ကသစ်ညွန့်များ လန်းဆန်းစွာထည့်ထားလိုက်ပါ။

ကြာသပတေးသားသမီးများ ဆိုရင်တော့ ကြေးအိုးထဲမှာ စွယ်တော်ညွန့်များ ထည့်ထားလိုက်ပါ။

သောကြာသားသမီးဆိုရင် အမြင့်တစ်နေရာမှာ လွယ်အိတ်ထဲ၌ ဇီးကွက်ရုပ် ဖို+မ နှစ်ခု ချိတ်ထားပေးပါ။

စနေသားသမီးတွေအဖို့တော့ မိမိလက်နဲ့ ညာလက်ဖြင့် တစ်တောင်ခန့်တိုင်းဖြတ်ထားတဲ့ မန်ကျည်းသားပေါ်တွင် ရွှေဆိုင်းများကပ်ရန် မိမိအိမ်၏ အမြင့်တစ်နေရာမှာ ချိတ်ဆွဲထားလိုက်ပါဗျာ"

"အဲဒီဟာတွေ ချိတ်ဆွဲဖို့ အချိန်၊ နေ့ လိုသေးလားဆရာ"

"ဟုတ်ကဲ့ ကိုယ့်ရဲ့မွေးနေ့ နံနက် ၉း၄၅ နာရီမှာ စီရင်တာပိုကောင်းပါတယ်။ ဗုဒ္ဓဘာသာတွေအတွက် ဘုရားစင်မှာ တင်လှူထားနိုင်သလို ဘာသာခြားတွေအတွက်ကတော့ [illegible] ခန်း၊ အလုပ်ခန်းရဲ့ အမြင့်တစ်နေရာမှာ ချိတ်ဆွဲ ဒါမှမဟုတ် တင်ထားလိုက်ရင် ရပါတယ်ဗျာ"

"ဆရာရေ…ကျေးဇူးပါပဲ။ ကျွန်တော် အရင်အပတ်က ဆရာ့ဆီကပြန်သွားကတည်းက ဘယ်လိုလုပ်လို့ရမလဲလို့ စဉ်းစားနေတာ။ ခေါင်းကိုခြောက်ရော။ အဖြေမထွက်ဘူး။ ဆရာပြောပြလိုက်တော့လည်း လွယ့်လွယ်လေးပဲ"

"ဒါပေါ့ မသိရင်တော့ခက်တာပေါ့။ သိရင် လွယ်သွားတာပဲ။ အဲဒီလိုလွယ်ဖို့အတွက်တော့ ကျွန်တော်တို့ လွယ်လွယ်ရခဲ့တာမဟုတ်ဘူး။ ဗေဒင်ပညာကို မြတ်နိုးသူဖြစ်လို့ ခင်ဗျားကို မျှဝေပေးလိုက်တာပဲ။ သေချာ စနစ်တကျ လေ့လာလိုက်စားပါဗျာ။ ဗေဒင်ဆရာတစ်ယောက်ဖြစ်ဖို့ဆိုတာ ရုပ်ရှင်တွေ၊ ဗွီဒီယိုတွေထဲက လူပြက်တွေ ပြောင်လှောင်နေသလို ညာဝါးနေလို့ရတာမဟုတ်ပါဘူး။ ပညာရပ်ကို သေချာ ငွဲနပ်ပဲနဲ့လေ့လာလိုက်စားပြီး အမိဋ္ဌာန်ကျင့်စဉ်တွေ အများကြီး ကျင့်ကြံရပါတယ်။ အခုထလုပ် အခုဖြစ်တာမဟုတ်ပါဘူး။ နှစ်ပေါင်းများစွာ လေ့လာသင်ယူပေးဆပ်ပြီးမှ ဖြစ်တာပါ။ ဗေဒင်ပညာကိုတတ်ဖို့လွယ်ပါတယ်။ ဆရာတစ်ယောက်ဖြစ်ဖို့ကတော့ အင်မတန်မှ ခက်ခဲပါတယ်။ မလွယ်ကူပါဘူး။ ကဲ…ကဲ…ဒီလောက်နဲ့ပဲ ကျေနပ်ပါတော့။ ကျွန်တော့်မှာလည်း လုပ်စရာမပြီးပြတ်သေးတဲ့ အလုပ်တွေရှိသေးလို့ နောက်တော့မှပဲ ဆုံကြပါစို့" ဟုနှုတ်ဆက်လိုက်ရလေတော့သတည်း။

လှိုင်ဘွေးဦး



www.burmeseclassic.com

www.burmeseclassic.com


ဝိဇ္ဇာဓရ ဆေးပညာဖြင့် အောက်ပါရောဂါများကို ကုသပေးသည့်

ဆရာဦးခင်မောင်လှ (ဂဝဆ-၀၂၂၉၀)

# ရွှေပြည်မင်း တိုင်းရင်းဆေးကုဌာန

* အသည်းရောင်၊ အသားဝါ၊ အသည်းကြွပ်၊ အသည်းခြောက်၊ ရေဖျဉ်းစွဲ၊ အသည်းကြီးခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းအနာဖြစ်ခြင်း၊ နာတာရှည်အသည်းရောဂါအမျိုးမျိုး။
* နှစ်ရှည်လများ ဆီးချို၊ သွေးချိုကြောင့် အမျိုးသားအားနည်းရောဂါ နှင့် ဆီးကျောက်ကပ်ရောဂါ။
* လိပ်ခေါင်း၊ ဂရင်ဂျိနာ၊ ခေါ်ဝတွင် အဖုအကျိတ်၊ ခေါ်နာအမျိုးမျိုး။
* အမျိုးသမီးများသားအိမ်အတွင်းအလုံးအကျိတ်တည်ခြင်း၊ ရက်ရှည်စီးယပ်အဖြူဆင်းခြင်း။ ရင်သားအဖုအကျိတ် ခွဲမစိတ်မနာမကျင်စေဘဲနှင့် သိဒ္ဓိဝင်ဆေးတောင့်၊ ဓါတ်လုံးများဖြင့် သီးသန့် သက်သာပျောက်ကင်းစေရမည်။
* ခန္ဓာကိုယ် အတွင်းအပြင် နှစ်ရှည်လများ ဖြစ်ပွားနေသော အလုံး၊ အကျိတ်၊ အဖု၊ ကင်ဆာ(ခေါ်)မြစ်ပွားနာရောဂါအမျိုးမျိုးကို ထက်မြက်စွာ ကုသပေးသည်။

ဆေးခန်းဖွင့်ချိန်-

ရွှေပြည်မင်းဆေးတိုက်နှင့်ဆေးကုဌာန

အမှတ်-၂၂၊ အခိုင်(၃)၊ ငွေရုံကျက်သရေ... ဖုန်း - ...

နေ့လယ်(၁၂)နာရီ မှ ည(၇း၀၀)နာရီထိ

တနင်္လာနေ့တိုင်း ပိတ်သည်။



# မြင့်စေတနာဆေးတိုက်

(အရေပြားရောဂါမှန်သမျှဒိဋ္ဌပျောက်ကင်းစေရမည်။)

# ခရုသင်း (သမင်ဖြူ)

LEUCODERMA

ခရုသင်း (သမင်ဖြူ)၊ဖြူ နီ နက်ကွက်များ ◆အနာကြီးရောဂါ ◆ယားနာ၊ ဖွေး၊ ဝဲ၊ နှင်းခူ နှင့်အရေပြားရောဂါ အမျိုးမျိုးကို အာမခံနှင့် ကုသပေးသည်။

LEUCODERMA, LEPROSY, YAWS, FUNGUS, PINTA, ECZEMA, RING WORM, DERMATITIS, Etc.

ဆရာ ဦးခင်မောင်မြင့် (မြင့်စေတနာဆေးတိုက်) ၊ အမှတ် (၃)၊ ဗိုလ်တထောင်ရိပ်မြုံ၊ ရန်ကုန်-အင်းစိန်လမ်းမကြီး။ ဘုရားတော်ချောင်းမှတ်တိုင်၊ သမိုင်း။ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၆၆၄၇၈၀၃-၃၀၈၃၉၀၃

ခွဲဆိုင် - အမှတ် (၂)၊ ၆၂-လမ်း။ ၂၀ × ၂၉ လမ်းကြား။ အောင်တော်မူရပ်၊ မန္တလေးမြို့ ၊ ဖုန်း - ၀၂-၂၄၆၀၉ ဖုန်း - ၀၉၂၁၀၂၈၄၃

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဘဝစိမ်းရောင် သစ္စာစကား

■ ကျော်မြသန်း

(ယခင်လမှအဆက်)

အခန်း (နှစ်ဆယ့်ခြောက်)

မြစ်ကြီးနား ရထားက ည ၈ နာရီတွင် ထွက်မည်။

ရထားထွက်ဖို့ အချိန်တွေလိုသေးသည်။ တစ်နေ့လုံး အားလပ်နေသည်။ သို့သော်ငြားလည်း သီတာ ဘယ်မှမသွားချင်။ သွားချင်စိတ်လည်းမရှိ။

ဒါကြောင့် ဒေါက်တာမြင့်ဇော်မိုး က သီတာကိုကြည့်ကာ သက်ပြင်းရှိုက်သည်။ သီတာက လိမ္မော်ရည်ကို နှုတ်ခမ်းလှလှကလေးနှင့် အသာအယာစုပ်ယိုင်ရင်း ဒေါက်တာမြင့်ဇော်မိုးကို ကြည့်သည်။

"ဘာလဲ ကိုမြင့်ဇော်။ သီတာ့ကို ကြည့်ပြီး သိပ်စိတ်ပျက်သွားပြီလား"

ဒေါ်တာမြင့်ဇော်မိုးက စီးကရက်ကို တစ်ချက်ရှိုက်ဖွာရင်း ဖွေခနဲကြည့်သည်။

"စိတ်ပျက်တယ်ရယ်လို့တော့ မဟုတ်ပါဘူး။ သီတာ့ကိုကြည့်ပြီး စိတ်မကောင်းလို့"

"သီတာ့ဘဝကံပေါ့ ကိုမြင့်ဇော်"

ဒေါက်တာမြင့်ဇော်မိုးက အသာအယာခေါင်းခါသည်။

"ဒီလိုလည်း ဘယ်ဟုတ်မလဲ သီတာ။ လူမတန် ကံပုံချဆိုသလို ဖြစ်မနေဘူးလား။ တကယ်တော့ ဘဝဆိုတာ ရတာမလို လိုတာမရဆိုသလိုပေါ့ သီတာ။ ကိုယ့်စိတ်ကို ကိုယ်ဖြေပါ သီတာ"

"သီတာဖြေပါတယ် ကိုမြင့်ဇော်။ ဖြေလို့မရဘူး။ အို…သီတာ့ဘဝကိုက ဆိုးဝါးလွန်းလှပါတယ် ကိုမြင့်ဇော်"

ဒေါက်တာမြင့်ဇော်မိုး၏ သက်ပြင်းရှိုက်သံကို ကြားရသည်။ သောက်လက်စ စီးကရက်တိုကို အစိမ်းမထိသေးဘဲ ပြာခံခွက်တွင်းသို့ ထိုးချေလိုက်သည်။ ထိုင်ရာမှ ထလိုက်သည်။

"ဒါကိုတော့ ကျွန်တော် လက်မခံဘူး သီတာ။ ကျွန်တော့်အနေနဲ့ သီတာ ဘဝဆိုးတာကို မဆိုးပါဘူးလို့ မငြင်းလိုပါဘူး။ ဒါပေမယ့် ဒီလိုဘဝဆိုးနဲ့ကြုံရတိုင်း စိတ်ဆင်းရဲနေရမလား။ စိတ်ဓာတ်ကျနေရမလား သီတာ။ လောကမှာ အဖြစ်ဆိုးနဲ့ ကြုံရသူတွေ အများကြီးရှိနေပါတယ် သီတာ"

သီတာ ဘာပြောရမည်ကိုမသိ။ သက်ပြင်း ရှိုက်လိုက်သည်။ ဒေါက်တာမြင့်ဇော်မိုးကို ဆွတ်ခနဲ မော့ကြည့်လိုက်သည်။

"ဒီတော့ သီတာ ဘယ်လိုနေရမလဲ ကိုမြင့်ဇော်"

ဒေါက်တာမြင့်ဇော်မိုးက ရယ်သည်။

"ဖြစ်လာသမျှဟာ အနှစ်သာရပေါ့သီတာ။ တိုတောင်းလှတဲ့ ဘဝကလေးအတွင်းမှာ ခံစားသင့်တဲ့ ဘဝအနှစ်သာရကို ခံစားစေချင်တယ်"

စကားကို ရပ်လိုက်သည်။ ဆတ်ခနဲ သီတာ့ကို စေ့စေ့ကြည့်ရင်း…

"ကဲပါ သီတာရယ်။ မန္တလေး ရောက်တုန်း ဘုရားကြီး၊ ဦးခန္တီတောင်ဘက် သွားကြရအောင်ပါ"

သီတာက ခေါင်းခါသည်။

"သီတာ ဘယ်မှမသွားချင်ဘူး ကိုမြင့်ဇော်"

"သီတာ့အနားမှာရှိနေတဲ့ ကျွန်တော့်ကိုလည်း အားနာပါဦးဗျာ"

သည်တော့လည်း သီတာ ဘာပြောရမည်မသိတော့။ စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။

ပင်ပန်းကြီးစွာ သက်ပြင်းရှိုက်လိုက်သည်။

* * *

နွေ…

ပူပြင်းလွန်းသည့်နွေ…

ဝိုဗ်ဝိုဗ် ပူပြင်းလွန်းသည့် အညာနွေ…

နွေဆိုသည်မှာ အပေါင်းကြွေရှိ



www.burmeseclassic.com

www.burmeseclassic.com

အသစ်ဝေသည့်သဘော။ ပုလောင်ထန့်ပြင်းလွန်းသည့်သဘော။

နွေအပူနှင့်အတူ လေပူတွေ ဝေ့ပါလာတတ်သည်ပဲ သိသည်။ ဟောင်းရွက်ကြွေ၍ ရွက်အစ်တွေ ဝေစည်နေသည့် အလှအပကိုလည်း ခံစားရကောင်းမှန်းမသိ။

နွေအပူနှင့် ရင်အပူက အားပြိုင်နေသည်။

အညာနေသည် ပူပြင်းလွန်းသည်ဟု ခံစားရသည်။ ကားလမ်းမပေါ်တွင် အပူရှိန်ကြောင့် တံလျှပ်တွေ ထလို့နေသည်။

"တံလျှပ်ကိုရေထင် ရွှေသမင်အလိုက်များ" ဆိုသည့်အတိုင်း စကားပုံက အာရုံသို့ ဝင်ပူးလာသည်။

ဒေါက်တာမြင့်ဇော်မိုး မှာသည့် ဂျစ်ကားနှင့် ဘုရားကြီးသို့ ဦးစွာလာခဲ့သည်။ တစ်လမ်းလုံး ခင်သီတာကို ကြည့်ရသည်မှာ သက်ရှိသတ္တဝါတစ်ဦးနှင့် မတူ။ အကယ်၍ ဝင်သက်ထွက်သက်သာ မရှုဘူးဆိုလျှင်လည်း မည်သူကမျှ သက်ရှိလို့ ပြောလိမ့်မည်မဟုတ်။ ဂျပန်မှလာသည့် ကော်ပတ်ရုပ်တစ်ရုပ် ကားပေါ်ပါလာသည်နှင့် တူသည်။

သီတာက မလှုပ်မချောက်ရယ်။

သီတာ ငွေ့ဝေနေသည်။

"နေ့လည်းနေ့စဉ်
ညလည်းရုံဖန်
ရက်မချန်တည့်
တည့်မတ်မှန်အောင်
တမ်းဆိုမယောင်စွ…"

နှတ်သျှင်နောင်၏ တေတ္ထကလျာပေါ်ထားရှိသည့် မေတ္တာ၊ ကြင်နာမှုသည်များကို ဖော်ညွှန်းသည့် ကဗျာလေးတစ်ပိုင်းတစ်ခု၊ အဲဒါ ပိုသည်လို့ထင်ခဲ့၏။

ခုတော့…

သီတာ့အဖို့ အစွဲအလမ်းဆိုသည့် စိတ်ကို ပန်းကလေးတစ်ပွင့်လို ပန်ချင်ပြီ။ အမှန်ကို ဝန်ခံကြစတမ်းဆိုလျှင် မောင်မရှိတော့ဘူး ဆိုပေမယ့် မောင့်ကို သတိရနေမြဲ။ တမ်းတနေဆဲ။ တားစားသွားသွား၊ နားနားနေနေ မောင့်ကိုသာပဲ သတိရနေမိသည်။

ဤသို့ဖြင့်ပင် ဘုရားကြီးသို့ရောက်ခဲ့သည်။ ဘုရားစောင်းတန်းတွင် ပန်းဝယ်သည်။ မဟာမြတ်မုနိဘုရားကို ဝင်ခဲရောက်ဖူးမြော်သည်။ တန်ခိုးကြီး၍ သပ္ပာယ်ဖွယ်ကောင်းသည့် မဟာမြတ်မုနိစေတီတော်။

"ဘုရား…ဤသို့ပြုရသည့် ကုသိုလ်ကောင်းမှုကြောင့် ဖြစ်လေရာဘဝတိုင်းမှာ ချစ်သောသူနဲ့ ရိုးမြေကျပေါင်းရပါလို၏ဘုရား"

ခုတောင်းပြည့်သည့် မဟာမြတ်မုနိဘုရားအား ဝတ်ပြုဆုတောင်းပြီးချိန်တွင် သီတာ့အစ်သို့ ဒေါက်တာမြင့်ဇော်မိုး ရောက်လာသည်။ ဘုရားဝတ်ပြုပြီး အမှောလိုက်တွင် မျက်နှာချင်းဆိုင်ရသည်။ အပြုံးနှင့် ပန်းကိုလှမ်းယူသည်။

ဘုရားပရိဝုဏ်တွင်းရှိ ဝတ်ပြုနေသူများက ဒေါက်တာမြင့်ဇော်မိုးနှင့် သီတာတို့၏ အခြေအနေ အသွင်အလျာကို ဝေခန့်ကြည့်သည်။ သီတာ့ရင်ထဲတွင် လိုက်ခုန်မောသလို ခံစားရသည်။

အကယ်၍ သည်နေရာတွင် မောင်သာဆိုလျှင် အဘယ်မျှကောင်းလေမည်နည်း။ တွေးမိသည်။ တစ်ဦးကိုတစ်ဦး ဝေစီသည့်ကြည်နူးမှုပြုံးပေါင်းများစွာကို ကျိန်းသေပြုံးမိကြလိမ့်မည်။

သီတာ့ရင်ထဲတွင် ပူလောင်စွာခံစားရသည်။ သက်ပြင်းမောကို ဟင်းခနဲချရင်း ပန်းကို ကမ်းပေးလိုက်သည်။ ပုဆစ်ဒူးတုပ် ထိုင်နေရာမှ လေးကန်စွာ ထလိုက်သည်။

ဒေါက်တာမြင့်ဇော်မိုး ဘုရားပန်းအိုးအတွင်းသို့ ပန်းများကိုလိုးနေချိန်တွင် သီတာ တန်ဆောင်းဘက်သို့ လေးကန်စွာ လျှောက်လာသည်။

အသိတို့က နောက်ကျလျက်ရှိသည်။ ဘာကိုမှ ကြည့်လိုမြင်လိုစိတ်မရှိ။ ဘာအသံမှ ကြားလိုစိတ်မရှိ။

"လာ…သီတာ၊ ဦးခန္ဓီတောင်ကို သွားရအောင်"

မဖြေမိ။ မဖြေချင်။

နှုတ်က ဖွင့်ဟရမည်ကိုပင် မလိုလားဟန်ရှိသည်။ ယခု လက်ရှိမိမိဘဝက လေပြည်၏နောက်သို့ အတိုင်းမသိလိုက်ပါခဲ့ရသည့် သစ်ရွက်ခြောက်ကလေးနှင့်တူသည်။

တံလျှပ်ပြေးသည့်အထိ ပူပြင်းသည့်အညာနွေ၏ ရင်ကို ဖြတ်ကျော်ခဲ့သည်။ ယခုသော် မြင့်မားသည့် ဦးခန္ဓီတောင်ကို လှမ်းမြင်လေပြီ။ မကြာမီ ကားကလေးက ဦးခန္ဓီတောင်တွင် ထိုးရပ်၏။ ကားပေါ်မှဆင်းသည်။

ခရုအိမ်ကွဲသို့ ကောက်ကွေ့မြင့်တက်သွားသည့် အုတ်လှေကားအတိုင်း ဦးခန္ဓီတောင်ထိပ်သို့ တက်ခဲ့သည်။

လမ်းတစ်လျှောက်ရှိ ဓာတ်ပုံဆိုင်များက အမှတ်တရ ဓာတ်ပုံရိုက်ရန်

www.burmeseclassic.com

စိတ်ခေါ်ကြသည်။ သီတာ စိတ်ဝင်စားရ မှန်း မသိ။ အကယ်၍သာ ဒီခရီးသည် ဆောင်ပါလာသည့်ခရီးဆိုပါက ဘယ် လောက် ပျော်စရာကောင်းပါမည်နည်း။ မောင့်လက်ကို နိုင်နိုင်ဖိုင်ဖိုင်ဆုပ်ကိုင် ထား အပြေးတက်လိုက် နားလိုက်နှင့် တပျော်တပါး တက်ဖြစ်မည်။

ပြီး…မောင်က အရုတ်တရုတ် ပုံရိုက်ဖို့ ပြောချေလိမ့်မည်။ မောင်နှင့် ဗျူဟာတွဲကာ မန်းမြို့ရိုးကိုနောက်ခံပြု၍ ဖြစ်စေ၊ ရေဝတီမြစ်၊ တန့်ကြည့်တောင် တန်း၊ စစ်ကိုင်းတောင်ရိုး စသည်များကို နောက်ခံပြု၍ဖြစ်စေ ဓာတ်ပုံရိုက်ဖြစ် လိမ့်မည်။

ခုတော့…

သည်ခရီးက အထီးကျန်ဆန် သောခရီး၊ ပူလောင်သော ခရီး။ ရင်ထဲ တွင် မောပန်းနွမ်းနယ်လျက်ရှိသည်။

ဤသို့ဖြင့်ပင် ဦးချွန်တောင်ထိပ်သို့ ရောက်ခဲ့သည်ကို အမှတ်ရသည်။ မြွေ ကြီးနှစ်ကောင်ကို ရောက်ခဲ့ကြောင်း အမှတ်ရသည်။

ရိဝရွာ အဝေးကို ငေးမျှော်ကြည့် မိသည်။ တန့်ကြည့်တောင်တန်း၊ စစ် ကိုင်းဝံတား မှုန်ပျပျ၊ စစ်ကိုင်းတောင် ရိုး၊ ဖုန်းဆိုးမြေ အပြန့်အကောက်များ။

သည်မှလွန်သော် မြောက်ဖျား တွင် ကချင်ပြည်နယ်ရှိသည်။

ဒီနေရာမှာ…

မောင်ရှိသည်…

သို့မဟုတ်…

မောင် ခေါင်းချရာနေရာ…။

* * *

## အခန်း (နှစ်ဆယ့်ခုနစ်)

ရထား…

ကချင်ပြည်နယ်နှင့် မြန်မာပြည် နယ်စပ်။

ရထားကို ကျူးဝင်လာပြီဆိုက တည်းက အအေးဓာတ်က လွှမ်းလာ သည်။ အေးမြသော ဆောင်းလေတို့ ဝေ့ဝိုက်လာသည်။

"အေးလာပြီနော် သီတာ။ အနွေး ထည်ကြယ်သီးလေးတွေတပ်ပြီး နား ရွက်လုံအောင် ခေါင်းစည်းထားနော်"

ရထားကို ကျူးဝင်လာစဉ် ပြော လိုက်သောစကားကို အမှတ်ရသည်။ ကြင်နာမှု အရိပ်အငွေ့သန်းသည့် စကား မှန်း နားလည်သည်။ အနွေးထည်ကြယ် သီးကို စေ့စေ့တပ်ကာ ခေါင်းစည်းအဝါ ကို လုံလုံစည်းနှောင်လိုက်သည်။

ည…သန်းခေါင်ကျူးချိန်တည်း။

ရထားတွင် ရထားဆိုက်ကပ် ကြောင်း သိသည်။

မှောင်စပျိုးကာတည်းက ပိတ်ထား သော တံခါးကိုဖွင့်လိုက်သည်။ ဘူတာရုံ တွင်းမှ ဖြာထွက်လာသည့် မီးရောင်ကို မြင်ရသည်။

အခြားအခြားသော ပတ်ဝန်းကျင် တစ်ခုတွင်တော့ အမှောင်နှင့်မည်းမည်း။

"ပေါင်းသင်း၊ ဇနိုက်ကြော်၊ ပေါင်း သင်း၊ ဇနိုက်ကြော်"

"ငုံးဥရမယ်…ငုံးဥ"

"ကောက်ညှင်းပေါင်း၊ ပူပူလေးရ မယ်။ ကောက်ညှင်းပေါင်း"

လှုသံရှုသံ တရှူးရှူးတရှဲရှဲနှင့် ရထားခေါင်းတွဲမှအသံ၊ သမုဒ္ဒရာဝမ်း

တစ်ထွာအတွက် ပြေးလွှားရှာဖွေ နေသည့် ဈေးသည်ကလေးများ၏ အသံ ကို ကြားရသည်။ ဈေးသည်ကလေးများ ကို အဓိပ္ပာယ်မဲ့ ငေးကြည့်နေသည့် သီတာ့ကို ဒေါက်တာမြင့်ဇော်မိုး ငဲ့ခနဲ ကြည့်လိုက်သည်။

"သီတာ…"

သီတာ အသာအယာ စောင်းငဲ့ ကြည့်လိုက်သည်။ မည်သို့သော တုံ့ ပြန်မှုကိုမှ မပေးဘဲ ဒေါက်တာမြင့်ဇော် မိုးကို ငေးမောကြည့်လိုက်သည်။

"သီတာ မဆာဘူးလား"

အသာအယာ ခေါင်းခါလိုက် သည်။

"ဒို…မဟုတ်သေးပါဘူး။ တစ်ခု ခုတော့ စားဦးပေါ့။ တော်ကြာ လေခံ နေလို့ ဒုက္ခဖြစ်နေဦးမယ်။ ပေါင်းသင်းနဲ့ ဇနိုက်ကြော်ကလေး စားလိုက်ပါလား"

"ပေါင်းသင်းဆိုတာ ဘာလဲဟင်"

ကလေးတစ်ယောက်လို ပြန်မေး လိုက်သည်။

ဒေါက်တာမြင့်ဇော်မိုးက ပြုံးသည်။

"ဟွန့်…ပေါင်းသင်းဆိုတာ တောင် မသိဘူးလား"

ခင်သီတာက ခေါင်းခါသည်။ ဒေါက်တာမြင့်ဇော်မိုးက စီးကရက်တစ် လိပ်ကို မီးညှိဖွာရှိုက်လိုက်ပြီး မျက်လုံး မှေးပြီးကြည့်သည်။

"တကယ်မသိဘူးလား"

"ရှေ…ကျွန်းကိုက်ပါတယ်ဆိုမှ ကိုမြင့်ဇော်က အပေါက်ကလေးနဲ့လား လို့ မေးနေပြန်ပြီ။ ကျွန်မ တကယ်မသိ တာပါ"

ဒေါက်တာမြင့်ဇော်မိုးက စီးက



www.burmeseclassic.com

www.burmeseclassic.com

ရက်ဖွာရှင်း ပြုံးသည်။

"ပေါင်းသင်းဆိုတာ ဘာမှမဟုတ်ပါဘူး။ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို အခေါ်ကွဲသွားတာပါ။ ကျွန်တော်တို့ ပြည်အခေါ်နဲ့ ခေါ်ရရင်တော့ ကောက်ညှင်းကျည်တောက်ပေါ့"

"ဪ..."

"ကဲပါ သီတာ။ ပေါင်းသင်းတော့ စားလိုက်။ တော်ကြာ လေခံနေလိမ့်မယ်"

ကရုဏာရိပ်သန်းသည့် စကားမှန်း သဘောပေါက်သည်။ သီတာ့အဖို့ ဒေါက်တာမြင့်ဇော်မိုးအား မည်သို့မျှ တုံ့ပြန်ဖြေကြားမှု မပေးခဲ့သော်လည်း ဒေါက်တာမြင့်ဇော်မိုး၏ စေတနာ၊ ဒေါက်တာမြင့်ဇော်မိုး၏ ကြင်နာမှုအား အသိအမှတ်ပြုရမှန်း နားလည်သည်။

သို့ပေမယ့် သီတာ့အဖို့ ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်စွာငိုင်နေဆဲဖြစ်သည်။ ဒေါက်တာမြင့်ဇော်မိုးတစ်ယောက် ပေါင်းသင်းသည်ကိုခေါ်သည်ကိုလည်းကောင်း။ ဝယ်သည်ကိုလည်းကောင်း တွေနေသော်လည်း မည်သည့်စကားမှ ပြောရမှန်းမသိသလို ငိုင်တွေလျက်။

"ရော့...သီတာ"

ပေါင်းသင်းနှင့် ဓနိက်ကြော်အား ကမ်းပေးလာတော့မှ အသိဝင်သည်။ ဒေါက်တာမြင့်ဇော်မိုးလက်တွင်းမှ ဓနိက်ကြော်ကို လှမ်းယူလိုက်သည်။

ဒါပေမယ့် မစားဖြစ်သေး။

"စားလေ...သီတာ"

ဆတ်ခနဲ မော့ကြည့်လိုက်သည်။

"ဟုတ်...ဟုတ်ကဲ့"

ပေါင်းသင်းကို တစ်ကိုက်ကိုက်ရင်း ဓနိက်ကြော်ကို တမုံ့မုံ့စားသည်။ ဒေါက်တာမြင့်ဇော်မိုးက စီးကရက်ကို အငြိမ်းသို့တောက်ပစ်လိုက်ပြီး သီတာ့ကို ကြည့်သည်။ ပြီးတော့ တစ်ယောက်တည်းပြောသလို စကားစုတစ်စုကို တစ်လုံးချင်း ပြောသည်။

"အချစ်ရောဂါ ကိုယ်တွင်းနှာက၊ ကုရာနတ္ထိ ဆေးမရှိလို့ ရှေးစကားရှိတော့ ရှိတာပေါ့လေ။ ဒါပေမယ့် လူတစ်ယောက်အဖို့ အရာရာမှာ အချစ်ကို ချည်းပဲ ရှေ့တန်းမတင်သင့်ဘူးလို့ထင်တယ်။ ကိုယ့်စိတ်ကို ကိုယ်ဖြေဖို့ ကိုယ့်ကိုကိုယ်ကုစားဖို့ အများကြီးလိုအပ်ပါတယ်လေ"

ဒေါက်တာမြင့်ဇော်မိုး စကားဆုံးသွားသည့်အခါ သက်ပြင်းမောကို ဟင်းခနဲချမိသူမှာ သီတာ။

ကြည့်စမ်း သီတာ့ရင်မှာ တုန်လို့ရယ်။"

* * *

ဝေသီမြင့်မားသည့် တောင်တွတ်၊ တောင်တန်းများ။ မှိုင်းမှိုင်းစိမ်းလဲ့သည့် တောင်တန်းများက မျက်ဝန်းသူငယ်အိမ်အတွင်းသို့ ကြားဝင်လာခဲ့သည်။

အအေးဓာတ်ကလည်း လွှမ်းခြုံကဲလျက်ရှိသည်။ နေရောင်၏ အနွေးဓာတ်သည်ပင် အေးမြခြင်းကို ဖောက်ထွင်းနိုင်ခြင်းမရှိ။ နေရောင်ခြည်ကြားမှ နှင်းငွေများ ဝေ့ဝဲနေသည်လို့ ပြောရမလားမသိ။

အရှေ့အရပ်မှ ခေါင်းပြူထွက်လာသည့် နေမင်းသည်ပင် အနောက်အရပ်သို့ ငုပ်လျှိုးလေရန် အသင့်ရှိနေပေပြီ။

မန္တလေးမှ အပြင်းခရီးနှင်လာသည့် ရထားကြီးသည်လည်း မြောက်များ၏မြို့တော် မြစ်ကြီးနားသို့ ဆိုက်ကပ်ရန် အသင့်ရှိချေပြီ။

"အေးမြတဲ့ မြောက်ဖျားမြို့တော်ကို မကြာခင် ခြေချရတော့မှာပါကလား"

ဒေါက်တာမြင့်ဇော်မိုးက ပြောလိုက်သည်။

ဒေါက်တာမြင့်ဇော်မိုးကို သီတာ ဝေ့ခနဲကြည့်လိုက်သည်။

ဘာမှ မပြောဖြစ်သေးပါ။ မောင်နှင့်ပတ်သက်သည့် အကြောင်းများက စိတ်အသိတွင်းသို့ ဝေ့ဝဲ၍ဝင်လာသည်။ ကြာမြင့်လာသည့် အချိန်ကာတည်းက ရောက်လိုသည့်နေရာကို မကြာခင် ရောက်တော့မည်မို့ စိတ်ထဲမှာ ပျော်သလိုခံစားရသည်။

ယခုသော် သီတာတို့အဖွဲ့ မြောက်ဖျားဒေသ၏မြို့တော် မြစ်ကြီးနားသို့ ဆိုက်ရောက်လေပြီ။

သို့သော် သီတာတို့ တာဝန်ကျသည်မှာ မြစ်ကြီးနားမြို့တွင်းမဟုတ်။ မြစ်ကြီးနားမြို့နှင့် မိုင်တစ်ရာကျော်ဝေးသည့် လောခေါင်တွင်ဖြစ်သည်။ ယင်းအတွက် ယခုချက်ချင်း လောခေါင်သို့ သွားလို့မရ။ မြစ်ကြီးနားတွင် ခေတ္တမျှ တည်းခိုရသည်။

မြစ်ကြီးနား၏ ရာသီဥတုသည် အအေးကဲလျက်ရှိသည်။

ကြည့်လေရာတွင် မြူတွေ၊ နှင်းတွေဆိုင်းလို့တည်း။



www.burmeseclassic.com

www.burmeseclassic.com

"လောခေါင်မှာ ပိုအေးမှာပဲနော်"

မီးလင်းဖိုတွင် မီးလှုံရင်း သီတာက ပြောလိုက်သည်။

"ဟင်း . . .ကျွန်တော်တို့ကချင်ပြည်နယ်မှာက ပိုးခြောက်လ၊ ဆောင်းခြောက်လမို့ အမြဲတမ်း စိုစွတ်အေးမြနေတတ်တာပဲ။ ဒါပေမယ့် နောက်တော့လည်း ဆရာတို့ ကျင့်သားရသွားမှာပါ"

ခေါင်ဒေါင်းက ရေနွေးကြမ်းကို တစ်ငုံသောက်ရင်း ပြောလိုက်သည်။ နောက်မှ ရေနွေးကြမ်းကို တစ်ငုံသောက်ရင်း သီတာ့ကို ငေးခနဲကြည့်လိုက်ပြီး -

"ဆရာမတို့ ဒီကိုရောက်လာတော့ ကျွန်တော်တို့ အင်မတန် ဝမ်းသာမိတယ်။ ကျွန်တော်တို့ပြည်နယ်အတွက် ဆရာဝန်ကောင်းတွေ အများကြီးလိုအပ်နေပါတယ် ဆရာမ"

ဒေါက်တာမြင့်ဇော်မိုးက ခေါင်ဒေါင်းကို စေ့ခနဲကြည့်လိုက်သည်။

"ဘာမှမပူပါနဲ့ဗျာ။ နောက်ဆိုတောင်တန်းဒေသအတွက် ဆရာဝန်ကောင်းတွေ အများကြီးရှိလာမှာပါ။ တိုင်းရင်းသားရေးကိစ္စအတွက် လူတိုင်းမှာတာဝန်ရှိကြောင်း သိနေကြပါပြီဗျာ"

"ဟာ . . .ဒါဆို ဝမ်းသာစရာပေါ့"

ခေါင်ဒေါင်းက ဝမ်းသာအားရ

* * *

မေခမြစ်။

ဧရာဝတီမြစ်၏ အဖလို့ ခေါ်ရလေမည်လား။ အမိလို့ ခေါ်ရလေမည်လားမသိ။ မေခ၊ မလိခမြစ်နှစ်သွယ်၏ ပေါင်းဆုံမှုအတွက် ဧရာဝတီမြစ်ပေါ်ခဲ့သည် မဟုတ်လား။

မေခမြစ်၏ရေစီးက သိပ်သန်သည်။ ရေစီးသံက ကြမ်းသည်။

ကြောက်မက်ဖွယ်ရာ ရေစီးသန်သည့် မေခမြစ်ယံနံဘေးတွင် မြားတစ်စင်းကဲ့သို့ ပြေးနေ၏။

ဆိုင်ကော်၊ မန်ခေါင်၊ တမူ၊ လကော် . . .စသည့် ရွာကလေးပေါင်းများစွာကို ဖြတ်ကျော်ခဲ့သည်။ တိုင်းရင်းသားလူမျိုးများ၏ စရိုက်၊ အသွင်အပြင်များကို ရင်သပ်ရှုမော တွေ့နေရ၏။

သီတာ ကားပေါ်တွင် ရီဝေစွာ ငေးမောပါလာသည်။ သီတာ၏ မျက်စိအမြင်များကို စိုးကျူးနေသည်က မြင့်မားဝေသီသည့် တောင်တန်းများ၊ တောင်ခိုးနှင့်တိမ် ရောယှက်ဆိမ်း၊ တိမ်နဲ့တောင်ဦး ရောယှက်မိုးနေသည့် မြင်ကွင်းများ။

မောင့်ကို သတိရမြန်၏။

မောင်သည် သီတာနှင့်ခွဲကာ ဒီတောင်တန်းပေါ်သို့ လာခဲ့သည်။ သည်တောင်တန်းပေါ်တွင် တိုင်းပြည်တာဝန်ကို ထမ်းဆောင်ခဲ့သည်။

တိုင်းပြည်တာဝန် ထမ်းဆောင်ရင်း ကျဆုံးသွားသည်လို့ ဆိုသည်။ မောင်သေပြီတဲ့။ သို့တစေ သီတာ့အတွက် မောင်သည် မသေ၊သေး။

မောင်သည် သီတာ၏နှလုံးသားကို စိုးမိုးလျက်ပင်။

ယင်းသို့ဖြင့်ပင် မနက် ၆ နာရီ မြစ်ကြီးနားမှ ထွက်လာသည်။ နေမင်းသည် အနောက်ဂါယာကျွန်း တောင်စွယ်တွင် မေးတင်လျက်ရှိသည်။

မကြာမီနေဝင်တော့မည်။ အလင်းတို့ကွယ်ပျောက်၍ အမှောင်ရှိန် စိုးမိုးတော့မည်။

အအေးဓာတ်က ပိုကဲလာသို ခံစားရသည်။ သိပ်သည်းသော အအေးနှင့် သိပ်သည်းသော အမှောင်တို့က လောကကို စိုးမိုးရန်အသင့်။

လောခေါင်မြို့သည် တောင်ပေါ်တွင်တည်ရှိသော မြို့ကလေးဖြစ်သည်။ ကောချောင်တောင်ပေါ်မှကြည့်လျှင် ရွာငယ်ကလေးများ၊ တောင်ယာမှက်များ၊ ဖဲကြိုးစကလေးများ၊ ပစ်ချထားဘိသို့ ပူပူရှေရှေ ချောင်းကလေးများကို မြင်တွေ့ရသကဲ့သို့ ပတ်ပတ်လည်တွင် မြင့်မားသည့် တောင်တန်းများက ဝိုင်းအုံလျက်နှင့်။

နောက်နေ့များတွင် သည်တောင်တန်းများပေါ်သို့ သီတာသွားရမည်။

လည်ပင်းကြီးရောဂါ ကာကွယ်တိုက်ဖျက်ရေးအတွက် ခရီးဆက်ရမည်။

ကျန်းမာရေးအတွက် ခရီးရှည်နှင်တက်ရမည်ဖြစ်သလို နှလုံးသားတွင် စိုးကျူးလျက်ရှိသည့် မောင့်ကို ရှာဖွေရန် စိတ်သန်လျက်လည်း ရှိသည်။

ပင်ပန်းသည့် ခရီးကြမ်းတစ်ခုကို သွားရမည်ဖြစ်သော်လည်း သီတာ ပျော်ရွှင်လျက်ရှိသည်။ နက်ဖြန် ခရီးထွက်ရမည်ကို သိရသည့်ညများကဆိုလျှင် သီတာ ဟန်မဆောင်နိုင်လောက်အောင် ပျော်လို့နေသည်။

နောက်နေ့တွင် သီတာတို့ ကျန်းမာရေးအဖွဲ့ စတင်ခရီးထွက်သည်။

ခရီးတစ်လျှောက်တွင် ရွာကလေးများမှာလည်းဝင်ပြီး ရောဂါရှင်များအား လက်တွေ့ကုသခြင်းများ ပြုလုပ်သည်။



www.burmeseclassic.com

www.burmeseclassic.com

သို့ မဟုတ်၊ ဖဲ၊ မပန်းတမ်း စည်းရုံး ပေါင်းပြောမှုများကို လုပ်ရသည်။ ပြီးတော့ သီတာ နလုံးသားနိုးပြောမှုအတွက် အလုပ်တစ်ခုကို လုပ်ရမြန်၏။

အခြားတော့မဟုတ်။ မောင့်ကို ရှာဖွေသည့်အလုပ်တည်း။ ဝင်စစ်တော့ သီတာ့အဖို့ ရှာဖွေသည်ဆိုသော်လည်း လက်တွေ့လိုက်လံ ရှာဖွေသည်တော့ မဟုတ်။ ကိုယ်တိုင်ကိုယ်ကျ မေးမြန်းစုံစမ်းချင်သော်လည်း တိုင်းရင်းသား ပရှူးအမျိုးသားများ၏စကားကို ပီပီကနားမလည်သလို ပီပီစကားကိုလည်း သူတို့က နားမလည်ချေ။

သို့ကြောင့် စကားပြန်မှတစ်ဆင့် ဓာတ်ပုံပြကာ ဤဓာတ်ပုံရှင် ဤရွာတွင် ရှိမရှိ စုံစမ်းရသည်။ ရွာနှစ်ရွာသုံးရွာအထိ မောင့်ကို မြင်ဖူးတွေ့ဖူးသူပင် မရှိ၊ မသိကြ။

သီတာ စိတ်ပျက်အားငယ်သလို ခံစားရသည်။ အများပြောကြသလို မောင်ကား သေဆုံးသွားလေပြီလို့ပင် ပြောရလေမည်လားမသိ။

ဤသို့ဖြင့် ရှကော်ရွာသို့အရောက်။

* * *

သေသောသူ ကြာလျှင်မေ့သည်။ ပျောက်သောသူ ရှာလျှင်တွေ့သည်။

ဤကား ရှေးပဝေဏီကတည်းက ပေါ်ခဲ့သည့်စကား။ သီတာ့အဖို့တော့ မောင်သည် သေသူမဟုတ်။ သို့ကြောင့် မေ့နိုင်စရာမရှိ။

မောင့်ကို ပျောက်ဆုံးသူအဖြစ်သာ သတ်မှတ်သည်။ သို့ကြောင့် တစ်နေ့တွေ့မည်လို့ ယုံသည်။

ဟုတ်သည်။ ယခုသော် မောင့်ကို တွေ့ရလေတော့မည်။

ကြည့်···ရှကော်ရွာသို့ရောက်ပြီး ကျန်းမာရေးအတွက် ဆေးကုသမှုများ ပြုလုပ်ပြီးသည်နှင့် ထုံးစံအတိုင်း စကားပြန် ဘရန်ဆိုင်းနှင့်အတူ မောင်ပျောက်ရှာဖွေရေးအလုပ်များ လုပ်ရသည်။

အဘွားကြီးတစ်ယောက်နှင့် ဘရန်ဆိုင်း မောင့်အကြောင်းစုံစမ်းရေးလုပ်နေသည်မှာ အတော်ကလေးကြာသွားကတည်းက တစ်ခုခုထူးပြီလို့ ထင်ပြီးသား။ သူတို့စကားကို နားမလည်ပေမယ့် သူတို့အမူအရာတွေကြည့်ပြီး ထူးခြားပြီဖြစ်ကြောင်း သိနေသည်။

ဟုတ်သည်။ ထူးခဲခြားခဲပြီ။

"ဆရာမ···ဒီအမေကြီးကပြောတယ်။ ဓာတ်ပုံရှင်ကို တွေ့ဖူးတယ်တဲ့။ သူတို့ရွာထဲမှာ ရှိတယ်တဲ့။ တွေ့ချင်ရင် လိုက်ပြမယ်လို့ ပြောတယ်"

ဘရန်ဆိုင်းက ဝမ်းသာအားရ ပြောသည်။ သီတာ့အဖို့ သိန်းဆုအမြန်တစ်ရာပေါက်သကဲ့သို့ ဝမ်းသာရသည်။

"ဟုတ်လား ဒါဖြင့် လိုက်ကြည့်ရအောင်"

"အင်း···ကျွန်တော် အဘွားကြီးကို လိုက်ပြဖို့ ပြောလိုက်မယ်"

ဘရန်ဆိုင်း အဘွားကြီးဘက် လှည့်သည်။ ပရှူးဘာသာစကားဖြင့် အဘွားကြီးကို ပြောလိုက်သည်။

"အခုသွားမလားတဲ့ ဆရာမ"

ဘရန်ဆိုင်းက မေးသည်။

"သွားမယ်လေ"

အဘွားကြီးဘက်လှည့် စကားပြောသည်။

"ကဲ···သွားကြမယ် ဆရာမ"

အဘွားကြီးနောက်သို့ ခင်သီတာနှင့် ဘရန်ဆိုင်းလိုက်သွားသည်။

* * *

## အခန်း (နှစ်ဆယ့်ကိုး)

အဘွားကြီးအိမ်က ရွာ၏မြောက်ဘက်စွန်းတွင်ရှိသည်။

"ရိပ်မျှော်"

အိမ်ရှေ့သို့ရောက်တော့ အဘွားကြီးက အမည်တစ်ခုကို ခေါ်လိုက်သည်။ ရိပ်မျှော်တဲ့။ ရိပ်မျှော်ဆိုတာ ဘယ်သူပါလိမ့်။ ခင်သီတာ သိလိုစိတ်ဖြင့် အိမ်ကြီးဘက်သို့ ငေးကြည့်နေမိသည်။

မကြာမီ ပျိုမျစ်နုနယ်သည့် ကချင်တိုင်းရင်းသား လရှိအမျိုးသမီးတစ်ဦး အိမ်တွင်းမှ ထွက်လာသည်။ လီရှူးတိုင်းရင်းသားဝတ်စုံကိုဝတ်လျက် နှစ်နှစ်သားအရွယ် ကလေးတစ်ယောက်ကို ချီပလျက်ဖြစ်သည်။

လရှိ အမျိုးသမီးကလေးသည် ဘာမှနားမလည်နိုင်စွာဖြင့် ခင်သီတာကို ငေးကြည့်နေမိသည်။

အဘွားကြီးသည် ပရှူးဘာသာစကားဖြင့် ပြောလိုက်သည်။ အမျိုးသမီးငယ်က ပြေသည်။ ဘာမှန်းမသိ။

အမျိုးသမီးငယ် အနားသို့ရောက်တော့ အဘွားကြီးက ဓာတ်ပုံကိုပြသည်။

အမျိုးသမီးငယ်က ဓာတ်ပုံကို သေချာစွာကြည့်သည်။

"အစ်ကိုဗမာ"

မပီမသ တိုးတိုးရေရွတ်သည်။

"သူမရှိဘူး။ တောင်ယာသွားက်



www.burmeseclassic.com

www.burmeseclassic.com

သွားတယ်။ ဆက်စောင့်ဦးလေ"

အမျိုးသမီးငယ်က ခင်သီတာကို စစ်ချက်ကြည့်လိုက်ပြီး ခင်သီတာ့ အနားသို့ လျှောက်သွားသည်။

ခင်သီတာ ငေးလျက်။ ငိုင်လျက်။

ခင်သီတာအနားရောက်တော့ ရိပ်မျှော် ရပ်လိုက်သည်။ အပြန့်အပြော ကျယ်လှသည့် မိုးကုပ်စက်ဝိုင်း။ ညိုမှိုင်းသောတောင်တန်း။ စိမ်းညို့သောတောင်တန်းများကို ငေးမောကြည့်နေ၏။

ယင်းသို့ ငေးမောကြည့်နေရင်း မျက်ဝန်းသူငယ်အိမ်အတွင်းသို့ ရုပ်ပုံလွှာတစ်ခု ကျူးဝင်လာသည်။ ကိုဗမာရဲ့ ရုပ်ပုံလွှာပါပဲ။ နောက်ပြီး ကိုဗမာနဲ့ တွေ့ခဲ့ပုံကလေးများ။

ရိပ်မျှော် မမေ့နိုင်သေးပါ။

ဒီနေ့က မိုးကလေးစပ်စပ်ရွာနေသည့် နေ့ကလေးရယ်ပေါ့။ ရိပ်မျှော် စောင်ယာမှအပြန် မန်ခေါ်ခေချောင်းနဘေးတွင် တွေ့ရခြင်းဖြစ်သည်။ ရိပ်မျှော်အဖို့ ဗမာအစ်ကိုသည် တပ်မတော်သားတစ်ယောက်မှန်းတော့ သိသည်။

အစ်ကိုဗမာသည် သတိလုံးဝ ရတန်မရှိ။ သေနတ်ဒဏ်ရာကြောင့် မေ့မြောနေပုံရသည်။ ရေစီးတွင် မျောပါလာပုံရသည်။

"အစ်ကို...အစ်ကို"

ရိပ်မျှော်ခေါ်ကြည့်သည်။ မရ။ ရိပ်မျှော်သည် အစ်ကိုဗမာ၏ အခြေအနေကို လေ့လာကြည့်သည်။ အစ်ကိုဗမာသည် သေတော့မသေသေး။

သို့ကြောင့် ရိပ်မျှော်ကို ဝမ်းလျားတွဲခိုကာ အိမ်သို့ခေါ်ခဲ့သည်။ အိမ်ရောက်တော့ တိုင်းရင်းဆေးရိုးရာဆေးများဖြင့် ကုသည်။ ကိုဗမာ သတိရလာသည်။

"အစ်ကို ဘယ်သူလဲဟင်"

မေးသည်။ မရ။

ကြောင်စင်းသည့် မျက်လုံးနှင့် ရိပ်မျှော်ကိုလည်းကောင်း၊ 'အမေကြီးကိုလည်းကောင်း ကျိုးကြည့်ကြောင်ကြည့် ကြည့်သည်။

"ဘယ်သူလဲ"တဲ့။

မေးနေကြပြီ။ ဘယ်လိုဖြေရမလဲ။ ငါ ဘယ်သူလဲ။ မသိ။ ဘာမှစဉ်းစားလို့ မရ။

"အစ်ကို့နာမည်က ဘယ်သူလဲ ဟင်။ အစ်ကို ဘယ်တပ်ကလဲဟင်"

သူ စဉ်းစားနေသည်။ အဖြေမရပါ။ နာမည် ဘယ်သူလဲ။ ဘယ်တပ်ကလဲ။ စဉ်းစားသည် မရ။

"ဘယ်သူတဲ့လဲ။ နာမည်ကရော ဘယ်သူလဲ။ ဘယ်တပ်ကလဲ။ အို... ငါ ဘာမှမသိပါကလား"

တစ်ယောက်တည်း ပြောမိသည်။

"မသိဘူး။ ကျွန်တော် ဘာမှမသိတော့ဘူး။ ဘာမှစဉ်းစားလို့မရတော့ဘူး"

အားလုံး သက်ပြင်းရှိုက်မိသည်။ ရိပ်မျှော်နှင့်အမေက သူ့အား အဝတ်အစားများ လဲပေးရသည်။ ရိုးရာဆေးများနှင့် ကုသပေးသည်။

ဒီလိုနှင့် ရက်တွေ တဖြည်းဖြည်း ကြာလာသည်။ တဖြည်းဖြည်း အချိန်တွေ၊ ရက်တွေ ကြွေကျလာသည်။ သူ နေကောင်းလာပြီ၊ ကျန်းမာလာပြီ။

"အစ်ကို နေကောင်းပြီနော်"

"အင်း..."

"အစ်ကို ဘာမှစဉ်းစားလို့ မရသေးဘူးလား"

ခေါင်းညိတ်သည်။

"ဒါဖြင့် အစ်ကို ညီမတို့နဲ့ နေပေါ့နော်"

"အင်း..."

သည့်နောက် သူ ရိပ်မျှော်တို့ဆီမှာ သောင်တင်ခဲ့သည်။ ရိပ်မျှော်တို့နှင့် မိသားစုလို နေထိုင်ခဲ့သည်။ ဤသို့ဖြင့် ရက်တွေကြာလာသည်။ နေ့တွေ ပြောင်းလာသည်။

တဖြည်းဖြည်းနှင့် ရိပ်မျှော်နှင့်သူ နီးစပ်မှုရှိလာသည်။ ခင်တွယ်လာသည်။ ယခုတော့ သူနှင့်ရိပ်မျှော်က အကြင်လင်မယားဖြစ်ပြီ။

သူ့နှလုံးသွေး တစ်ဘက်နှင့် ရိပ်မျှော်၏နှလုံးသွေးတစ်ဘက် ဆက်ထားသည့်သားကလေး "ခေါင်ခေါင်း"ပင် ရချေပြီပေါ့။

ခုတော့ သူနှင့်ပတ်သက်သည့်သူပေါ်လာပြီ။ ရိပ်မျှော်ဘက်သို့ လျှောက်လာသည်။ သီတာ ယခုတိုင် ငေးနေဆဲရှိသည်။ ရိပ်မျှော်က သီတာ့အနားသို့ ရောက်တော့ ရပ်လိုက်သည်။

"မမကြီး"

သီတာက မော့ကြည့်သည်။

"ဘာလဲ ညီမ"

"အစ်ကိုနဲ့ အစ်မကြီးက"

သီတာက ခပ်ယဲ့ယဲ့ပြုံးသည်။

"သူ့နာမည် တင်ထွန်းနိုင်တဲ့။ သူဟာ မမကြီးရဲ့ ခင်ပွန်းပဲ"

"ဟင်..."

ရိပ်မျှော်ရင်မှာ မှန်တိုင်းတိုက်ရလေပြီ။ ရိပ်မျှော် အံကို တင်းတင်းစေ့လိုက်သည်။

အဝေးကို ငေးမျှော်ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com

သည်။ အကြည့်တွေ ရီဝေလို့။ မှိုင်းလို့။

ထိုစဉ် သူပြန်လာသည်ကို တွေ့သည်။ ရိပ်မျှော်ရော သီတာပါ အားကိုးတကြီး ကြည့်နေ၏။ နှစ်ဦးစလုံး၏ရင်မှာ မျှော်လင့်ခြင်းနှင့် စိုးရိမ်မှုတို့ စိုးမိုးလို့နေသည်။ နှစ်ဦးစလုံး တင်ထွန်းနိုင်လာရာဘက်သို့ ခပ်လေးလေး လျှောက်လာကြသည်။

သူ အနားရောက်လာပြီ။

"အစ်ကို..."

ရိပ်မျှော်ခေါ်သံ။

သီတာ့ရင်မှ လှိုင်းခတ်သံ။

တင်ထွန်းနိုင်၏ ခြေလှမ်းတွေ တုံ့ခနဲရပ်သွားသည်။

"မောင်..."

မျက်စိအစုံက သီတာ့ထံသို့လည်းကောင်း၊ ရိပ်မျှော့်ထံသို့လည်းကောင်း ဝေ့ဝဲလို့ ရောက်လာသည်။

ရိပ်မျှော်... သူ့ကိုတော့ တင်ထွန်းနိုင်သိသည်။ သီတာ...သူ့ကိုတော့ တင်ထွန်းနိုင် မသိတော့။

"အစ်ကို"

"မောင်"

နှစ်ဦးစလုံး မျှော်လင့်မှုအဝတိဖြင့် တင်ထွန်းနိုင်ကို ကြည့်သည်။

တင်ထွန်းနိုင် လျှောက်လာသည်။

နောက်...

"ရိပ်မျှော်...ညီမ"

ခေါ်သံ ပေါ်လာသည်။

"အစ်ကို..."

ဝမ်းသာအားရခေါ်သံ။

နောက် ရိပ်မျှော်ကို တင်ထွန်းနိုင်က ထွေးဖက်သည်။

သည်တော့ သီတာ့ရင်ထဲ နှင့်သွားသည်။ နှလုံးသားကို လုံးဖျားချွန်ချွန်နှင့် ထိုးလိုက်သလို နာသည်။ရှိုက်သံတစ်ချက်က ပွင့်လာသည်။

ပူနွေးသည့် မျက်ရည်ပေါက်တွေက သီတာ့ပါးပြင်ပေါ်သို့ လိမ့်ကျလာသည်။

* * *

နောက်တစ်နေ့...

သီတာနှင့် တင်ထွန်းနိုင် မန်ခေါ ခ ချောင်းနံဘေးတစ်ဘက်တွင် တွေ့ကြသည်။

ယင်းသို့ တွေ့ကြသည်မှာလည်း သီတာက သွားခေါ်လို့ဖြစ်သည်။

လေက ညင်းသွဲ့စွာ တိုက်နေ၏။ လေက တသွင်သွင်တိုက်နေသည်မို့ သီတာ၏ ဆံယဉ်စတွေ လွင့်နေ၏။

"မောင်..."

"ပြောပါ"

"မောင် သီတာ့ကို တကယ်မသိတော့ဘူးလား"

တင်ထွန်းနိုင် ဘာမှမဖြေပါ။ ငိုင်တွေလို့ နေသည်။ စဉ်းစားနေသည်။

အမေကြီးပြလို့ ဒီဓာတ်ပုံကို တင်ထွန်းနိုင် တွေ့သည်။ ဒီဓာတ်ပုံထဲက ဓာတ်ပုံရှင်သည် မိမိနှင့် အလွန်တူသူဖြစ်သည်။ မိမိလို့ပြောသည်။ဟုတ်/မဟုတ် မသိပါ။

"ခင်ဗျားနဲ့ကျွန်တော် ဘယ်လိုပတ်သက်နေသလဲဟင်"

"မောင် တကယ်မမှတ်မိတော့ဘူးလား"

တင်ထွန်းနိုင်က ခေါင်းခါပြသည်။ သီတာက စိတ်ပင်ပန်းစွာ သက်ပြင်းရှိုက်သည်။ အကျိုးအကြောင်းအဖွဲ့ကို ရှင်းလင်းပြသည်။

ခက်သည်က တင်ထွန်းနိုင် ဘာမှ သဘောမပေါက်။ အမှတ်မရခဲ့။

"မောင့်ကို သီတာ မျှော်လင့်နေပါတယ်။ စောင့်စားနေပါတယ် မောင်ရယ်"

သီတာက ပြောသည်။

တင်ထွန်းနိုင် ဘာပြောရမည်မသိ။ ကျောက်ရုပ်တစ်ရုပ်လိုသာ ငိုင်တွေလို့နေမိသည်။

ထိုစဉ်...

"အစ်ကိုရေ...အစ်ကို"

ခေါ်သံကြားသည်။

ဒီအသံကို တင်ထွန်းနိုင် မှတ်မိသည်။ ရိပ်မျှော်ရဲ့အသံ။

"ဟော...ကျွန်တော့်ကို ခေါ်နေတယ်။ ကျွန်တော် သွားတော့မယ်"

တင်ထွန်းနိုင်က သီတာ့အပါးမှ ကလေးတစ်ယောက်လို အပြေးထွက်သွား၏။ သီတာ ငိုင်လို့။ မျက်ရည်တွေက ပါးပြင်ပေါ်သို့ စီးကျလာသည်။

"မောင်ရယ်..."

ညည်းသည်။

"ကြေကြေကွဲကွဲ ညည်းလိုက်သံပေါ့။

* * *

## အခန်း (သုံးဆယ်)

တင်ထွန်းနိုင်စိတ်တွေ ဝေဝါးလို့နေသည်။ ဘာမှ တိတိကျကျ ပိုင်ပိုင်နိုင်နိုင် မပြောနိုင်ချေ။ နွေရက်ကြွေတစ်ရွက်ကဲ့သို့ စိတ်က လွင့်ချင်တိုင်းလွင့်



www.burmeseclassic.com

www.burmeseclassic.com

ချောချင်တိုင်း ချောလို့နေသည်။ စိတ်ဓာလေးလို့ ပြောရမည်လား။

တင်ထွန်းနိုင် ဘာကို ပိုင်ပိုင်တိတိ ပြောရမည်မသိ။ သီတာ…။ သူက ဘယ်သူလဲ။ နတ်ပြည်မိုးသူဇာ ပြန်ကျလာသည်လား မသိ။

အကြမ်းဖျင်းပြောရလျှင် မိန်းမချော၊ မိန်းမလှကလေး တစ်ယောက်သာဖြစ်သည်။ သူ ဘယ်လိုကဘယ်လို မိမိဘဝတွင်းသို့ ရောက်ခဲ့သည်၊ ဘယ်ကဘယ်လို ပတ်သက်ခဲ့သည်ကို မသိ။

ပြီး…သီတာဆိုသည့် အမျိုးသမီးက မိမိအမည်အား တင်ထွန်းနိုင်လို့ ပြောသည်။ တပ်မတော်မှ အရာရှိတစ်ဦးဟုလည်း ဆိုသည်။

နောက် မိမိသည် သူ့ခင်ပွန်းတဲ့။

ဘာတွေလဲလို့ တင်ထွန်းနိုင် ပိုင်ပိုင်မပြောနိုင်ခဲ့။ စဉ်းစားစရာ ဖြစ်နေ၏။

စဉ်းစားမရသည်က သီတာပြသည့် ဓာတ်ပုံပါပဲ။ ဒီဓာတ်ပုံကို တင်ထွန်းနိုင် သေသေချာချာကြည့်မိသည်။ ဓာတ်ပုံက ပို့စ်ကဒ်အရွယ်ဖြစ်သည်။ နာမည်ကြီးဓာတ်ပုံဆရာတစ်ဦး စိတ်တိုင်းကျ ရိုက်ထားဟန်ရှိသည်။ ဆေးကျဆေးနကောင်းသည်။ နှစ်ယောက်တွဲဓာတ်ပုံ။

ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်။ မိမိနှင့်တူသူတစ်ယောက်နှင့် ခင်သီတာ။

မိမိနှင့်တူသူက တပ်မတော်ဗိုလ်တစ်ယောက်၏ ဝတ်စုံနှင့်၊ ခင်သီတာက ဆံထုံးတွေ၊ ဆံမြိတ်တွေ၊ ပဝါတွေနှင့်ပေါ့။

ခင်သီတာကတော့ ဒီဓာတ်ပုံထဲကလူသည် မိမိတဲ့။ ဟုတ်/မဟုတ်ကိုမူ မိမိဆုံးဖြတ်လို့မရသေး။ ဓာတ်ပုံကိုကြည့်ရင်း သက်ပြင်းရှိုက်မိသည်ကို သတိရသည်။

“ဒါ ကျွန်တော် ဟုတ်လား”

မေးမိသည်။ သည်တော့ သီတာက ညှိုးငယ်သောအကြည့်နှင့် ကြည့်သည်။

“မောင် တကယ်မမှတ်မိတော့ဘူးလား။ မောင် အရာရာကို မေ့နေပြီပေါ့။ ဒီမှာ မောင်၊ မောင် စဉ်းစားစမ်း။ ဒီပုံဟာ မောင်နဲ့သီတာရဲ့ ဘဝအစက ဓာတ်ပုံလေ”

“စဉ်းစားပါမောင်။ မောင်အသက်လောက်ချစ်တယ်ဆိုတဲ့ သီတာ့ကိုတော့ မောင် မမေ့ကောင်းပါဘူး”

ရင်ထဲမှာ မောသလို၊ ပူလောင်သလို ခံစားရသည်။

“အေးကွာ၊ ကျွန်တော် ဘာပြောရမှန်းတောင် မသိတော့ဘူး”

ပြီး ညည်းညည်းညူညူ ပြောမိသည်။ သည်တော့ ခင်သီတာ စိတ်ပျက်လက်ပျက် သက်ပြင်းချသံကို ကြားရသည်။

ဘာပဲဖြစ်ဖြစ် သည်အကြောင်းတွေကိုတော့ တင်ထွန်းနိုင် စိတ်ဝင်စားလို့နေသည်။ မိမိကိုယ်မိမိ ခင်သီတာ ပြောသလို တင်ထွန်းနိုင်ဟုတ်မဟုတ် သိချင်နေ၏။ စဉ်းစားလည်းကြည့်သည်။ အဖြေမရ။

သူက အိပ်ရာဝင်ခါနီး၊ တင်ထွန်းနိုင် ရိပ်မျှော်ကို မိမိပြသနာနှင့် စပ်လျဉ်း၍ မေးမိသည်။

“အစ်ကို ဘယ်လိုထင်လို့လဲ”

“ဘာရယ်လို့တော့ မဟုတ်ပါဘူး။ စိတ်တော့ဝင်စားမိတယ်”

“ဒါတွေမေ့ထားလိုက်ပါ အစ်ကိုရယ်။ ရိပ်မျှော်လည်း ဘာမှမသိဘဲ”

“အင်းလေ…ဒါလည်း ဟုတ်တာပေါ့”

သည့်နောက် စကားစပြတ်သွားသည်။ အတွေးများနှင့် ငြိမ်သက်နေမိသည်။ သည့်နောက် အသီးသီး အိပ်ရာဝင်သည်အထိ စကားမပြောဖြစ်ကြသေး။

မီးလင်းဖိုမှ မီးရောင်က အားကောင်းနေ၏။

* * *

မီးလင်းဖိုမှမီးရောင် အားကောင်းနေလင့်ကစား အအေးဓာတ် ကဲနေသည်။ ပတ်ဝန်းကျင် တစ်ခိုတွင်လည်း အမှောင်က သိပ်သည်းလို့။

ကျဉ်းမြောင်းသည့် အိမ်ကလေးအတွင်းမှာတော့ မီးလင်းဖို၏အရောင်ကြောင့် လင်းထိန်လို့နေသည်။

အပူက ကဲလို့နေပြန်၏။

အို…ရင်ထဲမှာက ဆယ်နေကဲသည့်အပူ။ အချစ်မီးတောင် ပေါက်ကွဲသွားပြီ။

သီတာသည် မီးကျည်ခဲတို့ဖြင့် တွတ်တွတ်ရဲနေသည့် မီးလင်းဖိုအား ငေးကြည့်နေမိသည်။

တစ်ယောက်ဆို တစ်ယောက်တည်း ချစ်သည်ဆိုသော မောင်၊



www.burmeseclassic.com

www.burmeseclassic.com

မောင်၏ ဒုတိယအသက်ဟာ သီတာပါတဲ့။ မောင်ဆိုခဲ့သည်။

မောင်က စိမ်းတယ်။ စိမ်းတတ်သူလား။ တွေးရင်း တွေးရင်း ရင်ထဲမှာ လှိုက်ဖိုလာသည်။

မောလျလာသည်။ မွန်းကျပ်သလို ခံစားရသည်။ ငိုချင်သည်။

အို…မျက်ဝန်းမှာလည်း မျက်ရည်စတွေနင့်ပါလား။

"သီတာ…"

ခေါ်သံကြားသည်။

လေးကန်စွာ လှည့်ကြည့်သည်။

အို…ရှုရှုစိုက်စိုက်ကြည့်နေသည့် ဒေါက်တာမြင့်ဇော်မိုးနှင့် မျက်နှာချင်းဆိုင်ရသည်။

ဖင့်နှောင့်လေးကန်စွာ သီတာ့ဘေးတွင် ဝင်ထိုင်သည်။ မီးဖိုတွင် လက်ကိုဖြန့်ကာ မီးကင်သည်။

"ညဉ့်နက်လာပြီ သီတာ မအိပ်သေးဘူးလား"

ဒေါက်တာမြင့်ဇော်မိုးက မေးသည်။ သီတာက ခံကိုတင်းတင်းစေ့ရင်း အသာအယာခေါင်းခါသည်။

"သီတာ့အတွက် ကိုယ် တော်တော်ရင်လေးတယ် သီတာ"

ညည်းသလိုပြောသည်။

"ရှင်…"

သီတာ တအံ့တဩ။

ဒေါက်တာမြင့်ဇော်မိုးက မီးပုံကို ငေးကြည့်ရင်း သက်ပြင်းရှိုက်သည်။

"ဟုတ်တယ် သီတာ။ သီတာ အခုခံစားနေရတဲ့ ဝေဒနာဟာ နှလုံးသားဝေဒနာမဟုတ်ဘူးဆိုရင် သိပ်ကောင်းမှာပဲ။ သီတာ့ရဲ့စိတ်ချမ်းသာမှုအတွက် ကျွန်တော် ဘာမဆိုလုပ်ပေးရဲပါတယ် ခုတော့…"

တံတွေးကို မျိုချသည်။ မီးပုံကိုမှ ငေးကြည့်နေဆဲ။

"ကိုမြင့်ဇော်ကို သီတာ ကျေးဇူးအများကြီး တင်ပါတယ်"

"မလိုပါဘူး သီတာ။ သီတာ့စိတ်ချမ်းသာမှုအတွက် လုပ်ပေးနေရရင် ကျွန်တော် ကျေနပ်ပါတယ်"

"ဩော်…ကိုမြင့်ဇော်ရယ်"

သီတာ ညည်းသလိုပြောသည်။

ဒေါက်တာ မြင့်ဇော်မိုးက ရီဝေစွာ သီတာ့ကို ကြည့်လိုက်သည်။

"ကဲပါ သီတာ၊ အချိန်လည်းမရှိဘူး။ အိပ်ပါတော့နော်"

တစ်ယောက်ကို တစ်ယောက် ကြာမြင့်စွာ စူးစိုက်ကြည့်နေမိသည်။ အတန်ကြာမှ လေးကန်စွာ သီတာ ထိုင်နေရာမှထသည်။

လေးကန်စွာ သီတာ အိပ်ခန်းသို့ ဝင်သွားသည်။

ဒေါက်တာမြင့်ဇော်မိုး ရီဝေစွာငေး ကြည့်နေမိသည်။ သီတာ၏ရုပ်လွှာ ပျောက်သွားမှ သက်ပြင်းကိုချရင်း တိုးတိုးကလေး ညည်းလိုက်သည်။

"သီတာရယ် ဖြစ်နိုင်မယ်ဆိုရင် မင်းဘဝနွမ်းကလေး မေတ္တာရေနဲ့ ဆမ်းပေးလိုက်ချင်ပါရဲ့ကွယ်"

* * *

သီတာ စိတ်မှုက်လက်မှုက် သက်ပြင်းရှိုက်မိသည်။ လက်မှုနာရီကို ကြည့်လိုက်သည်။ မီးလင်းဖိုမှ မီးရောင်က ည ၁၂ နာရီ ထိုးပြီဖြစ်ကြောင်းကို ညွှန်ပြလို့နေသည်။

အအေးဓာတ် ကဲသော့သည်ကို သတိရသည်။

သည်နေ့သည် ပြက္ခဒိန်ညွှန်ကြားချက်အရ လပြည့်ရက်ဖြစ်သည်။ ဒါပေမယ့် ပြည့်ဝသည့်လမင်း၏ မျက်နှာပြင်ကို မြင်ရလေမည်မဟုတ်။

အအေး လွန်ကဲလွန်း၏။ ရေကိုခဲသွားလေအောင်အေးသည့် အအေးဒဏ်သည် သီတာ၏ရင်ကို ထွင်းဖောက်မလာခဲ့ချေ။ ရင်အပူကြောင့်လော၊ မီးလင်းဖို၏ အပူကြောင့်လော ပိုင်ပိုင်မပြောနိုင်။

မှန်ပါသည်။ ရင်တွင်းဝယ် ဆယ်နေကဲသည့်အရှိန် လောင်ကျွမ်းလျက်ရှိပါသည်။ ယင်းသို့ ရင်ပူလေအောင် ဖန်တီးသူသည် အခြားသူတော့မဟုတ်။ မောင်ရယ်ပါပဲ။ မောင်ဆိုတာ တင်ထွန်းနိုင်သာ ဖြစ်သည်။

သီတာ့အဖို့ တင်ထွန်းနိုင်ကို အသက်လောက်ချစ်သည်။ အသက်လောက် မြတ်နိုးသည်။

မောင်သည် သီတာ့အတွက် ခန္ဓာကိုယ်အပြင်ဘက်မှ ဒုတိယအသက်ဆိုလျှင်လည်း မှန်သည်။

ဤသို့ မောင့်ကို ချစ်လွန်းသည်မို့လည်း သီတာ မောင့်ကိုအရှာထွက်ခဲ့ခြင်းဖြစ်သည်။ မိန်းကလေးတစ်ယောက်၏ သိက္ခာတရားကို မငဲ့ကွက်ဘဲ အချစ်မျက်နှာတစ်ခုတည်းကို ကြည့်ခဲ့ခြင်းဖြစ်သည်။

မောင်…

သီတာ့အသက် မောင်…

မောင်၏ သဲလွန်စ မှောင်အောက်



www.burmeseclassic.com

www.burmeseclassic.com

မသေသဲ ရှိနေသည့်အကြောင်းကို တိကျပိုင်ပိုင် သိရလေတော့ သီတာ အတိုင်းမသိ ပျော်လိုက်မိသည့်ဖြစ်ခြင်း။ ကြည်နူးလိုက်မိသည့် ဖြစ်ခြင်း။ ပျော်ရွှင်လွန်းသည်မို့ ကြည်နူးလွန်းသည်မို့ လူ ရှေ့တွင် အရှက်ကိုမငဲ့ကွက်ဘဲ လုပ်ချင်သလို လုပ်လိုက်ကြသည့်သူများကို သီတာ အလိုလိုကိုယ်ချင်းစာမိလာသည်။

ထိုဝမ်းသာစိတ်ကြောင့်ပင် သီတာ မောင်ရှိရာသို့ အလျင်အမြန် လိုက်လာမိခဲ့ခြင်းဖြစ်သည်။ မောင့်ကို လောလောဆယ် မတွေ့ရသေး။ မောင့်တွင် ချစ်ဇနီးရှိကြောင်း၊ "ခေါင်ခေါင်"မည်သော သားတစ်ယောက်ရှိနေကြောင်းကို သိရတော့ ပထမဦးဆုံးအကြိမ် သီတာ ရင်တုန်ယန်းတုန် ဖြစ်ရသည်။

ငါ့ကိုများ မောင်မေ့လေပြီလားလို့ စိုးရိမ်စိတ် ဝင်မိသေးသည်။ ဒါပေမယ့် ရင်တွင်းသို့ နိုဝင်လာသည့် စိုးရိမ်စိတ်ကို ဖယ်ရပြန်၏။ မောင့်ရဲ့အချစ် မောင့်ရဲ့မေတ္တာကို သီတာ နားလည်ထားတာ တစ်ခုရှိသည်။

မောင် သီတာ့အပေါ် ချစ်သည့်အချစ်။ မောင် သီတာ့အပေါ်ထားသည့် အကြင်နာ၊ အတွယ်အတာ။ မောင် သီတာ့အပေါ်ထားသည့် ယုယမှု။

စသည်များကတော့ မောင့်နှလုံးသားကို ကျော်သွားလေဦးမည် မဟုတ်သေး။ တကယ်သာ မေ့နေသည်ထားဦး သီတာ့ကိုတွေ့လျှင်တော့ မောင့်စိတ်တစ်မျိုးတစ်မည် ကျိန်းသေပြောင်းလဲမည်ကို စိတ်ကထင်ပြီးသား။ အပိုင်တွက်ပြီးသား။

သို့ပေမယ့် အထင်နှင့်အမြင်က လွဲခဲ့ပြီကော။

မှန်သည်။ လုံးဝမထင်မှတ်သည့် အခြေအနေနှင့် သီတာ ကြုံခဲ့ရသည်။ မောင်နှင့်တွေ့ရတော့ မျှော်လင့်ထားသည့် မျှော်လင့်ချက် အခေသာက်အအဲ့လည်း လုံးဝပြိုကျခဲ့ပြီပေါ့။ ငွေတောင်ကြီး ပြိုကွဲသကဲ့သို့ ဆိုသောစကားသည် ဤသို့သော အဖြစ်အပျက်မျိုးများမှ မြစ်ဖျားခံသည်ပင် ဖြစ်ပါချိမ့်မည်။

မောင်သည် သီတာ့ကို လုံးဝမသိတော့။ လုံးဝမှတ်မိသော လက်ရှိဘဝများတွင် မောင် ပျော်တတ်ပါသလော။

မောင် ရိုပ်မျှော်ကို ကြင်ကြင်နာနာ ထွေးဖက်လိုက်သောအချိန်နှင့် သီတာ၏နှလုံးသား ကြေမွသွားသည့်အချိန်သည် တစ်ပြိုင်တည်းထင့်။

နောက်ရက်များတွင် မောင်နှင့်တွေ့မည်။ မောင်နားလည်အောင် ပြောမည်ဟု အားခဲထားသည်။ အဖြစ်များသည်လည်း နှင်းပျောက်သည်နှင့်မခြား။

နံနက်က ကြေးနန်းစာလာသည်။ အမေ သေပြီတဲ့။

သံကြိုးစာသည် သီတာ့၏စိတ်အား အိုးထိန်းစက်လည်သကဲ့သို့ လည်ထွက်သွားလေသည်။

သီတာချစ်သော အမေ။ သီတာအားကိုးအားထားပြုသော အမေ။ မောင့်ကိုယ်စား၊ မောင့်ကိုယ်ပွား မြတ်နိုးခဲ့ရသောအမေ။

သည်အမေသည် မိမိနှင့်မောင့်အား လောကအလယ်တွင် ထားရစ်ခဲ့လေပြီ။ ပို၍ဆိုရလျှင် အမေသည် သီတာ့အား ဆင်းရဲတွင်းဆီသို့ ပို့လိုက်ပြီဆိုလျှင်- မှန်ပေလိမ့်မည်။

မောင် မသေမှန်း သိရသည်နှင့် သီတာ အမေ့ထံသို့ သံကြိုးရိုက်လိုက်သည်။

"မောင် မသေ။ မောင့်ကိုရှာတွေ့ပြီ"

သံကြိုးစာက သည်မျှသာပင်။

ရှည်ရှည်ရေးလို့လည်း မဖြစ်။ မောင့်ကိုတွေ့တော့ မောင်သည် အရင်တုန်းကလို မောင်မဟုတ်တော့။

သီတာ့ကိုလည်း မသိ။ မိမိဘဝ မဟာင်းကိုလည်းမသိသည့် လူတစ်ယောက်အသွင်ဖြင့် သီတာ တွေ့ရသည် မဟုတ်လား။

သည်တော့ သံကြိုးစာကို "မောင် မသေ၊ ရှာလို့တွေ့ပြီ"ဟုသာ ရိုက်ရသည်။ အမေ့ထံက ဘာမျှ အကြိုးအကြောင်း ပြန်မလာ။

သားကို ပြန်ခေါ်ခဲ့ပါဟုလည်း မလာ။ ရန်ကုန်ကို ပြန်လာခဲ့ပါဟုလည်း မလာ။

လာမယ့်လာတော့ သံကြိုးစာက "အမေ သေပြီ"တဲ့။


(ရွှေလဆက်ရန်)

ကျောချမြဲသန်း



www.burmeseclassic.com

www.burmeseclassic.com



# မိန်းမတို့သဘော စာကြောမသိ

ခင်မောင်အေး(မန္တလေး)

ဗာရာဏသီပြည်ကြီးတွင် ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံလျက်ရှိ၏။ ထိုအချိန်တွင် ဘုရားလောင်းသည် ရသေ့ဝတ်ကာ ဂင်္ဂါမြစ်၏ကမ်းခြေနှင့် မနီးမဝေးတစ်နေရာ တောင်ကုန်းပေါ်တွင် တောရကျောင်းတစ်ကျောင်း ဆောက်ပြီး ဈာန်သမာပတ်နှင့် ပြည့်စုံစွာ နေထိုင်လေသည်။ ဗာရာဏသီမြို့အတွင်း သူကြွယ်တစ်ဦးတွင် တစ်ဦးတည်းသော သမီးတစ်ယောက်ရှိသည်။ ဥစ္စာဓနကြွယ်ဝလှသဖြင့် ယင်းမိန်းကလေးသည် မောက်မာရိုင်းစိုင်းသည်။ ခက်ထန်ကြမ်းတမ်းပြီး ဖျက်စီးတတ်သော ဓါတ်ခံရှိလေသည်။ အမည်ကိုပင် "ဒုဋ္ဌကုမာရီ"ဟု ခေါ်ဆိုကြသည်။

မယ်စရိုက်ကြမ်းဟု အဓိပ္ပာယ်ရသည်။ တစ်နေ့ အိမ်ဖော်အကူများနှင့်အတူ ဂင်္ဂါမြစ်သို့သွားရောက်ကာ ရေကူးကစားသည်။ ဆည်းဆာရောင်ရှိန်နေမှိန်မှိန် ရောက်ချိန်တို့သည်အထိ ဖြစ်၏။ ထိုအခိုက် အနောက်တောင်ဆီမှ မိုးညို့လာကာ မိုးကြီး သည်းထန်စွာ ရွာသွန်းလာလေသည်။ အိမ်ဖော်အကူတို့သည် မယ်စရိုက်ကြမ်းကို ရေထဲမှ ဆယ်ယူခြင်းမပြုကြတော့ဘဲ -

"သည်လောက် ခက်ထန်ကြမ်းတမ်းတဲ့ ကလေးမ နင့်ထိုက်နဲ့နင့်ကံခံပေတော့"ဟု ပြောဆိုကာ အိမ်သို့ ပြန်ပြေးသွားကြကုန်သည်။

မယ်စရိုက်ကြမ်းသည် သည်းသည်းထန်ထန် ငိုကြွေးရင်းက ရေစီးတွင်မျောပါသွားသည်။ နတ်မှလည်း "ကယ်တော်မူကြပါ။ ကျွန်မကို ကယ်ကြပါဦး"ဟု တစာစာအော်ဟစ်လျက် ပြင်းထန်စွာ စီးဆင်းလျက်ရှိသော ရေအဟုန်ဖြင့် မျောပါသွားသည်။ သန်းခေါင်ယံအချိန်သို့ပင် ရောက်ခဲ့ပြီ . . . မယ်စရိုက်ကြမ်းသည် ရေစီးတွင်မျောပါသွားရာက ဘုရားလောင်းဒေါ်တင်းသုံး



www.burmeseclassic.com

www.burmeseclassic.com

ရာ တောရကျောင်းအနီးသို့ ရောက်ရှိသွားၿ၏။ မိန်းကလေးအော်သံကို ကြားရသည့် ဘုရားလောင်းသည် ရေစီးတွင် မျောပါလာသော မိန်းကလေးကို တွေ့မြင်ရသဖြင့် မြစ်ပြင်ကျယ်ကျယ် ရေထယ်အထိ ကူးခပ်သွားပြီး မိန်းမကြမ်းကလေးကို ဆယ်ယူလာခဲ့သည်။ ကျောင်းပေါ်သို့ရောက်ရှိသည့်အခါ အချမ်းပြေရအောင် မီးလှုံစေသည်။ စားသောက်ဖို့ ရက်ပျောသီးနှင့် အုန်းရည်များ တိုက်ကျွေးသည်။ ကျောင်းထောင့်တစ်နေရာမှာ အိပ်ရန်နေရာ စီစဉ်ပေးသည်။ ကိုယ်တိုင်ကမူ ကျောင်းပြင်မှ လွင်တီးခေါင်တွင် သွားရောက်အိပ်စက်သည်။

သုံးရက်တိုင်တိုင် ကြာမြင့်ခဲ့လေပြီ။ ဘုရားလောင်းရသေ့က မယ်စရိုက်ကြမ်းကလေးအား "ဒကာမလေး အိမ်ကိုပြန်လို့ရပြီ။ ပြန်ပါတော့"လို့ ပြောသည်။ သို့တစေ မယ်စရိုက်ကြမ်းသည် မိမိအိမ်သို့ မပြန်တော့။ ဘုရားလောင်းရသေ့အား မြူဆွယ်ကာ မိမိအလိုသို့ လိုက်စေသည်။ ရသေ့အကျင့်ပျက်သွားရပြီ။ ရသေ့သည် မယ်စရိုက်ကြမ်းကို ခေါ်ဆောင်ကာ ထိုနေရာမှ ထွက်ခွာလာခဲ့၏။ အတော်အတန်ဝေးသော နယ်ပုဒ်တောရွာတစ်ခုတွင် မထင်မရှား အခြေချကာ နေထိုင်ခဲ့ကြပါသည်။ ဘုရားလောင်းသည် ရသေ့လူထွက်ဖြစ်ရကား လုပ်ကိုင်မစားတတ်။ ပုန်းရည်ရောင်းစားရသည်။ ထို့ကြောင့် "တက္ကပဏ္ဍိတ"ဟု နာမည်တွင်သည်။

တစ်နေ့ ထိုရွာကလေးကို တောပုန်းဓားပြတစ်စု ဝင်ရောက်လာပြီး တစ်အိမ်တက်၊ တစ်အိမ်ဆင်း လုယက်ဓားပြတိုက်ကြသည်။ ရွာမှပြန်အထွက်တွင် လုယူရရှိထားသည့် ပစ္စည်းများကို ထမ်းရန်နှင့် ဓားစာခံများခေါ်ယူသွားခဲ့ရာ တက္ကပဏ္ဍိတ၏မယား မယ်စရိုက်ကြမ်းလည်း ပါရှိသွားသည်။ တောတွင်းတစ်နေရာ တောပုန်းဓားပြတို့၏ စခန်းသို့ ရောက်ရှိသွားပြီးနောက် ရွာသားများကို ပြန်လည်စေလွှတ်သည်တွင် ရွာသားများကိုသာ ပြန်ခွင့်ပေးပြီး မယ်စရိုက်ကြမ်းကိုမူ ဓားပြဗိုလ်က ပြန်ခွင့်မပေးတော့ဘဲ မယားအဖြစ် ခေါ်ဆောင်ထားလိုက်၏။ စရိုက်နှင့်အကြိုက် တွေ့ပါပြီကော။

မယ်စရိုက်ကြမ်းအဖို့ အချိုရာ ထန်းညက်ခိုးတွေ့သွားပါပြီ။ ဓားပြဗိုလ်မယားလုပ်ရတာ သက်သောင့်သက်သာ မပူမပင်၊ မတောင့်မတ၊ မကြောင့်မကြ ဗိုလ်ကတော်ပီပီ ဒိမ်နှင့်နေရ၏။ ထမင်းတောင် ခူးပြီးစားဖို့မလို။ ဓားပြဗိုလ်၏ တပည့်တွေက ပျာနေအောင် အရာရာဖြည့်ဆည်းပေးနေသည်။ တောပုန်းတွေဆိုတော့ ချေ(ဂျီ)သား၊ ဆတ်သား၊ တောဝက်သား လတ်လတ်ဆတ်ဆတ်တွေ ဘောင်းလံနေအောင်စားရသည်။ လင်က ဓားပြဆိုတော့ ရတနာစိန်ကျောက်ဆိုတာ ဇယ်တောက်လို့တောင် ကစားနိုင်သည်။ လင်ဟောင်း ရသေ့လူထွက် တစ်နည်းနည်းနဲ့ ပြူလာပြီးခေါ်လေမလားလို့ တကြောင့်ကြကြ စိုးရိမ်နေရတော့ မယ်စရိုက်ကြမ်း တစ်နည်းတစ်လမ်း ကြံရမန်ရတော့မပေါ့။

ကိုင်း…ဘယ်ပုံဘယ်နည်း ကြံရပါမည်လဲ။ စဉ်းစားစမ်း။ ဟုတ်ပြီ…၊ အကြံရပြီ။ ရွာမှာကျန်ရစ်ခဲ့တဲ့ လင်ပဏ္ဍိတ ခပ်အအအား လူ့ညည်းများခေါ်ယူပြီး တောပုန်းလင်ကို မာယာနဲ့ချော တစ်ချက်မနှော့လိုက်ရပါဘူး။ ပဏ္ဍိတကို အပြတ်ရှင်းပစ်လိုက်လို့ ပြောလိုက်တာနဲ့ ပဏ္ဍိတ မရထသဘောနဲ့ ကိစ္စချောကရော မဟုတ်လား။ မယ်စရိုက်ကြမ်းသည် ဓားပြတစ်ယောက်ကို ခေါ်ယူကာ လင်ပဏ္ဍိတထံသို့ စကားထည့်ပြီးလွှတ်လိုက်၏။ "တောမှာ ဓားပြကိုလင်လုပ်နေရတာ မပျော်ဘူးရှင့်၊ ကိုယ့်လင်ပဏ္ဍိကိုပဲ မျက်စိထဲမှာ အမြဲမြင်နေတာမို့ အမြန်လာခေါ်ပါတော့"

လင်တက္ကပဏ္ဍိတကလည်း မယားကခေါ်သည်ဆိုသည်နှင့် အပြေးလာခဲ့၏။ မယားနှင့် တိတ်တဆိတ်တွေ့သည့်အခါ မယ်စရိုက်ကြမ်းကလေးက…

"ကိုပဏ္ဍိရေ၊ ခုနေ့ဘက်ဆိုတော့ ‹ ဒွက်ပြေးဖို့ဖြင့် မလွယ်လှဘူး၊ လူဆိုးဗိုလ်သိသွားရင် နှစ်ယောက်စလုံး ကိစ္စချောသွားလိမ့်မယ်။ ခုခဏတော့ တောထဲက ချုံတစ်ချုံရှာပြီး ပုန်းနေပါဦး။ အခွင့်သာတာနဲ့ အချက်ပေးလိုက်မယ်။ ဟုတ်ပြီနော"

လင်ပဏ္ဍိလည်း မယ်စရိုက်ကြမ်း၏စကားကို ယုံကြည်လျက် တောချုံတစ်ခုအတွင်း ပုန်းအောင်းနေလိုက်၏။ ညဦးပိုင်းအချိန်တွင် ဓားပြဗိုလ်သည် တပည့်လက်သားများနှင့် ယမကာဝိုင်းဖွဲ့ကာ မူးယစ်ရီဝေပျော်ရွှင်နေကြလေသည်။ မယ်စရိုက်ကြမ်းသည်လည်း အကြံရှိနေသူပီပီ ဓားပြဗိုလ်အနီးသို့ သွားရောက်လျက် အရက်များငှဲ့ပေးပြီး မသိမသာ စကားအစ်အောက်ပြောကြားသည်။



www.burmeseclassic.com

www.burmeseclassic.com

"အစ်ကိုရေ…ခုနေအခါ ရန်သူကိုတွေ့မယ်ဆိုရင် ဘာလုပ်မလဲဟင်၊ ဟင်လို့"

"ရန်သူကို တွေ့လို့များကတော့ တစ်စစီ ခွဲပုံပစ်လိုက်မှာပေါ့ မိန်းမရဲ့"

ဓားပြဗိုလ်က အရက်ဖန်ခွက်ကို ဒယီးဒယိုင်ကိုင်မြှောက်ရင်း တဟီးဟီး ဝဟားဟား အော်ဟစ်ရယ်မောကာ အဖြေပေးသည်။

"ဟုတ်ကဲ့လား။ အခု ပေါဟိုက ချုံနောက်မှာ အစ်ကို့ရန်သူရောက်နေလေရဲ့။ အစ်ကိုစကား တည်မတည် ကြည့်ရသေးတာပေါ့ ဟာဟ"

ဓားပြဗိုလ်သည် ရုတ်တရက် ချက်ချင်းပင် အချိန်မဆိုင်း ထသွားချက် ချုံအတွင်းရှာဖွေရာတွင် လှုံ့ လူအ တက္ကပဏ္ဍိတအား ကုန်းကုန်းကွကွ တွေ့ရှိရလေသည်။ ပဏ္ဍိတအားလည်ကုပ်မှ ကိုင်ဆွဲဖမ်းယူ ခေါ်ဆောင် [illegible] နေရာတွင်ပင် ကန်ကျောက်ရိုက်နှက်ပစ်လိုက်သည်။ ဖနောင့်နှင့် ပေါက်သည်။ နားရင်းကို အုပ်သည်။ တက္ကပဏ္ဍိတအား ကန်ကျောက်ရိုက်နှက်၍ ထိုကြိမ်သမျှ ကြိတ်မှိတ်လျက် ခံနေရာမှ တစ်စက်ကလေးမျှ ညည်းညူခြင်းမပြုဘဲ -

"ဒေါသလည်းထွက်၏။ သူတစ်ထူး၏ ကျေးဇူးကိုလည်း နားမလည်၊ ကုန်းဝကားကိုဆိုကာ မိမိ၏အဆွေ ခင်ပွန်းကို ပြစ်မှားတတ်သည်"

ဤစကားလေးခွန်းကိုသာ ထပ်ပြန်တလဲဆိုနေလေသည်။ ဓားပြဗိုလ်သည် လင်ပဏ္ဍိတအား မသေရုံတစ်မည် ကန်ကျောက်ထိုးကြိတ်ပြီး နောက် မောမောနှင့် အိပ်ပျော်သွားလေသည်။ တစ်ရေးနိုးပြန်သည့်အခါ တစ်ကျော့ပြန် ဒေါသပေါ်လာပြီး တက္ကပဏ္ဍိတအား ထိုးကြိတ်ရိုက်နှက်ဖို့ ပြင်ဆင်သည်။ လင်ပဏ္ဍိတသည်လည်း ညဦးပိုင်းက သူရွတ်ခဲ့သည့်အတိုင်း ထပ်မံရွတ်ပြန်လေသည်။ သည်အခါ ဓားပြဗိုလ်သည် ထိုးကြိတ်ဖို့ မစဉ်းစားတော့။ အမူးလည်းပြေလာပြီမို့ တက္ကပဏ္ဍိတ ရွတ်နေသောစကားလုံးများ ဘာကြောင့် အကြိမ်ကြိမ်ရွတ်နေပါလိမ့်ဟု စဉ်းစားမိသွားသည်။ လင်ပဏ္ဍိတအား သည်စကားလုံးတွေ ဘာကြောင့် ထပ်တလဲလဲ ရွတ်နေရတာလဲဟုမေး၏။

လင်ပဏ္ဍိတ အကျွတ်ရသွားပြီ။ ထို့ကြောင့် သူနှင့် မယ်စရိုက်ကြမ်းကလေး၏ ဖြစ်ရပ်ဖြစ်စဉ်ကို ဇာတ်ကြောင်းပြန်လျက် အသေးစိတ်ပြောပြလိုက်လေသည်။ ဤတွင် ဓားပြဗိုလ်သည် "သည်မိန်းမဟာ မိမိအပေါ် သည်မျှလောက် ကျေးဇူးရှိသည့် အသက်သခင်ကိုပင် ကျေးဇူးတရားမထောက်ထား။ သတ်ဖို့တောင်ကြံနေပါကလား" ဟု တွေးတောစဉ်းစားမိသွား၏။

"အခုမှ လင်လုပ်ရတဲ့ ငါ့များဆိုလျှင်တော့ စဉ်းတောင်မစဉ်းစားဝံ့ပါလား။ အရှင်ထားနေလျှင် ငါ့အသက်ကိုတောင် အသေသတ်မယ့်မိန်းမ။ အရှင်ထားဖို့မသင့်ဘူး။ မြန်မြန်ကိစ္စတုံးပစ်တာ အကောင်းဆုံးပဲ"

သို့ကာလို စဉ်းစားမိပြီး အိပ်ပျော်နေပြီဖြစ်သည့် မယ်စရိုက်ကြမ်းကို အိပ်ရာမှနှိုးလိုက်သည်။

"မိန်းမ ထ…ထတော့။ တို့တေ့ လင်ပဏ္ဍိတ်ကို သတ်[illegible]ကြရအောင်။ လာလာ…ထ သွားကြမယ်"

သည်လို ပြောပြီး မိန်းမကို ရွာအပြင်သို့ ခေါ်ထုတ် လာခဲ့သည်။ တက္ကပဏ္ဍိတကိုလည်း ဓားမိုးလျက် တစ်ပါတည်းခေါ်ဆောင်လာလေသည်။ ရွာအပြင်သို့ရောက်သည့်အခါ လင်ပဏ္ဍိတကို ဓားဖြင့်ခုတ်တော့မည့်ဟန်ဖြင့် မြိနေအောင်ထက်သော ဓားကိုလွှဲလျက် လင်ပဏ္ဍိတကိုမခုတ်ဘဲ မယ်စရိုက်ကြမ်းအား နှစ်ပိုင်းပြတ်သွားအောင် ခုတ်ပစ်လိုက်လေသည်။

"ကိုင်း…တစ်တောတော့ရှင်းသွားပြီ ကိုရင်ပဏ္ဍိတရေ။ လောကမှာ ဒီလို မိန်းမပုတ်မျိုး အသက်ရှင်နေရင် ကျုပ်တို့လို၊ ခင်ဗျားတို့လို လောဘ၊ ဒေါသ၊ မောဟတွေ ဖုံးလွှမ်းနေတဲ့ ယောကျ်ားတွေ ဘယ်နယောက်လောက်ကို ဒုက္ခပေးသွားဦးမလဲ မပြောတတ်ဘူး။ ဒါတွေနဲ့ဝေးတဲ့ဆီ ကျုပ်တို့ ချီတက်ကြပါစို့။ မကောင်းဘူးလား"

သည်နောက်မှ ဓားပြဗိုလ်သည် တက္ကပဏ္ဍိတနှင့်အတူတကွ ဘုရားလောင်းရသေ့ ရှေးယခင်က သီတင်းသုံးခဲ့သည့် တောရကျောင်းကလေးဆီ လိုက်ပါသွားလျက် ရသေ့ဝတ်သွားကြလေတော့သည်။

**ခင်မောင်အေး(မန္တလေး)**

<u>ကျမ်းကိုး</u>

နိပါတ်တော်လာ ဇာတ်တော်ငါးရာ့ငါးဆယ်၊ တက္ကပဏ္ဍိတဇာတ်



www.burmeseclassic.com

www.burmeseclassic.com

# သူတော်စင်ပိဋကကြီးတို့၏ ကျင့်စဉ်နှင့် ဖြစ်ရပ်ဆန်းများ

ဝိဇ္ဇာဓရဆရာအောင်

## မဟာပထမံသိဒ္ဓိရှင် ရာကျော်ဘုန်းဘုရားကြီး

ကျွန်ုပ်သည် လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ခန့်က ကျင့်စဉ်အနေနှင့် မိတ်ဆွေဆရာတစ်ဦးကို အဖော်ပြုပြီး မင်းခမ္မတောင်ကို ရောက်ခဲ့ပါတယ်။ ထိုအချိန်က လူသူ အရောက်အပေါက် မရှိသလောက်ပါဘဲ။ သစ်ပင်ချုံနွယ်ပိတ် ပေါင်းများ ဖုံးလွှမ်းနေပါတယ်။ ထိုမင်းခမ္မတောင်သည် တော ကြီးမဟာရှိလှ၏။

ဆရာတော်ကြီးတစ်ပါးသည် ဓါးတဲကျောင်းကလေး တွင် သီတင်းသုံးကျင့်ကြံနေသည်ဟု သိရပါတယ်။ ထို ကျောင်းကလေးတည်နေရာမှာ တောင်ရဲ့အရှေ့မြောက်ထောင့် တောင်ခြေမှာရှိပါတယ်။

ထိုတောင်ကုန်းသည် ဘိုးရာတကုန်းဟုလည်းခေါ်၏။ တောင်ထိပ်ကို တက်ရန်မှာ မလွယ်ကူလှပါ။ ချုံနွယ် ပိတ် ပေါင်းများက ကာဆီးပိတ်ထားသည့်ပြင် မြွေဆိုးမြွေပောက် ကြီးများ၊ င်နှံမြွေကြီးများကလည်း မင်းမူလျက်ရှိနေသည်ဟု ဆိုပါတယ်။

ကျွန်ုပ်တို့ရောက်ရှိချိန်မှာ ဆရာတော်ကြီးမရှိတော့ဘဲ ဖျက်စီးယိုယွင်းနေသော ဓါးကျောင်းကလေးသာ တွေ့ရပါ တယ်။ ကျွန်ုပ်တို့ကလည်း စေတီတော်ရဲ့ရင်ပြင်မှာ အဓိဋ္ဌာန် ဝတ်စီးပြီး ပြန်ခဲ့ပါတော့တယ်။

ကျွန်ုပ်သည် နှစ်ပေါင်းအတန်ကြာမှ ထိုတောင်၌ သီတင်းသုံး၍ ကျင့်ကြံတရားအားထုတ်ခဲ့သော ရာကျော်ဆရာ တော်ကြီး၏အကြောင်းကို သိရတော့၏။ ရာကျော်ဆရာတော် ကြီးအကြောင်းကို မကြာခဏ ကြားသိနေရသော်လည်း ဆရာ တော်ကြီးကို မဖူးလိုက်ရပါ။

ကျွန်ုပ်သည် ၄၄ ခန်းအံ့ဖွယ်ရာ ဝိဇ္ဇာကြီးများအကြောင်း ကို ရေးနေချိန်မှာ မောင်ပန်းမွေးပြုစုသော ဝိဇ္ဇာပေါင်းချုပ် ကျမ်းကြီးကို ဖတ်ရ၍ ဆရာမောင်ပန်းမွေးရေးသော ဆရာ တော်ကြီးအကြောင်းအရာထဲမှာ ထုတ်နုတ်ပြီး ရေးသား ကြောင်းဝန်ခံရင်း ဆရာတော်ကြီး၏ အံ့ဖွယ်ရာများကို တင်ပြ အပ်ပါသည်။

### မဟာပထမံဓမ္မစေတီ ဣန္ဒာသယ သိဒ္ဓိရှင် မဟိဒ္ဓိ ရာကျော်ဆရာတော် ဦးသဒ္ဓမ္မဓေဝကိတ္တိ (၁၆၇၆-၁၉၅၄)

ကျွန်ုပ်သည် ပထမံဆရာကြီးဦး အောင်သွယ်ဟူသော ကလောင်အမည်နှင့် ရေးသော ဆောင်းပါးများ၊ ဝိဇ္ဇာကြီးများ အကြောင်းကို အစဉ်တစိုက် ယနေ့တိုင် ရေးသားလျက်ရှိ နေပါတယ်။ ထို့ကြောင့် မဟာပထမံဓမ္မစေတီ ဣန္ဒာသယ သိဒ္ဓိရှင် မဟိဒ္ဓိရှင် ရာကျော်ဆရာတော် သဒ္ဓမ္မဓေဝကိတ္တိ ဟူသော ဘွဲ့ထူးရရှိတော်မူသော ဆရာတော်ဘုရားကြီး၏ အလွန်အလွန် အံ့သြဖွယ်ရာများကို ဦးထိပ်ပန်ဆင်လျက်



www.burmeseclassic.com

www.burmeseclassic.com



အကျဉ်းချုံးပြီး ရေးသားတင်ပြအပ်ပါသည်။

ဆရာတော်သည် ငယ်စဉ် ရှင်ရဟန်းဘဝကပင် အနောက်မဂ္ဂိမ ဂယာသီသတွင် တရားဓမ္မများ ကျင့်ကြံကြိုးကုတ်အားထုတ်ခဲ့ပြီး အရိယာဝိဇ္ဇာ ဓမ္မရာဇာ ဓမ္မစေတီလမ်းစဉ်ကို ကျင့်ဆောင်ဖြည့်ဆည်းတော်မူခဲ့သည်။

ကုန်းဘောင်ခေတ်ဦးပိုင်းက လောကီပညာ ထွန်းကားထွန်းကျယ်ခဲ့ရာတွင် ဆရာတော်ကြီးသည် ထိုလောကီပညာဘက်၌ တစ်ဖက်ကမ်းခပ် နှံ့စပ်ခဲ့ပါသည်။

ရာကျော်ဆရာတော်ကြီးရဲ့ သက်တော်ကို မင်းဓမ္မ တောင်ကုန်းရှိကျောင်းကလေးတွင်ရှိစဉ် တပည့်များက ဆရာတော်ကြီးကို မေးလျှောက်ရာတွင် မဟာပထမံ သချင်္ချာရေတွက်သောနည်းဖြင့် နဝင်းနက္ခတ် နှစ်ပတ်ခွဲခန့်ရှိပြီဟု ကိုယ်တော်တိုင် မိန့်ကြားတော်မူဖူးသည်ဟု ဆို၏။

ယင်းသို့ဆိုသော် ရှေးကျမ်းများအလိုအရ သတ္တပြိုသ လည့်ထနတ်သက် မြင်းမိုရ်ပတ်သားဟူ၍ အဿဝတီသရဏီ၊ ကြတ္တိကာ၊ ရောဟနီ၊ ရေဝတီ အဆုံးသတ် နက္ခတ် ၂၇ လုံးတို့သည် မြင်းမိုရ်တောင်ကို ဝန်းပတ်၍ လှည့်လည်သော သတ္တမီသ ၂၇ နတ်သက် နက္ခတ်ဟု တွက်လေသည်။ ထို ၂၈ သတ္တပြိုသသည် တြင်းနဝင်းကျေနက္ခတ်ဖြစ်သည်။ ထို့ကြောင့် မူလသတ္တပြိုသနက္ခတ် ၂၇ လုံးကို တည်၍ တွင်းပြင်နှစ် ရပ်ထပ်သော ၅၄ နဝင်းနက္ခတ်ရရှိ၏။ ထိုနဝင်း ၅၄ ကို တစ်ဖန်ဝဲယာခွဲသော် ၁၀၈ နဝင်း ရရှိလေသည်။ ဤနက္ခတ် ၁၀၈ နဝင်းသည် တစ်ပတ်ပြန်ဖြစ်လေရာ နဝင်းနက္ခတ် နှစ်ပတ်ခွဲဟုဆိုသဖြင့် ၁၀၈ နဝင်းနှစ်ပြန်နှင့်တစ်ခွဲ ၅၄ တို့ကို ပေါင်းသော် ထိုအချိန် ၁၉၆၄ ခုနှစ်က ဆရာတော်ကြီး၏သက်တော် ၂၇၀ ရှိပြီဟု ဆိုနိုင်လေသည်။

ယင်းသို့ဆိုသော် ဆရာတော်ကြီး၏ မွေးသက္ကရာဇ်သည် ခရစ်နှစ် ၁၆၇၆ ခုနှစ်ဖြစ်ရာ ဇာတိမှာ ရှမ်းပြည်နယ်တောင်ပိုင်း ပင်းတယနယ်ဟူ၍ ဆိုလေသည်။ မျိုးနွယ်မှာ မောရှမ်း/မိုင်ဆိုင်းဟုဆိုသည်။

ပဏ္ဍိမှာ အင်းဝအမရပူရဖြစ်သည် ဆိုသည်။ ငယ်မည်

www.burmeseclassic.com

ထိုတွင်၊ ရှင်မည်ကိတ္တိ၊ ရဟန်းတော်ဘွဲ့မှာ ဦးသဒ္ဓမ္မကိတ္တိ ဖြစ်တော့သည်။ နောင်တွင် ။ မဟာပထမံဓမ္မစေတီ ထိုက်တော်မူသည်တွင် ဦးသဒ္ဓမ္မကိတ္တိဟုဆိုသည့် ဘနလော်သားဟု ဆိုပါသည်။

ဆရာတော်ကြီးဟာ ဌေးပင်ရွာရှိ ဝေသန္တရာဂူကြီးနှင့် ထရားအားထုတ်စဉ် တွင် သမထနဲ့ ဝိပဿနာကို တွဲပြီးအား ထုတ်တော်မူပါတယ်။

ရာကျော်ဆရာတော်ဘုရားကြီးအကြောင်း စာတွေ့ ဆိုယ်တွေ့မှတ်တမ်းများအရ ခရစ်နှစ် ၁၉၄၆ ခုနှစ်က ကြို့ ထုန်းလမ်းဆုံ အနောက်ဘက်ခြမ်းရှိ ဘုရား(စေတီငယ်) ထလေးများဖြင့် ဝန်းပတ်လည်တည်ထားသော ရာကျော် ဆရာတော်ကြီးကျောင်းတွင် တစ်နေ့သော နံနက်၌ ဆရာ တော်ကြီးအခေါ် မောင်အောင်မင်းခေါင်ကြီးတို့နှင့် ဆရာတော် ကြီးနှင့် တွေ့ခဲ့ရာတွင် မိန့်ကြားတော်မူသော စကားအရ အင်းဝခေတ်က မောင်အောင်(ဘိုးဘိုးအောင်)၊ မောင်ပိုင်း (ဘိုးတော်ဦးပိုင်း)တို့နှင့် ငယ်သူငယ်ချင်း သုံးယောက်ရှိခဲ့ကြ ကြောင်း တစ်ဦးက ရဟန်းဘဝနှင့်ဖြစ်ကြောင်း ထိုရဟန်းမှာ မိမိ(ဆရာတော်ကြီး)ဖြစ်ကြောင်းဖြင့် ရှင်းလင်းမိန့်ကြားတော် မူခဲ့သည်ဟု သိရပါသည်။

ဟံသာဝတီဦးအုန်းကြိုင်သည် မိမိ၏ မင်းဓမ္မတောင် တော် ဘာသနာပြု ပုဂ္ဂိုလ်ကျော် ဆရာဘုရားကြီး၏ သူသာ သနာ၊ သူဘဝ၊ သူဓမ္မများ နက္ခတ်ရောင်ခြည်မဂ္ဂဇင်း ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ အမှတ် ၁၇၅၊ စာ ၇ တို့တွင် အတိ အကျဖော်ပြခဲ့ကြောင်းသိရ၏။

## ဆေးပေါင်းခစေတီ

ကန်တော်ကြီးတွင် ဘုရားတည်၍ ရန်ကုန်မြို့လည်း အေး၊ မြန်မာပြည်ကြီး အေးလိမ့်မည်ဖြစ်ကြောင်း။ တစ်နိုင်ငံ လုံး၊ တစ်ပြည်လုံး၊ တစ်ကမ္ဘာလုံးရှိသော ဆေးဝိဇ္ဇာအပေါင်း တို့၏ ဆေးပေါင်းစုံကလည်း ဒီကျွန်းမှာရှိတဲ့ ဒီဆေးပေါင်းခစေ တီတော်မှာ ခလိမ့်မည်ဖြစ်ကြောင်း။ အဓိဋ္ဌာန်ဆုတောင်းများ လည်း ပြန့်လိမ့်မည်ဖြစ်ကြောင်း၊ အင်းစိန်ဘက်က သောင်း ကျန်းသူများရန်လည်း အေးလိမ့်မည်ဖြစ်ကြောင်း ရာကျော် ဆရာတော်က *မိန့်ခဲ့သည်။

ရန်ကုန်မြို့ကြီးသည် ထိုစဉ်က မငြိမ်းချမ်းကြသော ကြောင့် ရင်ကပ်(ခတ်)သားဖြင့် ပနက်ရိုက်ခဲ့သောကြောင့် ရန်ကုန်နှင့် ရင်ကပ်(ခတ်)တို့သည် ဇာတ်တူဟန်ဖြစ်သော ကြောင့် ရင်ကပ်(ခတ်)နှင့် ကရင်သည်လည်း ကက်ကင်းဇာတ် ဖြစ်ကြောင်း နားလည်သူတို့က ပြောဆိုကြသည်။ ထိုစဉ် အင်းစိန်က သောင်းကျန်းသူများသည်လည်း ရန်ကုန်ကို မသိမ်း ပိုက်နိုင်တော့ကြောင်း ဆိုပါသည်။

## အပဟိန်းဂါထာကြီး

အောင်ထူးဆန်း ဂါထာတော်ကြီးကို အဖွင့်အစ အခံ ဂါထာအဖြစ် သုံးတော်မူသည်။ ပြုဖွယ်ရာရာ သာသနာ လုပ်ဆောင်ချက်အရပ်ရပ် အောင်မြင်ပြီးမြောက်သည့် အထိမ်း အမှတ်အဖြစ်မှာကား အောင်ထူးဆန်းဂါထာတော်ကို ဆရာ တော်ကြီးကိုယ်တော်တိုင် ရွတ်ဆိုသရဇ္ဈာယ်တော်မူသည့် အောင်ထူးဆန်းဂါ ထာတော်ကြီးမှာ "အောင်ထူးဆန်း၊ မန်း သိုက်စင်၊ ထင်ကျော်သောင်း။ ဆောင်းထီးဖြူ လူထိပ်မိုး ဟိုးဟိုးကျော်၊ ပေါ်ထင်ရှား၊ ပွားဘောဂ၊ လသာများ မရှား လို့ လူဗိုလ်ချစ် အပြစ်ကင်း။ ပြည့်ထင်းထွား၊ နေမင်း လမင်း သာ။ သိကြားလာ၍မစေသော်၊ နေမင်းလမင်း ငါ့ခံတွင်းသို့ ယခုချက်ချင်းဝင်စေသော်"ဟု ဆရာတော်ကြီးက ရွတ်လေ့ ရွတ်ထရှိသည်ဟု ဆိုပါသည်။

မဟာပထမံဓမ္မစေတီ ဣန္ဒာသယ သိဒ္ဓိရှင် မဟိဒ္ဓိရှင် ရာကျော်ဆရာတော်ကြီး ဦးသဒ္ဓမ္မဓေဝကိတ္တိသည် တပ်ဦး ကျောင်းတိုက် စံကျောင်းတော်တွင် သီတင်းသုံးတော်မူစဉ် ၁၃၁၈ ခုနှစ် (ခရစ် ၁၉၅၄ ခုနှစ်)၊ တပို့တွဲလပြည့်ကျော် ၉ ရက်၊ ဗုဒ္ဓဟူးနေ့ ညနေ ၄ နာရီ ၁၈ မိနစ်အချိန်တွင် ပထမံစခန်းဝိဇ္ဇာလမ်းကို မြန်းကြွတော်မူလေသတည်း။

ဝိဇ္ဇာဓရ ဆရာအောင်

ကျမ်းကိုး

မောင်ပန်းမွှေး ရေး ဝိဇ္ဇာပေါင်းချုပ်ကြီး။



www.burmeseclassic.com

www.burmeseclassic.com



# ဗုဒ္ဓမြတ်စွယ်တော်သမိုင်း

■ ဆင်ဖြူကျွန်းအောင်သိန်း

အနုရုဒ္ဓဒေဝခေါ် အနော်ရထာမင်းစောသည် ပထမမြန်မာနိုင်ငံတော်ကြီးကို စတင်တည်ထောင်သော မင်းဖြစ်၏။ သူသည် သာသနာပြုမင်းလည်းဖြစ်ပေသည်။ သူသည် မြတ်စွာဘုရား၏ သာသနာတော်ကြီး ထွန်းကားပြန့်ပွားရေးအတွက် ဆောင်ရွက်ခဲ့ပေသည်။

ပေါက္ကံ နေပြည်တော်နှင့်တကွ နိုင်ငံတော်အနှံ့အပြားတွင် စေတီပုထိုး ဂူကျောင်း၊ ဘုရားတန်ဆောင်းဖြစ်သော ဗုဒ္ဓသာသနိက အဆောက်အအုံများစွာတို့ကို ဆောက်လုပ်လှူဒါန်းတော်မူသည်။ ဆည်မြောင်းကန်ချောင်းတို့ကို ရယာနှင့်ရှင်လူတို့ အကျိုးအတွက် တူးဖော်ခြင်း၊ ပြုပြင်ခြင်းများပြုသည်။

ကင်းမြို့ ခံမြို့များကိုလည်း နိုင်ငံတော်လုံခြုံရေးအတွက် နိုင်ငံတော်၏ ကာကွယ်ရေးအင်အား ခိုင်မြဲစေရန် နိုင်ငံတော်နယ်နိမိတ်တစ်လျှောက် တည်ဆောက်သည်။ ရပ်ဝေးရပ်နီး တိုင်းနိုင်ငံများနှင့် မဟာမိတ်ပြုပြီးဆက်ဆံသည်။ သို့အတွက် သာသနာရေး ယဉ်ကျေးမှုနှင့် လူမှုရေး စီးပွားရေးပါ တိုးတက်သည်။

အထူးသဖြင့် ဗုဒ္ဓသာသနာတော် ထွန်းကားရာ ဂန္ဓာလရာဇ်ပြည်၊ သိန်းယိုဋ္ဌပြည်တို့နှင့် သံတမန်ဆက်သွယ်၍ စီးပွားကုန်သွယ်ရေး သာသနာရေးနှင့် ယဉ်ကျေးမှုများ ဆောင်ရွက်သည်။ ထိုနိုင်ငံများရှိ ဗုဒ္ဓစွယ်တော်မြတ်များကို ပင့်ဆောင်ရန်လည်း ကြိုးစားတော်မူသည်။

ဂန္ဓာလရာဇ်ပြည်တွင် ကိန်းဝပ်တော်မူသော ဗုဒ္ဓမြတ်စွယ်တော်ကို

www.burmeseclassic.com

www.burmeseclassic.com

သိမ်းပိုက်ပင့်ဆောင်ရန်အတွက် အနော်ရထာမင်းကြီးသည် စစ်သည်ဗိုလ်ပါများစွာဖြင့် ချီတက်တော်မူသည်။ ရတနာပန်းတောင်းကို ခေါင်းပေါ်ရွက်လျက် ပင့်ဆောင်ခဲ့သော်ငြား ကောင်းကင်သို့ ပျံတက်ကွန့်မြူးနေသော စွယ်တော်မြတ်သည် သက်ဆင်းမလာချေ။

ဤသို့ဖြင့် အနော်ရထာမင်းကြီးသည် စွယ်တော်မြတ်နှင့်အတူ ကိန်းဝပ်တော်မူသည့် မြဘုရားကိုသာပင့်ပြီး ပြန်ခဲ့ရသည်။ ထိုမြဘုရားကို မြန်မာဘုရင်အဆက်ဆက်တို့ နန်းစဉ်ဘုရားအဖြစ် မင်းစဉ်မင်းဆက် ကိုးကွယ်ခဲ့သည်။

မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့တွင် သီပေါဘုရင်မင်းမြတ်ကို နယ်ချဲ့သမားက ဖမ်းဆီးခေါ်ဆောင်သွားသောအခါ ထိုဘုရားမှာ ကျန်နေခဲ့၏။ သို့အတွက် လူထုက ထိုဆင်းတုတော်ကို ရွှေကျီးမြင်ဘုရားအတွင်းသို့ ပို့ဆောင်ထားကြ၏။

ထိုအနော်ရထာ မင်းကြီးသည် မြတ်စွာဘုရား၏ နဖူးသင်းကျစ်တော်ကို ပင့်ဆောင်ရန်အတွက် သရေခေတ္တရာသို့ ရေအားကြည်းအားဖြင့် ချီတက်တော်မူကာ ဒွတ္တပေါင်မင်းကြီး တည်ထားကိုးကွယ်ခဲ့သော စေတီတော်အတွင်းမှ နဖူးသင်းကျစ်တော်နှင့် အခြားဓာတ်တော်များကို ပင့်ဆောင်သွားငြားထိုအထဲ၌ စွယ်တော်မပါချေ။

မြန်မာသက္ကရာဇ် ၄၂၀ ခုနှစ်တွင် အနော်ရထာမင်းကြီးသည် ရွှေစည်းခုံစေတီတော်ကို တည်ထားတော်မူသည်။ မြတ်စွာဘုရား၏ နဖူးသင်းကျစ်တော်နှင့် ဓာတ်တော်များကို ဌာပနာသည်။ ပစ္စယံသုံးဆင့် အထိတည်ပြီးနောက် သိန်းယိုဠ်ကျွန်းရှိ လက်ဝဲအောက် ဓာတ်စွယ်တော်မြတ်ကိုပါ ဌာပနာလိုစိတ် ဖြစ်ပေါ်လာသည်။

ထို့ကြောင့် ရှင်အရဟံနှင့် တိုင်ပင်ပြီး ဆင်ဖြူတစ်စီး လက်ဆောင်ပါးကာ စွယ်တော်အလှူခံသော သံအဖွဲ့ကို စေလွှတ်သည်။ သိန်းယိုဠ်မင်း ဓာတုသေနသည် အနော်ရထာမင်း ပြုဖူးသော ကျေးဇူးများကို ထောက်ထားလျက် မြတ်စွယ်တော်ကို ပင့်ဆောင်ခွင့်ပြုသည်။

သို့ရာတွင် လက်ဝဲအောက်ဓာတ်စွယ်တော်မြတ်ကို သံတို့ပင့်ဆောင်၍ မရပါ။ စွယ်တော်ပွားတစ်ဆူမှ ရတနာပန်းတောင်းအတွင်းသို့ သက်ဆင်းလာသည်။ ဓာတုသေနမင်းသည် စွယ်တော်ပွားကိုရွက်လျက် လည်ပင်းအထိ နက်သောရေထဲသို့ဆင်းကာ ပို့ဆောင်ပေးလိုက်သည်။

သို့အတွက် အနော်ရထာမင်းကလည်း လောကနန္ဒာဆိပ်တွင် လည်ပင်းအထိနက်သော ရေထဲသို့ဆင်းကာ ပင့်ဆောင်သည်။ နန်းတော်တွင်ထားကာ စွယ်တော်ပွားကို ပူဇော်နေသဖြင့် ရှင်အရဟံက သတိပေးရာ ဆင်ဖြူတော်ကို အဓိဋ္ဌာန်ဖြင့်လွှတ်သည်။

စွယ်တော်ပွား တင်ထားသော ဆင်ဖြူတော်သည် တည်ဆောက်ဆဲ ရွှေစည်းခုံစေတီတော်၌ဝပ်သဖြင့် မြတ်စွယ်တော်ပွားကို ရွှေစည်းခုံစေတီတော်၌ ဌာပနာသည်။

အနော်ရထာမင်းသည် စွယ်တော်ပွားကို ဌာပနာခြင်းမပြုမီ သမ္မာအဖြစ် ပူဇော်ရာ လေးကြိမ်တွင် လေးဆူပွားသည်။ ယင်းတို့ကို တန့်ကြည့်တောင် စေတီ၌တစ်ဆူ၊ လောကနန္ဒာစေတီ၌ တစ်ဆူ၊ ကျောက်ဆည်ဇက်ခရွှေတောင်၌ တစ်ဆူနှင့် တူးရှင်းတောင်၌ စေတီတစ်ဆူ တည်ထားဌာပနာခဲ့လေသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက် ရှင်မဟာကဿပအမှူးပြုသည့် ရဟန်းငါးရာတို့ ရှိခိုးဦးတိုက်နေစဉ်မှာပင် တေဇောဓာတ်လောင်ကျွမ်းသည်။ ထို့နောက် ရွှေအဆင်းရှိသော ပဲနောက်စေ့ငယ်ဓာတ်တော်များ၊ ပုလဲအဆင်းရှိသော ဆန်ကျိုးအရွယ် ဓာတ်တော်များနှင့် မြတ်လေးငုံအဆင်းရှိသော မုန်ညင်းစေ့အရွယ် ဓာတ်တော်များအပြင် အောက်ပါရုပ်ကြွင်း ခုနစ်ပါးတို့ကိုလည်း ဖူးတွေ့ရ၏။

(၁) နဖူးသင်းကျစ်တော်၊ (၂) ယာညှပ်ရိုးတော်၊ (၃) ဝဲညှပ်ရိုးတော်၊ (၅) အောက်လက်ယာစွယ်တော်၊ (၆) အထက်လက်ယာစွယ်တော်၊ (၇) အောက်လက်ဝဲစွယ်တော်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူပြီဟူသည့် သတင်းကိုကြားသည်နှင့် တစ်ပြိုင်နက်တည်း အဇာတသတ်မင်းသည် မလ္လာမင်းတို့၏ပြည်သို့ စစ်အင်္ဂါလေးပါးဖြင့် ချီတက်လာသည်။ အဇာတသတ်မင်းနည်းတူ အခြားသော ရှစ်ပြည်ထောင်မင်းတို့ကလည်း စစ်အင်ခင်းကျင်းလျက် ချီတက်လာကြရာ ကိုးပြည်နှင့်တစ်ပြည် စစ်တိုက်မည်သို့ဖြစ်နေလေ၏။

ထိုအခြေအနေကို ဝင်ရောက်



www.burmeseclassic.com

www.burmeseclassic.com

ထိန်းသိမ်းပေးသူမှာ ဒေါနပုဏ္ဏားဖြစ်၏။ သူသည် မင်းပေါင်းများစွာ၏ ဆရာဖြစ်ဖူးသည်။ မြတ်စွာဘုရား၏ ကြွင်းကျန်ရစ်သော သရီရဓာတ်တော်များကို အညီအမျှခွဲဝေယူရန် သဘောတူကြသည်။ သို့ကြောင့် ဒေါနပုဏ္ဏားဦးစီး၍ ဓာတ်တော်များကို ခွဲဝေပေးသည်။ ဓာတ်တော်များကို ပြည်တောင်းဖြင့် ခြင်ပေးနေစဉ် ပုဏ္ဏားသည် ကြည်ညိုလွန်းသဖြင့် အထက်လက်ျာစွယ်တော်နှင့် အောက်လက်ယာစွယ်တော်တို့ကို ဝှက်ထားလေ၏။

သို့ရာတွင် ထိုစွယ်တော်နှစ်ဆူကို ပုဏ္ဏားမရ။ လက်ျာအထက်စွယ်တော်ကို သိကြား၊ လက်ျာအောက်စွယ်တို့ကို နဂါးတို့ ပင့်ဆောင်သွားကြသောကြောင့် ဖြစ်ပေသည်။ ကျန်သော ဓာတ်တော်များကို ရှစ်ပြည်တောင်မင်းတို့ အောက်ပါအတိုင်း တည်ထားကိုးကွယ်ကြသည်။

(၁) မဂဓတိုင်း ရာဇဂြိုဟ်၌ အဇာတသတ်မင်း တည်ထားကိုးကွယ်သော စေတီတစ်ဆူ။

(၂) ဝေသာလီပြည်၌ လိစ္ဆဝီမင်းတို့ တည်ထားကိုးကွယ်သော စေတီတစ်ဆူ။

(၃) ကပိလဝတ်ပြည်၌ သကျသာကီဝင်မင်းများ တည်ထားကိုးကွယ်သော စေတီတစ်ဆူ။

(၄) အာလကပ္ပပြည်ဝယ် ဗာလရမင်းတို့ တည်ထားကိုးကွယ်သော စေတီတော်တစ်ဆူ။

(၅) ရာမပြည်(ရမ်ဂရာမ)၌ ကောလိယမင်းတို့ တည်ထားကိုးကွယ်သော စေတီတော်တစ်ဆူ။

(၆) ဝေဿဒီပပြည်ဝယ် ပုဏ္ဏားတို့ တည်ထားကိုးကွယ်သော စေတီတော်တစ်ဆူ။

(၇) ပါဝါပြည်ဝယ် မလ္လာမင်းတို့ တည်ထားကိုးကွယ်သော စေတီတော်တစ်ဆူ။

(၈) ကုသိနာရုံပြည်ဝယ် မလ္လာမင်းတို့ တည်ထားကိုးကွယ်သော စေတီတော်တစ်ဆူ။

စွယ်တော်လေးဆူဟူ၍ ရှိသော်ငြား ယနေ့ အများသူငါသိနေသော စွယ်တော်မြတ်များမှာ ဂန္ဓာလရာဇ်(ယနေ့ တရုတ်ပြည်)၌တစ်ဆူနှင့် သိန်းယိုင်ပြည် (ယခုနေ့ သီရိလင်္ကာ)၌ တစ်ဆူ ပေါင်းနှစ်ဆူသာ ရှိသည်။

အထက်လက်ဝဲ စွယ်တော်မြတ်ကို ဂန္ဓာရတိုင်းမှ ရဟန်းတော်တစ်ပါးက ရယူပင့်ဆောင်သွားပြီး မြောက်ပိုင်းဥဒနနိုင်ငံတွင် ယာယီ ထားရှိပူဇော်သည်။ ထိုမှတစ်ဖန် ခိုတန်ပြည်နယ်သို့ ပင့်ဆောင်ပူဇော်နေကြရာက တရုတ်ချီမင်းဆက်လက်ထက်တွင် တရုတ်ပြည်သို့ ရောက်ရှိသွားခြင်းဖြစ်သည်။ တရုတ်ပြည်သို့ရောက်သွားပုံမှာ တရုတ်ဘုန်းတော်ကြီး ဖာဟီယန် မဇ္ဈိမဒေသမှ ဘုရားဖူးအပြန်တွင် ပင့်ဆောင်သွားခြင်းဖြစ်၏။

အောက်လက်ဝဲ စွယ်တော်မြတ်ကို ခေမ္မသနာပတိ ရှင်သာရိပုတြာ၏ တပည့် ရဟန္တာအရှင်မြတ်ခေမာသည် မြတ်စွာဘုရား၏ အလောင်းတော် ထေဝတာတ်လောင်နေဆဲမှာပင် ပင့်ဆောင်သွားကာ ကာလိင်္ဂရာဇ်ပြည့်ရှင် ဗြဟ္မဒတ်မင်းတို့ ပေးအပ်သဖြင့် သဒ္ဓါကြည်ညိုစွာ လက်ခံပူဇော်ခဲ့သည်။

ကာလိင်္ဂပြည်ရောက် စွယ်တော်မြတ်ကို မင်းအဆက်ဆက်တို့ ပူဇော်ခဲ့ကြရာ ဂုဟာသီဝမင်းလက်ထက်၌ သိန်းယိုင်ပြည်သို့ ကြွကိန်းကြရလာ၏။ အကြောင်းသော်ကား မိစ္ဆာဒိဋ္ဌိမင်းတစ်ပါးနှင့် စစ်ဖြစ်သောကြောင့်တည်း။

မိစ္ဆာဒိဋ္ဌိမင်းသည် ကာလိင်္ဂပြည်ကို ရယူလိုက်သည်ထက် စွယ်တော်မြတ်ကို ဖျက်ဆီးပစ်လိုစိတ် ပြင်းထန်နေသည်။ သို့အတွက် ဂုဟာသီဝမင်းသည် မက်တော် ဒန္တကုမာရမင်းသားနှင့် သမီးတော် ဟေမမာလာတို့ကို စွယ်တော်မြတ်နှင့်အတူ သိန်းယိုင်ကျွန်းသို့ စေလွှတ်လိုက်ရတော့သည်။

သိန်းယိုင်ဘုရင် ကိတ္တိသီရိမေဃသည် မင်းသား မင်းသမီးတို့ကို ဝမ်းသာအားရ ကြိုဆိုသည်။ စွယ်တော်မြတ်ကိုလည်း အမြတ်တနိုး ကြည်ညိုပူဇော်သည်မှာ ယနေ့ထက်တိုင်အောင်ဖြစ်သည်။ သို့ဖြင့် မြတ်စွာဘုရား၏ စွယ်တော်ဓာတ်မြတ်မှာ နှစ်ဆူသာလျှင် ရှာဖွေတွေ့ရှိတော့သည်။

ယနေ့အချိန်တွင် မြန်မာတို့၏ လက်ဝယ်ရှိ စွယ်တော်များမှာ စွယ်တော်ပွားများဖြစ်သည်။ တရုတ်ပြည်ရှိ စွယ်တော်မြတ်မှ ပွားသောစွယ်တော်များမှာ မန္တလေးတစ်ဆူနှင့် ရန်ကုန်တစ်ဆူတို့ဖြစ်သည်။ ကျန်သည့်စွယ်တော်များမှာ သီရိလင်္ကာမှ ပင့်ဆောင်လာသော စွယ်တော်ပွားများ ဖြစ်ပေသည်။

ဆင်ဖြူကျွန်းအောင်သိန်း

www.burmeseclassic.com

# စံပြုထိုက်တဲ့ ကံဆိုးသူ

နတ္တယန

ခေတ်သစ် သမိုင်းပညာရှင်တွေရဲ့ ရှေးဟောင်းသုတေသနက တွေ့ရှိရတဲ့ နိုင်လုံတဲ့ အချက်အလက်တွေအရ ခရစ်တော်မပေါ်မီ နှစ် ၂၀၀၀ နှင့် ၁၅၀၀ ကြားမှာ ယခင်က မဇ္ဈိမဒေသ လို့ခေါ်တဲ့ အိန္ဒိယပြည် မြောက်ပိုင်း ဒေသကို ဗဟိုအာရှဒေသက စစ်တိုက် ကောင်းပြီး သဘာဝသျှုတြ ပညာရပ် တွေမှာလည်း ကျွမ်းကျင်တဲ့ ဖြေသလုံး အိမ်တိုင် လူမျိုးတစ်စု ဝင်ရောက်အခြေ ချခဲ့ကြပါတယ်။ ၎င်းတို့တွေက သူတို့ ကိုယ်သူတို့ အာရိယန်တွေလို့ ခေါ်ပါ တယ်။ သူတို့အတူပါလာတဲ့ ပညာရပ် တွေထဲက "နက္ခတ္တပညာရပ်"တွေကို အိန္ဒိယမြောက်ပိုင်းက အစပြုလို့ ယခုနေ အခါ တစ်ကမ္ဘာလုံးမှာ ထင်ရှားစေပါ တယ်။

Astology ခေါ်တဲ့ နက္ခတ်ဗေဒ ပညာဟာ ကောင်းကင်ယံမှာ ရှိနေတဲ့ နေ၊ လ၊ ဂြိုဟ်၊ နက္ခတ်တွေက လူသား တွေအပေါ်မှာ ဘယ်လိုစပ်ဆက်လွှမ်းမိုး တယ်၊ ဘယ်လိုအကျိုးသက်ရောက်မှု တွေရှိတယ်၊ ဘယ်အချိန်ကာလမှာ ကောင်းကျိုး ဆိုးပြစ် သက်ရောက်မယ် ဆိုတာကို ဖော်ထုတ်ပေးတဲ့ ပညာရပ် ဖြစ်ပါတယ်။ မယုံကြည်သူများ ရှိပေ မယ့် မယုံကြည်လို့လည်းမရတဲ့ ပညာ ရပ် ဖြစ်ပါတယ်။ လူသားတစ်ဦးက စတင် မွေးဖွားလာတာနဲ့ အဲဒီလူသားရှိ နေတဲ့ အရပ်ဒေသက ကောင်းကင်ယံ မှာ တည်ရှိနေတဲ့ နေ၊ လ၊ ဂြိုဟ်၊ နက္ခတ်တို့ရဲ့ တည်ရှိမှုဟာ ထိုသူရဲ့ ရုပ်၊ နာမ်ခန္ဓာထဲကို Program ရိုက်သွင်း ပေးလိုက်ပါတယ်။ မြင်သာလွယ်အောင် ဥပမာပြောရရင် လွန်ခဲ့ဘဲ့ကာလတစ်ခု က ပေါ်ခဲ့တဲ့ ကက်ဆက်တိတ်ခွေတွေ လိုပေါ့။ အသံမသွင်းရသေးတဲ့ အခွေ သစ်တစ်ခုရဲ့ တိပ်သားအညိုရောင်ပေါ် မှာရှိနေတဲ့ သံအောက်ဆိုဒ်မှုန်တွေဟာ Direction တစ်ခုတည်းကို လှည့်နေပါ တယ်။ တိပ်ခွေကို အသံသွင်းလိုက်တဲ့ အခါ အသံထွက်ပေါ်လာတဲ့ ပင်ရင်း ပစ္စည်း (လူ၊ တိရစ္ဆာန်၊ တူရိယာသံ စသည်ဖြင့်)တို့ရဲ့ ကွဲပြားတဲ့ "အသံ ဂုဏ်"အရ သံအောက် ဆိုဒ်မှုန်တွေဟာ သက်ဆိုင်ရာ Direction အမျိုးမျိုး အဘက်ဘက်သို့ လှည့်သွားပါတယ်။ ဒါဟာ အသံသွင်းပြီးတဲ့ အခံ နအထား ပါ။ ဒီအခွေကို ကက်ဆက်ငဲ့ထည့်ပြီး ပြန်ဖွင့်လိုက်တဲ့အခါ ကက်ဆက် Head က သံအောက်ဆိုဒ်မှုန်တွေရဲ့ Directio အနေအထားပေါ်လိုက်ပြီး ကွဲပြားမှု ကြောင့် လျှပ်စစ်တုံ့ပြန်မှုအမျိုးမျိုး ဖြစ် ပေါ်လာတဲ့အတွက် ကွဲပြားခြားနားတဲ့ အသံတွေ ထွက်ပေါ်လာပါတယ်။ ဒီ သဘောပါပဲ။ လူသားတွေမွေးဖွားလာ စဉ် အချိန်အခိုက်အတန့်လေးမှာ အဲဒီ အရပ်မှာ ပေါ်ထွန်းနေတဲ့ နေ၊ လ၊ ဂြိုဟ်၊ နက္ခတ်တွေနဲ့ လူသားရဲ့ကြားက အကွာအဝေးနဲ့ တည်ရှိနေမှု ပုံစံတွေ အရ ဖြစ်ပေါ်လာတဲ့ သက်ရောက်အား တွေ (နယူတန်၏နိယာမ - ၁ ကဲ့သို့) သာမက ကျွန်တော်တို့ ယနေ့အထိ မသိရှိသေးတဲ့ ဂုဏ်သတ္တိတွေက Program ရိုက်သွင်းပေးလိုက်ခြင်း ဖြစ် ပါတယ်။

ဒါဆိုရင် ဒီလူသားဟာ သူ့ဘဝမှာ ဘာတွေဖြစ်ပျက်ရမလဲဆိုတာ အတိတ် ဘဝရဲ့ ကုသိုလ်ကံအဟုန်ကြောင့် ဖြစ် ပေါ်စေတဲ့ Program သတ်မှတ်ပြီး သွားပါပြီ။ ဒါကို မူလဇာတာ (သို့မဟုတ်) ရာသီစက်လို့ခေါ်ပါတယ်။ ဒီမူလဇာတာ က စေခိုင်းတဲ့ ဖြစ်ရပ်တွေ ဘယ်အချိန် ဖြစ်ပျက်ရမလဲဆိုတာတော့ ဂေါစရ ဂြိုဟ်လို့ခေါ်တဲ့ ကောင်းကင်ယံမှာ လှည့် ပတ်သွားလာနေတဲ့ နေ၊ လ၊ ဂြိုဟ်၊ နက္ခတ်တွေရဲ့ သဘောအတိုင်း ဖြစ် သွားပါပြီ။ ဒီ Device တွေက Program ကို မောင်းပါမယ်။ တစ်ခါတစ်ရံ မူလဇာတာက ဖြစ်ပျက်ရမယ်ဆိုထား တဲ့ ဖြစ်ရပ်တွေဟာ ကောင်းကင်နက္ခတ် (ဂေါစရဂြိုဟ်)တွေက တစ်သက်လုံး မနိုင်းမစေလို့ ဘာမှဖြစ်မသွားတာမျိုး လည်းရှိပါတယ်၊ ဒီတော့ မူလဇာတာ



www.burmeseclassic.com


www.burmeseclassic.com

ကိုပဲ အသေကိုင်ဟောလို့ မရပါဘူး။ ဟောကိန်းတွေ မဖြစ်/မပျက်ခဲ့ရင် ဗေဒင်မှားပြီပေါ့။ ဗေဒင်ဆရာမှားပြီပေါ့။ ဗေဒင်ပညာဟာ (420)ပညာဆိုပြီး နာမည်ပျက်စာရင်းဝင်ပြီပေါ့။

ကဲ . . . ဒီလောက်အခြေအနေ သဘောလေးကို တင်ပြပြီးပြီဆိုတော့ ဆောင်းပါးခေါင်းစဉ်အကြောင်း ဆက်သွားပါမယ်။ ဂြိုဟ်တွေမှာ သောမ (ကောင်းကျိုးပေးဂြိုဟ်)နဲ့ ပါပ(မကောင်းကျိုးပေးဂြိုဟ်)ဆိုပြီး နှစ်မျိုးရှိတာကိုတော့ အများသိကြမှာပါ။ သောမဂြိုဟ်စာရင်းထဲမှာ တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာပါတယ်လို့ပဲ အကြမ်းဖျင်း မှတ်စေလိုပါတယ်။ ပါပဆိုရင်တော့ အင်္ဂါ၊ စနေ၊ ရာဟုပေါ့ဗျာ။ အသေးစိတ်သဘောတရားတွေရှိပေမယ့် စာရှုသူတို့ ဒီလောက်သိရင် ကျွန်တော်ဆက်ပြောလို့ရပါပြီ။ အဲဒီထဲက အဓိကကျတဲ့ ပါပကောဇာဂြိုဟ် သုံးခုအကြောင်းပဲ ကျွန်တော် ဆက်လက်တင်ပြပါမယ်။ ဒီဆောင်းပါးခေါင်းစဉ်က ဆိုတဲ့အကြောင်းရေးနေတာ မဟုတ်လား။

စနေဂြိုဟ်က နေအဖွဲ့အစည်း (Solar System)ထဲမှာ သူ့လမ်းကြောင်း (Orbit) အတိုင်း တစ်ပတ်ပြည့်အောင်လှည့်ဖို့ နှစ် ၃၀ ကြာပါတယ်။ အင်္ဂါဂြိုဟ်က တစ်နှစ်ခွဲကြာပြီး ရာဟု(ဂြိုဟ်ဟုပဲမှတ်ပါ)ကတော့ ၁၈ နှစ် ကြာပါတယ်။

ဒီတော့ ဒီပါပဂြိုဟ် သုံးခု ရာသီတစ်ခုထဲမှာ ပူး/ယှဉ်ပြီး နောက်တစ်ကြိမ် အဲဒီရာသီမှာဘဲ ထပ်ပြီး ပူး/ယှဉ်ဖို့ နောက်ထပ် နှစ် ၉၀ ကြာမှ ထပ်ဖြစ်နိုင်မယ်လို့ တွက်ချက်လို့ ရပါတယ်။ (ဒီနေရာမှာ ဂြိုဟ်တွေ ဝကြ(Retro) သွားတာကို ထည့်စဉ်းစားတွက်ချက်ရန် မလိုပါ။ ခွေးနွေးလိုတဲ့ ပညာရှင်များရှိလျှင်တော့ ကျွန်တော့်ကို အယ်ဒီတာချုပ်ကတစ်ဆင့် ဆက်သွယ်နိုင်ပါတယ်) အဲဒီပါပဂြိုဟ်တွေ တစ်ရာသီထဲမှာ ပူး/ယှဉ်နေတဲ့အခါ လူသားရဲ့ မူလဇာတာမှာပါတဲ့ ရာသီရဲ့ သဘောသဘာဝနဲ့ ရပ်တည်နေတဲ့ ဂြိုဟ်တွေရဲ့သဘောသဘာဝကို မကောင်းကျိုး ကြီးကြီးမားမားပေးပါတော့တယ်။ ပါပဂြိုဟ် သုံးလုံး ပူး/ယှဉ်နေတဲ့ ရာသီမှာ ဇာတာရှင်အတွက် ကောင်းကျိုးပေးရမယ့်ဂြိုဟ်တွေ ရပ်တည်နေရင်သည်း ကောင်းကျိုးမပေးတော့ပါဘူး။ မကောင်းတဲ့ဂြိုဟ်တွေ ရပ်တည်နေရင်တော့ မကောင်းတဲ့အကျိုးကို လက်ကုန်၊ ဂိတ်ဆုံး၊ ရက်ရက်စက်စက် ပေးပါတော့တယ်။ ကဲ . . . ဆောင်းပါးခေါင်းစဉ် တပ်ထားတဲ့အတိုင်း ဖော်ပြရမယ့် နမူနာဇာတာကို ကြည့်လိုက်ရအောင်ပါ။



(1)

အထက်ပါဇာတာဟာ သက်လတ်ပိုင်းကို တောင်ချဉ်းနင်းဝင်ရောက်လာတဲ့ အိမ်ထောင်ရှင်အမျိုးသမီးတစ်ဦးရဲ့ မူလဇာတာ(ရာသီစက်)ဖြစ်ပါတယ်။ အခြားအချက်များကို မစဉ်းစားဘဲ သူမရဲ့ အိမ်ထောင်ရေးအကြောင်းကိုပဲ စစ်ဆေးကြည့်ရအောင်။

အိမ်ထောင်ဘက်အကြောင်း ဖော်ပြတဲ့ ၇ တန့်၊ ပထနီဘာဝမှာ ဘာဂြိုဟ်မှ မရှိပါဘူး။ ရာသီကတော့ မိန်ရာသီဖြစ်ပါတယ်။ မိန်ရာသီကို ဘယ်ပါပဂြိုဟ်မှ မမြင်ထားပါဘူး။ အခြားသမ္ဗန္ဓလည်း မရှိပါဘူး။ ဒီလောက်နဲ့ အိမ်ထောင်ရေးကောင်းပြီလို့ ဆိုလို့မရသေးပါဘူး။ အိမ်ထောင်ဘက်ကတော့ ကောင်းပါတယ်။ ဘာသာရေးလိုက်စားသူ၊ လူရိုးလူအေး၊ အကျင့်စာရိတ္တကောင်းသူလို့ အဟောထွက်ပါတယ်။ ပြင်ပမှာ သိရတာကတော့ ခင်ပွန်းဖြစ်သူဟာ ရုပ်ရည်သန့်ပြန့်ချောမောသူ၊ ရည်မွန်ယဉ်ကျေးသူတစ်ဦးဖြစ်ပြီး အလုပ်အကိုင်အနေနဲ့ မြန်မာနိုင်ငံမှာ လူခုနစ်သောင်းခွဲလောက်မှာမှ တစ်ဦးဖြစ်နိုင်ခြေရှိတဲ့ ရာကြီးထူးကြီးကို တာဝန်ထမ်းဆောင်နေသူတစ်ဦး ဖြစ်ပါသတဲ့။ ပထနီဘာဝရဲ့ သခင်ဂြိုဟ်ကို ထပ်ကြည့်လိုက်ရင် သူ့အကြောင်း ပိုသိရဦးမှာပါ။ ဇာတာရှင်ရဲ့မူလဇာတာမှာ လင်ဂြိုဟ်(အင်္ဂါဂြိုဟ်)ကို ကြည့်ရပါဦးမယ်။ မူလဇာတာမှာ စန်းရော လဂ်ပါ ကုံရာသီမှာ တည်ရှိနေပြီး လင်ဂြိုဟ်အင်္ဂါကတော့ ၂ တန့်၊ ကုဋုမ္ဗဘာဝမှာ တည်ရှိနေပါတယ်။ ၂ တန့်က အိမ်အိမ်သားကို ဖော်ပြတော့ ဘာဝသဘောအရတော့ အလိမ္မာအိမ်ပါ ခင်ပွန်းပေါ့ဗျာ။ ဒါပေမယ့် ၂ဂ်ိက ပါပ ဝနေနဲ့ ယှဉ်တွဲနေပါတယ်။ ဒါဆို ပြဿနာရှိလာပြီ။ ပါပစနေဂြိုဟ်ရဲ့ သတ္တိကြောင့် ဇာတာရှင်ဟာ အိမ်ထောင်ရေး မကောင်းနိုင်တော့ဘူး။ အိမ်ထောင်ဖက်ဆုံးရှုံးမှုကို တွေ့ရတော့မယ်။ အိမ်ထောင်ကွဲလိမ့်မယ်။ ဒီလိုဟောလို့ ရနိုင်ခြေရှိနေပါပြီ။ ဒါဆို


www.burmeseclassic.com

အဃ်စေဘာ့လဲ။ ပါပဂြိုဟ်တွေက တူရာသီ (ဥဂ်ိနဲ့ ဝနေ ယှဉ်တွဲနေတဲ့ရာသီ) ပေါ် သက်ရောက်မှုရှိလာတဲ့ ကာလရောက်လာရင်ပေါ့။ ပါပဂြိုဟ်တွေက အဲဒီအချိန်မှာ မူလဇာတာမှာပါရှိတဲ့ မကောင်းတဲ့အကျိုးတရားတွေကို လှုပ်နှိုးပြီး အလုပ်လုပ်စေမှာပါ။ ပါပဂြိုဟ် တစ်လုံးက လှုပ်နှိုးရုံနဲ့ မကောင်းတော ဖြစ်လာနိုင်ပါပြီ။ နှစ်လုံးဆိုရင်တော့ Booster လို စွမ်းအားမြှင့်ပေးပြီး သေချာပေါက်ပြီ။ ပြင်းပြင်းထန်ထန်ကို ဖြစ်မှာပါ။ ပါပဂြိုဟ် ဥလုံးဆိုရင်ပေဘာ့ အဆိုးဆုံး ရင်ဆိုင်ရတော့မှာပါ။ အောက်ပါ ကောဇာဂြိုဟ်ခွင်များကို ကြည့်ပါ။


ပုံ(2)မှာ ဖော်ပြထားတာက (၁၅-၈-၂၀၁၂)ရက်နေ့မှာ ဖြစ်ပေါ်နေတဲ့ ကောဇာဂြိုဟ်များတည်ရှိတဲ့ အနေအထားဖြစ်ပါတယ်။ တူရာသီမှာ စနေနဲ့ အင်္ဂါ ယှဉ်တွဲရပ်တည်နေပါတယ်။ ပုံ(1)မှာ ဖော်ပြထားတဲ့ မူလဇာတာကလည်း တူရာသီမှာဘဲ စနေနဲ့အင်္ဂါ ယှဉ်တွဲနေတာပါပဲ။ အဲဒီမကောင်းတဲ့(အိမ်ထောင်ပျက်ရတဲ့)မူလသဘောဟာ တူရာသီကို ကောဇာစနေရောက်ရှိလာတဲ့ ကာလဖြစ်တဲ့ (၄-၈-၂၀၁၂)နေ့ကတည်းက လှုပ်နှိုးခဲ့ပြီးပါပြီ။ တူရာသီရဲ့ တရားမျှတဲ့ ဘာဝသဘောလဲ ပျက်စီးသွားပါတယ်။

ကောဇာစနေရဲ့ သဘောအတိုင်း ကွဲကွာခြင်း၊ ခွဲခွာခြင်းသဘောကို ယူဆောင်လာပြီး အိမ်ထောင်ကွဲစေတော့မှာ ဖြစ်ပါတယ်။ ပုံ(2)မှာ ဖော်ပြထားတဲ့အတိုင်း (၁၅-၈-၂၀၁၂)ရက်နေ့မှာ တူရာသီကို ကောဇာအင်္ဂါကူးပြောင်းလာပြီး ကံဆိုးမှုတွေကို အကောင်အထည်ဖော်ပေးတဲ့ အခါကျတော့ လက်ရှိခင်ပွန်းကို ကွာရှင်းနိုင်းဖို့ စိတ်ဆုံးဖြတ်ပြီးသွားပြီလို့ ဟောချက်ထုတ်နိုင်ပါတယ်။ (၂-၁-၂၀၁၃)မှာ ကောဇာရာဟုဟော တူရာသီကို ကူးပြောင်းလာပြီး ကောဇာစနေရဲ့ မကောင်းမှုအားကို အဆပေါင်းများစွာ မြှင့်တင်ပေးပါတယ်။ မိမိစိတ်ဆန္ဒပြည့်ဖို့အတွက် ရှုသွပ်ဖိုက်မဲမှုအပြည့်နဲ့ (ခင်ပွန်းကို) ဘာမဆိုလုပ်ဖို့ အဆင်သင့်ဖြစ်နေပါပြီ။ ၁၃-၄-၂၀၁၃ မှာ ဥဂ်ိဟာ မိဿရာသီကို ရောက်ရှိလာပြီး တူရာသီကို ၇ တန့်နဲ့ သမ္မသတ်မြင်ပါတယ်။ ပုံ(3)မှာ အဲဒီကာလအနေအထားကို ဖော်ပြထားပါတယ်။ ၂၄-၅-၂၀၁၃ ရက်နေ့အထိ ဒီအတိုင်းရှိနေပါတယ်။ ဒီကာလအတွင်းမှာ ခင်ပွန်းနဲ့ လမ်းခွဲရတော့တာပါဘဲ။ သူမကို(ဇာတာရှင်ကို) ပါပဂြိုဟ်တွေက ကွဲနိုင်းနေပြီလေ။ အရင်ကွဲမပေးရင် , အသေပါခွဲပစ်ဖို့အထိပေါ့။ ပုံ(4) ကောဇာဂြိုဟ်ခွင်ကို စစ်ဆေးကြည့်ပါ။ ပုံ(4)မှာ ကောဇာ ကြာသပတေးကိုပါ ထည့်သွင်းဖော်ပြထားပါတယ်။ ၃၁-၆-၂၀၁၃ မှာ ကောဇာ ကြာသပတေးက မေထုန်ရာသီ ရောက်ရှိလာပါတယ်။ မူလဇာတာ (ပုံ-1)မှာ ဖော်ပြထားတဲ့အတိုင်း မူလ တနင်္ဂနွေနဲ့ သောကြာပေါ်မှာ ကောဇာကြာသပတေး ဂ စီးပါတယ်။ နောက်အိမ်ထောင်ထူဖို့ ကြိုးစားစေမှာဖြစ်ပါတယ်။ ဒါပေမဲ့ တူရာသီမှာ ရပ်တည်နေတဲ့ ကောဇာစနေရဲ့ အစွမ်းနဲ့ မူလစနေက မေထုန်ရာသီကို တြိဂေါန သမ္ဗန္ဓဖြစ်နေလို့ ထအလုပ်လုပ်ပြီး နှောင့်နှေးကြန့်ကြာစေကာ တူရာသီမှာပဲ ရပ်တည်နေတဲ့ ကောဇာရာဟုရဲ့ သတ္တိကြောင့်လည်း အထမမြောက်စေနိုင်ပါဘူး။ ရဲရဲပေဘာ လို့ရပါတယ်။ တူရာသီကို အင်္ဂါက (၈) တန့်/(၄)တန့်နဲ့ မြင်ချိန်တွေကိုတော့ တရှည်မှာစိုးလို့ မဖော်ပြတော့ပါဘူး။


(ပုံ-5)မှာတော့ မူလဇာတာနဲ့ ကောဇာဂြိုဟ်များ ရပ်တည်နေမှုကို ပူးတွဲတင်ပြထားပါတယ်။ မြန်မာလိုရေးပြီး စက်ဝိုင်းနဲ့ဝိုင်းပြထားတဲ့ ဂဏန်းတွေက ကောဇာဂြိုဟ်တွေရဲ့ ရပ်တည်ပြီး အင်္ဂလိပ်လိုဖော်ပြထားတဲ့ ...ါတ်တွေ...




(2)
(15.8.2012)



(3)
(13.4.2013)



(4)
(31.6.2013)



(5)
(5.2.2014) မှ (26.4.2014) ထိ

www.burmeseclassic.com

မူလဇာတာရဲ့ ဂြိုဟ်တွေတည်ရှိမှု ပုံစံဖြစ်ပါတယ်။ ပါပဂြိုဟ်တွေဖြစ်တဲ့ အင်္ဂါ၊ စနေ၊ ရာဟု၊ ကောဇာဂြိုဟ်တွေအားလုံး တူရာသီမှာစုပြီး ယှဉ်တွဲရပ်တည်နေတာ ၅-၂-၂၀၁၄ မှာ ၂၆-၄-၂၀၁၄ အထိ ကြာပါတယ်။ ဒီကာလ ၈၁ ရက်အတွင်းမှာ ခင်ပွန်းနဲ့ အပြီးကွဲကွာရစေတော့တာ ဖြစ်စေပါတယ်။ ကွဲရတဲ့အကြောင်းရင်းကတော့ ကျွန်တော် ရှေ့မှာဖော်ပြထားသလို ကောဇာ ကြာသပတေးက မူလသောကြာကို စီးထားလို့ ဖြစ်ပါတယ်။ ဒီနေရာမှာ မူလသောကြာကို "မိန်းမသားတို့ရဲ့ ကာမဂုဏ်ခံစားမှု" လို့ ယူရမှာဖြစ်ပါတယ်။ မူလသောကြာနဲ့ ယှဉ်တွဲရပ်တည်နေတဲ့ တနင်္ဂနွေကိုလည်း တခြားဘက်မှ မတွေ့တော့ဘဲ "ကိုယ်တိုင်ကိုယ်ကျ" ဖြစ်ခြင်းလို့ပဲ ကောက်ချက်ချနိုင်ပါပြီ။ ဒီလောက်ဆိုရင် ပညာရှင်ဆရာများအားလုံး အဖြေသိပြီးဖြစ်ကြပါလိမ့်မယ်။ ကောဇာကြာသပတေးကလည်း ဘာလုပ်မလဲဆိုတာကိုပေါ့။ ရာသီကလည်း မေထုန်ရာသီပေါ့။ အဲဒါ အိမ်ထောင်ကွဲရခြင်း အကြောင်းရင်းပါဘဲ။ ဒါပေမယ့် ၁၉-၆-၂၀၁၄ မှာတော့ ကောဇာကြာသပတေးဂြိုဟ်ဟာ မေထုန်ရာသီက ထွက်သွားပါတယ်။ ကောဇာဂြိုဟ်ခွင်ပုံတော့ မဖော်ပြတော့ပါဘူး။ အဲဒီကာလမှာ ဇာတာရှင်ဟာ "ဖွတ်မရဘဲ မားမဆုံး"ရုံသာမက အရှက်၊ သိက္ခာ၊ ဘဝအားလုံး ဆုံးရှုံးရတော့တာပါဘဲ။ ကဲ... နက္ခတ်ဗေဒင်ပညာဟာ စိတ်ဝင်စားစရာ မကောင်းဘူးလား။ ဒီဇာတာကို သေသေချာချာ ထပ်လေ့လာရင် ဇာတာရှင်အကြောင်းရော၊ သူမရဲ့ခင်ပွန်းအကြောင်းရော အများကြီး ဝိုသိရဦးမှာပါ။ ကျွန်တော်တော့ ဆောင်းပါးရှည်လွန်းမှာစိုးလို့ ထပ်မရေးတော့ပါဘူး။ ဒါပေမယ့် အရေးကြီးတာတစ်ချက်ရှိသေးတယ်။ မပြောမဖြစ်လို့။

သူမဘဝရဲ့ အမှန်တကယ်ဖြစ်ရပ်က (ပုံ-3)မှာ ဖော်ပြထားတဲ့ ကာလမှာ ခင်ပွန်းဖြစ်သူကို သူမက အတင်းအကျပ်ခြိမ်းခြောက်ပြီး အိမ်က နှင်ချခဲ့ပါသတဲ့။ (ပုံ-5)နဲ့ ဖော်ပြထားတဲ့ကာလမှာတော့ အပြီးတိုင် လင်မယားကွဲ တရားဝင်လက်မှတ်ထိုး ဖြစ်သွားပါသတဲ့ဗျာ။ ဒါဆိုရင် နက္ခတ်ဗေဒင်ပညာဟာ နယ်နယ်ရရ မဟုတ်ဘူးပေါ့နော်။

ကဲ...အားလုံးကို ခြုံငုံသုံးသပ်ရရင်တော့ ဇာတာရှင် အမျိုးသမီးဟာ သူမရဲ့ သာယာချောမွေ့နေတဲ့ အိမ်ထောင်ရေးကို ရှုသွပ်မိုက်မဲစွာ၊ ဆင်ခြင်တုံတရားကင်းမဲ့စွာ သူမဘာသာ ဖျက်ဆီးပစ်ခဲ့တယ်။ ဇာတ်ရှုပ်တွေခင်းခဲ့တယ်။ နောက်ဆုံးမှာ အရာအားလုံး ဆုံးရှုံးသွားခဲ့ပါတယ်။ သူမကို ဒီလိုဖြစ်အောင် နှိုင်းစေတာကတော့ ပါပဂြိုဟ် အင်္ဂါ၊ စနေ၊ ရာဟုတို့ရဲ့ တူရာသီမှာ တစ်ပြိုင်နက်စုစည်းပြီး ကောဇာစီးခြင်းပါဘဲ။ ပါပဂြိုဟ်လောကမှာ ဒီဂြိုဟ်ဆိုး သုံးလုံးအပြိုင် ဒီပြင် သူတို့လိုဆိုးတဲ့ ဂြိုဟ်မရှိတော့ပါဘူး။ ဒါကို တခြား ဘယ်သောမဂြိုဟ်မှလည်း မကာယ်နိုင်ပါဘူး။ ထူးခြားတာကတော့ ပါပဂြိုဟ်သုံးလုံးရဲ့ စုစည်းပြီး မကောင်းကျိုးပြုအားဟာ တခြားဇာတာရှင်ဆိုရင် ဘာမှမဖြစ်နိုင်သလောက်ရှိပေမယ့် သူမရဲ့ မူလဇာတာမှာ အိမ်ထောင်ရေးမကောင်းကြောင်း ဖော်ပြနေတဲ့ စနေ+အင်္ဂါ ယှဉ်တွဲမှုအပေါ် စီးမြင်လိုက်တော့ အခိုးတကော့ [illegible] ဖြစ်ပါတယ်။ ဒါတောင် ကျွန်တော်တို့မသိသေးတဲ့ ဒီထက်ဆိုးဝါးမှုကံကြမ္မာတွေ ဇာတာရှင်မှာ ရှိနေနိုင်ပါသေးတယ်။ ဒီကောဇာ ပါပဂြိုဟ်တွေရဲ့ တူရာသီမှာ စုစည်းမှုအနေအထားကလည်း နောက်ထပ် နှစ် ၉၀ ကြာမှ ၈၁ ရက်ကြာ တစ်ခါပြန်ပေါ်ပေါက်နိုင်မှာပါ။ သူ့လောက်ဆိုးတဲ့သူလည်း မရှိနိုင်ပါဘူး။ ဒါကြောင့်လည်း ဒီဆောင်းပါးကို "စံပြုထိုက်တဲ့ ကံဆိုးသူ"လို့ ခေါင်းစဉ်တပ်မိခြင်း ဖြစ်ပါတယ်။ လတ်တလောမှာတော့ ဖြစ်နိုင်ရင် သူမရဲ့ခင်ပွန်းဟောင်းဇာတာကို ကျွန်တော် အသေးစိတ် စစ်ချင်စိတ်ပေါက်နေမိပါတယ်။

ဗုဒ္ဓဘုရားရှင် ဟောတော်မူခဲ့တဲ့ တရားတော်တွေမှာ သံသရာအကျိုးကိုင်ပြီး ဗေဒင်ပညာကို ပယ်တော်မူစေပါတယ်။ ပစ္စုပ္ပန်မှာပြုတဲ့ ကောင်းမှုကုသိုလ်အကြောင်းတရားတွေက ကောင်းတဲ့အကျိုးတရားတွေ ဖြစ်ပေါ်စေမယ်လို့ ဟောတော်မူပါတယ်။ အနာဂတ်မှာ ကံကိုဆက်တဲ့ တဏှာ၊ အတိတ်ကကံကို တွက်တဲ့ ဗေဒင်ပညာတို့ကို ပယ်တော်မူစေပြီး ပစ္စုပ္ပန်တည့်တည့်ကို ရှုခြင်းဖြင့် ကံကိုဖြတ်တဲ့ ဝိဓကို ကျင့်စဉ်နည်းလမ်းနှင့်တကွ လမ်းညွှန်တော်မူပါတယ်။ သို့သော်လည်း သံသရာထဲမှာ လှည့်လည်နေပြီး နိဗ္ဗာန်ကိုမငဲ့သေးဘဲ ကျွန်တော်ကတော့ ပဟေဠိဖြေသလို စိတ်ဝင်စားစရာကောင်းတဲ့ နက္ခဗေဒင်ပညာထဲမှာ ပျော်နေမိပါသေးတယ်။

နဂ္ဂယား

www.burmeseclassic.com

# စီးပွားရေးကောင်းစေသော ဆော်လမွန်ဘုရင်၏ အဆောင်

ကိုမောင်သန်းဝင်း

အနောက်တိုင်း ဂန္ဓာရီပညာရှင်များသည်လည်းကောင်း၊ ဘာသာရေးဆိုင်ရာ ယောဂီပုဂ္ဂိုလ်များသည်လည်းကောင်း၊ သင်္ကေတရုပ်(symbol)များကို လွှန်စွာမှ သုံးစွဲကြပေ၏။ ပုံစံအားဖြင့် ဖော်ပြရလျှင် ဆော်လမွန်ဘုရင်၏ ကြယ်ပွင့်ဟုခေါ်သော ငါးထောင့်ကြယ်ကို ကျန်းမာရေးကောင်းမွန်စေသော အဆောင် သရုပ်အဖြစ် အသုံးပြုကြလေ၏။

ပယောဂအတွက်အဖြစ်လည်း အသုံးပြုကြလေ၏။ ယင်းကြယ်ကိုပင် အချို့က 'လှပခြင်းကြယ်ပွင့်' ဟုလည်း အမည်တပ်ကြသေး၏။ တစ်ဖန် ဒေးဗစ်၏ ကြယ်ပွင့်ဟုခေါ်သော ခြောက်ထောင့်ကြယ်ကို ဖန်ဆင်းရှင်၏ သင်္ကေတ သရုပ်အဖြစ် မှတ်ယူကြပေ၏။

ကျွန်ုပ်သည် ဤသို့သော သရုပ်သင်္ကေတ (symbol)များကို လက်ဝယ်ပိုင်ပိုင် ရရှိထားလေ၏။ ယင်းသို့ ရရှိထားရခြင်းမှာ ကျွန်ုပ်၏အဘိုး ဒေးဗစ်ဆိုင်မွန်ကြောင့် ဖြစ်လေ၏။

အဘိုးသည် အနောက်တိုင်း၊ အရှေ့တိုင်း လောကီပညာရပ်များကို စိတ်ဝင်တစားရှိရာမှ ထိုထိုပညာရပ်များရှိရာ နေရာဒေသများစွာသို့ သွားရောက်လေ့လာခဲ့ဖူးလေ၏။ အဘိုး၏ မှတ်တမ်းများအရ အဘိုးသည် တိဗက်၊ အာဖရိက၊ မက်ဆိုပိုတေးမီးယား၊ အီရန် စသည်များသို့ ရောက်ခဲ့ လေ့လာခဲ့သည်ဟူ၏။

အဘိုး စုဆောင်းထားခဲ့သော သရုပ်သင်္ကေတ (symbol)များ အကြောင်းကို ဆက်ပါဦးမည်။ သရုပ်သင်္ကေတအားလုံးသည် ဂမ္ဘီရဆန်လှပါဘိတောင်း။ ယင်းတို့တွင် နေ့သားအလိုက် ဆောင်ရမည့် သရုပ်သင်္ကေတများ ပါရှိသလို ငွေကြေးနေ ပေါကြွယ်ဝစေသော အဆောင်၊ ရောဂါမဖြစ်အောင် ဆောင်သော အဆောင်၊ ဆေးဆရာများ၊ ဆံရာဝန်များ၊ ဆေးခန်းများတွင် ဆောင်ရမည့်အဆောင်၊ အတိတ်နိမိတ် ကြိုတင်သိစေသော အဆောင်၊ လာဘ်ရွှင်စေသော အဆောင်၊ လုပ်ငန်းဆောင်တာများ ချောမောစေသောအဆောင်၊ ပီယအဆောင်၊ စီးပွားရေးလုပ်ငန်းများ အောင်မြင်စေသော အဆောင် စသည်ဖြင့် စုံစီနဖာ ရှိနေလေ၏။

ဆော်လမွန်အဆောင်များကို ရှေးခေတ်အခါက ရွှေ၊ ငွေ၊ သံ၊ ကြေး၊ ဘော် စသည်တို့နှင့် ပြုလုပ်ဆောင်ကြကြောင်း မှတ်တမ်းပြုထားလေ၏။

ကျွန်ုပ်သည် ဆော်လမွန်အဆောင် သရုပ်သင်္ကေတများစွာအနက်မှ စီးပွားရေးလုပ်ငန်းများ အောင်မြင်စေသော အဆောင်ကို လွန်စွာစိတ်ဝင်တစား ရှိလေရာ မိတ္တူကူးစက်ဖြင့် ပုံကြီးချဲ့ကာ ကျွန်ုပ်၏ စားသောက်ဆိုင် အမြင့်တစ်နေရာတွင် ချိတ်ဆွဲထားရှိပြီး မိမိ၏ စားသောက်ဆိုင်လုပ်ငန်း အောင်မြင်စေကြောင်း ဆုတောင်းဆုယူပြုခဲ့လေ၏။

ကျွန်ုပ်၏ စားသောက်ဆိုင်မှာ တခြားသူတို့၏ စားသောက်ဆိုင်လောက် ဝင်ငွေမကောင်းလှ။ ဆော်လမွန်အဆောင် ထားရှိပြီး တစ်လကျော်ခန့်အတွင်း ထူးခြားမှု ရှိလာလေတော့၏။ ခြောက်လခန့်

www.burmeseclassic.com



ကုန်ပစ္စည်းများ ရောင်းကောင်းစေသော တံဆိပ်ဝိုင်း

တွင် ဆိုင်ခန်းကို တိုးချဲ့ရလေတော့၏။

သို့နှင့်မပြီး။ အသေးစားငွေချေးဌာနတစ်ခုတွင် ငွေချေးပြီး ဆိုင်ခွဲသုံးခုဖွင့်ကာ သားသမီးတို့အား ဦးဆောင်ဦးစီးပြုစေ၏။ သူတို့၏ ဆိုင်ခွဲများတွင်လည်း ဆော်လမွန်အဆောင်ကို ထားရှိစေလေ၏။ သို့ဖြင့် သူတို့၏ ဆိုင်ခွဲများသည်လည်း အောင်မြင်လေ၏။ နှစ်ကြာလာသည်နှင့်အမျှ အောင်မြင်မှုများလည်း တိုးတက်လာ၍ သားသမီးတို့တွင် တိုက်၊ အိမ်ကိုယ်စီ၊ ကားကိုယ်စီနှင့် ဖြစ်တည်နေလေ၏။

ထို့နောက် ကျွန်ုပ်သည် 'ကျွန်ုပ်၏ လုပ်ငန်းကို စိတ်ဝင်တစားရှိပါက ရှယ်ယာငွေ ထည့်ဝင်နိုင်ပါသည်' ဟု သတင်းစာတွင် ကြေညာလေရာ ရှယ်ယာဝင်လိုသူများ တဖွဲဖွဲ ရောက်လာကြလေ၏။

ချုပ်၍ဆိုရလျှင် ကျွန်ုပ်သည် ဆယ်နှစ်ခန့်အတွင်း သူကြွယ်တစ်ယောက် ဖြစ်တည်ခဲ့လေပြီ။ ဆိုရလျှင် ယခုရေးသား ဖော်ပြထားသော အဆောင်ပုံအရ စီးပွားရေး လုပ်ငန်းများ အောင်မြင်စေသော အဆောင်ကြောင့်ပါတည်း။

ကိုမောင်သန်းဝင်း

Ref; 'SUN' Dec 12-1994

လာဘ်မိုးစွေစာပေ

ရောင်ပြန် မဂ္ဂဇင်း

မြစ်မှူး မဂ္ဂဇင်း

စာမူကိစ္စ၊ ကြော်ငြာကိစ္စများကို
ဆက်သွယ်မေးမြန်းလိုလျှင်
နံနက် ၁၀ နာရီမှ
နေ့လည် ၂ နာရီအတွင်း
အောက်ပါလိပ်စာအတိုင်း
ဆက်သွယ်နိုင်ပါသည်။
(အစိုးရ ရုံးပိတ်ရက်များ ပိတ်ပါသည်)

တိုက်-၂၇၊ အခန်း-၁၂၊
၅၂-လမ်း(အောက်)၊ ပုဇွန်တောင်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
၀၉-၄၂၁၀၀၅၉၂၅၊ ၀၉-၅၀၉၂၄၇၇



www.burmeseclassic.com

www.burmeseclassic.com



# အရေတော်လှစွာ ဗုဒ္ဓဘာသာ

■ တက္ကသိုလ်မျိုး

ဦးမျိုးတစ်ယောက် အားလပ်နေ၍ ဂျာနယ်တစ်စောင် ဖတ်နေပါသည်။ အိမ်ပေါ်သို့ ခြေသံပြင်းပြင်းနှင့် တက်လာသော သားကြီးအောင်အောင်ကို လှမ်းကြည့်လိုက်ရင်း -

"မောင်အောင် မင်းမိန်းမ မွေးပြီလား"

"ဒီနေ့မနက်တုန်းပဲ မွေးတယ်"

"ဘာလေးလဲ"

"ဒီတစ်ခါလည်း မိန်းကလေးပဲ"

မောင်အောင် မိတ်ပျက်သက်ပျက် ဖြစ်နေပြီး အိမ်ခန်းအတွင်း ဝင်သွားသည်ကို ဦးမျိုးကြည့်နေမိသည်။ ဒီတစ်ခေါက်နှင့်ဆို မောင်အောင်မိန်းမမွေးထားသော မိန်းကလေးသုံးယောက် ရှိသွားပြီဖြစ်သည်။ မောင်အောင် ယောကျ်ားလေးကို ချင်နေသည့်မှာ ထင်ရှားသောကိစ္စ ဖြစ်သည်။

မောင်အောင် အိမ်ခန်းအတွင်းမှ ခေါင်းအုံး ပြင်ဆောင်နှင့် ထွက်လာပြီး ပုနေသောပြီး ပြန်ထွက်လာသည်။ ဦးမျိုး အနေနှင့် သားဖြစ်သူကို အားပေးစကား ပြောလိုက်မိသည်။

"ဘာလဲကွ ယောကျ်ား ကိုယ်သားသမီး ကိုယ်ချစ်ရမှာပေါ့ကွ"

"ဖေဖေရဲ့ ယောကျ်ားလေးတော့ လိုချင်တာပေါ့ အဖေရေး ဒီတိုင်းဆို ဒီတစ်ယောက်မွေးပြီး သားကြောင့် မှာဆိုတော့ ကျွန်တော်အဖေ့ အိမ် ခံစားရတာပါ"

www.burmeseclassic.com

www.burmeseclassic.com

သားမောင်သော် စိတ်မကောင်း သည့်လေသံနှင့် ပြောကြားရင်း နေအိမ်မှ ထွက်ခွာသွားသည်။ ဦးမျိုးတစ်ယောက် သားဖြစ်သူ၏ ဖြစ်အင်ကို ကြည့်ပြီး ပြုံးနေမိသည်။ နှုတ်မှလည်း

"ဒီကောင် မြန်မာပြည်မှာလူလာဖြစ်တာ တော်တော်ကံကောင်းတယ်။ အိန္ဒိယနိုင်ငံမှာသာ လူဖြစ်ရင်တော့ ဒီကောင် အခုထက် ဆယ်ဆလောက် ခံစားသွားရမယ်"

ဟု အသံထွက်အောင် ပြောလိုက်လေသည်။

■ ■ ■

(၂)

ဦးမျိုးသည် ပြီးခဲ့သည့်ခြောက်လလောက်က ဇနီးဖြစ်သူနှင့်အတူ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာသို့ ဘုရားဖူးရောက်ခဲ့သည်။ သံဝေဇနီယ လေးဌာန ဘုရားဖူးခရီးစဉ်၌ ဗုဒ္ဓဂယာမှ ၁၅၇ မိုင် ကွာဝေးသော ဗာရာဏသီခရီးစဉ် ပါဝင်သည်။ ဂယာမှ ဗာရာဏသီခရီးစဉ်၌ ခြောက်လမ်းသွား ဟိုင်းဝေးလမ်းမကြီးမှာ အတော်ကောင်းမွန်သည်။ အသွားသုံးလမ်း၊ အပြန်သုံးလမ်း ဖောက်လုပ်ထားရာ အပေါ်ယံကြည့်ပါက ခရီးအတော်တွင်မည်ဟု မှတ်ထင်ရသော်လည်း ကားအသွားအလာ အလွန်များ၍ ခရီးတင်သလောက် မပေါက်ပေ။ အထူးသဖြင့် ကုန်တင်ကားကြီးများ အဆက်မပြတ် သွားလာနေ၍ တစ်စီးနှင့်တစ်စီး ကျော်တက်မောင်းရသဖြင့် ခရီးသိပ်မတွင်ခြင်းဖြစ်သည်။ မြို့အဝင်မြို့အထွက် တချို့နေရာများ၌ ယာဉ်ပိတ်ဆို့မှုနှင့် ကြုံကြရသည်။

ဦးမျိုးတို့ ဘုရားဖူးယာဉ်မှာ ခရီးသည် ၃၅ ယောက်ဆံ့သည့် အဲယားကွန်း ဘတ်စ်ကားဖြစ်သည်။ အိန္ဒိယနိုင်ငံလုပ် တာတာဘတ်စ်ကား ဖြစ်သည်။ လေအိတ်တပ်ဆင်ထားခြင်း မရှိသော်လည်း လေအိတ်ကားနီးပါး ငြိမ်ညောင်းလှသည်။ ကားအောက်ပိုင်း၌ ကုန်ပစ္စည်းများ တင်ဆောင်နိုင်သော အခန်းပါဝင်၍ လူစီးသည့် ထိုင်ခုံနေရာသည် အတော်မြင့်၏။ ဘေးပတ်ဝန်းကျင်ကို ကောင်းစွာ ကြည့်ရှုလေ့လာနိုင်သည်။

ဦးမျိုးတို့စီးလာသည့် ဘတ်စ်ကားသည် မြို့ငယ်တစ်မြို့အဝင်၌ လမ်းကြောင်းပိတ်ဆို့နေ၍ ဖြည်းဖြည်းချင်းသာ မောင်းနေရသည်။ ထိုစဉ် ဘတ်စ်ကားဘေး၌ယှဉ်လျက် အမိုးမပါ ပစ်ကတ်ကားအရှည်တစ်စီး လာရပ်သည်။ ကားပေါ်၌ လူအတော်များများ ဝတ်ကောင်းစားလှ အိန္ဒိယဝတ်စုံများကို ဝတ်ဆင်ထားကြသည်။ ထိုလူများကြားတွင် မော်တော်ဆိုင်ကယ် အသစ်တစ်စီး၊ မှန်တင်ခုံအသစ်တစ်လုံး၊ သံသေတ္တာ ငါးလုံး၊ အခြားအိမ်အသုံးအဆောင်ပစ္စည်းများတင်ထားသည်။ ကားရှေ့ခန်း၌ ပြီးလိမ်းခြယ်ထားသည့် အိန္ဒိယ အမျိုးသမီးငယ်တစ်ယောက်နှင့် သူ့ဘေးတွင် အဖေ၊ အမေဖြစ်ဟန်တူသည့် အမျိုးသားကြီးတစ်ဦးနှင့် အမျိုးသမီးကြီးတစ်ဦးတို့ ကျပ်ကျပ်တည်းတည်း ထိုင်လျက် လိုက်ပါလာသည်။ ဦးမျိုးတို့ ကားပေါ်၌လိုက်ပါသည့် ခေါင်းချုပ်သော ဘုရားဖူးအဖွဲ့ဒိုင်ရှင်ဖြစ်သူ ဒေါ်သဝင် မြင့်အောင်က -

"ဘုရားဖူးများ ကြုံကြိုက်တုန်း ဘေးကကားကိုကြည့်ကြပါ။ အိန္ဒိယနိုင်ငံ ဟိန္ဒူဘာသာဝင်တွေရဲ့ မင်္ဂလာဆောင်နဲ့ ပတ်သက်တဲ့ ဓလေ့တစ်ခုပါ။ အခုတွေ့ရတာက သတို့သမီးကို သတို့သားရဲ့အိမ်ရှိရာ သတို့သမီးမိသားစု ဆွေမျိုးအသိုင်းအဝိုင်းတွေက ပို့ဆောင်တဲ့ကားပါ။ အခုတွေ့နေရသလို သတို့သမီးမိဘတွေက ပစ္စည်းအစုံအလင်နဲ့ သူတို့သမီးကို သတို့သားအိမ်ကို ပို့ဆောင်ပေးရတာပါ။ သမီးရှင်အနေနဲ့ သတို့သားရဲ့ အရည်အချင်း၊ ပညာဂုဏ်၊ မိဘအသိုင်းအဝိုင်းကိုလိုက်ပြီး ထိုက်ထိုက်တန်တန် ပစ္စည်းနဲ့ တင်တောင်းကြရပါတယ်။ သတို့သမီးဘက်က တင်တောင်းမယ့်၊ တစ်နည်းပြောရရင် လက်ဖွဲ့မယ့်ပစ္စည်းအပေါ် သတို့သားဘက်က ကျေနပ်မှ လက်ခံမှ မင်္ဂလာဆောင်ဖြစ်ပါတယ်၊ ဒါကြောင့် အိန္ဒိယနိုင်ငံမှာ သမီးများများမွေးတဲ့ သမီးရှင်တွေဟာ ဥစ္စာပြည့်စုံအောင် ရှာဖွေစုဆောင်းရပါတော့တယ်၊ သမီးအိမ်ထောင်ပြုတဲ့အခါ မျက်နှာမငယ်အောင်ရယ်၊ သမီးနဲ့ထိုက်တန်တဲ့ သမက်ရဖို့ရယ်ပါ။ တချို့ စီးပွားဥစ္စာကလည်း မပြည့်စုံ၊ သမီးကလည်း အများကြီးမွေးမိတဲ့ မိဘတွေဆိုရင် နောက်ဆုံး သေကြောင်းကြံတဲ့အထိ ဖြစ်ကြပါတယ်"

ဒေါ်သဝင်မြင့်အောင် စိတ်ရှည်လက်ရှည်ရှင်းပြနေသည်ကို နားထောင်ရင်း ဘေးတစ်ဖက်မှကားကို လှမ်းကြည့်မိလိုက်သည့်အခါ ဦးမျိုး ပို၍သနားသွားပါသည်။ ဦးမျိုးခုံနောက်



www.burmeseclassic.com

www.burmeseclassic.com

ဘက်၌ လိုက်ပါလာသည့် အောင်ချမ်းသာဘုရားဖူးအဖွဲ့မှ ဝေယျာဝစ္စလိုက်ပါလုပ်ဆောင်ပေးနေသည့် အိန္ဒိယအမျိုးသားလေး "ဒွေး"ဆိုသူကလည်း ဗမာစကား မပီတပီဖြင့် -

"အိမ်ထောင်ကျပြီးရင် သတို့သမီးက သူ့ယောက်ျားအိမ်မှာ လိုက်နေရတယ်။ ယောက်ျားနဲ့ ယောက္ခမအပြင် အိမ်မှုကိစ္စတွေအားလုံး လုပ်ပေးရတယ်။ မိဘအိမ်တောင် ယောက်ျား၊ ယောက္ခမ ခွင့်မပြုရင် မပြန်ရ၊ မလည်ရဘူး"

ဟု ဒွေးစကားကြားမိသော ဦးမျိုးသည် တရုတ်ပြည်၌လည်း မိန်းကလေးတို့၏ဘဝသည် အိန္ဒိယနိုင်ငံနှင့် မခြားပါလားဟု တွေးနေမိသည်။

ထိုအတွေးများနှင့်အတူ ငါတို့မြန်မာနိုင်ငံသား အမျိုးသမီးများ၏ဘဝနှင့် နှိုင်းယှဉ်ကြည့်မိသည်။ ငါတို့မြန်မာနိုင်ငံဖွား မိန်းကလေးများ၏ ဘဝကား လွတ်လပ်ပါဘိ။ လိင်ခွဲခြား နှိမ့်ချခံရမှုကင်းပါဘိ။ သမီးရှင်တို့အနေနှင့် စိတ်ချမ်းသာစရာကောင်းပါဘိဟု မှတ်ချက်အခါခါ ချနေမိသည်။

ဦးမျိုးတို့ မြန်မာနိုင်ငံတော်ဝယ် သတို့သားဘက်က များသောအားဖြင့် သတို့သမီးရှင်မိဘများထံ တင်တောင်းရိုးရှိကြသည်။ ချမ်းသာသူတို့အနေနှင့် စိန်တစ်ဆင်စာ၊ တိုက်တစ်လုံး၊ ကားတစ်စီး လက်ဖွဲ့မည်ဟူ၍လည်းကောင်း၊ မင်္ဂလာအခမ်းအနား ကုန်ကျစရိတ်တာဝန်ယူမည်ဟူ၍လည်းကောင်း သတို့သားမိဘအဆင့်အတန်းလိုက်၍ တောင်းရမ်းယူတတ်ကြသည်။ အိမ်ထောင်ပြုပြီး နေရေးထိုင်ရေးနှင့် ပတ်သက်၍လည်း သတ်သတ်မှတ်မှတ်မရှိ။ ဆိုရိုးစကားတော့ ရှိသည်။

"သျှောင်နှောက် ဆံထုံးပါ"ဟူသော စကားအရ ယောက်ျားလေးအိမ် မိန်းကလေးလိုက်နေတတ်သည်။ ယခုခေတ်၌ အဆင်ပြေသလို နေတတ်ကြသည်။ ဇနီးမောင်နှံ သီးခြားအိမ်ခွဲနေတတ်ကြသလို တချို့လည်း မိန်းကလေးအိမ် လိုက်နေမှုမျိုးလည်းရှိတတ်သည်။ အိန္ဒိယနိုင်ငံ ဓလေ့ထုံးစံနှင့် ကွာခြားပါဘိ။ မြန်မာနိုင်ငံသား မိန်းကလေးဖြစ်ရတာ ကံကောင်းလေစွဟု ဦးမျိုး မှတ်ချက်ချမိသည်။

■ ■ ■

(၃)

ဦးမျိုး၏ စိတ်အစဉ်သည် အိန္ဒိယနိုင်ငံသို့ ရောက်နေရာမှ ပြန်လည်သတိဝင်လာသည်။ သားကြီးမောင်သော်နှင့် ပတ်သက်၍ ဆက်လက်အတွေးဝင်လာသည်။ ဦးမျိုး၌ သားသုံးယောက်ထွန်းကားခဲ့သည်။ မောင်သော်ကား အကြီးဆုံး။ ခင်မောင်မော်ကအလတ်။ ခင်မောင်ကျော်က အငယ်ဆုံး။ ဦးမျိုးအနေနှင့် သားသုံးယောက်၏ ပညာရေးကို အထူးအားပေးခဲ့သည်။ ခင်မောင်သော်နှင့် ခင်မောင်မော်က ဆေးကျောင်းတက်ပြီး ဆရာဝန်များဖြစ်လာသည်။ ခင်မောင်ကျော်က အင်ဂျင်နီယာဖြစ်လာသည်။ သားသုံးယောက် ပညာရေးအတွက် ဦးမျိုး အတော်ကုန်ကျခဲ့သည်။ ကျူရှင်ခေတ်စားသည့်ကာလမို့ သူငယ်တန်းမှ ဘွဲ့ရသည်အထိ ကျူရှင်ထားပေးရသည်။ ဦးမျိုးလို ကုမ္ပဏီပိုင်ရှင်၊ သွင်းကုန်ထုတ်ကုန် လုပ်ငန်းပိုင်ရှင်တစ်ဦးအနေဖြင့် ငွေကို ရေလိုသုံး၍ သားများပညာရေး ဖြည့်ဆည်းပေးရသည်။

သားသုံးယောက်စလုံး ဘွဲ့ရပညာတတ်များ ဖြစ်လာပြီးနောက် အသီးသီးလုပ်ငန်းခွင်ဝင်ကြသည်။ ခင်မောင်သော်က ဆရာဝန်ဖြစ်ပေမယ့် ဆရာဝန်အလုပ်မလုပ်။ ကားဝယ်ရောင်းလုပ်သည်။ ခင်မောင်မော်ကလည်း သူ့အစ်ကိုကြီးလို ဆရာဝန်မလုပ်။ ဆောက်လုပ်ရေးကန်ထရိုက်လုပ်သည်။ အငယ် ခင်မောင်ကျော် တစ်ယောက်ကတော့ စင်္ကာပူ၌ မဟာဘွဲ့ ဆက်လက်သင်ရန် ထွက်သွားသည်။ ဦးမျိုးမှာ သားသုံးယောက်အတွက် အရင်းအနှီး၊ ပညာသင်စရိတ် ပေး၍မဆုံး၊ ကုန်၍မဆုံး ရှိတော့သည်။

ဦးမျိုးအတွက် ထပ်မံကုန်ကျသည်ကတော့ ခင်မောင်သော်နှင့် ခင်မောင်မော်တို့ မင်္ဂလာဆောင် ကုန်ကျစရိတ်ပင် ဖြစ်တော့သည်။ ခင်မောင်သော်ယူမည့် မိန်းကလေးက သူနှင့်တစ်တန်းတည်းဖြစ်သူ ဝေဝေထွန်း ဖြစ်သည်။ ဆရာဝန်မဂုဏ်နှင့် လိုက်ဖက်အောင် ဦးမျိုးက ဆီဒိုးနားဟိုတယ်၌ မင်္ဂလာဆောင်ပေးရသည်။ နေရေးထိုင်ရေးအတွက် ဦးမျိုး၏ခြံဝင်းအတွင်း၌ တစ်ထပ်တိုက်တစ်လုံး သီးခြားဆောက်ပေးရသည်။ ဒါတင်မက ယာဉ်ကလေး သုံးယောက်ရသည့်တိုင်အောင် ဦးမျိုးအိမ်၌ပင် စားမြဲသောက်မြဲဖြစ်သည်။

အလတ်ကောင် ခင်မောင်သော်ကလည်း ဦးမျိုးတို့နေထိုင်ရာ တစ်ခြံကျော်မှ မိန်းကလေးနှင့် အိမ်ထောင်ကျ



www.burmeseclassic.com

www.burmeseclassic.com

သည်။ သူ့ကိုလည်း ထရိုက်ဒါးဟိုတယ်၌ မင်္ဂလာဆောင်ပေးရသည်။ နေရေးအတွက်လည်း ဦးမျိုးခြံအတွင်း၌ပင် မြေလွတ်တစ်နေရာ၌ တစ်ထပ်တိုက်တစ်လုံး ဆောက်ပေးရသည်။ ခင်မောင်မော်က ခင်မောင်သော်ထက် တစ်ချက်သာသွားသည်ကတော့ အိုးခွဲစားခြင်းဖြစ်သည်။ သူ့စိတ်ကြိုက် စားလိုရာ စားနိုင်ရန် အိုးခွဲစားခြင်းဖြစ်သည်ဟု ခင်မောင်မော်က ကြွေးကြော်ခဲ့သည်။ ဒါကိုပင် ဦးမျိုး တွေးငူးထပ်ထပီတင်နေမိသည်။

အိန္ဒိယမှပြန်ရောက်ပြီး ဦးမျိုးသည် "ငါသာ တခြားတိုင်းပြည်မှာ လူဖြစ်ရလျှင်"ဟူသောအတွေးဖြင့် စိတ်ကြီးဝင်နေမိသည်။ သားသုံးယောက်ဖခင်၊ ပညာတတ်သားများ၏ ဖခင်ဟူသော ဂုဏ်ဒြပ်များကြောင့် မျက်နှာအလွန်ပွင့်မည်ကိုလည်း တွေးတောနေမိသည်။

ဦးမျိုး အတွေးနယ်ကျွံရင်း ပက်လက်ကုလားထိုင်ပေါ်၌ မှေးခနဲ အိပ်ပျော်သွားသည်။ အိမ်ရှေ့ အလူမီနီယံတံခါးဖွင့်ပြီး သားကြီးခင်မောင်သော်ဝင်လာမှ နိုးလာသည်။

"မောင်သော်• • •မင်းမိန်းမရော၊ ကလေးရော နေကောင်းတယ် မဟုတ်လား"

"နေကောင်းကြပါတယ်။ ဒါပေမယ့် ကျွန်တော် ယောက်ျားလေးလိုချင်တာမရလို့ စိတ်မကောင်းဘူး အဖေရာ"

"မောင်သော်• •မင်း မိန်းကလေးတွေချည်းမွေးလို့ မင်းကို ဘာထိခိုက်စရာရှိလို့လဲကွာ။ အခုခေတ်မှာ မိန်းကလေးကမှ အထိန်းအနှံ့ကျောင်းရသက်သာတာ။ ယောကျ်ားလေးဆိုအပေါင်းအသင်းများမှာစိုးရ၊ ဆေးစွဲမှာစိုးရနဲ့ မင်းဒုက္ခရောက်မှာ"

ဦးမျိုး ဘယ်လိုပင် တရားပြစေကာမူ မောင်သော် သဘောမတွေ့ပါ။ မျက်နှာသုန်သုန်မှုန်မှုန်နှင့် -

"ဒီတစ်ခါ ယောကျ်ားလေးပဲဆိုပြီး အာထရာဆောင်းတောင်မရိုက်ဘဲ မွေးမှသိချင်တာနဲ့ မျှော်လင့်နေခဲ့တာ။ ကျွန်တော်တို့ကိုက ကံဆိုးပါတယ်"

မောင်သော့်စကား ကြားမိလေသောအခါ ဦးမျိုး မနေသာတော့ဘဲ -

"မောင်သော် မင်း မြန်မာပြည်မှာ လူဖြစ်တာ သိပ်ကံကောင်းတယ်။ အိန္ဒိယနိုင်ငံမှာဆိုရင် မင်းဘဝ မဈေးဝိုစရာပဲ။ မင်း သမီးသုံးယောက် အိမ်ထောင်ရေးအတွက် မင်းရှာပေတော့။ သမက်ထိုက်ထိုက်တန်တန်ရအောင် သမက်ကို တင်တောင်းဖို့ မင်းရှာရတော့မယ်။ အခု မင်း မြန်မာပြည်မှာလည်း လူလာဖြစ်တယ်။ လူဖြစ်တော့လည်း ဗုဒ္ဓဘာသာ ဗမာလူမျိုးဖြစ်ပြန်တယ်။ ဒါကြောင့် မင်းသိပ်ကံကောင်းတယ်။ ငါတို့နိုင်ငံ ငါတို့လူမျိုးမှာ လိင်ခွဲခြားပြီး နှိမ့်ချဆက်ဆံတာ မရှိသလောက်ဖြစ်တော့ သမီးမွေးလည်း ဘာမှမဖြစ်ပါဘူးကွာ။ ကိုယ့်သားသမီးက ကိုယ့်သားသမီးပဲ။ ဘာလေးဖြစ်ဖြစ် ချစ်ရမှာပဲ"

ဦးမျိုးက သားကြီးမောင်သော်ကို အိန္ဒိယနိုင်ငံ လူနေမှုကို နမူနာထား၍ သဘောပေါက်အောင် ပြောနေသော်လည်း မောင်သော်က သဘောမပေါက်။ သူလိုချင်တာမရ၍ မောင်သော် မကျေနပ်။ ဒါကြောင့် စောဒကတက်ပြန်သည်။

"အဖေ စဉ်းစားကြည့်ပါ။ အဖေတို့၊ အမေတို့ကလည်း ယောကျ်ားလေးချည်း သုံးယောက်မွေးခဲ့လို့၊ ဖေဖေတို့ဘက်ကလည်း မောင်နှမ[illegible]ယောက်မှာ ဝေဝေတစ်ယောက်ပဲ မိန်းကလေး။ ကျွန်တာ ယောကျ်ားလေးတွေပဲ။ ကျွန်တော့်ကျမှ ကံဆိုးတာပါ အဖေရာ"

ဦးမျိုး မနေသာတော့ပေ။ ဒီတစ်ခါ မောင်သော် သဘောပေါက်အောင် ပြောရပေတော့မည်။

"မောင်သော်• • •မင်း သေသေချာချာနားထောင်။ ယောကျ်ားလေးတွေချည်းမွေးလို့ မင်းအဖေ ငါ ဂုဏ်ယူဝမ်းသာမယ် မင်းထင်လို့လား။ 'ငါဂုဏ်မယူနိုင်ဘူးကွ။ မင်းတို့တောင်းသလောက်ပေးနိုင်အောင် ငါမှာ နည်းမျိုးစုံနဲ့ ရှာရဖွေရတာ။ အခု အသက်ခြောက်ဆယ်ကျော်၊ ခုနစ်ဆယ်နီးပါးအထိပဲ။ နောက်ပြီး မင်းတို့အနေနဲ့ အဖေရယ်၊ အမေရယ်ဆိုပြီး နှင်းနှိပ်ပြုစုပေးတာ ဘယ်နှခါ ရှိဖူးလို့လဲ။ ငါမှတ်မိသလောက်ပြောရရင် တစ်ခါမှမရှိဘူး။ သမီးမိန်းကလေးမွေးထားရင် အမေ၊ အဖေ အပေါ် အံလိုက်သိသိနဲ့ ပြုစုချင်ပြုစု[illegible]မှာ။ တကယ်တော့ မင်းတို့ယောကျ်ား[illegible]လေးတွေ မွေးရတာ ငါတို့နာတယ်[illegible] ငါတို့က အပေးချည်းပဲ"

ဦးမျိုး စိတ်ထဲရှိသမျှ ပြောလိုက်[illegible]ရ၍ စိတ်အတော်ရှင်းသွားသည်။ ဦး[illegible] စကားကြားမိသည့် မောင်သော်အ[illegible] နှင့်ကား သားယောကျ်ားလေးလိုချ[illegible] သောစိတ်များ ဘယ်ရောက်သွားမှ[illegible] မသိအောင် ဖြစ်မိပေတော့သည်။

တက္ကသိုလ်[illegible]



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်ုပ်နှင့် ထူးဆန်းအံ့ဖွယ်ရာ ဝိဇ္ဇာကြီးများ

## (၂၀)

ပထမံဆရာကြီးဦးအောင်သူ

အံ့ဖွယ်ထူးဆန်း ဝိဇ္ဇာကြီးများသည် ဤလူ့လောကတွင်ရှိနေကြသေးသည်။ အချို့သော ဝိဇ္ဇာကြီးများသည် အရှင်ထွက်ပျောက်ခဲ့သော ဝိဇ္ဇာတို့စံမြန်းရာ စိမ့်ကြီးမြိုင်ကြီး ဂန္ဓမာဒန်တောင်ကြီးအတွင်းရှိ လူသူမနီး တောကြီးမျက်မည်းအတွင်းရှိ လိုဏ်ဂူထဲတွင်တစ်မျိုး၊ သစ်ခေါင်းတွင်းကိုမှီ၍၊ သစ်ခက်၊ သစ်ရွက်တို့ကို အမိုးအကာလုပ်၍ ဝါးကျောင်းဖြင့် စံပျော်၊ တောပျော်သူတော်စင် ရသေ့ရဟန်းတို့လည်း ရှိကြ၏။

မိမိကိစ္စမပြီးသေး၍သော် လည်းကောင်း၊ ကုန်းကြောင်းလျှောက်သွား သတ္တဝါများကို ကယ်တင်ရင်း ဘုရားတည်ကျောင်းဆောက်ရင်း သာသနာပြုနေကြသော မြေလျှောက်ဝိဇ္ဇာကြီးများလည်း ရှိနေကြသည်။

ဝိဇ္ဇာလမ်းလိုက်သော ပုဂ္ဂိုလ်တို့သည် မိမိတို့၏ အထုံရေစက်အလိုက်ဖြစ်စေ၊ ဝါသနာအလိုက်ဖြစ်စေ၊ ရှေးဆရာမြတ်တို့၏ လမ်းစဉ်အတိုင်း အင်းဝိဇ္ဇာဖြစ်ရန်၊ အင်းပညာ လေ့လာလိုက်စားခြင်း၊ ဆေးဝိဇ္ဇာဖြစ်ရန် ဆေးများကိုရှာဖွေထုထောင်းဖော်စပ်၍ အသက်ရှည်ရန် ကြံစည်တွေးဆ သိဒ္ဓိရကာ သတ္တဝါများလည်းကယ်၊ ဝိဇ္ဇာနယ်ကို အရောက်သွားရန် လူဝိဇ္ဇာကြီးများလည်း ရှိနေကြ၏။

ဤနေရာတွင် ကျွန်ုပ် ယခုတင်ပြလိုသည်က ဆေးပညာအကြောင်း၊ ဆေးစွမ်းအကြောင်း၊ တစ်နည်း ခက်ခဲနက်နဲ ဂမ္ဘီရနယ်ပယ်ထဲမှ ထွက်ရပ်ပြီး မြောက်ပုဂ္ဂိုလ်ထူးကြွရောက်လာပြီး လက်ဝါးချင်းရိုက်ပေးလိုက်သော ပညာကို ခံယူရရှိလိုက်သော ပုဂ္ဂိုလ်ကြီးအကြောင်းဖြစ်သည်။ ထိုပုဂ္ဂိုလ်ကြီးကား ဆရာကြီးဦးရှိန်းပင် ဖြစ်ပေသတည်း။

ထို့နောက် ကြွရောက်လာသော ပုဂ္ဂိုလ်ထူးမှ ပန်းသီးနှင့်အလွန်တူသော်လည်း ပန်းသီးမဟုတ်သော သစ်သီးတစ်လုံးပေး၍ ချက်ချင်းစားစေသည်။ ဆရာကြီးသည် ချက်ချင်းစားလိုက်ရာ စားဖူးသမျှ သစ်သီးများနှင့် ခြားနားသော အရသာရှိသည်ကို ထူးထူးခြားခြား သတိပြုမိ၏။

ထို့နောက် ပုဂ္ဂိုလ်ထူးက စကားဆိုလိုက်သည်။

"မောင်ရှိန်း မင်းကို အဘာရဲ့ပညာတွေ လွှဲပေးလိုက်ပြီးပြီ။ ဒီကနေ့ကစပြီး မင်းဟာ သာမန်လူတစ်ယောက်မဟုတ်တော့ဘူး"စသည်ဖြင့် ပုဂ္ဂိုလ်ထူးမှ မှာကြားလေရာ နောက်မှ အိပ်မက်မှန်းသိရသည်ဟု ဆိုပါသည်။

ဤသည်၏ နောက်ပိုင်း နှစ်အတော်ကြာသောအခါ ဆရာရှိန်းသည် ရှမ်းနယ်တစ်ခွင်သို့ သွားရောက်ဆေးကုသခဲ့သည်။ ဥစ္စာစောင့်၊ သိုက်ဆက်၊ လူဝင်စား စသည်တို့ကို ကုသခဲ့ကြောင်းသိရ၏။ ၁၉၅၃ ခုနှစ်တွင် ဆရာရှိန်းသည် ဘုန်းတော်ကြီးဦးဝါယမနှင့် လူပုဂ္ဂိုလ် ဦးဘောဂတို့ထံမှ လျှို့ဝှက်ဆန်းကြယ်သော ပညာရပ်များ၊ တန်ခိုးသိဒ္ဓိနှင့်သက်ဆိုင်သော ကိစ္စများကို ထပ်မံသင်ယူ တတ်မြောက်ခဲ့သည်ဟု ဆို၏။

ကျွန်ုပ်သည် ဆရာကြီးရှိန်းထံသို့ အခါအားလျော်စွာ သွားရောက်၍ တွေ့ဆုံဆွေးနွေးရာ ဆရာရှိန်းမှ မာန်မာနမရှိဘဲ ပျူပျူငှာငှာ လက်ခံတွေ့ဆုံ၍ ၎င်း၏ နာမည်ကျော် ရွှေပြာဆေးအကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com

ပြောပြရာတွင် နိုင်ငံခြားတိုင်းပြည်ဖြစ်သော ဂျပန်၊ ထိုင်း၊ ဆွစ်ဇာလန်၊ ဆိုဗီယက်၊ အမေရိကန်၊ အင်္ဂလန် စသော နိုင်ငံများမှ ရွှေပြာဆေးကို မှာယူသုံးစွဲ၍ ရောဂါဆန်းများကို ပျောက်ကြောင်း ပြောပြလေ့ရှိပါသည်။

## အံ့ဖွယ်ရွှေပြာ

ရှင်းအပြင် ရွှေပြာလုပ်နည်းကိုင်နည်းနဲ့ ပတ်သက်လို့ အသေးစိတ်အချက်အလက်များကို ဆရာကြီးရှိန်းနှင့် တွေ့ကြုံခိုက် အသေးစိတ်မေးမြန်းသည်များကို ပြန်လည်ဝေမျှလိုပါ၏။ ယနေ့ နာမည်ကြီးနေသော ဆရာကြီးရှိန်း၏ ၉၆ ပါးသောရောဂါ ပျောက်စေရုံသာမက နပျိုစေ၊ ခွန်အားတိုးစေသည့် ရွှေပြာဆေးသည် မြန်မာတိုင်းရင်းဆေးလို့လည်း ပြောလို့မရသလို (Chemical)များနှင့် ဖော်စပ်သည့် အင်္ဂလိပ်ဆေးများနှင့်လည်း လားလားမျှ မဆိုင်ပေ။ ရွှေပြာဆေးသည် စင်စစ်ကား သာမန်ဆေးမဟုတ်။ အဂ္ဂိရတ်ဆေးစစ်စစ်ဖြစ်လေသည်။

ရွှေပြာ၏ အဓိကကုန်ကြမ်းသည် ပြဒါးပျံဖြစ်သည်။ ရှမ်းပြည်လိုနေရာမျိုး ဆောင်းတွင်းတွင် ကောင်းကင်၌ပျံတက်သည့် ပြဒါးကို အမဲသားကျွေး၍ ဖမ်းထားရခြင်း ဖြစ်သည်။ ပြဒါးပျံကိုဖမ်းရခြင်းသည် လွယ်ကူသောအလုပ်မဟုတ်ပါ။ ပြဒါး၏ သဘောသဘာဝသည် ပုံမှန်အားဖြင့် အတားအဆီးများကို ကျော်ဖြတ်နိုင်သော အစွမ်းသတ္တိရှိလေသည်။ ဖမ်းပြီးသော်လည်း ပျံပြေးနိုင်သေးသည်။ ထိုကဲ့သို့ ပျံမပြေးနိုင်စေရန် အစီအမံအတားအဆီးများဖြင့် စနစ်တကျဖမ်းရခြင်း ဖြစ်၏။ အဓိကစီမံထားသည်ဆိုသည်မှာ အဂ္ဂိရတ်အောင်ထားသော ဓာတ်လုံးဖြစ်သည်။ ပြဒါးမှန်လျှင် အဆိပ်ရှိလေသည်။ လူကို အကျိုးမပေးဘဲ သေစေသည်အထိ ဖြစ်စေနိုင်သည်။

သတ္တုမှန်က သတ္တုခဆိပ်တော့ အနည်းအများရှိတတ်သည်။

ထိုဖမ်းထားသော ပြဒါးပျံကို သေအောင်ဖုတ်ရသည်။ လုပ်ငန်းစဉ်သည် အချိန် နှစ်နှစ်ခန့်ပေးရသည်။ ဖုတ်သည့်အခါတွင် မြေပြင်တွင်ဖုတ်လို့မရဘဲ တောင်ပေါ်တွင်သာ ဖုတ်လို့ရသည်။ ထိုကဲ့သို့ နှစ်နှစ်ကြာမျှဖုတ်မှ ပြဒါးပျံမှာ သေသွားပြီး မပျံနိုင်သောအဆင့်သို့ ရောက်လေသည်။ ထိုသေသွားသော ပြဒါးမှ ဓာတ်လုံးတစ်လုံးရောပြီး ပြာဖြစ်အောင်လုပ်ရသည်။ ထိုပြာကို တစ်လတိတိ ဖွဲနှင့်ရောပြီး အဆိပ်ကိုထုတ်ရသေးသည်။ ထိုလုပ်ငန်းစဉ်များအားလုံးသည် အဂ္ဂိရတ်လုပ်ငန်းများပေါ်တွင် အခြေခံ၍ စင်သည်အထိ အဆိပ်ကင်းသွားမှ ထိုပြဒါးသည် လူကိုပါ အကျိုးပြုနိုင်သည်။ အစွမ်းရှိလာခြင်းဖြစ်သည်။

အဆိပ်ထုတ်ပြီးသား ပြဒါးအား ပြာအဆင့်ရောက်စေရန် တစ်နှစ်ခန့်မှိုထားရလေသည်။ အဆင့်ဆင့် အောင်မြင်လာသော ပြဒါးများကို ရွှေပြာအဆင့်ရောက်ပြီး ဆေးသိဒ္ဓိမြောက်စေရန် ဓာတ်လုံးနှင့်ရော၍ စီမံရခြင်းဖြစ်သည်။

စသည်ဖြင့် ဆရာရှိန်းသည် ရွှေပြာအဆင့်ရောက်အောင် စနစ်တကျ ဆောင်ရွက်ရသည့် လုပ်ငန်းအဆင့်ဆင့်ကို ပြောပြပါသည်။

နိဂုံးချုပ်အားဖြင့် ဖော်ပြရလျှင် ဆရာကြီးရှိန်းသည် ဤလူ့လောကထဲမှ ထူးဆန်းအံ့ဖွယ်ရာ ဆေးဝိဇ္ဇာကြီးတစ်ဦးဖြစ်ကြောင်း ကျွန်ုပ်သည် ဆရာကြီးရှိန်း၏ ဆန်းကြယ်သော ဖြစ်ရပ်ဆန်းများကို အကျဉ်းမျှသာ ဖော်ပြရပါတော့သတည်း။

**မှီငြမ်း**

ဝိဇ္ဇာရေနယ ဆေးပညာထူးချွန် အ-မ-ယ-ဆ ဆေးတော်ကြီးဂိုဏ်းချုပ်ကျမ်း ဒေါက်တာရှိန်း (M.D) (M.A) ဂန္တဝင်ဖြစ်ရပ်မှန်များ၊ မင်းဟိန်းခန့် ရေးသောကျမ်းမှ ထုတ်နုတ်ရေးကြောင်း ဝန်ခံပါ၏။

ပထမံဆရာကြီးဦးအောင်သူ




www.burmeseclassic.com

www.burmeseclassic.com

ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီ ဆေးတိုက်

# ကြက်လည်ဆံ ဆီးဆေး

## Vitex-Penduncularis




**သုံးစွဲနိုင်သောရောဂါများ**

ဆီးချို၊ ဆီးကျောက်တည်
ဆီး(နီ၊ဝါ၊လွန်၊နည်း၊များ) ခြင်း၊
ဆီးမထိန်းနိုင်ခြင်း၊ ဆီး(ကျဉ်၊ အောင့်)
ဆီးပူသောင်းကျ၊ဆီးကြောင့်မျက်စိ
မှုန်ပြာဝေခြင်း၊ သွေးတိုး၊ စက်ကြော
တက်၊ အသည်းရောင်အသားဝါ
ရောဂါများအတွက်သက်သာစေပါသည်။

**တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်**

**TMR 007860 (1114)**

**Diseases to be applied**

Diabetes,urine-stone, urine (red, yellow, excess,minimization, miximization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 007860 (1114)

Source-741, Dana Theikdi street,
Ward 8, Mayangone Township,
Yangon, Myanmar,
Ph: 095140389/09420007085

ပင်ရင်း–ကိန္နရီ အမှတ်တံဆိပ်၊ကန္တရဝတီဆေးတိုက်၊အမှတ်–၇၄၁၊ဒါနသိဒ္ဓိလမ်း
(၈)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၁၄၀၃၈၉ ၊ ၀၉ ၄၂၀၀၀၇၀၈၅

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရ ခွတာ

ယိုး

( ယခင်လမှအဆက် )

ကျွန်ုပ်သည် အလုပ်ကို ပင်ပင်ပန်းပန်းမလုပ်သည်မှာ ကြာပြီဖြစ်၏။ ကျွန်ုပ်ဘဝတစ်လျှောက် ကုသိုလ်ကံ၏ ထောက်ပံ့မှုကြောင့်လား မသိ။ သက်သောင့်သက်သာ အလုပ်များသာ လုပ်ကိုင်ရလေ့၏။ ကျွန်ုပ်သည် တစ်ခါတစ်ရံ ပင်ပင်ပန်းပန်းလုပ်ကိုင်နေရသူများအား တွေ့ရလျှင် သူတို့အား အလွန်ပင် ကရုဏာသက်မိပေ၏။ ကျွန်ုပသည် ငယ်ရွယ်စဉ်က နယ်များဘက်သို့ မကြာခဏဆိုသလို ခရီးသွားရသည်များရှိဖူး၏။ ထိုအခါတွင် နေပူကျဲကျဲတွင် အလုပ်လုပ်နေသော လယ်ပြင်လုပ်သားများအား တွေ့ရ၏။ ကျွန်ုပ်သည် သူတို့ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်နေရသည်ကို မကြည့်ရက်ပေ၊ သို့သော်သူတို့ကား ကျွန်ုပ်ယူဆသကဲ့သို့ မဟုတ်ပေ။ နေပူစပ်ခါးထဲတွင် ပင်ပင်ပန်းပန်းလုပ်နေရသည့်တိုင် ပျော်ရွှင်နေကြသည်ကို တွေ့ရ၏။

သေသေချာချာစဉ်းစားကြည့်သောအခါ လူသည် ရောက်ရာဘဝတွင် ပျော်ရွှင်ရမည်သာ ဖြစ်၏။ ထောင်ကျနေသူသည် ပျော်စရာမဟုတ်သည့်တိုင်အောင် အနည်းဆုံးတော့ အဆင်ပြေအောင်နေမှ ဖြစ်ပေမည်။ သို့မှသာ သူ့အတွက် သက်သာရာရပေမည်။ မဟုတ်ပါက သူသည် စိတ်ဆင်းရဲသည်နှင့်ပင် သေသွားနိုင်၏။ ကျွန်ုပ်သည် စဉ်းစားရင်း ကျွန်ုပ်ဖတ်ဖူးသော ပါပီလွန်ဝတ္ထုကြီးအား သွား၍သတိရမိပေ၏။ ဖတ်လိုက်သည့် တိုက်ပိတ်ခံထားရချိန်တွင်ပင် စိတ်ဓာတ်မကျအောင် ကြိုးစား၍နေ၏။ ဘဝကို အရှုံးမပေးသူ ဖြစ်၏ အသက်ကိုရှင်အောင် မွေးမြူ၏။ သူ့ဘဝလွတ်လမ်းကိုရအောင် ကြံဆောင်၏။ မည်သို့ပင်ကြံဆောင်စေကာမူ ဝဋ်ကြွေးမကျေသေးသဖြင့် မလွတ်နိုင်ဘဲ ပြန်မိသွားပြန်၏။ အမျိုးမျိုးဆင်းရဲဒုက္ခကို ခံရပြန်၏။ သူ့အခု အကျဉ်းကျခံနေရခြင်းသည် သူ့အား လူသတ်မှုဖြင့် တရားစွဲချက်တင်ပြီး ထောင်ချလိုက်သဖြင့်သာ ထောင်ကျရခြင်း ဖြစ်သဖြင့် သူ့ထောင်မှလွတ်ရန်အတွက် အမြဲကြံစည်နေခြင်းဖြစ်၏။

အကယ်၍ ဗုဒ္ဓဘာသာဝင်တစ်ယောက်သာ ဖြစ်ခဲ့ပါမူ အခုံဘဝတွင် သူဖြစ်မှုကိုမကျူးလွန်သော်လည်း အရင်ဘဝက ပြုခဲ့သောအမှုကြောင့် အခုဘဝတွင် ပြန်လည်၍ ပေးဆပ်ရသည်ဟု နားလည်ပေလိမ့်မည်ဖြစ်၏။ သူ့ထောင်ကလွတ်လျှင် သူ့အား မတရားထောင်ချလိုက်သောသူများအား ပြန်လည်ကလဲ့စားချေမည်ဟု အမြဲကြုံးဝါး၍နေပေ၏။

အကယ်၍သာ ရန်ကိုရန်ချင်း မတုံ့နှင်းနှင့်ဆိုသော ဗုဒ္ဓ၏အဆုံးအမကိုသာ သိရှိခဲ့ပါမူ ကြွေးဟောင်းကို ဆပ်ပြီးလျှင် ကြွေးသစ်ထပ်အတင်ခံတော့မည်မဟုတ်ပေ။ ထို့ကြောင့် ကျွန်ုပ်သည် ကိုယ့်ကိုကိုယ် ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်ရသည်ကို လွန်စွာမှ ဝမ်းမြောက်ဂုဏ်ယူလျက်ရှိပေ၏။

ကျွန်ုပ်သည် ကိုပါပ၊ မောင်တိုတို့နှင့်အတူ တိုင်ကျင်းများတူးခြင်း၊ သစ်တိုင်များစိုက်ခြင်း၊ တန်းများရိုက်ခြင်းတို့ကို ပြုလုပ်ရသဖြင့် အလွန်ပင်ပန်းလျက်ရှိ၏။ ကျွန်ုပ်၏လက်များမှာလည်း ပေါက်ပြဲလျက်ရှိလေ၏။ ကျွန်ုပ်တို့ သုံးဦးသည် ကတုတ်ခတ်ခြင်းအလုပ်ကို နှစ်ရက်မျှ အပြင်းအထန်လုပ်ရလေ၏။ အားလုံးပြီးစီးသွားသောအခါ ကိုပါပသည် ကတုတ်ကျင်းထဲသို့ မြေကြီးများဖြည့်ရန် ကြိုးစားပြန်လေ၏။ မြေကြီးများမထည့်မီ မောင်တိုစိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်ပင်ကလေးများအားလည်းကောင်း၊ အိမ်ရှေ့ခြံစည်းရိုးရှိ ချုံနွယ်ပိတ်ပေါင်းများအားလည်းကောင်း ရှင်းလင်းကာ ထွက်ရှိလာသော အမှိုက်များအား ကတုတ်ကျင်းထဲသို့ထည့်လေ၏။

"သစ်ကိုင်း သစ်ခက်တွေကို ထည့်တယ်ဆိုတာက တကယ်တော့ ရေစစ်လုပ်တဲ့ သဘောပဲကွ။ တစ်နည်းအားဖြင့် တို့နောက်ဖို့မယ်မြေတွေ ပါမသွားအောင် ခံထားတဲ့ သဘောပေါ့"

ဟု မောင်တိုအား ရှင်းပြနေလေ



www.burmeseclassic.com

www.burmeseclassic.com

၏။ မောင်တိုကား သူစိုက်ပျိုးထားသော အပင်ကလေးများ ခုတ်ပစ်သဖြင့် စိတ်ထဲတွင် မကြည်မလင်ဖြစ်လျက်ရှိပေ၏။ ထိုအခြင်းအရာကိုရိပ်မိ၍သာ ကိုပါပက –

"မပူစမ်းပါနဲ့ ငါ့လူရာ။ မောင်ရင့်အပင်တွေထက် ပိုကောင်းတဲ့အပင်တွေ ငါပြန်စိုက်ပေးနိုင်ပါတယ်ကွ"

ဟု မောင်တိုအား ချွေးသိပ်နေလေ၏။ ကိုပါပနှင့် မောင်တိုသည် ကတုတ်အတွင်းသို့ မြေများမထည့်မီ ကတုတ်တိုင်များ တောင့်ခံနိုင်စေရန်အတွက် ကမ်းနားဘက်မှ ထောက်တိုင်များ ထပ်မံ၍ ထောက်ပြန်လေ၏။

အားလုံးပြီးစီးသွားသောအခါ ကိုကြေသီး၏အကူအညီဖြင့် ဈေးထဲရှိ အမှိုက်ပုံမှ အမှိုက်ခြောက်များ၊ မြေဆွေးများအစ၊ မြေရေခွံအိတ်များဖြင့် ထည့်ကာ ဆိုက်ကားဖြင့်သယ်၍ ဖြည့်လေ၏။ ကျွန်ုပ်တို့သည် ငါးရက်မျှပင် ပင်ပန်းပန်း လုပ်ပြီးသောအခါ ကျွန်ုပ်၏ အိမ်နောက်ဖေးသည် ယခင်ကကဲ့သို့ မဟုတ်တော့ဘဲ တစ်ပြန့်တစ်ပြူးတည်း ဖြစ်သွားလေတော့၏။ ထိုအခါမှပင် ကျွန်ုပ်သည် ကိုပါပ၏ စိတ်ကူးစိတ်သန်းကို ပုံဖော်မိလာလေတော့၏။

"ခင်ဗျား တော်တော်စိတ်ကူးကောင်းတဲ့လူပဲ"

ဟုလည်း နှုတ်မှဖွင့်ဟကာ ချီးကျူးမိလေ၏။ ထိုအခါ ကိုပါပက –

"စိတ်ကူးက ကျုပ်စိတ်ကူးမဟုတ်ဘူးဗျ။ ကျုပ်မိတ်ဆွေအဘိုးကြီးရဲ့စိတ်ကူး။ ကျုပ်က သူ့စိတ်ကူးကို အကောင်အထည်ဖော်ပေးရုံ သက်သက်ပဲ"

ဟု ပြန်၍ပြောလေ၏။

"ဟုတ်ပါပြီ ကိုပါပရယ်။ ဒါပြီးသွားတော့ ဘာများဆက်လုပ်ဖို့ စိတ်ကူးထားပါသလဲ"

ဟု ကျွန်ုပ်က မေးလိုက်ရာ ကိုပါပက –

"စိတ်ကူးတာက စိတ်ကူးပဲဗျ။ စိတ်ကူးအတိုင်းဖြစ်မလာသေးသမျှ စိတ်ကူးဟာ စိတ်ကူးပဲဖြစ်တယ်။ စိတ်ကူးကို အကောင်အထည်ဖော်ဖို့ဆိုရာမှာလည်း ဝတ္ထုတစ်ပုဒ်ကို ရုပ်ရှင်ရိုက်သလိုမျိုးပဲ။ ဝတ္ထုဘယ်လောက်ပဲ ကောင်းကောင်း ပုံဖော်တဲ့ ရုပ်ရှင်ဒါရိုက်တာမကောင်းရင် ရုပ်ရှင်ကားကောင်းတစ်ကား ဖြစ်မလာတော့ဘူး။ အဲ ... ဒါပေမယ့် သာမန်ဝတ္ထုလေးတစ်ပုဒ်ကိုပဲ ရုပ်ရှင်ဒါရိုက်တာက အသက်သွင်းတဲ့အခါမှာ အံဝင်ခွင်ကျဖြစ်သွားရင်တော့ အကယ်ဒမီတွေ အများကြီးရသွားချင် ရသွားနိုင်တာပဲဗျ။ ဒီနေရာမှာတော့ ပုံပိုးမှုတို့၊ အတတ်ပညာတို့၊ အနုပညာတို့ ကျွမ်းကျင်မှုတို့လိုတယ်ဗျ။ အဲဒီအတွက် အချိန်ယူရဦးမယ်။ အဖြစ်နိုင်ဆုံး အကောင်းဆုံးလုပ်နိုင်ဖို့အတွက် ကျုပ်ရင်ထဲက စိတ်ကူးကို ပုံမဖော်ရသေးခင် မပြောချင်သေးဘူးဗျာ။ လောလောဆယ် ကျုပ်ရဲ့စိတ်ကို အလွတ်အဖြစ်ထားပြီး ကျုပ်ရဲ့ လုပ်ဆောင်ချက်ကလေးကရတဲ့ ပီတိလေးကိုပဲ ခံစားလိုက်ချင်သေးတယ်။ အေးဆေးပေါ့ စာရေးဆရာရယ်။ မပူစမ်းပါနဲ့ဗျ။ ကျုပ်အကောင်းဆုံးလုပ်မှာပါ"

ဟု ပြန်၍ပြောလေရာ ကျွန်ုပ်လည်း ဘာမှမပြောဘဲ ငြိမ်၍နေလိုက်ရပေတော့၏။

ကိုပါပသည် ကျွန်ုပ်အိမ်သို့ရောက်နေသည်မှာ တစ်ပတ်ခန့်ပင်ရှိပြီဖြစ်၏။ သူသည် ပြန်မည့်အကြောင်းကိုလည်း မပြောသေးသည်ဖြစ်ရာ ကျွန်ုပ်သည် ကိုပါပ ဘာတွေကြံစည်နေသည်ကို သိချင်နေမိ၏။ ကိုပါပသည် တစ်ခါတစ်ရံ အပြင်သို့ထွက်သွားတတ်ရာ ညနေစောင်းမှပြန်လာတတ်၏။ ဘယ်ကိုသွားသည်ကိုမူ ကျွန်ုပ်အား ပြောမပြပေ။ ကျွန်ုပ်ကလည်း အလိုက်သိစွာပင် မမေးဘဲနေလိုက်၏။ အားလပ်သောနေ့များ၌ ခေါင်းရင်းထောင့်ရှိ ကုက္ကိုပင်အောက်တွင် ပက်လက်ကုလားထိုင်တစ်လုံးကိုချကာ မည်သူနှင့်မျှ စကားမပြောဘဲ တစ်ယောက်တည်းနေတတ်၏။ တစ်နေ့တွင်ကိုပါပက ကျွန်ုပ်အား –

"ဒီလိုရှိတယ်စာရေး ဆရာရေ။ ကျုပ်တော့ အရင်းအနှီးလည်း သက်သာ၊ ခြလည်းလှ၊ ပိုက်ဆံလည်းပြန်ရမယ့် အလုပ်ဆစ်ခုကိုစဉ်း စားမိတယ်ဗျ။ ဥပမာဗျာ ... ပန်းပင်ကို အလှသက်သက်စိုက်တာထက်စာရင် ပန်းအိုးတွေနဲ့ထည့်ပြီးရောင်းရင် ခြလည်းလှမယ်၊ ပိုက်ဆံလည်းရမယ်၊ ကိုယ်လည်းအလုပ်နဲ့လက်မပြတ်ဘူးပေါ့။ နောက်ပြီးအသက်ရှည်ချင်ရင် သစ်ပင်စိုက်ဆိုတဲ့ စကားပုံလည်း ရှိတာပဲ မဟုတ်လား"

ဟုပြောရာ ကျွန်ုပ်က –

"ခင်ဗျားစိတ်ကူးကတော့ အလွန်ကိုကောင်းပါတယ်ဗျာ။ ဒါပေမယ့် သစ်ပင်စိုက်တယ်ဆိုတာလည်း နည်းစနစ်ရှိတယ်ဗျ။ အခုလို ပြန်ရောင်းဖို့အတွက်ဆို ပိုပြီး နည်းပညာလိုအပ်တာပေါ့"

ဟု ပြောလိုက်ရာ ကိုပါပက –

"မှန်လိုက်လေ ကိုယ့်လူရယ်။ ဆရာမပြရင် ငါးပိဖုတ်တာတောင် နည်းမကျဘူးဆိုတဲ့ စကားပုံလည်းရှိ



www.burmeseclassic.com

www.burmeseclassic.com

နေတာပဲဟာ ဆရာကတော့ရှိရမှာပေါ့ဗျ။ အဲဒီအတွက်လည်း ကျုပ်စီစဉ်ထားပါတယ်။ ခိုက်ပျိုးရေးဌာနကနေ အငြိမ်းစားယူထားတဲ့ ကျုပ်မိတ်ဆွေ ကိုဝင်းကြည်ဆိုတဲ့ လူတစ်ယောက်ရှိပါတယ်ဗျ။ သူက မိသားစုစားဝတ်နေရေးလည်း ပူရတဲ့သူ မဟုတ်တဲ့အပြင် သူတတ်ထားတဲ့ပညာတွေကို အသုံးချချင်နေတဲ့လူ။ အခကြေးငွေကတော့ ကျုပ်တို့အဆင်ပြေရင် ပြေသလိုပေါ့။ အဲဒီကိစ္စ ကျုပ်တာဝန်ထားပါ။ တစ်ခုရှိတာက အစပိုင်းတော့ စာရေးဆရာဟာ နည်းနည်းပါးပါး စိုက်ထုတ်ရလိမ့်မယ်။ နောက်ပြီး ခင်ဗျားတပည့် မောင်တိုလည်း ခြေငြိမ်သွားအောင်၊ စာရေးဆရာလည်း တစ်ခါတစ်ရံ အထီးကျန်ဆန်တဲ့ ရောဂါပျောက်သွားအောင်၊ ကျုပ်လည်း ကျုပ်မိတ်ဆွေ မြို့ပိုင်ရှင်အဘိုးကြီးအပေါ်လည်း တာဝန်ကျေအောင်ရယ်ပေါ့ဗျာ''

ဟု ရှင်းပြလေ၏။

''တစ်ခုရှိတာက ကျုပ်ညီဘုန်းကြီးက သူ့ကျောင်းရှေ့က ခြံသေ့ကြီးထို ပြင်ဖို့ဆုံးဖြတ်လိုက်ပြီဗျ။ အဲဒီတော့ကာ ကျုပ်ဘိလပ်မြေ၊ အုတ်၊ သဲ၊ ကျောက်အစ စီစဉ်ပေးဖို့ရှိတယ်၊ ဒီတော့ ကျုပ်ပြန်ရဦးမယ်။ ဟိုရက်က ကျုပ်ပျောက်သွားတာလည်း ကျောင်းထိုင်ပြန်ကြည့်တာဗျ၊ ဘုန်းကြီးက ကျုပ်ပြန်အလာကိုစောင့်နေတာ။ ပန်းတမော့ ဆရာ ကိုအောင်မောင်းကလည်း ထုပ်ချင်လွန်းလို့ ဖင်တကြွကြွဖြစ်နေပြီ၊ ပြောရရင်တော့ဗျာ ဘုန်းကြီးရှုးနဲ့လေ့လာ ခုမှတွေ့နေကြတာဗျ။ ကျုပ်လည်း အာမှမတတ်နိုင်ဘူး။ တားကြည့်သေးတယ်။ တားကြည့်လို့မရရင် မြှောက်ပေးရုံပဲ ရှိတော့တာပေါ့၊ ဟုတ်ဘူးလား''

ဟု ပြောသဖြင့် ကျွန်ုပ်က –

''ကိုပါပရယ် ... ခင်ဗျား ပေါ်လစီကတစ်မျိုးပါလားဗျ''

ဟု ပြောလိုက်ရာ ကိုပါပက–

''ဒီလိုရှိတယ်ဗျ။ လောကမှာ အမြင်အမျိုးမျိုးရှိကြတယ်ဗျ။ ကိုယ်ကမှားတယ်မြင်ပေမယ့် သူက မှန်တယ်မြင်ချင် မြင်နေတတ်ကြတာ။ ဒါကြောင့်မို့ အယူအဆမျိုးမျိုး၊ ခံယူချက်အမျိုးမျိုး ဖြစ်လာတာပေါ့ဗျာ။ အကြောင်းအရာတစ်ခုဖြစ်စဉ်ပေါ်မှာ ကြည့်တဲ့ အမြင်တွေလည်း ကွဲသွားတာပေါ့။ အမြင်ကွဲသွားတဲ့အတွက် သုံးသပ်ချက်တွေလည်း ကွဲသွားတယ်။ သုံးသပ်ချက်တွေ ကွဲသွားတဲ့အတွက် ဆုံးဖြတ်ချက်တွေလည်း ကွဲသွားတယ်။ အဲဒီအပေါ်မှာလိုက်ပြီး အုပ်စုတွေပါကွဲသွားကြတော့တာပဲ။ ဒါတွေဟာလည်း တကယ်တော့ မဆန်းပါဘူးဗျာ။ ခုမှဖြစ်တဲ့ ကိစ္စတွေလည်း မဟုတ်ပါဘူး။ အဓိကကတော့ လောကကြီးမှာ နေတတ်ဖို့ အရေးကြီးပါတယ်။ နေတတ်ရင် ကျေနပ်စရာပါ။ မနေတတ်ရင်တော့ ရှက္ခစိုးတောင်မှ သူများမိန်းမဖြစ်ရတယ်ဆိုတဲ့ ပုံပြင်လေးတစ်ပုဒ်ရှိတယ်''

ဟု စကားစလိုက်ရာ ကျွန်ုပ်တို့နှစ်ဦး စကားပြောနေသည်ကို ဘယ်နေရာကနေ ချောင်းပြီး နားထောင်နေသည်မသိသော မောင်တိုသည် အနားသို့ ရုတ်ခြည်းရောက်လာလေ၏။ ပုံပြင်အားပြောပြရန်လည်း ကိုပါပအား ပူဆာလေတော့၏။

''ဟိုးရှေးရှေးတုန်းက ရွာတစ်ရွာမှာ ဘိန်းစားတစ်ယောက် ရှိတယ်တဲ့။ အဲဒီဘိန်းစားဟာ အာအလုပ်မှ ရေရေရာရာ မလုပ်ဘူးတဲ့။ ညဘက်မှာ ရွာထဲကအိမ်တွေမှာ လိုက်ခိုးသတဲ့။ ခိုးလို့ရတာကို ရောင်းချပြီး ဘိန်းနဲ့ စားစရာအချို့ဝယ်ပြီး ရွာပြင်တောထဲက ညောင်ပင်ကြီးတစ်ပင်အောက်မှာ တစ်နေကုန် မှိန်းပြီး နေတော့တာပဲတဲ့။ များများစားစားရခဲ့တဲ့အခါကျတော့လည်း နှစ်ရက်၊ သုံးရက်ဆိုသလိုပေါ့။ နည်းနည်းပဲခိုးလို့ရတဲ့အခါကျတော့လည်း တစ်ရက်ပဲနေပြီး ညဘက်ကျတော့ ပြန်ခိုးတာပေါ့။ အဲဒါကို ညောင်ပင်စောင့်ရုက္ခစိုးက အပင်ပေါ်ကနေ မြင်တွေ့နေရတယ်တဲ့။ ဘိန်းစား ဘိန်းရှူတဲ့အခါ ထွက်တဲ့အငွေ့တွေကို ရှူမိတဲ့ ညောင်ရုက္ခစိုးဟာ ကြာလာတော့ သူပါ ဘိန်းစွဲလာတယ်တဲ့။

ဘိန်းစားက ခိုးလို့မရတဲ့ရက်တွေမှာ ဘိန်းမရှူရရင် သူပါ မနေနိုင်၊ မထိုင်နိုင် ဖြစ်ရသတဲ့။ ဒီလိုနဲ့ နေလာရင်း တစ်နေ့တော့ ဘိန်းစားက ခိုးလို့မရတဲ့အတွက် မုဆိုးမတစ်ယောက်အိမ်က လှန်းထားတဲ့ ထဘီကိုဝင်ခိုးတာ မုဆိုးမ အပေါ့ထသွားတာနဲ့တိုးပြီး မိသွားတော့ မုဆိုးမက သူခိုးသူခိုးလို့အော်တာပေါ့။ ဘိန်းစားလည်း ကြံရာမရတော့ဘဲ လက်ထဲက ထဘီကိုပစ်ချပြီး ပြေးမိပြေးရာ ထွက်ပြေးခဲ့ရာက ကံဆိုးချင်တော့ တုတ်တွေ၊ ဓားတွေကိုင်ထားတဲ့ လူတစ်စုနဲ့ တည့်တည့်တိုးပြီး အရိုက်ခံရတယ်တဲ့။ ဘိန်းစားလည်းတိမ်းရင်း ရှောင်ရင်းနဲ့ ပြေးမိပြေးရာစွတ်ပြေးခဲ့တာ မနက်မိုးလင်းမှ ညောင်ပင်ကြီးဆီကို ပြန်ရောက်ခဲ့တယ်။

ဝိုင်းအရိုက်ခံထားရလို့ နာကျင်ကိုက်ခဲနေတဲ့ ဘိန်းစားဟာ ညောင်ပင်

www.burmeseclassic.com

ကြီးဆီ ရောက်တယ်ဆိုရင်ပဲ နာကျင်လွန်းတာကြောင့် မလှုပ်မယှက်ခွေပြီး အိပ်နေတော့တာပေါ့။ အချိန်ကျလို့ ဘိန်းမရှူတဲ့အခါကျတော့ . . . ညောင်ရုက္ခစိုးဟာ ဘိန်းရှူချင်တဲ့စိတ် ဖြစ်လာတယ်တဲ့။ ခုခေတ်စကားနဲ့ ပြောရရင်တော့ ယင်းထတယ်ပေါ့။

ဘိန်းစား ဘိန်းရှုနိုးရှုနိုးနဲ့ စောင့်နေတဲ့ ညောင်ရုက္ခစိုးဟာ မနေနိုင်တော့တဲ့အဆုံး ကိုယ်ထင်ပြပြီး ဘိန်းစားကို သွားနှိုးသတဲ့။ အိပ်ချင်မူးတူးနဲ့ နိုးလာတဲ့ ဘိန်းစားဟာ ကိုယ်ရောင်ကိုယ်ဝါ ပြောင်ပြောင်လက်လက်နဲ့ ညောင်ရုက္ခ စိုးကိုမြင်တော့ စိတ်တိုသွားတာပေါ့။ ဘာလဲဗျာ . . . စိတ်ညစ်ရတဲ့အထဲ ခင်ဗျားကတစ်မျောင့်၊ ဘာလုပ်မလို့လဲလို့ ဘုဆတ်ဆတ်မေးလိုက်သတဲ့။

ဘိန်းရှူချင်နေတဲ့ ညောင်ရုက္ခစိုးက မင်းဘာဖြစ်လို့ဒီနေ့ ဘိန်းမရှူသလဲလို့ မေးလိုက်တော့ ဘိန်းစားက ဘိန်းရှူဖို့နေနေသာသာ ကံကောင်းလို့ အသက်မထွက်တယ်ဆိုပြီး ဖြစ်ကြောင်းကုန်စင်ကို ညောင်ရုက္ခစိုးကို ပြောပြလိုက်သတဲ့။ အကြောင်းစုံကို သိသွားတဲ့ ညောင်ရုက္ခစိုးဟာ ဒါဆိုရင် ငါဘာကူညီရမလဲပြော။ မင်းဘာလုပ်ချင်သလဲလို့မေးသတဲ့။ ဘိန်းမစားရလို့ ညစ်နေတဲ့ ဘိန်းစားက ခင်ဗျားတကယ်ပြောတာလားလို့ မေးလိုက်တယ်။ ညောင်ရုက္ခစိုးကလည်း ဘိန်းရှူချင်နေတာဆိုတော့ တကယ်ပေါ့လို့ ပြန်ဖြေလိုက်တယ်တဲ့။

အဲဒါဆိုရင် ကျုပ်မှာ အကြံတစ်ခုရှိတယ် အဲဒီအကြံအောင်ရင် ကျုပ်ရော၊ ခင်ဗျားရော အဆင်ပြေပြီလို့ ဘိန်းစားကပြောလိုက်တော့ ညောင်ရုက္ခစိုးက သဘောတူတယ်။ ဘာလုပ်ရမယ်ဆိုတာသာပြောပါလို့ တောင်းဆိုသတဲ့။ အဲဒါနဲ့ ဘိန်းစားလည်းသူ့အကြံကို ညောင်ရုက္ခစိုးကိုပြောလိုက်သတဲ့။ နောက်တစ်နေ့လည်းရောက်ရော ညောင်ရုက္ခစိုးက ချောမောလှပတဲ့ မိန်းမပျိုအသွင်ကို ဖန်ဆင်းလိုက်တယ်။ ဘိန်းစားကတော့ မယ်ဒလင်တစ်လက်ကိုပိုက်ပြီး ရွာထဲကိုဝင်သွားကြတယ်တဲ့။

ရွာထဲရောက်တော့ ဇရပ်တစ်ခုပေါ်မှာ နေရာယူကြပြီး မိန်းမပျိုက သာယာ ငြိမ့်ညောင်းတဲ့တေးသီချင်းတစ်ပုဒ်ကို သီကျူးလိုက်တယ်။ ဘိန်းစားကလည်း မယ်ဒလင်ကို အကွက်ကျကျတီးလိုက်တယ်ဆိုရင်ပဲ ရွာသားတွေဟာ သူတို့ဆီကို ရောက်လာကြတယ်တဲ့။ မိန်းမပျိုရဲ့ သာယာငြိမ့်ညောင်းတဲ့သီချင်းသံကိုလည်း ချီးမွမ်းကြတယ်။ ဘိန်းစားရဲ့ ပြောင်မြောက်လှတဲ့ မယ်ဒလင်လက်သံကိုလည်း ထောမနာပြုကြတယ်။ ပွဲပြီးသွားတော့ သူတို့ကို ငွေစကြေးစလေးတွေ ပေးကမ်းကြတယ်တဲ့။

သူတို့နှစ်ယောက်လည်း ရတဲ့ ငွေစကြေးစလေးတွေနဲ့ စားစရာသောက်စရာနဲ့ ဘိန်းတွေကိုဝယ်ပြီး တောထဲမှာရှိတဲ့ ညောင်ပင်ကြီးဆီကို ပြန်လာကြပြီး၊ ထုံးစံအတိုင်း ဘိန်းစားက ဘိန်းရှူတာပေါ့။ ညောင်ရုက္ခစိုးကလည်း ညောင်ပင်ပေါ်ကနေ ဘိန်းငွေ့ကိုရှူရင် မှိန်းနေလိုက်တာပေါ့။ သူတို့အတွက်တော့ လောကနိဗ္ဗာန်ပေါ့။ ဘိန်းနဲ့ စားစရာတွေကုန်သွားတော့ နှစ်ယောက်သား ရွာထဲကိုဝင် ညောင်ရုက္ခစိုးက မိန်းမပျိုယောင်ဆောင်၊ ဘိန်းစားက မယ်ဒလင်တီးပြီး ဖျော်ဖြေကြပေါ့။ ရတဲ့ ငွေစကြေးစလေးတွေနဲ့ ဘိန်းနဲ့စားစရာတွေဝယ် ညောင်ပင်ကြီးဆီပြန်လာ၊ ထုံးစံအတိုင်း ဘိန်းရှူကြပေါ့။

ဒီလိုနဲ့ သူတို့နှစ်ယောက်ဟာ အဆင်ပြေနေကြတာပေါ့။ တစ်နေ့တော့ အတော်အလှမ်းဝေးတဲ့ တောရွာလေးတစ်ရွာကို ရောက်သွားကြတယ်တဲ့။ အဲဒီရွာလေးမှာ သူတို့နှစ်ယောက်သီဆို ဖျော်ဖြေနေကြတုန်း မြို့စားဆိုရှန့်ရင်းကြမ်းတမ်းတဲ့ ဘုရင့်သားတော်တစ်ပါးဟာ သောက်စားမူးယစ်ပြီး တောကစားထွက်လာတာနဲ့ ကြုံကြိုက်ပြီး ချောမောလှပတဲ့ အဲဒီမိန်းကလေးကိုလည်း မြင်ရော တမ်းတမ်းစွဲကြိုက်သွားတယ်တဲ့။

ဘုရင့်သားတော်ဟာ မူးယစ်နေတဲ့အပြင် ကိုယ်စိတ်နှလုံးကလည်း ကြမ်းတမ်းတာကြောင့် အတင်းအဓမ္မ သိမ်းပိုက်လိုက်တယ်တဲ့။ အတိုချုံးပြောရရင်တော့ အနေမတတ်တော့ ညောင်ရုက္ခစိုးပင်လျှင် သူများမိန်းမဖြစ်သွားရတယ် ဆိုတဲ့သဘောပေါ့”

ဟု ဆိုကာ အဆုံးသတ်လိုက်လေ၏။ ထိုအခါမောင်တိုက “ဟုတ်ရဲ့လား ဦးပါပရယ်” ဟု စောဒကတက်လိုက်လေ၏။ ကိုပါပက –

“ပုံပြင်ပါဆိုမှ ဟုတ်ချင်လည်းဟုတ်မယ်၊ မဟုတ်ချင်လည်း မဟုတ်ဘူးပေါ့ကွာ။ အဓိကက ပုံပြင်လေးတွေထဲကနေ အတုယူစရာလေးတွေ၊ ဆင်ခြင်စရာလေးတွေကို သာဓကအနေနဲ့ ထုတ်နုတ်ပြီး လူတွေအသိတရားရှိဖို့ သိပေးတာပဲပေါ့”

ဟု ရှင်းပြလိုက်မှ မောင်တိုက “ဪ . . ဒီလိုလား” ဟု ပြောကာ ကျွန်ုပ်တို့အနီးမှ ထွက်သွားလေ



www.burmeseclassic.com

www.burmeseclassic.com

တော့၏။

ထိုနေ့ညနေတွင် ကိုပါပသည် ပြန်တော့မည်ဟု ပြောဆိုကာ ကျွန်ုပ်အားနှုတ်ဆက်လေ၏။ ကျွန်ုပ်က –

"ညစာ စားသောက်ပြီးမှ ပြန်ပါလား ကိုပါပရယ်"

ဟု ပြောသည်ကိုလက်မခံဘဲ

"ညစာက အိမ်မှာ စားစား၊ ဘုန်းကြီးကျောင်းမှာ စားစား၊ ထမင်းဆိုင်မှာစားစား အတူတူပါပဲဗျာ။ အဓိကက စားတဲ့နေရာက အဓိကမဟုတ်ပါဘူး။ စားတာကသာ အဓိကပါ။ စားတယ်ဆိုတာက အဓိကမကျပြန်ဘူးဗျ။ ဗိုက်ပြည့်သွားဖို့က အဓိကကျပြန်တယ်။ ကြီးကြီးကျယ်ကျယ်ပြောရရင်တော့ဗျာ၊ ဗိုက်ဆာခြင်းဆိုတဲ့ အကြောင်းကြောင့် ထမင်းစားတယ်၊ စားတဲ့အတွက် ဗိုက်ပြည့်ခြင်း၊ အာသာပြေခြင်းဆိုတဲ့ အကျိုးကိုရတယ်။ တကယ်တော့ဗျာ လောကကြီးက အကြောင်းနဲ့အကျိုး ဆက်စပ်ပြီးတော့ ဖြစ်နေတာဗျ။ သူ့ဟာသူ အလွတ်မဲ့ဖြစ်နေတာ ဘာမှမရှိဘူး။ အဲဒါကို သိတဲ့ ဉာဏ်ကိုတော့ ပစ္စယပရိဂ္ဂဟဉာဏ်လို့ ခေါ်တယ်ဗျ။ ကိုယ်လူနားလည်အောင် ဥပမာလေးနဲ့ ပြောရရင်တော့ ဟိုးရှေးရှေးက ရွာတစ်ရွာမှာ မောင်ကျိုးနဲ့ မောင်ကန်းဆိုတာ ရှိတယ်တဲ့။ မောင်ကျိုးက မျက်စိကောင်းပေမယ့် ခြေထောက်ကျိုးနေတဲ့အတွက် လိုရာခရီးကို မသွားနိုင်ဘူးဖြစ်နေတယ်။ မောင်ကန်းကတော့ ခြေထောက်ကကောင်းပါရဲ့၊ ဒါပေမယ့် မျက်စိက ကန်းနေပြန်တော့ လိုရာခရီးကို မသွားနိုင်ဘူးဖြစ်နေတယ်။ သူတို့နှစ်ယောက်ဟာ တစ်ယောက်က ခြေထောက်ကျိုးပြီး၊ တစ်ယောက်ကမျက်စိကန်းနေတဲ့အတွက် လိုရာခရီးကို တစ်ယောက်ချင်းစီသွားဖို့ အခက်အခဲရှိကြတယ်တဲ့။

အဲဒီတော့ လိုရာခရီးကိုရောက်ဖို့အတွက် ခြေထောက်ကျိုးနေတဲ့ မောင်ကျိုးကို မျက်စိမမြင်တဲ့ မောင်ကန်းက ထမ်းပြီး မျက်စိမြင်တဲ့မောင်ကျိုးရဲ့ လမ်းညွှန်တဲ့အတိုင်း သွားတဲ့အခါကျတော့ လိုရာကိုရောက်ကြတယ်တဲ့။ အဲသလိုပဲ အကြောင်းနဲ့အကျိုးဟာလည်း ဒီလိုပါပဲဗျာ။ သွားပြီဗျို့ စာရေးဆရာရေ့"

ဟုဆိုကာ ထွက်သွားလေတော့၏။

တစ်နေ့သ၌ မရောက်တာကြာပြီဖြစ်သော ဦးမြဘူးကြီးသည် ကျွန်ုပ်ထံသို့ ရောက်၍လာလေ၏။ ဦးမြဘူးသည် ကျွန်ုပ်အား ပုတီးလေးတစ်ကုံး လက်ဆောင်ပေးလေ၏။ ကျွန်ုပ်က အကျိုးအကြောင်း မေးသောအခါ ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားပြီး ပြန်လာသဖြင့် ကျွန်ုပ်အတွက် လက်ဆောင်ပေးခြင်းဖြစ်ကြောင်း ရှင်းပြလေ၏။ ကျွန်ုပ်ကလည်း သာဓုခေါ်ရလေ၏။

"ဒါထက်နေပါဦးကွ။ မင်းခြေက အရင်လို မဟုတ်တော့ပါလားကွ။ ပုံစံပြောင်းသွားတယ်၊ ဘယ်လိုဖြစ်ကုန်တာလဲ ငါ့လည်း ရှင်းပြစမ်းပါဦး"

ဟု ဆိုလေ၏။ ကျွန်ုပ်က –

"ဒီလိုရှိတယ် ဦးလေးဦးမြဘူးရဲ့။ ဦးလေး မလာဖြစ်တဲ့ ရက်ပိုင်းအတွင်းမှာ ကိုပါပဆိုတဲ့ လူတစ်ယောက်နဲ့ မိတ်ဆွေဖြစ်ခဲ့တယ်။ အဲဒီလူက ဒီခြေရဲ့မူလပိုင်ရှင် ဦးသောင်းဆိုတဲ့ အဘိုးကြီးရဲ့မိတ်ဆွေပဲ။ ဒီတော့ သူက သူ့မိတ်ဆွေအဘိုးကြီးရှိစဉ်က စိတ်ကူးထားတဲ့အတိုင်း ဒီခြေကို ပြုပြင်ခွင့် ပြုပါလို့ တောင်းဆိုလာတယ်။ ကျွန်တော်ကလည်း သူ့စိတ်ကြိုက်ပြင်ခွင့် ပေးလိုက်တယ်။ အဲဒါနဲ့ အခုလို ပြုပြင်မှုအချို့ စလုပ်ထားတာပဲဗျ"

ဟု ရှင်းပြလိုက်ရာ ဦးမြဘူးက

"မင်းကောင်က အခြေအတည် တကျရော ရှိရဲ့လားကွာ"

ဟု မေးလေရာ ကျွန်ုပ်က –

"အခြေအတည်တကျတော့ မရှိဘူးဗျ။ နေတာတောင် သူ့ညီဘုန်းကြီးကျောင်းမှာကပ်နေတာ။ သူ့အပြောအရတော့ သူ့မှာ မရှိမဖြစ် လိုအပ်တာကလွဲလို့ ဘာဆိုဘာမှ မရှိဘူးလို့ ပြောတယ်။ ဒါကြောင့် သူ့ကို ဘာမှမရှိတဲ့ ပါပလို့ နာမည်ပေးထားတဲ့အကြောင်း"

ရှင်းပြလိုက်ရ၏။ ထိုအခါ ဦးမြဘူးက –

"ဟုတ်မှလည်းလုပ်ပါ ငါ့လူရာ။ တော်ကြာ မတော်တရော်လူတွေနဲ့ တွေ့ကုန်ပါဦးမယ်"

ဟု သတိပေးစကား ပြောလေ၏။ ကျွန်ုပ်က –

"အဲဒီလိုလူစားမျိုးတော့ မဟုတ်လောက်ပါဘူးဗျ ဦးလေးရ။ သူကြည့်ရတာ လူကောင်းတစ်ယောက်နဲ့တူပါတယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဦးမြဘူးက –

"ငါတော့ ဒီကောင့်ကိုးကြည့်ချင်သေးတယ်ကွ။ လူတစ်ယောက်ကို ချက်ချင်းကြီး ယုံကြည်ဖို့တော့ မလွယ်ဘူးကွ။ ငါက မင်းအတွက် ပြောတာ။ ခုခေတ်က အတော်အရှုပ်သားလား မောင်ရာ။ တော်ဖတ်တော့ လူယုံဖို့က ခပ်ခက်ခက်ပဲ"

ဟု စိုးရိမ်သည့်လေသံဖြင့် ပြော



www.burmeseclassic.com

www.burmeseclassic.com

လေ၏။ ကျွန်ုပ်ကလည်း –

"ဦးလေးကို ကျေးဇူးတင်ပါဗျာ။ ဒီတစ်ခါ ကိုပါပလာရင် ကျွန်တော် ဦးလေးကို လာခေါ်ပါ့မယ်။ ဦးလေး လည်း စကားပြောကြည့်ပါဦး"

ဟု ပြောလိုက်ရ၏။ ထို့နောက် ဦးမြဘူးသည် သူ၏ ဗုဒ္ဓဂယာဘုရားဖူး သွားသည့်အကြောင်းများအား ပြော ပြလေ၏။ ကျွန်ုပ်ကလည်း စိတ်ပါဝင် စားစွာဖြင့် နားထောင်ရ၏။

"ငါပြန်ရောက်တာ အတော် လေးကြာပြီကွ။ နေမကောင်းဖြစ်နေ တာနဲ့ မလာဖြစ်တာ။ ခရီးပန်းသွား တယ်ထင်ပါတယ်ကွာ"

ဟူသော စကားဖြင့် အဆုံး သတ်လေ၏။ မောင်တိုက –

"ဘကြီး ရောက်တုန်းရောက် က် ထမင်းစားပြီးမှ ပြန်ပါ"

ဟု ဖိတ်မန္တကာ ပြုလိုက်ရာ ဦးမြ ဘူးက –

"မင်းက ဘာဟင်းတွေ ချက် ဦတုံး"

ဟု မေးခွန်းထုတ်လိုက်လေ၏။ မောင်တိုက –

"ငါးသလောက် ရေချိုလေး က်ထားတယ် ဘကြီးရဲ့။ ဈေးထဲမှာ ချန်းသီးပေါတာနဲ့ မရန်းသီးလည်း ုပ်ဖို့ စီစဉ်ထားတယ်"

ဟု ပြောလိုက်ရာ ဦးမြဘူးက

"တို့စရာကရောဟေ့ ကောင် လေး" ဟု မေးပြန်၏။ မောင်တိုက

"တို့စရာကတော့ ရုံးပတီသီးနုနု လေးတွေကို ရေနွေးဖျောထားတယ်။ နောက်ပြီး ထိကရုံးသန်သန်ကြီးတွေ တွေ့တာနဲ့ ဝယ်လာခဲ့တယ်"

ဟု ပြန်ဖြေလိုက်ရာ ဦးမြဘူးက "သွားရည်ကျလာပြီကွ မြန်မြန်လုပ်"

ဟု အမိန့်ပေးလေတော့၏။ ထိုအခါ မောင်တိုက "ဘကြီးကတော့ဗျာ၊ ဆွဲ မယ်ဆိုတာချည်းပဲ"ဟု ပြောကာ မီး ဖိုခန်းထဲသို့ ဝင်သွားလေတော့၏။

မောင်တို ထွက်သွားသောအခါ ဦးမြဘူးက –

"မင်းရဲ့ ပါပဆိုတဲ့ကောင်က ဘာတွေများလုပ်မယ် စိတ်ကူးထား တယ်ဟု ပြောသလဲ"

ဟု မေးလေ၏။ ကျွန်ုပ်က –

"ဘာလုပ်မယ်ဆိုတာကို သူ ကိုယ်တိုင်တောင် မသိသေးဘူး ဖြစ် နေတယ် ထင်ပါရဲ့ဗျာ။ စဉ်းစားတုန်းပဲ လို့ ပြောတာပဲ"

ဟု ပြန်ဖြေလိုက်ရာ ဦးမြဘူး က "မရေရာလိုက်တာကွာ"ဟု ညည်း ပြောလေး ပြောလေ၏။ ကျွန်ုပ်က–

"မရေရာဘူးလို့တော့ ပြောလို့ မရဘူး ဦးလေးရဲ့။ နောက်ဖေးမှာ ကတုတ်ခတ်ထားတာကတော့ လက် တွေ့ပဲ မဟုတ်လား"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဦးမြဘူးက –

"အေးလေ၊ ကြည့်သေးတာပေါ့ မောင်ရာ"

ဟု ပြန်ပြောလေ၏။ ကျွန်ုပ်တို့ နှစ်ဦးသည် ရောက်တတ်ရာရာ စကား များ ပြောဆိုလျက်ရှိရာ အတော်ကြာ သောအခါ မောင်တိုက ထမင်းစားလို့ ရပြီဖြစ်ကြောင်း သတင်းပို့လေ၏။

ကျွန်ုပ်တို့နှစ်ဦးသည် မောင်တို ချက်ပြုတ်ကျွေးမွေးသော ငါးသလောက် ရေချိုဟင်းနှင့် မရန်းသီးသုပ်၊ ငါးပိရည် တို့စရာနှင့် မြိန်ရှက်စွာ စားသောက်ကြ လေ၏။ ကျွန်ုပ်တို့နှစ်ဦး ထမင်းစား သောက်ပြီးသောအခါ ရေနွေးကြမ်း တစ်အိုးဖြင့် နှစ်ယောက်သား စကား

ဝိုင်းဖွဲ့ကြပြန်၏။ မောင်တိုက ထမင်း ဝိုင်းအား သိမ်းဆည်းလျက်ရှိ၏။ ထို အခိုက် ခြံတွင်းသို့ လူတစ်ယောက် ဝင်လာသဖြင့် ကြည့်လိုက်ရာ ကိုပါပ ဖြစ်နေသဖြင့် ကျွန်ုပ်က "ပြောရင်း ဆိုရင်း လာပါပြီ ဦးလေးရာ"ဟု ပြော လိုက်ရာ ဦးမြဘူးက "ဘာလာတာလဲ ကွ"ဟု ကျွန်ုပ်အား ပြန်၍ မေးလေ၏။

ထိုအချိန်တွင် ကိုပါပသည် အိမ် ပေါ်သို့ပင် တက်လာနေပြီ ဖြစ်လေ၏။ ကိုပါပသည် အိမ်ပေါ်သို့ ရောက်လျှင် ရောက်ချင်း –

"ပျောက်ချက်သား ကောင်းလှ ချည်လားလို့ မမေးစမ်းပါနဲ့ကိုယ့်လူရာ။ လောလောဆယ် လက်ဖက်ရည်အချို လေး တည်းလိုက်ပါဦးဗျ"

ဟု ဆိုကာ သူဝယ်လာသော လက်ဖက်ရည် ပါဆယ်ထုပ်အား မောင်တိုအားပေး၍ ထည့်ခိုင်းလေ၏။

"ဒါနဲ့နေပါဦး ကိုပါပ။ ခင်ဗျားရဲ့ လက်ထဲက ချိုင့်ကြီးထဲက ဘာတွေ တုံးဗျ"

ဟု ကျွန်ုပ်ကမေးလိုက်ရာ ကိုပါ ပက –

"အာ့မှ မဟုတ်ပါဘူးဗျား မသိ ရသေးကြီးလို့ခေါ်တဲ့ ဘုန်းကြီးကျောင်း က ဟင်းပေါင်းပေးလိုက်တာ"

ဟု ပြောကာ မီးဖိုထဲရှိ မောင်တို အား ပေးလိုက်လေ၏။ ကျွန်ုပ်က–

"ကိုပါပ ထမင်းရောစားပြီးပြီ လား"ဟု မေးလိုက်ရာ –

"အဲဒီကိစ္စက ဖြေရှင်းရှည်မယ် ထင်တယ်ဗျ။ အတိုချုပ်ဖြေရင် စား ပြီးပြီ။ ဒါပေမယ့် မစားရသေးဘူး"

ဟု ပြန်၍ဖြေလေ၏။

"ကိုပါပ ခင်ဗျားကတော့လုပ်ပြီ ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

ဟု ကျွန်ုပ်က ညည်းလိုက်ရာ ဦးမြဘူးက –

"မင်းက စာရေးဆရာလုပ်နေပြီး ဒီလောက်လေးတောင် သဘောမပေါက်ဘူးလားကွ။ သူပြောတာက မွေးကတည်းကနေ ဒီအချိန်ထိတော့ စားပြီးပြီ။ ဒါပေမယ့် ဒီအချိန်ကနေ သေတဲ့အထိတော့ မစားရသေးဘူးလို့ ပြောတာပေါ့ကွ။ ဟုတ်တယ်မို့လားမောင်"

ဟု ကိုပါပအား သူ့အဖြေ ဟုတ်မှန်ကြောင်းကို အထည်ပြုချက် လှမ်း၍ယူလိုက်ရာ ကိုပါပက –

"ဟုတ်လိုက်လေ ဦးကြီးရယ်။ ကွက်တိပါပဲ"

ဟု ပြောကာ မောင်တိုလာချပေးသော လက်ဖက်ရည်ကို တစ်ငုံသောက်လိုက်လေ၏။ ကျွန်ုပ်က ဦးမြဘူးနှင့် ကိုပါပကို မိတ်ဆက်ပေးလိုက်ရာ ဦးမြဘူးက –

"မိတ်ဆက်ပေးဖို့ မလိုပါဘူးကွာ။ လူမြင်ကတည်းက ငါတို့လို ခွစာဆိုတာ သိပါတယ်။ ငါတို့အဖွဲ့ဝင်တစ်ယောက် တိုးတာပေါ့"

ဟု ဆိုလိုက်သဖြင့် အားလုံး ရယ်မောကြရလေ၏။ ကိုပါပက –

"ဒီလိုရှိတယ်ဗျ။ ခွစာဆိုပြီးတော့လည်း ခွတိုက်တဲ့အနေနဲ့ ထမင်းနှစ်နပ်ကနေ သုံးနပ်မစားပါဘူး။ ပိုက်ဆံမပေးဘဲလည်း လိုင်းကားမစီးပါဘူး။ မျက်နှာပဲသစ်ပြီး သွားမတိုက်ဘဲ မနေပါဘူး။ ကျွန်တော် ဆိုလိုတာက ခွစာလည်း လူပါပဲ။ လူတွေလိုပဲ ခံစားချက်ရှိပါတယ်။ ခံစားချက်ကို အမြင်ကို အမြင်အတိုင်း၊ အရှိကို အရှိအတိုင်း ပြောတတ်တဲ့လူကိုပဲ လူတွေက ခွစာလို့ ကင်ပွန်းတပ်ကြတာပါ။ တစ်နည်းအားဖြင့် ပြောရရင် Follow မလိုက်တတ်ဘူးပေါ့။ လောကကြီးနဲ့၊ လူတွေနဲ့ Hamony ဖြစ်အောင် မနေတတ်ဘူးပေါ့ဗျာ။

ဥပမာအနေနဲ့ ပြောရရင်ဗျာ နည်းနည်းတော့ ကြီးကျယ်နေမလားမသိဘူး။ ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာ သံသရာဆိုတာ ရှိတယ်။ သံသရာရဲ့ သဘောက အမြဲလည်ပတ်နေတယ်။ အဲဒီ သံသရာကနေ လွတ်ထွက်ဖို့ဆိုရင် ရုန်းထွက်ရမယ်။ အဲဒီလို ရုန်းထွက်ဖို့အတွက် သံသရာစီးကြောင်းကနေ ဗီလာသော်လည်းကောင်း၊ ဆန့်ကျင်ဘက်ကိုသော်လည်းကောင်း၊ ဘေးတိုက်သော်လည်းကောင်း ရုန်းကန်ထွက်မှ လွတ်ရာကို ရောက်မယ်။ ဒါမှမဟုတ်လို့ကတော့ သံသရာ ရေယဉ်ကြောမှာ မျောလို့ကို ဆုံးမှာ မဟုတ်ဘူးပေါ့ဗျာ။ ကျွန်တော် တစ်ခုပြောပြမယ်။ လောကမှာ အိမ်ထောင်ပြုတယ်ဆိုတာ လောကတံထွာ ဓမ္မတာလို့ သူများတွေ ပြောကြတယ်။ ဘုန်းကြီးရဟန်းတွေကို အိမ်ထောင်သားမွေးခြင်းအလုပ်ကို မလုပ်ရဘူးလို့ မြတ်စွာဘုရားက ဝိနည်းတော်တွေနဲ့ ပညတ်ထားတယ်။ အဲဒီအတွက် သံဃာတော်တွေက လိုက်နာတယ်။ တကယ်တော့ သံဃာဆိုတာလည်း ပုထုဇဉ်ဖြစ်တဲ့အတွက် ပုထုဇဉ်စိတ်ရှိတာပဲ။ ဒါပေမယ့် အဲဒီစိတ်ကို ထိန်းချုပ်ခြင်းအားဖြင့် လူအများရဲ့ ကြည်ညိုလေးစားခြင်း၊ အပူဇော်ခံထိုက်ခြင်း ဆိုတဲ့ ဂုဏ်နဲ့ပြည့်စုံသွားတယ်။ အမှန်ကတော့ လောကကြီးကို အမှန်အတိုင်း ကြည့်တတ်၊ မြင်တတ်ဖို့ လိုတယ်ဗျ။ ဘသားယိမ်းလိုက်၊ ရေယိမ်းလိုက် လုပ်နေလို့ကတော့ အများမိုးခါးရေသောက်တိုင်း လိုက်သောက်နေမယ်ဆိုရင်တော့ မြှုံးမိတဲ့ငါးလို လည်နေမှာပဲ။ တစ်ခုရှိတာက ဖောက်ထွက်တယ်ဆိုတဲ့နေရာမှာ အစွန်းမရောက်ဖို့လိုတယ်။ ကျွန်တော်တို့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးလည်း ဖောက်ထွက်ခဲ့တာပဲ။ ဒေဝဒတ်လည်း ဖောက်ထွက်ခဲ့တာပဲ။ ဒါပေမယ့် ဒေဝဒတ်ဟာ အယူအဆပိုင်းမှာ အစွန်းရောက်သွားတဲ့အတွက် နိဗ္ဗာန်ရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ အပါယ်ငရဲကို ကျသွားရတယ်။

အထူးသဖြင့်တော့ဗျာ ခေါင်းဆောင်ပိုင်း၊ ဒါမှမဟုတ် ပညာရှိများ အစွန်းရောက်သွားရင် အင်မတန်ကြောက်ဖို့ကောင်းတယ်။ ဥပမာအနေနဲ့ ထပ်ပြောရရင် ကျွန်တော်တို့ တိုင်းပြည် နှစ် ၅၀ လောက် ဖတ်မျောကြီးကသွားတာကတော့ အထင်ရှားဆုံး ဥပမာပဲပေါ့"

ဟု ရှင်းပြရာ ဦးမြဘူးက လက်ခုပ်လက်ဝါးတီး၍ –

"ဟုတ်လိုက်တာမောင်ရာ။ ဟုတ် . . . ဟုတ်နဲ့ကို မြည်နေတာပါပဲ။ သောက်ကျိုးနည်း ဒီလိုလူမျိုးနဲ့ ခုမှ တွေ့ရတယ်ဗျာ"

ဟု ပြောကာ ချီးမွမ်းလေ၏။

"ခက်တာက လူဆိုတာမျိုးက အစွဲအလမ်းကလေးကလည်း ရှိသေးသကိုးခင်ဗျ"

ဟု ကိုပါပက စကားစလိုက်ရာ ဦးမြဘူးက –

"ဆိုပါဦးမောင်ရယ်" ဟု စကားထောက်လိုက်လေ၏။

"ဒီလိုပါဦးရယ်။ ကျွန်တော်တို့ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးကတော့ မစ္ဆိမပဋိပဒါဆိုတဲ့ အလယ်

www.burmeseclassic.com

www.burmeseclassic.com

အလတ်လမ်းကိုပဲ လိုက်ဖို့ ပြောခဲ့တာပဲ။ သို့သော်လည်း သတ္တဝါတို့ရဲ့ သဘောကိုက အတ္တဆိုတဲ့ ငါဦးဆောင်တာဖြစ်လေတော့ အကြောင်းအရာတစ်ခုကို စဉ်းစားတိုင်း ဆုံးဖြတ်ချက်တစ်ခုကို ချမယ်ကြံတိုင်း ငါဆိုတဲ့ အစွဲလေးက ပါမှန်းမသိ ပါနေလေတော့ကာ ကိုယ့်အယူအဆနဲ့ ကိုယ်တော့ မှန်တယ်လို့ ယူဆလို့ ရပေမယ့် လူအများလက်မခံနိုင်တဲ့ ဆုံးဖြတ်ချက်မျိုး၊ လုပ်ရပ်မျိုးဖြစ်နေတတ်တာပေါ့။ ဥပမာ အနေနဲ့ဆိုရင် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေလိုမျိုးပေါ့"

ဟု ကိုပါပက ပြောလိုက်ရာ ဦးမြဘူးက –

"ခက်တဲ့ ကောင်ကွာ။ မင်းနှယ် မှန်တိုင်းမပြောရဘူး။ အခုခေတ် ကောင်းနေလို့၊ အရင်ခေတ်လိုမျိုးသာဆို မင်းလိုကောင်မျိုး သောက်ကျိုးနည်းမယ့်ကိန်းပဲ"ဟု ပြောလေ၏။

"ကျွန်တော်က အချင်းချင်းတွေမို့ ပြောတာပေါ့ ဦးလေးရဲ့၊ အများရှေ့တော့ ဘယ်ပြောပါ့မလဲ။ အကယ်၍ ဒီကိစ္စနဲ့ ကျွန်တော် ထောင်ထဲရောက်ရင်တော့ ဦးလေး လက်ထောက်ချလို့သာပဲ"ဟု ကိုပါပက ပြောလိုက်ရာ

"မင်းပြောသမျှ တောက်လျှောက် တည့်လာခဲ့ပြီးမှ ဒီတစ်ခါတော့ လွဲချက်ပျာ။ မြဘူးဆိုတဲ့ကောင် သူများဒုက္ခရောက်မယ့်အလုပ် တစ်သက်မလုပ်ဘူးမောင်"

ဟု ပြန်လည်ချေပလိုက်လေ၏။ ကိုပါပက –

"ဒါဆိုဦးလေးက မဟုတ်တာ လုပ်တဲ့လူကို ဒုက္ခရောက်မှာစိုးလို့ဆိုပြီး လက်ခံထားတဲ့ ကြရာပါပေါ့"

ဟု နောက်ပြောင်၍ ပြောလိုက်ရာ ဦးမြဘူးသည် ဒေါသများ တရှူးရှူးထွက်လာပြီးနောက် –

"တယ်... ဒီကောင်တော့လား ဗိုက်ထဲလေထိုးပြီး ရန်ကုန်မြစ်ထဲ ပစ်ချလိုက်ရ ပေါလောမျောနေရော့မယ်"ဟု ကြိမ်းဝါးလိုက်လေ၏။ ထိုအခါ ကိုပါပက –

"ဦးလေးနှယ်ဗျာ ပေါက်ပေါက်ရှာရှာ ဗိုက်ထဲလေထိုးပြီးတော့ပဲ ရန်ကုန်မြစ်ထဲ ပစ်ချရမယ်လို့၊ ဒီအတိုင်းပစ်ချလည်း ရသားနဲ့ဥစ္စာ"

ဟု စောဒက တက်လိုက်ရာ ဦးမြဘူးက –

"တယ်ခက်တဲ့ ကောင်ပဲ။ ဂျွတ်ရ ခွစာရဲ့ စိတ်ဆွေလေကွာ။ မင်းမေ့နေသလား။ နည်းနည်းဖြစ်ဖြစ်တော့ ခွကျလိုက်ရမှ စားဝင်၊ အိပ်ပျော်သကွ"

ဟု ပြန်၍ရှင်းပြလိုက်ရာ အားလုံး ရယ်မောကြရလေ၏။

ကိုပါပသည် ကျွန်ုပ်ဘက်သို့ လှည့်ကာ –

"ဒီလိုရှိတယ် စာရေးဆရာရေ။ ကျုပ်ညီဘုန်းကြီးကလည်း သူ့ခြသေ့ကြီးကို ဆက်လုပ်တာပါပဲ။ ပန်းတမော့ဆရာ ကိုအောင်မောင်းကလည်း မြှောက်ပေးတာပါပဲ။ ခြသေ့ကြီးကလည်း ခြသေ့နဲ့မတူဘဲ ခွေးနဲ့ပိုတူတာပါပဲ။ ကျုပ်ကလည်း မကျေနပ်တာက မကျေနပ်တာပါပဲ။ အရာအားလုံးက သူ့သဘောနဲ့သူဆောင်ပြီး ဖြစ်ပျက်နေကြတာပါပဲဗျာ"

ဟု ညည်းတွားလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က ကိုပါပအား –

"ဒါဖြင့် ခင်ဗျားညီ ဦးဇင်းရဲ့ ခြသေ့ကြီးဖြစ်မြောက်ရေး စီမံကိန်းကြီးက အထမြောက်ပြီပေါ့"

ဟု ပြောလိုက်ရာ၊ ကိုပါပက

"အထမြောက်ရုံ ဘယ်ကမလဲ ကိုယ့်လူရယ်။ ပြီးတော့မြီးသွားမှဥစ္စာ"

ဟု ပြန်၍ပြောလေ၏။ ကျွန်ုပ်က

"ပြီးတော့လည်း ပြီးတာပါပဲ ကိုပါပရယ်"ဟု နောက်၍ပြောလိုက်ရာ ကိုပါပက –

"ဖြစ်ပြီးရင် ပျက်ရှုရှိတာပေါ့ စာရေးဆရာရယ်"

ဟု ပြန်၍ပြောလေ၏။

ကျွန်ုပ်တို့နှစ်ဦး စကားပြောနေသည်ကို စိတ်မဝင်စားသကဲ့သို့ ငြိမ်၍ နားထောင်နေသော မောင်တိုက –

"ဒါနဲ့ ဦးပါပ အသက်ဘယ်လောက်ရှိပြီလဲ"

ဟု ဆိုင်းမဆင့် ဗုံမဆင့် ကောက်၍ မေးလေ၏။ ကိုပါပက တစ်ချက်ပြုံးရင်း –

"အသက်မေးရင်တော့ မင်းဦးလေးနဲ့ ရွယ်တူလောက်ပါပဲကွာ။ အတိအကျ ပြောရရင်တော့ လေးဆယ့်ခြောက်နှစ် ဆိုပါတော့။ ဒီနှစ် ဇူလိုင်လ ၂ ရက်နေ့ကပဲ လေးဆယ့်ခြောက်နှစ်ပြည့်တယ်"

ထိုအခါ မောင်တိုက –

"ဒါဆို ဦးပါပ မွေးနေ့က ဇူလိုင်လ ၂ ရက်ပေါ့"

ဟု ပြောလိုက်ရာ ကိုပါပက –

"အဲဒါက ဒီလိုရှိတယ်ကွ မောင်တိုရဲ့။ ဇူလိုင်လ ၂ ရက်က ငါ့မွေးနေ့ ဖြစ်ခဲ့ဖူးတာတော့ မှန်တယ်။ ဒါပေမယ့် ဒီဇူလိုင်လ ၂ ရက်တော့ မဟုတ်ဘူးကွ။ ငါ့မွေးနေ့က လွန်ခဲ့တဲ့ ၄၆ နှစ်မှာ ကျန်ခဲ့ပြီ။ အခု ဇူလိုင်လ ၂ ရက်နေ့ဆိုတာက ငါ့ရဲ့မွေးဖွားခြင်း ၄၆ နှစ်မြောက် နှစ်ပတ်လည်နေ့သာ ဖြစ်တယ်ကွ။ အဲဒါကို လူတွေက သဘော

www.burmeseclassic.com

မပေါက်ကြဘူး။ မွေးနေ့ဆိုပြီး လုပ်လိုက်ကြတာ။ တကယ်က လူတစ်ယောက်မှာ မွေးနေ့ဆိုတာ တစ်ရက်တည်း ရှိတာပါကွာ။ အဲဒီလိုပဲ သေနေ့ဆိုတာလည်း တစ်ရက်တည်း ရှိတာပါပဲ။ ဒါပေမယ့် သေခြင်းကတော့ နှစ်မျိုးရှိတယ်မောင်။ လူသေခြင်းနဲ့ ဘဝသေခြင်းဆိုပြီး ရှိတယ်ကွ။ ဥပမာပြရရင် သိပ်မကောင်းဘူးကွ။ မင်းသိမှာပါ တချို့လူတွေ အသက်ဘော့မသေသေးဘူး။ ဒါပေမယ့် လုပ်မှား ကိုင်မှား တစ်ခုခုကြောင့် ဖြစ်စေ၊ လူအများက ရက်မခံနိုင်တဲ့ ရောဂါဆိုးကြီးကြောင့်ဖြစ်စေ လူရာမဝင်တော့ဘူး ဖြစ်သွားတဲ့လူတွေရှိတယ်။ အဲဒီလူမျိုးကို ဘဝသေတယ်လို့ ခေါ်တယ်ကွ။ ဒီမှာ မောင်တိုရေ . . . ဘဝသေတဲ့ အဖြစ်မျိုးတော့ ဘယ်တော့မှ အဖြစ်မခံနဲ့ မောင်ရေ။ 'ဘဝသေပြီဆိုမှဖြင့် လူဖြစ်ရှုံးပြီသာ မှတ်တော့ကွ။ တချို့များကျပြန်တော့လည်း လူသာသေတာမောင်၊ ဘဝက ရှင်သန်နေတုန်းပဲဗျ။ ဥပမာ အနေနဲ့ပြောရရင်တော့ကွာ ဗိုလ်ချုပ်အောင်ဆန်းလို ပုဂ္ဂိုလ်မျိုးဆိုပါတော့။ နောက် အနုပညာရှင်တွေ၊ ပန်းချီပညာရှင်တွေ၊ သိပ္ပံပညာရှင်တွေလိုမျိုးပေါ့ကွာ။ သူတို့သေသွားသည့်တိုင် သူတို့ အနုပညာတွေကို မြင်တိုင်း သူတို့ကို လူတွေက သတိတရ ရှိနေတတ်ကြတာမျိုးကို ဘဝမသေသူတွေလို့ခေါ်တာပေါ့ကွာ"

ဟု ရှင်းပြလေ၏။ ထိုအခါ ဦးမြဘူးက –

"ငါ့လူက ဘယ်ဆိုးလို့တုံး။ ငါတို့လည်း မင်းသိသလိုတော့ သိသားကွ။ ဒါပေမယ့် မင်းလို ဇာစ်ခါမှ ပြောမပြဖူးပေါင်ကွာ"

ဟု ချီးမွမ်းလေ၏။ မောင်တိုက

"အဲဒါခက်တာပေါ့ ဦးပါပရယ်။ ကျွန်တော့်အဖြစ်က လူမသေဘဲ ဘဝသေမလို ဖြစ်နေပြီဗျ"

ဟု မချိတင်ကဲ လေသံနှင့် ပြောလိုက်ရာ ကိုပါပက –

"ကြီးကျယ်လှပါလား မောင်ရာ၊ မင်းက ဘဝသေရအောင် ဘာတွေများဖြစ်လို့တုံးကွ"

ဟု မေးခွန်းထုတ်လိုက်လေ၏။

"ကျွန်တော်က ဘာမှမဖြစ်ဘူးဗျ။ ဖြစ်တာက ကျွန်တော့်ယောက္ခမလောင်းကြီးဗျ . . . ။ အဘွားကြီးက ခုတလော သူ့သမီးကို ဟိုရှေ့ကောက်လုပ်တဲ့ ကောင်လေးနဲ့ သဘောကျနေတယ်ဗျ။ ကျွန်တော့်ကို သိပ်မကြည်ဘူး ဖြစ်နေတယ်။ ဒီကောင်က ပိုက်ဆံလေးကလည်း လက်ထဲရှင်တာကိုဗျ။ ကျွန်တော်ဆိုတဲ့ကောင်က ငွေဖြာကိုဗျာဟု ညည်းလေ၏။ သူ့ကိုသာ မရရင် 'ကျွန်တော့်ဘဝက သေပြီဗျ"

ဟု ရှုံမဲ့မဲ့နှင့်ပြောလိုက်ရာ ကိုပါပက –

"မပူစမ်းပါနဲ့ ငါ့လူရာ။ မိဘတိုင်းက သူတို့သားသမီးကို ဒီလိုပဲ အမြင့်ဆုံးကို မှန်းကြတာပါပဲကွ။ ဒါပေမယ့် နောက်ဆုံးတော့လည်း သူနဲ့သူ တန်ရာတန်ရာပဲ ညားကြတာပါကွာ။ အဲဒါနဲ့ ပတ်သက်ပြီး ပုံပြင်လေးတစ်ပုဒ် ပြောပြမယ်။ မင်းသေသေချာချာနားထောင်"

ဟု ဆိုကာ စတင်၍ ပြောလေတော့၏။

"ဟိုးရှေးရှေးတုန်းက ကြွက်တိုင်းပြည်ကြီးတစ်ခုမှာ ကြွက်ဘုရင်ကြီးတစ်ပါး စိုးစံသတဲ့။ ကြွက်ဘုရင်ကြီးမှာ သားတော်၊ သမီးတော်တွေ အများကြီးရှိပေမယ့် တစ်ယောက်သော သမီးတော်လေးကိုတော့ ကြွက်ဘုရင်ကြီးက အလွန်ချစ်မြတ်နိုးတော်မူသတဲ့။ သူ့သမီးတော်လေးကလည်း သိပ်ချောသိပ်လှတော့ တော်ရုံတန်ရုံ ကြွင်ဖက်နဲ့ သဘောမတူနိုင်ဘူး ဖြစ်နေတာပေါ့။

တစ်နေ့တော့ ကြွက်ဘုရင်ကြီးက သူ့မှူးကြီးမတ်ရာတွေကို ခေါ်ပြီး သူ့သမီးတော်လေးအတွက် ကြင်ရာတော်ကို ရှာဖွေပေးဖို့ တောင်းဆိုတယ်တဲ့။ ဘုရင်ကြီးအကြောင်းကို သိနေတဲ့ အမတ်တစ်ယောက်က အရှင်မင်းကြီး အရှင်မင်းကြီး သမီးတော်လေးဟာ တော်ရုံသတို့သားနဲ့ မထိုက်တန်တဲ့ တော်ဝင်သတို့သမီးလေး ဖြစ်တာကြောင့် လောကရဲ့ အထွတ်အမြတ်ဖြစ်တဲ့ နေမင်းကြီးနဲ့သာ ထိုက်တန်ပါသည်။ ထို့ကြောင့် သမီးတော်လေးကို နေမင်းကြီးနဲ့သာ လက်ဆက်ပေးရန် သင့်တော်ပါသည်လို့ လျှောက်လိုက်တော့ ဘုရင်ကြီးလည်း အမတ်ရဲ့ မြှောက်ပင့်ပြီးပြောတဲ့ လျှောက်တင်စကားကို သဘောကျတော်မူပြီး မှန်ပေတယ်။ ငါ့သမီးတော်လေးဟာ နေမင်းကြီးနဲ့သာ ထိုက်တန်သူ ဖြစ်ပေတယ်။ ဒါကြောင့် နေမင်းကြီးနဲ့ ပေးစားမယ်လို့ ဆုံးဖြတ်လိုက်သတဲ့။

ဒါပေမယ့် နောက်ထပ် အမတ်တစ်ယောက်က ထပ်မံလျှောက်တင်ပြန်တယ်။ နေမင်းကြီး ကြီးကျယ်မြင့်မြတ်တယ်ဆိုတာ အမှန်ပါပဲမင်းကြီး၊ သို့သော်လည်း ကြီးကျယ်မြင့်မြတ်တဲ့ နေမင်းကြီးလည်း တိမ်တွေက ဖုံးကွယ်လိုက်တဲ့အခါကျရင် အလင်းရောင်မပေးနိုင်တာမို့ တိမ်ကသာပိုပြီး မြင့်မြတ်လှပါတယ် အရှင်မင်းကြီးလို့

www.burmeseclassic.com

လျှောက်လိုက်ပြန်တယ်။ ကြွက်ဘုရင်ကြီးလည်း ဒါလည်းမှန်တာပဲ၊ ဒါဆိုရင် ငါ့သမီးတော်ကို တိမ်နဲ့ပေးစားမယ်ဟု ဆုံးဖြတ်လိုက်တယ်တဲ့။

အဲဒီအခါ တတိယမြောက် ကြွက်အမတ်တစ်ယောက်က ကန့်ကွက်လိုက်ပြန်ပါသတဲ့။ သူပြောတာ မှန်တော့ မှန်ပါတယ် မင်းကြီး။ သို့သော်လည်း တိမ်တွေဆိုတာ မိုးရွာလိုက်ရင် ပျောက်ပျက်ကုန်နိုင်တာမို့ လောကမှာ အမြတ်ဆုံးက မိုးသာလျှင် ဖြစ်ပါတယ် အရှင်မင်းကြီးလို့ လျှောက်ပြန်သတဲ့။ ကြွက်ဘုရင်ကြီးလည်း ဒါဆို ငါ့သမီးတော်ကို မိုးနဲ့ ပေးစားမယ်လို့ ဆုံးဖြတ်လိုက်ပြန်သတဲ့။

စတုတ္ထမြောက် အမတ်ကလည်း လျှောက်ပြန်ပါသတဲ့။ မိုးက လောကမှာ တန်ခိုးအကြီးဆုံးဆိုတာ မဖြစ်နိုင်ပါဘူး မင်းကြီး။ ဘာကြောင့်လဲဆိုတော့ မိုးဘယ်လောက်သည်းသည်း သစ်ပင်တွေကိုတော့ ပြိုလဲမသွားစေနိုင်ပါဘူးလို့ လျှောက်လိုက်သတဲ့။ ကြွက်ဘုရင်ကြီးလည်း ဟုတ်တာပဲ။ လောကမှာ သစ်ပင်ကသာ တန်ခိုးအကြီးဆုံးပဲလို့ သတ်မှတ်ပြီး သူ့သမီးတော်လေးကို သစ်ပင်နဲ့ပေးစားဖို့ ဆုံးဖြတ်ချက်ချ လိုက်ပြန်သတဲ့။

ထိုအခါ နောက်အမတ်တစ်ယောက်က ဟိုး ...ဟိုး နေပါဦး မင်းကြီး။ ဆန္ဒမစောပါနဲ့ဦး၊ လောကမှာ သစ်ပင်ဟာ အကြီးမြတ်ဆုံးဆိုတာ မမှန်ပါဘူးဘုရား။ သစ်ပင်တွေကို လေက ပြိုလဲအောင် လုပ်နိုင်တာမို့ လောကမှာ လေကသာ အမြင့်မြတ်ဆုံးဖြစ်ပါတယ်လို့ လျှောက်တင်ပြန်သတဲ့။ ကြွက်ဘုရင်ကြီးလည်း ထုံးစံအတိုင်း သူ့သမီးတော်ကို လေနဲ့ပေးစားမယ်ဖြစ်ပြန်တာပေါ့။

ဒါပေမယ့်လည်း ဘုရင်ကြီး ဆုံးဖြတ်ချက်က ခဏတာပဲခံတယ်တဲ့။ ဘာကြောင့်လဲဆိုတော့ နောက်ထပ် အမတ်တစ်ယောက်ရဲ့ လျှောက်တင်ချက်ကြောင့်ပဲတဲ့။ လေဟာ ဘယ်လောက်ပဲ ကြီးကျယ်မြင့်မြတ်တယ်ဆိုဦးတော့ မြေကြီးကိုတော့ လွင့်စင်သွားအောင် တိုက်ခိုက်နိုင်စွမ်း မရှိပါဘူးလို့ လျှောက်လိုက်တာကို ဘုရင်ကြီးလည်း မှန်လိုက်လေကွယ် ငါမေ့နေလိုက်တာ။ လောကမှာ မြေကြီးသာလျှင် အမြတ်ဆုံးဆိုတာ ငါကိုယ်တော်မေ့နေတော်မူတယ်။ ငါ့သမီးတော်လေးကို မြေကြီးနဲ့ပေးစားဖို့ စီစဉ်ကြပေတော့လို့ ပြောပြီး ညီလာခံစဲဖို့ ပြင်သတဲ့။

အဲဒီအချိန်မှာ နောက်ဆုံးမှာ ရောက်နေတဲ့ အမတ်ငယ်လေး တစ်ပါးက အရှင်မင်းကြီး၊ နေပါဦးဘုရား။ ကျွန်တော်မျိုး တင်ပြပါရစေဦးဘုရားလို့ လျှောက်တင်လိုက်တော့ မောင်မင်းက ဘာများလျှောက်တင်ဦးမလို့တုံးကွယ့် အမတ်ငယ်လေးရဲ့လို့ ပြန်မေးလိုက်တယ်တဲ့။

အဲဒီအခါ အမတ်ငယ်လေးဟာ မဝံ့မရဲနဲ့ ရှေးကတင်ခဲ့တဲ့ ပညာရှိအမတ်ကြီးများရဲ့ လျှောက်တင်ချက်များဟာ အင်မတန်မှ လျော်ကန်လှပါတယ်။ သို့သော်လည်း ကျွန်တော်မျိုးအရဲကိုးပြီးတော့ လျှောက်တင်ပါရစေ မင်းကြီးလို့ ပြောသတဲ့။ မင်းကြီးကလည်း ပြောစေလို့ ခွင့်ပြုလိုက်တော့မှ မှန်လှပါ လောကမှာ မြေကြီးဟာ အမြင့်မြတ်ဆုံးဆိုတာ မှားပါတယ်။ ဘာကြောင့်လဲဆိုတော့ မြေကြီးကို ကိုက်ဖောက်တူးဆွပြီး ကျွန်တော်မျိုးတို့ ကြွက်တွေက အသိုက်အမြုံလုပ်နေကြတာကို သူမဟန့်တားနိုင်ပါဘူးဘုရား။ ဒါကြောင့် လောကမှာ ကျွန်တော်မျိုးတို့ ကြွက်တွေသာလျှင် အမြင့်မြတ်ဆုံးပါဘုရားလို့ လျှောက်တင်လိုက်တဲ့အခါ ကြွက်မင်းကြီးလည်း နောက်ဆုံး အမတ်ငယ်ရဲ့ လျှောက်တင်ချက်ကို အားရတော်မူပြီး ဆုလာဘ်များ ချီးမြှင့်တော်မူလိုက်တယ်။ သူ့သမီးတော်လေးကိုလည်း ကြွက်အပေါင်းထဲက အသင့်တော်ဆုံး ကြွက်နဲ့ ပေးစားဖို့ စီစဉ်လိုက်တော့တယ်တဲ့ကွ''

ကိုပါပ၏ ပုံပြင်ဆုံးသွားသောအခါ မောင်တို၏ မျက်နှာသည် ဝင်းလဲ့၍ နေပေတော့၏။

''ဦးပါပစာလည်းဗျာ။ ကျွန်တော်က ကြွက်ဖြစ်နေပြီပေါ့ဗျ''

ဟု မချိုမချဉ်မျက်နှာပေးနှင့် ပြောလိုက်ရာ –

''မင်းက ကြွက်မဖြစ်ပါဘူး မောင်တိုရာ။ ငါက ဥပမာပေးတာပါကွ။ တကယ်တော့ မင်းကောင်မလေးက မင်းနဲ့ပဲ ညားမှာပါကွ။ စိတ်မပူစမ်းပါနဲ့ ငါ့လူရာ စိတ်ချနေစမ်းပါကွ။ သိပ်မကြာခင် မင်းယောက္ခမလောင်းလျာကြီး မင်းကို လာခေါ်ပါလိမ့်မယ်ကွာ။ စောင့်ကြည့်နေပါ''

ဟု ပြောလိုက်ရာ မောင်တိုက

''တကယ်လား ဦးပါပ''

ဟု မေးလိုက်လေ၏။ ကိုပါပကလည်း ''တကယ်ပေါ့ကွာ''ဟု ပြန်၍ဖြေလိုက်လေတော့၏။

*(ဆက်လက်ဖော်ပြပါမည်။)*

---

ညိုး

---

www.burmeseclassic.com

# အုံမွှယ်ထူးဆန်း ဆေးစွမ်းကောင်းများ

မျိုးသန်းထွန်းကို(ရေစကြို)

(ယခင်လမှအဆက်)

## အသားအမျိုးမျိုး

ဓာတ်စာ စားသောက်လိုသူနှင့် ဓာတ်စာပေးသော ဆေးဆရာများအတွက် ပိုမို၍ချိန်ဆနိုင်စေခြင်းငှာ ဘေသဇ္ဇနယ ဆေးပညာအံ့ရ ဓာတုရသကို ဖော်ပြလိုက်ပါသည်။

၁။ နွားသား-ပထဝီကိုဆောင်စေတတ်၏။ လိပ်နာကို လျင်မြန်စွာပျောက်စေတတ်၏။ သွေးတက်၏။ လေကိုနိုင်၏။ အားကိုဖြစ်စေ၏။ ဝမ်းပီးတောက်၏။ ၎င်းအသားကို ဖုတ်၍ရှူလျှင် ပုပ်သော ရောဂါဟူသမျှတို့သည် ပေါ်ထွက်၍လာတတ်သည်။

၂။ ကျွဲသား-ပူ၏။ လေကိုနိုင်၏။ သုက်ကိုပွားစေတတ်၏။ အားကိုဖြစ်စေတတ်၏။ သွေးသက်၏။ ဒေသနာနာယအလိုအားဖြင့် ကျွဲသားသည် အအေးစာဖြစ်၏။

၃။ ကြံ့သား၊ လေသလိပ်ကိုနိုင်၏။ ဆီးကို ရှင်စေတတ်၏။

၄။ ကျားသား-ပူ၏။ လေကိုနိုင်၏။ အားကိုပွားစေတတ်၏။ မျက်စိနာနှင့်သင့်၏။ အင်္ဂါဇာတ်၌ဖြစ်သော အနာနှင့်သင့်၏။

၅။ ဆင်သား-ခွန်အားပြည့်စေတတ်၏။ သွေးကိုလေးစေတတ်၏။ လေကိုနိုင်၏။ သုက်ကိုပွားစေတတ်၏။

၆။ ကြောင်သား-အားကိုဖြစ်စေတတ်၏။ မွေးသောအနံ့ရှိ၏။ မျက်စိနာနှင့်သင့်၏။ လေကိုနိုင်၏။ သုက်၊ သည်းခြေကို ပျက်စေတတ်၏။

၇။ ဂျို(ချေ)သား-အေး၏။ ကျင်ကြီးကျင်ငယ် ခိုင်တတ်၏။ ဆိမ့်ချို၏။ ဝမ်းမီးကိုတောက်စေတတ်၏။ သိန္ဓိပါတ်ကိုနိုင်၏။

၈။ ဝိုင်သား-ဆိမ့်၏။ နူးညံ့၏။ ဆူ၏။ ရတ္တပိတ်နာကိုနိုင်၏။ သလိပ်ကို ပျက်စေတတ်၏။

၉။ ဆတ်သား-အေး၏။ ဆိမ့်၏။ ရတ္တပိတ်နာကိုနိုင်၏။ သလိပ်ကိုပျက်စေတတ်၏။

၁၀။ ဒရယ်သား-အေး၏။ ချို၏။ ဝမ်းကိုချုပ်စေတတ်၏။ ကိုယ်ကို စည်ပင်စေတတ်၏။ ခွန်အားကို တိုးပွားစေတတ်၏။ သည်းခြေကိုနိုင်၏။ သလိပ်ကို ပျက်စေတတ်၏။ အစာနှင့် စမြင်းဒေါသကို ကြေစေတတ်၏။ ကိုယ်လက်ဖောရောင်ခြင်းကို ဖြစ်စေတတ်၏။

၁၁။ တောဆိတ်သား-ချို၊ ဆိမ့်ရသာရှိ၏။ စဉ်းငယ်ဖန်၏။ သွေး၊ လေ၊ သလိပ်၊ သည်းခြေတို့ကိုနိုင်၏။ အားကိုဖြစ်စေတတ်၏။ အဖျားပျောက်၏။

၁၂။ အိမ်ဆိတ်သား-မပူမအေး၊ သလိပ်၊ သည်းခြေ လေတို့ကိုနိုင်၏။ နှာစေးနာ၊ ဓာတ်ကျုံ။ ဓာတ်ပျက်နာနိုင်၏။ အစာပဟောင်းများခြင်းကို ပြုတတ်၏။ သုက်ကိုလည်း ပွားများစေတတ်၏။

၁၃။ မြင်းသား-ချို၏။ စဉ်းငယ်ချဉ်၏။ ဒူလာ၊ သရောဲနာ၊ အားကုန်ခန်းသော အနာတို့ကို နိုင်၏။ ယောက်ျားများနှင့် လွန်စွာသင့်၏။

၁၄။ ဝက်သား၊ အေး၏။ ဆူ၏။ ဖန်၏။ ချွေးကိုထွက်စေတတ်၏။ သုက်ကိုပွားစေတတ်၏။ ပူပန်ခြင်းနှင့် လေတိုးကျင်လည်ခြင်းကို ပယ်နိုင်၏။ ကုန်ခန်းသော သုက်နှင့်အားကို ဖြစ်စေတတ်၏။ ဝစေတတ်၏။

၁၅။ ဝက်ဝံသား၊ ပူ၏။ မျက်စိနာနှင့်သင့်၏။ အားကို ဖြစ်စေတတ်၏။ သည်းခြေကို ပျက်စေတတ်၏။



www.burmeseclassic.com

www.burmeseclassic.com

၁၆။ သိုးသား-လေကိုနိုင်၏။ သလိပ်၊ သည်းခြေကို ပျက်စေတတ်၏။ ဝမ်းမီးကိုတောက်စေ၏။ အစာကြေ၏။ အားကိုပွားစေ၏။

၁၇။ ကြွက်သား-ဓာတ်ကုန်ခမ်းသောအနာ၊ ကျင်ကြီးကျင်ငယ် အောင့်သောအနာတို့ကို နိုင်၏။ ချောင်းဆိုးပန်းနာနှင့် မြင်းသရိုက်နာတို့ကို ငြိမ်းစေ၏။ သုငယ်နာနှင့်လည်း သင့်၏။

၁၈။ ပူးသား-ဓာတ်ကုန်ခမ်းသော အနာ၊ ဆီး၊ ဝမ်းအောင့်သောအနာ၊ မြင်း သရိုက်နာ၊ ပန်းနာ၊ ချောင်းဆိုးနာတို့နှင့် သင့်၏။

၁၉။ ပွေးသား-ဆီးနှင့်ဝမ်းကို ရှင်စေတတ်၏။ ဓာတ်ကျိုး၊ ဓာတ်ပျက်ကို ဆက်စေတတ်၏။ ချောင်းဆိုး၊ ပန်းနာ၊ မြင်းသရိုက်နာတို့နှင့်သင့်၏။

၂၀။ ဖြူသား-အေး၏။ သည်းခြေကိုနိုင်၏။ အဆိပ်ကို ပယ်နိုင်၏။ ချောင်းဆိုး၊ ပန်းနာနှင့် တြိဒေါသကြောင့်ဖြစ်သော အနာတို့ကိုနိုင်၏။

၂၁။ ဖွတ်သား-ဆိမ့်၏။ ဖန်စပ်သောရသာ ရှိ၏။ လေသည်းခြေကိုနိုင်၏။ ဝစေတတ်၏။ အားကိုပွားစေတတ်၏။ အပူကိုငြိမ်းစေတတ်၏။ သွေးတက်၏။

၂၂။ ပုတတ်သား-မျက်စိနာနှင့်သင့်၏။ သုက်ကိုပွားစေတတ်၏။ ချို၏။ အပူကို ငြိမ်းစေတတ်၏။

၂၃။ ပိုးသား(ပိုးမျှင်ထုတ်ယူသော ပိုးမျိုး)-ဆိမ့်၏။ သုက်ကိုပွားစေတတ်၏။ လေသည်းခြေတို့ကိုနိုင်၏။ ဝစေတတ်၏။

၂၄။ သင်ပေါင်းပိုး-ဆူ၏။ ချို၊ ဆိမ့်ရသာရှိ၏။ အေး၏။ အားကိုဖြစ်စေတတ်၏။ လေသည်းခြေကိုနိုင်၏။ သုက်ကိုပွားစေတတ်၏။ (၎င်းသင်ပေါင်းပိုးမှာ ကြီးလျှင်စာပုတီးဖြစ်၍ ပျံသည်ဟု ဆိုသည်။)

၂၅။ ခါချဉ်-ချဉ်၏။ ဝမ်းကိုရှင်စေတတ်၏။ လေကိုနိုင်၏။ သလိပ်နှင့်အစာကို ကြေစေတတ်၏။ သုက်ကိုပျက်စေတတ်၏။

၂၆။ ပုရစ်-ဆိမ့်၏။ လေကိုနိုင်၏။ သုက်ကိုပွားစေတတ်၏။

၂၇။ ဖားသား-ချိုဖန်သော အရသာရှိ၏။ သွေးနှင့်လေကို တက်ကြွစေ၏။ ကိုယ်လက်ဖောရောင်ခြင်းကို ပြုတတ်၏။ ထုံကျင်ကိုက်ခဲသူ၊ အညောင်းခံသူ၊ မီးယပ်၊ မီးတွင်းရောက်မိန်းမတို့နှင့် မသင့်။

၂၈။ မြွေသား-မြင်းသရိုက်နာ၊ လေနာ၊ ပိုးနာ၊ အဆိပ်နာတို့ကိုနိုင်၏။ ဝမ်းမီးကိုတောက်စေတတ်၏။ မျက်စိနာနှင့်သင့်၏။ ဉာဏ်ပညာကို ပွားစေတတ်၏။

၂၉။ စပါးကြီးမြွေသား-မြင်းသရိုက်နာကို လွန်စွာနိုင်၏။

၃၀။ မျောက်သား-သုက်ကိုပွားစေတတ်၏။ ဆိမ့်၏။ မျက်စိနာနှင့်လည်း သင့်၏။ ချောင်းဆိုး၊ ပန်းနာ၊ မြင်းသရိုက်နာတို့နှင့်လည်း သင့်၏။ ကျင်ကြီး၊ ကျင်ငယ်ကို ရှင်စေတတ်၏။

၃၁။ မျောက်လေဝှေသား-ပကတိမျောက်သားထက် ထက်မြက်၏။ လျှင်မြန်ပေါ့ပါးစေတတ်၏။ သည်းခြေနှင့်သင့်၏။ သွေးကို ကြွစေတတ်၏။

၃၂။ ယုန်သား-အေးချိုရသာရှိ၏။ အဆီနည်း၏။ ချုပ်၏။ ဝမ်းမီးကိုတောက်စေတတ်၏။ လေသလိပ်ကိုနိုင်၏။ လေနာနှင့်သင့်၏။ အဖျားနာ၊ ဝမ်းပျက်နာ၊ သုက်ခမ်းသောအနာတို့နှင့် သင့်၏။

၃၃။ ရှဉ့်သား-လေ၊ သည်းခြေ၊ သလိပ်တို့ကို ပွားစေတတ်၏။ အိပ်ခြင်းကို ပြုတတ်၏။ ပါးသက်နာ၊ မြင်းသရိုက်နာတို့ကို နိုင်၏။

၃၄။ ရှူးပျံသား-သုက်ကိုပွားစေတတ်၏။ မျက်စိနာနှင့်သင့်၏။ ပန်းနာ၊ ချောင်းဆိုး၊ မြင်းသရိုက်နာနှင့်သင့်၏။ ဆီး၊ ဝမ်းကို ရှင်စေ၏။

၃၅။ လင်းနို့သား-အေး၏။ ဆီးချုပ်၏။

၃၆။ တောကြွက်သား-သလိပ်ကို ပျက်စေတတ်၏။ လေသည်းခြေတို့ကို နိုင်၏။ အားအင်ကုန်ခမ်းသောအနာ၊ အောာ့အန်နာ၊ ချမ်းဖျား၊ တုန်ဖျားတို့ကို နိုင်၏။

၃၇။ ကြွက်တိန်ညင်သား (ချို၊ ဖန်) သည်းခြေနာ၊ ဆီး၊ ဝမ်းအောင့်သောအနာတို့ကို နိုင်၏။ အသက်ရှည်ခြင်း၊ ဝမ်းတန့်ခြင်း၊ ကိုယ်လက်ပေါ့ပါးခြင်းတို့ကို ပြုတတ်၏။

၃၈။ အိမ်ကြွက်သား (ချို၊ ဖန်) အရသာရှိ၏။ အော



www.burmeseclassic.com

www.burmeseclassic.com

ကြေ၏။ လေကိုနိုင်၏။ အကြောကို ဆိုင်းစေတတ်၏။

၃၉။ ကျီးကန်းသား၊ အသွေး၊ အသား၊ သုက်တို့ကို ခန်းခြောက်စေတတ်၏။ ပန်းနာနှင့်သင့်၏။ ရှူသွတ်စေတတ်၏။ အစဉ်မစားအပ်သော အစာတည်း။

၄၀။ ကြက်တူရွေးသား-အေး၏။ သုက်ကိုပွားစေ၏။ ချောင်းဆိုး၊ ပန်းနာနှင့် သင့်၏။ ဝမ်းချုပ်၏။

၄၁။ ခါသား-အေး၏။ ချို၏။ မေ့ဟိုက်နာ၊ ပန်းနာ၊ လေနာနှင့် သလိပ်ထန်သောအနာတို့ကို နိုင်၏။ ဝမ်းမီးကို တောက်စေတတ်၏။

၄၂။ ခင်ပုတ်သား-ပူ၏။ သုက်သွေးကိုခြောက်စေ၏။ အားကို ယုတ်လျော့စေတတ်၏။ သည်းခြေကိုပျက်စေတတ်၏။

၄၃။ နိုသား-ဆီးဝမ်းကို ရှင်စေတတ်၏။ တြိဒေါသကို ပျက်စေတတ်၏။

၄၄။ ချိုးသား-သလိပ်၊ သည်းခြေ၊ သွေးတို့ကိုနိုင်၏။ လေပျက်၏။

၄၅။ ငှသား-လေကိုနိုင်၏။ ဝမ်းချုပ်၏။

၄၆။ ငုံးသား-အေး၏။ အဖျားကိုနိုင်၏။ ဝမ်းမီးတောက်၏။

၄၇။ တကလေးသား-သုက်ကို အလွန်ပွားစေတတ်၏။ သလိပ်ကိုလည်း ပွားများစေတတ်၏။

၄၈။ တကျီးသား-အေး၏။ သလိပ်ပွား၏။ လေနိုင်၏။

၄၉။ စက္ကဝတ်သား-အားကိုဖြစ်စေ၏။ သုက်သလိပ်ကို ပွားစေ၏။ လေကိုနိုင်၏။

၅၀။ ဗျိုင်းသား-အေး၏။ လေကိုနိုင်၏။ ဆီး၊ ဝမ်းကို ရှင်စေ၏။

၅၁။ ရစ်သား-(ပူ၊ ချို၊ ဆိမ့်) ဝမ်းချုပ်၏။ တြိဒေါသကိုနိုင်၏။ အရည်အဆင်းကို ကြည်လင်စေ၏။

၅၂။ လင်းယုန်သား-သုက်ကိုခန်းစေ၏။ သွေးသားကို လျော့ပါးစေ၏။ ပူ၏။ အစဉ်စားမူ ရှူးတတ်၏။ မစားအပ်။

၅၃။ စွန်သား-ပူ၏။ သုက်၊ အသွေး၊ အသား၊ အားအင်ကို ကုန်ခန်းစေ၏။ သည်းခြေကိုပျက်စေတတ်၏။ အစဉ်မစားအပ်။

၅၄။ သိန်းသား-ပူ၏။ (စွန်နှင့် အကျိုးတူ၏။)

၅၅။ ဥဒေါင်းသား-ပူ၏။ လေနိုင်၏။ သုက်နှင့်သလိပ်ကို ပွားစေတတ်၏။ ပညာဉာဏ်ကို တိုးပွားစေတတ်၏။ ဝမ်းမီးကို တောက်စေတတ်၏။ အဆင်းကို လှပစေ၍ ခွန်အားကို တိုးစေ၏။

## ငှက်အမျိုးတို့၏ အကျိုးသွား

## (ခြေနှစ်ချောင်းသတ္တဝါတို့ကို သီးခြားဖော်ပြခြင်း)

၁။ ကြက်သား-ဖန်ချိုအရသာရှိ၏။ ပူ၏။ အစာကို ကြေစေတတ်၏။ လေကိုနိုင်၏။ အသံသာခြင်းနှင့် ချွေးထွက်ခြင်းကို ပြုတတ်၏။ အကြောကို ဆိုင်းတွစေတတ်၏။ ကြက်သားဟူသမျှတို့ကို ကြက်ဥသီးဆီဖြင့် ချက်၍မစားအပ်။ (ဤကား သာမန်ကြက်သားကို ဆို၏။).

၂။ ကြက်ဖြူသား-ချိုဖန်ရသာရှိ၏။ အစာကိုကြေစေတတ်၏။ အသားအရေကို တိုးပွားစေတတ်၏။ သည်းခြေကိုနိုင်၏။ ဝမ်းကို ကျစေတတ်သည်ဟု ဆို၏။

၃။ ကြက်နက်သား-ချိုဖန်ရသာ ရှိ၏။ ပူ၏။ လေ၊ သလိပ်၊ သည်းခြေနာ၊ ကျင်ကြီးကျင်ငယ်အောင့်သောအနာ၊ ဓာတ်ပျက်သောအနာ၊ နာတာရှည်၊ ညောင်းနာ၊ အရိုးကျိုးသောအနာတို့ကို ပျောက်စေတတ်၏။

၄။ ကြက်တိန်ညင်သား-ချိုဖန်ရ သာရှိ၏။ သည်းခြေနာ၊ ကျင်ကြီးကျင် ငယ်အောင့်သောအနာတို့ကို နိုင်၏။ အသက်ရှည်ခြင်း၊ ဝမ်းတန့်ခြင်း၊ ကိုယ်လက်ပေါ့ပါးခြင်းတို့ကိုလည်း ပြုတတ်၏။ မျက်စိနာနှင့်လည်း သင့်၏။

၅။ ကြက်သား(တော)-တောကြက်သားသည် သလိပ်ကို ပျက်စေတတ်၏။ လေသည်းခြေတို့ကိုနိုင်၏။ အားခွန်ကုန်ခန်းသောအနာ၊ အော့အန် သောအနာ၊ ချမ်းဖျားတုန်ဖျားတို့ကို နိုင်၏။

၆။ ကျီးသား-အသွေးအသား၊ သုက်တို့ကို ခန်းခြောက်စေတတ်၏။ ပန်းနာနှင့်သင့်၏။ ရှူသွပ်စေတတ်၏။ (အစဉ်မစားအပ်သော အစာတည်း။)



www.burmeseclassic.com

www.burmeseclassic.com

၇။ ကျေးသား-အေး၏။ သုက်ကို ပွားစေတတ်၏။ ချောင်းဆိုး၊ ပန်းနာနှင့် သင့်၏။ ဝမ်းကိုချုပ်စေတတ်၏။

၈။ ခါသား-အေး၏။ ချို၏။ မောဟိုက်နာ၊ ပန်းနာ၊ လေနာနှင့် သလိပ်ထန်သောအနာတို့ကို နိုင်၏။ ဝမ်းမီးကို တောက်စေတတ်၏။ အားနှင့်သုက်ကို တိုးတက်စေတတ်၏။ (၎င်းခါသည် တောင်ခါ၊ တောခါဟူ၍ နှစ်မျိုးရှိ၏။) တောင်ခါသည် အဖြူအပြောက်ကလေးရှိ၏။ တောခါသည် သေးငယ်သော အတန့်များရှိ၏။ ၎င်းတို့သည် ကျက်စားရာဒေသ အပိုင်းအခြားရှိကြ၏။ မိမိတို့ ကျက်စားရာအရပ်သို့ အခြားခါလာ၍ ကျက်စားမှု ခွပ်ခြင်းကိုပြုကြ၏။ ခွပ်သောအခါ၌ အတော်ကြာမြင့်လျှင် ဒေါသအစွမ်းကြောင့်လည်းကောင်း၊ အတက်ထိခိုက်ခြင်းကြောင့်လည်းကောင်း မျက်စိပြာ၍ မမြင်ရှိတတ်၏။ အချို့လည်း ခွပ်သည်နှင့်ပင်သေတတ်၏။ လူတွေ့လျှင်လည်း လွယ်လင့်တကူဖမ်းနိုင်၏။ အလွန်ဒေါသခက်ထန်သော ငှက်မျိုးပင်တည်း။

၉။ ခင်ပုတ်သား-ပူ၏။ သုက်သွေးကို ခြောက်စေတတ်၏။ အားကို ယုတ်လျော့စေတတ်၏။ သည်းခြေကို ပျက်စေတတ်၏။ ၎င်းခင်ပုတ်ကို (ဗီးကွက်)ဟူ၍ ယခုခေါ်ကြ၏။

၁၀။ ခိုကြီးသား-အေး၏။ လေကိုနိုင်၏။ ဝမ်းကို ချုပ်စေတတ်၏။ သုက်နှင့်အားကို ပွားစေတတ်၏။

၁၁။ ခိုငယ်သား-ကျင်ကြီး၊ ကျင်ငယ်ကို ပွားစေတတ်၏။ တြိဒေါသကို ပျက်စေတတ်၏။ (၎င်းခိုသားများကို မုန်ညင်းဆီနှင့် ချက်ကြော်၍ မစားကောင်း။)

၁၂။ ချိုးဂုရသား-ပူ၏။ သလိပ်နာတို့ကို နိုင်၏။ ချွေးကို ထုတ်စေတတ်၏။ အသံကိုကောင်းစေတတ်၏။ လေကို အနည်းငယ်ပျက်စေတတ်၏။ (၎င်းအသားကိုလည်း မုန်ညင်းဆီနှင့် ချက်ကြော်၍မစားအပ်။)

၁၃။ ချိုးလည်ပြောက်သား-သလိပ်၊ သည်းခြေ၊ သွေးတို့ကို နိုင်၏။ သုက်ကို ပွားစေတတ်၏။ (၎င်းအသားကိုလည်း မုန်ညင်းဆီနှင့် ချက်ကြော်၍ မစားအပ်။)

၁၄။ ချိုးလင်းပြာသား-အေး၏။ ရတ္တပိတ်နှာကိုနိုင်၏။

၁၅။ ငှသား-လေကိုနိုင်၏။ ကျင်ကြီးကိုနည်းစေတတ်၏။ ရေငတ်သော အနာကို ပျောက်စေတတ်၏။

၁၆။ ငုံးသား-အေး၏။ အဖျားကိုနိုင်၏။ ဝမ်းမီးကိုတောက်စေတတ်၏။ (ငုံးကြီးသားသည်လည်း ၎င်းနှင့် အကျိုးပေးခြင်းတူ၏။)

၁၇။ စာသား(တော)-တောစာသည် သုက်နှင့်သလိပ်ကို ပွားများစေတတ်၏။ လေကို ပျက်စေတတ်၏။ ရတ္တပိတ်နာကို နိုင်၏။

၁၈။ စာသား(အိမ်)-အိမ်စာသည် သုက်ကို အလွန်ပွားစေတတ်၏။ အားကို ဖြစ်စေတတ်၏။ သလိပ်ကိုလည်း ပွားများစေတတ်၏။

၁၉။ စွန်ခေါင်းဖြူသား-သွေးသား၊ သုက်တို့ကို ခန်းခြောက်စေတတ်၏။ ပူ၏။

၂၀။ စွန်သား-ပူ၏။ သုက်၊ အသွေးအသား၊ အားအင်တို့ကို ကုန်ခန်းစေတတ်၏။ သည်းခြေကို ပျက်စေတတ်၏။ (အစဥ်မစားအပ်။)

၂၁။ စက္ကဝက်သား-အားကိုဖြစ်စေတတ်၏။ သုက်သလိပ်ကို တိုးပွားစေတတ်၏။ လေကိုနိုင်၏။

၂၂။ ဇာမဏီငှက်သား-လေ၊ သည်းခြေကိုနိုင်၏။ ငှက်သားတကာတို့တွင် အမြတ်ဆုံးဖြစ်၏။

၂၃။ တင်ကျီးသား-အေး၏။ သုက်သလိပ်ကို ပွားစေတတ်၏။ လေကို နိုင်၏။

၂၄။ ဖျိုင်းအောက်သား-အေး၏။ လေကိုနိုင်၏။ ကျင်ကြီးကျင်ငယ်တို့ကို ရှင်စေတတ်၏။ (၎င်းဖျိုင်းအောက်သားကို သခွားချဥ်သီးနှင့် ချက်စားသော် လေနာပျောက်၏။)

၂၅။ ဗိလုံးငှက်သား-ပူ၏။ ဆိမ့်၏။ ချို၏။ ဖန်၏။ ဝမ်းမီးကို တောက်စေတတ်၏။ သန္တိပါတ်နာနှင့် သင့်၏။ အဆိပ်ကိုနိုင်၏။ ဉာဏ်ပညာနှင့် ဝမ်းမီးကို ပွားစေတတ်၏။

၂၆။ ယစ်သား-ပူ၏။ ချို၏။ သုက်ကိုပွားစေတတ်၏။ တြိဒေါသကိုနိုင်၏။ အရေအဆင်းကို ကြည်လင်စေတတ်၏။ ဝမ်းကို ချုပ်စေတတ်၏။



www.burmeseclassic.com

www.burmeseclassic.com

၂၇။ ရှမ္ဗတီငုက်သား-ပူ၏။ အသွေးအသားနှင့် သုက်တို့ကို ခန်းခြောက်စေတတ်၏။ သည်းခြေကို ပျက်စေတတ်၏။ (အစဉ်မစားအပ်။)

၂၈။ ရွှေပြည့်စိုးငုက်သား၊ ဆီ၊ ဝမ်းချုပ်သော အနာတို့ကို ပျောက်စေတတ်၏။ သလိပ်၊ သည်းခြေတို့ကို နိုင်၏။ (အထူးကား) ၎င်းရွှေပြည့်စိုးငုက်သည် သပိတ်လွယ်ငုက်နှင့်တူ၏။ သို့သော် သပိတ်လွယ်ငုက်သည် ရင်၌ သပိတ်ကဲ့သို့ အမည်းကွက်ကလေးရှိ၏။ ရွှေပြည့်စိုးငုက်ကား ဤသို့မရှိ။

၂၉။ လင်းတသား-ပူ၏။ သွေး၊ သုက်၊ ကိုယ်သားကိုယ်ရေတို့ကို ခန်းခြောက်စေတတ်၏။ အသားအရေကို ပျက်စေတတ်၏။ ရှုံ့တွပ်ကာ ရောဂါဖြစ်တတ်၏။ (အစဉ်စားမူ ရှုံ့တွပ်တတ်၏။ မစားကောင်း။)

၃၀။ လင်းယုန်သား၊ သုက်ကိုခန်းခြောက်စေတတ်၏။ သွေးသားကို လျော့ပါးစေတတ်၏။ ပူ၏။ (အစဉ်စားမူ ရှုံ့တွပ်၏။ မစားအပ်။)

၃၁။ ဝမ်းဘဲသား-အေး၏။ လေနာကိုနိုင်၏။ ဝမ်းကိုပျော့စေတတ်၏။ သုက်သလိပ်ကို ပွားစေတတ်၏။

၃၂။ သပိတ်လွယ်ငုက်သား-သလိပ်၊ သည်းခြေတို့ကိုနိုင်၏။ ဆီ၊ ဝမ်း ချုပ်သော အနာတို့ကို ပျောက်ငြိမ်းစေ၏။ (၎င်းငုက်အိပ်သော အိပ်တန်းအောက်၌ ရွှေအိုးရှိတတ်သည်ဟု ရှေးလူကြီးများ ပြောစမှတ်ရှိ၏။)

၃၃။ သိန်းငုက်သား-ပူ၏။ သွေး၊ သုက်အားတို့ကို ယုတ်လျော့စေတတ်၏။ သည်းခြေကိုပျက်စေတတ်၏။

၃၄။ ဟင်္သာသား-အေး၏။ လေကိုနိုင်၏။ သုက်ကို ပွားစေတတ်၏။ အလိုရမ္မက်ကို ကြွစေတတ်၏။ အသံကို ကောင်းစေတတ်၏။ ကိုယ်သားကိုယ်ရေကို ဆူဖြိုးစေတတ်၏။

၃၅။ ဥဒေါင်းသား-ပူ၏။ လေကို နိုင်၏။ သုက်၊ သလိပ်ကို ပွားစေတတ်၏။ ပညာဉာဏ်ကို တိုးပွားစေတတ်၏။ ဝမ်းမီးကိုတောက်စေတတ်၏။ အရုပ်အဆင်းကို လှပစေ၍ ခွန်အားကို တိုးပွားစေတတ်၏။

၃၆။ ဥဖျိုင်းသား၊ အေး၏။ သုက်ကိုပွားစေတတ်၏။ လေကိုနိုင်၏။

ဖော်ပြခဲ့ပြီးသော ငုက်သားများမှာ ရှေးက ဖော်ပြခဲ့ပြီးသော အသားအမျိုးမျိုးတို့တွင် အချို့ပါဝင်ပြီး ဖြစ်ကြ၏။ သို့ရာတွင် ကျမ်းရင်းမူကွဲများရှိသဖြင့်လည်းကောင်း၊ ပိုမို၍ စုံလင်စွာ ဗဟုသုတရရှိစေရန်လည်းကောင်း ရည်ရွယ်၍ ခြေနှစ်ချောင်း သတ္တဝါ ကြက်၊ ဘဲ၊ ငုက်တို့ကို သီးခြားကဏ္ဍတစ်ခုစီခွဲခြား၍ ထုတ်ပြလိုက်ရခြင်းဖြစ်ပေသည်။

## ရေအမျိုးမျိုး

ဗဟုသုတအလို့ငှာ ရေအမျိုးမျိုးတို့၏ အကျိုးကို ဖော်ပြပါဦးအံ့။

၁။ ကန်ရေ-ဆိမ့်၊ ချို၊ စပ်သော သဘောရှိ၏။ အစာကြေ၏။ သလိပ်နှင့် ယှဉ်၍ဖြစ်သော ရောဂါကို ပျောက်စေတတ်၏။

၂။ ကုန်းထွက်ရေ-(ခြောက်သွေ့သောကုန်းမှ ထွက်သည့်ရေ) အော့အန်နာ၊ ခံတွင်းနာ၊ လျှာခင်နာတို့နှင့် သင့်၏။ ရေငတ်နာကိုနိုင်၏။ ကိုယ်လက်ကို ပေါ့ပါးစေတတ်၏။

၃။ ကျောက်ရေ(ကျောက်၌ဖြစ်သောရေ တော၌ဖြစ်သော ရေကြည်)-လေ၊ သလိပ်၊ သည်းခြေတို့ကို နိုင်၏။

၄။ ကျောက်ဖျာရေ-အလွန်အေးချမ်း၏။ အညစ်အကြေးကင်း၏။

၅။ ကျောက်ဆောင်ရေ-နလုံးကို နှစ်သိမ့်စေတတ်၏။ ဒေါသသုံးပါးကို နိုင်၏။

၆။ စီးရေ(စမ်းချောင်းမှစီး၍ ဆင်းသောရေ)- သလိပ်ကို နိုင်၏။ ဝမ်းမီးကို တောက်စေ၏။ ကိုယ်လက်ပေါ့ပါးစေတတ်၏။

၇။ စန္ဒရကန်(စန္ဒရကန်ကျောက်မှ ထွက်သောရေကိုဆိုသည်။ ၎င်းကျောက်မှာ လရောင်နှင့်တွေ့လျှင် အလိုအလျောက် ရေထွက်သည်ဟု ဆိုကြ၏) အလွန်အကျိုးကြီး၏။ ဒေါသသုံးပါးကို ပယ်နိုင်၏။

၈။ စိမ့်ရေ(စိမ့်တော၌ရှိသောရေ) ချို၍အေးသောသဘောရှိ၏။ ဝမ်းမီးကို ငြိမ်းစေတတ်၏။ သည်းခြေနှင့်သလိပ် ယှဉ်၍ဖြစ်သော သွေးဝမ်းနာကို ပျောက်စေတတ်၏။



www.burmeseclassic.com

www.burmeseclassic.com

၉။ ဆီးနှင်းရေ-အလွန်ချမ်းအေး၏။ သောက်သောသူတို့၏ အသားအရေကို စိုစိမ့်စေတတ်၏။ သွေးသားကောင်း၏။ ကိုယ်ပူသောအနာကို ပျောက်စေ၏။ သလိပ်၊ သည်းခြေကို ပွားစေ၏။

၁၀။ ဆန်ဆေးရည်-ဝမ်းရပ်ခြင်းကို ပြုတတ်၏။ သွေး၊ သည်းခြေကို ငြိမ်ဝပ်စေတတ်၏။

၁၁။ ဆန်လှော်ရည်-အပူကိုငြိမ်းစေ၏။ ဝမ်းရပ်၏။ လေ၊ သလိပ်၊ သည်းခြေတို့ကိုနိုင်၏။

၁၂။ ဆန်ပုန်းရည်-ကိုယ်တွင်းအေး၏။ အပူကိုနိုင်၏။ လေ၊ သလိပ်နှင့် သင့်၏။

၁၃။ တွင်းရေ-ငန်သောသဘောရှိ၏။ သည်းခြေနှင့်သလိပ်ကို နိုင်၏။ ဝမ်းမီးတောက်၏။ ကိုယ်လက်ပေါ့ပါး၏။

၁၄။ တဲ့မဆန်ရေ(မစီးဘဲ အိုင်၍နေသောရေ)၊ အဖြိုက်ရသာနှင့်တူ၏။

၁၅။ ထန်းရည်ချို-သည်းခြေခိုက်၍ အိပ်ခြင်း။ ဓာတ်မီးငုပ်ခြင်းတို့ကို ပယ်ဖျောက်စေတတ်၏။

၁၆။ နဝတတ်ရေ(ဟိမဝန္တာတော အနောတတ္တအိုင်မှ ထွက်သောရေ)-ဒေါသသုံးပါးနှင့်တကွ ခပ်သိမ်းသော အနာတို့ကို ပျောက်စေ၏။

၁၇။ နေ့ချင်းရေ(နေ့ချင်းခပ်သော ရေကို ကြည်လင်အောင် စစ်ပြီးမှ ကျက်အောင်ကျို၍သောက်သော်) ချောင်းဆိုး ကုတ်ဟီးနာ၊ သလိပ်ခဲနာ၊ အစာမကြေသော အနာတို့ကို ပျောက်စေ၏။

၁၈။ ပွတ်ရေ(တွက်ရေ ရွှံ့ရေ)-ဆာလှိုက်တတ်သည်။ မသောက်အပ်။

၁၉။ ပုန်းရည်ချေး-ပူ၏။ အစာကြေ၏။ ကိုယ်ပူနာ၊ အဖျားနာတို့ကို သောက်ခြင်း။ လိမ်းခြင်းဖြင့် ပျောက်ကင်းတတ်၏။ လေ၊ သလိပ်ကို နိုင်၏။

၂၀။ ပျားရည်-အသစ်၊ အဟောင်းနှစ်မျိုးတွင် အသစ်သည် သလိပ်ကိုနိုင်၏။ လူဝ၏။ အသံသာ၏။ အဟောင်းသည် (တစ်နှစ်ကျော်လျှင် အဟောင်းဟုခေါ်သည်) ရင်ချောင်၏။ ချောင်းဆိုးပျောက်၏။ အဆီခဲနာ၊ သလိပ်နာတို့ကိုနိုင်၏။ လူကို ပိန်စေ၏။ ဝမ်းချုပ်၏။

၂၁။ မစီးရေ(လူမသုံး၍ တောဥ နှစ်များစွာတည်နေသော ရေကို ဆိုသည်) နောက်ကျိကျိရှိ၏။ ပိုးရှိတတ်၏။ အညှီလည်းရှိတတ်၏။ မသောက်အပ်။

၂၂။ မိုးဦးရေ-အိုင်းအနာ၊ ပရမေအနာကို ဖြစ်စေတတ်၏။ မသောက်အပ်။ တော်သလင်း၊ သီတင်းကျွတ်လများတွင်ရွာသော မိုးရေသည် လေနာ၊ သည်းခြေနာ၊ ရင်ဘတ်နာ၊ သလိပ်နာကိုနိုင်၏။ အခြားသောလများ၌ရွာသော မိုးရေကို မသောက်အပ်။

၂၃။ မိုးသီးရေ-အလွန်အေး၏။ သည်းခြေကိုနိုင်၏။ လေ၊ သလိပ်ကို ပျက်စေ၏။

၂၄။ ရေအေး-သွေး၊ သည်းခြေကို ငြိမ်းစေတတ်၏။ မူးလှော်ခြင်း၊ ချမ်းအေးခြင်း၊ အမောပြေခြင်း၊ ကိုယ်၏စည်ပင်ခြင်းကို ပြုတတ်၏။

၂၅။ ရေနွေး-ပူဆာလှိုက်လှဲသော် အနာ၊ သွေးပျက်သော အနာ၊ လေဆန်နာ၊ ဝမ်းဖော၊ ဝမ်းရောင်နာ၊ ဝမ်းပြည့်နာ၊ ဝမ်းအေးနာ၊ သလိပ်ဖျား၊ လေဖျား၊ ချောင်းဆိုးနာ၊ အဆီခဲနာ၊ (ခုနစ်ရက်အတွင်းဖြစ်သော) အဖျားသစ်နာတို့ကို နိုင်၏။

၂၆။ ရေကျက်အေး-ကိုယ်ပူနာ၊ ဝမ်းပျက်နာ၊ သည်းခြေနာ၊ သွေးနာ၊ မူးဝေနာ၊ အရက်မူးသောသူ၊ အဆိပ်သင့်သူ၊ ဆီးချုပ်သူ၊ ရေငတ်နာ၊ အော့အန်နာ၊ မောပန်းနာ၊ သန္နိပါတ်နာတို့နှင့် သင့်၏။

မှတ်ချက်။ ။ ၎င်းရေကျက်အေးကို နေ့ ညဥ့်ကူး၍ ထားပြီး မသောက်ရ။ တေဇောခိုးညှိသောကြောင့် ဝမ်းမီးချက်၍ ကျက်လျှင်ချဥ်၏။ ဝမ်းချုပ်၏။ ဒေါသသုံးပါးပျက်၏။ ၎င်းရေကျက်အေးကို တစ်ဖန် ရေနွေးပြု၍လည်း မသောက်အပ်။ အဆိပ်နှင့်တူသည်ဟု ဆို၏။

၂၇။ လက်ယက်ရေ-ချိုသောသဘောရှိ၏။ အစာကြေ၏။ ဒေါသသုံးပါးကို နိုင်၏။

၂၈။ လယ်ကွက်ရေ-ဒေါသကို ပျောက်စေ၏။ အစာကြေ၏။ ချိုသော သဘောရှိ၏။

၂၉။ လောင်သင်းရေ-ဖက်စွပ်ရေတို့သည် ဘေးဥပဒ်ဖြစ်တတ်ကုန်၏။ ငှက်ဖျားစွဲတတ်၏။

၃၀။ သမုဒ္ဒရာရေ-ငန်၏။ ခပ်သိမ်းသောဒေါသကိုနိုင်၏။



www.burmeseclassic.com

www.burmeseclassic.com

ငှင်းရေကို မီးဖြင့်ကျိုချက်၍ မသောက်အပ်။

၃၁။ သမုဒ္ဒရာရေ(အနောက်စီးရေ)-လေးသောရသာရှိ၏။ အလွန်ဂုဏ်ရှိသော သွေး၊ သည်းခြေနှင့်တူသည် ဆို၏။ မသောက်အပ်။

၃၂။ သမုဒ္ဒရာ(အရှေ့စီးရေ)-လေးသောရသာရှိ၏။ အားကုန်ခန်းသော အနာတို့ကို လွယ်လင့်တကူ ပျောက်စေတတ်၏။

၃၃။ သေရက်ရေ-ချောင်းဆိုး၍ ကိုယ်ခြောက်သောအနာ၊ သွေးကျန်နာ၊ ချွေးမထွက်သောအနာ၊ သည်းခြေနာ၊ မန်းနာ၊ အနာပုပ်တို့ကိုနိုင်၏။ အစာကြေ၏။ ရဲရင့်၏။ ကာလဝမ်းကိုနိုင်၏။

၃၄။ သစ်ခေါက်ရေ-ငှင်းကို နွားနက်ကျင်ငယ်ရေနှင့်ရော၍ ဖွဲမီးနှင့်ကျိုပြီးသောက်သော် လေနာ၊ မျက်စိနာတို့ကို ပျောက်စေ၏။ အမြဲသောက်လျှင် အသက်ရှည်၏။

၃၅။ သစ်ရွက်ရေ-ငန်သောသဘောရှိ၏။ သည်းခြေ၊ သလိပ်ကိုနိုင်၏။ ဝမ်းမီးကိုတောက်စေတတ်၏။

၃၆။ ဟိမဝန္တာရေ(ဟိမဝန္တာတောင်၌ရှိသောရေ)-သည်းခြေနှင့်သင့်၏။ နတ်အပေါင်းတို့ နှစ်သက်ကြကုန်၏။

၃၇။ ရေခဲ-လေးသောရသာရှိ၏။ ပူသောအခိုးရောက်၏။ အစာကိုကြေစေ၏။ သလိပ်ကိုနိုင်၏။ ရင်ကိုချောင်စေ၏။ (သကြားနှင့်နို့စပ်၍ လုပ်အပ်သော "ရေခဲမုန့်" သည် နို့စို့ကလေးများနှင့် မသင့်။)

၃၈။ အင်းရေ-ငန်စပ်သောသဘောရှိ၏။ သည်းခြေနာကို ပျောက်စေတတ်၏။

၃၉။ အံသုဒကရေ(နေ့တွင်နေပူခံ၍ ညတွင်လရောင်ခံသောရေ)-တြိဒေါသကိုနိုင်၏။ သွေး၊ လေလမ်းကို ပိတ်စေ၏။ အကြောလေး၏။ အားဖြစ်၏။

၄၀။ အုန်းရည်-ရင်နာ၊ ဆီးထိုးနာ၊ သည်းခြေပျက်နာ၊ ချောင်းခြောက်ဆိုးနာ၊ အစာမဝင်သောအပူကို ပျောက်စေ၏။ ဝမ်းမီးတောက်၏။ ငုပ်သောအပူ၊ ဝင်သောအပူတို့ကို ထုတ်စေတတ်၏။

ဗဟုသုတအလို့ငှာသာလျှင် ရေမျိုး ၄၀ ကို စာဆောင်းရှိသည့်အတိုင်း ဖော်ပြလိုက်ရခြင်းဖြစ်ပါသည်။ ယခုအာလ၌မူ ဘုံဘိုင်ရေ၊ အဝီစိတွင်းရေ၊ ပေါင်းခွေးရေ၊ ဘီလပ်ရည်စသည်ဖြင့် ရေမျိုး ၄၀ က ကျော်လွန်နိုင်မည်သာဖြစ်၏။ မှတ်ယူသုံးစွဲခြင်း ပြုသည်/မပြုသည်ကို အပထားပြီး နောက်သားနောင်လာတို့အတွက် ရှာရှာဖွေဖွေ မှတ်တမ်းတင်ရစ်ခဲ့ကြသော ရှေးဆရာကြီးများ၏ စေတနာကိုကား လေးစားအပ်ပါသတည်း။

## ဆီအမျိုးမျိုးတို့၏အကျိုးကို ဆိုပေအံ့

ဆီမှုံ့ဟူသမျှသည် အရသာအားဖြင့် ဆိမ့်၏။ အနည်းငယ်မျှဖန်၏။ များသောအားဖြင့် ဆီးနှင့်ဝမ်းကို ချုပ်စေတတ်၏။ အဆီဩဇာရှိ၏။ ကိုယ်အလုံးကိုပွံ့နွှံ့တတ်၏။ ပူ၏။ လေကို အထူးသဖြင့်နိုင်၏။ သည်းခြေကိုပျက်စေတတ်၏။ ဝမ်းမီးကို တောက်စေတတ်၏။ အားကိုဖြစ်စေတတ်၏။ ဆံပင်နှင့် သင့်၏။ အရေနှင့်သင့်၏။ ခေါင်း၌ဖြစ်သောဒဏ်ကို ပျောက်စေတတ်၏။ ဉာဏ်ပညာကို တိုးပွားစေတတ်၏။ ကြေခဲ၏။

### နှမ်းဆီ

နှမ်းဆီသည် ဆိမ့်၏။ စဉ်းငယ် ဖန်၏။ ခါး၏။ ကြေခဲ၏။ ဝမ်းမီးကိုချက်၍ ကျက်လျှင်ဆိမ့်၏။ ပူ၏။ လိမ်းလျှင်အေး၏။ ကိုယ်ကို ခိုင်ခံ့စေတတ်၏။ အားကြီးစေတတ်၏။ အဆင်းကို လှစေတတ်၏။ အသံကိုကောင်းစေတတ်၏။ သုက်ကိုပွားစေတတ်၏။ ပိန်သောသူကို ဝစေတတ်၏။ ဝသောသူကို ပိန်စေတတ်၏။ လေသလိပ်ကိုနိုင်၏။ သွေး၊ သည်းခြေကို ပျက်စေတတ်၏။ ကိုယ်အလုံးကို ပွံ့နွှံ့စေတတ်၏။ အကြောကို လျော့စေတတ်၏။ ဝမ်းမီးကို တောက်စေတတ်၏။ ကျင်ကြီးကျင်ငယ်ကို ချုပ်စေတတ်၏။ သားအိမ်ကို သုတ်သင်ရှင်းလင်းစေတတ်၏။ ဉာဏ်ပညာကို တိုးပွားစေတတ်၏။ မောပန်းခြင်းကို ပျောက်စေတတ်၏။ အနာပေါက်နှင့် ဆီးများစွာသွားသောရောဂါတို့ကို နိုင်၏။ နားနှင့် အင်္ဂါကြီးငယ်၊ ဦးခေါင်းကိုက်ခဲခြင်းတို့ကို နိုင်၏။ ယားနာ၊ နူနာ၊ ပိုးနာတို့ကိုနိုင်၏။ လိမ်းနယ်ခြင်း၊ ကိုယ်ကိုလိမ်းခြင်း၊ ဆံပင်ကိုလိမ်းခြင်း၊ စားသောက်ခြင်း၊ မုန့်၊ ဟင်းလျာတို့၌ခတ်ခြင်း၊ နှာနပ်ခြင်း၊ မျက်စဉ်းခတ်ခြင်း၊ နားကိုခတ်ခြင်း၊ ဝမ်းချုသည့်ဆေးနှင့် ဖက်စပ်ခြင်းတို့၌လည်းကောင်း၊ ကျိုးပဲ့သည်တို့၌လည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com

ထိခိုက်သောကြောင့် ဒဏ်ရာရရှိရာ၌လည်းကောင်း၊ ခွေးစသော သားကောင်တို့ ကိုက်ခဲရာ၌လည်းကောင်း နှမ်းဆီကိုသာ သုံးဆောင်အပ်ကုန်၏။

## မုန်ညင်းဆီ

မုန်ညင်းဆီသည် စပ်သောအရသာရှိ၏။ သက်သောအရသာရှိ၏။ ခြောက်ကပ်၏။ ပူသောသတ္တိရှိ၏။ ဝဲနာ၊ နူနာ၊ ပိုးနာ၊ သဲလိပ်နာ၊ သုက်နာ၊ ဝိတ် ကိုက်နာ၊ လေနာတို့ကို ပယ်ရှားနိုင်စွမ်း သောသတ္တိရှိ၏။ သွေး၊ သည်းခြေကိုလည်း ပျက်စေတတ်၏။ အထူးအားဖြင့် လျင်စွာ ဝမ်းမီးတောက်စေတတ်၏။ အစာကို ကြေစေတတ်၏။ သည်းခြေနာ၊ သွေးနာ၊ နှလုံးနာ၊ ဝမ်းနာ၊ နူနာ၊ မြင်းသရိုက်နာ၊ ပေါက်သောအနာ၊ ဦးခေါင်းနာ၊ နားနာတို့ကို ပျောက်စေတတ်သော သတ္တိရှိ၏။

## မုန်ညင်းနီဆီ

မုန်ညင်းနီဆီသည် သက်၏။ ပူ၏။ စပ်၏။ ဆီးကို ချုပ်စေတတ်၏။ အားကိုဖြစ်စေခြင်း၊ သိမ်မွေ့စေခြင်း၊ ဝဲနာ၊ နူနာ၊ ပိုးနာ၊ ကိုယ်ရောင်နာများကို ပျောက်စေတတ်ခြင်း၊ သည်းခြေကိုပျက် စေတတ်ခြင်းသတ္တိရှိ၏။

(ဥတုဘောဇနနှ သင်္ဂဟကျမ်း၌မူကား မုန်ညင်းဆီကို (၁) ပကတိမုန်ညင်း၊ (၂) မုန်ညင်းဖြူ၊ (၃) မုန်ညင်းနီ၊ (၄) မုန်ညင်းနက်ဟူ၍ လေးမျိုးခွဲလျက် မုန်ညင်းဖြူကို ဆီကိုယူ၍ သုံးလေ့မရှိသောကြောင့် ၎င်းဆီ အကျိုးအပြစ်တို့ကို ဆေးကျမ်းတို့တွင် မဆိုဟုဖော်ပြထား၏။ ကျန်သော မုန်ညင်းသုံးမျိုးကိုမူကား အကျိုးတူပြ၏။ ဓမ္မဂုဏ ပကာသနီ ဆေးကျမ်းတွင်မူကား ပကတိမုန်ညင်းကိုပင် မုန်ညင်းဖြူဟု ဆိုလိုဟန်ရှိသည်။)

## ကြက်ဆူရိုးဖြူဆီ

ကြက်ဆူရိုးဖြူဆီသည် ဆိမ့်၏။ စဉ်းငယ်စပ်၏။ ကြေခဲ၏။ ပျစ်၏။ စဉ်းငယ်ဖန်သောအရသာလည်းရှိ၏။ ဝမ်းကို သက်စေတတ်၏။ ဂူနာ၊ လေဖျဉ်း နာ၊ ဆီး၊ ဝမ်းချုပ်သောအနာ၊ ချက်အောက်၌ အလုံးဖြစ်သောအနာ၊ ကျောက်ကုန်းမီးညောင်းတို့၌ ထိုးကျင်သောအနာ၊ အောင့်သောအနာ၊ ခါးတောင့်နိုင်သောအနာ၊ ကိုယ်ရောင်နာ၊ သွေးစုနာ၊ အနာပဆုပ်နာ၊ အင်ပျဉ်ထဲသော "ဝါတရနာ"၊ သုံးရက်၊ လေးရက်ဖျားပြီးဝလျှင် ကိုယ်ရောင်သော "အာမဝါတနာ"တို့ကို နိုင်၏။ ငှက်ဖျား၊ ချမ်းဖျား၊ တုန်ဖျားတို့ကို နိုင်၏။

## ကြက်ဆူရိုးနီဆီ

ကြက်ဆူရိုးနီဆီသည် ကြက်ဆူရိုးဖြူဆီထက် ကြေခဲ၏။ ပျစ်ချွဲ၏။ စိမ်းရွှေနံ့ရှိ၏။ အကျိုးသွားအားလုံးမှာ အထက်ပါ ကြက်ဆူရိုးဖြူဆီနှင့် တူ၏။

ကြက်ဆူမှာ မြန်မာကြက်ဆူ၊ သဘော်ကြက်ဆူဟူ၍ နှစ်မျိုးရှိ၏။ ယခုဖော်ပြခဲ့သော ကြက်ဆူဆီ၏ အကျိုးသွားများမှာ မြန်မာကြက်ဆူဆီကိုသာ ဆိုလိုသည်။ ၎င်းမှာ ထန်းလျက်ကျိုရာတွင် ဆူဝေ၍မကျစေရန် အစေ့ဆီကို အိုးနှုတ်ခမ်းတွင်သုတ်ထားလေ့ ရှိကြသော ကြက်ဆူမျိုးပင်ဖြစ်လေသည်။ အချို့ကား နီပါးဆိုးရာတွင် ၎င်းအစေ့ကို ထည့်၍ သုံးတတ်ကြသည်။ ခြံစည်းရိုးများတွင် ပေါက်လေ့ရှိသည်။ သဘော် ကြက်ဆူမျိုးကား ဆေးဖက်၌ အသုံးဝင်သော ကြက်ဆူမျိုးမဟုတ်ပေ။

ဝမ်းနုတ်ဆေး(ဝါ) ဝမ်းနုတ်ဆီအဖြစ်ဖြင့် အများသုံးစွဲလျက်ရှိကြသော ကြက်ဆူမျိုးကား မြန်မာကြက်ဆူသာလျှင်ဖြစ်၏။ ၎င်းကြက်ဆူဆီဖြင့် လေနာရှိသောသူ၊ ဖျားသောသူ၊ ကလေးသူငယ်နှင့် အဘိုးအိုများ၊ ကိုယ်ဝန်ဆောင်မိန်းမများကို ဝမ်းနုတ်ပေးနိုင်၏။

## အောင်မဲဖြူစေ့ဆီ

အောင်မဲဖြူစေ့ဆီသည် ဆိမ့်၍ စဉ်းငယ်ချဉ်သောအရသာရှိ၏။ ပူ၏။ စပ်၏။ သွေး၊ သည်းခြေ လေ၊ သလိပ်တို့ကို ပျက်စေတတ်၏။ ဝမ်းမီးကို တောက်စေတတ်၏။

## အောင်မဲညိုစေ့ဆီ

အောင်မဲညိုစေ့ဆီသည် အောင်မဲဖြူဆီနှင့် အကျိုးပေးတူညီ၏။



www.burmeseclassic.com

www.burmeseclassic.com

**နှမ်းကျပ်ဆီ**

နှမ်းကျပ်ဆီသည် (ဘီသွာဆီဟုလည်းခေါ်သည်) ဝမ်းမီးကို တောက်စေတတ်၏။ ပူ၏။ ကြေခဲ၏။ သလိပ်၊ သည်းခြေကို ပျက်စေတတ်၏။ အားကိုဖြစ်စေတတ်၏။ လေကိုနိုင်၏။ မျက်စိနှင့်မသင့်။ ဥတုအေးလျှင်ခဲ၏။ ဆိမ့်၏။ ချုပ်၏။ ကျင်ကြီးကို ပွားများစေတတ်၏။ အသားအရေ၌ဖြစ်သော ပွေး ညှင်း တင်းတိပ်စသော အနာတို့ကိုနိုင်၏။

(ဒဗ္ဗဂုဏဆေးကျမ်းအတိုင်း "နှမ်းကျပ်"ဟု ဖော်ပြလိုသော်လည်း ၎င်းကို ဥတုဘောဇနနှင့် ရှုတော်မူဆေး အဘိဓာန်တို့၌ "ဘီသွာဆီ"ဟူသာ ဖော်ပြကြ၏။ ထိုဘီသွာဆီကို ရှုတော်မူ ဆေးအဘိဓာန်တွင် "အင်္ဂလိပ်ဘာသာအားဖြင့် (လင်ဆစ်အဝိုင်း)ခေါ်သည်"ဟု ဖော်ပြထား၏။ ဦးထွန်းငြိမ်း အဘိဓာန်တွင် (Linseed Oil)ကို ပိုက်ဆံဆီ (ဝါ) မိကျောင်းကွမ်းဖတ်ဆီဟု ပြန်ဆို ထားသောကြောင့် စဉ်းစားဖွယ်ရာပင် ဖြစ်၏။

"ဘီသွာ"ကို ရခိုင်လူမျိုးတို့က "နှမ်းကျပ်"ဟုခေါ်သည်ဟု ဥတုဘောဇန သင်္ဂဟကျမ်းတွင် ဆို၏။ ထို"ဘီသွာ"ကား လျှော်ပင်အမျိုးဖြစ်၏။ ဤအပင်က လျှော်ကို အဝတ်အထည်လုပ်ရ၏။ ဘီသွာလျှော်မှဖြစ်သောအဝတ်ကို ပါဠိဘာသာအားဖြင့် "ခေါမ"ဟူ၍လည်းကောင်း၊ "ဒုကူလ"ဟူ၍လည်းကောင်း ခေါ်ဆို၏။

သုဝဏ္ဏသာမ ဇာတ်တော်၌ ဘုရားအလောင်းတော် သုဝဏ္ဏသျှံသတို့သား၏ ဖခင်ကို "ဒုကူလ"ဟူ၍ အမည်ထင်ပွန်းတပ်ခြင်းမှာ ၎င်းကို မွေးဖွားစဉ်အခါက ဤ"ဘီသွာ" လျှော်မှဖြစ်သော အဝတ်ဖြင့် အနီးလုပ်သည်ကို အစွဲပြု၍ "ဒုကူလ"ခေါ်ကြောင်း၊ အဂ္ဂမဟာသေနာ ပတိယောမြို့စားမင်းကြီးက မှတ်ချက်ရေးထားခဲ့လေသည်။

ရှုတော်မူ ဆေးအဘိဓာန်တွင် "ဘီသွားဆီ"ဟူ၍ ရေး၍ အက္ခရာစဉ် ဓာတုရသကျမ်းတွင်မူကား "နှမ်းကျပ်"ဟူ၍ ဖော်ပြ၏။

**ဝန်ပန်းဆီ**

ဝန်ပန်းဆီသည် ပူ၏။ စပ်၏။ လေးတွဲ၏။ နှမ်းကျပ်ဆီနှင့်အကျိုးတူ၏။ (ရခိုင်ဆေးကျမ်း၌ နှမ်းကျပ်ကို နှမ်းကြီးဟုဆိုသည်။)

**ဆူးပန်းစေ့ဆီ**

ဆူးပန်းစေ့ဆီသည် ချဉ်၏။ ပူ၏။ ကြေခဲ၏။ စပ်၏။ အားကိုဖြစ်စေတတ်၏။ မျက်စိနှင့်မသင့်။ သွေး သည်း ခြေ သလိပ်တို့ကို ပျက်စေတတ်၏။ (ဒဗ္ဗဂုဏပကာသနီဆေးကျမ်းတွင် မျက်စိကြည်လင်ခြင်းကို ဖြစ်စေတတ်၏ဟုဆိုသည်။)

**မယ်ဇယ်ဆီ**

မယ်ဇယ်ဆီသည် ဆိမ့်၏။ စဉ်းငယ်ဖန်၏။ လေ၊ သလိပ်တို့ကိုနိုင်၏။ မြင်းသရိက်နာကို နိုင်၏။

**သင်းဝင်ဆီ**

သင်းဝင်ဆီသည် ခါး၏။ ထက်၏။ ဝဲနာတို့ကို ပျောက်စေတတ်၏။ သွေး သည်းခြေကို ပျက်စေတတ်၏။

**လွှန်ဆီ**

လွှန်ဆီသည် (လွှန်ဆံဆီ) ဆိမ့်၏။ ကြေခဲ၏။ သလိပ်ကိုပွားစေတတ်၏။ များစွာမပူသောကြောင့် လေ၊ သည်းခြေကို နိုင်အောင်သုံးသင့်၏။ သည်းခြေနာနှင့် သင့်၏။

**ဘိန်းဆီ**

ဘိန်းဆီသည် ဆိမ့်၏။ အေး၏။ ဝမ်းမီးချက်ပြီးနောက်လည်း ဆိမ့်၏။ အားကိုဖြစ်စေတတ်၏။ ကြေခဲ၏။ သုက်ကိုပွားစေတတ်၏။ လေ၊ သလိပ်ကိုနိုင်၏။

("ဘိန်း"ဟူသော မြန်မာဝေါဟာရနှင့်ပတ်သက်၍ မှတ်သားဖွယ်ရာကား ဘိန်းသီးမှထွက်သော အစေးကို ပါဠိဘာသာအားဖြင့်"အပိဖေန"ဟူ၏။ ဟိန္ဒူ ဘင်္ဂါလီတို့က "အဖိန်း" ဟုခေါ်ကြ၏။ မြန်မာတို့က အတုလိုက်၍ခေါ်ရာတွင် မပီသောကြောင့် "ဘိန်း"ဖြစ်သည်ဟု ဥတုဘောဇနဆေးကျမ်းအဆိုရှိ၏။)



www.burmeseclassic.com

www.burmeseclassic.com

### သရက်စေ့ဆီ

သရက်စေ့ဆီသည် ဆိမ့်၏။ စဉ်းငယ်ခါး၏။ အလွန်ကောင်းသောအနံ့ရှိ၏။ လေ၊ သလိပ်ကိုနိုင်၏။ ဩဇာမရှိ။ စဉ်းငယ် သည်းခြေကို ပျက်စေတတ်၏။

### ဘိသွာဆီ

ဘိသွာဆီသည် ဒဗ္ဗဂုဏ ပကာသနီကျမ်းတွင် "ဘိသွာဆီ"ဟုခေါ် ၏။ ရှုတော်မူဆေးကျမ်း အဘိဓာန်တွင် "ဘီးသွားဆီ"ဟုရေး၏။ အကျိုးသွားကား ပူ၏။ ဆိမ့်၏။ လေကိုနိုင်၏။ သလိပ်၊ သည်းခြေကို ပျက်စေတတ်၏။ ကျင်ကြီးကို ပွားစေတတ်၏။ ချုပ်လည်းချုပ်၏။ အရေပြား၌ဖြစ်သော ပွေး၊ ညှင်း၊ တင်းတိပ်စသော အနာတို့ကို ပျောက်စေတတ်၏။ (ရခိုင်အခေါ် နှမ်းချက်ဆီကိုပင် ဘိသွာဟု ခေါ်ဆိုဟန်ရှိပေသည်။)

### ကလိန်ဆီ

ကလိန်ဆီသည် ခါး၏။ သွေး၊ သည်းခြေကို ပျက်စေတတ်၏။ ယားနာ၊ နူနာ၊ ပိုးနာတို့ကိုနိုင်၏။ တက်၏။ (ပိုးကိုနိုင်၏။ ဆိုသမျှကို အူတွင်၌ရှိသော သန်ကောင်မျိုးကိုနိုင်သည်ဟူ၍ မှတ်လေ)ဟု ဥတုဘောဇနတွင် ညွှန်ပြထားသည်။

### ရှမ်းနှမ်းဆီ

ရှမ်းနှမ်းဆီသည် ပူ၏။ ဝမ်းမီးကိုတောက်စေတတ်၏။ ကြေလွယ်၏။ ဝမ်းချုပ်၏။ သွေး၊ သလိပ်တို့ကိုနိုင်၏။ (ဤရှမ်းနှမ်းဆီကို ပါဠိဘာသာအားဖြင့် "တုဝရီ"ဟုခေါ်၍ မြန်မာလို "နှမ်းကြွပ်"ဟုလည်း ခေါ်ကြသည်။)

နှမ်းနှင့်ပတ်သက်၍ မှတ်သားရန်ရှိသည်ကား နှမ်းသည် (က) နှမ်းနက်၊ (ခ) နှမ်းဖြူ၊ (ဂ) နှမ်းနီဟူ၍ သုံးမျိုးရှိသည်။ ထိုသုံးမျိုးတို့တွင် -

(က) နှမ်းနက်ကို အသက်ကြီးသောကြောင့် "နှမ်းကြီး"ဟုလည်း ခေါ်ကြ၏။

(ခ) နှမ်းဖြူကို အသက်ငယ်သောကြောင့် "နှမ်းလျင်"ဟူ၍လည်းကောင်း၊ "သာထွန်းဖြူ"ဟူ၍လည်းကောင်း ခေါ်ကြ၏။

(ဂ) နှမ်းနီကို "ဘုတ်မွေး"ဟူ၍လည်း ခေါ်ကြသည်။ အသက်အငယ် ဆုံးဖြစ်၏။

ထိုနှမ်းသုံးမျိုးတို့တွင် နှမ်းနက်သည် အကောင်းဆုံး၊ အစွမ်းအထက် ဆုံးဖြစ်၏။ နှမ်းဖြူကား အလယ်စားဖြစ်၍ နှမ်းနီကား အညံ့ဆုံးဖြစ်လေသည်။

နှမ်းဟူသမျှသည် ဆိမ့်၏။ စပ်၏။ ခါး၏။ ငန်၏။ ကြေခဲ၏။ ဝမ်းမီးချက်၍ ကျက်လျှင် ဆိမ့်၏။ စဉ်းငယ်စပ်၏။ ပူ၏။ အဆီဩဇာရှိ၏။ သလိပ်၊ သည်းခြေကိုနိုင်၏။ အားကိုဖြစ်စေတတ်၏။ ဆံပင်နှင့်သင့်၏။ ကိုယ်ကိုလိမ်းလျှင် အေး၏။ လူတို့၏ကိုယ်အရေနှင့်သင့်၏။ နို့ရည်ကို ပွားများစေတတ်၏။ ပေါက်သောအမာ (အနာပေါက်)နှင့်သင့်၏။ သွားနှင့်သင့်၏။ စဉ်းငယ်ဆီးကို များစေတတ်၏။ ဝမ်းချုပ်၏။ လေကိုနိုင်၏။ ဝမ်းမီး အသိဉာဏ်များကို ပေးတတ်၏။ မြင်းသရိုက်နာကို နိုင်၏။ (ဥတုဘောဇန)

### အုန်းဆီ

အုန်းဆီသည် ချိုဆိမ့်၏။ အေး၏။ အကြောတို့ကို လေးစေတတ်၏။ ဝမ်းမီးချက်ပြီးနောက်လည်း ချိုဆိမ့် ၏။ လေ၊ သည်းခြေတို့ကိုနိုင်၏။ ကျင်ကြီးကျင်ငယ်တို့ကို ရှင်စေတတ်၏။ ဝမ်းမီးကို ပျက်စေတတ်၏။

### တမာဆီ

တမာဆီသည်(တမာသီးခံမှအဆီ) သလိပ်နာကို ပျောက်စေတတ်၏။ ချမ်းမြေ့သောသဘောရှိသည်ဖြစ်၍ ပေါ့သောရသာယနသတ္တိရှိ၏။ ဆွဲဖြိုးလွန်းသော(ဝလွန်းသော) အနာကိုနိုင်၏။ ဝသူကို ပိန်စေနိုင်၏။

### သစ်ဆိမ့်ဆီ

သစ်ဆိမ့်ဆီသည် ချိုဆိမ့်သောအရသာရှိ၏။ ချမ်းမြေ့ခြင်းသဘောရှိ၏။ ပျစ်ခွဲခြင်း၊ လေးတွဲ့ခြင်းသတ္တိရှိ၏။ လေနှင့်သည်းခြေကိုနိုင်၏။ အေး၏။

### ချီးဆီ

ချီးဆီသည် အလွန်ပူသည်ဖြစ်၍ ထက်သောဂုဏ်၊



www.burmeseclassic.com

www.burmeseclassic.com

စပ်သောဂုဏ် လွန်ကဲ၏။ ပိုးနာ၊ နူနာများကို ပယ်နိုင်၏။ အနိုခြင်း၊ ဝမ်းသွားခြင်းတို့၌ ထူးမြတ်သောသတ္တိရှိ၏။

"ချိုး"ဟူသည်ကား "သစ်စေးပင်"တည်း။ စုမာဂဏ အဘိဓာန်၊ သဂ္ဂတအဘိဓာန်၊ ရတနာကောသကျမ်းများ၌ ဆို၏။ (ဒဗ္ဗဂုဏ)။

### တုရဝတီ

တုရဝတီသည် ပူ၏။ စပ်၏။ အနူမျိုးကိုနိုင်၏။

မှတ်ချက်။ ။ တုရဝပင်ဟု ယခုခေတ်တွင် ခေါ်ဝေါ်သုံးစွဲခြင်းမရှိပေ။ "ကတုံကနက်"ပင်ကို တုရဝခေါ်သည်ဟု ဒဗ္ဗဂုဏပကာသနီကျမ်းတွင် ညွှန်ပြထား၏။ ကတုံကနက်ပင်ကိုသော်မှ ယခုခေတ်တွင် သိသူရှားလှ၏။ တုရဝခေါ် ကတုံကနက်ပင်၏ ပုံသဏ္ဍာန်အရွက်မှာကား ပုန်းညက်ရွက်နှင့်တူ၍ အသီးမှာ မုန်ညင်းသီးနှင့်တူ၏။

### လျှော်ဆီ

လျှော်ဆီသည် ခါး၏။ ဖန်၏။ ဆိမ့်၏။ ပေါ့သော သတ္တိရှိ၏။ ပိုးနာ၊ နူနာ၊ ဝဲနာ၊ ထူလာသရော(ဒူလာ)နာတို့ကို ပျောက်စေတတ်၏။

### ကြို့ဆီ

ကြို့ဆီသည် အသံကို ကောင်းစေတတ်၏။ ပိုးနာ၊ နူနာများကို ပျောက်စေတတ်၏။ ပေါက်သောအမာ (အနာပေါက်)ကိုလည်း ပယ်နိုင်၏။

### ပင်လယ်ရင်ကပ်ဆီ

ပင်လယ်ရင်ကပ်ဆီသည် စပ်၏။ ပူ၏။ ထက်သော သတ္တိရှိ၏။ ကြေခဲကျက်ခဲ၏။ လေကိုနိုင်၏။ ဆီးအောင့်ခြင်း၊ ဆီးချုပ်ခြင်းကို ဖြစ်စေတတ်၏။ လူကိုဝစေတတ်၏။ သည်းခြေ၊ လေ၊ သလိပ်တို့ကို ပွားများစေတတ်၏။

### ထင်းရှူးဆီ

ထင်းရှူးဆီသည် စပ်သောအရသာ၊ ခါးသောအရသာ၊ ပူသောအရသာ၊ ဖန်သောအရသာရှိ၏။ ပိုးနာ၊ နူနာနှင့် အနာပေါက်တို့ကို ပျောက်စေနိုင်၏။

### လက်ခုပ်ဆီ

လက်ခုပ်ဆီသည် ပူ၊ စပ်၊ ခါး၊ ဖန် အရသာရှိ၏။ အနူအမျိုးမျိုး၊ ပိုးအမျိုးမျိုးနှင့် အနာပေါက်မျိုးဟူသမျှကို နိုင်၏။ ပျောက်စေတတ်၏။

### ရင်းတိုင်ဆီ

ရင်းတိုင်ဆီသည် ထင်းရှူးဆီနှင့် အကျိုးပေးတူ၏။

### သံလွင်ဆီ

သံလွင်ဆီသည် ချို၊ ဆိမ့်၏။ အကြောကို လေးစေတတ်၏။ လေ၊ သလိပ်၊ သည်းခြေတို့ကို နိုင်၏။ ဆီးကို ရှင်စေတတ်၏။ ဝမ်းမီးကို ပျက်စေတတ်၏။

### ဒေဝတာဆီ

ဒေဝတာဆီသည် ဖန်သောအရသာ၊ ပူသောသတ္တိရှိ၏။ အနာပေါက်မျိုးနှင့် အနူမျိုးတို့ကို ပျောက်စေတတ်၏။ ပိုးကိုနိုင်၏။ "ထင်းရှူးကြီးဆီ"ကို "ဒေဝတာဆီ"ဟုခေါ်ကြောင်း အချို့ဆေးကျမ်းများတွင် ဖွင့်ဆို၏။

### အကျော်ဆီ

အကျော်ဆီသည် ခါး၏။ စပ်၏။ ပူ၏။ ဖန်၏။ ပိုးနာ၊ နူနာများကို ပယ်ဖျောက်စေနိုင်၏။ အနာပေါက်များနှင့်သင့်၏။

### မြေပဲဆီ

မြေပဲဆီသည် ဆိမ့်၏။ စပ်၏။ အေး၏။ အကြောကို လေးစေတတ်၏။ လေ၊ သလိပ်၊ သည်းခြေတို့ကိုနိုင်၏။ ကျင်ကြီး၊ ကျင်ငယ်တို့ကို ရှင်စေတတ်၏။ ဝမ်းမီးကို ပျက်စေတတ်၏။

### နံ့သာဆီ

နံ့သာဆီသည် စပ်၏။ ခါး၏။ ဖန်၏။ ပူ၏။ နူနာပေါက်သော အမာခံတို့ကို နိုင်၏။ ပိုးကိုနိုင်၏။



www.burmeseclassic.com

www.burmeseclassic.com

**ရှိတုံ့ဆီ**

ရှိတုံ့ဆီသည် စပ်သောအရသာ၊ ခါးသောအရသာ၊ ပူသောသတ္တိ၊ ဖန်သောအရသာရှိသည်ဖြစ်၍ ပေါက်သောအမာနာ၊ ပိုးနာ၊ နူနာတို့ကိုနိုင်၏။ (နံ့သာဖြူဆီကိုပင် ရှိတုံ့ဆီဟူ၍ ခေါ်ဝေါ်ကြကြောင်း၊ ဒဗ္ဗဂုဏဆေးကျမ်းတွင် ဆို၏။)

**ငါးကြီးဆီ**

ငါးကြီးဆီသည် (ပင်လယ်ငါးကြီးများ၏ အသည်းကို ချက်၍ရသောအဆီ) ချိုဆိမ့်သောအရသာရှိ၏။ အေး၏။ အကြောကိုလေးစေ၏။ လေ၊ သည်းခြေတို့ကိုနိုင်၏။ ဆီးဝမ်းကို ရှင်စေတတ်၏။ ဝမ်းမီးကိုပူစေတတ်၏။

**ဖွတ်ဆီ**

ဖွတ်ဆီသည် အေး၏။ မီးလောင်သောအနာ၊ ရေနွေးပူလောင်သောအနာနှင့် အသားအရေပွန်းသော အနာတို့၌ သုတ်လိမ်းမှု ပျောက်လွယ်စေတတ်၏။

**မြွေငန်းဆီ**

မြွေငန်းဆီသည် ဆံပင်ကို နက်စေတတ်၏။ ဆံပင်ကို သန့်စွမ်းစေတတ်၏။

**စပါးကြီးမြွေဆီ**

စပါးကြီးမြွေဆီသည် မြင်းသရိုက်နာကိုနိုင်၏။ ဆံပင်ကိုနက်စေ၊ သန်မာစေ၏။ မျက်စိနာနှင့်သင့်၏။ ဆိမ့်၏။ သုက်ကို ပွားစေတတ်၏။

**လပိုင်ဆီ**

လပိုင်ဆီသည် အသားတွင်းသို့ စိမ့်စို၍ဝင်တတ်၏။ တွင်းမာနေသော အကြောတို့ကို ပျော့ပျောင်းစေတတ်၏။ (လပိုင်ဆီ စစ်၊ မစစ် စမ်းလိုသော် လက်ဖဝါးပေါ်၌ တစ်စက်ချ၍ကြည့်ရမည်။ လက်ဖမိုးပေါ်သို့ စိမ့်စိုပေါက်ထွက်လျှင် လပိုင်ဆီစစ်၏။ မပေါက်ထွက်လျှင် မစစ်ဟုမှတ်လေ။ ရှုတော်မှ ဆေးအဘိဓာန်)။

ထိုမှတစ်ပါး ဆီမျိုးများတို့ ရှိကုန်သေး၏။ ယခုခေတ်တွင် အရာဝတ္ထုအမျိုးမျိုးတို့မှ အဆီကိုထုတ်ယူ၍ သုံးစွဲနေကြပြီဖြစ်သောကြောင့် ဆီမျိုးတို့၏အကျိုးကိုရေးလျှင် ကုန်နိုင်ဖွယ်ရာမရှိပေ။ အတိုချုပ် မှတ်ယူရန်မှာကား -

အသားမျိုးတို့မှ ထုတ်ယူသောအဆီဖြစ်လျှင် ထိုထိုသတ္တဝါတို့၏ အသားများအကျိုးကို ဆေးကျမ်းများ၌ ဖွင့်ဆိုထားသည့်အတိုင်း အဆီ၏အကျိုးကိုလည်း မှတ်ယူကြရန်ဖြစ်၏။ ဥပမာ-ဝက်သား၌ အေးသောသတ္တိရှိသည်ဟု ဆိုလျှင် ဝက်ဆီလည်း အေးသောသတ္တိ ရှိမည်သာဖြစ်၏။

အပင်၊ အသီး၊ အရွက်၊ အပွင့်၊ အမြစ်၊ အခေါက်စသည်တို့မှထုတ်ယူ သောအဆီဖြစ်ခဲ့လျှင် ထိုအပင်တို့၏ သတ္တိအတိုင်းသာလျှင် ဖြစ်၏။ ဥပမာ ကနစိုစေ့မှထုတ်ယူရရှိသော ကနစိုဆီသည် ကနစိုစေ့ကဲ့သို့ ဝမ်းကိုသက်စေလိမ့်မည်သာဖြစ်၏။

ထို့ကြောင့် ဆီမျိုးတို့၏စွမ်းရည်ကို ဤမျှနှင့် အဆုံးသတ်ပါသတည်း။

## ပျားရည်အကြောင်း သိကောင်းစရာ

ပျားရည်ကို ကမ္ဘာတစ်ဝန်းလုံး သုံးစွဲကြသည်ဖြစ်သောကြောင့် မိမိတို့၏ တိုင်းပြည်မြို့ရွာ ဒေသအလျောက်၊ လူမျိုးအသီးသီးတို့၏ သုတေသနပြုချက်များကို စာအုပ်စာတမ်းများစွာတို့တွင် ဖတ်ရှုတွေ့မြင်နိုင်ကြမည် ဖြစ်ပေ၏။ မြန်မာနိုင်ငံတွင်လည်း ပြည်ထောင်စုမြန်မာနိုင်ငံဖွား တိုင်းရင်းသားတို့၏ လေ့လာတွေ့ရှိချက်၊ မှတ်သားထားချက်များကို ဆိုင်ရာစာအုပ်စာတမ်းများနှင့် စာနယ်ဇင်းတို့တွင် မကြာမကြာ တွေ့ရှိကြရသည်သာဖြစ်၏။

သို့ရာတွင် ပျားရည်နှင့်ပတ်သက်၍ ရှေးခေတ်မြန်မာ ပညာရှိကြီးများ၏ အယူအဆ ဗဟုသုတတို့ကိုလည်း သိရှိထားရန် လိုအပ်သည်ဟု ထင်မြင်မိသဖြင့် ရှေးဟောင်းရှေးကျမ်းများတွင် ခေတ်အမီဆုံး၊ အစုံလင်ဆုံးဟု ယူဆရသော အဂ္ဂမဟာသေနာပတိဝန်ရှင်တော် ယောမြို့စားမင်းကြီး ပြုစုထားသည့် "ဥတုဘောဇနသင်္ဂဟ" ကျမ်းမှ ပျားရည်နှင့် ပတ်သက်သည့် အခန်းကဏ္ဍကို (မူရင်းအတိုင်း) ထုတ်နုတ်၍ ဖော်ပြလိုက်ရပေသည်။



www.burmeseclassic.com

www.burmeseclassic.com

**ပျားရည်တို့၏အကျိုးကို ဆိုပေအံ့**

ရာဇဝလ္လဘကျမ်း၊ ရာဇနိဃဏ္ဍုကျမ်း၊ ဘာဝပ္ပကာသကျမ်း၊ သုသုတကျမ်းတို့တွင် ပျားရည်မျိုးတို့ကို အယူဝါဒ မညီ ကွဲပြားကြသည်ကို ညှိနှိုင်း၍ ထုတ်နုတ်ရေးသားပေအံ့။ ပျားရည်မျိုးဟူသမျှသည် ချို၏၊ ဖန်၏၊ အဆီမရှိ ကြေလွယ်၏၊ အေး၏၊ ဝမ်းမီးကိုတောက်စေတတ်၏၊ အနည်းငယ်စားလျှင် ဝမ်းချုပ်၏၊ ဝအောင်စားလျှင် ဝမ်းပျော့ပျော့သွား၏၊ လုကိုပိန်စေတတ်၏၊ အသံကိုကောင်းစေတတ်၏၊ မျက်စိနှင့် သင့်၏၊ တင်အပ်၏၊ ("အမာ"ဟူသည်ကား "အနာ"ကိုဆိုလိုသည်)။ ကိုယ်အပေါက်ငယ်တို့မှဝင်၍ ပျံ့နှံ့တတ်၏၊ နှလုံးကို ဖျော်စေရှင်းလင်းတတ်၏၊ နှလုံးကို နှစ်သက်စေတတ်၏၊ လွန်စွာ ကြည်လင်ခြင်းကို ပြုစေတတ်၏၊ အဆင်းကို ကောင်းစေတတ်၏၊ ဉာဏ်ပညာကို ပွားစေတတ်၏၊ သုက်ကိုပွားစေတတ်၏၊ ခံတွင်းကို ရှင်းစေတတ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ နူနာ၊ မြင်းသရိုက်နာ၊ ချောင်းဆိုးနာ၊ သွေး၊ သည်းခြေ၊ သလိပ်၊ မောဟနာ(ဒုလ္လာရောဂါကို ဆိုလိုသည်) မောပန်းသောအနာ၊ ပိုးနာ၊ အဆီခဲနာ၊ ရေငတ်သောအနာ၊ အော့နာ၊ ပန်းနာ၊ ရှုပ်ရှိုက်သောအနာ၊ ဝမ်းသွန်၊ ဝမ်းပျက်နာ၊ ဝမ်းချုပ်သော အနာ၊ ကိုယ်ပူနာ၊ ထိခိုက်ရှနာသောအနာ၊ ဓာတ်အားခွန်ကုန်ခန်းသောအနာတို့ကို နိုင်၏၊ စဉ်းငယ် လေကိုပျက်စေတတ်၏၊ အရိုးကျိုးကို ဆက်တတ်၏၊ မေထုန်ကို များစွာမှီဝဲစေနိုင်၏၊ အားကို ဖြစ်စေတတ်၏၊ အဆိပ်ကိုနိုင်၏။

သုသုတကျမ်း၌ကား ကြေလွယ်သောကြောင့် သလိပ်ကိုနိုင်၏၊ ပျစ်ချွဲသောကြောင့်လည်းကောင်း၊ ချိုသော ကြောင့်လည်းကောင်း၊ စဉ်းငယ်ဖန်သောကြောင့်လည်းကောင်း သည်းခြေကိုနိုင်၏ဟု ဆို၏။

**ပျားကြီးရည်**

ကြောင်ကျားသော အဆင်းရှိသော ပျားကောင်ကြီး မျိုးသည် "မက္ခိက"မည်၏၊ ဤကား ဘာဝပ္ပကျမ်းအလို၊ သုသုတ၊ ရာဇဝလ္လဘ၊ ရာဇနိဃဏ္ဍုကျမ်းတို့၌ကား ဤပျား ကြီးမျိုးသည် "ပုတ္တိက"မည်သည်ဟု ဆို၏။

(ဤပျားကြီးရည်သည် နှမ်းဆီနှင့်တူသည်ဟု ဘာဝပ္ပကာသကျမ်း၌ ဆို၏၊ ရာဇဝလ္လဘစသောကျမ်းတို့၌ကား ဤပျားရည်သည် ထောပတ်နှင့်တူသည်ဟုဆို၏။ ထိုသို့ ကွဲပြားသော်လည်း ပျားကြီးရည်သည် နှမ်းဆီနှင့်သာတူသော ကြောင့် ဘာဝပ္ပကာသကျမ်းစကားကို အမှန်ယူအပ်၏။)

ထိုပျားကြီးရည်သည် ပျားရည်မျိုးတို့တွင် အမြတ်ဆုံး ဖြစ်၏၊ မျက်စိနာနှင့် သင့်၏၊ ကြေလွယ်၏၊ သုက်ကုန်ခန်း သောအနာ၊ မြင်းသရိုက်နာ၊ ထိခိုက်ရှနာသောအနာ၊ ချောင်း ဆိုးနာ၊ ကုတ်ပွီးနာ၊ ဓာတ်ကုန်ခန်းသောအနာတို့ကို နိုင်၏။

**ယင်ပျားငယ်**

အငယ်ဆုံးသော ယင်ပျားမျိုးသည် "ခုဒ္ဒ"မည်၏၊ ထိုပျားရည်အဆင်းကား ညိုပြာအဆင်းရှိ၏၊ ပျားကြီးရည် ထက် ပျစ်၏၊ အထူးအားဖြင့် မေဟနာကိုနိုင်၏၊ အေး၏၊ ကြေလွယ်၏၊ လုကို ပိန်စေတတ်၏။

**ယင်ပျားလတ်**

ရာဇဝလ္လဘစသော ကျမ်းတို့၏အလို ယင်ပျားလတ် သည် "မက္ခိတ"မည်၏၊ ယင်ပျားငယ်ထက် ကြေလွယ်၏၊ ဆီအဆင်းနှင့်တူသော အဆင်းရှိ၏၊ ပျားရည်မျိုးတို့တွင် အမြတ်ဆုံးဖြစ်၏၊ ဆိုခဲ့ပြီးနောက် ပျားရည်နှင့်အကျိုးတူ၏။

**သစ်ခေါင်းပျား**

ဘာဝပ္ပကာသကျမ်းအလို သစ်ခေါင်းပျားသည် "ပုတ္တိက" မည်၏၊ ထိုပျားရည်သည် အချို၊ အချဉ်၊ အခါးအားဖြင့် သုံးမျိုးတွင် အချိုရည်သည် ထောပတ်နှင့်တူ၏ဆိုသည်၊ ရာဇ ဝလ္လဘ စသောကျမ်းတို့၌ကား သစ်ခေါင်းပျားကို "ဒါလ"မည် ၏ ဟုဆို၏၊ အဆင်းကို မဆို၊ ပျားကြီးမျိုးကို "ပုတ္တိက" ရင်းအရည်သည် ထောပတ်နှင့်တူ၏ဟူသော ဆိုသည်၊ ကျမ်း ချင်းအမည်ခေါ် ကွဲပြားသော်လည်း ထောပတ်နှင့် အဆင်း သဏ္ဌာန် အပျစ်အကျဲတူသော ပျားရည်အကျိုးကိုကား ဆေး ကျမ်းတို့တွင် တညီတည်းဆို၏။

သစ်ခေါင်းပျားအချိုရည်သည် ဘာဝပ္ပကာသကျမ်း တွင် ဆိုသည့်အတိုင်း ထောပတ်နှင့်တူ၏၊ ထိုထောပတ် နှင့်တူသော သစ်ခေါင်းပျားရည်သည် ချို၏၊ အဆီမရှိ ပူ၏၊ သွေး၊ သည်းခြေ၊ လေတို့ကို ပျက်စေတတ်၏၊ ကိုယ်ပူနာ



www.burmeseclassic.com

www.burmeseclassic.com

ကို ဖြစ်စေတတ်၏။ မောဟနာ၊ မုတ္တကိတ်နာ(ဆီးအောင့်)တို့ကိုနိုင်၏။ အိုင်းအမာကို သွေ့ခြောက်စေတတ်၏။

သုသုတကျမ်း၌ကား ထိုပျားရည်၌ အဆိပ်ရောသောကြောင့် လေ၊ သွေး၊ သည်းခြေတို့ကို ပျက်စေတတ်၏။ ပူ၏။ ယစ်မူးစေတတ်၏ဟု ဆိုသည်။

ရာဇပလ္လဘစသော ကျမ်းတို့၌ကား သစ်ခေါင်းပျားကို "ဒါလ"ဟုဆို၏။ အဆင်းသဏ္ဌာန်ကိုမဆို။ သစ်ခေါင်းပျားရည်သည် အဆီမရှိ။ ဝမ်းမီးကို တောက်စေတတ်၏။ အော့အန်သောအနာ၊ မေဟနာတို့ကို နိုင်၏ဟုဆို၏။

### ပန်းရက်ရည်

ဘာဝပ္ပကာသကျမ်း၌ကား ပန်းပွင့်တို့မှ ချိုသောပန်းရက်အရည်တို့သည် ယိုစီး၍ကျသဖြင့် သစ်ရွက်တို့၌တင်ရှိသော ပန်းရက်ရည်သည် "ဒါလ"မည်၏ဟုဆို၏။ မဓုသဒ္ဒါ ပျားရည်ဟူသောအနက် ပန်းရက်ဟူသော အနက်၌ဖြစ်သောကြောင့် ဒါလမဓုဟူသည်ကား ပျားတို့ပြု၍ဖြစ်သော အရည်မျိုးမဟုတ်။ ပန်းပွင့်မှ အလိုလိုယိုစီး၍ကျလာသော ပန်းရက်ရည်ပင်ဟု ဆိုလိုသည်။ ချို၊ ချဉ်၊ ဖန် ရသာရှိ၏။ ကြေလွယ်၏။ ဝမ်းမီးကို တောက်စေတတ်၏။ သလိပ်ကိုနိုင်၏။ အဆီမရှိ။ နှုတ်ကိုမြိန်စေတတ်၏။ အော့အန်သောအနာ၊ မေဟနာကိုနိုင်၏ဟူ၍ ဆို၏။

ကြွင်းသော "ဆတ္တ"မည်သောပျား၊ "ဥဒ္ဒါလက"မည်သော မြေပျား၊ "ဘမရ"မည်သောပျား၊ "အဂ္ဃ"မည်သောပျားတို့ကိုကား ဆေးကျမ်းချင်း အကွဲအပြားမရှိ တညီတည်းဆိုကြ၏။

### ပန်းသင်းပျား

ပိတုန်းနှင့်တူသော ပိတုန်းအောက်ငယ်သော ပျားမျိုးသည် "ဘမရ"မည်၏။ ထိုပျားကောင်တို့ ပြု၍ဖြစ်သော အညစ်အကြေးကင်းသော၊ သန့်ရှင်းစင်ကြယ်သော၊ ဖန်တုံးကဲ့သို့ဖြူသော ထောပတ်ကဲ့သို့ပျစ်သော ပျားရည်သည် ဘမရမည်၏။ တရုတ်ပျား၊ ပန်းသင်းပျား ခေါ်ကြသည်။ ထိုပျားရည်မျိုးသည် တရုတ်ပြည်က များစွာလာသည်။ ဘုတ်ရှာနယ်တွင်လည်း ရံခါစွဲ၍ အုံလုပ်တတ်၏။ တောင်ငူနယ်မှာ မပြတ် ဤပျားမျိုးရှိသည်။

ပန်းသင်းပျားသည် ကြေခဲ၏။ အလွန်အေး၏။ ပျစ်ချွဲ၏။ ဝမ်းမီးချက် ပြီးနောက်လည်း ချို၏။ အကြောတို့ကို လေးလံစေတတ်၏။ ဆီးကိုချုပ်စေတတ်၏။ ရတ္တပိတ်နာကို နိုင်၏။ ဤဘမရ၌ကား အရပ်ရပ်ဆေးကျမ်းစုသဘောတူကြ၏။

### မြေပျား

ညိုဝါသော အဆင်းရှိသော အလွန်သေးငယ်သော ပျားကောင်ဖြစ်သည်။ များသောအားဖြင့် . တောင်ပို့ခေါင်း၏အလယ်၌ ပျားအုံကိုပြုလုပ်တတ်သော ပျားမျိုးသည် "ဥဒ္ဒါလက" ပျားမျိုးမည်၏။ (မြေပျားဆိုလိုသည်။) ၎င်းအရည်သည် ညိုဝါအဆင်းရှိ၏။ ချို၏။ စဉ်းငယ်ဖန်၏။ ဝမ်းမီးချက်ပြီးနောက် ချဉ်၊ စပ်၏။ နှုတ်ကိုမြိန်စေတတ်၏။ အင်္ဂါတတ်ကို ထကြွစေတတ်၏။ နူနာကိုနိုင်၏။ အဆိပ်ကိုနိုင်၏။ သည်းခြေကို ပျက်စေတတ်၏။

### ထီးအုံပျား

ဝါကြောင်အဆင်းရှိသည်။ များသောအားဖြင့် ဟိမဝန္တာတော၌ နေတတ်သည်။ ရံခါ အခြားသောတောကြီး၌လည်း ကျရောက်တတ်သည်။ ထီးနှင့်တူသော ပျားအုံရှိသော ပျားသည် "ဆတ္တ"မည်၏။ ထိုပျားရည်သည် ဝါကြောင်အဆင်းရှိ၏။ ပျစ်ချွဲ၏။ ကြေခဲ၏။ ဝမ်းမီးချက်ပြီးနောက်လည်း ချို၏။ ပိုးနာ၊ ရတ္တပိတ်နာ၊ ဆီးလွန်သောအနာကိုနိုင်၏။ စိတ်ပျံ့လွင့်ခြင်း၊ ရေငတ်ခြင်း၊ မူးဝေခြင်း၊ အဆိပ်တို့ကိုနိုင်၏။ အခြားပျားရည်များထက် လူကိုဝစေတတ်၏။

(ဤပျားလည်း ပန်းသင်းပျားရည်မျိုး တစ်မျိုးပင်တည်း။ ဤပျားလည်း ကျမ်းသုံးစောင်ညီကြ၏။ ရှေးအခါဧရက္ကာရမည်သော ရသေ့နေသော တော၌ ပေါက်သော၊ ယိုစီးသော သစ်ပင် မယ်ဇယ်ပင်၏အစေးကို ပျားကောင်တို့သည် စုပ်ယူ၍ ပျားအုံလုပ်သဖြင့် ဖြူသောအဆင်းရှိသော ပျားရည်ဖြစ်၏။)

### အဂ္ဃပျား

ထိုပျားမျိုးသည် နောက်အခါ "မာလဝ" အရပ်သို့ရောက်လာ၏။ ဝါသောအဆင်း၊ ထက်သောနှုတ်သီးရှိသော



www.burmeseclassic.com

www.burmeseclassic.com

ပိတုန်းနှင့်တူသော ပျားကောင်မျိုးသည် ပြုအပ်သော ပျားရည်သည် "အဂ္ဃ"မည်၏။ ထိုပျားရည်သည် မျက်စိနှင့်သင့်၏။ စဉ်း ငယ်ဖန်၏။ ဝမ်းမီးချက်ပြီးနောက် စပ်၏။ ခါး၏။ သလိပ်၊ သည်းခြေကို အလွန်နိုင်၏။ အားကိုဖြစ်စေတတ်၏။ ကိုယ်ကို စည်ပင်တိုးပွားစေတတ်၏။

## ပျားရည်ချက်ဆေး

ပျားရည်၏ ရှစ်ပုံတစ်ပုံဖြစ်စေ၊ ကိုးပုံတစ်ပုံဖြစ်စေ ရေထည့်၍ချက်၊ ပျစ်ခွဲလျှင် ယူ၍ ရေဋ္ဌတစ်စက်ချ၊ မြုပ်လျှင် ပျားရည်ကျက်၏။ မမြုပ်လျှင် မကျက်။

သွေးဝမ်းကျနာ၌လည်းကောင်း၊ ဝမ်းပျက်နာ၌လည်း ကောင်း သီးသီးမှည့်နှင့် ပျားရည်သည် လွန်စွာသင့်၏။

ကြက်သွန်ဖြူကို ပျားရည်နှင့်နယ်၍စား၊ ချောင်းဆိုးနာ၊ ပန်းနာ၊ ပိုးနာတို့ကို နိုင်၏။ ဝမ်းမီးကိုတောက်စေတတ်၏။ လေ၊ သလိပ်ကိုနိုင်၏။ မျက်စိကိုကြည် လင်စေတတ်၏။ ဉာဏ်ပညာကို ပွင့်စေတတ်၏။

စမုန်နက်မှုန့်ကို ပျားရည်နှင့်ဖျော်၍လျက်၊ အစာကြေပြီးနောက် နွားနို့ကိုသောက်။ အားခွန်ကုန်ခန်းသောအနာ၊ ချောင်းဆိုးနာ၊ ပန်းနာ၊ ရှူနာ၊ ဝမ်းနာတို့ကို ပျောက်စေတတ်၏။

ကြံ့ငှသီးမှုန့်နှင့် ပျားရည်ကိုဖျော်၍ လျက်လျှင် အော့အန်ခြင်းကိုနိုင်၏။ သလိပ်ကိုနိုင်၏။

ကျက်ပြီးသောပျားရည်သည် ချို၏။ အဆီဩဇာရှိ၏။ ဝစေတတ်၏။ အချိန်လေး၏။ ကြေခဲ၏။

## ပျားရည်သစ်

ပျားရည်အသစ်သည် လူကိုဝစေတတ်၏။ အသံကို ကောင်းစေတတ်၏။ သလိပ်ကို များစွာမနိုင်။

## ပျားရည်ဟောင်း

ပျားရည်ဟောင်းသည် ဝမ်းချုပ်၏။ အဆီဩဇာမရှိ။ အဆီခဲနာကိုနိုင်၏။ သလိပ်ကိုနိုင်၏။ လူကို အလွန်ပိန်စေတတ်၏။

ပျားရည်သည်လည်းကောင်း၊ သကြားရည်သည်လည်း ကောင်း၊ ကြံ၊ တင်လဲ၊ ကြံသကာသည်လည်းကောင်း တစ်နှစ်ကျော်လျှင် အဟောင်းဆိုရာ၏။

ပျားရည်မည်သည် အေးသောသဘောရှိ၏။ သို့ဖြစ်၍ မျက်စိကိုခတ်သော်လည်း မစပ်။ ပူသောပန်းပွင့်၊ အဆိပ်မျိုးဖြစ်သော ပန်းပွင့်တို့၏ အရည်ကိုစုပ်၍ ပျားအုံလုပ်သော်လည်း ပျား၏အစွမ်းသတ္တိကြောင့် ပျားရည်သည် အေးမြဖြစ်၏။ သို့ဖြစ်လျက် ပူသောပျားရည်ဖြစ်မူ အဆိပ်ဟူ၍ မှတ်အပ်၏။

## ပျားဖယောင်း

ဖယောင်းသည် နူးညံ့၏။ အဆီဩဇာရှိ၏။ ပေါက်သောအိမ်မာကို တင်သင့်၏။ လေနာ၊ ဒူလာ၊ ဝက်သက်နာ၊ သွေးနာတို့ကို နိုင်၏။

ဆေးဆရာ၊ ဓာတ်ဆရာနှင့်တကွ ဓာတ်စာကို အမြဲမှီဝဲသုံးဆောင်နေကြသူများ၊ လူနာပြုစုသူများ၊ လူနာကိုဆေးနှင့်ကုသည်ဖြစ်စေ၊ ဓာတ်စာဖြင့်ကုသည်ဖြစ်စေ၊ လူနာကို ရှေးဦးစွာ လက္ခဏာကြည့်ရန် အရေးကြီးဆုံးမှာ နာရီအချိန်အလိုက် အထူးဂရုစိုက်ပြီး ပြုစုကုသပေးရန်အတွက် အရေးကြီးသော အချက်ပေတည်း။

ရှေးမြန်မာသမားတော်ကြီးများ ရေးသားထားချက်အရ မည်သည့်နာရီ အချိန်နေ့ရက်မဆို ခွဲဝေပိုင်းခြားပြပုံမှာကား -

(၁) ညသန်းခေါင်ကျော် ၁၂ နာရီခွဲမှ နံနက် ၇ နာရီ ၄၈ မိနစ်တိုင်အောင် သလိပ်ချိန်။
(၂) နံနက် ၇ နာရီ ၄၉ မိနစ်မှစ၍ နံနက် ၉း၃၆ ထိ သွေးချိန်။
(၃) နံနက် ၉း၃၇ မှ နေ့မွန်းလွဲ ၂း၂၄ ထိ သည်းခြေချိန်။
(၄) နေ့မွန်းလွဲ ၂း၂၅ မှ ည ၇း၁၂ ထိ လေချိန်၊
(၅) ည ၇း၁၃ မှ ညသန်းခေါင်ကျော် ၁၂း၀၀ တိုင်သောအချိန်သည် အပုပ်ချိန်

(သလိပ်ချိန်၊ သွေးချိန်၊ သည်းခြေချိန်၊ လေချိန်၊ အပုပ်ချိန် စသည်ဖြင့် အချိန်ငါးပါးရှိ၏။)

မျိုးသန်းထွန်းကို(ရေစကြို)



www.burmeseclassic.com

www.burmeseclassic.com

# ခုနစ်ရက်သားသမီးများအတွက်
# ဆရာမ ဒေါက်တာစောယုနွယ်က ဆောင်ရွက်ပေးနေပြီ

၁။ အမိအဘတွေက ကိုယ့်သားသမီးတွေကို ဆင်းစီးမြင်းရံပြီး ဘဝခရီးတစ်လျှောက် ပန်းခင်းတဲ့လမ်းကို လျှောက်လှမ်းစေချင်တာ မမှတာပါပဲ၊ ဒါကြောင့် ကိုယ့်သားသမီးလေးတွေကို ကံဇာတာမြင့်မားစေတဲ့ ရက်တွေ၊ နေ့တွေမှာ မွေးစေချင်ကြပါတယ်၊ အဲဒီလိုကိစ္စတွေဖြစ်ခဲ့ရင် ဆရာမဒေါက်တာစောယုနွယ်ကမွေး သင့်လျှော်တဲ့ မွေးရက်ကို တွက်ချက်လိုက်ပါ။

## မွေးရက်ရွေးခြင်း

၂။ မွေးလာတဲ့ကလေးအတွက် မွေးသည့်အချိန်မှစ၍ လူမှုရေးပညာရေးတွေ ကောင်းစေဖို့ ဆောင်ရွက်ပေးပြီး မျက်နှာမြင်ချစ်ခင်စေ၊ နာမည်ကြီးရုံနှင့် လူတိုင်းကသ ဖြူစေမယ့် နာမည်ကောင်းတွေကို ရွေးလိုက်ပါ။

## ကလေးအမည်ပေးလှာ

၃။ မင်္ဂလာဆောင်မယ်တို့အတွက် နေ့ကောင်းနဲ့ရက်သာကိုရွေးပြီး တစ်သက်မခွဲ ရွေလင်တွဲရမယ့်အဆောင်၊

## မင်္ဂလာရက်မြတ်လက်ထပ်ရက်ရွေး

၄။ အလုပ်ကြီးအကိုင်ကြီး ဆိုင်ကြီးကန္တားကြီးတွေအတွက်

## လုပ်ငန်းအမည်ပေး

၅။ ငွေကြေးအဆင်ပြေလို့ အိုးအိမ် အသစ်ဆောက်မယ့်အခါ။

## အိမ်ဆောက်ပန္နက်တင်မင်္ဂလာ

၆။ နာမည်ကျော်ကြား ယူသိများပြီး ဝင်ငွေကောင်းစေမယ့်

## အနုပညာရှင်တို့၏ အမည်ပေးလှာ

စသည့်အကြောင်းအရာတို့ကို စနစ်တကျ တွက်ချက်ဆောင်ရွက်ပေးနေပါပြီ၊ နယ်မှ ဆောင်ရွက်လိုသူများ တယ်လီဖုန်းဖြင့် ဆက်သွယ်ခဲ့ပါလျှင် စာတိုက်၊ မော်တော်ကား စသည့်ရောက်ရှိမည့် လမ်းကြောင်းများနှင့် ပြန်လည်ပေးပို့နေပါပြီ။

ချမ်းသာကိုယ်စိတ်မြပါစေ • • •

**ဆရာမဒေါက်တာစောယုနွယ်**

အမှတ်-၂၀၅(က)၊ ဝိတောက်(၅)လမ်း၊ မြို့သစ်(ဂ)
ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၆၄၃၀၁၀

www.burmeseclassic.com

www.burmeseclassic.com


သိသာစေကြောင်း

# မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာမင်းသိင်္ခ၏ နည်းစနစ်အတိုင်းဟော.သည့်

# ဒေါက်တာစောယုနွယ်



တကယ်ဆိုတော့ . . .

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာမိမိ အသိဆုံးပါ။ ဒါပေမဲ့ ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ဓမ္မတာပါပဲ။ ပြည်ဖုံးကား နောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါတစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါတစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။ အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသလိုက်ရတာကြောင့် ဒီစာမျက်နှာမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် . . .

■ အမှတ် (၂၀၅/က)
ပီတောက်(၅)လမ်း၊
မြို့သစ်(ဈ)၊ ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၄၃၀၃၀


www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဧပြီလအတွက် ဟောစာတမ်း

## တနင်္ဂနွေ -သားသမီး



သင်သည် ယခုကာလတွင် သင်တန်းတစ်ခုတက်ရခြင်း၊ အဖွဲ့အစည်းတစ်ခုသို့ ဝင်ရောက်ရခြင်း ကြုံရတတ်တယ်။ အထက်လူကြီး ကြီးကဲသူတို့က မစတတ်တယ်။ ဘာသာရေးနှင့် ပတ်သက်သော ပုံတော်များ ဝင်လာတတ်တယ်။ နိုင်ငံရပ်ခြားနှင့် ဆက်သွယ်သော ကိစ္စများ၊ လူမျိုးခြားနှင့် လုပ်ရသောအလုပ်များ အောင်မြင်လိမ့်မယ်။ ရွှေဝင်ခြင်း၊ ထွက်နေသော ရတနာများ ပြန်ဝင်မယ်။ အလှူလုပ်ဖို့ ကြံရွယ်ထားလျှင် ရက်ရွှေ့ရတတ်တယ်။ အိမ်ထောင်ရေး အဆင်မပြေမှုများ ဖြစ်တတ်တယ်။ ငွေကြေးအနည်းငယ် လက်လွှန်တတ်တယ်။ ဂရုစိုက်ပါ။ သူခိုး, ခိုးခံရတတ်တယ်။ မိမိကိုလည်း သူခိုးလို့ စွပ်စွဲပြောဆို ခံရတတ်တယ်။ လူလွတ်များအဖို့ အိမ်ထောင်ကျကိန်း ရှိသော်လည်း မိန်းမခိုးခြင်း၊ ယောကျ်ားနောက်လိုက်ခြင်းများ လုပ်လျှင် ဆွေပြတ်မျိုးပြတ် ဖြစ်တတ်တယ်။ ကျန်းမာရေး ဂရုစိုက်ပါ။ သွေးအားနည်းခြင်း၊ ခြေထောက်(သို့မဟုတ်)ခါးတွင် ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ဆွေမျိုးသားချင်းထဲက နာရေးတစ်ခု ဖြစ်တတ်တယ်။ နာရေး မသွားပါနှင့်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ကုံကော်ညွန့်(၂)ညွန့်၊ ဆီး(ဇီး)ညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ယပ်အဝါရောင်(၁၇)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

ကြာသပတေး၊ စနေ

**ညံ့သောရက်**

ဗုဒ္ဓဟူး၊ တနင်္လာ၊ သောကြာ

**ကံကောင်းသောနံပါတ်**

၃၇၊ ၇၃၊ ၇၆၊ ၃၄

**အထူးသတိပြုရန်**

ယခုကာလတွင် အိမ်ပြင်၊ အိမ်ဆောက်၊ အိမ်ပြောင်းခြင်း လုံးဝမလုပ်ပါနှင့်။ စည်းစိမ်ခံလိုသောစိတ်ဖြင့် အိပ်ရာကောင်းကောင်းနှင့် မအိပ်သင့်ပါ။ အိပ်လျှင် ကျန်းမာရေး ညံ့သွားတတ်တယ်။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်က ဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း နှီးထမင်း(၁၂)ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဧပြီလအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် ပစ္စည်းများကို ထုခွဲရောင်းချ၍ လုပ်ငန်းအသစ် ကြီးကြီးမားမားစရန် မကောင်းသေးပါ။ စပ်တူလုပ်မှသာ လုပ်ငန်းများ ကြံစည်တိုးချဲ့ခြင်းများ ပြုလုပ်သင့်တယ်။ မသွားချင်သောခရီးများ၊ စိတ်ညစ်စရာခရီးများ သွားရတတ်တယ်။ ဝင်စရာရှိတဲ့ငွေတွေကလည်း မဝင်ဘဲဖြစ်နေတတ်တယ်။ ငွေလိမ်ခံရတတ်တယ်။ အိမ်ကို ဘိုးတော်တု၊ ဆရာတုများ ရောက်လာတတ်ကယ်။ မိတ်ဆွေအပေါင်းအသင်းများနှင့် မမျှော်လင့်ဘဲ လမ်းခွဲရတတ်တယ်။ အပျို၊ လူပျိုတို့အဖို့ ဒီကာလတွင် စန်းပွင့်ပြီး ချစ်သူရတတ်တယ်။ ယခုရောက်နေတဲ့ကာလတွင် တပေါင်းလနှင့် ကဆုန်လများ ပါဝင်နေရင် ဆုံးရှုံးထားတဲ့ငွေများ ပြန်ရတတ်တယ်။ ယခုကာလတွင် သင်သည် ဘာကိုမှ ပြတ်ပြတ်သားသား လုပ်လို့မရတဲ့အချိန်ဖြစ်တယ်။ အကောင်းလည်းမဟုတ်၊ အဆိုးလည်းမဟုတ်၊ ရှေ့တိုးလို့မရ၊ နောက်ဆုတ်လို့မရ ဖြစ်နေတတ်တယ်။ ရွှေထွက်မယ်။ ရွှေဝယ်မိပါက ဝယ်သူ၏ ဇနီး၊ ခင်ပွန်း ထွက်လိမ့်မယ်။ သားသမီးများ ကျန်းမာရေး ညံ့တတ်တယ်။ ကိုယ်ဝန်ဆောင်သည်ရှိလျှင် အိမ်မှာ မမွေးရ။ အိမ်မှာမွေးလျှင် အခက်အခဲတွေ့လိမ့်မယ်။ မည်သည့်ကိစ္စမဆို တစ်ပိုင်းတစ်စဖြစ်နေပြီး အနာခံမှသာ အသာစံရမယ့်ကိန်း ဖြစ်နေမယ်။ ပစ္စည်းအသစ်တစ်ခု ဝင်တတ်တယ်။ သူတော်ကောင်း နတ်ကောင်းမ ဆိုသလို ဂုဏ်ဝန်းကျင်မှ မိတ်ဆွေအကူအညီကောင်းများရလျှင် မိမိလုပ်ငန်းများ အောင်မြင်မှု ရရှိမယ်။ မိသားစုနှင့် ပတ်သက်ပြီး ပြဿနာလေးတွေ ပေါ်တတ်တယ်။ ကျန်းမာရေးအနေဖြင့် ခန္ဓာကိုယ်တွင်း ကိုက်ခဲခြင်းများ ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ထန်းညွန့်(၁၀)ညွန့်၊ အုန်းညွန့်(၆)ညွန့်၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ အင်္ဂါ

### ညံ့သောရက်

တနင်္လာ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၁၄၊ ၁၃၊ ၃၁၊ ၃၆

### အထူးသတိပြုရန်

မိမိအိမ်အနီးတွင် ဘုန်းကြီးပျံလွန်သော နိမိတ်တွေ့ပါက ခွဲစိတ်ကုသမှု ခံရတတ်တယ်။ ၎င်းနိမိတ်တွေ့ပါက ကျွန်ုပ်နှင့် လာရောက်ဆက်သွယ်ပါ။ မိမိကိုယ်တိုင် စွန့်စားလုပ်ကိုင်ခြင်းထက် အခွင့်အရေးပေါ်မှ ထလုပ်ခြင်းသည် အကျိုးကျေးဇူးများစွာ ခံစားရမှာ ဖြစ်ပါတယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ဆွမ်းအုပ်ထဲတွင် ဆွမ်းကို ဆီဆမ်း ဆားဖြူ အုန်းသီးစိတ်ထည့်၍ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဧပြီလအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် စည်းစိမ်ဥစ္စာတွေ တိုးတက်မယ့်အချိန် ဖြစ်ပါတယ်။ ကိုယ့်ရဲ့မိဘတွေကို ပြန်လည်ကျွေးမွေး စောင့်ရှောက်နိုင်တဲ့ကာလ ဖြစ်ပါတယ်။ နိုင်ငံခြားသွားဖို့ ကြံရွယ်ထားရင် ဒီကာလအတွင်း ထွက်လိုက်ပါ။ သင်တန်းတစ်ခု တက်ရတတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စ စကားပြောရမယ်ဆိုရင် ကံတရားက ကိုယ့်ကို မျက်နှာသာပေးမယ့် အချိန်ပါပဲ။ မြေနဲ့ပတ်သက်ပြီး ငွေတွေဝင်တတ်တယ်။ မြေဝယ်မယ် ကြံရွယ်ထားရင် ဒီကာလမှာ ဝယ်လိုက်ပါ။ မိမိနဲ့အကျိုးပေးမယ့်မြေမျိုး ဖြစ်နေတတ်တယ်။ ငွေရှာရလွယ်သလို ငွေလည်း အထွက်များနေတတ်တယ်။ အလုပ်မှာတော့ အနည်းငယ် အတိုက်အခံ ပေါ်တတ်တယ်။ ဆွေမျိုးသားချင်းများ ကျန်းမာရေး အသည်းအသန် ဖြစ်တတ်တယ်။ ကိုယ့်ထက်ကြီးတဲ့သူအတွက် ပူရတာ မဟုတ်ဘဲ ငယ်သူတဲ့သူအတွက် ပူရတာဖြစ်မယ်။ ကျန်းမာရေးအနေဖြင့် နှလုံးနဲ့ပတ်သက်တဲ့ ဝေဒနာ ခံစားရတတ်တယ်။ ရင်ဘတ်အောင့်တတ်တယ်။ အဲဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် ထန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ကုံကော်ညွန့်(၂)ညွန့်၊ ဆီး(ဇီး)ညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ တံခွန်ဖြူ(၂၁)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

စနေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၅၁၊ ၅၃၊ ၃၆၊ ၃၅

### အထူးသတိပြုရန်

ယခုကာလတွင် သူများ၏ မငှကောင်းသောအတာစ်နှင့် ပြုစားခြင်းမျိုး ခံရတတ်တယ်။ ထို့ကြောင့် ယခုကာလတွင် သူများကျွေးသော စိတ်မသန့်သော ကွမ်း၊ ဆေး၊ လက်ဖက်များ မစားရ။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ဘုရားတွင် အင်္ဂါနေ့နှင့် ကြာသပတေးနေ့တိုင်း စံပယ်ပန်းများကို ပန်းစေတီသဖွယ် ပြုလုပ်၍ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဧပြီလအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် စိတ်ညစ်စရာကတစ်ဖက်၊ ပျော်စရာကတစ်ဖက် ဖြစ်နေတတ်တယ်။ ဆိုးတာပဲဖြစ်ဖြစ်၊ ကောင်းတာပဲဖြစ်ဖြစ် နှစ်ကြိမ်နှစ်ခါ ဖြစ်တတ်တယ်။ ကိုယ်မလုပ်ဘဲ သူများလုပ်ထားတဲ့ ကိစ္စတွေကို လိုက်လံဖြေရှင်း ပေးရတတ်တယ်။ ခရီးတွေလည်း မကြာခဏ ထွက်ရတတ်တယ်။ ထိုခရီးများ သည်လည်း သင့်အတွက် အကျိုးထူးစေပါလိမ့်မယ်။ အလုပ်နေရာ၊ အိမ်နေရာ အသစ်ရခြင်း၊ နေရာထိုင်ခင်း ပြင်ဆင်မွမ်းမံရခြင်းများ ကြုံမယ်။ မထင်မှတ်ဘဲ ပညာတစ်ခု သင်ကြားရတတ်တယ်။ အလုပ်၌ ထိခိုက်တတ်တယ်။ ပြဿနာ ကြီးစွာ ဖြေရှင်းရတတ်တယ်။ မိမိ၏တပည့် အောက်လက်ငယ်သားများသည် မိမိ၏ပြိုင်ဘက်ဆီ ရောက်သွားတတ်တယ်။ ယခုကာလတွင် အစစအရာရာ သတိကြီးစွာထားဖို့ လိုပါတယ်။ မိမိအပေါ် မကောင်းကြံခြင်း၊ မကောင်းပြော ခြင်းများ ခံရတတ်တယ်။ မိမိအပေါင်းအသင်းများ၏ ကဲ့ရဲ့ပြစ်တင်ရှုံ့ချခြင်းမျိုးလည်း ခံရတတ်တယ်။ ကျန်းမာရေးညံ့သော သက်ကြီးရွယ်အိုများ အိမ်သို့ လာရောက်တည်းခိုလျှင် ဆုံးပါးသွားတတ်တယ်။ ဝန်ထမ်းများအဖို့ ဌာနဆိုင်ရာအကြီးအကဲ၊ ဆွေမျိုးအကြီးအကဲတို့က အကူအညီကောင်း ပေးလိမ့်မယ်။ လူမျိုးခြား ဒုက္ခပေးတတ်တယ်။ ယခုကာလတွင် အိမ်ထောင်ပြု လျှင် အဆင်မပြေတာမျိုး ဖြစ်တတ်တယ်။ ယခုရောက်နေတဲ့ကာလတွင် ကဆုန်လ၊ ဝါခေါင်လများ ပါဝင်နေရင် မြေနဲ့ပတ် သက်ပြီး စကားများရခြင်း၊ အိမ်ထောင်ဖက်နှင့် စကားပြော အဆင်မပြေခြင်း ဖြစ်တတ်တယ်။ ကျန်းမာရေးအနေဖြင့် ရေန္ဒေးပူ လောင်ခြင်း၊ မီးဟပ်ခြင်းမျိုး ဖြစ်တတ်တယ်။ ဆေးမှား၊ အစာမှားလည်း ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ထန်းညွန့်(၁၀)ညွန့်၊ အုန်းညွှန့်(၆)ညွန့်၊ ထီးနီ (၁၀)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

သောကြာ၊ တနင်္ဂနွေ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၁၆၊ ၆၁၊ ၁၁၊ ၆၆

### အထူးသတိပြုရန်

ယခုကာလတွင် အစားအသောက် စည်းစိမ်မခံပါနှင့်။ ရေစက်ချပြီး လှူရသော အလှူကြီးမျိုး မပြုလုပ်ပါနှင့်။ အဝတ်အစားနွမ်းနွမ်း ဝတ်ဆင်ထားခြင်းက အကောင်းဆုံး ယတြာပါပဲ။ သူခိုးဝင်တတ်တယ် ဂရုစိုက်ပါ။

### ကံကောင်းပြီး လာဘ်ရှင်စေရန်


မိမိနေအိမ်ကဘုရားတွင် ကြေးပန်းအိုးထဲ၌ အုန်း(၆)ညွန့်၊ သီဟိုဠ်(၂၁)ညွန့်ကို မပြတ်လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဧပြီလအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် စိတ်တိုင်းကျကောင်းမယ့်အချိန် ဖြစ်ပါတယ်။ မပြောပလောက်တဲ့ အညံ့လေးတွေတော့ ရှိပါတယ်။ မပြည့်စုံတာတွေ ပြည့်စုံလာမယ်။ ဖြစ်ချင်တာတွေ ဆက်တိုက်ဖြစ်လာမယ်။ လုပ်ငန်းသစ်ပေါ်ခြင်း (သို့မဟုတ်)လက်ရှိအလုပ်နှင့် ပတ်သက်၍ အဆက်အသွယ်သစ်များ ပေါ်လာလိမ့်မယ်။ လုပ်ငန်းနှင့်ပတ်သက်၍ နာမည်ကောင်းရခြင်း၊ နေရာကောင်းရခြင်း၊ လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရတတ်တယ်။ ဝန်ထမ်းဆိုလျှင် အလုပ်နေရာပြောင်းခြင်း၊ ရာထူးတိုးခြင်း ကြုံရတတ်တယ်။ အိမ်နေရာ ပြင်ဆင်မွမ်းမံရခြင်း၊ ပြောင်းရွှေ့ရခြင်း လုပ်ရတတ်တယ်။ အိမ်သစ်ဆောက်လျှင် ကောင်းပါတယ်။ အိမ်ဝယ်နိုင်မယ့် အခြေအနေ ဖန်တီးမှုတွေလည်း ပေါ်ပေါက်လာတတ်တယ်။ ခရီးကောင်းတွေလည်း မကြာခဏ သွားရတတ်တယ်။ ပြည်ပခရီးသွားဖို့ ကြံရွယ်ထားရင် ဒီကာလမှာ ပြုလုပ်ပါ။ အိမ်ထောင်မရှိသူများ အိမ်ထောင်ကျတတ်သောကာလဖြစ်တယ်။ မင်္ဂလာဆောင်လျှင် စည်ကားသော မင်္ဂလာပွဲတစ်ခု ဖြစ်လိမ့်မယ်။ အလုပ်ကောင်းတယ်ဆိုပေမယ့် အတိုက်အခံတော့ ရှိလိမ့်မယ်။ မိမိ၏ဖခင်က မိမိကို အထင်အမြင် လွဲမှားခြင်းမျိုး ဖြစ်တတ်တယ်။ သူခိုးမျက်စိကျခံရတတ်သောကာလဖြစ်သောကြောင့် သတိထားပါ။ ဘုရားပုံတော်၊ ရှင်သီဝလိပုံတော်၊ ဓာတ်တော်တွေ အိမ်ကို ကြွလာတတ်တယ်။ မြေ၊ အမွေနှင့် ပတ်သက်ပြီး စကားပြောရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဒူးနာခြင်း၊ အမြင့်မှ လိမ့်ကျခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ မေမြို့ပန်း(၅)ပွင့်၊ ရွက်လှ(၆)ညွန့်၊ ငြိုဟ်ရုပ်စုံ(၆)ခု တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၆၆၊ ၄၄၊ ၄၆၊ ၆၄

### အထူးသတိပြုရန်

ယခုကာလတွင် အိုးပိုင်၊ အိမ်ပိုင် ရနိုင်သောကာလဖြစ်သောကြောင့် သူတစ်ပါး၏ မင်္ဂလာကိစ္စများကို တာဝန်ယူ၍ ဆောင်ရွက်ပေးခြင်း၊ သူတစ်ပါး၏အိမ်ကို ဆောက်လုပ်ပေးခြင်းမျိုး မပြုလုပ်ရပါ။

### ကံကောင်းပြီး လာဘ်ရှင်စေရန်


မိမိနေအိမ်ဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်း ရှောက်သီးဘုပ်(၁)ပန်းကန်၊ မုန့်လုံးရေပေါ်(၁)ပန်းကန်(အုန်းသီးမထည့်ရ) လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဧပြီလအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် လက်ရှိအလုပ်မှ တခြားအလုပ်ကို ပြောင်းချင်တဲ့စိတ် ပေါ်လာတတ်တယ်။ မပြောင်းပါနှင့်။ လက်ရှိအလုပ်က တော်ပါသေးတယ်၊ နောက်လုပ်တဲ့အလုပ်က အကျိုးမပေးပါဘူး။ မိသားစုများနှင့်လည်း စိတ်ဝမ်းကွဲမှုများ အမြင်မကြည်လင်မှုများ ဖြစ်တတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ မထင်မှတ်သော ခရီးများ၊ မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ လူမျိုးခြားက ကူညီခြင်း၊ နိုင်ငံရပ်ခြားနှင့် ပတ်သက်သောကိစ္စများ အောင်မြင်မယ်။ သူတစ်ပါးကိစ္စအတွက် ခရီးသွားရတတ်တယ်။ ယခုကာလတွင် မနာလိုသူတွေ ပေါ်နေလိမ့်မယ်။ မိမိထက်မြင့်သူ နိမ့်သူ နှစ်ဦးလုံးက ဒုက္ခပေးတတ်တဲ့သောအချိန်ဖြစ်တယ်။ လုပ်ငန်းများ အောင်မြင်တော့မလိုလိုနဲ့ အခက်အခဲကြီးစွာ ကြုံရတတ်တယ်။ အိမ်ထောင်ဖက်နှင့် အဆင်မပြေ ဖြစ်တတ်တယ်။ မကြားခဏ စကားများရတတ်တယ်။ မမျှော်လင့်ဘဲ အမှုအခင်းတွေ ဖြစ်တတ်တယ်။ ငွေပျောက်ခြင်း၊ ကြွေးတင်ခြင်း၊ ငွေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်တယ်။ အလှူပွဲ၊ မင်္ဂလာပွဲ အစီအစဉ်များ အထစ်အငေါ့ကြုံခြင်း၊ ရက်ရွှေ့ရခြင်းမျိုး ဖြစ်တတ်တယ်။ ယခုကာလတွင် ကဆုန်လ၊ ဝါခေါင်လနှင့် တပို့တွဲလများ ပါဝင်ခဲ့ရင် အနောက်မြောက်အရပ်၊ အရှေ့မြောက်အရပ်သို့ ခရီးမထွက်ပါနှင့်။ ကျန်းမာရေး ညံ့သွားတတ်တယ်။ မြေတစ်ကွက်ကိုလည်း အလကားနီးပါးလောက် ရတတ်တယ်။ ငွေရတာ နည်းပေမယ့် ထိပေါက်တတ်တယ်။ လူမျိုးခြားနှင့်ပတ်သက်သော လုပ်ငန်းများ လုပ်ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ကျောဒုက္ခပေးခြင်း၊ ကိုယ်လက်အင်္ဂါ ခွဲစိတ်ခြင်းမျိုး ခံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ထန်းညွန့်(၁၀)ညွန့်၊ အုန်းညွန့်(၆)ညွန့်၊ ကြက်လျှာအစိမ်းရောင်(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

| ကံကောင်းသောရက် |
| --- |
| ကြာသပတေး၊ စနေ |

| ညံ့သောရက် |
| --- |
| တနင်္လာ၊ သောကြာ |

| ကံကောင်းသောနံပါတ် |
| --- |
| ၃၂၊ ၃၃၊ ၃၃ |

| အထူးသတိပြုရန် |
| --- |
| ယခုကာလတွင် သချိုင်းမြေ မနင်းရ။ |

| ကံကောင်းပြီး လာဘ်ရှင်စေရန် |
| --- |
| မိမိနေအိမ်ကံဘုရားတွင် စနေနေ့တိုင်း နှီထမင်း လှူဒါန်းပေးပါ။ |

www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၆ ခုနှစ်၊ ဧပြီလအတွက် ဟောစာတမ်း

### စနေ သားသမီး



သင်သည် ယခုကာလတွင် အဖက်ဖက်က စိတ်ချမ်းသာစရာတွေ ကြုံတွေ့ရမှာဖြစ်ပါတယ်။ ငွေတွေလည်း ဟိုကဝင် ဒီကဝင် ဝင်လာတတ်တယ်။ လူကလည်း အလိုလိုချော့မောလှပပြီး စိတ်ချမ်းသာမယ့်ကာလ ဖြစ်ပါတယ်။ လုပ်ငန်းသစ်များ စတင်လုပ်ရတတ်ပြီး ထိုလုပ်ငန်းကလည်း အကျိုးပေးတတ်တယ်။ အလှူအတန်းတွေလည်း ပြုလုပ်ရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်တွေ ကြွလာတတ်တယ်။ ကိုယ့်ကို မလေးစားတဲ့သူတွေကတောင် ကြည်ညိုလေးစားလာမယ်။ လူချစ်လူခင် များတဲ့အချိန်ဖြစ်တယ်။ အပျော်အပါးတွေ များနေတတ်တယ်။ ပတ်ဝန်းကျင်ရဲ့ အလေးပေးမှုကို ခံရတတ်တယ်။ ဆန့်ကျင်ဘက်လူများ၏ စိတ်ဝင်စားမှု များပြားမှုကြောင့် အိမ်ထောင်ရေး အရှုပ်အရှင်းတွေ ဖြစ်တတ်တယ်။ ယခုကာလတွင် တပို့တွဲလနဲ့ တပေါင်းလများ ပါနေရင် နည်းနည်းဂရုစိုက်ပါ။ စွပ်စွဲပြောဆို ခံရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဆေးမှား၊ အစာမှား ဖြစ်တတ်တယ်။ အသွားအလာ ဂရုစိုက်ပါ။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏မွေးနံထောင့်၌ ကွဲ့ကော်ညွှန့်(၂)ညွှန့်၊ ဆီး(ဖီး)(၃)ညွှန့်၊ ယပ်အဖြူ ရောင်(၁၂)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

BURMESE CLASSIC

**ကံကောင်းသောရက်**

ဟနင်္လာ၊ ဗုဒ္ဓဟူး

**ညံ့သောရက်**

သောကြာ၊ အင်္ဂါ

**ကံကောင်းသောနံပါတ်**

၄၂၊ ၂၄၊ ၂၉

**အထူးသတိပြုရန်**

မိမိအိမ်ပတ်ဝန်းကျင်တွင် အစာအဆိပ်သင့်ခြင်း၊ အစွပ်အစွဲပြဿနာပေါ်ခြင်းများ တွေ့ပါက သင်သည် သွေးထွက်သံယိုဖြစ်ခြင်း၊ စိတ်ညစ်စရာများ ဖြစ်တတ်သောကြောင့် ကွန်ပိနှင့် လာရောက်တွေ့ဆုံပါ။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း ကြံရည်(၆)ခွက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဧပြီလအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် လာဘ်ရွှင်ပြီး ဘုန်းတန်ခိုးတက်မယ့်အချိန် ဖြစ်ပါတယ်။ ပစ္စည်းဥစ္စာ အမွေတွေလည်း ဝင်မယ့်ကာလဖြစ်ပါတယ်။ အငွေအစုလိုက် အပုံလိုက် ဝင်လာလိမ့်မယ်။ မိမိအလုပ်မှသော်လည်းကောင်း၊ ထီပေါက်၍သော်လည်းကောင်း ဝင်လာတတ်တယ်။ အလှူအတန်းကိစ္စများ မှချလုပ်ရမယ်။ စီးပွားအရှိန်အဟုန်နှင့်တက်ကာ အိမ်ပိုင်၊ ကားပိုင် ဖြစ်သွားတတ်တယ်။ လက်ရှိအခြေအနေထက် အဆပေါင်းများစွာ စီးပွားတက်လိမ့်မယ်။ မိမိလုပ်ငန်းများကို အင်နှင့်အားနှင့် တိုးချဲ့လုပ်ကိုင်သင့်သော်လည်း ဖြတ်လမ်း မလိုက်ပါနှင့်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်ခြင်း၊ အခြေအနေ မြင့်တက်ခြင်း ကြုံရလိမ့်မယ်။ သင့်အိမ်သို့ ကိုယ်ဝန်ဆောင်သည် ရောက်လာပြီး ညအိပ်ညနေ တည်းခိုပါက ထီဆုကြီးပေါက်တတ်တယ်။ ခရီးများ မကြာခဏ ထွက်ရတတ်တယ်။ ထိုခရီးများသည်လည်း အကျိုးပေး အောင်မြင်လိမ့်မယ်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သော ကိစ္စများ အကျိုးပေး အောင်မြင်မယ်။ အထက်လူကြီး၊ မိသားစုကြီးကဲသူများကြောင့် စိတ်ညစ်ရမယ်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးအတွက် သောကရောက်ရတတ်တယ်။ ငယ်ရွယ်သူတွေအဖို့ အချစ်ရေး ကံကောင်းပြီး ချစ်သူနှင့် တွေ့ရတတ်တယ်။ အိမ်ထောင်လည်း ကျတတ်တယ်။ ပညာရေးကိစ္စများ၊ သင်တန်းကိစ္စများကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ ရွှေထွက်ခြင်း၊ ရွှေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်တယ်။ အောက်လက်ငယ်သားများအတွက် သောကရောက်ရတတ်တယ်။ အလုပ်ပြောင်းလိုစိတ် ပေါ်မယ်၊ မပြောင်းပါနှင့်ဦး။ မသင့်မြတ်သူများနှင့် ပြန်လည်သင့်မြတ်သွားမယ်။ ဒီအချိန်မှာ ဘာပဲဖြစ်ဖြစ် နှစ်ကြိမ်နှစ်ခါ ဖြစ်တတ်တယ်။ ကျန်းမာရေးအနေဖြင့် မျက်စိအားနည်းတတ်တယ်။ ဦးခေါင်းနှင့် ဝမ်းဗိုက် ဒုက္ခပေးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ထန်းညွန့်(၁၀)ညွန့်၊ အုန်းညွန့်(၆)ညွန့်၊ တံခွန်အဖြူ(၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

| ကံကောင်းသောရက် |
| --- |
| တနင်္လာ၊ စနေ |

| ညံ့သောရက် |
| --- |
| တနင်္ဂနွေ၊ ဗုဒ္ဓဟူး |

| ကံကောင်းသောနံပါတ် |
| --- |
| ၂၇၊ ၂၅၊ ၇၂ |

| အထူးသတိပြုရန် |
| --- |
| ယခုကာလတွင် စီးပွားရေးလုပ်ငန်းများ တည်ဆောက်ထားပါ။ ရရန်ရှိသော ငွေကြေးများကို ယခုကာလတွင် ပြန်လည်တောင်းယူပါ။ |

| ကံကောင်းပြီး လာဘ်ရွှင်စေရန် |
| --- |
| မိမိနေအိမ်ကဘုရားတွင် ကြေးပန်းအိုးထဲ၌ အုန်းညွန့်(၆)ညွန့်၊ သီဟိုဠ်(၂၁)ညွန့်တို့ကို ထည့်၍ လှူဒါန်းပေးပါ။ |

www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

ကိုယ့်ရဲ့လုပ်ဖော်ကိုင်ဖက်တွေက ကိုယ့်ကို အားကိုးလာမယ်။ သိကြားမသလို သိသိသာသာ တိုးတက်မယ်။ ရာထူးတက်မည်။ အခြေအနေ ကောင်းမည်။ စိတ်ချမ်းသာစရာခရီးတွေ သွားရတတ်တယ်။ ငွေအဝင်အထွက်ကြမ်းမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ဆိတ်သားပတ် လက်ဆောင်ပေးပါ။

---

## ဗုဒ္ဓဟူးသားသမီးများအတွက်

လုပ်သမျှလုပ်ငန်းတွေမှာ အထစ်အငေါ့ဖြစ်ပြီး အောင်မြင်မှုတွေ ရရှိမည့်ဖြစ်သည်။ မထင်မှတ်ဘဲ သင်တန်းတစ်ခု တက်ရတတ်သည်။ ဝန်ထမ်းများအဖို့ ဌာနဆိုင်ရာ အကြီးအကဲများက အကူအညီတောင်းမည်။ မိမိအပေါ် မကောင်းကြံခြင်း၊ မကောင်းပြောခြင်းများ ခံရတတ်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို သစ်သီး လက်ဆောင်ပေးပါ။

---

## ကြာသပတေးသားသမီးများအတွက်

မပြည့်စုံတာတွေ ပြည့်စုံပြီး ဖြစ်ချင်တာတွေ ဖြစ်လိမ့်မယ်။ အိမ်ပြောင်း အိမ်ရွှေ့ ဒီလမှာ မလုပ်ပါနဲ့။ မကောင်းပါ။ အိမ်ထောင်မရှိသူများ အိမ်ထောင်ကျတတ်သည်။ ရွှေနှင့်အဖိုးတန်ပစ္စည်းများ ဝင်လာတတ်သည်။ ကွဲကွာနေသော ဆွေမျိုးသားချင်းများနှင့် ဆုံရမည်။

**ယတြာ**

မိတ်ဆွေများကို သောက်ရေသန့် လှူပါ။

---

## သောကြာသားသမီးများအတွက်

မထင်မှတ်သောခရီး သွားရမည်။ အလုပ်အတွင်းမှာ ပင်ပန်းနေမည်။ သင်တန်းတက်ရတတ်သည်။ အလုပ်အတွင်း ထင်သလောက် မအောင်မြင်ပါ။ ငွေကြေးနှင့် ပတ်သက်ပြီး ဆုံးရှုံးမှုတွေ ရှိတတ်သည်။ အပျော်ခရီး မသွားပါနှင့်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ထောပတ်နှင့် လုပ်သောမုန့် လက်ဆောင်ပေးပါ။

---

## စနေသားသမီးများအတွက်

အရင်ကမခေါ်တဲ့သူတွေက ခေါ်လိမ့်မယ်။ လုပ်ငန်းအသစ်တွေ ရလိမ့်မယ်။ ရွှေဝင်မယ်။ ငွေရှာရတာလွယ်ပေမယ့် စုဆောင်းလို့ မရတာမျိုးဖြစ်မယ်။ ငွေကြေး ဂရုစိုက်ပါ။ အလိမ်ခံရတတ်တယ်။ မိမိလက်အောက်ငယ်သား ဒုက္ခပေးတတ်တယ်။ ကားဝင်မည်။

**ယတြာ**

ကလေးတစ်ဦးကို ကစားစရာ ဝယ်ပေးပါ။

---

## ရာဟုသားသမီးများအတွက်

ထီပေါက်သလို ငွေတွေ ဝင်လာလိမ့်မယ်။ အလှူအတန်းတွေ လုပ်ရလိမ့်မယ်။ ကံကောင်းပေမယ့် ငွေနဲ့ပတ်သက်ပြီး ပြဿနာပေါ်မည်။ စာချုပ်စာတမ်းနဲ့ ပတ်သက်ပြီး အရှုပ်အရှင်းဖြစ်မည်။ ခိုင်မာသော စီးပွားရေးလုပ်ရမည့်အချိန်ဖြစ်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ကြက်ကြော် ဝယ်ကျွေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

**ဒေါက်တာစောယုနွယ်**

(၂၀၁၆-ခုနှစ်၊ ဧပြီလ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး၊ လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတတ်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့မယ် ဆိုပါက . . .

**ဒေါက်တာစောယုနွယ်**

အမှတ်(၂၀၅/က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၆၄၃၀၃၀

---

## တနင်္ဂနွေသားသမီးများအတွက်

မမျှော်လင့်ဘဲ ငွေရေးကြေးရေး အဆင်ပြေမည်။ ထီပေါက်ထလို့ ဝင်မည်။ မကြာခဏ ခရီးသွားရတတ်သည်။ အလုပ်အကိုင် အဆင်ပြေမည်။ လက်ရှိအလုပ်ကို စိတ်ပျက်နေပေမယ့် မပြောင်းလဲဖို့ လိုသည်။ အပျိုလူပျိုဖြစ်က ကြင်သူ သက်ထား တွေ့မည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို နှင်းဆီပန်းတစ်ပွင့် လက်ဆောင်ပေးပါ။

---

## တနင်္လာသားသမီးများအတွက်

လူမျိုးခြား အကူအညီရမည်။ ပညာရေးနှင့် စက်သက်ပြီး သင်တန်းတက်ရတတ်သည်။ အထက်လူကြီးကြောင့် စိတ်ညစ်ရတတ်သည်။ မင်္ဂလာကိစ္စ ရှာရွေ့ရတတ်သည်။ အလုပ်အတွင်း အပျက်အစီး အဆုံးအရှုံး မလွှင့်နေမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ဆေးဝါးတစ်မျိုး လက်ဆောင်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



## တာမွေမြို့နယ်၊ အရိုးကုန်းလမ်း(အရှေ့)ဆွမ်းလောင်းဓမ္မာရုံ၏ အငွေမအကြိမ် ဓမ္မပူဇာတရားပွဲ ကျင်းပ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အရိုးကုန်းလမ်း(အရှေ့)ဆွမ်းလောင်းဓမ္မာရုံ၏ အငွေမအကြိမ် ဓမ္မပူဇာ တရားပွဲကို (၁-၂-၂၀၁၆)တနင်္လာနေ့မှ (၅-၂-၂၀၁၆)သောကြာနေ့အထိ ၅ ညတိုင်တိုင် အရိုးကုန်းလမ်း(အရှေ့)၊ တာမွေမြို့နယ်တွင် ကျင်းပပြုလုပ်ခဲ့သည်။

(၁-၂-၂၀၁၆)တနင်္လာနေ့ညတွင် ဝမ်းတွင်းဆရာတော် "အရှင်တေဇဝန္တ"(သာသနာ့တက္ကသိုလ်ဓမ္မာစရိယ)Ph.D,M.Phil,(India).MA,(Srilanka).BA;(Buddhism)၊ (၂-၂-၂၀၁၆)အင်္ဂါနေ့ညတွင် သီတဂူ "အရှင်တိက္ခသာရ" (သီတဂူကထိကဆရာတော်၊ သာသနာ့ဓမ္မာစရိယ(သီတာဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်-ရန်ကုန်))၊ (၃-၂-၂၀၁၆)ဗုဒ္ဓဟူးနေ့ညတွင် ခိုနားရာ ဆရာတော် "အရှင်ဝေပုလ္လဇောတိ"(သာသနာ့ဓမ္မာစရိယ၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၊ ဓမ္မကထိက)၊ (၄-၂-၂၀၁၆)ကြာသပတေးနေ့ညတွင် (ဓမ္မဒူတ) ဒေါက်တာ "အရှင်ပညိဿရာဘိဝံသ"(သာသနာ့ဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ) B.A.,M.A.(Ph.D)၊ (၅-၂-၂၀၁၆)သောကြာနေ့ညတွင် "အရှင်ခေမိန္ဒ"(စစ်ကိုင်း-ခင်မကန်တိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ၊ နယ်လှည့်သာသနာပြုဓမ္မကထိက) ဆရာတော်တို့မှ တရားဟောကြားခဲ့ကြောင်း သိရှိရသည်။

အင်ကြင်း

---

## တက်ညီလက်ညီ (၇)ရက်သားသမီး ပရဟိတ လူမှုရေးအသင်း၏ အလှူ

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ်၊ ထဝ/၁၄-ရပ်ကွက်၊ ပန်းခြံ(၅)၊ အောင်စေတနာ လမ်းမကြီးရှိ "တက်ညီလက်ညီ (၇)ရက်သားသမီး ပရဟိတနှင့် လူမှုရေးအသင်း"မှ ၂၀၁၅-ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်၊ တနင်္ဂနွေနေ့ နေ့လယ်၌ ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ်၊ ကျူးချောင်သုသာန်သို့ တန်ဖိုးငွေ (၉၀၀၀၀)ကျပ်တန် သောက်ရေစက်တစ်လုံးကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရှိရပါသည်။

ZN

## ဝါ၊ စိမ်း၊ နီ သုံးရောင်ခြယ်ဘုရား ဘုန်းရောင်ဂျာနယ်တိုက်တွင် ဝယ်ယူ ပူဇော်နိုင်


ဗားမဲ့ဆရာတော်ဘုရားကြီး၏ ဆွေ ၇ ဆက် မျိုး ၇ ဆက် ကြွယ်ဝချမ်းသာစေနိုင်သည့် ဝါ၊ စိမ်း၊ နီ သုံးရောင်ခြယ်ဘုရား(ဦးရွှေအိုးဘုရား)နှင့် (၉)လုံး ပြဒါးပုတီး၊ ပြဒါးဘုရားများ၊ ပဋ္ဌာန်းရွှေကျမ်းရတနာဒီပ ရွှေအလင်းတိုင်များကို လောဘ်မိုးရွှေစာပေနှင့် ဘုန်းရောင်ဂျာနယ်တိုက် တည်ရှိရာ တိုက်(၂၇)၊ အခန်း(၁၂)၊ မြေညီထပ်၊ ၅၂-လမ်း(အောက်) ပိုလ်တထောင်မြို့နယ်တွင် လာရောက် ဝယ်ယူပူဇော်နိုင်ပါသည်။

ဘုရား၏ ဉာဏ်တော်အမြင့်များမှာ - ၇ လက်မ၊ ၉ လက်မ၊ ၁၀ လက်မတို့ဖြစ်သည်။ မိမိနှစ်သက်ရာ ဉာဏ်တော်အမြင့်ကို ဝယ်ယူပူဇော်နိုင်ပါသည်။ (ဆက်သွယ်ဝယ်ယူနိုင်ရန် - ၀၉-၂၅၁၀၂၂၃၃၁)

www.burmeseclassic.com

www.burmeseclassic.com

# "မြတ်ပန်းရဂုံ"စာပေ မိသားစု၏ သိမ်အောင်ပွဲ ရေစက်ချအလှူနှင့် မိဘမေတ္တာ စာပေဟောပြောပွဲ



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်၊ အောင်ပန်းချောင်းကျေးရွာ၊ အောင်မင်္ဂလာကျောင်းတိုက်ရှိ "သာသနဟိတကာရီ"သိမ်တော်အား အလှူရှင်မိသားစုများ ဖြစ်ကြသည့် ဦးအောင်ကျော်ထူး+ဒေါ်မြမြဆွေ၊ သမီး-မောင်စိုင်းကျော်လင်း+မသူသူဝင်း၊ သမီး-မမာမာမင်း၊ သား-မောင်သန်း(မြတ်ပန်းရဂုံစာပေတိုက်)က သိမ်အောင်ပွဲနှင့် မိဘမေတ္တာ စာပေဟောပြောပွဲကို ပြာသိုလပြည့်(၂၄-၁-၂၀၁၆) တနင်္ဂနွေနေ့က အဆိုပါကျေးရွာတွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါသိမ်အောင်ပွဲ၌ ပင့်သံဃာတော်အရှင်သူမြတ်များအား ဆွမ်းဆက်ကပ်ခြင်း၊ ဝတ္ထုငွေများ ကပ်လှူခြင်း၊ ရေစက်ချ အနုမောဒနာတရားများ နာကြားခြင်းတို့ကို ပြုလုပ်ပြီး ကျေးရွာရပ်နီးရပ်ဝေးမှ ဧည့်ပရိသတ်အပေါင်းတို့အား ထမင်းဟင်းလျာ စုံလင်စွာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြသည်။ အဆိုပါညတွင် ကျေးရွာအတွင်းရှိ မူလတန်းလွန်ကျောင်းရှေ့ ချင်းတွင်းမြစ်ကမ်းပါး၌ မိဘမေတ္တာ စာပေဟောပြောပွဲကို ကျင်းပပြုလုပ်ခဲ့ရာ ကျေးရွာဥက္ကဋ္ဌ၊ အလှူရှင် ဦးအောင်ကျော်ထူး(မြတ်ပန်းရဂုံစာပေ၊ စာရေးဆရာ အောင်ပန်းချောင်းသား-ရေစကြို)၊ စာရေးဆရာ သရုပ်ဆောင် မောင်မောင်စိန်လင်းတို့က အမှတ်တရစကားများ ပြောကြားခဲ့ပြီး စာရေးဆရာ ကောမင်းညီနှင့် စာရေးဆရာ နန္ဒဝမိုးကြည်တို့က မိဘမေတ္တာနှင့် စပ်လျဉ်းသည့် စာပေရေးရာတို့ကို ဟောပြောခဲ့ကြသည်။ ဟောပြောပွဲအပြီးတွင် နိုင်ငံကျော် အဆိုတော်ကြီးများ ဖြစ်ကြသည့် တေးသံရှင် မောင်မောင်ထိမ်၊ ဓာတ်ပြားအဆိုကျော် သန်းဖေလေးနှင့် မြန်မာသံဂန္ဓဝင်အဆိုတော်ကြီး ဟသ်ာတထွန်းရင်တို့က တေးသံသာများနှင့် သီဆိုဖျော်ဖြေ ဧည့်ခံခဲ့ကြကြောင်း သတင်းရရှိပါသည်။

ကိုရင်သာမှ

www.burmeseclassic.com



## သာသနာ့ဝိသုဒ္ဓိ ဓမ္မာရုံစေတီ ထီးတော်တင်လှူပွဲနှင့် ပဌာန်းရွတ်ပွဲ ကျင်းပ



မြန်မာသက္ကရာဇ် ၁၃၇၇-ခုနှစ်၊ နတ်တော်လဆုတ် (၄)ရက်(၃၀-၁၂-၂၀၁၅)ဗုဒ္ဓဟူးနေ့က ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ဂ)ရပ်ကွက် သာသနာ့ဝိသုဒ္ဓိ ဓမ္မာရုံ စေတီတော် ထီးတော်တင်ပွဲနှင့် ပဌာန်းရွတ်ပွဲကို ကျင်းပပြုလုပ်ခဲ့သည်။ အစီအစဉ်အရ သာသနာ့ဝိသုဒ္ဓိ ဓမ္မာရုံစေတီတော်အား နံနက်(၆း၀၀)နာရီတွင် ထီးတော်ဆက်ကပ်လှူခဲ့ပြီး ပဌာန်းရွတ်ဆိုပွဲကို နံနက်(၉း၀၀)နာရီတွင် စတင်ခဲ့သည်။

အဆိုပါ အခမ်းအနားအား သာသနာ့ဝိသုဒ္ဓိဓမ္မာရုံ ဥက္ကဋ္ဌကြီး ဦးစိုးတင့်က ဦးဆောင်ခဲ့ပြီး ဓမ္မာရုံကြီး၏ နာယကအဖွဲ့ဝင်များ၊ အမှုဆောင်အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးအပါအဝင် မြောက်ဥက္ကလာပ (ဂ)ရပ်ကွက်သူ ရပ်ကွက်သားများအပြင် ဖိတ်ကြားထားသူများ စုံညီစွာ တက်ရောက်ကာသိုလ်ယူခဲ့ကြကြောင်း သတင်းရရှိပါသည်။

စိန်မိုးဒီ

---

## သက်ကြီးစာပေ ပညာရှင် သောကြာဦးမောင်ကလေးအား ပူဇော်ကန်တော့



နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာနိုင်ငံစာရေးဆရာအသင်း၏ အပူဇော်ခံ သက်ကြီးစာပေ ပညာရှင် "ဆရာကြီး သောကြာဦးမောင်ကလေး"အား (၁၅)ကြိမ်မြောက် ကန်တော့ပွဲ အခမ်းအနားကို (၃၀-၁-၂၀၁၆)ရက်နေ့ နေ့လယ် ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ အမှတ်(ဂ)၊ ဩဘာလမ်း ဓမ္မရက္ခိတ ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဆရာမောင်မိုးလှိုင်(သစ္စာမြေ) တာဝန်ယူပြီး အသက်(၉၃)နှစ်ရှိ ဆရာကြီးသောကြာဦးမောင်ကလေးအား ပူဇော်ကန်တော့ခြင်း၊ လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်း၊ ဆရာကြီးသောကြာဦးမောင်ကလေးမှ မှာကြားစကားနှင့် ဆုံးမစကားတို့ကို ပြောကြားခဲ့သည်။


ထို့နောက် ဆရာမ မနွယ်(ကလော)က ဂုဏ်ပြုတေးထပ်ကို သီဆိုကာ ဆရာသုဝဏ္ဏကျော်စိန်၊ ဆရာချစ်ကိုကိုယု၊ ဆရာနန္ဒာမိုးကြယ်၊ ဆရာအောင်ပန်းချောင်းသား(ရေစကြို)၊ ဆရာကေမင်းညို၊ ဆရာကျော်ဝင်းနိုင်၊ ဆရာမောင်ပိုက်ချုံ၊ ဆရာကြီး ရွှေစွန်ညို၊ ဆရာကြီးဦးမြင့်စိုးတို့က ဂုဏ်ပြုအမှတ်တရစကားများ ပြောကြားခဲ့ကာ ညနေပိုင်းသတ်အပေါ်အား အကျွေးအမွေးဖြင့် ဧည့်ခံလျက် အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

မင်းတည်တံ့

www.burmeseclassic.com

www.burmeseclassic.com

## ကျောက်တံတားမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ (၃၄)လမ်း၊ ဗုဒ္ဓသာသနာ့ဝေယျာဝစ္စမှော်ရုံမှ ကြီးမှူးကျင်းပသော ဆွမ်းအကြိမ် ဓမ္မပူဇာပွဲကျင်းပ



ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အမှတ် (၂)ရပ်ကွက် (၃၄)လမ်းရှိ ဗုဒ္ဓသာသနာ့ ဝေယျာဝစ္စ မှော်ရုံမှ ကြီးမှူးကျင်းပသော ဆွမ်း အကြိမ် ဓမ္မပူဇာပွဲကို (၂၆-၂-၂၀၁၆)သောကြာနေ့ညတွင် မိုးကုတ်(မွေ့ရုံသီ)"ဘဒ္ဒန္တ သုနန္ဒ" (ကမ္မဋ္ဌာနာစရိယ၊ မွေ့ရုံသီရိပ်သာကျောင်း၊ မိုးကုတ်မြို့၊ မန္တလေးတိုင်း)၊ (၂၇-၂-၂၀၁၆)စနေနေ့ညတွင် သစ္စာရွှေစည် "အရှင်ဥတ္တမ" (သစ္စာရွှေစည်ကျောင်းတိုက်၊ ရွှေမှင်းဝံရပ်)၊ (၂၈-၂-၂၀၁၆)တနင်္ဂနွေနေ့ညတွင် သီတဂူ "အရှင်တိက္ခသာရ" (ကထိက သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်-ရန်ကုန်)၊ (၂၉-၂-၂၀၁၆)တနင်္လာနေ့ညတွင် ဆလုံသာသနာပြု ဂျူလန်းကျွန်းဆရာတော် "အရှင်ကုသလဇောတိ" [သာသနာ့ဓဇ မွှာစရိယ၊ B.Sc (Zoology) ဂျူလန်းကျွန်း ဆလုံရွာကျောင်း] ဆရာတော်တို့မှ ညစဉ်(၇း၃၀)နာရီတွင် တရားဟောကြားကြမည်ဖြစ်ကြောင်း သိရှိရသည်။

### အောက်ပါဌာနများသို့ လှူဒါန်းလိုပါလျှင် . . .

- ❖ HIV ပိုးကူးစက်ခံ မိဘမဲ့ကလေးများ၏ သုခရိပ်မြုံဂေဟာ (၀၁-၅၈၁၉၅၅)
- ❖ ဆည်းဆာရိပ် ဂီလာနဘိုးဘွားရိပ်သာ (၀၉-၇၃၀၁၈၀၀၇)
- ❖ နာရေးကူညီမှုအသင်းသို့ လှူဒါန်းလိုလျှင်ဖြစ်စေ၊ အကူအညီလိုလျှင်ဖြစ်စေ ဆက်သွယ်ရန် (၀၁-၆၃၉၄၉၀)၊ (၀၁-၇၀၉၂၇၇)၊ (၀၁-၅၈၁၃၆၃)၊ (၀၁-၇၀၄၇၈၄)

www.burmeseclassic.com

www.burmeseclassic.com

# ဟဒေါ်ဖိုး



လူ့ဘဝကြီးတစ်လျှောက် လျှောက်လှမ်းရတဲ့ခရီးမှာ စီးပွားရေးလောက၊ ပညာရေးလောကတွေဟာ မလွှဲမသွေ တွေ့ရမှာဖြစ်၏။

ထိုသို့ စီးပွားရေး ပညာရေး စွမ်းဆောင်ရာတွင် ပြိုင်ဘက်တို့မှာ မလွှဲမသွေ တွေ့ရမည် ဖြစ်ပေ၏။ ထိုကဲ့သို့ ပြိုင်ဘက်များနှင့် တွေ့ရာတွင် ပစ္စည်းဥစ္စာ ပြည့်စုံသူတွေနှင့် ပြိုင်ခဲ့လျှင် အချိန်ကို စောင့်ပြီး ကိုယ့်ဘက်က အခွင့်အလမ်းသာတဲ့အချိန်ကို စောင့်ခြင်း၊ ခြွေရံသင်းပင်းများတဲ့သူတွေနှင့်ပြိုင်လျှင် ၎င်းတို့ အချင်းချင်း မသင့်တဲ့အချိန်ကို စောင့်ခြင်း တို့နှင့် ပြိုင်ခဲ့သော်လည်း ကံတရားနှင့် ယှဉ်ပြီး ပြိုင်ရမည် ဆိုလျှင်တော့ မပြိုင်တာဟာ အကောင်းဆုံးပါပဲ။

ကိုယ်က ကံမကောင်းသေးရင် ကံကောင်းအောင်လုပ်ပြီးမှသာ ပြိုင်မယ် ဆိုလျှင်…

ဝင်းကျော်ဖြိုးဇော်

www.burmeseclassic.com